# ကမ္ဘာကျော်စာအုပ် ၁၀၀

နွယ်သစ်

www.facebook.com/NyisayEbookCreator

www.nyisay.com

# နွယ်သစ်

ကမ္ဘာကျော် စာအုပ် ၁၀၀ ကို နွယ်သစ် ကလောင်အမည်ခံ၍ မင်းကျော်၊ ညွန့်ကြူးနှင့် ကျော်အောင်တို့ ပြုစုခဲ့ပါသည်။

မင်းကျော် (၁၉၃၃-၁၉၉၁)

ချောက်မြို့ ရေနံမြေရပ်ကွက်တွင် ဦးဘလှိုင်၊ ဒေါ်တင်ဦးတို့မှ ၆ မတ် ၁၉၃၃ တွင် မွေးသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (၁၉၆၀)ရသည်။ ကျောင်းစာရေး၊ အလယ်တန်းပြဆရာ၊ ဘာသာပြန် အယ်ဒီတာ၊ မော်ကွန်းအရာရှိ၊ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ(၁၉၈၉-၉၁) တာဝန်များ ယူခဲ့သည်။ ၁၉၅၀ ပြည့် ဇူလိုင် ပဒေသာမဂ္ဂဇင်းတွင် **ကြင်နာသူ** ဝတ္ထုတိုကို မင်းကျော် အမည်ဖြင့် စတင်ရေးခဲ့သည်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ခရီးသွား၊ ဝတ္ထု- ပျို့-ပြဇာတ် အညွှန်းများ၊ စာပေအဘိဓာန် စသည်ဖြင့် စာမျိုးစုံ ရေးခဲ့သည်။ အမျိုးသားစာပေဆုများကို **ဦးလေးတွမ်** (ဘာသာပြန်-၁၉၆၉)၊ **အပြုံကို မည်သူ အနက်ဆိုးသနည်း**(ဝတ္ထုတိုပေါင်းချုပ်-၁၉၇၆)၊ **တစ်ထောင့်တစ်ည** ပုံပြင်များ-၁ (ဘာသာပြန်-၁၉၈၀)တို့ဖြင့် ရရှိသည်။ ၇ ဇူလိုင် ၁၉၉၁ တွင် ကွယ်လွန်သည်။

ဤစာအုပ်တွင် မင်းကျော် ရေးသားခဲ့သည့် စာများကို မာတိကာစဉ် အမှတ်အသားဖြင့် ဖော်ပြရလျှင် ၂၊ ၃၊ ၄၊ ၅၊ ၇၊ ၁၁၊ ၁၅၊ ၁၆၊ ၁၈၊ ၂၃၊ ၂၇၊ ၂၉၊ ၃၁၊ ၃၅၊ ၃၈၊ ၄၂၊ ၄၄၊ ၄၇၊ ၄၉၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၈၊ ၆၁၊ ၆၃၊ ၇၀၊ ၇၆၊ ၈၆၊ ၉၀၊ ၉၁၊ ၉၇၊ ၉၈၊ ၁၀၀ တို့ ဖြစ်သည်။ ၃၄ ပုဒ် ပါဝင်၏။

ညွန့်ကြူး (၁၉၃၂-၁၉၉၂)

ပဲခူးတိုင်း မင်းလှမြို့တွင် ဦးဘကြူး၊ ဒေါ်တင်ရွှေတို့မှ ၈ ဩဂုတ် ၁၉၃၂ တွင် မွေးသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(၁၉၅၇)၊ ဥပဒေ ဝိဇ္ဇာဘွဲ့(၁၉၆၆)ရသည်။ သတင်းအယ်ဒီတာ၊ **စာပြု** မြန်မာစာအဖွဲ့တွင် လက်ထောက်စာတည်း မှသည် စာတည်းမှူး အထိ ထမ်းဆောင်ခဲ့သည်။ ၁၆ စက်တင်ဘာ ၁၉၄၆ ဒီးဒုတ်ဂျာနယ်တွင် **စာဆိုလှလင်** အမည်ဖြင့် ကဗျာ စတင် ရေးသည်။ ကဗျာ၊ ဝတ္ထု၊ စာပေ၊ ဘာသာဗေဒနှင့် ပတ်သက်၍ ဆောင်းပါး၊ စာတမ်း များစွာရေးခဲ့သည်။ **ပင်လယ်ဝံပုလွေ**(၁၉၇၅)၊ **နှစ်ဆယ်ရာစု နိုင်ငံရပ်ခြား ဝတ္ထုတိုများ**(၁၉၇၇)၊ **ကဗျာအလှ ရှုတော်မူ၊ ဖန်မီးအိမ် နန်းချည်ကျွမ်းအောင်နှင့် နှစ်ဆယ်ရာစု နိုင်ငံရပ်ခြားဝတ္ထုတိုများ** (၁၉၉၉)တို့မှာ ထင်ရှား၏။ ၅ အောက်တိုဘာ ၁၉၉၂ တွင် ကွယ်လွန်သည်။

ကျော်အောင်

ပခုက္ကူမြို့ ပေါင်လောင်ရှင်ရပ်တွင် ဦးကြင်မောင်၊ ဒေါ်တင်မြင့်တို့မှ ၂၈ ဖေဖော်ဝါရီ ၁၉၂၇ တွင် မွေးသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(၁၉၅၄)ရသည်။ သမိုင်းကော်မရှင်၊ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနများတွင် တာဝန် ထမ်းခဲ့သည်။ ယခုအခါ မြန်မာစာအဖွဲ့နှင့် ပခုက္ကူ ဦးအုံးဖေ စာပေဆု ရွေးချယ်ရေးအဖွဲ့တို့တွင် အဖွဲ့ဝင်၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် ရှိသည်။ ၁၉၄၆ တွင် ပြည်သူ့ရဲဘော်ဂျာနယ်၌ စာ စတင် ရေးသည်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ခရီးသွား၊ စာပေစာတမ်း များစွာရေးခဲ့၏။ အမျိုးသားစာပေဆုများကို **တောရိုင်းမြေ**(ဘာသာပြန်-၁၉၆၇)၊ **အရေးကြီးပြီ သွေးစည်းကြစို့**(ဝတ္ထုရှည်-၁၉၇၁)၊ **အို ဂျေရုစလင်**(ဘာသာပြန်၊ သုတ-၁၉၉၅)တို့ဖြင့် ရရှိသည်။

[ဤစာအုပ်တွင်းရှိ ညွန့်ကြူးနှင့် ကျော်အောင်တို့၏ စာပေလက်ရာများကို ခွဲခြား ဖော်ပြနိုင်စွမ်း မရှိသည်ကို ခွင့်လွှတ်ပါရန် တလေးတစား တောင်းပန်အပ်ပါသည်။ (ရာပြည့်စာအုပ်တိုက်)]

www.nyisay.com

ရာပြည့်စာအုပ် ၁၀၀

[ ရာပြည့်စာအုပ် အမှတ် ၁၀၀ ပြည့် အထိမ်းအမှတ် ]

နွယ်သစ်

# ကမ္ဘာကျော်စာအုပ် ၁၀၀

[ အစအဆုံး ပြန်လည်တည်းဖြတ် ထုတ်ဝေခြင်း ]

**ရာပြည့်စာအုပ်တိုက်**
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၊ ၂၉၆၆၇၁။ ၀၁-၂၅၂၇၉၈ (ဆိုင်)

[ ၁၊ ဩဂုတ်၊ ၁၉၉၉ ]

www.nyisay.com

စာမူခွင့်ပြုချက်အမှတ် [ ၅၇၀/၉၈ (၉)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၂၀၅/၉၉ (၅)]

❑

စီစဉ်ထုတ်လုပ်မှု
ရာပြည့် ဦးစိုးညွန့်

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၁၉၇၅) စာပေလောက
ဒုတိယအကြိမ်–(၁၉၉၉) ရာပြည့်စာအုပ်တိုက်
**အုပ်ရေ [၁၀၀၀]**

❑

မျက်နှာဖုံးရိုက်
ဦးမြသိန်း [၀၁၄၂၇]၊ သိန်းမြင့်ဝင်း အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဦးတင်မောင်ဝင်း [၀၅၉၄၆]၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

စာအုပ်ချုပ်
ကိုမြင့်

❑

မျက်နှာဖုံး ပန်းချီ
ဇော်မောင်

❑

တန်ဖိုး
၆၅၀ ကျပ်

www.nyisay.com

## မာတိကာ


- စကားဦး ၁၉

၁။ **အီးလီယတ်** (ဘီ၊ စီ ၆ ရာစု) ၂၁
*ILIAD*
ဟိုးမား (ဘီ၊ စီ ၉ ရာစု)
**Homer**

၂။ **ရာမာယဏ** (ဘီ၊ စီ ၆၀၀–၃၀၀) ၂၆
ဝါလမိကိ (?)

၃။ **အီစွတ်၏ ဒဏ္ဍာရီများ** (ခရစ်မပေါ်မီ ၆ ရာစု) ၃၃
*FABLES OF AESOP*
အီစွတ် (ခရစ်မပေါ်မီ ၆ ရာစု)
**Aesop**

၄။ **သကုန္တလာ** (၃ ရာစု ?) ၃၆
ကာလီဒါသ (၃ ရာစု ?)

၅။ **ခရီးသွားမှတ်တမ်း** (၁၂၉၈) ၄၁
*TRAVELS*
မာ့ကို ပိုလို (၁၂၅၄ ခန့်–၁၃၂၄)
**Marco Polo**

၆။ **ကင်တာဗာရီ ပုံပြင်များ** (၁၃၈၀–၁၃၉၀) ၄၅
*THE CANTERBURY TALES*
ဂျက်ဖရီ ချောစာ (၁၃၄၀ ခန့်–၁၄၀၀)
**Geoffrey Chaucer**

www.nyisay.com

၇။ တစ်ထောင့်တစ်ည ပုံပြင်များ (၁၄၅၀) ၄၈
*A THOUSAND AND ONE NIGHTS*
ရှာဟာရာဇေ့
**Scheherazade**

၈။ ရော်ဗင် ဟု (၁၄၉၀ ခန့်) ၅၂
*ROBIN HOOD*
ရေးသူ မသိ

၉။ ယူတိုးပီးယား (၁၅၁၆) ၅၅
*UTOPIA*
ဆာ သောမတ် မိုး (၁၄၇၈–၁၅၃၅)
**Sir Thomas More**

၁၀။ ကြယ်တာရာတို့ လှည့်ပတ်သွားလာပုံ (၁၅၄၃) ၅၉
*DE REVOLUTIONIBUS ORBIUM COELESTIUM*
နိကိုလေးယတ် ကော့ပါးနိကတ်(၁၄၇၃–၁၅၄၃)
**Nicolaus Copernicus**

၁၁။ ရိုမီယိုနှင့် ဂျူလီယက် (၁၅၉၅) ၆၅
*ROMEO AND JULIET*
ဝီလျံ ရှိတ်စပီးယား(၁၅၆၄–၁၆၁၆)
**William Shakespeare**

၁၂။ ဒွန် ကီးဆုတ် (၁၆၀၅) ၇၀
*DON QUIXOTE DE LA MANCHA*
မီဂွဲ ဒီ ဆာဗန်တီ (၁၅၄၇–၁၆၁၆)
**Miguel de Cervantes**

၁၃။ မဟာဆန်ချင်သူ (၁၆၇၀) ၇၄
*LE BOURGEOIS GENTILHOMME*
မိုးလျဲ (၁၆၂၂–၁၆၇၃)
**Jean Baptiste Moliere**

၁၄။ သင်္ချာသဘောတရား (၁၆၈၇) ၇၈
*PRINCIPIA MATHEMATICA*
ဆာ အိုက်ဆက် နယူတန်(၁၆၄၂–၁၇၂၇)
**Sir Isaac Newton**

၁၅။ ရော်ဗင်ဆန် ကရူးဆိုး (၁၇၁၉) ၈၄
*ROBINSON CRUSOE*
ဒင်နီယယ် ဒီဖိုး(၁၆၆ဝ–၁၇၃၁)
**Daniel Defoe**

၁၆။ ဂါလီဗာ၏ခရီးများ (၁၇၂၆) ၈၉
*GULLIVER' S TRAVELS*
ဂျိုနသန် ဆွစ်(၁၆၆၇–၁၇၄၅)
**Jonathan Swift**

၁၇။ တွမ် ဂျုန်း (၁၇၄၉) ၉၃
*TOM JONES*
ဟင်နရီ ဖီးလဒင်း(၁၇ဝ၇–၁၇၅၄)
**Henry Fielding**

၁၈။ အဆောင်နီ အိပ်မက် (၁၈ ရာစုအလယ်) ၉၇
*THE DREAM OF THE RED CHAMBER*
ဆိုဆူချင်(၁၇၁၅–၁၇၆၃)နှင့် ကာငို
**Tsao Hsueh-Chin and Kao Ngo**

၁၉။ ကင်းဒီ (၁၇၅၈) ၁ဝ၁
*CANDIDE*
ဗော်လတဲယား (၁၆၉၄–၁၇၇၈)
**Voltaire**

၂ဝ။ နိုင်ငံတို့၏ ဓနချမ်းသာ (၁၇၇၆) ၁ဝ၆
*WEALTH OF NATIONS*
အဒမ် စမစ် (၁၇၂၃–၁၇၉ဝ)
**Adam Smith**

၂၁။ လူဦးရေ သဘောတရား (၁၇၉၈) ၁၁၁
*ESSAY ON THE PRINCIPLE OF POPULATION*
သောမတ် မောလသတ်(၁၇၆၆–၁၈၃၄)
**Thomas Malthus**

www.nyisay.com

၂၂။ မာနနှင့် အာယာတ (၁၈၁၃) ၁၁၆
*PRIDE AND PREJUDICE*
ဂျိန်း အော်စတင် (၁၇၇၅-၁၈၁၇)
**Jane Austen**

၂၃။ အိုင်ဗင်ဟို (၁၈၁၉) ၁၂၂
*IVANHOE*
ဆာ ဝါလတာ စကော့(၁၇၇၁-၁၈၃၂)
**Sir Walter Scott**

၂၄။ ပရိုမီးသယတ် လွတ်မြောက်ခြင်း (၁၈၂၀) ၁၂၆
*PROMETHEUS UNBOUND*
ပါစီ ဗု ရှယ်လီ(၁၇၉၂-၁၈၂၂)
**Percy Bysshe Shelley**

၂၅။ ပါရီက နော်တာဒမ် (၁၈၃၁) ၁၃၁
*LA NORTE DAME D'PARIS*
ဗစ်တာ ဟူးဂိုး (၁၈၀၂-၁၈၈၅)
**Victor Hugo**

၂၆။ ယက်ဗဂေးညင်း ဩညီဂင် (၁၈၃၃) ၁၃၇
*EUGENE ONEGIN*
အယ်လက်ဆန်းဒါး ပုရှကင်(၁၇၉၉-၁၈၃၇)
**Alexander Pushkin**

၂၇။ ပွန်ပီမြို့၏ နောက်ဆုံးနေ့များ (၁၈၃၄) ၁၄၃
*THE LAST DAYS OF POMPEII*
လော့(ဒ်) လစ်တန် (၁၈၀၃-၁၈၇၃)
**Lord Lytton**

၂၈။ ဖခင် ဂိုရီယိုး (၁၈၃၅) ၁၄၉
*FATHER GORIOT*
ဗောလဇက် (၁၇၉၉-၁၈၅၀)
**Honre de Balzac**

www.nyisay.com

၂၉။ အန်ဒါဆင် ပုံပြင်များ (၁၈၃၅-၁၈၇၂) ၁၅၄
*ANDERSEN'S TALES*
ဟန်း ခရစ်ရှန် အန်ဒါဆင်(၁၈ဝ၅-၁၈၇၅)
**Hans Christian Andersen**

၃ဝ။ ဝိညာဉ်သေများ (၁၈၄၂) ၁၅၈
*THE DEAD SOULS*
နီကိုလိုင် ဂေါဂေါ:(၁၈ဝ၉-၁၈၅၂)
**Nikolai V. Gogol**

၃၁။ သူရဲကောင်းသုံးယောက် (၁၈၄၄) ၁၆၁
*THE THREE MUSKETEERS*
အလက်ဇန်းဒါး ဒူးမား(၁၈ဝ၂-၁၈၇ဝ)
**Alexander Dumas**

၃၂။ လေထန်ကုန်း (၁၈၄၇) ၁၆၅
*WUTHERING HEIGHTS*
အယ်မိလီ ဗရွန်တီ(၁၈၁၈-၁၈၄၈)
**Emily Bronte**

၃၃။ အနှစ်မဲ့ ကမ္ဘာ (၁၈၄၇၊ ၄၈) ၁၇၁
*VANITY FAIR*
ဝီလျံ မိတ်ပိစ သက်ကရေး(၁၈၁၁-၁၈၆၃)
**William Makepeace Thackeray**

၃၄။ ကွန်မြူနစ် ကြေညာစာတမ်း (၁၈၄၈) ၁၇၆
*THE COMMUNIST MANIFESTO*
မတ် နှင့် အိန်းဂျဲ
**Marx and Engels**

၃၅။ ကြက်သွေးရောင် စာလုံး (၁၈၅ဝ) ၁၈ဝ
*THE SCARLET LETTER*
နသန်နီယယ် ဟောသွန်း(၁၈ဝ၄-၁၈၆၄)
**Nathaniel Hawthorne**

www.nyisay.com

၃၆။ ဒေးဗစ် ကော့ပါးဖီး (၁၈၅၀) ၁၈၆
*DAVID COPPERFIELD*
ချား ဒစ်ကင်း(၁၈၁၂-၁၈၇၀)
**Charles Dickens**

၃၇။ မိုဗီ ဒစ် (၁၈၅၁) ၁၉၀
*MOBY DICK*
ဟာမင်း မဲလဗီး(၁၈၁၉-၁၈၉၁)
**Herman Melville**

၃၈။ ဦးလေးတွမ် (၁၈၅၂) ၁၉၄
*UNCLE TOM'S CABIN*
ဟာရိယက် ဗီချာစတိုး(၁၈၁၁-၁၈၉၆)
**Harriet Beecher Stowe**

၃၉။ မဒမ် ဗိုဗာရီ (၁၈၅၇) ၁၉၈
*MADAME BOVARY*
ဂုစတေ့ ဖလောဗဲယား(၁၈၂၁-၁၈၈၀)
**Gustava Flaubert**

၄၀။ မျိုးစိတ်တို့၏ မူလအစ (၁၈၅၉) ၂၀၄
*ORIGIN OF SPECIES*
ချား ဒါဝင်(၁၈၀၉-၁၈၈၂)
**Charles Darwin**

၄၁။ မြစ်ကမ်းပေါ်က စက်ရုံကလေး (၁၈၆၀) ၂၁၀
*MILL ON THE FLOSS*
ဂျော့ အီလယော့(၁၈၁၉-၁၈၈၀)
**George Eliot**

၄၂။ ဝတ်ရုံဖြူနှင့် အမျိုးသမီး (၁၈၆၀) ၂၁၅
*THE WOMAN IN WHITE*
ဝီလကီ ကောလင်း(၁၈၂၄-၁၈၈၉)
**Wilkie Collins**

www.nyisay.com


၄၃။ အဖေများနှင့် သားများ (၁၈၆၂) ၂၂၀
*FATHERS AND SONS*
အီဗန် တာဂျနက်(၁၈၁၈–၁၈၈၃)
**Ivan Turgenev**

၄၄။ အံ့ဖွယ်ကမ္ဘာရောက် အဲလစ် (၁၈၆၅) ၂၂၄
*ALICE IN WONDER LAND*
လူးဝစ် ကာရိုး(၁၈၃၂–၁၈၉၈)
**Lewis Carroll**

၄၅။ ပြစ်မှု နှင့် ပြစ်ဒဏ် (၁၈၆၆) ၂၂၇
*CRIME AND PUNISHMENT*
ဒေါ်စတာ ယက်ဖစကီး(၁၈၂၁–၁၈၈၁)
**F. M. Dostoevski**

၄၆။ အရင်းကျမ်း (၁၈၆၇) ၂၃၁
*DAS KAPITAL*
ကားလမတ်(၁၈၁၈–၁၈၈၃)
**Karl Marx**

၄၇။ ပင်လယ်အောက်ခရီး (၁၈၇၀) ၂၃၈
*TWENTY THOUSAND LEAGUES UNDER THE SEA*
ဂျူးဗန်း (၁၈၂၈–၁၉၀၅)
**Julies Verne**

၄၈။ အန်နာ ကယ်ရယ်ညီးနား (၁၈၇၅–၁၈၇၇) ၂၄၂
*ANNA KARENINA*
လီယို တောစတွိုင်း(၁၈၂၈–၁၉၁၀)
**Leo Tolstoy**

၄၉။ တွမ်ဆောယား၏ စွန့်စားခန်းများ (၁၈၇၆) ၂၄၆
*THE ADVENTURES OF TOM SAWYER*
မတ် တွိန်း(၁၈၃၅–၁၉၁၀)
**Mark Twain**

www.nyisay.com

၅၀။ မိန်းမဟူသည် (၁၈၇၉) ၂၅၁
*A DOLL'S HOUSE*
ဟင်းနရစ် အစ်ပဆန်(၁၈၂၈-၁၉၀၆)
**Henrik Ibsen**

၅၁။ အနီ နှင့် အနက် (၁၈၈၀) ၂၅၅
*THE RED AND THE BLACK*
စတင်ဒယ်(၁၇၈၃-၁၈၄၂)
**Stendhal**

၅၂။ နာနာ (၁၈၈၀) ၂၆၀
*NANA*
အမ်မလီ ဇိုလာ(၁၈၄၀-၁၉၀၂)
**Emile Zola**

၅၃။ ရတနာကျွန်း (၁၈၈၃) ၂၆၅
*TREASURE ISLAND*
ရောဗတ် လူးဝစ် စတီဗင်ဆန်(၁၈၅၀-၁၈၉၄)
**Robert Louis Stevenson**

၅၄။ ကိုလှချော (၁၈၈၅) ၂၇၀
*BEL-AMI*
ဂီး ဒီ မော်ပါဆွန်း(၁၈၅၀-၁၈၉၃)
**Guy de Maupassant**

၅၅။ ကာစတာဗရစ် မြို့တော်ဝန် (၁၈၈၆) ၂၇၄
*THE MAYOR OF CASTERBRIDGE*
သောမတ် ဟာဒီ(၁၈၄၀-၁၉၂၈)
**Thomas Hardy**

၅၆။ အငတ် (၁၈၉၀) ၂၇၈
*HUNGER*
နွတ် ဟမ်ဆင်(၁၈၅၉-၁၉၅၂)
**Knut Hamsun**

www.nyisay.com


၅၇။ စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒနှင့်
သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ (၁၈၉၂) ၂၈၂
*SOCIALISM: UTOPIAN AND SCIENTIFIC*
အိန်းဂျဲ (၁၈၂၀-၁၈၉၅)
**Frederick Engels**

၅၈။ လူနှင့် လက်နက် (၁၈၉၄) ၂၈၆
*ARMS AND THE MAN*
ဂျော့ ဗားနတ် ရှော(၁၈၅၆-၁၉၅၀)
**George Bernard Shaw**

၅၉။ တောဟောဝန် ဇာတ်လမ်းများ (၁၈၉၄၊ ၁၈၉၅) ၂၈၉
*THE JUNGLE BOOKS*
ရုဒယတ် ကစ်ပလင်(၁၈၆၅-၁၉၃၆)
**Rudyard Kipling**

၆၀။ စင်ရော် (၁၈၉၆) ၂၉၂
*THE SEAGULL*
အန်တွန် ချဲကော့(၁၈၆၀-၁၉၀၄)
**Anton Chekhov**

၆၁။ ရှိန်းဆာယာ (၁၈၉၇) ၂၉၆
*THE INVISIBLE MAN*
အိတ်၊ ဂျီ၊ ဝဲ(၁၈၆၆-၁၉၄၆)
**H. G. Wells**

၆၂။ လော့ ဂျင် (၁၉၀၀) ၃၀၀
*LORD JIM*
ဂျိုးဆက် ကွန်ရက်(၁၈၅၇-၁၉၂၄)
**Joseph Conrad**

၆၃။ ဗာစကာဗီးခွေးကြီး (၁၉၀၂) ၃၀၆
*THE HOUND OF BASKERVILLES*
ဆာ အာသာ ကိုနင်ဒွိုင်း(၁၈၅၉-၁၉၃၀)
**Sir Arthur Conan Doyle**

www.nyisay.com

၆၄။ သံကြီးတမန်ကြီးများ (၁၉၀၃) ၃၁၁
*THE AMBASSADORS*
ဟင်နရီ ဂျိမ်း(၁၈၄၃–၁၉၁၆)
**Henry James**

၆၅။ ပင်လယ်ဝံပုလွေ (၁၉၀၄) ၃၁၆
*THE SEA WOLF*
ဂျက် လန်ဒန်(၁၈၇၆–၁၉၁၆)
**Jack London**

၆၆။ ဆက်စပ်နိုင်းရှည့်မှု သဘောတရား (၁၉၀၅) ၃၂၁
*RELATIVITY, THE SPECIAL AND GENERAL THEORIES*
အဲလဗတ် အိုင်စတိုင်း(၁၈၇၉–၁၉၅၅)
**Albert Einstein**

၆၇။ ပစ္စည်းရှင် (၁၉၀၆) ၃၂၇
*THE MAN OF PROPERTY*
ဂျွန် ဂေါ်လ်စ်ဝါသီ(၁၈၆၇–၁၉၃၃)
**John Galsworthy**

၆၈။ အမေ (၁၉၀၇) ၃၃၁
*MOTHER*
မက္ကဆင် ဂေါ်ကီ(၁၈၆၈–၁၉၃၆)
**Maxim Gorky**

၆၉။ မိန်းမအိုပုံပြင် (၁၉၀၈) ၃၃၇
*THE OLD WIVE'S TALE*
အာနိုး ဗင်းနက်(၁၈၆၇–၁၉၃၁)
**Arnold Bennetts**

၇၀။ ဂီတဥ္စလီ (၁၉၁၂၊ ၁၉၁၃) ၃၄၃
ရာဗင်ဒရာနတ် တဂိုး(၁၈၆၁–၁၉၄၁)

၇၁။ သားများ နှင့် ချစ်သူများ (၁၉၁၃) ၃၄၇
*SONS AND LOVERS*
ဒေးဗစ် ဟားဗတ် လောရင့်(၁၈၈၅–၁၉၃၀)
**David Herbert Lawrence**

www.nyisay.com

၇၂။ လူ့နှောင်ကြိုး (၁၉၁၅) ၃၅၂
*OF HUMAN BONDAGE*
ဝီလျံ ဆောမားဆက် မွမ်(၁၈၇၄–၁၉၆၅)
**William Somerset Maugham**

၇၃။ အနုပညာရှင်တစ်ဦး၏ ငယ်ရွယ်စဉ်ဘဝ (၁၉၁၆) ၃၅၇
*A PORTRAIT OF THE ARTIST AS A YOUNG MAN*
ဂျိမ်း ဂျွိုက်စ်(၁၈၈၂–၁၉၄၁)
**James Joyce**

၇၄။ အစိုးရ နှင့် တော်လှန်ရေး (၁၉၁၈) ၃၆၄
*STATE AND REVOLUTION*
လီနင်(၁၈၇၀–၁၉၂၄)
**Lenin**

၇၅။ ဝိုင်းစဘတ် အိုဟိုင်းယို (၁၉၁၉) ၃၆၈
*WINESBURG, OHIO*
ရှားဝု အင်ဒါဆင်(၁၈၇၆–၁၉၄၁)
**Sherwood Anderson**

၇၆။ ကမ္ဘာကို ကိုင်လှုပ်သော ထိုဆယ်ရက် (၁၉၁၉) ၃၇၃
*TEN DAYS THAT SHOOK THE WORLD*
ဂျွန် ရိ (၁၈၈၇–၁၉၂၀)
**John Reed**

၇၇။ မာယာကော့စကီး၏ ကဗျာများ (၁၉၁၈–၁၉၂၂) ၃၇၈
မာယာကော့စကီး(၁၈၉၃–၁၉၃၀)
**Mayakovsky**

၇၈။ အနုပဋိလောမ ရုပ်ဝါဒနှင့်
သမိုင်းဆိုင်ရာ ရုပ်ဝါဒ (၁၉၂၂) ၃၈၃
*DIALECTICAL MATERIALISM AND*
*HISTORICAL MATERIALISM*
စတာလင်(၁၈၇၉–၁၉၅၃)
**Stalin**

www.nyisay.com

၇၉။ ဗဲဗစ် (၁၉၂၂) ၃၈၈
*BABBIT*
ဆင်ကလဲယား လူးဝစ်(၁၈၈၅-၁၉၅၁)
**Sinclair Lewis**

၈၀။ အံ့ဖွယ်သောလော (၁၉၂၄) ၃၉၂
*THE MAGIC MOUNTAIN*
တောမတ် မန်း(၁၈၇၅-၁၉၅၅)
**Thomas Mann**

၈၁။ အမေရိကန် အလွမ်းဇာတ် (၁၉၂၅) ၃၉၇
*AN AMERICAN TRAGEDY*
သီယိုဒို ဒရေဇာ(၁၈၇၁-၁၉၄၅)
**Theodore Dreiser**

၈၂။ မစ္စက် ဒေါလိုဝေး (၁၉၂၅) ၄၀၂
*MRS DALLOWAY*
ဗာဂျီးနီးယား ဝု(၁၈၈၂-၁၉၄၁)
**Virginia Woolf**

၈၃။ တရားခွင် (၁၉၂၅) ၄၀၈
*THE TRIAL*
ဖရန့် ကပ်ဖကာ(၁၈၈၃-၁၉၂၄)
**Frank Kafka**

၈၄။ အနောက်ဘက် စစ်မျက်နှာ (၁၉၂၈) ၄၁၂
*ALL QUIET ON WESTERN FRONT*
အီးရစ် မာရိယာ ရယ်မတ်(၁၈၉၈-၁၉၇၀)
**E. M. Remarque**

၈၅။ စည်းဖောက်သူ (၁၉၃၀) ၄၁၇
*THE IMMORALIST*
အန်ဒရေ ဇို(၁၈၆၉-၁၉၅၁)
**Andre Gide**

၈၆။ မြေပဒေသာ (၁၉၃၁) ၄၂၂
*THE GOOD EARTH*
ပါး ဗတ်(၁၈၉၂-၁၉၇၃)
**Pearl S. Buck**

www.nyisay.com


၈၇။ တောရိုင်းမြေ (၁၉၃၂-၁၉၆၀) ၄၂၆

*THE VIRGIN SOIL UPTURNED*

မစ်ခေး ရှိုလိုကော့(၁၉၀၅-၁၉၈၄)

**Mikhail Sholokhov**

၈၈။ လူ့ကြမ္မာ (၁၉၃၃) ၄၃၂

*MAN'S FATE*

အန်ဒရေ မယ်ရော(၁၉၀၁-၁၉၇၆)

**Andre' Malraux**

၈၉။ ဝတ္တကမြေ (၁၉၃၃) ၄၃၆

*GOD'S LITTLE ACRE*

အယ်စကိုင်း ကတ်ဒဝဲ(၁၉၀၃-   )

**Erskine Caldwell**

၉၀။ နှင်းပွင့်တိုင်းပြည် (၁၉၃၅-၁၉၄၇) ၄၄၀

*SNOW COUNTRY*

ယာဆုနရိ ခဝါဗာတာ(၁၈၉၉-၁၉၇၂)

**Yasunari Kawabata**

၉၁။ ဝတ္ထု နှင့် ပြည်သူ (၁၉၃၇) ၄၄၄

*NOVEL AND THE PEOPLE*

ရပ် ဖောက် (၁၉၀၀-၁၉၃၇)

**Ralph Fox**

၉၂။ ဟုတ်ယောင်မှု နှင့် အစစ်အမှန် (၁၉၃၇) ၄၄၈

*ILLUSION AND REALITY*

ခရစ်စတိုဖာ ကော့ဒဝဲ(၁၉၀၇-၁၉၃၇)

**Christopher Coudwell**

၉၃။ တရုတ်ပြည်ပေါ်မှ ကြယ်နီ (၁၉၃၇) ၄၅၁

*THE RED STAR OVER CHINA*

အဂ္ဂါ စနိုး(၁၉၀၅-၁၉၇၂)

**Edgar Snow**

၉၄။ အော့နှလုံး (၁၉၃၈) ၄၅၅

*NAUSEA*

ယန် ပေါ ဆတ်(၁၉၀၅-၁၉၈၀)

**Jean-Paul Sartre**

www.nyisay.com


၉၅။ **ဒေါသမှုန်** (၁၉၃၉) ၄၅၉

*THE GRAPES OF WRATH*

ဂျွန် စတိန်းဗက်(၁၉၀၂-၁၉၆၈)

**John Steinbeck**

၉၆။ **သူစိမ်းတစ်ရံဆံ** (၁၉၄၂) ၄၆၄

*THE STRANGER*

အယ်လဗတ် ကမူး(၁၉၁၃-၁၉၆၀)

**Albert Camus**

၉၇။ **အန်ဖရန့်၏ နေ့စဉ်မှတ်တမ်း** (၁၉၄၄) ၄၆၉

*DIARY OF ANNE FRANK*

အန်ဖရန့် (၁၉၂၉-၁၉၄၅)

**Anne Frank**

၉၈။ **အဘိုးအို နှင့် အဏ္ဏဝါ** (၁၉၅၂) ၄၇၅

*THE OLD MAN AND THE SEA*

အားနက် ဟဲမင်းဝေး(၁၈၉၈-၁၉၆၁)

**Ernest Hemingway**

၉၉။ **ဒေါက်တာ ဇီဗားဂိုး** (၁၉၅၆) ၄၈၀

*DOCTOR ZHIVAGO*

ဗောရစ် လီယော်ညီဒါးဗစ်ချ ပါစတျေးရနတ်(၁၈၉၀-၁၉၆၀)

**Boris Leonidovich Pasternak**

၁၀၀။ **စင်ရော်ကလေး ဂျိုနသန်** (၁၉၇၀) ၄၈၅

*JONATHAN LIVINGSTON SEAGULL*

ရစ်ချတ် ဗာ့(၁၉၃၆- )

**Richard Bach**

– စာရေးဆရာအမည် အညွှန်း ၄၈၈

– စာအုပ်အမည် အညွှန်း ၄၉၅

## စကားဦး

ဤစာအုပ်သည် မြန်မာစာဖတ် ပရိသတ်အား ကမ္ဘာ့စာပေနှင့် မိတ်ဆက်ပေးရန် ရည်ရွယ်အားထုတ်ထားသော စာအုပ်ဖြစ်ပါသည်။

ကမ္ဘာ့စာပေ ဟူရာတွင် မြန်မာနိုင်ငံကို ချန်လှပ်၍ အရှေ့ အနောက် နိုင်ငံအားလုံးကို ကိုယ်စားပြုသော စာပေကို ဆိုလိုပါသည်။ ကမ္ဘာ့စာပေလောက၌ ဝတ္ထု၊ ပြဇာတ်၊ ကဗျာ စသည့် ရသစာပေဝင် စာအုပ်များ၊ ရသစာပေနှင့် နီးနွယ်သော ခရီးသွားမှတ်တမ်းများ၊ နေ့စဉ်မှတ်တမ်းများ၊ သုတပေး စာအုပ်များတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ သိပ္ပံ၊ ယဉ်ကျေးမှုဆိုင်ရာ စာအုပ်များ အများအပြား ထွက်ခဲ့ပြီး၊ ထွက်ဆဲ ဖြစ်ပါသည်။

ယခုစာအုပ်တွင် ကမ္ဘာတွင် လူအများ လေးစားခဲ့ရသော စာအုပ်များစွာတို့မှ စာအုပ်တစ်ရာကို ထုတ်နုတ်ရွေးချယ်၍ မြန်မာစာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ ယင်းသို့ မိတ်ဆက်ပေးရာတွင် ပထမဦးစွာ ကမ္ဘာ့နိုင်ငံ အသီးသီးမှ စာအုပ်များ ပါဝင်နိုင်ရန် ရွေးချယ်ပါသည်။ ထို့နောက် စာရေးဆရာ စုံလင်ရေး၊ အကြောင်းအရာ စုံလင်ရေးတို့ကို ဦးတည်ရွေးချယ်ပါသည်။

ထို့ကြောင့် ဤစာအုပ်တွင် ကမ္ဘာ့နိုင်ငံ အသီးသီးမှ ခေတ်အဆက်ဆက် ထင်ရှားခဲ့သော ဝတ္ထုကြီးများ၊ ကဗျာများ၊ ပြဇာတ်များ၊ ခရီးသွားမှတ်တမ်းများ၊ နေ့စဉ်မှတ်တမ်း

www.nyisay.com



များနှင့်အတူ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ သိပ္ပံ၊ ယဉ်ကျေးမှုဆိုင်ရာ **စာအုပ်တစ်ရာ** ပါဝင်ပါသည်။ ယင်းတို့ကို ခုနှစ်စဉ်အလိုက် ဖော်ပြထားခြင်းဖြင့် ကမ္ဘာ့ စာပေသမိုင်း၊ လူမှုသမိုင်းကိုလည်း သုံးသပ်နိုင်မည် ဖြစ်ပါသည်။

စာအုပ် တစ်အုပ်စီ ဟစ်အုပ်စီ၏ အကြောင်းအရာကို ဖော်ပြရာတွင် စာအုပ် နောက်ခံ၊ စာအုပ်ပါ အကြောင်းအရာတို့ကို တတ်နိုင်သမျှ ပြည့်စုံအောင် ဖော်ပြထားပါသည်။

ယခု ဖော်ပြသော စာအုပ်တစ်ရာတွင် မြန်မာပြန်ပြီး စာအုပ်များလည်း ပါပါသည်။ ယင်းသို့ မြန်မာပြန်ပြီးစာအုပ်ရှိပါကလည်း ထိုစာအုပ်များ အမည်ကို ပူးတွဲဖော်ပြထားပါသည်။

ယခုစာအုပ်သည် မြန်မာစာဖတ်ပရိသတ်အား ကမ္ဘာ့စာပေနှင့် မိတ်ဆက်ပေးရာတွင် ကနဦး အားထုတ်မှုသာ ဖြစ်ပါသေးသည်။ ဤစာအုပ်အားဖြင့် မြန်မာစာဖတ်ပရိသတ်အဖို့ ကမ္ဘာ့စာပေ အသိအမြင် တိုးပွားရသည် ဆိုပါမူ ဆက်လက်၍ "ကမ္ဘာကျော် စာအုပ်တစ်ရာ" စာစဉ်ကို ထုတ်ဝေပြုစုသွားရန် ရည်ရွယ်ရင်း ရှိပါသည်။

၂၉၊ ၁၀၊ ၇၄ | နွယ်သစ်

www.nyisay.com

## အီးလီယတ် (ဘီစီ ၆ ရာစု )

### ဟိုးမား (ဘီစီ ၉ ရာစု )

ဘီစီ ၁၁ ရာစုနှစ်လောက်က မြေထဲပင်လယ် တစ်ကြောတွင် အာချီယ ဂရိတို့သည် အအောင်မြင် အထင်ရှားဆုံး လူမျိုးဖြစ်သည်။ ဘီစီ ၁၁၈၄ တွင် ထရွိုင်နိုင်ငံကို သိမ်းပိုက်နိုင်ခြင်းသည် အာချီယ ဂရိတို့အဖို့ မဟာအောင်ပွဲကြီး ဖြစ်လေသည်။ သို့သော် ဘီစီ ၁၀ ရာစုနှစ်ခန့်တွင် ဥရောပ မြောက်ပိုင်းမှ ဒိုရီယင်တို့သည် အာချီယ ဂရိတို့၏ မြေထဲပင်လယ် တစ်ကြောကို ဝင်ရောက် သိမ်းပိုက်နိုင်ခဲ့လေသည်။ အာချီယ ဂရိတို့သည် အေဂျင် ပင်လယ်ကို ဖြတ်ကျော်လျက် ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရလေသည်။ ဂရိတို့သည် အီအိုနီယာအရပ်တွင် အခြေစိုက်ကြပြီး နိုင်ငံသစ် တူထောင်လေသည်။ ဂရိတို့၏ နိုင်ငံသစ်သည် အေးချမ်းသာယာသော၊ စစ်မက်နည်းသော နိုင်ငံသစ် ဖြစ်သည်။ သို့သော် ယခင် ရှေးကလို ဂုဏ်သတင်း မမွှေးပျံ့တော့။

လျှမ်းလျှမ်းတောက် ကျော်စောရာမှ အတန်ငယ် သိမ်ငယ်သွားသော ဂရိတို့သည် အနာဂတ်ထက် ရွှေထီးဆောင်းခဲ့သော အတိတ်ကိုသာ ပြန်ငဲ့ကြည့်တတ်သည်မှာ သဘာကျေလှပေသည်။ ထို့ကြောင့် ရွှေထီးဆောင်းခဲ့စဉ်က အထင်ရှားဆုံး အဖြစ်အပျက် တစ်ခုဖြစ်သော ထရွိုင်မြို့သိမ်း တိုက်ပွဲကြီးကို သတိရကြသည်မှာလည်း သဘာဝအတိုင်းပင် ဖြစ်လေသည်။ ထိုအဖြစ်အပျက်ကို သတိရစိမ့်သောငှာ ဂရိ စာဆိုတော်ကြီး ဟိုးမားက **အီးလီယတ်**ကို ရေးသားခြင်း ဖြစ်သည်ဟု ယူဆနိုင်ပေသည်။

**ရာပြည့်စာအုပ်တိုက်**

www.nyisay.com



ဟိုးမားသည် **အီးလီယတ်**နှင့် **အိုဒက်ဆီ** ရာတင်းကဗျာကြီး နှစ်ပုဒ်ကို ရေးခဲ့ရာ နှစ်ပုဒ်စလုံး ကမ္ဘာကျော်ခဲ့ပေသည်။ ဤကဗျာရှည်ကြီးနှစ်ပုဒ်ကို လူတစ်ယောက်တည်းက ရေးခဲ့သလော၊ လူအများ၏ လက်ရာလောဟု နှောင်းသုတေသီများက စောကြောကြလေသည်။ နောက်ဆုံးတွင် ဘီစီ ၈ ရာစု သို့မဟုတ် ၉ ရာစုခန့်က ကဗျာ ပါရမီရှင် ဟိုမားဆိုသူ ရှိခဲ့သည်။ ပါရမီရှင်က ဂရိတို့၏ သမိုင်းဖြစ်ရပ်ကို ရွေးချယ် စိစစ် ချောမွေ့အောင် ပြုပြင်စီရင်၍ **အီးလီယတ်**နှင့် **အိုဒက်ဆီ** ကဗျာနှစ်ပုဒ်ကို ရေးစပ်ခြင်း ဖြစ်နိုင်သည်ဟု ယူဆကြလေသည်။

**အီးလီယတ်**၏ အဓိပ္ပာယ်မှာ "အီလီယွန်မြို့အကြောင်း ကဗျာ"ဖြစ်သည်။ အီလီယွန်မြို့ကား ထရွိုင်မြို့နိုင်ငံ၏ မြို့တော်ပင် ဖြစ်သည်။ အီလီယွန်မြို့ကို ဂရိတို့ ဝိုင်းဝန်းထားပြီး သိမ်းပိုက်ပုံ အကြောင်းပင် ဖြစ်သည်။ အထူးသဖြင့် ယင်းသို့ ဝိုင်းဝန်းထားစဉ်က အာချီလီ၏ ဒေါသအမျက်ကြီးပုံကို အသားပေးထားပေသည်။ **အီးလီယတ်** ကဗျာသည် အုပ်တွဲပေါင်း ၂၄ တွဲရှိသည့် မဟာကဗျာများ ဖြစ်သည်။

အာချီယာ ဂရိဘုရင်ကြီး အက်ဂါမင်မနွမ်တွင် မယ်နယ်လော့ ဆိုသောညီ ရှိသည်။ ထိုညီတွင် ဟယ်လင်ဆိုသော အလွန် ချောမွေ့လှပသည့် မယားတစ်ယောက် ရှိသည်။ ဟယ်လင်ကို ထရွိုင် ဘုရင့်သားတော်ငယ် ပဲရစ်က ခိုးယူထွက်ပြေးသည်။ ဟယ်လင်က ပဲရစ်ကို ချစ်မြတ်နိုးသဖြင့် ပဲရစ်နောက်သို့ လိုက်သည်။ အက်ဂါမင်မနွမ်သည် ခယ်မတော် ဟယ်လင် ပြန်လည် ရရှိရေးအတွက် ဂရိမင်းပေါင်းစုံကို ခေါ်ယူကာ ထရွိုင်သို့ ချီတက်လာပြီး အီလီယွန်မြို့ကို ဝိုင်းဝန်းပိတ်ဆို့ထားသည်။

အာချီယာ ဂရိတပ်ပေါင်းစုတွင် စစ်ရေးစစ်ရာ၌ အထက်မြက်ဆုံး၊ အကျွမ်းကျင်ဆုံး ပုဂ္ဂိုလ်ကား "အာချီလီ" ဖြစ်သည်။ အာချီလီသည် နတ်ဘုရား ပီလီယပ်နှင့် သမုဒ္ဒရာစောင့် နတ်ဘုရားမ သီးထစ်တို့ စုံဖက်ရာမှ မြင်သောသား ဖြစ်သည်။

ထရွိုင်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်စဉ်က အပိုလို ဘုရားကျောင်းကို ထိန်းသိမ်း စောင့်ရှောက်ရသူ ခရိုင်းဆက်၏သမီး ခရိုင်းဆီးကို အက်ဂါမင်မနွမ်ဘုရင်ကြီးက ဖမ်းဆီးရမိ၍ သိမ်းပိုက်တော်မူသည်။ အလားတူပင် အာချီလီကလည်း ဗရိုင်းဆက်၏သမီး ဗရိုင်းဆီးကို သိမ်းပိုက်သည်။ ခရိုင်းဆက်သည် ထရိုဂျင်အမျိုးသား ဖြစ်သော်လည်း ဘုရင်အက်ဂါမင်မနွမ်ထံ လာရောက်ကာ သူ့သမီး ခရိုင်းဆီးကို ရွှေငွေနှင့် ရွေးယူခွင့်ပြုရန် တောင်းပန်သည်။ အက်ဂါမင်မနွမ်ဘုရင်သည် ခရိုင်းဆီးကို မြတ်နိုးနေပြီ ဖြစ်ရကား ရွေးယူခွင့်မပြုဘဲ ခရိုင်းဆက်ကို

www.nyisay.com



မောင်းနှင်ထုတ်ပစ်သည်။ ခရိုင်းဆက်သည် သူ့နတ်ဘုရား အပိုလိုကို အကျိုးအကြောင်း ပြောပြရာ အပိုလိုသည် အက်ဂါမင်မနွမ်တို့၏ ဂရိတပ်၌ ကပ်ရောဂါဆိုက်ရောက်အောင် ပြုလုပ်လေသည်။ အာချိလီသည် ဂရိမင်းသားများ၊ ဘုရင်များကို စုရုံးပြီး ထိုညီလာခံ၌ ပုရောဟိတ်တစ်ပါးအား ကပ်ရောဂါ ပ ပျောက်အောင်မြင်ဖို့ လုပ်ဆောင်ရမည်ကို နိမိတ်ဖတ်စေသည်။ ပုရောဟိတ်က ကပ်ရောဂါကို လုပ်ဆောင်သူမှာ အပိုလိုဘုရား ဖြစ်ကြောင်း၊ အပိုလိုဘုရား၏ ကျောင်းတော်ကို ထိန်းသိမ်း စောင့်ရှောက်သူ ခရိုင်းဆက်၏ သမီး ခရိုင်းဆီးကို အက်ဂါမင်မနွမ်က ပြန်ပေးလျှင် ကပ်ရောဂါပျောက်မည်ဖြစ်ကြောင်း နိမိတ်ဖတ်သည်။ ဂရိ မင်းညီမင်းသားများ၊ ဘုရင်များ၏ဆန္ဒကို မလွန်ဆန်ဝံ့သော ဘုရင်အက်ဂါမင်မနွမ်သည် ခရိုင်းဆီးကို ပြန်ပေးရသည်။ ညီလာခံ ခေါ်ယူကျင်းပသူ အာချိလီအပေါ်တွင် အက်ဂါမင်မနွမ်က အငြိုးထားကာ အာချိလီ သိမ်းပိုက်ထားသော ဗရိုင်းဆီးကို အတင်းယူသည်။ ထို့ကြောင့် အာချိလီသည် ဒေါသူပုန်ထကာ အီလီယွန်မြို့ကို တိုက်ခိုက်ရာတွင် သူ ပါဝင်တိုက်ခိုက်မည် မဟုတ်ကြောင်း ကြေညာလိုက်လေသည်။

ဂရိနှင့် ထရိုဂျင် စစ်ပွဲကြီးသည် လူချင်းသာ တိုက်ခိုက်ကြသည့် စစ်ပွဲမဟုတ်ပေ။ နတ်ဘုရားချင်းလည်း တိုက်ခိုက်ကြသော စစ်ပွဲဖြစ်ပေသည်။ ထရိုဂျင်ဘက်မှ ကူသူ နတ်ဘုရားများ ရှိသကဲ့သို့ ဂရိဘက်မှ ကူသူ နတ်ဘုရားများလည်း ရှိလေသည်။

ဂရိတို့သည် အီလီယွန်မြို့ကို ၉ နှစ်တိုင်တိုင် ဝိုင်းထားသည်။ အီလီယွန်မြို့သည် ဂရိတပ်ပေါင်းစုကို ကြံ့ကြံ့ခံ တိုက်ခိုက်သည်။ ထရွိုင်ဘက်က ဦးဆောင်တိုက်ခိုက်သော ဟက်တာမင်းသားက ဤအရေးအခင်းသည် ဟယ်လင်ကြောင့်ဖြစ်ပေါ်ရသည်။ ဟယ်လင်၏ ခင်ပွန်းဟောင်း မယ်နယ်လော့နှင့် လက်ရှိခင်ပွန်း ပဲရစ်တို့ နှစ်ဦးသားသာ စစ်ခင်းသင့်သည်။ ပဲရစ်နိုင်လျှင် ဟယ်လင်ကို သိမ်းပိုက်နိုင်သည်။ ဂရိတပ်များ ထရွိုင်နိုင်ငံမှ ဆုတ်ခွာသွားရမည်။ အကယ်၍ မယ်နယ်လော့ နိုင်လျှင် ဟယ်လင်ကို ပြန်လည် သိမ်းပိုက်နိုင်သည်ဟု ကမ်းလှမ်းသည်ကို ဂရိတို့၏ဘုရင် သေနာပတိ အက်ဂါမင်မနွမ်က လက်ခံသည်။ ထို့ကြောင့် နှစ်ဖက်စစ်မတိုက်ဘဲ စီးချင်းထိုးဖို့ ပြင်ဆင်ကြသည်။

ပဲရစ်နှင့် မယ်နယ်လော့ စီးချင်းထိုးပွဲ၌ ပဲရစ်မင်းသား ရှုံးလုဆဲဆဲတွင် နတ်ဘုရားမ အဖရိုဒိုက်က ပဲရစ်ကို ယူဆောင်ကာ အီလီယွန်မြို့ထဲ၌ ထားလိုက်သည်။ စီးချင်းထိုးပွဲကို ကြည့်နေကြသော နှစ်ဖက်စစ်တပ်ကြီးသည် သူတို့ရှေ့မှောက်တွင် ပဲရစ် ပျောက်ချင်းမလှ ပျောက်သွားသဖြင့် အံ့အားသင့်နေကြသည်။

www.nyisay.com



ဂရိတပ်ပေါင်းစု၏ သေနာပတိချုပ် ဘုရင်အက်ဂါမင်မနွမ်က ဤစီးချင်းထိုးပွဲ၌ ပဲရစ် ရှုံးနိမ့်၍ မယ်နယ်လော့ အနိုင်ရသည် ဖြစ်သောကြောင့် ဟယ်လင်ကိုပေးရန် တောင်းဆိုသည်။ ထရိုဂျင်တို့၏ ဟက်တာကမူ ပဲရစ် ရုတ်ခြည်း ပျောက်ကွယ်သွားသဖြင့် အရှုံးအနိုင် မဆုံးဖြတ်နိုင်ပါ၊ ပဲရစ်ကို ရှာပရစေဦးဟု တောင်းပန်သည်ကို အက်ဂါမင်မနွမ်က ခွင့်ပြုခဲ့သည်။ ထို့ကြောင့် အခိုက်အတန့်အားဖြင့် ထရိုဂျင်နှင့် ဂရိတို့စစ်ပွဲကြီးမှာ အတိုက်အခိုက် ရပ်စဲလျက် ရှိပေသည်။

ဇု နတ်ဘုရင်ကြီး၏ ကြင်ယာတော် ဟီရာနှင့် အေသီနာ နတ်ဘုရားမတို့ကား ပဲရစ်ပေါ်တွင် အငြိုးထားသည်ဖြစ်၍ ထရိုဂျင်တို့ကို ဂရိတို့က ချေမှုန်းပစ်သည်ကိုသာ လိုလားကြ၏။ ထရိုဂျင်စစ်တပ်နှင့် ဂရိစစ်တပ်တို့ အတိုက်အခိုက် ရပ်စဲနေသည်ကို မလိုလားပေ။ ထို့ကြောင့် ဘုရားမ အေသီနာသည် ထရိုဂျင် စစ်သည်တစ်ယောက် အယောင်ဆောင်ကာ မြားပစ်ရာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်သူ လေးသည်တော် ပင်ဒါးရတ်ထံ သွားရောက်ပြီး မယ်နယ်လော့အား မြားဖြင့် ပစ်ခတ်အောင် တိုက်တွန်းနှိုးဆွသည်။ ပင်ဒါးရတ်သည် တိုက်တွန်းနှိုးဆော်ချက်ကြောင့် မုန်းတီးစိတ်ဝင်ကာ မယ်နယ်လော့ကို မြားဖြင့်ပစ်သည်။ မြားကို ဘုရားမ အေသီနာက လမ်းကြောင်းလွှဲလိုက်သဖြင့် ရင်အုံသို့မထိဘဲ ခါးပတ်ကိုဖောက်လျက် ဝမ်းဗိုက်ကို ထိသည်။ ဂရိသေနာပတိဘုရင် အက်ဂါမင်မနွမ်သည် သူ့ညီတော်ကို ထရိုဂျင်တို့ မြားဖြင့် ပစ်ခတ်လုပ်ကြံသည့်အတွက် ဒေါသဟုန်းဟုန်း တောက်လောင်ကာ အတိုက်ခိုက် ရပ်စဲထားခြင်းကို ဖျက်သိမ်းလိုက်သဖြင့် ဂရိနှင့် ထရိုဂျင်တို့ စစ်ပွဲကြီး ပြန်လည် ဖြစ်ပွားပြန်လေသည်။

ထရွိုင်ပြည့်ရှင် ပရိုင်အမ်၏ သားတော်ကြီး ဟက်တာသည် ဂရိနှင့် ထရိုဂျင်တို့ စစ်ပွဲကို တားမြစ်ရန် မတတ်နိုင်တော့သဖြင့် သူသေ ကိုယ်သေ တိုက်ရတော့မည်ဟု သဘောပေါက်ကာ စစ်မြေမှ အီလီယွန်မြို့သို့ ခေတ္တ ပြန်လာခဲ့သည်။ ဟက်တာသည် ဤစစ်ပွဲတွင် မိမိကျဆုံးမည်ဟု ထင်မြင်မိသဖြင့် ဇနီးနှင့် သားသမီးများကို နှုတ်ဆက်ရန် ပြန်လာခြင်း ဖြစ်လေသည်။ ဟက်တာသည် စီးချင်းထိုးရာမှ ပျောက်ဆုံးသွားသော ညီတော်ပဲရစ်ကို အီလီယွန်မြို့တော်ရှိ ဟယ်လင်မင်းသမီး၏ ရင်ခွင်၌ တွေ့ရသဖြင့် ဒေါသဖြစ်ရသည်။ ထရိုဂျင်စစ်သည်များစွာသည် ပဲရစ်နှင့် ဟယ်လင်တို့အတွက် အသက်သေခံနေရချိန်တွင် ပဲရစ်က အီလီယွန်မြို့တော်၌ ပုန်းအောင်းနေသည်မှာ ရှက်ဖွယ်လိလိဖြစ်ကြောင်း ပြောပြသည်။ ထို့ကြောင့် ပဲရစ်မင်းသားသည် နောင်တော်နှင့်အတူ စစ်မြေပြင်သို့ လိုက်ပါလာခဲ့သည်။

ပြန်လည်ဖြစ်ပွားသော ထရိုဂျင် ဂရိ စစ်ပွဲ၏ အဦးပိုင်းတွင် ထရိုဂျင်တို့သည် ဂရိတို့အား ဖိ၍တိုက်နိုင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နတ်ဘုရားတို့၏

www.nyisay.com



ဘုရင် ဇု နတ်မင်းကြီးက နတ်ဘုရားအားလုံးအား မည်သူ့ဘက်ကမှ ဝင်ရောက်တိုက်ခိုက်ခွင့် မပြု၊ အကူအညီ ပေးခွင့် မပြုသောကြောင့် ဖြစ်သည်။

အရေးနိမ့်လာသော ဂရိတပ်များ၏ သေနာပတိဘုရင် အက်ဂါမင်မနွမ်သည် ထရိုဂျင်တို့အပေါ် စစ်ရေးအရအောင်မြင်ရန် အာချိလီ ဝင်ရောက်တိုက်ခိုက်ပေးမှ ဖြစ်ကြောင်း သဘောပေါက်လာသည်။ ထို့ကြောင့် အာချိလီ ဝင်ရောက်တိုက်ပေးပါရန် အာချိလီထံမှ သူ အတင်းအကျပ် သိမ်းပိုက်ထားသော ဗရိုင်းဆီးကို ပြန်ပေးသည်။ အာချိလီသည် အက်ဂါမင်မနွမ်အပေါ် အမျက်မပြေသေး၍ ဝင်ရောက် တိုက်ခိုက်ပေးရန် ငြင်းဆိုသည်။ သို့သော် အာချိလီသည် စစ်ပွဲအခြေအနေကို အမြဲတမ်း အကဲခတ်လျက်ရှိသည်။ အာချိလီ၏မိတ်ဆွေ ပါထရိုကလုစကို စစ်ပွဲသတင်းယူရန် အမြဲလွှတ်လေ့ရှိသည်။ ပါထရိုကလုစက ဂရိတို့ အရေးနိမ့်နေကြောင်း၊ အာချိလီ ဝင်ရောက်တိုက်ခိုက်သင့်ပြီဖြစ်ကြောင်း အမြဲတောင်းပန်သည်။ အာချိလီသည် သူ့မိတ်ဆွေ ပါထရိုကလုစကို လေးစားချစ်ခင်သော်လည်း တောင်းပန်ချက်ကို လက်မခံ။

ပါထရိုကလုစသည် သူ၏တောင်းပန်ချက်ကို အာချိလီ လက်မခံသောအခါ အာချိလီ အမြဲဝတ်ဆင်သော သံချပ်အင်္ကျီကိုဝတ်၍ သူကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်ခွင့်ပြုရန် တောင်းဆိုသည်။ အဘယ့်ကြောင့်ဆိုသော် ထရိုဂျင်တို့သည် နာမည်ကျော် စစ်သူရဲကောင်းကြီး အာချိလီကို ကြောက်ရွံ့လှသောကြောင့် ဖြစ်သည်။ အာချိလီက ဝင်ရောက်တိုက်ခိုက်ခွင့် ပေးသည်။ သို့ရာတွင် ထရိုဂျင်တို့ခေါင်းဆောင် ဟက်တာမင်းသားက တိုက်ပွဲတွင် ပါထရိုကလုစကို အသေသတ်နိုင်ခဲ့ပြီး အာချိလီ၏ သံချပ်အင်္ကျီကို ယူထားလိုက်သည်။

အာချိလီသည် သူအလွန်ချစ်ခင်သော မိတ်ဆွေ ပါထရိုကလုစ တိုက်ပွဲတွင်ကျဆုံးကြောင်း သိရသောအခါမှ ဝင်ရောက်တိုက်ခိုက်သည်။ ထရိုဂျင်တို့၏ခေါင်းဆောင် ဟက်တာမင်းသားနှင့် နှစ်ဦးချင်း တိုက်ခိုက်ရာ ဟက်တာမင်းသားကျဆုံးသည်။ ဟက်တာ၏အလောင်းနှင့် ပါထရိုကလုစ၏ အလောင်းတို့ကိုအာချိလီ ယူလာသည်။ ထရွိုင်ပြည့်ရှင် ပရိုင်အမ်က သူ့သားအလောင်းကို ပြန်တောင်းသောအခါ အာချိလီသည် ကြည်ကြည်ဖြူဖြူပင် ပြန်လည်ပေးအပ်သည်။

မီးလျှံညီးညီး တောက်နေသော တလားစင်ပေါ်မှ မိတ်ဆွေကြီး ပါထရိုကလုစ၏ ရုပ်ကလာပ်ကို ကြည့်ရင်း အာချိလီခမျာ ကြေကွဲဝမ်းနည်းရလေသည်။

ယင်းဝတ္ထုကို မိုးဝေက **ခါမ ဂန္ဓဝင်** အမည်ဖြင့် လည်းကောင်း၊ ပြည်ညွှန့်ထွေးက **ခေါမဂန္ဓဝင် မာယာရှင်** (၁၉၇၃) အမည်ဖြင့်လည်းကောင်း အနှစ်ချုပ်ဘာသာပြန်ခဲ့ဖူးသည်။

www.nyisay.com

## ရာမာယဏ (ဘီစီ ၆၀၀-၃၀၀ )

### ဝါလမိကိ ( ? )

ရှေးဟောင်းစာပေတို့တွင် အိန္ဒိယစာပေသည် အချိန်ကာလအားဖြင့် ကြာမြင့်သည်နှင့်အမျှ အနှစ်သာရအားဖြင့်လည်း ထင်ရှားခဲ့ပေသည်။ ရှေးခေတ် အိန္ဒိယစာပေ၌ သက္ကတစာပေသည် အဓိကဖြစ်၏။ သက္ကတဘာသာဖြင့် ရေးသားထားသော ကျမ်းဂန် အများအပြားသည် ယနေ့ ကမ္ဘာ့ပညာရှင်တို့ လေးစားရသော ကျမ်းဂန်များ ဖြစ်ကြ၏။ **ရာမာယဏ**သည် ထင်ရှားသော သာဓက ဖြစ်ပေသည်။

**ရာမာယဏ**သည် ယနေ့ ကမ္ဘာ့အရပ်ရပ်၌ ထင်ရှားသော သက္ကတ ကဗျာရှည်ကြီး ဖြစ်၏။ ကမ္ဘာတွင် ရှေးအကျဆုံး ကဗျာရှည်ကြီးများဖြစ်သော **အီးလီယတ်၊ အိုဒက်ဆီ** စသော ကဗျာရှည်ကြီးများနှင့် တစ်တန်းတည်း တန်ဖိုးထား အသိအမှတ်ပြုရသော ကဗျာရှည်ကြီး ဖြစ်ပေသည်။ ယင်းကဗျာကြီးကို ခရစ်မပေါ်မီ အနှစ်ခြောက်ရာနှင့် သုံးရာအကြားတွင် ဝါလမိကိ ရသေ့ကြီးက သက္ကတဘာသာဖြင့် ကဗျာဗန္ဓ ဖွဲ့ခဲ့သည်ဟု အသိအမှတ် ပြုထားကြ၏။ ယခုအခါ သက္ကတဘာသာဖြင့်ရှိသော **ရာမာယဏ**တွင် အပိုင်း ခြောက်ပိုင်းပါ၏။ ယင်းတို့မှာ ဗာလ၊ အယုဒ္ဓယ၊ အရည၊ ကိဿကိန္ဓ၊ သုန္ဒရ၊ ယုဒ္ဓ ဟူ၍ ဖြစ်သည်။ ယင်းတို့အနက် ဗာလပိုင်းမှ အပဖြစ်သော ကျန်ငါးပိုင်းကိုသာ မူလ **ရာမယဏ** အဖြစ် မှတ်ယူကြ၏။ ကျန် ဗာလပိုင်းကိုမူ နောက်မှ ဆက်လက်ရေးသားခြင်း ဖြစ်သည်ဟု ဆို၏။

**ရာပြည့်စာအုပ်တိုက်**

www.nyisay.com



စင်စစ် ဗာလပိုင်းသည် **ရာမာယဏ** ၏ အစပိုင်း ဖြစ်လေသည်။ ထိုအပိုင်း၌ ဝါလမိကိ ရသေ့ကြီးသည် နရဒရသေ့ကြီးထံတွင် လောက၌ ဂုဏ်အပေါင်းနှင့် ပြည့်စုံသူ၊ လုံ့လဝီရိယ ကြီးမားသူ၊ တရားသိသူ၊ ကျေးဇူးကို သိသူ၊ မှန်သောစကားကို ဆိုသူ၊ ကတိတည်သူ၊ သက်ရှိတို့၏အကျိုးကို ပြုတတ်သော ပညာစွမ်းနှင့် ပြည့်စုံ၍ နှစ်လိုဖွယ် အဆင်းရှိသူ၊ စိတ်ကို ချုပ်တည်းနိုင်သူ၊ လောဘကို အောင်နိုင်သူ၊ မည်သူ့ကိုမျှ ကဲ့ရဲ့ရှုတ်ချခြင်း မပြုတတ်သူ၊ စစ်မြေပြင်၌ နတ်မင်းတို့ကပင် ကြောက်ရွံ့ရသူ ယောကျ်ားမြတ်ကား မည်သူနည်းဟု မေးမြန်းသဖြင့် နရဒရသေ့သည် ရာမ၏ အတ္ထုပ္ပတ္တိကို ဆောင်တော်မူခဲ့ကြောင်း အစပြု ဖော်ပြ၏။ တစ်ခါတွင် ဝါလမိကိရသေ့သည် တမသာမြစ်၌ရှိစဉ် မုဆိုးတစ်ယောက်က ကြိုးကြာငှက်တစ်ကောင်ကို သတ်သည့်အဖြစ် ကြုံရ၏။ ထိုအခါ ဝါလမိကိသည် စိတ်နှလုံးပင်ပန်းခြင်း ဖြစ်၏။ ထိုစိတ်နှလုံးပင်ပန်းခြင်းဖြင့် ကဗျာဉာဏ် ဝင်လာ၏။ ထိုစဉ် ဗြဟ္မာမင်းသည် ရောက်လာ၍ ဝါလမိကိ ရသေ့အား ရာမမင်း အတ္ထုပ္ပတ္တိကို ကဗျာဖွဲ့ရန် တောင်းပန်လေသည်။ သို့ဖြင့် ဝါလမိကိ ရသေ့ကြီးသည် ဂါထာပေါင်း နှစ်သောင်းလေးထောင် ပါဝင်သော **ရာမာယဏ** ကဗျာရှည်ကြီးကို ရေးသားခဲ့ပြီး ရာမမင်း သက်တော်ထင်ရှား ရှိစဉ်ကပင် ရာမမင်း၏သား ဗလနှင့် ကုသတို့အား သင်ကြားပေးခဲ့ကြောင်းနှင့် ထို**ရာမာယဏ** ကဗျာရှည်ကြီးကို ရာမမင်း၏ လွှတ်တော်၌ သီဆိုစေခဲ့ကြောင်း ဖော်ပြထား၏။ ထို**ရာမာယဏ**၏ ဇာတ်လမ်းကား ဤသို့ ဖြစ်၏။

အယုဒ္ဓယပြည်၌ ဒသရဋ္ဌမင်းသည် မင်းပြု၏။ ထိုမင်းသည် သားဆုရလိုသဖြင့် ယဇ်ပူဇော်၏။ ထိုစဉ်က လင်္ကာပြည်၌ ဒသဂီရိ(ရာဝဏ)သည် ဆိုးသွမ်းလျက်ရှိ၏။ ထို့ကြောင့် နတ်ဒေဝါနှင့် ရသေ့အပေါင်းတို့သည် ဗြဟ္မာကြီးထံ တိုင်ကြားကြ၏။ ဗြဟ္မာကြီးသည် ဒသဂီရိကို နှိမ်နင်းရန် နည်းလမ်းရှာ၏။ ထိုအခါ ဗိဿနိုး နတ်မင်းကြီးသည် နတ်တို့အား အားပေးစကားပြောကြားပြီး မိမိကိုယ်ကို လေးခုပြု၍ ဒသရဋ္ဌမင်း၏ မိဖုရားတို့ဝမ်း၌ သန္ဓေယူစေ၏။ တစ်ချိန်တည်းမှာပင် ဗြဟ္မာကြီး၏ တောင်းပန်ချက်အရ အခြားသော နတ်တို့သည်လည်း ကိဿကိန္ဓပြည်၌ မျောက်များအဖြစ် သန္ဓေယူကြ၏။ သို့ဖြင့် ဒသရဋ္ဌမင်းကြီး၏ မိဖုရားများမှ ရာမ၊ ဘာရတ၊ လက္ခဏနှင့် သတ္တုဃနတို့ကို ဖွားမြင်၏။ ကိဿကိန္ဓ၌လည်း မျောက်များကို ဖွား၏။ ထိုညီနောင်လေးဦးတို့ အရွယ်ရောက်သော် ဒသရဋ္ဌမင်းထံသို့ ဝသဝမိတ္တရသေ့ ရောက်လာ၏။ ဝသဝမိတ္တရသေ့သည် မိမိကျောင်းသခ်မ်းသို့ ဘီလူးများ လာရောက် ဖျက်ဆီးလေ့ရှိသဖြင့် ထိုဘီလူးတို့ရန်ကို နှိမ်နင်းရန်အတွက် ရာမမင်းသားကို မိမိနှင့်အတူ ထည့်ရန် ဒသရဋ္ဌမင်းထံ တောင်းဆို၏။

www.nyisay.com



သို့ဖြင့် ရာမနှင့် လက္ခဏတို့သည် ရသေ့ကြီးနောက်သို့ ပါလာကြ၏။ ရာမသည် ရှေးဦးစွာ လမ်းခရီးတွင် တာဋကာ ဘီလူးမ၏ရန်ကို နှိမ်နင်း၏။ ထို့နောက် ရသေ့၏ကျောင်းသခ်မ်းကို လာရောက်ဖျက်ဆီးတတ်သော ဘီလူးကို့ကို နှိမ်နင်း၏။ ယင်းသို့ ဘီလူးရန်ကို အောင်ပြီးနောက်တွင် ရာမနှင့် လက္ခဏတို့သည် မိထိလာပြည်သို့ ခရီးဆက်ခဲ့ကြ၏။ မိထိလာပြည်သို့ ရောက်သော် မိထိလာပြည်၌ ဇနကမင်းကြီးက မိမိတွင်ရှိသော လေးတော်ကို တင်နိုင်ပါက သမီးတော်နှင့် ပေးစားမည်ဟု မိန့်၏။ ရာမသည် ထိုလေးကို ထက်ပိုင်းကျိုးအောင် တင်နိုင် ပစ်နိုင် စွမ်းလေသည်။ ထို့ကြောင့် ဇနကမင်းကြီးသည် ရာမနှင့် လက္ခဏတို့အား မိမိ၏သမီးတော်များဖြစ်သော သီတာ၊ ဥရမီလာတို့နှင့် လက်ဆက်ပေးရန် စီစဉ်၏။ ထို့အတူ ဒသရဋ္ဌ၏ အခြားသားနှစ်ပါးဖြစ်သော ဘာရတနှင့် သတ္တုဃနတို့ အားလည်း မိမိ၏ အခြားသမီးတော်နှစ်ပါးနှင့် လက်ဆက်စေ၏။ ထိုသို့ ညီနောင် လေးယောက်တို့သည် မင်းသမီးများကို အသီးသီး လက်ထပ်ယူပြီးနောက် အယုဒ္ဓယသို့ ပြန်ခဲ့ကြ၏။ လမ်းတွင် ပရသုရာမ(ပသျှူးရာမ)ကို အောင်နိုင်ခဲ့၏။ ထို့နောက် ဘာရတနှင့် သတ္တုဃနတို့သည် ဦးရီးတော်နိုင်ငံသို့ ရှေးရှု၏။ ရာမနှင့် လက္ခဏ ဇနီးမောင်နှံစုံတို့သည် အယုဒ္ဓယသို့ ရှေးရှုခဲ့ကြ၏။ အယုဒ္ဓယသို့ ရောက်သော် ရာမကို လူအများ ချစ်ကြည်ညိုကြ၏။ ရာမသည် သီတာကို အလွန် ချစ်ခင်မြတ်နိုး၏။(ဤကား **ရာမာယဏ** ပထမပိုင်းဖြစ်သော ဗာလပိုင်း ဖြစ်၏။)

ထို့နောက် ဒသရဋ္ဌမင်းကြီးသည် သားတော် ရာမအား အိမ်ရှေ့အပ်နှင်းရန် စီစဉ်လေ၏။ တစ်နိုင်ငံလုံးကလည်း ရာမမင်းသားကို အိမ်ရှေ့မင်းသားအဖြစ် ဘိသိက်သွန်းစေလို၏။ သို့ဖြင့် ဘိသိက်ပွဲအတွက် စီစဉ်လေသည်။ ထိုအခါ ကေကေယီ မိဖုရားသည် ဒသရဋ္ဌမင်းကြီးထံမှ အလိုရှိရာဆု နှစ်ခုကို တောင်း နိုင်သော ကတိကို ရထားပြီးဖြစ်ရာ သူ၏သား ဘာရတကို အိမ်ရှေ့အရာ ပေးရန် နှင့် ရာမကို တိုင်းပြည်မှ ဆယ့်လေးနှစ် နှင်ထုတ်ထားရန် တောင်းဆိုလေ၏။ မင်းကြီးလည်း ကတိကို မဖျက်လိုသဖြင့် ကေကေယီ မိဖုရား၏ တောင်းဆိုချက်ကို လက်ခံရ၏။ ရာမလည်း အဖစကားကို လိုက်နာရ၏။ သို့သော် လက္ခဏကမူ မကျေနပ်။ ရာမသည် လက္ခဏကို ဖျောင်းဖျ၍ သီတာ၊ လက္ခဏတို့နှင့်အတူ တောသို့ ဝင်ခဲ့လေသည်။ လမ်း၌ လက္ခဏအား တိုင်းပြည်သို့ ပြန်လွှတ်သေး၏။ သို့သော် လက္ခဏသည် ရာမနှင့် မခွဲမခွာ လိုက်ပါခဲ့၏။ ထိုအခါ ဒသရဋ္ဌမင်းသည် ကြီးစွာသော ပူဆွေးခြင်း ဖြစ်ရပြီး နှလုံးကွဲ၍ နတ်ရွာစံလေ၏။ ထိုအချိန်၌ ဘာရတသည် ဦးရီးတော်၏ ရာဇဂြိုဟ်ပြည်၌ ရှိနေရာ နိုင်ငံတွင်းအခြေအနေကို မသိလေ။ တမန်တော်တို့ ခေါ်လာသဖြင့် နေပြည်တော်သို့ ပြန်ခဲ့၏။ နေပြည်တော်

www.nyisay.com



ရောက်မှ ခမည်းတော် နတ်ရွာစံကြောင်းနှင့် ရာမမင်းသား ပြည်နှင်ဒဏ် ခံရပုံကို သိ၏။ ထိုအခါ ဘာရတသည် မယ်တော် ကေကေယီအား ပြစ်တင်စကား ဆိုလေ၏။ မှူးမတ်တို့က ဘာရတအား ခမည်းတော် အရိုက်အရာကို ဆက်ခံရန် လျှောက်ထားသော်လည်း ဘာရတသည် လက်မခံ။ ရာမမင်းသားသာလျှင် ခမည်းတော် အရိုက်အရာကို ဆက်ခံသင့်သည်ဆို၍ ရာမမင်းသားနောက်သို့ လိုက်လေ၏။ ဘာရတ လိုက်လာသည်ကို မြင်သော် လက္ခဏသည် ဘာရတအပေါ် ဒေါသဖြစ်သေး၏။ ထိုအခါ ရာမကပင် လက္ခဏအား ဘာရတအပေါ် အထင်မလွဲရန်နှင့် စိတ်မဆိုးရန် ဖျောင်းဖျ၏။ ဘာရတသည် ရာမ၏ခြေရင်းတွင် ဝပ်စင်း၍ ခမည်းတော် နတ်ရွာစံကြောင်းနှင့် နိုင်ငံသို့ ပြန်လိုက်လာပြီး မင်းအဖြစ် ဆက်ခံရန် တောင်းပန်၏။ ရာမကမူ မိမိသည် ခမည်းတော်၏ အမိန့်ကို နာခံရမည်ဖြစ်၍ နေပြည်တော်သို့ လိုက်မလာသင့်ကြောင်းနှင့် ဘာရတသာ မင်းအဖြစ် ဆက်ခံသင့်ကြောင်း မိန့်၏။ ဘာရတကလည်း ရာမအားသာ မင်းအဖြစ် ဆက်ခံရန် အကြိမ်ကြိမ် တိုက်တွန်း၏။ ရာမကလည်း ငြင်း၏။ အဆုံး၌ ရာမသည် မိမိ၏ ခြေနင်းကို ဘာရတအား ပေး၏။ ဘာရတလည်း အယုဒ္ဓယသို့ ပြန်ခဲ့ပြီး ရာမ၏ ခြေနင်းကိုပြ၍ မင်းအဖြစ် ဆက်ခံ၏။ ထိုအချိန်မှာပင် ရာမတို့လည်း စခန်းမှ ရှေ့သို့ ခရီးဆက်ကြလေသည်။(ဤကား အယုဒ္ဓပိုင်း ဖြစ်၏။)

သို့ဖြင့် ရာမတို့သည် ခရီးဆက်ခဲ့ရာ လမ်း၌ ဝိရာဓ ဘီလူးနှင့် တွေ့၍ ဝိရာဓက သီတာကို ရာမလက်မှ လုယူ၏။ ရာမလည်း ဝိရာဓကို ခြေမှုန်းတိုက်ခိုက်ရသည်။ ထိုနောက် ပဉ္စဝတီအရပ်သို့ ခရီးဆက်ခဲ့ကြရာ လမ်းတွင် ဇဋာယုအမည်ရှိ ငှက်နှင့်တွေ့၏။ ပဉ္စဝတီတွင် ရာမတို့ သခ်မ်းဆောက်၍ နေကြစဉ် သုပန္နခဘီလူးမ ရောက်လာ၏။ ဘီလူးမက ရာမအား သူ့ကို သိမ်းပိုက်ရန် တောင်းဆို၏။ ရာမက ငြင်းသည်။ ထိုအခါ လက္ခဏအား တောင်းဆိုပြန်၏။ လက္ခဏကလည်း ငြင်း၏။ ထို့ကြောင့် သုပန္နခသည် မောင်တော်ဘီလူးများဖြစ်သော ခရနှင့် ဒုသတို့အား ရာမကို တိုက်ရန်ပြော၏။ ရာမသည် ခရနှင့် ဒုသတို့ရန်ကို နှိမ်၏။ ထိုအခါ သုပန္နခသည် ဒသဂီရိထံသို့သွား၍ မယ်သီတာကို ခိုးယူရန် တိုက်တွန်း၏။ ဒသဂီရိလည်း မရိဆဘီလူးကို တိုင်ပင်၏။ မရိဆက ကန့်ကွက်သည်။ သို့သော် ဒသဂီရိ က အတင်းအကျပ် တိုက်တွန်းပြန်သဖြင့် မရိဆသည် ရွှေသမင်ယောင် ဖန်ဆင်းကာ ရာမကို လှည့်ဖြား၏။ လက္ခဏသည် သမင်ကို သံသယ ဖြစ်၏။ သီတာက သမင်ကို အသေရရ အရှင်ရရ ဖမ်းပေးရန် ပြော၏။ ရာမလည်း လက္ခဏအား သီတာကို စောင့်ရှောက်ရန်ထားခဲ့ပြီး သမင်ယောင်ဆောင်သော မရိဆနောက်သို့ လိုက်၏။ ထိုစဉ် မရိဆ၏အော်သံကြောင့်

www.nyisay.com



လက္ခဏာသည် ရာမနောက်သို့ လိုက်၏။ လက္ခဏာ မရှိခိုက်တွင် ဒသဂီရိသည် ရသေ့အသွင်ဖြင့် သီတာအပါးသို့ ရောက်လာ၏။ ထို့နောက် ဒသဂီရိသည် သီတာကို ခိုးယူ၍ လင်္ကာဒီပသို့ ထွက်ပြေးခဲ့၏။ လမ်း၌ ဒသဂီရိသည် ဇဋာယုငှက်နှင့် တွေ့၏။ ငှက်က ဘီလူးကို တား၏။ မရသည့် အဆုံး၌ ဇဋာယုနှင့် ဒသဂီရိ စစ်ပြိုင်ကြ၏။ ဇဋာယု အရေးနိမ့်လေသည်။ ဒသဂီရိသည် မယ်သီတာကို ဆက်လက် ခောင်ယူခဲ့၏။ မယ်သီတာသည် လမ်းခရီး တောင်ထိပ်တစ်ခုတွင် မျောက်ငါးကောင်ကိုတွေ့ရာ ရာမမင်းသားအဖို့ သဲလွန်စအဖြစ် ရလိုရငြား သဘောဖြင့် မိမိ လက်ဝတ်တန်ဆာများကို ပဝါဖြင့် ရစ်ပတ်၍ မျောက်ငါးကောင်၏ အလယ်တွင် ချခဲ့၏။ ဒသဂီရိသည် မိမိနိုင်ငံသို့ ရောက်သော် ဘီလူးရှစ်ယောက်ကို ထောက်လှမ်းရန် စေလွှတ်၏။ သီတာအား မိဖုရားအဖြစ် ဆက်ခံရန် နားချ၏။ သီတာက ငြင်းပယ်လျက်သာ နေ၏။ ထိုစဉ်တွင် ရာမနှင့် လက္ခဏာတို့တွေ့ပြီး သီတာကို ရှာဖွေရာ သေလုဆဲ ဇဋာယုငှက်ကို တွေ့၍ ဒသဂီရိ ခိုးယူသွားကြောင်း သိသဖြင့် ဒသဂီရိနောက်သို့ လိုက်ခဲ့၏။ လမ်းတွင် ဘီလူးမတစ်ကောင်နှင့် တိုက်ခိုက်ရသေးသည်။ ကဗန္ဓဘီလူးနှင့် တွေ့၍ မင်းသားတို့ကို စားမည်ပြုရာ မင်းသားတို့က ဘီလူး၏ လက်ရုံးနှစ်ဖက်ကို ဖြတ်ပစ်လိုက်၏။ ဘီလူးလည်း မိမိ၏ ဘဝဆိုးရောက်ရပုံကို ပြောပြီး ကွယ်လွန်၏။ ရာမ ညီနောင်သည် ဘီလူးကို သင်္ဂြိုဟ်၏။ ထိုအခါ ဘီလူးသည် နတ်အဖြစ် ကိုယ်ထင်ပြကာ ရာမညီနောင်အား သုကြိတ်(သုဂရိဝ) မျောက်မင်းရှိရာ ခရီးကို ညွှန်လိုက်၏။ ရာမတို့ ခရီးဆက်ကြပြန်လေသည်။ (ဤကား တတိယပိုင်း ဖြစ်သော အရညပိုင်းတည်း။)

ရာမညီနောင်သည် ပမ္ပရေအိုင် အရပ်သို့ရောက်၍ ရေအိုင်ကို ဖြတ်လေသော် သုကြိတ်မျောက်မင်း ဆီးကြိုပြင်နှင့်၏။ သုကြိတ်သည် ရာမတို့နှင့် ပတ်သက်၍ အကြောင်းစုံသိရန် ဟနုမန်ကိုလွှတ်၍ စုံစမ်းစေ၏။ ဟနုမန်သည် ရာမတို့ကို သုကြိတ်မျောက်မင်းထံ ခေါ်လာ၏။ သုကြိတ်နှင့် ရာမတို့သည် မိမိတို့အဖြစ်အသီးသီးကို ပြောပြ၏။ သုကြိတ်မှာ အစ်ကိုဗာလီက မယားတာရာကို အဓမ္မသိမ်းပိုက်ပြီး မိမိကို နှိပ်စက်သဖြင့် မိမိ တိမ်းရှောင်နေရကြောင်း ပြော၏။ ထိုအခါ ရာမက ဗာလီ၏ရန်ကို နှိမ်နင်းမည်ဖြစ်ကြောင်း ကတိပေး၏။ သုကြိတ်ကလည်း ရာမညီနောင်အဖြစ်ကို သိရပြီးသော် မယ်သီတာ ချရစ်ခဲ့သည့် ပဝါနှင့် လက်ဝတ်တန်ဆာကို ပြ၏။ ထို့နောက် သီတာ ပြန်ရရေးအတွက် ကူညီမည်ဟုလည်း ကတိပေး၏။ ရာမသည် သုကြိတ်အား ဗာလီကို တိုက်ရာတွင် ကူညီ၏။ ဗာလီကို ရာမက မြားနှင့်ပစ်၏။ ဗာလီ သေခါနီးတွင် အမှားကို တောင်းပန်၏။ သား အင်္ဂဒကို ပြုစုရန် ညီသုကြိတ်အား မှာခဲ့သည်။ ဘီလူးနိုင်ငံ ကိသကိန္ဒ၌

www.nyisay.com



သုဂြိတ် ဘိသိက်ခံ၏။ ဗာလီ၏သားအား အိမ်ရှေ့နှင်း၏။ ပြီးလျှင် သုဂြိတ်က သီတာ ရှာဖွေရေးအတွက် မျောက်တပ် ဖွဲ့၏။ ရှာဖွေ၏။ သမ္ပာတိငှက်ထံမှ သီတာ လင်္ကာဒီပ ရောက်နေကြောင်း သိရ၏။ ထိုအခါ မျောက်တို့အထဲမှ ဇမ္ဗဝန်က ဟနုမန်အား ပင်လယ်ကမ်းခြေမှနေပြီး လင်္ကာဒီပကျွန်းအရောက် အခုန်ခိုင်းလေ၏။ (ဤကား စတုတ္ထပိုင်းဖြစ်သော ကိဿကိန္ဓအပိုင်း ဖြစ်၏။)

ဟနုမန်သည် လင်္ကာဒီပသို့ ရောက်ပြီး သီတာနှင့်တွေ့၏။ သီတာအား ရာမမင်းသား၏ လက်စွပ်ကို ပြ၏။ သီတာကလည်း မိမိ၏ မဏိရတနာကို သက်သေအဖြစ် ပေး၏။ ဟနုမန်သည် ဒသဂီရိ ဒေါသဖြစ်အောင် အသောက ဥယျာဉ်ကို ဖျက်၏။ ဘီလူးမတို့ကို ရန်ရှာ၏။ ဒသဂီရိ၏သားက ဟနုမန်ကို မြားနှင့်ပစ်၍ ဖမ်း၏။ ဒသဂီရိသည် ဟနုမန်ကို သတ်မည်ပြုရာ ညီ ဗိဘီဇနက ဝင်၍ တားသဖြင့် ဒသဂီရိသည် ဟနုမန်၏အမြီးကို အဝတ်ပတ် မီးရှို့၏။ ထိုအခါ ဟနုမန်သည် မိမိအမြီးက မီးဖြင့် တစ်မြို့လုံးကို မီးလောင်စေပြီးနောက် ရာမ မင်းသားတို့ရှိရာ ကိဿကိန္ဓသို့ ပြန်ခဲ့၏။(ဤကား ပဉ္စမပိုင်းဖြစ်သော သုန္ဒရအပိုင်း ဖြစ်၏။)

ဟနုမန်၏ သတင်းပေးချက်အရ ရာမမင်းသားညီနောင်နှင့် မျောက် စစ်သည်တို့သည် သမုဒ္ဒရာကမ်းခြေသို့ ချီတက်ခဲ့ကြ၏။ ထိုအချိန်တွင် လင်္ကာဒီပ ဒသဂီရိ၏ ညီလာခံ၌ ရာမနှင့် စစ် ပြိုင်သင့် မပြိုင်သင့် ဆွေးနွေးကြရာ ဒသဂီရိ၏ ညီ ဗိဘီဇနက သီတာကို ရာမလက်သို့ ပြန်အပ်ရန် တိုက်တွန်း၏။ ထို့ကြောင့် ဒသဂီရိသည် ညီကို တိုင်းပြည်မှ နှင်၏။ ညီ ဗိဘီဇနသည် ရာမမင်းသားဘက်သို့ ဝင်လာ၏။ ထို့နောက် ရာမ၊ လက္ခဏနှင့် ဗိဘီဇနတို့သည် မျောက်စစ်သည်တို့ကို ခေါင်းဆောင်၍ ဘီလူးတို့နှင့် တိုက်ခိုက်ကြ၏။ ဘီလူးတို့ အရေးနိမ့်ကြရပြီး မယ်သီတာကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြလေသည်။ ထို့နောက် ပြန်ခဲ့ကြရာ ဘာရတ လိုက်လာသည်ကို တွေ့ရပြီး နေပြည်တော် အယုဒ္ဓယသို့ ပြန်ခဲ့လေ၏။ နေပြည်တော်တွင် ရာမသည် ဘုရင်အဖြစ် ဆက်ခံ၏။ မျောက်အပေါင်းတို့အား လည်း ဂုဏ်ပြုချီးမြှင့်၏။

ဤသို့ဖြင့် ဝါလမိကိသည် **ရာမာယဏ**ကို ဆဋ္ဌမပိုင်းဖြစ်သော အယုဒ္ဓ ပိုင်းတွင် အဆုံးသတ်ခဲ့လေသည်။

**ရာမာယဏ** သည် သက္ကတဘာသာမှတစ်ဆင့် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ ၏။ အထူးသဖြင့် အာရှနိုင်ငံအများတွင် **ရာမာယဏ**ကို မိမိတို့ နိုင်ငံ၊ လူမျိုး အခြေအနေကို လိုက်၍ စာအုပ်အဖြစ် ပြုစုကြ၏။ က ဇာတ်၊ ပြဇာတ်များ ခင်းကျင်းကပြကြ၏။

www.nyisay.com



မြန်မာနိုင်ငံတွင် **ရာမာယဏ**သည် ပုဂံခေတ်လောက် ကတည်းကပင် ထင်ရှားခဲ့၏။ ခရစ်နှစ် ၁၇၇၅ တွင် **ရာမာယဏ**ကို ဦးအောင်ဖြိုးက သာချင်းပုံစံဖြင့် ရေးဖွဲ့ခဲ့၏။ ထို့နောက် ဦးတိုးက ရကန်ပုံစံဖြင့်လည်း ဖွဲ့ခဲ့၏။ စကားပြေ ပုံစံဖြင့်လည်း မိမိတို့နိုင်ငံနှင့် ဆီလျော်အောင် ပြန်လည်ရေးသားခဲ့၏။ ကုန်းဘောင် ခေတ် ပညာရှိတစ်ဦး ရေးသားသည့် **မဟာရာမ ဝတ္ထု**အဖြစ် ထင်ရှားသော ဝတ္ထုစာမူကို ၁၉၇၁ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံ သုတေသနအသင်းမှ ထုတ်ဝေ ခဲ့သည်။ ယင်း **မဟာရာမ ဝတ္ထု**ကိုပင် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်သည် ပင်ကိုဟန် စကားပြေသက်သက်ဖြင့် အနှစ်ချုပ် ရေးသား၍ ၁၉၇၃ မေတွင် ထုတ်ဝေခဲ့၏။ ပေမူအဆင့်တွင်ရှိသော **ရာမ ဝတ္ထု**များလည်း ရှိသေး၏။ ဇာတ်ပွဲအဖြစ်လည်း ခင်းကျင်းပြသလေ့ရှိသည်။ ရုပ်ရှင်အဖြစ်လည်း ရိုက်ကူးခဲ့၏။ သက္ကတမူရင်း **ရာမာယဏ**ကိုမူ မိဂဒါဝုန်ဆရာတော် အရှင်ကိတ္တိမက ဘာသာပြန်၍ မြန်မာနိုင်ငံ လုံး ဆိုင်ရာ ဟိန္ဒူအမျိုးသား ဗဟိုအဖွဲ့ချုပ်က ၁၉၆၈ မှ ၁၉၇၂ အတွင်း အပိုင်း ခြောက်ပိုင်း ခြောက်အုပ်တွဲ ခွဲ၍ **ရာမာယဏ** အမည်ဖြင့် ထုတ်ဝေခဲ့သည်။

www.nyisay.com

## အီစွတ်၏ ဒဏ္ဍာရီများ (ခရစ်မပေါ်မီ ၆ ရာစု )

### အီစွတ် (ခရစ်မပေါ်မီ ၆ ရာစု )

ကမ္ဘာတွင် အစောဆုံး ပေါ်ပေါက်ခဲ့ပြီး ယနေ့တိုင် လူတို့ ပုံခိုင်းပြောလေ့လည်း ရှိသော၊ ဘဝသင်ခန်းစာအလို့ငှာ စံပြုအပ်သော ပုံများအဖြစ်လည်း ထင်ရှားသော ဒဏ္ဍာရီများ ရှိကြရာတွင် **အီစွတ် ဒဏ္ဍာရီ**များသည်လည်း ထင်ရှားသော ဒဏ္ဍာရီများ ဖြစ်ကြ၏။

လူသားသည် မိမိတို့ ပြောလိုသော အဆုံးအမ စကားတို့ကို ဘာစ်ဖက်သား နာလိုဖွယ်ဖြစ်အောင်၊ ပိုမိုထိရောက်အောင် ပုံဆောင်ပြောတတ်၏။ ယင်းသို့ ပုံဆောင်ရာတွင် မိမိနှင့်နီးစပ်သော၊ မိမိပတ်ဝန်းကျင်တွင် တွေ့ရသော တိရစ္ဆာန်များကို ပုံဆောင်၍ ပြောသည့်အလေ့သည် ရှိခဲ့၏။ အီစွတ်ဒဏ္ဍာရီ အများစုသည် တိရစ္ဆာန်ဒဏ္ဍာရီများ ဖြစ်သည်။ အိန္ဒိယစာပေတွင် တွေ့ရသော ပဥ္စတန္တရ ဒဏ္ဍာရီများနှင့် တူသည်။

မြန်မာတို့သည် **အီစွတ်၏ ဒဏ္ဍာရီ**များနှင့် စောစောပိုင်းကတည်းကပင် ကျွမ်းဝင်ခဲ့ကြပြီး ဖြစ်သည်။ ထို့အတူပင် ကမ္ဘာ့နိုင်ငံ အသီးသီးသည် အီဇွတ် ဒဏ္ဍာရီများနှင့် ကျွမ်းဝင်ခဲ့ကြပြီး ဖြစ်၏။

အီစွတ်သည် ဂရိလူမျိုး ကျေးကျွန်တစ်ယောက် ဖြစ်သည်ဟု သုတေသီ ဘို့က ယူဆကြသည်။ သူနှင့် သူ့ဒဏ္ဍာရီများအကြောင်းကို ခရစ်မပေါ်မီ ငါးရာစု ိုင်းက ဂရိစာအုပ်များတွင် တွေ့ရသည်ကို အထောက်အထားပြုကာ အီဇွတ်သည် ခရစ်မပေါ်မီ ခြောက်ရာစုက ပေါ်ပေါက်ခဲ့သည်ဟု ယူဆရ၏။ သူသည် ဒဏ္ဍာရီ

www.nyisay.com



များကို ဖန်တီးခဲ့သော်လည်း သူ၏ ဒဏ္ဍာရီများကို သူကိုယ်တိုင် ရေးသားမှတ်တမ်းတင်ခဲ့သလော၊ ခေတ်ပြိုင် ပုဂ္ဂိုလ်များ ရေးသားမှတ်တမ်းတင်ခဲ့သလော ဟူသော အချက်နှင့် ပတ်သက်၍ မည်သည့်အထောက်အထားမျှ မတွေ့ရပေ။

သို့သော် အီစွတ်၏ ဒဏ္ဍာရီများသည် နှုတ်ပြောဒဏ္ဍာရီများအဖြစ် နောက်ရာစုနှစ်အထိ တည်တံ့လာခဲ့သည်။ နောက်ရာစုတွင် ပေါ်ပေါက်ထွန်းကားလာသော ဂရိစာဆိုတို့သည် သူတို့၏ စာအုပ်များတွင် အီစွတ်၏အကြောင်းကို ထည့်သွင်း မှတ်တမ်းတင်လာခြင်း၊ အီစွတ်၏ဒဏ္ဍာရီများ အကြောင်းကို မှတ်တမ်းတင်လာခြင်းဖြင့် အီစွတ်ဒဏ္ဍာရီများသည် နှုတ်ပြောအဖြစ်မှ ကမ္ပည်းတင်ဘဝ ရောက်ခဲ့လေသည်။ ထို့နောက်တွင် ပညာရှိအဆက်ဆက်တို့သည် အီစွတ်၏ ဒဏ္ဍာရီများတွင် ပဋ္ဌတန္တ ရလာ ဒဏ္ဍာရီများကို ဖြည့်စွက်ခဲ့ကြသည် ဟုလည်း ယူဆကြ၏။ ယင်းဒဏ္ဍာရီများကို ကဗျာပုံစံဖြင့်လည်း ရေးဖွဲ့လာကြ၏။ လက်တင်ဘာသာ၊ ဂရိဘာသာဖြင့် ရှိသော ထိုဒဏ္ဍာရီများကို ၁၁ ရာစုလောက်တွင် ပြင်သစ်ဘာသာ၊ ၁၅ ရာစုလောက်တွင် အင်္ဂလိပ်ဘာသာသို့ အဆင့်ဆင့် ဘာသာပြန်ခဲ့ကြပြီးနောက်၌ ကမ္ဘာအနှံ့ ပြန့်ပွားလာခဲ့လေသည်။

အီစွတ်၏ ဒဏ္ဍာရီအများစုသည် တိရစ္ဆာန်များအကြောင်းကို ပုံဖွဲ့ထားသော ဒဏ္ဍာရီများ ဖြစ်ကြသည်။ ထိုဒဏ္ဍာရီအားလုံးသည် လူ့ဘဝ၊ လူ့လောကအတွက် သင်ခန်းစာပေး ဒဏ္ဍာရီများ ဖြစ်ကြသည်။

အီစွတ်၏ ဒဏ္ဍာရီအများကို မြန်မာတို့ ကျွမ်းဝင်ပြီးဖြစ်၏။ အချို့ ဒဏ္ဍာရီများကို ယခုတိုင် မူလတန်းဖတ်စာ စာအုပ်များတွင် တွေ့ကြရ၏။ ပုံစံအားဖြင့် 'ဒေါင်းယောင်ဆောင်သော ကျီး'၊ 'မြေခွေးနှင့် ငှက်ကျား၏ အပြန်အလှန် ညေ့်ခံပွဲ'၊ 'နွံကောင်နှင့် ပုရွက်ဆိတ်' စသည်တို့ ဖြစ်သည်။

ထို့အတူ 'မစားရသော စပျစ်သီးကို ချဥ်တတ်သော မြေခွေးအကြောင်း'၊ သူခိုး သေဖော်ညှိတတ်သော 'အမြီးပြတ်မြေခွေး'၊ မိမိကိုယ်ကို အထင်ကြီးသော 'ယင်ကောင်အကြောင်း'၊ အပြစ်ရှာ နှိပ်စက်တတ်သော 'ဝံပုလွေနှင့် သိုးငယ်' စသည်တို့သည်လည်း ယနေ့ မြန်မာတို့ ပုံဆောင်ပြောလေ့ရှိသော ပုံများ၊ ဒဏ္ဍာရီများအဖြစ် ထင်ရှား၏။ စင်စစ် ယင်းတို့သည်လည်း အီစွတ်ဒဏ္ဍာရီများ ဖြစ်ကြ၏။

အီစွတ်၏ ဒဏ္ဍာရီများတွင် တိရစ္ဆာန်များအကြောင်းကို ပုံခိုင်းရေးဖွဲ့လေ့ရှိသလို သစ်ပင်၊ ဝါးပင်များအကြောင်းကို ဒဏ္ဍာရီဖွဲ့သည်လည်း ရှိ၏။ ရံခါတွင် လူသားတို့အကြောင်းကိုပင် တိုက်ရိုက် ပုံဖွဲ့လေ့ရှိ၏။

သစ်ခုတ်သမားတစ်ယောက်သည် သစ်ခုတ်ရင်း ပုဆိန် လွတ်ကျ

www.nyisay.com



ပျောက်ဆုံးရာ နတ်တစ်ပါး ပေါ်လာပြီး ရွှေပုဆိန်ပေးသည်တွင် မိမိပုဆိန်မှာ ဤပုဆိန်မဟုတ်၊ သံပုဆိန်သာ ဖြစ်ကြောင်း ပြောသဖြင့် နတ်သားက သံပုဆိန်ကို ရှာဖွေပေးပြီး ရွှေပုဆိန်ကိုပါ ပေးလိုက်၏။ ဤသည်ကို အခြားလူတစ်ယောက်က သစ်ပင်ခုတ်ဟန်ပြုပြီး ပုဆိန်ကို ဖျောက်လိုက်သည်။ နတ်က ရှေးနည်းအတိုင်း ရွှေပုဆိန်ကို ပြ၍ မေးသောအခါ ထိုလူ အငမ်းမရဖြစ်ပုံ၊ သို့ဖြင့် မိမိသံပုဆိန် လည်းမရ၊ ရွှေပုဆိန်လည်း မရသော 'သစ်ခုတ်သမားနှင့် မြစ်စောင့်နတ်' ဒဏ္ဍာရီ၊ ဝါးအစည်း မပြေသကဲ့သို့ တညီတညွတ်တည်း စုစည်းနေထိုင်ခြင်းဖြင့် မည်သူ၏ တိုက်ခိုက် ချေဖျက်ခြင်းကိုမျှ မခံရနိုင်ကြောင်း သားတို့ကို ဆုံးမသော အဘိုးအို အကြောင်း ဒဏ္ဍာရီ၊ ပတ်ဝန်းကျင်ကြောင့် ပျက်စီးရသည့် 'မြည်းတစ်ကောင်နှင့် သားအဖ နှစ်ယောက်' ဒဏ္ဍာရီတို့သည် လူ့အကြောင်းကို တိုက်ရိုက်ဖွဲ့ပြီး လူတို့ကို သင်ခန်းစာပေးထားသော ဒဏ္ဍာရီများ ဖြစ်၏။

အီစွတ်ဒဏ္ဍာရီများသည် ကမ္ဘာအနှံ့ ထင်ရှားသော ဒဏ္ဍာရီများ ဖြစ်၏။ သက်ဆိုင်ရာ နိုင်ငံအသီးသီးတွင် စကားပြေဖြင့် ရေးဖွဲ့ကြသည်လည်း ရှိ၏။ ကဗျာဖြင့် ရေးဖွဲ့ကြသည်လည်း ရှိ၏။ ထို့ကြောင့် ကလေးငယ်မှအစ သက်ကြီး ရွယ်အိုများအထိ လူသိများသော ဒဏ္ဍာရီများ ဖြစ်ကြ၏။

အီစွတ်ဒဏ္ဍာရီများတွင် မူရင်းနှင့် ဖြည့်စွက်ဒဏ္ဍာရီများ အပါအဝင် သုံးရာ့ငါးဆယ်ကျော်ခန့် ရှိသည်ဟု ဆို၏။ ယင်းတို့တွင် ဇာတ်ကြောင်းတူ မူကွဲ ဒဏ္ဍာရီများ ပါဝင်သည်ဟု သိရ၏။ အင်္ဂလိပ်ဘာသာပြန်မူတွင် ဒဏ္ဍာရီ ၂၀၇ ပုဒ် ပါဝင်သည်။ (ပင်ဂွင် ဂန္ထဝင်မူကို ကြည့်ပါ။)

ယင်း အီစွတ်ဒဏ္ဍာရီများကို မြန်မာနိုင်ငံတွင် ကျောင်းသင်စာအုပ်များ၌ ကြိုးကြားကြိုးကြား ထည့်သွင်းဖော်ပြလေ့ ရှိ၏။ တစုတစည်းတည်းအဖြစ် မင်းယုဝေနှင့် ငွေတာရီတို့က **ကမ္ဘာကျော် အီစွတ်ပုံပြင်များ** အမည်ဖြင့် ၁၉၅၄ ခုနှစ်တွင် မြန်မာပြန်ခဲ့ကြ၏။ ယင်းစာအုပ်တွင် မင်းယုဝေ မြန်မာပြန်သော ဒဏ္ဍာရီ ၈၅ ပုဒ်၊ ငွေတာရီ မြန်မာပြန်သော ဒဏ္ဍာရီ ၈၁ ပုဒ်၊ စုစုပေါင်း ဒဏ္ဍာရီ ၁၆၆ ပုဒ် ပါဝင်သည်။ ယင်းမြန်မာဘာသာပြန် စာအုပ်သည် ၁၉၅၄ ခုနှစ်အတွက် ဘပေဗိမာန် ဘာသာပြန်ဆုရ စာအုပ်ဖြစ်သည်။

www.nyisay.com

## သကုဏ္ဏလာ ( ၃ ရာစု ? )

## ကာလီဒါသ ( ၃ ရာစု ? )

သက္ကတစာပေသည် ကမ္ဘာ့စာပေတွင် ရှေးအကျဆုံးနှင့် ရသစာပေအဖွဲ့များ အပေါ ကြွယ်ဆုံးသော ဘာသာစာပေတစ်ခု ဖြစ်သည်။ ထို့ကြောင့် သက္ကတဘာသာဖြင့် ရှိသော စာပေများသည် ကမ္ဘာအနှံ့ အထူးသဖြင့် အရှေ့ဘက် တိုင်းနိုင်ငံများသို့ ပုံစံအမျိုးမျိုးဖြင့် ပြန့်လာခဲ့သည်။

သက္ကတ စာဆိုတော်များတွင် ကာလီဒါသသည် ထင်ရှား၏။ ကာလီဒါသ နှင့် ကာလီဒါသ၏ သက္ကတဘာသာဖြင့် ဖွဲ့ထားသော ကာဗျများ၊ ပြဇာတ်များ သည် ကာလအတန်ကြာကပင် အရှေ့ဘက် တိုင်းနိုင်ငံများနှင့် ရင်းနှီးခဲ့ပြီး ဖြစ်၏။

မြန်မာတို့သည် ကာလီဒါသအကြောင်းကို ပုံစံအမျိုးမျိုးဖြင့် ကြားဖူး၏။ ကာလီဒါသ၏ ပြဇာတ်များ၊ ကာဗျများကိုလည်း ပုံစံအမျိုးမျိုးဖြင့် ကြားဖူး၊ နာဖူး၊ ဖတ်ဖူးကြ၏။

ကာလီဒါသ၏ ပြဇာတ်များအနက် **အဘိညာန သကုဏ္ဏလာ** ခေါ် သကုဏ္ဏလာ ပြဇာတ်သည် ကာလအတန်ကြာကပင် သက္ကတစာပေ၌ ထင်ရှား ခဲ့ပြီး ဖြစ်၏။ ဤတွင် ကာလီဒါသ စာဆို၏ခေတ်ကို သုတေသီတို့သည် အယူအဆ အမျိုးမျိုးဖြင့် သုတေသန ပြုလုပ်တင်ပြခဲ့ကြရာ ကာလီဒါသ ပေါ် ပေါက်သော ကာလသည် ခရစ်မပေါ်မီ ရှစ်ရာစုမှသည် ခရစ် ၆ ရာစုအတွင်း ကာလအပြားပြား ရှိ၏။ ယခု ဤစာတွင် ခရစ် ၃ ရာစု အယူအဆကို တင်ပြပါ သည်။ သို့ဖြစ်ရာ ကာလီဒါသ၏ သကုဏ္ဏလာသည် လွန်ခဲ့သော အနှစ်

www.nyisay.com



တစ်ထောင့် ငါးရာကျော်ကပင် သက္ကတစာပေ၌ ထင်ရှားခဲ့ပြီးဟု ဆိုနိုင်ပါသည်။ ယင်းကို ၁၇၈၉ တွင် အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန် ထုတ်ဝေခဲ့ကြရာမှ **သကုန္တလာ** ပြဇာတ်သည် ကမ္ဘာစာပေတွင် နေရာရလာခဲ့သည်ဟု ဆိုရပါမည်။ **သကုန္တလာ** ပြဇာတ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေပြီးနောက် နှစ်နှစ်အကြာတွင် ဂျာမန်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့ကြပါသည်။ ထို့နောက်တွင် အင်္ဂလိပ်ဘာသာပြန် မူကွဲများ၊ ဂျာမန်ဘာသာပြန် မူကွဲများ၊ ပြင်သစ်ဘာသာပြန်များ အဆက်မပြတ် ထွက်လာရာမှ **သကုန္တလာ**နှင့်တကွ ကာလီဒါသ၏ အမည်သည် ကမ္ဘာ့စာပေတွင် ထင်ရှားလာပါသည်။ ကမ္ဘာ့စာပေ ဂန္ထဝင်တွင် ပါဝင်လာပါသည်။ ထို့နောက်ပိုင်းတွင်ကား ဟိန္ဒူ၊ သီရိလင်္ကာ၊ အီတလီ၊ ဂျပန်၊ တရုတ်၊ မြန်မာဘာသာ စသည်ဖြင့် ဘာသာပြန်ဆို ထုတ်ဝေခဲ့ကြပါသည်။

ကာလီဒါသသည် သက္ကတစာပေလောကတွင် ထင်ရှားသော စာဆိုဖြစ်သည်။ သူ၏ အရေးအဖွဲ့ အနွဲ့အပျောင်းတို့သည် ထင်ရှား၏။ သူ့ဘဝသည်လည်း စိတ်ဝင်စားဖွယ် ဖြစ်ခဲ့၏။

စင်စစ် **သကုန္တလာ**သည် ကာလီဒါသ၏ မူရင်းပြဇာတ် ဟူ၍ကား မဆိုနိုင်ပေ။ ဂရိစာပေလောကတွင် **အီးလိယတ်**နှင့် **အိုဒက်ဆီ** ကဗျာရှည်ကြီး နှစ်ပုဒ် အထင်အရှား ရှိခဲ့သလို အိန္ဒိယစာပေ သမိုင်းတွင်လည်း သက္ကတဘာသာဖြင့် ပြုစုခဲ့သော **မဟာဘာရတ**နှင့် **ရာမာယဏ** ဟူသော ကဗျာရှည်ကြီး နှစ်ခု ရှိခဲ့၏။ ယင်းတို့တွင် **မဟာဘာရတ** ကဗျာရှည်ကြီး၏ ရှေ့ပိုင်း၌ **သကုန္တလော ပဏ္ဏာန** ဟူသော အခန်းလည်း ပါ၏။ ထိုအပိုင်းသည် **သကုန္တလာ**ပြဇာတ် အခြေခံ မှီငြမ်းပြုရာ အပိုင်းဖြစ်လေသည်။ သို့သော် မူရင်းတွင် မပါသော ဇာတ်ဆောင်များကို ဖြည့်ခဲ့၏။ အဖြစ်အပျက်များကို ဖြည့်ခဲ့၏။ အထူးသဖြင့် ဒုဿန္တ မင်းက သကုန္တလာအား လက်စွပ်ပေးသော အခန်းသည် မူရင်း၌ မပါ။ သို့သော် ယင်းသို့ မင်းက တောတွင် တွေ့သောမိန်းမကို နှစ်သက်မိရာမှ ခွဲခွာသောအခါ လက်စွပ်ပေးခဲ့သည့် အဖြစ်ကို **ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများ**တွင် လာသော ကေနိပါတ်၊ ကဌှာရိဇာတ်၌ တွေ့ရ၏။ ထို့ကြောင့် ကာလီဒါသသည် **သကုန္တလာ** ပြဇာတ်ကို **မဟာဘာရတ** ကဗျာကျမ်း **သကုန္တလော ပဏ္ဏာန** အခန်းတွင် **ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများ**၊ ကေနိပါတ်၊ ကဌှာရာဇာတ်တို့ကို မှီးခဲ့သည်ဟုလည်း ယူဆကြ၏။ သို့သော် ဇာတ်ကို ပိုမို စိုပြည်စေရန် ဇာတ်ရံအများအပြားကိုကား ဖြည့်စွက်ခဲ့၏။ မူလဇာတ်၌ သကုန္တလာသည် အထီးတည်း ဖြစ်၏။ ယခု သကုန္တလာ ပြဇာတ်၌ အဖော်အပေါင်းနှင့် ဖြစ်၏။

ဇာတ်လမ်းအဖွဲ့မှာ မြန်မာတို့နှင့် ကျွမ်းဝင်ပြီး ဇာတ်အဖွဲ့မျိုး ဖြစ်သည်။

www.nyisay.com



ရှေးဦးစွာ ပုရမင်းမျိုး ဒုဿန္တမင်း၏ တောလိုက်ခန်းဖြင့် ဇာတ်ကို စ ၏။ ထိုသို့ ဒုဿန္တ တောလိုက်ထွက်ခဲ့ရာ တောအုပ်တစ်ခုတွင် သမင်တစ်ကောင်ကို ပစ်မည်ပြုစဉ် ရသေ့တစ်ပါး ရောက်လာပြီး ကျောင်းက မွေးထားသော သမင်ဖြစ်၍ မပစ်ရန် မေတ္တာရပ်၏။ ထို့နောက် ထိုရသေ့က ဒုဿန္တအား မာလိနီမြစ်ကမ်းပါးရှိ ဘက္ကာရသေ့ကြီး၏ ကျောင်းသင်္ခမ်း၌ အပန်းဖြေစေ၏။ ထိုအချိန်က ကျောင်းသင်္ခမ်း၌ ရသေ့ကြီး မရှိ။ ရသေ့ကြီးသည် သောမမြစ်ကမ်း၌ တရားအားထုတ်နေ၏။ ကျောင်းသင်္ခမ်းတွင် သကုန္တလာနှင့် အခြား ရသေ့မ များသာ ရှိ၏။

ဒုဿန္တသည် ကျောင်းသင်္ခမ်းသို့ လာခဲ့ရာ သစ်ပင်များကို ရေလောင်းနေသော သကုန္တလာနှင့် ရသေ့မများကို တွေ့၏။ သကုန္တလာ၏ တပ်မက်ဖွယ် ခန္ဓာအလှအပ ညွှတ်နူးဖွယ် အလှကို တွေ့ခါမျှဖြင့် ချစ်စိတ်ယိုဖိတ်၏။ ထို့ကြောင့် ကျောင်းသင်္ခမ်းအနီးတွင် စတည်းချနေ၏။ ထိုစဉ် ရသေ့တို့က ရသေ့ကြီး မရှိခိုက် ကျောင်းသင်္ခမ်းသို့ ဘီလူးများ လာရောက် နှောင့်ယှက်လေ့ရှိသဖြင့် စောင့်ရှောက်ပေးရန် မေတ္တာရပ်ခံသည်။ ဒုဿန္တ သဘောကျသွား၏။ ထိုအခိုက်မှာပင် နေပြည်တော်ရှိ မယ်တော်ထံမှ အမှာရောက်လာ၏။ ကျင်းပအံ့သော ကောင်းမှုမင်္ဂလာပွဲတွင် သားတော် ဒုဿန္တ ရှိစေရန် အမှာလွှတ်ခြင်းဖြစ်သည်။ ဒုဿန္တ မလိုက်နိုင်။ ထို့ကြောင့် သူ၏ ပျော်တော်ဆက် ဝိဒူဿကကို ထည့်လိုက်သည်။ ဒုဿန္တ ကိုယ်တိုင်ကမူ သကုန္တလာရှိရာသို့ လာသည်။

ဒုဿန္တ၌ သကုန္တလာကို တပ်ငြိသောစိတ် ပြင်းစွာ ဖြစ်နေဘိသည်သို့ သကုန္တလာတွင်လည်း အချစ်မြား အစူးခံနေရသည် ဖြစ်၏။ ထို့ကြောင့် နှစ်ဦးသဘောတူ လျှို့ဝှက်လက်ထပ်ရန် သဘောတူကြသည်။ လက်ထပ်ပြီးနောက် ဒုဿန္တသည် သကုန္တလာအား လက်စွပ်ကို ပေးခဲ့၏။ လက်စွပ်တွင်ပါသော အက္ခရာ အရေအတွက်ရှိ ရက်များကုန်သောအခါ ပြန်လာမည်ဟု ကတိပေး၏။ ထိုစဉ် ဂေါတမီအမည်ရှိ ရသေ့မကြီး ရောက်လာကာ သကုန္တလာကို ဒုဿန္တအပါးမှ ခွဲခေါ်ခဲ့၏။ ဒုဿန္တလည်း နေပြည်တော်သို့ ပြန်၏။ ထိုအတွင်း သကုန္တလာသည် ဒုဗ္ဗာသ ရသေ့ကြီး၏ ကျိန်စာအသင့်ခံရ၏။ ကျိန်စာမှာ သကုန္တလာ၏ ချစ်သူသည် ရှေးက ဖြစ်ခဲ့သည်တို့ကို မေ့စေရမည် ဟူသော ကျိန်စာဖြစ်၏။ သို့သော် သကုန္တလာ၏ အဖော် ရသေ့မများက တောင်းပန်သဖြင့် ဒုဗ္ဗာသသည် မိမိ၏ကျိန်စာတွင် အကယ်၍ သကုန္တလာက သတိရလောက်ဖွယ် အရာဝတ္ထုကို ပြသ်စွမ်းလျှင် မိမိ၏ မူလကျိန်စာ ပျက်ပြယ်စေရမည်ဟု ဖြည့်စွက်လေ၏။

ကာလကြာသော် ဘက္ကာရသေ့ကြီးသည် ကျောင်းသင်္ခမ်းသို့ ပြန်လာ၏။

www.nyisay.com



ထိုအချိန်တွင် သကုန္တလာ၌ ကိုယ်ဝန်ရှိနေလေပြီ။ ဘက္ကာရသေ့ကြီးသည် သကုန္တလာနှင့် ဒုသျန္တတို့ လျှို့ဝှက်လက်ထပ်ထားသည်ကို သိပြီး ဖြစ်၏။ ထို့ကြောင့် သကုန္တလာအား နေပြည်တော်သို့ လွှတ်၏။ ယင်းသို့ သကုန္တလာ သွားအံ့တွင် သကုန္တလာ၏ ခမည်းတော် ကဿပရသေ့ကြီးကလည်း အမှာ စကား ပါးလိုက်၏။

သကုန္တလာသည် ချစ်သူထံလာခဲ့ရာ လမ်းတွင် စကြာဝတာရ ဆိပ်ကမ်း၌ လက်စွပ်ကျလေ၏။ ထို့ကြောင့် ဒုသျန္တ ရှေ့သို့ ရောက်သောအခါ သတိရဖွယ် တန်ဆာကို မပြနိုင် ဖြစ်ရ၏။ ဒုသျန္တလည်း သကုန္တလာနှင့် ပေါင်းသင်းနေထိုင်ခဲ့ သည်တို့ကို မမှတ်မိတော့။ သို့သော် ပုရောဟိတ်တို့က ထိုသတို့သမီးက ဖွားသော သားတွင် စကြဝတေးလက္ခဏာ ပါ မပါ စောင့်ကြည့်ပြီးပါက လက်ထပ်ရန် လျှောက်ထားသဖြင့် သကုန္တလာကို လက်ခံထား၏။

ထိုစဉ်တွင် သကုန္တလာ၏မိခင် မေနကာနတ်သမီး ရောက်လာပြီး သကုန္တလာကို ခေါ်၍ ကဿပ ရသေ့ကြီးထံသို့ ပို့၏။ သကုန္တလာသည် သားတော် သဗ္ဗဒမန ကို ဖွား၏။

ဒုသျန္တ၏ နေပြည်တော်၌လည်း ဖြစ်ရပ်ထူးများ ပေါ်ပေါက်နေ၏။ တံငါတစ်ယောက်သည် စကြာဝတာရမြစ်မှ ငါးကြင်းတစ်ကောင်ကို ဖမ်းမိရာ ငါးကြင်း၏ ဝမ်းမှ လက်စွပ်ကို ရလေ၏။ တံငါသည် လက်စွပ်ကို ဈေးတွင် ရောင်းချရာ မင်း၏ အမှတ်အသားပါ လက်စွပ်ဖြစ်၍ တံငါ အဖမ်းခံရ၏။ ဤနည်းဖြင့် ဒုသျန္တသည် သကုန္တလာအား မိမိပေးခဲ့သော လက်စွပ်ကို တွေ့ရ သော် သကုန္တလာနှင့် နေခဲ့သော အဖြစ်များကို သတိရ၏။ သကုန္တလာအတွက် ပူပန်ဆင်းရဲခြင်း ဖြစ်၏။ ထိုအဖြစ်ကို မေနကာ၏ သူငယ်ချင်း သာနုမတီ နတ်သမီးက ကဿပရသေ့ကြီးထံ လျှောက်ထား၏။

သိကြားမင်းလည်း ဒုသျန္တ၏အဖြစ်ကို မရှုရက်သဖြင့် အကူအညီပေးရန် မာတလိကို လွှတ်၏။ မာတလိသည် ဒုသျန္တ၏အစွမ်းကို လှုံ့ဆော်လိုသဖြင့် ရှေးဦးစွာ ဒုသျန္တ၏ ပျော်တော်ဆက် ဝိဒူသျှကို ဖမ်း၍ ပြာသာဒ်ဖျားတွင် စောက် ထိုးဆွဲ၏။ ဝိဒူသျှက ကြောက်လန့်အော်ဟစ်သဖြင့် ဒုသျန္တသည် လေးကိုဆွဲ၍ ထွက်၏။ ရန်သူကို ရှာ၏။ ထိုအခါ မာတလိ ကိုယ်ထင်ပြပြီး သိကြားမင်းက ာစ်ကူတောင်းကြောင်း ပြော၏။ ဒုသျန္တလည်း နတ်ပြည်သို့ လိုက်ခဲ့၏။ ထို့နောက် ‌နတ်တို့၏ အဖဖြစ်သော ကဿပရသေ့ကြီး၏ ကျောင်းသခ်မ်းသို့ မာတလိ ပို့ပေးသဖြင့် ရောက်၏။

ဒုသျန္တသည် ကျောင်းသခ်မ်း၌ ခြင်္သေ့နှင့် ကစားနေသော ကလေးကို

www.nyisay.com



တွေ့၏။ ကလေးလက်မှ စကြဝတေး အမှတ်အသားကိုလည်း တွေ့၏။ ကလေး အမေ သကုဏ္ဍလာမှန်းလည်း သိလာ၏။ သို့သော် မသေချာသေး။ ထိုစဉ် ကလေး ၏ လက်ဖွဲ့ကြိုး ပြုတ်ကျသည်ကို ဒုဿန္တက ကောက်ပေး၏။ ထိုလက်ဖွဲ့ကြိုး ပြုတ်ကျသည်ကို ကလေးနှင့် ကလေးမိဘမှအပ ကောက်ယူမိပါက လက်ဖွဲ့ ကြိုးသည် မြွေအသွင်ဖြစ်ပြီး ကောက်သူကို ပေါက်နိုင်၏။ ယခု ဒုဿန္တကို မပေါက်။ ထို့ကြောင့် ဒုဿန္တသည် ကလေးအဖေမှန်း ထင်ရှားလာ၏။ ထိုနောက် သကုဏ္ဍ လာ ရောက်လာ၏။ ဖြစ်ရပ်များကို ပြန်ပြောင်းပြောဆိုပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှု ရသည်။ သိကြားမင်းက ဒုဿန္တ၊ သကုဏ္ဍလာနှင့် သားတို့ကို နေပြည် တော်သို့ လိုက်ပို့၏။ ဒုဿန္တ နှင့် သကုဏ္ဍလာတို့၏သား သဗ္ဗဒမနသည် နောက် တွင် ဘာရတမင်း ဖြစ်လာလေသတည်း။

ဇာတ်လမ်းမှာ ဤမျှ ဖြစ်သော်လည်း ကာလီဒါသ၏ အရေးအဖွဲ့ ကောင်း သဖြင့် ပြဇာတ်သည် နှစ်သက်ဖွယ် ဖြစ်၏။

ထိုပြဇာတ်ကို မြန်မာစာပေ၌ ဝတ္ထုအကျဉ်းအသွင်၊ ဝတ္ထုဇာတ်လမ်းအသွင် သိခဲ့၊ ဖတ်ခဲ့၊ ကြားခဲ့၊ နာခဲ့ဖူး၏။ ၁၉၅၈ တွင် ဆရာဇော်ဂျီက **သကုဏ္ဍလာ** ဝတ္ထုအဖြစ် ရေး၍ စာပေဗိမာန်က ထုတ်ဝေခဲ့ဖူးသည်။ ထိုနှစ်မှာပင် ရဝေထွန်းက မူလ သက္ကတဘာသာနှင့် အင်္ဂလိပ် ဘာသာပြန်များကို ညှိနှိုင်း၍ **သကုဏ္ဍလာ ပြဇာတ်**အဖြစ် ဘာသာပြန်ခဲ့ဖူးသည်။ ယင်းစာအုပ်သည် ၁၉၅၈-၅၉ ယူနက်စကို ဘာသာပြန်ဆု ရခဲ့၏။ ယင်း သက္ကတမူကိုပင် ဦးသော်ဇင်က ၁၉၇၁ တွင် **သကုဏ္ဍလာ** သက္ကတ ပြဇာတ်အဖြစ် ဘာသာပြန်ခဲ့ဖူးသည်။

www.nyisay.com

## ခရီးသွားမှတ်တမ်း (၁၂၉၈)

## မာကိုပိုလို (၁၂၅၄ ခန့် – ၁၃၂၄)

မာကိုပိုလိုကို ဥရောပမှ အာရှသို့ အစောဆုံးရောက်ရှိသော ခရီးသည်ကြီးအဖြစ် မှတ်ယူထားကြ၏။ သူသည် အီတလီနိုင်ငံသား ဖြစ်သည်။ သူသည် သူ့အသက် ဆယ့်ခုနစ်နှစ်သား ခရစ်နှစ် ၁၂၇၁ လောက်မှစ၍ သူ၏ ဇာတိဖြစ်သော အီတလီ နိုင်ငံ ဗင်းနစ်မြို့မှ ဖခင်၊ ဦးလေးတို့နှင့်အတူ အရှေ့ဘက်နိုင်ငံများသို့ ခရီးထွက် ခဲ့၏။ မာကိုပိုလိုတို့ သားအဖ တူအရီးသုံးယောက် အာရှနိုင်ငံများဘက်သို့ ခရီး ထွက်လာသော အချိန်မှာ တရုတ်ပြည် မွန်ဂိုတို့ အာရှတစ်ခွင်တွင် တန်ခိုးအာဏာ ကြီးထွားနေချိန် ဖြစ်၏။

စင်စစ် ထိုကာလက ဥရောပမှ တရုတ်ပြည်သို့ ကုန်းကြောင်းခရီးဖြင့် သွားလာမှုမှာ မလွယ်ကူလှပေ။ ဤခရီးကို မာကိုပိုလို သွားရောက်ခဲ့ခြင်း ဖြစ်သည်။ မာကိုပိုလိုသည် တရုတ်ပြည်သို့ ရောက်ပြီးနောက် မွန်ဂိုဘုရင် ကူဗလေခန်၏ ချစ်ခင်ယုံကြည်မှုကို ခံရသည့်အလျောက် ကူဗလေခန်၏ တမန်ကြီးအဖြစ် အနယ်နယ် အရပ်ရပ်သို့ ရောက်ခဲ့၏။

သို့ဖြင့် မာကိုပိုလိုသည် ၁၂၇၁ ခုနှစ်မှ ၁၂၉၅ ခုနှစ် ဗင်းနစ်မြို့သို့ ပြန်ရောက်သည်အထိ အရှေ့တိုင်းတစ်ခွင်တွင် ခရီးလှည့်လည်ခဲ့လေသည်။ ယင်းသို့ အနှစ်အစိတ်နီးပါး လှည့်လည်သွားလာခဲ့ရသော ခရီးစဉ်များတွင် သူသည် ဆန်းသော အတွေ့အကြုံများကို တွေ့ခဲ့ရ၏။ သမိုင်းဝင် ဖြစ်ရပ်များကိုလည်း ကြုံဆုံခဲ့ရ၏။

www.nyisay.com



မာကိုပိုလိုသည် ထိုနှစ်အစိတ်ခရီးကို လှည့်လည်ခဲ့ပြီးနောက် ဗင်းနစ်မြို့ ရေတပ်ကို အုပ်ချုပ်သူအဖြစ် တာဝန်ယူရ၏။ ဗင်းနစ်မြို့နှင့် ဂျီနိုအာမြို့ စစ်ဖြစ်ရာတွင် မာကိုပိုလို အဖမ်းခံရသည်။ ယင်းသို့ မာကိုပိုလိုသည် စစ်သုံ့ပန်းအဖြစ် အဖမ်းခံထားရစဉ် ထောင်အတွင်း၌ ရတ်စတီရှယ်လို အမည်ရှိ စာရေးဝါသနာပါသူ တစ်ဦးနှင့် တွေ့ရ၏။ ထိုအခါ မာကိုပိုလိုသည် သူ အနှစ်အစိတ် သွားလာခဲ့သော ခရီးသွားမှတ်တမ်းကို နှုတ်က ပြောဆို၍ ရတ်စတီရှယ်လိုအား လိုက်လံရေးမှတ်စေခဲ့၏။ ဤသို့ဖြင့် မာကိုပိုလို၏ **ခရီးသွားမှတ်တမ်း** စာအုပ်ကြီး ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

မာကိုပိုလိုသည် သူ၏ ခရီးသွားမှတ်တမ်းကို သူ့ဖခင် နီကိုပိုလို၏ ကနဦးခရီးစဉ်ဖြင့် အစပြုခဲ့၏။ သူ့ဖခင်သည် ကုန်သည်တစ်ယောက်အဖြစ် ခရီးထွက်ခဲ့ရာ တရုတ်နိုင်ငံသို့ သွားသည့် သံအဖွဲ့တစ်ဖွဲ့ဖြင့် ကြုံသဖြင့် လိုက်ပါသွားခဲ့ရာမှ တရုတ်နိုင်ငံသို့ ရောက်သွားခဲ့ပုံ၊ ထို့နောက် အီတလီသို့ ပြန်လာပုံ၊ သူ ဆယ့်ခုနစ်နှစ်သားတွင် သူ့အဖေ၊ သူ့ဦးလေးတို့နှင့်အတူ အီတလီမှ ခရီးထွက်ခဲ့ပုံတို့ကို မှတ်တမ်းတင်ထား၏။ ယင်းသို့ ခရီးထွက်ခဲ့ရာတွင် မာကိုပိုလိုသည် ရှေးဦးစွာ အရှေ့အလယ်ပိုင်းဒေသသို့ ရောက်ခဲ့ပုံ၊ နောင်အခါ ထင်ရှားမည့် ရေနံမြေကို တွေ့ရှိခဲ့ရပုံ၊ **တစ်ထောင့်တစ်ည** ပုံပြင်များမှ ဘဂ္ဂဒက်မြို့သို့ ရောက်ခဲ့ပုံ စသည်ဖြင့် အရှေ့အလယ်ပိုင်းဒေသ ခရီးစဉ် အတွေ့အကြုံများကို ရေးမှတ်ခဲ့၏။

ထို့နောက် အရှေ့အလယ်ပိုင်းမှ ရှေးခေတ်တရုတ်နိုင်ငံ ဥရောပကုန်သွယ်လမ်းမကြီးဖြစ်သော ပိုးလမ်းမကြီးအတိုင်း ကာသေးနိုင်ငံခေါ် တရုတ်နိုင်ငံသို့ ဆက်လက်ရှေးရှုခဲ့ရာ လမ်းခရီး အတွေ့အကြုံများကို ရေးမှတ်ခဲ့လေသည်။

မာကိုပိုလိုသည် တရုတ်နိုင်ငံဘုရင် ကူဗလေခန်ဘုရင်နှင့် တွေ့ဆုံပြီး ကူဗလေခန်၏ ယုံကြည်သက်ဝင်မှုကို ခံရပုံ၊ ထိုကာလ တရုတ်နိုင်ငံနှင့် မွန်ဂိုအင်ပါယာ အခြေအနေများကို ဆက်လက်ဖော်ပြပြီး သူ၏ ပီကင်းမှ ဘင်္ဂလားခရီး၊ ပီကင်းမှ အမ္ဘိုင်ခရီး၊ တရုတ်နိုင်ငံမှ အိန္ဒိယခရီး၊ အိန္ဒိယနိုင်ငံ အတွေ့အကြုံများကို မှတ်တမ်းတင်ခဲ့လေသည်။

ယင်းသို့လျှင် မာကိုပိုလိုသည် နောက်ဆုံးတွင် မိမိနိုင်ငံသို့ ပြန်ရန် အခွင့်ပေါ်လာခဲ့ပုံ၊ တရုတ်ဘုရင်၏ ဆွေတော်မျိုးတော် အမျိုးသမီးတစ်ဦးကို ပါရှားဘုရင်နှင့် လက်ထပ်ရန် ပါရှားပြည်သို့ ပို့ရေးကို မာကိုပိုလိုတို့ သားအဖ တူအရီး သုံးဦးတို့က တာဝန်ယူပြီး ပြန်ခဲ့ကြပုံ၊ ယင်းသို့ အပြန်ခရီးတွင် ကုန်းလမ်းခရီး၌ စစ်ပွဲများ ဖြစ်နေသဖြင့် ရေကြောင်းမှ ပြန်ခဲ့ကြပုံ၊ ဆူမတ်တရားကျွန်း၊ အိန္ဒိယသမုဒ္ဒရာခရီးတို့မှ ဖြတ်သန်းလာခဲ့ရပုံများကို ဖော်ပြထား၏။

www.nyisay.com



ဤသို့ဖြင့် မာကိုပိုလို၏ ခရီးသွားမှတ်တမ်းသည် ဥရောပတိုက်သား တစ်ဦး၏ အရှေ့ဘက်နိုင်ငံများ ခရီးစဉ်မှတ်တမ်းများတွင် အစောဆုံး ခရီးသွား မှတ်တမ်းအဖြစ် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော် သူ၏ ခရီးသွားမှတ်တမ်း စာအုပ်မှာ အဆန်းတကြယ်များဖြင့် ပြွမ်းတီးသည်ဖြစ်ရာ လူအများ မယုံကြည်အောင် ဖြစ်ခဲ့ကြ၏။ သို့သော်လည်း ထိုခေတ်က လူအများ နှစ်သက်စွာ ဖတ်ရှုကြသော စာအုပ်များတွင် တစ်အုပ် အပါအဝင် ဖြစ်ခဲ့သဖြင့် လက်ရေးမူ အဆင့်ဆင့် ကူးပွားဖတ်ရှုခဲ့ကြ၏။ မူရင်းမှာ ပြင်သစ်ဘာသာနှင့် အီတလီဘာသာ နှစ်ဘာသာ ရောနှောရေးထားသည်ဟု ဆိုကြ၏။

မာကိုပိုလို၏ **ခရီးသွားမှတ်တမ်း**ကို အချို့က အားလုံးပင် ဖြစ်ရပ်မှန် များဟု ယူဆကြသလို အချို့က အချို့အဝက်မှာ လုပ်ဇာတ်များဖြစ်သည်ဟု ယူဆကြ၏။ သို့ဖြင့် ဒဏ္ဍာရီပုံပြင်သဖွယ် အမှတ်ထား ဖတ်ရှုသူများလည်း ရှိ၏။ ဝတ္ထုတစ်ပုဒ်သဖွယ် မှတ်ယူ ဖတ်ရှုခဲ့သူများလည်း ရှိ၏။

သူ၏မှတ်တမ်းများတွင် မြန်မာနိုင်ငံနှင့် ပတ်သက်သော အချက်အချို့ကို လည်း တွေ့ရပေသည်။ သို့သော် မြန်မာနိုင်ငံကို မြန်မာနိုင်ငံအဖြစ် ဖော်ပြထားခြင်း မရှိပေ။ မီယန်နိုင်ငံအဖြစ်သာ ဖော်ပြထား၏။ ဤတွင် ကူဗလေခန်၏ မွန်ဂိုတပ် နှင့် မြန်မာတပ်တို့ စစ်ပွဲကိုလည်း ဖော်ပြထား၏။ သို့သော် ထိုဖြစ်ရပ်များမှာ မြန်မာနိုင်ငံသမိုင်းလာ ဖြစ်ရပ်များနှင့် တစ်ထပ်တည်း မတူညီလှပေ။ ထို့ကြောင့် မာကိုပိုလိုသည် မြန်မာနိုင်ငံသို့ အမှန်တကယ် ရောက်ခဲ့သည် မဟုတ်၊ ယူနန်နယ် တောင်ပိုင်းအထိလောက်သာ ရောက်ခဲ့ပြီး ယင်းဒေသကိုပင် မီယန်ဟု ဖော်ပြခဲ့ဟန် တူပေသည်။ သို့သော် မာကိုပိုလိုသည် တကောင်းမြို့ကြီးအကြောင်းကိုကား ကြားဖူးဟန် ရှိလေသည်။

သူ၏မှတ်တမ်းတွင်မူ သူတို့သည် ဆယ့်ငါးရက် တောကြီးမျက်မည်း ခရီးဖြင့် မီယန်နိုင်ငံ၏ မြို့တော်သို့ ရောက်ခဲ့ကြောင်း၊ မီယန်နိုင်ငံမြို့တော်ကြီးသည် အလွန် ကြီးကျယ်ခမ်းနားကြောင်း၊ ဘုရင်သည် ချမ်းသာပြီး တန်ခိုးကြီးကြောင်း၊ ဘုရင် နတ်ရွာစံသောအခါ သင်္ချိုင်းဂူတွင် ရွှေမျှော်စင်၊ ငွေမျှော်စင် ဆောက်လုပ် ထားကြောင်း၊ ကူဗလေခန်က နိုင်ငံကို သိမ်းပိုက်သော်လည်း ထိုမျှော်စင်များကို မဖျက်ခဲ့ကြောင်း စသည်ဖြင့် ဖော်ပြခဲ့၏။

မာကိုပိုလို၏ **ခရီးသွားမှတ်တမ်း**ကို အခြေခံ၍ မောရစ်ကောလစ်က **မာကိုပိုလို** အမည်ရှိ စာအုပ်တစ်အုပ်ကို ရေးခဲ့၏။ ယင်းတွင်မူ မြန်မာ တရုတ် စစ်ပွဲအကြောင်းကိုပါ ဖော်ပြခဲ့၏။ အစောပိုင်း နိုင်ငံသမိုင်း သုတေသီတို့က

www.nyisay.com



ထိုအချက်များကို လက်ခံခဲ့ကြစေကာမူ ခေတ်သစ်၊ သမိုင်းသုတေသီတို့ကမူ လက်မခံကြပေ။

ထို့ပြင် မာကိုပိုလို၏ **ခရီးသွားမှတ်တမ်း**ကို အင်္ဂလိပ်မှုဖြင့် ဘာသာပြန်ထုတ်ဝေကြရာတွင် ဘင်္ဂလားနှင့် ပဲခူးကို ရောထွေး ဖော်ပြသည်ကိုလည်း တွေ့ရပေ၏။

ထို့ကြောင့် မာကိုပိုလို၏ **ခရီးသွားမှတ်တမ်း** လာ မြန်မာနိုင်ငံဆိုင်ရာ အကြောင်းအချက်များမှာမူ ခိုင်လုံသော သမိုင်း အထောက်အထားများအဖြစ် ခေတ်သစ် သမိုင်းသုတေသီတို့က လက်မခံနိုင်ကြခြင်း ဖြစ်ဟန် ရှိပေသည်။

မည်သို့ဖြစ်စေ၊ မာကိုပိုလို၏ **ခရီးသွားမှတ်တမ်း**များသည် ထိုကာလ သမိုင်းဖြစ်ရပ်နှင့် ဒေသန္တရ အခြေအနေများကို ဖြစ်ရပ်မှန် တစ်စိတ်တစ်ဒေသ ဖြစ်သည်ဟူ၍ကား ယူဆထားကြ၏။ ထို့ထက် ထူးခြားဆန်းကြယ်သော၊ စိတ်ဝင်စားဖွယ်သော အစောပိုင်း ဥရောပတိုက်သားတစ်ဦး၏ အာရှခရီးသွားမှတ်တမ်း စာပေဂန္ထဝင် စာအုပ်တစ်အုပ်အဖြစ်ကား အများကပင် လက်ခံထားကြလေသည်။

မော်ရစ်ကောလစ် ရေးသည့် **မာကိုပိုလို** စာအုပ်ကို ဦးလှဒင်က ၁၉၆၃ တွင် လည်းကောင်း၊ ကျော်အောင်က ၁၉၉၂ တွင် လည်းကောင်း **မာကိုပိုလို** အမည်နှင့်ပင် မြန်မာဘာသာသို့ အသီးသီး ပြန်ဆိုခဲ့ကြသည်။

www.nyisay.com

## ကင်တာဗာရီ ပုံပြင်များ (၁၃၈၀-၁၃၉၀)

### ဂျက်ဖရီ ချောစာ (၁၃၄၀ခန့်-၁၄၀၀)

ချောစာ၏ **ကင်တာဗာရီ ပုံပြင်များ**မှာ အင်္ဂလိပ်စာပေတွင် ထင်ရှားသည်။ ဤပုံပြင်တို့ကို ကဗျာဖြင့် ရေးခဲ့သည်။ ယင်းတို့မှ ထိုခေတ်၏ လူမှုဆက်ဆံရေး လောကကို သိနိုင်သည်။

ချောစာကို အင်္ဂလန်ပြည် လန်ဒန်၌ ၁၃၄၀ လောက်က မွေးသည်။ ဝိုင်အရက် ကုန်သည်တစ်ဦး၏သား ဖြစ်သည်။ မင်းသုံးဆက်တွင် အမှုထမ်းဖူးသည်။ ပြင်သစ်ပြည်၊ အီတလီပြည်တို့သို့ လှည့်လည်ဖူးသည်။ ထိုဒေသတို့မှ လက်တင်၊ ပြင်သစ်နှင့် အီတာလျံ စာပေတို့၌ ကျွမ်းကျင်ခဲ့သည်။

ချောစာတို့ခေတ်တွင် အင်္ဂလိပ် လူမျိုးတို့သည် ကင်တာဗာရီအရပ်ရှိ ဒိန့်သောမတ် ဗက်ကက်၏ ဂူသချိုင်းသို့ ဖူးမြော်ရန် သွားလေ့ရှိကြသည်။ ယင်းတို့ ဘွင် လူမျိုးစုံ ပါသည်။ ဘုရားဖူးတို့သည် လမ်းတွင် ပုံပြောသွားကြသည်။ ပြောသူတို့မှာ နိုက်သူရဲကောင်း၊ ဘုန်းကြီး၊ လယ်သမား၊ ကုန်သည်၊ ဆေးဆရာ၊ ရှေ့နေဟူ၍ လူအမျိုးမျိုး ဖြစ်သည်။ ချောစာသည် ထိုပုဂ္ဂိုလ်တို့ကို တာဗတ်ထမင်းဆိုင်၌ တွေ့သည်။ ခရီးသွားရင်း အပျင်းလည်း ပြေရန်၊ ထို့ပြင် အချိန်ကုန်မှန်းမသိ ကုန်လွန်စေရန် တစ်ယောက်လျှင် ပုံတစ်ပုံစီ ပြောရမည်။ အကောင်းဆုံး ပုံပြောနိုင်သူကို အပြန်တွင် တာဗတ်ထမင်းဆိုင်၌ ထမင်း ကောင်းကောင်း ကျွေးမည်ဟု အကြံပြုသည်။ ဤသို့ဖြင့် ကင်တာဗာရီပုံပြင်များ ပေါ်လာခဲ့ရသည်။ ချောစာသည်

www.nyisay.com



မူလက ပုံပြင်ပေါင်း ၁၂၈ ခုမျှ ရေးရန် ရည်ရွယ်သော်လည်း ၂၄ ခုသာ ရေးနိုင်ခဲ့သည်။

ယင်းတို့အနက် ဘုရားဖူးအဖွဲ့ဝင် "ကရူးဆိတ် တိုက်ပွဲပြန် နိုက် သူရဲကောင်း ပြောသော ပုံပြင်" မှာ ဤသို့ ဖြစ်သည်။

သီးဗီးနိုင်ငံတွင် တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်ကြသော ညီအစ်ကိုနှစ်ယောက် ရှိသည်။ ယင်းတို့မှာ ပဲလမွန်နှင့် အာဆိုက်တို့ ဖြစ်သည်။ အလွန်ချစ်ကြသဖြင့် တစ်ဦးကိုတစ်ဦး သစ္စာ မဖောက်ကြစတမ်းဟု သစ္စာဆိုခဲ့ကြသည်။

အက်သင်းပြည်နှင့် သီးဗီးနိုင်ငံတို့ စစ်ဖြစ်ကြရာ ပဲလမွန်နှင့် အာဆိုက်နှစ်ဦးစလုံး အဖမ်းခံရသည်။ သူတို့နှစ်ဦးမှာ ရာသက်ပန် အကျဉ်းကျနေကြရသည်တွင် တစ်ဦးကိုတစ်ဦး အားပေးကာ နှစ်သိမ့်ကြသည်။ သူဝို့ကို ခိုင်ခံ့သော ရဲတိုက်ကြီးရှိ မျှော်စင်တွင် ထားသည်။

တစ်နေ့တွင် ပဲလမွန်သည် မျှော်စင်တံခါးပေါက်မှ ပြင်ဘက်သို့ကြည့်ရာ ဥယျာဉ်ထဲ၌ သီးဆယုမြို့စား၏သမီး အလွန်လှသည့် အယ်မီလီကို တွေ့ရသည်တွင် စွဲလမ်းကာ ချစ်ခင်နှစ်သက်မိသည်။ ထိုအကြောင်းကို အာဆိုက်အား ပြောရာ အာဆိုက်ကလည်း ဥယျာဉ်တွင်းရှိ အယ်မီလီကို ကြည့်မိသည်တွင် ချစ်ခင်နှစ်သက်သွားပြန်သည်။ ထိုအခါ မင်းသားနှစ်ပါးမှာ အချစ်ကြောင့် ရန်သူဖြစ်သွားကြသည်။

ထိုအတောအတွင်း အာဆိုက်မှာ မိတ်ဆွေတစ်ယောက် အကူအညီဖြင့် အကျဉ်းမှ လွတ်ခဲ့သည်။ သို့သော်လည်း သီးဆယုမြို့စားက သူ့နိုင်ငံတွင်း တွေ့ပါက သေဒဏ်ပေးမည်ဟု ဆိုသဖြင့် စိတ်ဆင်းရဲရသည်။ သူသည် ထိုတိုင်းပြည်မှ မခွာနိုင်၊ အယ်မီလီကို ချစ်ခင်စွဲလမ်းနေပြီ။ သို့သော်လည်း အမိန့်ကို မလွန်ဆန်ရဲသဖြင့် သွားရသည်။

မကြာမီပင် အာဆိုက်သည် အက်သင်းမြို့သို့ ရောက်လာပြီး ရုပ်ဖျက်ကာ အယ်မီလီ၏ လက်ပါးစေအဖြစ် အမှုထမ်းသည်။

ပဲလမွန်လည်း ထိုအကြောင်းတို့ကို ကြားရလျှင် အကျဉ်းထောင်ကို ဖောက်ကာ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ တစ်နေ့တွင် တောထဲ၌ ပဲလမွန်နှင့် အာဆိုက်တို့ တွေ့ကြရာ ကိစ္စပြီးပြတ်အောင် ဓားချင်းယှဉ်ခုတ်ရန် ဆုံးဖြတ်ကြသည်။ ချိန်းသောအချိန်တွင် သူတို့နှစ်ဦးသည် ဓားချင်းယှဉ်ခုတ်ရာ၌ အနိုင်ရအောင် ကြိုးစားကြသည်။

ထိုအချိန်တွင် သီးဆယုသည် ကြင်ရာတော်၊ သမီးတော် အယ်မီလီတို့နှင့် တောကစားထွက်လာရာ ပဲလမွန်နှင့် အာဆိုက်တို့ ဓားရေး ပြိုင်နေရာသို့ ရောက်

www.nyisay.com



လာသည်။ ထိုအခါ မြို့စားကြီးက အကျိုးအကြောင်း မေးသည်တွင် အကြောင်းစုံ သိရသဖြင့် ဒေါသထွက်ကာ နှစ်ဦးစလုံးကို သေဒဏ်ပေးသည်။ သို့သော် ကြင်ရာတော်နှင့် သမီးတော်တို့က တောင်းပန်သဖြင့် ပြိုင်ပွဲတစ်ခု ကျင်းပကာ နိုင်သူအား သမီးတော်နှင့် လက်ထပ်ပေးမည်ဟု ဆိုသည်။ သူတို့နှစ်ယောက်သည် သူရဲကောင်း တစ်ရာစီကို ခေါင်းဆောင်ကာ နှစ်စုခွဲလျက် ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။ ထိုပြိုင်ပွဲတွင် အာဆိုက် အနိုင်ရလေသည်။

သို့ ဆန်းကြယ်သော ကံတရားကြောင့် ဝမ်းသာအားရနှင့် မြင်းစီးအလာတွင် အာဆိုက်မှာ မြင်းပေါ်မှကျကာ ဒဏ်ရာ ပြင်းစွာ ရသည်။ သေတော့မည် သိသည့်အခါ အယ်မီလီအား ပဲလမွန်နှင့် လက်ထပ်ပါရန် ပြောသည်။ သို့နှင့် ပဲလမွန်မှာ အယ်မီလီ၏ အချစ်ပန်းကို ဆင်မြန်းရလေသည်။

ဤသည်မှာ ကင်တာဘာရီ ပုံပြင်ကို့အနက် တစ်ခု ဖြစ်လေသည်။

www.nyisay.com

### ဆာရစ်ချတ်ဗာတန် (၁၈၂၁–၁၈၉၀)

## တစ်ထောင့်တစ်ည ပုံပြင်များ ( ၁၄၅၀ )

### ပုံပြောသူ ရှာဟာရာဇေ့

အရှေ့တိုင်းသားတို့သည် ပုံပြောအတတ်၌ စွမ်းသည်ဟု ဆိုကြ၏။ ဝတ္ထုသည် ပုံပြင်၌ အခြေခံသည် ဟူသော စကားသည်လည်း ရှိ၏။ သို့ဖြင့် အရှေ့တိုင်းသားတို့တွင် အပါအဝင် ဖြစ်သော ပါရှန်လူမျိုးတို့မှ အခြေခံသည့် တစ်ထောင့်တစ်ည ပုံပြင်များသည် ကမ္ဘာ့စာပေတွင် ထင်ရှားသော ပုံပြင်များအဖြစ် ပေါ်ပေါက်လာခဲ့ပေသည်။

ထိုပုံပြင်များသည် မူလက နှုတ်ပြော ပုံပြင်များအဖြစ် သူသူ ငါငါ ပါးစပ်ဖျားတွင် စွဲခဲ့သည်။ ပုံပြင်များ စတင် ပေါ်ပေါက်လာသော ကာလကို ခရစ်နှစ် ခုနစ်ရာစု၊ ရှစ်ရာစုဟု ခန့်မှန်းကြ၏။ ထို ပါရှန်ပုံပြင်များသည် အာရပ်ပုံပြင်များ၊ အိန္ဒိယပုံပြင်များနှင့် ရောနှောကာ တစ်ဆယ်ရာစုလောက်တွင် ပုံပြင်ပေါင်း ၂၆၄ ပုဒ်ပါသော ကွင်းဆက် ပုံပြင်ရှည်ကြီး တစ်ခုအသွင် ဖြစ်လာခဲ့လေ၏။ ထိုပုံပြင်များကို ခရစ်နှစ် ၁၄၅၀ လောက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ အာရပ်ဘာသာဖြင့် စတင် မှတ်တမ်းတင်ခဲ့ကြသည်ဟု ပညာရှိအချို့က ယူဆ၏။ ထိုသို့ ၁၅ ရာစုတွင် စတင် မှတ်တမ်းတင်ခဲ့သော ထိုပုံပြင်များကို ၁၇၀၄–၁၇၁၄ တွင် ပြင်သစ်လူမျိုး အန်တွန်းဂါလန်းက ပြင်သစ်ဘာသာပြန်၍ ဆယ့်နှစ်တွဲ ခွဲထုတ်ခဲ့၏။ အန်တွန်းဂါလန်း၏ ဘာသာပြန်မူမှာ ၁၅၄၈ ခုနှစ်တွင် အက္ခရာတင်ထားခဲ့သော မူရင်းလက်ရေးမူမှ ဘာသာပြန်ခြင်း ဖြစ်၏။

www.nyisay.com



ဤသို့ ပြင်သစ်ဘာသာပြန်လိုက်သည်မှ စ၍ ထိုပုံပြင်များသည် အနောက်ဘက် နိုင်ငံများသို့ ပြန့်သွားလေ၏။ ၁၈၄၀ ပြည့်နှစ်တွင် လိန်း၏ ပထမဆုံး အင်္ဂလိပ်ဘာသာပြန်မှု ထွက်လာ၏။ အတွဲသုံးတွဲ ရှိသည်။ ၁၈၈၂–၁၈၈၄ ခုနှစ်တွင် ဂျွန်ပိန်းဆိုသူက အင်္ဂလိပ်ဘာသာ ပြန်ဆိုပြီး ကိုးတွဲ ခွဲထုတ်၏။ ၁၈၈၅–၁၈၈၆ ခုနှစ်တွင် ဆာရစ်ချတ်ဗာတန်က အင်္ဂလိပ်ဘာသာသို့ ထပ်မံပြန်ဆိုပြန်သည်။ နောက်ဆုံး ဘာသာပြန်မှုမှာ ၁၉၃၇ ခုနှစ်ထုတ် အင်္ဂလိပ်ဘာသာပြန်မှု ဖြစ်၏။

ဤနည်းဖြင့် **အာရေဗျညများ** ခေါ် **တစ်ထောင့်တစ်ည ပုံပြင်များ**သည် အင်္ဂလိပ်ဘာသာမှတစ်ဆင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့ခဲ့လေသည်။

ထို နှစ်ရာကျော်ပုံပြင်များမှာ တစ်ခုနှင့်တစ်ခု သီးခြား ကင်းလွတ်မနေဘဲ ကွင်းဆက်ပုံပြင်ရှည်ကြီးသဖွယ် ဖြစ်၏။ ထိုပုံပြင်ရှည်ကြီး၏ အစကို အီရန်ပြည် ဘုရင်ကြီး၏သား ရှာရီယာ(ယှာဋ္ဌိယ)ညီအစ်ကို ပုံပြင်မှ စ ထား၏။ ဖခင် အီရန်ပြည် ဘုရင်ကြီး ကွယ်လွန်သောအခါ ဖခင်၏ ထီးနန်းကို အစ်ကို ရှာရီယာက ဆက်ခံ၏။ ညီတော်မှာမူ အစ်ကို၏ လက်အောက်ခံအဖြစ် ပြည်နယ်တစ်ခုကို အုပ်ချုပ်၏။ တစ်ခါတွင် အစ်ကိုဖြစ်သူ ဖိတ်ခေါ်သဖြင့် ညီသည် အစ်ကို့ထံသို့ လာအံ့ပြု၏။ အစ်ကို့ထံသို့ ထွက်လာမည့်ညတွင် မြို့အပြင်၌ ယာယီတဲနန်းဖြင့် နေ၏။ ထိုစဉ် မိဖုရားကို အောက်မေ့သဖြင့် မိမိ၏ နန်းတွင်းသို့ဝင်၍ မိဖုရားကို နှုတ်ဆက်၏။ ထိုအခါ မိဖုရားသည် နန်းတွင်းစားတော်ကဲနှင့် ဖောက်ပြန်နေသည်ကို တွေ့ရာ မိဖုရားနှင့် စားတော်ကဲကို နေရာမှာပင် ဓားဖြင့် ခုတ်ပိုင်းခဲ့၏။ ထိုအဖြစ်အတွက် စိတ်လက်မသာမယာဖြင့် ညီတော်သည် အစ်ကို့ထံ ရောက်လာခြင်း ဖြစ်သည်။ အစ်ကိုသည် ညီ စိတ်လက်မသာယာသည်ကို တွေ့၍ တောကစားထွက်ရန် အဖော်ညှိ၏။ သို့သော် ညီသည် တောကစား မထွက်လိုသဖြင့် အစ်ကို၏ နန်းတွင်း၌ပင် နေခဲ့၏။ ထိုအခါ အစ်ကို၏မယားနှင့် အစ်ကို၏ မောင်းမငယ်တို့ အခြားယောကျ်ားများနှင့် အစုလိုက်အပြုံလိုက် ဖောက်ပြန်နေသည်ကို တွေ့ရ၏။ ထိုအခါမှစ၍ ညီသည် မိမိအဖြစ်ကို ဖြေဖျောက်နိုင်၏။ အစ်ကိုဖြစ်သော ဘုရင်၏ မယားပင် ဖောက်ပြန်သေးသည်ပဲဟု ယူဆကာ စိတ်ကိုဖြေ၏။ တောကစားရာမှ ပြန်လာသော အစ်ကိုသည် ညီ စိတ်လက် ကြည်လင်နေသည်ကို တွေ့ရသဖြင့် မေးမြန်း၏။ ထိုအခါ ညီက သူ စိတ်ထိခိုက်ရသည့်အကြောင်းနှင့် သူ စိတ်ပြေပျောက်ရသည့်အကြောင်းတို့ကို ပြော၏။ ပထမတွင် အစ်ကို ရှာရီယာသည် မိမိမယား အခြားယောကျ်ားများနှင့် ဖောက်ပြန်သည်ကို မယုံချင်။ ကိုယ်တိုင် တွေ့ရသော အခါ ရှာရီယာလည်း စိတ်ထိခိုက်ရ၏။ သို့ဖြင့် ညီအစ်ကိုနှစ်ယောက်တို့သည် နန်းကိုစွန့်၍ တောသို့ ထွက်ခဲ့၏။

www.nyisay.com



ညီအစ်ကိုနှစ်ယောက်သည် ပင်လယ်ကမ်းခြေတစ်ခုသို့ ရောက်လာသည်။ ထိုအခါ ပင်လယ်တွင်းမှာ သေတ္တာကြီးတစ်ခုကို ထမ်း၍ တက်လာသော ဘီလူးတစ်ကောင်ကို တွေ့သဖြင့် ညီအစ်ကိုသည် နီးရာ သစ်ပင်တစ်ပင်တွင် တက်၍ ပုန်းနေ၏။ ဘီလူးသည် ထိုသေတ္တာကို ညီအစ်ကိုရှိရာ သစ်ပင်အောက်၌ချပြီး သေတ္တာကို ခတ်ထားသော သော့ခုနစ်ထပ်ကို ဖွင့်၏။ သေတ္တာကို လှပ်၏။ သေတ္တာတွင်း၌ လှပသော မိန်းမတစ်ယောက် ရှိလေသည်။ ဘီလူးသည် သေတ္တာတွင်းက မိန်းမကို ထုတ်ပြီး ပျော်ပါး၏။ ထိုသို့ ပျော်ပါးပြီးသောအခါ ဘီလူးသည် မိန်းမ၏ ပေါင်ပေါ်တွင် အိပ်နေ၏။ ထိုစဉ် မိန်းမသည် သစ်ပင်ပေါ်က ညီအစ်ကိုကို မြင်သဖြင့် လှမ်းခေါ်၍ မိမိနှင့်ပျော်ပါးရန် တောင်းဆို၏။ မိန်းမပျိုသည် လင်၏ဘေးမှာပင် ရှာရိယာ ညီအစ်ကိုနှင့် တစ်ယောက်တစ်လှည့် ပျော်ပါး၏။

ထိုအခါမှစ၍ ရှာရိယာသည် မိန်းမတို့ကို ရွံရှာမုန်းတီးလာ၏။ ထို့ကြောင့် နန်းတော်သို့ ပြန်ခဲ့ပြီး ဖျောက်ဖွေးသော သူ့မိဖုရားနှင့်တကွ မောင်းမတို့ကို သတ်၏။ ထို့နောက် မိမိနိုင်ငံတွင်းရှိ မိန်းမပျိုများကို တစ်ညတစ်ယောက် ခေါ်ယူပေါင်းသင်းပြီး နောက်နေ့ နံနက်တွင် သတ်ပစ်လေတော့၏။ ဤသို့ဖြင့် နိုင်ငံတွင် မိန်းမပျိုများ ရှားပါးလာ၏။ ထိုအခါ မိန်းမပျိုများကို ရှာဖွေဆက်သရသော နန်းရင်းဝန်ကြီးသည် စိတ်ပျက်လာ၏။

အဖ နန်းရင်းဝန်ကြီး စိတ်ပျက်အားငယ်နေသည်ကို သမီး ရှာဟာရာဇေ့ တွေ့သော် ဖခင်၏ အဖြစ်ကို စုံစမ်း၏။ ရှာဟာရာဇေ့သည် ဘုရင်ကြီးအကြောင်းကို အလုံးစုံ သိလေသော် ဘုရင်ကြီး၏ အပြုအမူကို ချေချွတ်အံ့ဟူသော အကြံဖြင့် ဖခင်ထံ ခွင့်တောင်း၏။ ထိုအခါ ဖခင်က သမီးအား ဘုရင်ကြီးနှင့် မပတ်သက်ရန် ပုံပြင်များကို သာဓကဆောင်၍ ရှင်းပြ၏။ သို့သော် ရှာဟာရာဇေ့သည် သူ့အကြံကို လက်မလျှော့။

သို့ဖြင့် ရှာဟာရာဇေ့သည် ရှာရိယာ၏ ကြင်ရာတော်အဖြစ် လက်ခံကာ ရှာရိယာ၏ နန်းတွင်းသို့ ရောက်လာ၏။ ထိုညမှာပင် ရှာဟာရာဇေ့သည် မိမိနှင့် အတူပါလာသော ညီမငယ်ကို ပုံ စ၍ ပြောလေ၏။ ဘုရင်ကြီးသည် ရှာဟာရာဇေ့က သူ့ညီမအား ပြောပြသော ပုံပြင်ကို နားထောင်ရင်း စိတ်ဝင်စားလာ၏။ မိုးသာလင်းလာသည်။ ပြောနေသောပုံသည် မဆုံး။ ညမှ ဆက်မည်ဆိုကာ ပုံကို ရပ်နားခဲ့၏။ ဘုရင်ကြီးသည် ပုံပြင်ကို ဆက်ကြားလိုသဖြင့် ထိုနံနက်တွင် ရှာဟာရာဇေ့ကို မသတ်ဖြစ်တော့ပေ။

ပုံပြင်ကား နောက်ညတွင်လည်း မဆုံး။ ရှာဟာရာဇေ့သည် ပုံပြင်များကို တစ်ခုနှင့်တစ်ခု ကွင်းဆက်ပြုကာ အဆုံးမသတ်နိုင်အောင် ပြောလေတော့၏။

www.nyisay.com



ပုံပြင်များကား အကြောင်းအရာ စုံလှ၏။ ထူးဆန်းသော မီးအိမ်၊ ကော်ဇောပျံ၊ အလီဘာဘာနှင့် ခိုးသားလေးဆယ်၊ သင်္ဘောသား ဆင်းဘတ် စသည်ဖြင့် ဆုံးနိုင်သည် မရှိတော့ချေ။

ပုံပြင်များတွင် ထိတ်လန့်ဖွယ်ရာလည်း ပါ၏။ ပျော်စရာလည်း ပါ၏။ ဖြစ်နိုင်သည် မဖြစ်နိုင်သည် အပထား၊ အဆန်းတကြယ် ရှိလှ၏။ စိတ်ဝင်စားဖွယ် ကောင်းလှ၏။

ဤသို့လျှင် ရှာဟာရာဇေ့ ပြောပြသော ပုံပြင်များ၌ စိတ်ဝင်စားသဖြင့် ညပေါင်း တစ်ထောင့်တစ်ညသာ ကုန်လွန်ခဲ့သည်။ သားတစ်ယောက်သာ ရခဲ့သည်။ ရှာဟာရာဇေ့ကို မသတ်ဖြစ်ခဲ့။ နောက်ဆုံးတွင် ရှာဟာရာဇေ့၏ ဉာဏ်ပညာကို ချီးမွမ်းကာ အသက်ထက်ဆုံး ပေါင်းသင်းနေထိုင်သွားသည်အထိ ရှာဟာရာဇေ့သည် မိမိ၏ စိတ်ဝင်စားဖွယ် ပုံပြင်များဖြင့် ဘုရင်ကြီး၏စိတ်ကို ပြုပြင်ခဲ့လေသည်။

**တစ်ထောင့်တစ်ည ပုံပြင်များ** ဆိုသည်ကား ထိုဘုရင်ကြီး ညီအစ်ကို အကြောင်းမှသည် အစပြုကာ ရှာဟာရာဇေ့ ပြောပြသော ပုံပြင်အလုံးစုံကို ဆိုလိုပေသည်။ ထိုပုံပြင်များသည် နှစ်သက်ဖွယ် ဖျော်ဖြေမှုကို ပေးစွမ်းနိုင်သည့်ပြင် ထိုကာလ အာရပ်တို့ဒေသနှင့် ဘာသာအယူဝါဒ အကြောင်းတို့ကို လည်းကောင်း၊ လူနေမှု အဖွဲ့အစည်းအကြောင်းကို လည်းကောင်း ထင်ဟပ်ဖော်ပြနိုင်ပေသည်။ ထို့ကြောင့်လည်း **တစ်ထောင့်တစ်ည** ပုံပြင်များသည် လွန်ခဲ့သော အနှစ်တစ်ထောင် ကျော်မှစ၍ ယနေ့တိုင် ထင်ရှားခဲ့ခြင်း ဖြစ်ပေသည်။

ယင်းတို့မှ အချို့ပုံပြင်များကို ၁၉၀၆ ခုနှစ်တွင် ဒေါက်တာ အဗ္ဗဒူရာမန်သည် **ပသီပုံပြင်** အမည်ဖြင့် အာရပ်ဘာသာမှတစ်ဆင့် ဘာသာပြန်၍ အတွဲလိုက် ထုတ်ဝေခဲ့ပြီး ၁၉၀၄ ခုတွင် တစ်အုပ်တည်း ထုတ်ဝေခဲ့သည်။ ၁၉၅၀ တွင် သခင်ဘသောင်းက ရှာဟာရာဇေ့ ပြောသော ပုံပြင်ကိုးပုဒ်ကို အစဉ်အတိုင်း ပြန်၍ **တစ်ထောင့်တစ်ည** ပထမတွဲ အဖြစ် ထုတ်ဝေခဲ့သည်။ ၁၉၅၈ တွင် ပုံပြင် ၁၄ ပုဒ် ပါသော ဒုတိယတွဲကို မူလပထမတွဲ [အသစ်သုံးပုဒ် ဖြည့်စွက်] (ဒုတိယ အကြိမ်) နှင့်အတူ တွဲဖက်ထုတ်ဝေခဲ့သည်။ တတိယတွဲတွင် ပုံပြင် ၉ ပုဒ် ပါဝင်ပြီး ၁၉၆၁ ခုတွင် ထုတ်ဝေသည်။ ယင်းသုံးတွဲ ပေါင်းချုပ်ကို ၁၉၇၄ တွင် ထုတ်ဝေခဲ့၏။ ကျော်လှိုင်ဦးကမူ သခင်ဘသောင်း ဘာသာပြန်ပြီး ပုံပြင်များကို ဇာတ်ကြောင်း ဆက်စပ်ရုံ အကျဉ်းမျှ ဖော်ပြပြီး အပြည့်အစုံ ဘာသာပြန်ခဲ့ရာ ၁၉၈၀ မှ ၁၉၈၉ ထိ **တစ်ထောင့်တစ်ညပုံပြင်များ** (၁)၊(၂)၊(၃)၊(၄)၊(၅) အထိ ထုတ်ဝေခဲ့၏။ ၁၉၈၀ ထုတ် **တစ်ထောင့်တစ်ညပုံပြင်များ**(၁)သည် ထိုနှစ် အမျိုးသားစာပေ (ဘာသာပြန်ဆု) ရခဲ့၏။ သို့သော် ပြီးပြည့်စုံခြင်းသို့ကား မရောက်ခဲ့ပါ။

www.nyisay.com

## ရော်ဗင်ဟု (၁၄၉၀ ခန့် )

### ရေးသူ မသိ

ရော်ဘင်ဟုကား အင်္ဂလိပ်စာပေတွင် ကလေးတို့အသည်းစွဲ သူပုန်ကြီး ဖြစ်သည်။ သူသည် ရှားဝုတောရဲ့ဘုရင် ဖြစ်သည်။ မကောင်းသူပယ် ကောင်းသူ ကယ်သူ ဖြစ်ရာ သူ့ကို အများက ကြည်ညိုကြသည်။ အလယ်ခေတ်တွင် ခေတ်စားသည့် ပုံပြင်တစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက်ပင် ဇာတ်ကခဲ့ကြသည်။ ပထမဆုံး ၁၄၉၀ တွင် ပုံနှိပ်သည်။ ယင်းတို့တွင် ရော်ဗင်ဟု၏ သတ္တိ၊ လေးအတတ် တစ်ဖက်ကမ်း ခတ်ပုံ၊ ဆင်းရဲသားတို့ကို ကယ်တင်ပုံ၊ မတရားလျှင် ရှင်ဘုရင်ကိုပင် မခံပုံတို့ ကြောင့် ထိုပုံပြင်များကို လူကြိုက်များသည်။ သူ့ပုံစံကိုယူ၍ နောင်အခါ စိတ်ကူး ယဉ် ဝတ္ထုတို့တွင် သူရဲကောင်း ဇာတ်ဆောင်များကို ဖန်တီးကြလေသည်။

ရော်ဗင်ဟု၏ ဖွားရာမှာ အင်္ဂလန်ပြည် ဖြစ်လေသည်။

ရောဗင်ဟုသည် ဟန်တင်ဒန်မြို့စား အရိုက်အရာကို အမွန်ဆက်ခံရမည့်သူ ဖြစ်သည်။ သို့သော် ထိုခေတ်ကား မင်းအာဏာထက်လေရာ သူ့အဖေ မြို့စားကြီး ကို ရာထူးမှချကာ နယ်မြေများကို ဘုရင့်ဘဏ္ဍာတော်အဖြစ် သိမ်းပိုက်ခဲ့သဖြင့် ရော်ဗင်ဟုမှာ တောတွင်းသို့ ပြေးခိုရလေသည်။ သူသည် ရှားဝုတောတွင် အခြေ စိုက်ကာ တပည့်တပန်းများကို စည်းရုံးသည်။ သူ့အလုပ်မှာ ချမ်းသာသူတို့၏ ပစ္စည်း ငွေကြေးတို့ကို လုယူပြီး ဆင်းရဲသားများကို ဝေငှသည်။

ရော်ဗင်ဟု သူပုန်ဖြစ်ရသည်မှာ ဤသို့တည်း။

တစ်နေ့တွင် ရော်ဗင်ဟုသည် နော့တင်ဟန်မြို့၌ ကျင်းပမည့် လေးပစ် ပြိုင်ပွဲသို့ သွားသည်။ လမ်းတွင် ရှားဝုတောအုပ်၌ ဘုရင့်အမှုထမ်းများက သူ့ကို

www.nyisay.com



ကလေးကလားဟုဆိုကာ လှောင်ပြောင်သည်။ သမင်တစ်ကောင်ကိုပင် မှန်အောင် ပစ်နိုင်မည် မဟုတ်ဟု ဆိုသည်။ ထိုအခါ ရော်ဗင်ဟုက ဘုရင့် သမင်ဖိုတစ်ကောင်ကို ပစ်သတ်လိုက်သည်။ ဤပြစ်မှုအတွက် သူ့ကို သေဒဏ်ချမှတ်လိုက်သည်။ ဘုရင့် အမှုထမ်းများက သူ့နောက် လိုက်သည်တွင် သူသည် တောထဲ၌ ခိုအောင်းရလေသည်။ တောတွင် မြေမဲ့ယာမဲ့ မုဆိုးတို့ကို တွေ့သည်တွင် သူသည် ခေါင်းဆောင် ဖြစ်လာသည်။

သူတို့ အပေါင်းအသင်းတွင် လေးပစ်တော်သည့် လစ်တဲဂျွန်လည်း ပါလာသည်။

နော့တင်ဟန် မြို့စားသည် ရော်ဗင်ဟုကို ဖမ်းဝရမ်းထုတ်သည်။ ဝရမ်းစာ ယူလာသူက ရော်ဗင်ဟု ရုပ်ဖျက်ထားသဖြင့် မသိ။ ထိုအခါ ရော်ဗင်ဟုက သူ့ကို ထမင်းဆိုင်တစ်ဆိုင်သို့ ခေါ်သွားကာ အရက်မူးအောင်တိုက်ပြီး ဝရမ်းစာကို ယူထားလိုက်သည်။ ထို့နောက် သူ့ကို တောထဲတွင်တွေ့ရာ အစွမ်းပြိုင်ကြပြီး ရှုံးသဖြင့် သူလည်း ရောဗင်ဟုဂိုဏ်းသို့ ဝင်လိုက်သည်။

ထိုအခါ နော့တင်ဟန်မြို့စားသည် ပို၍ ဒေါသူပုန်ထလာသည်။ ဘုရင်ကလည်း မြို့စားကို ဆူပူသည်။ ထိုအခါ ပရိယာယ်ဆင်၍ဖမ်းရန် ကြံစည်ပြန်သည်။ နော့တင်ဟန် ရဲတိုက်မျှော်စင်ကြီးတွင် လေးပစ်ပြိုင်ပွဲ ကျင်းပသည်။ လေးအစွမ်းပြချင်သည့် ရော်ဗင်ဟု မလာဘဲ မနေဟု မြို့စားက ယူဆသည်။ သို့သော် ရော်ဗင်ဟုနှင့် သူ့လူများသည် ရုပ်ဖျက်လာကာ ယှဉ်ပြိုင်အနိုင်ရပြီး ဆုကို ယူသွားသည်။ ရှားဝုတောအုပ်ရောက်မှ နော့တင်ဟန်မြို့စားထံ ဆုအတွက် ကျေးဇူးတင်ကြောင်း စာရေးလိုက်သည်။ ထိုအခါ ပို၍ ဒေါသထွက်ကြပြန်သည်။

တစ်ခါတွင်လည်း ရော်ဗင်ဟု၏ လူတစ်ယောက်ကို ဖမ်းမိသွားကာ ကြိုးပေးမည်အလုပ် လစ်တဲဂျွန်က ကယ်လိုက်ရသည်။

တစ်နေ့တွင် ရော်ဗင်ဟုသည် အမဲသားသည်ယောင် ဆောင်ကာ မြို့သို့ သွားသည်။ အမဲသားကို တစ်ဝက်ဈေးနှင့် ရောင်းသည်။ မြို့စားကိုတွေ့လျှင် သူ့နွားအုပ်ကို ဈေးအလွန်ချိုချိုနှင့် ရောင်းမည်ဆိုကာ ရှားဝုတောအုပ်သို့ ခေါ်ခဲ့သည်။ တောထဲ ရောက်လျှင် ဘုရင့်သမင်များကို လက်ညှိုးထိုးပြလိုက်သည်။

ရော်ဗင်ဟု၏ သတင်းမှာ ကျော်ကြားသည်ထက် ကျော်ကြားလာလေရာ နောက်ဆုံးတွင် သူ့အစွမ်းအစကို မိဖုရားကြီး သိသွားလေသည်။ ထိုအခါ မိဖုရားကြီးက ရော်ဗင်ဟုကို လန်ဒန်မြို့တော်သို့ ဖိတ်ခေါ်လိုက်သည်။ တစ်ဖန် ဘုရင်ကြီးကို ကျီစားလိုသဖြင့် သူ့တွင် လေးသည်တော် အကျော်အမော်များ ရှိသည်၊ ဘုရင်ကြီး၏ လေးသည်တော်တို့နှင့် ပညာချင်းပြိုင်မည်၊ အကယ်၍ သူ့ လေးသည်တော်

www.nyisay.com



တို့သာ နိုင်ခဲ့သော် အကျဉ်းသားအချို့ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးရမည်ဟု တောင်းဆိုသည်။ ဘုရင်ကြီးကလည်း သဘောတူသည်။ မိဖုရားကြီး၏ လေးသည်တော် သုံးယောက်မှာ ရော်ဗင်ဟု၊ လစ်တဲဂျွန်နှင့် ဝီစကားလက်တို့ ဖြစ်သည်။ ပြိုင်ပွဲတွင် ရော်ဗင်ဟုတို့က နိုင်သည်။ သို့သော် မိဖုရားကြီး၏ လေးသည်တော် အဖွဲ့မှာ ရော်ဗင်ဟုတို့မှန်း သိသည့်အခါ ဘုရင်ကြီး စိတ်ဆိုးသည်။ ရော်ဗင်ဟု တို့မှာ မိဖုရားကြီး အကူအညီဖြင့် လွတ်ရာသို့ ပြေးခဲ့ရသည်။ အပြန်လမ်းတွင် ရော်ဗင်ဟုမှာ စွန့်စားခန်းအမျိုးမျိုးကို ရင်ဆိုင်ရသည်။ လမ်းခရီးတွင် သူရဲကောင်း ဘွဲ့ရ ဆာရစ်ချတ်နှင့် တွေ့သည်။ ဆာရစ်ချတ်က သူ့ကို လန်ဒန်မြို့တော်သို့ပြန်ရန် တိုက်တွန်းသည်။ လန်ဒန်ရောက်လျှင် မိဖုရားကြီးထံ ဝင်ရောက်ခိုလှုံစေသည်။ မိဖုရားကြီးက ဘုရင့်အား ဖျောင်းဖျသွေးဆောင်ကာ ရော်ဗင်ဟုအား ခွင့်လွှတ်စေပြီး ရှားဝုတောသို့ ဘေးရန်မသီဘဲ ပြန်သွားခွင့်ပြုသည်။

ခြသေ့်လို ရဲရင့်သော ရစ်ချတ်ဘုရင်ကြီးသည် ကရူးဆိတ်စစ်ပွဲမှ အပြန်တွင် ရော်ဗင်ဟုနှင့် သူ့လူများကို တွေ့အောင်ရှာကာ ရော်ဗင်ဟုအား ဟန်တင်ဒန်မြို့စား ရာထူးဘွဲ့ထူးကို ပြန်ပေးသည်။

နောင် နှစ်ပေါင်းများစွာ ကြာသည့်အခါ ရော်ဗင်ဟုသည် သူ့ဌာနေ ဟောင်း ရှားဝုတောအုပ်သို့ အလည်ပြန်သည်တွင် ဘဝဟောင်းကို ပြန်လည် လွမ်းဆွတ်လာသည်။ သို့နှင့် ဘွဲ့ထူးရာထူးတို့ကို ပြန်အပ်ကာ ရှားဝုတောသို့ ပြန်လာသည်။ ထိုအခါ ဘုရင်သစ် ဂျွန်နှင့် နော့တင်ဟန်မြို့စားတို့ စိတ်ဆိုးကြ သည်။ ရော်ဗင်ဟုကို လိုက်လံဖမ်းဆီးရာတွင် ယှဉ်ပြိုင်တိုက်ခိုက်ကြရင်း နော့တင် ဟန်မြို့စား သေဆုံးသည်။ ရော်ဗင်ဟုလည်း ဒဏ်ရာရသည်။ သူ့ဒဏ်ရာမှာ သွေးလွန်နေရာ သူ့နှမ ဝမ်းကွဲရှိရာ ကတ်ကလေ ဘုရားရှိခိုးကျောင်းသို့ ခိုဝင်သည်။ သို့သော် သွေးလွန်ကာ လစ်တဲဂျွန်လက်၌ ဆုံးရလေသည်။ မသေမီ ရော်ဗင်ဟုက သူ့အလောင်းကို သူ့မြား စိုက်ရာနေရာ၌ မြှုပ်နှံပါဟု လစ်တဲဂျွန်အား မှာကြား သည်။ ထိုနောက် ရော်ဗင်ဟုသည် နောက်ဆုံးအကြိမ် မြားကို ပစ်လိုက်သည်။ မြားသည် ဝက်သစ်ချပင်အိုကြီး တစ်ခုသို့ သွား၍စိုက်သည်။ ထိုဝက်သစ်ချပင်ကြီး အောက်မှာပင် သူ့ကို မြှုပ်နှံလိုက်သည်။ သူသေလျှင် သူ့တပည့်များလည်း သူပုန်ဘဝကို စွန့်လွှတ်ကြသည်။ သို့သော်လည်း ရော်ဗင်ဟုနှင့် သူ့တပည့်ကျော် တို့၏ စွန့်စားခန်း ပုံပြင်များကား ယနေ့ထက်တိုင် ပြော၍ မကုန်နိုင်အောင် ရှိနေလေသည်။

ယင်းကို ဗိုလ်အေးမောင်က ဘာသာပြန်၍ ၁၉၅၃ တွင် ထုတ်ဝေဖူးသည်။ ဘာသာပြန် စာပေအသင်းကလည်း ထုတ်ခဲ့သည်။

www.nyisay.com

## ယူတိုးပီးယား ( ၁၅၁၆ )

### ဆာ သောမတ် မိုး (၁၄၇၈–၁၅၃၅ )

စိတ်ကူးကမ္ဘာထဲ၌ လူတို့သည် မြို့ရွာများ တည်ဆောက်ကြ၏။ စိတ်ကူးကမ္ဘာထဲမှ မြို့ရွာများအနက် အထင်တကာ့ အထင်ရှားဆုံးမြို့ကား အင်္ဂလိပ်လူမျိုး ဆာ သောမတ်မိုး ဆိုသူ ရေးသားသည့် စာအုပ်ကလေးတစ်အုပ်မှ မြို့တစ်မြို့ပင် ဖြစ်သည်။ ထိုမြို့အမည်ကား ယူတိုးပီးယား။ ယူတိုးပီးယားမြို့ကို အစွဲပြုကာ နောင်တွင် စိတ်ကူးယဉ်မှုနှင့် ပတ်သက်သမျှကို ယူတိုးပီးယားဟုပင် ခေါ်ကြသည်(ပုံစံ–ယူတိုးပီယန် ဆိုရှယ်လစ်ဇင်း)။

ဆာသောမတ်မိုးသည် အင်္ဂလိပ်သံတမန်ကြီးဖြစ်ရာ အင်္ဂလန်နိုင်ငံကို ပြုပြင်လိုစိတ် ရှိခဲ့သည်။ သူ့စိတ်ထဲတွင် နိုင်ငံတစ်နိုင်ငံ စိတ်တိုင်းကျ တည်ဆောက်ပြီး တည်ဆောက်ရရှိသည့် နိုင်ငံကို စာဖြင့် ရေးသားဖော်ပြခြင်းပင် ဖြစ်သည်။

ဆာသောမတ်မိုးသည် "အင်တွပ်"၌ သံတမန် အရေးအခင်းရှိ၍ ရောက်လာစဉ် ပီတာဂိုင်းဆိုသူနှင့် အသိအကျွမ်း ဖြစ်သည်။ ပီတာဂိုင်းနှင့် မိုးသည် ဘုရားရှိခိုးကျောင်းမှ ပြန်လာစဉ် လမ်း၌ လူတစ်ယောက်ကို တွေ့သည်။ ပီတာဂိုင်းက ထိုလူကို ဆာသောမတ်မိုးနှင့် မိတ်ဆက်ပေးသည်။ ထိုလူ၏ အမည်မှာ ရတ်ဖဲ ဟိသ်လိုဒေး ဖြစ်သည်။ ဟိသ်လိုဒေးက သူ ရောက်ခဲ့ဖူးသော ယူတိုးပီးယား ကျွန်းကလေးအကြောင်းကို ပီဘာဂိုင်းနှင့် ဆာသောမတ်မိုးတို့အား ပြောပြသည်။

www.nyisay.com



ယူတိုးပီးယားကျွန်းသည် ခါးလယ်မှတိုင်းလျှင် မိုင် ၂၀၀ ခန့် ကျယ်သည်။ ထိုကျွန်းတွင် မြို့ပေါင်း ၅၄ မြို့ ရှိသည်။ မြို့တော်ကား အာမောရော့ ဖြစ်သည်။ ထိုမြို့တော်တွင် မြို့အသီးသီးမှ ကိုယ်စားလှယ်တော်များ မှန်မှန်လာရောက်ကာ ဘုံကိစ္စများကို ဆွေးနွေးကြသည်။ ကိုယ်စားလှယ်များ၏ အကြီးအကဲကား မင်းသားတစ်ပါး ဖြစ်သည်။ ထိုမင်းသားကို ရာသက်ပန် အကြီးအကဲအဖြစ် ရွေးကောက်ထားခြင်း ဖြစ်သည်။

ယူတိုးပီးယားကျွန်းရှိ မြို့ ၅၄ မြို့သည် တစ်မြို့နှင့်တစ်မြို့ ဖွဲ့စည်းခင်းကျင်းပုံချင်း အတူတူပင် ဖြစ်သည်။ အိမ်များကို အတန်းလိုက် တည်ဆောက်ထား၍ အိမ်တိုင်းသည် ၃ ထပ် မြင့်သည်။ အိမ်တိုင်းတွင် အိမ်ရှေ့တံခါးပေါက်နှင့် နောက်ဖေးတံခါးပေါက် နှစ်ပေါက်စီ ရှိစမြဲ ဖြစ်သည်။ ထိုတံခါးနှစ်ပေါက်စလုံးကို မည်သည့်အခါမျှ သော့ခတ်မထားပေ။ မည်သူမဆို ဝင်လိုက ဝင်နိုင်သည်။ စိုးရိမ်ပူပန်စရာ မလို။ အဘယ်ကြောင့်ဆိုသော် အိမ်တွင်းပစ္စည်း မှန်သမျှသည် ပုဂ္ဂလိကပိုင် ပစ္စည်းမဟုတ်သောကြောင့် ဖြစ်သည်။

မြို့များ၏ ပြင်ပတွင် လယ်ကွင်းကြီးများ ရှိသည်။ လယ်များကို မြို့ကလူများက တစ်လှည့်၊ ရွာကလူများက တစ်လှည့် ထွန်ယက်ကြရသည်။

ယူတိုးပီးယား ကျွန်းသူကျွန်းသား အားလုံးသည် တူညီဝတ်စုံကို ဝတ်ကြသည်။ ယောကျ်ားအဝတ်နှင့် မိန်းမအဝတ်၊ လက်ထပ်ပြီးသူအဝတ်နှင့် လက်မထပ်ရသေးသူအဝတ် ဟူ၍သာ ခွဲခြားသည်။ ဝတ်စုံ၏အရောင်မှာ တစ်ရောင်တည်း ဖြစ်သည်။

ယူတိုးပီးယားကျွန်းရှိ လူအားလုံး(မိန်းမ ယောကျ်ားမရွေး) အလုပ် လုပ်ရသည်။ လုပ်ချိန်မှာ တစ်နေ့ ၆ နာရီ ဖြစ်သည်။ မနက်ပိုင်း ၃ နာရီ၊ နေ့လယ်ထမင်းစားပြီး ၃ နာရီ လုပ်ရသည်။ ည ၈ နာရီတွင် အိပ်ရာဝင်ပြီး ၈ နာရီအိပ်သည်။ ကျန်အချိန်မှာ တစ်ဦးချင်း ပိုင်ဆိုင်သောအချိန် ဖြစ်သည်။ တစ်ဦးချင်း ပိုင်ဆိုင်ချိန်ကိုလည်း ယူတိုးပီးယား ကျွန်းသူ ကျွန်းသားများသည် ဖြုန်းတီးပစ်ကြသည် မဟုတ်။ ဟောပြောပွဲများ၌ တက်ရောက်နားထောင် ဆွေးနွေးကြသည်။ သို့မဟုတ်ပါက သူတို့၏ ဥယျာဉ်ထဲတွင် အချိန်ကို အသုံးချတတ်ကြသည်။ တစ်ခါတစ်ရံ ကိုယ်ပိုင်အချိန်တွင် အဆို အတီး အမှုတ် စသည်တို့ကို လေ့ကျင့်ကြသည်။ အချို့ကမူ စစ်တုရင်နှင့် ခပ်ဆင်ဆင်တူသော ကစားနည်းမျိုးကို ကစားကြသည်။ ယူတိုးပီးယားကျွန်း၌ အမဲလိုက်ခြင်းကိုမူ ကစားနည်းဟု မသတ်မှတ်။ အမဲလိုက်ခြင်းကို ပိတ်ပင်တားမြစ်ထားသည်။

တစ်နေ့ ၆ နာရီ အလုပ်လုပ်ရုံမျှဖြင့် လုံလောက်မှုတမူ ရှိပါ၏လောဟု

www.nyisay.com



စောဒက ဝင်စရာရှိလျှင် ယူတိုးပီးယားကျွန်း၌ လူတိုင်း အလုပ်လုပ်ကြသည် ဟူသော အချက်ကို ရှေးဦးစွာ စဉ်းစားသင့်၏။ ဆင်းရဲသားများ၏ လုပ်အားကို ခေါင်းပုံဖြတ် စားသောက်သော ကြေးရတတ်ဟူ၍ မရှိ။ အပျင်းခံ၍ သူတစ်ပါး၏ လုပ်စာကို မှီခိုနေသူလည်း မရှိ။ တေပေ လေလွင့်နေသူလည်း မရှိ။ သူတောင်းစား လည်း မရှိ။ သူခိုးသူဝှက်လည်း မရှိ။ ထူးခြားသည့်အချက်မှာ မိန်းမတိုင်း အလုပ်ရှိသည်ဆိုသော အချက်ပင်ဖြစ်သည်။ ယူတိုးပီးယားကျွန်းတွင် လူဦးရေ၏ တစ်ဝက်ကျော်မှာ အမျိုးသမီးများ ဖြစ်သည်။ လူတိုင်း အလုပ်လုပ်ကြသည် ဖြစ်ရကား တစ်နေ့ ၆ နာရီ အလုပ်လုပ်ရုံနှင့် လုံလောက်သည်။ တစ်ခါတစ်ရံတွင် တရားရေးအဖွဲ့က လုပ်ချိန် ၆ နာရီ လုပ်ရခြင်းသည် များလွန်းသည်ဟု ကြေညာ ကာ အလုပ်ချိန် လျှော့ပေးတတ်သည်။ လိုသည်ထက် ပိုလုပ်ခြင်းသည် မလိုလား အပ်သော ကိစ္စတစ်ရပ်ဟု ယူဆကြသည်။ အလုပ်အားချိန်တွင် စိတ်၏လွတ်လပ် ခြင်း အရသာကို ပိုမိုခံစားနိုင်ရကား ယူတိုးပီးယား ကျွန်းသူကျွန်းသားများသည် ထိုအရသာကို ပို၍ ခံစားခွင့်ရရန် လိုအပ်သည်ဟုလည်း ယူဆသည်။ ယူတိုးပီးယား ကျွန်းတွင် စည်းကမ်းတစ်ခုရှိသည်။ ထိုစည်းကမ်းကား လူတိုင်းသည် ပျော်ရွှင်မှု မှန်သမျှကို လွတ်လပ်စွာ ခံစားခွင့်ရှိသည်။ သို့သော် ထိုပျော်ရွှင်မှုသည် တစ်ပါး သူအား အနှောင့်အယှက် မဖြစ်စေရ ဟူသော စည်းကမ်းပင် ဖြစ်လေသည်။

ယူတိုးပီးယားတွင် လူအတွက် လိုအပ်သော ပစ္စည်းပစ္စယ မှန်သမျှသည် သံဃိကပိုင် ဖြစ်သည်။ ဈေးခင်းတွင် ကုန်သိုလှောင်ရုံများ ရှိသည်။ ထို သိုလှောင်ရုံ ၌ ယူတိုးပီးယား ကျွန်းသူကျွန်းသားများ ထုတ်လုပ်သော ကုန်ပစ္စည်းများကို သိုလှောင်ထားသည်။ လူတစ်ယောက်သည် သူ့တွင် အသုံးလိုသည့် ပစ္စည်းတစ်ခုခု ရယူလိုပါက ဈေးခင်းထဲသို့ သွားကာ ကုန်သိုလှောင်ရုံ၌ တောင်းယူလိုက်ရန်သာ ရှိသည်။ ထမင်းစားသည့်အခါ ထမင်းစားရုံကြီးများသို့ သွားရောက် စားသောက် ကြသည်။

ယူတိုးပီးယား ကျွန်းသူကျွန်းသားများ၏ လက်ထပ်ထိမ်းမြားသည့် ဓလေ့ မှာမူ သတို့သားသည် သတို့သမီးအား တစ်ကိုယ်လုံးချွတ်၍ ပြသရပြီး အလား တူပင် သတို့သမီးကလည်း သတို့သားကို တစ်ကိုယ်လုံး ချွတ်၍ ပြရသည့် ဓလေ့ ဖြစ်သည်။ ဤဓလေ့ကို ကျွန်ုပ်တို့က မိုက်မဲသော ဓလေ့ဟု ယူဆကောင်း ယူဆကြမည်။ သို့ဖြစ်လျှင် ကျွန်ုပ်တို့ ဓလေ့ထုံးတမ်း အချို့ကိုလည်း ယူတိုးပီးယား ကျွန်းသူကျွန်းသားတို့က ရယ်မောကြပေလိမ့်မည်။ ကျွန်ုပ်တို့သည် မြင်းဝယ် သည့်အခါ ပါးချပ်၊ ကုန်းနှီး တပ်ဆင်ပြီးသား မြင်းကို ဝယ်သလော၊ သို့တည်း မဟုတ် ပါးချပ်၊ ကုန်းနှီး တပ်ဆင်ထားသော်လည်း ထိုတန်ဆာတို့ကို ဖယ်ရှားပြီး

www.nyisay.com



ကြည့်ရှု ဝယ်သလော။ မြင်း၌ တပ်ဆင်ထားသော တန်ဆာတို့ကို ချွတ်ကြည့်ပြီးမှ ဝယ်သည်သာဖြစ်၏။ အဘယ်ကြောင့်နည်း။ ကုန်းနီး၊ ပါးချပ်တို့အောက်တွင် အပြစ် အနာအဆာများ ရှိမှာစိုး၍ ဖြစ်ပေသည်။ မြင်းဝယ်သည့်ကိစ္စသည် အသေး အဖွဲပင် ဖြစ်သည်။ ယှူတိုးပီးယား ကျွန်းသူကျွန်းသားတို့၏ အိမ်ထောင်ရေးသည် ရာသက်ပန်ကိစ္စ ဖြစ်သည်။ အဝတ်တန်ဆာအောက်တွင် ချွတ်ယွင်းချက်၊ ချို့တဲ့ချက်များကို ဖုံးကွယ်ဝှက်ထားမှုများ ရှိမည်ကို သူတို့ မလိုလားပေ။

ယှူတိုးပီးယား ကျွန်းသူ ကျွန်းသားများ၏ အိမ်ထောင်ရေးသည် ရာသက်ပန် ဆိုလိုက်သဖြင့် ကွာရှင်းပြတ်စဲခြင်းများ မရှိဟု မယူဆစေလိုပေ။ လင်ငယ် မယားငယ် ထားလျှင် ကွာရှင်းခွင့် ရှိသည်။ လင်ရော မယားပါ ကွာရှင်းရန် သဘောတူလျှင်လည်း ကွာရှင်းခွင့်ရှိသည်။

ယှူတိုးပီးယားတွင် မိမိကိုယ်ကို သတ်သေခြင်း ခွင့်မပြုပေ။ အကယ်၍ ရောဂါဝေဒနာ ဒဏ်ကို မရှုမလှ ခံစားရ၍၊ နောင်တွင်လည်း ကုသပျောက်ကင်းရန် မမြင်သည့် အခါမျိုး၌ လူနာသည် သေခြင်းကို ရွေးချယ်မည်ဆိုက ရွေးချယ်ခွင့် ရှိသည်။ ယှူတိုးပီးယားကျွန်း၏ ကျန်းမာရေး စီမံမှုမှာ ချီးမွမ်းစရာ ဖြစ်သည်။ မြို့တစ်မြို့စီတွင် ဆေးရုံကြီးလေးရုံ ရှိသည်။ ဆေးရုံတစ်ရုံသည် မြို့ငယ်ကလေး တစ်ခုမျှ ကြီးမားသည်။ လူနာများ ဆေးရုံ၌ သက်သောင့်သက်သာ နေနိုင်အောင် ပြုပြင်စီရင်ထားသည်။ ထို့ကြောင့် ဖျားနာသည်ဆိုလျှင် အိမ်မှာနေ၍ ကုသသည် ထက် ဆေးရုံတက်၍ ကုသကြသည်။

ယှူတိုးပီးယား ကျွန်းသူကျွန်းသားတို့သည် ပစ္စည်းတစ်ခု တန်ဖိုးဖြတ်ရာ၌ အသုံးဝင်မှုကိုလိုက်၍ တန်ဖိုးဖြတ်သည်။ ထို့ကြောင့် အမျိုးမျိုး ပုံသွင်းလုပ်နိုင်သော သံသည် တန်ဖိုးအကြီးဆုံး ဖြစ်သည်။ ပန်းကန်များ၊ ခွက်များကို မြေစေးဖြင့် လုပ်သည်။ ဖန်ဖြင့် လုပ်သည်။ ရွှေကိုမူ အိုးခွက်လုပ်၍ သုံးသည်။ ရွှေတန်ဖိုး မရှိ။

ထိုနောက် ဆာသောမတ်မိုးသည် သူ၏ ယှူတိုးပီးယား စာအုပ်၌ ယှူတိုး ပီးယားကျွန်း၏ ဘာသာရေးအကြောင်းကို တခမ်းတနား ဖော်ပြလေသည်။

ယှူတိုးပီးယားတွင် နေကို ကိုးကွယ်သူ၊ လ ကို ကိုးကွယ်သူ၊ ဂြိုဟ်များကို ကိုးကွယ်သူ ဟူ၍ ရှိသည်။ လူတစ်ယောက်သည် အဘယ်ကြောင့် နေကို ကိုးကွယ် ရကောင်းလော၊ လ ကို ကိုးကွယ်ရကောင်းလော စသည်ဖြင့် အပြစ်တင်ခွင့် မရှိစေရဟု ပညတ်ချက်လည်း ရှိလေသည်။

နေကို ကိုးကွယ်သည်ဖြစ်စေ၊ လ ကို ကိုးကွယ်သည်ဖြစ်စေ သူတစ်ပါး၏ အသက်ကိုသတ်၍ ယဇ်ပူဇော်ခြင်းကိုမူ လုံးဝ မပြုရပေ။

## ကြယ်တာရာတို့ လှည့်ပတ်သွားလာပုံ (၁၅၄၃)

### နီကိုလေးယတ် ကော့ပါးနိကတ် (၁၄၇၃–၁၅၄၃)

ရှေးပဝေဏီက လူတို့သည် မိမိတို့ မှီတင်းနေထိုင်သည့် ကမ္ဘာကြီးအကြောင်းကို ပြည့်ပြည့်စုံစုံ မသိကြသေး။ ကမ္ဘာကြီး ဖြစ်ပေါ်လာပုံ၊ တည်နေပုံနှင့် ပတ်သက်၍ လူမျိုးအသီးသီး၌ အယူအဆအမျိုးမျိုး ရှိကြသည်။

ရှေးအတိတေ ကမ္ဘာပေါ်ဦး စကပင် လူတို့သည် ပတ်ဝန်းကျင်ရှိ နေလဂြိုဟ်တာရာများ၊ ကြယ်များကိုကြည့်ကာ အံ့သြကြသည်။ ယင်းတို့ ကောင်းကင်ပြင်ကြီး၌ ရွေ့လျားသွားလာနေသည်ကို ကြည့်ကာ ရင်သပ်ရှုမော အံ့သြကြရသည်။ နေထွက်ခြင်း၊ လ ထွက်ခြင်း၊ လ ကွယ်ခြင်း၊ မိုး ရွာခြင်း၊ ရေကြီးခြင်း၊ ဒီရေတက်ခြင်းတို့မှာ နေ့စဉ် တွေ့မြင်နေကျဖြစ်၍ ရင်းနှီးနေကြပြီး ဖြစ်သည်။ သို့ဖြစ်ရာ လူတို့သည် ဤကမ္ဘာကြီး တည်နေပုံကို ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ကြံဆကြသည်။ ယင်းတို့အနက် ခေတ်အစားဆုံး အယူအဆတစ်ခုကို ခရစ်နှစ် ၁၅၀ ခန့်တွင် အီဂျစ်ပြည်သား တိုလမီက တင်ပြခဲ့သည်။ ယင်းအယူအဆကို နှစ်ပေါင်း ၁၅၀၀ ကြာသည်အထိ လူတို့ လက်ခံခဲ့ကြသည်။

တိုလမီ၏ အယူအဆမှာ ဤသို့ ဖြစ်သည်။ ဤကမ္ဘာသည် စကြဝဠာအလယ်၌ မလှုပ်မရှား ရပ်တည်နေသည့် ဒြပ်ထုကြီးတစ်ခု ဖြစ်သည်။ အခြား ဂြိုဟ်တာရာများ၊ ကြယ်နက္ခတ်များ၊ နေ လတို့ အပါအဝင် ကောင်းကင်တန်ဆာ ဆင်သမျှသည် ကမ္ဘာကို ဗဟိုပြုကာ လှည့်ပတ်နေကြသည်။ အားလုံးသည် နှစ်ဆယ့်

www.nyisay.com



လေးနာရီလျှင် တစ်ပတ်ကျ ကမ္ဘာကို လှည့်ပတ်နေကြသည်။ စနေဂြိုဟ်သည် အဝေးဆုံးဂြိုဟ်ဖြစ်ပြီး ကမ္ဘာကို လှည့်ပတ်ရန် အချိန်အကြာဆုံး ယူရသည်။ လသည် ကမ္ဘာနှင့် အနီးဆုံးဖြစ်ပြီး အချိန်နည်းနည်းနှင့် ကမ္ဘာကို ပတ်သည်။

ဤအယူအဆသည် နှစ်ပေါင်း ၁၅၀၀ တိုင်တိုင် တည်တံ့နေခဲ့သည်။ စကြဝဠာသည် စက်လုံးသဏ္ဌာန် ကောင်းကင်ကြီးက ပိတ်ဖုံးထားသော အလုံပိတ် ဟင်းလင်းပြင်ကြီးသာ ဖြစ်သည်။ ဟင်းလင်းပြင်ကြီး ဟိုမှာဘက်တွင် ဘာဆိုဘာမျှ မရှိ။

ဤအဆိုသည် ယုတ္တိရှိသည်။

ပထမအချက်အားဖြင့် လူတို့သည် ပတ်ဝန်းကျင်ကို ရှုကြည့်သည့်အခါ အလွယ်တကူ သိမြင်နိုင်သည်မှာ ကမ္ဘာမြေကြီးသည် မလှုပ်မရှား ရပ်နေပြီး နေ လ တာရာတို့ကသာ လှည့်ပတ်သွားလာနေသည်ကို မျက်မြင်တွေ့ရသော ကြောင့် ဤအဆို မှန်ကန်သည်ဟု ယူဆနိုင်ခြင်း ဖြစ်သည်။

ဒုတိယအချက်အားဖြင့် ဤအဆိုသည် လူတို့၏အတ္တကို ကြီးထွားစေခြင်း ကြောင့်ပင် ဖြစ်သည်။ ဤအတိုင်းဆိုလျှင် လူသည် အလယ်ဗဟိုကဖြစ်ပြီး လူတို့ နေသည့် ကမ္ဘာကို အားလုံး အမှီပြုနေရသည်။ စကြဝဠာကြီး တစ်ခုလုံးသည်ပင် လူကို ဗဟိုပြုကာ တည်တံ့နေရသည် ဆိုသည်မှာ လူတို့အဖို့ သဘောကျစရာ မကောင်းပေဘူးလား။

ဤအယူအဆသည် ဥရောပတိုက်တွင် ပြန်လည်ဆန်းသစ်ရေး ခေတ်အထိ တည်တံ့နေခဲ့သည်။ ဤအယူအဆ မှားယွင်းကြောင်း ပထမဆုံး ဖော်ထုတ်သူမှာ ပိုလန်ပြည်သား နက္ခတ်ပညာရှင် နီကိုလေးယတ် ကော့ပါးနိကတ် ဖြစ်သည်။

ကော့ပါးနိကတ် ကျင်လည်သည့်ခေတ်သည် စွန့်စားခန်းတွေ ဒုနှင့်ဒေး ပေါသည့်ခေတ် ဖြစ်သည်။ သူ၏သက်တမ်းမှာ ခုနစ်ဆယ် ဖြစ်သည်။ (၁၄၇၃-၁၅၄၃)ထိုကာလကား ဥရောပသမိုင်းတွင် မှတ်တိုင်သစ်များ ထူထောင်နေသည့် ကာလဖြစ်သည်။ ကိုလန်ဘတ်သည် တိုက်သစ်များကို ရှာတွေ့သည်။ မက်ဂျယ် လန်သည် ကမ္ဘာကို သင်္ဘောဖြင့် တစ်ပတ်ပတ်သည်။ ဗတ်စကိုဒဂါမသည် အိန္ဒိယ ပြည်သို့ ရေကြောင်းခရီးဖြင့် ပထမဆုံး သွားသည်။ မာတင်လူသာသည် ပရိုတက် စတင့် ပြုပြင်ရေးကို ခေါင်းဆောင်သည်။ မိုက်ကယ်အင်ဂျလိုသည် အနုပညာ ခေတ်သစ်တစ်ခုကို ထူထောင်သည်။ ပါရာဆဲလဆတ်နှင့် ဗက်ဆာလီယတ်တို့ သည် ခေတ်မီဆေးပညာ၏ အုတ်မြစ်ကို စတင်ချသည်။ အလွန်ကျော်ကြားသည့် လီယိုနာဒို ဒါဗင်စီလည်း ပန်းချီခေတ်သစ်၊ ပန်းပုခေတ်သစ်ကို ထူထောင်စ ပြုပြီ။ ထိုအချိန်အခါမျိုးတွင် စကြဝဠာနှင့် ပတ်သက်သည့် အယူအဆသစ်တစ်ခု

www.nyisay.com



ကို ထူထောင်မည့် ကော့ပါးနိကတ်တစ်ယောက် ပေါ်လာသည်မှာ အချိန်သင့် အခါသင့် ဖြစ်သည်။

ကော့ပါးနိကတ်ကို ပိုလန်ပြည် တိုရန်မြို့တွင် မွေးသည်။ သူ၏ပညာရေးကို ဦးဆောင်သူမှာ သူ့ဦးလေး ဖြစ်သည်။ ကရာကော့တက္ကသိုလ်၌ သင်္ချာနှင့် နက္ခတ်ပညာကို သင်ကြားသည်။ ယင်းမှာ ၁၄၉၁ တွင် ဖြစ်သည်။ ထို့နောက် အီတလီသို့သွားကာ ခရစ်ယာန် အယူဝါဒဆိုင်ရာ ဥပဒေပညာနှင့် နက္ခတ်ပညာတို့ကို ဗလုံးညားမြို့၌ သင်ယူသည်။ ဆေးပညာလည်း သင်ခဲ့သည်။

သူ စိတ်ဝင်စားဆုံးမှာ နက္ခတ်ပညာ ဖြစ်သည်။ သုတေသနပြုသည်။ လေ့လာသည်။ ယင်းတို့ကို တစ်ယောက်တည်း ငြိမ်ငြိမ်သက်သက်ပင် လုပ်သည်။ တိုင်ပင်ဖော် တိုင်ပင်ဖက် မရှိ။ နက္ခတ်မျှော်စင်အဖြစ် ဘုရားရှိခိုးကျောင်း ပြာသာဒ်မျှော်စင်ကို အသုံးပြုသည်။ ကိရိယာ တန်ဆာပလာများမှာလည်း ကောင်းကောင်းမွန်မွန် မဟုတ်။ သူ့နောက် အနှစ်တစ်ရာရှိမှ အဝေးကြည့်မှန်ပြောင်း ပေါ်လာခြင်း ဖြစ်သည်။ တိုင်းတာရန်အတွက် နေ နာရီကိုသာ အသုံးပြုရသည်။ ကြယ်များ ဂြိုဟ်များ၏ အမြင့်ကို တိုင်းရန် အသုံးပြုသည့် ကိရိယာမှာ သူ့လက်ဖြစ် တြိဂံခုံး တစ်ခုသာ ဖြစ်သည်။ ထို့ပြင် သူ့ဒေသ၏ ရာသီဥတုမှာ မကြည်လင်။ ဗောလတစ်ပင်လယ်ကြောင့် တိမ်အုပ်များ၊ မြူထူများ အမြဲပိတ်ဆိုင်းနေတတ်သည်။ မိုးသားတိမ်တိုက် ကင်းစင်သည့်ညမျိုးမှာ ကြုံခဲလှသည်။ မည်သို့ပင်ဖြစ်စေ ကော့ပါးနိကတ်သည် သူ၏လေ့လာမှုကို မနားမနေ ပြုလုပ်သည်။

သူ တင်ပြမည့် သဘောတရားသစ်မှာ တော်လှန်သည့် သဘောတရားသစ် ဖြစ်သည်။ တိုလမီက ဤကမ္ဘာမြေကြီးသည် စကြဝဠာကြီး၏ ဗဟိုဖြစ်သည်။ ယင်းကို နေ လ ဂြိုဟ် တာရာတို့က ပတ်သည်ဟု ဆိုခဲ့သည်။ သို့သော် ကော့ပါးနိကတ်ကမူ ဤကမ္ဘာသည် ငြိမ်မနေ။ သူ့ဝင်ရိုးပေါ်တွင် တစ်နေ့ တစ်ပတ် လည်နေသည်။ နေကို တစ်နှစ် တစ်ကြိမ်ပတ်ကာ လည်သည်။ ဤအယူအဆသစ်မှာ ဆယ့်ခြောက်ရာစုတွင် စိတ်ကူးယဉ်တစ်ခု ဖြစ်နေသည်။ သို့ဖြစ်ရာ စမ်းသပ်မှု ပေါင်း များစွာတို့က သူ့အဆိုကြမ်းကို ထောက်ခံနိုင်အောင် စောင့်ရသည်။ ယင်းသို့ စောင့်ရသဖြင့် နှစ်ပေါင်း ၃၀ လေ့လာပြီးမှ တင်ပြနိုင်ခဲ့သည်။ အမှန်စင်စစ် ခရစ်မပေါ်မီ သုံးရာစုကပင် အရစ်တာချတ်ဆိုသူ ဂရိနက္ခတ်ပညာရှင်တစ်ယောက်က နေဝင် နေထွက်ကို လေ့လာကာ ကမ္ဘာကြီးသည် သူ့ဝင်ရိုးပေါ်တွင် တစ်နေ့ တစ်ကြိမ် လည်သည်ဟု ဆိုခဲ့ဖူးသည်။

၁၅၁၀ တွင် ကော့ပါးနိကတ်သည် "ဝေဖန်ရေးစာတမ်းငယ်"တစ်စောင် ရေးခဲ့ဖူးသည်။ ပုံနှိပ်ထုတ်ဝေခြင်းကား မပြု၊ နက္ခတ်ပညာသင်များအား ဝေငှကာ

www.nyisay.com



ဖတ်စေခြင်းပင် ဖြစ်သည်။ ယင်း၏အချုပ်သဘောမှာ တိုလမီ၏ သီအိုရီသည် ရှုပ်ထွေးသည်။ ထောက်ခံချက် အားနည်းသည်။ ထို့ကြောင့် သူ တင်ပြလိုသည်မှာ ကမ္ဘာသည် စကြဝဠာ၏ ဗဟို မဟုတ်။ လ ကသာ ကမ္ဘာကို ပတ်နေခြင်း ဖြစ်သည်။ ဂြိုဟ်များသည် နေကို ပတ်နေကြသည်။

ကော့ပါးနိကတ်သည် မရွံ့မရဲ ရှိနေသည်။ သူ့တွေ့ရှိချက်များကို မတင်ပြရဲသဖြင့် အနှစ်သုံးဆယ်လုံးလုံး ငြိမ်နေရသည်။ ထိုအခါ သူ့ထံသို့ ဂျာမန်လူငယ် ပညာရှာမှီးသူတစ်ယောက် ရောက်လာသည်။ သူ၏သတင်း ကြီးသည်နှင့် လာရောက် ဆည်းပူးခြင်း ဖြစ်သည်။ ခဏမျှသာ သူ့ထံမှ ပညာရှာမည် စိတ်ကူးခဲ့သော်လည်း သူနှင့် တွေ့သည့်အခါ ဉာဏ်ပညာအရာတွင် ကြီးမားလွန်းသဖြင့် နှစ်နှစ် အတူနေသွားသည်။ သူ့နာမည်မှာ ဂျော့ရက်တိကတ် ဖြစ်သည်။ သူသည် ဝစ်တင်ဗတ် တက္ကသိုလ်မှ သင်္ချာပါမောက္ခ ဖြစ်သည်။ အသက်မှာ နှစ်ဆယ့်ငါးနှစ်သာ ရှိသေးသည်။ ပါမောက္ခရက်တိကတ်သည် ကော့ပါးနိကတ်၏ သုတေသနလုပ်ငန်းကို လေ့လာကာ **ပဌာမရှင်းတမ်း**တစ်စောင်ကို ရေးသည်။ ယင်းကို ၁၅၄၀ တွင် ဒန်းဇစ်၌ ထုတ်ဝေသည်။

ကော့ပါးနိကတ်သည် သူ၏ သုတေသနကို ပုံနှိပ်ထုတ်ဝေရန် တွန့်နေဆဲဖြစ်သည်။ သူသည် ပြီးပြည့်စုံသည်အထိ စောင့်လိုသည်။ အပြစ်အနာအဆာ မရှိသည်အထိ စောင့်လိုသည်။

ရက်တိကတ်၏ **ပဌာမရှင်းတမ်း** ထွက်ပြီးနောက် အများက လက်ခံလာသည်ကို တွေ့ရသည့်အခါ ကော့ပါးနိကတ်အား သူ့စာတမ်းကို ပုံနှိပ်ထုတ်ဝေရန် တိုက်တွန်းကြသည်။ နောက်ဆုံးတွင်မှ သဘောတူလိုက်သည်။ သူ၏ စာအုပ်အမည်မှာ ကောင်းကင့်တန်ဆာ **ကြယ်တာရာတို့ လှည့်ပတ်သွားလာပုံ** ဖြစ်သည်။

ယင်းစာအုပ် ရိုက်နှိပ်နေစဉ်မှာပင် ကော့ပါးနိကတ်သည် လေဖြတ်သွားသည်။ စာအုပ်ထွက်သည့်နေ့မှာ ၁၉၄၃ မေ ၂၄ ရက် ဖြစ်သည်။ စာပို့ ဆက်သားတစ်ယောက်သည် ညူရင်းဗတ်မြို့မှ ဖရောအင်ဗတ်မြို့သို့ ရောက်လာသည်တွင် ကော့ပါးနိကတ်၏စာအုပ် ပထမဆုံးကော်ပီ ပါလာသည်။ ကော့ပါးနိကတ် လက်ထဲသို့ သူ မသေမီ နာရီပိုင်းအလိုတွင် ရောက်သွားသည်ဟု ဆိုသည်။

သူ့စာအုပ်ကို ကော့ပါးနိကတ်က လိမ္မာပါးနပ်စွာပင် တတိယမြောက် ပုပ်ပေါ်ရဟန်းမင်းကြီးသို့ ရည်ညွှန်းထားသည်။ သူ၏စာအုပ်တွင် အဓိက အကြောင်းအရာတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

"အဝေးဆုံးဂြိုဟ်မှာ စနေဂြိုဟ် ဖြစ်သည်။ အနှစ် ၃၀ တွင် နေကို တစ်ပတ်ပတ်သည်။ သည့်နောက် ဂျူပီတာခေါ် ကြာသပတေးဂြိုဟ်သည်

www.nyisay.com



နေကို ဆယ့်နှစ်နှစ်ကြာလျှင် တစ်ပတ်ပတ်သည်။ တတိယဂြိုဟ်မှာ မားဟုခေါ်သော အင်္ဂါဂြိုဟ် ဖြစ်သည်။ နှစ်နှစ်တစ်ခါ လှည့်ပတ်သည်။ စတုတ္ထဂြိုဟ်မှာ ကျွန်တော်တို့ ကမ္ဘာပင် ဖြစ်သည်။ ပဉ္စမနေရာတွင် ဗီးနတ်ခေါ် သောကြာဂြိုဟ်သည် ကိုးလတစ်ကြိမ် ပတ်သည်။ ထိုနောက် မာကျူရီခေါ် ဗုဒ္ဓဟူးဂြိုဟ်သည် ရက်ပေါင်းရှစ်ဆယ်တွင် တစ်ပတ်ပတ်သည်။ အားလုံး၏ အလယ်တွင် နေ ရှိသည်။ မီးရှူးတန်ဆောင်ကြီးလို နေသည် အားလုံးကို အလင်းရောင်ပေးသည်။ ဤသည်မှာ စကြဝဠာကြီး တည်နေပုံပင် ဖြစ်သည်။"

ကောပါးနိကတ်သည် သူ့စာအုပ်ကို ခြောက်တွဲ ခွဲထုတ်သည်။ ပထမတွဲတွင် စကြဝဠာ သဘောတရားသစ် ပါရှိသည်။ ဒုတိယတွဲတွင် သင်္ချာနည်းအရ တိုင်းတာထားသည့် ကြယ်တာရာတို့၏ ရွေ့လျားပုံ၊ ကြယ်မြေပုံပြ ကားချပ်များ ပါဝင်သည်။ များသောအားဖြင့် တိုလမီ၏စာအုပ်မှ ကူးယူသည်။ နောက်လေးတွဲမှာ ကမ္ဘာမြေ၊ လနှင့် အခြားဂြိုဟ်တို့အကြောင်း အသေးစိတ် ဖော်ပြထားသည်။

ကောပါးနိကတ်အဖို့ကား နေသည် အစွမ်းမရှိ၊ မလှုပ်ရှား။ သူ့အလုပ်မှာ ဂြိုဟ်များအား အလင်းရောင်ပေးခြင်း၊ အပူပေးခြင်းတို့ ဖြစ်သည်။

သူ့အယူအဆကို သိပ္ပံပညာရှင်များကရော၊ အများပြည်သူတို့ကပါ လွယ်လင့်တကူ လက်မခံကြ။ ပြင်းပြင်းထန်ထန် ကန့်ကွက်ကြသည်။ တက္ကသိုလ်ကျောင်းသားတစ်စုကမူ ပုံနှိပ်တိုက်ကို ဝိုင်းသည်ဟု ဆိုသည်။ တချို့က အပြောင်အပြက် ပြဇာတ်တစ်ခု ခင်းကျင်းကာ ကောပါးနိကတ်ကို သရော်ကြသည်။ သည့်ထက်ဆိုးသည်မှာ ဘုရားရှိခိုးကျောင်းများပင် ဖြစ်သည်။ မာတင်လူသာကတော့ ကောပါးနိကတ်အား "နောက်မှပေါ်လာသည့် နက္ခတ်ဆရာလက်သစ်သည် ကမ္ဘာကြီးကို လည်စေသည်။ ကောင်းကင်၊ နေ၊ လ တို့ကို မလည်ဟု ဆိုသည်။ လူမိုက်သာလျှင် နက္ခတ်ပညာကို ကပြောင်းကပြန် လုပ်နိုင်သည်" ဟု ဝေဖန်တိုက်ခိုက်သည်။ လူသာ၏ နောက်လိုက် မယ်လင့်သွန်က "သူသည် နေကို ရပ်ခိုင်းပြီး ကမ္ဘာကြီးကို လှုပ်ရှားစေသည်"ဟု ဆိုသည်။ ဂျွန်ကယ်လဗင်က ဆာလံကျမ်းကို ကိုးကားကာ "ကမ္ဘာကြီးမှာ တည်တံ့နေပြီး ဖြစ်သည်။ သူ့ကို ရွေ့အောင်၊ လှုပ်ရှားအောင် မည်သူမှ မလုပ်နိုင်" ဟု ဆိုသည်။

၁၆၁၆ တွင် ကောပါးနိကတ်၏ စာအုပ်ကို ပိတ်ပင်သည့် စာအုပ်စာရင်း၌ ကက်သလစ်ဂိုဏ်းက သွင်းလိုက်သည်။

မည်သို့ဖြစ်စေ၊ နောက်ပိုင်းတွင် သူ့အယူအဆကို တဖြည်းဖြည်း လက်ခံလာကြသည်။ ဗရူဒို၊ ကက်ပလာ၊ ဂယ်လီလီယို၊ နယူတန်တို့က သူ့အယူအဆကို

www.nyisay.com



တိုးကြွယ်စေခဲ့သည်။ ဂျာမန် နက္ခတ်ပညာရှင် ယိုဟန်ကက်ပလာသည် ကောပါးနိကတ်၏ သဘောတရားများကို အခြေခံကာ ဆက်လက်လေ့လာပြီး(၁) ဂြိုဟ်များသည် ဘဲဥပုံလမ်းကြောင်းအတိုင်း နေကို ပတ်သည်။(၂) ကမ္ဘာနှင့် အခြားဂြိုဟ်တို့သည် နေကို ပတ်သည့်အခါ တစ်သမတ်တည်းသော အလျင်ဖြင့် ပတ်သည် မဟုတ်။ နေနှင့် နီးသည့်အခါ ပို၍မြန်သည်။(၃) ဂြိုဟ်နှင့် နေတို့၏ အကွာအဝေးသည် နေကို ယင်းဂြိုဟ်ပတ်သည့်အချိန်နှင့် အချိုးညီသည် ဟူသော နိယာမသုံးခုကို ကြံဆ တီထွင်နိုင်ခဲ့သည်။

အချုပ်ဆိုလျှင် ကောပါးနိကတ်သည် ခေတ်သစ် နက္ခတ်ပညာကို အခြေပျိုးခဲ့သူ ဖြစ်သည်။ သူသာ မကြံဆခဲ့လျှင် နယူတန်သည်လည်း ဒြပ်ဆွဲအားနိယာမကို တီထွင် ကြံဆနိုင်မည် မဟုတ်။ သို့ဖြစ်ရာ သူ၏ **ကြယ်တာရာတို့၏လှည့်ပတ်သွားလာပုံ** စာအုပ်သည် ခေတ်သစ်ကို ကြိုဆိုသော စာအုပ်တစ်အုပ်ဖြစ်သည်ဆိုလျှင် မှားမည်မထင်။

www.nyisay.com

## ရိုမီယိုနှင့် ဂျူလိယက် (၁၅၉၅)

### ဝီလျံ ရှိတ်စပီးယား (၁၅၆၄–၁၆၁၆)

ကမ္ဘာ့စာပေ ဂန္ထဝင်တွင် ရှိတ်စပီးယား၏ စာအုပ်သည် မည်သည့်အခါမျှ မပျောက်ပျက်နိုင်သလို **ရိုမီယိုနှင့် ဂျူလိယက်** စာအုပ်သည်လည်း ပျောက်ပျက်မည် မဟုတ်ပေ။ ရှိတ်စပီးယားသည် ပြဇာတ်များတွင် ပါဝင်ခဲ့ရာမှ ပြဇာတ်ရေးဆရာအဖြစ် ကြိုးပမ်းခဲ့ရာတွင် **ရိုမီယိုနှင့် ဂျူလိယက်** ပြဇာတ်သည် ရှိတ်စပီးယားအား ပြဇာတ်စာဆိုကြီးအဖြစ် သူ့ခေတ်က အသိအမှတ်ပြုလာအောင် ဖန်တီးလိုက်သော ပြဇာတ်ဖြစ်၏။ ထိုပြဇာတ်၏ အရှိန်အဝါသည် ယနေ့တိုင် ဖြန့်ကြက်ဆဲဖြစ်၏။ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် **ရိုမီယိုနှင့် ဂျူလိယက်** ကို ဘာသာပြန်ကြသည်။ ရုပ်ရှင်အဖြစ် ရိုက်ကူးပြသကြသည်။ စင်တင်ပြဇာတ်အဖြစ် ကပြကြ၏။

ရှိတ်စပီးယား၏ ပြဇာတ်များကို အလွမ်းဇာတ်များ၊ အပျော်ဇာတ်များနှင့် သမိုင်းဇာတ်များဟု ခွဲခြားသတ်မှတ်ကြရာတွင် ယခု ပြဇာတ်သည် အလွမ်းဇာတ် တစ်ခုတွင် ပါဝင်၏။

ဇာတ်လမ်းမှာ မူလရှိပြီး အဖြစ်အပျက် ဇာတ်လမ်းကို အခြေပြု ရေးဖွဲ့ထားခြင်း ဖြစ်၏။

ဇာတ် နောက်ခံကာလမှာ ၁၄ ရာစု ဖြစ်သည်။ နောက်ခံဒေသမှာ အီတလီနိုင်ငံ ဗာရိုနာမြို့ ဖြစ်သည်။ ထိုမြို့ပေါ်တွင် မွန်တေဂူမိသားစုနှင့် ကက်ပျူလက်

www.nyisay.com



မိသားစု ဟူသော ဂုဏ်သရေရှိ မိသားစုကြီးနှစ်စု ရှိ၏။ ထိုမိသားစုသည် တစ်ဦးနှင့်တစ်ဦး မသင့်မြတ်ကြပေ။ မငြိမ်းနိုင်သော ရန်မီးစဖြင့် အချင်းချင်း သတ်ကြဖြတ်ကြသည်အထိ ရန်ငြိုးကြီးခဲ့ကြ၏။ ဗာရိုနာမင်းသားက အမိန့်ထုတ်ထားသဖြင့်သာ တစ်ဦးနှင့်တစ်ဦး သတ်ကြဖြတ်ကြ အမှုကိစ္စမျိုးအထိ မကျူးလွန်ဝံ့စေကာမူ ရန်ငြိုးကား မပြေခဲ့။ တစ်မိသားနှင့် တစ်မိသား အမြဲတမ်း ရန်စောင်နေခဲ့ကြ၏။

ထိုအခြေအနေမျိုးတွင် မွန်တေဂူအနွယ်ဝင် ရိုမီယိုသည် ကက်ပျူလက်တို့ ခင်းကျင်းသော ကပွဲသို့တက်ရန် စီစဉ်ခဲ့သည်။ ရိုမီယိုသည် ရိုဆလင်းကို ချစ်နေသူဖြစ်၏။ သို့သော် ရိုဆလင်းသည် ရိုမီယို၏အချစ်ကို မတုံ့ပြန်။ ထိုည ကပွဲတွင် ရိုဆလင်း တက်ရောက်မည်ကို သတင်းရထား၏။ ထို့ကြောင့် ရိုမီယိုသည် သူငယ်ချင်း မာလူအိုနှင့်တကွ အခြားသူငယ်ချင်းအချို့နှင့်အတူ မျက်နှာဖုံးများ တပ်ဆင်ကာ ကပွဲသို့ လာခဲ့ကြသည်။ ကပွဲလာ ပရိသတ်အားလုံး မျက်နှာဖုံးစွပ် ရုပ်ဖျက်ထားသဖြင့် ရိုမီယိုတို့လူစုကို မွန်တေဂူအနွယ်များဟု မသိနိုင်ပေ။ ကပွဲတွင် ရိုမီယိုသည် ကက်ပျူလက်အနွယ် သမီးချော ဂျူလိယက်ကို စ၍ တွေ့ခြင်းဖြစ်သည်။ ရိုမီယိုသည် တွေ့လျှင်တွေ့ချင်း တပ်ငြိသွား၏။ ထိုကပွဲမှာပင် သူတို့ချင်း ရင်းနှီးသွား၏။ ချစ်သွား၏။ ထိုညက ရိုမီယို ကပွဲမှ မထွက်ခွာမီမှာပင် နှစ်ဦးစလုံးသည် ရန်ပြုဖက် မိသားစုကမှန်း သိခဲ့ကြ၏။

ထိုညမှာပင် ရိုမီယိုသည် ချစ်ဝေဒနာကို ခံစားရသည်ဖြစ်ရာ အိပ်မပျော်နိုင်သဖြင့် ဂျူလိယက်ရှိရာ ကက်ပျူလက်အိမ် ဥယျာဉ်တွင်းသို့ လာခဲ့၏။ ရိုမီယိုသည် ပြတင်းပေါက်တွင် ဂျူလိယက်နှင့် တွေ့ရ၏။ ဂျူလိယက်လည်း မိမိကဲ့သို့ပင် ချစ်ဝေဒနာ ခံစားနေရရှာသော အဖြစ်ကို သိရ၏။ ထိုချစ်ဝေဒနာကို တာရှည်မခံလိုပေ၊ ထို့ကြောင့် အမြန်ဆုံး လက်ထပ်ရန် စီစဉ်ကြလေသည်။ သို့ဖြင့် ညတွင်းချင်းပင် ရိုမီယိုသည် သူ၏ဆရာတော် လောရင့်ရှိရာ ကျောင်းတိုက်သို့ အမြန်ဆုံး ပြေးခဲ့၏။ မိမိနှင့် ဂျူလိယက်ကို လက်ထပ်ခွင့် ပေးရန် တောင်းပန်လေသည်။

ဆရာတော်သည် ထိုချစ်သူနှစ်ယောက် လက်ထပ်ပေးလိုက်ခြင်းဖြင့် ရန်ငြိုးမပြေနိုင်သော မိသားစုကို ပေါင်းစည်းနိုင်လိမ့်မည်ဟု ထင်၏။ ထို့ကြောင့် ရိုမီယိုနှင့် ဂျူလိယက်ကို လက်ထပ်ပေးရန် သဘောတူလိုက်သည်။

နောက်တစ်နေ့တွင် ဂျူလိယက်သည် သူ့အထိန်းတော်ကြီးကို ရိုမီယိုထံသို့ စေလွှတ်လိုက်သည်။ ရိုမီယိုသည် လက်ထပ်ရေး အစီအစဉ်ကို ဂျူလိယက်ထံသို့ အထိန်းတော်ကြီးမှတစ်ဆင့် အကြောင်းကြားလိုက်၏။ သို့ဖြင့် ရိုမီယိုနှင့် ဂျူလိယက်တို့သည် ဆရာတော် လောရင့်၏ရှေ့တွင် လျှို့ဝှက် လက်ထပ်ဖြစ်ခဲ့လေ

www.nyisay.com



တော့သည်။ သို့သော် လက်ထပ်ပြီးလျှင်ပြီးချင်း သူတို့ ခွဲကြရပြန်သည်။ သို့သော် ညတွင်ကား ဂျူလီယက်၏ ခန်းဆောင်ရှိရာ ဥယျာဉ်တွင်းသို့ လာခဲ့မည် ဖြစ်ကြောင်း ရိုမီယိုက ကတိပေးလိုက်သည်။

လက်ထပ်ပွဲမှအပြန်တွင် ရိုမီယိုသည် လမ်းပေါ်၌ ရန်စောင်နေသော သူငယ်ချင်း မာကူအိုနှင့် ကက်ပျူလက်အနွယ်ဝင် တိုင်းဗော့တို့ကို တွေ့ရ၏။ တိုင်းဗော့သည် ကပွဲညမှာကတည်းက ရိုမီယိုနှင့် မာကူအိုကို မွန်တေဂူအနွယ် တွေမှန်း သိခဲ့၏။ ထို့ကြောင့် ထိုစဉ်ကပင် တိုင်းဗော့သည် ရိုမီယိုနှင့် ရန်ဖြစ်မည် ပြုခဲ့သေး၏။ ထိုစဉ်က ကက်ပျူလက်ဖခင်ကြီးက တားသဖြင့် တိုင်းဗော့ ချုပ်တီးခဲ့ရခြင်း ဖြစ်၏။ ယခု မာကူအိုနှင့် တွေ့သောအခါ တိုင်းဗော့သည် ရိုမီယိုကို ရှုတ်ချပြောဆိုကာ ရန်စလာသည်။ မာကူအိုသည် သူငယ်ချင်းနှင့် ပတ်သက်၍ မခံမရပ်နိုင် ဖြစ်နေ၏။ ထိုအဖြစ်ကိုတွေ့သော ရိုမီယိုသည် ဇနီးသည်၏ ဆွေမျိုးသားချင်းများနှင့် ရန်မဖြစ်စေလိုသည့် သဘောဖြင့် မာကူအိုကို ဖျန်ဖြေစကားပြောသည်။ သို့သော် တိုင်းဗော့သည် အလျှော့မပေး။ ရန်စကားဆိုရုံနှင့် မကျေနပ်။ ဓားထုတ်၍ မာကူအိုကို ထိုးလေ၏။ မာကူအို သေရသည်။ ထိုအခါ ရိုမီယိုလည်း ဒေါသပေါက်ကွဲကာ တိုင်းဗော့ကို ဓားနှင့် ထိုးသတ်လိုက်လေသည်။ ထိုပြစ်မှုကြောင့် ရိုမီယိုသည် ထိုနေ့မှာပင် ဗာရိုနာမှ နှင်ထုတ်ခံရလေတော့သည်။

သို့သော် ထိုညမှာပင် ရိုမီယိုသည် ဆရာတော် လောရင့်ထံသို့ တိတ်တဆိတ် ရောက်လာ၏။ ရိုမီယိုမှာ စိတ်ဓာတ်ကျဆင်းနေ၏။ ထိုအချိန်မှာပင် ဂျူလီယက်၏ အထိန်းတော်ကြီးလည်း ရောက်လာ၏။ ဂျူလီယက်ထံ လာတွေ့ရန် အကြောင်းကြားလာခြင်း ဖြစ်သည်။ ရိုမီယိုမှာ မိမိကိုယ်ကို သတ်သေမည်အထိ ဖြစ်နေ၏။ ထိုအခါ ဆရာတော်က ယခုလောလောဆယ် ဂျူလီယက်ကို သွားတွေ့ရန်နှင့် မနက်မလင်းမီ တခြားအရပ်တစ်ပါး၌ တိမ်းရှောင်နေရန်၊ ထိုသို့ တိမ်းရှောင်နေစဉ်အတွင်း ရိုမီယို အပြစ်လွတ်ရေးကို စီစဉ်မည်ဖြစ်ကြောင်း အကြံပေး ပြောကြား၏။ သို့ဖြင့် ရိုမီယိုသည် ဂျူလီယက်ရှိရာသို့ လာခဲ့သည်။ ဂျူလီယက်နှင့် တစ်ညလုံး တွေ့သည်။ နံနက်လင်းသည်နှင့် ဗာရိုနာမှ ခွာရလေတော့သည်။

ထိုစဉ်မှာပင် ဂျူလီယက်၏ အဖေသည် ဂျူလီယက်ကို ပဲရစ်အမည်ရှိ လူငယ်တစ်ယောက်နှင့် လက်ထပ်ပေးရန် စီစဉ်၏။ ဂျူလီယက်အဖေသည် သမီးနှင့် ရိုမီယိုအကြောင်းကို မသိ။ သမီးကလည်း ဖွင့်မပြောသာ။ ဂျူလီယက်အဖို့ ခက်ကြုံရလေပြီ။ ကနဦးတွင် အဖေဖြစ်သူအား အချိန်ဆွဲရန် ကြိုးစားသေး၏။ မရနိုင်။ ထို့ကြောင့် ဆရာတော် လောရင့်ရှိရာသို့ လာရ၏။ ဆရာတော်အား အကူအညီ တိုင်ပင်ရလေသည်။ ထိုအခါ ဆရာတော်က အသင့်ဖျော်စပ်ပြီး ဆေးကို

www.nyisay.com



ပေး၍ ထိုဆေးကို လက်မထပ်မီ ညတွင် သောက်ရန်၊ ထိုဆေးကို သောက်မိပါက ဂျူလိယက်သည် သေဆုံးသကဲ့သို့ ဖြစ်သွားမည် ဖြစ်ကြောင်း၊ အများကပင် ဂျူလိယက် သေပြီအထင်နှင့် ဂူသွင်းသင်္ဂြိုဟ်ကြမည်ဖြစ်ကြောင်း၊ ထိုအခါမှ ဆရာတော်သည် ရိုမီယိုထံသို့ ဂျူလိယက်ကို လာရောက်ခေါ်ယူဖို့ အကြောင်းကြား ပေးမည် ဖြစ်ကြောင်း၊ ရိုမီယို ရောက်လာသောအခါ ဆေးတန်ခိုးပြယ်ပြီးသော ဂျူလိယက်လည်း သတိရနေမည်ဖြစ်ရာ ချစ်သူနှစ်ဦး ဝေးရာသို့ ထွက်ပြေးလွတ် မြောက်နိုင်မည် ဖြစ်ကြောင်း ရှင်းပြ၏။ အစတွင် ဂျူလိယက်သည် ဆေးကို သောက်ရန် မရဲဘဲ ဖြစ်နေသေးသည်။ ထိုနောက်မှ ဆေးကို သောက်မည် ဖြစ်ကြောင်း ဝန်ခံပြီး ပြန်ခဲ့၏။ သို့ဖြင့် လက်မထပ်မီ ညမှာပင် ဂျူလိယက် ကွယ်လွန်ပြီအထင်နှင့် ဂျူလိယက်၏ မိသားစုသည် ဂျူလိယက်ကို ဂူသွင်း သင်္ဂြိုဟ်လိုက်ကြလေသည်။

ထိုအချိန်တွင် ဆရာတော်လောရင့်ထံမှ ရိုမီယိုထံသို့ ပို့လိုက်သော အကြောင်းကြားစာမှာ ရိုမီယိုလက်သို့ မရောက်ဘဲ ဖြစ်နေ၏။ သို့သော် ရိုမီယိုသည် ဂျူလိယက် သေဆုံးကြောင်းကိုကား ကြားသိရ၏။ ထို့ကြောင့် သူလည်း လူ့ဘဝ တွင် မနေတော့။ ဂျူလိယက်အပါးတွင် အတူသေမည် ဟူသော စိတ်ကူးဖြင့် အဆိပ်ကိုပါဆောင်လျက် ဗာရိုနာသို့ လာခဲ့သည်။ ဂျူလိယက်၏ ဂူသချိုင်းတွင်းသို့ လာခဲ့၏။ ထိုအချိန်က ဂျူလိယက်၏ အလောင်းနားတွင် ပဲရစ်သည် လွမ်းသူ့ ပန်းခွေချရန် ရောက်နေ၏။ ဂူတွင်းသို့ ဝင်လာသော ရိုမီယိုကို သင်္ချိုင်း ဖောက် ထွင်းသူ အထင်ဖြင့် ပဲရစ်သည် ဓားကိုဆွဲထုတ်၏။ ရိုမီယိုကမူ ပဲရစ်ကို ကက်ပျူ လက် အနွယ်ဝင်ဟု ထင်သည်။ သို့ဖြင့် ရိုမီယိုသည် ပဲရစ်ကို သတ်လိုက်လေသည်။ ထိုသို့ သတ်ပြီးမှ ပဲရစ်မှန်း သိ၏။ ပဲရစ်က သူ့အလောင်းကို ဂျူလိယက်အနီးမှာ ထားရန် ပြောသေး၏။ ရိုမီယိုသည် ပဲရစ်အလောင်းကို ဂျူလိယက်အလောင်းနှင့် ဝေးရာသို့ ပို့ထားလိုက်၏။ သူကိုယ်တိုင် ဂျူလိယက်အပါးမှာ သေရန်ဖြစ်သည်။ သို့ဖြင့် ရိုမီယိုသည် ဂျူလိယက် သေပြီအထင်ဖြင့် ဂျူလိယက်ကို နှုတ်ဆက်ရင်း နမ်းပြီး သူကိုယ်တိုင် ဂျူလိယက်၏အပါးတွင် ကပ်လျက် အဆိပ်သောက်ပြီး သေလိုက်လေသည်။

ထိုခဏမှာပင် ဂျူလိယက်မှာ အဆိပ်ပြယ်ပြီဖြစ်၍ သတိရလာ၏။ ဆရာတော် လောရင့်သည်လည်း သူ့အကြောင်းကြားစာ ရိုမီယို မရဟု သိရသဖြင့် သူကိုယ်တိုင် ဂျူလိယက်ကို ဂူတွင်းမှ ကယ်တင်ရန် လာခဲ့သည်။ ဆရာတော် ရောက်လာချိန်တွင် ရိုမီယို သေဆုံးနေပြီ ဖြစ်၏။ ဂျူလိယက်မှာ သတိရလာပေပြီ။ ဂျူလိယက်သည် အဆိပ်ခွက် ဘေးမှာကျလျက် ရိုမီယို သေဆုံးနေသည်ကို တွေ့

www.nyisay.com



သည်နှင့် တစ်ပြိုင်နက် ရိုမီယို၏ဘေးမှ ဓားကိုယူ၍ မိမိကိုယ်ကို ထိုးသတ် အဆုံး စီရင်လိုက်လေ၏။

ထိုဖြစ်ရပ်များနှင့် မရှေးမနှောင်းပင် သချိုင်းစောင့်တစ်ယောက် ရောက်လာပြီး ဖြစ်ရပ်စုံကို တွေ့ရလျှင် အစောင့်သည် အလန့်တကြား အော်ဟစ် ထွက်ပြေးခဲ့လေရာ ရိုမီယိုနှင့် ဂျူလီယက်တို့သတင်းသည် ချက်ချင်း ပျံ့နှံ့သွားလေ၏။ ထိုအခါ မွန်တေဂူ မိသားစုနှင့် ကက်ပျူလက် မိသားစုတို့သည် ရောက်လာ၏။ ဆရာတော်သည် မိသားစု နှစ်ခုစလုံးကို အကြောင်းစုံ ရှင်းပြ၏။ မိသားစုတို့မှာ ကလေးများအတွက် စိတ်မကောင်း ဖြစ်ရရုံမက အရှက်တကွဲလည်း ဖြစ်ကြရလေရာ မိသားစု နှစ်ခုစလုံးကပင် ရန်ငြိုးရန်ကြွေးကို ယနေ့မှစ၍ ပြေငြိမ်းပြီ ဖြစ်ကြောင်း သစ္စာဆိုကြလေ၏။

www.nyisay.com

## ဒွန်ကီးဆုတ် (၁၆၀၅)

### မိဂွဲ ဒီ ဆာဗန်တီ (၁၅၄၇-၁၆၁၆)

အနုပညာရှင်များသည် အဆီအငေါ် မတည့်သော လောက၏ အဖြစ်အပျက်များကို ထေ့ငေါ့၍ ဖော်ပြတတ်၏။ ယင်းသို့ ဖော်ပြသောစာကို ထေ့ငေါ့စာဟု စာပေဝေဖန်ရေးသမားများက ကင်ပွန်းတပ်ထား၏။ ထေ့ငေါ့စာသည် အနုပညာမမြောက်လျှင် အတင်းအဖျင်း ပြောသောစာများ ဖြစ်သွားတတ်သောကြောင့် အနုပညာရှင်များသည် ထေ့ငေါ့စာကို ဖန်တီးသောအခါ အနုပညာမြောက်အောင် ဖန်တီးတတ်ကြမြဲ ဖြစ်သည်။

ကမ္ဘာတွင် အနုပညာမြောက် ထေ့ငေါ့စာများအနက် စပိန်ပြည်သားစာရေးဆရာ ဆာဗန်တီ၏ ဒွန်ကီးဆုတ်ဝတ္ထုသည် အနုပညာအဆင့်အတန်းမြင့်သော ထေ့ငေါ့စာအဖြစ် ထင်ရှား၏။

ဒွန်ကီးဆုတ်သည် စပိန်နိုင်ငံ လာမန်ချာဒေသရှိ ရွာငယ်တစ်ရွာ၌ နေထိုင်သူ ဖြစ်သည်။ သူနေထိုင်သော ရာစုကား ၁၆ ရာစု ဖြစ်၏။ ၁၄ ရာစုနှစ်က သူရဲကောင်း ပုံပြင်ဝတ္ထုများကို အဟုတ်အမှန် ထင်ကာ သဘောကျနေ၏။ ၁၄ ရာစုနှစ် သူရဲကောင်း ပုံပြင်များတွင် ဒုက္ခရောက်နေသော မိန်းမချောများကို သူရဲကောင်းက ကယ်တင်ပုံ၊ ဘီလူး တစ္ဆေများနှင့် တိုက်ခိုက်ပုံ၊ နဂါး ဂဠုန်များနှင့် စစ်ခင်းပုံများကို ဖတ်၍ သူကိုယ်တိုင် သူရဲကောင်း ဖြစ်ချင်လာတော့၏။ ၁၆ ရာစုနှစ်တွင် သူရဲကောင်းများ မရှိတော့ပေ။ သို့သော် ဒွန်ကီးဆုတ်သည် သူရဲကောင်း ဖြစ်အောင် လုပ်ဆောင်တော့သည်။ သူသည် သံချပ်ဝတ်တန်ဆာ

www.nyisay.com



အဟောင်းကြီးနှင့် သံချေးတက်နေသော ဓားတစ်စင်းကို တွေ့ထားသည်။ သံခမောက် မရှိသေး။ သို့သော် ဆံပင်ညှပ်ဆိုင်မှ ခေါင်းလျှော်ရာတွင် အသုံးပြုသည့် ဇလုံကို သံခမောက် လုပ်လိုက်သည်။ မြင်းပိန်တစ်ကောင်ကို ရိုဆီနန့်ဟု အမည်ပေးလျက် စွန့်စားခန်း ရှာဖွေရန် ခရီးထွက်ခဲ့သည်။ အဆင်တန်ဆာအားဖြင့် ဒွန်ကီးဆုတ်သည် သူရဲကောင်း ဖြစ်ချေပြီ။ သို့သော် ခက်သည်က သူ ဖတ်ထားသော သူရဲကောင်း ဝတ္ထုများတွင် သူရဲကောင်းများသည် မိမိတို့၏ ချစ်သူအတွက် စွန့်စားတိုက်ခိုက်ကြသည်ဟု ပါရှိသည်။ သို့သော် ဒွန်ကီးဆုတ်တွင် ချစ်သူမရှိ။ ထို့ကြောင့် ဒွန်ကီးဆုတ်သည် လယ်သူမကလေးတစ်ဦးကို သူ့ချစ်သူအဖြစ် သတ်မှတ်လိုက်လေသည်။ ထိုလယ်သူမကလေးကို သူ ကောင်းကောင်း မသိ၊ သူ့ကိုမူ လယ်သူမကလေးက လုံးဝ မသိ။ ဒွန်ကီးဆုတ်သည် သူ ရွေးချယ်လိုက်သော ချစ်သူကို ခံ့ညားထည်ဝါသွားစေရန် ဒူဆီးနီးယား ဒယ်တိုဗိုဆို (တိုဗိုဆို မင်းသမီး ဒူဆီးနီးယား)ဟု ကင်ပွန်းတပ်လိုက်သေးသည်။

သူရဲကောင်း အဆောင်အယောင်သာ ပြည့်စုံသော ဒွန်ကီးဆုတ်သည် တကယ့် သူရဲကောင်းစစ်စစ် မဖြစ်သေးပေ။ သူ့ကို လော့ဒ်တစ်ဦးဦးက အခမ်းအနားဖြင့် သူရဲကောင်းပြုရန် လိုပေသေးသည်။ ဒွန်ကီးဆုတ်သည် ထမင်းဆိုင်တစ်ဆိုင်ကို တွေ့သောအခါ သူ့စိတ်ထဲ၌ ထိုထမင်းဆိုင်ကို ရဲတိုက်ကြီးဟု ထင်မှတ်၏။ ထမင်းဆိုင်ရှင်ကို လော့ဒ်တစ်ဦးဟု ယူဆကာ သူ့အား သူရဲကောင်း ပြုပါရန် ပန်ကြား၏။ ထမင်းဆိုင်ရှင်သည် ဒွန်ကီးဆုတ်အား အရူးတစ်ယောက်ဟု ထင်မှတ်ပြီး သူ့ထမင်းဆိုင်၌ လာရောက် တည်းခိုသူအပေါင်း ရယ်မောရစေရန် ဒွန်ကီးဆုတ်အား သူရဲကောင်း ပြုပေးလိုက်၏။ ဒွန်ကီးဆုတ်ကား တကယ် သူရဲကောင်း ဖြစ်ပေပြီ။

သူရဲကောင်းဖြစ်လျှင် နောက်တော်ပါတစ်ယောက် ရှိရဦးမည်။ ထို့ကြောင့် လယ်သမား ဆန်ချိုပန်ဇာကို သူ့နောက်တော်ပါအဖြစ် လိုက်ပါရန် ငှားရမ်း၏။ ဒွန်ကီးဆုတ် အောင်မြင်ကြီးပွားသော သူရဲကောင်းဖြစ်လျှင် ဆန်ချိုပန်ဇာကို ကျွန်းတစ်ကျွန်းပိုင်ပေးကာ ဘုရင်ခံအဖြစ် ခန့်ထားမည်ဟု ဒွန်ကီးဆုတ်က ဆို၏။

ဒွန်ကီးဆုတ်သည် လေရဟတ်ကြီးများကို ဘီလူး သဘက်ကြီးများ လက်ရုံးတစ်ထောင် ဖွေ့ယမ်းလျက် ရန်ပြုနေသည်ဟု အထင်ရောက်ကာ လှံဖြင့် ဝင်ရောက်တိုက်ခိုက်၏။ သူရဲကောင်းကြီးကို လေရဟတ်၏ ဒလက်တံများက မြင်းပေါ်မှ ရိုက်ချလိုက်၏။ သိုးအုပ်ကြီးကိုလည်း ရန်သူ၏ တပ်များဟုထင်ကာ တိုက်ခိုက်ပြန်ရာ သိုးကျောင်းသမားတို့၏ တုတ်ချက်မိခံရ၏။ သိုးသားရေဖြင့် ချုပ်ထားသော ဝိုင်အရက်အိတ်များမှ နီရဲရဲဝိုင်ရည်များ ထွက်လာသည်ကို သွေးများ

www.nyisay.com



ယိုစီးနေသည့် မကောင်းဆိုးရွားများဟု ထင်ပြီး ဝိုင်အရက်အိတ်များကို ခုတ်ထစ်၏။

ဒွန်ကီးဆုတ်၏သတင်းကို ကြားရသော သူ့မိတ်ဆွေများ၊ အိမ်သူအိမ်သားများသည် စိုးရိမ်ပူပန်လာ၏။ ထိုကြောင့် ရွာမှ ဆံပင်ညှပ်သမားကို ဒွန်ကီးဆုတ်ရှိရာသို့ စေလွှတ်ကာ ဒွန်ကီးဆုတ်၏ ချစ်သူ လေဒီ ဒူဆီးနီးယား ဒုက္ခရောက်နေ၍ လာရောက်ကယ်တင်ရန် ပြောခိုင်းရသည်။ သူတို့သည် ဒွန်ကီးဆုတ်ကို လှောင်အိမ်ထဲ၌ထည့်ကာ နွားလှည်းဖြင့် တင်ဆောင်ပြီး ရွာသို့ ပြန်ခေါ်ခဲ့၏။ သူရဲကောင်း ဒွန်ကီးဆုတ်၏ စိတ်အစဉ်သည် ရှုပ်ထွေး နောက်ကျိနေ၏။ ကိုယ်ခန္ဓာလည်း ပန်းလျလျ အားနည်းနေ၏။ ဒွန်ကီးဆုတ်၏တူမက သူ့ဦးလေးကို ကျန်းမာလာအောင် ပြုစုရလေသည်။

ကိုယ်ခန္ဓာ ကျန်းမာသော်လည်း စိတ်မကျန်းမာသေးသော ဒွန်ကီးဆုတ်သည် နောက်လိုက် ဆန်ချိုပန်ဇာနှင့်အတူ သူ့ချစ်သူ လေဒီဒူဆီးနီးယားကို တွေ့ရန် ထွက်ခဲ့ကြပြန်၏။ လမ်းခရီးတွင် ဒွန်ကီးဆုတ်သည် ယခင့်ယခင် စွန့်စားခန်းများလို စွန့်စားခန်းများစွာ တွေ့ရပြန်သည်။

စွန့်စားခန်းများကို ရင်ဆိုင်ပြီးနောက် ဒွန်ကီးဆုတ်၏ ထူးခြားသော အပြုအမူ သတင်းကို ကြားထားပြီးဖြစ်သည့် မြို့စားကြီးနှင့် မြို့စားကတော်တို့၏ ရဲတိုက်သို့ ဒွန်ကီးဆုတ် ရောက်လာသည်။ မြို့စားကြီးနှင့် မြို့စားကတော်တို့သည် ဒွန်ကီးဆုတ်၏သတင်းကို ကြားကတည်းက အရူးဘုံမြှောက်လိုနေသည်။ ဒွန်ကီးဆုတ် ရောက်လာသောအခါ မြို့စားဇနီးမောင်နှံသည် သူ့လူအပေါင်းအား ဒွန်ကီးဆုတ်ကို တကယ့် သူရဲကောင်းကြီးသဖွယ် ဆက်ဆံရန် ညွှန်ကြားထားသည်။ မြို့စားဇနီးမောင်နှံက ဒွန်ကီးဆုတ်ကို ဘုံမြှောက်ပေးခြင်းဖြင့် ရယ်မောစရာတွေ တွေ့ရလိမ့်မည်ဟု ယူဆသည်။ ဒွန်ကီးဆုတ်ကမူ မြို့စားဇနီးမောင်နှံ၏ ဆင်ကွက်ကို တကယ်အဟုတ် ထင်မှတ်နေလေသည်။

ဒွန်ကီးဆုတ်၏ နောက်တော်ပါ ဆန်ချိုပန်ဇာကိုလည်း ကျွန်းတစ်ကျွန်းတွင် ဘုရင်ခံ ခန့်သည်။ ဒွန်ကီးဆုတ်၏ ကတိစကားကို ဖြည့်သည့်အနေဖြင့် ဖြစ်သည်။ ဆန်ချိုပန်ဇာ ဘုရင်ခံဖြစ်သော ကျွန်းကား တကယ့်ကျွန်း မဟုတ်ပေ။ မြို့စား၏ ပိုင်နယ်တွင်ရှိသော ဗာရာတာရီယာ ခေါ်သော ရွာကလေးတစ်ရွာသာ ဖြစ်သည်။ မြို့စားက ရွာသူရွာသားများသည် ဆန်ချိုပန်ဇာ၏အမိန့်ကို နာခံရမည်ဟု ညွှန်ကြားသည်။ မြို့စားက ရယ်စရာလုပ်သော်လည်း ဆန်ချိုသည် ဗာရာတာရီယာကို ကောင်းစွာ အုပ်ချုပ်နိုင်သည်။ တရားရေးရာများကိုလည်း ကောင်းစွာ စီရင်နိုင်သည်။ သို့သော် ဗာရာတာရီယာ၏ ဘုရင်ခံအဖြစ် ၁၂ ရက်သာ အုပ်ချုပ်ပြီး

www.nyisay.com



ထွက်လိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် မြို့စားက ဗာရာတာရီယာကို ရန်သူက ဝင်ရောက် သိမ်းပိုက်ဟန် ဇာတ်ဆင်လိုက်သောကြောင့် ဖြစ်သည်။

သူရဲကောင်း ဖြစ်ချင်နေသော ဒွန်ကီးဆုတ်ကို နဂိုစိတ်ရင်းသို့ရောက်အောင် လုပ်ဆောင်ပေးမည့်သူ ပေါ်လာသည်။ သူကား ဒွန်ကီးဆုတ်နှင့် တစ်ရွာတည်းသား ဖြစ်သူ"ဆန်ဆွန်ကာရတ်စကို" ဖြစ်သည်။ ဆန်ဆွန်ကာရတ်စကိုသည် သူရဲကောင်း ဟန်ဆောင်ကာ ဒွန်ကီးဆုတ်နှင့် စီးချင်းတိုက်ရန် အရေးဆိုသည်။ ရှုံးသူသည် နိုင်သူက ပေးသောအမိန့်ကို တစ်သဝေမတိမ်း နာခံပါမည်ဟု ဝန်ခံရသည်။ စီးချင်းတိုက်သောအခါ ဒွန်ကီးဆုတ် အရေးနိမ့်သည်။ နိုင်သူက ဒွန်ကီးဆုတ်သည် မိမိ ရပ်ရွာသို့ ပြန်သွားရမည်။ တစ်နှစ်အတွင်း မည်သည့်တိုက်ခိုက်ခြင်းမျိုးကိုမှ မပြုရဟု အမိန့်ပေးသည်။ ဒွန်ကီးဆုတ်သည် မကျေနပ်သော်လည်း သူရဲကောင်းပီပီသူ ဝန်ခံ ကတိထားသည့်အတိုင်း ရွာပြန်သည်။ ဒွန်ကီးဆုတ်သည် သူ၏ မူရင်းနာမည်ဖြစ်သော ဆီညောအယ်လောင်ဆို ကီယာနိုကို ပြန်ယူသည်။ စိတ်ကူးယဉ်မှုများနောက်သို့ မလိုက်တော့ပေ။ စိတ်ကောင်း ပြန်ဝင်လာခါမှ အယ်လောင်ဆိုကီယာနိုသည် အဖျားရောဂါဖြင့် သေဆုံးခဲ့လေသည်။

မိဂွဲ ဒီ ဆာဗန်တီ ဆာဗီဒရာ ရေးသော ဒွန်ကီးဆုတ်ဝတ္ထုသည် နှစ်အုပ်တွဲ ဝတ္ထု ဖြစ်သည်။ ပထမအုပ်ကို ၁၆၀၅ ခုနှစ်တွင် ထုတ်ဝေသည်။ ဒုတိယပိုင်းကို ၁၆၁၅ ခုနှစ်၌ ထုတ်ဝေသည်။ ပထမအုပ်တွင် ဒွန်ကီးဆုတ်သည် စိတ်ကူးယဉ်သူ၊ ယဉ်ယဉ်ကလေး ရူးနေသူဟု ယူဆရသည်။ သို့သော် ဒုတိယတွဲတွင်မူ ဆာဗန်တီက ဒွန်ကီးဆုတ်က ရူးသလား၊ လောက က ရူးသလားဟု ဒဿနမေးခွန်းကို တင်လာသည်။ အရူးကို ဘုံမြှောက်ပေးသူ(ပုံစံ-မြို့စား ဇနီးမောင်နှံ) ကသာ ရူးနေသည်ကို ပြသည်။ သို့ဖြင့် အစစ်အမှန်နှင့် ဟုတ်ယောင်မှုသည် သိပ်ပြီး ခြားခြားနားနား မရှိလှကြောင်းကိုလည်း ဆာဗန်တီက ဆိုပေသည်။ ဒွန်ကီးဆုတ်ဝတ္ထုတွင် ဒွန်ကီးဆုတ်နှင့် ဆန်ချိုတို့၏ စရိုက်အဖွဲ့သည် စာပေလောကရှိ စရိုက်အဖွဲ့၌ ထိပ်တန်းနေရာ ရယူထားသည်။ ဆန်ချိုနှင့် ဒွန်ကီးဆုတ် နှစ်ဦးသည် ပထမအုပ်တွင် တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ဘက် ဖြစ်သည်။ စရိုက်ကွာသည်။ ဒုတိယအုပ်တွင်မူ ဆန်ချိုနှင့် ဒွန်ကီးဆုတ်၏ စရိုက်သည် တစ်နေရာတွင် တစ်သားတည်း ရောသွားပြီးနောက် ဆန်ချို၏စရိုက်က တစ်ဖက်အစွန်း၊ ဒွန်ကီးဆုတ်စရိုက်က တစ်ဖက်အစွန်းသို့ ရောက်သွားပြန်သည်။ ဆန်ချိုက စကားကြီးစကားကျယ်တွေ ပြောလာကာ ဒွန်ကီးဆုတ်က မိလက္ခ စကားများကို သုံးသည်။ ဤသို့ဖြင့် ရူးသူ၊ မရူးသူ၏ ခြားနားမှုမျဉ်းသည် သေးငယ် မှေးမှိန်သွားပြန်လေသည်။

www.nyisay.com

## မဟာဆန်ချင်သူ (၁၆၇၀)

### မိုးလျဲ ( ၁၆၂၂-၁၆၇၃ )

**မဟာဆန်ချင်သူ**မှာ ပြဇာတ် ဖြစ်သည်။ ပြင်သစ်စာရေးဆရာကြီး မိုးလျဲသည် ဆယ့်ခုနစ်ရာစုတွင် ထင်ရှားကျော်ကြားလာသည့် ပြဇာတ်ရေးဆရာ ဖြစ်လာသည်။ လူဝီ ၁၄ က ချီးမြှောက်ကာ သူ့ ပြဇာတ်များကို နန်းတော်၌ ကပြစေသည်။

သူ၏ ပြဇာတ်များမှာ ဟာသဇာတ် များလေသည်။ ဂုဏ်ပကာသနကို လိုက်စားသည့် လူတို့၏သဘော၊ ကြောင်သူတော်တို့၏ သဘော၊ ဆေးသမား အတုအယောင်တို့၏ သဘောကို အများသိအောင်၊ သတိထားမိလာအောင် ပြောင်လှောင်၍ ရေးသားသည်။ ဟာသနှင့် လူ့လောကကို ရေးပြရာတွင် အင်္ဂလိပ်လူမျိုးတို့သည် မိုးလျဲကို ရှိတ်စပီးယားနှင့် နှိုင်းလေသည်။

သူ၏ ပြဇာတ်များကို မြန်မာပြန်ဖူးကြသည်။ သခင်ဘသောင်း၏ **ဆရာဝန်ပါပဲ** ပြဇာတ်သည် သူ့ပြဇာတ်ပင် ဖြစ်သည်။ ယခု **မဟာဆန်ချင်သူ** ကို ဇော်ဂျီက ၁၉၃၄ တွင် ပြန်ဆိုခဲ့သည်။ မူရင်းမှာThe Bourgeois Gentleman ဖြစ်သည်။ ထိုပြဇာတ်ကို မိုးလျဲ မကွယ်လွန်မီ သုံးနှစ်အလို ၁၆၇၀ တွင် စင်တင်ခဲ့သည်။

သူသည် ကုန်သည်မျိုးရိုး ဖြစ်သည်။ နာမည်ရင်းမှာ ပိုကယ်လင် ဖြစ်သည်။ ၁၆၂၂ တွင် ပြင်သစ်ပြည် ပါရီမြို့၌ ဖွားမြင်သည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



**မဟာဆန်ချင်သူ** ကိုကား မြန်မာပရိသတ် သိပြီးဖြစ်သည်။ ယင်းထဲမှ အဓိကဇာတ်ဆောင် ဆီကုန်သည်ကြီး ဦးရွှေနှောင်း၏ 'ကြည့်စမ်း၊ အနှစ် လေးဆယ်တိုင်တိုင် ကျွန်တော် စကားပြေတွေ ပြောနေပါကလား။ အစက ဒီလိုမှန်း မသိတာ နာလိုက်ပါဘိ ဆရာ' ဟူသော စကားလုံးတို့ကို ကျွန်တော်တို့ အတန်အသင့် ရင်းနှီးခဲ့ပြီဟု ထင်ပါသည်။

မဟာဆန်ချင်သူ ပြင်သစ်မူရင်း ဇာတ်လမ်းမှာ ဤသို့ ဖြစ်ပါသည်။

မွန်ဆီယာဂျော်ဒန်သည် အလွန်တော်ဝင်ချင်သည့်၊ လူကြီးလူကောင်းဖြစ်ချင်သည့်၊ မင်းပါးစိုးခွင် ဝင်ချင်သည့် ကုန်သည်တစ်ယောက် ဖြစ်သည်။ သူသည် အလွန်မဟာဆန်ချင်သည်။ ထို့ကြောင့် သူသည် မဟာဆန်ချင်သူတို့ တတ်အပ်သည့် အတတ်ပညာများကို သင်ယူသည်။ အက သင်ဆရာ၊ သီချင်းဆိုဆရာ၊ ဓားသိုင်း တုတ်သိုင်းဆရာ၊ အဘိဓမ္မာဆရာနှင့် အခြားဆရာမျိုးစုံတို့ကို အိမ်သို့ခေါ်ကာ သင်ကြားသည်။ မင်းညီမင်းသားတို့၏ အဌာရသ ဆယ့်ရှစ်ပါးကို သူ အလွန်စိတ်ဝင်စားသည်။ အားလုံးက သူ့ထံမှ ငွေချူကြသည်။ အက ဆရာက ဂုဏ်သရေရှိ အမျိုးသမီးတို့နှင့် ပြောဆိုဆက်ဆံနည်းကို သင်သည်။ အဘိဓမ္မာဆရာက သူပြောသည့် စကားတို့မှာ စကားပြေ ဖြစ်သည် ဆိုသည်။ ထိုပြင် စကားပြောသည့်အခါ ဗျည်းတို့၊ သရတို့နှင့် ပြောသည်ကိုလည်း မွန်ဆီယာဂျော်ဒန် သဘောပေါက်လာသည်။

မွန်ဆီယာဂျော်ဒန်တစ်ယောက် မဟာဆန်ချင်နေသည်မှာ မြို့စားကတော်လေး ဒိုရိုမင်းကို မျက်စိကျနေ၍ ဖြစ်သည်။ သူ့ဇနီး မဒမ်ဂျော်ဒန်သည် သူ့ယောကျ်ားကြီးအကြောင်း သိသည်။ ယခုလို ရူးပေါပေါဖြစ်ကာ အကသင်လိုက်၊ အဆိုသင်လိုက်၊ ဓားသိုင်းသင်လိုက် လုပ်နေသည်ကို သဘောမကျ။

မွန်ဆီယာဂျော်ဒန်ကို ကောင့်ဒိုရင့်ဆိုသူ တစ်ယောက်က မြှောက်ထိုးပင့်ကော်လုပ်ကာ ပိုက်ဆံရသမျှ ချူသည်။ သူသည် ဂျော်ဒန်ထံမှ ပိုက်ဆံချေးသည်။ မြို့စားကတော်လေး ဒိုရိုမင်းနှင့် နီးအောင်ကြံပေးမည်ဟု မက်လုံးပေးထားသည်။ ဒိုရိုမင်းနှင့် တွေ့ရအောင် ကြံဆောင်ပေးမည်။ ထိုအခါ ဂျော်ဒန်က အိမ်က အဘွားကြီးကို တစ်နေရာသို့ နှင်ထုတ်ထားမည်ဟု ဆိုသည်။ မဒမ်ဂျော်ဒန်သည် သူ့ယောကျ်ားနှင့် ဒိုရင့်တို့ တပူးတွဲတွဲလုပ်ကာ တီးတိုးပြောဆိုနေကြသည်ကို မသင်္ကာ။ ထို့ကြောင့် အိမ်စေမလေး နစ်ကိုးကို စောင့်ကြည့်ခိုင်းသည်။ သူတို့ မဖွယ်မရာ တစ်ခုခုလုပ်ကြမည်သာ သိရသည်။ ဘာလုပ်မည်ကို မသိရ။

ဂျော်ဒန်၏သမီး လူစီသည် ကလီယွန်ဆိုသူနှင့် ချစ်ကြိုက်နေသည်။ နစ်ကိုးက ကလီယွန်၏ နောက်တော်ပါး ကိုဗီးကို ကြိုက်နေသည်။ တစ်နေ့တွင်

www.nyisay.com



လမ်း၌ နှစ်စုံတွဲ တွေ့ကြရာ လူစီနှင့် နှစ်ကိုးတို့က သူတို့ချစ်သူနှစ်ယောက်ကို မသိကျိုးကျွန်ပြုသွားသဖြင့် အထင်မှားကြသည်။ သို့သော်လည်း လူစီ၏အဒေါ် ရိပ်မိမည်စိုးသဖြင့် ဟန်လုပ်လိုက်ရကြောင်း သိရသည့်အခါ ပြန်လည်သင့်မြတ်သွားကြသည်။ လူစီနှင့် ကလီယွန်တို့သည် အဖေကြီး ဂျော်ဒန် သဘောတူလျှင် လက်ထပ်ချင်ပြီ။ သို့သော် ဂျော်ဒန်က သူ့သမီးနှင့် ကလီယွန်ကို သဘောမတူ။ ကလီယွန်သည် မင်းပါးစိုးခွင် မဝင်ဆံ့။ ရိုးသားသည့်ဂုဏ်၊ ပိုက်ဆံရှိသည့် ဂုဏ်တို့ ရှိငြားလည်း သဘောမတူနိုင်။ မဒမ်ဂျော်ဒန်ကမူ အဖေကြီး သဘောတူအောင် သူ ပြောပေးမည်ဟု ဆိုသည်။ သို့သော်လည်း အဖေကြီး ဂျော်ဒန်ကို ပြော၍မရ။ နောက်ဆုံးတွင် ကလီယွန်၏ တပည့်ကျော် ကိုဗီးက တစ်မျိုး ဉာဏ်ဆင်မည်ဟု အကြံဖြစ်သည်။

ထိုအတောအတွင်း ဒိုရင့်သည် အဘိုးကြီး၏ ပိုက်ဆံကို ရနိုင်သမျှ ချူသည်။ ဒိုရီမင်း အကြောင်းပြကာ လက်ဆောင်ပစ္စည်းတို့ ဝယ်ရန်ဆိုပြီး ငွေတောင်းသည်။ သို့သော် မြို့စားကတော်လေး ဒိုရီမင်းလက်သို့ ရောက်သွားသည့် ငွေနှင့် လက်ဆောင်ပစ္စည်းတို့မှာ အဘိုးကြီး၏ လက်ဆောင်မဟုတ်ဘဲ သူ့လက်ဆောင် ဖြစ်သွားရသည်။ စိန်လက်စွပ် တစ်ကွင်းကိုပင် ဒိုရီမင်း ရလိုက်သည်။

မွန်စီယာဂျော်ဒန်၏ အိမ်တွင် ညစာ တည်ခင်း ကျွေးမွေးသည့်အခါ မြို့စားကတော်လေးမှာ ဂျော်ဒန်၏စကားတို့ကြောင့် တစ်မျိုးကြောင်နေသည်။ မွန်ဆီယာဂျော်ဒန်သည် သူ့ကို ပိုးပန်းစကား ပြောနေသည်။ သူ့ကိုယ်သူမူ မြို့စားကတော်လေးသည် ဒိုရင့်၏ တိတ်တိတ်ပုန်း မယားလေးဟုသာ သဘောထားသည်။ ထမင်းစားနေခိုက် မဒမ်ဂျော်ဒန် ရောက်လာပြီး အဘိုးကြီးကို ဆူပူကြိမ်းမောင်းသည့်အခါ မြို့စားကတော်လေးမှာ ပို၍ စိတ်ရှုပ်သွားသည်။ ယခုမူ သူသည် လင်ခိုးမ ဖြစ်နေပြီ။ အရူးမလို မိန်းမကြီးတစ်ယောက်က လာ၍ စော်ကားနေပြီ။ သို့နှင့် ဒိုရီမင်းသည် မျက်ရည်စက်လက်နှင့် ထမင်းစားပွဲမှ ပြန်သွားသည်။

ကိုဗီးသည် ရုပ်ဖျက်လျက် မွန်ဆီယာဂျော်ဒန်ကို တွေ့ကာ တကယ်စင်စစ် ဂျော်ဒန်သည် ကုန်သည်မျိုးရိုး မဟုတ်။ မူးမျိုးမတ်နွယ် ဖြစ်သည်ဟု ဆိုသည်။ ဂျော်ဒန်ကား သူ့ကိုယ်သူ မူးမတ်မျိုးဟု တကယ်ပင် ယုံနေသည်။ ထိုနောက် တူရကီမင်းသားလေး တစ်ပါးသည် လူစီကို လက်ထပ်သိမ်းပိုက်လိုသည်ဟု ဆိုသည်။ မွန်ဆီယာဂျော်ဒန်ကား သူ့သမီးကို တူရကီမင်းသားလေးလက်သို့ အပ်ရန် အသင့်ရှိနေသည်။ အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်လာသည်။ သမီး လူစီကမူ ကလီယွန်ကလွဲလျှင် ဖွဲနှင့် ဆန်ကွဲဟု ဆိုသည်။ ဘယ်သူ့ကိုမှ မယူနိုင်ဟု တင်းတင်းနေသည်။

www.nyisay.com



ထိုနောက် ကလီယွန်သည် ရုပ်ဖျက်ပြီး တူရကီမင်းသားလေးလို ဝတ်ဆင်ကာ ရောက်လာသည်။ လူစီက သူ့ချစ်သူ ကလီယွန်ကို ကောင်းကောင်း မှတ်မိသည်။ ထို့ကြောင့် တူရကီမင်းသားလေးကို မြတ်နိုးလက်ခံပါသည်ဟု ဆိုသည်။ အမေကြီး မဒမ်ဂျော်ဒန်ကမူ သမီးအား ကလီယွန်ကလွဲလျှင် မယူနိုင်ဆိုလျက် ယခု လက်ခံရပါမည်လားဟု ဆူပူသည်။ သို့သော် ကိုဗီးက တူရကီ မင်းသားလေးမှာ ကလီယွန်ပင်ဖြစ်ကြောင်း တိုးတိုးပြောသဖြင့် လက်ထပ်ရေးကို သဘောတူလိုက်သည်။ သို့နှင့် တရားဝင်လက်ထပ်ရန် ရှေ့နေရှေ့ရပ်တို့ကို အခေါ်ခိုင်းသည်။ ထိုအချိန်မှာပင် ကောင့်ဒိုရင့်နှင့် မြို့စားကတော်လေး ဒိုရိုမင်းတို့လည်း လက်ထပ်ကြမည်ဟု တိုင်ပင်နေသည်။ ထိုအကြောင်းကို မရိပ်မိသေးသော မဟာဆန်ချင်သူ ဂျော်ဒန်သည် သူ့ဇနီး မဒမ်ဂျော်ဒန်ကို လိုချင်သူ ယူကြပါဟု စွန့်ကြဲနေသည်။ သူ့အဖို့မူ မြို့စားကတော်လေး၏ အချစ်ပန်းကို ဆင်မြန်းရတော့မည်ဟု ယုံကြည်ကာ ပျော်မြူးနေသည်။ ထိုအခါတွင်မှ အကွက်ဆင်သူ ကိုဗီးက 'လောကမှာ ဒီလို ရူးတဲ့ မိုက်တဲ့ သတ္တဝါမျိုး တွေ့ဖူးကြရဲ့လား၊ ရွှေပွဲလာတို့ဗျား' ဟု ပြောချလိုက်လေသည်။

www.nyisay.com

## သင်္ချာ သဘောတရား (၁၆၈၇)

## ဆာ အိုင်ဆက် နယူတန် (၁၆၄၂-၁၇၂၇)

နှစ်ဆယ်ရာစုတွင် သိပ္ပံပညာသည် အသစ်အသစ်သော ရှာဖွေတွေ့ရှိချက်များကြောင့် အံ့မခန်း တိုးတက်လာသည်။ ဂြိုဟ်တုများ လွှတ်ခြင်း၊ လပေါ်သို့ လူသားတို့ ခြေချခြင်းတို့သည်ကား နှစ်ဆယ်ရာစု၏ အထွတ်အထိပ် ဖြစ်သည်။ ယင်းတို့အနက် အိုင်စတိုင်း၏ **ဆက်စပ်နိူင်းရှည့်မှု သဘောတရားသည်** နယူတန်၏ သင်္ချာသဘောတရားကို သရဖူဆောင်းလိုက်သည်။

မည်သို့ဖြစ်စေ၊ သိပ္ပံပညာရှင်များကမူ နှစ်ဆယ်ရာစု၏ သိပ္ပံတိုးတက်မှုအဝဝသည် နယူတန်၏ နိယာမများတွင် အခြေခံသည်ဟု တညီတညွတ်တည်း အဆိုပြုကြသည်။ နယူးယောက်မြို့က မိုးထိုးတိုက်ကြီး၏ တည်ဆောက်မှုအင်ဂျင်နီယာပညာ၊ မီးရထားတံတား၊ မော်တော်ကားတစ်စီး၏ ရွေ့လျားမှု၊ လေယာဉ်ပျံ၏ ပျံသန်းမှုခရီး၊ သမုဒ္ဒရာကြီးကို ဖြတ်ကျော်သည့် သင်္ဘောတစ်စီး၊ အားလုံးသည် အခြေခံအားဖြင့် နယူတန်၏ သင်္ချာသဘောတရားများအပေါ် မူတည်ပေသည်။ နယူတန်၏ သဘောတရားတို့သည် ယခုခေတ်အမြင်နှင့် ကြည့်လျှင်သာ မပြည့်စုံဟု ပြောရခြင်း ဖြစ်သည်။ ယနေ့မျက်မှောက်ခေတ်တွင် နေ့စဉ်ကြုံတွေ့နေရသည့် သိပ္ပံပညာ အခြေခံတို့သည် နယူတန်၏ သဘောတရားပေါ်တွင် အခြေခံသည်။

ထို့ကြောင့် အိုင်စတိုင်းက နယူတန်အား ဤသို့ ချီးကျူးဂုဏ်ပြုခဲ့သည်။ "သဘာဝလောကကြီးသည် သူ လေ့လာဖတ်ရှုသည့် စာအုပ်ကြီးတစ်အုပ် ဖြစ်နေသည်။ ယင်းအထဲမှ စာလုံးများကို သူသည် အားမထုတ်ရဘဲ ဖတ်နိုင်သည်။

www.nyisay.com



နယူတန်တည်းဟူသော လူတစ်ယောက်ထဲတွင် တီထွင်သူ၊ သဘောတရားသစ် ဖန်တီးသူ၊ မက္ကင်းနစ်နှင့် အနုပညာရှင်တို့ ပေါင်းရုံးနေသည်။”

အမှန်စင်စစ် နယူတန်သည် နက္ခတ္တ ရူပဗေဒတွင် လမ်းသစ်ထွင်သူ တစ်ဦး ဖြစ်သည်။

ကော့ပါးနိကတ် သေပြီးနောက် နှစ်ပေါင်းတစ်ရာတိတိတွင် နယူတန် လူဖြစ်လာသည်။ သူ မွေးသည့်နှစ်မှာပင် ဂယ်လီလီယို သေသည်။ ကော့ပါးနိကတ်၊ ဂယ်လီလီယို၊ ကက်ပလာ စသူတို့ကား နက္ခတ်ပညာ လောကတွင် ဘုရားကြီးများ ဖြစ်သည်။ သူတို့၏ သဘောတရားများတွင် အခြေခံကာ နယူတန်သည် လမ်းရိုးဟောင်းတွင် လမ်းသစ်ထွင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဆယ့်ခုနစ်ရာစုသည် သင်္ချာပညာ ထွန်းကားသည့်ခေတ် ဖြစ်သည်။ ဆယ့်ရှစ်ရာစုကား ဓာတုဗေဒ ထွန်းကားသည့်ခေတ်၊ ဆယ့်ကိုးရာစုကား ဇီဝဗေဒ ထွန်းကားသည့်ခေတ်တို့ ဖြစ်သည်။ ဆယ့်ခုနစ်ရာစု နောက်ဆုံး အနှစ် လေးဆယ် အတွင်း နယူတန်သည် သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ နက္ခတ္တဗေဒတို့ကို လေ့လာ ပေါင်းရုံး၍ လမ်းသစ်ရှာခဲ့သည်။

နယူတန်ကို ၁၆၄၂ ခရစ္စမတ်နေ့တွင် မွေးသည်။ အင်္ဂလန်ပြည်တွင် အော်လီဗာကရွမ်ဝဲ၏ ဓနသဟာယ အစိုးရ အတက်အကျကို သူ မြင်တွေ့ခွင့် ရခဲ့သည်။ ထိုအချိန်တွင် လန်ဒန်မြို့ကြီး မီးအကြီးအကျယ်လောင်သည်။ ပလိပ် ကပ်ရောဂါဆိုက်သဖြင့် လန်ဒန်မြို့၏ သုံးပုံတစ်ပုံ သေကျေပျက်စီးရသည်။ ထိုခေတ်တွင် ကြီးပြင်းခဲ့ရသည့် နယူတန် ကိန်းဗရစ်တက္ကသိုလ်တွင် သင်္ချာကို လေ့လာသည်။ ကျောင်းသားဘဝမှာပင် **ဒွိနာမ သီအိုရမ်** ကို တွေ့ခဲ့သည်။

ပလိပ်ကပ်ဆိုက်သဖြင့် ကိန်းဗရစ်တက္ကသိုလ်ကို ၁၆၆၅ တွင် ပိတ်လိုက် ရသည့်အခါ နယူတန်သည် တောသို့ ပြန်နေရသည်။ နှစ်နှစ်လုံးလုံး လောကကြီး နှင့် အဆက်ပြတ်နေသည်။ ထိုကာလမှာပင် သူသည် စမ်းသပ်တီထွင်မှုများကို မနားမနေ လုပ်သည်။ ရလဒ်ကား အံ့ဩစရာ ကောင်းလှသည်။ သူ့အသက် နှစ်ဆယ့်ငါးနှစ် မပြည့်မီပင် သိပ္ပံပညာလောက၌ ထိပ်တန်းစာရင်း တင်ရမည့် ရှာဖွေတွေ့ရှိချက်ကြီး သုံးခုကို တံခွန်ထူနိုင်ခဲ့သည်။ သိပ္ပံပညာအရာတွင် ရှာမှ ရှားသည့် ဉာဏ်ပဂေးရှင်ကြီးတို့ ချီးကျူးရသည့် သဘောတရားသစ်မျိုး ဖြစ်သည်။

ပထမဆုံး ရှာဖွေတွေ့ရှိချက်မှာ **အလိုက်ပြောင်း ကဲကုလသင်္ချာ** ပင် ဖြစ်သည်။ နယူတန်ကမူ **စီးဝင်ခြင်း** သဘောတရားဟု ခေါ်သည်။ အကြောင်းမှာ ယင်းသည် ပြောင်းလဲနေသော မတ္တာများ၊ သို့မဟုတ် စီးဆင်းနေသော မတ္တာ များနှင့် ပတ်သက်သောကြောင့် ဖြစ်သည်။ ဤကဲကုလသင်္ချာသည် လှုပ်ရှားမှု

www.nyisay.com



မှန်သမျှနှင့် ပတ်သက်နေသည်။ ရေစီးခြင်း၊ ဝတ္ထုပစ္စည်းများ ရွေ့လျားခြင်း၊ လှိုင်းများ ရွေ့လျားခြင်းတို့ ပါဝင်သည်။

ဒုတိယတွေ့ရှိချက်မှာ အလင်း၏ ဖွဲ့စည်းပါဝင်ပုံ နိယာမပင် ဖြစ်သည်။ ယင်းမှတစ်ဆင့် အရောင်တို့၏ သဘာဝနှင့် အလင်းဖြူ၏ သဘာဝတို့ကို တစ်ဆင့်တက် ရှာဖွေပြန်သည်။ နေမှရသည့် အလင်းဖြူတွင် သက်တံ့၌ တွေ့ရသည့် အရောင်များ ပေါင်းစပ်နေပုံကို နယူတန်က ပထမဆုံး ဖော်ထုတ်ခဲ့သည်။ အလင်းဖြူသည် ရောင်စဉ်များ စပ်ရာမှ ပေါ်လာခြင်း ဖြစ်သည်။ ယင်းအသိကြောင့် နယူတန်သည် ရောင်ပြန် အဝေးကြည့် မှန်ပြောင်းကို တီထွင်နိုင်ခဲ့သည်။

တတိယတွေ့ရှိချက်မှာ အလွန် အဖိုးတန်သည်။ မှတ်တမ်းတင်စရာ ကောင်းသည်။ ယင်းမှာ ထိုခေတ်က သိပ္ပံပညာရှင်များ၏ စိတ်ကူးစိတ်သန်းများကို ကပြောင်းကပြန် လုပ်လိုက်သည့် နိယာမတစ်ခု ဖြစ်သည်။ ယင်းမှာ **စကြဝဠာ ဒြပ်ဆွဲအားနိယာမ** ဖြစ်သည်။ သစ်သော့သီးတစ်လုံး ကြွေကျသည်ကို မြင်ရာမှ ဒြပ်ဆွဲအားနိယာမတစ်ခု ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ကမ္ဘာမြေကြီးသည် သူနှင့်နီးသည့် ဝတ္ထုပစ္စည်းများကို ဆွဲငင်သည်။ ယင်းမှာ မထူးဆန်းလှ။ သို့သော် နယူတန်က ယင်းနိယာမသည် ကမ္ဘာမြေကြီးနှင့်သာမက စကြဝဠာ တစ်ခုလုံးရှိ ဒြပ်အားလုံးနှင့် ဆိုင်ကြောင်း သင်္ချာသက်သေ ထုတ်ချက်များဖြင့် ဖော်ထုတ်လိုက်သည်။

ဤသို့ဖြင့် နယူတန်သည် ကဲကုလသင်္ချာ၊ အရောင်၊ ဒြပ်ဆွဲအားတို့ကို တွေ့ရှိခဲ့သော်လည်း ယင်းတို့ကို လူသိရှင်ကြား ထုတ်ဖော်ခြင်း မပြု။ သူသည် သိုသိုသိပ်သိပ် နေတတ်သည်။ လူအများ အာရုံစိုက်ကာ ဝေဖန်ခြင်း၊ ဆွေးနွေးခြင်း၊ ငြင်းခုံခြင်း အမှုတို့ကို သူ မကြိုက်။ နောက်ပိုင်းတွင် သူ့တွေ့ရှိချက်များကို ပုံနှိပ်ထုတ်ဝေသည့်အခါတိုင်း သူ့မိတ်ဆွေ အပေါင်းအသင်းတို့က အတင်း တိုက်တွန်းသဖြင့် ပုံနှိပ်ရခြင်းသာ ဖြစ်သည်။ နယူတန်သည် အကဲဆတ်သည်။ သူ့ကို ဝေဖန်လျှင် မကြိုက်၊ မခံချင်။

နယူတန်၏အသက် နှစ်ဆယ့်ခုနစ်နှစ်တွင် ထရီနီတီကောလိပ်မှ မဟာ သိပ္ပံဘွဲ့ ရသည်။ ထိုနောက် သင်္ချာပါမောက္ခ ဖြစ်လာသည်။ ထိုနောက်တွင်ကား သူသည် ငြိမ်နေသည်။ သူသည် အလင်းသဘောတရားကို ဆက်လက်ပြုကာ အလင်းဖြူ၏ ဖွဲ့စည်းပါဝင်ပုံ သဘာဝကို စာတမ်းတစ်စောင် ပြုစုထုတ်ဝေလိုက်သည်။ ထိုအခါ နယူတန်၏ သဘောတရားသစ်သည် ဝေဖန်ဆွေးနွေး ငြင်းခုံစရာ ဖြစ်လာသည်။ ထိုအခါ သူသည် စိတ်ပျက်လာသည်။ သိပ္ပံပညာကို စွန့်လွှတ်ရန်ပင် ကြံစည်သည်ဟု ဆိုသည်။

www.nyisay.com



၁၆၈၄ တွင် ပြင်သစ်နက္ခတ်ပညာရှင် ပစ်ကတ်သည် ကမ္ဘာ၏ လုံးပတ် အတိအကျကို ပထမဆုံးအကြိမ် တိုင်းတာပြလိုက်သည်။ ဤတွေ့ရှိချက်ကို အခြေခံကာ နယူတန်သည် သူ၏ ဒြပ်ဆွဲအား နိယာမကို ထပ်မံဖွံ့ဖြိုးစေပြီး ကမ္ဘာကို လှည့်ပတ်နေသည့် လနှင့်၊ နေကို လှည့်ပတ်နေသည့် ဂြိုဟ်တာရာများ၏ အဓိက မောင်းနှင်အားမှာ ဒြပ်ဆွဲအားပင် ဖြစ်သည်ဟု သက်သေထူခဲ့သည်။ ဒြပ်ဆွဲအားက လနှင့်ဂြိုဟ်များကို သူ့လမ်းကြောင်းတွင် တည့်မတ်ရန် ထိန်းထား သည်။ ယင်းတို့၏ ဗဟိုခွာအားကိုလည်း ဒြပ်ဆွဲအားကပင် ထိန်းသည်ဟု နယူတန် က အခိုင်အမာ ဆိုသည်။ သို့သော် ယင်းတို့ကို မဖော်ထုတ်ခဲ့။ ထိုအချိန်တွင် အခြား နက္ခတ်ပညာရှင်တို့ကလည်း နေဆီသို့ ဂြိုဟ်များ သွားနေသည်မှာ ဒြပ်ဆွဲ အားကြောင့်ပင် ဖြစ်ရမည်ဟု ကြံဆနေကြသည်။ ထိုအချိန်တွင် နယူတန်ဆီသို့ နက္ခတ်ပညာရှင် အက်ဒမန်ဟေလီ ရောက်သွားသည်။ နယူတန်သည် အများသူငါ ရှာဖွေနေကြသည့် ကိစ္စကို လွန်ခဲ့သည့် နှစ်နှစ်ကပင် တွေ့ရှိပြီးဖြစ်ကြောင်း သိရသည့်အခါ ယင်းကို ဖော်ထုတ်ရန် ကြိုးစားသည်။ တော်ဝင်အသင်းသို့ တင်ပြ ပေးကာ ထုတ်ဝေဖို့ ကြိုးစားသည်။ သို့နှင့် ၁၆၈၇ တွင် နယူတန်၏ သချာၤသဘော တရားသည် ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခွင့် ရခဲ့သည်။

**သချာၤသဘောတရား**ကို လက်တင်ဘာသာဖြင့် ရေးသားထားသည်။ အလွန်ခက်သည့် စာအုပ်ဖြစ်သည်။ သူ့ခေတ်က လူသုံးလေးယောက်သာ ထို သဘောတရားကို နားလည်နိုင်မည် ဖြစ်သည်ဟု ဆိုသည်။ နယူတန်ကိုယ်တိုင် ကပင် သချာၤမတတ်လျှင် သူ့သဘောတရားကို နားမလည်နိုင်ဟု ဆိုသည်။ ၁၇၂၉ တွင် အင်ဒရူးမော့ ဘာသာပြန်သည့် အင်္ဂလိပ်ဘာသာပြန် ထွက်ခဲ့သည်။ နယူတန်၏စာအုပ် ပုံနှိပ်ဖြစ်သည်မှာ အက်ဒမန်ဟေလီ၏ ကျေးဇူး များစွာ ပါသည်။

ဤစာအုပ်တွင် ဝတ္ထုပစ္စည်းများ ရွေ့လျားပုံကို သချာၤဘာသာဖြင့် ဖော်ပြ ထားသည်။ စကြဝဠာကြီးတစ်ခုလုံး၏ ဒြပ်ဆွဲအားနိယာမကို အသေးစိတ် ရှင်းပြ သည်။ အခြေခံသဘောတရားမှာ စကြဝဠာအတွင်းရှိ အရာဝတ္ထုတိုင်းသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆွဲငင်ကြသည်။ ဆွဲငင်အားမှာ ယင်းတို့အကွာအဝေး နှစ်ထပ်ကိန်း၏ ပြောင်းပြန်အချိုးနှင့် ညီသည်ဟူ၍ပင် ဖြစ်သည်။

ပထမတွဲတွင် ဟင်းလင်းပြင်၌ ရွေ့လျားနေသော ဝတ္ထုပစ္စည်းများ၊ တွန်း လှန် ခုခံအားရှိသည့် ကြားခံ(ဥပမာ–ရေ)တွင် တွေ့ရသည့် လှုပ်ရှားမှု၊ ထို့နောက် အသံလှိုင်း၏အလျင် ရှာပုံတို့ကို သချာၤနည်းဖြင့် ဖော်ပြသည်။

ဒုတိယတွဲတွင် နယူတန်သည် ဒေးကတ်၏ သဘောတရားကို ချေဖျက်ရန်

www.nyisay.com



ကြိုးစားသည်။ ဒေးကတ်က ကြယ်တာရာတို့ ရွေ့လျားရခြင်းမှာ ဟင်းလင်းပြင် အတွင်းရှိ ငွေ့ရည်ပါးဖြင့် ပြီးသည့် ဝဲကတော့ကြီးများကြောင့် ဖြစ်သည်။ နေ စကြဝဠာတွင် ဝဲကတော့ကြီး ဆယ့်လေးခု ရှိသည်။ အကြီးဆုံးမှာ နေပါဝင်သည့် ဝဲကတော့ကြီးပင် ဖြစ်သည်။ ဂြိုဟ်များမှာ ဝဲဂယက် နှုတ်ခမ်းတွင် မျောလှည့်နေ ရသည့် အပိုင်းအစလေးများသာ ဖြစ်သည်ဟု ဆိုသည်။ သူ့အယူအဆကို ထိုခေတ် က အများလက်ခံကာ အတော်လေး ခေတ်စားနေသည်။ နယူတန်က စမ်းသပ် မှုများဖြင့် သက်သေပြကာ ဒေးကတ်၏ အဆို မှားကြောင်း တင်ပြချေဖျက် သည်။

ထိုနောက် တတိယတွဲတွင် ကမ္ဘာကြီး တည်နေပုံကို ဒြပ်ဆွဲအား နိယာမ တွင် အခြေခံကာ ရှင်းပြသည်။

ဒြပ်ဆွဲအားကြောင့် နက္ခတ်လမ်းကြောင်း သွေဖီခြင်း သီအိုရီအရ လကို ကမ္ဘာနှင့်နေတို့က ဆွဲငင်ကြသည်။ နေ၏ဆွဲငင်မှုကြောင့် လ၏ ကမ္ဘာပတ်လမ်း ကြောင်းသည် နေရာပြောင်းသွားသည်။ လနှင့်ကမ္ဘာမှာ ပိုနီးသဖြင့် ကမ္ဘာဆွဲအားက ပို၍ ကြီးသော်လည်း အနည်းငယ် ရွေ့သွားသည်။ ထို့အတူ ဂြိုဟ်လမ်းကြောင်းတို့ သည်လည်း ဒြပ်ဆွဲအားကြောင့် လမ်းပြောင်းသွားနိုင်သည်။

ထို့နောက် နယူတန်သည် ကမ္ဘာ့ဒြပ်ထုကို တိုင်းတာပြသည်။ နေ၊ ဂြိုဟ်နှင့် အရန်ဂြိုဟ်တို့၏ ဒြပ်ထုများကိုလည်း တိုင်းတာပြသည်။

တစ်ဖန် ဤကမ္ဘာသည် အများထင်သလို စက်လုံးမဟုတ်။ မိမိဝင်ရိုးပေါ် မိမိလည်နေသောကြောင့် ဝင်ရိုးစွန်းနှစ်ဖက်၌ အနည်းငယ် ပြားနေသည်။ ဒြပ်ဆွဲ အားသည် အီကွေတာ၌ ကြီး၍ ဝင်ရိုးစွန်းနှစ်ဖက်၌ နည်းသည်။ ထို့ကြောင့် ကမ္ဘာသည် အလယ်ပိုင်းတွင် ဖောင်းနေခြင်း ဖြစ်သည်။

တစ်ဖန် စကြဝဠာဒြပ်ဆွဲအား နိယာမကို အသုံးပြုကာ ဒီရေတက်ခြင်း အကြောင်းကို ရှင်းပြသည်။ လပြည့်လျှင် ဒီအမြင့်ဆုံးတက်ခြင်း၊ လနှင့်နေ တစ်မျဉ်းတည်းရှိနေလျှင် ဒီအမြင့်ဆုံးတက်ခြင်း အကြောင်းတို့ကိုလည်း ရှင်းပြ သည်။

ထိုနောက် ကြယ်တံခွန်များအကြောင်းကို ဖော်ပြပြန်သည်။ သူ၏ သဘော တရားများကို အသုံးပြုကာ အက်ဒမန်ဟေလီသည် ခုနစ်ဆယ့်ငါးနှစ်တွင် တစ်ကြိမ်ပေါ်သည့် ဟေလီကြယ်တံခွန်ကြီး၏ လမ်းကြောင်းကို တိကျစွာ ဖော် ထုတ်နိုင်ခဲ့သည်။

အထူးခြားဆုံး တွေ့ရှိချက်မှာ ကြယ်တစ်ခု၏ အကွာအဝေးကို တိုင်း သည့်နည်းပင် ဖြစ်သည်။ ဂြိုဟ်တစ်ခုမှ အလင်းပြန်လာသည့် နေ၏ ရိုက်ပြန်

www.nyisay.com



အလင်းတန်းမှ အလင်း မည်၍မည်မျှ ရသည်ဆိုသည့် အချက်အပေါ် မူတည်ကာ သတ်မှတ်တိုင်းတာသည့်နည်းပင် ဖြစ်သည်။

နယူတန်၏ သချာသဘောတရားသည် ဤစကြဝဠာကြီး၏ အဖြစ်ကိုသာ ရှင်းပြသည်။ ဘာကြောင့်ဆိုသည်ကိုကား ရှင်းပြရန် မကြိုးစား။ ဤသို့ တင်ပြနိုင်သည်မှာ သူ့အရင် လေ့လာခဲ့ကြသည့် ကော့ပါးနီကတ်၊ ဗရာဟီ၊ ကက်ပလာ၊ ဂယ်လီလီယိုတို့တွင် အခြေခံသောကြောင့် ဖြစ်သည်။ သူတို့ကျေးဇူးကား ကြီးမားပါသည်ဟု ဆိုသည်။ သူ့ခေတ်တွင် သူ၏ သဘောတရားများကို ဆန့်ကျင်တိုက်ခိုက်သူများ ပေါများလှသည်။ ထိုခေတ်က ပညာလိုက်စားကြသူ ပေါများလှသောကြောင့် ဖြစ်နိုင်သည်။ ထိုအချိန်တွင် သဘောတရားသစ်များကို သိပ္ပံပညာရှင် အများအပြားက အသစ်အသစ် တင်ပြနိုင်ရန် ကြိုးစားနေကြသည်။ လူပုဂ္ဂိုလ်နှစ်ယောက်သည် သဘောတရားသစ်တစ်ခုကို တစ်ပြိုင်နက်တည်းလိုလိုမှာပင် တသီးတခြားစီ တွေ့နိုင်သည်။ နယူတန်တွင် ဤအဖြစ်မျိုးနှင့် ကြုံလာရသည်။ လေဗနစ်သည် အလိုက်ပြောင်း ကဲကုလသချာကို တီထွင်ခဲ့သည်။ ဟွတ်သည် စကြဝဠာ ဒြပ်ဆွဲအားနိယာမကို ဖော်ထုတ်ခဲ့သည်။ နှစ်ယောက်စလုံး နယူတန်ထက် နောက်ကျသည်။ သို့သော်လည်း ကမ္ဘာသို့ ဦးစွာ ကြေညာခဲ့သည်။

နယူတန်၏ သချာသဘောတရားကို အင်္ဂလန်နှင့် စကော့တလန်တို့တွင် အတန်အသင့် လက်ခံကြသည်။ ဥရောပတိုက်တွင်ကား လူသိ မများလှသေး။ နေရာတိုင်းလိုလိုမှာပင် အတော်လေးကြာမှ လူသိ များလာသည်။

ဤစာအုပ် ထွက်ပြီးနောက် နယူတန်သည် သိပ္ပံသုတေသနကို စိတ်ပျက်လာဟန်တူသည်။ အနှစ်လေးဆယ်လုံးလုံး ဘာမျှမလုပ်။ သို့ကြားလည်း ထိုကာလအတွင်း အမျိုးမျိုး ဂုဏ်ပြုခံရသည်။ တော်ဝင်အသင်း၏ ဥက္ကဋ္ဌအဖြစ် ၁၇၀၃ မှ သူသေသည့် ၁၇၂၇ အထိ ခန့်ထားခြင်း ခံရသည်။ အင်ဘုရင်မကြီးက သူကောင်းပြုကာ ဆာဘွဲ့ ချီးမြှင့်သည်။

နယူတန်ကိုယ်တိုင်ကမူ 'ဒီသဘောတရားသစ်ကို ရှာတွေ့လို့ တစ်လောကလုံးက ကျွန်တော့်အပေါ် ဘယ်လို သဘောထားမယ် ဆိုတာတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ကျွန်တော့်ကိုယ် ကျွန်တော်တော့ ပင်လယ်ကမ်းစပ်မှာ ကျောက်ခရစ်တုံး လှလှလေးတွေ၊ ခရုခွံလှလှလေးတွေ လိုက်ရှာနေတဲ့ ကလေးငယ်တစ်ယောက်လိုပဲ သဘောထားတယ်။ အဲဒီအချိန်မှာ သစ္စာတရား ထွန်းကားတဲ့ သမုဒ္ဒရာပြင်ကျယ်ကြီးကတော့ မစူးစမ်းရသေးဘဲ ဒီအတိုင်း ကျွန်တော့်ရှေ့မှာ ရှိနေလေရဲ့' ဟု ထင်မြင်ချက် ပေးလေသည်။

www.nyisay.com

## ရော်ဗင်ဆန် ကရူးဆိုး (၁၇၁၉)

### ဒင်နီယယ် ဒီဖိုး (၁၆၆၀–၁၇၃၁)

**ရော်ဗင်ဆန် ကရူးဆိုး** ဝတ္ထု၏ မူရင်းအမည် အပြည့်အစုံမှာ **ယော့မှ သင်္ဘောသား ရော်ဗင်ဆန် ကရူးဆိုး၏ဘဝနှင့် အံ့ဖွယ် စွန့်စားခန်းများ** ဟူ၍ ဖြစ်သည်။

စာရေးသူသည် သရုပ်မှန်စာပေခေတ်ကို ထူထောင်သော အင်္ဂလိပ် စာရေးဆရာကြီး ဖြစ်၏။ ယခုဝတ္ထုသည် အဆန်းတကြယ် ဖြစ်တောင့်ဖြစ်ခဲ ဝတ္ထုတစ်ပုဒ်ဟု ထင်ရနိုင်သော်လည်း စင်စစ် သရုပ်မှန် ဝတ္ထုတစ်ပုဒ် ဖြစ်၏။ ဝတ္ထုမှာလည်း လုပ်ဇာတ်သက်သက်ဟု မဆိုနိုင်။ စကော့လူမျိုး သင်္ဘောသား ဆဲလကတ်၏ တကယ့် အဖြစ်အပျက်ကို အခြေခံ၍ ရေးထားသော ဝတ္ထု ဖြစ်သည်။

ဆဲလကတ်သည် အင်္ဂလိပ် စပိန် စစ်တွင် ပါဝင်တိုက်ခိုက်ရန် အင်္ဂလိပ် သင်္ဘောတစ်စင်း၌ လိုက်ပါလာစဉ် ပစိဖိတ်သမုဒ္ဒရာ တောင်းပိုင်းသို့ ရောက်ခဲ့၏။ ထိုစဉ် သင်္ဘောကပ္ပတိန်နှင့် မသင့်မြတ်သဖြင့် သူ့ကို ကျွန်းတစ်ကျွန်းတွင် ချထားခဲ့ရန် ပြော၏။ သို့ဖြင့် အမေရိကတိုက် ချီလီနိုင်ငံကမ်းခြေမှ မိုင်လေးရာအကွာ ဂျူအန်ဖာနင်ဒက် ကျွန်းပေါ်တွင် ဆဲလကတ်ကို ချထားခဲ့ကြ၏။ ဤသို့ဖြင့် ဆဲလကတ်သည် ၁၇၀၄ ခုနှစ်မှ ၁၇၀၉ ခုနှစ်အထိ လေးနှစ်နှင့် လေးလတိုင်တိုင် ထိုကျွန်းကလေးပေါ်တွင် အထီးတည်း နေခဲ့ရ၏။ ယင်းသို့ လူသူ ကင်းမဲ့သော

www.nyisay.com



ကျွန်းတစ်ကျွန်းတွင် လူတစ်ယောက် အသက်ရှင် ရပ်တည်နေနိုင်ရေးအတွက် ဘဝ ရုန်းကန် လှုပ်ရှားခဲ့ရပုံကို အခြေခံပြု၍ ဒင်နီယယ် ဒီဖိုးသည် ဤဝတ္ထုကို ရေးခြင်းဖြစ်၏။

သို့တိုင်အောင် ဤဝတ္ထုနှင့် ပတ်သက်၍ ဒင်နီယယ်ဒီဖိုးကမူ ဤဝတ္ထုသည် ဆဲလကတ်၏ အဖြစ်အပျက်ကို အခြေခံ ရေးခဲ့စေကာမူ မိမိ၏ ဘဝကို အနှိုင်းထပ်တူပြုထားသော ရူပကပုံဝတ္ထု ဖြစ်သည်ဟု ၁၇၂၀ ထုတ် ရော်ဗင်ဆန် ကရူးဆိုးနှင့် ပတ်သက်သော ပြန်လည်တင်ပြချက် စာအုပ်တွင် ဖော်ပြခဲ့လေသည်။

ကားလမတ်ကိုယ်တိုင် သူ၏ **အရင်းကျမ်း**တွင် ရော်ဗင်ဆန် ကရူးဆိုး၏ ဘဝရပ်တည်ရေး ရုန်းကန်လှုပ်ရှားမှုကို သုံးသပ်တင်ပြကာ လူသား၏ ကမ္ဘာမြေအတွင်း တိုးတက်ဖြစ်ထွန်းမှုကို ဖော်ပြ၏။ တစ်နည်းအားဖြင့် လူသားနှင့် ကုန်ထုတ်စွမ်းအား သဘောကို ဖော်ပြခဲ့ခြင်း ဖြစ်ပေသည်။

ဤနည်းဖြင့် **ရော်ဗင်ဆန် ကရူးဆိုး**ဝတ္ထုသည် သင်္ဘောသား ဆဲလကတ်၏ အကြောင်းကို ဖွဲ့သောဝတ္ထု၊ စာရေးသူ၏ဘဝကို ကိုယ်စားပြုသော ဝတ္ထုသက်သက် အဖြစ်ထက် လူသား၏ဘဝကို ထင်ဟပ်သော ဝတ္ထုအဖြစ် ထင်ရှားခဲ့ပေသည်။ သို့ဖြင့် ကမ္ဘာ့စာပေ ဂန္ထဝင်ဝတ္ထုတစ်ပုဒ်အဖြစ် ယနေ့တိုင် ကမ္ဘာစာဖတ်ပရိသတ်၏ နှစ်သက်မှုကို ခံယူရသော ဝတ္ထုအဖြစ် ထင်ရှားနေခြင်း ဖြစ်လေသည်။

ဝတ္ထုကို မိဘဆန္ဒနှင့် ရော်ဗင်ဆန်၏ဆန္ဒ မကိုက်ညီသော အဖြစ်နှင့် စသည်။ ရော်ဗင်ဆန့်အဖေက သားကို ဥပဒေပညာရှင် ဖြစ်စေချင်သည်။ သားက ပင်လယ်ခရီး သွားချင်သည်။ သို့ဖြင့် ဆယ့်ကိုးနှစ်သားတွင် ရော်ဗင်ဆန် ကရူးဆိုးသည် မိဘကို အသိမပေးဘဲ သင်္ဘောတစ်စင်းနှင့် လိုက်ခဲ့သည်။ လမ်းမှာ သင်္ဘောလေမိသည်။ ကရူးဆိုးသည် နောင်တရသည်။ ကမ်းပြန်ရောက်လျှင် မိဘအလိုကျ ပြန်နေမည်ဟု အဓိဋ္ဌာန်ပြုလိုက်သေး၏။ သို့သော် ကရူးဆိုး မနေပါ။ ပင်လယ်ခရီးမှာပင် ပျော်ချင်သည်။ ထို့ကြောင့် နောက်တစ်ကြိမ်တွင် အာဖရိကသို့ လိုက်ခဲ့သည်။ လမ်းတွင် တူရကီ ပင်လယ်ဓားပြများ၏ အဖမ်းခံရပြီး ကျွန်ဇာတ် အသွင်း ခံရသည်။ ထွက်ပြေးသည်။ တောင်အမေရိက ဘရာဇီးနိုင်ငံသို့ ရောက်သည်။ ဘရာဇီးတွင် ကြံစိုက်ပျိုးရေးသမား ဖြစ်လာ၏။

ကြံစိုက်ပျိုးနေစဉ် အခြားစိုက်ပျိုးရေးသမားနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းအတွက် ငွေဝယ်ကျွန်များရရန် အာဖရိကသို့ ထွက်ခဲ့ပြန်သည်။ လမ်းတွင် သင်္ဘောပျက်သည်။ သူတစ်ယောက်သာလျှင် ကျွန်းကလေးတစ်ကျွန်းတွင် အသက်ရှင်ကျန်နေသည်။ သူ့တွင် ဓားငယ်တစ်ချောင်း၊ ဆေးတံတစ်ခုနှင့် ဆေးတံသောက်

www.nyisay.com



ဆေး အချို့သာ ပါ၏။ နောက်တစ်နေ့တွင် ကျွန်းနှင့် မလှမ်းမကမ်း၌ သင်္ဘော ပျက်ကို တွေ့သည်။ သင်္ဘောပေါ်မှ ရတနာသမ္ဘာ ပစ္စည်းအချို့နှင့် စားစရာအချို့ကို ယူသည်။ ထိုပစ္စည်းများတွင် ငွေ ၃၆ ပေါင်လည်း ပါသည်။ သေနတ်နှစ်လက်နှင့် လွှ၊ ပုဆိန်၊ ရဲဒင်းတို့လည်း ပါ၏။

ထို့နောက် ရော်ဗင်ဆန်ကရူးဆိုးသည် တောင်ကုန်းတစ်ခုတွင် ရွက်ဖျင်တဲကို ထိုးလိုက်သည်။ ရိက္ခာရသမ္ဘာကို စုသည်။ ကျွန်းပေါ်ရှိ ကြွက်ကြီးများ အစာကို မဖျက်ဆီးနိုင်ရန် အကာအကွယ် လုပ်ရသည်။ သို့ဖြင့် ကရူးဆိုးသည် နေရေးကိစ္စ၊ စားရေးကိစ္စတို့အတွက် စီစဉ်လေတော့သည်။

သီးနှံစိုက်ပျိုးရေး၊ ရေချို သိုလှောင်ရေးအတွက် အိုးလုပ်ခြင်း၊ သီးနှံကြိတ်ခွဲရေး စသည်တို့ကို အမျိုးမျိုးသော အခက်အခဲများကြားမှ စီစဉ်ရသည်။ ကြိုးပမ်းရသည်။ ထိုသို့ စာရေး သောက်ရေးအတွက် တီထွင်ကြိုးစား စမ်းသပ်စဉ်မှာပင် လေ၊ မိုး၊ လျှေင် စသည့် သဘာဝဒဏ်များကိုလည်း ကြံ့ကြံ့ခံရပြန်သည်။ ပထမတွင် တောဆိတ်တွေကို ပစ်သတ်စားသည်။ ထို့နောက် မွေးသည်။ ကြက်တူရွေး တစ်ကောင်ကိုလည်း အဖော်အဖြစ် မွေးထားလိုက်၏။

ဤသို့ဖြင့် ရော်ဗင်ဆန်ကရူးဆိုးသည် ကျွန်းပေါ်တွင် တစ်ယောက်ထီးတည်းဘဝဖြင့် နှစ်ဆယ့်လေးနှစ်ကာလ ကျော်လွန်လာခဲ့၏။ ထိုအခါ ရော်ဗင်ဆန်သည် သူ့ကျွန်းကို ဖြတ်သွားသော လူရိုင်းများကို တွေ့ရ၏။ ထိုလူရိုင်းများသည် အခြားကျွန်းရှိ လူရိုင်းများကို သွားရောက်တိုက်ခိုက်သော လူသားစား လူရိုင်းတွေမှန်း သိလာသည်။ ထိုအခါ တုန်လှုပ်လာသည်။ လူလူချင်း အန္တရာယ်ကို မြင်လာသည်။ တစ်ခါတွင်မူ ကျွန်းပေါ်သို့ လူသားစား လူရိုင်းများ ရောက်လာသည်။ လူရိုင်းများသည် လူအမျိုးမျိုး သတ်ဖြတ်စားသောက်နေကြသည်ကို တွေ့ရ၏။ ထိုအခါ ကရူးဆိုးသည် သူ့သေနတ်ဖြင့် လူရိုင်းတွေကို စတင်တိုက်ခိုက်သည်။ လူရိုင်းများ ထွက်ပြေးကြသည်။ အသတ်ခံရသည့် လူသားတစ်ယောက် ကျန်ခဲ့သည်။

ထိုနေ့ကား သောကြာနေ့။ ထို့ကြောင့် ကျန်ရစ်ခဲ့သော လူငယ်ကို ဖိုးသောကြာဟု အမည်ပေးလိုက်သည်။ ဖိုးသောကြာသည် ကရူးဆိုးအဖို့ အဖော်ကောင်း ဖြစ်လာ၏။ ကရူးဆိုးသည် ဖိုးသောကြာကို အင်္ဂလိပ်စကား သင်ပေးသည်။ ထိုအခါ ကရူးဆိုးသည် ဖိုးသောကြာထံမှ ဖိုးသောကြာ နေခဲ့သော ကျွန်းအကြောင်း သိရ၏။ ထိုကျွန်းတွင် လူဖြူများကို ဖမ်းထားသည်ဟုလည်း သိရ၏။ ထို့ကြောင့် ထိုကျွန်းသို့သွားရန် စီစဉ်သည်။ သို့သော် သူတို့ ခရီးမထွက်မီပင် သူတို့ကျွန်းသို့ လူရိုင်းများ ရောက်လာ၏။ ကရူးဆိုးနှင့် ဖိုးသောကြာသည် လူရိုင်း

www.nyisay.com



များကို တိုက်ခိုက်ရပြန်သည်။ လူရိုင်းများလက်မှ စပိန်အမျိုးသား တစ်ယောက်နှင့် အခြားလူရိုင်းတစ်ယောက်ကို ရသည်။ ထိုလူရိုင်းမှာ ဖိုးသောကြာ၏အဖေ ဖြစ်နေ၏။ ထိုအချိန်မှာပင် ဖိုးသောကြာအဖေ့ကျွန်းကို အခြားလူရိုင်းများ တိုက်ခိုက်နေကြောင်း သိရ၏။ ဖိုးသောကြာအဖေနှင့် စပိန်အမျိုးသားတို့အား လက်နက်များပေးလိုက်ပြီး သွားရောက်တိုက်ခိုက်စေ၏။

ကရူးဆိုးသည် ဖိုးသောကြာ့အဖေတို့ ပြန်အလာကို စောင့်စဉ် အင်္ဂလိပ်သင်္ဘောတစ်စင်း ရောက်လာ၏။ သင်္ဘောမှာ ပုန်ကန်မှုဖြစ်သဖြင့် ရောက်လာခြင်းဖြစ်သည်။ ကရူးဆိုးတို့က သင်္ဘောကို ပုန်ကန်သူများ လက်မှ ကယ်တင်ပေး၏။ ကရူးဆိုးသည် သင်္ဘောနှင့်လိုက်လျှင် ဖြစ်နိုင်သော်လည်း ဖိုးသောကြာအဖေနှင့် စပိန်လူမျိုးတို့ ပြန်မလာသဖြင့် ကျွန်းတွင် ကျန်ရစ်ခဲ့သော သင်္ဘောပုန်ကန်သူများနှင့်အတူ ဆက်လက်နေထိုင်ခဲ့၏။ ထို့နောက် ဖိုးသောကြာအဖေတို့ ပြန်လာသောအခါ စပိန်အမျိုးသားပါ ပါလာပြီး ကျွန်းကလေးပေါ်တွင် အတူ စုပေါင်းနေထိုင်ခဲ့ကြ၏။

သို့ဖြင့် ရော်ဗင်ဆန်ကရူးဆိုးသည် ကျွန်းပေါ်၌ ၂၈ နှစ် ၂ လနှင့် ဆယ့်ကိုးရက်မြောက်တွင် ကျွန်းမှစွန့်ခွာပြီး အင်္ဂလန်သို့ ပြန်ခဲ့၏။ အင်္ဂလန်၌ သူ့အဖေများမရှိတော့ပေ။ ကရူးဆိုးသည် ထိုဒေသ၌ လူသစ်ဖြစ်နေလေတော့သည်။ ရော်ဗင်ဆန် ကရူးဆိုးသည် သူ၏ကြွေခင်းများရှိရာသို့ ရောက်သေး၏။ သစ္စာရှိသော မိတ်ဆွေက သူ့ကြွေခင်းများမှ နှစ်စဉ် အမြတ်ငွေများကို ပေး၏။ ထို့နောက် ရော်ဗင်ဆန်ကရူးဆိုးသည် အင်္ဂလန်သို့ ဖိုးသောကြာနှင့်အတူ ပြန်လာ၏။ မကြာမီ လက်ထပ်သည်။ ကလေး သုံးယောက်ရ၏။

ရော်ဗင်ဆန်ကရူးဆိုးသည် မယားကွယ်လွန်ပြီးနောက်တွင် ပင်လယ်ခရီး ထွက်ခဲ့ပြန်လေသည်။ ထိုခရီးတွင် သူ အနှစ်သုံးဆယ်နီးပါး နေခဲ့သော ကျွန်းကလေးသို့လည်း ရောက်ခဲ့၏။ သူ့ကျွန်းကလေးနှင့် သူ ခွဲခွာခဲ့သည်မှာ ရှစ်နှစ်ခန့်ရှိပေပြီ။ ယခုအခါ ကျွန်းကလေးတွင် စပိန်များနှင့် အင်္ဂလိပ်သင်္ဘောသား ပုန်ကန်သူများသည် အနီးရှိကျွန်းများမှ အမျိုးသမီးများနှင့် အိမ်ထောင်ပြု နေထိုင်နေကြလေပြီ ဖြစ်၏။ ရော်ဗင်ဆန်ကရူးဆိုးသည် သူ့ကျွန်းကလေး စည်ကားစ ပြုလာသည်ကို ဝမ်းသာခဲ့၏။

သို့ဖြင့် ခရီးဆက်ခဲ့ပြန်ရာ လမ်းတွင် လူရိုင်းများနှင့် တွေ့ဆုံ တိုက်ပွဲဖြစ်ရာ ဖိုးသောကြာ ကျဆုံးခဲ့၏။ ထို့နောက် တရုတ်ပြည်သို့ ရောက်ခဲ့ရာ သင်္ဘောသားများ၏ တောင်းဆိုချက်အရ ကရူးဆိုးသည် တရုတ်ပြည်တွင် ဆင်းနေခဲ့ရ၏။ ထိုမှတစ်ဆင့် ဆိုက်ဗေးရီးယား၊ ထို့နောက်မှ အင်္ဂလန်သို့ ပြန်ရောက်လာ၏။

www.nyisay.com



ထိုအခါမှစ၍ ရော်ဗင်ဆန်ကရူးဆိုးသည် သူ၏ ပြန်လမ်းမရှိသည့် ခရီးရှည်ကြီးအတွက် ပြင်ဆင်မှုများ လုပ်ရလေတော့သည်။

**ရော်ဗင်ဆန်ကရူးဆိုး** ဝတ္ထုကို ၁၉၀၂ ခုနှစ်တွင် ဦးဖိုးဇော်က ပထမဆုံး အကြိမ် ဘာသာပြန်ခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် ဒဂုန်ရွှေမျှားက ထပ်မံ ဘာသာပြန် ခဲ့သည်။ ထိုဘာသာပြန်စာအုပ်သည် ၁၉၅၉ ခုနှစ် စာပေဗိမာန် ဘာသာပြန်ဆုရ စာအုပ်ဖြစ်သည်။

www.nyisay.com

## ဂါလီဗာ၏ ခရီးများ (၁၇၂၆)

### ဂျွန်နသန် ဆွစ် (၁၆၆၇-၁၇၄၅)

ကမ္ဘာ့စာပေ ဂန္ထဝင်စာရင်းတွင် မှတ်တမ်းတင်ခံရသော ဝတ္ထု အမျိုးမျိုးရှိသည့် အနက် ယခု ဂါလီဗာ၏ ခရီးများ (မူလအမည် **ကမ္ဘာမြေ၏ အဝေးဒေသ နိုင်ငံများသို့ လှည့်လည်ခဲ့သော လင်မျူယယ် ဂါလီဗာ၏ ခရီးများ**) သည် ထူးခြားသော ဝတ္ထုတစ်ပုဒ် ဖြစ်၏။ စင်စစ်မူ ဇာတ်လမ်းဆင်ထားပုံသည် ဖြစ်တန်ရာသော အကြောင်းအရာမျိုး မဟုတ်။ အဆန်းတကြယ် စိတ်ကူးရေးဖွဲ့ထားသော အကြောင်းအရာမျိုး ဖြစ်၏။ သို့သော် ထိုဖြစ်တန်ရာ မဟုတ်သော၊ အဆန်းတကြယ် စိတ်ကူးရေးဖွဲ့ထားသော ဤဝတ္ထုပါ အကြောင်းအရာများသည် လူ့လောက၊ လူ့မနော၊ လူ့သဘာဝနှင့် အထူးသဖြင့် ဂျွန်နသန် ဆွစ် ကျင်လည်ခဲ့သော အင်္ဂလန်နိုင်ငံရေးနှင့် အင်္ဂလိပ်လူမျိုးများကို သရော်ထားသည့် ဝတ္ထုဖြစ်၏။ ထို့ကြောင့် ဤဝတ္ထုသည် လူကြီးကြိုက် သရော်စာ အဖြစ်လည်း ထင်ရှား၏။ ဤဝတ္ထုသည် အဆန်းတကြယ် စိတ်ကူးရေးဖွဲ့ထားသည်ဖြစ်ရာ ကလေးများကလည်း နှစ်သက်ကြ၏။ သို့ဖြင့် ဤဝတ္ထုသည် ကမ္ဘာ့ဂန္ထဝင် စာပေများတွင် လူကြီးကြိုက်၊ ကလေးကြိုက် ဝတ္ထုအဖြစ် ထင်ရှားသည်။

ဤဝတ္ထုတွင် အဓိကဇာတ်ဆောင်မှာ လင်မျူယယ်ဂါလီဗာဆိုသူ ဖြစ်သည်။ ဂါလီဗာသည် ဆရာဝန်ပညာကို သင်ခဲ့၏။ သူသည် ခရီးသွားခြင်း၌ မွေ့လျော်သည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



၁၆၉၉ မေတွင် ဂါလီဗာသည် အန်တီလုပ် အမည်ရှိ သင်္ဘောတွင် ဆရာဝန်အဖြစ် လိုက်ပါကာ တောင်ဘက်ပင်လယ်သို့ ခရီးထွက်ခဲ့၏။ တတ်စမေးနီးယားကျွန်း အနီးတွင် သင်္ဘောပျက်လေရာ ဂါလီဗာမှာ ကံကောင်းထောက်မသဖြင့် ကျွန်းတစ်ကျွန်းသို့ ရောက်ခဲ့သည်။ ထိုကျွန်းကား အရပ်ခြောက်လက်မမျှသာရှိသော လူပုကလေးများ နေထိုင်ရာ လီလီပွတ်နိုင်ငံ ဖြစ်သည်။ လူပုကလေးများသည် ကမ်းခြေတွင် သတိမေ့နေသော ဂါလီဗာကို တွေ့ကြသောအခါ အထူးအဆန်း ဖြစ်ကြရသည်။ သူတို့အဖို့ ဂါလီဗာသည် လူ့ဘီလူးကြီး ဖြစ်နေ၏။ ထို့ကြောင့် ပထမတွင် ဂါလီဗာအား ကြိုးအထပ်ထပ် တုပ်နှောင်ထားကြ၏။ မြင်းတစ်ထောင့်ငါးရာဆွဲသော လှည်းကိုးရာပေါ်တွင် ဂါလီဗာကိုတင်၍ မင်းနေပြည်သို့ ဆောင်ယူခဲ့ကြ၏။ ပထမပိုင်းတွင် နိုင်ငံသားအချို့က ဂါလီဗာကို အနှောင့်အယှက် ပေးကြသေး၏။ သို့သော် ဘုရင်မင်းမြတ်က တားမြစ်လိုက်သဖြင့် မည်သူမျှ အနှောင့်အယှက် မပေးတော့ပေ။ ဂါလီဗာကလည်း မည်သူ့အားမျှ အနှောင့်အယှက်မပေး။ နောင်တွင် ဘုရင်မင်းမြတ်၏ ခွင့်ပြုချက်အရ ဂါလီဗာသည် လွတ်လပ်သွား၏။ လီလီပွတ်တွင် လှည့်လည် သွားလာခွင့် ရ၏။

ထိုအချိန်က လီလီပွတ်နိုင်ငံသည် မိမိနှင့် လူမျိုးတူ ဗလီဖတ်စကူနိုင်ငံနှင့် မသင့်မမြတ် ဖြစ်နေ၏။ ၎င်းတို့မှာ မူလက တစ်နိုင်ငံတည်းသား ဖြစ်ကြသော်လည်း နောင်တွင် ဘုရင့်ဂိုဏ်းနှင့် ဘုရင်ဆန့်ကျင်ရေးဂိုဏ်းဟု ဖြစ်လာပြီး ယခုကဲ့သို့ မသင့်မတင့် ဖြစ်လာကြခြင်း ဖြစ်၏။ တစ်ခါတွင် ဗလီဖတ်စကူနိုင်ငံက လီလီပွတ်ကို လာရောက်စစ်ခင်းရာ ဂါလီဗာက လီလီပွတ်နိုင်ငံဘက်က ဝင်ရောက်ကူညီသဖြင့် ဗလီဖတ်စကူတို့ စစ်ရှုံးရ၏။

လီလီပွတ်တွင်လည်း နိုင်ငံရေးဂိုဏ်း နှစ်ဂိုဏ်းကွဲနေ၏။ ထိုနှစ်ဂိုဏ်းမှာ ဖိနပ်ခုံမြင့်စီးဂိုဏ်းနှင့် ဖိနပ်ခုံနိမ့်စီးဂိုဏ်း ဖြစ်၏။ အာဏာရဂိုဏ်းမှာ ခုံနိမ့်ဂိုဏ်း ဖြစ်သည်။ သို့သော် အိမ်ရှေ့မင်းမှာ ခုံမြင့်ဂိုဏ်းကို စိတ်ညွတ်နေ၏။ ထို့ကြောင့် သူသည် ခုံနိမ့်တစ်ဖက်၊ ခုံမြင့်တစ်ဖက် စီးနေ၏။

ဂါလီဗာသည် လီလီပွတ်အတွက် တိုက်ပွဲဝင်ပေးခဲ့သည့် နောက်တွင် လီလီပွတ်ဘုရင်သည် ဗလီဖတ်စကူနိုင်ငံသား အားလုံးကို ကျွန်ပြုလို၏။ ဤကိစ္စ၌ ဂါလီဗာက သဘောမတူ။ ထို့ကြောင့် ဘုရင်သည် ဂါလီဗာကို အပြစ်မြင်လာ၏။ ထို့ပြင် ဂါလီဗာအတွက် အစာကျွေးရသည်မှာလည်း ပြဿနာဖြစ်၏။ ဂါလီဗာသည် လူပုကလေး ၁၇၂၄ ယောက်စာနှင့် ညီသောအစာကို စားသည်ဖြစ်ရာ ဂါလီဗာကြောင့် လီလီပွတ်သည် အငတ်ဘေးကျရောက်မည့် အခြေအနေ ဖြစ်လာ၏။ ထို့ကြောင့် ဘုရင်သည် ဂါလီဗာကို မျက်စိဖောက်ပြီး အငတ်ထားရန် စီစဉ်

www.nyisay.com



သည်။ ထိုအကြံကို ဂါလီဗာ သိသဖြင့် ဗလီဖတ်စကူသို့ ထွက်ခဲ့၏။ ထိုမှတစ်ဆင့် အင်္ဂလန်သို့ ပြန်ခဲ့လေသတည်း။

ဤသို့ဖြင့် ဂျွန်နသန် ဆွစ်သည် အင်္ဂလန် နိုင်ငံရေး အကွဲအပြဲကို ဂါလီဗာ၏ လီလီပွတ်ခရီးဖြင့် သရော်ခဲ့လေသည်။ ထို့အတူ မိမိတို့ကိုယ်ကို မိမိတို့ ကြီးကျယ်လှပြီ ထင်နေသော လူ့သဘာဝကိုလည်း ဂါလီဗာ၏ ဒုတိယခရီး ဖြစ်သော ဗရော့ဒင်းနက်နိုင်ငံ ခရီးဖြင့် ရှုတ်ချ သရော်ခဲ့လေသည်။

ထိုခရီးတွင်လည်း ဂါလီဗာသည် အရုပ်ပေခြောက်ဆယ်ခန့် ရှိသော လူ့ဘီလူးကြီးများနေရာ ဗရော့ဒင်းနက်နိုင်ငံသို့ ရောက်ခဲ့ပြီး ထိုလူ့ဘီလူးကြီးများ အလယ်တွင် ဂါလီဗာမှာ အသေးအဖွဲ့ သတ္တဝါကလေးအဖြစ် နေခဲ့ရ၏။ အရာရာတိုင်းတွင် ဂါလီဗာမှာ သေးသိမ်နေခဲ့၏။ လူ့ဘီလူးကြီးများအဖို့ ဂါလီဗာသည် ကစားစရာ အရုပ်ကလေးလို ဖြစ်နေခဲ့၏။ ဂါလီဗာက အင်္ဂလန်အကြောင်း၊ ဥရောပအကြောင်းတို့ကို ဗရော့ဒင်းနက် ဘုရင်ကြီးအား ပြောပြသောအခါမှာလည်း အင်္ဂလိပ်လူမျိုးများ၊ ဥရောပလူမျိုးများသည် စစ်ပွဲများကိုသာ ဆင်နွှဲနေသည့် အကြမ်းကြုတ်ဆုံး သတ္တဝါငယ်ကလေးများအဖြစ် အပြောခံရလေသည်။ အင်္ဂလန်တရားရုံးများအကြောင်းကို ပြောပြပါကလည်း ဘုရင်ကြီး၏ အထင်သေးရှုတ်ချခြင်းကိုသာ ခံရ၏။ သို့ဖြင့် ဂါလီဗာသည် ဗရော့ဒင်းနက်တွင် နှစ်နှစ်နေပြီး အင်္ဂလန်သို့ ပြန်ခဲ့၏။

ထိုသို့ ဂါလီဗာသည် လူ၏ သေးသိမ်သောအဖြစ်၊ ရက်စက်ကြမ်းကြုတ်သော သဘောကို သရော်ရှုတ်ချသကဲ့သို့ပင် ပညာရှိလောကကိုလည်း တတိယခရီးဖြင့် သရော်လှောင်ပြောင်ပြန်၏။

တတိယခရီးတွင်ကား ဂါလီဗာသည် လာပျူတာအမည်ရှိ နိုင်ငံသို့ ရောက်ခဲ့၏။ ထိုနိုင်ငံ၌ ပညာရှိများသာလျှင် ရှိ၏။ စာသမားတွေ ဖြစ်သည်။ သူတို့သည် လက်တွေ့ အကောင်အထည် မဖော်သော စီမံကိန်းများကို ချမှတ်ကြ၏။ သူတို့သည် စိတ်ကူးဖြင့်သာ အမြဲ တွေဝေ ငေးမောနေတတ်သောကြောင့် သူတို့ကို သရေဘောလုံးဖြင့် ပုတ်ခတ်ပြီး သတိပေးနိုင်ရန် အစေအပါးများကို ငှားရမ်းထားကြ၏။

ထိုပညာရှိတို့ တိုင်းပြည်မှ ပြန်လာပြီး နောက်တွင် ဂါလီဗာသည် အလက်ဇန္ဒာ၊ ဟန်နီဗော်၊ သောမတ်မိုး စသည့် ကမ္ဘာကျော်ဧကရာဇ်ကြီး၊ စစ်သူကြီး၊ ပညာရှိကြီးများ၏ ရုပ်ရည်များရှိရာ နိုင်ငံသို့ ရောက်ခဲ့ပြီး သမိုင်းစာအုပ်များ၏ ချွတ်ယွင်းချက်ကို သရော်ခဲ့ပြန်၏။ ထို့ပြင် ဘယ်အခါမှ မသေသည့် သတ္တဝါများ နေထိုင်ရာ နိုင်ငံသို့လည်း ရောက်ခဲ့သေး၏။

www.nyisay.com



ဂါလီဗာ၏ နောက်ဆုံးခရီးကား မြင်းနိုင်ငံရောက် ခရီးဖြစ်၏။ မြင်းနိုင်ငံ၌ မြင်းတို့သည် မြင့်မြတ်သော သတ္တဝါများ ဖြစ်ပြီး၊ ယာဟူးခေါ် လူများကား ယုတ်ညံ့သော သတ္တဝါများ ဖြစ်၏။ ယာဟူးတို့သည် မြင်းတို့ စေခိုင်းသမျှကို လုပ်ကြရ၏။ ယာဟူး (လူ) တို့ ယုတ်ညံ့ရသည်မှာ ကောက်ကျစ်တတ်သော၊ သစ္စာဖောက်တတ်သော၊ ရန်မူတတ်သော သဘောရှိသောကြောင့် ဖြစ်၏။ ထိုနိုင်ငံ၌ ဂါလီဗာသည် မြင်းဘုရင်ကြီးအား အင်္ဂလန်နိုင်ငံအကြောင်း ပြောပြရာ အင်္ဂလိပ်လူမျိုးဆိုသည်မှာ ယာဟူးတို့ကဲ့သို့ပင် ယုတ်ညံ့သည်ဟု ကောက်ချက်ချခဲ့လေ၏။

ဤနည်းဖြင့် ဂျွန်နသန် ဆွစ်သည် **ဂါလီဗာ၏ ခရီးများ** ကိုရေး၍ လူ့သဘော၊ လူ့မနောကို ရှုတ်ချခဲ့၏။ အင်္ဂလိပ်တို့ကို သရော်ခဲ့၏။ အင်္ဂလန်နိုင်ငံရေးကို လှောင်ပြောင်ခဲ့လေသည်။

ယင်းဂါလီဗာ၏ ခရီးများအနက် လီလီပွတ်ခရီးနှင့် ဗရော့ဒင်နက်ခရီးကို အလွယ်ဖတ်စာစဉ်အဖြစ် ထုတ်ဝေခဲ့သည်ကို မြန်မာနိုင်ငံတွင် ၁၉၆၁ က အထက်တန်း ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခဲ့ရာ ယင်းအလွယ်ဖတ်စာအုပ် ဘာသာပြန်မှုအများ ထွက်ခဲ့ဖူး၏။ ၁၉၈၁ ခုနှစ်တွင် မောင်ထင်က **ဂါလီဗာ၏ ခရီးစဉ်** အမည်ဖြင့် ဘာသာပြန်ခဲ့ရာ ထိုနှစ်အတွက် အမျိုးသားစာပေဆု(ဘာသာပြန်) ရရှိခဲ့သည်။

www.nyisay.com

## တွမ် ဂျုန်း (၁၇၄၉)

### ဟင်နရီ ဖီးလဒင်း (၁၇၀၇– ၁၇၅၄)

အင်္ဂလန်ပြည် ဂလက်စတုန်ဗာရီအနီး ရှတ်ပဟမ်ပတ်တွင် ဟင်နရီ ဖီးလဒင်းကို မွေးသည်။ မျိုးရိုးအားဖြင့် ဟက်စဗတ်နန်းရိုးနှင့် ဆက်သည်ဟု ဆိုရိုး ရှိသည်။ ငယ်စဉ်က အီတန်တွင် ကျောင်းနေသည်။ ထိုနောက် လန်ဒန်သို့ တက်လာကာ ကချေသည် တစ်ယောက်နှင့် အဆက်အသွယ်ရပြီး ပြဇာတ်တစ်ပုဒ်ကို စင်တင်သည်။ ခေတ်၏ အဖြစ်အပျက်တို့ကို ပြောင်လှောင်သဖြင့် သူ့ပြဇာတ်များမှာ လူကြိုက်များသည်ဟု ဆိုသည်။ **လေက်မကြီးတွမ်** ဆိုသော ပြဇာတ်မှာ ညပေါင်းလေးဆယ် ကပြရသည်။ **ပက်စကွင်**မှာ ညပေါင်းခြောက်ဆယ် ကပြရသည်ဟု ဆိုသည်။များစွာသော စာရေးဆရာတို့သည် ပြဇာတ်ရေး ပြဇာတ်ဆရာ အဖြစ်ကား အောင်မြင်ခဲလှသည်။ ပြဇာတ်နှင့် ဝတ္ထုတို့မှာ မတူ။ ဝတ္ထုမှာ သရုပ်ပေါ်အောင် ဖွဲ့နွဲ့ရန် စာမျက်နှာများများ ရနိုင်သည်။ ပြဇာတ်မှာမူ ဇာတ်ဆောင်တို့၏ လှုပ်ရှားမှုဖြင့်သာ အသက်ဝင်ကာ လူ့စရိုက်ကို ဖော်ရသည့်အလုပ် ဖြစ်သည်။ ဖီးလဒင်း အဖို့ကား ပြဇာတ်ရေးဆရာဘဝမှ ရလာသည့် အတွေ့အကြုံတို့သည် များစွာ အဖိုးတန်သည်။ ဖီးလဒင်း ပြဇာတ်ရေးနေစဉ်ပင် ဝါလပိုအစိုးရ တန်ခိုးထွားသည်။ ဝါလပို၏ ပါတီအတွက် **ခေတ်သစ်ခင်ပွန်း** အမည်ရှိ ပြဇာတ်တစ်ပုဒ် ရေးကာ ကျေးဇူးပြုဖူးသော်လည်း သူ့အလှည့်တွင် စောင်မကြည့်ရှုခြင်း မပြုသဖြင့် အတိုက်အခံပါတီသို့ ကူးကာ **ချန်ပီယန်** သတင်းစာ၌ အယ်ဒီတာ လုပ်သည်။ ဆာရောဗတ် ဝါလပိုနှင့် သူ့အစိုးရကို တိုက်ခိုက်သည်။ ၁၇၄၂ ဝါလပိုအစိုးရ

ရာပြည့်စာအုပ်တိုက်

www.nyisay.com



ပြုတ်ကျသည်။ သူလည်း မြို့ရှာငြိမ်ဝပ်ရေး တရားသူကြီး ဖြစ်လာသည်။ ၁၇၄၉ တွင် ဖီးလဒင်းသည် **တွမ်ဂျုန်း** ဝတ္ထုကို ရေးသားထုတ်ဝေသည်။

**တွမ်ဂျုန်း** ဝတ္ထုကို ဖတ်မရသူတို့ ရှိသည်။ သို့သော် ကြိုက်သူတို့လည်း ရှိသည်။ ဂစ်ဗွန်က "လူ့အမူအရာကို ပီပီပြင်ပြင် ဖော်ပြသည့် ဝတ္ထုတစ်ပုဒ်"ဟု ဆိုသည်။ ဝေါလတာစကော့က "သစ္စာတရားနှင့် လူ့သဘာဝကို ပြဆိုသော ဝတ္ထု" ဟု မှတ်ချက်ချသည်။ ဒစ်ကင်းကလည်း ချီးမွမ်းသည်။ သက္ကရေးကမူ "စာရေးသူသည် ဉာဏ်ပညာ အလွန်ကြီးမားသည်၊ ထောင့်စုံအောင် အကွက်စုံအောင် လူ့ဘဝကို ကြည့်တတ်သည်၊ လူ့စရိုက်မျိုးစုံ ပါသည်"ဟု ဆိုသည်။

ဖီးလဒင်းသည် စပိန်ဝတ္ထုများကိုအားချကာ ယင်းတို့ ပုံစံအတိုင်းရေးခြင်း ဖြစ်သည်။ ရှာရီးလျှောက်လည်ကာ တေပေလေလွင့်ရင်း မယား အများအပြားယူ၍ ဟိုလိမ် သည်လိမ်လုပ်သည့် အသက်မွေးဝမ်းကျောင်းမှုအကြောင်း ထိပ်တန်းတင်ကာ ရေးသည့်ဝတ္ထုများ ခေတ်စားနေသည်။ ဇာတ်လိုက်သည် အကြောင်းတစ်ခုခုကြောင့် ဇာတိကိုခွာကာ စွန့်စားခန်း အမျိုးမျိုးကို ရင်ဆိုင်ရသည်။ ကံကောင်းသည့်အခါ ဖြိုးဝေပြီး အလှည့်မသင့်သည့်အခါ ငတ်ပြတ်ဆင်းရဲသည်။ နောက်ဆုံးတွင် ရွှေတွင်းကြီးတစ်ခု တူးမိကာ အလွန်လှပသည့် မိန်းမပျိုလေးတစ်ယောက်နှင့် လက်ထပ်ရလေသည်။ ဖီးလဒင်းသည် ဤပုံစံကိုယူကာ **တွမ်ဂျုန်း** ဝတ္ထုကို ရေးသည်။

ဖီးလဒင်း ဖန်တီးသည့် ဇာတ်ကောင်များမှာ လူယဉ်ကျေးလောကမှ မဟုတ်။ လူကြမ်းလူရိုင်းဖြစ်သည့် အောက်တန်းလွှာမှ ဇာတ်ဆောင်များသာ ဖြစ်သည်။ အတုအယောင် လောကကို သူ မလေ့လာ။ သဘာဝကိုသာ လေ့လာသည်။ ဤသည်မှာ သရုပ်မှန်ဝါဒီ(ဝါ)ယထာဘူတ ဝါဒီတို့ ရှေ့ဆောင်ရှေ့ရွက်ပြုသည့် အနုပညာဝါဒ ဖြစ်သည်။ ဤဝါဒကို မကြိုက်သူတို့က 'ဒီကမ္ဘာကြီးမှာ လူတွေဆင်းရဲတာ အနာရောဂါ ထူပြောတာ မှန်တယ်၊ ဒါပေမဲ့ ဒီအကြောင်းတွေ ကျုပ်တို့ မဖတ်ချင်ဘူး။ ဘာဖြစ်လို့ စိတ်မချမ်းသာစရာတွေ လျှောက်ရေးနေတာလဲ၊ စိတ်မချမ်းသာစရာတွေ ဘာလို့ ရှာနေတာလဲ၊ တွေ့တော့ရော ကျုပ်တို့ ဘာများ ပြုပြင်နိုင်တာ လိုက်လို့။ တကယ်တော့ ဒီကမ္ဘာမှာ ဆင်းရဲသူနှင့် ချမ်းသာသူ ဆိုတာ အမြဲရှိနေတဲ့ ကိစ္စပဲ'ဟု ဆိုကြသည်။

တချို့ကမူ ဆင်းရဲသည့်အကြောင်းမှာ စာရေးစရာ မဟုတ်။ ကမ္ဘာကြီးတွင် မှီတင်းနေထိုင်သူတို့၏ ကြင်နာမှု၊ အလှအပ၊ ကိုယ်ကျိုးစွန့်တတ်ပုံ၊ ပေးကမ်းစွန့်ကြဲမှု၌ ပျော်မွေ့ပုံ၊ ရဲရင့်ပုံတို့ကိုသာလျှင် စာဖွဲ့ကာ ဝတ္ထုရေးကြပါလားဟု ဆိုသည်။ ဤသည်တို့မှာ **တွမ်ဂျုန်း**ဝတ္ထုနှင့် ဆက်စပ်နေသည့် ဝေဖန်ချက်များ ဖြစ်သည်။ ထို့ကြောင့် **တွမ်ဂျုန်း**သည် စိတ်ဝင်စားစရာ ဝတ္ထုတစ်ပုဒ် ဖြစ်လာသည်။

www.nyisay.com



ဝတ္ထုဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

အင်္ဂလန်ပြည်တွင် ဆမ်းမားဆက်ရှိုင်ယာတွင် အောလဝပ်သီ အမည်ရှိ မြေပိုင်ရှင်တစ်ယောက်သည် နှစ်မဖြစ်သူ ဗရစ်ချက်နှင့် နေသည်။

တစ်နေ့တွင် အောလဝပ်သီသည် လန်ဒန်မြို့မှအပြန် သူ့အိပ်ရာပေါ်၌ အနီးဖြင့် ပတ်ထားသော မွေးစကလေးငယ် တစ်ဦးကို တွေ့သဖြင့် နှမငယ်က သားအရင်းလို မွေးပါမည် ဆိုသည်။ အိမ်စေ မစ္စက် ဝက်ကလင်းသည် ထိုကလေး အကြောင်းကို ရှာထဲ၌ စုံစမ်းရာ ဂျင်နီဂျုန်း၏ ကလေးဟု သိရသဖြင့် အော လဝပ်သီက အစေခံမ ဂျင်နီဂျုန်းအား ရွာမှ နှင်ထုတ်လိုက်သည်။

မစ္စဗရစ်ချက်သည် ပင်စင်စား ဗိုလ်ကြီး ဗလီဖီးကို လက်ထပ်ရာ ကလေး တစ်ယောက်အမေ ဖြစ်လာသည်။ ဗရစ်ချက်မှာ ကလေးနှစ်ယောက်ကို ထိန်း ကျောင်း မွေးမြူရသည်။ ဖတဆိုးကလေးအား သောမတ်ဂျုန်းဟု အမည်ပေး သည်။ မကြာမီပင် ဗလီဖီးသည် ဝက်ရူးပြန်ကာ သေဆုံးရာ ဖတဆိုးကလေး နှစ်ယောက်မှာ မြေပိုင်ရှင်ကြီး အောလဝပ်သီ၏ အရိပ်အာဝါသအောက်၌ ကြီးပြင်း ရသည်။

ဆယ့်လေးနှစ် ရှိလျှင်ပင် တွမ်ဂျုန်းသည် အတတ်မျိုးစုံ တတ်နေပြီ။ ခိုးတတ်သည်။ လစ်တတ်သည်။ ဗလီဖီးငယ်ကား ဘုရားတရား ကြည်ညိုသည်။ လိမ္မာသည်။ တွမ်ဂျုန်းနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။

ဘုန်းကြီး မစ္စတာ သွက်ကမ်သည် သူငယ်နှစ်ယောက်ကို စာသင်ပေး သည်။ မျက်နှာမလိုက်ဘဲ သင်ကြားစေရမည်ဟု အောလဝပ်သီက မှာကြားထား သော်လည်း တွမ်ဂျုန်းမှာ အပြစ်ပေးခံရ၊ အရိုက်အနှက် ခံရသည်။ တွမ်ဂျုန်းက လည်း ပြောဆို ဆုံးမသည်ကို နားမထောင်။

အသက်နှစ်ဆယ် ရှိသည့်အခါ တွမ်ဂျုန်းသည် အိမ်နီးချင်း စကွိုင်ယာ ဝက်စတင်၏ အမဲလိုက် အဖော်ဖြစ်လာသည်။ မစ္စတာ ဝက်စတင်၏ တစ်ဦး သောသမီး ဆိုဖီယာဝက်စတင်၏ ချစ်မေတ္တာကို ပိုင်ဆိုင်ခွင့်ရသည်။ တစ်နေ့တွင် အမဲလိုက်ရာ၌ ဆိုဖီယာ အန္တရာယ်တွေ့သဖြင့် ဝင်၍ကယ်ရာ တွမ်ဂျုန်းမှာ အနာတရ ဖြစ်ရသည်။ ထို့ကြောင့် ဆိုဖီယာတို့အိမ်တွင် သုံးလေးပတ် နေရသည်။ ထိုအခါတွင်မှ သူ့အချစ်သည် ငုပ်နေရာမှ ပေါ်လာသည်။ ဆိုဖီယာကလည်း သူ့ကို ကြင်နာမြတ်နိုးမှန်း သိလာရသည်။ သို့ငြားလည်း ချစ်သူနှစ်ယောက်မှာ နီးရဖို့ မမြင်။ အဖေ ဝက်စတင်ကြီးက သဘောတူမည် မဟုတ်။ ထိုစဉ် အောလဝပ် သီ နေမကောင်းသဖြင့် အိမ်သို့ ပြန်ပြေးရသည်။

ဗလီဖီးငယ်၏အမေ ဗရစ်ချက်သည် အစ်ကိုကြီးအား ပြုစုရင်း သေဆုံး

www.nyisay.com



သွားသည်။ ထိုစဉ်တွင် တွမ်ဂျုန်းမှာ အရက်သောက်တတ်စ ပြုလာသည်။ ကြာသော် အရက်စွဲလာသည်။ တွမ်နှင့် ဗလီဖီးငယ်တို့ကား မသင့်မြတ်ကြ။ တွမ်နှင့် ဆိုဖီယာတို့ ချစ်ကြိုက်နေကြမှန်း စကွိုင်ယာဝက်စတင် သိသွားလျှင် ဗလီဖီးနှင့် ပေးစားရန် စီမံသည်။ နောက်ဆုံးတွင် အောလဝပ်သီက သူ့အား အိမ်မှ နှင်ထုတ်လိုက်သည်။ သူ့တွင်ပါသည့် ပေါင် ငါးရာလည်း လမ်းတွင် လူလုခံရသည်။

ထိုအချိန်တွင် ဆိုဖီယာတစ်ယောက်မှာ စိတ်ဆင်းရဲကာ ဗလီဖီးလက်မှ လွတ်အောင် ထွက်ပြေးသည်။ ဆိုဖီယာနှင့် တွမ်တို့သည် လန်ဒန်သို့ သွားကြသည်။ သို့သော် မဆုံမိကြ။

တွမ်သည် လန်ဒန်သို့ လာရာ လမ်းခရီး၌ စွန့်စားခန်းများ ကြုံရသည်။ တောအလယ်တွင် လူတစ်ယောက်က မစ္စက်ဝါတားဆိုသည့် မိန်းမတစ်ယောက်အား စော်ကားမည်အပြုတွင် တွမ်ဂျုန်းက ကယ်လိုက်ရသည်။ ထိုမိန်းမသည် သူတို့ရွာမှ နှင်ထုတ်ခံရသည့် ဂျင်နီဂျုန်းမှန်း သူ မသိ။ ထိုမိန်းမက မြူဆွယ်ကာ သူနှင့် အိပ်စေသည်။

လန်ဒန်မြို့တွင်နေစဉ် ကံဆိုးမိုးမှောင်ကျခိုက် ဖစ္စပက်ထရစ်ဆိုသူနှင့် ရန်ဖြစ်ကာ ဓားချင်း ယှဉ်ခုတ်ကြသည်။ တစ်ဖက်လူ ဒဏ်ရာရသဖြင့် တွမ်ဂျုန်းမှာ ထောင်ကျခံရသည်။ ထိုအချိန်မှာပင် အောလဝပ်သီ၊ ဗလီဖီးနှင့် ဝက်စတင်တို့ လန်ဒန်မြို့သို့ ရောက်လာကြသည်။

ဓားချင်းယှဉ်ခုတ်ရာတွင် တွမ်၏ အပြစ် မဟုတ်ဟု ဖစ္စပက်ထရစ်က ဝန်ခံသဖြင့် တွမ်မှာ သက်သာရာရသည်။ ဗလီဖီးကလည်း တွမ်ဂျုန်းတစ်ယောက် အပြစ်ရအောင် မတရားသက်သေ ရှာကာ ရုံးတော်၌ ထွက်ဆိုစေကြောင်း အောလဝပ်သီ သိရသည်။ ဗရစ်ချက် သေခါနီး အစ်ကိုကြီးထံ စာရေးထားခဲ့ရာ ထိုစာကို သားဖြစ်သူ ဗလီဖီးက ဖွက်ထားသည်။ ထိုစာ၌ တွမ်မှာ စင်စစ် သူ့သား ဖြစ်ကြောင်း ဗရစ်ချက်က ဝန်ခံထားသည်။ ထိုအခါတွင်မှ အောလဝပ်သီသည် တွမ်ဂျုန်းကို သနားကာ ချစ်လာသည်။ ဆိုဖီယာနှင့် တွေ့ကာ တွမ်ဂျုန်းအတွက် တောင်းပန်သည်။ ထို့နောက် တွမ်သည် သူ၏ တစ်ဦးတည်းသော အမွေခံသား ဖြစ်ကြောင်း ကြေညာသည်။

စကွိုင်ယာကလည်း သူ့သမီး ဆိုဖီယာနှင့် သဘောတူသည်။ မိဘများ သဘောတူကြပြီးသည့်နောက် သူတို့သည် ပျော်ရွှင်စွာ လက်ထပ်လိုက်ကြသည်။ ထိုနေ့က သူတို့ နှစ်အိမ်ထောင်ဝန်းကျင်တွင် ပွဲကြီး ဆင်ယင် ကျင်းပလေသတည်း။

www.nyisay.com

## အဆောင်နီ အိပ်မက် (၁၈ ရာစုအလယ်)

## ဆိုဆူချင် (၁၇၁၅–၁၇၆၃)နှင့် ကာဝိ

ရှေးဟောင်း ဂန္ထဝင်စာပေများနှင့် ပတ်သက်၍ အစွန်းနှစ်ဖက်ထွက် လေ့လာမှုများသည် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေး လမ်းကြောင်းတွင် သတိပြုသင့်သော အချက်ဖြစ်၏။ ထို့အတူ အနုပညာပစ္စည်းတစ်ခုအပေါ်တွင် လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို အကဲဖြတ်မှုများသည်လည်း သတိပြုဖွယ် ဖြစ်လေသည်။

**အဆောင်နီ အိပ်မက်** အမည်ရှိ တရုတ်ရှေးဟောင်း ဝတ္ထုသည် တရုတ်ပြည်နှင့်တကွ ကမ္ဘာတွင်ပါ ထင်ရှားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ထိုဝတ္ထုကို တရုတ်ပြည် ချင်မင်းဆက်ဖြစ်သော ၁၈ ရာစု အလယ်ပိုင်းတွင် ဆိုဆူချင်ဆိုသူက ရေးခဲ့သည်။ ဆိုဆူချင် ကွယ်လွန်ပြီး နှစ်နှစ်အကြာ ၁၇၆၅ လောက်တွင် စာအုပ်အဖြစ် ထွက်လာခဲ့ခြင်း ဖြစ်သည်။ စာအုပ်အဖြစ် ဆိုစေကာမူ လက်ရေးမူအဖြစ် ထွက်လာခြင်း ဖြစ်၏။ ထိုစဉ်က ဝတ္ထုအမည်မှာ **ကျောက်တုံး၏ ဇာတ်လမ်း**ဟူ၍ ဖြစ်လေသည်။ အခန်းပေါင်း ရှစ်ဆယ် ပါဝင်၏။ ၁၇၉၁ ခုနှစ်တွင် ကာဝိက ထိုဝတ္ထုကို ဆက်လက် ရေးသား၏။ သို့ဖြင့် အစအဆုံး အခန်းပေါင်း ၁၂၀၊ စာလုံးရေပေါင်း တစ်သန်းကျော် ပါဝင်သော ဝတ္ထုရှည်ကြီးတစ်ပုဒ် ဖြစ်လာ၏။ ထိုအခါ ဝတ္ထုအမည်မှာ **အဆောင်နီ အိပ်မက်** ဟူ၍ ဖြစ်လာခဲ့သည်။

ယင်းဝတ္ထုကြီးသည် တရုတ်ပြည်စာပေနှင့် ယဉ်ကျေးမှု အခန်းကဏ္ဍတွင် အရေးပါသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ အကြောင်းအရာအားဖြင့် မြေရှင်

www.nyisay.com



မိသားစု လေးခုဖြစ်သော ချီ၊ ဝမ်၊ ရှီ၊ ဆူ မိသားစုကို နောက်ခံပြု၍ တရုတ်ပြည် မြေရှင်စနစ် ကျဆုံးခန်းကို ဖော်ပြထားသော ဝတ္ထုဖြစ်သည်။ မြေရှင်များနှင့် အဖိနှိပ်ခံ ပြည်သူများအကြောင်း၊ မြေရှင်တို့၏ ဖိနှိပ်မှုများ၊ အထူးသဖြင့် မြေရှင်စနစ်အောက်တွင်ရှိသော အုပ်ချုပ်ရေးအာဏာ၊ အရာရှိဆိုး စိတ်ဓာတ်၊ ငွေဝယ်ကျွန် ပြဿနာ၊ လက်ထပ်စနစ်နှင့် ထိုကာလ စာမေးပွဲစနစ်တို့ကို ဝေဖန် သုံးသပ် တင်ပြထားသော ဝတ္ထုလည်း ဖြစ်လေသည်။ လူတန်းစားတိုက်ပွဲ ပြဿနာများနှင့် ကျေးလက်ဘဝကိုလည်း သရုပ်ဖော်ထား၏။ ဇာတ်ဆောင် အများအပြား ပါဝင်၏။

ဤဝတ္ထုကြီးနှင့် ပတ်သက်၍ မျက်မှောက်ခေတ် တရုတ်ပြည်တွင် အယူအဆ အမျိုးမျိုး ပေါ်ပေါက်ခဲ့၏။ ကူတင်ယီ၊ ချောင်ယန်း စသော ပုဂ္ဂိုလ် များက ဤဝတ္ထုကြီးကို သာမန် ဘဝအလွမ်းဖွဲ့ အချစ်ဝတ္ထုတစ်ပုဒ်အဖြစ် တန်ဖိုး ဖြတ်ကာ ဝတ္ထု၏ အနှစ်သာရပိုင်းကို ပစ်ပယ်ခဲ့ကြ၏။ သို့ဖြင့် ခေတ်ဟောင်း ဝတ္ထုတစ်ပုဒ်ကို တန်ဖိုးမဲ့ လုပ်ခဲ့ကြ၏။ ထိုအခါမှစ၍ ခေတ်သစ်တရုတ်ပြည် စာပေယဉ်ကျေးမှု လောကတွင် ဤဝတ္ထုကြီးနှင့် ပတ်သက်၍ အငြင်းပွားလာခဲ့ ကြ၏။ ၁၉၅၄ ခုနှစ် အောက်တိုဘာလတွင် ဥက္ကဋ္ဌကြီး မော်စီတုန်းသည် ထိုဝတ္ထု နှင့် ပတ်သက်၍ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရို အဖွဲ့ဝင်များနှင့် အခြား ရဲဘော်များထံသို့ စာတစ်စောင် ရေးခဲ့၏။ ဤဝတ္ထုနှင့် ပတ်သက်၍ လူတင်ယီနှင့် ချောင်ယန်းတို့၏ အယူအဆကို ချေမှုန်းခဲ့၏။ လူရွှန်း ၏ အယူအဆသည် မှန်ကန်သော အယူအဆဖြစ်ကြောင်း ဖော်ပြခဲ့၏။ ဤဝတ္ထု သည် သာမန် ဘဝအလွမ်းဖွဲ့ အချစ်ဝတ္ထု မည်ကာမတ္တ မဟုတ်၊ သမိုင်းနောက်ခံ နိုင်ငံရေးဝတ္ထုကြီး တစ်ပုဒ်ဖြစ်ကြောင်း ထောက်ပြခဲ့လေသည်။

ထိုအခါမှစ၍ ထိုဝတ္ထုကြီး၏ တန်ဖိုးသည် မြင့်မားလာ၏။ ၁၉၅၈ ခုနှစ် တွင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခြင်းဖြင့် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ထင်ရှားလာ ခဲ့လေသည်။

ဝတ္ထုကို ဝတ္ထုဖြစ်ပေါ်လာပုံ ကျောက်တုံးတစ်တုံး၏ ဇာတ်လမ်းဖြင့် အစ ပြုထား၏။ ထိုနောက်ကြောင်းပြန် ဇာတ်လမ်းမှ ဝတ္ထုကို အစပြုသည်။ ဝတ္ထုဖွင့် ဇာတ်ဆောင်များမှာ ချီ မြေရှင်မိသားစုဖြစ်၏။ ထိုမိသားစုတွင် နယ်စား နှစ်ယောက် ရှိ၏။ ထိုနှစ်ယောက်မှာ နင်ကိုနှင့် ယွန်ကိုဖြစ်သည်။ နင်ကို ရာထူးကို ဒုတိယမြေး ချီချင်းက ဆက်ခံ၏။ သို့သော် ချီချင်းသည် ဘာသာရေး၌ မွေ့လျော် နေ၏။ ထို့ကြောင့် ချီချင်းသည် သားချီချန်ကို ရာထူးလွှဲပေးလိုက်သည်။ ယွန်ကို၏ မြေးတစ်ယောက်မှာလည်း ချီချန်အမည်ဖြင့်ပင် ရှိ၏။ ထိုချီချန်သည် ဝမ်မိသားစုမှ

www.nyisay.com



အမျိုးသမီးကစ်ယောက်နှင့် လက်ထပ်သည်။ ၎င်းတို့မှ ပိုးယုကို မွေးသည်။ ယွန်ကို၏သမီး ချီမင်းက တိုင်းယုအမည်ရှိ အမျိုးသမီးကို မွေးသည်။

ချိ မိသားစုမှာ သားတွေ၊ မြေးတွေနှင့် တစ်သိုက်တစ်အုံကြီး ဖြစ်လာသည်။ နင်ကို၏သားမှ မြေးတစ်ယောက်၊ ထိုမြေးတစ်ယောက်မှ မြစ်နှစ်ယောက်၊ တီ တစ်ယောက်၊ ယွန်ကို၏သားမှ မွေးလာသည်တို့ကား ယွန်ကို၏ မြေး သုံးယောက်၊ မြစ် ရှစ်ယောက်၊ တီ တစ်ယောက်။

ယင်းတို့တွင် ပိုးယုနှင့် တိုင်းယု ဝမ်းကွဲမောင်နှမသည် ငယ်စဉ်ကပင် အတူနေခဲ့ကြသည်။ စရိုက်ချင်းလည်း ဆင်သည်။ သူတို့သည် မြေရှင်ကြီးများက ဆင်းရဲသားများကို ဖိနှိပ်နေသည်ကို မကြိုက်။ အဖိနှိပ်ခံတွေအပေါ်တွင် သူတို့ ကရုဏာ ထားကြသည်။ အဖိနှိပ်ခံတို့၏ တော်လှန်ရေးကို သူတို့ ထောက်ခံကြသည်။ သို့ဖြင့် မြေရှင်အိမ်ထောင်စုကြီးတွင် ပိုးယုနှင့် တိုင်းယုတို့သည် တော်လှန်သူများ ဖြစ်လာကြသည်။

ထိုကာလများ အတွင်းမှာပင် ပိုးယုသည် မိမိတို့ မိသားစုအတွင်းက အချစ်ရေးကိစ္စများ၊ စည်းစိမ်ခံစားကြရင်း၊ ဆင်းရဲသားများကို ဖိနှိပ်ကြရင်း၊ စာမေးပွဲ ပြဿနာများ၊ လက်ထပ်မှုပြဿနာများ၊ ကျွန်ပြုမှုများကြားတွင် မိမိကိုယ်ကို အဆုံးစီရင်သွားကြသော မြေရှင်မိသားစုများ၏ စက်ဆုပ်ဖွယ် အဖြစ်များကို မြင်လာသည်။ အချင်းချင်း သတ်ဖြတ်မှုများကိုလည်း တွေ့လာ၏။ မိမိကိုယ်တိုင် အသတ်ခံရမည့် အဖြစ်များကိုလည်း မြင်လာသည်။

ဤသို့လျှင် မြေရှင်မိသားစု ကျဆုံးစပြုလာသော အဖြစ်ဖြင့် ပထမရေးသူ ဆိုဆူချင်သည် အခန်း ၈၀ တွင် ဝတ္ထုကို အဆုံးသတ်ခဲ့ခြင်း ဖြစ်၏။

ထို့နောက် ကာင်က ဝတ္ထုကို ဆက်ရေးသည်။

ဆက်ရေးသော ဝတ္ထု၏ သုံးပုံတစ်ပုံမှာ ပထမရေးထားသော အခန်း ရှစ်ဆယ်ပါ ဖြစ်ရပ်များကို ပြန်လည် ဖော်ပြထားခြင်း ဖြစ်သည်။ သို့ဖြင့် မြေရှင် အဖွဲ့အစည်းတွင် တစ်ဖက်ကို ဖိနှိပ်ရင်း ပျက်စီးလာကြပုံ၊ လူသတ်မှု၊ မိမိကိုယ်ကို အဆုံးစီရင်မှုများ ပြွမ်းတီးလာပုံတို့ကို ဖော်ပြ၏။

ပိုးယုသည် သူချစ်သော မိန်းကလေး ဆုံးရှုံးခဲ့ရသဖြင့် စိတ်လေလွင့်နေ၏။ သို့သော် ပိုးယုဖခင်သည် ပိုးယုကို လက်ထပ်ပေးရန် စီစဉ်သည်။ ပိုးယုသည် လက်ထပ်ချင်း ထပ်ရလျှင် တိုင်းယုကို လက်ထပ်ချင်သည်။ တိုင်းယုကလည်း သူ့ကို ချစ်သည်။ သူကလည်း တိုင်းယုကို ချစ်သည်။ ထို့ကြောင့် သူ တိုင်းယုနှင့် လက်ထပ်ရမည်ဟု မျှော်လင့်သည်။ သို့သော် သူတို့မိသားစုနှင့် ယှက်နွယ်နေသော ဝမ်မိသားစုကမူ ဝမ်အနွယ်ဝင် ပိုးချီနှင့် လက်ထပ်ပေးချင်သည်။ ထိုအဖြစ်ကို

www.nyisay.com



တိုင်းယု သိသည်။ တိုင်းယုသည် ချစ်သူ ပိုးယုနှင့် မပေါင်းရသည်ကို သိသဖြင့် ပိုးယု လက်ထပ်မည့်နေ့တွင် မိမိကိုယ်ကို အဆုံး စီရင်လိုက်သည်။

ထိုအဖြစ်များကို ပိုးယု မသိ။ နောက်ဆုံးအချိန်အထိ သူသည် တိုင်းယုနှင့် လက်ထပ်ရလိမ့်မည်ဟု မျှော်လင့်ထား၏။ သို့သော် သူ မျှော်လင့်ထားသည့်တို့သည် ဖြစ်မလာ။ သူ ပိုးချီကို လက်ထပ်လိုက်ရသည်။

ပိုးယုသည် စိတ်ဓာတ် ပျက်ပြားလာ၏။ မိသားစုတွင်းမှာလည်း ဖရိုဖရဲ ဖြစ်လာပေပြီ။ ပိုးယု မကျန်းမမာ ဖြစ်လာ၏။ သေလုနီး အခြေအနေသို့ပင် ရောက်လာသည်။ ပြန်လည် ကျန်းမာလာသောအချိန်တွင် မိသားစု ဂုဏ်သိက္ခာကို ပြန်ဆယ်ရန် ကြံသေး၏။ လက်တွေ့တွင်ကား အထမမြောက်။ ပိုးယုသည် မြေရှင်လောကကြီးကို မထူထောင်နိုင်တော့။

ဤသည်ကား ဝမ်းနည်းဖွယ် ပုံပြင်တစ်ပုဒ်သာတည်း။ ထူးထွေ ဆန်းပြား လှစွာ၏။

ဘဝဟူသည် အိပ်မက်သာတည်း၊ အနိစ္စမျိုး လူသွမ်းဆိုးတို့ အကြောင်း သာတည်း။

ဤသို့ဖြင့် **အဆောင်နီ အိပ်မက်**သည် မြေရှင်တို့၏ ဘဝကို ရှုတ်ချ ပြစ်တင် သရုပ်ဖော် ရေးဖွဲ့ထားသော ဝတ္ထုအဖြစ် ထင်ရှားခဲ့လေသည်။ ဤဝတ္ထုသည် ထိုကာလ ချင်လွှန်း၏ ဝန်ကြီးတစ်ယောက်ကို ကိုယ်စားပြု ရေးဖွဲ့သည်ဟုလည်း အဆိုရှိ၏။ စင်စစ်သော်ကား တစ်ဦးတစ်ယောက်ကိုထက် မြေရှင်ကြီးတို့၏ ကျဆုံးခန်းကို ဖွဲ့သောဝတ္ထု ဖြစ်ပေသည်။

ထို့ကြောင့်ပင် ယနေ့ခေတ်တွင် တရုတ်ပြည်၌ **အဆောင်နီအိပ်မက်** ဝတ္ထုကြီးသည် ပြည်သူတို့ အထူးဂရုပြု လေ့လာရမည့် သမိုင်းနောက်ခံ နိုင်ငံရေး ဝတ္ထုကြီးအဖြစ် ပြန်လည် ထင်ရှားလာခဲ့ခြင်း ဖြစ်လေသည်။

၁၉၈၈ ခုတွင် မြသန်းတင့်သည် အတွဲ ၉ တွဲ ခွဲ၍ **ခန်းဆောင်နီ အိပ်မက်** အမည်ဖြင့် ဘာသာပြန်ဆို ထုတ်ဝေခဲ့ရာ ထိုနှစ်အတွက် အမျိုးသားစာပေ ဘာသာပြန်(ရသ) ဆုကို ရခဲ့ပါသည်။

www.nyisay.com

## ကင်းဒီ (၁၇၅၈)

### ဗော်လတဲယား (၁၆၉၄–၁၇၇၈)

ကင်းဒီသည် ရုပက ပုံပြင်တစ်ခု ဖြစ်သည်။ ပုံပမာ နှိုင်းခိုင်းကာ ပြောရသည့်ပုံ ဖြစ်သည်။ စာရေးဆရာ ပြောချင်သည်ကို တိုက်ရိုက်မပြော။ နောက်တွင် အဓိပ္ပာယ် အများကြီး ဆောင်သည့် ပုံပြင်မျိုးကို ဆိုလိုခြင်းပင် ဖြစ်သည်။

စာရေးသူ ဗော်လတဲယားကား ပဋိဘာန်ဉာဏ်ရှင်သူ ဖြစ်သည်။ သူ့ခေတ်တွင် အထေ့အငေါ့များ၊ ထိုးနှက်ချက်များကို ပုဂ္ဂိုလ်မရွေး သူ့စာထဲ၌ ထည့်ကာ ပြောင်လှောင်သည်။ ပြင်သစ်ဘုရင်ကို ပြောင်လှောင်သည့် စာတစ်ပုဒ်ကြောင့် ဗက်စတီးထောင်ထဲသို့ နှစ်ကြိမ် ဝင်ရဖူးသည်။

၁၇၃၃ တွင် ရေးခဲ့သော ဒဿနစာတမ်းများမှာ အလွန်ကျော်ကြားသည်။ ပြင်သစ်အစိုးရကို ပြစ်တင်ဝေဖန်သဖြင့် ယင်းစာအုပ်ကို ပြင်သစ်ပြည်၌ မဖတ်ရ၊ မရောင်းရဟု တားမြစ်ခဲ့သည်။ သူနှင့် ရုဆိုးတို့၏ စာပေများကြောင့် ပြင်သစ်လူထုသည် တော်လှန်တက်ကြွခဲ့ရသည်။ နောင်အခါ ပြင်သစ်ပြည်တွင် ပေါ်ခဲ့သည့် တော်လှန်ရေးတို့သည် သူတို့နှစ်ယောက်၏ စာပေသြဇာနှင့် မကင်းဟု အချို့က ဆိုကြသည်။

ကင်းဒီမှာ ဝတ္ထုဟု မဆိုသာ၊ ပုံပြင်သာ ဖြစ်သည်။ သို့သော်လည်း ဝတ္ထုစာရင်းတွင် သွင်းရမည့် ပုံပြင်ဝတ္ထုဖြစ်သည်။ သူရေးထားသည့် အကြောင်းမှာ

www.nyisay.com



အလွန်ရိုးသော၊ သို့သော်လည်း အများသူငါတို့ အမြဲတွေ့ကြုံရသော ဆင်းရဲခြင်း ဝေဒနာပင် ဖြစ်သည်။ လူသည် ချမ်းသာသည့်ဒဏ်ကို မခံနိုင်သော်လည်း ဆင်းရဲသည့်ဒဏ်ကိုကား ကြိတ်မှိတ်ခံရင်း ဆင်းရဲတွင်းက လွတ်အောင် ရုန်းကန်ကြရသည်။ ဆင်းရဲဒဏ်ကို လူတို့ခံနိုင်သည်မှာ အလွန်ရိုးသော အချက်ဖြစ်သည်။ သို့သော်လည်း ဖော်လတဲယားက တင်ပြသည့်အခါ သူ့ခေတ်တွင် ထွန်းကားနေသော လောကအမြင်အချို့ကို တိုက်ခိုက် ချေဖျက်လိုသဖြင့် ပုံဆောင်ထားခြင်း ဖြစ်သည်။ သူ့ခေတ်တွင် ပြင်သစ်ပြည်၌ လေဗနစ်၏ ဣဋ္ဌာရုံဝါဒဟု ခေါ်သော အကောင်းမြင်ဝါဒ ထွန်းကားနေသည်။

လူ့လောကသည် ဆင်းရဲခြင်း ထုပြောသည်။ ဆင်းရဲတွင်းက လွတ်အောင် ရှောင်သော်လည်း မရ။ ဤကမ္ဘာကြီးကို ဖန်ဆင်းသည့် တန်ခိုးတော်ရှင်သည် ဆင်းရဲဒုက္ခအပေါင်း ပတ်ပတ်လည်နေသည့် ကမ္ဘာကြီးကိုသာ ဖန်တီးထားဟန်တူသည်။ တန်ခိုးတော်ရှင်သည် လူအပေါင်းကို သနားလျှင် သည့်ထက်ပို၍ ကောင်းသော ကမ္ဘာကြီးတစ်ခုကို ဘာကြောင့် မဖန်ဆင်းသနည်း။ ဖန်ဆင်းနိုင်လျှင် သူ့အား ဘယ်သူက တားသလဲ။ မဖန်ဆင်းနိုင်ဘူးဆိုလျှင် သူ့တွင် တန်းခိုးရှိသည် ဆိုသည်ကို ယုံရမှာလား။ ဆင်းရဲဒုက္ခ ခံစားရလေလေ၊ သည်မေးခွန်းများ ပေါ်လာလေလေမှာ ဓမ္မတာသာဖြစ်သည်။ ကျွန်တော်တို့က သည်လိုခေတ်မျိုးတွင် မကျင်လည်ရရှိစေ။ ဖော်လတဲယားက အနိဋ္ဌာရုံတို့ကို မျက်မှောက်ပြုရသည်။ ထို့ကြောင့် လေဗနစ် ခေါင်းဆောင်သည့် အဘိဓမ္မာဂိုဏ်း၏ ဖြစ်သမျှအကြောင်း အကောင်းချည်းသာ မြင်ရမည်ဟူသော အကောင်းမြင်ဝါဒကို ဖော်လတဲယားက အပြောင်အပျက် သဘောဖြင့် ထေ့ငေါ့ကာ ကင်းဒီဝတ္ထုကို ရေးခြင်းဖြစ်သည်။ ဤဝတ္ထုသည် ဖြေဖျော်မှုကိုသာမက သင်ခန်းစာလည်း ပေးလိုဟန်တူသည်။ သူတို့ခေတ်တွင် ဝတ္ထုထဲမှ တရားဟောသည့်အကျင့်မှာ ခေတ်စားစ ပြုနေပြီ။ ကျွန်တော်တို့ထက် ထိုခေတ်လူများသည် ကင်းဒီဝတ္ထု၏ အရသာကို ပို၍ တွေ့မည် ဖြစ်သည်။ ထိုခေတ်က အတွေးအခေါ်၊ အလေ့အလာ၊ သမိုင်းဖြစ်ရပ် တို့ကို ဤဝတ္ထုတွင် အများဆုံး ထင်ဟပ်ထားသည်။

ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

မြို့စားကြီးတစ်ဦးက ဇာတ်လိုက် ကင်ဒီအား မွေးစားသည်။ မိဘမျိုးရိုး မသိရသော်လည်း အမှန်စင်စစ် မြို့စားကြီးနှမ၏ အဖေမပေါ်သော သားဖြစ်သည်။ အိမ်တွင် သူ့သမီး ကူနီဂွန်းနှင့်အတူ ဆရာတစ်ယောက်ငှား၍ ပညာသင်စေသည်။ သူတို့ဆရာကြီးမှာ ဒေါက်တာ ပင်းကလော့ဖြစ်သည်။ ပင်းကလော့သည် တစ်နေ့တွင် အိမ်စေမလေးတစ်ဦးအား ချစ်နေသည်ကို ကူနီဂွန်း တွေ့သွားသည်။ ကင်းဒီ

www.nyisay.com



သည်လည်း ကူနီဂွန်းကို ချစ်နေသည်။ သို့သော် သတ္တိမရှိ၍ မပြောရဲ။ ကူနီဂွန်းက ရှေ့ဆောင်လမ်းပြလုပ်သဖြင့် သူတို့နှစ်ယောက်သည် ဆိတ်ကွယ်ရာ၌ ချစ်နေသည်တွင် မြို့စားကြီးရောက်လာပြီး မိသွားသည်။ ထိုအခါ ကင်းဒိကို အိမ်မှ နှင်ထုတ်လိုက်သည်။

ခြေဦးတည့်ရာသို့ ထွက်လာခဲ့ရာ ဗူလဂေးရီယန်စစ်သားတို့နှင့် တွေ့သဖြင့် သူတို့ ဘုရင့်တပ်ထဲသို့ ဝင်ခဲ့သည်။

စစ်အတောအတွင်း တစ်နေ့တွင် မြို့စားကြီး၏ ရဲတိုက်ကြီးကို ဗူလဂေးရီယန်တို့က ဝင်၍ တိုက်သည်တွင် ပင်းကလော့ကို အသက်ရှင်လျက် တွေ့ရသည်။

ပင်းကလော့ထံမှ ကြားရသည့် သတင်းအရ အားလုံး သေကြေ ပျက်စီးကြပြီဖြစ်ကြောင်း၊ ကူနီဂွန်းကို စစ်သားများက မတရားကျင့်ကြကြောင်း ကြားရသည်။ ကင်ဒိသည်လည်း စစ်ထဲမှ ထွက်ပြေးသည်။ သူတို့နှစ်ယောက်ကို ဘုန်းကြီးများက ကယ်ထားသည်။ နောက် နှစ်လခန့်ကြာသောအခါ သူတို့သည် လစ္စဗုန်းမြို့သို့ သင်္ဘောတစ်စီးဖြင့် ထွက်ခွာလာခဲ့ကြသည်။ လမ်းတွင် မုန်တိုင်းမိသဖြင့် လစ္စဗုန်းပင်လယ်ကွေ့၌ သင်္ဘောပျက်သည်။ ကင်းဒိနှင့် ပင်းဂလော့တို့က အသက်ရှင်ကြသည်။ သို့သော်လည်း လစ္စဗုန်းမြေပေါ်သို့ ခြေချသည်တွင် ငလျင်အကြီးအကျယ် လှုပ်သဖြင့် ဒုက္ခရောက်ကြပြန်သည်။ မြို့သို့ ရောက်လျှင် မြေငလျင်နတ် ပူဇော်ရန် လူစတေးခံရသည်။ ပင်းဂလော့ တစ်ယောက်သာ အသတ်ခံရသည်။ ကင်ဒိကား ထွက်ပြေး လွတ်မြောက်သည်။

ကင်းဒိကို မိန်းမကြီးတစ်ယောက်က ကယ်ထားသည်။ တတိယနေ့တွင် သူချစ်သူ ကူနီဂွန်းနှင့် ပြန်တွေ့သည်။ ကူနီဂွန်းက သူ့ကို ဗူလဂေးရီယန် စစ်ဗိုလ်ကြီးက နှစ်လခန့် သိမ်းပိုက်ထားပြီး ရေဟူဒီတစ်ယောက်က ဝယ်သွားသည်။ ရေဟူဒီလက်မှ တစ်ဖန် နယ်စားကြီးတစ်ယောက်က လုသွားပြန်သည်ဟု သိရသည်။ ထိုစဉ်ပင် ရေဟူဒီကြီး ဝင်လာသဖြင့် ကင်းဒိက ဓားနှင့် ထိုးသတ်လိုက်သည်။ နယ်စားကြီးကိုလည်း ထိုနည်းအတိုင်း သတ်ပစ်လိုက်သည်။

ချစ်သူ နှစ်ယောက် ထွက်ပြေးကြရာ ကားဒစ်မြို့သို့ ရောက်သည်။ ကမ္ဘာသစ် ဖြစ်သော အမေရိကသို့ သွားမည့် သင်္ဘောတစ်စီးစီးကို ရှာနေစဉ် ဂျေဆုဘုရင်ဂိုဏ်း ဘုန်းကြီးများက ကင်းဒိအား စစ်ဗိုလ်ခန့်၍ ပါရာဂွေးပြည်သို့ ပို့လိုက်သည်။ ဗွေနိုအေရီမြို့သို့ ရောက်လျှင် ဘုရင်ခံတစ်ဦးက ကူနီဂွန်းကို မျက်စိကျသွားသည်။ ထိုတိုင်းပြည်၏ ဂျေဆုဂိုဏ်းထောက် ဘုန်းတော်ကြီးမှာ ကူနီဂွန်း အစ်ကို ဖြစ်နေသည်။ ကင်းဒိသည် သူ၏ တပည့်သစ် ဘာကမ်ဗိုနှင့်အတူ ဘုန်းကြီးဆီသို့ ဝင်ကာ သူ့နှမ ကူနီဂွန်းနှင့် လက်ထပ်ပေးရန် တောင်းဆိုသည်။

www.nyisay.com



ဘုန်းကြီးက ဒေါသထွက်ကာ ကင်းဒီအား ပါးရိုက်သည်။ ကင်းဒီလည်း ဘုန်းကြီးကို ဓားနှင့် ထိုးသတ်ကာ ဘာကမ်ဗိုနှင့်အတူ ထွက်ပြေးခဲ့ကြသည်။

ထိုနောက် သူတို့သည် ရွှေငွေရတနာများ ပေါများသည့် အယ်ဒိုရာဒိုခေါ် ရတနာတိုင်းပြည်တစ်ခုသို့ ရောက်သွားသည်။ တိုင်းပြည်တစ်ပြည်ကို ဝယ်နိုင်လောက်အောင် ရွှေငွေရတနာတို့ ရသဖြင့် ဘာကမ်ဗိုအား ရွှေများနှင့်အတူ ကူနီဂွန်းကို ပြန်ရွေးရန် ဗွေနိုအေရီမြို့သို့ လွှတ်လိုက်ပြီး ဗင်းနစ်မြို့၌ ပြန်တွေ့ရန် ချိန်းလိုက်သည်။ ကင်းဒီသည် ပြစ်သစ်သင်္ဘောတစ်စီးနှင့် ပြန်အလာ လမ်းတွင် ပင်လယ်ပြင်၌ တိုက်ပွဲအမျိုးမျိုး၊ အင်္ဂလန် ပြင်သစ်တို့၌ အတွေ့အကြုံ အမျိုးမျိုး ကြုံရပြီးနောက် ဗင်းနစ်မြို့သို့ ပြန်ရောက်လာသည်။ ဘာကမ်ဗိုကို ရှာရာ မတွေ့။ နောက်ဆုံးတွင်မှ စော်ဘွားတစ်ဦး၏ ကျွန်ဖြစ်နေသော ဘာကမ်ဗိုကို တွေ့ရသည်။

သူ့တွင် ကျန်သမျှ ရွှေငွေများ ကုန်ပြီ။ ကူနီဂွန်းကို ရွေးပြီးနောက် ပြန်လာရာ သင်္ဘောကို ပင်လယ် ဓားပြများက တိုက်ခိုက်ပြီး ကူနီဂွန်းကို ကျွန်အဖြစ် ရောင်းလိုက်သည်။ ယခု မာမိုရာ ပင်လယ်အနီးရှိ နိုင်ငံခြားဘုရင်တစ်ပါး၏ ငွေဝယ်ကျွန် ဖြစ်နေပြီဟု ဘာကမ်ဗိုက ပြောပြသည်။

ဤသို့ဖြင့် ကင်းဒီနှင့် ဘာကမ်ဗိုတို့သည် ကူနီဂွန်းကို ရှာရန် ကွန်စတန်တီနိုပိုမြို့သို့ သင်္ဘောဖြင့် ထွက်ခဲ့သည်။ လမ်းတွင် ပညာရှိကြီး ပင်းဂလော့နှင့် ကူနီဂွန်း၏ အစ်ကို ဂျေဆုဘုန်းကြီးတို့ကို သင်္ဘောသားကျွန်များအဖြစ် အံ့အားသင့်စွာ တွေ့ရသည်။ ပင်းဂလော့မှာ ကြိုးပေးရာမှ လွတ်မြောက်လာပြီး ဘုန်းကြီးမှာ ကင်းဒီ ဓားချက်ကြောင့် မသေ၊ ဒဏ်ရာရရုံသာ ရကြောင်း သိရသည်။

သူတို့သည် ကူနီဂွန်းကို ရွေးယူကြသည်။ သို့သော်လည်း သူ့ချစ်သူမှာ အရင်ကလို မလှတော့ပေ။ အရုပ်ဆိုး အကျည်းတန်နေသည်။ ဘဝ၏ ဒဏ်ရာဒဏ်ချက်တို့ကြောင့် ဆင်းရဲပင်ပန်းကာ ရုပ်ပျက် ဆင်းပျက် ဖြစ်နေပြီး သူတို့၌ ငွေကြေးလည်း ကုန်ပြီ။ သို့သော်လည်း သူ့အစ်ကိုက သဘောမတူသည်ကို အရွဲ့တိုက်ချင်သဖြင့် ကူနီဂွန်းကို လက်ထပ်ယူလိုက်သည်။ သို့နှင့် သူတို့သည် မာမိုရာ ကမ်းခြေ၌ တောင်ယာလုပ် သီးနှံစိုက်ကာ နေထိုင်စားသောက်ကြရင်း ပညာရှိကြီး ဒေါက်တာပင်းဂလော့၏ အကောင်းမြင်ဝါဒကို ဆွေးနွေး ငြင်းခုံနေကြလေသည်။

ဩဋ္ဌာရုံဝါဒီ ပင်းဂလော့ကမူ–

'လောကကြီးမှာ အဖြစ်အပျက်တွေဟာ တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး နောက်ဆုံးတော့ ဖြစ်သမျှ အကြောင်းဟာ အကောင်းချည်း ကြုံရဖို့ ဖန်လာတာပဲ။ ခင်ဗျားသာ ကူနီဂွန်းကို ချစ်မိလို့ ရဲတိုက်ကြီးက ကန်ထုတ်မခံရရင်၊ ခင်ဗျားသာ

www.nyisay.com



မြေငလျင်နုတ် အစတေးမခံရရင်၊ ခင်ဗျားသာ အမေရိကတစ်ခွင် ပြံပြံစင် မရောက်ရင်၊ ခင်ဗျားမှာသာ အယ်ဒီရာဒို ပါလာတဲ့ ရွှေတွေ မဆုံးပါးရင် အခုလို အလွန်ချိုမြိန်တဲ့ လိမ္မော်သီးတို့၊ ရှောက်ချိုသီးတို့၊ သစ်ဆိမ့်သီးတို့ ဘယ်စားရမလဲဗျာ မဟုတ်လား'

ဟု အဘိဓမ္မာ ထုတ်လေသည်။

စာရေးသူ ဇော်လတဲယားသည် ပညာရှိကြီး ပင်းဂလော့၏ ရှုးပေါ်ပေါ်ဝါဒ မမှန်ကြောင်း တိုက်လိုသဖြင့် ဤဝတ္ထုရေးခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ ဤဝတ္ထုသည် အသက်ကြီးမှ ရေးသည့်ဝတ္ထု ဖြစ်သည်။

**ကင်းဒီကို** ကျော်အောင်က **အကောင်းမြင်သမား** အမည်ဖြင့် ၁၉၇၆ ခုနှစ်တွင် ဘာသာပြန်ခဲ့သည်။

www.nyisay.com

## နိုင်ငံတို့၏ ဓနချမ်းသာ (၁၇၇၆)

### အဒမ် စမစ် (၁၇၂၃–၁၇၉၀)

ဆယ့်ရှစ်ရာစု ကုန်ခါနီးတွင် အင်္ဂလန်ပြည်၌ အဒမ်စမစ်ဆိုသူ၏ စာအုပ်နှစ်တွဲ ထွက်ခဲ့သည်။ နိုင်ငံတို့၏ ဓနချမ်းသာကို လေ့လာဆန်းစစ်သည့် ထိုစာအုပ်မှာ ထွက်လျှင် ထွက်ချင်း လူကြိုက်မများသေး။ စာရေးဆရာ ကွယ်လွန်ပြီးနောက် ဆယ့်ကိုးရာစုဘက် အကူးတွင်မှ ထင်ရှားကျော်ကြားလာသည်။

ထိုအချိန်တွင် အင်္ဂလန်ပြည်၏ စီးပွားရေးမှာ အစိုးရ၏ ချုပ်ကိုင်မှု အောက်တွင် လုံးလုံး တည်ရှိနေသည်။ ကုန်ဈေးနှုန်းများ တည်တံ့သည်။ လုပ်ခနှင့် အလုပ်ချိန်တို့ကိုလည်း တစ်ပြေးတည်း သတ်မှတ်နိုင်သည်။ ကုန်ထုတ်လုပ်ရေး ကိုလည်း လိုသလို ထိန်းချုပ်နိုင်သည်။ ပြည်ပ ပို့ကုန်၊ သွင်းကုန်တို့ကို နိုင်ငံတော် အစိုးရက အုပ်စီးထားသည်။ စစ်ကား တစ်ချိန်လုံးလိုလို ဖြစ်နေသည်။ အင်္ဂလန် ပြည် အနေနှင့် ကြည်းတပ်အင်အား ကောင်းရမည်။ ရေတပ်အင်အား ကြီးရမည်။ ကမ္ဘာအနှံ့ ကိုလိုနီနိုင်ငံများ သိမ်းပိုက်ထားရမည်။ ပြိုင်ဘက်နိုင်ငံတို့မှာ အားကြီး၍ မဖြစ်။ နှိမ်ထားရမည်။ ပုံစံအားဖြင့် ပြင်သစ်ပြည်။ ထိုအချိန်အထိ မြေရှင် ပဒေသရာဇ် လူတန်စားသည် အုပ်ချုပ်ရေးအာဏာကို သိမ်းပိုက်ထားသည်။ ထိုစဉ်မှာပင် စက်မှုအရင်းရှင် လူတန်းစားသစ်သည် တဖြည်းဖြည်း အားကြီး လာသည်။

www.nyisay.com



အဒမ်စမစ်သည် ထိုအချိန်တွင် လူလားမြောက်လာသည်။ ဆယ့်လေးနှစ်သားတွင် ဂလတ်စဂို တက္ကသိုလ်မှ တက္ကသိုလ်ဝင်သင်တန်း အောင်ကာ အောက်စဖို့ တက္ကသိုလ်သို့ ဝင်သည်။ အောက်စဖို့တွင် ခြောက်နှစ်နေကာ စာပေလေ့လာသည်။ ထို့နောက် ဇာတိ စကော့တလန်သို့ ပြန်ကာ အီဒင်ဘာရာတွင် ၁၇၅၁ အထိ တက္ကကဗေဒနှင့် လူ့ကျင့်ဝတ် အဘိဓမ္မာတို့ကို သင်တန်းပေးဟောပြောသည်။ ထိုနောက် ငယ်ငယ်ရွယ်ရွယ် မှူးမျိုးမတ်နွယ် တစ်ယောက်နှင့် အပေါင်းအသင်း ဖြစ်လာသည်တွင် စာပေပို့ချသည့် ပါမောက္ခအဖြစ်မှ နုတ်ထွက်ကာ ယင်းနှင့်အတူ ဥရောပတိုက်သို့ အလည်အပတ် လိုက်သွားသည်။ ဥရောပတစ်ဝန်း လှည့်လည်ရင်း ပြင်သစ်ပြည်တွင် ဘောဂဗေဒပါရဂူ၊ ဒဿနိကဗေဒပါရဂူ၊ နိုင်ငံရေးသုခမိန် အစရှိသည်တို့နှင့် တွေ့ကာ ပညာရပ်အသီးသီးကို လေ့လာဆွေးနွေးခွင့် ရခဲ့သည်။ သို့နှင့် ၁၇၅၉တွင် **နိုင်ငံတို့၏ ဓနချမ်းသာ**ကို စ၍ ရေးသည်။ ၁၇၇၆ တွင် ထွက်လာသည်။

ဝေဖန်ရေးဆရာ တစ်ယောက်က ယင်းကို ဥရောပတိုက်၏ ယဉ်ကျေးမှုနှင့် သမိုင်းစစ်တမ်းဟု နာမည်ပေးသည်။ ဤစာအုပ်တွင် အဒမ်စမစ်သည် ငွေကြေးစပေါ်လာပုံ၊ အလုပ်တာဝန် ခွဲဝေပုံ၊ ကုန်ပစ္စည်းဈေးနှုန်း၊ လုပ်ခ၊ စတော့တို့၏ အမြတ်အစွန်း၊ မြေငှားခ၊ ငွေ၏တန်ဖိုး၊ ကုန်ထုတ်များသည့်အလုပ်၊ ကုန်ထုတ်နည်းသည့် အလုပ်တို့အကြောင်း ဆွေးနွေးသည်။ တစ်ဖန် ရောမနိုင်ငံတော်ပျက်စီးဆုံးပါးပြီးနောက် ဥရောပတိုက်တွင် စီးပွားရေးလုပ်ငန်းတို့ ဖွံ့ဖြိုးလာပုံ၊ ဥရောပတိုင်းပြည်တို့၏ ကိုလိုနီဝါဒ၊ ဘုရင်၏ အခွန်အတုတ်၊ သမိုင်းဦး လူ့အဖွဲ့အစည်းတို့၏ ကာကွယ်ရေးစနစ်၊ တရားဥပဒေစနစ်၊ ထိုမှတစ်ဖန် ဥရောပနိုင်ငံများတွင် အမြဲတမ်း စစ်တပ်များ မည်သို့ ဖွဲ့စည်းပုံ၊ မည်သို့ ဆက်လက် တည်တံ့နေပုံ၊ အလယ်ခေတ်၏ ပညာရေးသမိုင်း၊ ထို့ပြင် သူ့ခေတ်က တက္ကသိုလ်တို့အပေါ် သူ ဘယ်သို့ ထင်မြင်ယူဆပုံ၊ ဘုရားရှိခိုးကျောင်းများ တန်းခိုးထွားလာပုံ၊ အခွန်အတုတ် ကောက်ခံပုံ စသည်တို့ ဆွေးနွေးထားသည်။

စမစ်၏ မူလ ယူဆချက်တစ်ခုမှာ လူသည် ကိုယ်ကျိုးကို အရင်းခံကာ ပြုမူဆောင်ရွက်သည် ဟူ၍ပင် ဖြစ်သည်။ ယင်းအခြေခံမှ **နိုင်ငံတို့၏ ဓနချမ်းသာ**သည် ပေါက်ဖွားလာခြင်း ဖြစ်သည်။ ချမ်းသာချင်သည်မှာ လူ၏ သဘာဝဖြစ်သည်။

နိုင်ငံတစ်ခု၏ ကြီးပွားဖွံ့ဖြိုးမှုမှာ ထိုနိုင်ငံရှိ နိုင်ငံသားတိုင်း မိမိ အခြေအနေကို တိုးတက်ရန် ကြိုးစားမှုအပေါ် တည်သည်။ အမဲသားသည်၊ အရက်ချက်သမား၊ ဆါင်မုန့်ဖုတ်သမားတို့ကြောင့် ကျွန်တော်တို့ ထမင်းစားရခြင်း မဟုတ်။ သူတို့

www.nyisay.com



တစ်တွေ ကိုယ့်အကျိုးစီးပွားအတွက် ကိုယ်ဆောင်ရွက်ကြသဖြင့်သာ ကျွန်တော်တို့ ထမင်းစားနေကြရခြင်း ဖြစ်သည်။ ကျွန်တော်တို့သည် ကိုယ့်ကိုယ်ကို ချစ်ရေးသာ နှိုးဆော်ကြသည်။ လူ့လောကတစ်ခုလုံးအား ချစ်ခင်ရေးကို မနှိုးဆော်။

ခေတ်သစ် စက်မှုလုပ်ငန်း တည်တံ့နေသည်မှာ အလုပ်တာဝန် ခွဲဝေနိုင်ခြင်း၊ အရင်းအနှီး စုဆောင်းနိုင်ခြင်းတို့ကြောင့် ဖြစ်သည်။ ဤနှစ်ချက်မှာလည်း ကိုယ်ကျိုးစီးပွားကို ရှေးရှုခြင်းမှ ပေါက်ဖွားလာခြင်းသာဖြစ်သည်ဟု အဒမ်စမစ်က ဆိုသည်။ ဤသဘောထားများမှာ ဆယ့်ရှစ်ရာစု ဒသနိကပါရဂူတို့၏ သဘောထားများ ဖြစ်သည်။ လူသည် ကိုယ့်အတွက် ကိုယ်လုပ်ရင်း တစ်ချိန်တည်းမှာပင် အများအတွက် လုပ်မိလျက်သား ဖြစ်နေသည်ဟု ဆိုသည်။

ထိုနောက် စမစ်သည် ငွေကြေးနှင့်ပတ်သက်သော အယူအဆ၊ ကုန်ဈေးနှုန်းတို့နှင့် ပတ်သက်သည့် အယူအဆတို့တွင် များစွာ ခေတ်ရှေ့ပြေးခဲ့သည်။ သမားရိုးကျ ဘောဂဗေဒပါရဂူတို့က မှားယွင်းသည်ဟု ယူဆကြသော်လည်း နောင်အခါတွင် ဆိုရှယ်လစ်တွေးခေါ်ရှင်တို့ လက်ခံသည့် အယူအဆတစ်ခုကို စမစ်က တင်ပြခဲ့သည်ဟု ဆိုရမည်။ ယင်းမှာ "အလုပ်တစ်ခုတည်းသာလျှင် အမြဲတည်တံ့နေသည်။ အလုပ်၏ တန်ဖိုးသည် ဘယ်တော့မှ မပြောင်းလဲ။ ကုန်ပစ္စည်းတို့၏ တန်ဖိုးကို အချိန်မရွေး နေရာမရွေး 'အလုပ်'နှင့် ဖြတ်နိုင်သည်။ နှိုင်းယှဉ်နိုင်သည်။ အလုပ်သည် ကုန်ပစ္စည်း၏ တကယ့်ဈေးနှုန်းဖြစ်သည်။ ငွေကြေးဆိုသည်မှာ လူတို့ သတ်မှတ်ထားသည့် ဈေးနှုန်းသာဖြစ်သည်။" ဤကား စမစ် တင်ပြခဲ့သည့် အယူအဆတစ်ခု ဖြစ်သည်။

ထိုနောက် အလုပ်သမားတို့အကြောင်း ဤသို့ တင်ပြသည်။

> "အလုပ်သမားများသည် လုပ်ခများများ လိုချင်သည်။ အလုပ်ရှင်ကလည်း တတ်နိုင်သမျှ နည်းနည်း ပေးချင်သည်။ မည်သို့ဖြစ်စေ ပါလီမန်တို့က အလုပ်သမားတို့၏ လုပ်ခကို လျှော့သည့် အက်ဥပဒေ မထုတ်ခဲ့။ တိုးသည့် အက်ဥပဒေတို့သာ ထုတ်ခဲ့သည်။ ရေရှည်တွင်ကား အလုပ်သမားနှင့် အလုပ်ရှင်ဟူသည်မှာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီသာ ဖြစ်လာသည်။ တစ်ဦး၏ အကျိုးစီးပွားနှင့် တစ်ဦး တို့မှာ ခွဲမရ။ သို့သော် အလုပ်သမားကို ဆုပေးခဲ့လျှင်၊ မက်လုံး တိုးပေးခဲ့လျှင် စက်မှုလုပ်ငန်းသည် တိုးတက် ဖွံ့ဖြိုးလာသည်သာ များသည်။ လုပ်ခ မြင့်လာလျှင် အလုပ်သမားတို့သည် ပို၍ တက်ကြွလာသည်။"

ဤသည်မှာ အလုပ်သမားနှင့် အလုပ်ရှင် ဆက်ဆံရေးအပေါ် စမစ်၏ သုံးသပ်ချက်ဖြစ်သည်။

www.nyisay.com



**နိုင်ငံတို့၏ ဓနချမ်းသာ**တွင် အရေးအကြီးဆုံး အခန်းမှာ ကိုလိုနီနိုင်ငံတို့ အပေါ် သဘောထား ဖွင့်ဆိုပြသည့် အခန်းဖြစ်သည်။ ဤအခန်းတွင် စမစ်၏ တင်ပြချက်မှာ ကိုလိုနီဝါဒ၏ အကျဉ်းချုပ်ဖြစ်သည်။ ယင်းတွင် သုံးပိုင်းခွဲထား သည်။

၁။ ဂရိ၊ ရောမ၊ ဗင်းနစ်၊ ပေါ်တူဂီနှင့် စပိန်တို့၏ ကိုလိုနီ အဖွဲ့အစည်းကို ဖော်ပြကာ ယင်းတို့၏ ကိုလိုနီဝါဒသစ်ကို ဖွင့်ဆိုသည်။

၂။ တစ်ဖန် ကိုလိုနီ နိုင်ငံတို့ ဘာကြောင့် ကြီးပွားဖွံ့ဖြိုးလာရသည်ကိုလည်း တင်ပြသည်။ မြေပေါခြင်း၊ မြေဈေးချိုခြင်း၊ လူဦးရေ တိုးလာခြင်း၊ လုပ်ခများများ ပေးသဖြင့် အလုပ်ဖြစ်လာခြင်း၊ ကိုလိုနီနယ်မြေ ချဲ့ထွင် သူတို့သည် စိုက်ပျိုးရေးပညာ၌ ကျွမ်းကျင်လာခြင်း၊ အခြား အတတ်ပညာ တို့၌လည်း ကျွမ်းကျင်လာခြင်း တို့ ဖြစ်သည်။ (ဤတွင် အင်္ဂလိပ်တို့၏ ကိုလိုနီဝါဒသည် စပိန်၊ ပေါ်တူဂီတို့၏ ကိုလိုနီဝါဒထက် ပျော့ပျောင်း သည်။ သဘောထား ကျယ်ပြန့်သည်။)

၃။ အမေရိကတိုက်ကို ရှာတွေ့ခြင်း၊ အရှေ့အိန္ဒိယသို့ လမ်းပေါက်စေသည့် ဂွတ်ဟုပ်အငူ လမ်းသစ်ကို တွေ့ခြင်းတို့ကြောင့် ဥရောပတိုက်မှာ များစွာ အကျိုးကျေးဇူး ဖြစ်ထွန်းရသည်ဟု အဒမ်စမစ်က ဆိုသည်။

တစ်ဖန် အမေရိကန်တို့ တန်ခိုးထွားလာမည်ကို စမစ်က ဤသို့ ကြိုတင် နိမိတ်ဖတ်ခဲ့သည်။

> "အမေရိကန် ကိုလိုနီ ချဲ့ထွင်သူတို့သည် အစက ဈေးသည်များ၊ ကုန်သည်များ၊ ရှေ့နေများသာ ဖြစ်ကြသည်။ နောက်သော် သူတို့သည် နိုင်ငံ ခေါင်းဆောင်ကြီးများ၊ ဥပဒေပြု ပုဂ္ဂိုလ်ကြီးများ ဖြစ်လာကာ အလွန် ကျယ်ပြန့်သည့် အင်ပါယာကြီးတစ်ခုတွင် ပုံသဏ္ဍာန်အသစ်နှင့် အစိုးရ အဖွဲ့ကို ထူထောင်ကြလိမ့်မည်။ ထိုနောက် သူတို့သည် ကမ္ဘာတွင် အကြီး ဆုံး အင်ပါယာရှင်များ ဖြစ်လာလိမ့်မည်။"

နိုင်ငံတို့၏ **ဓနချမ်းသာ**တွင် အရေးအကြီးဆုံး အပိုင်းမှာ အတွဲ ၄ ဖြစ်သည်။ ယင်းကို **နိုင်ငံရေးဘောဂဗေဒ စနစ်အမျိုးမျိုး** ဟု နာမည်ပေးထားသည်။ ကုန်သွယ်ရေးကို အလေးအနက်ထားကာ စာမျက်နှာ များများပေး၍ တင်ပြထား သည်။

လွတ်လွတ်လပ်လပ် ကုန်စည်ကူးသန်းရောင်းဝယ်ရေး ဆိုသည့် **လက်ဖေး ဖဲယား** သဘောတရားသည် အဒမ်စမစ်၏ နာမည်နှင့် များစွာ ဆက်စပ်နေသည်။ ဤအပိုင်းမှာပင် လက်ဖေးဖဲယားကို ချဲ့ထွင်တင်ပြသည်။ အလုပ်သမား၊ လယ်မြေ၊

www.nyisay.com



နယ်မြေ၊ ကုန်စည်၊ ငွေကြေး၊ ဈေးနှုန်း၊ စိုက်ပျိုးရေး၊ စတော့၊ အခွန်အတုတ် အားလုံးမှာ နောက်ဆုံးတွင် လွတ်လပ်စွာ ကုန်ကူးသန်းရေးတွင် လာ၍ ဆက်စပ် နေကြသည်။ နောက်ဆုံးတွင် ဓနချမ်းသာဆိုသည်မှာ ငွေ၊ ရွှေ၊ ငွေကြေးတို့အဖြစ် တည်မနေ။ ငွေကြေးနှင့် ဝယ်နိုင်သည့်ပစ္စည်း ဝယ်နိုင်လျှင် တန်ဖိုးရှိမည့် ပစ္စည်း တို့ပင် ဖြစ်သည်ဟု ဆိုသည်။

အဒမ်စမစ်ကို ဘောဂဗေဒ ပါရဂူတို့က ပညာဉာဏ် ကြီးမားသူဟု ချီးကျူး ကြသည်။ ခေတ်သစ်ဘောဂဗေဒ၏ ဖခင်ကြီးအဖြစ် သူ့ကို နေရာပေးမည် ဆိုလျှင် မည်သူမျှ ငြင်းလိမ့်မည် မဟုတ်ဟု ဆိုကြသည်။

## လူဦးရေ သဘောတရား (၁၇၉၈)

### သောမတ် မောလသတ် (၁၇၆၆-၁၈၃၄)

ဆယ့်ရှစ်ရာစုနောက်ပိုင်းကား စိတ်ကူးယဉ်အိပ်မက်များ အလွန်ထွန်းကားသည့် အချိန်ဖြစ်သည်။ အမေရိကန်ပြည်နှင့် ပြင်သစ်ပြည်တို့တွင် တော်လှန်ရေး လှုပ်ရှားမှုများ ပေါ်ပေါက်လာရာမှ လူတို့သည် လောကနိဗ္ဗာန်တစ်ခု တည်ဆောက်ရန် စိတ်ကူးယဉ်လာကြသည်။

အင်္ဂလန်တွင် ဂေါ်ဒဝင်ဆိုသည့် ပုဂ္ဂိုလ်တစ်ယောက်က **နိုင်ငံ့အရေး မျှတမှု** ဆိုသည့် စာတစ်အုပ်ရေးကာ ယင်းတွင် "တစ်ခုသောနေ့တွင် လူတို့သည် ပြီးပြည့်စုံလွန်းရကား၊ ခံစားစံစားစရာ များလွန်းရကား အိပ်ဖို့ပင် လိုမည်မထင်။ သေစရာမလို။ လူတို့သည် နတ်စည်းစိမ် ခံစားသည့် နတ်သား နတ်သမီးများ ဖြစ်လာကြလိမ့်မည်။ အသိဉာဏ်ကို ပို၍မြှင့်ပေးလျှင် လူတို့သည် လက်ထပ်ပေါင်းဖော်မှု လုပ်ကြတော့မည် မဟုတ်။ လူတို့သည် အသက်ရာကျော် ရှည်လာကြလိမ့်မည်။ အခြား လူ့လိုအပ်ချက်တို့လည်း ကပ်လိုက်လာကြလိမ့်မည်။ စစ်ဆိုသည်မှာ မရှိ။ ရာဇဝတ်မှု မရှိ။ တရားရုံး မရှိ။ အစိုးရလည်း မရှိ။ ရောဂါဘယလည်း ကင်းမည်။ ဒေါသလည်း ကင်းမည်။ မကျေနပ်မှုများ ရှိမည်မဟုတ်။ ဤခေတ်သို့ ရောက်လိမ့်မည်" ဟု ဂေါ်ဒဝင်က ဆိုသည်။ သူကား အကောင်းရှုဝါဒီ ဖြစ်လေသည်။

သူ့စိတ်ကူးယဉ်ချက်ကို သောမတ်ရောဗတ် မောလသတ်ဆိုသူက အဖြေပေးလိုက်သည်။ မောလသတ်သည် ကိန်းဗရစ် တက္ကသိုလ် ဂျီးဆတ်ကောလိပ်မှ ကျောင်းတော်ကြီး အာဏာပိုင်တစ်ယောက် ဖြစ်သည်။ အသက်ကား သုံးဆယ့်

www.nyisay.com



နှစ်နှစ်သာ ရှိသေးသည်။ သူ့အဖြေမှာ **လူဦးရေသဘောတရားစာတမ်း** ပင် ဖြစ်သည်။ ယင်းမှာ ၁၇၉၈ တွင် ထွက်လာသည်။ စာလုံးရေ ၅၀,၀၀၀ သာ ရှိသည်။

မောလသတ်သည် ဒင်နီယယ် မောလသတ်၏ ဒုတိယသား ဖြစ်သည်။ အဖေရော သားပါ စကားအခြေအတင် ဆွေးနွေးရန် ဝါသနာပါသည်။ သားက သူ့အယူကို တင်ပြလျှင် အဖေက ကန့်ကွက်ကာ သူ့အဆိုကို ပြန်လည်တင်ပြသည်။ ဤသို့ဖြင့် အဖေက သား၏အယူအဆကို စာဖြင့် ရေးကာ တင်ပြပါလားဟု ဆိုသဖြင့် **လူဦးရေသဘောတရားစာတမ်း** ထွက်လာရခြင်း ဖြစ်သည်။

ဤစာအုပ်တွင် ဆွေးနွေးသည့် အကြောင်းအရာမှာ အသစ်အဆန်း မဟုတ်။ များစွာသော ဆယ့်ရှစ်ရာစု စာရေးဆရာတို့သည် ဤအကြောင်းကို ဆွေးနွေးခဲ့ကြလှပြီ။ သို့သော် မောလသတ်လောက် မည်သူမျှ တိတိကျကျ မရှိ။ ပြတ်ပြတ်သားသား မရှိ။

စာတမ်းအစတွင် မောလသတ်က အခြေခံ အယူအဆနှစ်ခုကို တင်ပြသည်။ ဤသို့ ဆိုသည်။

ပထမအချက်မှာ လူတစ်ယောက် အသက် ဆက်လက် ရှင်ရေးအတွက် အစားအစာ လိုသည်။ ဒုတိယမှာ ယောကျ်ားနှင့် မိန်းမတို့သည် ယခုအတိုင်းပင် ဆက်လက်၍ လိင်အားဖြင့် ပေါင်းဖော်စပ်ယှက်ကြလိမ့်မည်။ လိုလည်း လိုအပ်သည်။

ဂေါဒဝင်က သူ့စာအုပ်၌ တစ်ချိန်တွင် လူတို့သည် အာသဝေါ ကင်းကုန်လိမ့်မည်ဟု ဆိုသည်ကို မောလသတ်က ချေပရာ၌ လူတို့ အာသဝေါကင်းအောင် လုပ်သည့် နည်းလမ်းသစ်များကား ပေါ်မလာ။ ရှေးကလည်း အဖိုနှင့်အမ ပေါင်းဖက်ခဲ့ကြသည်။ ယခုလည်း ပေါင်းဖက်နေကြသည်။

ဤယူဆချက် မှန် မမှန် မငြင်းနိုင်လေရာ မောလသတ်က ဆက်လက်၍-

လူဦးရေ တိုးလာသည့်အင်အားသည် လူတို့စားသုံးသည့် အစားအစာ အင်အား ပို၍ကြီးလာသည်။ လူဦးရေသည် မထိန်းချုပ်သဖြင့် ဂျီဩမေထရီ အချိုးအတိုင်း တိုးနေသည်။ လူတို့အတွက် အစားအစာ ထွက်သည်မှာ သင်္ချာ အချိုးအတိုင်းသာ ဖြစ်သည်။

အပင်လောကနှင့် အကောင်လောကတို့မှာ ကြေပြုန်းလွယ်သည်။ လူ့လောကကား တိုးပွား၍သာ လာသည်။ ကြေပြုန်းဖို့ မလွယ်။

သူ့အဆိုတွင် အထောက်အကူပြုရန် အမေရိကန်ပြည်ကို နမူနာ တင်ပြသည်။ အမေရိကန်ပြည်သည် အစားအစာပေါသည်။ သို့ဖြစ်ရာ ငယ်ငယ်ရွယ်ရွယ်

www.nyisay.com



နှင့် လက်ထပ်ခြင်းကို သိပ်မတားမြစ်။ ထို့ကြောင့် လွန်ခဲ့သည့် နှစ်ဆယ့်ငါးနှစ်အတွင်း လူဦးရေသည် နှစ်ဆတိုးလာသည်ဟု မောလသတ်က ဆိုသည်။

ဤတွင် မောလသတ်ကို ဝေဖန်သူတို့က မောလသတ်သည် အမေရိကန်သမိုင်းတွင် အခြားအချိန်များနှင့် မတူသည့်ကာလကို ရွေးကာ သာဓကပြထားသည်။ အခြားတိုင်းပြည်တို့၏ သမိုင်းနှင့် မတူသည့် အခြေအနေ တစ်ရပ်ကို သာဓက တင်ပြထားသည်ဟု ဆိုကြသည်။

ထိုကိုက်တံနှင့်ပင် အင်္ဂလန်ပြည်ကို တိုင်းကာ နှစ်ဆယ့်ငါးနှစ်တွင် လူဦးရေနှစ်ဆ တိုးလာလိမ့်မည်ဟု ဆိုသည်။ နောင် အနှစ်ငါးဆယ်တွင် လေးဆ တိုးလာလိမ့်မည်။ ဤသို့ဆိုလျှင် မောလသတ်၏ ပုံသေနည်းအရ လူဦးရေတိုးသည့်အချိုးမှာ ၁၊၂၊ ၄၊ ၈၊ ၁၆၊ ၃၂၊ ၆၄...ဖြစ်ပြီး အစားအစာ ထွက်နှုန်းမှာ ၁၊၂၊ ၃၊ ၄၊ ၅၊ ၆... စသဖြင့် ဖြစ်လိမ့်မည်ဟု ဆိုသည်။

သဘာဝအရ လူဦးရေတိုးနှုန်းကို ထိန်းသည်တို့ ရှိသည်။ ယင်းတို့မှာ ဆင်းရဲလွန်းခြင်း၊ အနာရောဂါ ထူပြောခြင်း၊ ကလေးငယ်များကို ကောင်းစွာ မမွေးမြူနိုင်ခြင်း၊ ငတ်မွတ်ခေါင်းပါးသော ဆိုက်ခြင်း၊ ပလိပ်ရောဂါ ကျရောက်ခြင်း စသည်တို့ ဖြစ်သည်။

သို့ဖြစ်ရာ လူသည် အစွမ်းကုန် ချမ်းသာသုခကို ရယူလိုလျှင် မိသားစုတိုင်းသည် မတတ်နိုင်ဘဲ အပိုဝန်ကို မထမ်းသင့်။ အစိုးရကလည်း ဆင်းရဲသားဥပဒေများ ပြဋ္ဌာန်းကာ အလုပ်သမားလူတန်းစားကို သူတို့ မကျွေးမွေးနိုင်သည့် ပါးစပ်ပေါက်ကလေးများ တိုးလာမည်ကို အားမပေးသင့်။

> လူ့လောကထဲသို့ လူအဖြစ် တစ်စုံတစ်ယောက် မွေးဖွားဝင်ရောက်လာပြီ ဆိုကြပါစို့။ သူ့ကို မိဘက ကျွေးမွေးပြုစုရမည့် တာဝန်ရှိသည် မဟုတ်လား။ အကယ်၍ မိဘက မကျွေးမွေး မပြုစုနိုင်ခဲ့လျှင်၊ တစ်ဖန် လူ့အဖွဲ့အစည်းကလည်း သူ့ထံမှ လုပ်အား တစ်စုံတစ်ရာ တောင်းဆိုခြင်း မရှိခဲ့လျှင် သူသည် ဆက်လက် အသက်ရှင်နေဖို့ အကြောင်းမရှိ။ အသက်ရှင်ဖို့ အစားအစာကို သူ မတောင်းခံသင့်။ ဤသည်မှာ မောလသတ်၏ ပြတ်သားသော အယူအဆ ဖြစ်သည်။
>
> လူမှုဝန်ထမ်းလုပ်ငန်းများ မလိုအပ်။ ယင်းတို့သည် ဆင်းရဲသားတို့ကို ထောက်ပံ့ရုံသာ ထောက်ပံ့သည်။ အစားအစာ တိုးအောင်ကား မလုပ်နိုင်။ သူတို့ကြောင့် ကုန်ဈေးနှုန်းများ တက်လာရသည်။ အစားအစာများ ပို၍ လိုလာသည်။ ထို့အတူ အစိုးရက အိုးအိမ်များ ဆောက်လုပ်မပေးရ။ အိမ်ဆောက်ပေးလျှင် ငယ်ငယ်ရွယ်ရွယ်နှင့် လက်ထပ်ဖြစ်ကြ

www.nyisay.com



လိမ့်မည်။ ထိုအခါ လူဦးရေ ပိုတိုးလာမည်။ ထွက်ရပ်လမ်းမှာ လက်ထပ်ရေးကို နောက်ကျနိုင်သမျှ နောက်ကျစေရမည်။ ထိန်းကြ ချုပ်ကြရမည်။ လင်ယူသားမွေးစိတ်ကို ချုပ်တီးရမည်။

နိဂုံးစကားအနေဖြင့် မောလသတ်က ဤသို့ ဆိုသည်။

တိုင်းပြည်တစ်ပြည်တွင် လူဦးရေ ထူထပ်သည်မှာ အစားအစာပေါများပြီး ထိုအစားအစာကို မျှမျှတတ ဝေ၄ စားသောက်နိုင်သောကြောင့် ဖြစ်နိုင်သည်။ စားကျက်နိုင်ငံတို့ထက် ပြောင်းစိုက်နိုင်ငံတို့တွင် လူဦးရေ ပို၍ထူထပ်သည်။ ပြောင်းစိုက်နိုင်ငံတို့ထက် ဆန်စပါးစိုက်နိုင်ငံတို့တွင် ပို၍ လူဦးရေ ထူထပ်သည်။ သို့သော ချမ်းသာသုခ ရဖို့ဆိုသည်မှာ လူဦးရေ အစိပ်အကျဲပေါ် မတည်။ လူတစ်ဦးစီ၏ ဆင်းရဲချမ်းသာအပေါ် မတည်။ အသက်အရွယ် ကြီးသည် ငယ်သည်အပေါ် မတည်။ လူဦးရေနှင့် အစားအစာတို့ အချိုးမျှမျှ တည်ရှိနေမှုအပေါ်တည်သည်။

ဤကား မောလသတ်၏ စာတမ်း အချုပ်သဘော ဖြစ်သည်။ ဤစာအုပ်ထွက်လာသည့်အခါ ဘုရားကျောင်းကရော နိုင်ငံရေးသမားတို့ကပါ ဆူပူကန့်ကွက်ကြသည်။ သူ့ခေတ်တစ်လျှောက်လုံးတွင် သူ့လောက် အဆဲအဆိုခံရသူမရှိ။

မောလသတ်ကို "အနာရောဂါဖြစ်သည်ကို သဘောကျသူ၊ ကျွန်ခံရေးကို ထောက်ခံသူ၊ ကလေးငယ်များ သတ်ပစ်ရေးကို အားပေးသူ၊ ငယ်ရွယ်စဉ်ထိမ်းမြားရေးကို တားမြစ်သူ၊ နောက်ဆုံးတွင် လူ့ဘဝ၏ စိတ်ကူးယဉ်အားလုံးကို ချေမှုန်းသူ" ဟု ကင်ပွန်းတပ်ကြသည်။

ဝီလျံကော့ဗက်ဆိုသူက လယ်သမားတစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးဟန်ဖြင့် မောလသတ်ကို ရှုတ်ချသည်။

ကော့ဗက်သည် လယ်သမားတစ်ယောက်နှင့် တွေ့သည့်အခါ ဤသို့မေးသည်။

'ဒါနဲ့ ခင်ဗျား ကလေး ဘယ်နှစ်ယောက်လောက် လိုချင်သလဲ'

'ဘယ်လောက်မွေးမွေး ကိစ္စမရှိပါဘူးဗျာ၊ လူထွင်းတဲ့ခံတွင်းမဟုတ်ပါဘူး၊ နတ်ထွင်းတဲ့ ခံတွင်းပါ။ ဘုရားသခင်က ပါးစပ်ပေါက်တွေနဲ့အတူ အမဲသားတွေပါ ပို့လိုက်တာပါ'

'ခင်ဗျား မောလသတ် ဆိုတဲ့ လူတစ်ယောက်အကြောင်း မကြားမိဘူးလား'

www.nyisay.com



'ဟင့်အင်း၊ မကြားမိပါဘူး ခင်ဗျာ'

'အေး၊ အခု ခင်ဗျားပြောနေတဲ့ စကားတွေကို သူသာ ကြားရင် ဒေါသထွက်လိမ့်မယ်။ သူက ပါလီမန်မှာ ဆင်းရဲသားတွေ ငယ်ငယ်နဲ့ မိန်းမယူပြီး ကလေးတွေ အများကြီးမွေးတာကို တားမြစ်တဲ့ အက်ဥပဒေ တစ်ခု ထုတ်ဖို့ လိုလားနေတာဗျ'

'ဟား ဒီလူဟာ ဉာဏ်မရှိတဲ့ ခွေးတိရစ္ဆာန်ပဲ' ဟု သူ့မိန်းမက ဆိုသည့်အခါ လယ်သမားလေးသည် ကျွန်တော် နောက်ပြောင်သည် ထင်ပြီး ရယ်မောနေလေသည်။

ယနေ့ဆိုလျှင် လူဦးရေပြဿနာကို ပြန်လည်ကိုင်တွယ်နေကြပြီ။ ကမ္ဘာ ကုလသမဂ္ဂကပင် ဦးစီးကာ လူဦးရေနှင့် အစားအစာ အကြောင်းကို ဆွေးနွေး ကြသည်။ ဆိုရှယ်လစ်နိုင်ငံတို့က လူဦးရေတိုးသည်မှာ အကြောင်းမဟုတ်။ ချမ်းသာသော နိုင်ငံတို့က သွေးမစုပ်ရေးသာ အရေးကြီးသည်။ ဆိုရှယ်လစ်နိုင်ငံ များ၌ ဤပြဿနာ မရှိ။ ဘယ်လောက် လူဦးရေတိုးတိုး အစားအစာ လုံလောက် သည်ဟု ဆိုကြသည်။

မောလသတ်ကား ယနေ့အထိ အငြင်းပွားနေရသည့် ပြဿနာကို တင်ပြ ခဲ့သူ ဖြစ်လေသည်။

သူ့ကို အချို့က စစ်မက်ဖြစ်ပွားခြင်းကို လိုလားသူ၊ သို့မှသာ လူဦးရေ မျိုးပြုတ်နိုင်မည်ဟု ယူဆသူ ဟူ၍လည်း ပြင်းပြင်းထန်ထန် ဝေဖန်ကြသည်။

## မာန နှင့် အာဃာတ (၁၈၁၃)

### ဂျိန်း အော်စတင် (၁၇၇၅–၁၈၁၇)

ဆယ့်ရှစ်ရာစု နောက်ပိုင်းတွင် ပေါ်ခဲ့သည့် စာရေးဆရာများအနက် ထင်ရှားသော အင်္ဂလိပ်အမျိုးသမီး စာရေးဆရာမမှာ ဂျိန်း အော်စတင် ဖြစ်သည်။ သူတို့ခေတ်တွင် မိန်းမများမှာ စာရေးဆရာ မလုပ်ကြ။ ဂျိန်း အော်စတင်ပင် သူ၏ ပထမဆုံး ထုတ်ဝေသည့် ဝတ္ထု၏ ရေးသူကို အမျိုးသမီးတစ်ယောက်ဟု ကလောင်နာမည် ပေးခဲ့သည်။

သူ့ဝတ္ထုများမှာ အိမ်ထောင်ရေး အကြောင်း၊ အချစ်အကြောင်း၊ မိသားစု ဆက်ဆံရေး၊ ဂုဏ်ဒြပ်တို့ အကြောင်းသာ ဖြစ်သည်။ ထို့ကြောင့်ပင် အချို့ ဝေဖန်ရေး ဆရာတို့က ဝေါလတာစကော့၊ ဂျိန်း အော်စတင်၊ ဒစ်ကင်း၊ သက္ကရေး၊ ကာလိုင်း၊ ရတ်စကင်း၊ ဗရွန်တီ ညီအစ်မများ၊ ဂျော့ အီလယော့၊ အင်တိုနီ ထရောလော့ စသည့် စာရေးဆရာများသည် စစ်ပွဲကြီးများ၊ ပုန်ကန်မှုကြီးများ ပြင်းထန်သော ခေတ်တို့၌ ကြီးပြင်းခဲ့ကြရပြားလည်း သူတို့ဝတ္ထုများတွင် ယင်းကဲ့ သို့သော လူမှုတော်လှန်ရေး အခန်းတို့ကို စိုးစဉ်းမျှပင် မဖော်ပြခဲ့ကြဟု ဝေဖန်ကြ သည်။ ဟုတ်သည်။ ပြင်သစ်တော်လှန်ရေး၊ ကြောက်စရာ့ ခေတ်ဆိုးကြီး၊ နပိုလီ ယံ စန်းထချိန်တို့ကို ဂျိန်း အော်စတင် ကောင်းကောင်း မိသည်။ သို့သော် ယင်းအဖြစ်အပျက်တို့ကို စိတ်ဝင်စားဟန် မတူ။ သူ့ခေတ်တွင် အမျိုးသမီးတို့မှာ နိုင်ငံရေးဇာတ်ခုံသို့ မဝင်ကြ။ ယောကျ်ားသားတို့နှင့်သာ ဆိုင်သည်ဟု သတ်မှတ် ထားကြသည်။ နောက်တစ်ကြောင်းမှာလည်း သူ့ဝတ္ထုများကို သူ ကွယ်လွန်

www.nyisay.com



ပြီးနောက် နှစ်ပေါင်းများစွာ ကြာသည်အထိ စွဲစွဲလမ်းလမ်း သိမ်းဆည်းဖတ်ရှု ဝေဖန်ကြလိမ့်မည်ဟု သူ မျှော်လင့်ခဲ့ဟန်၊ တွက်ဆထားခဲ့ဟန် မတူ။ ထို့ကြောင့် သူ နိုင်နင်းသည့် မိသားစုဆက်ဆံရေး လောကအကြောင်းကိုသာ ပိုင်ပိုင်နိုင်နိုင် ရေးခြင်း ဖြစ်သည်ဟု အချို့က ဝေဖန်ကြသည်။

ဂျိန်း အော်စတင်သည် သူနိုင်သည့် ဇာတ်ကိုသာ ခင်းသည်။ သူနားလည်သည့် လောကအကြောင်းကိုသာ ရေးသည်။ ထို့ကြောင့် သူ့ဝတ္ထုမှ ဇာတ်ဆောင်များသည် လူ့စရိုက် ပီသကြသည်။ ထို့ကြောင့် သူ့ကို ရိုးသားမှုဂုဏ် ရှိသည်ဟု ဆိုကြသည်။ ခမ်းနားကြီးကျယ်သည့် အကြောင်းတို့ကို ရေးရန်လွယ်သည်။ လူသာမန်တို့အကြောင်း နှစ်လိုဖွယ်ဖြစ်အောင် ရေးနိုင်ရန်မှာ မလွယ်ပါဟု စာရေးဆရာကြီး ဝေါလတာ စကော့က ချီးကျူးသည်။ အင်္ဂလိပ်နန်းရင်းဝန်ကြီး ဒစ္စရေလီသည် ဂျိန်းအော်စတင်၏ **မာနနှင့် အာဃာတ**ကို ခုနစ်ခေါက်တိတိ ဖတ်ဖူးသည်ဟု ဆိုသည်။ ကြိုက်သူရှိသလို မကြိုက်သူလည်း ရှိသည်။ စာပေပါမောက္ခ တစ်ယောက်ကမူ ဂျိန်းအော်စတင်သည် ဝတ္ထု ရေးမှ ရေးတတ်ပါစဟု သံသယ ဖြစ်သည်။

သူ့ဝတ္ထုမှာ အချစ်အကြောင်းပင် ဖြစ်သည်။ ယောကျ်ားနှစ်ယောက်နှင့် မိန်းမနှစ်ယောက်တို့ စ၍တွေ့ကြရာမှ ဝတ္ထုကို စ၍ဖွင့်သည်။ ဤအချစ်ရေးမှာ ဝတ္ထု၏ ဇာတ်လမ်းပင်ဖြစ်သည်။ ချစ်သူတို့ ပျော်ရွှင်စွာ ပေါင်းကြလေသတည်း ဆိုသော နေရာတွင် ဝတ္ထုလည်း ဆုံးသွားသည်။ ဤသို့ သမားရိုးကျ ဝတ္ထုမျိုးပင် ဖြစ်သည်။ သို့သော်လည်း ရေးသားဖွဲ့နွဲ့ပုံမှာ ရိုးသားပြီး ဟန်မလုပ်သော ဖွဲ့နွဲ့မှုမျိုး ဖြစ်သဖြင့် လူ့စရိုက်များ ကောင်းကောင်းပီသသောကြောင့် ကမ္ဘာ့ဂန္ထဝင် စာရင်း၌ ပါရခြင်း ဖြစ်လေသည်။

ဂျိန်း အော်စတင်သည် လူလတ်တန်းစား မိဘများမှ ပေါက်ဖွားလာသည့် စာရေးဆရာဖြစ်သည်။ ၁၇၇၅ တွင် မွေးသည်။ သူ့မိဘများသည် သိုးမွေးကုန်ကူးရင်း ကြွယ်ဝလာကာ လယ်မြေဝယ်၍ မြေပိုင်ရှင်များ ဖြစ်လာကြသည်။ အချမ်းသာကြီးကား မဟုတ်လှ။ ဂျိန်းသည် ရုပ်ရေ လှပသည်။ သို့ကြားလည်း အပျိုကြီး ဘဝနှင့်ပင် အရိုးထုတ်သွားသည်။ **မာနနှင့် အာဃာတ**မှာ ပထမရေးသော ဝတ္ထု ဖြစ်သော်လည်း ရေးအပြီး ဆယ့်သုံးနှစ်ကြာမှ ထုတ်ဝေရသည်။ အားလုံး ဝတ္ထုရှည် ခြောက်အုပ် ရေးသည်။

**မာနနှင့် အာဃာတ**ကို စာပေဝေဖန်ရေး သမားများက သူ့လက်ရာများ အနက် အကောင်းဆုံးဟု ဝေဖန်ကြသည်။ စာပေဝေဖန်ရေး ဆရာတို့က မည်သို့ပင် အကဲဖြတ်ကြသည် ဖြစ်စေ၊ ဤဝတ္ထုမှာ ခေတ်အဆက်ဆက်ပင် ဖတ်သူ များပြားလှရာ အကြိမ်ပေါင်းများစွာ ပုံနှိပ်ထုတ်ဝေရသည်။

www.nyisay.com



ဇာတ်လမ်းကား ဤသို့တည်း။

ဗဲနက် မိသားစုတွင် သားယောကျ်ား မရှိ။ အရွယ်ရောက်သည့် သမီး ငါးယောက် ရှိသည်။ အမွေစား အမွေခံ လိုချင်နေသည်။ ထိုအချိန်တွင် သူတို့အနီး အနားရှိ နီသာဖီးအိမ်ကြီးကို ပိုက်ဆံချမ်းသာသော လူပျိုလေးတစ်ယောက်က ငှားရမ်းလိုက်ရာ ပတ်ဝန်းကျင် တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဥစ္စာ ပေါကြွယ်ဝကာ ရုပ်ရည်ချောမောသည့် ယောကျ်ားတစ်ယောက်အဖို့ ဇနီးချော တစ်ယောက် အမှန်လိုနေမည် ဖြစ်သည်။ ဤသည်မှာ ဓမ္မတာ သဘောသာ ဖြစ်ချေသည်။ ထိုအခါ သမီးများအတွက် ယောကျ်ားရှာနေသော မစ္စက်ဗဲနက် သည် များစွာ အားရဝမ်းသာ ဖြစ်သွားသည်။ လူပျိုလေးမှာ ဗင်ဂလေ ဟုခေါ် သည်။ မစ္စက်ဗဲနက်သည် သမီးငါးယောက်အနက် မည်သူ့ကို ဗင်ဂလေနှင့် ပေးစားရပါ့မလဲဟု စဉ်းစားသည်။ မစ္စတာ ဗဲနက်ကမူ ငါးယောက်အနက် ကြိုက်တာရွေးပါစေဟု သဘောထားသည်။

မယ်ရီတန် ကပွဲတွင် ဗဲနက်၏ သမီးငါးယောက်သည် ဗင်ဂလေနှင့် စ၍ တွေ့ကြသည်။ ထိုကပွဲသို့ ဗင်ဂလေ၏ သူငယ်ချင်း အထက်တန်းလွှာမှ ဒါဆီဆိုသူ တစ်ယောက်လည်း တက်သည်။ ဒါဆီသည် မစ္စက်ဗဲနက်နှင့် သမီး ငါးယောက်တို့ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်ကို မနှစ်မြို့သဖြင့် သူတို့အကြောင်း ကို နှိမ်ကာ ပြောသည်။ ထိုအကြောင်းကို အယ်လိဇဗက်ဗဲနက်၏ နားသို့ ရောက် လာသည်။ ဒါဆီသည် မာနကြီးသည်။ ကပွဲတွင် မည်သူနှင့်မျှ တွဲ၍မက။ ဗင်ဂလေ ၏ နှမ နှစ်ယောက်နှင့်သာ တွဲ၍ကသည်။ ဘယ်သူနှင့်မျှလည်း မိတ်ဆက်မခံ။ သူနှင့် တွဲကရမည့် မိန်းမပျို တစ်ယောက်တလေမျှ မရှိဟု ဒါဆီ၏ ဝင့်ဝါသည့် စကားကို အယ်လိဇဗက် ကြားလိုက်ရသည်။ ယင်းကပွဲတွင် ဂျိန်းဗဲနက်သည် အလှဆုံး ဖြစ်သည်။ သို့သော်လည်း ဒါဆီသည် အယ်လိဇဗက်ကို တစ်ချက်ကြည့် ကာ 'သူ့ရုပ်ကတော့ မဆိုးလှပါဘူး။ ဒါပေမဲ့ ကျွန်တော့် စိတ်ကိုတော့ သူ့အလှက မတုန်လှုပ်စေပါဘူး' ဟု မခံချင်စရာ ပြောသည်ကိုလည်း အယ်လိဇဗက် ကြား လိုက်ရသည်။ ထိုစကားတို့ကြောင့် အယ်လိဇဗက် မကျေနပ်။ သို့သော်လည်း ကပွဲအကြောင်းကိုကား သူငယ်ချင်း မိတ်ဆွေများအလယ်၌ ပြောမဆုံးနိုင် ရှိလေသည်။

ကာလ မကြာမြင့်မီမှာပင် ဗင်ဂလေနှင့် ဂျိန်းဗဲနက်တို့ ချစ်ကြိုက်သွားကြ သည်။ ဒါဆီနှင့် အယ်လိဇဗက်တို့ကား တစ်ယောက်နှင့်တစ်ယောက် မျက်နှာ ကြောမတည့် ဖြစ်နေကြသည်။ ဒါဆီသည် အယ်လိဇဗက်ကို အမှန်ပင် စိတ်ဝင် စားနေသည်။ သို့သော် သူ့စိတ်ကိုသူ ထိန်းချုပ်ထားသည်။

www.nyisay.com



တစ်နေ့တွင် ဗင်ဂလေတို့အိမ်သို့ အလည်သွားရာ ဂျိန်းမှာ အအေးမိပြီး ဖျားသဖြင့် နီသာဖီးအိမ်ကြီး၌ သောင်တင်နေသည်။ အမေကြီးက ကြာကြာနေရန် စီမံသည်။ အယ်လိဇဗက်သည် ရွှံ့ရေထဲ လျှောက်ကာပင် သုံးမိုင်ခရီးကိုသွားကာ အစ်မကို ပြုစုရသည်။ ထိုအခါ ဗင်ဂလေ၏နှမ ကယ်ရိုလင်းက အရှက်မရှိ လိုက်လာသည်ဟု အတင်းပြောသည်။ သို့သော်လည်း မစ္စက်ဗဲနက်ကမူ ဤအခွင့် အရေးကို လက်လွှတ်မခံသင့်ဟု ယူဆသည်။ အယ်လိဇဗက်တစ်ယောက် ညီမကို ပြုစုနေသည့်အခါ ဒါဆီသည် သူ့ကို အနည်းငယ် စိတ်ဝင်စားကြောင်း ပြသည်။ ထိုအခါ ကယ်ရိုလင်းမှာ ပို၍ မနာလို ဖြစ်ရသည်။ အယ်လိဇဗက်၏ အလှကို မနှစ်မြို့နိုင် ဖြစ်လာသည်။ ကယ်ရိုလင်းသည် ဒါဆီအပေါ် စိတ်ဝင်စားနေသည်။ ထို့ကြောင့် အယ်လိဇဗက် မကောင်းကြောင်း တတ်နိုင်သမျှ ကြိုးစားဖော်ထုတ်သော် လည်း ဒါဆီ၏ စိတ်ထားကို ပြောင်းလဲအောင် လုပ်ရန် ခက်နေသည်။ သည်ကြား ထဲတွင် ညီမငယ်များနှင့် မအေကြီးတို့ကို ဒါဆီ၏ မျက်စိတွင် အနှောင့်အယှက် ဖြစ်နေသည်။

ထိုအခိုက်တွင် ဗဲနက်မိသားစု၏ အမွေဆက်ခံပိုင်ခွင့်ရှိသည့် ဝီလျမ် ကောလင်းဆိုသော လူငယ်တစ်ယောက် ရောက်လာသည်။ သူသည် အယ်လိ ဇဗက်တို့၏ အစ်ကိုဝမ်းကွဲဖြစ်သည်။ ကော့လင်းသည် အထက်စီးနှင့် စကားပြော သည်။ သူ့ကို ကြိုးကိုင်နေသူမှာ အလွန်ချမ်းသာသည့် လေဒီ ကက်သရင်း ဖြစ်သည်။ လေဒီ ကက်သရင်း၏ သဘောတူညီမှုအရ သူသည် အယ်လိဇဗက်၏ မေတ္တာကို ရယူရန် ကြိုးစားသည်။ သို့သော်လည်း အယ်လိဇဗက်က ငြင်းပယ် လိုက်သည်။ အကယ်၍သာ ကောလင်းကို လက်ခံမည်ဆိုလျှင် အမွေအားလုံး ဗဲနက်မိသားစုလက်က လွတ်နိုင်စရာ မမြင်။ ထို့ကြောင့် မစ္စက်ဗဲနက်က သမီးကို ကောလင်းနှင့် သဘောတူနေသည်။ အဖေကြီးကမူ အယ်လိဇဗက်ဘက်က ရပ်သည်။

သို့နှင့် ကောလင်းသည် အယ်လိဇဗက်၏ သူငယ်ချင်း ရှားလော့လူးကတ် ကို လက်ထပ်လိုက်သည်။

ထိုအတွင်း သူတို့လောကသို့ ဒါဆီ၏ သူငယ်ချင်းတစ်ယောက် ဖြစ်သည့် ဂျော့ဝစ်ကမ် ရောက်လာသည်။ ဒါဆီသည် စိတ်ထားမကောင်း၊ ချစ်တတ်သော နှလုံးမရှိဟူ၍ ဂျော့ဝစ်ကမ်က မကောင်းပြောသည်။ အယ်လိဇဗက်သည် ထိုစကား များကို ယုံကြည်သည်။

ဗင်ဂလေနှင့် ဂျိန်းတို့၏ အချစ်ရေးသည်လည်း အဆင်မပြေ ဖြစ်လာ သည်။ ထိုအရေးအခင်းတွင် ဂျိန်းအပေါ် စိတ်ပျက်အောင် ဒါဆီက ဗင်ဂလေအား

www.nyisay.com



နားသွင်းသည်ဟု အယ်လီဇဗက်က အထင်ရောက်နေသည်။ ဗင်ဂလေ၏ ညီမများ ကလည်း အဆင့်အတန်းချင်း မတူသဖြင့် သူတို့အစ်ကိုနှင့် ဂျိန်းကို သဘောမတူဘဲ ဖျက်ကြသည်ဟု အယ်လီဇဗက် ထင်သည်။ ဂျိန်းကို စွန့်ကာ ဗင်ဂလေသည် လန်ဒန်သို့ ထွက်ပြေးသည်။ ချက်ချင်းလိုလိုပင် ဂျိန်းလည်း အကြောင်းပြချက် တစ်ခုနှင့် လန်ဒန်သို့ လိုက်သွားသည်။ ထိုနောက် အယ်လီဇဗက်သည်လည်း အစ်မရှိရာသို့ လိုက်သွားရာ ဗင်ဂလေသည် ဂျိန်းအား လျစ်လျူရှုထားကြောင်း၊ တစ်ခါမှ လာမတွေ့ကြောင်း သိရသည်။

ဒါဆီသည် ဗင်ဂလေတို့အိမ်မှ ခွာသည့်အခါ သူ့အပေါ် အထင်မှားသည် တို့ကို အယ်လီဇဗက်အား စာရေးဖြေရှင်းထားခဲ့သည်။ ထိုနောက် အယ်လီဇဗက် သည် ကင့်နမ်ရှိ သူငယ်ချင်း ရှားလော့လူးကတ်ထံသို့ လိုက်သွားသည်တွင် ဒါဆီနှင့် ထပ်မံတွေ့ရသည်။ အယ်လီဇဗက်ကို ဖွဲလမ်းစိတ်မှာ မပြေ။ ချစ်ရေး ဆိုကာ လက်ထပ်ခွင့်တောင်းသည်။ အယ်လီဇဗက်က ငြင်းသည်။ ဘာ့ကြောင့် ငြင်းရသည်ကိုလည်း ဖြောင်ဖွင့်ချလိုက်သည်။ ဒါဆီ၏ မာနနှင့် အထက်စီး အမူအရာတို့ကိုလည်း အယ်လီဇဗက် မကြိုက်။

နောက် နှစ်လခန့် ရှိသည့်အခါ ဒါဗီရှိုင်းယားရှိ ဦးလေးနှင့် ဒေါ်လေး ဂါဒီနာတို့ဆီသို့ သွားရောက် လည်ပတ်သည့်အခါ ဒါဆီနှင့် နောက်ထပ် တွေ့ဖို့ အခွင့်ကြုံရပြန်သည်။ အနီးအနားတွင်ရှိသော ဒါဆီ၏ ဗင်ဗာလီအိမ်ကြီးသို့ သူ မရှိခိုက် ဒေါ်လေးတို့နှင့်အတူ ရောက်သွားသည်။ ဒါဆီအကြောင်း ချီးမွမ်းပြောဆို စကားကို အိမ်စောင့်ထံမှ အယ်လီဇဗက် ကြားရသည်။ ထိုအခိုက် မမျှော်လင့်ဘဲ ဒါဆီ ရောက်လာသည်။ အယ်လီဇဗက်ကား သူ့အပေါ် စိတ်ပြေစ ပြုနေပြီ။ ထိုစဉ်ပင် ညီမငယ် လစ်ဒီယာသည် ဝစ်ကမ်နှင့် ခိုးရာလိုက်ပြေးကြောင်း ဂျိန်းထံမှ စာရသည်။

အယ်လီဇဗက်သည် ညီမအတွက် များစွာ စိတ်ပူနေသည်။ ထိုအခါ ဒါဆီသည် တိတ်တဆိတ် လန်ဒန်သို့ လိုက်သွားပြီး ဝစ်ကမ်နှင့် လစ်ဒီယာကို ခွာသည်။ ဝစ်ကမ်၏ အကြွေးများကိုလည်း ဆပ်ပေးပြီး သူတို့နှစ်ယောက် မင်္ဂလာဆောင်နိုင်ရန် ပေါင်တစ်ထောင် လက်ဖွဲ့လိုက်သည်။ ထိုအကြောင်းတို့ကို နောင်မှ အယ်လီဇဗက် သိရသည်။ သူတို့မိသားစု ဂုဏ်မပျက်သဖြင့် ဒါဆီကို ကျေးဇူးတင်သည်။

ထိုနောက် ဗင်ဂလေသည် နီသာဖီး အိမ်ကြီးသို့ ပြန်လာသည်။ ဒါဆီလည်း သူနှင့်အတူ ပါလာသည်။ မရှေးမနှောင်းမှာပင် ဗင်ဂလေသည် ဂျိန်းနှင့် စေ့စပ် လိုက်သည်။ ဗဲနက်မိသားစုမှာ အကျေနပ်ကြီး ကျေနပ်ကြရသည်။

www.nyisay.com



ဒါဆီ၏အဒေါ် လေဒီကက်သရင်းက သူ့တူကို အယ်လိဇဗက်နှင့် သဘောမတူ။ သူ့သမီးနှင့် လက်ဆက်ချင်သည်။ ထိုကြောင့် ကြားကဝင်၍ ဖျက်သည်။ ထိုအခါတွင်မှ အယ်လိဇဗက်၏ အချစ်ပန်းသည် ပွင့်လန်းလာကာ ဒါဆီကို လက်ခံလိုက်တော့သည်။ သည်အခါတွင်မှ ဒါဆီသည် ပြေပြေပြစ်ပြစ်ပင် အချစ်ကို တောင်းခံသဖြင့် အယ်လိဇဗက်က ကြည်ဖြူစွာ ပေးအပ်လိုက်လေသတည်း။

ဤဝတ္ထုကို တင့်တယ်က **မာနနှင့် အာဃာတ** အမည်ဖြင့် ဘာသာပြန်၍ သွေးသောက်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ဖူးသည်။

www.nyisay.com

## အိုင်ဗင်ဟို (၁၈၁၉)

### ဆာ ဝါလတာ စကော့ (၁၇၇၁-၁၈၃၂)

ဆာဝါလတာစကော့သည် သမိုင်းနောက်ခံ ဝတ္ထုများ ရေးသားခြင်းဖြင့် ထင်ရှားသော အင်္ဂလိပ်စာရေးဆရာ ဖြစ်သည်။ သူ၏ ဝတ္ထုများစွာတို့သည် အင်္ဂလန်နိုင်ငံတည်ဆောက်စ ကာလကို နောက်ခံပြု၍ သမိုင်း ဖြစ်ရပ်များနှင့် စိတ်ကူးဖွဲ့ ဇာတ်လမ်းတို့ကို ပေါင်းစပ် ရေးသားထားခြင်း ဖြစ်သည်။ စွန့်စားခန်းများနှင့် အချစ်ဇာတ်လမ်းတို့ကိုလည်း ပေါင်းစပ်ပေးထား၏။ အထူးသဖြင့် အာဇာနည်သူရဲကောင်းတို့၏ အမူအကျင့်ကို အားကျဖွယ် ရေးဖွဲ့တတ်လေသည်။ ထို့ကြောင့် သူ၏ဝတ္ထုများမှာ အများကြိုက် ဝတ္ထုများအဖြစ် ပိုမိုထင်ရှားသည်။

အိုင်ဗင်ဟို ဝတ္ထုသည် သူ၏ ဝတ္ထုများတွင် အကောင်းဆုံးဝတ္ထု မဟုတ်စေကာမူ လူကြိုက်အများဆုံး ဝတ္ထုအဖြစ် ထင်ရှားသည်။ အထူးသဖြင့် ဤဝတ္ထုတွင် အင်္ဂလန်သမိုင်း၌ ထင်ရှားသော ရစ်ချတ် ဘုရင်ကြီးနှင့် အင်္ဂလန်တွင် ဒဏ္ဍာရီတစ်ခုသဖွယ် လူသိများသော တောပုန်းကြီး ရော်ဗင်ဟုတို့ အကြောင်းပါ ပေါင်းစပ် ပါဝင်ထားသဖြင့် လူအများ စိတ်ဝင်စားခဲ့ခြင်း ဖြစ်သည်။

ဝတ္ထုနောက်ခံကာလမှာ အင်္ဂလန်ကို နော်မန်ဒီတို့ သိမ်းပိုက်ခဲ့ပြီးနောက် အနှစ်တစ်ရာကြာကာလ ဖြစ်သည်။ အင်္ဂလန်တွင် မူလ အခြေစိုက် နေထိုင်လာခဲ့ကြသော ဆက်ဆွန်လူမျိုးများသည် မူလက နော်မန်ဒီလူမျိုးများနှင့် တစ်နယ်တည်းသားများ ဖြစ်ကြ၏။ သို့သော် နော်မန်ဒီတို့က အင်္ဂလန်ကို သိမ်းပိုက်နိုင်ခဲ့

www.nyisay.com



သည်မှစ၍ အင်္ဂလန်တွင် နော်မန်ဒီ အာဏာကို ထူထောင်ခဲ့ရာ ဆက်ဆွန်တို့မှာ အောင့်သက်သက် ခံကြရသည်။ နော်မန်ဒီတို့ အင်္ဂလန်ကို သိမ်း၍ အနှစ်တစ်ရာ ကြာလာပြီ ဖြစ်သည့်တိုင်အောင် နော်မန်ဒီနှင့် ဆက်ဆွန်တို့မှာ များစွာ သင့်မြတ် လှခြင်း မရှိပေ။ ထိုအခြေအနေများ အတွင်းမှာပင် အင်္ဂလန်နိုင်ငံ ဘုရင်ရစ်ချတ် သည် ဘာသာရေးစစ်ပွဲ ဆင်နွှဲရန် ပါလက်စတိုင်သို့ ရောက်နေသည်ဖြစ်ရာ ညီ ဂျွန်မင်းသားက ထီးနန်းဆက်ခံနေ၏။

ထိုကာလ တစ်ညနေတွင် နော်မန်ဒီဘုန်းကြီး အေမာနှင့် လူစွမ်းကောင်း ဗရိုင်ယန်တို့သည် အက်ရှဗီမြို့၌ ကျင်းပမည့် စီးချင်းထိုးပြိုင်ပွဲသို့ အလာ ဆက်ဆွန် နွယ် ဆီးဒရစ်၏အိမ်၌ တစ်ည ဝင်တည်းခဲ့ခြင်း ဖြစ်သည်။ ဆီးဒရစ်သည် အမျိုး ဂုဏ် တက်သူ ဖြစ်သည်။ နော်မန်ဒီတွေကို သဘောမတွေ့။ သို့သော် ဧည့်သည် အဖြစ် လက်ခံရန် ဝန်မလေး။ သူသည် ယခုအခါ မွေးစားသမီး ရိုဂင်နာနှင့် အတူနေ၏။ သားဖြစ်သူ ဝီးလဖရက်သည် ရစ်ချတ်ဘုရင်နှင့်အတူ ပါလက်စတိုင်၌ ဘာသာရေးစစ်ပွဲ ဆင်နွှဲနေ၏။ ထိုညက ရောက်လာသော နော်မန်ဒီ ဧည့်သည် များနှင့်အတူ ခရီးသည်တစ်ယောက်လည်း ပါ၏။ ထိုဧည့်သည်များကို ဆီးဒရစ် ဧည့်ခံနေစဉ် ရဟူဒီကြီးတစ်ယောက်လည်း ရောက်လာ၏။ ညထမင်းစားပွဲတွင် ဗရိုင်ယန်က ဘာသာရေးစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ပုံကို ဂုဏ်ယူ ပြောကြားနေ ၏။ ထိုအခါ ပါလာသော ခရီးသည်ကလည်း ဘာသာရေးစစ်ပွဲ၌ ရစ်ချတ်ဘုရင် ကြီး၏ အင်္ဂလိပ်စစ်တပ်မှ လူစွမ်းကောင်းများအကြောင်းကို လာရောက်ပြောဆို ရာမှ အစ ခရီးသည်အပေါ် ဗရိုင်ယန် စိတ်ကွက်ခဲ့လေ၏။ ထိုခရီးသည်ပြောသော လူစွမ်းကောင်းများ အကြောင်းတွင် အိုင်ဗင်ဟို၏ အမည်ပါသဖြင့် ရိုဂင်နာသည် ခရီးသည်ကို စိတ်ဝင်စား၏။ ညတွင် ခရီးသည်ကို ခေါ်ပြီး အိုင်ဗင်ဟိုအကြောင်းကို စုံစမ်းခဲ့သေး၏။

စင်စစ် အိုင်ဗင်ဟို ဆိုသူမှာ ဆီးဒရစ်၏သား ဝီးလဖရက်ပင် ဖြစ်သည်။

နောက်တစ်နေ့တွင် ဗရိုင်ယန်တို့မနိုးမီ ခရီးသည်နှင့် ရဟူဒီအဘိုးကြီး အိုင်ဆက်တို့သည် ဆီးဒရစ်အိမ်မှ ထွက်သွားပြီ ဖြစ်သည်။

အက်ရှဗီ သူရဲကောင်းပြိုင်ပွဲကြီး ဖြစ်သည်။ ထိုပြိုင်ပွဲကို လက်ရှိ အင်္ဂလန် ထီးနန်းကို သိမ်းပိုက်ထားသူ ဂျွန်မင်းသားက အကြီးအကဲလုပ်ပြီး ကျင်းပ၏။ ပြိုင်ပွဲတွင် ဗရိုင်ယန်တို့ လူစုကသာ အနိုင်ရနေ၏။ ထိုစဉ် လူငယ်တစ်ယောက် ထွက်လာ၏။ သူ၏ဒိုင်းတွင် အမွေပြုတ်သားဟု ရေးထားသည်။ သူသည် စိန် အခေါ်ခံ သူရဲကောင်းများနှင့် တိုက်ရာ ဗရိုင်ယန် အပါအဝင် သူရဲကောင်း ငါးယောက်စလုံး အရေးနိမ့်ကြ၏။ ထိုနေ့အဖို့ အမွေပြုတ်သားသည် လူစွမ်း

www.nyisay.com



ကောင်း ဖြစ်ခဲ့လေ၏။ ထိုသို့ လူစွမ်းကောင်း ဖြစ်သဖြင့် ပွဲ၏အလှဘုရင်မကို ရွေးချယ်တင်မြှောက်ခွင့် ရှိပေရာ အမွေပြတ်သားသည် လေဒီရိုဂင်နာကို အလှဘုရင်မအဖြစ် ရွေးချယ်ခဲ့၏။ ဤကိစ္စအတွက်လည်း မင်းသားဂျွန်သည် အမွေပြတ်သားကို မကျေနပ်။ မင်းသားဂျွန်မှာ ရဟူဒီကြီး အိုင်ဆက်ဆီက ငွေချေးသုံးနေရသည်ဖြစ်ရာ ဂျွန်သည် အိုင်ဆက်၏သမီး ရီဗက်ကာကို အလှဘုရင်မအဖြစ် ရွေးစေချင်၏။

ဒုတိယနေ့ပြိုင်ပွဲတွင် အမွေပြတ်သားသည် ဗရိုင်ယန် အပါအဝင် လူစွမ်းကောင်းများနှင့် ယှဉ်ပြိုင်ရ၏။ ၎င်းတို့တွင် ဖရန့်ဒီဗိုးနှင့် ဒီဗရေစီတို့ ပါသည်။ ဒီဗိုးမှာ အိုင်ဗင်ဟိုကို ရစ်ချတ်ဘုရင် ချီးမြှင့်ခဲ့သော အိုင်ဗင်ဟိုနယ်နှင့် ရဲတိုက်ကို ဂျွန်မင်းသားထံမှ လက်ခံရယူထားသူ ဖြစ်၏။ ယခုမူ အမွေပြတ်သားသည် နော်မန် လူစွမ်းကောင်းသုံးယောက်နှင့် တိုက်ရ၏။ ထိုအခါ အမွေပြတ်သားဘက်က မြင်းနက်ကြီးနှင့် လူတစ်ယောက်က ဝင်ကူခဲ့သည်။ တိုက်ပွဲတွင် အမွေပြတ်သားက နိုင်၏။ သို့သော် ဂျွန်သည် အမွေပြတ်သားကို ဆုမပေးချင်။ မြင်းနက်ကြီးနှင့် လူကိုသာ ဆုပေးချင်၏။ သို့သော် ပွဲပြီးသောအခါ ထိုလူကို ရှာမတွေ့တော့။ ထို့ကြောင့် အမွေပြတ်သားကို ဆုပေး၏။ အမွေပြတ်သားသည် ဆုလက်ခံသောအခါ သံကြပ်မျက်နှာဖုံးကို ချွတ်ရသည်။ ထိုအခါ ရိုဂင်နာသည် အမွေပြတ်သားအား အိုင်ဗင်ဟိုအဖြစ် သိရတော့သည်။ သို့သော် ထိုအချိန်၌ အိုင်ဗင်ဟိုမှာ ဒဏ်ရာပြင်းစွာ ရနေပြီဖြစ်၍ မေ့မြောသွား၏။ အိုင်ဗင်ဟိုကို ရဟူဒီ အိုင်ဆက်မင်းသမီး ရီဗက်ကာက ခေါ်သွားသည်။

ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကျေးတောသား လေးသမားတစ်ယောက် ဝင်ရောက်အစွမ်းပြခဲ့၏။ ထိုအချိန်၌ မြင်းနက်နှင့်လူမှာ တောအုပ်တစ်ခုအတွင်း ရောဗင်ဟု၏ ဓားပြဂိုဏ်းသား ဘုန်းကြီး ဖရေယာတက်ထံ ရောက်နေ၏။

ပြိုင်ပွဲပြီးသောအခါ ဗရိုင်ယန်၊ ဒီဗိုရေစီနှင့် ဒီဗိုးတို့သည် တောပုန်းများ လိုဝတ်ပြီး ဆီးဒရစ်တို့လူစုနှင့် အိုင်ဆက်တို့ကို ဖမ်းဆီးရန် စီစဉ်၏။ ဗရိုင်ယန်က ရီဗက်ကာကို သိမ်းရေး၊ ဒီဗိုးက ရိုဂင်နာကို သိမ်းရေးနှင့် ဒီဗိုရေစီက ရဟူဒီကြီးဆီက ငွေညှစ်ရေး ဖြစ်၏။ သို့ဖြင့် သူရဲကောင်းကြီး သုံးယောက်သည် ဆီးဒရစ်တို့နှင့် အိုင်ဆက်တို့ကို ဖမ်းလိုက်၏။ အိုင်ဆက်တို့နှင့်အတူ ဒဏ်ရာရနေသော အိုင်ဗင်ဟိုလည်း ပါ၏။ သို့သော် ဒီဗရိုင်ယန်နှင့် ဒီဗိုးတို့ မသိ။ ဒီဗိုရေစီ တစ်ယောက်သာ သိ၏။

ယင်းသို့ ဆီးဒရစ်တို့ အဖမ်းခံရသည်ကို ဆီးဒရစ်၏ သိုးကျောင်းသမား ဂူသိက ကျေးတောသား လေးသမားကို ပြော၏။ လေးသမားက လူစုသည်။

www.nyisay.com



ထိုလူစုတွင် ဘုန်းကြီး ဖရေယာတက် ပါ၏။ ငြင်းနက်ကြီးနှင့်လူလည်း ပါ၏။ သူတို့သည် ဒီဗိုး၏ ရဲတိုက်ကို ဝိုင်း၍ တိုက်ကြသည်။ ထိုတိုက်ပွဲတွင် ဒီဗိုး သေလေသည်။

တိုက်ပွဲတွင် ဒီဗိုရေစီသည် မြင်းနက်ကြီးနှင့်လူမှာ ဘုရင် ရစ်ချတ်ဖြစ်ကြောင်း သိရသဖြင့် ဂျွန်မင်းသားထံ လာရောက်ပြီး အကြောင်းကြား၏။ ဂျွန်မင်းသားသည် ဘုရင်ရစ်ချတ် ပြန်မလာမီ အာဏာသိမ်းရန် ကြံစည်ထားသူဖြစ်သည်။ ဘုရင်ရစ်ချတ်မှာ ပါလက်စတိုင်း၌ ဘာသာရေးစစ်ပွဲ ဆင်နွှဲရာမှ အပြန်တွင် ပြင်သစ်၌ အဖမ်းခံခဲ့ရ၏။ ယခု လွတ်မြောက်လာသူ ဖြစ်သည်။ ဂျွန်သည် သူ့တပည့်များကို စေလွှတ်၍ ရစ်ချတ်ကို ဖမ်းစေ၏။ သို့သော် မရ။

ရဲတိုက်တွင်း တိုက်ပွဲတွင် ဗရိုင်ယန်သည် ရီဗက်ကာကို ဖမ်းယူထွက်ပြေးခဲ့၏။ စင်စစ် ဗရိုင်ယန်တို့လို သူရဲကောင်း အဖွဲ့ဝင်များသည် အိမ်ထောင်မပြုရပေ။ ထို့ကြောင့် သူရဲကောင်းအဖွဲ့ဝင် ခေါင်းဆောင်က ယခု ဗရိုင်ယန် ရီဗက်ကာကို ခေါ်လာသည်မှာ ရီဗက်ကာသည် စုန်းမ ဖြစ်သောကြောင့် အပြုစားခံရသဖြင့် ခေါ်လာခြင်းဟု ဆုံးဖြတ်သည်။ ရီဗက်ကာကို စုန်းမအဖြစ် မီးရှို့သတ်ရန် စီစဉ်သည်။ သို့သော် ရီဗက်ကာသည် လူစွမ်းကောင်းတစ်ယောက်ကို ရှာပြီး ဒီဗရိုင်ယန်နှင့် ယှဉ်ပြိုင်စေ၍ အနိုင်ရလျှင် လွတ်မြောက်နိုင်၏။ ရီဗက်ကာသည် အိုင်ဗင်ဟိုထံ အကြောင်းကြား၏။

ထိုအချိန်၌ မြင်းနက်ကြီးနှင့်လူမှာ ရစ်ချတ်ဘုရင်၊ ကျေးတောသားလေးသမားမှာ ရောဗင်ဟုအဖြစ် ရှင်းလင်းကြပြီး ဖြစ်၏။ အိုင်ဗင်ဟိုလည်း ရီဗက်ကာရှိရာ လိုက်လာပြီး ဒီဗရိုင်ယန်ကို နှိမ်နင်းလိုက်သည်။ ထိုအချိန်မှာပင် ဘုရင်ကြီး ရစ်ချတ် ရောက်လာ၏။ ထို့နောက် ဘုရင်ကြီး ရစ်ချတ်သည် အင်္ဂလန်နိုင်ငံ ထီးနန်းကို ပြန်လည် သိမ်းပိုက်လိုက်သည်။ အိုင်ဗင်ဟိုသည်လည်း ရိုဂင်နာနှင့် လက်ထပ်လိုက်၏။

ယင်းဝတ္ထုကို ရွှေဥဒေါင်းက **အိုင်ဗင်ဟို**အမည်ဖြင့် ၁၉၅၅ ခုနှစ်တွင် မြန်မာပြန်ခဲ့သည်။ ယင်းဝတ္ထု အနှစ်ချုပ်ကို ၁၉၅၅ တစ်ဝိုက်တွင် တက္ကသိုလ်ဝင်တန်းအတွက် ကျောင်းသုံးပြဋ္ဌာန်းခဲ့ဖူးရာ တက်တိုး၊ ဦးလူဖေဝင်း စသည့် ငှက်ရိုလ်များကလည်း အနှစ်ချုပ်မူမှတစ်ဆင့် မြန်မာပြန်ခဲ့ကြဖူးသည်။

www.nyisay.com

## ပရိုမီးသယတ် လွတ်မြောက်ခြင်း (၁၈၂၀)

### ပါစီ ဗု ရှယ်လီ (၁၇၉၂-၁၈၂၂)

ကမ္ဘာကျော် အင်္ဂလိပ်ကဗျာဆရာ ရှယ်လီ၏ ကမ္ဘာကျော် ကဗျာပြဇာတ်တစ်ပုဒ် ဖြစ်သည်။

ခရစ်မပေါ်မီ သက္ကရာဇ် ၄၇၀ ပြည့်နှစ်တွင် ဂရိပြဇာတ်ဆရာ အက်စကီးလပ်က **ပရိုမီးသယတ် နှောင်တည်းခံရခြင်း** ဟူသော ပြဇာတ်ကို ရေးသားခဲ့သည်။ (၅၂၅-၄၅၆ ဘီစီ)။ ထိုနောက် **ပရိုမီးသယတ် လွတ်မြောက်ခြင်း** ပြဇာတ်ကိုလည်း ရေးသည်ဟု ဆိုကြသည်။ သို့သော် စာမူကို ရှာမတွေ့ပေ။ ဂရိပြဇာတ်ဆရာတို့သည် မိမိတို့၏ ဘာသာရေး ရှေးဟောင်းပုံပြင် (မစ်သော်လိုဂျီ)မှ ဇာတ်ဆောင်များ၏အဖြစ်ကို ထုတ်နုတ်ရေးသားတတ်ကြသည်။ ပရိုမီးသယတ် နှောင်တည်းခံရခြင်း ပြဇာတ်၏ အဓိက ဇာတ်ဆောင်မှာ မစ်လိုသော်ဂျီလာ ပရိုမီးသယတ်ပင် ဖြစ်သည်။ ပရိုမီးသယတ်သည် နတ်ဘုရားတို့ဘုရင် "ဇု"က တားမြစ်ထားသည့် အကြားကပင် သူချစ်ခင်သော လူသားတို့အတွက် လောကလူ့ဘုံသို့ မီးကို ယူဆောင်လာသူ ဖြစ်သည်။"ဇု" နတ်ဘုရင်က လူသားတို့သည် မီးကိုရသွားပါက တန်ခိုးအာဏာ ဖွံ့ထွားလာကာ နတ်ဘုရားတို့ကိုပင် အံတုလာမည်ကို စိုးရိမ်ပူပန်သည်။ ထို့ကြောင့် လူသားတို့အား မီးကိုမပေးရန် ဟန့်တားထားသည်။ ထို့ကြောင့် ပရိုမီးသယတ် နတ်ဘုရားငယ်က လူသားတို့ကို ချစ်ခင်သဖြင့် မီးကို ပေးလိုက်သောအခါ နတ်ဘုရားတို့၏အရှင် "ဇု" နတ်မင်းကြီးသည် ပရိုမီးသယတ်အား ဒဏ်ခတ်သည်။

www.nyisay.com



နတ်ဘုရားတို့၏ဘုရင် "ဇုး"၏အမိန့်အရ ပရိုမီးသယတ်ကို ဆိုင်သီယာ ကျောက်ဆောင်တွင် နှောင်တည်းထားသည်။ လင်းယုန်ငှက်တို့သည် နေ့အခါ၌ ပရိုမီးသယတ်၏ အသည်းနှလုံးကို ဖောက်ယူစားသောက်သည်။ ညအခါတွင် ပရိုမီးသယတ်၌ အသည်းနှလုံး ပြန်လည်ဖြစ်ထွန်းလာသည်။ အေးမြခြင်း၊ ပူလောင်ခြင်း ဒဏ်ကိုလည်း ပရိုမီးသယတ် ခံစားရသည်။ ကာယိက ဒုက္ခများကို ပရိုမီးသယတ် မရှုမလှ ခံစားရသည့်တိုင်အောင် သူသည် နတ်ဘုရားတို့၏ဘုရင် "ဇုး"ကို အညံ့မခံ ဒူးမထောက်ပေ။ ထို့ကြောင့် "ဇုး"သည် ဒေါပွလာကာ မြေကိုခွဲ၍ ပရိုမီးသယတ်ကို မြေမြှုပ်စေလေသည်။ ဤသည်ကား **ပရိုမီးသယတ် နှောင်တည်းခံရခြင်း** ပြဇာတ်၏ ကျောရိုးပင် ဖြစ်သည်။ ယင်းပြဇာတ်ရေးဆရာသည် **ပရိုမီးသယတ် လွတ်မြောက်ခြင်း** ပြဇာတ်ကို ရေးသားခဲ့လေရာ မည်သို့ရေးမည်နည်းဟု ပြဿနာ ဖြစ်လာလေသည်။ ဂရိပြဇာတ်ဆရာများသည် သူတို့၏ ဘာသာရေး ရှေးဟောင်း ပုံပြင်များကို အပြောင်းအလဲပြုလုပ်၍ ရေးသားခဲ့ခြင်း မရှိပေ။ ထိုသို့ဖြစ်လျှင် ပျောက်ဆုံးသွားသော **ပရိုမီးသယတ် လွတ်မြောက်ခြင်း** ပြဇာတ်တွင် ပရိုမီးသယတ်သည် ဂျူပီတာနတ်မင်းနှင့် စေ့စပ်ကျေအေးကာ လွတ်မြောက်သွားသည် ဟု ရေးရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဂရိမစ်သော်လိုဂျီ၌ ဤသို့ပင် လာသောကြောင့် ဖြစ်ပေသည်။

ကဗျာဆရာ ရှယ်လီကား ဤဂရိမစ်သော်လိုဂျီကို ဘဝင်မကျပေ။ ရှယ်လီသည် ပရိုမီးသယတ်၏ တောင့်တင်းကြံ့ခိုင်သော စိတ်ဓာတ်ကို လေးစား သက်ဝင်နေခဲ့ပေသည်။ ရှယ်လီက ဤမျှကြံ့ခိုင်သော စိတ်ဓာတ်ရှင် ပရိုမီးသယတ်သည် မည်သည့်နတ်မင်းကြီးများနှင့်မဆို စေ့စပ်မည် မဟုတ်ဟု ယုံကြည်နေပေသည်။ ရှယ်လီက ဖိနှိပ်ခံရသူနှင့် ဖိနှိပ်သူတို့အကြားတွင် စေ့စပ်ကျေအေးခြင်းဟူ၍ မရှိစကောင်း၊ တရားမျှတမှုနှင့် တရားမဲ့မှု အကြားတွင်လည်း စေ့စပ်ကျေအေးခြင်း မရှိနိုင်ဟု ယူဆထားပေသည်။ ထို့ကြောင့် ကဗျာဆရာ၏ လွတ်လပ်ခွင့်ကို အသုံးပြုကာ **ပရိုမီးသယတ် လွတ်မြောက်ခြင်း** ကဗျာပြဇာတ်ကို ရေးလေသည်။

**ပရိုမီးသယတ် လွတ်မြောက်ခြင်း** ကဗျာပြဇာတ်သည် ရိုမန်တစ်ဝါဒီ ရှယ်လီ၏ အဘိဓမ္မာကို ဖွင့်ဟတင်ပြထားသော ကဗျာပြဇာတ်ပင် ဖြစ်သည်။ ဂျိအိုဖရီ မက်သယူးဆိုသော စာပေပညာရှင်က သူ၏ ရှယ်လီ စာအုပ်တွင် (ရှယ်လီ၏ခေတ်မှ) လူ့အဖွဲ့အစည်းကို ထင်ဟပ်ဖော်ပြသော ကဗျာအဖြစ် တစ်ထောင့်မှ ကြည့်မြင်ယူဆနိုင်သည်။ ဂျူပီတာသည် ဥရောပတိုက်ရှိ စိုးမိုးသူလူတန်းစားကို ကိုယ်စားပြုသည်။ ထို စိုးမိုးသူ လူတန်းစားတွင် ဖိနှိပ်သော ယန္တရားရှိသည်။ ဝါဒဖြန့်ချိသော ယန္တရားလည်း ရှိသည်။ ဖိနှိပ်သော စိုးမိုးသူလူတန်းစား

www.nyisay.com



ကို အောက်ခြေက တွန်းလှန်မှသာ လွတ်မြောက်နိုင်သည်ဟု သုံးသပ်ထားသည်။

ရှယ်လီသည် နတ်ဘုရားကြီး ဂျူပီတာ၏စိတ်ထားကို ဤသို့ ဖွဲ့ခဲ့သည်။

"နတ်ဘုရားတို့၏ ဘုရင်
ဘီလူးတို့၏ သခင်
ဝိညာဉ်များ၏ အရှင်ငှဲ
သင်ကား...
သင့်အား ဒူးထောက်ရှိခိုးသူများ
သင့်ထံ၌ ဆုတောင်းခံသူများ
သင့်ဂုဏ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်သူများ
စိတ်မြွာကွဲကြေနေသော နှလုံးသားများနှင့်
သင့်အား ပူဇော်ပသသူများအား
ကြောက်ရွံ့စေခဲ့ခြင်း
ကိုယ့်ကိုယ်ကိုယ် နိမ့်ကျသူဟု ထင်မြင်စေခြင်း
အချည်းနှီး မျှော်လင့်နေစေခြင်းတို့ဖြင့်
တုံ့ပြန်တတ်သူ (ဖြစ်တကား)"။

အဖိနှိပ်ခံ ပြည်သူတို့ကို ကိုယ်စားပြုထားသော ပရိုမီးသယတ်၏ ကြံ့ခိုင်သည့် အရှုံးမပေးသော စိတ်ထားကိုမူ-

"တန်ခိုးရှင်
သင်၏ ရက်ဖွယ်လိလိ
ကြမ်းကြုတ်ဘီသော အမူကို
ငါ သဘောတူ ကြည်ဖြူခဲ့လျှင်
ယခုလို ငါဟာ
လင်းယုန်ငှက်တွေကိုပင် အဟာန့်အတားဖြစ်စေသော
ကျောက်ဆောင်မှာ နှောင်တည်းခံရမည် မဟုတ်။
သက်ရှိအသံ
သက်ရှိသဏ္ဍာန်ဆိုလို့ ဘာမျှ
မကြား မမြင်ရသော ဤနေရာတွင်

www.nyisay.com



ငါလျှင် နှောင်တည်းခံရမည် မဟုတ်။
... ရေခဲမြစ်သည်
လရိပ်ကိုပင် ခဲစေနိုင်စွမ်းသော
ကျောက်သလင်း လှံတံနှင့်
ငါ့ကို ထိုးဆွနေလေရဲ့။
လင်းလက်နေသော သံကြိုးသည်
တဖြိုးဖြိုးတရှိန်ရှိန် တောက်လောင်နေသော
အေးစက်ခြင်းဖြင့် ငါ့အရိုးကို
စားသောက်နေလေရဲ့။
... ရက်စက်သောဘုရင်။ (ငါ့ရဲ့)
ဖြူဖပ်ဖြူရော်ဖြစ်နေသော ခြေထောက်အစုံက
သွေးများကို သင် နမ်းရှုပ်ဖို့အတွက်
အချိန်သည် သင့်ကိုဆွဲချ ခေါ်လာပေလိမ့်မည်”
ဟု ရေးသားခဲ့သည်။

**ပရိုမီးသယတ် လွတ်မြောက်ခြင်း** ပြဇာတ် ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

ပရိုမီးသယတ်သည် မြေနတ်သမီး၏ သားဖြစ်သည်။ မေတ္တာနတ်သမီး အေရှား၏ ခင်ပွန်းလည်း ဖြစ်သည်။ ပရိုမီးသယတ်ကို ဂျူပီတာနတ်ဘုရားက ကော်ကေးဆပ်တောင်၌ နှောင်တည်းထားသည်။ ပရိုမီးသယတ် နှောင်တည်းခံနေရသည်မှာ နှစ်ပေါင်းသုံးထောင် ကြာမြင့်ပြီ ဖြစ်သည်။

ပရိုမီးသယတ်၏ အသည်းနှလုံးကို နေ့အခါတွင် လင်းယုန်ငှက်က စားသောက်သည်။ ညအခါတွင် အသည်းနှလုံး ပြန်ပေါ်လာသည်။ နောက်တစ်နေ့တွင် လင်းယုန်ငှက်က အသည်းနှလုံးကို စားပြန်သည်။ အလွန်အမင်း အေးမြခြင်း၊ အလွန်အမင်း ပူလောင်ခြင်း ဒဏ်ကိုလည်း ပရိုမီးသယတ် ခံရသည်။ ပရိုမီးသယတ်သည် နတ်ဘုရား ဂျူပီတာ၏ ရှေ့ကြမ္မာကို သိထားသော နတ်ဘုရားငယ် တစ်ပါး ဖြစ်သည်။ နတ်ဘုရားတို့၏ဘုရင် ဂျူပီတာသည် ပရိုမီးသယတ်ထံမှ သူ့ရှေ့ကြမ္မာကို သိလိုလှသည်။ သိရမှသာလျှင် သူ့ကြမ္မာကို သူလိုသလို ပြောင်းလဲပစ်နိုင်မည်။ ဂျူပီတာနတ်ဘုရားကြီးသည် မာကျူရီနတ်ဘုရားကို ပရိုမီးသယတ်ထံ လွှတ်၍ ပရိုမီးသယတ်သည် သူ သိထားသည့်အချက်ကို ပြောပြပါက နှောင်တည်းခံရခြင်းမှ လွတ်စေမည်ဟု ပြောခိုင်းသည်။ ပရိုမီးသယတ်က ဂျူပီတာသည် နတ်ဘုရားတို့ ဘုရင်အဖြစ် ထာဝရတည်နေမည် မဟုတ်ကြောင်း၊ ဂျူပီတာ၏ စိုးမိုးမှုသည် တစ်နေ့တွင် အဆုံးသတ်ရမည်သာ ဖြစ်ကြောင်း

www.nyisay.com



လောက်ကိုသာ ပြောပြသည်။ မာကျူရီနှင့် အတူပါလာသော နတ်မိစ္ဆာမများက ပရိမီးသယတ်ကို နှိပ်စက်ကလူ ပြုကြသည်။ နတ်မိစ္ဆာမများက ပရိမီးသယတ်ကို ချစ်မြတ်နိုးသောကြောင့် ကမ္ဘာမြေပေါ်တွင် သွေးများလွှမ်းနေပုံတို့ကို ဖန်တီးပြသည်။ အာဏာရှူးကြီးများကသာ ထီးနန်းစိုက်ထူ မင်းလုပ်နေသည်ကို ပြသည်။ မည်သို့ပင်ဖြစ်စေ ပရိမီးသယတ်သည် မေတ္တာတရားက ကမ္ဘာ၏ ဒုက္ခအဖုံဖုံကို ဆေးကြောသန့်စင်ပစ်မည် ဖြစ်သည်ဟု ယုံမြဲယုံကာ ကာယိယဒုက္ခကို ကြံ့ကြံ့ခံသည်။ ထိုစဉ် နတ်တစ်စုက လာရောက်၍ ပရိမီးသယတ်သည် ကမ္ဘာသို့ မေတ္တာတရားကို ယူဆောင်ကာ ဒုစရိုက်မှုများ၊ ဒုက္ခများ ကြီးစိုးနေမှုကို ဖြိုဖျက်နိုင်မည်ဖြစ်ကြောင်း အားပေးသည်။

နောက်ဆုံးတွင် နတ်ဘုရားတို့၏ ဧကရာဇ်သင်းကျစ် ဒီမိုဂေါဂင်၏ စီရင်ချက်ကြောင့် ဂျူပီတာနတ်ဘုရင် ပျက်သုဉ်းသွားသည်။ ပရိမီးသယတ်ကိုလည်း ဟာကျူလီက လာရောက်လွှတ်ပေးသဖြင့် လွတ်မြောက်သွားသည်။ ကမ္ဘာတွင်လည်း ဒုစရိုက်များ၊ ဒုက္ခများ ကင်းဝေးကာ အေးချမ်းသာယာလာသည်။

## ပါရီက နော်တာဒမ် (၁၈၃၁)

### ဗစ်တာ ဟူးဂိုး (၁၈၀၂–၁၈၈၅)

၁၈၄၂ ခု ဇန်နဝါရီလ နေ့တစ်နေ့။

ပဲရစ်မြို့သူမြို့သားများ အပျော်ကြီး ပျော်ကြသောနေ့ ဖြစ်သည်။ သူတို့နှစ်စဉ် ကျင်းပသော အရူးရွေးပွဲ ပွဲတော်ရက်လည်းဖြစ်၊ သူတို့ဘုရင့်သားတော်နှင့် ဗာဂန်ဒီ မင်းသမီးတို့ နှစ်ပါး ဂဟေဆက်ရန် မြန်းသောရက်လည်း ဖြစ်သည်။ ပဲရစ်မြို့ လမ်းတကာတွင် လူအများ ပျားပန်းခတ် သွားလာနေကြသည်။

ဂျစ်ပစီမကလေး အက်စမယ်ရဲလဒါသည် လူစုတစ်စုကို သီချင်းဆိုကပြ ဖြေဖျော်နေသည်။ အများက အက်စမယ်ရဲလဒါကို ဂျစ်ပစီမကလေးဟု ထင်မှတ်ကြသော်လည်း တကယ်မှာမူ ဂျစ်ပစီမ မဟုတ်။ ဂျစ်ပစီများက အက်စမယ်ရဲလဒါကို ခိုးယူပြီး မွေးထားသည်။ ထိုသို့ ခိုးယူစဉ်က အက်စမယ်ရဲလဒါအစား အရုပ်ဆိုးပုံပန်းပျက်နေသော ကလေးတစ်ဦးကို ဂျစ်ပစီများ ထားရစ်ခဲ့သည်။ အက်စမယ်ရဲလဒါ၏ အမေသည် သူ့ကလေးငယ်ကို နတ်မိစ္ဆာများ စားသောက်သွားပြီ ဟု ယူဆကာ ကြေကွဲဝမ်းနည်းမိရှာသည်။ သူ့ကလေး မဟုတ်သော ရုပ်ဆိုးပုံပန်းပျက် ကလေးကို နော်တာဒမ် ဘုရားရှိခိုးကျောင်းရှေ့တွင် စွန့်ပစ်ထားခဲ့ပြီး သူကိုယ်တိုင်မူ မယ်သီလရင် ဝတ်လိုက်သည်။ ဂျစ်ပစီများ မွေးမြူ၍ ကြီးပြင်းလာသော အက်စမယ်ရဲလဒါ၏ လည်ပင်းတွင် အိတ်ငယ်ကလေးတစ်အိတ် ဆွဲထားသည်ကို တွေ့ရတတ်သည်။ ထိုအိတ်ငယ်ကလေးတွင် ပန်းပွင့်များ စီခြယ် ထိုးထား

www.nyisay.com



သော ကလေးဖိနပ်ကလေး ရှိသည်။ ဂျစ်ပစီများ အက်စမယ်ရဲလဒါကို ခိုးလာကတည်းက ပါလာသော ဖိနပ်ကလေး ဖြစ်သည်။ ဤဖိနပ်ကလေးသည် အက်စမယ်ရဲလဒါနှင့် သူ၏မရေရာသောအတိတ်ကို သွယ်ကုံးထားသည့် နောက်ဆုံးတံတားကလေး ဖြစ်သည်ဟု ဆိုနိုင်လေသည်။ ပစ္စက္ခကာလတွင်မူ အက်စမယ်ရဲလဒါသည် ပျိုမျစ်လှပသော ဂျစ်ပစီမကလေးပင် ဖြစ်သည်။ အက်စမယ်ရဲလဒါ၏အလှ၌ ယစ်မူးနေသူ၊ အက်စမယ်ရဲလဒါ၏ ကာယကို တပ်မက်နေသူကား နော်တာဒမ် ဘုရားရှိခိုးကျောင်းမှ ပဋ္ဌင်းငယ် "ဖရော်လို" ပင် ဖြစ်သည်။ ဖရော်လိုသည် ဘ၀တဏှာ၏ ရစ်ပတ်မှုကို ချိုးဖြတ်နိုင်အောင် ကျင့်ကြံနေသူ ဖြစ်သည်။ ဘ၀တဏှာမှ လွတ်မြောက်အောင် ကျင့်ကြံလေလေ သူ့အပေါ်ကို ဘ၀တဏှာက ဖိစီးလေလေ ဖြစ်သည်။ တင်းကျပ်စွာ စေ့နေသော နှုတ်ခမ်း၊ မာကျောခက်ထန်သော မျက်နှာ၊ မျက်လုံးများတွင် ဘ၀တဏှာ၏ ဖိစီးမှုဒဏ်ကို ခံနေရကြောင်း အရိပ်အငွေ့များ ယှက်သန်းနေလေသည်။ ဖရော်လို၏ အပေါ်ယံအလွှာကို ကြည့်လျှင် သူသည် ဘုရားသခင်၏ ဒေသနာတရားကို လေ့လာဆည်းပူးနေသော ပဋ္ဌင်းငယ်ဖြစ်ကြောင်း တွေ့ရသော်လည်း အတွင်း နိုက်ကြည့်လျှင် အင်္ဂရတ်ပညာကို လိုက်စားကာ နတ်မိစ္ဆာ ပညာများ၊ စုန်းကဝေ ပညာများ၌ ယဉ်ပါးပျော်မွေ့သူ ဖြစ်ကြောင်း တွေ့ရသည်။ ဖရော်လို၏ တစ်ခုတည်းသော လူမှုကိစ္စ ဆောင်ရွက်မှုကား နော်တာဒမ် ဘုရားရှိခိုးကျောင်းရှေ့၌ စွန့်ပစ်ထားသော ပုံပျက်ပန်းပျက်ကလေးငယ်တစ်ဦးကို လွန်ခဲ့သော ၁၆ နှစ်က ကောက်ယူကျွေးမွေးထားခြင်း အမှုပင် ဖြစ်သည်။ အရုပ်ဆိုးလှသော၊ ပုံပန်းမကျလှသော ကလေးငယ်အား ကွာစီမိုဒို ဟု ယခု ခေါ်ကြသည်။ သူ၏ ပုံပန်းကိုလိုက်၍ နော်တာဒမ်မှ ခါးကုန်းကြီး ကွာစီမိုဒိုဟုလည်း ခေါ်ကြသည်။ ကွာစီမိုဒိုသည် ဖရော်လိုနှင့်အတူ နော်တာဒမ် ဘုရားရှိခိုးကျောင်း၌ နေသည်။ သူ့အလုပ်ကား ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းကြီးများကို တီးခတ်ရသည့်အလုပ် ဖြစ်သည်။ ခေါင်းလောင်းကြီးများ၏ အသံကြောင့် ကွာစီမိုဒို နားပင်းခဲ့ရသော်လည်း ဤအလုပ်၌ပင် သူ ပျော်မွေ့နေလေသည်။ ကွာစီမိုဒိုသည် ဖရော်လို၏ ထားရာနေ၊ စေရာသွား တစ်ပါးကျွန်သက်သက် ဖြစ်လေသည်။ အရူးရွေးချယ်ပွဲကြီးတွင် ပဲရစ် မြို့သူမြို့သားများက ကွာစီမိုဒိုကို အရူးတကာ့ အရူးဆုံးအဖြစ် အရွေးခံရသဖြင့် အပျော်ကြီးပျော်နေစဉ် ဖရော်လိုက လာခေါ်သည်နှင့် တစ်ပြိုင်နက် ပျော်စိတ်ပါးစိတ်ကို စွန့်ပစ်ခဲ့ကာ ဖရော်လိုနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားရရှာလေသည်။

ပဲရစ်မြို့သူမြို့သားများသည် သူတို့ဘုရင်သားတော် မင်္ဂလာပွဲကို ဂုဏ်ပြုသောအားဖြင့် ပြဇာတ်ခင်းကျင်း ပြသလေသည်။ ပြဇာတ်ဆရာကား ဆင်းရဲမွဲတေ

www.nyisay.com



လှသော အနုပညာရှင် ဂရင်ဂိုရီ ဖြစ်လေသည်။ ဂရင်ဂိုရီသည် ပြဇာတ်ကို တပင်တပန်း အားထုတ် ရေးသားခဲ့ရသော်လည်း ပြဇာတ်ရေးခ တစ်ပြားတစ်ချပ်မှ မရသည့်အတွက် စိတ်ပျက်လက်ပျက် ဖြစ်ကာ ခြေဦးတည့်ရာသို့ ထွက်ခဲ့လေသည်။ မှောင်ရိပ်ပျိုးစ ပြုနေသော လမ်းတစ်လမ်းသို့ ရောက်သောအခါ သူ့ရှေ့၌ မိန်းကလေးတစ်ဦးကို ဝတ်ရုံအနက် ဝတ်ထားသူတစ်ဦးနှင့် ကွာစီမိုဒိုတို့က အတင်းအကျပ် ချုပ်နှောင်နေသည်ကို တွေ့ရ၏။ ဂရင်ဂိုရီက ဝင်ရောက် ကယ်ဆယ်သော်လည်း ကွာစီမိုဒို၏လက်ချက်ကြောင့် မေ့မြောလုမတတ် ခံလိုက်ရသည်။ ထိုအခိုက် အစောင့်တပ်မှ ကက်ပတိန် ဖိုးအီးဗတ် ရောက်လာသဖြင့် ဝတ်ရုံနက်နှင့် လူသည် မိန်းကလေးကို ပစ်ထားခဲ့ပြီး ထွက်ပြေးသွားသည်။ ထိုမိန်းကလေးကား အက်စမယ်ရဲလဒါ ဖြစ်သည်။ အက်စမယ်ရဲလဒါသည် ဖိုးအီးဗတ်ကို မြင်လျှင်မြင်ချင်း မေတ္တာသက်ဝင်မိလေသည်။ ဂရင်ဂိုရီသည် ကွာဆီမိုဒိုကို သိသဖြင့် ကွာဆီမိုဒို၏ အပေါင်းအဖော်ဖြစ်သည့် ဝတ်ရုံနက်နှင့်သူသည် ဖရော်လိုဖြစ်ကြောင်း တွက်ဆပြီး ဖြစ်သည်။ သို့သော် ဖရော်လိုကား မော်ဝိဇ္ဇာဟု ကျော်ကြားနေသဖြင့် ဖွင့်မပြောရဲပေ။ တစ်နေ့တွင် ဂရင်ဂိုရီသည် လူဆိုးများနေထိုင်ရာ ရပ်ကွက်သို့ ရောက်သွားသည်။ သူ့ကို လူဆိုးများက လုယက်ကြသည်။ သူ့ကိုယ်၌ ခြူးတစ်ပြားမှ မတွေ့သောအခါ သတ်ပစ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ သို့သော် လူဆိုးများ၌ လိုက်နာရသော ထုံးတမ်းတစ်ခု ရှိနေသည်။ ထိုထုံးတမ်းကား ရပ်ကွက်နေ မိန်းမတစ်ဦးဦးက စီရင်ချက် အချခံထားရသူကို လက်ထပ်ယူပါက ထိုသူကို သေဒဏ်စီရင်ချက်မှ ပယ်ဖျက်ရသော ထုံးတမ်းဖြစ်သည်။ ကြင်နာသနားတတ်သော ဂျစ်ပစီမကလေး အက်စမယ်ရဲလဒါက သူ့အသက်ကို ကယ်ဖူးသည့် ဂရင်ဂိုရီ မသေစေရန် လက်ထပ်ယူပါမည်ဟု ကတိပေးသည်။ လူဆိုးများက ဂရင်ဂိုရီနှင့် အက်စမယ်ရဲလဒါကို လက်ထပ်ပေးသည်။ ဂရင်ဂိုရီနှင့် အက်စမယ်ရဲလဒါတို့သည် လက်ထပ်သော်လည်း လင်မယားအရာ မမြောက်ပေ။ အက်စမယ်ရဲလဒါသည် ကပ္ပတိန် ဖိုးအီးဗတ်ကိုသာ တမ်းတမ်းစွဲ ဖြစ်နေသဖြင့် လင်မယားအရာမြောက်အောင် မနေထိုင်ပေ။

ပဲရစ်သူ ပဲရစ်သားများသည် အရုပ်ဆိုးလှသော၊ ပုံပန်းမကျလှသော ကွာဆီမိုဒိုကို ကြောက်လန့်ကြသည်။ ထို့အတူပင် ကွာဆီမိုဒို၏ အရှင်သခင် မော်ဝိဇ္ဇာဟု ကျော်ကြားသော ဖရော်လိုကိုလည်း ကြောက်ရွံ့သည်။ ဖရော်လိုကို မထိရဲသောအခါ ကွာဆီမိုဒိုသည် စုန်းကဝေ မော်ပညာရှင်များ၏ တစ္ဆေသရဲဖြစ်သည်ဟု စွပ်စွဲကာ ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ပေးလေသည်။

ကွာဆီမိုဒို၏ ကျောတစ်ပြင်လုံးမှာ ကြိမ်ဒဏ်ကြောင့် သွေးများရဲနေသည်။

www.nyisay.com



ရေတော်လွန်းသဖြင့် ရေပေးရန် တစာစာတောင်းသည်။ ပရိသတ်က ကုမပေးရုံသာမက ကျောက်ခဲများဖြင့် ပစ်ခတ်ကြသည်။ ထိုစဉ် ဂျစ်ပစီမကလေး အက်စမယ်ရဲလဒါသည် ကွာဆီမိုဒိုကို ချုပ်ထားသော နေရာသို့လာပြီး ရေကရားဖြင့် ရေတိုက်ကျွေးသည်။ ကွာဆီမိုဒိုသည် သူ့အား ရေတိုက်နေသော အက်စမယ်ရဲလဒါကို ကြည့်ရင်း ဝမ်းသာကြည်နူးလွန်းလှသဖြင့် ချုံးပွဲချ ငိုကြွေးမိရှာသည်။ သူ၏ တစ်ဦးတည်းသော အရှင်သခင် ဖရော်လိုသည် သူ ဒုက္ခရောက်နေသည့်အခါ၌ မကူညီ မစောင့်ရှောက်ဘဲ အဝေးက ရှောင်နေကြောင်း သတိပြုမိလေသည်။

တစ်ညတွင် ကပ္ပတိန် ဖိုးအီးဗတ်နှင့် အက်စမယ်ရဲလဒါတို့ ချိန်းတွေ့ကြစဉ် ဖရော်လိုက ဖိုးအီးဗတ်ကို ဓားနှင့်ထိုး၍ ထွက်ပြေးသွားသည်။ ဖိုးအီးဗတ်ကို အက်စမယ်ရဲလဒါက ဓားနှင့်ထိုးသည်ဟု စွပ်စွဲကာ စစ်ဆေးသည်။ အက်စမယ်ရဲလဒါသည် စုန်းမဖြစ်သည်ဟုဆိုကာ သေဒဏ်ပေးသည်။ ကွာဆီမိုဒိုသည် သေဒဏ်အပေးခံရဆဲဆဲဖြစ်သော အက်စမယ်ရဲလဒါကို လုယူကာ နော်တာဒမ် ဘုရားရှိခိုးကျောင်းရှိ သူ့အခန်းသို့ သယ်ယူခဲ့သည်။ အက်စမယ်ရဲလဒါ သူ့မျက်နှာကို မြင်လျှင် ကြောက်ရွံ့သွားမည်စိုး၍ ကွာဆီမိုဒိုသည် အစားအစာ ပို့ချိန်မှလွဲ၍ အက်စမယ်ရဲလဒါ အပါး၌ မနေရှာပေ။ ထိုအခွင့်ကောင်းကိုယူကာ ဖရော်လိုသည် အက်စမယ်ရဲလဒါရှိရာ အခန်းကို သော့တူနှင့် ဖွင့်ဝင်ပြီး ချစ်ရေးဆိုသည်။ သူ၏ အာသာကို ဖြည့်စွမ်းလျှင် အသက်မသေဘဲ နေရမည် ဖြစ်ကြောင်း ဖရော်လိုက ပြောသည်။ အက်စမယ်ရဲလဒါက ပစ်ပစ်ခါခါ ငြင်းပယ်သည်။ ထိုစဉ် ကွာဆီမိုဒို ရောက်လာပြီး ဖရော်လိုကို အခန်းမှ အတင်းဆွဲထုတ် ပစ်လိုက်သည်။

အက်စမယ်ရဲလဒါ လွတ်မြောက်သွားအောင် အက်စမယ်ရဲလဒါ၏ အမည်ခံယောကျ်ား ဂရင်ဂိုရီသည် လူဆိုးများ၊ သူတောင်းစားများ စုရုံးကာ နော်တာဒမ် ဘုရားရှိခိုးကျောင်းသို့ ချီတက်လာသည်။ ပဋ္ဌင်းငယ် ဖရော်လို၏ အကြံပေးချက်အရ ဂရင်ဂိုရီက ပြုလုပ်ခြင်း ဖြစ်သည်။ ကွာဆီမိုဒိုသည် သူ ချစ်ခင်သော အက်စမယ်ရဲလဒါကို ရန်ပြုအောင် လာသူများဖြစ်သည်ဟု အထင်ရောက်ကာ လူအုပ်ထဲသို့ ဘုရားရှိခိုးကျောင်း မျှော်စင်မှ ခဲများ၊ ကျောက်တုံးများနှင့် ပစ်ပေါက် ခုခံသည်။ ဘုရားရှိခိုးကျောင်း နံရံကိုမှီကာ လှေကားထောင် တက်လာသူတွေကိုလည်း လှေကားများကို တွန်းချပြီး တိုက်ခိုက်သည်။ ကွာဆီမိုဒို တစ်ယောက်နှင့် လူအများစု တိုက်ပွဲမှာ တဖြည်းဖြည်း ကြီးကျယ်လာသဖြင့် အစောင့်တပ်က ဝင်ရောက်ဖျန်ဖြေသည်။ ထိုစဉ် ဂရင်ဂိုရီကို ဖရော်လိုက ဘုရားရှိခိုးကျောင်း အတွင်းသို့ တိတ်တဆိတ် သွင်းလာပြီး အက်စမယ်ရဲလဒါကို ခေါ်သွားစေသည်။ ဖရော်လိုသည် အက်စမယ်ရဲလဒါအား သူနှင့် ကြိုးစင်အနက် တစ်ခုခုကို

www.nyisay.com



ရွေးချယ်ဖို့ ပြောသည်။ အက်စမယ်ရဲလဒါကား ဖရော်လိုကို မရွေးပေ။ ဖရော်လိုသည် အက်စမယ်ရဲလဒါအား ကလေးပျောက်သဖြင့် အရူးတစ်ပိုင်း ဖြစ်နေသော မယ်သီလရင် ဂူဒူလဲ လက်သို့ အပ်သည်။ ဂူဒူလဲကား သူ့ကလေးကို ဂျစ်ပစီများ ခိုးယူသွားသဖြင့် ဂျစ်ပစီများကို အသေအလဲ မုန်းတီးသူ ဖြစ်သည်။ ထို့ကြောင့် အက်စမယ်ရဲလဒါကို တွေ့သည်နှင့်တစ်ပြိုင်နက် အသေသတ်ဖို့ ကြိုးစားသည်။ သို့သော် အက်စမယ်ရဲလဒါ၏ လည်ပင်းမှ အဝတ်ဖိနပ်ကလေးကို တွေ့သောအခါ အက်စမယ်ရဲလဒါကား ဂျစ်ပစီ မဟုတ်ဘဲ သူ၏ ပျောက်ဆုံးသွားသော သမီးရင်း ဖြစ်သည်ကို သိရသည်။ ဂူဒူလဲသည် သမီးကလေး၏ အသက်ကိုကယ်ရန် ကြိုးစားသော်လည်း နောက်ကျသွားရှာသည်။ အစောင့်တပ်သားများ ရောက်လာကာ အက်စမယ်ရဲလဒါကို ခေါ်ဆောင်သွားသည်။

အက်စမယ်ရဲလဒါကို ကြိုးပေးမည့်နေ့ ဖြစ်သည်။ ဖရော်လိုသည် နော်တာဒမ် ဘုရားရှိခိုးကျောင်း အပေါ်ထပ်မှနေ၍ ကြိုးပေးမည့် မြင်ကွင်းကိုကြည့်ကာ နှစ်ခြိုက်သဘောကျပြီး တသိမ့်သိမ့် ရယ်မောနေသည်။ ဖရော်လို ကြည့်နေသည့် မြင်ကွင်းကို ကွာစီမိုဒို တွေ့သွားသည်။ ကွာဆီမိုဒို အနှံ့ရှာဖွေနေသော အက်စမယ်ရဲလဒါသည် ဝတ်ရုံဖြူကိုဝတ်လျက် ကြိုးစင်ပေါ် ရောက်နေပြီဖြစ်ကြောင်း ကွာဆီမိုဒို တွေ့ရလေသည်။ အရူးသဖွယ် တလှိုက်လှိုက် ရယ်မောနေသော သူ့ဆရာ ဖရော်လိုကို ကြည့်လိုက်၊ ကြိုးစင်မှ အက်စမယ်ရဲလဒါကို ကြည့်လိုက်နှင့် ကွာဆီမိုဒိုသည် သူချစ်သော ဂျစ်ပစီမကလေးကို ကြိုးစင်ရောက်အောင် ပို့သူမှာ သူ့ဆရာ ဖရော်လိုဖြစ်ကြောင်း သဘောပေါက်သွားသည်နှင့် တစ်ပြိုင်နက် ဖရော်လိုကို ဘုရားရှိခိုးကျောင်းပေါ်မှ တွန်းချလိုက်သည်။

ကြိုးပေးခံရ၍ သေဆုံးသူတို့ကို စွန့်ပစ်ရာ သင်္ချိုင်းကို နှစ်အတန်ကြာသောအခါ သွားရောက်ကြည့်ရှုရာ ဝတ်ရုံဖြူဝတ်ထားသော အရိုးစုကို ဖက်ထားသော အရိုးစုတစ်စု တွေ့ရသည်။ ထိုအရိုးစု၏ ခါးရိုးသည် ကုန်းနေသည်။ ခြေတစ်ဖက် အရိုးမှာလည်း အခြား ခြေတစ်ဖက် အရိုးထက် တိုသည်။ သင်္ချိုင်းစောင့်က ထိုအရိုးစု၏ လက်ရိုးကို ဝတ်ရုံဖြူဝတ်ထားသော အရိုးစု၏ လည်ပင်းရိုးမှ ခွာယူလိုက်သောအခါ အရိုးများသည် ကြေမွ၍ အမှုန့်များ ဖြစ်သွားလေသည်။

ဤ **ပါရီက နော်တာဒမ်** ဝတ္ထုကို ရေးသူမှာ ပြင်သစ် စာရေးဆရာကြီး ဗစ်တာဟူးဂိုး ဖြစ်သည်။ ဗစ်တာဟူးဂိုး၏ ဤဝတ္ထုသည် ဆန့်ကျင်ဘက် စရိုက်များကို ပြသသောဝတ္ထု ဖြစ်သည်။ အရုပ်ဆိုးသော်လည်း ချစ်တတ်သော၊ စေတနာကြီးမားသော၊ ကျေးဇူးသိတတ်သော ကွာဆီမိုဒိုအပြင် ရုပ်လှသော်လည်း အတွင်း၌ မဖြူစင်သော ဖိုးအီးဗတ်၊ အာသာရမ္မက်၏ ကျွန်ဖြစ်သော ဖရော်လို၊ ဂျစ်ပစီများ၊

www.nyisay.com



သူခိုး၊ သူတောင်းစားများ အလယ်၌ ကြီးပြင်းရသည့်တိုင်အောင် အပြစ် ကင်းစင်အောင် နေတတ်သူ အက်စမယ်ရဲလဒါတို့ကား ယနေ့တိုင် ပြင်သစ် စာပေလောက၌ ရှင်သန်ကြီးထွားနေသော ဇာတ်ဆောင်များ ဖြစ်ပေသည်။

ဗစ်တာဟူးဂိုး၏ **ပါရီက နော်တာဒမ်** ကို တက်တိုးက ခါးကုန်းကြီး ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုပြီး ရှုမဝစာအုပ်တိုက်က ၁၉၅၈ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

## ယက်ဖဂေးညင်းသြညီဂင် (၁၈၃၃)

### အယ်လက်ဆန်းဒါး ပုရှကင် (၁၇၉၉-၁၈၃၇)

ရုရှလူမျိုး ကမ္ဘာကျော် ကဗျာဆရာ ပုရှကင်၏ **ယက်ဖဂေးညင်းသြညီဂင်** ကဗျာဝတ္ထုသည် ၁၉ ရာစုနှစ် ရုရှဝတ္ထုများ၏ ရှေ့ဆောင်လမ်းပြဖြစ်သည်ဟု ဆိုကြသည်။ ယက်ဖဂေးညင်းသြညီဂင် ကဗျာဝတ္ထုသည် စာရေးဆရာပုရှကင်၏ဘဝ အတ္ထုပ္ပတ္တိပင် ဖြစ်သည်ဟုလည်း ပြောကြသည်။ ဤကဗျာဝတ္ထုပါ ဇာတ်ဆောင် ယက်ဖဂေးညင်းသည် ပုရှကင်၏ ကိုယ်ပွားဟု ယူဆနိုင်ဖွယ် ရှိသောကြောင့် ဤသို့ ဆိုကြဟန် တူသည်။

**ယက်ဖဂေးညင်းသြညီဂင်** ကဗျာဝတ္ထုသည် ရုရှ အထက်တန်းလွှာမှ လူပျိုလူရွယ်တို့၏ အချစ်ကို ဇာတ်လမ်းဖွဲ့ထားသော ဝတ္ထု ဖြစ်သည်။ သို့ရာတွင် ပုရှကင်သည် အထက်တန်းလွှာတို့၏ အမူအကျင့်များကို ဖော်ပြရာ၌မူ ထေ့ထေ့ငေါ့ငေါ့ လှောင်ပြောင်ထားသည်။ **ယက်ဖဂေးညင်းသြညီဂင်**သည် ဇာတ်လမ်းအင်အားကြောင့် ကမ္ဘာကျော်သည် မဟုတ်ဘဲ ပုရှကင်၏ ကဗျာစွမ်းအင်ကြောင့် ကမ္ဘာကျော်ခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပေသည်။

ယက်ဖဂေးညင်းသြညီဂင်သည် အထက်တန်းလွှာမိဘမှ ပေါက်ဖွားသူ ဖြစ်သည်။ စာပေဝါသနာ ထုံသည်။ အထူးသဖြင့် စီးပွားရေးနှင့် ပတ်သက်သော စာအုပ်စာတမ်းများကိုလည်း နှစ်နှစ်ခြိုက်ခြိုက် လေ့လာဆည်းပူးသူ ဖြစ်သည်။

www.nyisay.com



သို့ရာတွင် မည်သည့်အရာ အားလုံးကိုမျှ စိတ်ဝင်စားသည် မဟုတ်ဘဲ အထက်တန်းလွှာပီပီ ပေါ့ပေါ့နေ ပေါ့ပေါ့စားပင် ဖြစ်သည်။ အထက်တန်းလွှာမှ မိန်းမတွေ အလယ်တွင် ယက်ဖဂေးညင်းသည် ရေပန်းစားသူတစ်ယောက် ဖြစ်သည်။ အထက်တန်းလွှာတွင် မည်မျှပင် ဝင်ဆံ့သော်လည်း ယက်ဖဂေးညင်းသည် ကြာတော့ အထက်တန်းလွှာ၏ အဆောင်အယောင် အခမ်းအနားများကို ငြီးငွေ့လာသည်။ ထိုအခိုက် မော်စကိုမြို့၌ နေနေသော ယက်ဖဂေးညင်းထံသို့ တောအရပ်ရှိ သူ့ဦးလေးတစ်ယောက် မမာမကျန်း ဖြစ်နေကြောင်း သတင်းရောက်လာသည်။ ဦးလေးတော်သူကား ယက်ဖဂေးညင်းကို အမွေစားအမွေခံအဖြစ် မွေးထားသူ ဖြစ်သည်။ ယက်ဖဂေးညင်းသည် ဦးလေးတော်သူကို ပြုစုစောင့်ရှောက်ရန် မော်စကိုမှ ခွာသည်။ သူ ရောက်သောအခါ ဦးလေးကား ဆုံးနှင့်လေပြီ။ ယက်ဖဂေးညင်းသည် မြို့ကို ငြီးငွေ့နေခိုက် ဖြစ်ရကား သူ အမွေရလိုက်သော ဦးလေး၏ ခြံကြီးဝင်းကြီးနှင့် ဓိမ်ခံအိမ်ကြီးမှာပင် နေနေလေသည်။ အေးမြသော သစ်တောကြီးများ၊ ကျယ်ပြန့်သော လယ်ပြင်ကြီးများနှင့် တောအရပ်ကို ပထမဦး နှစ်သက်မိသော်လည်း ၂ ရက်၊ ၃ ရက် အတွင်းမှာပင် ငြီးငွေ့လာပြန်သည်။ ထို့ကြောင့် အငြီးငွေ့ ပြေစေရန် ယက်ဖဂေးညင်းသည် အိမ်တွင်းအောင်းကာ စာများကို တစ်အုပ်ပြီးတစ်အုပ် ဖတ်နေလေသည်။ ပတ်ဝန်းကျင်နှင့် အပေါင်းအသင်း မလုပ်ဘဲ ထီးတည်းနေသူဟု ယက်ဖဂေးညင်းကို အများက ပြောကြလေသည်။ ယက်ဖဂေးညင်းနှင့် အပေါင်းအသင်းဖြစ်သူ တစ်ဦးသာရှိသည်။ ထိုသူကား ဗလာဂျီမီးလျန်စကီး ဆိုသူ ဖြစ်သည်။ ဗလာဂျီမီးသည် ဂျာမနီ၌ နေခဲ့ဖူးသည်။ ဂျာမန်ဒဿနပညာရှင်များဖြစ်သော ကန့်နှင့် ရှီလာတို့၏ အတွေးအခေါ် အယူအဆကို များစွာ နှစ်သက်သဘောကျသူ ဖြစ်သည်။ ဂျာမန်ဒဿန လွှမ်းမိုးထားသောကြောင့် ဗလာဂျီမီးသည် ရုရှလူနေမှုနှင့် အံမဝင် ခွင်မကျ ဖြစ်နေရကား သူလည်း အထီးကျန်လိုလို ဖြစ်နေသည်။ ယက်ဖဂေးညင်းနှင့်မူ ပေါင်းသင်းမိကာ တစ်ဦးနှင့်တစ်ဦး ပို၍ပို၍ ရင်းနှီးလာသည်။

ဗလာဂျီမီးနှင့် စေ့စပ်ထားသောသူကား အော်လဂါဖြစ်သည်။ ဗလာဂျီမီးက ယက်ဖဂေးညင်းကို အော်လဂါတို့ မိသားစုအိမ်သို့ အလည်သွားရန် ဖိတ်ခေါ်သည်ကို ယက်ဖဂေးညင်းက လက်ခံလိုက်သည်။ အော်လဂါတွင် တာတီယားနားဟူသော အစ်မတစ်ဦး ရှိသည်။ အော်လဂါက သွက်လက်ချက်ချာသည်။ မြူးကြွသော အလှလည်း ရှိသည်။ တာတီယားနားမှာမူ အေးအေးဆေးဆေး သီးသီးသန့်သန့် နေတတ်သည်။ တည်ငြိမ်သော၊ အေးမြသောအလှ ရှိသည်။ ညီအစ်မနှစ်ဦး၏ မိဘများသည် အော်လဂါအတွက် စိတ်ချရပြီဖြစ်သော်လည်း တာတီ

www.nyisay.com



ယားနား အတွက်မူ စိတ်မချရသေး။ လင်ကောင်းသားကောင်း ရအောင် ဆောင်ရွက်ပေးရဦးမည် ဖြစ်သည်။ ယခု သူတို့အိမ်သို့ ဗလာဂျီမီးက ဧည့်သည်တစ်ယောက် ခေါ်လာမည် ဆိုသောအခါ တာတီယားနားအတွက် အလားအလာကောင်းသည်ဟု ယူဆလေသည်။

ဧည့်သည်တော် ယက်ဖဂေးညင်းကား သူ့မိတ်ဆွေ ဗလာဂျီမီးကြောင့်သာ လိုက်လာခဲ့ရသည်။ တာတီယားနားဆိုသည့် မိန်းကလေးကို သတိတောင် မမူမိခဲ့။ ယက်ဖဂေးညင်း ပြန်သွားသောအခါ တာတီယားနားသည် အတော် စိတ်လှုပ်ရှားလျက် ကျန်ရစ်ခဲ့လေသည်။ သူသည် ယက်ဖဂေးညင်းကို အလွန်စိတ်ဝင်စားမိသည်။ မြင်လျှင်မြင်ချင်း ချစ်မိသည်။ ယက်ဖဂေးညင်းကမူ သူ့ကို သတိပင် မမူမိခဲ့။ နောက်ဆုံးတွင် တာတီယားနားသည် သူ ယက်ဖဂေးညင်းကို မည်မျှချစ်ကြောင်း၊ ခင်ကြောင်း စာရေး၍ ပို့လေတော့သည်။ တာတီယားနား စာရေးသောအခါ ရုရှဘာသာဖြင့် မရေးဘဲ ပြင်သစ်ဘာသာဖြင့် ရေးလေသည်။ အဘယ်ကြောင့်ဆိုသော် ရုရှသဒ္ဒါကို သူ ကောင်းစွာ မကျွမ်းကျင်သောကြောင့် ဖြစ်သည်။

ယက်ဖဂေးညင်းသည် တာတီယားနား၏စာကို ဖတ်ရသောအခါ စိတ်ထိခိုက်ပြီး တာတီယားနားထံ ရောက်လာသည်။ ယက်ဖဂေးညင်းက သူသည် မိန်းမပွေသူတစ်ဦး ဖြစ်ကြောင်း၊ တာတီယားနား၏ လင်သားကောင်း ဖြစ်လာနိုင်ဖို့အကြောင်းရှိမည် မဟုတ်ကြောင်း ပြောပြခဲ့သည်။ တာတီယားနားက ယက်ဖဂေးညင်း ပြောသမျှကို တစ်ခွန်းတစ်ပါဒမျှ ခွန်းတုံ့မပြန်ဘဲ ညင်သာစွာ နားထောင်ရင်း ယက်ဖဂေးညင်း၏ ပူလောင်လှသော စကားလုံးများ ဒဏ်ကိုသာ အံကြိတ်ခံယူနေမိရှာသည်။

ယက်ဖဂေးညင်းသည် သူ အမွေရလိုက်သော ဦးလေးအိမ်၌ပင် အထီးကျန်နေပြန်သည်။ မနက်တိုင်း စမ်းချောင်း၌ ရေချိုးသည်။ စာအုပ်များ ဖတ်သည်။ လမ်းလျှောက်သည်။ ရံဖန်ရံခါ မြင်းစီးထွက်သည်။ ရံဖန်ရံခါ ဗလာဂျီမီးနှင့် စကားစမြည် ပြောသည်။

ဆောင်းတွင်းသို့ ရောက်သောအခါ မိတ်ဆွေ ဗလာဂျီးမီးက တာတီယားနား၏ "နာမည်နေ့" (ဥရောပတိုက်တွင် နာမည်များကို သူတော်စင်များ၏အမည်စွဲ၍ မှည့်ကြရာ သက်ဆိုင်ရာ သူတော်စင်များ၏ နေ့သို့ ရောက်သောအခါ ပွဲလမ်းသဘင် ကျင်းပသည်။)သို့ တက်ရောက်ရန် ယက်ဖဂေးညင်းကို ဖိတ်ကြားသည်။ ဗလာဂျီမီးက နာမည်နေ့ကို ခပ်ကျဉ်းကျဉ်းပင် ပြုလုပ်မည်ဖြစ်ပြီး မိသားစုနှင့် ပတ်သက်သူ မိတ်ဆွေအနည်းငယ်သာ ဖိတ်ကြားသည်ဟု ပြောဆိုတိုက်တွန်းသဖြင့် ယက်ဖဂေးညင်းက တက်ရောက်ရန် လက်ခံလိုက်သည်။

www.nyisay.com



နာမည်နေ့ပွဲသို့ ယက်ဖရေးညင်း ရောက်သောအခါ ဗလာဂျီမီး ပြောသလို မဟုတ်ဘဲ ဧည့်သည်အများအပြား ဖိတ်ထားသော တကယ့် ပွဲလမ်းသဘင်ကြီး ဖြစ်နေသည်ကို တွေ့ရသည်။ ကပွဲတောင် ပါလိုက်သေးသည်။ ထိုအခါ ယက်ဖရေးညင်းသည် သူ့ကို ခင်မင်သောမိတ်ဆွေက သစ္စာဖောက်သွားသည့်အလား ခံစားရလေသည်။ ထို့ကြောင့် ဗလာဂျီမီးကို ကလဲ့စားချေသည့် သဘောဖြင့် ကပွဲတွင် ဗလာဂျီမီးနှင့် စေ့စပ်ထားသူ အော်လဂါနှင့် မနားတမ်း တွဲကပစ်သည်။ ဗလာဂျီမီး ကရန်ပင် အခွင့်အရေး မရအောင် လုပ်ပစ်သည်။ ဗလာဂျီမီးသည် မနာလိုစိတ် ကြွကာ၊ ဒေါသူပုန်ထကာ ယက်ဖရေးညင်းအား နှစ်ယောက်ချင်း သေနတ်ပစ်ရန် ချိန်းဆိုလိုက်တော့သည်။

သေနတ်ပစ်ချိန်းပွဲ မတိုင်မီ ဗလာဂျီမီးသည် အော်လဂါထံသို့ သွားသည်။ အော်လဂါသည် သူ့အပြုအမူအတွက် နောင်တ ရသွားစေချင်သည့် သဘောဖြင့် သွားခြင်းဖြစ်သည်။ သို့သော် အော်လဂါမှာ ဗလာဂျီမီးကို နှစ်နှစ်လိုလိုပင် လက်ခံစကား ပြောသည်။ ယက်ဖရေးညင်းနှင့် တွဲကခဲ့သည်ကိုပင် သူ သတိရဟန် မတူပေ။ ထို့ကြောင့် ဗလာဂျီမီးသည် စိတ်နှလုံး ပေါ့ပါးသွားပြီး အော်လဂါအပေါ် သံသယ ကင်းသွားသည်။

သေနတ်ပစ်ပွဲတွင် ယက်ဖရေးညင်းက ဗလာဂျီမီး၏ နှလုံးသားတည့်တည့်ကို ချိန်၍ပစ်ခဲ့ရာ ဗလာဂျီမီး သေဆုံးသွားသည်။ သည်တော့မှ ယက်ဖရေးညင်းသည် သူ၏ တစ်ကိုယ်ကောင်းဆန်မှုကို သဘောပေါက်ကာ နောင်တကြီးစွာ ရမိသည်။ စိတ်နှလုံး မချမ်းမြေ့ ဖြစ်ရသည်။ ထို့ကြောင့် ယက်ဖရေးညင်းသည် ဤဒေသမှာ မနေလိုတော့ဘဲ ထွက်ခွာသွားလေသည်။

ဤအရပ် ဤဒေသတွင် ယက်ဖရေးညင်းကို လူရမ်းကား လူဆိုးတစ်ဦး အဖြစ် ပြောဆိုနေကြလေသည်။ လူတွေက မည်သို့ပင်ပြောပြော၊ ယက်ဖရေးညင်း အပေါ် အချစ် မပြယ်သူကား တာတီယားနားပင် ဖြစ်လေသည်။ တာတီယားနားသည် ယက်ဖရေးညင်း မရှိတော့မှပင် ယက်ဖရေးညင်း ထားရစ်ခဲ့သော အိမ်စောင့်နှင့် မိတ်ဆွေဖွဲ့ကာ ယက်ဖရေးညင်းအိမ်သို့ မကြာခဏ လာလည်သည်။ ယက်ဖရေးညင်းဖတ်သော စာအုပ်များကိုကြည့်ရင်း ယက်ဖရေးညင်းကို လေ့လာသည်။ သို့နှင့် သူသည် ယက်ဖရေးညင်းကို ပို၍ နားလည်လာလေသည်။

တာတီယားနားသည် ယက်ဖရေးညင်းကိုသာ တတမ်းတတ စွဲလမ်းနေသည့်အလျောက် အိမ်ထောင်ပြုရန် ကမ်းလှမ်းချက် မှန်သမျှကို ပယ်ချပစ်လေသည်။ ညီမငယ် အော်လဂါကမူ စစ်ဗိုလ်တစ်ဦးနှင့် လက်ထပ်ပြီး မိသားစုမှ ခွဲခွာထွက်သွားပြီ ဖြစ်သည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



တာတီယားနား၏ မိဘများသည် သူ့သမီး လင်ကောင်းသားကောင်း ရနိုင်မည့် နေရာဖြစ်သော မော်စကိုမြို့သို့ သူ့သမီးကို ခေါ်ဆောင်သွားကြသည်။ မော်စကိုတွင် တာတီယားနားကို မြို့ကြီးသူ ဖြစ်အောင် ဝတ်ပုံ စားပုံ ဆင်ယင်ထုံးဖွဲ့ပုံမှ စ၍ ပြောင်းလဲပစ်ကြသည်။ ဆိုရှယ်ပွဲသဘင် မှန်သမျှ တာတီယားနားကို တက်စေသည်။ တစ်နေ့တွင် ထင်ရှားကျော်ကြားသော စစ်ဗိုလ်ချုပ်ကြီး၏ ကပွဲသဘင်၌ မင်းသားတစ်ပါးသည် တာတီယားနားကို မြင်တွေ့သဘောကျသွားသည်။ ထိုမင်းသားကား ယက်ဖဂေးညင်းလို ရုပ်ချောမဟုတ်၊ ဝပြဲပြဲ ကိုယ်လုံးကိုယ်ထည် ခပ်ထွားထွားနှင့်သူ ဖြစ်သည်။ သို့သော် တာတီယားနားသည် ထိုမင်းသားနှင့် အိမ်ထောင်ပြုသည်။

၂ နှစ်တာမျှ ခြေသလုံးအိမ်တိုင်ပြုကာ ရှရှတစ်ခွင် လှည့်ပတ်နေခဲ့သော ယက်ဖဂေးညင်းသည် မော်စကိုမြို့သို့ ပြန်ရောက်လာသည်။ မော်စကို ပြန်ရောက်လာသော်လည်း သူ့စိတ်ထဲတွင် မပျော်ပိုက်။ သူ့ဘဝကို စိုးမိုးနေသော ငြီးငွေ့လွယ်မှုကို ဖျောက်ဖျက်မရပေ။ တစ်နေ့တွင် ငြီးငွေ့မှုမှ သက်သာလို သက်သာရငြား၊ မိတ်ဆွေတစ်ဦး ဖိတ်ကြားသော ကပွဲသဘင်သို့ တက်ရောက်သည်။ မိတ်ဆွေက ယက်ဖဂေးညင်း မော်စကိုမြို့တော်မှ ဘာကြောင့် ပျောက်ကွယ်သွားသည်ကို မေးမြန်းနေစဉ် အလွန်တရာ ချောမောလှသော မိန်းမပျိုတစ်ဦးကို သွားမြင်မိသည်။ ထိုမိန်းမသည် ကပွဲသဘင်ရှိ မိန်းမအားလုံးအပေါ် သူ့အလှဖြင့် စိုးမိုးထားသည်ဟု ယက်ဖဂေးညင်းက ထင်မှတ်မိသည်။ ထို့ကြောင့် အိမ်ရှင်မိတ်ဆွေကို ထိုမိန်းမပျိုအကြောင်း မေးမိသည်။ ထိုမိန်းမကား အခြားမဟုတ်၊ အိမ်ရှင်မိတ်ဆွေ၏ ဇနီးဖြစ်သူ တာတီယားနားပင် ဖြစ်သည်။ ယက်ဖဂေးညင်းသည် တအံ့တဩ ဖြစ်မိသည်။ တာတီယားနားကား အပြောင်းလဲကြီး ပြောင်းလဲနေချေပြီ။ သူ့အချစ်ကို ရဲတင်းစွာ ဖွင့်ဟခဲ့သော တောသူ အပျိုရိုင်းကလေး မဟုတ်တော့ပြီ။

ယက်ဖဂေးညင်းသည် တာတီယားနားကို စွဲလမ်းမိပြီး တာတီယားနားတို့ အိမ်သို့ မကြာခဏ သွားရောက် လည်ပတ်သည်။ တာတီယားနားသည် ယက်ဖဂေးညင်းကို သာမန်ဧည့်သည်တစ်ယောက် အနေဖြင့်သာ ဆက်ဆံသည်။ ယက်ဖဂေးညင်းသည် သူ၏ အထီးကျန်ဘဝမှ သူ့ကို ကယ်တင်ပါရန် တာတီယားနားထံသို့ စာများ ရေးသည်။

တာတီယားနားထံမှ ဘာသံမျှ မကြားရ။ နောက်ဆုံးတွင် မခံသာတော့သော ယက်ဖဂေးညင်းသည် ကြိုတင် အကြောင်းကြားထားခြင်း မရှိဘဲ တာတီယားနားအိမ်သို့ ဝင်သွားသည်။ တာတီယားနားသည် သူ ရေးသောစာများကို

www.nyisay.com



ဖတ်ရှုနေခိုက်နှင့် သွားဆုံသည်။ ယက်ဖဂေးညင်းက တာတီယားနားကို သူ့အား ချစ်ခင်ဖို့ ပြောသည်။ တာတီယားနားက အိမ်ထောင်ရှင် ဖြစ်နေပြီဖြစ်၍ သူ့ခင်ပွန်းသည် အပေါ် သစ္စာမဖောက်နိုင်ကြောင်း၊ သူသည် ယက်ဖဂေးညင်းကို ချစ်ခဲ့ကြောင်း၊ ယခုလည်း ချစ်နေသေးကြောင်း၊ သို့သော် ချစ်ခြင်းနှင့် လူတို့ စောင့်ထိန်းအပ်သော တရားသည် ခြားနားကြောင်း ပြောပြကာ ယက်ဖဂေးညင်း၏ ကမ်းလှမ်းချက်ကို ငြင်းပယ်လိုက်လေသည်။

www.nyisay.com

## ပွန်ပီမြို့၏ နောက်ဆုံးနေ့များ (၁၈၃၄)

### လော့(ဒ်) လစ်တန် (၁၈၀၃–၁၈၇၃)

ကမ္ဘာတွင် အနှစ်ခြောက်ရာခန့် တည်တံ့ထင်ရှားခဲ့သော မြို့တစ်မြို့သည် ရုတ်တရက် ချက်ချင်း ပျက်သုဉ်းပျောက်ကွယ်ခဲ့ရသော အဖြစ်သည် လွန်ခဲ့သော အနှစ် ထောင့်ကိုးရာခန့်က ဖြစ်ပေါ်ခဲ့လေသည်။ ထိုမြို့ကား အီတလီနိုင်ငံ နေပယ် ပင်လယ်ကွေ့ရှိ ဆိပ်ကမ်းမြို့ကလေး တစ်မြို့ဖြစ်သော ပွန်ပီမြို့ ဖြစ်သည်။

ပွန်ပီမြို့သည် ရောမလူချမ်းသာတို့၏ ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်သည်။ ထိုမြို့ကလေးသည် ခရစ်မပေါ်မီ အနှစ်ငါးရာကျော်က တည်ရှိခဲ့သည်။ မြို့သက် အနှစ်ခြောက်ရာလောက်တွင် မြို့သည် စည်ကားလာ၏။ ဂရိမှ ငွေကြေးတတ် နိုင်သူများသည် ထိုမြို့ကလေးသို့ လာရောက်ကာ ကစားပွဲများ၌ သုံးဖြုန်းလေ့ ရှိသည်။ အီဂျစ်က နတ်ဆရာများကလည်း မိမိတို့၏ နတ်ကိုးကွယ်မှု တည်တံ့ရေး ကို ဆောင်ရွက်ကြ၏။ ပေါသစ်စ ခရစ်ယာန်သာသနာ ထွန်းကားရေး ကြိုးပမ်း သူများကလည်း ထိုမြို့ကလေးတွင် နတ်ကိုးကွယ်မှုအတွင်း ထိုးဖောက်နေ၏။ ရှေးရောမနိုင်ငံ၏ အမွေအနှစ်ဖြစ်သော ဤလူတန်းစားပြဿနာသည် ထို မြို့ကလေး၌ ဆက်လက်တည်ရှိနေ၏။ ထို့အတူ ရုံသွင်းပြသည့် လူလူချင်းသတ်ပွဲ နှင့် လူနှင့် တိရစ္ဆာန် ယှဉ်ပြိုင်သတ်ပွဲများလည်း ဆက်လက်ထွန်းကားနေခဲ့၏။ ဤသို့ဖြင့် ပွန်ပီမြို့ကလေးသည် စည်းစိမ်ချမ်းသာ၊ တရားမဲ့ ပျော်ရွှင်မှုများ၊ လူလူချင်း အနိုင်ကျင့်မှုများ၊ ဘာသာတရား ပြိုင်ဆိုင်မှုများဖြင့် ပြွမ်းတီးနေစဉ်

www.nyisay.com



ခရစ်နှစ် ၇၉ ခုနှစ် ဩဂုတ်လ ၂၃ ရက် နံနက်တွင် မြို့နှင့် တစ်မိုင်ခန့်သာဝေးသော ဗီဆူးဗီးယတ်မီးတောင် ပေါက်ကွဲကာ မီးတောင်မှ ချော်ရည်များသည် မြို့ကို အဟုန်ပြင်းစွာ လွှမ်းဖုံးလိုက်လေသည်။ တစ်ချိန်တည်းမှာပင် ငလျင်လည်း ပြင်းစွာ လှုပ်လေ၏။ သို့ဖြင့် အနှစ်ခြောက်ရာ တည်တံ့ခဲ့သော မြို့ကလေးသည် နှစ်ရက် အတွင်းမှာပင် မီးတောင်ချော်ရည်များအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားခဲ့ လေ၏။ မြို့နေ လူဦးရေ နှစ်သောင်းအနက် လူနှစ်ထောင်တို့မှလည်း မြို့နှင့်အတူ ချော်ရည်များအောက်သို့ နစ်မြုပ်ပျောက်ကွယ်ခဲ့ရလေ၏။

ဤသို့ဖြင့် ပွန်ပီမြို့သည် ကမ္ဘာမြေအပြင်မှာ အနှစ် ထောင့်ခုနစ်ရာနီးပါး ပျောက်ကွယ်နေခဲ့၏။ ၁၇၄၈ ခုနှစ်ကျမှ ဤမြို့နှင့် ပတ်သက်၍ သဲလွန်စ ရရှိခဲ့ပြီး စနစ်တကျ ပြန်လည်တူးဖော်ခဲ့ရာ လွန်ခဲ့သော အနှစ် ထောင့်ခုနစ်ရာနှင့် အနှစ် နှစ်ထောင်ကျော်ကြား တည်ရှိခဲ့သော ပွန်ပီမြို့ အကြောင်းကို သုတေသီများ လေ့လာခွင့် ရခဲ့ကြ၏။ သို့ဖြင့် လွန်ခဲ့သော အနှစ်နှစ်ထောင် နီးပါးက ပွန်ပီမြို့ အကြောင်း၊ ပွန်ပီမြို့ လူ့အဖွဲ့အစည်းအကြောင်းတို့သည် စိတ်ဝင်စားဖွယ် ဖြစ်လာ ၏။ ထို့အတူ ပွန်ပီမြို့ကြီး မီးတောင်ချော်ရည်တွင် နစ်မြုပ်ပျောက်ကွယ်ရသော အဖြစ်နှင့် ပွန်ပီမြို့၏ နောက်ဆုံးနေ့ ဖြစ်ရပ်များသည်လည်း စိတ်ဝင်စားဖွယ် ဖြစ်လာ၏။

အင်္ဂလိပ်လူမျိုး စာရေးဆရာ လော့ဒ်လစ်တန်သည် ပွန်ပီမြို့ ပြန်လည် တူးဖော်ရာမှ တွေ့ရသော ပွန်ပီမြို့ဟောင်းကို လေ့လာပြီးနောက် ပွန်ပီမြို့ကြီး ပျက်ပြုန်းလုကာလ ပွန်ပီမြို့၏ နောက်ဆုံးနေ့ ဖြစ်ရပ်များကို ဝတ္ထုဖွဲ့ရေးလေတော့ သည်။ ထိုဝတ္ထုသည် ဗာဆူဗီးယတ် မီးတောင်ကြီး ပေါက်ကွဲပုံနှင့် ငလျင်ကြီး လှုပ်ပုံ၊ ပွန်ပီမြို့ ချော်ရည်များအောက် နစ်မြုပ်ရပုံတို့ကို သရုပ်ပေါ်ပေါ် ရေးဖွဲ့ နိုင်ရုံအတွက်သာ မဟုတ်ဘဲ လူ့အဖွဲ့အစည်း အဟောင်း၏ ပျက်သုဉ်းခန်းကို ရေးဖွဲ့ထားသည့် အတွက်ပါ ကမ္ဘာ့စာပေတွင် စိတ်ဝင်စားဖွယ် ဝတ္ထုတစ်ပုဒ်အဖြစ် စာပေဂန္ထဝင်မြောက် ထင်ရှားခဲ့သည်။

ဝတ္ထုတွင် အေသင်မြို့သား ပိုက်ဆံရှိလူရွယ် ဂလောကတ်၊ သူ့မိတ်ဆွေ လောင်းကစားသမား ကလိုဒိယတ်တို့နှင့် စ ထားသည်။ ဂလောကတ်သည် တစ်ကြိမ်က ခဏမျှ တွေ့ခဲ့သော မိန်းမချောကလေး တစ်ယောက်အပေါ် စွဲလမ်း ရာမှ စိတ်သာယာမှု ရစေရန် ပွန်ပီမြို့သို့ ရောက်လာခြင်း ဖြစ်၏။ သူ စွဲလမ်း နေသော မိန်းကလေးမှာ ပွန်ပီမြို့တွင် ရှိနေသော အိုင်အိုနီအမည်ရှိ မိန်းမချော ကလေး ဖြစ်၏။ အိုင်အိုနီတွင် မောင်ငယ် အပီစီဒီး ရှိ၏။ မိဘ မရှိ။ ထိုမောင်နှမကို အီဂျစ်နတ်ဆရာ အာဗဆက်က အုပ်ထိန်း၏။ အာဗဆက်သည် မှော်ပညာဖြင့်

www.nyisay.com



နတ်ကိုးကွယ်မှုကို ပြည်သူလူထုအတွင်းသို့ လိမ်လည်လှည့်ဖျား သွတ်သွင်းနေသူ ဖြစ်သည်။ သူ့တွင် ကလင်နတ် အမည်ရှိ နတ်ဆရာတစ်ယောက် ရှိ၏။

အာဗဆက်သည် နတ်ကိုးကွယ်မှုကို ခုတုံးလုပ်ပြီး လိမ်လည်ရုံမက အပီစီဒီးကိုလည်း နတ်ဆရာဖြစ်အောင် လုပ်နေ၏။ အပီစီဒီးသည် အာဗဆက်၏ လိမ်လည်မှုများကို သိနေ၏။ ထို့ကြောင့် အာဗဆက်၏ နတ်ကိုးကွယ်မှုကို အယုံအကြည် မဲ့နေ၏။

ဂလောကတ်သည် အိုင်အိုနီကို တွေ့သောအခါ ထိုမိန်းကလေးမှာ သူ စွဲလမ်းနေသော မိန်းကလေးဖြစ်မှန်းသိပြီး အိုင်အိုနီကို ချစ်သည်။ အာဗဆက် ကလည်း အိုင်အိုနီကို ရရန်ကြံနေ၏။ ထို့ကြောင့် ဂလောကတ် မကောင်းကြောင်း ပြောသည်။ သို့သော် အိုင်အိုနီသည် မယုံ။ သို့ဖြင့် အိုင်အိုနီနှင့် ဂလောကတ်တို့ ချစ်သွားကြ၏။ လက်ထပ်ရန် သဘောတူကြ၏။ ဂလောကတ်က သူ ဝယ်ယူထားသော ကျွန်မကလေး မျက်မမြင် နိုင်ဒီယာကို အိုင်အိုနီအား လက်ဆောင် ပေးထား၏။ ဂလောကတ်ကို တစ်ဖက်သတ် ချစ်နေသော မိန်းကလေး တစ်ယောက် ရှိသေးသည်။ ထိုမိန်းကလေး၏အမည်မှာ ဂျူလီယာ ဖြစ်သည်။

ဂျူလီယာသည် အိုင်အိုနီထံမှ ဂလောကတ်နှင့် အိုင်အိုနီတို့ အခြေအနေကို စုံစမ်းနေ၏။

ထိုအတောအတွင်းမှာပင် အပီစီဒီးသည် ခရစ်ယာန်များနှင့်တွေ့ပြီး ခရစ်ယာန်ဘာသာ ဘက်သို့ တိမ်းညွတ်စ ပြုနေ၏။ အာဗဆက်ကိုလည်း စိတ်ပျက် နေ၏။

အာဗဆက်အဖို့ အိုင်အိုနီကိုလည်း လက်လွတ်ရ၊ အပီစီဒီးကိုလည်း နတ်ကိုးကွယ်မှုတွင်း သိမ်းသွင်းမရ ဖြစ်လာသဖြင့် မကျေမနပ် ဖြစ်လာ၏။ ထိုစဉ်မှာပင် ဂျူလီယာ ရောက်လာသည်။ ဂျူလီယာက သူ့ကို ဂလောကတ် ချစ်လာစေမည့် အချစ်ဆေး ရလိုကြောင်း ပြောလာသည်။ ထိုအခါ စုန်းမကြီးထံ သွားတောင်းရန် အကြံပေး၏။ ထို့နောက် အာဗဆက်သည် စုန်းမကြီးထံသွား၍ ဂျူလီယာ အချစ်ဆေး လာတောင်းလျှင် အဆိပ်ပေးရန် ပြော၏။ ဤနည်းဖြင့် ဂျူလီယာသည် ဂလောကတ်ကို ဆေးခတ်လိုက်ပါက ဂလောကတ် သေစေရန် ကြံ၏။ သို့သော် စုန်းမကြီးက အရူးဆေးလောက်သာ ပေးရန် ပြော၏။ အာဗဆက် က သဘောတူသည်။

ဂျူလီယာသည် အာဗဆက်နှင့်အတူ စုန်းမကြီးထံသွားပြီး ဆေးတောင်း သည်။ စုန်းမကြီး ပေးလိုက်သော အရူးဆေးကို အချစ်ဆေးဟု ထင်သည်။ ထိုအတွင်း မျက်မမြင် ကျွန်မကလေး နိုင်ဒီယာသည် ဂျူလီယာက ဂလောကတ်ကို

www.nyisay.com



အချစ်ဆေးခတ်မည့်အကြောင်း သိ၏။ စင်စစ် နိုင်ဒီယာကိုယ်တိုင် ဂလောကတ်ကို ကြိုက်နေ၏။ ဂလောကတ်နှင့် အိုင်အိုနီကို သဘောမတူ မဖြစ်စေကာမူ မိမိကိုကား ဂလောကတ်က ချစ်လာစေချင်သည်။ ထို့ကြောင့် ဂျူလီယာထံမှ ဆေးကို လဲယူထားလိုက်သည်။

ထိုညတွင် ဂျူလီယာတို့အိမ်၌ ထမင်းစားပွဲ လုပ်သည်။ ဂျူလီယာက ဆေးခတ်ထားသော အရက်ကို ဂလောကတ်အား တိုက်၏။ သို့သော် ဂျူလီယာ ခတ်ထားသောဆေးမှာ တကယ့်ဆေး မဟုတ်။ ထို့ကြောင့် ဂလောကတ် ဘာမျှ မဖြစ်။ သို့ဖြင့် ဂလောကတ် အိမ်ပြန်ရောက်သွားသောအခါ နိုင်ဒီယာတိုက်သော ရေကို သောက်မိပြီး ရူးသွားလေတော့သည်။ နိုင်ဒီယာသည် ဂျူလီယာဆီက ယူလာသော ဆေးကို ရေတွင် ထည့်တိုက်သောကြောင့် ဖြစ်၏။ သည်တော့မှပင် နိုင်ဒီယာသည် မိမိ အမှားကို သိလေသည်။

ထိုစဉ်မှာပင် အပီစီဒီးသည် ခရစ်ယာန်ဝင်တစ်ဦးနှင့် တောတွင်း၌ ချိန်းဆိုတွေ့ဆုံ၏။ နတ်ဆရာ အာဗဆက်သည် ဂျူလီယာ ဆေး တိုက် မတိုက်၊ တိုက်လျှင် ဂလောကတ် မည်သို့ဖြစ်သည် သိရန် ထွက်လာ၏။ တောအုပ်တွင်း ဖြတ်လာစဉ် အပီစီဒီးနှင့် တွေ့၏။ အပီစီဒီးနှင့် သူတို့ မသင့်မြတ်သည်မှာ ကြာပြီ။ သို့သော် ယခုတစ်ကြိမ် တွေ့သောအခါ အာဗဆက်က အပီစီဒီးကို ချော့သည်။ အပီစီဒီး အစ်မနှင့် လက်ထပ်ခွင့်ပြုရန် တောင်းဆိုသည်။ အပီစီဒီးက ငြင်းသည်။ ယခုအချိန်တွင် အပီစီဒီးမှာ ခရစ်ယာန်ဘာသာဘက် အတော်ကြီး သက်ဝင်လာပြီ ဖြစ်သည်။ ထို့ကြောင့် အာဗဆက်၏ နတ်ကိုးကွယ်မှုကို ခတုံး လုပ်ပြီး လူထုကို လိမ်လည်နေသည်ကို လူပုံလယ်တွင် ဖွင့်ချရန် ကြံစည်နေ၏။ ယခု အာဗဆက်နှင့် တွေ့သောအခါ အပီစီဒီး ဒေါသထွက်ရသည်။ သူ့အကြံကို ပြောသည်။ အာဗဆက် တုန်လှုပ်သွားသည်။ အပီစီဒီးကို နှုတ်မပိတ်၍ မဖြစ်တော့ဟု ဆုံးဖြတ်သည်။ သို့ဖြင့် အပီစီဒီးကို သတ်လိုက်သည်။ ထိုစဉ်မှာပင် ရူးလာသော ဂလောကတ်သည် လမ်းပေါ်တွင် အော်ဟစ်၍ တောတွင်း ရောက်လာ၏။ အာဗဆက်သည် ဂလောကတ်ကို ထိုးနှက်ပြီး လူသတ်သမားအဖြစ် အော်ဟစ်သည်။ ဂလောကတ်ကို အပီစီဒီး သတ်မှုဖြင့် ဖမ်းလိုက်သည်။ သို့သော် ထိုအချိန်က ဖြစ်ရပ်မှန်ကို မြင်လိုက်သူတစ်ဦး ရှိလေသည်။ ထိုသူကား အပီစီဒီးနှင့် ခရစ်ယာန်တစ်ယောက် ချိန်းတွေ့သည်ကို ချောင်းမြောင်းနားထောင်ရန် ရောက်လာနေသော အာဗဆက်၏ တပည့် နတ်ဆရာ ကလင်နက် ဖြစ်သည်။

နိုင်ဒီယာသည် မိမိကြောင့် ဂလောကတ် အဖမ်းခံရသည်ကို သိသောအခါ ဂလောကတ် လွတ်မြောက်ရေးအတွက် ကယ်တင်ပေးမည် အထင်နှင့် နတ်ဆရာ

www.nyisay.com



အာဗဆက်ထံ လာခဲ့သည်။ မိမိ ဆေးခတ်မိပုံကို အာဗဆက်အား ပြောပြ၏။ ထိုအခါ အာဗဆက်သည် ထိုမျက်မမြင်မကလေးမှတစ်ဆင့် အမှုပေါ်မည်စိုးသဖြင့် နိုင်ဒီယာကို သူ့အိမ်တွင်ပင် ဖမ်းချုပ်ထားလိုက်၏။ တစ်ချိန်တည်းမှာပင် အိုင်အိုနီကိုလည်း သူ၏ အအုပ်အထိန်းခံအဖြစ် သူ့အိမ်တွင် ခေါ်ထားလိုက်သည်။

ဂလောကတ်ကို တရားခွင်တင် စစ်ဆေးနေလေပြီ။ သေဒဏ်ချမှတ်လုဆဲ အခြေအနေ ရောက်လာ၏။ ထိုစဉ် နိုင်ဒီယာသည် အာဗဆက်၏ လှောင်ပိတ်အခန်းမှ လွတ်မြောက်အောင် ကြိုးစည်သည်။ အခန်းတွင်းမှ ထွက်ရသည်။ ထိုအချိန်မှာပင် ကလင်နတ်သည် အာဗဆက်ထံသို့လာ၍ လူသတ်မှုကို သူ မျက်မြင်ဖြစ်ကြောင်းပြောပြီး ငွေညှစ်သည်။ အာဗဆက်က ငွေပေးမည်ပြောပြီး သူ့ရွှေတိုက်ကို လိုက်ပြသည်။ ကလင်နတ်ကို ရွှေတိုက်ထဲသွင်းပြီး သော့ခတ်လိုက်၏။ ထိုအဖြစ်ကို နိုင်ဒီယာ ကြားရ၏။ သို့သော် နိုင်ဒီယာ အပြင်သို့ မလွတ်။

ဂလောကတ်ကို သေဒဏ်ချလိုက်ပေပြီ။ နောက်တစ်နေ့တွင် ခြင်္သေ့နှင့်သတ်ရမည် ဖြစ်သည်။ ထိုအခါ နိုင်ဒီယာသည် အာဗဆက်အိမ်က ကျွန်တစ်ယောက်ကို သူပိုင် ရွှေတွေပေးပြီး ဆဲလက်ဆိုသူထံသို့ စာတစ်စောင် ပို့ပေးရန် ခိုင်း၏။ ဆဲလက်မှာ ဂလောကတ်၏ မိတ်ဆွေဖြစ်သည်။ ထိုစာတွင် အပီစီဒီး အသတ်ခံရပုံအကြောင်း ရေးထား၏။ သတ်သူမှာ ဂလောကတ် မဟုတ်၊ အာဗဆက်သာ ဖြစ်ကြောင်းနှင့် မျက်မြင်သက်သေ ကလင်နတ်ကို ယခု အာဗဆက် အိမ်တွင် လှောင်ထားကြောင်းလည်း ရေးထား၏။

ထိုညက ဆဲလက်မှာ နောက်တစ်နေ့တွင် သူ့မိတ်ဆွေ သေရမည်ဖြစ်သဖြင့် စိတ်ညစ်ညစ်နှင့် အရက်သောက်နေ၏။ ထို့ကြောင့် နိုင်ဒီယာဆီက စာကို မဖတ်ဖြစ်။

နောက်တစ်နေ့ မနက်တွင် ဂလောကတ်သည် ခြင်္သေ့နှင့်ပြိုင်၍ သတ်ရတော့မည်။ ထိုပွဲ၌ လူလူချင်း သတ်ပွဲလည်း ပါ၏။ ထိုလူချင်းသတ်ပွဲတွင် မိမိအဖေ ကျွန်ဘဝ ရောက်နေရာမှ ကယ်တင်ရန်အတွက် ငွေအလိုရှိသော လူငယ် တစ်ယောက်လည်း ဝင်သတ်၏။ ပွန်ပီမြို့သားများသည် လူလူချင်း အသေသတ်ပွဲကြီးကို အားရပါးရ ကြည့်ရှုကြ၏။ ထိုပွဲတွင် အဖေကို ကျွန်ဘဝက ကယ်လိုသောသားမှာ အသတ်ခံရ၏။ ထိုပွဲ ပြီးသောအခါ ဂလောကတ်သည် ခြင်္သေ့နှင့် သတ်ရတော့မည်။ ဂလောကတ်နှင့် ခြင်္သေ့ကို ပွဲထုတ်လာ၏။

ထိုစဉ်တွင် ဆဲလက်သည် ညကရသော စာကို ဖတ်ဖြစ်သည်။ ထို့ကြောင့် လူစုပြီး အာဗဆက်အိမ်ကို ဝိုင်းသည်။ အာဗဆက်နှင့် ကလင်နတ်ကို ဖမ်းလာသည်။ လူသတ်ပွဲသို့ ရောက်လာ၏။ လူသတ်သမားမှာ အာဗဆက်သာ ဖြစ်

www.nyisay.com



ကြောင်း ကြေညာ၏။ အာဗဆက်က ငြင်းသည်။ ပွဲသည် ရုတ်ရုတ်သဲသဲ ဖြစ်လာ၏။

ထိုအခိုက်မှာပင် ဗီဆူဗီးယတ်မီးတောင်ကြီး ပေါက်လေသည်။ တစ်မြို့လုံး ရုတ်ရုတ်သဲသဲ ဖြစ်ကြပြီ။ ဂလောကတ်လည်း လွတ်လေပြီ။ ဂလောကတ်သည် နိုင်ဒီယာ၊ အိုင်အိုနီတို့နှင့်အတူ ထွက်ပြေးလာရ၏။ လူထုကြီးမှာ ချော်ရည်တွေကြား ရုန်းကန်နေကြရ၏။ ဂလောကတ်တို့သည် လမ်းတွင် အာဗဆက်နှင့် တွေ့၏။ ဂလောကတ်နှင့် အာဗဆက် သတ်မည်ပြုစဉ် လျှပ်စီးကြီးလျှပ်သည်။ အာဗဆက်ကိုယ်ပေါ်သို့ ကျောက်ရုပ်ကြီး ပြိုကျပြီး အာဗဆက် သေ၏။

ထိုညတွင် အသက်ရှင်လျက် သင်္ဘောနှင့် လွတ်မြောက်ကြသူများတွင် ဂလောကတ်၊ အိုင်အိုနီနှင့် နိုင်ဒီယာတို့လည်း ပါ၏။ သို့သော် နိုင်ဒီယာမှာ ချစ်သူနှင့် မပေါင်းရသော ဘဝတွင် မပျော်မွေ့လိုသဖြင့် ဂလောကတ်တို့ အိပ်ပျော်နေစဉ် ပင်လယ်တွင်းသို့ ခုန်ချသေလိုက်၏။

ပွန်ပီမြို့ကား မီးတောင်ချော်ရည်အောက်တွင် ပျောက်ကွယ်သွားလေတော့သတည်း။

ဤဝတ္ထုကို ၁၉၅၄ ခုနှစ်တွင် အငြိမ်းစားပညာဝန် ဦးဘိုးချစ်က **ပွန်ပီမြို့၏ နောက်ဆုံးနေ့များ** အမည်ဖြင့် မြန်မာပြန်၍ ဘာသာပြန်စာပေအသင်းက ထုတ်ဝေခဲ့ဖူး၏။

www.nyisay.com

## ဖခင် ဂိုရီယို (၁၈၃၅)

### ဗာလဇက် (၁၇၉၉-၁၈၅၀)

ဗာလဇက်သည် သူမတူအောင် ထူးသည့် စာရေးဆရာ ဖြစ်သည်။ သူ့ကို ပါရမီရှင်ဟု အချို့က ကင်ပွန်းတပ်ကြသည်။ သူသည် စာရေးဆရာအဖြစ် မကျော်ကြားမီကပင် အခြားနာမည်နှင့် ဝတ္ထုအများအပြား ရေးခဲ့သည်။ ရေးနိုင်စွမ်း အရှိဆုံး ဘရေးဆရာတစ်ယောက် ဖြစ်သည်။ ဝတ္ထုရှည်ပေါင်း လေးဆယ်ခန့် ရေးခဲ့သည်။ သု့ဘဝ ဇာတ်လမ်းများလည်း စုံလှသည်။ သူသည် အထူးသဖြင့် လူလတ်တန်းစား ာတ်ဆောင်များကို ဖန်တီးသည်။ ဆရာဝန်၊ ရှေ့နေ၊ စာရေး၊ သတင်းစာဆရာ၊ ဈေးသည်၊ ကျေးရွာဘုန်းကြီးတို့၏ သရုပ်ကို ကောင်းကောင်း ဖော်နိုင်သည်။ ြို့နေ လူတန်းစားများကို ဗာလဇက် ကောင်းကောင်း သိသည်။ သူသည် ာတ်ဆောင် အများအပြားကို ဖန်တီးခဲ့ရာတွင် အချို့မှာ အကယ်ပင် လူ့ဘဝ၌ ်ိနေကြသည်ဟု သူ ယုံကြည်သည်။ သေခါနီးတွင် 'ဆရာဝန် ဗီယန်ချန်ကို ခေါ်ပေးပါ။ ငါ့ကို သူ ကယ်နိုင်ပါတယ်'ဟု တ သ သွားသည်။ တကယ်စင်စစ် ဆရာဝန် ဗီယန်ချန်မှာ သူဖန်တီးခဲ့သော သူ့ဝတ္ထုထဲမှ ဇာတ်ကောင်တစ်ယောက် သာ ဖြစ်သည်။ စာရေးဆရာတို့သည် လူကောင်း စရိုက်နှင့် လူဆိုးလူပေ စရိုက်ကို ု အောင်မြင်စွာ ဖော်နိုင်သည်။ ဗာလဇက်သည်လည်း လူဆိုးလူပေတို့၏ ိုက်ကို ပီပီသသ ဖော်နိုင်သည်။ သူ၏ ရေးအားမှာ ကြောက်စရာကောင်းသည်။ ာဘီးမှု စွမ်းပကားလည်း ကြီးမားလှသည်။ သူသည် တစ်ရှိန်ထိုး စီးဆင်းနေသည့်

www.nyisay.com



မြစ်ကြီးတစ်ခုနှင့် တူသည်။ စီးဆင်းရာလမ်းတွင် တွေ့ရသည့် သစ်ပင်၊ ကမ်းပါး စသည့် အားလုံးကို တိုက်စားသွားမည် ဖြစ်သည်။ သူနှင့် တွေ့ကြုံရသမျှ လူတို့ကို သူ့ဝတ္ထုများတွင် ဖန်တီးဖော်ပြသွားသည်သာ များသည်။

ဗောလဇက်သည် သရုပ်မှန်ဝါဒီ မဟုတ်။ စိတ်ကူးယဉ်ဝါဒကို ဆွဲကိုင်သူသာ ဖြစ်သည်။ သူသည် လူ့ဘဝကို အရှိအတိုင်း သူ မမြင်။ အရောင်ခြယ်ထားသည့် လူ့ဘဝကိုသာ မြင်သည်။

စာရေးဆရာတို့သည် လူ့သဘာဝကို ပီသအောင် ခြယ်မှုန်းကြသည်။ ဇာတ်ဆောင် နှစ်ယောက် သုံးယောက်တို့ကို ဖော်ပြကာ သူတို့အချင်းချင်း ဆက်ဆံရေးကို ဖန်လှောင်အိမ်ထဲ ထည့်ကာ ပြသလို ကွက်ကွက်ကွင်းကွင်း ပေါ်အောင် ပြတတ်သည်။ လူဆိုသည်မှာ ကိုယ့်ဘဝထဲမှာသာ ကိုယ် နစ်မြုပ်နေသည် မဟုတ်။ တစ်ခါတစ်ရံ သူများဘဝထဲသို့ပါ ဝင်ရောက်စွက်ဖက် ခြယ်လှယ်တတ်သည်။ ကိုယ့်ဇာတ်ကိုယ် ကသည့်အခါ အဓိက ဇာတ်ဆောင်နေရာက ပါနေသည်မှာ မဆန်း။ သူများဘဝထဲ ကိုယ်က ဝင်သည့်အခါ ကိုယ့်ကြောင့် သူများဘဝ တစ်မျိုးတစ်ဖုံ ဖြစ်သွားတတ်သည်။ ဆိုကြပါစို့၊ သင်သည် သွားနေကျ ဆံပင်ညှပ်ဆိုင်သို့ သွားကာ ဆံပင်ညှပ်ရင်း တစ်စုံတစ်ရာ ပြောလိုက်သည့်အခါ သင့်စကားကြောင့် ဆံပင်ညှပ်ဆရာ၏ ဘဝသည် ပြောင်းသွားနိုင်သည်။ လူ့ဘဝ ဇာတ်ခုံကြီး၏ ရောထွေးယှက်တင်ရှိပုံ၊ ရှုပ်ထွေးပုံ၊ အချင်းချင်း ဆက်သွယ်နေကြပုံတို့ကို ဗောလဇက်သည် အသေးစိတ် ဖော်ပြတတ်သည်။ သူသည် လူတို့၏ နေ့စဉ်ဘဝကို လူတို့၏ စီးပွားရေးက မည်သို့မည်ပုံ ဖန်တီးကြောင်း ပထမဆုံး ရေးခြယ်သော စာရေးဆရာ ဖြစ်သည်ဟု ဆိုကြသည်။ ငွေသည် လူတို့ကို လောဘဇောတိုက်စေကာ မကောင်းမှုဘက်သို့ ရောက်သွားတတ်သည်ဟု ဗောလဇက်က တိုက်ရိုက် မဆိုသော်လည်း ငွေကို တပ်မက်ပုံ၊ ငွေနောက်လိုက်ပုံ၊ ငွေသည်သာ လူတို့ကို လှုပ်ရှားရုန်းကန်အောင် ဖန်တီးနိုင်ပုံ၊ တစ်နည်းဆိုလျှင် "ခုခေတ်နော် ခုကာလ ဒေါင်းရှိမှ လူလိမ္မာ၊ ဒေါင်းမပါ လူပျိုပေါက် ကဲမရောက်ပါ" ဟူ၍ ဒေါင်းဒင်္ဂါး အရေးကြီးပုံကို သူ့ဝတ္ထုများ၌ တွေ့ရမည် ဖြစ်သည်။ လူ့ဝီဖိလစ် လက်ထက် ပြင်သစ်ပြည် အကြောင်းကို သိချင်လျှင် ဗောလဇက်၏ ဝတ္ထုများကို ဖတ်ရှုလေ့လာမှသာ ဖြစ်မည်ဟု ဆိုကြသည်။ ဤမျှပင် ဗောလဇက်သည် သူ့ခေတ် သူ့အခါက ဘဝအထွေထွေကို တီးခေါက်ဝင်ဆံ့ကာ ဝတ္ထုရေးဖွဲ့ခဲ့သည်။ ဥရောပ စာပေတွင် သူ့ကို ပစ်ပယ်၍ မရဟုလည်း ဆိုကြသည်။

ဗောလဇက်ကား ရှေ့နေစာရေး၏သား ဖြစ်သည်။ တော်လှန်ရေးအပြီးတွင် သူ့အဖေသည် အစိုးရ ကန်ထရိုက် လုပ်ငန်းတစ်ခုဖြင့် ကြီးပွားလာသည်။

www.nyisay.com



၁၇၉၉ တွင် မွေးသည်။ ကျောင်းထားသော်လည်း ကျောင်းစာတွင် စိတ်မဝင်စား။ မိဘများက ရှေ့နေလုပ်ခိုင်းသည်။ ရှေ့နေကျောင်းကိုကား တက်ပါသည်။ သို့သော် ထိုအလုပ်ကို စိတ်မဝင်စား။ ပါရီတွင် ရှေ့နေလိုက်ရန် အမေက အားသန်သည်။ နောက်ဆုံးတွင် ဗောလဇက်က မိဘများ၏ အလိုကို မလိုက်တော့ဘဲ စာရေးဆရာ လုပ်မည်ဟု ကြေညာသည်။ ကောင်းပြီ၊ နှစ်နှစ် အချိန်ပေးမည်။ အောင်မြင်လျှင် ဆက်လုပ်နိုင်သည်ဟု ခွင့်ပေးလိုက်သည်။ ဗောလဇက်သည် ထိုနှစ်နှစ်အတွင်း စာများစွာ ရေးသည်။ ပထမဆုံး အလွမ်းပြဇာတ်တစ်ပုဒ်ကို စ၍ ရေးသည်။ ပြီးလျှင် သူ့နှမ မင်္ဂလာဆောင်မည်ဖြစ်၍ အိမ်သို့အပြန်တွင် ယူသွားကာ မိသားစု ရှေ့၌ ဖတ်ပြသည်။ အားလုံးက အသုံးမကျဟု နှာခေါင်းရှုံ့ကြသည်။ စာပေ ပါမောက္ခ တစ်ယောက်ထံ ပို့ကြည့်ရာ ယခု စာရေးသူသည် စာရေးခြင်းအလုပ်မှ လွဲလျှင် အခြား ဘာမဆို လုပ်နိုင်သည်။ စာရေးခြင်းကိုကား စွန့်ပစ်ဖို့ ကောင်း သည်ဟု မှတ်ချက်ချလိုက်သည်။ သို့နှင့် စိတ်ပျက်နေစဉ် အငှားလိုက် စာရေးဆရာ တစ်ယောက်နှင့် တွေ့ပြီး စပ်တူ ဝတ္ထုတစ်ပုဒ် ရေးရန် သဘောတူကြသည်။ ဤသို့ဖြင့် ဆူလွယ် နပ်လွယ်စာများ ရေးကာ ဆီဖိုးဆန်ဖိုး ရှာကြသည်။ ၁၈၂၁ မှ ၁၈၂၅ အတွင်း ဗောလဇက် ကလောင်ရှင် နာမည်အမျိုးမျိုးဖြင့် ဝတ္ထုပေါင်း များစွာ ရေးခဲ့သည်။ အချို့က ဝတ္ထုပေါင်း ငါးဆယ်ခန့်ရှိမည်ဟု ဆိုကြသည်။

ထိုအချိန်တွင် ဝေါလတာစကော့သည် အလွန် နာမည်ကြီးနေသည်။ ထို့ကြောင့် သူ့အတုလိုက်ကာ ရာဇဝင်ဝတ္ထုများကို ဗောလဇက် ရေးသည်။ အချစ်၊ ငွေ၊ ဂုဏ် စသည်တို့မှာ ရေးစရာ မကုန်ခန်းနိုင်သည့် အကြောင်းအရာများ ဖြစ်သည်။ ထိုနောက်တွင်မှ ဗောလဇက်နာမည်ဖြင့် ကျော်ကြားလာခြင်း ဖြစ်သည်။ ၁၈၃၃ တွင် သူ့ဝတ္ထုများကို "လူ့ဘဝ ဇာတ်လမ်းစုံ" အမည်ဖြင့် စုပေါင်းထုတ် သည်။ ဖခင် ဂိုရီယိုးမှာ ထိုစာပေါင်းစုမှ တစ်ခု ဖြစ်လေသည်။ လူများ စုဝေး နေထိုင်သည့် ဘော်ဒါဆောင်တစ်ခုကို နောက်ခံထားကာ ဖခင် ဂိုရီယိုးကို ရေးဖွဲ့ သည်။ ဘဝမျိုးစုံ၊ လူအမျိုးစုံကို ပြနိုင်ရန် ဖြစ်သည်။

**ဖခင်ဂိုရီယိုး၏ ဇာတ်လမ်းမှာ ဤသို့တည်း။**

ပါရီမြို့ လူစည်ကားသော ရပ်ကွက်တစ်ခုတွင် မဒမ်ဗော်ကွား၏ ဘော်ဒါ ဆောင်တစ်ခု ရှိသည်။ ယင်း၌ လူမျိုးပေါင်းစုံ နေကြသည်။ ဥပဒေကျောင်းသား လေး ရက်စတီညက်လည်း ထိုဘော်ဒါဆောင်သို့ ရောက်လာသည်။ သူသည် ပါရီမြို့သို့ ကြီးပွားချင်စိတ်ဖြင့် တက်လာသူ ဖြစ်သည်။

ယင်းအိမ်ကြီး၌ ကြာဆံလုပ်ငန်းပိုင်ရှင်ဟောင်း ဂိုရီယိုးဆိုသည့် အဘိုးကြီး တစ်ယောက်လည်း ရှိသည်။ သူသည် အရင်က ပိုက်ဆံ အသင့်အတင့် ရှိသော်

www.nyisay.com



လည်း ယခုအခါ ခပ်ကုပ်ကုပ် နေရရှာသည်။ သူသည် သမီးနှစ်ယောက်ကို အလိုလိုက်ကာ လင်ကောင်း သားကောင်း ရှာပေးသည်။ ရှိသမျှ ပိုက်ဆံကို သမီးနှစ်ယောက် လင်ရှာပေးရသဖြင့် ကုန်လုနီးပါး ဖြစ်သွားသည်။ အကြီးမှာ ကောင့်တက် ခေါ် မှူးမတ်ကတော်တစ်ယောက် ဖြစ်သွားသည်။ အငယ်မှာ ဗယ်ရန်နက် ခေါ် မှူးမတ်ကတော် ဖြစ်သွားသည်။ သူတို့ ယောက်ျားရရေးအတွက် ငွေကြေး အတော်လေး အကုန်ခံလိုက်ရငြားလည်း သူတို့ လင်သားများသည် ယောက္ခမကြီးကို တန်းတူရည်တူ မဆက်ဆံ။ တော်ရာတွင် လုပ်၍သာ နေရရှာသည်။ မည်သို့ဖြစ်စေ မိဘမေတ္တာ ကြီးမားရကား အဖေကြီးသည် သမီးများ၏ ကြွေးမြီများကို လိုက်၍ ဆပ်ရသည်။ အသုံးအစွဲကြီးသည့် သမီးနှစ်ယောက်သည် ပိုက်ဆံလိုလျှင် အဖေကြီးဆီ လာသည်။ သို့မဟုတ်လျှင်ကား လှည့်ကြည့်ဖော်ပင် မရ။ အဖေကြီးမှာ ဝင့်ကြွေးမကင်းရကား သမီးများ မျောက်မွေးသည့်အခါမှာပင် သူတို့ ချစ်သူများ၏ ကြွေးများကိုပါ ဆပ်ရသည်။ ပိုက်ဆံမပေးနိုင်လျှင် သူတို့သည် အဖေကြီးဆီသို့ မလာကြ။

အဘိုးကြီးနှင့် တစ်အိမ်တည်းနေသော ရှေ့နေ သင်တန်းသားလေး ရက်စတီညက်သည် ကောင့်တက်သမီးကြီးနှင့် ရည်းစား ဖြစ်သည်။ သို့သော်လည်း သူ့အဖေ၏ မိတ်ဆွေမှန်း သိသောအခါ အဆက်ဖြတ်လိုက်သည်။ ထို့နောက် သမီးငယ် ဗယ်ရွန်နက် မှူးမတ်ကတော်လေးကို ပိုးပန်းပြန်ရာ စွံသည်။ အဘိုးကြီးသည် ရက်စတီညက်နှင့် သူ့သမီးငယ်အကြောင်း သိသည်။ သူကပင် တွေ့စရာနေရာ ဖန်တီးပေးသည်။ သို့မှသာ သမီးငယ်၏ မျက်နှာကို အချိန်မရွေး မြင်နိုင်မည် မဟုတ်လား။

ရက်စတီညက်သည် ကြီးပွားချင်သော လူငယ်တစ်ယောက် ဖြစ်သည်။ ထိုအိမ်ကြီးတွင် လူချမ်းသာသမီး တစ်ယောက်လည်း နေသည်။ နာမည်မှာ ဗစ်တိုရင်းတေလီဖာ ဖြစ်သည်။ သူ့အဖေက သမီးအရင်း ဟုတ် မဟုတ် သံသယရှိနေသည်။ ထိုအခိုက်တွင် ဗစ်တိုရင်းမှာ နွမ်းနွမ်းပါးပါး နေရသည်။ တစ်နေ့တွင် အမွေ ရနိုးရနိုးနှင့် မျှော်လင့်နေရသည်။ ထိုအကြောင်းကို ဗောထရင်ဆိုသူက သိသည်။ အကယ်၍သာ ဗစ်တိုရင်း၏ အစ်ကို သေလျှင် အမွေစား အမွေခံဆို၍ တစ်ယောက်တည်းသာ ကျန်ရစ်မည်။ သူ့အဖေကလည်း သမီးအဖြစ် အသိအမှတ်ပြုတော့မည်။ ယခုနေအခါ သူ့အချစ်ကို ရယူထားမည်ဆိုလျှင် မျှော်လင့်ချက်အလွန်ရှိသည်ဟု ဗောထရင်က ရက်စတီညက်အား သတင်းပေးသည်။ သို့ဖြစ်ရာ နမကို ရက်စတီညက်က ချစ်ရေးဆိုနေစဉ် အစ်ကိုဖြစ်သူအား မမျှော်လင့်ဘဲ သေကိန်းဆိုက်အောင် သူ ကြံစည်သည်။ အရေးတော်အောင်မြင်လျှင် ရသည့်အမွေ အနက် ငါးပုံတစ်ပုံ ပေးရမည်ဟု တောင်းဆိုသည်။

www.nyisay.com



ရက်စတီညက်သည် မစွန့်စားရဲ။ အဘိုးကြီး၏သမီးငယ် ဒယ်လဖင်းနှင့် ချစ်ကြိုက်နေရသည်ကမှ စိတ်ချမ်းသာစရာ ကောင်းသေးသည်ဟု ယူဆသည်။ သို့သော်လည်း ဗောထရင်သည် သူ့အကြံအစည်ကို မလျှော့။ ရက်စတီညက်မှာ ဗစ်တိုရင်းနှင့် ပူးပူးကပ်ကပ် နေထိုင်ကာ မြူဆွယ်နေရသည်။ ထိုအခိုက် သူ့အစ်ကိုမှာ သေဆုံးသွားသည်။ ရက်စတီညက်သည် ဗစ်တိုရင်းကို လက်မထပ်ရဲတော့။ ထိုအခါ ဗောထရင်လည်း အဖမ်းခံရလေသည်။

ထိုစဉ် အဘိုးအို ဂိုရီယိုးသည် နေမကောင်းဖြစ်ကာ အိပ်ရာပေါ် ပက်လက်ဖြစ်နေသည်။ သေခါနီးပြီ။ သားသမီးများကလည်း တစ်နေ့ သေတော့မည်ကို သိသည်။ သမီးကြီး မြို့စားကတော်သည် ယောက္ခမ၏ စိန်ရွှေတို့ကို ယူကာ ဖဲရှုံးသော သူ့ချစ်သူအား အကြွေးဆပ်ရန် ရောင်းချပေးလိုက်ရသည်။ ယင်းအကြွေးအတွက် အဖေကြီးထံ လက်ဝါးဖြန့် တောင်းသည်။ တစ်ခါတွင် အင်္ကျီသစ်တစ်ထည် ဝယ်ရန် ငွေတစ်ထောင်လည်း အရေးတကြီး လိုနေသည်။ သမီးငယ် ဒယ်လဖင်းကမူ ကပွဲတက်ရန် အရေးကြီးနေသည်။ ရက်စတီညက်အား ကပွဲသို့ ခေါ်သွားရန် နားပူနားဆာ လုပ်နေသည်။ အဖေကြီးက အိပ်ရာပေါ် သေတွင်းနှုတ်ခမ်းတွင် ရောက်နေပြီ။

နောက်ဆုံးအနေဖြင့် သမီးနှစ်ယောက်ကို သေခါနီး တွေ့လိုသည်။ ထို့ကြောင့် လူလွှတ်ကာ အခေါ်ခိုင်းသည်။ သို့သော်လည်း သမီးနှစ်ယောက်မှာ လိုက်မလာ။ သမီးကြီးသည် ယောကျ်ားနှင့် ရန်ဖြစ်နေသည်။ သမီးငယ်မှာ ကပွဲမှ အပြန် အိပ်ရာပေါ်လှဲကာ အပန်းဖြေနေရသည်။ အိပ်ချင်နေပြီဟု ဆိုသည်။

'အင်း... ငါ့သမီးတွေကို ငါပဲ ဖျက်ဆီးခဲ့တာပဲ။ အခုတော့ ငါ့မှာသာ အဲဒီဒဏ်တွေ ခံနေရပြီ။ သူတို့ လာကြဦးမှာတဲ့လား။ ငါတော့ ခွေးသေ သေရတော့မှာပဲ။ သင်းတို့တစ်တွေ တစ်ယောက်မှ မကောင်းဘူး၊ အကြင်နာတရား မရှိဘူး...'

သမီးကြီး ရောက်လာသည့်အခါ အချိန်လွန်နေပြီ။ အဖေကြီး၏ လက်ကို နမ်းကာ 'ခွင့်လွှတ်ပါ အဖေရယ်' ဟု တောင်းပန်သည်။

ဂိုရီယိုးသည် ခွေးသေဝက်သေ သေရသည်။ မသာပို့မည့်သူ မရှိ။ ရက်စတီညက် တစ်ယောက်သာ မသာ ပို့ရသည်။

ရက်စတီညက်သည် သင်္ချိုင်းကုန်းတွင် ရပ်ကာ ပါရီမြို့ကြီးအား စိုက်ကြည့်နေရာမှ 'အင်း... အခုအချိန်ကစပြီး ပါရီမြို့ကြီးနဲ့ ငါနဲ့တော့ တွေ့ကြရောပေါ့ကွာ' ဟု ကြုံးဝါးနေလေသည်။

## အန်ဒါဆင် ပုံပြင်များ (၁၈၃၅-၁၈၇၂)

### ဟန်းခရစ်ရှန် အန်ဒါဆင် (၁၈၀၅-၁၈၇၅)

ဥရောပတိုက်ရှိ နိုင်ငံငယ်ကလေး တစ်နိုင်ငံဖြစ်သော ဒိန်းမတ်နိုင်ငံ၏ မထင်ရှားလှသော မြို့ငယ်ကလေးတစ်မြို့ဖြစ်သည့် အိုဒန်ဆာမြို့ကလေးရှိ သာမန် ဖိနပ်ချုပ်သမားနှင့် ခဝါသည်အမျိုးသမီးတို့က မွေးဖွားသည့် နှာခေါင်းချွန်ချွန်၊ အရပ်အမောင်း ကလန်ကလားနှင့် လူတစ်ယောက်သည် ဇာတ်စင်ပေါ် တက်ရဖို့ ကြိုးစားရင်း ကမ္ဘာစာပေလောကတွင် ထင်ရှားသော ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်လာစေခဲ့သည့် ပုံပြင်များဟု ဆိုရပေသည်။

အန်ဒါဆင်သည် သူ့ကိုယ်သူ ပုံပြင်ဆရာဖြစ်ဖို့ မျှော်လင့်ထားပုံ မပေါ်။ ပုံပြင်ဆရာ အဖြစ်သို့လည်း ကြိုးစားပုံ မပေါ်။ သို့သော် သူ့ဘဝ ရပ်တည်ရေးအတွက် စာရေးရပြီ ဆိုသောအခါ ပုံပြင်ကလေးများကို ရေးဖြစ်လေတော့သည်။ သူ့ပုံပြင်ကလေးများသည် ရိုးရာပုံပြင်များကို အခြေခံသော ပုံပြင်များ ဖြစ်သည်။ သို့သော် ပုံပြင်ကလေးများကို သူ အကြောင်းမဲ့မရေး။ ဟန်ဆောင်လောကကြီး၊ အထူးသဖြင့် အထက်လွှာတို့၏ ဟန်ဆောင်မှုကို သူ သရော်ချင်သောအခါ ဘုရင့်ဝတ်လဲတော် ပုံပြင်ကို သူ ရေးခဲ့၏။

အဖိုးထိုက် အဖိုးတန် ဝတ်ရုံကိုသာ ဝတ်လဲသော ဘုရင်ကြီးအတွက် ရက်ကန်းသည်တို့က ထူးကဲမြင့်မြတ်သော ဝတ်ရုံတစ်ခုကို ရက်လုပ်ပေးကြသည်။ ထို ဝတ်ရုံကား မြင်ထိုက်သူတို့မှသာ မြင်ရသော ဝတ်ရုံဖြစ်သည်။ စင်စစ် ဝတ်ရုံမှာ ဗလာဝတ်ရုံသက်သက် ဖြစ်သည်။ သို့သော ဘုရင်ကြီးကလည်း ထိုဝတ်ရုံကို

www.nyisay.com



မြင်သည် ဆို၏။ မှူးမတ်တို့ကလည်း မြင်သည် ဆို၏။ မည်သူကမျှ မမြင်ရ၊ ဗလာသက်သက်ဟု မပြောဝံ့။ မိမိတို့ကိုယ်ကို အဆင့်နိမ့် မခံချင်ကြ။ ထို့ကြောင့် ဝတ်ရုံ၏အဆင်ကို ချီးမွမ်းကြ၏။ အသားအရေကို ထောမနာကြ၏။ ဘုရင်ကြီးသည် ဝတ်ရုံသစ်အတွက် ဂုဏ်ယူမဆုံး ဖြစ်နေသည်။ သို့ဖြင့် ဘုရင်ကြီးသည် ဝတ်ရုံသစ် ဗလာထည်ကို ဆင်ယင်လျက် တိုင်းခန်းလှည့်လည်ပြ၏။ မြင်သူတကာကပင် ဝတ်ရုံသစ်ကို တအံ့တဩ ဖြစ်ကြသည်။ ချီးမွမ်းထောမနာကြသည်။ သို့သော် ကလေးငယ်တစ်ယောက်ကမူ ကိုယ်တုံးလုံး တိုင်းခန်းလှည့်လည်လာသော ဘုရင်ကြီးကို လှောင်ပြောင်လေတော့သည်။ ဤနည်းဖြင့် အန်ဒါဆင်သည် ဟန်ဆောင်လောကကို အရေခွာ သရော်ပြလိုက်၏။

တစ်ခါတွင်မူ အန်ဒါဆင်သည် သူ့ဘဝကို သူ ပြန်ပြီး ဆင်ခြင်ကြည့်မိဟန်တူသည်။ အမေကအစ ပုပန်းမကျသော သူ့ဘဝကိုကြည့်ပြီး အားမလို အားမရ ရှိခဲ့ပုံ၊ ဇာတ်စင်ပေါ် တက်ဖို့ ကြိုးစားသော်လည်း အရာမထင်ခဲ့ပုံ စသည့် သူ့ဘဝနှင့် သူ့ပတ်ဝန်းကျင်ကို ဆင်ခြင်ရာမှ သူသည် **အကျည်းတန် ဘဲကလေး** ပုံပြင်ကို ဖန်တီးလိုက်လေသည်။ ဘဲအုပ်အလယ်တွင် ငန်းပေါက်စကလေးခမျာ အကျည်းတန် အရုပ်ဆိုး ဖြစ်ခဲ့ရပုံ၊ အကြဉ်ခံခဲ့ရပုံ၊ နောက်ဆုံးမှ ငန်းဖြူဖြူကလေး ဖြစ်လာပုံတို့ကိုလည်း ပုံဖွဲ့ခဲ့၏။ ဤပုံကို ရေးလိုက်သောအခါ သူ့အမည်သည် ဥရောပတစ်ခွင် နံ့ပျံ့လာခဲ့လေတော့သည်။

တစ်ခါတစ်ခါတော့လည်း အန်ဒါဆင်သည် ဧည့်ခန်းဆောင် ဗီရိုကြီးထဲက ခြေခွင်စစ်သားကြီး၊ စစ်ဗိုလ်ချုပ်ကြီး အရုပ်၊ တရုတ်အဘိုးကြီး ကြွေရုပ်၊ သိုးကျောင်းသူမကလေး ကြွေရုပ်နှင့် မီးခိုးခေါင်းတိုင်ရှင်းသမားကလေး ကြွေရုပ်တို့ကို ဇာတ်လမ်းဖွဲ့တတ်သည်။ စားပွဲပေါ်က သိုးကျောင်းသူမကလေးအရုပ်နှင့် မီးခိုးခေါင်းတိုင်ရှင်းသမားကလေး အရုပ်တို့ အရုပ်ချင်းထား၍ အရုပ်ချင်း ငြိကြလေ၏။ သည်ကြားကပင် ဗီရိုထဲက ခြေခွင်စစ်ဗိုလ်ချုပ်အရုပ်က စားပွဲပေါ်က သိုးကျောင်းသူမ အရုပ်ကလေးကို မျက်စိကျဖြစ်သည်။ သည်တော့ သိုးကျောင်းသူမကလေး၏ အဘိုး တရုတ်ကြွေရုပ်ကြီးကို စကားကမ်းသည်။ ခေါင်းညိတ်ဘတ်သော ကြွေရုပ်ကြီးက ခေါင်းညိတ်ပြီး သဘောတူလိုက်သည်။ ချစ်သူနှစ်ဦး ဒုက္ခကြုံရလေပြီ။ မဖြစ်တော့။ သိုးကျောင်းသူမကလေးနှင့် မီးခိုးခေါင်းတိုင်ရှင်းသမားကလေးတို့ ထွက်ပြေးကြရလေသည်။ ဗီရိုက အရုပ်ကြီးက တား၏။ တရုတ်အဘိုးကြီးကလည်း တား၏။ သည်ကြားကပင် ချစ်သူနှစ်ဦး ထွက်ပြေးကြသည်။ သို့သော် ဝေးဝေးမပြေးနိုင်။ မပြေးရက်။ သိုးကျောင်းသူမကလေးက စားပွဲပေါ်မှာ ပြန်နေချင်သည်။ သို့ဖြင့် ချစ်သူနှစ်ဦး ပြန်လာကြသည်။ တရုတ်အဘိုးကြီး

www.nyisay.com



ကြွေရုပ်မှာ ကွဲနေလေပြီ။ ထိုအရုပ်ကို လည်ပင်းမှာ သံစိုရိုက်ပြီး ပြန်ဆက်ရသည်။ ဗီရိုပေါ်က စစ်ဗိုလ်ချုပ်ကြီးက သိုးကျောင်းသူမကလေးနှင့် လက်ဆက်ရေးကို တောင်းမြဲတောင်းသည်။ သို့ပေမယ့် ယခုအကြိမ်များတွင်ကား တရုတ်အဘိုးကြီးသည် ခေါင်းမညိတ်နိုင်တော့။ လည်ပင်းက သံစိုကြီးက သူ့ကို မလှုပ်ရှားနိုင်အောင် လုပ်ထားလိုက်ပေပြီ။ ထို့ကြောင့် သည်အခါမှစ၍ သိုးကျောင်းသူမကလေးနှင့် မီးခိုးခေါင်းတိုင်ရှင်းသမားကလေးတို့ လက်တွဲမပျက် အခြေသို့ ရောက်ရလေသည်။

ဤသို့လျှင် အန်ဒါဆင်၏ ပုံဝတ္ထုများမှ ဇာတ်ဆောင်များသည် တိရစ္ဆာန်ကလေးတွေ ဖြစ်ချင် ဖြစ်နေတတ်သည်။ သက်မဲ့အရုပ်ကလေးတွေလည်း ပါတတ်သည်။ တစ်ခါတစ်ခါ "အရိပ်"ကိုပင် စိတ်ဝင်စားဖွယ် ဇာတ်ဆောင်အဖြစ် ဖွဲ့ပြီး ပုံရေးသည်။

**ဖိနပ်နီကလေး** ပုံပြင်တွင်မူ အန်ဒါဆင်သည် ကျိန်စာသင့် ဖိနပ်နီကလေးကြောင့် ကြေကွဲဖွယ်အဖြစ်ကို ရင်ဆိုင်ရသော မိန်းကလေးအကြောင်း၊ **ရေသူမကလေး**ပုံပြင်တွင်မူ ရေသူမကလေးက ချစ်သူမင်းသားကလေးအတွက် အသက်စွန့်ခဲ့ပုံ၊ သရဖူထက် နှလုံးသားကိုသာ မြတ်နိုးသော ဘုရင်ကြီးဆီမှာရော၊ တံငါသည်ဆီမှာရော၊ လယ်သမားဆီမှာရော ချဉ်းကပ်ဖြေဖျော်တတ်သော နိုက်တင်ဂေးငှက်ကလေးအကြောင်း စသည်ဖြင့် အန်ဒါဆင်သည် ၁၈၃၅ မှ ၁၈၇၂ အတွင်း ပုံပြင်ပေါင်း ၁၆၈ ပုဒ်ကို ရေးဖွဲ့ခဲ့၏။

သူ့ပုံပြင် ရေးဖွဲ့ဟန်မှာ ရိုးရိုးကလေး ဖြစ်သည်။ စကားပြေနှင့်ပင် ဖြစ်သည်။ သို့သော် သူ့ပုံပြင်ကလေးတွေသည် ကဗျာဆန်လှ၏။ သူ့ပုံပြင်ကလေးတွေသည် ရိုးရာကို အခြေခံသည်။ သို့သော် သူ့ဘဝ သူ့ပတ်ဝန်းကျင်က လောကအမြင်ကိုလည်း ပုံပြင်များမှာ ထင်ဟပ်ထားသည်။ ပုံပြင်များသည် သူ့ လောကအမြင်၏ သင်္ကေတများ ဖြစ်နေလေတော့သည်။ ထို့ကြောင့် သူ့ပုံပြင်များသည် ကလေးများအဖို့ နှစ်သက်ဖွယ်ဇာတ်လမ်းများ ဖြစ်ကြသလို လူကြီးများအဖို့ ဆင်ခြင်ဖွယ် လောကအမြင် ဖြစ်နေ၏။ ထို့ကြောင့်ပင် သူကိုယ်တိုင်က သူ့ပုံပြင်များနှင့် ပတ်သက်၍ လူကြီးများအတွက် ဖြစ်ပေါ်လာသော စိတ်ကူးကို ကလေးတွေ ပြောသလို ပုံပြင်အဖြစ် ရေးခြင်းဖြင့် ကလေးလည်းဖတ်၊ လူကြီးလည်း နှစ်သက်နိုင်သော ပုံပြင်များအဖြစ် ဖန်တီးကြောင်း ဖော်ပြခဲ့ဖူးလေသည်။

စင်စစ် သူ့ပုံပြင်များက ဇာတ်ဆောင်များသည် စုံလှ၏။ ဗီရိုက အရုပ်၊ ပဲစေ့၊ ငန်းကလေး၊ ရေသူမ၊ နိုက်တင်ဂေးငှက်မှသည် ဘုရင့်သမီး၊ ကျေးတောသူ စသည်ဖြင့် ဖြစ်သည်။ နေရာစုံမှ ကာလစုံ ဖြစ်ရပ်များဖြင့်လည်း ပြွမ်းတီး၏။

www.nyisay.com



သို့သော် သူ့ပုံပြင်များက ဇာတ်ဆောင်အားလုံးသည် လူသားအားလုံးကို ကိုယ်စားပြုနေ၏။ သစ်သားရုပ်လည်း အသက်ဝင်သည်။ ငှက်ကလေးကလည်း လူဖြစ်နေတတ်သည်။ ဥရောပတစ်ခွင်က ပုံပြင်ဖြစ်စေကာမူ မြန်မာနိုင်ငံက ဘုရင်ကြီးကိုယ်တိုင်လုံး တိုင်းခန်းလှည့်လည်နေသည်ဟု ထင်မှတ်လာရသည်။ ဂျပန်နိုင်ငံမှာလည်း နိုက်တင်ဂေးငှက်ကလေး တေးဆိုနေသည်ဟု ယူဆရသည်။ သည်အဖြစ်မျိုးတွေ လူ့လောက နေရာအနှံ့မှာ ယခင်ကလည်း ဖြစ်ခဲ့သည်။ ယခုလည်း ဖြစ်ဆဲပင်ဟု ထင်လာရ၏။

ထို့ကြောင့်ပင် သူ့ပုံပြင်များသည် ဒိန်းမတ်နိုင်ငံမှသည် ဥရောပတစ်ခွင်သို့ ပျံ့နှံ့လာ၏။ ဥရောပမှသည် ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ရောက်လာ၏။ ဤနည်းဖြင့် အန်ဒါဆင် ပုံပြင်များသည် စာပေဂန္ထဝင် ပုံပြင်များ ဖြစ်လာရ၏။

ဝေဖန်ရေးဆရာအချို့ကမူ သူ့ပုံပြင်စာအုပ်များသည် အရုပ်မဲ့အရုပ် စာအုပ်များ ဖြစ်သည်ဟု တင်စားကြ၏။

အန်ဒါဆင်ပုံပြင်များကို မြန်မာနိုင်ငံတွင် ရှေးယခင် ဦးဖေမောင်တင်၏ ကျောင်းသုံးဖတ်စာ စာအုပ်များမှစ၍ မြန်မာစာဖတ်ပရိသတ် ရင်းနှီးလာခဲ့ကြပြီး ဖြစ်သည်။ ၁၉၅၄ မှ ၁၉၅၆ ခု အတွင်းတွင် ယင်းပုံပြင်များမှ ၈ ပုဒ်ခန့်ကို မြသန်းတင့်က **သွေးသောက်မဂ္ဂဇင်း**တွင် ဘာသာပြန် ဖော်ပြခဲ့ဖူး၏။ ကြည်အေးကလည်း **မြဝတီမဂ္ဂဇင်း**တွင် အန်ဒါဆင်၏ပုံပြင် ဘာသာပြန်များ ရေးခဲ့သည်။ အံ့မောင်က အန်ဒါဆင်၏ ပုံပြင်များကို ဘာသာပြန်၍ စာအုပ်ထုတ်ဝေခဲ့၏။ **ရေသူမကလေး အန်ဒါဆင် ပုံဝတ္ထုများ**(၁၉၇၃)တွင် အံ့မောင် ဘာသာပြန်သော ပုံပြင် ၁၇ ပုဒ် ပါ၏။ ထိုစာအုပ်သည် ၁၉၇၃ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန်ဆုကို ရရှိသည်။ ၁၉၇၃ မှ ၁၉၉၈ ခု အထိ အံ့မောင် ပြန်ဆိုသည့် **သဲကုန်းမို့မို့ လွမ်းမို့မို့၊ မိုးမခပင်ကြီး အောက်မှာ၊ အင်းတော်ရှင့်သမီး၊ ရေခဲနတ်ဒေဝီ၊ အမြူတေရှာပုံတော်၊ အရုပ်မပါတဲ့ အရုပ်စာအုပ်**များ ထွက်ရှိပြီး ဖြစ်၏။ ကျန်ရှိသည့် **အဘွားအို ယော်ဟန်နာပြောသော ပုံပြင်၊ ခင်စိတ္တ၊ တံခါးမှူးသား** တို့ကို ထုတ်ဝေရန် စီစဉ်ဆဲ ဖြစ်သည်။ ထိုအခါတွင် ပြီးပြည့်စုံသည့် အန်ဒါဆင်ပုံပြင်ပေါင်းချုပ်သည် မြန်မာစာပေ ဘဏ္ဍာတိုက်တွင် အတင့်အတယ် နေရာယူပြီး ဖြစ်မည်တည်း။

www.nyisay.com

## ဝိညာဉ်သေများ (၁၈၄၂)

### နီကိုလိုင် ဂေါဂါး (၁၈၀၉-၁၈၅၂)

**ဝိညာဉ်သေများ**ဝတ္ထုကို ရုရှစာရေးဆရာကြီး နီကိုလိုင် ဂေါဂါးက ရေးသည်။ ၁၉ ရာစုနှစ်က ရုရှနိုင်ငံ ပဒေသရာဇ်များသည် ကျေးကျွန်များ မွေးမြူပိုင်ခွင့်ရှိသည်။ ကျေးကျွန်များကို ဝိညာဉ်ဟု ခေါ်သည်။ ဂေါဂါး၏ **ဝိညာဉ်သေများ**သည် ကျေးကျွန်သေများကို ဆိုလိုသည်။

နီကိုလိုင်ဂေါဂါးသည် **ဝိညာဉ်သေများ**ဝတ္ထုဖြင့် ရုရှနိုင်ငံ၏ မြို့ကြီးပြကြီးနှင့် အလှမ်းဝေးသော နယ်များရှိ ကျေးပိုင်ကျွန်ပိုင် ပဒေသရာဇ်များ၊ အစိုးရအရာရှိကြီးများ လောဘရမ္မက် ငမ်းငမ်းတက်ပုံကို လည်းကောင်း၊ အတုအယောင်တို့မည်သည် အပြင်ပန်းတွင် တောက်တောက်ပြောင်ပြောင် ထည်ထည်ဝါဝါရှိသော်လည်း အတွင်း၌ မည်းမှောင်ညစ်ထေးလျက် ရှိတတ်သည့် သဘောကိုလည်းကောင်း ဖော်ပြသည်။

စာပေဝေဖန်ရေးသမားများက **ဝိညာဉ်သေများ** ဝတ္ထုကို ကမ္ဘာ့စာပေတွင် အကောင်းဆုံး စာပေမြောက် စာပြောင် ဖြစ်သည်ဟု သတ်မှတ်ကြသည်။

**ဝိညာဉ်သေများ** ဝတ္ထု၏ အဓိက ဇာတ်ဆောင်သည် "ပါဗဲ အီဗန်နောဗစ် ချစ်ချိကော့" ဖြစ်သည်။ ချစ်ချိကော့သည် အစေအပါး အချို့နှင့် မြို့ကလေး တစ်မြို့သို့ ရောက်လာသည်။ လာရင်းကိစ္စကား ထိုမြို့ကလေးရှိ မြေရှင်ကြီးများထံမှ ကျေးကျွန်များ (ဝိညာဉ်များ)ကို ဝယ်ယူရန် ဖြစ်သည်။ ကျေးကျွန် အရှင်များကို

www.nyisay.com



ချစ်ချိကော့ ဝယ်သည်မဟုတ်၊ ကျေးသေကျွန်သေများကိုသာ ဝယ်သည်။ ဇာဘုရင်သည် မြေရှင်ပဒေသရာဇ်များထံမှ ကျေးကျွန် အရေအတွက်လိုက် အခွန်ကောက်သည်။ မြေရှင်ကြီးများသည် မိမိတို့၌ရှိသော ကျေးကျွန်စာရင်းကို စာရင်းကောက်သောအခါ တင်ပြရသည်။ စာရင်းကောက်စဉ်က တင်ပြသော အရေအတွက်ကို နောက်တစ်ခါ စာရင်းကောက်သည့်အခါမှ ပြင်ဆင်နိုင်သည်။ စာရင်းကောက်ချိန် တစ်ချိန်နှင့် တစ်ချိန်အကြား သေသွားသော ကျေးကျွန်များရှိသည်။ ထို့ကြောင့် အတိုးအလျော့ကို ထေနိုင်သည်ဟု ယူဆကြသည်။ ချစ်ချိကော့သည်ကား သေသွားသော ကျေးကျွန်များကို ဝယ်သူဖြစ်သည်။

မြို့ကလေးရှိ မြေရှင်များက ချစ်ချိကော့ကို ဝမ်းသာအယ်လဲ ကြိုဆိုသည်။ မိမိတို့ အလဟဿ အခွန်ထမ်းဆောင်နေရသော ဝိညာဉ်သေများအတွက် အခွန်အတုတ် သက်သာသည့်ပြင် ရောင်းပင်ရောင်းရသည် ဖြစ်ရကား မည်သူ ဝမ်းမသာဘဲ ရှိပါအံ့နည်း။ သို့သော် မြေရှင်သည် မြေရှင်ပင် ဖြစ်သည်။ ဝိညာဉ်သေတစ်ခုအတွက် ငွေတစ်ရာ ဈေးဆိုသည်။ အများကျအောင် ပြောတတ်သော ချစ်ချိကော့က ငွေတစ်ရာ ဈေးဆိုသည်ကို ၂ ကျပ်ခွဲနှင့် ရအောင်ဆစ်သည်။ သို့နှင့် ချစ်ချိကော့သည် ဝိညာဉ်သေ အတော်များများ ဝယ်ယူရလိုက်သည်။

ချစ်ချိကော့သည် အများကျအောင် နေတတ်ထိုင်တတ် ပြောတတ်သူဖြစ်ရကား တစ်မြို့လုံးတွင် ရေပန်းစားသည်။ ကပွဲတွေကို တက်ရောက် ချီးမြှင့်ရန် ချစ်ချိကော့ကို ဖိတ်ကြားသည်။ ညည့်ခံပွဲတွေကိုလည်း ချစ်ချိကော့ တက်ရောက်သည်။ ကပွဲတစ်ခုတွင် ချစ်ချိကော့သည် ဘုရင်ခံသမီးတစ်ဦးနှင့် သွားဆုံသည်။ ချစ်ချိကော့သည် ဘုရင်ခံ၏ သမီးအပေါ် စိတ်ဝင်စားမိသည်။ မြို့လူထုကမူ ချစ်ချိကော့အပေါ် အတော်စိတ်ဝင်စားပြန်သည်။ ဝိညာဉ်သေများကို တစ်ဝိညာဉ်လျှင် ၂ ကျပ်ခွဲပေး၍ ဝယ်သည်မှာ အထူးအဆန်း ဖြစ်သည်။ ထူးဆန်းလွန်းအားကြီးသဖြင့် ဝိညာဉ်သေ ဝယ်ယူသည့် ချစ်ချိကော့၏ လုပ်ငန်းသည် အပေါ်ယံ ဘန်းပြလုပ်ငန်းသာ ဖြစ်သည်ဟု ထင်မှတ်သည်။ မြို့သူမြို့သားအချို့က ချစ်ချိကော့သည် ဝိညာဉ်သေများကို ဝယ်ဟန်ဆောင်ကာ ဘုရင်ခံသမီးကို ခိုးယူထွက်ပြေးရန် ကြံစည်နေသူဟု ထင်ပြန်သည်။ တချို့ကမူ ချစ်ချိကော့သည် စစ်ရှုံးထွက်ပြေးနေသော နပိုလီယံမိုနပတ်(ပြင်သစ်စစ်ဘုရင်)ဖြစ်သည်ဟု ယုံကြည်ပြန်သည်။ တချို့ကမူ အစိုးရအရာရှိကြီး တစ်ဦးဖြစ်ပြီး ဤမြို့နယ်ကို လာရောက် ထောက်လှမ်းနေသူတစ်ဦး ဖြစ်တန်ရာသည်ဟု ထင်ကြေးပေးကြသည်။

တကယ်စင်စစ်မူ ချစ်ချိကော့သည် မြို့သူမြို့သားများ ထင်သလို ဘုရင်ခံသမီးကို ခိုးယူဖို့ ကြံစည်နေသူလည်း မဟုတ်၊ နပိုလီယံလည်း မဟုတ်၊ ထောက်

www.nyisay.com



လှမ်းရေး အရာရှိလည်း မဟုတ်။ သူသည် တကယ်ပင် ဝိညာဉ်သေများကို ဝယ်သူသာ ဖြစ်သည်။ ဝိညာဉ်သေများ ဝယ်ယူခြင်းသည် သူ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းပင် ဖြစ်သည်။ ချစ်ချိကော့သည် အကောက်ခွန်ဌာန အမှုထမ်း ဖြစ်ခဲ့ဖူးသည်။ မှောင်ခိုနှင့် ပေါင်းသဖြင့် အလုပ်ပြုတ်ခဲ့သူသာ ဖြစ်သည်။ သူသည် အလုပ်လုပ်ရင်းက ကျေးကျွန်များကို အပေါင်ခံသည့် ဂေါပကအဖွဲ့ရှိကြောင်း သိထားခဲ့ရာ ကျေးသေကျွန်သေများကို ဝယ်ပြီး ထိုဂေါပကအဖွဲ့၌ အပေါင်ထား၍ ငွေထုတ်ယူရန် ကြံစည်နေသူသာ ဖြစ်သည်။

ချစ်ချိကော့အပေါ် အမျိုးမျိုး ထင်ကြေးပေးနေချိန်တွင် ချစ်ချိကော့သည် အအေးမိ၍ ဖျားနေလေသည်။ အဖျားအနာ ပျောက်သောအခါ ယခင်က ဖော်ရွေလှသော မြို့ကလေးသည် ချစ်ချိကော့အပေါ် ခပ်တန်းတန်း ဖြစ်သွားလေသည်။ ချစ်ချိကော့သည် လူလိမ်တစ်ယောက်သာ ဖြစ်သည်ဟု မြို့ခံလူညာတစ်ဦးက သတင်းလွှင့်ထားသောကြောင့် ချစ်ချိကော့ကို ခပ်တန်းတန်း ဆက်ဆံကြခြင်း ဖြစ်သည်။ နောက်ဆုံးတွင် ချစ်ချိကော့သည် မြို့ကလေး၌ မစားသာတော့သဖြင့် တခြားမြို့ကလေး တစ်မြို့သို့ ထွက်ပြေးရသည်။

တခြားမြို့တွင် ချစ်ချိကော့သည် ကျွန်သေများ ဝယ်ယူပြန်သည်။ ထိုမြို့တွင်မူ ချစ်ချိကော့က မိမိကို အမွေပေးမည့်သူက ကျေးပိုင်ကျွန်ပိုင် မဖြစ်ခဲ့လျှင် မြေပေးမည် မဟုတ်သောကြောင့် ကျေးကျွန်အသေများကို ဝယ်ယူကာ အမွေရအောင် စာရင်းပြမည်ဟု အကြောင်းပြထားလေသည်။ ထိုမြို့တွင် ချစ်ချိကော့သည် ပိုက်ဆံကြွယ်ဝသော မြေပိုင်ရှင် မုဆိုးမကြီးနှင့် တွေ့သည်။ ချစ်ချိကော့သည် မြေပိုင်ရှင်မကြီးကို သူ့အား အမွေပေးရန် အဓမ္မအကျပ်ကိုင်ပြီး သေတမ်းစာတစ်ခု ရေးခိုင်းသည်။ ထိုမိန်းမကြီး သေဆုံးသောအခါ သေတမ်းစာကိုကိုင်၍ စောင့်နေသော ချစ်ချိကော့အဖို့ မဟာလာဘ်ကြီး ဆိုက်ချိန်ရောက်ပြီ၊ စုတ်ရော လာဘ်ရော ဝင်ပြီဟု ထင်မှတ်မိလေသည်။ ချစ်ချိကော့ ကံဆိုးသည်မှာ ထိုမိန်းမကြီးအား ယခင် သေတမ်းစာများကို မဖျက်သိမ်းခိုင်းမိသည့် အချက်ပင် ဖြစ်သည်။ ယခုမူ သေတမ်းစာ သုံးခု ရှိနေသည်။ နောက်ဆုံး တရားရုံးက ချစ်ချိကော့ လက်ဝယ်ရှိ သေတမ်းစာသည် သေတမ်းစာ အစစ်မဟုတ်၊ အတုသာ ဖြစ်သည်ဆိုကာ ချစ်ချိကော့ကို ဖမ်းဆီးလေသည်။ နောက်ဆုံးတွင် သက်ညှာသည့်အနေဖြင့် နယ်နှင်ဒဏ်ပေးလေသည်။ သို့နှင့် ချစ်ချိကော့သည် သူကောင်းဖြစ်ရန် တစ်ရွာပြောင်းရ ပြန်လေသည်။

www.nyisay.com

## သူရဲကောင်း သုံးယောက် (၁၈၄၄)

### အလက်ဇန်းဒါး ဒူးမား (၁၈၀၂-၁၈၇၀)

**သူရဲကောင်း သုံးယောက်**သည် ပြင်သစ် စာရေးဆရာ ဒူးမား၏ ဝတ္ထုပေါင်းများစွာအနက် ထင်ရှားသော ဝတ္ထုတစ်ပုဒ် ဖြစ်သလို သမိုင်းနောက်ခံ စိတ်ကူးဉာဏ်ကွန့် ရေးသားသော ဝတ္ထုများလောက၌လည်း ထင်ရှားသော ဝတ္ထုဖြစ်သည်။ အထူးသဖြင့် ၁၇ ရာစု ပြင်သစ်နိုင်ငံ သမိုင်းနောက်ခံ ဝတ္ထုများ လောကတွင် ထင်ရှားသော ဝတ္ထုဖြစ်၏။ ဤဝတ္ထု၏ ထင်ရှားခြင်းသည် ရသစာပေစံအရ ထင်ရှားခြင်းမျိုးကား မဟုတ်ပေ။ စံမီ ဝတ္ထုတစ်ပုဒ်ဟုလည်း မဆိုနိုင်ပေ။ သို့သော် စာဖတ်ပရိသတ်၊ အထူးသဖြင့် အပျော်ဖတ်ပရိသတ်ကို ဆွဲဆောင်နိုင်စွမ်းရှိသော ဝတ္ထုများတွင် ထင်ရှားသောဝတ္ထု ဖြစ်လေသည်။

ဤဝတ္ထုသည် စရိုက်အဖွဲ့နှင့် လောကသဘာဝအဖွဲ့၊ လောကအမြင်ပေး ဝတ္ထုမျိုး မဟုတ်၊ ဇာတ်လမ်း အဓိကအားပြုသော ဝတ္ထု၊ စွန့်စားခန်းဝတ္ထု ဖြစ်သည်။ ထို့ကြောင့် ဝတ္ထုကို ကိုယ်လွတ်ရုန်း စာပေအဖြစ် ဖတ်ရှုသော စာဖတ်ပရိသတ် လောက၌ ယနေ့တိုင် ထင်ရှားသည်။ ဥရောပတွင် ပြင်သစ်ဘာသာ မူရင်းမှ အခြား နိုင်ငံ ဘာသာရပ်အသီးသီးသို့ ပြန်ဆိုထုတ်ဝေခဲ့ကြသည်။ သို့ဖြင့် ထင်ရှားသော ဝတ္ထု ဖြစ်လာ၏။ ရုပ်ရှင်ကားအဖြစ်လည်း အကြိမ်ကြိမ် ရိုက်ကူးပြသခဲ့ကြသည်။ လူကြိုက်များသော ရုပ်ရှင်ကားအဖြစ်လည်း ထင်ရှားသည်။ လောကအမြင် အသိပေးဝတ္ထု မဟုတ်သည့်တိုင်အောင် ယောကျ်ားကောင်းတို့၏

www.nyisay.com



စိတ်ခံစားမှု၊ သတ္တိနှင့် စွမ်းဆောင်ချက်များကို အားကျလိုက်နာဖွယ် ရေးဖွဲ့ထားသော ဝတ္ထု ဖြစ်သည်။

· **သူရဲကောင်းသုံးယောက်** ဝတ္ထု၏ အဓိကဇာတ်ဆောင်မှာ ဒါးတည် ဖြစ်သည်။ ဒါးတည်သည် ဂါစကွန်နယ်သား ဖြစ်သည်။ ထိုခေတ်က ပြင်သစ်နိုင်ငံ ဂါစကွန်နယ်သားများ၏ စွမ်းရည်သတ္တိသည် ထင်ရှား၏။ ဂါစကွန်နယ်သား ဒါးတည်သည် မင်းမှုထမ်းရန် ဘုရင့်နေပြည်တော်သို့ လာခဲ့သည်။ လမ်းခရီးမှာပင် နန်းတွင်း အရှုပ်အထွေး ပြဿနာများကို ရင်ဆိုင်ရသည်။ သူ့အစွမ်းကို ပြရသည်။ နန်းတွင်း၌ ဘုရင်နှင့် အမတ်ကြီး ကာဒီနယ် ရှစ်ချလူးတို့ အားပြိုင်နေကြသည်။ ဘုရင့် သေနတ်ကိုင်တပ်များနှင့် ကာဒီနယ်၏ တပ်များ မကြာခဏ တိုက်ခိုက်နေ၏။

ဤအခြေအနေမျိုးတွင် ဒါးတည်သည် နေပြည်တော်သို့ ရောက်လာခြင်း ဖြစ်သည်။ သေနပ်တပ်မှူးထံ အဆက်အသွယ် ပြုသည်။ သေနတ်တပ်မှူးက သူ့ကို ကိုယ်ရံတော်တပ်အဖြစ် ခန့်သည်။

ဒါးတည်သည် သေနတ်တပ်ကို ထိန်းသော ပေါ်သိုး၊ အာသိုး၊ ရာမိ အမည်ရှိ သူရဲကောင်း သုံးယောက်နှင့် စ၍ ရင်ဆိုင်ရသည်။ ထို့နောက် ထိုသုံးယောက်နှင့် ပေါင်းပြီး ကာဒီနယ်၏ တပ်သားများနှင့် တိုက်ခိုက်ရ၏။ သူရဲကောင်း သုံးယောက်က ဒါးတည်ကို ဆရာတင်သည်။ ဒါးတည်၏ သတ္တိ၊ မဟုတ်မခံစိတ်ဓာတ်၊ ယောကျ်ားပီသသောစိတ်ထား၊ ထက်မြက်သော ဉာဏ်ရည်များကြောင့် သူရဲကောင်း သုံးယောက်က ဒါးတည်ကို ခေါင်းဆောင်တင်ကြ၏။ ထိုအခါမှစ၍ သူရဲကောင်း သုံးယောက်နှင့် ဒါးတည်တို့သည် လူဝီ ၁၃ ၏ နန်းတွင်းရေးနှင့် နိုင်ငံရေး ကိစ္စများတွင် ပါဝင် ပတ်သက်လာကြလေတော့သည်။

လူဝီဘုရင်မှာ ကာဒီနယ်နှင့် ပြဿနာကို ရင်ဆိုင်နေရသလို နန်းတွင်း မိဖုရားခေါင်ကြီး၏ အရှုပ်အထွေး ပြဿနာများ၊ အင်္ဂလိပ်နှင့် ဆက်ဆံရေး ပြဿနာများမှာလည်း ရှုပ်ထွေးနေ၏။ ဤကိစ္စများကို ဒါးတည်နှင့် သူရဲကောင်း သုံးယောက်တို့သည် တစ်ကို တစ်ချင်း ရှင်း၍ ဖြေရှင်းလာခဲ့ကြလေသည်။ သူတို့ လေးဦးမှာ တိုက်ပွဲတိုင်း အောင်သူများ ဖြစ်လာ၏။ လူဝီဘုရင်နှင့်တကွ သေနတ်တပ်မှူး မတ်ဘီဟာထရေဗီ၊ ကာဒီနယ်အမတ်ကြီးတို့၏ ယုံကြည်ကိုးစားမှုကို ရလာ၏။ ဤအခြေအနေများ၊ တိုက်ပွဲများကြားတွင် ဒါးတည်သည် အချစ်ဇာတ်လမ်းများနှင့် ဆက်သွယ်လာခဲ့လေသည်။

ဝတ္ထုတစ်ပုဒ်လုံးမှာ စွန့်စားခန်းများ ဖြစ်သည်။ သမိုင်းနောက်ခံ မပါသော်လည်း သမိုင်းဖြစ်ရပ်များသည် ဝတ္ထုတွင် အဓိကမဟုတ်။ ဒါးတည်နှင့် သူရဲကောင်း

www.nyisay.com



သုံးယောက်၏ စွန့်စားခန်းများ၊ ယောကျ်ားပီသသူများ သည်သာလျှင် ဝတ္ထု၏ အရေးပါသော အကြောင်းအချက်များ ဖြစ်ကြလေသည်။

ဒူးမားသည် ထိုဝတ္ထုရေးပြီးနောက်တွင် ထိုဝတ္ထု၏ အဆက်အဖြစ် **အနှစ်နှစ်ဆယ် ကြာသောအခါနှင့် ဗရက်ဂကုန်းအမတ်ကြီး** အမည်ရှိ ဝတ္ထုနှစ်ပုဒ်ကို ဆက်ရေးခဲ့သည်။ **သူရဲကောင်းသုံးယောက်** နှင့် ထိုဝတ္ထု နှစ်ပုဒ်ပေါင်းသည် သုံးပုဒ်တွဲ ဝတ္ထုကြီးဖြစ်သည်။ သုံးပုဒ်စလုံး၏ ဝတ္ထုနောက်ခံကာလမှာ လူဝီ ၁၃ လက်ထက်ဖြစ်သော ၁၆၂၅–၁၆၆၅ ကာလ ဖြစ်သည်။

ဤဝတ္ထုကို သမိုင်းနောက်ခံ စိတ်ကူးယဉ်ဝတ္ထု အမျိုးအစားအဖြစ် သတ်မှတ်ကြသည်။ သို့သော် ဝတ္ထုမှ အဓိကဇာတ်ဆောင် ဒါးတညံသည် စိတ်ကူးယဉ် ဇာတ်ကောင်သက်သက် မဟုတ်ပေ။ ထိုခေတ်က ထင်ရှားသော သမိုင်းဝင် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ချားလစ် ဒီဗတ် ဒါးတညံ(၁၆၂၃–၇၃) ဆိုသူကို ကိုယ်စား ပြုထားခြင်း ဖြစ်သည်။

အလက်ဇန်းဒါး ဒူးမားသည် ထိုပုဂ္ဂိုလ်၏ မှတ်တမ်းများပါ အချက်အလက် တို့ကို အခြေခံ၍ ဤဝတ္ထုကို ရေးခြင်းဖြစ်သည်။ ထို့ကြောင့် ဤဝတ္ထုသည် ဖြစ်ရပ်မှန်များကို ကိုယ်စားပြုနေဘိသကဲ့သို့ ရှိချေသည်။ ထို့ပြင် ဝတ္ထုပါ သူရဲကောင်း သုံးယောက်မှာလည်း ဝတ္ထုဖြစ်ရပ် နောက်ခံကာလတွင် ထိုအမည်များဖြင့် ရှိခဲ့ကြသူများ ဖြစ်လေသည်။

ဝတ္ထုမှာ ဆိုခဲ့သည့်အတိုင်း စာပေအဆင့်အတန်းအားဖြင့် ခံမမီ ဆိုနိုင်စေကာမူ၊ သမိုင်းဝင် ပုဂ္ဂိုလ်များကို အခြေခံ ရေးသားထားသည် ဆိုရစေကာမူ စာရေးဆရာ၏ စိတ်ကူး ကွန့်မြူးမှုကြောင့် အပျော်ဖတ် စာဖတ်ပရိသတ်အဖို့ နှစ်သက် လက်ခံဖွယ်သော ဝတ္ထုအဖြစ် ထင်ရှားလေသည်။ ထို့ကြောင့်လည်း ဤဝတ္ထုသည် ကမ္ဘာ့စာဖတ်ပရိသတ် လောကတွင် ယနေ့တိုင် ထင်ရှားလျက်ရှိခြင်း ဖြစ်သည်။

ဤဝတ္ထုသည် ကမ္ဘာ့စာဖတ်ပရိသတ် လောကတွင် ထင်ရှားသည့်နည်းတူ မြန်မာစာဖတ်ပရိသတ် လောက၌လည်း ထင်ရှားသော ဝတ္ထုတစ်ပုဒ် ဖြစ်လေသည်။ မြန်မာစာဖတ်ပရိသတ် လောက၌ အလက်ဇန်းဒါး ဒူးမား ကျော်ကြားရခြင်းမှာ ဤဝတ္ထုကြီးသည် အကြောင်းတစ်ကြောင်း ဖြစ်လေသည်။ အခြား အကြောင်း တစ်ကြောင်းကား သူ၏ **မွန်တီခရစ်စတို မြို့စားကြီး**ဝတ္ထု ဖြစ်သည်။ **မွန်တီခရစ်စတို မြို့စားကြီး** ဝတ္ထုနှင့် **မောင်ရင်မောင် မမယ်မ** ဝတ္ထု ဆက်နွယ်နေခြင်း၊ ထိုမွန်တီခရစ်စတို မြို့စားကြီးဝတ္ထုကိုပင် ရွှေဥဒေါင်းက **ရတနာသိုက်**(၁၉၄၀)ဟူ၍ ဘာသာပြန် ထုတ်ဝေခဲ့ခြင်းတို့ကြောင့်လည်း မြန်မာစာဖတ်ပရိသတ် လောက၌

www.nyisay.com



ဒူးမား၏အမည် ထင်ရှားခဲ့ရခြင်း ဖြစ်၏။ ဒူးမား၏အမည် ထင်ရှားသည့်နည်းတူ သူရဲကောင်း သုံးယောက်သည်လည်း ထင်ရှားခဲ့ရလေသည်။

ထိုသူရဲကောင်းသုံးယောက်ကို မြန်မာစာဖတ်ပရိသတ်နှင့် စတင် မိတ်ဆက်ပေးသူကား ပီမိုးနင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ် မတိုင်မီကာလတွင် ပီမိုးနင်းသည် **သူရဲကောင်းသုံးယောက်**(၁၉၃၃)ကို ဘာသာပြန်ခဲ့ဖူးလေသည်။ သို့သော် အစအဆုံးကား မပြန်ဖြစ်ခဲ့ပေ။ ပထမပိုင်းသာလျှင် စာအုပ်အဖြစ် ထွက်ခဲ့ သည်။ ထို့ကြောင့် **သူရဲကောင်းသုံးယောက်**သည် စာဖတ်ပရိသတ် လောကၥ ဆတ်တင့်တင့် ဖြစ်ခဲ့ရလေ၏။ သို့ဖြစ်၍ ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် ရွှေဥဒေါင်း က **သူရဲကောင်းသုံးယောက်**(၁၉၄၉)ကို အစအဆုံး ဘာသာပြန်၍ နှစ်တွဲခွဲ ထုတ်ဝေ ခဲ့လေသည်။ **သူရဲကောင်းသုံးယောက်**၏အဆက်ဖြစ်သော **အနှစ်နှစ်ဆယ် ကြာ သောအခါ**ဝတ္ထုကိုလည်း ဗိုလ်အေးမောင်က **ရဲလုလင်** (၁၉၄၉) အမည်ဖြင့် ဘာသာ ပြန်၍ ထုတ်ဝေခဲ့လေသည်။

ဤသို့ဖြင့် **သူရဲကောင်းသုံးယောက်**သည် ကမ္ဘာစာပေလောကၥလည်း ကျော်ကြားမှု ရခဲ့သလို၊ မြန်မာစာပေလောကၥလည်း ကျော်ကြားမှု ရခဲ့ခြင်း ဖြစ်ပေသည်။

www.nyisay.com

## လေထန်ကုန်း (၁၈၄၇)

### အယ်မီလီ ဗရွန်တီ (၁၈၁၈–၁၈၄၈)

အင်္ဂလိပ်ဂန္ထဝင်တွင် နာမည်ကြီးစာရေးဆရာ ညီအစ်မသုံးယောက်အနက် အယ်မီလီ ဗရွန်တီသည် ထင်ရှားသူတစ်ယောက် ဖြစ်သည်။ များသောအားဖြင့် သူသည် ကဗျာကို စပ်သည်။ ဝတ္ထုဆို၍ တစ်ပုဒ်တည်းသာ ရေးသည်။ သက်ရှိ ထင်ရှား ရှိစဉ်ကမူ သူ့ဝတ္ထုမှာ မကျော်ကြား။ နောင်အခါတွင်မှ ကျော်ကြား လာသည်။ ယခု ဂန္ထဝင်ဝတ္ထု ဖြစ်လာလိမ့်မည်ဟု မူလ မျှော်လင့်ခဲ့ဟန် မတူ။

ရှားလော့၊ အယ်မီလီ၊ အင်တို့ သုံးယောက်မှာ ခရစ်ယာန်ဘုန်းကြီး က်ထရစ်၏သမီးများ ဖြစ်ကြသည်။ သမီးငါးယောက်အနက် သုံးယောက်မှာ ာရေးဝါသနာ ပါလာကြသည်။ သူတို့သည် ငယ်စဉ်ကပင် စာရေးကြသည်။ ၈၄၆ တွင် သူတို့ သုံးယောက် စုပေါင်းကာ ကိုယ်ပိုင်အရင်းအနှီးဖြင့် ကဗျာစာအုပ် ုတ်သည်။ ပေါင်ငါးဆယ် ရင်းနှီးရသည်။ သို့သော် နှစ်အုပ်သာ ရောင်းစွံသည်။ ူတို့ သုံးယောက်စလုံးပင် ဝတ္ထုတစ်ပုဒ်စီ ရေးကြသည်။ သို့သော် နာမည်ရင်းနှင့် ုတ်။ ရှားလော့သည် ကာရာဝဲ ဟူသော ကလောင်နာမည်ဖြင့် **ပါမောက္ခ**၊ ယ်မီလီသည် အဲလစ်ဗဲ အမည်ဖြင့် **လေထန်ကုန်း**၊ အင်သည် အက်တန်ဗဲ ည်ဖြင့် **အက်ဂနိဂရေး** ဟူသော ဝတ္ထုများကို ရေးကြသည်။ ထုတ်ဝေသူများက ုဒ်စလုံးကို မကြိုက်။ တစ်ဦးပြလိုက်လျှင်လည်း ငြင်း၊ နောက်တစ်ဦး ပြလိုက်

www.nyisay.com



လျှင်လည်း ငြင်း၍သာ လွတ်လိုက်ကြသည်။ ထုတ်ဝေသူတစ်ဦးကမူ ရှားလော့ ထံမှ ဝတ္ထုရှည်တစ်ပုဒ် နောက်ထပ် မျှော်လင့်သည်။ ရှားလော့ကလည်း ရေးပေး သည်။ ယင်းမှာ **ဂျိန်းအိယားပင်** ဖြစ်သည်။ အယ်မီလီနှင့် အင်တို့၏ ဝတ္ထုနှစ်ပုဒ် လည်း နောက်ဆုံးတွင် ထုတ်ဝေသူများ တွေ့သွားသည်။ သို့သော်လည်း နာမည် မကြီး၊ ရှားလော့၏ ဝတ္ထုသာ လူကြိုက်များသည်၊ အရောင်းရစွံသည့် ဝတ္ထု ဖြစ်လာသည်။ အင်မှာကား အစ်မများ စာရေးသဖြင့် လိုက်၍ ရေးရသော်လည်း အစွမ်းအစ မရှိလှ။ အယ်မီလီမှာမူ ကံဆိုးရှာသည်။ သူ၏ **လေထန်ကုန်းကို** ရှားလော့ ရေးသည်ဟုပင် ထင်မှတ်ခံရသည်။

လေထန်ကုန်းမှာ အရေးအသား မကောင်း။ အကြောင်းအရာမှာ စိတ်ဓာတ် ပြင်းထန်သောသူတို့၏ အချစ် အမုန်းတို့ကို ခြယ်မှုန်းထားသဖြင့် အင်္ဂလိပ်ဂန္ထဝင်တွင် ထူးခြားပြောင်မြောက်သည့် ဝတ္ထုတစ်ပုဒ် ဖြစ်လာသည်။ အတွေးအခေါ်က အရေးအသားကို လွှမ်းသွားသည်။

အယ်မီလီသည် သူ့ဝတ္ထုဋ္ဌပါသော ကုန်းမြေဒေသတွင် တစ်သက်လုံး နေခဲ့သည်။ ထိုဒေသကို အတော်ပင် တွယ်တာသည်။ သေသည့်အခါမှာပင် ထိုဒေသသို့ ပြန်လာကာ သေဆုံးသွားသည်။ သူတို့ မိသားစုအကြောင်း ရေးသား သည့် စာများတွင် သူ့အကြောင်းကို အတွေ့ရ နည်းသည်။ ရှားလော့အကြောင်း ကိုသာ များသောအားဖြင့် ဖတ်ရသည်။ ညီမငယ် အင်မှာကား အရေးမကြီးလှ။ အစွမ်းလည်း မထက်။ အယ်မီလီသည်သာ မိသားစုတွင် ထူးဆန်းသည့် အမျိုးသမီး တစ်ယောက် ဖြစ်နေသည်။ သူ့စိတ်ကို အကဲခတ်၍ မရ။ အလွန်အသိရခက်သည်။ သူ့စရိုက်ကို သူရေးသည့် ကဗျာများနှင့် တစ်ပုဒ်တည်းသော ဝတ္ထုတို့မှ တစေ့ တစောင်း အကဲခတ် လေ့လာခွင့်ရသည်။ သူ့တွင် အပေါင်းအသင်း မရှိ။ တစ်ယောက်တည်း နေသည်။ သူ့စရိုက်မှာ ဆန့်ကျင်ဘက်များ စုပြုံနေသည့် စရိုက် ဖြစ်သည်။ အယ်မီလီသည် ခက်ထန်သည်။ သည်းခံစိတ် မရှိ။ တရားသေ ဝါဒစွဲ ရှိသည်။ အစွဲအလမ်း ကြီးသည်။ ဇွတ်တရွတ် နိုင်သည်။ သုန်သုန်မှုန်မှုန် နေတတ်သည်။ ဒေါသကြီးသည်။ အခြားတစ်ဖက်တွင်ကား သူသည် ဘုရားတရား ကြည်ညိုသည်။ အိမ်မှုဝတ္တရား ကျေပွန်သည်။ ဝီရိယကောင်းသည်။ သူ ချစ်သူ တွေ့လျှင် ကြင်နာသည်။ မျက်လုံး မျက်ဖန်ကောင်းသည်။ သူ့အမြင်မှာ သူ့ဝတ္ထု ထဲက ဇာတ်ဆောင် ဟိကလစ်လိုပင် စိတ်ဓာတ် ပြင်းထန်သည်။ သူတို့၏ မောင် ဗရင်းဝဲမှာ ဉာဏ်ကောင်းသော်လည်း တေတေပေပေ နေသည်။ အသောက်အစား အားကြီးသည်။ အယ်မီလီ၏ ဘဝနှင့် သူ့ဝတ္ထုထဲမှ ကက်သရင်း၏ ဘဝတို့သည် အတော်လေး တူသည်။

www.nyisay.com



လေထန်ကုန်းကို ဒဂုန်ခင်ခင်လေးက **ဂုဏ်မြင့်သူ** ဟူသော အမည်ဖြင့် စစ်မဖြစ်မီက မှီးရေးခဲ့သည်။ **ဝါးသရင်းဟိုက်**ဆိုသည်မှာ ယော့ရှိုင်းယား ဘာသာစကားဖြင့် ရာသီဥတု ပြင်းထန်သည့် ကုန်းမြင့်ဟု အဓိပ္ပာယ်ရသည်။ ဤဝတ္ထု၏ နောက်ခံမှာ အင်္ဂလန်ပြည် တောင်ကုန်းဒေသ ဖြစ်သည်။ အယ်မီလီသည် ရာသီဥတု ပြင်းထန်ခြင်းကို စိတ်ဓာတ်ပြင်းထန်ခြင်းနှင့် နှိုင်းယှဉ်ပြလိုသဖြင့် ဤနာမည်ကို ရွေးခဲ့ခြင်း ဖြစ်သည်။ သူ့ဝတ္ထုထဲမှ ဟိကလစ်မှာ ပြင်းထန်သည့် စိတ်ဓာတ် ရှိသူ။ အယ်မီလီဗရွန်တီသည် ဤဝတ္ထုတွင် နှစ်လောကကို နှိုင်းယှဉ်ပြသည်။ အချစ်ကြီးကာ အမျက်ကြီးပြီး လက်စားချေလိုစိတ် ပြင်းထန်သည့် လေထန်ကုန်း လောကနှင့် ဆင်ခြင်တုံတရား ပြည့်ဝကာ ယဉ်ကျေးသိမ်မွေ့သော သရတ်ဂရော့ဂရန့် လောကကို အသေးစိတ် ခြယ်မှုန်းပြသည်။ ဤဝတ္ထုသည် ဟိကလစ်ကို မဏ္ဍိုင်ပြုကာ အချစ် အမုန်း အာဃာတ လက်စားချေခြင်း စသည်တို့ကို ဖော်ပြသည်။ ဟိကလစ်သည် အလွန် စိတ်ဝင်စားစရာ ကောင်းသည့် ဇာတ်ဆောင် ဖြစ်သည်။ သူသည် အင်္ဂလိပ်ဝတ္ထု သမိုင်းတွင် ထင်ရှားသည့် ဇာတ်လိုက် လူဆိုး ဖြစ်သည်။ သူတို့ခေတ်ဖြစ်သော စိတ်ကူးယဉ်ခေတ်၏ ပြယုဂ်ဇာတ်ဆောင် တစ်ယောက် ဖြစ်သည်။ ထို့ကြောင့်ပင် ဤဇာတ်ဆောင်၏ စရိုက်ကို ပီပီပြင်ပြင် ဖော်ပြနိုင်သည့် အယ်မီလီကို ချီးကျူးကြသည်။ ဆမ္မားဆက်မွမ်က "အယ်မီလီသည် သူ့စိတ်ဓာတ် အားလုံးကို ဟိကလစ် တည်းဟူသော ဇာတ်ဆောင်တွင် အောထည့်လိုက်ဟန် တူသည်" ဟု မှတ်ချက်ချခဲ့သည်။

လေထန်ကုန်း၏ ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

လေထန်ကုန်း၏ ပိုင်ရှင် မစ္စတာအန်းရှောတို့ ဇနီးမောင်နှံသည် သမီး ကက်သရင်း၊ သား ဟင်ဒလေတို့နှင့်အတူ အေးချမ်းစွာ နေထိုင်သည်။ တစ်နေ့တွင် လီဗာပူးမြို့မှအပြန် မစ္စတာ အန်းရှောသည် မိဘမဲ့ ကလေးငယ်တစ်ယောက်ကို လမ်းမှ ခေါ်ခဲ့သည်။ သူ့ကို ဟိကလစ်ဟု နာမည်ပေးလိုက်ပြီး သမီးနှင့် သားတို့အား သူ့ကို မောင်နှမအရင်းသဖွယ် ဆက်ဆံရမည်ဟု ဆိုသည်။ မကြာမီပင် အန်းရှောနှင့် ကက်သရင်းတို့သည် ဟိကလစ်ကို သဘောကျလာသည်။ ချစ်ခင်မြတ်နိုးလာသည်။ ဟိကလစ်သည် ရဲရင့်သည်။ ပင်ကိုအစွမ်းအစ ရှိသည်။ ကြံ့ခိုင်သည်။ အဖေကြီးက ဟိကလစ်ကို ချစ်သဖြင့် ဟင်ဒလေသည် မနာလိုဝန်တိုဖြစ်လာသည်။ ထိုအခါမှစ၍ လေထန်ကုန်း၏ အခြေအနေမှာ တင်းမာလာသည်။ ဟင်ဒလေကို ဟိကလစ်နှင့် အတူထား၍ မဖြစ်။ ထို့ကြောင့် ဟင်ဒလေကို ကျောင်းသို့ ပို့သည်။

မကြာမီပင် မစ္စတာအန်းရှော ကွယ်လွန်လေရာ ဟင်ဒလေသည် လေထန်

www.nyisay.com



ကုန်းသို့ ပြန်လာသည်။ သည်တစ်ခါတွင် သူသည် အိမ်ကြီး၏ အကြီးအကဲ ဖြစ်လာသည်။ ဟိကလစ်ကို အမျိုးမျိုး နှိပ်စက်သည်။ ဟိကလစ်သည် ဟင်ဒလေကို အခဲမကျေ။ တစ်နေ့တွင် လက်စားချေမည်ဟု အားခဲထားသည်။ လေထန်ကုန်းတွင် နေရသမျှ အချိန်တို့၌ ခြောက်သွေ့သည့် ကုန်းမြင့်ဒေသသို့ ကက်သရင်းနှင့် အတူ လျှောက်လည်ရခြင်းမှာ သူ့အဖို့ လောကနိဗ္ဗာန်ဖြစ်သည်။ ထိုအခိုက် အတန့်သည်ပင် ပျော်စရာကောင်းသည်။ ကက်သရင်းသည် ဟိကလစ်ကို အပေါင်းအသင်းကောင်း တစ်ယောက်အဖြစ် အဖော်လုပ်သည်။ ဟင်ဒလေသည် မိန်းမ ရသည်။ သူ့မိန်းမကလည်း ဟိကလစ်ကို မကြည်ဖြူ။ ကက်သရင်းနှင့် ဟိကလစ်တို့သည် တစ်နေ့တခြား ရင်းနှီးလာသည်။ သူတို့၏ စိတ်ဓာတ်တို့ သည်လည်း အယုအယ ကင်းသဖြင့် ရိုင်းလာ ကြမ်းလာသည်။

တစ်ညတွင် သူတို့နှစ်ယောက်သည် သရတ်ကရော့အိမ်ကြီး၌ ကပွဲ လုပ်နေသည်ကို ချောင်းကြည့်ကြရင်း ကက်သရင်းမှာ ခွေးကိုက်ခံရသည်။ ကက်သရင်းမှာ သရတ်ကရော့တွင် ဆေးကုရင်း ငါးပတ်ခန့် သောင်တင်နေသည်။ ဟိကလစ်ကိုကား လက်မခံ။ ကက်သရင်းသည် လင်တန် မိသားစုနှင့် ရင်းနှီးခွင့် ရလာသည်။ အက်ဂါလင်တန်သည် ချစ်စရာကောင်းသည်။ ထို့အတူ အစ်ဇဗဲလား လင်တန်သည်လည်း လှသည်။ အိမ်ပြန်ရောက်သည့်အခါ သူတို့အကြောင်း ပြောရသည်မှာ အမောပင်။ ထိုအခါ ဟိကလစ်၏ မနာလိုစိတ်သည် ဝှန်တက်လာ တတ်သည်။

ထိုအချိန်မှာပင် ဟင်ဒလေ၏ မိန်းမသည် သားတစ်ယောက်မွေးသည်။ မျက်နှာမြင်ပြီးနောက် ဆုံးသွားသည်။ ဟင်ဒလေသည် အရက်ကို သောက်ကာ စိတ်ညစ်တိုင်း ဟိကလစ်ကို နှိပ်စက်သည်။ ကက်သရင်းက အိမ်ဖော်နယ်လီအား သူသည် ဟိကလစ်ကို တကယ်ချစ်သည်။ သို့သော် လက်မထပ်နိုင်။ အက်ဂါ လင်တန်ကို လက်ထပ်မည်။ ဟိကလစ်မှာ သူနှင့် အဆင့်အတန်း မတူ။ ထို့ကြောင့် သဘောတူမည် မဟုတ်ဟု ဆိုသည်။ ထိုစကားကို ဟိကလစ် ကြားသွားရာ ထိုညမှာပင် အိမ်မှ ထွက်ပြေးသည်။ တစ်နေ့တွင် ကြီးပွားချမ်းသာလာမှ လေထန် ကုန်းသို့ ပြန်လာပြီး ကက်သရင်းကို လက်ထပ်ယူမည်ဟု ဆုံးဖြတ်သည်။ ကက်သရင်းသည် မိုးကြီးသည်းထန်နေသည့်အကြား၊ လျှပ်ပြက် မိုးကြိုးပစ်နေသည့် အကြား ဟိကလစ်ကို လိုက်ရှာသေးသည်။ နောက်တစ်နေ့တွင် ကက်သရင်း တစ်ယောက် အပြင်းအထန် ဖျားသည်။ ကာလအတန်ကြာမှ သက်သာသည်။ အက်ဂါလင်တန်ကို သုံးနှစ်ကြာမှ လက်ထပ်လိုက်သည်။ ထို့နောက် သရတ်ကရော့ အိမ်ကြီးသို့ ပြောင်းရွှေ့ကာ အေးချမ်းစွာ နေထိုင်လေသည်။

www.nyisay.com



တစ်နေ့တွင် ဟီကလစ် ပြန်ရောက်လာသည်။ ချမ်းသာလာကာ တောက်တောက်ပြောင်ပြောင် ဖြစ်လာသည်။ လေထန်ကုန်း၌ပင် ငှားရမ်းနေထိုင်သည်။ ကက်သရင်းကမူ သူ့ကို အားရဝမ်းသာ ကြိုဆိုသည်။ အက်ဂါက မကြိုက်။ ရန်သူဟောင်း ဟင်ဒလေသည် ပိုက်ဆံရသဖြင့် သဘောကျနေသည်။ သောက်လိုက် စားလိုက် ကစားလိုက်နှင့် နောက်ဆုံးတွင် ဟင်ဒလေမှာ ကြွေးတင်လာသည်။ သို့နှင့် လေထန်ကုန်းမှာ ဟီကလစ် လက်ထဲသို့ ရောက်လာသည်၊ သရုတ်ကရော့သို့လည်း ခဏခဏ သွားလည်သည်။ ကြာသော် အစ်ဇဗဲလားနှင့် ငြိစွန်းသည်။ တားသော်လည်း မရ။ အစ်ဇဗဲလားသည် အရူးအမူး ဖြစ်နေသည်။ တစ်နေ့တွင် အက်ဂါက သူတို့ အိမ်သို့ မလာရန် ပြောသည်တွင် ချက်ကောင်းယူကာ အစ်ဇဗဲလားကို ခိုးပြေးသည်။

သရုတ်ကရော့သို့ ဟီကလစ် မလာရ။ တစ်နေ့တွင်ကား ကက်သရင်းသည် သမီးလေး မွေးပြီး နေမကောင်းကာ အိပ်ရာထဲ လဲနေသည်။ သေတော့မည်ကို သိသဖြင့် ဟီကလစ်သည် ဖွတ်အတင်း လာတွေ့သည်။'ရှင်နဲ့ အက်ဂါက ကျွန်မကို သတ်တာပဲ'ဟု ကက်သရင်းက ဆိုသည်။ ထိုနောက် မျက်ရည်စက်လက်နှင့် သူ မှားကြောင်း ကက်သရင်းက ဝန်ခံသည်။ ထိုညမှာပင် ကက်သရင်း သေသည်။

ဟီကလစ်သည် သစ်ပင်ကို ခေါင်းနှင့် ဆောင့်ကာ ကက်သရင်းတစ္ဆေက သူ့ကိုပါ သေရွာသို့ ခေါ်ရန် အော်ဟစ် ငိုယိုသည်။

ထိုနောက် အစ်ဇဗဲလားလည်း သူ့ကို စွန့်ခွာသည်။ သားတစ်ယောက်မွေးကာ သေရွာသို့ မြန်းသည်။ သားငယ်ကို သရုတ်ကရော့သို့ ခေါ်လာသည်။ ထိုအခါတွင် ဟင်ဒလေ အန်းရှောလည်း အရက် အလွန်အကျွံ သောက်ကာ သေသွားသည်။ လေထန်ကုန်းကို ဟီကလစ် ပိုင်ရတော့သည်။

ယခုမူ ဟီကလစ် ဆန္ဒ ပြည့်ဝလာပြီ။ သူ့သားငယ်ကို ပြန်ခေါ်လာသည်။ ကက်သရင်း၏ သမီးငယ် ကက်သရင်းလင်တန်နှင့် သူ့သားကို ပေးစားသည်။ သို့သော်လည်း သူ့သားမှာ ချူနာသည်ဖြစ်သဖြင့် များမကြာမီပင် သေဆုံးသွားသည်။ ဟင်ဒလေ၏သား ဟဲယာတန်နှင့် ကက်သရင်း၏ သမီးတို့မှာ ယခုအခါ သူ့အရိပ်အာဝါသကို ခိုလှုံနေကြရသည်။

ဟီကလစ်၏ စိတ်ဓာတ်ကား လက်စားချေရေးပင် ဖြစ်သည်။ သူ အမုန်းကြီး မုန်းခဲ့သူတို့ကို လက်စားချေကာ လေထန်ကုန်းကို အပိုင်စီး လိုက်ရငြားလည်း နောက်ဆုံးတွင် သူ့မှာ အဖော်ကင်းမဲ့ကာ ပြုစုမည့်သူ မရှိဘဲ သေရသည်။ သူ သေလျှင် ဟင်ဒလေ၏သားနှင့် ကက်သရင်း၏ သမီးတို့သည် မောင်လည်

www.nyisay.com



နှမလည်း အိမ်ထောင်ပြုကြသည်။ ထိုနောက် သရက်ကရော့သို့ ပြောင်းနေကြသည်။ လေထန်ကုန်းကိုမူ ပိတ်ထားခဲ့လေသည်။

ဤဝတ္ထုကို ဒဂုန်ခင်ခင်လေးက **ဂုဏ်မြင့်သူ** အမည်ဖြင့် မှီးရေးခဲ့ဖူးသည်။ သိပ္ပံစိုးလှကလည်း ၁၉၆၀ ခန့်တွင် ငွေတာရီမဂ္ဂဇင်း၌ ပင်မြင့်**မာလာ**အမည်ဖြင့် မြန်မာပြန်ခဲ့၏။ ကျော်လှိုင်ဦးက **လေထန်ကုန်း**အမည်ဖြင့် ၁၉၈၄ တွင် တိုက်ရိုက်ပြန်ဆို ထုတ်ဝေခဲ့သည်။

## အနှစ်မဲ့ ကမ္ဘာ (၁၈၄၇-၄၈)

## ဝီလျံ မိတ်ပိစ သက်ကရေး(၁၈၁၁-၁၈၆၃)

**အနှစ်မဲ့ကမ္ဘာ** ဝတ္ထုသည် အင်္ဂလိပ် အသောညှပ် ဝတ္ထုများတွင် ထင်ရှားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ရေးသူမှာ ဝီလျံ မိတ်ပိစ သက်ကရေး ဖြစ်သည်။

**အနှစ်မဲ့ကမ္ဘာ** ဝတ္ထု၌ သက်ကရေးသည် ခေတ်ဆန်သော အင်္ဂလိပ် လူ့အလွှာတစ်ခု၏ ရှုးသွပ်မှု၊ လောဘရမ္မက်ကြီးမှု၊ ပ လွှားမှုတို့ကို ဖော်ပြသည်။ သက်ကရေး၏ ဝတ္ထုဟန်သည် သူ့ထက် ရှေးဦးကျသော စာရေးဆရာကြီးများ ဖြစ်ကြသည့် ဟင်နရီဖီးလဒင်း၊ ဂျိန်းအော်စတင်တို့၏ အစုအစဉ်ကို လိုက်သော ဟန် ဖြစ်သည်ဟု ဝေဖန်ရေးဆရာတို့က ဆိုကြသည်။ ဟင်နရီဖီးလဒင်းသည် သူ၏နာမည်ကျော် တွမ်ဂျုန်း ဝတ္ထု၌ ဝေဖန်ချက်များ၊ အထင်အမြင်များကို ကြားညှပ်၍ ထည့်သွင်းသည်။ သက်ကရေးကမူ သူ၏ဝေဖန်ချက်၊ ထင်မြင်ချက် များကို စာဖတ်သူ၏ ကိုယ်ထဲသို့ ထိုးသွင်းပြီး သူ့ဇာတ်ဆောင်များကို ဝေဖန် စောကြောစေသည်။

အေမလီယာ ဆီဒလေနှင့် ဗက်ကီရှပ်ဆိုသော မိန်းမပျိုကလေးနှစ်ဦးသည် မစ္စပင်ကာတန်၏ မိန်းကလေးကျောင်းမှ သင်တန်းများကို အောင်မြင်ပြီးမြောက် ကြလေပြီ။ အေမလီယာ ဆီဒလေသည် ချမ်းသာကြွယ်ဝသော လန်ဒန်ကုန်သည် ကြီးတစ်ဦး၏ သမီးဖြစ်သည်။ ဗက်ကီရှပ်ကား ဆင်းရဲနွမ်းပါးသော မိဘမဲ့တစ်ဦး ဖြစ်သည်။ ဗက်ကီ၏အဖေသည် ပန်းချီဆရာဖြစ်ပြီး အမေကား ပြင်သစ်လူမျိုး

www.nyisay.com



အော်ပရာ ဇာတ်သမတစ်ဦး ဖြစ်လေသည်။ သူတို့နှစ်ဦး အဆင့်အတန်း ကွာခြားကြသော်လည်း တစ်ဦးကိုတစ်ဦး ချစ်ခင်ကြလေသည်။ သင်တန်းများ ပြီးဆုံးသဖြင့် အေမလီက အိမ်သို့ ပြန်မည်။ ဗက်ကီက အေမလီနှင့်အတူ လိုက်သွားပြီး ချမ်းသာကြွယ်ဝသော အိမ်တစ်အိမ်အိမ်၌ အိမ်ထောင်စီမံသူ အဖြစ် လုပ်ကိုင်မည်ဟု စိတ်ကူးထားသည်။

ဗက်ကီရှပ်သည် မိမိ၏ ဆင်းရဲနွမ်းပါးသော အဖြစ်ကို ခံစားမိတိုင်း မကျေမနပ်ဖြစ်ကာ တစ်နေ့နေ့တွင် ကြီးပွားချမ်းသာသူ ဖြစ်လာရမည်ဟု စိတ်ပိုင်းဖြတ်မိလေသည်။ ဗက်ကီသည် မိမိ ကြီးပွားချမ်းသာဖို့အတွက် ဘာမဆို လုပ်ကိုင်မည်ဟုလည်း သန္နိဋ္ဌာန် ချမှတ်ထားသည်။

ဗက်ကီသည် အေမလီတို့အိမ် ရောက်သောအခါ အိန္ဒိယနိုင်ငံ၌ စစ်မှုထမ်းရာမှ ပြန်လာအနားယူနေသော ဂျိုးဇက်ဆီဒလေကို တွေ့ရသည်။ အေမလီ၏ အစ်ကို ဖြစ်သည်။ ဂျိုးဇက်သည် ခပ်ဝဝ၊ ခပ်ထုံထုံ၊ ခပ်မှုံးမှုံး ဖြစ်သော်လည်း ဗက်ကီသည် ဂျိုးဇက်ကို မြူဆွယ်လေတော့သည်။ အေမလီနှင့် ဂျိုးဇက်မောင်နှမကား လူချမ်းသာ၏ သားသမီးများ ဖြစ်သည် မဟုတ်လား။ သို့သော် ဗက်ကီ၏ အမြူအဆွယ်တို့ ပျက်ပြယ်သွားရသည်။ အဘယ့်ကြောင့်ဆိုသော် အေမလီ၏ ချစ်သူ ဂျော့အော့စဗန်းက ဂျိုးဇက်ဆီဒလေကို အိန္ဒိယသို့ ပြန်သွားသင့်ကြောင်း တိုက်တွန်းသည်ကို ဂျိုးဇက်က လက်ခံလိုက်သောကြောင့် ဖြစ်သည်။

ဂျိုးဇက်နှင့် လက်ထပ်ယူနိုင်အောင် ကြံစည်မြူဆွယ်မှုများ ပျက်ပြယ်သွားသောအခါ ဗက်ကီသည် အေမလီတို့ထံမှ မျက်ရည်စက်လက်နှင့် ထွက်ခွာခဲ့လေသည်။ ဗက်ကီသည် ဟမ်းရှိုင်းယားရှိ ကြေးရတတ် ဆာပစ်ကရော်လေတို့ အိမ်၌ အိမ်ထောင်စီမံသူ အလုပ်ရလေသည်။ ဆာပစ်ကရော်လေတို့ အိမ်၌ အလုပ်သာ လုပ်ရသော်လည်း ဗက်ကီသည် မပျော်မွေ့ရှာပေ။ ဆာပစ်ကရော်လေသည် ကပ်စေးနဲ့ကော်တရာ ဖြစ်သည်။ ညစ်ညမ်းသည်။ အိမ်သူအိမ်သားများအပေါ် အာဏာရှင်ကြီးသဖွယ် တင်းကျပ်စွာ အုပ်ချုပ်သည်။ ဗက်ကီသည် ဆာဗစ်ကရော်လေ၏ နှမ မစ္စကရော်လေနှင့် ဆာပစ်ကရော်လေ၏ သား ရော်ဒွန်ကရော်လေတို့ ရောက်လာသောအခါ ပျော်မွေ့သလိုလို ရှိလာသည်။ အဘယ်ကြောင့်ဆိုသော် ကရော်လေမိသားစုတွင် ဤကရော်လေ သုံးယောက်သည် သူ့ဘဝခရီးအတွက် အရေးပါသည်ကို သိရသောကြောင့် ဖြစ်သည်။ ရော်ဒွန်ကရော်လေသည် အင်္ဂလိပ် စစ်တပ်တွင် ဗိုလ်ကြီးဖြစ်သည်။ ဟော့ဟော့ရမ်းရမ်း နေတတ်သည်။ လောင်းကစား ကြူးသည်။ မစ္စကရော်လေက သူ့တူ ရော်ဒွန်ကို ချစ်သဖြင့် ရော်ဒွန့်အပေါ် တင်ရှိသော လောင်းကစားကြွေးများကို မညည်းမညူ ဆပ်လေ့

www.nyisay.com



ရှိသည်။ မစ္စ ကရော်လေ ချမ်းသာကြွယ်ဝသည်ကို သိသော ဗက်ကီသည် မစ္စ ကရော်လေ သဘောကျအောင် နေထိုင်သည်။ ရိုဒွန်ကရော်လေသည် မစ္စကရော်လေ၏ အသက်ဘူး ဖြစ်သည်ဟု တွက်ဆမိသော ဗက်ကီသည် ရိုဒွန်ကို သူ့အသက်ဘူး အချစ်ဦးဖြစ်အောင် လုပ်ခဲ့သည်။ မစ္စကရော်လေသည် ဗက်ကီကို သူ့နေအိမ်သို့ ခေါ်သွားသည်။ ဗက်ကီမှ ဗက်ကီ ဖြစ်နေသည်။

ဆာပစ်ကရော်လေသည် နှမ မစ္စကရော်လေ အိမ်သို့ ပေါက်ချလာပြီး သူ့ဇနီးသည် သေဆုံးသွားပြီဖြစ်ကြောင်း ပြောသည်။ တစ်ချိန်တည်းမှာပင် ဗက်ကီကို သူ့အိမ်သို့ ပြန်လိုက်ခဲ့ပါရန် တောင်းပန်သည်။ ဆာပစ်ကရော်လေက ဗက်ကီကို မစ္စက်ကရော်လေအဖြစ် သူ့အိမ်သို့ လိုက်ပါရန် ဒူးထောက်၍ တောင်းပန်သောအခါ ဗက်ကီသည် မချိတင်ကဲ ဝမ်းနည်းမိရှာသည်။ ချမ်းသာကြွယ်ဝသော ဆာပစ်ကရော်လေက သူ့ကိုလက်ထပ်ရန် တောင်းဆိုလိမ့်မည်ဟု မထင်မှတ်ခဲ့သောကြောင့် ရော်ဒွန်နှင့် သူ လက်ထပ်ခဲ့သည်။ ရတနာပုံကြီးနှင့် လွဲရသည်ဟု တွေးကာ မချိတင်ကဲ ဖြစ်ရသည်။

ဗက်ကီနှင့် ရော်ဒွန်တို့ လက်ထပ်သည်ကို မစ္စကရော်လေက လုံးဝ သဘောမတူသဖြင့် ရော်ဒွန်ကို အမွေဖြတ်သည်။ ပြီး သူ့အမွေ မှန်သမျှကို ရော်ဒွန်၏ အစ်ကိုအား လွှဲပေးသည်။

ထိုအချိန်တွင် အေမလီယာ ဆီဒလေတို့ မိသားစုမှာ စီးပွားပျက်သွားသည်။ ထို့ကြောင့် ဂျော့အော့စဗန်း၏ ဖခင်ကြီးက ဂျော့နှင့် အေမလီယာတို့ လက်ထပ်ရန်ကိစ္စကို ပြင်းပြင်းထန်ထန် ကန့်ကွက်သည်။ ဂျော့အော့စဗန်းသည် အေမလီယာကို ချစ်သော်လည်း သူ့ဘာသာသူ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး နေလိုစိတ်က ပြင်းထန်သည်။ နောက်ဆုံးတွင် အေမလီယာကို တိတ်တခိုး ချစ်နေမိသူ ကပ္ပတိန်ဒေါ့ဗင်က အေမလီယာတစ်ယောက် သူချစ်သော အော့စဗန်းနှင့် ပေါင်းသင်းနိုင်ပါစေ ဟူသော စေတနာဖြင့် အော့စဗန်းကို အေမလီယာနှင့် လက်ထပ်ရန် အတင်းအကျပ် တိုက်တွန်းသည်။ အော့စဗန်းသည် အေမလီယာနှင့် လက်ထပ်ပြီး ဗရိုက်တန်သို့ ပျားရည်ဆမ်းခရီး ထွက်ခဲ့သည်။

ဗရိုက်တန်တွင် ဗက်ကီတို့အတွဲနှင့် သွားဆုံသည်။ အေမလီယာနှင့် လက်ထပ်ပြီး တစ်လခွဲမျှသာ ကြာသေးသော်လည်း ဂျော့အော့စဗန်းသည် အေးစက်သော သူ့မယားထက် တက်ကြွဖျတ်လတ်သော ဗက်ကီကို သဘောကျနေသည်။ သူသည် ဗက်ကီကို ကြာခိုရန် ချော့မြူနေဆဲ စစ်တပ်အမိန့်အရ ဘယ်လဂျီယံသို့ စစ်ထွက်ရသည်။ နပိုလီယံ ဗိုနပတ်သည် အယ်လဗာအရပ်တွင် အကျဉ်းချထား ခံရာမှ လွတ်မြောက်သွားပြီး သူ့စစ်တပ်နှင့် ဘယ်လဂျီယံသို့ ဝင်တိုက်

www.nyisay.com



သည်ကို ကာကွယ်ရန် စစ်ထွက်ရသည်။ အော့စဗန်းသာမက ရော်ဒွန်၊ ဒေါ့ဗင်တို့လည်း ဘယ်လဂျီယံ စစ်မြေသို့ ထွက်ရသည်။ ဂျော့အော့စဗန်းသည် စစ်မြေပြင်၌ ကျဆုံးသည်။ ရော်ဒွန်မှာ ရဲဝံ့သတ္တိပြောင်မှုအတွက် ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့် ချီးမြှောက်ခြင်း ခံရသည်။

ဗက်ကီနှင့် ရော်ဒွန်အတွဲသည် ပဲရစ်သို့ ရောက်လာသည်။ ပဲရစ်မြို့တွင် ရော်ဒွန်သည် လောင်းကစားဝိုင်းများ၌ နာမည်ရလာသည်။ ဗက်ကီသည်လည်း သူ့အလှကို ယစ်မူးနေကြသူများ အကြား၌ ပျော်မွေ့နေသည်။ ဗက်ကီသည် ဤသို့ ပျော်မွေ့နေသည့် အကြားမှပင် ရော်ဒွန်အတွက် သားကလေးတစ်ဦးကို မွေးပေးနိုင်ခဲ့သည်။ ရော်ဒွန်သည် သူ့သားကို အလွန်ချစ်ခင် တွယ်တာလေသည်။

ခင်ပွန်းသည်ကို တိုက်ပွဲ၌ ဆုံးရှုံးလိုက်ရသော အေမလီယာအဖို့မှာကား ဒုက္ခတွေ ဆင့်ကဲဆင့်ကဲ တွေ့နေရသည်။ ဂျော့နှင့်ရသော ကလေးကို လည်းကောင်း၊ ကလေးအမေကို လည်းကောင်း ဂျော့အဖေက အတွေ့မခံပေ။ အဘိုးကြီးသည် ခေါင်းမာလျက် ရှိ၏။ ဆင်းရဲမွဲတေသွားသော မိဘနှင့်အတူ အေမလီယာသည် ညှိုးငယ်စွာ နေထိုင်နေရခိုက် ဗက်ကီတို့ လင်မယားသည် လန်ဒန်သို့ ပြန်ရောက်လာသည်။

ဗက်ကီတို့အတွဲသည် ထုံးစံအတိုင်း လင်က လောင်းကစား၊ မယားက အထက်တန်းလွှာထဲသို့ ထိုးဖောက်ဝင်ရောက်ရင်း ချမ်းသာသူ၊ ဂုဏ်ရှိသူတို့နှင့် အပေါင်းအသင်းလုပ်နှင့် ခပ်ပျော်ပျော်ပင် နေကြသည်။ ရော်ဒွန်သည် လောင်းကစားပွဲ၌ ရှုံးနေချိန် မယားဗက်ကီ၌ လက်ဝတ်ရတနာ တစ်ခုပြီးတစ်ခု တိုးလာသည်။ မိန်းမရည်ဝသော လူချမ်းသာ လော့စတီယင်းနှင့် ဗက်ကီ ဖောက်ပြန်နေသည်။ တစ်နေ့တွင် လောင်းကစားရာမှ ပြန်လာသော ရော်ဒွန်သည် ဗက်ကီနှင့် လော့စတီယင်းတို့ ပလူးနေကြသည်ကို လက်ပူးလက်ကြပ် မိသည်။ ရော်ဒွန်သည် ဗက်ကီထံမှ ထွက်ခွာ ပြေးလေတော့သည်။

အေမလီယာတို့ သားအမိမှာ ဒုက္ခနယ်ထဲမှ မလွတ်မြောက်နိုင်သေး။ အေမလီယာ၏ မိဘတို့မှာလည်း ပင်ပန်းလှပြီ။ နောက်ဆုံးတွင် အေမလီယာသည် ဂျော့အော့စဗန်း၏ ဖခင်ကို သူ့မြေး၏ တာဝန်ယူရန် အတင်းအကျပ် ပြောရတော့သည်။ အဘိုးကြီးက လက်ခံလိုက်သည်။ သို့သော် အေမလီယာကိုမူ သူ့သားနှင့် မကြာခဏ တွေ့ဆုံခွင့် မပေးပေ။

အေမလီယာ၏ အစ်ကို ဂျိုးဇက်နှင့် အေမလီယာကို တိတ်တခိုးချစ်သူ ဒေါ့ဗင်တို့ အိန္ဒိယ၌ ၁၀ နှစ်ကြာ အမှုထမ်းပြီး ပြန်လာကြသောအခါ အေမလီယာ၏ ကံကြမ္မာ တစ်မျိုးပြောင်းလာသည်။ အေမလီယာ၏ အစ်ကိုသည် ပစ္စည်း

www.nyisay.com



ဥစ္စာ အတော်အတန် စုမိလာသဖြင့် စီးပွားရေး ပျက်ယွင်းနေသော သူတို့မိသားစုကို ပြန်လည်ထူထောင်သည်။ ဂျော့အော့စဗန်း၏ ဖခင်ကြီး သေဆုံးသွားသဖြင့် သူ့မြေး (အေမလီယာ၏သား) အမွေရသည်။ တဖြည်းဖြည်း စီးပွားဥစ္စာ ချောင်လည်လာသော ဂျိုးဇက်ဆီဒလေသည် သူ့နှမ၊ သူ့မိတ်ဆွေ ဒေါ့ဗင်တို့ကို ဥရောပ တစ်ခွင်သို့ အလည်အပတ် ခေါ်ဆောင်သွားသည်။ ဂျာမနီသို့ ရောက်သောအခါ အညံ့စား တည်းခိုခန်း၌ ဝေ်ဝေ်ပြတ်ပြတ် နေနေရသော ဗက်ကီကို သွားတွေ့သည်။ ဗက်ကီကား ရော်ဒွန် သူ့ထံမှ ထွက်ပြေးပြီးနောက် သူ့ကလေးကို ဆာပစ် ကရော်လေထံ၌ အပ်ထားပြီး အင်္ဂလန်နှင့် ဝေးရာသို့ ထွက်ခွာလာသည်။ ဥရောပ တိုက် မြို့များတွင် ပျော်ပါးလွတ်လပ်စွာ နေသည်။ လင် တစ်လင်ပြီး တစ်လင် ပြောင်းလဲ ယူသည်။ ဂျာမနီတွင် ဤပုံ နေနေစဉ် အေမလီယာတို့ မောင်နှမနှင့် သွားတွေ့ခြင်း ဖြစ်သည်။

ကြင်နာသနားတတ်သော အေမလီယာက သူငယ်ချင်း ဗက်ကီကို သူတို့နှင့် လာနေရန် ခေါ်သည်။ ဒေါ့ဗင်က ဗက်ကီ၏စရိုက်ကို သိ၍ မခေါ်ရန် တားမြစ်သည်ကို အေမလီယာက လက်မခံပေ။

ဗက်ကီသည် ချမ်းသာကြွယ်ဝသော ဂျိုးဇက်ကို ပြန်တွေ့သည်နှင့် တစ်ပြိုင်နက် အမိဖမ်းလိုက်သည်။ သူသည် ဤသို့ဖြင့် ဂျိုးဇက်နှင့် ပေါင်းသင်းပြန်သည်။ ထုံအအ ဂျိုးဇက်ကို ဗက်ကီက အသက်အာမခံတွင် အာမခံလျော်ကြေး လွှဲပြောင်း ပေးရမည့်သူအဖြစ် သူ့ကို အမည်သွင်းပါရန် ဖြားယောင်းသည်။ ဂျိုးဇက်ကလည်း အာမခံလျော်ကြေးကို ဗက်ကီနာမည်နှင့် ထားလိုက်သည်။ ထို့နောက် အတန်ကြာတွင် ဂျိုးဇက် သေဆုံးသွားသည်။ သေပုံက ထူးထူးဆန်းဆန်း ဖြစ်သည်။ အာမခံကြေးရသော ဗက်ကီသည် လူချမ်းသာမကလေး ဖြစ်လာသည်။ အသိုင်းအဝိုင်းက ဖူးဖူးမှုတ် ခံရသူ ဖြစ်လာသည်။

ဤမျှ အနှစ်မဲ့သော ဗက်ကီသည် သူ့ဘဝ၌ ကောင်းမှုတစ်ခု လုပ်ခဲ့သည်။ ဒေါ့ဗင်က အေမလီယာကို လက်ထပ်ယူပါရစေဟု မကြာခဏ တောင်းပန်သည်ကို အေမလီယာက ငြင်းပယ်နေသည်။ အဘယ်ကြောင့်ဆိုသော် သွားလေသူ ခင်ပွန်းကို သစ္စာရှိရမည် ဖြစ်သောကြောင့်တည်း။ ဤအကြောင်းကိုသိသော ဗက်ကီသည် အေမလီယာကို စာတစ်စောင် ထုတ်ပြသည်။ ထိုစာကား ဂျော့အော့စဗန်း ဘယ်လဂျီယံသို့ စစ်ထွက်ခါနီး ဗက်ကီအား သူနှင့် ခိုးရာလိုက်ခဲ့ပါဟု တောင်းပန်ထားသော စာ ဖြစ်သည်။

အေမလီယာသည် ထိုအဖြစ်ကို သိမှ ဒေါ့ဗင်၏ တောင်းဆိုချက်ကို လိုက်လျောကာ အင်္ဂလန် တောအရပ်၌ပင် အေးချမ်းစွာ အခြေစိုက် နေထိုင်လေသည်။

www.nyisay.com

## ကွန်မြူနစ် ကြေညာစာတမ်း (၁၈၄၈)

### မတ် နှင့် အိန်းဂျဲ

ဆယ့်ကိုးရာစု အလယ်တွင် အလှုပ်ရှားဆုံးစာအုပ် ဖြစ်သည်။ ၁၈၄၈ တွင် ထွက်သည်။ ယင်းသည် ပစ္စည်းမဲ့ လူတန်းစား တစ်ရပ်လုံး၏ မီးရှူးတန်ဆောင် ဖြစ်လာသည်။

**ကွန်မြူနစ်ပါတီ ကြေညာစာတမ်း** ဟူ၍ ရေးသားခဲ့သော်လည်း အများက **ကွန်မြူနစ် ကြေညာစာတမ်း** ဟုသာ အတိုကောက်အားဖြင့် အသိအမှတ် ပြုကြသည်။

၁၈၄၇ နိုဝင်ဘာတွင် ကျင်းပသော ကမ္ဘာ့ကွန်မြူနစ် အဖွဲ့ချုပ်၏ ဒုတိယ ကွန်ဂရက်က ကြေညာစာတမ်းတစ်စောင် ထုတ်ရန် ဆုံးဖြတ်သည်။ ကားလမတ်နှင့် ဖရက်ဒရစ် အိန်းဂျဲတို့ကို တာဝန်ပေးသည်။ အမှန်စင်စစ် ကွန်မြူနစ်အဖွဲ့ချုပ်ဆိုရသော်လည်း လန်ဒန်ကော်မတီနှင့် ဘရတ်ဆဲ ကော်မတီ ဟူ၍ နှစ်ခုရှိသည်တွင် လန်ဒန်ကော်မတီက မတ်နှင့် အိန်းဂျဲတို့အား စာတမ်းရေးရန် ညွှန်ကြားခြင်း ဖြစ်သည်။

ဗဟိုကော်မတီသည် ဘရတ်ဆဲ ဒိစတြိတ်ကော်မတီအား ဤသို့ ညွှန်ကြားလိုက်သည်။ ကော်မတီသည် မတ်အား ရှာ၍ အကြောင်းကြားရမည်မှာ သူရေးသားမည်ဟု ကတိဝန်ခံခဲ့သော ကွန်မြူနစ်ပါတီ၏ ကြေညာစာတမ်းကို ၁၈၄၈

www.nyisay.com



ဖေဖော်ဝါရီလ ၁ ရက်နေ့ဖြစ်သော အင်္ဂါနေ့မတိုင်မီ အပြီးရေးကာ လန်ဒန်အဖွဲ့ချုပ်သို့ ပေးအပ်ရမည်။ အကယ်၍ သူ၏တာဝန်ကို မကျေပွန်ခဲ့သော် သူ့အား ပေးထားသည့် စာရွက်စာတမ်းများကို ဗဟိုကော်မတီအား ပြန်အပ်ရမည်ဟု ညွှန်ကြားချက်က ဆိုသည်။

ကားလမတ်ကား ကြေညာစာတမ်းကို ရေးရန် အသင့်ရှိသည်။ ဖေဖော်ဝါရီ ၁ ရက် မတိုင်မီ ပေးအပ်နိုင်မည် ဖြစ်သည်။ သို့သော်လည်း ပြင်သစ်ပြည်တွင် ဖြစ်ပွားသော ဖေဖော်ဝါရီ တော်လှန်ရေးသည် လည်းကောင်း၊ ထိုနှစ်တွင် ဂျာမနီပြည်၌ ဖြစ်ပွားသည့် ဆူပူလှုပ်ရှားမှုတို့သည် လည်းကောင်း ကွန်မြူနစ်ကြေညာစာတမ်း၏ ပယောဂ လုံးဝမပါ ဆိုသည့်အချက်သည် အရေးကြီးသည်။ ဂျာမနီပြည်တွင် ကွန်မြူနစ်ကြေညာစာတမ်းကို ၁၈၄၈ ဇွန်လနောက်ပိုင်းတွင်မှ သိကြသည်။ ထုတ်ဝေစတွင် လန်ဒန်နှင့် ဘရတ်ဆဲတို့တွင် ရှိနေကြသော ကွန်မြူနစ်အဖွဲ့ချုပ်ဝင်တို့သာ ဝေ၄ ဖတ်ရှုကြရသည်။

မတ်နှင့် အိန်းဂျဲတို့ နှစ်ယောက်၏ လက်ရာဖြစ်သော်လည်း မတ်ကွယ်လွန်ပြီးသည့် နောက်ပိုင်း၌မူ ကြေညာစာတမ်း၏ သဘောတရားတို့မှာ မတ်၏ သဘောတရားများသာ ဖြစ်သည်ဟု အိန်းဂျဲက အမြဲရေးသား ပြောဆိုခဲ့သည်။

ယင်းကို နားလည်ရန် အိန်းဂျဲရေးသည့် **ကွန်မြူနစ်အဖွဲ့ချုပ် သမိုင်း၊** မတ် ရေးသည့် **၁၈၄၈–၅၀ ခုနှစ်များအတွင်း ပြင်သစ်ပြည် လူတန်းစား တိုက်ပွဲ** ဟူသော စာအုပ်နှစ်အုပ် တွဲ၍ ဖတ်ကြရမည်။

ထိုခေတ်တွင် လူထု ဆူပူလှုပ်ရှားမှု၊ တက်ကြွမှုသည် အထွတ်အထိပ်သို့ ရောက်နေသည်။ သို့သော် အလုပ်သမား အရေးတော်ပုံတို့၌ တော်လှန်ရေး သဘောတရားဟူ၍ မည်မည်ရရ မရှိခဲ့။

ကြေညာစာတမ်းတွင် အောက်တွင် ဖော်ပြထားသည့် ခေါင်းစဉ်ကြီး ငါးခုအောက်၌ တော်လှန်ရေး သဘောတရားများကို တင်ပြခဲ့သည်။

**၁။ လူတန်းစားတိုက်ပွဲ သဘောတရား**

သမိုင်းဦး ဘုံမြေခေတ် ဆိတ်သုဉ်းပြီးနောက် ပေါ်ထွန်းခဲ့သမျှ လူ့အဖွဲ့အစည်းတို့၏ သမိုင်းသည် လူတန်းစားတိုက်ပွဲ သမိုင်းမျှသာ ဖြစ်သည်။ သမိုင်းဖြစ်စဉ်တွင် နောက်ဆုံးအဆင့်၌ အရင်းရှင်စနစ်ကို ရောက်လာသည်။ ယင်းနှင့်အတူ အရင်းရှင်စနစ်ကို ချေမှုန်းမည့် လူတန်းစားသစ် တစ်ရပ်လည်း ပေါ်လာသည်။ ထိုလူတန်းစားမှာ သွေးစုပ်ချယ်လှယ်ခံ ပစ္စည်းမဲ့လူတန်းစားသာ ဖြစ်သည်။ လူတန်းစား ကွဲပြားမှုမရှိသော ခေတ်သို့ ရောက်

www.nyisay.com



အောင် တိုက်ပွဲဆင်ရမည်။ အောင်ပွဲခံရလျှင် လူတန်းစား ကွဲပြားမှု ရှိတော့မည် မဟုတ်။

မတ်၏ သမိုင်းဆိုင်ရာ ရုပ်ဝါဒအမြင် ပေါက်ဖွားလာသည့် လူတန်းစားတိုက်ပွဲ သဘောတရားကို ဤတွင် တင်ပြခဲ့သည်။

**၂။ အရင်းရှင်လူ့ဘောင် ပေါ်ထွန်းလာပုံ**

အရင်းရှင်လူ့ဘောင်သည် မြေရှင်ပဒေသရာဇ် လူ့အဖွဲ့ အပျက်အစီးထဲမှ ပေါ်ထွန်းလာသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ မျက်မှောက်ခေတ်တွင် ပါလီမန်စနစ် ကြီးစိုးထဲ၌ နိုင်ငံရေးအာဏာကို စိုးပိုင်သူများ ဖြစ်လာသည်။ ခေတ်သစ် စက်မှုလုပ်ငန်းကြီးများ ထူထောင်ရာ၌ ကြီးမားသော ကုန်ထုတ်အင်အားစု အသစ်များကို အရင်းရှင်လူတန်းစားက မွေးထုတ်ပေးခဲ့သည်။ သို့ရာတွင် ယင်းသို့ ထူထောင်ရင်း မိမိ (အရင်းရှင်)အား မြေမြှုပ်မည့် သေတွင်းတူးသမားဖြစ်သော ပစ္စည်းမဲ့လူတန်းစားကိုလည်း အရင်းရှင်စနစ်က မွေးထုတ်ခဲ့သည်။

**၃။ ပစ္စည်းမဲ့လူတန်းစား ပေါ်ထွန်းလာပုံ**

လူတန်းစားသစ်တစ်ရပ် အနေဖြင့် တိုက်ပွဲဆင်ရင်း စည်းရုံးရေးအင်အား ကြီးမားဖွံ့ဖြိုးလာခဲ့သည်။ အရင်းရှင် လူတန်းစားက ပစ္စည်းမဲ့ လူတန်းစားအား နိုင်ငံရေးဇာတ်ခုံပေါ်သို့ ဆွဲတင်ခဲ့ခြင်း ဖြစ်သည်။ အရေးတော်ပုံအဆင့်ဆင့်၊ နိုင်ငံရေး အာဏာစက် အဆင့်ဆင့်ကို ဖြတ်ကျော်ရင်း ညီညီညွတ်ညွတ်နှင့် လူတန်းစားတစ်ရပ်အဖြစ် ရပ်တည်နိုင်ခဲ့ကြသည်။ ထိုနောက် ပစ္စည်းမဲ့ပါတီတစ်ရပ် ထူထောင်နိုင်ခဲ့ကြသည်။

ပစ္စည်းမဲ့သည် ဒီမိုကရေစီ ဖွံ့ဖြိုးရေးအတွက် မြေရှင်အကြွင်းအကျန်တို့ကို တိုက်ဖျက်ရေးအတွက် ထာဝစဉ် တိုက်ပွဲဝင်ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ဆိုရှယ်လစ်ရေးအတွက် အရင်းရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ရပြန်သည်။ ဆိုရှယ်လစ်အရေး အောင်မြင်မှသာ ပစ္စည်းမဲ့တို့သည် အုပ်ချုပ်ရေးအာဏာကို အကြွင်းမဲ့ စိုးပိုင်မည် ဖြစ်သည်။

**၄။ ဆိုရှယ်လစ်လောကမှ လူတန်းစားမဲ့ လောကသစ်သို့**

ဆိုရှယ်လစ်အောင်ပွဲ ရပြီးနောက် အုပ်ချုပ်ရေးအာဏာကို လက်ကိုင်ပြုလျက် ပစ္စည်းမဲ့တို့သည် အရင်းရှင်စနစ်ကို ဖြိုဖျက်ရန် ခေတ်ပြောင်းတော်လှန်ရေး တိုက်ပွဲများကို ဆင်နွှဲပြန်သည်။ အရင်းရှင် ကုန်ထုတ် ဆက်ဆံရေးစနစ်ကို ဖျက်သိမ်းစေသည်။ အရင်းရှင်လူတန်းစား လက်ဝယ်၌ ကြွင်းကျန်နေသည့် အာဏာကို သိမ်းပိုက်သည်။ ထိုနောက် လူတန်းစားမဲ့သော လူ့ဘောင်သစ်

www.nyisay.com



တစ်ခု ပေါ်ထွန်းလာလိမ့်မည်။ လူမှုဆက်ဆံရေးစနစ် အသစ်တစ်ခုသည်လည်း မုချ ပေါ်ထွန်းရမည် ဖြစ်သည်။ ထို လူ့အဖွဲ့အစည်းသစ်တွင် "လူတစ်ဦး တစ်ယောက်၏ လွတ်လပ်စွာ ဖွံ့ဖြိုးမှုကို အခြေခံလျက် လူ့အဖွဲ့အစည်း တစ်ရပ်လုံး၏ လွတ်လပ်စွာ ဖွံ့ဖြိုးမှု"အစဉ်အလာသည် အခွန့်ရှည်စွာ တည်တံ့နေမည် ဖြစ်သည်။

၅။ ကွန်မြူနစ်ပါတီ၏ ရည်ရွယ်ချက်

ကြေညာစာတမ်းတွင် ကွန်မြူနစ်ဝါဒ၏ ရည်ရွယ်ချက်များကို ဖော်ပြကာ ထောက်ခံရေးသားထားသည်။ ဆိုရှယ်လစ်ဆိုင်းဘုတ်အမျိုးမျိုး စိုက်သူများကိုလည်း ပြတ်ပြတ်သားသား တိုက်ခိုက်သည်။ ယင်းတို့၏ အာဘော်သည် အလုပ်သမားလူတန်းစား၏ အမြင်မဟုတ်။ ပုပ်သိုးဆွေးမြေ့စ ပြုနေသော မှူးမတ်လူတန်စား၊ အရင်းရှင်ပေါက်စ လူတန်းစား၊ အရင်းရှင် လူတန်းစား။ ယင်းတို့၏ ဖောက်ပြန်ရေး သဘောတရားအမြင်၊ သွေဖည်ရေး သဘောတရား အမြင်သာ ဖြစ်သည်။ ကွန်မြူနစ် သဘောတရားသည် လူတန်းစားတိုက်ပွဲမှ ပေါ်ထွန်းလာသည့် သဘောတရားအမြင် ဖြစ်သည်။

ကွန်မြူနစ်တို့သည် အလုပ်သမား လူတန်းစား၏ အကျိုးစီးပွားကိုသာ မျှော်ကိုးသည်။ ကွန်မြူနစ်တို့သည် အလုပ်သမားလူတန်းစား လွတ်မြောက်ရေး တိုက်ပွဲကို ဆင်နွှဲသည်။ ကွန်မြူနစ်တို့သည် ပစ္စုပ္ပန် အရေးတော်ပုံများမှ သင်ခန်းစာယူလျက် အနာဂတ်တိုက်ပွဲများကို ရှေ့ဆောင်သွားကြမည် ဖြစ်သည်။ ထိုအရေးတော်ပုံအတွက် အရင်းရှင်လူတန်းစားကို ချေမှုန်းကာ ပစ္စည်းမဲ့အာဏာ ထူထောင်နိုင်ရန် အလုပ်သမား လူတန်းစား ညီညွတ်ရေးကို အစဉ် စေ့ဆော်နေသူများ ဖြစ်သည်။

မြန်မာပြန်မှု အမျိုးမျိုးရှိသည်။

## ကြက်သွေးရောင် စာလုံး (၁၈၅၀)

### နသန်နီယယ် ဟောသွန်း (၁၈၀၄–၁၈၆၄)

အမေရိကန် စာပေလောကတွင် အမေရိကန်ပြည်ထောင်စု တည်ထောင်စကာလကို နောက်ခံပြု ရေးဖွဲ့သော ဝတ္ထုအများ ပေါ်ထွက်ခဲ့သည်။ ယင်းတို့တွင် အချို့ဝတ္ထု အနည်းငယ်မျှသည် ကမ္ဘာ့စာပေ ဂန္ထဝင် ဝတ္ထုများအဖြစ် ထင်ရှား၏။ ယင်းတို့တွင် **ကြက်သွေးရောင် စာလုံး** ဝတ္ထုသည် ထူးကဲထင်ရှားသော ဝတ္ထုဖြစ်သည်။

ထိုဝတ္ထုသည် အမေရိကန်ပြည်ထောင်စု တည်ထောင်စ လူ့အဖွဲ့အစည်းကို ဖော်ပြ၏။ ယင်းသို့ လူ့အဖွဲ့အစည်းကြောင်းကို ဖော်ပြရာတွင် လူ၏ကံ၊ တရားဥပဒေ၊ နှလုံးသားကိစ္စနှင့် လူ့စရိုက်ကို ဖော်ပြသော ဝတ္ထုအဖြစ် စာပေသမားအများ စိတ်ဝင်စားခြင်း ခံရသော ဝတ္ထုဖြစ်သည်။

အင်္ဂလန်မှ ဘာသာရေးပြဿနာကြောင့် အမေရိကတိုက်သို့ ခြေချလာကြသော လူအများသည် မိမိတို့ နယ်သစ် တည်ထောင်စ ကာလတွင် လူမှုရေးပြဿနာများကို အထူးစည်းကမ်းထား သတ်မှတ်ခဲ့ကြ၏။ ယခုဝတ္ထုသည် ၁၇ ရာစု အလယ်ပိုင်း မာဆာချူးဆက်ပြည်နယ် ဗော်စတွန်မြို့ တည်ထောင်စ ကာလကို နောက်ခံထား၏။ ထိုအခါ လူတို့သည် လူမှုရေးကျင့်ဝတ်များကို မဖောက်ဖျက်မိစေရန် အထူးသတ်မှတ်ထားသော စည်းကမ်းများရှိ၏။ အထူးသဖြင့် အိမ်ထောင်

www.nyisay.com



ရေးကျင့်ဝတ် ဖောက်ဖျက်မှုများကို ထောင်ချအပြစ်ပေးရုံမက ဘဝတစ်လျှောက်လုံး အရှက်တကွဲ ဖြစ်စေရန် ရင်အုံထက်တွင် ကြက်သွေးရောင် စာလုံးကြီးတစ်လုံးကို တပ်ဆင်ထားစေသည်။ ယင်းစာလုံးမှာ "ကြာခိုသူ"ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စာလုံး အတိုကောက် **အေ**(A)အက္ခရာစာလုံး ဖြစ်သည်။ ဤနည်းဖြင့် လင်ရှိမယားတစ်ယောက်သည် အခြားတစ်ယောက်နှင့် ဖောက်ပြန်မိပါက ထိုကြက်သွေးရောင် **အေ**(A)စာလုံးကြီးကို မိမိဘဝ တစ်လျှောက်လုံး ရင်အုံတွင် ဆင်မြန်းထားရလေ့ ရှိပေသည်။

ယခုဝတ္ထုသည် ယင်းသို့သော ပြစ်ဒဏ်တပ်ခံရသည့် မိန်းမတစ်ယောက်နှင့် သူ့သမီး၊ ပြစ်မှုကျူးလွန်သူတို့အကြောင်းကို ဖွဲ့ထားသောဝတ္ထု ဖြစ်သည်။

စာရေးဆရာသည် ၁၈၄၉တွင် ဆလမ်မြို့ အကောက်ရုံး၌ ဝင်ရောက်အမှုထမ်းခဲ့၏။ ယင်းသို့ အမှုထမ်းနေစဉ် တွေ့ရသော ကြက်သွေးရောင်စာလုံး အဝတ်စနှင့်အတူ ဂျိုနသန်ပျူး ဆိုသူ ရေးခဲ့သော မှတ်တမ်းများကို တွေ့ရမှ ဤဝတ္ထု ဖြစ်ပေါ်လာဟန် ဝတ္ထုအစပိုင်းတွင် ဖော်ပြခဲ့သည်။ ဝတ္ထုကို ဟက်စတာ ပရင်း အမည်ရှိ အမျိုးသမီးသည် လင်သားရှိပြီး လင်သားနှင့် နှစ်နှစ်တာ ကွဲကွာနေစဉ် ကိုယ်ဝန်ရှိလာသဖြင့် ကိုယ်ကျင့်ပျက်မှုဖြင့် အကျဉ်းထောင်၌ အပြစ်ပေးခံနေရာမှ လူပုံလယ် အရှက်ခွဲခံရန်နှင့် စစ်ဆေးရန် ထောင်ထဲက ထွက်လာသော အဖြစ်ဖြင့် စ ထားသည်။ ဟက်စတာပရင်းနှင့် သူ့လင်သည် အမေရိကသို့ လာမည်အပြု လင်ဖြစ်သူသည် ကိစ္စတစ်ခုနှင့် ကျန်နေရစ်ခဲ့ပြီး ယခုကဲ့သို့ ဤဒေသသို့ မိတ်ဆွေများနှင့်အတူ ရောက်လာခြင်း ဖြစ်သည်။ ထိုကဲ့သို့ ဤဒေသတွင် ဟက်စတာသည် တစ်ယောက်တည်း နေထိုင်စဉ် ကိုယ်ဝန်ရလာခြင်း ဖြစ်သည်။ ယခု ဟက်စတာ ကျခံရသော ပြစ်ဒဏ်မှာ မဆုံးသေး။ သူသည် အင်္ကျီရင်ပတ်ပေါ်တွင် ပြစ်ဒဏ်တပ် ကြက်သွေးရောင် စာလုံးကြီးကိုတပ်ပြီး လူပုံလယ်တွင် ရပ်ပြရဦးမည် ဖြစ်သည်။ ဟက်စတာသည် အဝတ်ချုပ် ပန်းထိုးဇာထိုး ကျွမ်းကျင်သူ ဖြစ်ရာ သူ့အင်္ကျီ ရင်ပတ်ပေါ်တွင် ကြက်သွေးရောင်စာလုံးကြီးကို ပိုးစဖြင့် ထင်းထင်းကြီး ချုပ်ထားပြီး ဖြစ်သည်။ သူ့ရင်ခွင်တွင် သုံးလသမီးကလေးကို ပွေ့ချီလျက် ပါလာ၏။ ဟက်စတာသည် ကလေးနှင့်တကွ လူပုံလယ်ရှိ ပြစ်ဒဏ်ပေး စင်ထက်သို့ တက်လာ၏။ မြို့သူမြို့သား အများသည် ဝိုင်းအုံစုဝေးနေ၏။ ဟက်စတာအား မလိုမုန်းထားသော အကြည့်၊ ရွတ်ချပြစ်တင်သော အကြည့်ဖြင့် ဝိုင်းအုံကြည့်ရှုနေ၏။ ပြစ်တင်ဝေဖန် ရွတ်ချပြောဆိုနေကြ၏။ ဟက်စတာသည်မူ မိမိအပြစ်အတွက် မိမိ အရှက်ခွဲခံရမည်ကို သိပြီးဖြစ်၍ စိတ်ကို တင်းထားဆဲမှာပင် လူပုံအလယ်၌ စိတ်ဓာတ် တုန်လှုပ်နေရလေပြီ။

www.nyisay.com



ထိုစဉ်တွင် လူအုပ်၏အစွန်း တောအုပ်တွင်းမှ လူတစ်ယောက် ထွက်လာ၏။ ထိုသူကို ဟက်စတာ မြင်လိုက်ရသောအခါ အံ့သြသွားသည်။ သို့သော် ထိုသူသည် ပါးစပ်တွင် လက်ညှိုးထောက်ပြကာ တိတ်တိတ်နေရန် သတိပေးလိုက်သဖြင့် ဟက်စတာသည် ခပ်မဆိတ် နေလိုက်၏။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးအရာရှိနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များသည် ဟက်စတာအား သူနှင့်အတူ ပြစ်မှုကျူးလွန်သော ယောကျ်ားသား၏အမည်ကို ထုတ်ဖော်ပြောပြရန် လူပုံအလယ်၌ပင် စစ်ဆေးလေတော့သည်။ ဟက်စတာမှာ သင်းအုပ်ဆရာ အာသာ ဒင်းစဒေး၏ အဆုံးအမနှင့် နေလာသူဖြစ်ရာ ယခု စစ်ဆေးရသူမှာလည်း ဒင်းစဒေးပင် ဖြစ်၏။ ဒင်းစဒေးသည် ဟက်စတာအား ဟက်စတာနှင့်အတူ ကျင့်ဝတ်ဖောက်ပြန်ခဲ့သော အမျိုးသား၏အမည်၊ ဟက်စတာ့ ရင်ခွင်ထဲက ကလေးအဖေအမည်ကို ဖော်ထုတ်ရန် အကြိမ်ကြိမ် စစ်မေး၏။ သို့သော် ဟက်စတာသည် "ဘူး" ကွယ်၍ နေခဲ့လေ၏။ သို့ဖြင့် ထိုနေ့အတွက် စစ်ဆေးမှု ပြီးဆုံးသဖြင့် ဟက်စတာအား ထောင်တွင်းသို့ ပြန်သွင်းလိုက်သည်။

ဟက်စတာသည် ထောင်တွင်း၌ မကျန်းမမာ ဖြစ်နေရာ ဆေးဆရာကြီးတစ်ယောက်က လာရောက်ကုသသည်။ ထိုဆေးဆရာကြီးကား ဟက်စတာ လူပုံလယ်၌ အရှက်ခွဲ အပြစ်ပေးခံရသောနေ့က ပေါ်လာပြီး ဟက်စတာအား တိတ်တိတ်နေရန် အထိမ်းအမှတ် ပြခဲ့သောလူ ဖြစ်သည်။ စင်စစ် ထိုသူကား ဟက်စတာ၏ ခင်ပွန်းဟောင်း ရောဂျားချီးလင်းဝပ် ဖြစ်၏။ ရောဂျားသည် မိမိဇနီးကို အဖော်များနှင့် ထည့်လိုက်ပြီး မိမိသည် နောက်ထပ်သင်္ဘောတစ်စင်းနှင့် လိုက်ခဲ့၏။ လမ်းတွင် သင်္ဘောပျက်ပြီး ရက်အင်ဒီယန်းများ၏ အဖမ်းကို ခံခဲ့ရ၏။ ထို့ကြောင့် ယခုကဲ့သို့ ဟက်စတာနှင့် ကွဲနေခြင်းဖြစ်သည်။ ယခု ရောဂျားသည် မိမိဇနီးအား အဘယ်သူနှင့် ဖောက်ပြန်သနည်း စစ်မေးပြန်သည်။ သို့သော် ဟက်စတာသည် မပြော။ ထို့ကြောင့် ရောဂျားသည် ဟက်စတာနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူကို ကိုယ်တိုင် ဖော်ထုတ်မည်ဖြစ်ကြောင်း ပြော၏။ မိမိအားလည်း လင်သားအဖြစ် မပြောရန် ကတိတောင်းလေသည်။

ဟက်စတာသည် အကျဉ်းထောင် အပြစ် ရက်စေ့သောအခါ မြို့စွန်တွင် သမီးငယ်နှင့်အတူ နေထိုင်၏။ အဝတ်ချုပ်၍ အသက်မွေး၏။ တစ်နေ့တွင် ဘုရင်ခံသည် ဟက်စတာကို ဆင့်ခေါ်လိုက်သည်။ သမီးပါးကို ဟက်စတာကဲ့သို့ ပြစ်ဒဏ်ခံရသူနှင့် မနေသင့်ဟု ဆုံးဖြတ်ပြီး သမီးနှင့် မအေကိုခွဲရန် စီစဉ်သည်။ ထိုအချိန်က ဘုရင်ခံနှင့်အတူ သင်းအုပ်ဆရာ ဒင်းစဒေးနှင့် ဆေးဆရာကြီး ရောဂျားတို့လည်း ရှိ၏။ သင်းအုပ်ဆရာ ဒင်းစဒေးက ကလေးနှင့် မအေကို

www.nyisay.com



မခွဲသင့်ကြောင်း ပြောဆို၏။ သို့ဖြင့် ဟက်စတာသည် သမီးပါးကို ဆက်လက် ကျွေးမွေးပြုစုခွင့် ရခဲ့လေသည်။

ဒင်းစဒေးမှာ မမာမကျန်းသူ ဖြစ်သည်။ ထို့ကြောင့် ရောဂျားက ဆေးကု ပေးနေရ၏။ သို့ဖြင့် ဒင်းစဒေးနှင့် ရောဂျားတို့သည် တစ်အိမ်တည်း နေ၏။ ရောဂျားသည် ဒင်းစဒေးကို အနီးကပ် ပေါင်းသင်းရင်း ဒင်းစဒေး၏ စိတ်ထားကို လေ့လာသည်။ သင်းအုပ်ဆရာ ဒင်းစဒေးမှာ ပြစ်မှုကျူးလွန်ထားသူကဲ့သို့ အမြဲ တမ်း စိတ်ဓာတ် ချောက်ချားနေသည်ကို တွေ့ရ၏။ သို့ဖြင့် ရောဂျားသည် ဒင်းစဒေးအား မိမိမယားနှင့် ဖောက်ပြန်သူအဖြစ် ထင်လာသည်။ ထို့ကြောင့် ဒင်းစဒေး အခြေအနေကို ပို၍ လေ့လာသည်။

တစ်ညတွင် ဟက်စတာပရင်းနှင့် သမီးပါးတို့သည် အသုဘအိမ်တစ်အိမ်မှ ပြန်လာသည်။ လမ်းတွင် ပြစ်ဒဏ်သင့်သူတို့ အပြစ်ပေးခံရသော၊ တစ်ကြိမ်က ဟက်စတာကိုယ်တိုင်တက်ပြီး အရှက်ခွဲ ခံခဲ့ရသော စင်မြင့်ရှေ့သို့ ရောက်လာ၏။ ထိုစင်ပေါ်တွင် သင်းအုပ်ဆရာ ဒင်းစဒေးကို တွေ့ရ၏။ ဒင်းစဒေးက ဟက်စတာ နှင့် ပါးကို ခေါ်သည်။ သူတို့သုံးယောက် တစ်နေ့တွင် ဤစင်ပေါ်၌ အပြစ်ဒဏ်ကို အတူခံရမည် ဖြစ်ကြောင်း ပြောပြ၏။ ထိုအဖြစ်ကို အသုဘအိမ်မှ ပြန်လာသော ဆေးဆရာကြီး ရောဂျားချီးလင်းဝပ် တွေ့သွား၏။

ထိုအခါမှစ၍ ဟက်စတာသည် သင်းအုပ်ဆရာ ဒင်းစဒေးမှာ မိမိခင်ပွန်း ဟောင်း ရောဂျား၏ ချောက်လှန့်မှုဖြင့် စိတ်နှလုံး တုန်လှုပ်နေရကြောင်း သိရ၏။ ထို့ကြောင့် ဟက်စတာသည် ခင်ပွန်းဟောင်း ရောဂျားကိုတွေ့ပြီး ဒင်းစဒေး၏ စိတ်ကို မညှဉ်းပန်းရန် တောင်းပန်၏။ သို့သော် ရောဂျားသည် လက်မခံ။ ဒင်းစဒေးကို လက်စားချေရန်သာ စိတ်ကူးထား၏။ ထို့ကြောင့် တစ်နေ့တွင် ဟက်စတာသည် သမီးကိုခေါ်၍ သင်းအုပ်ဆရာ ဒင်းစဒေး အပြန်လမ်းမှ စောင့် သည်။ တွေ့သောအခါ ဆေးဆရာကြီးမှာ မိမိ လင်ဟောင်းဖြစ်ကြောင်း ပြော သည်။ ဆေးဆရာကြီးနှင့် အတူမနေရန်လည်း ပြော၏။ စင်စစ် ဟက်စတာနှင့် ဒင်းစဒေးတို့၏ မေတ္တာနှောင်သည် ခိုင်၏။ ထို့ကြောင့် သူတို့သည် ဤဒေသမှ ထွက်ပြေးပြီး ဥရောပသို့ သွားရောက်အခြေချရန် တိုင်ပင်ကြသည်။ စီစဉ်ကြသည်။

ဟက်စတာသည် သူနှင့် သိကျွမ်းသော သင်္ဘောတစ်စင်းမှာ ခွင့်တောင်းပြီး ဥရောပသို့ ဒင်းစဒေးနှင့်အတူ ထွက်ပြေးရန် စီစဉ်၏။

ထိုနေ့ကား ရွေးကောက်ပွဲနေ့ ဖြစ်သည်။ ရွေးကောက်ပွဲနေ့တွင် အရွေးခံ ရသော ပြည်နယ်မင်းကြီးအတွက် ဆုတောင်းမင်္ဂလာ ပြုမြဲဖြစ်၏။ ထိုဆုတောင်း မင်္ဂလာစာတမ်းကို လူအများ အကြည်ညိုခံရသော သင်းအုပ်ဆရာ ဒင်းစဒေးက

www.nyisay.com



ဖတ်ရသည်။ ဒင်းစဒေး၏ ဆုတောင်းမင်္ဂလာ ဖတ်သံတွင် ပရိသတ်သည် ဒင်းစဒေးကို အကြည်ညို ပို၍ ပွားနေကြရ၏။ ဒင်းစဒေး၏ ရင်ထဲ၌ ခံစားနေရသော စိတ်ကိုကား မည်သူမျှ မသိနိုင်။ လူအုပ်ကြီးသည် မင်္ဂလာဆုတောင်းပွဲပြုရာ၌ စုဝေးနေ၏။ ထိုနေရာတွင် ဟက်စတာတို့ သားအမိလည်း ရှိ၏။ ထိုအချိန်မှာပင် ဟက်စတာတို့ လိုက်မည့် သင်္ဘောမာလိန်မှူးသည် ဟက်စတာတို့ထံသို့ ရောက်လာပြီး ဟက်စတာတို့နှင့်အတူ ဆေးဆရာကြီး ရောဂျားပါ လိုက်မည် ဖြစ်ကြောင်း သတင်းပါလာ၏။ ရောဂျားကပင် ဒင်းစဒေးကို ခေါ်လာမည်ဟုလည်း ပြော၏။ ဟက်စတာမှာ အထူးပင် တုန်လှုပ်ရလေပြီ။ သို့ဖြင့် ဟက်စတာသည် လူအုပ်ထဲ ခွဲထွက်လာခဲ့သည်။

များမကြာမီပင် ဆုတောင်းပွဲ အခမ်းအနားသည် မြို့တွင်းသို့ လှည့်လည်လာ၏။ သင်းအုပ်ဆရာ ဒင်းစဒေးမှာ အထူးတုန်လှုပ်နေပေပြီ။ သူ၏ပြစ်မှုကို တာရှည် လျှို့ဝှက်ထားခြင်းငှာ မစွမ်းတော့။ လူအများ၏ ကြည်ညိုမှုကို ခံရလေ၊ မိမိ၏ အပြစ်မကင်းသော အဖြစ်က မိမိကိုယ်ကို ချောက်လှန့်လေလေ ဖြစ်၏။ သို့ဖြင့် လှည့်လည်ပွဲမှ ထွက်လာသည်။ ဟက်စတာနှင့်ပါးကို ဆွဲခေါ်ပြီး ပြစ်ဒဏ်ပေး စင်မြင့်ပေါ်သို့ တက်ခဲ့သည်။ လူထုရှေ့မှောက်တွင် မိမိအပြစ်ကို ဝန်ခံခဲ့သည်။ မိမိအင်္ကျီကို လှပ်၍ ဘယ်ဘက်ရင်အုံကို ပြသည်။ အသားပေါ်တွင် သံပူဖြင့် ထိုးမှတ်ထားသော **အေ**(A) အက္ခရာကို တွေ့ရသည် ဆို၏။ ထိုနေ့မှာပင် ကာလ အတန်ကြာက ကျန်းမာရေး ချို့တဲ့ခဲ့သော ဒင်းစဒေးသည် လဲကျသေဆုံးလေတော့သည်။

နောက်များမကြာမီပင် ရောဂျားလည်း သေဆုံး၏။ ဟက်စတာသည် သမီးပါးနှင့်အတူ ဥရောပသို့ ထွက်ခဲ့သည်။ ပါးသည် ဥရောပ၌ အိမ်ထောင်ကျသည်။ ထို့နောက် ဟက်စတာသည် နေရင်းဒေသသို့ အထီးတည်းပြန်လာ၍ မူလက နေထိုင်ခဲ့သော မြို့စွန်က တဲကလေးတွင် နေထိုင်၏။ အင်္ကျီရင်ဘတ်ပေါ်တွင်လည်း မူလကအတိုင်း ကြက်သွေးရောင်စာလုံးကြီးကို တပ်ဆင်ထား၏။ သို့သော် လူအများက ဟက်စတာကို နှာခေါင်းမရှုံ့ကြတော့။ ဟက်စတာ၏ ကူညီတတ်သော စိတ်ဓာတ်နှင့် သနားကြင်နာခြင်းကို လူအများက လေးစားကြလေ၏။ ဟက်စတာ ကွယ်လွန်သောအခါ ဟက်စတာ၏ သင်္ချိုင်းဂူကို ဒင်းစဒေး၏ သင်္ချိုင်းဂူနှင့် ယှဉ်ထားကြလေ၏။ သင်္ချိုင်းဂူပေါ်တွင်လည်း **အေ**(A) အက္ခရာကို ရေးထိုးထားကြ၏။ ယခုအချိန်၌ ထိုစာလုံးသည် လူအများ နှာခေါင်းရှုံ့စရာ စာလုံးအမှတ်အသား မဟုတ်တော့ဘဲ စေတနာ၊ ကရုဏာရှင် ဟူသော အနက် အဓိပ္ပာယ်ကို ဆောင်၍ နေပေသတည်း။

**ရာပြည့်စာအုပ်တိုက်**

www.nyisay.com



ဤဝတ္ထုသည် လူ၏ကံကြမ္မာ၊ အပြစ် ဟူသည် ဖုံးကွယ်၍မရ၊ မေတ္တာကို မည်သည့် ပြစ်မှုပြစ်ဒဏ်ကမျှ လွှမ်းမိုးချေဖျက်နိုင်ခြင်း မရှိ၊ လက်စားချေခြင်းသည် အဓိပ္ပာယ်မရှိ ပြုမူခြင်း ဟူသော အချက်များကို ဦးတည်ထားသော ဝတ္ထု၊ လူ့ အတွင်းစိတ်ကို ထင်ဟပ်ပြသော ဝတ္ထုတစ်ပုဒ် ဖြစ်ပေသည်။

ဤဝတ္ထုကိုပင် အောင်မြင်က **အိုဘယ့်ကံ** (၁၉၅၄) အမည်ဖြင့် ဘာသာ ပြန်ခဲ့ဖူးသည်။

www.nyisay.com

## ဒေးဗစ် ကော့ပါးဖီး (၁၈၅၀)

### ချားဒစ်ကင်း (၁၈၁၂-၁၈၇၀)

ဒစ်ကင်းကို မြန်မာပရိသတ် သိကြသည်။ သူ၏ **မျှော်တလင့်လင့် (၁၉၅၀)**ကို ရွှေဥဒေါင်း ဘာသာပြန်ဖူးသည်။ **အိုလီဗာတွစ်**ကို မိုးဝေက ဘာသာပြန်ခဲ့၏။ **အိုလီဗာတွစ်၊ ပစ်ကဝစ်ပေပါ** စသည်တို့မှာ သူ၏ ထင်ရှားကျော်ကြားသည့် ဝတ္ထုများ ဖြစ်သည်။ ယင်းတို့အနက် **ဒေးဗစ် ကော့ပါးဖီး** မှာ အကောင်းဆုံး လက်ရာဟု အများက ယူဆကြသည်။ အကြောင်းမှာ ဤဝတ္ထုသည် စာရေးသူ ဒစ်ကင်း၏ ဘဝ အတ္ထုပ္ပတ္တိကို တစ်စိတ်တစ်ပိုင်း ဖော်ပြထားသောကြောင့် ဖြစ်သည်။ ဆရာကြီး သခင်ဘသောင်းက ယူနက်စကို၏ အထောက်အပံ့ဖြင့် ဇာတ်လမ်းအကျဉ်းကို **ဒေးဗစ်ကော့ပါးဖီး** အမည်နှင့်ပင် စာပေဗိမာန် ပြည်သူ့ လက်စွဲစာစဉ်မှ ပြန်ဆို ထုတ်ဝေခဲ့ဖူးသည်။

ဒစ်ကင်းသည် လူလတ်တန်းစားမှ ပေါက်ဖွားလာသည့် စာရေးဆရာ ဖြစ်သည်။ သူ့အဖေမှာ သူငယ်စဉ် စီးပွားပျက်ရသည်။ အကြွေးတင်သဖြင့် ထောင်ကျရသည်။ ကြွေးပတ်ပတ်လည် ဝိုင်းနေသော်လည်း ပူပင်သောက မရှိဘဲ ခပ်အေးအေး နေတတ်သည်။ ကံကောင်းလျှင် ကြွေးကြေမှာပဲ ဟု ကံကိုယုံသည်။ သူ့အဖေ၏ ဇာတ်ရုပ်ကို ဒစ်ကင်းသည် ဤဝတ္ထုတွင် မစ္စတာ မစ်ကော်ဗာ အဖြစ် ဖွဲ့ထားသည်။

www.nyisay.com



ထို့ပြင် သူ၏ဆွေမျိုးသားချင်း အပေါင်းအသင်း မိတ်ဆွေတို့၏ လူ့စရိုက်များကို ဤဝတ္ထုတွင် အများဆုံးယူကာ ဖွဲ့သည်။ ဒစ်ကင်းသည် မိတဆိုးဖြစ်သည်။ အဖေ ကြွေးတင်သဖြင့် စီးပွားပျက်သည့်အခါ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အလုပ်ရှာသည်။ လန်ဒန်စက်ရုံလောကတွင်ပင် ပုလင်းတံဆိပ်ကပ်သည့် အလုပ်ကိုလုပ်ကာ အသက်မွေးရသည်။ သို့ဖြစ်ရာ သူ့ဝတ္ထုများတွင် ထိုခေတ်က စက်ရုံများအကြောင်း၊ အသက်ငယ်ငယ်နှင့် ဝမ်းကျောင်းရသည့် ကလေးသူငယ်များအကြောင်းတို့ကို ရေးဖွဲ့သည့်အခါ ပို၍ စရိုက်ပီပြင်သည်။ သူ၏ ငယ်စဉ်က အတွေ့အကြုံ မှန်သမျှကို ဒစ်ကင်းသည် သူ့ဝတ္ထုများတွင် ထင်ဟပ်ဖော်ပြလေ့ရှိသည်။ ယင်းတို့မှာ ကြေကွဲဖွယ်ရာ ဘဝများသာ ဖြစ်သည်။ နောင် အသက်ကြီးလာသည့်အခါမှာပင် ငယ်ငယ်က အကြောင်းတို့ကို ပြန်စဉ်းစားလျှင် ဝမ်းနည်းမိသည်ဟု ဒစ်ကင်းက ပြောဖူးသည်။

၁၈၃၅ တွင် ဒစ်ကင်းသည် သတင်းစာတစ်စောင်၏ ပါလီမန် သတင်းထောက် ဖြစ်သည်။ ထိုအခါမှ စ၍ သူ၏ကလောင်သည် ကွန့်မြူးလာတော့သည်။ ၁၈၃၆ တွင် **ဗော့** ဟူသော ကလောင်အမည်ကို သုံးကာ လန်ဒန်မြို့ကြီး၏ ဘဝ တစ်စိတ်တစ်ဒေသကို ရေးခြယ်သော **ရုပ်ပုံလွှာကြမ်း** အမည်ရှိ စာအုပ်တစ်အုပ် ထွက်လာသည်။ ယင်းမှာ သူ၏ပထမဆုံးစာအုပ် ဖြစ်သည်။ ထို့နောက် **ပစ်ကဝစ်ပေပါ**ကို သတင်းစာတွင် လစဉ် အခန်းဆက်ဝတ္ထုရှည်အဖြစ် ရေးလိုက်သည့်အခါ သူ့နာမည်သည် တစ်ဟုန်ထိုး ကျော်ကြားသွားလေသည်။

သူ၏ဘဝကို တစ်စိတ်တစ်ဒေသအားဖြင့် ဖော်ပြသော **ဒေးဗစ် ကော့ပါးဖီး**ကို ၁၈၅၀ တွင် ရေးသည်။ ဇာတ်လမ်းအကျဉ်းမှာ ဤသို့ ဖြစ်သည်။

ဒေးဗစ်ကော့ပါးဖီးသည် မမွေးမီ ခြောက်လကတည်းက ဖတဆိုးဖြစ်နေသည်။ အမေနှင့် အိမ်ဖော် ပက်ဂေါ့တီလက်တွင် ကြီးပြင်းခဲ့ရသည်။ သူမွေးသည့်အချိန်တွင် သူ့ဒေါ်လေးသည် သားမိန်းမ လိုချင်နေခိုက် သားယောကျ်ားလေးမွေးလာသဖြင့် စွန့်ပစ်သွားသည်။

ဒေးဗစ်ကား ငယ်ရွယ်စဉ်ကပင် ပျော်ပျော်ရွှင်ရွှင် မနေခဲ့ရ။ တစ်ချိန်တွင် ပက်ဂေါ့တီသည် သူ့အစ်ကို ဒင်နီရယ်ရှိရာ ပင်လယ်ကမ်းခြေဒေသဖြစ်သည့် ယာမောက်သို့ သူတို့သားအမိအား အလည်အပတ် ခေါ်သွားသည်။ ဒင်နီယယ်သည် ပင်လယ်ကမ်းခြေတွင် လှေပျက်တစ်ခုကို အိမ်လုပ်နေသည်။ ဒင်နီယယ်၏ တူ ဟမ်နှင့် တူမ အယ်မီလီတို့သည် သူ၏ရင်းနှီးသော သူငယ်ချင်းများ ဖြစ်လာကြသည်။

ယာမောက်မှ အပြန်တွင် သူ့အမေသည် အသားမည်းမည်း အက်ဒဝပ်မတ်

www.nyisay.com



စဘုန်း ဆိုသူနှင့် လက်ထပ်လိုက်သည်။ သူနှင့်အတူ ဂျိန်းဆိုသော နှမတစ်ယောက် ပါလာသည်။ သူတို့အားလုံး အတူနေကြရသည်။ ဒေးဗစ်သည် သူ့ပထွေး၏ အနှိပ်စက်ကို မခံမရပ်နိုင်အောင် ဖြစ်လာသည့်အခါ ပထွေး၏လက်ကို ကိုက်ကာ ဆန္ဒပြလိုက်သည်။ နောက်ဆုံးတွင် ဒေးဗစ်မှာ အိမ်တွင် မနေရတော့ဘဲ ဘော်ဒါ ဆောင်သို့ သွားနေရတော့သည်။

ဒေးဗစ်သည် မစ္စတာကရိကယ်၏ ကျောင်းတွင် အပေါင်းအဖော်များကို တွေ့ရသည်။ သို့သော်လည်း ကြာကြာမပျော်ပိုက်နိုင်ရှာ။ ပထွေး၏လက်တွင် ဆင်းရဲတွင်းနက်ဖို့ ဖန်လာရသည်။ သူ့အမေသည် သူ့ကိုပစ်ကာ လူ့ဘဝကို စွန့်လွှတ်သွားသည်။ အထိန်းတော်ကြီး ပက်ဂေါ်တီပင် လင်ယူသွားသည်။

ဆယ်နှစ်သား ရှိသည့်အခါ လန်ဒန်မြို့ကြီးတွင် ကိုယ့်ဘဝ ကိုယ်ကျောင်းရ သည့် အဖြစ်သို့ ရောက်ရသည်။ သူသည် အရက်စက်ရုံတွင် ပုလင်းဆေးရသည့် အလုပ်သမား ဖြစ်လာသည်။ ဒေးဗစ်သည် လန်ဒန်တွင် မစ္စတာမစ်ကော်ဗားဆိုသူ နှင့် အပေါင်းအသင်းဖြစ်ကာ အတူနေသည်။ မစ်ကော်ဗားက သူ့ကို တစ်နေ့တော့ အကျိုးပေး ကောင်းလာလျှင် စန်းထလာလိမ့်မည်ဟု အမြဲအားပေးသည်။ မစ်ကော် ဗားသည် ဣဋ္ဌာရုံဝါဒသမား ဖြစ်သည်။ လောကကြီးသည် အလွန်နေချင့်စဖွယ် ကောင်းသည်ဟု ယုံကြည်သည်။

ဒေးဗစ်ကား သူ့ကြီးဒေါ် ဗက်စတီနှင့် အတူနေထိုင်ရင်း ကျောင်းဆက် တက်ရာ စာမေးပွဲကို ဆုံးခန်းတိုင် ပြီးမြောက်အောင်မြင်သည်။ သူသည် ရှေ့နေ ကျောင်းမှ ဂုဏ်ထူးနှင့် အောင်မြင်ခဲ့သည်။ ရှေ့နေကြီး မစ္စတာဝစ်ကဖီး၏ သမီး ချော အက်ဂနိနှင့်လည်း ရင်းနှီးလာသည်။ အလုပ်မဝင်မီ အဒေါ်ရှိရာ ယာမောက်သို့ သွားသည်။ အယ်မီလီသည် မိန်းမချောကြီးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရ သည်။

ထို့နောက် ရှေ့နေအလုပ်သင်ရင်း သူ့ဆရာ စပင်လေ၏သမီး ဒိုရာ၏ အလှတွင် ယစ်မူးမိသည်။ ထိုအချိန်တွင် သူ့အဒေါ် ဗက်စတီမှာ စီးပွားပျက်လေ သည်။ ဒေးဗစ်သည် အဒေါ်ကို ကူညီရန် လက်ရေးတိုသင်သည်။ သူတို့ အခြေ အနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာသော်လည်း ဒိုရာကိုကား မမေ့။ စပင်လေ သည် ဒေးဗစ်ကို သမီးဒိုရာနှင့် သဘောမတူနိုင်။ များမကြာမီပင် စပင်လေ ကွယ်လွန်သည်။ ထိုအခါ ဒေးဗစ်နှင့် ဒိုရာတို့ လက်ထပ်လိုက်ကြသည်။ အိမ်မှုကိစ္စ တို့ကို ဒိုရာ လုပ်ကိုင်တတ်အောင် အားပေးသည်။ နောက်ဆုံး ဒိုရာ နေမကောင်း ဖြစ်လာပြီး နာတာရှည်ရောဂါသည်ဖြစ်ကာ ကွယ်လွန်လေသည်။

အက်ဂနီမှာ သူ့ကို အမြဲအားပေးသည်။ ဒိုရာ ကွယ်လွန်သည့်အခါ နဂိုက

www.nyisay.com



မောင်ချစ် နှမချစ်သာ ချစ်ခဲ့သည်ဟု အထင်ရောက်ခဲ့သည့် အက်ဂနီအပေါ် မေတ္တာပန်း ပွင့်လာသည်။ အက်ဂနီက သူ့အား ခရီးထွက်ရန် တိုက်တွန်းသည်။ ဒေးဗစ်လည်း စိတ်ဓာတ်ကျသဖြင့် ယာမောက်သို့ သွားသည်။ ထိုမှတစ်ဖန် သုံးနှစ်လုံးလုံး ဥရောပတိုက်သို့ ခရီးလှည့်သည်။ အင်္ဂလန် ပြန်ရောက်သည့်အခါ အက်ဂနီမှာ မင်္ဂလာဆောင်တော့မည်ဟု သူ့အဒေါ်ထံမှ သတင်းစကား ကြားရသည်။ ထိုအခါတွင်မှ ဒေးဗစ်၏ အချစ်သည် ပြန်လည်နိုးကြားလာကာ အက်ဂနီအပေါ် အချစ်မိုးသွန်းဖြိုးလေတော့သည်။ သူတို့နှစ်ယောက် မင်္ဂလာဆောင်ကြပြီး ကလေး အများအပြား မွေးလာသည်။ ဒေးဗစ်လည်း အောင်မြင်သော စာရေးဆရာတစ်ယောက် ဖြစ်လာသည်။

## မိုဗီဒစ် (၁၈၅၁)

### ဟားမင်း မဲလဗီး (၁၈၁၉–၁၈၉၁)

အမေရိကန် စာရေးဆရာ ဟားမင်းမဲလဗီးသည် စာအုပ်တစ်အုပ်တည်းနှင့် ထင်ရှားသည့် စာရေးဆရာ ဖြစ်လာသည်။ သူ့ဝတ္ထုမှာ သူ့ခေတ်တွင် ခေတ်စားနေကြသည့် အချစ်ဝတ္ထုမျိုး မဟုတ်။ သူ့ဘဝနှင့် သူ့စာသည် လိုက်ဖက်ညီလှသည်။ သူ၏ **မိုဗီဒစ်** ဝတ္ထုသည် သူ့ဘဝ တစ်ပိုင်းတစ်စကို ဖော်ပြသည့် ဝတ္ထုဖြစ်သည် ဟူ၍လည်း ယူနိုင်သည်။

ငယ်စဉ်ကပင် မိဘများ ကွယ်လွန်ခဲ့ရာ ဆယ့်သုံးနှစ်သား ဘဝမှစ၍ မဲလဗီးသည် ဘဝမျိုးစုံ ကျင်လည်ခဲ့ရသည်။ လယ်ကူလီ၊ စာရေး၊ ကျောင်းဆရာ စသည်တို့မှာ သူ့အလုပ်များ ဖြစ်သည်။ တစ်ဆယ့်ရှစ်နှစ်တွင် တခြား လုပ်စရာ မရှိတော့သဖြင့် သင်္ဘောသားအဖြစ် ဝင်ရောက်အမှုထမ်းသည်။ လေးနှစ် အမှုထမ်းပြီးနောက် ဝေလငါးဖမ်းသင်္ဘောတွင် သင်္ဘောသားအဖြစ် လိုက်သည်။ သင်္ဘောသား ဘဝကား ဆိုးရွားလှသည်။ ရုန်းကန်လှုပ်ရှားရင်း မခံမရပ်နိုင် ဖြစ်လာသည့်အခါ တောင်ပင်လယ်ရှိ မာကွီဆက်ကျွန်းတွင် သင်္ဘောမှ ဆင်းနေခဲ့ပြီး လူသားစားအရိုင်းအစိုင်း ကျွန်းသားများ၏ ဧည့်သည်အဖြစ် တစ်လခန့် နေခဲ့ရသည်။ ထိုနောက် ဩစတြေလျ ဝေလငါးဖမ်းသင်္ဘောတစ်စင်းက သူ့ကို ကယ်လာခဲ့သည်။ သို့သော်လည်း သင်္ဘောပေါ်တွင် ပုန်ကန်မှုတွင် ပါသဖြင့် ထောင်တစ်လ ကျသည်။ ထိုနောက် တဟီတီကျွန်းတွင် အတော်ကြာနေထိုင်ခဲ့ပြီး ဝေလငါးဖမ်းသင်္ဘောတစ်စီးနှင့် ဟာဝေယမ်ကျွန်းသို့ လိုက်သွားသည်။ ဟော်နိုလူလူတွင်

www.nyisay.com



အမေရိကန် ရေတပ်သို့ ဝင်သည်။ နောင် သုံးနှစ်ရှိသည့်အခါ ဟော့စတွန်မြို့ ရောက်သည့်အချိန် ရေတပ်မှ ထွက်လိုက်သည်။

ထိုအခါမှစ၍ မဲလဗီးသည် စာရေးခြင်းအလုပ်ကို စမ်းကြည့်သည်။ သင်္ဘောသား ဘဝများကို ပြန်လည်ဖော်ကျူးသည့် အနေဖြင့် ဝတ္ထုလေးအုပ် ရေးခဲ့သည်။ ယင်းတို့အားလုံးမှာ သူ၏ အတွေ့အကြုံကို ဖော်ပြသည့် ဝတ္ထုများ ဖြစ်သည်။ **မိုဗီဒစ်**ကား သူ့စိတ်ကြိုက်ဝတ္ထု ဖြစ်သည်။ အရင်ဝတ္ထုများကို စာဖတ် ပရိသတ်က ကြိုက်ကြသည်။ သူကမူ မကြိုက်။ သူ့စိတ်ကြိုက်ရေးသည့် **မိုဗီဒစ်**မှာ မအောင်မြင်။ သို့နှင့် သူ၏စာရေးဆရာ အဖြစ်သည်လည်း လမ်းဆုံးရောက်ရ သည်။ ကဗျာအများအပြားကိုလည်း ရေးခဲ့သေးသည်။ ၁၈၉၁ တွင် ကွယ်လွန်သည့် အခါတွင်မှ သူ့ကို သတိရလာကြပြီး သူ့စာအုပ်များသည် နာမည်ကြီးလာသည်။ ဆယ့်ကိုးရာစုတွင် သူနှင့် မတ်တွိန်းတို့နှစ်ယောက်မှာ အမေရိကန်ပြည်တွင် လူကြိုက်အများဆုံး စာရေးဆရာများ ဖြစ်လာကြသည်။ သူ၏ကဗျာများ၊ ဝတ္ထုတို များ၊ ဝတ္ထုရှည်များကို ထိုအခါတွင်မှ အကြိမ်ပေါင်းများစွာ ပြန်လည် ထုတ်ဝေကြ ရသည်။ ယခုအခါတွင်မူ အမေရိကန်ပြည်တွင် အကျော်ကြားဆုံး စာရေးဆရာများ အနက် ဟားမင်း မဲလဗီးသည် တစ်ယောက်အပါအဝင် ဖြစ်လာသည်။

သူ၏ မိုဗီဒစ်မှာ ဝေလငါးကြီးကို အစွဲပြုကာ မှည့်ခေါ်ထားသည့်နာမည် ဖြစ်သည်။ အချို့ဝေဖန်ရေးဆရာများက မိုဗီဒစ်ကို ရှုပကပုံပြင်ဟု ယူဆကြသည်။ အဓိကဇာတ်ဆောင် မာလိန်မှူး"အဟတ်"သည် အကောင်း၏ ပြယုဂ်ဖြစ်ပြီးလျှင် ဝေလငါးဖြူကြီး မိုဗီဒစ်သည် အဆိုး၏ ပြယုဂ်ဖြစ်သည်ဟု ယူဆသည်။

ဟားမင်း မဲလဗီးသည် မိုဗီဒစ်ကို ဇာတ်ကြောင်းပြန် ဝတ္ထုအဖြစ် ရေးသည်။ ဇာတ်ကြောင်းပြန်ပြောသူမှာ သင်္ဘောသား အစ်ရှမေးဖြစ်သည်။

အစ်ရှမေးသည် အလုပ်အကိုင် မရှိသဖြင့် သင်္ဘောလိုက်ရန် နယူး ဗက်ဒဖို့သို့ ရောက်လာသည်။ စပေါက်တာ ထမင်းဆိုင်၌ အဖော်အဖြစ် ကွီးကွက် ကို တွေ့ရသည်။ ကွီးကွက်သည် ချစ်စရာကောင်းသော လူငယ်တစ်ယောက် ဖြစ်သည်။ သူတို့သည် ဝေလငါးဖမ်းသင်္ဘောသို့ လိုက်ရန် နန်တပ်ကက်သို့ ခရီးထွက်ခဲ့ကြသည်။ ပီကုတ်သင်္ဘောတွင် သူတို့ အလုပ်ရကြသည်။ အယ်လီဂျာ ဟုခေါ်သော သင်္ဘောသား အဘိုးအိုကြီးတစ်ယောက်က ပီကုတ်နှင့် လိုက်လျှင် အန္တရာယ်တွေ့မည်ဟု သတိပေးသော်လည်း မနာယူ။

ပီကုတ်၏ မာလိန်မှူးမှာ အဟတ်ဖြစ်သည်။ သင်္ဘောထွက်လာပြီး ပင်လယ်ပြင်သို့ ရောက်၍ အတန်ကြာမှ အဟတ်ကို သင်္ဘောသားများ တွေ့ကြ ရသည်။ သူ့မျက်နှာတွင် ကန့်လန့်ဖြတ် အမာရွတ်ကြီးတစ်ခု ထင်ရှားစွာ ရှိနေ

www.nyisay.com



သည်။ ခြေတစ်ဖက်မှာ ဝေလငါးရိုးဖြင့် ခြေတုတပ်ဆင်ထားသည်။ သူ့ ခြေတစ်ဖက်ကို မိုဗီဒစ် ဟုခေါ်သော ဝေလငါးဖြူကြီးက ကိုက်ဖြတ်လိုက်သည်။ ထိုအခါမှစ၍ ကြောက်လန့်စရာ ပင်လယ်ပြင်ပုံပြင်များ အစပျိုးတော့သည်။ သို့ဖြစ်ရာ အဟတ်၏ အကြီးဆုံး ရည်ရွယ်ချက်မှာ မိုဗီဒစ်နောက်သို့ လိုက်ကာ တွေ့လျှင် သူ့ကို သတ်ရန်ပင် ဖြစ်သည်။

အဟတ်သည် တစ်နေ့တွင် ရွှေဒင်္ဂါးပြားတစ်ခုကို ရွက်တိုင်၌ သံနှင့်ရိုက်လိုက်ပြီး မိုဗီဒစ်ကို ပထမဆုံးမြင်သူအား ဆုချမည်ဟူ၍ပင် ကြေညာသည်။ သူ့အငြိုးကား ကြီးလှသည်။

သင်္ဘောပေါ်တွင် ပါလာသူများမှာ စရိုက်အမျိုးမျိုး ရှိကြသူများ ဖြစ်သည်။ ပထမသင်္ဘောသားမှာ စတားဗတ် ဖြစ်သည်။ သူသည် ရဲရင့်သော်လည်း အရမ်းမဲ့စွန့်စားမှုမျိုး မလုပ်ချင်။ စဉ်းစားချင့်ချိန်နိုင်သည်။ ဒုတိယသင်္ဘောသားဖြစ်သည့် စတပ်သည် စေသည့်ကျွန် ထွန်သည့်နွားဖြစ်သည်။ ဝေလငါးကြီးများကို လိုက်လံထိုးသတ်နေရလျှင် ကျေနပ်နေသည်။ တတိယသင်္ဘောသားကား ဖလတ် ဖြစ်သည်။ သူသည် အရုပ်ဖြစ်သည်။ အကြောက်အလန့်မရှိ။ ဝေလငါးဖမ်းသင်္ဘောတွင် ငါးနောက်သို့လိုက်သည့် လှေကလေးများကို တစ်ယောက်စီက ဦးစီးရသည်။ စတားဗတ်၏ နောက်လိုက်မှာ ကွီးကွက်၊ စတပ်နောက်လိုက်မှာ တတ်ရှုတီဂို၊ ဖလတ်၏နောက်လိုက်မှာ နီဂရိုးအရိုင်းတစ်ယောက်ဖြစ်သည့် ဒက်ကိုတို့ ဖြစ်သည်။

ပီကုတ်သည် လမ်းခရီးတွင် အခြားသင်္ဘောများနှင့် တွေ့သည်။ အိမ်အပြန်တွင် ဝေလငါးကြီးဆီ အပြည့်တင်လာသည့် ဗက်ချလာသင်္ဘောကိုလည်း တွေ့ရသည်။ ထိုသင်္ဘောပေါ်တွင် တောင်ပင်လယ်သူ ပိုလီနီးရှန်းမလေးများလည်း ပါလာသည်။ ဂျီရိုဗုန်းသင်္ဘောမှာကား မိုဗီဒစ်နှင့်တွေ့ကာ သင်္ဘောသားတစ်ယောက် အသက်ဆုံးခဲ့ရသည်။ ထိုသင်္ဘောမှ သင်္ဘောသား ဂတ်ဗရီယယ်က ဝေလငါးဖြူကြီးသည် ဘုရားသခင်ပင် ဖြစ်သည်ဟု နိမိတ်ဖတ်သည်။ စိတ်မချမ်းမြေ့စရာ အကောင်းဆုံးသင်္ဘောမှာ ရက်ချယ်ဖြစ်သည်။ မာလိန်မှူး၏ သားလေးမှာ မိုဗီဒစ်ကြောင့် ပင်လယ်တွင် ပျောက်ဆုံးသွားရသည်။ အဟတ်မှာ ရက်ချယ် မာလိန်မှူးနှင့် အလွန်ခင်သော်လည်း သားပျောက်ရှာရာတွင် မကူညီ။

အဟတ်တွင် စိတ်တစ်စိတ်သာ ရှိသည်။ ယင်းမှာ မိုဗီဒစ်နောက်သို့ လိုက်ရေးပင် ဖြစ်သည်။ တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဝါဒကို လက်ကိုင်ထားနေသည်။ စတားဗတ်က သူ့ကို ဖျောင်းဖျသော်လည်း နားမဝင်။ သင်္ဘောပေါ်တွင် ပါရဆီတစ်သိုက် ပါလာသည်။ သူတို့သည် မီးနတ် ကိုးကွယ်သူများ ဖြစ်သည်။

www.nyisay.com



တစ်နေ့တွင် ပါရဆီခေါင်းဆောင် ဖီဒါလာက ထူးဆန်းသော နိမိတ်စကားကို ဆိုသည်။ အဟတ် မသေမီ ပင်လယ်တွင် လူသေတင်သည့် အလောင်းစင်နှစ်ခုကို တွေ့ရလိမ့်မည်။ ပထမအလောင်းစင်မှာ လူသားတို့၏လက်ဖြင့် လုပ်သည့် အလောင်းစင် မဟုတ်။ ဒုတိယအလောင်းစင်မှာ အမေရိကန်ပြည်မှာ ပေါက်သည့် သစ်သားဖြင့် ပြုလုပ်ထားသည့် အလောင်းစင်ဖြစ်သည်ဟု ဆိုသည်။ အဟတ်သည် လျှော်ကြိုးဒဏ်ချက်ဖြင့် သေနိုင်သည်။ ပြီးမှ ဖီဒါလာလည်း သေမည်။

သို့နှင့် လပေါင်းများစွာ ကြာသည့်အခါတွင်မှ ဝေလငါးဖြူကြီး မိုဗီဒစ်ကို တွေ့ရသည်။ သူ့ခေါင်းသည် ရေပေါ်တွင် ပေါ်ရုံသာ ပေါ်နေသည်။ သူ့ကို ငါးမန်းများက ဝိုင်းအုံနေကြသည်။ သူ့ကျောပြင်တွင်လည်း မှိန်းများ ဆတ်ပိုင်းကျိုးလျက် စိုက်နေကြသည်။ ငါးဖမ်းလှေများကို သင်္ဘောပေါ်မှ ချသည့်အခါ မိုဗီဒစ်သည် လစ်ပြေးသည်။ ထိုနောက် ရေထဲသို့ ထိုးငုပ်သွားပြီး ရေပြင်ထက်သို့ အရှိန်နှင့်တက်လာကာ အဟတ်၏လှေကို မှောက်ပစ်လိုက်သည်။ နောက်တစ်နေ့တွင် မိုဗီဒစ်ကို တစ်ခါထပ်၍ မြင်သည်နှင့် ပီကုတ်လည်း သူ့နောက်သို့ ထက်ချပ်လိုက်လေသည်။ သည်တစ်ခါတွင်မူ လှေသုံးစင်းကို နှစ်လိုက်ပြီး မှိန်းကြိုးများကို လိမ်ရှုပ်စေသည်။ အဟတ်၏ ငါးရိုးခြေတုကိုလည်း ကျိုးစေသည်။ ဖီဒါလာ တစ်ယောက် ရေနစ်ကျန်ရစ်ခဲ့သည်။ ဤတွင် စတားဗတ်က ဒုတိယအကြိမ် သတိပေးသည်ကို အဟတ် နားမထောင်။

တတိယနေ့တွင် ပင်လယ်ပြင်မှ ရေပန်းကြီး တက်လာသည်ကို မြင်လိုက်ရသည်။ မိုဗီဒစ်ကို တတိယအကြိမ် တွေ့ရခြင်းပင် ဖြစ်သည်။ အဟတ်လည်း သူ့နောက်သို့ ဒေါသတကြီး လိုက်သည်။ မိုဗီဒစ်သည် လှေများကို ထိုးလှန်ကာ မှောက်ပစ်သည်။ သူ့ကျောတွင် စိုက်နေသည့် မှိန်းကြိုးများနှင့် ရစ်ပတ်လျက် ဖီဒါလာ၏အလောင်း ပေါ်လာသည်။ အဟတ်သည် အလောင်းစင်တစ်ခုကို တွေ့ရပြီ။ အားလုံးမှာ သင်္ဘောသို့ ပြန်ကူးလာကြသော်လည်း အဟတ်ကား ဒေါသတကြီးပင် မောပန်းနေသည့် မိုဗီဒစ်နောက်သို့ လိုက်သည်။ မိုဗီဒစ်သည် ပီကုတ်၏ဘေးတွင် ဘွားခနဲ ပေါ်လာသည်။ ပီကုတ်သည် တဖြည်းဖြည်း ရေတွင် နစ်နေသည်။ အဟတ်လည်း မှိန်းတစ်ခုဖြင့် ဒေါသတကြီး"နင့်ကို ငါမုန်းတယ်၊ ဒါဟာ အဆုံးသတ်ပဲဟေ့"ဟု အော်ကာ မှိန်းနှင့် ထိုးလိုက်သည်။ အဟတ်သည် ဒုတိယ အလောင်းစင်ကို မြင်ရပြီ။ ယင်းမှာ ပီကုတ်သင်္ဘောပင် ဖြစ်သည်။ ခဏကြာလျှင် အားလုံးနှင့်အတူ အဟတ်သည်လည်း ပီကုတ်မြုပ်သည့် ဝဲတွင် ပါသွားသည်။ နောက်ဆုံးတွင် အစ်ရှမေးတစ်ယောက်သာ အသက်ရှင် ကျန်ခဲ့လေသည်။

ဤဝတ္ထုကို ကျော်အောင က **အဏ္ဏဝါဓာနည်**(၁၉၅၅)ဟု ဘာသာပြန်ခဲ့သည်။

## ဦးလေးတွမ် (၁၈၅၂)

### ဟာရိယက် ဗီချာ စတိုး (၁၈၁၁–၁၈၉၆)

၁၈ ရာစုဝက် အလွန်တွင် အမေရိကတွင် ကိုလိုနီထူထောင်ခဲ့ကြသော ဗြိတိသျှ ကိုလိုနီများသည် ဗြိတိသျှအစိုးရကို တော်လှန်ပြီး အမေရိကန်ပြည်ထောင်စုနိုင်ငံကို တည်ထောင်ခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် အမေရိကန်တို့၏ ဝါဂွမ်းလုပ်ငန်း တိုးတက်လာသည်။ ထိုအခါ ဗြိတိသျှတို့သည် အာဖရိကတိုက်ကို ကျူးကျော် တိုက်ခိုက် သိမ်းပိုက်လာကြပြီ ဖြစ်သည်။ အာဖရိက တိုင်းရင်းသားများကို တိရစ္ဆာန် များသဖွယ် ဖမ်းဆီးကာ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ရောင်းချကြ၏။ အမေရိကန်တို့သည် အာဖရိကတိုင်းရင်းသား နီဂရိုးများကို ကျွန်အဖြစ် ဝယ်ယူကာ ဝါစိုက်ခင်းများတွင် တိရစ္ဆာန်အမှတ်ထား စေခိုင်းကြ၏။

၁၉ ရာစုတွင် အမေရိက၌ နီဂရိုးကျွန်များ၏ ပြဿနာသည် တစ်စတစ်စ ကြီးမားလာသည်။ သခင် ကျေးကျွန် ပြဿနာမှ တစ်ဆင့်တက်ကာ လူဖြူလူမည်း ဟူသော အသားအရောင် ခွဲခြားမှု၊ လူလူချင်း နှိပ်စက်ညှဉ်းပန်းမှုများကို အကြောင်း ပြုကာ အမေရိကန်တွင် ပြည်တွင်းစစ်ကြီး ဖြစ်ခဲ့သည်။ သို့သော် အသားအရောင် ခွဲခြားမှု အခြေခံသော လူလူချင်း အဆင့်အတန်း ခွဲခြားမှု ပြဿနာကား ယခုတိုင် အတောမသတ်သေးပေ။ ယခုတိုင် အမေရိကန်ပြည်ထောင်စု၌ အဖြူအမည်း ပြဿနာသည် လှုပ်ရှားနေဆဲ ဖြစ်၏။ ကမ္ဘာတွင်လည်း ဆက်လက်တည်ရှိနေဆဲ ဖြစ်လေသည်။

www.nyisay.com



**ဦးလေတွမ် ခေါ် ဦးလေးတွမ်၏တဲကလေး** ဝတ္ထုသည် ၁၉ ရာစု ပထမ ဝက် ကုန်လုပိုင်းကာလမှ ယနေ့ မျက်မှောက်ကာလအထိ ဖြစ်ပွားပေါ်ပေါက်လာခဲ့သော အဖြူအမည်း အသားရောင်ခွဲခြားမှု၊ လူလူချင်း ဖိနှိပ်ချယ်လှယ်မှုတို့ကို ကိုယ်စားပြုထားသော ဝတ္ထုဖြစ်သည်။ ဝတ္ထုရေးသူသည် ထိုကာလက မျက်နှာဖြူ အမေရိကန်များက အသားမည်း နီဂရိုးကျွန်များကို တိရစ္ဆာန်လောက်ပင် တန်ဖိုးမထားဘဲ ဖိနှိပ်ခဲ့ကြပုံ၊ ရက်စက်ခဲ့ကြပုံများကို ကိုယ်တွေ့မျက်မြင်များကို ဇာတ်ကွက်ဆင် ရေးသားခဲ့ခြင်းဖြစ်သည်။ ဝတ္ထုရေးသူသည် မူလက သူ၏ဝတ္ထုကို သတင်းစာတစ်စောင်တွင် အခန်းဆက်အဖြစ် ရေးခဲ့ခြင်း ဖြစ်သည်။ ၁၈၅၂ ရောက်မှ ဝတ္ထုအဖြစ် ထုတ်ဝေခဲ့လေသည်။

ထိုခေတ်က ဝတ္ထုဖတ်ခြင်းကို အပြစ်ဟု ယူဆနေဆဲကာလ ဖြစ်သည်။ သို့သော် ထိုဝတ္ထု ထွက်လာသောအခါ တနင်္ဂနွေ နှစ်ပတ်အတွင်း အုပ်ရေ တစ်သောင်း ရောင်းရပြီး တစ်နှစ်အတွင်း အုပ်ရေသုံးသိန်းအထိ ရောင်းခဲ့ရသည်။ ယခုအထိ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံတိုင်းက ဘာသာပြန် ထုတ်ဝေကြဆဲ ဖြစ်သည်။ အင်္ဂလိပ်မူရင်း ဝတ္ထုမှာလည်း ကမ္ဘာ့ဂန္ထဝင် စာအုပ်တစ်အုပ်အဖြစ် သန်းပေါင်းများစွာ ရောင်းချရသည်။ စာရေးသူ အမျိုးသမီးမှာလည်း ဤစာအုပ် တစ်အုပ်တည်းဖြင့် နာမည်ကျော်ကြားခဲ့၏။

ဝတ္ထုဇာတ်လမ်းမှာ ဦးလေးတွမ်အမည်ရှိ လူမည်းကျွန်ကြီးကို ကျောရိုးပြု ရေးထားခြင်း ဖြစ်သည်။ ဦးလေးတွမ်၏ မူလပိုင်ရှင်က ကျွန်ကုန်သည် တစ်ယောက်သို့ ကြွေးဖြင့်နှိမ်ပြီး လက်လွှဲပေးလိုက်ရသော အဖြစ်နှင့် စ သည်။ ထိုအခါ ကျွန်ကုန်သည်က အဆစ်အဖြစ် နီဂရိုးကလေး တစ်ယောက်ကို တောင်းသည်။ နီဂရိုးလေး၏မိခင် အယ်လစ်ဇာသည် သားကို မစွန့်နိုင်၊ ချစ်သူကိုလည်း မခွာနိုင်။ ချစ်သူ ဟဲရစ်မှာ လွတ်မြောက်ရေးအတွက် အသက်စွန့်ရန် ပိုင်းဖြတ်ထားသူ ဖြစ်သည်။

ဝတ္ထုဇာတ်လမ်းတွင် အယ်လစ်ဇာနှင့် ဟဲရစ်တို့သည် လွတ်မြောက်ရေးအတွက် ရုန်းကန်ကြသူများ ဖြစ်လာ၏။ ဟဲရစ်နှင့် အယ်လစ်ဇာ၏ လွတ်မြောက်ရေး ရုန်းကန်မှုကား ရဲရင့်သည်။ ပြတ်သားသည်။ ဦးလေးတွမ်ကား ဤသို့မဟုတ်။ ငုံ့ခံသည်။ သူ့သခင် ဆန္ဒအတိုင်း ကျွန်ကုန်သည်နောက်သို့ လိုက်ရသည်။ တစ်ခရီးလုံးပင် ကျွန်ကုန်သည်တွေ နှိပ်စက်သမျှ ဒုက္ခခံနေရသော မိမိနှင့် ဘဝတူများကို တွေ့ရသည်။ သည်ကြားမှာပင် မေတ္တာရှင်မိသားစုကို တွေ့သည်။ သူတို့က ဦးလေးတွမ်ကို ဝယ်သည်။ ဦးလေးတွမ် ကံကောင်းသည်ဟု ဆိုရမည်လော။ ဦးလေးတွမ်၏ သခင်သစ်သည် သဘောကောင်းပါ၏။ သခင်သစ်၏ နှစ်မသည်

www.nyisay.com



လည်း သဘောထားကြီးပါ၏။ ထိုမောင်နှမသည် ကျွန်ပြဿနာကို ဆွေးနွေးကြ၏။ တရားသဖြင့် ဖြစ်ရေးကို စဉ်းစားကြ၏။ လူတန်းစား ပြဿနာသည်ပင် ပါလာ၏။ အရင်းရှင်မုန်လျှင် ဘယ်အရင်းရှင်မျှ မကောင်း၊ ပဒေသရာဇ်မုန်လျှင် ဘယ်ပဒေသရာဇ်မှ မကောင်း ဟူသော အယူအဆမျိုးသည် ရှေ့တန်း ရောက်လာ၏။ သို့သော် တစ်နယ်လုံး အမည်းတွေကို နှိပ်စက်ညှဉ်းပန်းနေချိန်၌ ထိုမောင်နှမသည် စိတ်သာရှိ၏။ လက်တွေ့ကား အမည်းတွေဘဝကို မကယ်နိုင်။ သို့ဖြင့် ဦးလေးတွမ်၏ ဒုက္ခဇာတ်လမ်းကြီး ဆက်ရသည်။ ဦးလေးတွမ် အသေဆိုး သေရသည်အထိ အဖိနှိပ် အညှဉ်းပန်း ခံရလေ၏။

ဤဝတ္ထုရေးသူမှာ ခရစ်ယာန်သာသနာပြု ဖြစ်သည်။ ထို့ကြောင့် ဖိနှိပ်သူနှင့် ညှဉ်းပန်းသူတို့ကြားတွင် ပြဿနာကို အဖြေရှာရာ၌ သူ့အဖို့ ဘာသာတရားကို လွတ်မြောက်လမ်းအဖြစ် မြင်သည်မှာ အဆန်းမဟုတ်။ သို့သော် ဤဝတ္ထုစရေးသောအချိန်သည် ဥရောပ၌ ကွန်မြူနစ်တော်လှန်ရေး ကြေညာစာတမ်းထွက်ပြီးနောက် သုံးနှစ်အကြာ ဖြစ်သည်။ ထို့ကြောင့် ဤဝတ္ထုတွင် လူတန်းစားပြဿနာ ဆွေးနွေးခြင်း၊ လူတန်းစားညှဉ် တိုက်ခိုက်ခြင်းတို့သည် ထိုသာသနာပြုမိန်းကလေး၏ အယူအဆတွင် ကွန်မြူနစ်ကြေညာစာတမ်းက အယူအဆများ လွှမ်းမိုးရိပ်သမ်းသည်ဟု ဆိုနိုင်မည် ထင်လာသည်။

စင်စစ် စာရေးသူသည် မိန်းမသားဖြစ်သည်။ သာသနာပြု အနွယ်ဝင်လည်း ဖြစ်သည်။ ထို့ကြောင့် သူ့ဝတ္ထု၌ မြေခြောက်ပေစာ လွတ်မြောက်နယ်မြေ ရစေဦး၊ တိုက်ပွဲဝင်မည်ဟူသော ဟဲရစ်လိုလူနှင့် သည်းခံခြင်းတရားဖြင့် တိုက်ပွဲဝင်မည်ဟူသော ဦးလေးတွမ်ကို ပြိုင်ပေးခဲ့ဟန် တူပေသည်။ အခြားတစ်ဖက်တွင်လည်း အမေရိကန်တွေ အားလုံး မဆိုး၊ လူကောင်းတွေလည်း ရှိပါ၏ဟု ဆိုလိုဟန်တူ၏။ သို့သော် ထိုအချိန်က အမေရိကန် အထက်လွှာတစ်ခုလုံးမှာ စေတနာ မေတ္တာရှိတန်သလောက် ရှိသည့်တိုင်အောင် အရာရောက်သော မေတ္တာ စေတနာ မဟုတ်သည်ကိုကား သူ့ဝတ္ထုတွင် ထင်းထင်းပေါ်နေ၏။ ထို့ကြောင့်လည်း ထိုအမျိုးသမီးသည် ခရစ်တော်ရှေ့၌ ရာဇဝတ်မှု ကျူးလွန်နေသူများဟု အမေရိကန်များကို စွပ်စွဲလိုက်သည်။ နာနာကြည်းကြည်း ခါးခါးသီးသီး ပြစ်တင်လိုက်သည်။ သူကိုယ်တိုင်၌ကပင် ဤကိစ္စအတွက် သည်းမခံနိုင်တော့ကြောင်းကို ဝတ္ထု၏ နိဂုံးတွင် ဒေါသတဆတ်ဆတ်နှင့် ရေးခဲ့လေသည်။

ထို့ကြောင့်လည်း ဤဝတ္ထုကို ရေးခဲ့ခြင်းဖြင့် ဗီချာစတိုးသည် အမေရိကန်တွင် လူချစ်အများဆုံးနှင့် လူမုန်းအများဆုံး မိန်းမသားတစ်ယောက် ဖြစ်ခဲ့သည်ဟု ဝေဖန်ရေးဆရာတို့က ဆိုကြသည်။

www.nyisay.com



ဤဝတ္ထုကို သတင်းစာတွင် စတင်ဖော်ပြသော အချိန်မှာ ၁၈၅၁ အကုန်ပိုင်း ဖြစ်သည်။ စာအုပ်အဖြစ် ၁၈၅၂ တွင် ထွက်သည်။ ထိုအချိန်ကား အမေရိကန်တွင် လူမည်းကျွန်များ ပြဿနာ အရှိန်တက်နေချိန် ဖြစ်သည်။ ထွက်ပြေးလျှင် လက်ခံသူများကို အရေးယူရန် လွှတ်တော်က ပြဋ္ဌာန်းသည်။ တစ်ဆက်တည်းပင် မြောက်ပိုင်းသားတို့က ကျွန်စနစ် ဖျက်သိမ်းရေးကို တောင်းဆိုသည်။ တောင်ပိုင်းသားတို့က မဖျက်ဟု တင်းခံသည်။ ကျွန်စနစ်ဖျက်လျှင် ပြည်ထောင်စုက ခွဲထွက်မည်ဟု ကြေညာသည်။ ၁၈၅၉ တွင် မြောက်ပိုင်းသား ဂျွန်ဗရောင်းက ကျွန်များ ပုန်ကန်ထကြွရေးကို ခေါင်းဆောင်သည်။ တောင်ပိုင်းသားတို့က ဂျွန်ဗရောင်းကို ဖမ်းပြီး သတ်ပစ်သည်။ သို့ဖြင့် အမေရိကန်ပြည်တွင်းစစ် ဖြစ်လာရ၏။ ထိုကာလတွင် သမ္မတဖြစ်လာသော လင်ကွန်းသည် ဦးလေးတွမ်ကို ရေးသော ဗီချာစတိုးအား တွေ့သောအခါ 'ဒီစစ်ပွဲ ဖြစ်စေတဲ့ စာအုပ်ကိုရေးတဲ့ မိန်းကလေးဟာ မင်းကိုကွယ့်' ဟု ဝေဖန် ပြောဆိုခဲ့ဖူးလေသည်။

စင်စစ် အမေရိကန်ပြည်တွင်းစစ်သည် **ဦးလေးတွမ်**ကြောင့် ဖြစ်သည် မဆိုနိုင်စေကာမူ **ဦးလေးတွမ်**သည် စစ်ပွဲဖြစ်ပွားမှုကို ဖန်တီးပေးလိုက်သော လတ်တလော အကြောင်းများတွင် တစ်ကြောင်း ဖြစ်ခဲ့ရလေ၏။ စာရေးသူ ကိုယ်တိုင်ကမူ သူ၏ ဦးလေးတွမ်သည် စစ်စည်စစ်မောင်းသံ မဟုတ် ဟု ဆိုခဲ့သည်။ ဤဝတ္ထုနှင့် ပတ်သက်သော နောက်ဆက်တွဲများကိုလည်း ရေးခဲ့လေသည်။

ဤသို့လျှင် **ဦးလေးတွမ်**သည် ကမ္ဘာ့သမိုင်းနှင့် ယှဉ်သော ဖြစ်ရပ် တစ်ခုလုံးကို ကိုင်လှုပ်နိုင်ခဲ့သည့် ဝတ္ထုတစ်ပုဒ်အဖြစ် ထင်ရှားကျော်ကြားလှလေသည်။ သို့သော် ဝေဖန်ရေးဆရာ အများကမူ ဦးတည်ချက်ပိုင်းအားဖြင့် ထိရောက် အရေးပါသလောက် ဝတ္ထုဖွဲ့စည်းပုံနှင့် စရိုက်အဖွဲ့ပိုင်းတွင် ညံ့ဖျင်းသည်ဟု ဝေဖန်ခဲ့ကြလေသည်။

ဤဝတ္ထုကို ကျော်လှိုင်ဦးက **ဦးလေးတွမ်** အမည်ဖြင့် ဘာသာပြန်၍ ၁၉၆၉ တွင် ထုတ်ဝေခဲ့သည်။ မြန်မာပြန် **ဦးလေးတွမ်**သည် ၁၉၆၉ အမျိုးသားစာပေ ဘာသာပြန်ဆု ရခဲ့သည်။

www.nyisay.com

## မဒမ် ဗိုဗာရီ (၁၈၅၇)

### ဂုစတေ့ ဖလောဗဲယား (၁၈၂၁-၁၈၈၀)

ကမ္ဘာကျော် ပြင်သစ်ဝတ္ထု ဖြစ်သည်။ စာရေးဆရာ ဖလောဗဲယားမှာ ဤတစ်ပုဒ်တည်းနှင့် နာမည်ကြီးခဲ့၏။

ပြင်သစ်ဂန္ထဝင်တွင် သရုပ်မှန်ဝါဒကို စတင် အကောင်အထည်ဖော်သူမှာ ဖလောဗဲယားဟု ပညာရှင်များက တညီတညွတ်တည်း ဆိုကြသည်။

ယခုဝတ္ထုမှာ လိုချင်တောင့်တ အားကြီးသော အလိုဆန္ဒနောက်သို့ ကောက်ကောက်ပါအောင် လိုက်ရင်း ပျက်စီးဆုံးပါးသွားသော မိန်းမချော တစ်ယောက်အကြောင်း ဖြစ်လေသည်။ ဤဝတ္ထုကို အကြောင်းပြု၍ “ဗိုဗာရီဝါဒ” ဟူသော စကားသစ် တစ်လုံးပင် စိတ်ပညာရပ် ဝေါဟာရသစ်တစ်ခုအဖြစ် တိုးပွားလာသည်။ ဖြစ်ချင်တာတွေကို စိတ်ကူးယဉ်ရင်း အလိုရမ္မက် နောက်သို့ ကောက်ကောက်ပါအောင် လိုက်တတ်သည့် မိန်းမတို့၏ အပြုအမူကို ဗိုဗာရီဝါဒဟု ခေါ်ကြသည်။ သို့ငြားလည်း ယခုဝတ္ထုမှာ စိတ်ပညာလောကမှ လူနာသမိုင်း မဟုတ်။ သို့သော် တကယ့်အဖြစ်အပျက်ကို မူတည်ကာ စာရေးဆရာက ဖန်တီးထားခြင်း ဖြစ်လေသည်။

စာရေးဆရာ ဖလောဗဲယားကို ပြင်သစ်ပြည် ရူဝမ်းမြို့တွင် ၁၈၂၁ ၌ မွေးသည်။ သူ့အဖေသည် ဆရာဝန်တစ်ယောက် ဖြစ်သည်။ ငယ်ရွယ်စဉ်က ဝက်ရူးပြန်ရောဂါ စွဲကပ်ခဲ့သည်။ ဖလောဗဲယားကို မွေးလာသည်မှာ စာရေးဆရာ

www.nyisay.com



လုပ်ဖို့ မွေးလာသလား အောက်မေ့ရလောက်အောင်ပင် သူသည် စာပေစိတ် အစွဲအလမ်း အလွန်ကြီးသူ ဖြစ်သည်။ လောကကြီးတွင် ရည်ရွယ်ချက် အမျိုးမျိုး ရှိကြသူများ ရှိသည်။ သူတစ်ယောက်မှာကား စာရေးဆရာ ဖြစ်ဖို့ကလွဲလျှင် တခြား ဘာအလုပ်ကိုမှ စိတ်မဝင်စား။ ထို့ကြောင့် ငယ်ရွယ်စဉ်က အတွေ့အကြုံ တို့ကို စာဖွဲ့သည်။ သို့သော်လည်း မအောင်မြင်။

ဖလောဗဲယားသည် စာပေမြတ်နိုးသူများဖြစ်သည့် ဒူကင့်နှင့် ဗူလရဲ တို့နှင့် မိတ်ဆွေဖြစ်သည်။ သူရေးသည့် ဝတ္ထုများကို ဖတ်ပြကာ ဝေဖန်စေသည်။ တစ်နေ့တွင် သူ့အိမ်သို့ သူတို့နှစ်ယောက်အား ဖိတ်ခေါ်ကာ ဝတ္ထုတစ်ပုဒ်ကို ဖတ် ပြသည်။ လေးရက်လုံးလုံး ညနေပိုင်းတွင် လေးနာရီအချိန်ယူကာ ဖတ်ပြသည်။ စတုတ္ထနေ့ ညသန်းခေါင်တွင်မှ ပြီးသည်။ ထိုအခါကျမှ 'ကဲ ဘယ့်နှယ်လဲ' ဟု မေး သည်။ တစ်ယောက်က 'ကျုပ်တို့ စိတ်အထင်တော့ ခင်ဗျားဝတ္ထုကို မီးထဲထည့် လိုက်ဖို့သာ ကောင်းတာပဲ၊ ဒီဝတ္ထုအကြောင်း နောက်ထပ် မဆွေးနွေးရင် ကောင်းမယ်' ဟု ဆိုသည်။ ဖလောဗဲယားသည် သူတို့နှင့် အချီအချ ဆွေးနွေးပြီး မှ သူတို့၏ ဝေဖန်ချက်ကို လက်ခံသည်။ ဤတွင် ဗူလရဲက ယူဂျင်းဒီလာမဲယား တို့အကြောင်း ရေးပါလားဟု တိုက်တွန်းသည်။ ဤသည်မှာ **မဒမ်ဗိုဗာရီ** ဖြစ်ပေါ် လာခြင်း၏ အကြောင်းရင်း ဖြစ်လေသည်။

ရူဝမ်းဆေးရုံတွင် ဒီလာမဲယားဟု ခေါ်သော ဆရာဝန်တစ်ယောက် ရှိသည်။ အနီးအနားရှိ မြို့လေးတစ်မြို့တွင်လည်း သူသည် ဆေးကုခန်း ဖွင့်ထား သည်။ ပထမ မယား ဆုံးပြီးနောက် အနီးဝန်းကျင်မှ လယ်သမားတစ်ယောက်၏ သမီးတစ်ယောက်နှင့် လက်ထပ်လိုက်သည်။ လယ်သမားသမီးမှာ အလွန်လှသည်။ အလှအပ ကြိုက်သည်။ ပ လွှားချင်သည်။ ကာလအတန်ကြာသော် ယောကျ်ားကြီး ကို စိတ်ကုန်ခန်းကာ နောက်မီးလင်းသည်။ အသုံးအစွဲ အားကြီးလှသဖြင့် ကြွေးတင်သည်။ နောက်ဆုံးတွင် ဆရာဝန်၏မယားသည် အဆိပ်သောက်ကာ သေသွားသည်။ ထို့နောက် ဒီလာဗဲယားလည်း သူ့ကိုယ်သူ သတ်သေလိုက်သည်။ ဤဇာတ်လမ်းကို ယူကာ **မဒမ်ဗိုဗာရီ**ကို ရေးကြောင်း လူတိုင်းပင် သိသည်ဟု ဆိုသည်။

ဖလောဗဲယား ဖန်တီးလိုက်သော **မဒမ်ဗိုဗာရီ** ဇာတ်လမ်းအချုပ်မှာ ဤသို့ ဖြစ်သည်။

ချားဗိုဗာရီသည် အသက် အတန်ငယ်ကြီးမှ ဆရာဝန်ဖြစ်လာသည်။ သူ သည် အလွန်ရိုးသည်။ သဘောကောင်းသည်။ သူ့အမေက မုဆိုးမတစ်ယောက်နှင့် လက်ထပ်ပေးကာ အနီးရှိ ရွာလေးတစ်ရွာသို့ လွှတ်၍ ဆေးခန်းဖွင့်ခိုင်းသည့်အခါ

www.nyisay.com



မည်သို့မျှ မကန့်ကွက်။ အမေ ပေးစားသည့်မိန်းမကို ယူကာ ခိုင်းသည့်အတိုင်း လုပ်သည်။

မုဆိုးမသည် သဘောပုပ်သည်။ ထိုအခိုက် လယ်သမားတစ်ယောက် ခြေကျိုးသည်ကို ကုသရင်း သူ့သမီး အမ်မာကို မျက်စိကျလာသည်။ အမ်မာ သည် မျက်ခုံးကောင်း၊ မျက်လုံးကောင်း၊ ဆံပင်ပိတုန်းရောင်၊ မျက်လုံးညိုညို ပိုင်ရှင် ဖြစ်သည်။ နှုတ်ခမ်းကား ထူသည်။ သို့နှင့် တစ်နေ့တွင် ချား၏မိန်းမ ကွယ်လွန်သွားသည်။ ခဏကြာလျှင် ချားသည် အမ်မာကို လက်ထပ်ယူလိုက် သည်။

ချားသည် အမ်မာကို လက်ထပ်ပြီးနောက် အပျော်ကြီးပျော်သည်။ မော ပန်းလျှင်ပင် မယားချောကလေးကို တစ်ချက်ကြည့်လိုက်ရသော် အမောပြေသွား သည်။ သို့သော်လည်း အမ်မာစိတ်ထဲတွင်မူ လင်ယူရသည့် အရသာကို ကောင်းကောင်းမတွေ့။ စာအုပ်များထဲတွင် ဖတ်ရသည့် လင့်အရသာမှာ အလွန် ကောင်းလှသည်။ အမ်မာသည် မယားကောင်း ပီသသည်။ အိမ်ထောင်ကို ကောင်းစွာ ထိန်းပေးသည်။ ကြာသော် သူ့ယောကျ်ား ချားကို စိတ်ကုန်လာသည်။ အလွန်ထုံထိုင်းထိုင်း လူတစ်ယောက်ဟု သူ ထင်သည်။ သို့နှင့် သူ့စိတ်သည် အလိုမကျ ဖြစ်လာသည်။ တစ်နေ့တခြား စိတ်ဒုက္ခရောက်လာသည်။ ချားကိုလည်း ဘာမှ မလှုပ်သည့် သစ်တုံးကြီးလို့ မြင်လာသည်။

အမ်မာအဖို့ အလိုမကျသည့်စိတ်မှာ ကြာသော် ရောဂါတစ်ခု ဖြစ်လာ သည်။ ချားက စိတ်ပြောင်းသွားစေရန် ရှုးဝမ်းမြို့နားရှိ ယွန်ဗီးမြို့ငယ်လေးတစ်ခုသို့ ပြောင်းရွှေ့ကာ ဆေးခန်းဖွင့်သည်။ ထိုအချိန်တွင် အမ်မာ၌ ကိုယ်လေးလက်ဝန် ရှိနေပြီ။

ယွန်ဗီးတွင် သူတို့သည် ရှေ့နေစာရေးလေး လီယွန်နှင့် တွေ့သည်။ လီ ယွန်သည် ဂီတကဗျာတို့ကို ချစ်သူဖြစ်သည်။ ဤနေရာတွင် အမ်မာနှင့် သဘော ချင်း တိုက်ဆိုင်ကြသည်။ ထို့ပြင် မြို့ငယ်လေးများမှာ ပျော်စရာမရှိ၊ အလွန်ပင် ငြီးငွေ့စရာကောင်းသည်ဟူ၍လည်း သူတို့နှစ်ယောက် သဘောတူကြသည်။

များမကြာမီပင် အမ်မာ၌ သမီးကလေးတစ်ယောက် မွေးသည်။ သမီးကို ကိုယ်တိုင် မမွေးမြူ။ မြတ်နိုးတွယ်တာခြင်းလည်း မရှိ။ လယ်သမားတစ်ယောက် ၏ မိန်းမကိုအပ်ကာ ထိန်းကျောင်းစေသည်။ တစ်နေ့တွင် သမီးဆီသို့အသွား မောပန်းလာသည်နှင့် လီယွန်က ဖေးမကာ အိမ်သို့ လိုက်ပို့ရသည်။ သို့နှင့် သူတို့ သည် ရင်းနှီးသော မိတ်ဆွေများ ဖြစ်သွားကြသည်။ သို့သော်လည်း သည့်ထက် ရှေ့တိုး၍ ရင်းနှီးရန်ကိုမူ လီယွန်က ကြောက်သည်။ အမ်မာ့အကြံအစည်မှာ သူနှင့် မျောက်မွေးရန်ပင် ဖြစ်သည်။

www.nyisay.com



နောက်ဆုံးတွင် လီယွန်သည် အမ်မာကိုခွာကာ ပါရီမြို့သို့ ဉပဒေပညာ သင်ရန် တက်သွားသည်။ ထိုအခါ အမ်မာသည် အလှအပဘက်သို့ စိတ်ပြောင်း သွားသည်။ အဝတ်အစားများကို အကြွေးဝယ်သည်။ ယွန်ဗီးမှ ကုန်စုံဆိုင်ပိုင်ရှင်ထံ အကြွေးယူသည်။ ချား၏အမေနှင့် စကားများ ရန်ဖြစ်ရသည်။ ဤတွင် အမ် မာသည် ဘာသာတရားဘက်သို့ ကိုင်းရှိုင်းလေဟန် စိတ်ပြောင်းသွားပြန်သည်။

ထို့နောက် ရူဒေါ့ဖ့လင်းဂျားဆိုသော လူချမ်းသာ လူပျိုလေးတစ်ယောက် နှင့် တွေ့ကြသည်။ ရူဒေါ့သည် အမ်မာကို အမြှောင်မယား၊ အပျော်မယားအဖြစ် သိမ်းပိုက်ထားချင်သည်။ သူတို့သည် ဈေးနေ့တစ်နေ့တွင် စ၍တွေ့ကြသည်။

တစ်ခါတွင်မူ ယွန်ဗီးလယ်ယာပြပွဲတစ်ခု၌ မြို့တော်ဝန်၏ မိန့်ခွန်းကို နားထောင်နေကြစဉ် ချစ်ရေးဆိုသည်။ သို့သော်လည်း ထိထိရောက်ရောက် အခြေ အနေသို့ မရောက်သေး။ အမ်မာမှာ ထိုအချိန်တွင် အနည်းငယ် ကြုံလှီနေသည်။ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းကောင်းတစ်ခုအဖြစ် မြင်းစီးရန် ရူဒေါ့က တိုက်တွန်းသည်။ ချားကိုလည်း သဘောတူစေသည်။ ထိုအခါမှစ၍ သူတို့သည် အလွန်ရင်းနှီးသွားကြသည်။ နေ့စဉ်တွေ့ကာ ညနေတိုင်းလိုလို စာအဆက်အသွယ် လုပ်သည်။ အမ်မာသည် မကြာခဏပင် ရူဒေါ့ထံသို့ သွားလည်သည်။ သို့သော် လမ်းတွင် အခွန်စာရေးတို့နှင့် လယ်ကွင်းအဖြတ် တွေ့သည့်အခါ သတိကြီးစွာ ထားရသည်။ ထိုမှ နောက်ပိုင်းတွင် ညတိုင်းလိုလို ရူဒေါ့နှင့် အမ်မာတို့ တွေ့ကြ သည်။ တစ်ခါတစ်ရံ ရူဒေါ့၏ဉယျာဉ်သည် သူတို့၏ ချစ်ရိပ်မြုံဖြစ်ပြီး မိုးရွာသည့် ညများတွင်မူ ချား၏ဆေးခန်းသည် သူတို့၏ချစ်နိဗ္ဗာန် ဖြစ်လေသည်။

ရူဒေါ့နှင့် ယှဉ်လိုက်သော် ချားသည် ပို၍ ထုံထိုင်းသည်ဟု အမ်မာ ထင် သည်။ သို့သော်လည်း တစ်ခါတွင်မူ ချားသည် ခြေထောက် မစွမ်းမသန်ဖြစ်နေ သူတစ်ယောက်ကို ခွဲစိတ်ကုသမည်ဟု ကြံစည်သောအခါ အမ်မာ အားတက်မိ သည်။ အောင်မြင်လျှင် ချားတစ်ယောက် နာမည်ကြီးလာမည်။ ထိုအခါ အမ်မာ လည်း သူ့အတွက် ဂုဏ်တက်ရမည်။ ခွဲစိတ်မှု မအောင်မြင်သည့်အခါ အမ်မာသည် ရူဒေါ့ရင်ခွင်သို့ ပြန်ရောက်သွားသည်။ ခါတိုင်းထက် ပို၍ အသုံးအဖြုန်း များ လာသည်။ အဝတ်ဝယ်ရသည့် ကြွေး၊ ရူဒေါ့အတွက် လက်ဆောင်ဝယ်ရသည့် ကြွေးတို့ ထူလာသည်။ သူနှင့် ရူဒေါ့တို့၏ မျောက်ဇာတ်ကိုလည်း တစ်မြို့လုံး လိုလို သိလာကြသည်။ သို့ငြားလည်း ချားက လုံးလုံးမရိပ်မိ။ သို့ဖြစ်ရာ မထူး တော့သည့် အတူတူ၊ ရူဒေါ့နှင့် တစ်နေရာရာသို့ ထွက်ပြေးကာ ချစ်နိဗ္ဗာန်ကြီးကို ထာဝရတည်ဆောက်ရန် စိတ်ကူးသည်။ သူ့ကို ဝေးရာသို့ ခိုးပြေးပါတော့ဟု ရူဒေါ့အား တိုက်တွန်းသည့်အခါ သဘောတူသည်။ သို့သော်လည်း ရူဒေါ့သည်

www.nyisay.com



နာမည်ပျက် မခံတော့ဘဲ တစ်ယောက်တည်း အလွတ်ရုန်းပြေးသည်။ ဤတွင် အမ်မာတစ်ယောက် စိတ်ဓာတ်ကျကာ နာတာရှည်လူနာ ဖြစ်သွားတော့သည်။ ကြွေးကလည်း ထူသည်ထက် ထူလာသည်။ ချားကား အမ်မာအကြောင်းကို မသိ။

နောက်ဆုံးတွင် အမ်မာတစ်ယောက် နာလန်ထလာသည်။ ထိုအခါ အပြောင်းအလဲဖြစ်စေရန် ချားက အမ်မာအား အော်ပရာကပွဲသို့ ခေါ်သွားသည်။ ကပွဲတွင် ရည်းစားဟောင်း လီယွန်နှင့် ပြန်တွေ့သည်။ လီယွန်သည် ရှေ့နေစာမေးပွဲ အောင်ပြီးနောက် ဥပဒေအရာရှိလေး ဖြစ်လာသည်။ သူတို့နှစ်ယောက်သည် ပြန်ပေါင်းထုတ်ကြပြန်သည်။ ဟိုတယ်တွင် တွေ့၍ အားမရသည့်အခါ ဘုရားရှိခိုးကျောင်းတွင် တွေ့သည်။ ချားကား ယွန်ဗီးသို့ ပြန်နှင့်ပြီး အမ်မာတစ်ယောက်သာ ကပွဲကို နောက်တစ်ည ကြည့်ဦးမည်ဟူသော အကြောင်းပြချက်ဖြင့် နေခဲ့သည်။ သို့သော်လည်း နောက်တစ်နေ့တွင် မြင်းလှည်းမမီသဖြင့် သောင်တင်နေပြန်သည်။ သို့နှင့် နောက်နေ့ကျမှ အိမ်ပြန်ရောက်သောအခါ ချားအဖေ ဆုံးပြီ ဖြစ်ကြောင်း သိရသည်။ ကျန်ခဲ့သည့် အမွေပစ္စည်း အနည်းငယ်ကို အမ်မာက လက်ဝါးကြီးအုပ်ရန် ကြိုးစားသည်။ သူ့အကြွေးများ ပြေလည်ရန်ပင် ဖြစ်သည်။ ယင်းအတွက် ရှေ့နေရှေ့ရပ်တို့နှင့် တိုင်ပင်ရန်ဆိုကာ ရူဝမ်းသို့သွားပြီး လီယွန်၏ အကြံဉာဏ်ကို ယူရန် အခွင့်ရသည်။

သုံးရက်တိတိပင် အမ်မာနှင့် လီယွန်တို့ ပျော်ပါးကြသည်။ လက်ထပ်ပြီးစ အပျော်ခရီးထွက်သည်နှင့် တူသည်။ ခွဲရပြီဆိုသည့်အခါ စိတ်ဆင်းရဲကြရသည်။ ထိုအခါ တစ်မျိုးတစ်မည်ကြံကာ ရူဝမ်းသို့ သွားရအောင် ဖန်တီးသည်။ ရူဝမ်းတွင် ဂီတသင်ခန်းစာများ ယူရန်ဟု အကြောင်းပြချက်ဖြင့် ရောက်လာပြီး လီယွန်နှင့် အပျော်ကြူးကြသည်။

သူတို့နှစ်ယောက် တိတ်တိတ်ပုန်း မျောက်ဇာတ်ခင်းသည်ကို ကုန်စုံဆိုင်ပိုင်ရှင်က လိုက်ချောင်းနေသည်။ သူ့မှာလည်း အမ်မာထံမှ အကြွေးများ ရရန် အလွန် အရေးကြီးသည်။ ကာလအတန်ကြာသော် လီယွန်သည် အမ်မာကို ငြီးငွေ့စ ပြုကာ စွန့်ခွာရန် ဆုံးဖြတ်လိုက်သည်။

အမ်မာကား အကြွေးပတ်လည် ဝိုင်းလာသည်။ ပိုက်ဆံရှာသော်လည်း မရ။ လီယွန်ကလည်း မပေးနိုင်။ ကြွေးရှင်တို့ကလည်း နောက်ထပ် မချေးငှား။ ဤသို့ဖြင့် အမ်မာသည် ယွန်ဗီးသို့ပြန်ကာ အိမ်ထောင်ပရိဘောဂကို ရောင်းချရန် စိတ်ကူးရလာသည်။

အမ်မာသည် ချားကို အတွေ့မခံ။ ရူဒေါ့လည်း ယွန်ဗီးသို့ ပြန်ရောက်နေရာ ငွေကြေး အကူအညီ တောင်းသည်။ ရူဒေါ့တွင် အချစ်စိတ် ကုန်ခန်းနေပြီ။

www.nyisay.com



ထို့ကြောင့် ငြင်းလိုက်သည်။ သို့နှင့် စိတ်ဓာတ်ပျက်ပြားကာ အဆိပ်သောက် သေလိုက်သည်။ ချားသည်လည်း သူ့ကို မကယ်နိုင်။ နောက်ဆုံးတွင် ချားသည် ဆင်းရဲ ဒုက္ခရောက်ကာ သေဆုံးရလေသည်။

ရသစာပေဆိုသည်မှာ အဖြစ်အပျက်များကို အစီအစဉ်ကျနစွာ တင်ပြပြီး ယင်းတို့နှင့် လိုက်ဖက်အောင် ဇာတ်ဆောင်များက ပြုမူပြောဆို ကျင့်ကြံရသည်။ အရေးကြီးသည်မှာ စာဖတ်သူကို မိမိတင်ပြသည့် ဇာတ်ဆောင်တို့၏ အပြုအမူ များကို လက်ခံ ယုံကြည်လာစေရန်ပင် ဖြစ်သည်။ ဝတ္ထုသည် လူ့ဘဝကို တိုက်ရိုက် မိတ္တူကူးချကာ တင်ပြသည့်စာ မဟုတ်။ တကယ် လူတို့ ပြောဆို သုံးနှုန်းကြသည့် စကားတို့ကို အားလုံးတင်ပြရန် မဟုတ်။ လိုသည်တို့ကိုသာ တိုတိုနှင့် ရှင်းရှင်း လိုရင်းရောက်အောင် သုံးစွဲပြောဆိုကြရန် ဖြစ်သည်။ မဆိုင် သည့် ဖြစ်ရပ်တို့ကို ချန်ခဲ့ရသည်။ ထပ်ခါတလဲလဲ ဓာတ်ပြားဟောင်းကြီးဖွင့်သလို ပြောပြီးသား၊ ဖော်ပြပြီးသားကို အခါခါ ဖွဲ့နွဲ့တင်ပြရန် မဟုတ်။ သို့သော်လည်း တကယ်ရေးဖွဲ့သည့်အခါ ဤအပြစ်အနာအဆာများ မကင်းနိုင်။ လူ့ဘဝဆိုသည် မှာလည်း ဖြစ်ပြီးသား အဖြစ်အပျက်တို့ ထပ်ကာထပ်ကာ ဖြစ်ပျက်နေသည် မဟုတ်လား။ ဝတ္ထုဆိုသည်မှာလည်း အပြစ်အနာအဆာ မကင်းနိုင်။ မဖြစ်နိုင်သည့် အဖြစ်အပျက်၊ သဘာဝမကျသည့် သရုပ်သကန်တို့လည်း မကင်းနိုင်။ စာဖတ်သူ တို့သည် ယင်းတို့ကို ခွင့်လွှတ်ကာ ဖတ်ရှုလက်ခံကြသည်သာ များသည်။ ဝတ္ထု ရေးဆရာသည် လူ့ဘဝတစ်ခုလုံးကို ပြည့်ပြည့်စုံစုံ ပုံတူကူးကာ ဖော်ပြဖွဲ့နွဲ့နိုင်သည် မဟုတ်။ သရုပ်မှန်ဝါဒကို ဆွဲကိုင်သည့် ဝတ္ထုရေးဆရာသည် လူ့သရုပ်သကန်နှင့် အများဆုံးတူအောင် ဖွဲ့နွဲ့ရေးသားရသည်သာ ဖြစ်သည်။ စာဖတ်သူက သူ့ပြော သမျှကို ယုံကြည်ပြီဆိုလျှင် သူ့လုပ်ငန်း အောင်မြင်ပြီဟု ဆိုရမည်။

ဤစံတို့နှင့် တိုင်းတာသော် **မဒမ်ဗိုဗာရီ**သည် ဖလောဗဲယား၏ သရုပ် မှန် လက်ရာကောင်းတစ်ခု ဖြစ်သည်ဟု ဝေဖန်ရေးဆရာတို့က လက်ခံကြသည်။ သူ့ဇာတ်ဆောင်တို့သည် လူနှင့် တူကြသည်။ အကြောင်းမှာ သူတို့၏စရိုက်ကို ဖလောဗဲယားက အသေးစိတ် ခြယ်မှုန်းထားသောကြောင့် ဖြစ်လေသည်။

ဤဝတ္ထုကို တက်တိုးက **သုရောနန္ဒီ**အမည်ဖြင့် ဘာသာပြန်၍ **ဗမာ့ခေတ်** သတင်းစာတွင် ဖော်ပြခဲ့ဖူးသည်။ ကျော်လှိုင်ဦးကမူ **မဒမ်ဗိုဗာရီ** အမည်ဖြင့်ပင် ၁၉၈၉ ခုနှစ်၌ ပထမတွဲ၊ ဒုတိယတွဲ ခွဲ၍ ထုတ်ဝေခဲ့သည်။

www.nyisay.com

## မျိုးစိတ်တို့၏ မူလအစ (၁၈၅၉)

### ချားဒါဝင် (၁၈၀၉–၁၈၈၂)

၁၉ ရာစု ဆန်းစတွင် ဒါဝင် လူဖြစ်လာသည်။ ငယ်စဉ်က အလေ့အလာအတိုင်းသာ ဆိုလျှင် သူသည် ကမ္ဘာကျော် သိပ္ပံပညာရှင်ဖြစ်ရန် အကြောင်းမရှိ။ စာပေကို သူ စိတ်မဝင်စား။ လက်တင်သဒ္ဒါသည် အလွန်စိတ်ညစ်စရာကောင်းသည်။ သူ့ဆရာကလည်း သူသည် အင်းဆက်ပိုးများ စုဆောင်းခြင်း၊ ဓာတုဗေဒစမ်းသပ်မှု ပြုလုပ်နေခြင်းတို့ဖြင့် အချိန်ဖြုန်းနေသည်ဟု ဆိုသည်။ အဖေ၏ခြေရာကို နင်းနိုင်ရန် အီဒင်ဗာရာသို့ ဆေးပညာသင်ကြားဖို့ လွှတ်သည်။ နှစ်နှစ်ရှိသည့်အခါ ဆေးပညာသည် သူနှင့် မဆိုင်ဟု ဆုံးဖြတ်ကာ စွန့်လိုက်သည်။ ထိုနောက် ဘုန်းကြီးလုပ်ရန် ကိန်းဗရစ်သို့ ပြောင်းရွှေ့ပြီး ကျောင်းတက်ပြန်သည်။ ထိုစဉ်တွင် ပါမောက္ခနှစ်ယောက်နှင့် သူ တွေ့သည်။ ရုက္ခဗေဒ ပါမောက္ခ ဟင်စလို၊ ဘူမိဗေဒ ပါမောက္ခ ဆက်ချဝစ်တို့နှင့်အတူ ကွင်းဆင်း သုတေသနကို သူ စိတ်ဝင်စားလာသည်။ ပိုးတောင်မာများ လိုက်လံစုဆောင်းရင်း သူသည် သဘာဝ လေ့လာရေးကို စိတ်ပါလာသည်။ ထိုအခါ ကိန်းဗရစ်တွင် နေရသည့် သုံးနှစ်သည် အချည်းနှီး ကုန်ဆုံးရသည့် ရက်များဟု ဒါဝင် နှမြောလာသည်။

ပါမောက္ခ ဆက်ချဝစ်သည် ဗီဂဲသင်္ဘောနှင့် တောင်ဘက် ကမ္ဘာလုံးခြမ်းဒေသသို့ ကွင်းဆင်း သုတေသန ထွက်မည်တွင် ဒါဝင်ကို လိုက်ခဲ့ရန် ခေါ်သည်။ ၁၈၃၁ မှ ၁၈၃၆ အထိ ဗီဂဲသင်္ဘောသည် ကျွန်းကြီးများ၊ ဆိပ်ကမ်းကြီးများကို ဆိုက်ကပ်သည်။ ဒါဝင်ကား ရုက္ခဗေဒပညာရှင်၊ ဘူမိဗေဒပညာရှင်၊ သတ္တဗေဒ

www.nyisay.com



ပညာရှင်အဖြစ် အမှုထမ်းရသည်။ သွားလေရာဟွင် ကုန်းရေနှစ်ဌာနမှ အပင်နှင့် အကောင်များကို စုဆောင်းသည်။ အာဂျင်တီးနား ပင်းပတ်မြက်ခင်းပြင်၊ အင်ဒီး တောင်စောင်းဒေသ၊ ချီလီနှင့် ဩစတြေးလျတို့မှ ဆားအိုင်ကြီးများ၊ သဲကန္တာရ ကြီးများ၊ ဘရာဇီးပြည်၏ တောနက်ကြီးများ၊ တဟီတီကျွန်း၏ တောနက်ဒေသ၊ တောင်အမေရိကတိုက် ကမ်းခြေဒေသနှင့် တောင်တန်းများ၏ ဘူမိဗေဒရုပ်သွင် များ၊ ပါတာဂိုနီးယားကျွန်းတွင် တွေ့ရသည့် မီးတောင်ရှင်နှင့် မီးတောင်သေများ၊ တွားသွားကောင်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ သန္တာကျွန်းခွေများ၊ ဗီရိုပြည် တွင် တွေ့ရသည့် ဆိတ်သုဉ်းစ ပြုနေသည့် လူ့အနွယ်များ၊ တီရာဒယ်လဖူဂိုကျွန်း နှင့် ပါတာဂိုးနီးယာကျွန်းတို့မှ ဒေသရင်း တိုင်းရင်းသားများ။ ဤသည်တို့မှာ ဒါဝင် ကြုံတွေ့သည့် အတွေ့အကြုံများ ဖြစ်သည်။ ဒါဝင်သည် သဘာဝပညာရှင် တစ်ယောက်၏ မျက်စိဖြင့် ယင်းတို့ကို စေ့စေ့စပ်စပ် လေ့လာသည်။

ရောက်ခဲ့သည့် ဒေသများတွင် ဂါလာပါဂိုကျွန်းစုသည် ဒါဝင် စိတ် အဝင်စားဆုံးဒေသ ဖြစ်လေသည်။ ထိုကျွန်းစုသည် တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေမှ မိုင် ၅၀၀ အကွာတွင် တည်ရှိသည်။ ထိုကျွန်းများတွင် လူသူမရှိ။ ယင်းတို့မှာ မီးတောင်ကျွန်းများသာ ဖြစ်သည်။ အခြားဒေသများတွင် ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ်သာ တွေ့ရသည့် ရေမလိပ်ကြီးများကို ထိုကျွန်းများ၌ တွေ့ရသည်။ အခြားဒေသတို့၌ ပျောက်ကွယ်သွားပြီဖြစ်သော ပုတ်သင်ညိုကောင် ကြီးများကို ယင်းဒေသ၌ တွေ့ရသည်။ ငှက်များမှာ အထူးစိတ်ဝင်စားစရာ ကောင်းလှသည်။ အနီးအနားရှိ တိုက်ကြီးများ၌ တွေ့ရသည့် ငှက်မျိုးဖြစ်သော် လည်း ထပ်တူထပ်မျှကား မဟုတ်။ ငှက်မျိုးစိတ် အမျိုးမျိုး တွေ့ရသည်တွင် တစ်ကျွန်းနှင့်တစ်ကျွန်း မျိုးမတူ ကွဲပြားခြားနားသည်ကို တွေ့ရသည်။

ဤတွင် ဒါဝင်၏ ခေါင်းထဲသို့ ဆင့်ကဲဖြစ်စဉ် သဘောတရားသည် ကိန်းအောင်းစ ပြုလာသည်။ ထိုခရီးမှ ရလဒ်သည် သူ့ဘဝခရီးကို အလွန် ထူးခြားစေသည်။

'ပမ်ပီယမ် ကျောက်လွှာမှာ တွေ့ရတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေက ကျွန်တော့်စိတ်ကို နှိုးဆွပေးတယ်။ ဒုတိယအချက်က တောင်အမေရိကတိုက် ရောက်တော့ တောင်ဘက်ကို တိုးသွားတိုင်း မျိုးတူတိရစ္ဆာန်တွေဟာ တစ်သုတ်ပြီး တစ်သုတ် တွေ့လို့သာ လာတယ်။ ဒါဟာ ထူးခြားချက်ပဲ။ ပြီးတော့ နောက်ဆုံး ထူးခြားချက်က ဂါလာပါဂိုကျွန်းစုမှာ တွေ့ရတဲ့ သက်ရှိပေါင်းစုံပဲ' ဤသို့ ဒါဝင်က သူ့မှတ်တမ်းတွင် ဖော်ပြခဲ့သည်။

ထိုနောက် အင်္ဂလန်သို့ ပြန်ရောက်သည့်အခါ ဒါဝင်သည် **မျိုးစိတ်တို့၏**

www.nyisay.com



**မူလအစ**အတွက် မျိုးစိတ်တို့ ကွဲပြားလာပုံ အချက်အလက်များကို စုဆောင်းသည်။ ပြီးလျှင် အကြမ်းရေးချသည်။ ၁၈၄၂ တွင် ၃၅ မျက်နှာမျှ သဘောတရားပိုင်းကို ရေးပြီးသည်။ ၁၈၄၄ တွင် စာမျက်နှာ ၂၃၀ အထိ ချဲ့ထွင်ရေးသားသည်။ အစပထမတွင် ဒါဝင်အဖို့ မျိုးစိတ်တို့ ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်စဉ်ကို မည်သို့ ဖော်ပြရမည်နည်းဟု အခက်အခဲ တွေ့နေသည်။ သက်ရှိမျိုးစိတ်တို့သည် ပေါက်ဖွားလာကြသည်။ အချိန်ကာလ ကြာမြင့်လာသည်နှင့် တစ်နည်းတစ်ဖုံ ပြောင်းလဲလာသည်။ ထို့နောက် မျိုးခက်မျိုးလက်များ ဆက်လက်ပြန့်ပွား ထွက်သွားသည်။ နောက်ဆုံးတွင် လုံးဝ ပျောက်သွားသည်။ ဤဖြစ်စဉ်ကို ဘယ်ပုံတင်ပြရမည်လဲ။

ဒါဝင်သည် မောလသတ်၏ **လူဦးရေသဘောတရား** စာတမ်းကို ဖတ်ရာမှ အလင်းရလာသည်။ လူလောကတွင် လူဦးရေ တစ်စတစ်စ တိုးလာသည်ကို ရောဂါဘေး၊ စစ်မက်ဘေး၊ အငတ်ဘေးတို့က တန့်သွားစေခြင်းဖြင့် ဖြေရှင်းပေးသည်ဟု မောလသတ်က တင်ပြသည်။ ယခုလည်း သက်ရှိသတ္တဝါတို့ကို အလားတူ အကြောင်းတစ်ခုခုက မတိုးပွားနိုင်အောင် ဟန့်တားလိမ့်မည်ဟု သူ ဆင်ခြင်မိလာသည်။

သည်အခါတွင်မှ အသက်ရှင်ရေးအတွက် ရုန်းကန်လှုပ်ရှားရမည်။ အခြေအနေ ကောင်းလာသည့်အခါ အခွင့်သာသော မျိုးစိတ်သည် အသက်ရှင်ကျန်ရစ်ပြီး အခွင့်မသာသူသည် သေကြေပျက်စီးခြင်းသို့ ဆိုက်ရောက်လိမ့်မည်။ ယင်းသို့ ရုန်းကန်လှုပ်ရှားရင်း ကျန်ရစ်ခဲ့သည့် သက်ရှိသည် မျိုးစိတ်သစ် ဖြစ်လာသည်။ သည်သဘောကို ဆင်ခြင်မိသည့်အခါ သဘောတရားသစ်တစ်ခု ဖန်တီးတီထွင်နိုင်ဖို့ အခြေအနေ ပေးလာသည်။

ဤသို့ဖြင့် အလွန်ကျော်ကြားသော ဒါဝင် ဝါဒများ ဖြစ်ကြသည့် "သဘာဝ၏ ရွေးချယ်မှုတရား၊ အသက်ရှင်ရေးအတွက် ရုန်းကန်လှုပ်ရှားမှု တရား၊ အခွင့်သာသူ အသက်ရှင် ကျန်ရစ်သည့် တရားတို့သည် **မျိုးစိတ်တို့၏ မူလအစ**၏ အခြေခံတရားများ ဖြစ်လာလေသည်။

ဤသဘောတရားအတွက် ဒါဝင်သည် အနှစ်နှစ်ဆယ်လုံးလုံး စုဆောင်းရသည်။ စာမျိုးစုံ ဖတ်ရသည်။ မဂ္ဂဇင်း၊ ဂျာနယ်၊ ခရီးသွားမှတ်တမ်း၊ အားကစားစာအုပ်၊ ဥယျာဉ်စိုက်ပျိုးရေး၊ တိရစ္ဆာန် မွေးမြူရေး၊ သဘာဝသမိုင်း စသည်ဖြင့် အမျိုးစုံ ဖတ်ရှုလေ့လာရသည်။ တိရစ္ဆာန်မွေးမြူသူများ၊ စိုက်ပျိုးရေးသမားများနှင့် တွေ့ဆုံ မေးမြန်းရသည်။ အိမ်မွေး ငှက်မျိုးစုံတို့၏ အရိုးများကိုယူကာ ချိန်တွယ်ပြီး ငှက်ရိုင်းတို့နှင့် နှိုင်းယှဉ်ရသည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



တစ်ဖန် သဘာဝရွေးချယ်မှုတရားကို အထောက်အပံ့ရစေရန် ဖန်တီးသော ရွေးချယ်မှုများ ပြုလုပ်စမ်းသပ်ရသည်။ ပန်းမျိုးစပ်ရသည်။ တိရစ္ဆာန်သားမျိုး စပ်ရသည်။ မျိုးစိတ်သစ်များကို လေ့လာရသည်။ သူ့လုပ်ငန်းက ကုန်နိုင်ဖွယ်မရှိ။ အလွန် ဖွဲကောင်းသဖြင့်သာ တတ်နိုင်ခြင်း ဖြစ်သည်။

သဘာဝလောကတွင်ကား မျိုးစပ်သူ၏ နေရာတွင် အသက်ရှင်ရေးအတွက် ရုန်းကန်လှုပ်ရှားမှုတရားက နေရာဝင်ယူသည်။ သက်ရှိအမျိုးမျိုးတို့တွင် အများ အပြားတို့သည် သေကြေပျက်စီးရသည်။ အချို့မျိုးစိတ်တို့သည် အခြားမျိုးစိတ် တို့၏ အစာအဖြစ် ခံကြရသည်။ ဤသို့ဖြင့် အသက်ရှင်ရေး တိုက်ပွဲသည် ဆက်လက် ဖြစ်ပွားနေသည်။ ထိုတိုက်ပွဲသည် ရက်စက်သည်။ အညှာတာ ကင်း သည်။ နောက်ဆုံးတွင် တော်သူနေ၊ မတော်သူ သေရသည်။

ဒါဝင်သည် လေ့လာနေခဲ့သည်မှာ စိတ်ဝင်စားလွန်လာပြီး စာအုပ်ထုတ်ရန် ပင် မေ့မေ့လျော့လျော့ ဖြစ်လာသည်။ ထိုအတွင်း သူ့လို လေ့လာသူတစ်ဦးက ဆင့်ကဲဖြစ်စဉ် သဘောတရားတစ်ခုကို တင်ပြတော့မည်ဟု သိရမှ လင်နီယင် အသင်းတွင် စာတမ်းဖတ်ဖြစ်သည်။ ယင်းကို ၁၈၅၉ တွင် ပုံနှိပ်ထုတ်ဝေသည်။

ဒါဝင်၏ စာအုပ်တွင် ပထမပိုင်း၌ အခြေခံ သဘောတရားများကို ဆွေးနွေးသည်။ ထို့နောက် ဘူမိဗေဒ၊ သစ်ပင်တို့ အပျံ့အနှံ့ ပေါက်ရောက်ပုံ၊ တိရစ္ဆာန်တို့ အနှံ့အပြား တွေ့ရပုံ၊ ယင်းတို့ကို မျိုးစားခွဲပုံ၊ ယင်းတို့၏ သွင်ပြင် လက္ခဏာများ၊ ထိုနောက် သန္ဓေဗေဒတို့ကို ဆွေးနွေးသည်။ နောက်ဆုံး အခန်းတွင် သူ့သဘောတရားကို အခိုင်အမာ တင်ပြသည်။

သက်ရှိသတ္တဝါ ရှိနေမည်ဆိုလျှင် ပြောင်းလဲမှု ရှိရမည်။ တစ်ကောင်နှင့် တစ်ကောင် ဘယ်တော့မှ ထပ်တူထပ်မျှ မတူနိုင်။ ယင်းမှာ ကွဲပြားမှု သဘော တရားအရ ဖြစ်သည်။

မျိုးစိတ်တို့သည် မျိုးဆက်ပြန့်ပွားရေး တာဝန်ကို အမြဲမပြတ် ထမ်းဆောင် နေကြသည်။ အနှေးဆုံး မျိုးပွားသတ္တဝါဖြစ်သည့် ဆင်သည်ပင် နှစ်ပေါင်း ၇၅၀ ခန့် ရှိသည့်အခါ ကမ္ဘာမြေပြင်ပေါ်၌ ဆင်ပေါင်း ဆယ့်ကိုးသန်း ရှိလိမ့်မည်ဟု ဒါဝင်က တွက်ပြသည်။ သက်ရှိသည် အမြဲပွားနေသည်။ တိုးပွားနှုန်းသည် ဂျီဩ မေထရီနည်းအရ ပွားနေသည်။ သို့သော် သဘာဝ ရွေးချယ်မှု တရားက ပွားသည့် နှုန်းကို ဟန့်တားသည်။ အချို့သည် သန်မာသည်၊ အပြေးမြန်သည်၊ ဉာဏ်ရှိသည်၊ ရောဂါပြီးသည်၊ ရာသီဥတုဒဏ်ကို ပိုခံနိုင်သည်။ သူတို့သည် အခြားအကောင် များထက် ပို၍ အသက်ရှင်ဖို့ လမ်းများသည်။ အာတိတ်ဒေသတွင် ယုန်ဖြူသည် ယုန်ညိုထက် ဝံပုလွေရန်မှ လွတ်ကင်းသည်။ သရောကြီးခိုင်းကာ သီးနှံများ

www.nyisay.com



အပေါက်နည်းသည့်အခါ လည်ပင်းရှည် သစ်ကုလားအုပ်သည် လည်ပင်းတို သစ်ကုလားအုပ်ထက် ပို၍ အသက်ရှင်နိုင်သည်။ သစ်ပင်ထိပ်မှ အရွက်အလက်များကို မီသောကြောင့် ဖြစ်သည်။

အများအားဖြင့် သန်မာထွားကြိုင်းပြီး အားကြီးသည့် အဖိုသည် သဘာဝဒဏ်ကြောင့် မကျေပြုန်းနိုင်။ မျိုးဆက်များ ကျန်ရစ်ဖို့ လမ်းများသည်။ ချိုမပါသော ဆတ်ထီး၊ အတက်မပါသော ကြက်ဖတို့သည် မျိုးဆက် များများချန်နိုင်မည် မဟုတ်။

ရာသီဥတုသည် သဘာဝရွေးချယ်မှုတွင် အရေးကြီးသော အချက်တစ်ခု ဖြစ်သည်။

သဘာဝရွေးချယ်မှုသည် ကမ္ဘာကြီးတွင် နေ့စဉ်နှင့်အမျှ၊ နာရီနှင့်အမျှ ဖြစ်ပွားနေသည်။ ဖျင်းသည့် ညံ့သည့် မျိုးစိတ်တို့သည် ကျေပြုန်းနေစဉ် ကောင်းသည်ထက် ကောင်းသည့် အရည်အသွေးတို့ တိုးပွားနေသည့် မျိုးစိတ်တို့မှာ အသက်ရှင် ကျန်ရစ်ခဲ့ကြသည်။

ဤသို့ဖြင့် ဒါဝင်သည် **မျိုးစိတ်တို့၏ မူလအစ** ကို တင်ပြခဲ့သည်။ အများကမူ ဆင့်ကဲဖြစ်စဉ်ကို ဒါဝင်က စသည်ဟု ထင်နေကြသည်။ ဤသို့ကား မဟုတ်။ ဆင့်ကဲဖြစ်စဉ် သဘောတရားသည် အရစ္စတိုတယ်ထက် အသက်ကြီးသည်။ ဉာဏ်ကြီးရှင်များ ဖြစ်ကြသည့် ဗတ်ဖွန်၊ လမ်မတ်၊ ဟားဗတ်စပင်ဆာတို့သည် ဤသဘောတရားကို ထောက်ခံခဲ့ကြသည်။ ချားဒါဝင်က ပါဝင်ဖြည့်စွက်သည့်အပိုင်းမှာ နည်းလမ်းနှစ်သွယ်ဖြင့် အားဖြည့်ထားခြင်းပင် ဖြစ်သည်။ ပထမသူသည် ဆင့်ကဲဖြစ်စဉ်သဘောတရားကို ပို၍ခိုင်မာစေရန် အထောက်အထားသက်သေများ အငြင်းမပွားနိုင်အောင် ဖြည့်စွက်ပေးခြင်း ဖြစ်သည်။ ဒုတိယ ဆင့်ကဲဖြစ်စဉ် သဘောတရားအတွက် အကြောင်းပြချက် ယုတ္တိရှိရန် သူ၏ ကျော်ကြားသည့် သဘာဝရွေးချယ်မှု တရားဖြင့် အားဖြည့်ခဲ့ခြင်းပင် ဖြစ်သည်။

ဒါဝင်၏သဘောတရားသစ် ပေါ်ထွက်လာသည့်အခါ ပထမဆုံး ဆူဆူပူပူ ဆန့်ကျင်ကြသူတို့မှာ ဘာသာရေးဂိုဏ်းများပင် ဖြစ်သည်။ သမ္မာကျမ်းစာတွင် ပါသည့် ဖန်ဆင်းခြင်းပုံပြင်တို့ ချုပ်ငြိမ်းရတော့မည် မဟုတ်လား။ ဒါဝင်သည် သူ့သဘောတရားကို လူ့လောကနှင့်ယှဉ်၍ မတင်ပြ။ သတိကြီးစွာနှင့် ချန်ခဲ့သည်။ သို့သော်လည်း သူ့ကို စွဲချက်တင်သူတို့က လူသည် မျောက်က ဆင်းသက်လာသည်ဟု ဒါဝင်က ပြောကြောင်း စွပ်စွဲကြသည်။ ဤသတင်းသည် ချက်ချင်းပြန့်သွားသည်။ ထို့ကြောင့် သတင်းစာများ၊ ဂျာနယ်များက တိုက်ခိုက်ရေးသားကြသည်။ ထိုအခါ သတင်းစာများက ပြင်းပြင်းထန်ထန် ဝေဖန်သည်။ သူ့

www.nyisay.com



ဆရာ ပါမောက္ခ ဆက်ချဝစ်က 'မင်းစာအုပ်ကို ဖတ်ရတာ ဘေးကြောတွေ တင်းလာတဲ့အထိ ရယ်ရတာပဲ၊ အူကို နှိပ်နေရတာပဲ'ဟု ချီးကျူးသည်။

သို့သော်လည်း သူ့ဘက်က ရပ်သူတို့ ရှိသေးသည်။ နာမည်ကြီး ဇီဝဗေဒ ပါမောက္ခ သောမတ် ဟတ်စလေသည် သူ့ကိုယ်သူ ဒါဝင်၏ ခွေးဘီလူးကြီးဟု အမည်ခံကာပင် ပြန်လှန်ချေပသည်။ ၁၈၆၀ ၌ အောက်စဖို့တက္ကသိုလ်ဗြိတိသျှအသင်း အစည်းအဝေးတစ်ခုတွင် ဂိုဏ်းအုပ်ကြီး ဝီလာဖာဖို့က ဟတ်စလေအား 'ပါမောက္ခ ဟတ်စလေကို တစ်ခုမေးချင်ပါတယ်။ မျောက်ရိုးဟာ သူ့အဘိုးဘက်ကလား ဒါမှမဟုတ် သူ့အဘွားဘက်ကလား ဆိုတာဖြေပါ' ဟု သိက္ခာချသည်။ ထိုအခါ ဟတ်စလေက 'ကိုယ့်အဘိုးအနွယ် မျောက်ဖြစ်လို့ ရှက်စရာမလိုပါဘူး၊ ကိုယ့်ဆွေမျိုးထဲမှာ အသိပညာရှင် အခေါ်ခံပြီး ကိုယ်နားမလည်တဲ့ သိပ္ပံပညာရှင်ကိစ္စမှာ ဝင်ပြီး စွာချင်တဲ့ လူမျိုးပါမှ ရှက်စရာကောင်းတာပါ' ဟု အဖြေပေးခဲ့သည်။

မျက်မှောက်ခေတ်တွင် နာမည်ကျော် ဇီဝဗေဒပါမောက္ခ ဂျူလီယန် ဟတ်စလေ( သောမတ် ဟတ်စလေ၏မြေး) က ဤသို့ ဒါဝင်၏ အောင်မြင်မှုကို သုံးသပ်ခဲ့သည်။

'ဒါဝင်ရဲ့ သုတေသနဟာ ကျွန်တော်တို့ လူသားတွေအဖို့ ကိုယ့်နေရာမှန်ကို ကိုယ်သိအောင် လုပ်ပေးခဲ့တယ်။ လူဟာ ဆက်လက်ပြီး တိုးတက်ဖို့ အကြောင်းမရှိတဲ့၊ ပြီးပြည့်စုံတဲ့ လူသား မဟုတ်နိုင်တော့ဘူး။ သူ့မှာ အလွန်ခိုင်ခန့်တဲ့ သမိုင်းကြောင်းရှိခဲ့တယ်။ ကျဆုံးတဲ့ သမိုင်းမဟုတ်ဘူး၊ အညွန့်တလူလူတက်နေတဲ့ သမိုင်းပဲ။ သူ့မှာ ရှေ့သို့ချီဖို့ တိုးတက်တဲ့ ဆင့်ကဲဖြစ်စဉ်ဟာ စောင့်ကြိုနေတယ်။ ဆင့်ကဲဖြစ်စဉ်တရားအရဆိုရင် လူဟာ ခွဲရှိရှိနဲ့ ခေတ်သစ်ကို တက်လှမ်းရမှာ ဖြစ်တယ်။ သမိုင်းမှာ နှစ်ပေါင်းတစ်ထောင်ဆိုတာ အလကားပဲ။ လူ့သမိုင်းနဲ့စာရင် လူဖြစ်အောင် တိုးတက်ခဲ့ရတဲ့ နှစ်ပေါင်း သန်းပေါင်းများစွာဟာ မျက်စိတစ်မှိတ်ပဲ ကြာမယ်။ ဒီတော့ နောင်နှစ်ပေါင်း သန်းပေါင်း များစွာအထိ ချီတက်နိုင်ဖို့ ခွဲရှိကြရမယ်'

www.nyisay.com

## မြစ်ကမ်းပေါ်က စက်ရုံကလေး (၁၈၆၀)

### ဂျော့ အီလယော့ (၁၈၁၉-၁၈၈၀)

ဂျော့အီလယော့သည် အမျိုးသမီး စာရေးဆရာဖြစ်သည်။ အင်္ဂလိပ် စာပေတွင် ဗရွန်တီ ညီအစ်မများလိုပင် ထင်ရှားသည့် အမျိုးသမီး စာရေးဆရာမဖြစ်သည်။ အမည်ရင်းမှာ မေရီယန် အီဗင်းဖြစ်သော်လည်း ချစ်သူ ဂျော့လီဝီ၏ အမည်မှ ဂျော့ကို ယူထားသည်။ ဝါးဝစ်ရှိုင်ယာ ကျေးလက်တွင် ကုန်သည်မျိုးရိုးမှ ဖွားမြင်သော သားသမီး သုံးယောက်အနက် အငယ်ဆုံးဖြစ်သည်။ အစ်ကို အိုင်ဆက်နှင့် မကြာခဏ သဘောချင်း မတိုက်ဆိုင် ဖြစ်ရသဖြင့် ဤဝတ္ထုသည် အတ္ထုပ္ပတ္တိဟု အချို့က ယိုးစွပ်ကြသည်။ သို့သော် ဤဝေဖန်ချက်သည် မမှန်။ **မြစ်ကမ်းပေါ်က စက်ရုံကလေး**မှာ သရုပ်မှန် အလွမ်းဇာတ်တစ်ခု ဖြစ်သည်။

ဝတ္ထုထဲမှ မဂ္ဂီတူလီဗာသည် မေရီယန်၏ ငယ်စဉ်ဘဝနှင့် နီးစပ်သည်။ အစ်ကိုဖြစ်သူ တွမ်ကို တွယ်တာပုံ၊ အစ်ကိုက အနိုင်ကျင့်ပုံ၊ နှမလေးကို ဒဏ်ခတ်ပုံတို့မှာ သူတို့ ငယ်စဉ်ဘဝနှင့် ခပ်ဆင်ဆင် ဖြစ်သည်။ သို့သော် ဝတ္ထုဆိုသည်မှာ အတ္ထုပ္ပတ္တိ မဟုတ်။ စာရေးသူသည် ဇာတ်ဆောင်များကို တကယ့်လူနှင့်တူအောင် ဖန်တီး ထားခြင်းသာ ဖြစ်သည်။

နောက်တစ်ချက် ရှိသေးသည်။ ယင်းမှာ မေရီယန်၏ဘဝကို တစ်မျိုးတစ်ဖုံ ဖန်လာစေသည့် အချစ်ရေးပင် ဖြစ်သည်။ သူသည် အဖေ ကွယ်လွန်ပြီးနောက် လန်ဒန်သို့ တက်လာကာ ဝက်စမင်တာရီဗျူး၌ လက်ထောက် အယ်ဒီတာအဖြင့်

www.nyisay.com



ဆောင်ရွက်နေစဉ် စာပေ ဝေဖန်ရေးသမား ဂျော့ လီဝီနှင့် တွေ့သည်။ ဂျော့သည် သူ့မိန်းမနှင့် ကွဲပြီးနောက် မေရီယန်နှင့် လူသိရှင်ကြား မဟုတ်ဘဲ တစ်အိမ်တည်း နေကာ ပေါင်းသင်းနေသည်။ ယင်းကြောင့် မေရီယန်၏အစ်ကို အိုင်ဆက်က သူ့နှမအား မခေါ်မပြောဘဲ နေသည်။ ဂျော့ ကွယ်လွန်တော့မှ (နောင် ၂၄ နှစ် အကြာ) စကားပြောသည်။ ဤဖြစ်ရပ်တို့ကြောင့် **မြစ်ကမ်းပေါ်က စက်ရုံကလေး** ဝတ္ထုသည် ပို၍ အသက်ဝင်လာသည်ဟု ဆိုကြသည်။ မည်သို့ဖြစ်စေ အိုင်ဆက်က သူ့အား မခေါ်မပြော နေသဖြင့် ထိခိုက်မည် အမှန်ဖြစ်သည်။ သို့သော်လည်း ဤဝတ္ထု၌ တွမ်နှင့်မဂ္ဂီတို့ မောင်နှမ နှစ်ယောက်အကြောင်း ရေးခြယ်သည့် အခါတွင်မူ စာရေးသူ ဂျော့အီလယော့သည် သမာသမတ်မျှစွာ၊ ဆန္ဒစွဲ ကင်းစွာ ဖော်ပြသည်ဟု ဝေဖန်ရေးသမားများက ဆိုကြသည်။

ဂျော့ အီလယော့သည် စာရေးဆရာကောင်းတို့၌ ရှိအပ်သည့် အရည် အသွေး တစ်ခုရှိသည်။ ယင်းမှာ အသေးအဖွဲ့ဟု မဆိုသာ။ ယင်းကား အမှန်ကို ကြည့်တတ် မြင်တတ် ရှာတတ်ပြီး အမှန်ကို အမှန်အတိုင်း တင်ပြတတ်သည့် သူ့အရည်အသွေးပင် ဖြစ်သည်။ သူသည် သရုပ်မှန်ဝါဒကို ရှာဖွေနေသူဖြစ်ရာ ဤဝတ္ထုနှင့်ပင် စာရေးဆရာကြီးတစ်ယောက် အဖြစ်သို့ ရင့်ကျက်လာပြီဟု ဆိုကြ သည်။

ဝတ္ထုဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

ဖလော့မြစ်ကမ်းပေါ်ရှိ ဒေါ်လကော့စက်ရုံကလေးကို တူလီဗာမိသားစု ပိုင်ဆိုင်သည်မှာ ငါးဆက်ရှိပြီ။ လက်ရှိပိုင်ရှင် အက်ဒဝပ်တူလီဗာသည် သဘော ကောင်းသည်။ ရိုးသားသည်။ ရန်ဖြစ်တတ်သည်။ သူသည် တရားတဘောင် တွေ့ရန် ဝါသနာထုံသည်။ ရှေ့နေကောင်းလျှင် အမှုနိုင်မည်ဟု ယူဆနေသည်။ သူ့မိန်းမမှာ စိန့်အော့ဂ်မြို့ ဒေါ်ဆန်မိသားစုမှ ဖြစ်သည်။ သူတို့တွင် သား တွမ်နှင့် သမီး မဂ္ဂီတို့ ရှိသည်။ မဂ္ဂီကို အဖေကြီးက ချစ်သည်။ သားကြီးတွမ်မှာ ၁၂ နှစ်၊ မဂ္ဂီ ၉ နှစ် ရှိသည့်အခါ ပညာရေးအတွက် စဉ်းစားကြသည်။ တွမ်ကို ကျောင်းကောင်းကောင်းသို့ ပို့ချင်သည်။ ရည်ရွယ်ချက်မှာ ရှေ့နေကောင်း တစ်ယောက် ဖြစ်ရေးပင် ဖြစ်သည်။ တွမ်သည် မဂ္ဂီလောက် မထက်၊ မဂ္ဂီက ပို၍ ဉာဏ်ထက်သည်။ တွမ်တွင် စိတ်ကူးဉာဏ် မရှိ။ မဂ္ဂီကား အကင်းပါးသည်။ ဖျတ်လတ်သွက်လက်သည်။

သို့နှင့် တွမ်ကို ဘုန်းတော်ကြီး စတယ်လင်၏ကျောင်းသို့ပို့ရန် ဆုံးဖြတ် လိုက်သည်။ တွမ်သည် ဆီဇာနှင့် ယူကလစ်တို့တွင် အခက်တွေ့ရသည်။ ကျောင်း တွင် မပျော်။ နှမလေး မဂ္ဂီနှင့် ကစားရသည်တို့ကိုသာ အမှတ်ရနေတတ်သည်။

www.nyisay.com



ဒုတိယနှစ်ဝက်တွင် ကျောင်းသားသစ်တစ်ယောက် တိုးလာသည်။ တူလီဗာ၏ရန်ဘက် ရှေ့နေ ဂျွန်ဝေကမ်၏သား ဖိလစ်ဝေကမ် ဖြစ်သည်။ ဖိလစ်သည် ငယ်စဉ်က ဒဏ်ရာရသဖြင့် ခါးကိုင်းနေသည်။ ဖိလစ်သည် ဉာဏ်ကောင်းသည်။ ထို့ကြောင့် တွမ်နှင့် မတည့်။ သို့သော် မဂ္ဂီကား ဖိလစ်ကို သနားသည်။ တစ်နေ့တွင် သူ့အစ်ကိုရှိရာသို့ လာ၍ လည်သည်တွင် ဖိလစ်နှင့် တွေ့ပြီး သူ့အစ်ကို ဖြစ်စေချင်သည်ဟု ဆိုသည်။ ဘယ်တော့မှ မမေ့ဟူ၍ ပြောကာ အနမ်းဖြင့် နှုတ်ဆက်ခဲ့သည်။ ထိုနောက် မဂ္ဂီလည်း ကျောင်းအိပ် ကျောင်းစား ဘော်ဒါတစ်ခုတွင် နေရသည်။

တွမ် ဆယ့်ခြောက်နှစ် ရှိသည့်အခါ တူဗာလီတွင် ဂြိုလ်ဆိုးဝင်သည်။ ဒေါလကော့စက်ရုံပိုင်နက်ရှိ မြစ်ရေကို ဘယ်သူပိုင်ထိုက်သနည်းဟု တရားဖြစ်ရာ တူဗာလီ ရှုံးသည်။ မြစ်ရေရမှ ရေရဟတ်ဖြင့် မောင်းသောစက် လည်နိုင်မည်ဖြစ်သည်။ ထိုနေ့မှာပင် တူဗာလီတစ်ယောက် မြင်းပေါ်မှကျကာ လေဖြတ်သည်။ အိပ်ရာထဲ နှစ်လခန့် လဲနေသည်။ နောင်းဖြစ်များအားလုံး မေ့သွားသည်။

စက်နှင့် ရှိသမျှ ပစ္စည်းအားလုံးကို ဝေကမ်က သိမ်းပိုက်သွားသည်။ ပန်းကန် ခွက်ယောက်တို့ကိုပင် လေလံတင်သည်။ ဒေါ်ဆန် ညီအစ်မများထံမှ အကူအညီ မရ။ ဆွေမျိုးသားချင်းတို့လည်း ဘာမှ မတတ်နိုင်ကြ။ ဝေကမ်က တူဗာလီအား စက်ရုံမန်နေဂျာ ခန့်သည်။ ထိုအချိန်တွင် တွမ်မှာ သူ့ဦးလေး ဒီယင်၏ကုမ္ပဏီတွင် အလုပ်ဝင်လုပ်ရသည်။ သူ့အဖေကို မန်နေဂျာ မလုပ်စေချင်။ တူဗာလီကား ပိုက်ဆံစု၍ အကြွေးပြန်ဆပ်ချင်သည်။ သူသည် ဝေကမ်အပေါ် သစ္စာရှိမည်။ သို့သော် တွမ်ကိုကား မိသားစုမှတ်တမ်း စာအုပ်ကြီးတွင် ကျိန်ဆိုကာ ဝေကမ်အား လက်စားချေပါမည်ဟု သစ္စာဆိုခိုင်းသည်။ မဂ္ဂီက ကန့်ကွက်သည်။ သို့သော် တွမ်ကား သူ့အဖေ ဆန္ဒအတိုင်း လက်စားချေရေးအတွက် သွေးဆူနေသည်။

သူ့အဖေ စီးပွားပျက်ပြီးနောက် မဂ္ဂီသည် အစစအရာရာ ခြိုးခြံနေထိုင်ရသည်။ မဂ္ဂီ ဆယ့်ခုနစ်နှစ် ရှိသည့်အခါ ဖိလစ်နှင့် ပြန်တွေ့သည်။ ငယ်ရွယ်စဉ်က အကြင်နာစိတ်များ ပြန်ပေါ်လာကြသည်။ ဖိလစ်က တူလီဗာ စီးပွား ပျက်စီးရာ ပျက်စီးကြောင်းကို သူ့အဖေ မကြံစည်၊ သူကမူ မိတ်ဆွေသာ ဖြစ်လိုသည်ဟု ဆိုသည်။ ထိုနောက် မဂ္ဂီကို ချစ်ကြောင်း ဖွင့်ပြောသည်။ မဂ္ဂီမှာ သူ့ကို သနားသည်။ သို့သော် သနားကြင်နာခြင်းကို အချစ်စိတ်ဟု ထင်နေသည်။

ဖိလစ်နှင့် နောက်ထပ်တွေ့ကြသည့်အခါ တွမ် သိသွားသည်။ တွမ်က နောက်ထပ် မတွေ့ဖို့ တားသည်။ သို့မဟုတ်လျှင် ဖိလစ်နှင့် မဂ္ဂီတို့ ချစ်နေကြ

www.nyisay.com



ကြောင်း အဖေကြီးအား အသိပေးရလိမ့်မည် ဆိုသည်။ မဂ္ဂီသည် တွမ်၏အလိုသို့ လိုက်ရသည်။

တူလီဗာသည် ငွေစုသည်။ တွမ်သည် ကုန်သည်လုပ်ရာမှ အမြတ်များစွာ ရသည်တွင် နောက်ဆုံးတစ်နေ့ အကြွေးများ ကြေသွားသည်။ နောက်ဆုံးကြွေး ကြေသည့်နေ့တွင် စက်ရုံပြင်ဘက်၌ တူလီဗာနှင့် ဝေကမ်တို့ တွေ့ကြသည်။ စိတ်မထိန်းနိုင်တော့ဘဲ တူလီဗာက ဝေကမ်ကို တိုက်ခိုက်သည်တွင် ဝေကမ်မှာ ဘာမျှမဖြစ်၊ တူလီဗာသာ ရုတ်တရက် လေဖြတ်သွားသည်။ သေခါနီးတွင် မဂ္ဂီကို ကြည့်ရှုစောင့်ရှောက်ရန် တွမ်အား မှာကြားသွားသည်။ ဤလောကကြီးသည် ရိုးသားသူအတွက် အနစ်နာခံရသည့်ဘက်ကချည်းပါလား ဟု သူ နောက်ဆုံး ခံစားသွားရသည်။ လောကကြီးသည် မတရားပါတကား။

အဖေကြီး ဆုံးပြီးနောက် မဂ္ဂီသည် ဆရာမ လုပ်ရန် ထွက်သွားသည်။ အသက်ဆယ့်ကိုးနှစ် ရှိပြီဖြစ်ရာ အလွန်လှလာသည်။ အပျိုသွေး ကြွလာသည်။ သူ့ညီမဝမ်းကွဲ လူစီဒီအင်ရှိရာ စိန့်အော့မြို့သို့ သွားလည်သည်တွင် သူနှင့်ရွယ်တူ မိန်းကလေးတို့၏ လောကထဲသို့ သူရောက်သွားကာ ပထမဆုံးအကြိမ် ပျော်ရွှင်မြူးထူးလျက်ရှိသည့် လောကအရသာကို ခံစားရသည်။

လူစီကို ပိုးပန်းနေသည့် စတီဖင်သည် စိန့်အော့မြို့တွင် လူချမ်းသာ၏ သားဖြစ်သည်။ မဂ္ဂီနှင့် တွေ့သည့်အခါ ချက်ချင်း ချစ်သွားသည်။ မကြာမီ စတီဖင်နှင့် မဂ္ဂီတို့ ချစ်ကြိုက်သွားကြသည်။ တစ်နေ့တွင် ချစ်သူနှစ်ယောက် ဖလော့မြစ်ထဲ၌ လှေစီးနေကြရင်း ရေစီးနှင့် မျောပါသွားသည်တွင် စတီဖင်က ထွက်ပြေးကြရန် ပြောသည်။ စတီဖင်ကို ချစ်သော်လည်း လက်ထပ်ရန်ကား မဂ္ဂီ ငြင်းလိုက်သည်။ သို့သော်လည်း အိမ်သို့ပြန်ရောက်လျှင် တွမ်က သူတို့ နှစ်ယောက်သတင်းကို ကြားပြီး ဖြစ်နေသည်။ ခွင့်မလွှတ်နိုင်ဘဲ အိမ်မှ နှင်ထုတ်လိုက်သည်။

ထိုအချိန်တွင် ဒေါလကော့စက်ရုံကို ဦးလေးဒီအင်တို့ ကုမ္ပဏီက ဝယ်လိုက်ပြီး တွမ်ကို မန်နေဂျာ ခန့်လိုက်သည်။ မဂ္ဂီမှာ အလုပ်မရနိုင်အောင် ဖြစ်နေပြီး ဒေါ်လေး ဂျိန်းဂလက်အိမ်တွင် ခိုလှုံနေသည်။

ထိုနှစ် စက်တင်ဘာ ဖလော့မြစ် ရေကြီးသည်။ တွမ်သည် မြစ်ကမ်းပေါ်က ာက်ရုံကလေးတွင် ရှိနေသည်။ မဂ္ဂီသည် အစ်ကိုတွမ်အတွက် စိုးရိမ်ကာ လှေ ာစ်စီးနှင့် ထွက်ခဲ့သည်။ ရေသည် အိမ်အပေါ်ထပ်သို့ ရောက်နေပြီ။ တွမ်သည် မဂ္ဂီအကူအညီကြောင့် ပြတင်းမှထွက်ကာ လှေပေါ်သို့ရောက်သည်။ မောင်နှမ နှစ်ယောက် လှေကလေးကို မြစ်ကမ်းသို့ ရောက်အောင် လှော်ကြသည်။

www.nyisay.com



သို့သော်လည်း ရေစီးတွင်မျောပါကာ မြစ်လယ် ရောက်သွားသည်။ နောက်ဆုံးတွင် ရေစီးနှင့်အတူ ပါလာသော အိမ်ပျက်များအောက်သို့ ရောက်ရဖို့ နီးလာသည်။ မောင်နှမနှစ်ယောက် တစ်ယောက်ကို တစ်ယောက်ဖက်ကာ သေမင်းကို ရင်ဆိုင်ကြရသည်။ သေမင်းက သူတို့နှစ်ယောက် ပြန်လည်သင့်မြတ်အောင် လုပ်ပေးလိုက်လေသတည်း။

ဤဝတ္ထုကို ၁၉၇၂ ခုနှစ်က ကျော်အောင် ဘာသာပြန်၍ ထုတ်ဝေခဲ့ဖူးသည်။

www.nyisay.com

## ဝတ်ရုံဖြူနှင့် အမျိုးသမီး (၁၈၆၀)

### ဝီလကီ ကောလင်း (၁၈၂၄–၁၈၈၉)

ဝီလကီ ကောလင်း၏ ဝတ္ထုများကို စုံထောက်နှင့် လျှို့ဝှက်သည်းဖို ဝတ္ထုများ၏ ကနဦးပိုင်း ဝတ္ထုများအဖြစ် သတ်မှတ်ကြသည်။ သူသည် ဇာတ်လမ်းဇာတ်ကွက် အဆင်ကောင်းသည်။ ထို့ကြောင့် သူ့ဝတ္ထုများကို ဇာတ်လမ်းကြိုက် အပျင်းပြေဖတ် သမားတို့ ကြိုက်ကြ၏။ သို့သော် သူ၏ စုံထောက်လျှို့ဝှက်သည်းဖို ဝတ္ထုများသည် သာမန် ဇာတ်လမ်းဖွဲ့ အပျော်ဖတ်ဝတ္ထု အဆင့်ထက် ကျော်လွန်သည်မှာ ဇာတ်ဆောင်၏ စရိုက်ကိုလည်း သတိမမေ့ ရေးဖွဲ့တတ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူ့ဝတ္ထုများသည် ဂန္ထဝင်စာပေစာရင်းတွင် ထည့်သွင်းခဲ့ကြ၏။

စုံထောက်လျှို့ဝှက်သည်းဖို ဝတ္ထုများအနက် စာပေဂန္ထဝင် စာရင်းဝင်သော ဝတ္ထုမျိုးသည် ရှား၏။ ယင်းသို့ ရှားရှားပါးပါး ဂန္ထဝင်စာရင်းဝင် လျှို့ဝှက် သည်းဖိုဝတ္ထုများတွင် ဝတ်ရုံဖြူနှင့် အမျိုးသမီး ဝတ္ထုသည် တစ်ပုဒ်အပါအဝင် ဖြစ်သည်။

ဤဝတ္ထုကို စိတ်ဝင်စားဖွယ် ဇာတ်ကွက်ဖြင့် စ ထား၏။

အသက် နှစ်ဆယ့်ရှစ်နှစ်အရွယ် ပုံဆွဲဆရာကလေး ဝေါလတာဟတ် ရိုက်သည် ဟမ့်ပစတက်မှ လန်ဒန်သို့ အပြန်ခရီး ဖြစ်သည်။ မှောင်ရီပျိုးစ ချိန်။ လန်ဒန် မြို့အဝင်သို့ ရောက်လုပေပြီ။ ထိုစဉ်မှာပင် ပခုံးပေါ်သို့ လက်ဝါး ိုင် တစ်ဖက် အညင်အသာ ကျလာသည်။ ခြေလှမ်းသည် တုံ့သွား၏။ နောက် ဘက်သို့ လှည့်ကြည့်လိုက်မိသည်။ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူဝတ်ရုံကို ခြုံဝတ်

www.nyisay.com



ထားသော မိန်းမပျိုကလေးတစ်ဦး။ ထိုမိန်းမပျိုက သူ့ကို လန်ဒန်မြို့သို့ ရှေးရှုသော ခရီးကို မေးသည်။ ဟတ်တရိုက်ဆီက အဖြေရသည်နှင့် မိန်းမပျိုသည် သူ့ခရီးကို ဆက်လေတော့သည်။ ထို့နောက် အတန်ကြာသောအခါ မြင်းလှည်းတစ်စီးသည် ဟတ်တရိုက်ကို ကျော်ဖြတ်ပြီး သူ့ရှေ့ရှိ ပုလိပ်တစ်ယောက်အနီးတွင် ရပ်လိုက်သည်။ လှည်းတွင်းမှ လူတစ်ယောက် ခေါင်းပြူထွက်လာ၏။ ပုလိပ်အား မိန်းမတစ်ယောက်ကို တွေ့လိုက်သလား စုံစမ်းသည်။ ပြီး ထိုမိန်းမသည် စိတ္တဇဆေးရုံမှ ထွက်ပြေးသွားသော မိန်းမဖြစ်ကြောင်း ပြောလိုက်သည်။ ထို့နောက် မြင်းလှည်း ဆက်မောင်းသွား၏။

ဤသည်ကား ဟတ်တရိုက်အဖို့ လင်းမားရစ်အိမ်ကြီးသို့ ထွက်ခွာမသွားမီ တစ်နေ့အလိုတွင် လန်ဒန်မြို့အနီး၌ ကြုံလိုက်ရသော အဖြစ်အပျက်တည်း။

ဟတ်တရိုက်သည် နောက်တစ်နေ့တွင် ကမ်ဗာလန်အရပ်ရှိ ဖရက်ဒရစ်ဖဲယာလီ၏ လင်းမားရစ်အိမ်ကြီးသို့ လာခဲ့ရ၏။ သူသည် ဤအိမ်ကြီးတွင် ရှိသော ဖရက်ဒရစ်၏ တူမနှစ်ယောက်ကို ပုံဆွဲပညာ သင်ပြပေးရမည် ဖြစ်ပေသည်။

သူ လင်းမားရစ်အိမ်ကြီးသို့ ရောက်သောနေ့မှာ ညီအစ်မနှစ်ယောက်အနက် ပထမဆုံးတွေ့ရသူကား မာရီယန်ဟယ်လကွန်ဗီ ဖြစ်သည်။ မာရီယန်သည် အကျည်းတန်သော်လည်း အမူအရာမှာ နှစ်သက်ဖွယ်ဖြစ်သည်။ အကင်းပါးပုံလည်း ရသည်။ မာရီယန်၏ မအေတူ ဖအေကွဲ ညီမမှာ လော်ရာဖဲယာလီ ဖြစ်သည်။ လော်ရာသည် လှသည်။ ချစ်စရာကောင်းသည်။ ထို့ကြောင့် ဟတ်တရိုက်သည် လော်ရာနှင့်တွေ့ပြီး မကြာမီမှာပင် လော်ရာကို ချစ်သွား၏။

ဟတ်တရိုက်သည် ညီအစ်မနှစ်ယောက်ကို ပုံဆွဲပညာပြပေးရန် ဤအိမ်ကြီးတွင်နေစဉ် သူ ဤအရပ်သို့ ထွက်ခွာမလာမီ လန်ဒန်၌ တွေ့ခဲ့ရသော ဝတ်ရုံဖြူနှင့် မိန်းမအကြောင်းကို စကားစပ်မိသေး၏။ ထိုအခါ မာရီယန်က ထိုအမျိုးသမီးနှင့် ပတ်သက်၍ သူ့အမေထံမှ သိရသမျှကို ပြောပြ၏။ ထိုအမျိုးသမီး၏အမည်မှာ အန်းကက်သရစ်ဖြစ်သည်။ အန်းသည် လော်ရာနှင့် ရုပ်ချင်းအလွန်ဆင်သည်။

မာရီယန်သည် သူ့ညီမလော်ရာနှင့် ဟတ်တရိုက်တို့ ချစ်နေသည်ကို ရိပ်မိနေသည်ဖြစ်ရာ ဟတ်တရိုက်အား သူ့ညီမမှာ စေ့စပ်ထားသူ ရှိပြီးဖြစ်ကြောင်းနှင့် ဤအိမ်ကြီးမှ အမြန်ဆုံး ထွက်ခွာသွားသင့်ကြောင်း ပြောပြ၏။ သို့ဖြင့် ဟတ်တရိုက်အဖို့ ဤအိမ်ကြီးမှ ထွက်ခွာရန် ဆုံးဖြတ်ရလေတော့သည်။

ဟတ်တရိုက်သည် အိမ်ကြီးမှ မထွက်ခွာမီ တစ်ညနေတွင် လမ်းလျှောက်ထွက်ခဲ့ရာ သင်္ချိုင်းတွင်း၌ ဝတ်ရုံဖြူနှင့် အမျိုးသမီးကို နောက်တစ်ကြိမ် တွေ့ရခြင်း

www.nyisay.com



ဖြစ်၏။ ယခုတစ်ကြိမ်၌ ဟတ်တရိုက်သည် ထိုအမျိုးသမီး အန်းကို တွေ့ရသဖြင့် ယခင်တစ်ခါလောက် မတုန်လှုပ်တော့စေကာမူ အမျိုးသမီးနှင့် ပတ်သက်၍ကား အံ့သြရလေသည်။ အမျိုးသမီးသည် ဖရက်ဒရစ်၏ဇနီး အုတ်ဂူကို သန့်ရှင်းနေခြင်း ဖြစ်၏။ ဤသို့ဖြင့် အန်းသည် လင်းမားရစ်အိမ်ကြီးနှင့် ပတ်သက်ခဲ့သူတစ်ဦး ဖြစ်ကြောင်း၊ ဖရက်ဒရစ်၏ဇနီးအပေါ် ချစ်ခင်မြတ်နိုးကြောင်း၊ လော်ရာအပေါ် လည်း သံယောဇဉ်တွယ်တာကြောင်း၊ လော်ရာကိုလည်း လက်မထပ်ဖြစ်အောင် ရောက်လာခြင်း ဖြစ်ကြောင်းတို့ကို ဟတ်တရိုက် သိရ၏။

သို့သော် လော်ရာမှာ ပါစီဗယ်နှင့် လက်ထပ်တော့မည်ဖြစ်ရာ ဟတ်တရိုက် သည် မကြာမီမှာပင် လင်းမားရစ်အိမ်ကြီးမှ ထွက်ခွာခဲ့ရလေသည်။ ထို့နောက် ဟတ်တရိုက်သည် အမေရိကအလယ်ပိုင်းသို့ ထွက်ခွာလာခဲ့၏။ ဟတ်တရိုက် မရှိတော့သည့်နောက် မကြာမီမှာပင် လော်ရာသည် ပါစီနှင့် လက်ထပ်ရ၏။

လော်ရာသည် ပါစီနှင့် လက်ထပ်ပြီး ခရီးထွက်ရာမှ ပြန်လာသောအခါ မာရီယန်အ့ဖို့ ညီမ၏ အခြေအနေ ပြောင်းလဲနေသည်ကို စတင် သတိပြုမိ၏။ ထိုအခါမှစ၍ မာရီယန်သည် လော်ရာတို့ လင်မယားနှင့်အတူ လိုက်နေပြီး ညီမ အခြေအနေကို အကဲခတ်ခဲ့သည်။ ပါစီကမူ မာရီယန် သူတို့နှင့် လိုက်နေသည် ကို သဘောမကျလှပေ။ ထိုအတွင်း လော်ရာတို့လင်မယား နေထိုင်ရာ အိမ်သို့ အီတလီလူမျိုး ကောင့်ဖော်စကို လင်မယား အလည်ရောက်လာ၏။ လော်ရာ၏ ယောကျ်ား ပါစီမှာ ဖော်စကိုနှင့် ငွေရေးကြေးရေး အရှုပ်အထွေးများ ရှိနေသည် ကို မာရီယန် သိလာသည်။ တစ်ခါတွင် ပါစီဗယ်သည် မယားလော်ရာအား လှည့်ဖျားပြီး ငွေတောင်းလေတော့သည်။ လော်ရာက မပေး။ ဤကိစ္စတွင်လည်း ဖော်စကိုနှင့် ပက်သက်နေ၏။ ဤသို့ဖြင့် ဖော်စကိုနှင့် ပါစီဗယ်တို့သည် သက်ာ မကင်းဖွယ် ဖြစ်လာလေ၏။

ထိုစဉ် တစ်နေ့တွင် လော်ရာသည် ဝတ်ရုံဖြူအမျိုးသမီးနှင့် ရုတ်တရက် တွေ့ရသည်။ အမျိုးသမီးက ဆာပါစီနှင့် ပတ်သက်သော အရှုပ်အထွေးကို ပြောမည်ပြုစဉ်ပင် ဖော်စကို ရောက်လာသဖြင့် စကားဆက်ပြတ်ခဲ့၏။ သို့ဖြင့် ဝတ်ရုံဖြူအမျိုးသမီး အကြောင်းသည် ဖော်စကိုမှတစ်ဆင့် ဆာပါစီနားသို့ ရောက်လေသည်။ ထိုအခါ ဆာပါစီသည် လော်ရာနှင့်မာရီယန် ညီအစ်မ နှစ် ယောက်ကို အခန်းတစ်ခုတွင် သော့ပိတ်ထည့်ထားလိုက်၏။ ထိုအတွင်းမှာပင် မာရီယန်သည် ယောကျ်ားသားနှစ်ယောက်က လော်ရာကိုသတ်ပြီး လော်ရာ့ ငွေ များကိုယူရန် ကြံစည်နေကြပုံကို ကြားရ၏။

ဆာပါစီတို့သည် ညီအစ်မနှစ်ယောက်ကို အခန်းခွဲထားလိုက်ပြီးနောက်

www.nyisay.com



လော်ရာကို လန်ဒန်သို့ ပို့လိုက်၏။ လန်ဒန်သို့ လော်ရာ ရောက်လာသောအခါ ဖော်စကိုသည် လော်ရာကို စိတ္တဇဆေးရုံမှ ထွက်ပြေးသော အန်းကက်သရစ်အဖြစ် ဖမ်းဆီးပြီး စိတ္တဇဆေးရုံသို့ ပို့ထားလိုက်၏။ ဤသို့ဖြင့် လော်ရာသည်လည်း မရူးဘဲ ဆေးရုံသို့ ရောက်ရလေတော့သည်။

ထိုအတွင်းမှာပင် အန်းကက်သရစ်မှာ ကွယ်လွန်သွားသည်ဖြစ်ရာ ဆာပါစီသည် အန်း၏ သင်္ချိုင်းကို လော်ရာ၏ သင်္ချိုင်းအဖြစ် ဖန်တီးလိုက်လေသည်။ အန်းကက်သရစ်၏ သင်္ချိုင်းပေါ်တွင် လော်ရာ၏ အမည်ကို ရေးထိုးထားလိုက်သည်။ ဤသို့ဖြင့် လော်ရာအစစ်မှာ စိတ္တဇဆေးရုံတွင် အန်းကက်သရစ်အဖြစ် ရောက်နေရပြီး အန်းကက်သရစ်မှာမူ လော်ရာအဖြစ် သေဆုံးခဲ့ရပြီ ဖြစ်၏။

မာရီယန်သည် မိမိညီမ သေဆုံးပြီဟူသော အချက်ကို မယုံ။ ထို့ကြောင့် စိတ္တဇဆေးရုံသို့ လာခဲ့သည်။ ထိုအခါ ညီမကို တွေ့သည်။ ညီမလော်ရာကို စိတ္တဇဆေးရုံမှ လွတ်အောင်လုပ်ပြီး ညီအစ်မနှစ်ယောက်တို့သည် လော်ရာ အမည်တပ်ထားသည့် အန်း၏သင်္ချိုင်းသို့ လာခဲ့၏။ ထိုအချိန်တွင် အမေရိကမှ ပြန်လာသော ဟတ်တရိုက်သည် လော်ရာ သေဆုံးပြီဟူသော သတင်းကို ကြားသဖြင့် လော်ရာ၏ သင်္ချိုင်းဂူသို့ ရောက်လာသည်။ သို့ဖြင့် ညီအစ်မနှစ်ယောက်နှင့် ဟတ်တရိုက်တို့သည် သင်္ချိုင်း၌ ဆုံလာ၏။ အကြောင်းစုံ သိကြရ၏။

ထိုအခါမှစ၍ ဟတ်တရိုက်သည် ဆာပါစီနှင့် ဖော်စကိုတို့၏ လျှို့ဝှက်ချက်များကို ထောက်လှမ်း စုံစမ်းလေတော့သည်။ ထိုအခါ ဆာပါစီမှာ တရားဝင် လက်ထပ်ထားသော မိဘများ၏သား မဟုတ်ဟူသော သဲလွန်စကို ရလေသည်။ ဟတ်တရိုက်သည် အထောက်အထားများကို ဆက်လက်ရှာဖွေနေစဉ် ပါစီသည် မိမိ၏ မူမမှန်သောအဖြစ် ပေါ်သွားမည် စိုးသဖြင့် အထောက်အထား မှတ်တမ်းများ ရှိသော ဘုရားရှိခိုးကျောင်းကို မီးရှို့ဖျက်ဆီးလိုက်လေသည်။ ယင်းသို့ ဘုရားရှိခိုး ကျောင်းကို မီးရှို့ဖျက်ဆီးရာတွင် ဆာပါစီလည်း မီးအလောင်ခံရပြီး မီးထဲတွင် သေဆုံးခဲ့ရ၏။ ဟတ်တရိုက်၏ စုံစမ်းချက်အရ လော်ရာနှင့် အန်းကက်သရစ်တို့ သည်လည်း ဖအေတူ မအေကွဲဖြစ်ကြောင်းနှင့် လော်ရာ့အဖေ၏ တရားမဝင်သော မိန်းမမှ အန်းကက်သရစ်ကို မွေးခဲ့ကြောင်း သိရ၏။

ဟတ်တရိုက်သည် လန်ဒန်သို့ ပြန်လာပြီး လော်ရာတို့ ညီအစ်မနှင့် တွေ့ရ၏။ ထိုအချိန်အထိ လော်ရာ အသက်ရှင်လျက် ရှိနေသေးကြောင်း အထောက်အထား ပြဖို့မှာ ခက်နေ၏။ ထိုအထောက်အထားမှာ ဖော်စကိုလက်တွင်သာ ရှိ၏။ ထို့ကြောင့် ဖော်စကိုကို အကျပ်ကိုင်ရလေတော့သည်။ စင်စစ် ဖော်စကိုမှာ အီတလီ နိုင်ငံ လျှို့ဝှက်အသင်းဝင်တစ်ဦး ဖြစ်၏။ ဟတ်တရိုက်၏ ဆရာတစ်ဦးမှာလည်း

www.nyisay.com



ထိုအသင်းဝင်ဖြစ်ရာ ဟတ်တရိုက်သည် သူ့ဆရာ အကူအညီဖြင့် ဖော်စကို၏ လော်ရာ အသက်ရှင်လျက်ရှိကြောင်း ဝန်ခံချက်ကို ရယူလေတော့သည်။ ဖော်စကို လည်း အင်္ဂလန်မှ ထွက်သွားရ၏။

ဤသို့ဖြင့် ဟတ်တရိုက်၊ လော်ရာနှင့် မာရီယန်တို့သည် လော်ရာ အသက်ရှင်လျက်ရှိကြောင်း အထောက်အထားများနှင့်အတူ လင်းမားရစ်အိမ်ကြီး သို့ ပြန်လာခဲ့ကြ၏။ ထို့နောက် လင်းမားရစ် အမွေဆက်ခံသူများအဖြစ် လော်ရာ နှင့် ဟတ်တရိုက် လက်ထပ်ကြပြီး မာရီယန်သည်လည်း လော်ရာတို့ လင်မယားနှင့် အတူ အသက်ထက်ဆုံး နေထိုင်ခဲ့လေ၏။

ဤဝတ္ထုကို ရှေးဦးဒေါင်းက **ခင်စက်မေ** အမည်ဖြင့် လည်းကောင်း၊ ရူဝံက **ခင်နှင်းဖြူ** အမည်ဖြင့် လည်းကောင်း၊ ကိုကိုက **ခရအိမ်** (၁၉၆၄)အမည်ဖြင့် လည်းကောင်း မှီးရေးခဲ့ကြဖူးသည်။

## အဖေများနှင့် သားများ (၁၈၆၂)

### အီဗန် တူရဂေညက် (၁၈၁၈–၁၈၈၃)

အဖေ၏ ခေတ်နှင့် သား၏ခေတ်သည် ကွာခြားမြဲ ဖြစ်သည်။ ခေတ် ကွာခြားသောအခါ အဖေ၏ တွေးပုံခေါ်ပုံ၊ ပြုပုံမူပုံ၊ ကြည့်ပုံရှုပုံနှင့် သား၏ တွေးပုံခေါ်ပုံ၊ ပြုပုံမူပုံ၊ ကြည့်ပုံရှုပုံတို့သည်လည်း ကွာခြားလာမြဲ ဖြစ်သည်။ ဤ အဖြစ်ကို ကမ္ဘာကျော် ရုရှစာရေးဆရာကြီး "တူရဂေညက်"က **အဖေများနှင့် သားများ** ဝတ္ထုတွင် တင်ပြထားလေသည်။

တူရဂေညက်၏ ဇာတ်လမ်းများသည် ဇာတ်လမ်းအသားပေး စာရေးဆရာများအတွက် လုပဆန်းကြယ်သော ဇာတ်ကွက်များ၊ ဇာတ်လက်တက်များ ဖန်တီးနိုင်အောင် ခိုင်ခန့်ကျယ်ပြောသည်။ သို့သော် တူရဂေညက်သည် ဇာတ်လမ်းအသားပေးတတ်သူ မဟုတ်ဘဲ ဇာတ်ဆောင်များကိုသာ အသားပေးသူ ဖြစ်သည်။ **အဖေများနှင့် သားများ** ဝတ္ထုတွင်လည်း တူရဂေညက်သည် ဇာတ်ဆောင်များကို အသားပေးဖွဲ့သည်။

ဗာဇာရော့၊ ပါဗဲ၊ အာရကားဒီ၊ နီကိုလိုင်တို့ကား **အဖေများနှင့် သားများ** တွင် အဓိကဇာတ်ဆောင်များ ဖြစ်ကြသည်။

နီကိုလိုင်သည် တစ်ခုလပ် မြေပိုင်ရှင်ကြီး ဖြစ်သည်။ အခြားမြေပိုင်ရှင်ကြီးများနှင့် မတူသည့်အချက်မှာ နီကိုလိုင်သည် သူနှင့် ခေတ်ပြိုင် မြေရှင်ကြီးများထက် အတွေးအခေါ်အရာ၌ ရှေ့ကပြေးနေသူ ဖြစ်သည်။ လစ်ဘရယ်ဝါဒီ ဖြစ်သည်။

www.nyisay.com



ထို့ကြောင့် သူပိုင် ကျေးကျွန်များကို လွတ်လပ်ခွင့်ပေးသည်။ သူ့တွင် သားတစ်ဦး ရှိသည်။ သားအမည်ကား အာရကားဒီ ဖြစ်သည်။ အာရကားဒီသည် စိန့်ပီတာစဗတ် မြို့တော်သို့ သွားရောက်ပညာသင်သည်။ ပညာသင်စဉ် ဗာဇာရော့နှင့် တွေ့ဆုံခင်မင်သည်။ ဗာဇာရော့ကား မင်းမဲ့ဝါဒသမား ဖြစ်သည်။ တွေးပုံခေါ်ပုံ၊ ပြုပုံမူပုံ ရဲရင့်သည်။ ပြတ်သားသည်။ အစဉ်အလာသမားများနှင့် အလွန်ခြားနားသည်။ ဗာဇာရော့၏ အတွေးအခေါ်သည် အာရကားဒီကို လွှမ်းမိုး၏။

၁၈၅၈ ခု မေလတွင် အာရကားဒီသည် စိန့်ပီတာစဗတ်တက္ကသိုလ်မှ ဘွဲ့ရပြီး သူ့ဇာတိနယ်မြေ၊ သူ့ဖခင်ထံသို့ ပြန်လာသည်။ အာရကားဒီနှင့်အတူ ဆရာဘွဲ့ရပြီးစ ဗာဇာရော့လည်း အလည်လိုက်လာသည်။ ဖခင်ဖြစ်သူ နီကိုလိုင်သည် သားနှင့် သား၏မိတ်ဆွေအား ဝမ်းပန်းတသာ ကြိုဆိုသည်။ နီကိုလိုင်သည် မင်းမဲ့ဝါဒီ ဗာဇာရော့ကို မနှစ်မြို့က်လှ။ နီကိုလိုင်ထက် ပို၍ရှေးဆန်သော သူနှင့်အတူနေ အစ်ကိုပါဗဲကမူ ဗာဇာရော့ကို မြင်ပြင်းကပ်သည်။ ပါဗဲသည် စစ်ဗိုလ်ဟောင်း ဖြစ်သည်။ မင်းသမီးတစ်ပါးနှင့် ချစ်ကြိုက်ပြီး ကွဲသွားကြသဖြင့် အချစ်ကို စိတ်နာသည်။ ထို့ကြောင့် သူ့ညီနီကိုလိုင် နောက်အိမ်ထောင်သစ်ထူရန် ကြိုးစားနေသည်ကို အပြင်းအထန် ကန့်ကွက်သည်။ နီကိုလိုင်သည် နောက်အိမ်ထောင်သစ်ကို အတိအလင်း မထူသော်လည်း ဖယ်နစ်ချကားဆိုသည့် မိန်းမတစ်ဦးနှင့် ပေါင်းသင်းနေသည်။ ကလေးတစ်ဦးပင် ရနေသည်။ ဖယ်နစ်ချကားသည် နီကိုလိုင်၏ တရားမဝင် ဇနီးဖြစ်သော်လည်း နီကိုလိုင်၏ အိမ်၌ပင် နေသည်။

ဖခင်ဖြစ်သူ နီကိုလိုင်သည် သူ ဖယ်နစ်ချကားနှင့် ပေါင်းသင်းနေသည်ကို သားဖြစ်သူ အာရကားဒီ ကန့်ကွက်မည်ကို စိုးရိမ်သည်။ အာရကားဒီ ရောက်လာသောအခါ သူ့ဖခင်ထင်သလို မဟုတ်ဘဲ ဖယ်နစ်ချကား သားအမိကိုပင် အရေးတယူ ဆက်ဆံလေသည်။

အာရကားဒီနှင့် မိတ်ဆွေ ဗာဇာရော့တို့သည် သူတို့နှင့် အမူအကျင့် အတွေးအခေါ် မတူသော အသိုင်းအဝိုင်းတွင် နေထိုင်ရသည်မှာ ပျော်ပိုက်စရာ မကောင်းသည့်အတွက် အနီးအနားရှိ ခရိုင်မြို့ကြီးသို့ သွားရောက်လည်ပတ်လေ့ရှိသည်။ ထိုမြို့တွင် ကျင်းပသော ကပွဲတစ်ခု၌ ဗာဇာရော့နှင့် အာရကားဒီတို့သည် ချမ်းသာကြွယ်ဝသော မုဆိုးမကလေး "အန်နာဆီဂရေယက်ဖနား အော်ဒင်းဆော့" နှင့် သူ့ညီမ "ကာကျာ"တို့ကို တွေ့ဆုံမိသည်။ အန်နာသည် ကပွဲတွင် ထူးထူးခြားခြား ပြောဆိုပြုမူတတ်သော လူငယ်နှစ်ဦးကို သဘောကျကာ သူ့အိမ်သို့ အလည်အပတ် ဖိတ်ခေါ်သည်။

အန်နာတို့ ညီအစ်မအိမ်သို့ မကြာခဏ လည်ပတ်ရင်း ဗာဇာရော့သည်

www.nyisay.com



မှဆိုးမအန်နာကို လိုချင်လာမိသည်။ အန်နာကမူ ဗာဇာရော့ကို မချစ်။ အာရကားဒီကလည်း လက်ဦးကမူ ဗာဇာရော့ကဲ့သို့ပင် အန်နာကို သူ သဘောကျသည်ဟု ထင်မှတ်မိသည်။ နောက်တော့ သူ တကယ်သဘောတွေ့သူမှာ အန်နာ မဟုတ်ဘဲ အန်နာညီမ "ကာကျာ"ဖြစ်သည်ကို ခံစားသိ သိလာလေသည်။ အန်နာက ဗာဇာရော့ကို ခပ်အေးစက်စက် ဆက်ဆံသောအခါ ဗာဇာရော့သည် စိတ်ပျက်လက်ပျက်ဖြစ်ပြီး သူ့မိဘများအိမ်သို့ အာရကားဒီကိုပါ ခေါ်ဆောင်ပြီး ပြန်သွားလေသည်။ ဗာဇာရော့၏ ဖခင်သည် အငြိမ်းစား စစ်တပ်ဆရာဝန် ဖြစ်သည်။ မိခင်မှာမူ အလွန်ရိုးသားသော မိန်းမတစ်ဦးမျှသာ ဖြစ်သည်။ ဗာဇာရော့တို့အိမ်၌ တည်းခိုနေစဉ် အာရကားဒီသည် ဗာဇာရော့နှင့် သူ့အကြားတွင် ခြားနားချက် များစွာရှိနေကြောင်း သတိမူမိသည်။ သူသည် ဗာဇာရော့ကဲ့သို့ မင်းမဲ့ဝါဒီ စစ်စစ် ဖြစ်နိုင်မည် မဟုတ်ကြောင်း သိလာသည်။ အထူးသဖြင့် ရှေးအစဉ်အလာကို ထိန်းသိမ်းလိုသော သူ့ဦးလေးအပေါ် ဗာဇာရော့၏ ရှုတ်ချသော သဘောထားကို အာရကားဒီ မနှစ်မြို့နိုင်။

ဗာဇာရော့နှင့် အာရကားဒီတို့သည် အာရကားဒီ၏ ဖခင် နီကိုလိုင်တို့အိမ်သို့ ပြန်လာကြပြီး နေထိုင်ပြန်သည်။ ဗာဇာရော့သည် အန်နာနှင့် မနီးစပ်သောအခါ နီကိုလိုင်၏ တရားမဝင် ဇနီးသည်ကလေးကို ရိသဲ့သဲ့ လုပ်လာသည်။ တစ်နေ့တွင် ဗာဇာရော့သည် ဖယ်နစ်ချကားကို အတင်းဖက်နမ်းသည်။ ထိုအချင်းအရာကို အာရကားဒီ၏ဦးရီး ပါဗဲက မြင်သွားသည်။ ထို့ကြောင့် ဗာဇာရော့နှင့် တစ်ယောက်ချင်း တိုက်ခိုက်ရန် တောင်းဆိုသည်။ သူတို့နှစ်ဦးသည် သေနတ်ချင်းယှဉ်၍ ပစ်ခတ်ရာ ဗာဇာရော့မှာမူ မည်သို့မျှ မဖြစ်။ ပါဗဲသာ အနည်းငယ်ဒဏ်ရာ ရသွားသည်။ အဘယ်ကြောင့် သေနတ်ချင်းယှဉ်၍ ပစ်ခတ်ရသည်ကို မည်သူ့ကိုမျှ အသိမပေးပေ။

ပါဗဲသည် ဒဏ်ရာကြောင့် အိပ်ရာ၌ လဲနေစဉ် သူနှင့် ကွဲကွာခဲ့ရသော သူ့ချစ်သူ မင်းသမီးကို သတိရမိသည်။ တစ်ဦးနှင့်တစ်ဦး ချစ်ခင်လျှင် ပေါင်းဆုံဖို့ သင့်သည်ဟုလည်း သဘောပေါက်လာသည်။ ထို့ကြောင့် နာလန်ထသောအခါ သူ့ညီ နီကိုလိုင်ကို ဖယ်နစ်ချကားနှင့် တရားဝင် လက်ထပ်ယူရန် တိုက်တွန်းလေသည်။ အာရကားဒီ၏ အချစ်ကိုလည်း ကာကျာက လက်ခံလိုက်သည်။

ဗာဇာရော့ကား အာရကားဒီနှင့်ခွဲကာ သူ့မိဘထံသို့ ပြန်သွားပြီး ဖခင်၏ ဆေးကုသမှုတွင် လက်ထောက်အဖြစ် ဝင်ရောက်ကူညီ လုပ်ဆောင်သည်။ တစ်နေ့တွင် ဗာဇာရော့သည် တိုက်ဖတ်(အူရောင်ငန်းဖျား)ရောဂါကို ခွဲစိတ်ကုသရင်း လက်၌ ဓားဖြင့်ခြစ်မိသော ဒဏ်ရာရသည်။ ထိုဒဏ်ရာမှ တိုက်ဖတ်ပိုးဝင်ကာ

www.nyisay.com



ရောဂါရခဲ့သည်။ ဗာဇာရော့သည် ရဲရဲဝံ့ဝံ့ပင် သေမင်းကို လက်ခံတွေ့ဆုံခဲ့လေသည်။

ဝတ္ထုအဆုံးတွင် နီကိုလိုင်တို့ မိသားစု၌ နှစ်မင်္ဂလာပွဲ ကျင်းပလေသည်။ နီကိုလိုင်နှင့် ဖယ်နစ်ချကား၊ အာရကားဒီနှင့် ကာကျာတို့ နှစ်စုံတွဲ လက်ထပ်ကြ၏။ အန်နာသည်လည်း ဝတ်လုံတစ်ဦးနှင့် လက်ထပ်သည်။ ပါဗဲမှာမူ ဂျာမနီသို့ သွားရောက်နေထိုင်သည်။

ဘဝပူပူကို နှစ်သက်ခဲ့သူ ဗာဇာရော့၏ မြေပုံအပေါ်၌ကား စိမ်းစိုအေးမြသော မြက်ပင်ကလေးများသည် လေပြည်လေညင်းတွင် ယိမ်းကနေလေသည်။

www.nyisay.com

## အံ့ဖွယ်ကမ္ဘာရောက် အဲလစ် (၁၈၆၅)

### လူးဝစ် ကာရိုး (၁၈၃၂–၁၈၉၈)

ကမ္ဘာ့ဂန္ထဝင် စာပေစာရင်းတွင် ကလေးစာပေသည် ပုံစံအမျိုးမျိုးဖြင့် ပါဝင်သည်။ ကလေးစာပေ ဖန်တီးသူတို့သည်လည်း မိမိတို့ စာပေကို ပုံစံအမျိုးမျိုးဖြင့် ဖန်တီးလေ့ ရှိပေသည်။ ယင်းသို့ ကလေးစာပေ ဖန်တီးသူများတွင် လူဝစ်ကာရိုးသည်လည်း ထူးခြားသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်၏။

လူးဝစ်ကာရိုးသည် ချားလုတဝစ်၏ ကလောင်အမည် ဖြစ်သည်။ သူသည် အင်္ဂလိပ်လူမျိုး သင်္ချာပညာရှင်နှင့် ဓာတ်ပုံပညာရှင် ဖြစ်သည်။ စာရေး ဝါသနာပါသည်။ သူသည် လူးဝစ်ကာရိုး ကလောင်အမည်ဖြင့် ယခုစာအုပ်ကို ရေးရာမှ အစပြုကာ ထင်ရှားလာ၏။

သူ့ပုံပြင်မှာ အဲလစ်ဆိုသော မိန်းကလေးတစ်ယောက်၏ စိတ်ကူးပေါက်ရာကို စာဖွဲ့ထားခြင်း ဖြစ်သည်။ စာပေ အမျိုးအစားမှာ စိတ်ကူးဖွဲ့ ပုံပြင်မျိုးဖြစ်၏။ ဇာတ်လမ်းကို အဆန်းတကြယ် ဖွဲ့ထားသည်။

ပုံပြင်ကို အဲလစ်နှင့် သူ့အစ်မတို့ မြစ်ကမ်းပါးဘေးတွင် ထိုင်နေသော အဖြစ်မှ စ သည်။ အဲလစ်အစ်မသည် စာတစ်အုပ်ကို ဖတ်ပြနေ၏။ အဲလစ်သည် စာအုပ်ကို လှမ်းကြည့်၏။ စာအုပ်၌ ပုံတစ်ပုံမျှ မပါ။ အဲလစ် ငြီးငွေ့လာသည်။ ငိုက်မျဉ်းလာသည်။ စိတ်သည် လွင့်ပျံ့လာ၏။ သူ့ရှေ့က ဦးယုန်ကြီးကို မြင်ရသည်။ ဦးယုန်ကြီးသည် လူလို သူလို ဖြစ်နေသည်။ အပေါ်အင်္ကျီနှင့်၊ အိတ်ဆောင်နာရီနှင့် ရေးကြီးသုတ်ပျာလည်း ဖြစ်နေသည်။

www.nyisay.com



အဲလစ်သည် ဦးယုန်ကြီးကို သဘောကျသွားသည်။ ဦးယုန်ကြီးနောက်က လိုက်ခဲ့သည်။ တွင်းကြီးတစ်ခုထဲသို့ ကျသွားသည်။ တော်သေး၏။ အဲလစ် အနာတရ မဖြစ်။ ဦးယုန်ကြီး နာရီကြည့်လိုက်၊ နောက်ကျပြီ ညည်းလိုက်နှင့်။ အဲလစ်သည် ဦးယုန်ကြီးနောက် လိုက်ခဲ့သည်။ ပြတင်းပေါက်တွေ အများကြီးနှင့် အခန်းထဲ ရောက်လာသည်။ ဦးယုန်ကြီးကို မျက်ခြည်ပြတ်သွားသည်။

အခန်းတံခါးတွေ ပိတ်ထား၏။ အဲလစ် ဘယ်ကဝင်ရပါ့။ သော့တစ်ချောင်းကို မှန်စားပွဲပေါ်မှာ တွေ့ပါ၏။ ဘယ်အခန်း တံခါးနှင့်မျှ အံမဝင်။ တံခါးသေးသေးကလေးကို တွေ့၏။ ဖွင့်ကြည့်၏။ တံခါးက ငယ်လွန်းစွ။ အဲလစ် ဝင်၍မရ။ သော့ကို ပြန်ထားသောအခါ စားပွဲပေါ်မှာ ပုလင်းတစ်လုံး တွေ့သည်။ သောက်ရန် ဟူသော စာလည်းပါ၏။ အဲလစ်သောက်သည်။ အဲလစ်ခန္ဓာကိုယ်သည် ငယ်သွားသည်။ တံခါးနှင့် အတော်ပဲဖြစ်သည်။ သို့သော် တံခါးကို ပြန်ပိတ်ထားမိသည်။ သော့ကိုယူဖို့ကလည်း မိမိခန္ဓာကိုယ် တစ်ပေမပြည့်နှင့် ယူ၍မရ။ ထိုစဉ် စားရန်ဟူသော စားစရာတစ်ခုကို တွေ့သည်။ အဲလစ် စားလိုက်သည်။ အရပ် ကိုးပေလောက် ရှည်သွားပြန်သည်။ အဲလစ်သည် သူ့အဖြစ်ကို သူကြည့်ပြီး တုန်လှုပ်သွားသည်။ ဝမ်းနည်းသွားသည်။ မျက်ရည်ကို မဆည်နိုင်တော့။ မျက်ရည်မိုးကြီး ရွာလေပြီ။ မျက်ရည်ချောင်း စီးလေတော့သည်။

ထိုစဉ်မှာပင် ဦးယုန်ကြီး ပြန်ရောက်လာသည်။ ဦးယုန်ကြီးလက်က လွတ်ကျသော လက်အိတ်နှင့် ယပ်တောင်ကို ကောက်ပေးလိုက်သည်။ အဲလစ် ပြန်ငယ်သွားပြန်၏။ မျက်ရည်ချောင်းတွင် အဲလစ် မျောလေတော့သည်။ မျက်ရည်ချောင်းထဲတွင် ကြွက်၊ ကြောင်နှင့် ကြက်ဆင်တို့ပါ မျောပါလာကြ၏။ ဦးယုန်ကြီး ရောက်လာပြန်၏။ အဲလစ်ကလေးမှာ ဦးယုန်ကြီးအမိန့်အတိုင်း ဦးယုန်ကြီးအိမ်သို့ သွားရ၏။ လက်အိတ်နှင့် ယပ်တောင်ကို ယူပေးရသည်။ တွေ့သောအရည်ကို သောက်မိရာ ခန္ဓာကိုယ်ကြီး ကြီးလာပြန်သည်။

အဲလစ်သည် ငယ်နိုင်သော မုန့်ကို စားပြန်၏။ အဲလစ် ကိုယ်ကလေး ငယ်သွားသည်။ ထိုအခါ အဲလစ် တောထဲသို့ ထွက်ပြေးခဲ့သည်။ အဲလစ်သည် မှိုပွင့်ကြီးတစ်ခုအောက်တွင် ဝင်ခဲ့သည်။ မှိုပွင့်ပေါ်က ခူကောင်နှင့် တွေ့သည်။ ခူကောင်က အဲလစ်ထိုင်နေသော မှိုပွင့်တစ်ဖတ်ကို စားလျှင် ငယ်သွားနိုင်ကြောင်းနှင့် အခြားတစ်ဖတ်ကို စားလျှင် ကြီးသွားနိုင်ကြောင်း ပြောပြ၏။

ဤသို့ဖြင့် အဲလစ်သည် ဖားပြုတ်နှင့်လည်း တွေ့၏။ မိုးရွှေလိပ်နှင့်လည်း ဆုံမိ၏။ စကားပြောသော ပန်းပွင့်ကလေးများရှိသော ဥယျာဉ်ထဲသို့လည်း ရောက်ခဲ့သည်။ ဘုရင်မနှင့်လည်း ဆုံမိသည်။ မြို့စားကြီးရှေ့မှောက်သို့လည်း ရောက်ခဲ့သည်။ အဆုံးတွင် အဲလစ်သည် ဖဲချပ်ထဲက နှလုံးသားဘုရင်မနှင့် ဘုရင်ကြီးတို့၏

www.nyisay.com



တရားခွင်ရှေ့မှောက်သို့ ရောက်လာခဲ့ရလေတော့သည်။ ဖဲချပ်ထဲက အရုပ်တွေသည် တကယ့်လူတွေ ဖြစ်နေကြလေပြီ။ တရားခွင်မှာ ရုတ်ရုတ်သဲသဲ ဖြစ်နေ၏။ ကိုရွှေကြက်က တမျောင့်။ သာလိကာကလည်း တမျောင့်။ ထိုနေရာသို့ အဲလစ်ရောက်လာခဲ့ခြင်း ဖြစ်သည်။ အဲလစ်ကိုယ်တိုင် ဘာမှုမှန်း မသိဘဲ သက်သေဖြစ်နေ၏။ ထိုစဉ် အဲလစ်ခန္ဓာကိုယ်သည် ကြီးလာသည်။ ဘုရင်သည် အဲလစ်ကို တရားခွင်က မောင်းထုတ်လေတော့သည်။ အဲလစ်က ငြင်းသည်။ ထိုအခါ ဘုရင်မသည် အဲလစ်၏ ခေါင်းကို ဖြတ်ပစ်ရန် အမိန့်ပေးလိုက်၏။ အဲလစ်ခန္ဓာကိုယ်ကြီးလာသဖြင့် တရားခွင်တစ်ခုလုံး ချောက်ချားသွား၏။ တရားခွင်က တိရစ္ဆာန်အားလုံး ထွက်ပြေးကြလေပြီ။ ထိုအခါ၌ အဲလစ်သည် ဖဲချပ်ထဲက ဘုရင်မ၊ ဘုရင်နှင့်တကွ ဖဲချပ်အရုပ်အားလုံးအား ဖဲချပ်တွေထဲ ပြန်သွားရန် အမိန့်ပေးလိုက်၏။ ဖဲချပ်များ ပျံဝဲကျလာသည်။

သည်တော့မှပင် အဲလစ်သည် အံ့ဖွယ်ကမ္ဘာ၌ စွန့်စားခန်း ဝင်ခဲ့ရသောအဖြစ်မှာ စင်စစ် အိပ်မက်တစ်ခုပါကလားဟု သတိပြုမိသည်။

လူးဝစ်ကာရိုး၏ ဤပုံဝတ္ထုကို စိတ်ကူးပေါက်ရာ ရေးထားသော ပုံဝတ္ထုဟု ဆိုသူက ဆိုသည်။ ကာရိုးသည် မိန်းကလေးငယ်တို့အပေါ် တွယ်ငြိသည့်အားလျော်စွာ ထိုကာလ နိုင်ငံရေး၊ ပညာရေးတို့အပေါ် မိန်းကလေးငယ်၏ အမြင်ဖြင့် ပြက်ရယ်ပြုခြင်း ဖြစ်သည်ဟု ဆိုသူက ဆို၏။

မည်သို့ဖြစ်စေ ဤစာအုပ်တစ်အုပ်ဖြင့် လူးဝစ်ကာရိုးသည် ကျော်ကြားလာ၏။ ကလေးအများကပင် ဤပုံဝတ္ထုကို နှစ်သက်ကြ၏။ ဤပုံဝတ္ထုကို ထုတ်ဝေစဉ်ကပင် ဂျွန်တင်နီယယ်၏ ပုံများဖြင့် ပုံနှိပ်ခဲ့ရာ ကလေးတို့သည် စာရေးဆရာ၏ ဝတ္ထုကိုလည်း ကြိုက်ကြသည်။ ပန်းချီဆရာ၏ ကိုးယိုးကားယား ပုံများကိုလည်း သဘောကျကြလေသည်။

လူးဝစ်ကာရိုးသည် သူ၏ ပုံဝတ္ထုကို ရိုးရိုးရှင်းရှင်း ရေးခဲ့သည်။ ကဗျာကလေးတွေလည်း ကြားညှပ်ပေးထား၏။

လူးဝစ်ကာရိုးသည် ထိုပုံဝတ္ထု၏ အဆက်အဖြစ် **ကြေးမုံပြင်ကို ဖြတ်၍** နှင့် **ဖေဖေကြီး ဝီလျံ** တို့ကိုလည်း ရေးခဲ့သည်။

ယင်းတို့အားလုံးပင် ယနေ့တိုင် ကလေးတို့ အသည်းစွဲအဖြစ် စာပေဂန္ထဝင်တွင် ထင်ရှားလေသည်။

ယင်း အံ့ဖွယ်ကမ္ဘာရောက် အဲလစ်၏ စွန့်စားခန်းများကို မှီး၍ ဆွေဆက်က ၁၉၇၃ မေမှ စက်တင်ဘာထုတ်အထိ **ဦးဦးပုံပြောမယ်** စာစောင်များတွင် **မော်မော်နဲ့ ထူးဆန်းတဲ့ကမ္ဘာ** ရုပ်ပြပုံဝတ္ထု အခန်းဆက်ကို ရေးဆွဲခဲ့၏။

www.nyisay.com

## ပြစ်မှု နှင့် ပြစ်ဒဏ် (၁၈၆၆)

### ဒေါစတာယက်ဖစကီး (၁၈၂၁–၁၈၈၁)

ပြစ်မှုနှင့် ပြစ်ဒဏ် ဝတ္ထုသည် ရုရှား စာရေးဆရာကြီး ဖျိုဒါ ဒေါစတာယက်ဖစကီး၏ ဝတ္ထုများအနက် ထင်ရှားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ဤဝတ္ထုသည် လူသားများထက် မိမိက အဆင့်မြင့်သည်ဟု အထင်ရောက်ကာ လူသားများ တညီတညွတ်တည်း လက်ခံထားသော ကျင့်ဝတ်များကို ချိုးဖောက်မိသူတစ်ဦး၏ ဒုက္ခသုက္ခ အဖုံဖုံကို ကြက်သီးမွေးညင်း ထ လောက်အောင် ဖွဲ့ဆိုထားသောဝတ္ထု ဖြစ်သည်။ ဒေါစတာယက်ဖစကီးသည် လူသားများ ခံစားနေရသော စိတ်ဒုက္ခ ဝေဒနာကို သူ၏ ဝတ္ထုအသီးသီး၌ ဖော်ပြလေ့ ရှိသည်။ ပြစ်မှုနှင့် ပြစ်ဒဏ်ဝတ္ထု ဘွင်မှု ဒုက္ခ ဝေဒနာကိုသာ ဖော်ပြရုံသာမက ဒုက္ခ ဝေဒနာမှ လွတ်မြောက်ရန် မျှော်လင့်တတ်ပုံကိုလည်း ဖော်ပြထားသည်။

ပြစ်မှုနှင့် ပြစ်ဒဏ်ဝတ္ထု၏ အဓိက ဇာတ်ဆောင်သည် စိန့်ပီတာစဗတ် မြို့တော်၌ လာရောက် ပညာသင်ကြားနေသော ကျောင်းသားတစ်ဦးဖြစ်သူ "ရတ်စကော ညိကော့" ဖြစ်သည်။ ရတ်စကောညိကော့သည် ဆင်းရဲမွဲတေသော ကျောင်းသားဖြစ်သည်။ ပစ္စည်းမွဲသော်လည်း အတ္တစိတ် မွဲသူမဟုတ်။ အတ္တစိတ် ကြီးမားသည်။ သူသည် လူသားတွေထက် သာလွန်ကြီးမြတ်သူ ဖြစ်သည်ဟု အထင်ရောက်နေသည်။ သို့ဖြစ်၍ လူသားတွေ လိုက်နာရမည့် ကျင့်ဝတ်သိက္ခာများ သည် သူနှင့် လားလားမျှ မဆိုင်ဟု ထင်သည်။ သူ့တွင် တုမမီသော အသိဉာဏ်

www.nyisay.com



ရှိသည်။ ငွေမရှိ။ ငွေသာရှိလျှင် သူ့၌ရှိသော အသိဉာဏ်နှင့် ပေါင်းစပ်လိုက်ကာ လောကတစ်ခွင်တွင် သူထင်ရာ ကြံနိုင်မည်ဟု စိတ်ကူးမိသည်။ ဤစိတ်ကူး၏ စေ့ဆော်မှုအရ ရတ်စကောညိကော့သည် အပေါင်ဆိုင်ရှင် မိန်းမကြီးနှင့် သူ့ညီမကို ရဲဒင်းဖြင့် ခုတ်သတ်ပြီး အပေါင်ခံပစ္စည်းများကို ယူခဲ့သည်။ လူသာမန်တို့သည် ပြစ်မှုတစ်ခုခု ကျူးလွန်ပါက ပြစ်မှုအတွက် တန်ရာပြစ်ဒဏ်ကို ခံရမည်ဟူသော အသိတရား၏ ချောက်လှန့်မှုကို ခံရတတ်သည်။ သူကား လူသာမန် မဟုတ်။ ထို့ကြောင့် သူ့ကို ဘယ်လို အသိတရားကမှ ခြောက်လှန့်နိုင်မည် မဟုတ်ဟု ယူဆသည်။

အပေါင်ဆိုင်ရှင် မိန်းမကြီးကို သတ်ဖြတ်ပြီး သူနေထိုင်ရာ အခန်းသို့ ပြန်ရောက်လာစဉ် သူ့ကို ပုလိပ်အဖွဲ့က ဌာနာသို့ လာရောက်ရန် ဆင့်ဆိုစာကို ရတ်စကောညိကော့ လက်ခံရသည်။ ဆင့်ဆိုစာကို ရလိုက်သည်နှင့် တစ်ပြိုင်နက် ရတ်စကောညိကော့သည် ကြောက်လန့်သွားတော့သည်။ ထိုက်သင့်သော ပြစ်ဒဏ်ကို ခံရလိမ့်မည်ဟူသော အသိတရားက သူ့ကို ခြောက်လှန့်လေသည်။ အဆိုးရွားဆုံးအဖြစ်ကား သူသည် သူ ထင်သလို လောကသားတွေထက် ကြီးမြတ်သူ မဟုတ်ကြောင်း သူ့ကိုယ်သူ သိလာခြင်းပင် ဖြစ်သည်။ ပုလိပ်ဌာနက ရတ်စကောညိကော့ကို ခေါ်၍ သူ့အိမ်ခန်းပိုင်ရှင်က အကြွေး မပေးကြောင်း တိုင်တန်းထားသည်ဟု ပြောပြလိုက်ရာ ရတ်စကောညိကော့သည် စိတ်အလုံးကြီးကျပြီး မေ့မြောသွားသည်။ သူ သတိရသောအခါ ပုလိပ်ဘက်က သူ့ကို သင်္ကာမကင်း ဖြစ်လာသည်။ အပေါင်ဆိုင်ရှင် အဘွားကြီး အသတ်ခံရသောသတင်း ပါသည့် သတင်းစာကို ဖတ်ရင်း ရတ်စကောညိကော့သည် စုံထောက်အား လူသတ်မှုတရားခံသည် မိမိပင် ဖြစ်နိုင်ကြောင်း ဖွင့်ပြောသည်။ သို့သော် စုံထောက်က သက်သေမပြနိုင်၍ မဖမ်းဘဲထားသည်။

ရတ်စကောညိကော့၌ အမေနှင့် နှမတစ်ဦး ရှိသည်။ နှမက ဆဗိဒရီဂိုင်လော့ဆိုသူ၏ အိမ်တွင် ကွပ်ကဲသူအဖြစ် အမှုထမ်းရင်း ရသော လစာမှ မောင်ဖြစ်သူ ရတ်စကောညိကော့ကို ထောက်ပံ့သည်။ တစ်နေ့၌ သားအမိနှစ်ဦးသည် ရတ်စကောညိကော့ထံ လိုက်လာသည်။ မိခင်နှင့် နှမကို တွေ့ရသောအခါ ရတ်စကောညိကော့၏ စိတ်သည် ပို၍ တုန်လှုပ် ချောက်ချားလာသည်။ သူသည် မိခင်နှင့် နှမကို မိတ်ဆွေဖြစ်သူ ရာဇူမီဟင်ထံ အပ်နှံထားလိုက်သည်။ ထိုအတောအတွင်း မှုခင်းစုံစမ်းရေးဘက်မှ အကြီးအကဲက ရတ်စကောညိကော့ကို မကြာခဏခေါ်ယူစစ်ဆေးသည်။ ရတ်စကောညိကော့၏ အဖြေမှာ ကြီးမြတ်သော ပုဂ္ဂိုလ်တစ်ဦးအဖို့ လုပ်သမျှသည် မတရားသည် ဟူ၍မရှိ ဟူသော အဖြေပင် ဖြစ်သည်။

www.nyisay.com



ရတ်စကောညိကော့ကို အသိုင်းအဝိုင်း တစ်ခုလုံးကလည်း လူသတ်သမား ဖြစ်လိမ့်မည်ဟု ယူဆလာကြသည်။ ရတ်စကောညိကော့သည် လောကကြီးကို အံတုဖက်ပြိုင်ရင်း လောကကြီး၏ ဝိုင်းပယ်ခြင်းကို ခံလာရသည်။ သူသည် လူသတ်မိပြီးကတည်းက လောကကြီး၏ အထက်တွင် သူရှိနေသည် မဟုတ်ကြောင်း သဘောပေါက်ခဲ့သော်လည်း တော်ရုံနှင့် အရှုံးမပေးဘဲ ဆက်လက်ရုန်းကန်နေသည်။ သူသည် လောကထက်၊ လူသားတွေထက် အားနည်းသူဖြစ်ကြောင်းကို သိလာသော်လည်း အားကြီးသယောင် ဆောင်သည်။ ဤသို့ဖြင့် ရတ်စကောညိကော့သည် သူနှင့် လောက၏ တိုက်ပွဲတွင်လည်းကောင်း၊ သူ့တကယ့်အဖြစ်နှင့် သူ့အထင်တို့၏ တိုက်ပွဲတွင်လည်းကောင်း ကိုယ်စိတ်နှစ်ဖြာ ပင်ပန်းလာရလေသည်။

ရတ်စကောညိကော့က သူ့ယောက်ဖလောင်း "လူဇင်" သည် သူ့နှမ "ဒေါ်နီယာ"နှင့် မထိုက်တန်ဟု ယူဆကာ ယောက်ဖလောင်းနှင့် နှမကို ခွဲခွာပစ်သည်။ ထိုစဉ် သူ့မိတ်ဆွေ ရာဇူမီဟင်ကမူ သူ့နှမ ဒေါ်နီယာကို မေတ္တာသက်ဝင်လျက် ရှိသည်။ ရာဇူမီဟင်သည် သူ့ဦးလေးထံမှ အမွေရသဖြင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကို လုပ်သည်။ ရတ်စကောညိကော့ကို ထိုလုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်ရန် ခေါ်သော်လည်း လက်မခံပေ။ လက်မခံသည့်အပြင် သူ့မအေနှင့် နှမတို့ကိုပါ လုံးဝ အတွေ့မခံတော့ပေ။

ရတ်စကောညိကော့သည် သူ စိတ်ဓာတ်ကျသမျှကို ဖြေဖျောက်နိုင်မည့် နေရာကို တွေ့ထားသည်။ ထိုနေရာကား ပြည့်တန်ဆာမလေး "ဆိုညာ" ၏ ရင်ခွင်ဖြစ်သည်။ ဆိုညာသည် သူ့မိတ်ဆွေတစ်ဦး ဖြစ်သူ မာမဲ့လာဒေါ့၏ သမီးပင် ဖြစ်သည်။ မာမဲ့လာဒေါ့ ရထားတိုက်ခံရ၍ သေဆုံးသွားစဉ်က ရတ်စကောညိကော့က မုဆိုးမ သားအမိကို ကူညီစောင့်ရှောက်ခဲ့ဖူးသည်။ ဆိုညာကို ရတ်စကောညိကော့ ချစ်မိသည်။ အပေါင်ဆိုင်ရှင် မိန်းမကို သတ်သူမှာ အခြားသူမဟုတ်၊ သူပင် ဖြစ်ကြောင်း ဖွင့်ပြောသည်။ ဤသို့ ဖွင့်ဟပြောသည်ကို ဆိုညာ့အခန်းနောက်က အခန်းတွင် နေသော ဆဗီဒရီဂိုင်လော့က ကြားလိုက်သည်။ ဆဗီဒရီဂိုင်လော့ကား ရတ်စကောညိကော့၏ နှမကို ပိုးပန်းနေသူ ဖြစ်သည်။ ဆဗီဒရီဂိုင်လော့သည် ရတ်စကောညိကော့အား အပေါင်ဆိုင် မိန်းမကြီးကို သတ်သူ ဘယ်သူဖြစ်ကြောင်း သူသိသည်ဟု ပြောပြလိုက်၏။ မှုခင်းစုံစမ်းရေးကလည်း သူ့ကို ပို၍ သင်္ကာမကင်း ဖြစ်နေသည်ကို သိထားသော ရတ်စကောညိကော့သည် ပို၍ စိတ်ချောက်ချားလာသည်။ ဆဗီဒရီဂိုင်လော့သည် ရတ်စကောညိကော့၏ နှမ ဒေါ်နီယာကို သူ့အခန်းတွင် ခေါ်တွေ့ကာ အပေါင်ဆိုင်ရှင် မိန်းမကြီးကို သတ်သူသည်

www.nyisay.com



ရတ်စကောညီကော့ပင် ဖြစ်ကြောင်း ပြောပြသည်။ ဤအကြောင်းကို ပုလိပ်ဘက်သို့ ဖွင့်မပြောစေလိုပါက ဒေါနီယာသည် သူ့ကို ပေါင်းသင်းရမည် ဖြစ်ကြောင်း အရေးဆိုသည်။ ဒေါနီယာသည် ဆဗီဒရိုဂိုင်လော့အိမ်တွင် ကွပ်ကဲသူအဖြစ် အမှုထမ်းစဉ်က သူ့ကို နှိပ်စက်ခဲ့ဖူးသည်က တစ်ကြောင်း၊ သူ့မောင်အတွက် စိုးရိမ်ပူပန်မိသည်က တစ်ကြောင်းတို့ကြောင့် သို့ဝှက်ယူလာသောသေနတ်ဖြင့် ဆဗီဒရိုဂိုင်လော့ကို ပစ်သည်။ သို့သော် မထိ။ ဆဗီဒရိုဂိုင်လော့သည် ဒေါနီယာ သူ့ကို တစိုးတစိမျှ မချစ်ကြောင်း သိသည်နှင့် ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်သည်။

ရတ်စကောညီကော့သည် ဆိုညာ၏ မေတ္တာ၊ နှမ ဒေါနီယာ၏ မေတ္တာတို့မှ နွယ်ယှက်ကာ လူသားတွေ၏ မေတ္တာတရားကို သဘောပေါက်လာသည်။ ဤမေတ္တာများကို သူ ခံယူနိုင်ရန်မှာ သူ၌ရှိသော ပြစ်မှုကို ချေဖျက်မှ ဖြစ်မည်။ ပြစ်မှုကို ချေဖျက်သည့်နည်းမှာ ပြစ်ဒဏ်ကို ခံယူခြင်းပင် ဖြစ်သည်ဟု သဘောပေါက်ကာ မှုခင်း စုံစမ်းရေး အကြီးအကဲထံ၌ သူသတ်ကြောင်း ဖွင့်ဟဝန်ခံသည်။ အမှုတင်၍ တရားစွဲသောအခါ ရတ်စကောညီကော့အား ထောင်ဒဏ် ၇ နှစ် ချမှတ်၍ ဆိုက်ဗေးရီးယားသို့ ပို့သည်။

ပြည့်တန်ဆာမလေး ဆိုညာသည် ဆိုက်ဗေးရီးယားသို့ လိုက်သွားကာ ရတ်စကောညီကော့၏ အကျဉ်းစခန်းအနီးရှိ ရွာကလေးတစ်ရွာ၌ အခြေချရင်း သူ့ချစ်သူ ရတ်စကောညီကော့နှင့်တကွ အခြားအကျဉ်းကျများကို ပြုစုသည်။

ရတ်စကောညီကော့သည် ဆိုညာ၏ မေတ္တာကြောင့် စိတ်သစ်လူသစ်အဖြစ်နှင့် တစ်ဖန် ရှင်သန် ထ မြောက်လာလေသည်။

## **အရင်းကျမ်း** (၁၈၆၇)

### **ကားလမတ်** (၁၈၁၈–၁၈၈၃)

**အရင်းကျမ်း** ပထမတွဲကို ၁၈၆၇ စက်တင်ဘာ ၂ ရက်နေ့တွင် ဂျာမနီပြည် ဟမ်းဗတ်မြို့ အော့တိုမေ့စနာက ပထမဆုံးအကြိမ် ပုံနှိပ် ထုတ်ဝေသည်။

ထိုစဉ်က ဥရောပတိုက်တွင် အရင်းကျမ်းကို အလုပ်သမား လူတန်းစား၏ သမ္မာကျမ်းစာအုပ်ဟု ခေါ်ခဲ့သည်။ ယင်းစာအုပ်ပါ နိုင်ငံရေး ဘောဂဗေဒ သဘောတရားတို့သည် အလုပ်သမားလူတန်းစား အရေးတော်ပုံတို့၏ အခြေခံ သဘောတရားများ ဖြစ်လာသည်။ အရင်းကျမ်း ထွက်လာသဖြင့် အရင်းရှင်လောကသည် အတုန်လှုပ်ကြီး တုန်လှုပ်သွားသည်။ ထိုစာအုပ်က အရင်းရှင်စနစ်၏ ကုန်လုပ်ဆက်ဆံရေး နိယာမတရားတို့ကို ဖော်ထုတ်ကာ အလုပ်သမားလူတန်းစား လွတ်မြောက်ရေးလမ်းကို ညွှန်ပြလိုက်သောကြောင့်ပင် ဖြစ်သည်။

ဦးစွာပထမ ၁၈၄၈ တွင် အိန်းဂျဲနှင့်အတူ ကွန်မြူနစ် ကြေညာစာတမ်းကို ရေးခဲ့သည်။ ထိုနောက် ၁၈၅၉ တွင် "နိုင်ငံရေး ဘောဂဗေဒ ဝေဖန်ချက်" ကို ရေးသည်။ ယင်းတွင် ရောင်းကုန်ပစ္စည်း သဘောတရားနှင့် ငွေကြေးသဘောတရားတို့ကို ရှာဖွေတွေ့ရှိရာမှ ပထမဆုံး တွေ့ရှိချက်များကို နိုင်ငံရေး ဘောဂဗေဒ တရားသစ် တစ်ခုအနေဖြင့် တင်ပြရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ ထိုနောက်တွင်မှ **အစွန်းထွက်တန်ဖိုး** သဘောတရား စသည်တို့ ပေါ်ထွက်လာခြင်း ဖြစ်သည်။

www.nyisay.com



ထို့နောက် ဘောဂဗေဒ ကျမ်းတစ်စောင် ရေးရန် အားထုတ်သည်။ နာမည်သစ်ကို ရှာသည်။ ရေးပြီးသား နိုင်ငံရေး ဘောဂဗေဒ ဝေဖန်ချက်မှ အခန်းနှစ်ခန်းကို ထည့်သွင်းကာ **အရင်းကျမ်း**ဟူသော အမည်ဖြင့် ထုတ်ဝေရန်ပင် ဖြစ်သည်။ ၁၈၆၁–၁၈၆၂ တို့တွင် အားကြိုးမာန်တက် ရေးသည်။ 'ကျွန်တော်တော့ စာအုပ်ကြီးကို ဆွဲဆန့်နေတယ်။ ဂျာမန်တွေက စာအုပ်ထုမှ တန်ဖိုးထားတာဗျ' ဟု အိန်းဂျဲဆီ ၁၈၆၂ တွင် ပေးသောစာ၌ ဖော်ပြခဲ့သည်။ ထိုအချိန်တွင် ကားလမတ်ကား ဆင်းရဲငတ်ပြတ်နေသည်။ အိန်းဂျဲက ထောက်ပံ့ကြေး တိုးပေးသော်လည်း မလောက်ငေ။ ၁၈၆၂ ကုန်ခါနီးတွင် အရင်းကျမ်း ပထမတွဲပြီးသည်။ သို့သော် ထုတ်ဝေသူများက စိတ်မဝင်စား။ ၁၉၆၃–၁၈၆၄ တို့တွင် ဆက်လက် ရေးသားရာ ၁၈၆၄ ကုန်ခါနီး၌ ဒုတိယတွဲ ပြီးသည်။ ၁၈၆၅ ကုန်ခါနီးတွင် တတိယတွဲ ပြီးသည်။ သူသည် အလွန် စိတ်ဓာတ်တက်ကြွနေသည်။ ဟမ်းဗတ်မြို့မှ မေ့စနာက ပထမတွဲ အုပ်ရေ ၁၀၀၀ အတွက် စရန်ငွေ ပေါင် ၆၀ ပေးသည်။ ထိုအချိန်ကို သူ စောင့်ခဲ့ရသည်မှာ ကြာပြီ။ နှစ်ဆယ့်သုံးနှစ်လုံးလုံး စောင့်ခဲ့ရသည်။ ၁၈၄၄ နောက်ပိုင်းတွင် အရင်းကျမ်းကို ရေးရန် သုံးကြိမ်တိုင်တိုင် ကြိုးစားခဲ့သည်။ သို့ရာတွင် သုံးကြိမ်စလုံး အချည်းနှီးသာ ဖြစ်ခဲ့ရသည်။ ယခုကား မည်သူကမျှ သူ့ကို လက်ညှိုးထိုးကာ မကျော်ကြားထိုက်ဘဲ ကျော်ကြားနေသည့် သိပ္ပံပညာရှင်တစ်ယောက်ဟု စွပ်စွဲပြောဆိုနိုင်တော့မည် မဟုတ်ပေ။ မလိုတမာ ပြောနိုင်တော့မည် မဟုတ်ပေ။ ယခု သူ့တွင် သက်သေထူစရာ အခိုင်အမာ တစ်စုံတစ်ခု ရှိနေပြီ။ ကော့ပါးနိကတ်သည် သူ့ခေတ်က လက်ခံနေသော နက္ခတ္တဗေဒ အယူအဆတို့ကို စာအုပ်တစ်အုပ်တည်းနှင့် ချေဖျက်ခဲ့သည် မဟုတ်လား။ ယခုလည်း ကားလမတ်သည် ဘောဂဗေဒ နယ်ပယ်တွင် စာအုပ်တစ်အုပ်တည်းနှင့် အယူအဆအဟောင်းတို့ကို တုန်လှုပ် ချောက်ချားစေတော့မည် မဟုတ်လား။

၁၈၈၃ တွင် ကားလမတ် ကွယ်လွန်ခဲ့သည်။ ဒုတိယတွဲကို ၁၈၈၅ တွင်လည်းကောင်း၊ တတိယတွဲကို ၁၈၉၄ တွင် လည်းကောင်း အိန်းဂျဲက ပြင်ဆင်တည်းဖြတ်ကာ ပုံနှိပ်ထုတ်ဝေခဲ့သည်။

**ပထမတွဲ** တွင်အရင်းရှင် ကုန်ထုတ်လုပ်ရေး၏ သဘာဝ၊ အရင်းရှင် ကုန်ထုတ်လုပ်ရေး ဖွံ့ဖြိုးလာပုံနှင့် ယင်းကို ချုပ်ကိုင်သည့် နိယာမတရားများကို ဖော်ပြထားသည်။

အရင်းရှင် ကုန်ထုတ်လုပ်ရေးတွင် ရောင်းကုန်ပစ္စည်း ထုတ်လုပ်ခြင်းသည် **အဓိကရည်ရွယ်ချက်** ဖြစ်သည်။ ကုန်ပစ္စည်းတစ်ခုတွင် (၁) အသုံးတန်ဖိုးနှင့် (၂) အလဲတန်ဖိုးဟူ၍ တန်ဖိုးနှစ်ခု ရှိသည်။ ယင်းတို့ သတ်မှတ်သည့်အရာမှာ

www.nyisay.com



ကုန်ပစ္စည်း ထုတ်လုပ်ရာတွင် အသုံးပြုရသည့် လုပ်အားပင် ဖြစ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းတစ်ခု ဖြစ်မြောက်ရေးအတွက် လူမှုလုပ်အားကို အသုံးပြုထားသည့် တစ်စုံတစ်ခုသော အလုပ်ချိန်သည် အမှန်လိုအပ်သည်။ အလုပ်သမားသည် သူ၏ လုပ်အားကို ကန့်သတ်ထားသော အချိန်အတွင်း အရင်းရှင်၏ အလိုတော်ကျ အသုံးပြုစေရန် အပ်နှံလိုက်ရသည်။

ဤသည်တို့ကို အခြေခံတွင် မတ်သည် **ငွေကြေး** သဘောကို ဆန်းစစ်ပြန်သည်။ မူလက **ရွှေ** သည် ကုန်ပစ္စည်းတစ်ခု ဖြစ်သည်။ သို့ရာတွင် အခြားပစ္စည်းအားလုံး၏ တန်ဖိုးကို ငွေကြေးအားဖြင့် သတ်မှတ်လာကြသည့်အခါ ရွှေသည် လဲလှယ်နိုင်သော ငွေကြေးအဖြစ်သို့ ပြောင်းလာခဲ့သည်။ ထိုအခါ ငွေသည် တန်ဖိုးအားလုံးကို တိုင်းတာသည့် **စံ** ပစ္စည်းတစ်ခု ဖြစ်လာပြီးလျှင် ကုန်ပစ္စည်းအားလုံးတို့သည် ငွေကြေးအသွင်ဖြင့် လည်ပတ်နေကြသည်။ **ငွေကြေး** သည် လုပ်ငန်းနှစ်ခုကို ဆောင်ရွက်သည်။ (၁) ကုန်ပစ္စည်းတို့၏ တန်ဖိုးကို တိုင်းတာပြီး (၂) ဈေးနှုန်းသတ်မှတ်သော စံဖြစ်သည်။

ဦးဖြူတွင် ဆန်တစ်တင်း ရှိသည်။ ဆန်တစ်တင်း ဈေးနှုန်းမှာ ၂၀ ဖြစ်သည်။ ထို့ကြောင့် ငွေ ၂၀ နှင့် ဆန်တစ်တင်းကို လဲလိုက်သည်။ ဦးဖြူသည် ဘုရားတရား ကြည်ညိုသူဖြစ်ရာ ဓိနတ္ထပကာသနီကို ဖတ်ချင်သဖြင့် ငွေ ၂၀ နှင့် လဲလိုက်သည်။ ဤသို့ ကုန်စည်လဲလှယ်ခြင်း ဖြစ်စဉ်သည် ဆန့်ကျင်ဘက် လုပ်ငန်းနှစ်ခုကို ဆောင်ရွက်ပြီးမြောက်စေသည်။ ပထမ ဦးဖြူသည် သူ့ပစ္စည်းကို ငွေနှင့်လဲလိုက်သည်။ ထို့နောက် ရသည့်ငွေနှင့် အခြားကုန်ပစ္စည်းတစ်ခုကို လဲလိုက်ပြန်သည်။ နောက်ဆုံးတွင် သူသည် ကုန်ပစ္စည်းတစ်ခုကို အခြားကုန်ပစ္စည်းတစ်ခုနှင့် လဲလိုက်ခြင်းပင် ဖြစ်သည်။ အရင်က သူ့တွင် ဆန်တစ်တင်းရှိသည်။ ယခုမူ ဓိနတ္ထပကာသနီ စာအုပ်တစ်အုပ် ရှိလာသည်။ တန်ဖိုးချင်း တူသော်လည်း အသုံးချင်း မတူ။ ဤဖြစ်စဉ်ကို **ကုန်–ငွေ–ကုန်** ဟူ၍ ဖော်ပြနိုင်သည်။ ကုန်ချင်းဖလှယ်သည့် ဖြစ်စဉ်သည် **ကုန်–ကုန်** ချင်း လဲသည့် ရိုးရိုးဖြစ်စဉ်သာတည်း။ ဤဖြစ်စဉ်ကို တစ်စုံတစ်ခု ဝယ်လိုသဖြင့် ရှိသည်ကို ရောင်းသည့်ဖြစ်စဉ်ဟု ခေါ်နိုင်သည်။ တခြားကုန်စည် လှည့်ပတ်မှုတစ်ခုမှာ တစ်စုံတစ်ခုကို ပြန်ရောင်းလိုသဖြင့် ဝယ်သည့်ဖြစ်စဉ် ဖြစ်သည်။ ဦးဖြူတွင် ငွေအများကြီးရှိရာ ကုန်ပစ္စည်းတစ်ခု ဝယ်သည်။ သူ့ရည်ရွယ်ချက်မှာ သုံးရန်မဟုတ်၊ ပြန်ရောင်းရန်သာ ဖြစ်သည်။ ဤဖြစ်စဉ်မှာ “ငွေ–ကုန်–ငွေ” လှည့်ပတ်မှု ဖြစ်သည်။ ဤနည်းအတိုင်း လှည့်ပတ်နေသော **ငွေ**သည် ကြာသော် **အရင်း** ဖြစ်လာသည်။ ဤငွေ၌ စွမ်းအား ရှိသည်။ ယင်းကို စွမ်းအင်တည် အရင်းအနှီးဟု တစ်နည်းအားဖြင့် ခေါ်နိုင်သည်။

www.nyisay.com



သို့ဖြစ်ရာ ငွေကြေး နှစ်မျိုးနှစ်စား ဖြစ်လာသည်။ ပထမငွေမှာ ရိုးရိုးငွေ ဖြစ်ပြီး ဒုတိယအမျိုးအစားမှာ အရင်းအနှီးအဖြစ် စွမ်းအားရှိသည့်ငွေ ဖြစ်သည်။

ငွေတစ်ရာ ရင်းလျှင် ငွေတစ်ရာသာ ရသည့် ကုန်ဖလှယ်မှုသည် အဓိပ္ပာယ်မရှိ။ ငွေ ၁၀၀ နှင့် ဝါဂွမ်း ၁၀ ပိဿာဝယ်ပြီး ပြန်ရောင်းလျှင် ငွေ ၁၁၀ ရမှသာ အဓိပ္ပာယ်ရှိသည့် ကုန်စည်ဖလှယ်ခြင်း ဖြစ်နိုင်သည်။

ဦးဖြူ၏ ဆန်တစ်တင်းကို ဖိနပ်တစ်ရံပကာသနီနှင့် လဲလိုက်သည့် ရောင်းဝယ်မှုမှာ အသုံးတန်ဖိုး အပြည့်ရှိသည်။ သို့သော် ငွေ ၁၀၀ ရင်း၍ ငွေ ၁၁၀ ရသည့် ရောင်းဝယ်မှုမှာ အလဲတန်ဖိုး မြင့်တက်လာရေးအတွက် ဖြစ်သည်။ အသုံးအတွက် မဟုတ်။ ဤဖြစ်စဉ်ကို "ငွေ-ကုန်-ငွေ" ဟု ဖော်ပြသည်ထက် **ငွေ-ကုန်-ငွေ*** ဟု ဖော်ပြမှ ပို၍မှန်ကန်မည်။ ငွေ ၁၀၀ သည် ငွေ ၁၁၀ ဖြစ်လာသည်။ ၁၀ တိုးလာသည်။ ယင်းကို **အစွန်းထွက်တန်ဖိုး** ဟု ခေါ်နိုင်သည်။ ဤနည်းဖြင့် ငွေကြေးသည် တဖြည်းဖြည်း တိုးပွားလာကာ အရင်းအနှီး ဖြစ်လာသည်။

**ငွေ-ကုန်-ငွေ*** သည် ကြာသော် ကုန်သည်တို့၏ အရင်းအနှီးကြီး ဖြစ်လာသည်။ နောက်ဆုံးတွင် အတိုးအပွား မျှော်မှန်းသည့် အရင်းအနှီး မြှုပ်နှံခြင်း ဖြစ်စဉ်တွင် ငွေရင်းတစ်စုံတစ်ရာ မြှုပ်နှံခြင်းသည် မူလထက် အဆများစွာ တိုးပွားလာခြင်းကို ရည်ရွယ်လေရာ ထိုလှည့်ပတ်မှုကို **ငွေ-ငွေ*** အဖြစ် ဖော်ပြရမည် ဖြစ်သည်။

ဤသည်မှာ အစွန်းထွက်တန်ဖိုး စုပုံများပြားလာသည့်အခါ အရင်းအနှီး အစုလိုက်အပုံလိုက် ရရှိလာပုံကို ဖော်ပြခြင်း ဖြစ်သည်။ ငွေ* သည် မူလထက် ပို၍ပို၍ တိုးပွားလာခြင်း သဘောဖြစ်သည်။ ယင်းကို ကားလမတ်က ပုံစံအမျိုးမျိုး၊ ဥပမာအမျိုးမျိုး၊ သက်သေအမျိုးမျိုးဖြင့် ထုတ်ပြခဲ့သည်။ ဤသို့ အစွန်းထွက်တန်ဖိုး စုပုံလာခြင်းသည်ပင် အရင်းရှင်၏ အမြတ်အစွန်း ဖြစ်ပေသည်။ ငွေသည် ကုန်ပစ္စည်းတစ်ခု အသွင်သို့ ဆောင်လာသည်။ အရင်းရှင်သည် ခပ်များများ စားရသဖြင့် အစွန်းထွက်တန်ဖိုး ပို၍ရအောင် ကြံဆလာသည်။ အလုပ်ချိန်နေ့တာကို ရှည်အောင် ဆွဲဆန့်သည်။ ခေတ်မီစက်ပစ္စည်းတို့ကို တီထွင်သည်။

ထိုနောက် လုပ်ခသဘော၊ အရင်းအနှီးတို့ သံသရာလည်သည့်သဘော၊ အရင်းရှင်တို့က အရင်းစုဆောင်းပုံ သဘောတို့ကို အကျယ်ဖွင့်ဆိုသည်။

အရင်းရှင် ကုန်ထုတ်စနစ်တွင် မလွဲမသွေ ပေါ်ပေါက်ရသည့် နိယာမတရားတစ်ခုမှာ အလုပ်လက်မဲ့ တိုးပွားရခြင်းပင် ဖြစ်သည်။ အရင်းရှင်ထံ လူ့လောက၏ မနအင်အား အများဆုံး စုပုံလာသည်။ လူများစုမှာ ဝတ်မှုတ်ခေါင်းပါးခြင်း၊ အစားအစာမဲ့ခြင်း၊ အဝတ်အထည်မဲ့ခြင်း၊ အိုးအိမ်မဲ့ခြင်း ဘေးတို့ စုပုံ ဆိုက်ရောက်လာသည်။

www.nyisay.com



အရင်းရှင် ကုန်ထုတ်လုပ်ရေးစနစ် အောင်မြင်နိုင်ရန် အဓိက လိုအပ်ချက်နှစ်ခုမှာ–

(၁) လူတစ်စုလက်ထဲ ဓနအင်အား စုပုံနေရမည်။ ယင်း ဓနအင်အားသည် ကုန်ထုတ်လုပ်ရပ်များ (စက်ရုံ၊ ကုန်ရိုင်း၊ လက်နက်ကိရိယာ) နှင့် လုပ်အား (အလုပ်သမားထံမှ ဝယ်ယူသည့်အလုပ်) တို့အဖြစ်သို့ လွယ်ကူစွာ ပြောင်းနိုင်မည့် ဓနအင်အား ဖြစ်ရမည်။

(၂) အချုပ်အနှောင်ကင်းသော အရင်းရှင်ထံ ရောင်းချရန် လုပ်အားမှအပ မည်သည့်ပစ္စည်းတစ်ခုမှ ပိုင်ဆိုင်ခြင်းမရှိသော အလုပ်သမားရှိရမည်။

အင်္ဂလိပ်တို့သည် ဆယ့်ရှစ်ရာစု အဦးပိုင်းလောက်တွင် ပင်လယ်ဓားပြလုပ်ငန်းဖြင့် ကိုလိုနီအများအပြားကို သိမ်းပိုက်နိုင်ခဲ့သည်။ ထို့နောက် ၁၉ ရာစု အလယ်ပိုင်းတွင် ပေါ်ပေါက်သော စက်မှုတော်လှန်ရေးကြောင့် လယ်ယာလုပ်တန်းစားသည် လယ်ယာမြေကို လက်လွှတ်ကာ စက်ရုံအလုပ်သမားအဖြစ်သို့ ကူးပြောင်းရသည်။ လယ်ယာကိုစွန့်၍ မြို့သို့တက်ရသည်။ ဤသည်တို့မှာ အင်္ဂလိပ် အရင်းရှင်စနစ် ဖွံ့ဖြိုးလာရာတွင် အထောက်အကူပြုသည့် အချက်များပင် ဖြစ်သည်။ ဤသည်ကို ကားလမတ်က ရှင်းလင်းတင်ပြခဲ့သည်။

**ဒုတိယတွဲ** နှင့် **တတိယတွဲ** တို့တွင် အရင်းလည်ပတ်ပုံ၊ ငွေကြေး အရင်းသည် **ကုန်ထုတ်အရင်း** အသွင်သို့ ကူးပြောင်းပုံ၊ ထို့နောက် မ တည်အရင်းနှင့် လည်ပတ်နေသော အရင်းတို့ကို ခွဲခြားပြဆိုသည်။

ထိုမှတစ်ဖန် **ငှားခ၊ အတိုးနှင့် အမြတ်**၊ အစွန်းထွက် တန်ဖိုးနှုန်းတို့အကြောင်း၊ ကုန်သည်အရင်း၊ ဘဏ်အရင်း၊ အတိုးချေးငှားခြင်း စနစ်တို့အကြောင်းကို အသေးစိတ် လေ့လာတင်ပြသည်။

**စတုတ္ထတွဲ** မှာ **အစွန်းထွက်တန်ဖိုး** သဘောတရားကို အကျယ်ပြဆိုသော အပိုင်းဖြစ်သည်။ ဤအတွဲတွင် အောက်ပါတို့မှာ အရေးကြီးသော အချက်များဖြစ်သည်။

၁။ ပုပ်သိုးဟောင်းနွမ်းသော မြေရှင် ပဒေသရာဇ်စနစ်ကို တော်လှန်ကာ အရင်းရှင် ကုန်ထုတ်စနစ်တစ်ခုကို တည်ထောင်ခဲ့သည်။ ထိုခေတ်မှာပင် ကားလမတ်က အရှင်းရှင်စနစ်၏ ပဋိပက္ခတရားတို့ကို ဖော်ထုတ်ခဲ့သည်။ ထိုအခါ မတ်ကို ချေပရန် ကြိုးစားကြသည်။ အရင်းရှင်တို့ကို ရှေ့နေလိုက်ပေးသည့် "သီလကြောင်း အဘိဓမ္မာဆရာများ" ပေါ်ပေါက်လာသည်။ သူတို့က မတ်၏ စီးပွားရေး အဘိဓမ္မာကို ပြန်လည် ချေပကြသည်။

www.nyisay.com



၂။ အရင်းရှင် ကုန်ထုတ်လုပ်ရေး စနစ်ကို ရှေ့နေလိုက်သူများတွင် **အဒမ်စမစ်** သည် ထင်ရှားသူတစ်ယောက် ဖြစ်သည်။ အရင်းရှင်၏ အမြတ်ထုတ်ယူနည်းကို ရှေ့နေလိုက်ရာတွင် အမြတ်သည် အလုပ်သမား၏ လုပ်အားကို သွေးစုတ်ခေါင်းပုံဖြတ်ရာမှ ရခြင်းမဟုတ်၊ မြုပ်နှံရသည့် စက်ပစ္စည်း၊ ကုန်ရိုင်း စသည်တို့မှ အမြတ်ထုတ်ယူခြင်းသာ ဖြစ်သည်ဟု တင်ပြသည်။ သို့သော် အစွန်းထွက်တန်ဖိုး တွက်ပြသည့် နေရာတွင်ကား အဒမ်စမစ် တစ်ယောက် လက်မြှောက်လိုက်ရသည်။

၃။ အရင်းရှင် ကုန်ထုတ်လုပ်ရေးစနစ်ဘက်မှ ရှေ့နေလိုက်သူ **ရီကာဒို** သည် အရင်းရှင်၏ အမြတ်ထုတ်ယူခြင်း သဘောတရားတစ်ခုကို တီထွင်ပြန်သည်။ သူက အစွန်းထွက်တန်ဖိုးမှာ အမြတ်မဟုတ်ဟု ဆိုသည်။ တစ်ဖန် ကုန်ထုတ်လုပ်ခြင်း စရိတ်ကိုလည်း ကုန်ပစ္စည်း၏ တန်ဖိုးနှင့် ရောနှောကာ တွက်ချက်ပြသည်။ မတ်က ကုန်ထုတ်လုပ်ခြင်းစရိတ်ကို အသေးစိတ် တွက်ချက်ပြသည်။ အရင်း ငွေသေနှင့် အရင်း ငွေရှင် ခွဲခြားနည်းမှာ မတ်၏ ခွဲခြားနည်းပင် ဖြစ်သည်။ ထို့ကြောင့်သာ အစွန်းထွက်တန်ဖိုး သည် ပေါ်ပေါ်ကြီး ပေါ်ထွက်လာရခြင်း ဖြစ်သည်။

၄။ နောက်ဆုံးတွင် မတ်က အရင်းရှင် ကုန်ထုတ်လုပ်ငန်း၏ စီးပွားပျက်သံသရာကို အဆင့်ဆင့် ပိုင်းခြား၍ သရုပ်ခွဲပြသည်။

အရင်းရှင် ကုန်ထုတ်လုပ်ရေးစနစ်သည် အမြတ်ကို အဓိကထား ကုန်ထုတ်စနစ် ဖြစ်သည်။ အမြတ်များများရရန် လုပ်အားကို ခေါင်းပုံဖြတ်လျက် အစွန်းထွက်တန်ဖိုး အများအပြား ထုတ်ယူသည်။ ထိုအခါ ရောင်းကုန်ပစ္စည်းများ အရင်းရှင်၏ လက်တွင် စုပုံနေသည်။ လူထုတွင် ဝယ်အားနည်းနေသည်။ ထိုအခါ ကုန်ပစ္စည်းများ ပိုလျှံလာသည်။ ယင်းအခြေအနေသည် စီးပွားပျက်ကပ်၏ အစဖြစ်သည်။ ပိုလျှံသော ကုန်ပစ္စည်းကို ဖြန့်နိုင်သော နေရာတစ်ခုမှာ စစ်တိုက်ခြင်းပင် ဖြစ်သည်။ လူသုံးပစ္စည်းကို စစ်သုံးပစ္စည်းအဖြစ်သို့ ပြောင်းလဲပစ်ရသည်။ တိုက်ခိုက်သိမ်းပိုက် ရရှိသော နယ်မြေသည် အရင်းရှင်၏ ဈေးကွက်သစ် ဖြစ်လာနိုင်သည်။ ထိုအခါ လူသုံးပစ္စည်း နည်းပါးလာပြန်သည်။ လူအများတွင် ဝယ်အားနည်းလာပြန်သည်။ ထို့ကြောင့် စစ်က စီးပွားပျက်ကပ်ကို တစ်ဖန်ပြန်၍ ဖန်တီးပြန်သည်။ ဤသို့ဖြင့် ကပ်နှင့်စစ်၊ စစ်နှင့်ကပ်တို့ သံသရာ လည်နေကြသည်။ ဤကား အရင်းရှင် ကုန်ထုတ်လုပ်ရေး စနစ်၏ မူမမှန်ခြင်းပင်တည်း။

အရင်းကျမ်း ပထမတွဲ ထွက်လာသောအခါ ကားလမတ်သည် အသက် ငါးဆယ့်တစ်နှစ် ရှိနေပြီ။ ပထမတွဲ၌ ကားလမတ်သည် ပစ္စည်းမဲ့ လုပ်သား

www.nyisay.com



လူတန်းစားတို့ ပို၍ ဆင်းရဲတွင်းနက်လာမည် ဖြစ်ကြောင်း ကြိုတင်နိမိတ်ဖတ်ခဲ့သည်။ သို့ငြားလည်း ထိုနှစ်များအတွင်း ထူးထူးခြားခြား အပြောင်းအလဲ မရှိခဲ့။ သို့ဖြစ်ရာ သူ၏ သဘောတရားနှင့် ဘောဂဗေဒ ဖြစ်စဉ်တို့သည် ဗီလာကြီး ဖြစ်နေသည်။ ကုန်ထုတ်စွမ်းအားကို ပိုင်ဆိုင်သည့် လုပ်သား လူတန်းစားသည်လည်း တစ်ဟုန်ထိုး တော်လှန်ရေးအသိ ရင့်ကျက်မလာသေး။ တဖြည်းဖြည်းသာ အသိဉာဏ် တိုးပွားလာသည်။ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကြောင့် အရင်းရှင်ကလေးတို့ ပျောက်ကွယ်သွားမည်ဟု ကြိုတင် နိမိတ်ဖတ်ခဲ့သည်မှာလည်း မှားသလို ဖြစ်နေသည်။ အရင်းရှင်ကလေးတို့မှာ ပျောက်ကွယ်မသွားဘဲ ပို၍သာ တိုးပွား များပြားလာသည်။ ဤသို့ဖြင့် ဒုတိယတွဲနှင့် တတိယတွဲတို့မှာ တော်တော်နှင့် မထုတ်ဝေနိုင်။ ဖုန်တက်သော စာမူများ ဖြစ်နေသည်။ စတုတ္ထတွဲကိုမူ အိမ်းဂဲကွယ်လွန်မှပင် ကောက်စကီးက တည်းဖြတ်ထုတ်ဝေရသည်ဟု ဆိုသည်။ ယခုကား ပထမတွဲမှ စတုတ္ထတွဲအထိ ဆိုဗီယက်ပြည်ထောင်စုမှ ထုတ်ဝေပြီး ဖြစ်သည်။

www.nyisay.com

## ပင်လယ်အောက် ခရီး (၁၈၇၀)

### ဂျူး ဗန်း (၁၈၂၈–၁၉၀၅)

ဝတ္ထုအမျိုးမျိုးတွင် သိပ္ပံဝတ္ထုများသည်လည်း ပါဝင်၏။ သိပ္ပံဝတ္ထုများတွင် ပြင်သစ်စာရေးဆရာကြီး ဂျူးဗန်း၏ သိပ္ပံဝတ္ထုများကို လူအများက အလေးတစား ပြုကြ၏။

ဂျူးဗန်းသည် ၁၉ ရာစုနှစ်တွင် ထင်ရှားခဲ့သော သိပ္ပံဝတ္ထုရေးဆရာကြီးဖြစ်၏။ ထိုခေတ်တွင် သိပ္ပံပညာသည် ယခုမျက်မှောက်ခေတ်ကဲ့သို့ မတိုးတက်သေးပေ။ သို့ဖြစ်ရာ ထိုခေတ်က ဂျူးဗန်း၏ ဝတ္ထုများမှာ စိတ်ကူးယဉ် ဝတ္ထုများသဖွယ် ဖြစ်ခဲ့၏။ သို့သော် လွန်ခဲ့သော ရာစုနှစ်အတွင်းက ဖန်တီးရေးသားခဲ့သော သိပ္ပံဖြစ်ရပ်များမှာ ယနေ့ဖြစ်ပေါ်နေသော သိပ္ပံဖြစ်ရပ်များနှင့် တစ်ထပ်တည်းဖြစ်နေခဲ့ပေရာ ဂျူးဗန်းကို ရာစုနှစ်တစ်ခု ရှေ့ကြိုနေသော စာရေးဆရာကြီးအဖြစ် မှတ်ယူလာကြရလေသည်။

ခင်ခစ် သူ၏ ဝတ္ထုများမှာ စိတ်ကူးယဉ်ဝတ္ထုများ မဟုတ်ပေ။ သိပ္ပံနည်းကျအချက်အလက်များကို အခိုင်အမာ အထောက်အထားပြု ရေးထားသော ဝတ္ထုများဖြစ်လေသည်။ ထို့ကြောင့်လည်း သူ့ဝတ္ထုများကို ယခုအခါ ကမ္ဘာက လေးစားလာကြရ၏။ သူ့ဝတ္ထုပါ အချက်အလက်များသည် ယနေ့ မဖြစ်ပေါ်သေးစေကာမူ တစ်နေ့တွင် ဖြစ်ပေါ်လာရမည်ဟုပင် ယုံကြည်လာကြ၏။ သူ၏ ဝတ္ထုအချို့တွင်

www.nyisay.com



ဝင်ရိုးစွန်းဒေသကို ချုပ်ကိုင် ချယ်လှယ်ခြင်းဖြင့် ကမ္ဘာ့ရာသီဥတုကို ပြောင်းလဲပစ်နိုင်သော အချက်များ၊ ကမ္ဘာ့နိုင်ငံ အများကို ရေအောက်သို့ တွန်းပို့ကာ ကမ္ဘာ့မြေပြင်ကို ပြောင်းလဲပစ်နိုင်သော အချက်အလက်များ ဖော်ပြထားရာ ယခုအခါ ယင်းအချက်များကိုပင် ဂရုပြုလာကြရ၏။ လွန်ခဲ့သော ၁၉၇၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့က ကုလသမဂ္ဂ နိုင်ငံရေးကော်မတီတွင် ဆိုဗီယက်သံအမတ်ကြီး ဟာကော့မာလစ်က ရာသီဥတု စစ်ဆင်ရေး ပြုလုပ်သင့်ကြောင်း၊ ဤကိစ္စမှာ ဂျူးဗန်း၏ ဝတ္ထုများ၌သာ တွေ့ရသော်လည်း တစ်နေ့တွင် အမှန်တကယ် ဖြစ်ပေါ်လာနိုင်ကြောင်း တင်ပြခဲ့ဖူး၏။

မှန်သည်။ ဂျူးဗန်းသည် တယ်လီဗီးရှင်း၊ ဟယ်လီကော့ပတာ၊ မိုးထိတိုက်ကြီးများ၊ ဒုန်းပျံများ မပေါ်မီ ရာစုနှစ်တစ်ခု အကြိုကပင် သူ့ဝတ္ထုများတွင် တီထွင်ရေးသားခဲ့လေသည်။

ယင်းသို့သော ဂျူးဗန်း၏ သိပ္ပံဝတ္ထု အများတွင် ယခု **ပင်လယ်အောက်ခရီး** သည် ထင်ရှားသောဝတ္ထု ဖြစ်လေသည်။

ဤဝတ္ထုကို ရေးသားချိန်က ကမ္ဘာတွင် ရေငုပ်သင်္ဘော မပေါ်သေးပေ။ ယခုဝတ္ထုမှာ ရေငုပ်သင်္ဘောတစ်စင်း တည်ဆောက်ပြီး ကမ္ဘာ့ရေပြင်အောက် ခရီးများ လှည့်လည်ခဲ့ပုံများကို ရေးထားခြင်း ဖြစ်ပေသည်။

ဝတ္ထုနောက်ခံကာလမှာ လွန်ခဲ့သော အနှစ်တစ်ရာကျော်ကာလ ခရစ်နှစ် ၁၈၆၆ ခုနှစ် ဖြစ်သည်။ ထိုကာလတွင် ပင်လယ်ကူး သင်္ဘောကြီးများသည် ပင်လယ်ထဲမှ ထူးဆန်းသော သတ္တဝါကြီး တစ်ကောင်ကို တွေ့ခဲ့ရသည်ဟူသော သတင်းတစ်ရပ် ဖြစ်ပွားလာ၏။ နောက်တစ်နှစ်တွင် ပင်လယ်ကူးသင်္ဘောကြီးနှစ်စင်းမှာ ထိုသတ္တဝါကြီး၏ တိုက်ခိုက်ခြင်းကို ခံကြရ၏။ ထိုသတ္တဝါကြီး၏ တိုက်ခိုက်မှုကြောင့် သင်္ဘောကြီးများ နစ်မြုပ်သည်အထိ မဖြစ်ခဲ့သော်လည်း လူသားတို့ ကမ္ဘာတွင်ကား အကြီးအကျယ် တုန်လှုပ်လာရ၏။ ထိုကိစ္စနှင့်ပတ်သက်၍ သတင်းစာများနှင့် ပညာရှင်အမျိုးမျိုးတို့က အယူအဆ အမျိုးမျိုးကို တင်ပြလာကြ၏။ ထိုအခါ ပဲရစ်မြို့ သဘာဝသမိုင်းပြတိုက်မှ ပါမောက္ခ ပီဟာအာရွန်နေးကလည်း သူ့အယူအဆကို တင်ပြခဲ့၏။ အားလုံးကပင် သက်ရှိသတ္တဝါကြီး တစ်ကောင်ဟု ယူဆနေကြ၏။

သို့ဖြစ်ရာ အမေရိကန်ပြည်ထောင်စုက ထိုကိစ္စကို စူးစမ်းလေ့လာရန် စီစဉ်လေသည်။ သို့ဖြင့် အဘရာဟမ်လင်ကွန်း သင်္ဘောကို အသုံးပြု၍ ထိုသတ္တဝါကြီးကို ရှာဖွေရန် ခရီးထွက်ခဲ့ကြ၏။ ထိုခရီးတွင် ပါမောက္ခ ပီဟာအာရွန်နေးနှင့် သူ့တပည့် ကွန်ဆီးတို့လည်း ပါ၏။ ထိုသတ္တဝါကို တွေ့ပါက မှိန်းဖြင့်ထိုးသတ်

www.nyisay.com



ဖမ်းဆီးနိုင်ရန် မှိန်းဝိဇ္ဇာနက်ဒလင်း ဆိုသူလည်းပါ၏။ ပါမောက္ခ အာရွန်နေးတို့ အဖွဲ့သည် ခြောက်လတာမျှ ပင်လယ်တွင်း လှည့်လည်ရှာဖွေခဲ့ရာ ၁၈၆၇ ခုနှစ် နိုဝင်ဘာလတွင် ထိုသတ္တဝါကြီးနှင့် စတင်ရင်ဆိုင်ကြရခြင်း ဖြစ်၏။ ထိုသတ္တဝါကြီးကို တွေ့သည်နှင့် အီဗရာဟမ်လင်ကွန်း သင်္ဘောက အမြောက်နှင့် ပစ်၏။ အနီးကပ်လာသည်နှင့် နက်ဒလင်းက မှိန်းဖြင့်ထိုး၏။ သို့သော် မရ။ ထိုသတ္တဝါကြီး၏ ထိုးနှက်တိုက်ခိုက်မှုကြောင့်သာ သင်္ဘောပေါ်က လူများ ရေထဲသို့ လွင့်စဉ်ကျရ၏။ ပါမောက္ခ အာရွန်နေး၊ တပည့် ကွန်ဆီးနှင့် နက်ဒလင်းတို့သည် ရေထဲသို့ ကျကုန်၏။ ထို့နောက် သတ္တဝါကြီး၏ ကျောပေါ်သို့ ရောက်လာကြ၏။ ထိုအခါ မှပင် ဤအရာမှာ သက်ရှိသတ္တဝါ စစ်စစ်မဟုတ်။ သံထည်ဖြင့် ပြုလုပ်ထားသော အရာဝတ္ထုကြီး တစ်ခုဟူ၍ ထိုပုဂ္ဂိုလ်သုံးဦး စတင်သိလာခြင်း ဖြစ်၏။

အာရွန်နေးနှင့် အဖွဲ့သည် ထိုအရာကြီးပေါ်၌ အတန်ကြာ နေခဲ့ရပြီး ထိုအရာကြီး၏ တံခါးကို ဖွင့်ပေးမှ အတွင်းသို့ ရောက်လာခဲ့ကြသည်။ ထိုအခါ မှပင် ကမ္ဘာသိပ္ပံလောကတွင် ရေငုပ်သင်္ဘောတစ်စင်း စတင်ပေါ်ပေါက်နေသော အခြေအနေကို အာရွန်နေးတို့ ပထမဆုံး ကိုယ်တွေ့ကြုံရခြင်း ဖြစ်သည်။

အာရွန်နေးတို့သည် သင်္ဘောထဲ ရောက်ပြီး နောက်တွင် သင်္ဘောကပ္ပတိန် နီမိုးနှင့် တွေ့ရ၏။ ပထမတွင် နီမိုးသည် အာရွန်နေးတို့ အခြေအနေကို စုံစမ်း၏။ အာရွန်နေးတို့ကို မည်သူမည်ဝါ သိရပြီးနောက်တွင်မှ နီမိုးသည် အာရွန်နေးတို့ကို ခေါ်ပြီး သူ့ရေငုပ်သင်္ဘောအကြောင်းကို လိုက်ပြရှင်းလင်းသည်။ သင်္ဘောအမည် ကိုလည်း "နောတီးလတ်" ဟု ပေးထားကြောင်း ပြောပြ၏။ အာရွန်နေးတို့ကို လည်း ကမ္ဘာမြေသို့ ဘယ်အခါမျှ ပြန်လွှတ်မည်မဟုတ်ကြောင်း ပြောပြ၏။

ထိုအခါမှစ၍ အာရွန်နေးတို့သည် နီမိုးနှင့်အတူ ပင်လယ်အောက် ခရီး ဆန့်ကြရသည်။ ပစိဖိတ်သမုဒ္ဒရာမှ အရှေ့ဘက်ကမ်းများသို့ လာကြသည်။ အိန္ဒိယ သမုဒ္ဒရာတွင်းသို့ ရောက်သည်။ စူးအက်တူးမြောက်ကို ရေအောက်မြေပြင်၏ အောက်ရှိ လိုဏ်ဂူလမ်းအတိုင်း ဖြတ်၍ မြေထဲပင်လယ်သို့ လာသည်။ ထိုမှတစ်ဖန် တောင်ဝင်ရိုးစွန်းသို့ ခရီးဆက်ရပြန်၏။

ထိုခရီးမှ အပြန်တွင် ရေအောက် ရွက်လှေကြီးတစ်စင်းကို တွေ့ကြရာ နီမိုးက ရွက်လှေကြီးအကြောင်း ပြောပြသည်။ ရွက်လှေကြီးမှာ ပြင်သစ်နိုင်ငံ ရေတပ်မှ ရွက်လှေကြီး ဖြစ်၏။ ယင်းရွက်လှေကြီးမှာ အင်္ဂလိပ်ရေတပ်၏ တိုက် ခိုက်မှုကြောင့် နစ်မြုပ်ခဲ့ရခြင်း ဖြစ်သည်။ ကပ္ပတိန်နီမိုးသည် ယင်းရွက်လှေကြီး နစ်မြုပ်ခဲ့ရသည်မှ အစပြု၍ လက်စားချေလိုစိတ် ပြင်းပြသဖြင့် ယခုကဲ့သို့ ရေငုပ် သင်္ဘောပြုလုပ်ပြီး သင်္ဘောများကို လိုက်လံတိုက်ခိုက်နေခြင်း ဖြစ်ကြောင်း ရှင်းပြ

www.nyisay.com



လေသည်။ ထိုအခါမှပင် အာရွန်နေးသည် ထူးဆန်းသော ကပ္ပတိန်နီမိုး၏ အကြံ အစည်ကို သိရခြင်း ဖြစ်သည်။

ထို့နောက် သူတို့သည် မြောက်ဝင်ရိုးသို့ ခရီးဆက်ကြပြန်သည်။ ထိုခရီးမှ အပြန်တွင် ပါမောက္ခ အာရွန်နေးတို့သည် နီမိုး၏ သင်္ဘောမှ ထွက်ပြေးရန် စီစဉ်ကြ၏။ ထွက်ပြေးကြ၏။ နော်ဝေးနိုင်ငံရှိ ဝဲကြီးတွင်းသို့ နီမိုး၏ နောတီးလတ် ရေငုပ်သင်္ဘော ကျလုဆဲတွင် အာရွန်နေးတို့သည် သင်္ဘောအပြင်သို့ ရောက်လာ ကြ၏။ နောတီးလတ် ဝဲတွင်းသို့ အကျတွင် အာရွန်နေးတို့ သုံးယောက်သည် ဝဲကြီး၏ အရှိန်ဖြင့် လွင့်စဉ်သွားပြီး လွတ်မြောက်လာခဲ့ကြလေသည်။

ဤသို့ဖြင့် အာရွန်နေးသည် သူလိုက်ပါခဲ့ရသော နီမိုး၏ နောတီးလတ် ရေငုပ်သင်္ဘော ပင်လယ်အောက် ခရီးစဉ်၊ အချိန်အားဖြင့် ဆယ်လခန့်၊ မိုင်အားဖြင့် လီနှစ်သောင်း (မိုင် ခြောက်သောင်း) ခရီးအကြောင်းကို ရေးမှတ်ထားခဲ့ခြင်း ဖြစ်၏။

ဤဝတ္ထုကို ဒဂုန်ရွှေမျှားက **အဏ္ဏဝါရေအောက်ခရီး** အမည်ဖြင့် ၁၉၆၀ ပြည့်နှစ် အတွင်းက မြန်မာပြန် ထုတ်ဝေခဲ့ဖူးသည်။

www.nyisay.com

## အန်နာကယ်ရယ်ညီးနား (၁၈၇၅-၁၈၇၇)

## လီယို တောစတွိုင်း (၁၈၂၈-၁၉၁၀)

ရုရှစာရေးဆရာကြီး လီယို တောလစတွိုင်း၏ လက်ရာများအနက် **အန်နာကယ်ရယ်ညီးနား** ဝတ္ထုသည် **စစ်နှင့် ငြိမ်းချမ်းရေး** ဝတ္ထုနှင့် တန်းတူ ကျော်ကြားသော ဝတ္ထု ဖြစ်သည်။

**အန်နာကယ်ရယ်ညီးနား** ဝတ္ထုသည် ၁၉ ရာစုနှစ် ရုရှ အထက်တန်းလွှာဝင် အန်နာ၏ အချစ်ကိုလည်းကောင်း၊ အထက်တန်းလွှာ ပညာတတ်တစ်ဦးဖြစ်သူ ကွန်စတန်တင်လျဲဗင် ဆိုသူ၏ ပြုပြင်ရေး အဘိဓမ္မာကိုလည်းကောင်း ရောဖောက်ထားသော ဝတ္ထုပင် ဖြစ်သည်။ အထက်တန်းလွှာ၏ အဆောင်အယောင်များ၊ ဣန္ဒြေသိက္ခာများက အန်နာ၏ ကိုယ်စိတ်နှလုံးကို ချုပ်ကိုင်ထား၍ မလှူးသာ မလွန့်သာ ဖြစ်ရပုံမှာ အန်နာကယ်ရယ်ညီးနား ဝတ္ထု၌ ထင်ရှားသည်။ လျဲဗင်ကား ထိုရုရှအထက်တန်းလွှာ၏ အရှုပ်အထွေးကို ကျော်လွှန်၍ ရုရှလူနေမှုစနစ်ကြီးကို ပြုပြင်လိုသူ ဖြစ်သည်။ စာပေဝေဖန်ရေးသမားများက အန်နာကယ်ရယ်ညီးနား ဝတ္ထုပါ ဇာတ်ဆောင် ကွန်စတန်တင် လျဲဗင်သည် စာရေးဆရာ လီယိုတောလစတွိုင်း၏ ကိုယ်ခွဲဖြစ်သည်ဟု ဆိုကြသည်။ တောလစတွိုင်းသည် ထိုခေတ်က ရုရှအထက်တန်းလွှာများသည် အတွေး မာန တံခွန်လွှားနေပုံကို ဖော်ပြလို၍ အန်နာကယ်ရယ်ညီးနားကို ရေးသည်ဟုလည်း စိစစ်ကြလေသည်။

အန်နာကယ်ရယ်ညီးနားသည် စိန့်ပီတာစဗတ်မြို့တော်ရှိ အထက်တန်းအရာရှိ မင်းသားကြီး ကယ်ရယ်ညင်၏ ဇနီး ဖြစ်သည်။ အန်နာ၏ အစ်ကို အော့

www.nyisay.com



ဗလွန်းစကီးနှင့် သူ့ဇနီး ဒေါ်လီတို့ အိမ်ထောင်ရေးအဆင်မပြေ ဖြစ်နေသည်ကို ပြေလည်အောင် ဆောင်ရွက်ရန် မော်စကိုသို့ ခေတ္တရောက်လာသည်။ ထိုအခိုက် ငယ်ရွယ်ချောမွေ့သော ကောင့်ဗရွန်းစကီးနှင့် ဆုံမိကြသည်။ ကောင့်ဗရွန်းစကီးသည် အန်နာ၏ယောင်းမ ဒေါ်လီ၏ ညီမငယ် ကစ်တီနှင့် ချစ်ကြိုက်လျက်ရှိသည်ဟု သတင်းပြေးနေသူ ဖြစ်သည်။ ကစ်တီကို စုံမက်မြတ်နိုးသူ တစ်ဦးလည်း ရှိသေးသည်။ ထိုသူကား ဆွေကြီးမျိုးကြီးထဲမှ ကွန်စတန်တင်လျဲဗင် ဆိုသူဖြစ်၏။ လျဲဗင်သည် မော်စကိုမြို့၌ နေသူ မဟုတ်သော်လည်း ကစ်တီရှိရာ မော်စကိုသို့ လာရောက်ကာ ကစ်တီကို ချစ်ရေးဆို၏။ ကစ်တီသည် လျဲဗင်၏အချစ်ကို လက်မခံပေ။ ကောင့်ဗရွန်းစကီးက သူ့ကို ချစ်ရေးဆိုလာမည့် အရေးကို မျှော်လင့်နေသောကြောင့် ဖြစ်သည်။ ကစ်တီကသာ ကောင့်ဗရွန်းစကီး၏ အချစ်ကို မျှော်လင့်နေသော်လည်း ကောင့်ဗရွန်းစကီးသည် ကစ်တီကို ချစ်ရေးဆိုရန် စိတ်ကူး မရှိခဲ့ပေ။ ကောင့်ဗရွန်းစကီး မြင်လျှင်မြင်ချင်း မြတ်နိုးမိသူမှာ အန်နာကယ်ရယ်ညီးနား ဖြစ်သည်။ အန်နာ မော်စကိုမှ စိန့်ပီတာစဗတ်သို့ ပြန်သောအခါ ကောင့်ဗရွန်းစကီးသည် အန်နာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေသည်။

စိန့်ပီတာစဗတ်တွင် အန်နာနှင့် ဗရွန်းစကီးသည် တတွဲတွဲ ဖြစ်နေ၏။ ဤသတင်းသည်လည်း တဖြည်းဖြည်း ကျယ်ပြန့်လာရာ နောက်ဆုံးတွင် အန်နာ၏ ခင်ပွန်းသည် ကယ်ရယ်ညင်၏ နားသို့ ပေါက်လာသည်။ ကယ်ရယ်ညင်သည် တစ်ညနေခင်းတွင် ဤသတင်းကို အန်နာနှင့် ပြောင်ပြောင်ပင် ဆွေးနွေးလေသည်။ ကယ်ရယ်ညင်က ဤသတင်းသည် သူ၏ လူမှုရေးသိက္ခာကို ထိခိုက်ကြောင်း၊ ဗရွန်းစကီးကို အိမ်၌ လက်ခံတွေ့ဆုံရန် မသင့်ကြောင်း ပြောသည်။ ကယ်ရယ်ညင်အဖို့ သူ့ဇနီး ဗရွန်းစကီးနှင့် တတွဲတွဲ ဖြစ်နေသည်ကို မနာလိုမရှုစိမ့် ဖြစ်လှသည်တော့ မဟုတ်။ သို့သော် ဤသို့ တတွဲတွဲ လုပ်နေခြင်းကြောင့် သူ့သိက္ခာကျကာ သူ့ရာထူးရာခံကို ထိခိုက်လာမည်ကိုသာ စိုးရိမ်နေမိသည်။ ထို့ပြင် သူနှင့် အန်နာ၏ တစ်ဦးတည်းသော သားကလေး ဆီရောရှားကိုလည်း အန်နာသည် မိခင်တစ်ဦးပီပီ စောင့်ရှောက် ကွပ်ကဲရမည်ဟု ကယ်ရယ်ညင်က ယုံမှတ်ထားသည်။ အန်နာသည် ကယ်ရယ်ညင် ဖြစ်စေချင်သလို နေထိုင်သွားပါမည်ဟု ကတိထားရှာသည်။

အန်နာသည် ကယ်ရယ်ညင်၌ထားသော ကတိအတိုင်း ကျင့်သုံးနေထိုင်သော်လည်း ဗရွန်းစကီးအပေါ် မေတ္တာထားမြဲ ထားလျက်ရှိသည်။ ဗရွန်းစကီးကို ချစ်မြဲချစ်လျက် ရှိသည်။ တစ်နေ့တွင် မြင်းပြိုင်ကွင်း၌ မြင်းစီးပြိုင်ကြရာ ဗရွန်းစကီး မြင်းပေါ်မှကျပြီး ဒဏ်ရာရသွားသည်။ ထိုအခါ အန်နာ၏ သိဂ္ဂက်ထားသော

www.nyisay.com



အချစ်သည် ပရိသတ်အလယ်၌ ပေါက်ကွဲထွက်လာ၏။ ဗရွန်းစကီးအတွက် အန်နာ၏ စိုးရိမ်သောကရောက်မှုသည် ဗိုလ်ပုံအလယ်တွင် ဘွားဘွားကြီး ပေါ်ထွက်လာရကား မင်းသားကြီး၊ ကယ်ရယ်ညင်သည် ဤပြဿနာကို ပို၍ အလေးအနက် ယူလာရ၏။ သူသည် ဗရွန်းစကီးနှင့် ယှဉ်ပြိုင်၍ ဓားခုတ်ကာ အိမ်ထောင်ရေးပြဿနာကို ရှင်းပစ်ရကောင်းနိုး၊ အန်နာနှင့် ကွာရှင်းပစ်ရကောင်းနိုး စဉ်းစားမိသည်။ သို့သော် နောက်ဆုံးတွင် အန်နာကို အိမ်ထဲ၌ တင်းတင်းကျပ်ကျပ် ထိန်းသိမ်းထားရန် ဆုံးဖြတ်လိုက်လေသည်။ ဤသို့ ထိန်းသိမ်းထားခြင်းသည် ဘာသာရေး ထုံးတမ်းဥပဒေနှင့်လည်း ညီညွတ်သည်ဟု ကယ်ရယ်ညင်က ထင်မှတ်လေသည်။ သို့သော် အန်နာသည် ဗရွန်းစကီးနှင့် တိတ်တဆိတ် တွေ့နေလေသည်။

ထိုစဉ် ကစ်တီရှချယ်ဗတ်စကီး၏ အချစ်ကို မရလိုက်သော လျဲဗင်သည် တောသို့ပြန်ကာ လယ်လုပ်နေလေသည်။ စိုက်ပျိုးရေးကိစ္စများ၊ လယ်သမားများ၏ အရေးအခင်းများတွင် ကိုယ်ရောစိတ်ပါ မြှုပ်နှံထားတော့သည်။ လျဲဗင်သည် ကိုယ်တိုင် လယ်ယာလုပ်ရင်း လယ်ယာလုပ်ငန်း၏ တိုးတက်မှုသည် သမဝါယမ စနစ်ဖြစ်သည်ကို တဖြည်းဖြည်း သိမြင်လာလေသည်။ တစ်နေ့တွင် လျဲဗင်သည် ကစ်တီ၏အကြောင်းကို ကြားရလေသည်။ ကစ်တီသည် ယခုတိုင် မည်သူနှင့်မျှ လက်မထပ်သေးဘဲ ရှိနေသည်။ သတင်းရချိန်၌ ကစ်တီသည် အကြီးအကျယ် ဖျားနာလျက်ရှိသည်။ ထိုအခါ ကစ်တီအပေါ် ထားရှိသော လျဲဗင်၏ မေတ္တာသည် တစ်ဖန် နိုးကြားလာကာ ကစ်တီ၏မေတ္တာကို ထပ်မံတောင်းခံရန် လျဲဗင် ဆုံးဖြတ်မိလေသည်။ ငယ်ရွယ်နုနယ်သော ကစ်တီသည် မိန်းမပျိုများ အကြား၌ ရေပန်းစားသော၊ ချောမွေ့သော ဗရွန်းစကီးကို ကြိုက်မိသည်။ ကြိုက်မိခြင်းသည် ချစ်ခြင်း မေတ္တာ မဟုတ်။ ကစ်တီ တကယ်ချစ်နေသူသည် သူသာလျှင် ဖြစ်သည်ဟု လျဲဗင်က ယုံကြည်မိလေသည်။ ထို့ကြောင့် လျဲဗင်သည် မော်စကိုသို့ ထွက်ခွာလာသည်။ ကစ်တီသည် ဤတစ်ခါတွင် သူ့အချစ်ကို လက်ခံကာ သူ့ဇနီးဖြစ်လာမည် ဟူသော ယုံကြည်ချက်သည်လည်း လျဲဗင်နှင့်အတူ ပါလာလေသည်။

အန်နာကယ်ရယ်ညီးနားတွင် ဗရွန်းစကီးနှင့် သန္ဓေတည်လာသည်။ ဗရွန်းစကီးက အန်နာအား ကယ်ရယ်ညင်နှင့် ကွာရှင်းခွင့်ရရန် ကြိုးပမ်းဖို့ တိုက်တွန်းပူဆာသည်။ ကယ်ရယ်ညင်က အန်နာ့ဝမ်းတွင်းရှိ သန္ဓေသားကို သူ့သွေး သူ့သား အဖြစ် လက်ခံမည်။ ကွာရှင်းခွင့်မပေးနိုင်ဟု ဆိုသည်။ အကယ်၍ ကယ်ရယ်ညင်သည် အန်နာကို ကွာရှင်းလိုက်ပါက သူရော အန်နာပါ လူပုံအလယ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်မည်ဟု ယုံကြည်နေသည်။ ထိုစဉ် ကယ်ရယ်ညင်သည် ရာထူးကြီးတစ်ခုသို့ တိုးမြှင့်ခန့်ထားရပြန်ရာ အန်နာနှင့် ကွာရှင်းဖို့ ပို၍

www.nyisay.com



အခြေအနေ မပေးတော့။ အန်နာသည် ကလေးမျက်နှာမြင်ပြီး အကြီးအကျယ် ဖျားနာလေတော့သည်။ သေကောင်ပေါင်းလဲ ဖြစ်နေသော ဇနီးသည် အန်နာကို ကြည့်ရင်း ကယ်ရယ်ညင်သည် ဇနီးသည် တောင်းဆိုသမျှကို လိုက်လျောပါမည်ဟု ဆုံးဖြတ်ချက် ချမိရှာသည်။ ဗရွန်းစကီးကိုလည်း အန်နာနှင့် လာရောက်တွေ့ဆုံခွင့် ပေးလိုက်လေသည်။ အန်နာ ကျန်းမာလာသောအခါ ကလေးကို ယူငင်၍ ဗရွန်းစကီးနှင့် အီတလီနိုင်ငံသို့ ထွက်ခွာသွားလေသည်။ အန်နာနှင့် ဗရွန်းစကီးတို့ အီတလီ၌ရှိစဉ် လျဲဗင်နှင့် ကစ်တီတို့ လက်ထပ်လိုက်သည်။

အန်နာကယ်ရယ်ညီးနားနှင့် ဗရွန်းစကီးတို့သည် အီတလီမှ ပြန်လာပြီး နောက် ဗရွန်းစကီး၏အိမ်တွင် နေနေကြသည်။ ကယ်ရယ်ညင်နှင့် ကွာရှင်းခွင့် မရသေးသော်လည်း ကွာရှင်းပြီးသလို နေထိုင်ကြသည်။ တစ်ခါတစ်ရံ အန်နာ ကယ်ရယ်ညီးနားသည် ကယ်ရယ်ညင်နှင့် ရသောသား ဆီရီယောရှားကို တိတ်တခိုး သွားကြည့်ရသည်။ သားနှင့်တွေ့ပြီး ပြန်လာတိုင်း အန်နာခမျာ ရင်နာရသည်။ အန်နာသည် ဗရွန်းစကီးနှင့် မကြာခဏ ကတောက်ကဆ ဖြစ်သည်။ နောက်ဆုံးတွင် ဗရွန်းစကီးသည် အခြားမိန်းမတစ်ယောက်နှင့် မေတ္တာရှိနေသည်ဟု ထင်မိသည်။ အန်နာသည် အိမ်တွင် အငြိမ်မနေနိုင်ဘဲ အိမ်မှထွက်လာရာ ဘူတာရုံတစ်ခုသို့ ရောက်လာသည်။ လက်မှတ်တစ်စောင်ဝယ်ပြီး ရထားအလာကို စောင့်နေသည်။ ရထားဝင်လာသောအခါ သူနှင့်ဗရွန်းစကီး ပထမဆုံးအကြိမ် တွေ့ဖူးစဉ်က ရထားအကြိတ်ခံရမှုနှင့် ဆုံနေသည်ကို သတိရလာပြီး ရထား ရှေ့မှောက်၌ ကိုယ်ကို ပစ်လှဲလိုက်လေသည်။

အန်နာသေဆုံးပြီးနောက် ဗရွန်းစကီးသည် စစ်ထဲသို့ ဝင်သွားသည်။ ရုပ်ရေ ချောမောသော၊ ပျော်ပျော်ရွှင်ရွှင်နေတတ်သော ဗရွန်းစကီးသည် သေမင်းကို တွေ့ချင်နေသော ဗရွန်းစကီးအဖြစ် ပြောင်းလဲခဲ့သည်။ သူသည် အန်နာရှိ၍သာ အသက်ရှင်နေလိုခြင်း ဖြစ်ရကား အန်နာ မရှိသည့်နောက်၌ သေရမှာကိုလည်း ဝန်မလေးတော့ဟု ထင်နေသည်။

လျဲဗင်နှင့် ကစ်တီတို့၏ အိမ်ထောင်ရေးကား စိုပြည်သာယာလျက်၊ ဘဝ၏ ဒုက္ခ သုခ အလှအပတို့ကို နှစ်ဦးသား မခွဲမခွာ ခံစားစံစားလျက် ရှိသည်။

လီယိုတောလ်စတွိုင်း၏ အန်နာကယ်ရယ်ညီးနား ဝတ္ထုကို ရွှေဥဒေါင်းက **အင်နာကရီးနား** ဟု လည်းကောင်း၊ ကျိုက်လတ်အုံးက **အင်နာ၏ ချစ်ကြွမ္မာ** ဟု လည်းကောင်း အကျဉ်းချုံး၍ ဘာသာပြန်ဖူးသည်။ မြသန်းတင့်က **မမ** (၁၉၆၁၊ ၁၉၇၃)၊ လင်းယုန်နီက **မင်းကတော်လေး** (၁၉၆၆)ဟု အမည် အသီးသီးပေးကာ မှီငြမ်းပြု ရေးဖူးသည်။

## တွမ်ဆောယား၏ စွန့်စားခန်းများ (၁၈၇၆)

### မတ် တွိန်း (၁၈၃၄–၁၉၁၀)

တွမ်ဆောယားဟူသော အမည်ကို ကမ္ဘာ့နိုင်ငံ အနှံ့အပြားကပင် ကြားဖူးကြသည်။ အမေရိကန် စာပေသမိုင်းသည် "တွမ်ဆောယား" ၏ အမည်မပါလျှင် မပြည့်စုံဟူသော စာပေဝေဖန်မှုမျိုးပင် ပေါ်ပေါက်ခဲ့လေသည်။ ဤသို့ဖြင့် တွမ်ဆောယားသည် အမေရိကန် စာပေနယ်နိမိတ်ကို ကျော်လွန်၍ ကမ္ဘာနှင့် အဝန်း ထင်ရှားခဲ့ခြင်း ဖြစ်သည်။ ဝတ္ထုအမည် အပြည့်အစုံမှာ **တွမ်ဆောယား၏ စွန့်စားခန်းများ** ဟူ၍ ဖြစ်သော်လည်း **တွမ်ဆောယား** ဟူ၍ပင် အသိအမှတ်များသည်။

ထိုဝတ္ထုကို ရေးသူမှာ အမေရိကန် စာပေလောကတွင် ဟာသစာရေးဆရာအဖြစ် ထင်ရှားသော မတ်တွိန်း (အမည်ရင်း ဆင်မျူယယ် လန်ဂွန်း ကလီမင်း) ဖြစ်သည်။ မတ်တွိန်းသည် အမေရိကန်ကျေးလက်ခေတ်ကို ဖြတ်သန်း ကြီးပြင်းလာခဲ့သူ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု မစ်ဇိုရီပြည်နယ် မစ္စစ္စပီ မြစ်ကမ်းဘေးတွင် ကြီးပြင်းခဲ့ရသူ ဖြစ်၏။ ထို့ကြောင့် သူသည် သူ့အသက် လေးဆယ်ကျော်တွင် သူကျင်လည်ခဲ့သော မစ္စစ္စပီ မြစ်ကမ်းဒေသနှင့် ငယ်ဘဝကို ပြန်လည်သတိရ တမ်းတလာ၏။ သို့ဖြင့် မစ္စစ္စပီ မြစ်ကမ်းဘေးရှိ စိန့်ပီတာစဗတ်ကို နောက်ခံပြုကာ သူ့ငယ်ဘဝကို ထင်ဟပ်သော ဤ**တွမ်ဆောယား၏ စွန့်စားခန်းများ** ဝတ္ထုကို ဖန်တီးခဲ့ခြင်း ဖြစ်လေသည်။

www.nyisay.com



တွမ်ဆောယားသည် အသက် ဆယ့်နှစ်နှစ်ရွယ် လူငယ်ကလေး တစ်ယောက် ဖြစ်သည်။ လူငယ်တို့ဘာဝ ဆော့သည်။ ကမြင်းသည်။ နောက်ပြောင်ကျီစယ်သည်။ အချင်းချင်း ပတ်တီးရိုက်ချင်သည်။ သူ့အဒေါ်ကြီး ဒေါ်ပေါ်လီကိုလည်း လှည့်ချင်သည်။ အများလူငယ်တွေနည်းတူ တစ်ခါတစ်ခါ ကျောင်းတက်ရမှာ ပျင်းချင်သည်။ သူ့ညီဝမ်းကွဲ ဆစ်ကား သူ့လိုမဟုတ်။ ထို့ကြောင့် တွမ်ဆောယား လုပ်သမျှ ကိုင်သမျှကို အပြစ်မြင်သည်။ ဒေါ်ပေါ်လီသည် တူတော်မောင် တွမ်ဆောယားကို ဆုံးမ မပိုင် ဆိုနိုင်ခက်ခဲသော ကလေးတစ်ယောက်ဟု မြင်လာသည်။ ထို့ကြောင့် ဒဏ်ပေးသည်။ တွမ်ဆောယား အပြစ်ပေးခံရသော အလုပ်မှာ ခြံစည်းရိုး ဆေးသုတ်ရန် ဖြစ်သည်။ တွမ်သည် အလုပ်ကို မလုပ်ချင်။ ဆော့ရ ကစားရသည်ကိုသာ ကြိုက်၏။ ယခု သူ အိမ်ဝင်းထရံကို ဆေးသုတ်ရပြီ။ သူ့သူငယ်ချင်းက သူဒဏ်ထိသည်ကို ပြက်ရယ်ပြုသည်။ ထိုအခါ တွမ် လှည့်ကွက်ဆင်တော့သည်။ သူ ဆေးသုတ်နေသည်မှာ ဒဏ်ထိတာ မဟုတ်၊ အလုပ်လုပ်နေတာ မဟုတ်၊ ကစားနေတာဟု လှည့်လိုက်သည်။ သူ့သူငယ်ချင်းသည် သူလည်း ပါချင်လာသည်။ သူပါ ကစားခွင့်တောင်း၏။ ဤနည်းဖြင့် တွမ်သည် ဆေးသုတ်တာဝန်ကို ဒေါ်ပေါ်လီ အံ့ဩသွားလောက်အောင် ပြီးစီးစေခဲ့သည်။ တွမ်ကား ဤသို့သော ကလေးတည်း။

တွမ်သည် ဆော့သာဆော့သည်၊ နောက်ပြောင်ကျီစယ်ရသည်ကိုသာ အရသာ တွေ့သည်။ ကျောင်းထဲမှာတော့လည်း လူတော်တစ်ယောက်လို ဖြစ်ချင်သည်။ သမ္မာကျမ်းစာထဲက စာတွေကို မရပေမယ့် ရသည့်အသွင်ဖြစ်အောင် လှည့်လိုက်သည်။ သူငယ်ချင်းတွေ စာရ၍ အချီးမြှင့်ခံရသော လက်မှတ်တွေကို သူ ဆေးသုတ်၍ရသော ကစားစရာကလေးတွေနှင့် လဲယူသည်။ ဤနည်းဖြင့် တွမ်သည် သမ္မာကျမ်းစာဆုရ လူတော်ကလေးအဖြစ်လည်း ဖန်တီးယူတတ်သည်။

သည်ကြားကပင် ကျောင်းသို့ အသစ်ရောက်လာသော ကောင်မလေး ဗက်ကီသက်ချားကိုလည်း သူ ကြိုက်လိုက်သည်။ ဗက်ကီ့အချစ်ကိုလည်း ရအောင် ယူလိုက်သည်။

သူတို့ရွာမှာ သူနှင့်ရွယ်တူ ဟတ်ကယ်ဗယ်ရီဖင်း အမည်ရှိ ကောင်လေး တစ်ယောက်ရှိသည်။ မိဖမဲ့ကလေး ဖြစ်သည်။ ညစ်ညစ်ပေပေ ဆိုးဆိုးတေတေ နေတတ်၍ သူ့ကို ဆိုးပေကလေးအဖြစ် လူကြီးတွေက သတ်မှတ်သည်။ ကလေးမိဘတိုင်းက သူတို့သားသမီးတွေကို ဟတ်နှင့် မပေါင်းရန် တားဆီးကြသည်။ သို့ပေမယ့် တွမ်သည် ဟတ်နှင့်ပေါင်းသည်။ ဟတ်က ကြောင်သေတစ်ကောင်ကို သင်္ချိုင်းမှာ မန္တာန်အုပ်လိုက်လျှင် ကြွက်နို့သတ်ဆေး ရနိုင်သည်ဟု ဆိုသည်ကို

www.nyisay.com



တွမ် သဘောကျသည်။ ထို့ကြောင့် တစ်ညတွင် တွမ်သည် အိမ်မှထွက်ပြေးပြီး ဟတ်နှင့်အတူ သင်္ချိုင်းသို့ လာခဲ့သည်။ သင်္ချိုင်းတွင် လူသတ်မှုတစ်ခုကို ကြုံရသည်။ လူသတ်မှုမှာ ဒေါက်တာ ရော်ဗင်ဆန်ဆိုသူကို အင်ဂျန်းဂျိုးနှင့် မပ်ပေါ်တာတို့က ဝိုင်းဝန်းထိုးနှက်ရာမှ ဖြစ်ပွားခြင်းဖြစ်သည်။ ပေါ်တာကို ရော်ဗင်ဆန်က ရိုက်လိုက်သဖြင့် ပေါ်တာ လဲအကျတွင် ဂျိုးက ရော်ဗင်ဆန်ကို ပေါ်တာ၏ ဓားနှင့် ထိုးသတ်လိုက်ခြင်း ဖြစ်သည်။

ထိုလူသတ်မှုတွင် ပေါ်တာ တရားခံအဖြစ် အဖမ်းခံရသည်။ စင်စစ် ပေါ်တာ မသတ်။ ပေါ်တာသည် ရွာထဲ၌ အရက်သမားကြီးအဖြစ် ထင်ရှားသည် ကား မှန်၏။ လူဆိုး မဟုတ်။ ဂျိုးကား လူဆိုးကြီး ဖြစ်သည်။ ယခု တကယ့် လူသတ်သမားမှာ ဂျိုး။ သို့ပါလျက် ဂျိုး အဖမ်းမခံရ။ သည့်အတွက် မျက်မြင် ကိုယ်တွေ့ ကြုံခဲ့သော တွမ် စိတ်မကောင်း။ အထူးသဖြင့် အပြစ်မဲ့ ပေါ်တာ အဖမ်းခံနေရခြင်းအတွက် တွမ့်စိတ် မလုံမလဲ ဖြစ်လာသည်။ သည်အတွင်း ဗက်ကီနှင့် အချစ်လမ်းကလည်း ကွေ့ကောက်လာသည်။ တွမ် မပျော်တော့။ ဂျိုးကိစ္စက တစ်မှောင့်။ ဗက်ကီ့အတွက်က တစ်မှောင့်။

ထို့ကြောင့် တစ်နေ့တွင် သူငယ်ချင်း ဂျိုး၊ ဟာပါး၊ ဟတ်တို့နှင့်အတူ ရွာမှ ထွက်ပြေးကြသည်။ ပင်လယ်ဓားပြ လုပ်တမ်းကစားသည်ဆိုကာ ကျွန်းတစ်ကျွန်းမှာ သွားနေသည်။ တွမ်တို့သုံးယောက် ရေနစ်သေပြီဟု ရွာက ထင်သည်။ အလောင်းကို ရှာကြသည်။ မတွေ့။ နောက်ဆုံး တွမ်တို့ကို သရဏဂုံတင်မည့်နေ့ ရောက်မှ တွမ်၊ ဟာပါးနှင့် ဟတ်တို့ ရွာသို့ ပြန်ရောက်လာကြ၏။

ထိုအခါ ကျောင်းတွင် တွမ်သည် လူစွမ်းကောင်း ဖြစ်လာသည်။ တွမ်တို့၏ ပင်လယ်ဓားပြ အတွေ့အကြုံကို အများကပင် စိတ်ဝင်စားကြသည်။ ဗက်ကီလည်း စိတ်ဝင်စားသည်။ သို့သော် တွမ်က ဗက်ကီကို မူသည်။ သည်တော့ ဗက်ကီက ကောက်သည်။ သို့ဖြင့် တွမ်နှင့် ဗက်ကီတို့ ခွာပြဲမည့် အခြေအနေ ရောက်လာပြန်၏။ ထိုအတွင်း ဗက်ကီ အပြစ်ဒဏ်ခံရမည့် အခြေအနေနှင့် ရင်ဆိုင်ရသည်။ ဆရာ့စာအုပ် ပြဲသဖြင့် ဗက်ကီ အရိုက်ခံရတော့မည်။ ထိုအခါ တွမ်က ထိုစာအုပ်ကို သူ ဖြဲသည်ဆိုကာ ဗက်ကီ့အစား ဓားစာခံခံလိုက်သည်။ သို့ဖြင့် ဗက်ကီနှင့် တွမ်တို့ ပြန်လည်သင့်မြတ်လာ၏။

နောက် မကြာမီမှာပင် မပ်ပေါ်တာ၏ အမှုစစ်သည်။ မပ်ပေါ်တာ ပြစ်မှုကျ လုဆဲ ဖြစ်လာသည်။ တွမ် မနေနိုင်တော့။ တရားခံအစစ် လူဆိုးကြီး ဂျိုးကို တွမ် ကြောက်သည်။ သို့ပေမယ့် မတတ်နိုင်။ ပေါ်တာ တရားခံ မဟုတ်ဘဲ ပြစ်ဒဏ်ခံရမည်ကို မလိုလား။ ထို့ကြောင့် တွမ်သည် တရားခံအစစ်ကို ဖော်ထုတ်

www.nyisay.com



လိုက်သည်။ တစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ဂျိုးသည် ထွက်ပြေးလေတော့သည်။

တွမ် ကြောက်လာသည်။ ဂျိုးက လက်စားချေမည်ကို စိုးရိမ်လာ၏။ ထိုစဉ် တွမ်နှင့် ဟတ်တို့ ရတနာသိုက် အရှာထွက်ကြပြန်သည်။ ရတနာသိုက် မတွေ့မီ ဝရမ်းပြေးကြီး ဂျိုးနှင့် အဖော် ရောက်လာသဖြင့် ပုန်းနေရသည်။ ဂျိုးတို့ ရွှေသေတ္တာကြီးတွေ့ပြီး ထွက်ပြေးသည်။

တစ်နေ့တွင် တွမ်သည် ဗက်ကီတို့နှင့်အတူ ပျော်ပွဲစားထွက်သည်။ တွမ်နှင့် ဗက်ကီ ဂူကြီးတစ်ခုအတွင်း ဝင်သွားသည်။ ဂူထဲမှာ မျက်စိလည်နေ၏။ ထိုကာလမှာပင် ဝရမ်းပြေးကြီးဂျိုးက မုဆိုးမ မစ္စက်ဒေါက်ဂလတ်ကို သတ်ရန် ကြံစည်သည်။ ထိုအကြံအစည်ကို ဟတ်က သိသည်။ ဟတ် သတင်းပေးသဖြင့် မုဆိုးမကြီး အသတ်မခံရဘဲ ဂျိုး ထွက်ပြေးရ၏။ ဂျိုးသည် တွမ်တို့ ထွက်ပေါက်ရှာမတွေ့ဖြစ်နေသော ဂူထဲသို့ ရောက်သွားသည်။ တွမ်တို့ ဇွတ်ရွတ်ထွက်ပြေးရာ ဂူပေါက်ကို တွေ့သွား၏။ ရွာပြန်ရောက်သောအခါ ဂူထဲတွင် ဂျိုး ရှိနေကြောင်း သတင်းပေးသည်။ ဂျိုးကို ရှာကြသည်။ ဂျိုးမှာ ဂူထဲတွင် အစာရေစာပြတ်ကာ သေနေလေပြီ။

ထို့နောက် တွမ်နှင့် ဟတ်တို့သည် ဂျိုးယူသွားသော ရွှေသေတ္တာကို ဆက်ရှာရာ ရွှေသေတ္တာကို တွေ့သွား၏။ တွမ်နှင့် ဟတ်တို့ ရွှေတွေ ရကြသည်။ တစ်ချိန်က တစ်ရွာလုံး ကြဉ်ထားသော ဟတ်ကိုလည်း ရွာက ကျေးဇူးတင်ကြသည်။ မုဆိုးမကြီးကပင် ဟတ်ကို ကျွေးမွေးပြုစုထား၏။

**တွမ်ဆောယား** ဇာတ်လမ်းမှာ ဤမျှသာ ဖြစ်သည်။ သို့သော် ကလေးတို့၏ စရိုက်သဘာဝကို ရေးဖွဲ့ရာ၌ အောင်မြင် ထိရောက်သဖြင့် ကမ္ဘာ့ကလေးစာပေကောင်းအဖြစ် ထင်ရှားသည်။ ကလေးဝတ္ထုတစ်ပုဒ်အဖြစ် ထင်ရှားသလို လူကြီးများ ဖတ်ရသောအခါတိုင်း ငယ်ဘဝကို ပြန်လည် အောက်မေ့စေနိုင်စွမ်းသော ဝတ္ထုတစ်ပုဒ် အဖြစ်လည်း ထင်ရှား၏။ အမေရိကန် ပြည်ထောင်စု၏ ကျေးလက်ခေတ်ကို ပြန်လည်ထင်ဟပ်ထားသော ဝတ္ထုတစ်ပုဒ်အဖြစ်လည်း ထင်ရှား၏။

စင်စစ် ဤဝတ္ထုသည် ဘဝအလွမ်း စွန့်စားခန်းဝတ္ထုပုံစံမျိုး ဖြစ်သည်။ စိတ်ကူးယဉ်ဆန်သည်။ ဇာတ်လမ်းအဖွဲ့မှာ "ဆင်" ထားသော ဇာတ်လမ်း ဇာတ်ကွက်မျိုး ဖြစ်သည်ဟု ဝေဖန်ကြသည့်တိုင်အောင် ထိုသို့ ဝေဖန်သူ အားလုံးကပင် ဤဝတ္ထုသည် လူငယ်ဘဝနှင့် အမေရိကန် ကျေးလက်ဘဝကို ဖော်ပြရာ၌ ပြောင်မြောက်သော ဝတ္ထုတစ်ပုဒ်အဖြစ်၊ ကမ္ဘာ့စာပေ ဂန္ထဝင် ဝတ္ထုတစ်ပုဒ်အဖြစ် လက်ခံကြရသည်သာ ဖြစ်လေသည်။

www.nyisay.com



စာရေးသူ မတ်တွိန်းကိုယ်တိုင်ကမူ "ဤစာအုပ်ပါ စွန့်စားခန်း အများစုမှာ တကယ့်ဖြစ်ရပ်များ ဖြစ်ကြသည်။ တစ်ခု နှစ်ခုမှာမူ ကျွန်ုပ်၏ ကိုယ်တွေ့များ ဖြစ်ကြပြီး ကျန်ဖြစ်ရပ်များမှာ ကျွန်ုပ်၏ ကျောင်းနေဘက်များ ကိုယ်တွေ့ ဖြစ်ကြသည်။ ဟတ်ဖင်းသည် တကယ့်သက်ရှိ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်၏။ တွမ်ဆောယားသည်လည်း တကယ့်သက်ရှိ ဖြစ်၏။ သို့သော် တစ်ဦးချင်းစရိုက်ကို ယူထားသည် မဟုတ်ဘဲ ကျွန်ုပ် သိကျွမ်းခဲ့သော ကလေးသုံးယောက်၏ စရိုက်ကို ပေါင်းစပ်ယူထားခြင်း ဖြစ်သည်" ဟု ဖော်ပြထား၏။ ထိုစာအုပ်နှင့် ပတ်သက်၍လည်း ဤစာအုပ်ကို ကလေးသူငယ်များအတွက် ရည်ရွယ်ရေးခဲ့စေကာမူ လူကြီးများ ဖတ်ရှုရခြင်းဖြင့်လည်း မိမိတို့၏ ငယ်ဘဝများကို ပြန်လည်တမ်းတ အောက်မေ့နိုင်ကြောင်း ဖော်ပြခဲ့လေသည်။

တွမ်ကို လူဆိုးလူပေကလေးအဖြစ် ဖော်ပြရာ၌ သာမန်ကလေးသူငယ်တိုင်း၌ တွေ့ရတတ်သော အမူအကျင့်များကို ဖော်ပြထားခြင်း ဖြစ်သည်။ ကလေးသည် ပျော်ချင်သည်၊ လွတ်လပ်ချင်သည်၊ ဆော့ချင်သည်။ သူတို့၌ အပြစ်ရှိသည်ဟု သူတို့ မထင်။ သူတို့အပြစ်တိုင်းအတွက် သူတို့၌ ဆင်ခြေ အမြဲရှိလေသည်။ တွမ်သည် ထိုသဘာဝကို ထင်ဟပ်၏။ သို့သော် ကလေးသည် တကယ့်အရေး၌ မညာတတ်၊ မဖုံးတတ်။ တွမ်သည် ဂျိုးကို မည်မျှကြောက်စေကာမူ လူသတ်မှုအတွက် ဖြစ်ရပ်ကို ဖုံးမထားတတ်။ တစ်ချိန်တည်းမှာပင် ကလေးလူငယ်တို့သည် မိမိတို့ အချင်းချင်းတွင် သစ္စာရှိသည်။ ကိုယ်ကျိုးစွန့်ဖို့လည်း ဝန်မလေး။ ဗက်ကီ ပြစ်ဒဏ်ခံရမည့် ကိစ္စကို တွမ် ဓားစာခံ ဝင်ခဲ့သည့် အဖြစ်ကို ကြည့်ပါ။

မတ်တွိန်းသည် **တွမ်ဆောယား** ကို ရေးပြီးနောက် **ဟတ်ကယ်ဗယ်ရီဖင်း၏ စွန့်စားခန်းများ** (၁၈၈၄) ကို ဆက်၍ ရေးခဲ့၏။ တွမ်ဆောယားနှင့် ပတ်သက်၍လည်း **တစ်မြေခြား တွမ်ဆောယား** (၁၈၉၄) နှင့် **စုံထောက်တွမ်ဆောယား** (၁၈၉၆) တို့ကို ဆက်ရေးခဲ့၏။

**တွမ်ဆောယား၏ စွန့်စားခန်းများ** ဝတ္ထုကို ဗိုလ်အေးမောင်က **တွမ်** (၁၉၅၀) အမည်ဖြင့် လည်းကောင်း၊ ဂုဏ်ဝင်းက **တွမ်ဆောယား** (၁၉၅၉) အမည်ဖြင့် လည်းကောင်း မြန်မာဘာသာဖြင့် ထုတ်ဝေခဲ့ဖူးသည်။

www.nyisay.com

## မိန်းမ ဟူဘိ (၁၈၇၉)

### ဟင်းနရစ် အစ်ပဆန် (၁၈၂၈-၁၉၀၆)

နော်ဝေပြည်သား ဟင်းနရစ် အစ်ပဆန်သည် ကမ္ဘာကျော်ပြဇာတ်ဆရာကြီး ဖြစ်သည်။ စာရေးဆရာကြီးလည်း ဖြစ်သည်။

ဟင်းနရစ် အစ်ပဆန်၏ လက်ရာများအနက် **မိန်းမဟူဘိ** သည် အကျော်ကြားဆုံး လက်ရာဖြစ်သည်ဟု ဆိုကြသည်။ **မိန်းမဟူဘိ** ဇာတ်တွင် ဟင်းနရစ်အစ်ပဆန်က မိန်းမတို့ အခွင့်အရေးကို တင်ပြထားသည်။ အစ်ပဆန်နှင့် ခေတ်ပြိုင် စာရေးဆရာများက မိန်းမဟူဘိ၏ အဓိကဇာတ်ဆောင် နိုရာဟဲလမားက နောက်ဆုံးတွင် လင်သားနှင့် ကလေးများကို ပစ်ခွာသွားပုံကို ဘဝင်မကျနိုင်ကြပေ။

အခါတိုင်း အခါတိုင်း ခရစ္စမတ်အတွက် ဈေးထွက်ဝယ်ပြီဆိုလျှင် နိုရာဟဲလမားသည် ခြိုးခြိုးခြံခြံ ဝယ်ဖို့ ခြမ်းဖို့ စိတ်ကူးရသည်။ ယခု ခရစ္စမတ်၌မူ ခြိုးခြံစရာ မလိုတော့။ အဘယ်ကြောင့်ဆိုသော် သူ့ယောကျာ်း တော်ဗားသည် ဘဏ်မန်နေဂျာအဖြစ် တိုးတက်သွားသောကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် နိုရာသည် အရုပ်တွေ အများကြီး ချိတ်ဆွဲထားသော ခရစ္စမတ်သစ်ပင်ကို ကလေးများအတွက် ဝယ်သည်။ သူ့အဖို့ သူအလွန်ကြိုက်သော ချိုချဉ်ခဲဖွယ်များကိုလည်း ဝယ်သည်။

www.nyisay.com



ခင်ပွန်းသည် တော်ဗားကမူ ဤမျှ သုံးဖြုန်းသည်ကို နှစ်လိုမည် မဟုတ်။ တော်ဗားသည် သူ့မယားကို ချစ်သည်။ တစ်ခါတစ်ရံ သူ့မယားသည် အရုပ်ကလေးနှင့် တူသည်၊ ကစားစရာမျှသာ ဖြစ်သည်ဟုလည်း ထင်မိသည်။

နိုရာသည် သူ့ယောကျ်ားနှင့် ဆက်ဆံရာတွင် ကလေးငယ်လို တစ်ခါတစ်ရံ ပြုမူတတ်သည်။ နှုတ်ခမ်းစူသည်။ တွတ်တီးတွတ်တာ ပြောသည်။ ဗရစ်ဗရစ်မြည်အောင် ပြောသည်။ ဤသို့ပြောမှ၊ ပြုမူမှ သူ့ယောကျ်ားက သဘောကျကြောင်းကို နိုရာ သိသည်။ ဒါတွေမှ မပါလျှင် တော်ဗား၏ အရုပ်မယားသည် အသက်ဝင်သော အရုပ်ဖြစ်မည် မဟုတ်။ သို့သော် နိုရာ၏ တကယ့်ဘဝကား အရုပ်ဘဝ မဟုတ်ပေ။ နိုရာသည် မိန်းမဖြစ်သည်။ မိန်းမတို့၏ အချစ်၊ မိန်းမတို့၏ မျှော်လင့်ချက်၊ မိန်းမတို့၏ အကြောက်တို့ဖြင့် ပြွမ်းတီးသော မိန်းမစင်စစ် ဖြစ်ပေသည်။ နိုရာ မိန်းမပီသကြောင်းကို လွန်ခဲ့သော ၇ နှစ်က အဖြစ်က သက်သေခံလေသည်။

လွန်ခဲ့သော ၇ နှစ်က နိုရာတို့ လင်မယားတွင် သားဦး ဖွားမြင်သည်။ နိုရာ၏ ယောကျ်ား တော်ဗား မကျန်းမမာ ဖြစ်သည်။ ဆရာဝန်များက ပူနွေးသော နိုင်ငံတစ်နိုင်ငံသို့ သွားရောက်မနေလျှင် တော်ဗား၏ အသက်ကို အာမခံချက် မပေးနိုင်ဟု ဆိုသည်။ နိုရာအဖို့ အကျပ်ရိုက်လျက် ရှိသည်။ ခင်ပွန်းသည်ကို ငွေချေးငှား၍ အီတလီသို့သွားရန် တိုက်တွန်းလျှင် ခင်ပွန်းသည်က လက်ခံမည် မဟုတ်။ တော်ဗားသည် အသက်သာ အသေခံမည်၊ တစ်ပါးသူထံမှ ငွေချေးရမည်ကို ဝန်လေးလှသည်။ မာနတစ်ခွဲသားနှင့် လူမျိုးဖြစ်သည်။ နိုရာသည် သူ့ဖခင်ထံမှ ငွေချေးရန်မှာလည်း မဖြစ်နိုင်ကြောင်း သိသည်။ အဘယ့်ကြောင့်ဆိုသော် အဖေအိုသည် သေလုမြောပါး ဖြစ်နေသောကြောင့် ဖြစ်သည်။

နောက်ဆုံးတွင် ဘဏ်တိုက်စာရေးလည်း လုပ်၊ ငွေလည်း ချေးငှားသူ ကရော့စတက်ထံမှ ပေါင် ၅၀ ချေးယူကာ တော်ဗားကို အီတလီသို့ သွားရောက်အနားယူစေသည်။ တော်ဗားကိုမူ ဖခင်ထံမှ ရသလိုလို ပြောထားသည်။ နိုရာသည် ကရော့စတက်ထံမှ ငွေချေးရာတွင် ဖခင်ကြီး၏လက်မှတ်ကို တုထိုးကာ ချေးယူခြင်း ဖြစ်သည်။

ကရော့စတက်သည် စေ့စပ်စိစစ်သူ ဖြစ်ရကား နိုရာခမျာ ငွေကို မှန်မှန် လီ၍ ဆပ်နေရသည်။ တော်ဗားက သူ့အတွက် အဝတ်သစ် ဝယ်ဝတ်ရန် ငွေပေးလျှင် နိုရာက မဝယ်ဘဲ စုရသည်။ တော်ဗား ဘဏ်အလုပ်သွားစဉ် ငွေပိုဝင်အောင် အိမ်၌ စာကူးလုပ်ငန်း လုပ်သည်။ ဤအပိုဝင်ငွေ ရအောင်လုပ်သည့် လုပ်ငန်းကိုလည်း တော်ဗား မသိရအောင် နိုရာက လျှို့ဝှက်ထားသည်။

www.nyisay.com



တော်ဗား ဘဏ်မန်နေဂျာ ဖြစ်တော့မည် ဆိုသောအခါ နိုရာ၏မြီရှင်ကရော့စတတ်အဖို့ အခွင့်ကောင်းယူဖို့ ဖြစ်လာသည်။ တော်ဗားကား ကရော့စတတ်ကို မြင်ပြင်းကပ်လှသည်။ ထို့ကြောင့် ကရော့စတတ်ကို အလုပ်မှ ဖြုတ်မစ်မည်ဟု စိတ်ကူးထားသည်။ ထိုစဉ် နိုရာ၏မိတ်ဆွေ မုဆိုးမကလေး ခရစ်စတီနာက ဘဏ်တိုက်၌ အလုပ်လာလျှောက်ရာ တော်ဗားသည် ကရော့စတတ်ကို ဖြုတ်ပြီး လစ်လပ်သောနေရာ၌ ခရစ်စတီနာကို ခန့်ထားမည်ဟု ပြောလိုက်လေသည်။

ကရော့စတတ်ကား မြီရှင်တစ်ဦးအနေနှင့် အခွင့်ကောင်း မရသည့်အပြင် အလုပ်ပင် ပြုတ်တော့မည့် အခြေသို့ ဆိုက်နေသည်။ ကရော့စတတ်သည် နိုရာထံလာကာ သူသာ အလုပ်ပြုတ်ပါက နိုရာရော နိုရာ့ယောကျ်ားပါ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်မည်ဟု ခြိမ်းခြောက်သည်။ နိုရာ ငွေချေးရာတွင် အသုံးပြုသော ဖခင်၏ လက်မှတ်မှာလည်း လက်မှတ်တုကြီး ဖြစ်ကြောင်း သူသိသည်။ တရားပင် စွဲနိုင်သည်ဟု ကြိမ်းဝါးသည်။

သို့သော် ကရော့စတတ်သည် အလုပ်ပြုတ်ခဲ့ရလေသည်။ ကရော့စတတ်သည် လက်စားချေသည့် သဘောဖြင့် အဖြစ်အပျက် အားလုံးကို စာဖြင့်ရေးကာ တော်ဗားတို့အိမ်၏ စာပုံးထဲသို့ လာထည့်သည်။ တော်ဗားတို့ လင်မယားသည် ခရစ္စမတ်အကြို ပါတီတက်ရန် ရှိနေ၍ စာပုံးကို မဖွင့်အား။ နိုရာကမူ စာထည့်သွားကြောင်း သိရ၍ တော်ဗား မသိအောင် စာကိုယူရန် ကြိုးစားကြည့်သည်။ မအောင်မြင်။ ကပွဲပါတီ၌ ခရစ်စတီနာကို တွေ့သောအခါမှ ကရော့စတတ်သည် ခရစ်စတီနာကို အသေအလဲ ပိုးပန်းဖူးကြောင်း အမှတ်ရလာကာ ခရစ်စတီနာအား အကျိုးအကြောင်း ဖွင့်ဟတိုင်ပင်ရတော့၏။ ခရစ်စတီနာသည် ကရော့စတတ်ထံသို့ ထွက်သွားကာ တော်ဗားတို့ လင်မယားနှင့် ပတ်သက်သော သူ့အကြံအစည်များကို ရုပ်သိမ်းရန် ဖျောင်းဖျသည်။ နောက်ဆုံး ခရစ်စတီနာက သူ့ကို လက်ထပ်ယူပါမည်ဟု ဆိုခါမှ ကရော့စတတ်သည် ခရစ်စတီနာ၏ တောင်းဆိုချက်ကို လိုက်လျောသည်။ သို့သော် အခြေအနေကား အတော်လွန်နေပေပြီ။ တော်ဗားသာ စာကို တွေ့သွားပါက နိုရာနှင့် ကတောက်ကဆ ဖြစ်နိုင်မည်ဟု ခရစ်စတီနာ တွေးမိလေသည်။

ခရစ်စတီနာ တွေးမိသည့်အတိုင်း တော်ဗားသည် ကရော့စတတ်၏ စာကို ဖတ်ရပြီးသည်နှင့် တစ်ပြိုင်နက် နိုရာအား ရစရာမရှိအောင် ပြောလေသည်။ နိုရာသည် ကလိန်ကျသော မိန်းမ၊ အကျင့်တန်သော မိန်းမဟု ဟစ်အော်သည်။ ဤမိန်းမမျိုးသည် သူ့ရင်သွေးများကို ဆက်လက်ထိန်းကျောင်းနေပါက ရင်သွေးများပါ အကျင့်ပျက်ကုန်မည်ဟု ဆိုသည်။

www.nyisay.com



အကယ်၍ နိုရာသည် ဤအိမ်အတွင်း ဆက်လက်နေထိုင်ပါက သူနှင့် သူ့ကလေးများ ကိစ္စတွင် လုံးဝ မစွက်ဖက်ရဟုလည်း အမိန့်ချသည်။

တော်ဗားထံသို့ နောက်ထပ် စာတစ်စောင် ရောက်လာသည်။ ထိုစာကား ကရော့စတတ်ထံမှ စာပင်ဖြစ်၏။ ကရော့စတတ်က တော်ဗားတို့ မိသားစုအပေါ် မည်သို့မျှ အရေးမယူတော့ပါဟု ရေးသားလိုက်သည်။ ထိုစာကို ဖတ်ရသောအခါ တော်ဗား၏ စိတ်ထားသည် ရုတ်ခြည်း ပြောင်းလဲသွားသည်။ တော်ဗားက 'ငါတော့ သိက္ခာကျစရာအကြောင်း မရှိတော့အူးဟေ့'ဟု စာကို ကိုင်ရင်း ကြွေးကြော်သည်။ နိုရာသည် တော်ဗားကို ကြည့်ရင်း တစ်ကိုယ်ကောင်းဆန်သူ၊ မာနကြီးသူ၊ ရူးသွပ်နေသူဟု ထင်မြင်သဘောပေါက်လာသည်။ ဤကိစ္စတွင် တော်ဗားသည် သူ၏စေတနာကိုပင် မမြင်တတ်သူဟုလည်း နိုရာ သဘောပေါက်လာသည်။

ထို့ကြောင့် နိုရာသည် 'အိမ်ထောင်တစ်ခု တည်ထောင်တတ်ရင် ယောကျ်ားရော မိန်းမပါ တန်းတူအခွင့်အရေးရှိမှ အပေါ်မှာ တည်ဆောက်ရမယ်။ အခုတော့ မိန်းမဟာ တန်းတူအခွင့်အရေး မရဘူး။ ဒါကြောင့် ဒီအိမ်မှာ မနေတော့ဘူး'ဟု ပြောလိုက်ရာ တော်ဗားသည် ကိုယ့်နားကိုပင် ကိုယ်မယုံနိုင်အောင် ဖြစ်သွားသည်။ နိုရာအား အမျိုးမျိုး တောင်းပန်သည်။ သို့သော် မရတော့။ နိုရာသည် သူ့ကို လူသားတစ်ယောက်လို ဆက်ဆံမည့်နေရာသို့ သွားမည်။ သူ့ကို ထားရာနေ စေရာသွား အရုပ်ကလေးလို သဘောထားသည့်အိမ်၌ မနေလိုပြီ။ နိုရာသည် သူ့အိမ်ကို တကယ်ပင် ကျောခိုင်း၍ ထွက်ခွာသွားလေပြီ။

## **အနိနှင့် အနက်** (၁၈၈၀)

**စတင်ဒယ်** (၁၇၈၃–၁၈၄၂)

ပြင်သစ်စာရေးဆရာ စတင်ဒယ်သည် ဤဝတ္ထုဖြင့် ဂန္ထဝင်စာပေ၌ ကျော်ကြားခဲ့သည်။ သို့သော်လည်း အချို့က သူ့ဝတ္ထုကို မကြိုက်ကြ။ သူ့ကို ခေတ်ပြိုင်များက အထင်မကြီး။ ဝတ္ထုထွက်ပြီး အတန်ကြာမှ သူ့ဝတ္ထုသည် ထင်ရှားလာရခြင်း ဖြစ်သည်။ သူသည် လေးဆယ့်သုံးနှစ် ရှိမှ စ၍ စာရေးသည်။ ဝတ္ထုတိုများ ရေးရာတွင် မထင်ရှားခဲ့။ **အနိနှင့် အနက်** မှာ သတင်းစာတွင်ပါသော လူသတ်မှု တစ်ခုမှ ဇာတ်လမ်း ယူထားခြင်း ဖြစ်သည်။ အစမှ အဆုံး တကယ့်ဖြစ်ရပ်နှင့် အတော်လေး ဆင်အောင် ယူထားသည်။ လူသတ်မှုမှာ ဤသို့ ဖြစ်သည်။

ကျမ်းစာသင်ဆရာလေး ဗားသက်သည် မွန်ဆီယာမိချောက် အိမ်တွင် စာသင်ပြပေးနေရာမှ မဒမ်မိချောက်ကို အရချိုင်သည်။ ထိုနောက် မွန်ဆီယာ ဒီကော်ဒွန်၏ သမီးကိုလည်း အပိုင်စီးသည်။ ထို့ကြောင့် အလုပ်ထွက်ရသည်။ သူ့ကို ဘယ်ဘုန်းကြီးကျောင်းကမှ လက်မခံ။ ယင်းသို့ ဖြစ်ရသည်မှာ မိချောက်၏ သက်ချက်ကြောင့်ဟု ယူဆကာ လက်စားချေလိုစိတ်ဖြင့် မဒမ်မိချောက်ကို ဘုရားရှိခိုးကျောင်းတွင် ဘုရားရှိခိုးနေခိုက် သေနတ်နှင့် ပစ်သည်။ သို့သော် မသေ။ နောက်ဆုံးတွင် ကြိုးပေးခဲ့ရသည်။

ဤဇာတ်လမ်းကို ယူကာ **အနိနှင့် အနက်**ကို ရေးသည်။

**ရာပြည့်စာအုပ်တိုက်**

www.nyisay.com



သူ့ဇာတ်လိုက်သည် လောကကြီးတွင် အလွန်ကြီးပွားချင်သူတစ်ယောက် ဖြစ်သည်။ ဇာတ်လမ်းတစ်ခုလုံးမှာလည်း ဗားသက် အတိုင်းပင် လင်ရှိမယားကို ကြာခိုခန်းများဖြင့် မြူးမြူးကြွကြွ တန်ဆာဆင်ထားသည်။ စတင်ဒယ်ကိုယ်တိုင် ပင် လောကအမြင်ဟူ၍ မည်မည်ရရ မရှိ။ ပျော်ပျော်နေ သေခဲ ဝါဒကို လက်ခံသူ ဖြစ်သည်။ သူသည် သေသည်အထိ ပျော်ရာကိုသာ ရှာသည်။

အချို့ ဝေဖန်ရေးဆရာတို့က **အနီနှင့်အနက်**သည် ဆယ့်ကိုးရာစု အဦးပိုင်း ပြင်သစ်ပြည်၏ လူနေမှုစနစ်ကို ပြသော ဝတ္ထုဖြစ်သည်ဟု ဆိုကြသည်။ လူတန်း စား ကွဲပြားခြားနားပုံ၊ မင်းညီမင်းသား မှူးမတ် သူကြွယ်တို့နှင့် ဆင်းရဲသားတို့ ကွာခြားကြပုံ၊ လောကအရသာ မှန်သမျှ အထက်လွှာကသာ ခံစားစံစားနေပုံတို့ကို **အနီနှင့်အနက်** မြင်ကွင်းကျယ်တွင် တွေ့နိုင်သည်ဟု ဆိုသည်။ **အနီနှင့်အနက်**တွင် နိုင်ငံရေးပါတီများ မည်သို့ ဩဇာသုံးပုံ၊ မှူးမတ်များ ရာထူးအတွက် ကြိုးပမ်းကြပုံ၊ အချို့ အရာရှိများ အာဏာအတွက် လောဘဇော တိုက်ကြပုံ၊ အကောက်ကြံ ကြပုံ၊ ယင်းတို့အားလုံးကို ခြုံ၍ စတင်ဒယ်က သူ့ဝတ္ထုကို ဘဝကြေးမုံကြီးဟု တင်စားလိုက်သည်။ ထိုကြေးမုံပြင်ကြီးတွင် အရာရာသည် ထင်ဟပ် ကျန်ရစ် ခဲ့လိမ့်မည်။ လမ်းမကြီးတစ်လျှောက် တရွေ့ရွေ့ ဖြတ်သန်းသွားသည့်အခါ ပြာနှမ်း နှမ်း ကောင်းကင်ပြင်ကြီးသည် လည်းကောင်း၊ လမ်းဘေးရှိ ရွံ့ရေအိုင်တို့သည် လည်းကောင်း သူ၏ ကြေးမုံပြင်ကြီးတွင် အရိပ် ထင်လိမ့်မည်ဟု ဆိုသည်။ သူ ဆိုသည့်အတိုင်းပင် ပြင်သစ် လူတန်းစားအသီးသီးတို့၏ စရိုက်ကို ပီပီပြင်ပြင် ဖော်ထားသည့် ဝတ္ထုဖြစ်သည်။ အဓိက ဇာတ်ဆောင်သုံးဦးသည် လောကကြီးကို မကျေနပ်။ ပတ်ဝန်းကျင်ကို မကျေနပ်။ ယင်းကြောင့်ပင် ဤဝတ္ထု ပေါက်ဖွားလာ ရခြင်း ဖြစ်သည်ဟု ဆိုသည်။

ဝတ္ထုနောက်ခံခေတ်မှာ ပြင်သစ်စစ်ဘုရင် နပိုလီယန် စန်းထသည့်ခေတ် ဖြစ်သည်။ ထိုခေတ်က များစွာသော လူငယ်တို့သည် နပိုလီယန်ကို များစွာ အားကျသည်။ စစ်တပ်ထဲသို့ဝင်ကာ စွန့်စားခန်းများ တစ်ခုပြီးတစ်ခု ရင်ဆိုင်ပြီး နောက် သူရဲကောင်းကြီး ဖြစ်လာလိုကြသည်။ ယခု စတင်ဒယ်၏ **အနီနှင့်အနက်** မှ ဇာတ်လိုက် ဂျူလီယန်သည်လည်း လူငယ်တို့ သဘာဝအတိုင်း ဘုရင့် တပ်မတော်သားတို့၏ ကျူးနစ်ဝတ်စုံ **အနီ**ကို ဝတ်ဆင်လိုသည်။ သို့သော် ကံကြမ္မာ၏ လှည့်ဖြားမှုကြောင့် ကျမ်းစာသင် ဆရာလေး၏ ဝတ်စုံ**အနက်**ကိုသာ ဝတ်ဆင် ရရှာသည်။

ဤဝတ္ထုတွင် စာရေးဆရာ စတင်ဒယ်သည် အမှားတစ်ခုကို ကျူးလွန် သည်ဟု ဝေဖန်ရေးဆရာများစွာက အပြစ်ဆိုကြသည်။ ယင်းမှာ အဓိကဇာတ်

www.nyisay.com



ဆောင် ဂျူလီယန်၏ စရိုက်သည် အစမှ အဆုံးတိုင် တညီတညွတ်တည်း မရှိခြင်းပင် ဖြစ်သည်။ ဂျူလီယန်သည် သူ့ကိုယ်သူ ထိန်းနိုင်သည်။ သူသည် လောကသားတို့ ဓမ္မတာအတိုင်း မနာလို ဝန်တိုစိတ် ရှိသည်။ အမုန်းကြီးသည်။ မာနရှိသည်။ သို့ငြားလည်း ယင်းတို့က သူ့ကို မလွှမ်းမိုး။ သူ့စိတ်ကို သူ ထိန်းထားသည်။ သို့သော်လည်း အလွန် အရေးကြီးသည့် အစိတ်အပိုင်းသို့ ရောက်ခါမှ၊ တစ်နည်းဆိုလျှင် ဝတ္ထုသည် အထွတ်အထိပ်သို့ ရောက်ခါမှ ဂျူလီယန်သည် ယောင်းမမြင်းစီး ထွက်လာတော့သည်။ အရေးကောင်းသည့် အခါတွင်မှ သူ့စရိုက်သည် ပျက်သွားသည်။ သူသည် ဒေါသကို မထိန်းနိုင်ဘဲ သေနတ်ဆွဲကာ သူ အရချိုင်ခဲ့သော မဒမ်ရီနော ရှိရာသို့ ဒုန်းစိုင်းသွားကာ ပစ်သတ်သည်။ ဂျူလီယန်သည် ပါရီတွင် နေသည်။ မဒမ်ရီနောသည် ဗာရီးရဲတွင် နေသည်။ ထိုနှစ်နေရာသည် မိုင် ၂၅၀ ဝေးသည်။ နေ့ရောညပါ ခရီးနှင်မည်ဆိုလျှင်ပင် နှစ်ရက်နီးပါးသွားရမည်။ ထိုနှစ်ရက်အတွင်း သူ့ဒေါသတို့သည် အရည်ပျော်ကျနိုင်သည်။ လူစိတ်ပြန်ဝင်ကာ ဆင်ခြင်နိုင်ချိန် အများကြီးရသည်။ သို့သော်လည်း စာရေးဆရာ စတင်ဒယ်သည် မူလ ဇာတ်လမ်းဖြစ်သော ဗားသက်၏ ဩဇာကို ပယ်လှန်နိုင်ရှာဟန် မတူ။ သူ ယူသော သတင်းစာထဲက လူသတ်မှု ဇာတ်လမ်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်ကာ သူ့ဝတ္ထုကို အဆုံးသတ်ထားသည်။ လူတို့၏ ဘဝသည် ဘုရားသခင် အလိုတော်ကျအတိုင်း ဖြစ်ရသည်။ ကံကြမ္မာ၏ လှည့်ဖြားမှုကြောင့် သို့တည်းမဟုတ် အခွင့်အလမ်း သင့်သလို ဖြစ်ရသည်။ ဘဝဆိုသည်မှာ ဖြစ်ချင်တာလည်း မဖြစ်ရဆိုသော အယူအဆကို ဆုပ်ကိုင်မည် ဆိုလျှင်ကား ထိုစာရေးဆရာသည် ပုံပြောကောင်းသည့် စာရေးဆရာ မဖြစ်နိုင်။ စာရေးဆရာ၏ အလုပ်မှာ ဖြစ်ချင်တာလည်း မဖြစ်ရပါ ဆိုသော ကြမ္မာ သားကောင်၏ လှည့်ဖြားမှု အောက် မရောက်ရလေအောင် တစ်မျိုးတစ်ဖုံ ဖန်တီးနိုင်ရမည်။ ဖန်တီးနိုင်သည့် အခွင့်အရေးတစ်ခု စာရေးဆရာ၌ ရှိသည်။ သို့သော် စတင်ဒယ် မစွမ်းနိုင်ခဲ့။ သို့သော်လည်း မည်သည့်ဝတ္ထုမှ ပြီးပြည့်စုံခြင်း မရှိနိုင်။ ဇာတ်လမ်းက ခွင့်ပြုသလောက်သာ လွန့်လူးရခြင်း၊ ထို့ပြင် ဇာတ်လမ်းကို ဖန်တီးသည့် စာရေးဆရာကိုယ်တိုင်မှာလည်း ပြီးပြည့်စုံခြင်း မရှိသည့်လူ ဖြစ်နေရာ ခွင့်လွှတ်ရန်သာ ရှိသည်ဟု အချို့က ယူဆကြသည်။ မည်သို့ဖြစ်စေ **အနီနှင့်အနက်**ကား ဖတ်ထိုက်သော ဂန္ထဝင်စာပေတစ်ခု ဖြစ်ပေသည်။

ဤဝတ္ထု၏ ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

ဂျူလီယန်ဆိုသော လူငယ်လေးတစ်ယောက်သည် အညတြ ဖြစ်သည်။ သူသည် ဘီလူးသဘက် အစီးခံနေရသည်။ သူ့ကုတ်ကို ခွစီးထားသော ဘီလူးကြီး

www.nyisay.com



မှာ ကြီးပွားလိုစိတ် တည်းဟူသော ဘီလူးကြီး ဖြစ်လေသည်။ သို့ဖြစ်ရာ ဂျူလီယန်သည် အထက်တန်းလွှာသို့ အရေခြုံကာ ဝင်ရန် ကြိုးစားသည်။

သူသည် ရုပ်ချောသည်။ ပျို့တို့အချစ်တော် ဂိုက်မျိုး ဖြစ်သည်။ သူနှင့် တွေ့လျှင် ပျိုပျိုရွယ်ရွယ် မဆိုထားဘိ၊ လင်ရှိမယားများပင် သူ့အလိုသို့ လိုက်ချင်လာအောင် တတ်ပြွန်လိမ္မာသည်။ လက်တင်ဘာသာဖြင့် သမ္မာကျမ်းစာကို အလွတ်ကျက်သည်။ ဘုရားရှိခိုးကျောင်းကို အမှီပြုကာ ကြီးပွားရေးလမ်းပေါ်သို့ ရောက်အောင် ကြံစည်သည်။

သူနှင့် ပထမဆုံးတွေ့သူမှာ ဗာရီးရဲမြို့ဝန်ကတော် မဒမ်ရီနော ဖြစ်သည်။ မြို့ဝန်မင်းအိမ်တွင် ကလေးများကို စာသင်ပေးရင်း မဒမ်ရီနောနှင့် တိတ်တိတ်ပုန်း ချစ်ကြိုက်ကြသည်။ ယောကျ်ားကြီးမှာ ပိုက်ဆံကိုသာ ခင်တွယ်လေရာ မဒမ်ရီနောသည် ငယ်ငယ်ရွယ်ရွယ် ဂျူလီယန်နှင့် မျောက်မွေးလေသည်။ သူ့ကို ချိုင်စဉ်က ချစ်၍မဟုတ်။ သို့သော် တကယ် တွေ့ကြသည့်အခါ သူသည် မဒမ်ရီနောအား အရူးအမူး ချစ်မိသည်။ သို့သော်လည်း အငယ်ဆုံးကလေး အပြင်းအထန် နေမကောင်းသည့်အခါ ဘုရားသခင်က သူ့ကို ဒဏ်ခတ်သည်ဟု ယူဆပြီး ဂျူလီယန်နှင့် အဆက်ဖြတ်လိုက်သည်။ သူနှင့် မဒမ်ရီနောတို့ ညားနေကြသည်ကို တစ်မြို့လုံးလိုလို သိကြသည်။ မြို့ဝန်မင်းအား သူ့၌ အပြစ်မရှိကြောင်း မဒမ်ရီနောက မျက်ရည်ခံထိုးသည်။ နောက်ဆုံးတွင် ဂျူလီယန်သည် ရီနောတို့အိမ်မှ ထွက်ခွာရပြီး ကျမ်းစာသင် ကျောင်းဆရာလေးအဖြစ် ခိုလှုံ၍ နေရသည်။

တစ်နေ့တွင် သူ့မိတ်ဆွေတစ်ယောက်၏ အကူအညီနှင့် နယ်စားကြီး ဒီလာမိုး၏ အတွင်းဝန်ရာထူးကို ရသည်။

ပါရီမြို့သို့ ရာထူးလက်ခံရန်အသွား အချစ်ဟောင်း မြို့စားကတော်နှင့် တိတ်တိတ်တွေ့ကာ ပျော်ပါးကြသည်တွင် ယောကျ်ားကြီးနှင့် မိသဖြင့် ပုန်းနေရသည်။ တစ်နေ့နှင့် တစ်ည ပုန်းနေပြီးနောက် ယောကျ်ားကြီးက အခန်းထဲ ဝင်ရှာသည့်အခါ ပြတင်းပေါက်မှ ခုန်ချ ထွက်ပြေးရသည်။

ဂျူလီယန်သည် ရာထူးသစ်ကို လက်ခံပြီးနောက် နယ်စားကြီး၏ ယုံကြည်မှု ရရှိလာအောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်သည်။ အစွမ်းအစကလေး ကလည်း ရှိလေရာ မကြာမီပင် နယ်စားကြီး၏ ယုံကြည်မှုကို ရလာပြီး သူ့အလုပ်များတွင် ဦးစီးဦးကိုင် လုပ်ရသည်။

ဒီလာမိုးတွင် မက်သယ်လဒီဟု ခေါ်သော သမီးတစ်ယောက် ရှိသည်။ မက်သယ်လဒီသည် ဂျူလီယန်ကို အဖက်မလုပ်။ ထိုအခါ မခံချင်စိတ်ဖြင့် ခပ်တည်တည်နေသည်တွင် သမီးငယ်သည် ဂျူလီယန်ကို စိတ်ဝင်စားလာပြီး

www.nyisay.com



ချစ်ခင်လာလေသည်။ သူကပင် စတင်၍ ဂျူလီယန်နှင့် တွေ့ရန် ချိန်းသည်။ မကြာခင်ပင် သူတို့ ချစ်ကြိုးသွယ်မိကြသည်။ သို့သော် ကြာကြာမခံ။ မက်သယ်လဒီက ဂျူလီယန်၏ အောက်တန်းစားစိတ်ဓာတ်ကို မကြိုက်သဖြင့် အဆက်ဖြတ်လိုက်သည်။ ထိုအခါတွင်မှ ဂျူလီယန်မှာ နေမထိ ထိုင်မသာဖြစ်ကာ သူ့အချစ်ပြန်ရအောင် ကြံစည်သည်။ မဒမ်ဖာဗာကျူ ဆိုသော လင်ရှိမယားတစ်ယောက်နှင့် ချစ်ခင်လေဟန် နေထိုင်ပြရာ မက်သယ်လဒီသည် မနာလိုစိတ် ဝင်လာပြီး သူ့အလိုသို့ လိုက်ရလေတော့သည်။ သို့နှင့် နောက်ဆုံးတွင် မက်သယ်လဒီမှာ ကိုယ်လေးလက်ဝန် ရှိလာသည်။ သူ့အဖေအား ဂျူလီယန်နှင့် လက်ထပ်ပေးရန် ပြောသည်။ နယ်စားကြီးသည် ဂျူလီယန်ကို ဒေါသထွက်သော်လည်း နောက်ဆုံးတွင် သဘောတူကာ စစ်ဗိုလ်မှူးရာထူးရအောင် ကြံဆောင်ပေးသည်။ မှူးရိုးမတ်နွယ်စာရင်းဝင်ဖြစ်အောင် နာမည်ကို ဒီလာဗာနေး ဟူ၍လည်း ပြောင်းပေးသည်။ သို့နှင့် လောကကြီးသည် ဂျူလီယန်တစ်ယောက်အဖို့ အဆင်ပြေနေစဉ် မဒမ်ရီနော ထံမှ စာတစ်စောင်သည် နယ်စားကြီး ဒီလာမိုးထံသို့ ရောက်သွားသည်။ စာတွင် ဂျူလီယန်သည် ကြာခိုသူ၊ မိန်းမသိုက်တူးသူ ကြောင်သူတော် တစ်ယောက်အဖြစ် စွပ်စွဲသည်။ မိန်းမများကို ဖျက်ဆီးသူဟုလည်း နာမည်ဆိုး အဖတ်တင်စေသည်။

ထိုအခါ ဂျူလီယန့်သည် ဒေါသပေါက်ကွဲကာ မဒမ်ရီနောအား သေနတ်နှင့် ပစ်သတ်သည်။ ထောင်ထဲတွင် ရှိနေစဉ် မဒမ်ရီနော မသေကြောင်း၊ သူ့ကို မဒမ်ရီနောတစ်ယောက် တကယ့်မေတ္တာစစ်နှင့် ချစ်ကြောင်း သိရသည်။ ထိုအခါတွင်မှ ဂျူလီယန်သည် နောင်တရသည်။ သို့သော် အမှုတို့မှာ လွန်ပြီးနေပြီ။

မက်သယ်လဒီက ဂျူလီယန်တစ်ယောက် လွတ်မြောက်ရန် ကြိုးစားသော်လည်း မအောင်မြင်။ ရုံးတော်တွင် ဂျူလီယန်သည် မှူးမတ်လူတန်းစားကို တိုက်ခိုက်ကာ လယ်သမားလူတန်းစားဘက်မှ ရပ်တည်ချက်ဖြင့် စွပ်စွဲပြောဆိုသည်။ မဒမ်ရီနောက ထောင်ဝင်စာခံကာ သူ့ကို တွေ့သည်။ သူတို့နှစ်ယောက် နောက်ဆုံးတွင် နားလည်သွားကြသည်။ သို့သော် ဂျူလီယန်ကား ရဲရဲဝံ့ဝံ့ပင် စက်တိုင်တက်သွားလေသည်။

www.nyisay.com

# နာနာ (၁၈၈၀)

## အမ်မလီ ဇိုလာ (၁၈၄၀–၁၉၀၂)

၁၈၅၂–၁၈၇၀ ကာလသည် ပြင်သစ်နိုင်ငံတွင် ဒုတိယအင်ပိုင်ယာခေတ် ထူထောင်သောကာလ ဖြစ်သည်။ ထိုကာလတွင် ပြင်သစ်နိုင်ငံ၌ စက်မှုထွန်းကားလာသည်။ ဘဏ်တိုက်ကြီးများ တည်ထောင်သည်။ မင်းစိုးရာဇာ အသိုက်အဝန်းနှင့် အစိုးရအရာရှိများ၊ ငွေရှင်ကြေးရှင်များ ခေါင်းဆောင်သော ကာလဖြစ်သည်။ လက်တစ်ဆုပ်စာ လူတစ်စု ကြီးပွား၍ ပြည်သူများရာစုမှာ ဆင်းရဲကျပ်တည်းနေ၏။ သို့ဖြင့် ထိုကာလ ပဲရစ်မြို့တော်ကြီးသည် အထက်တန်းလွှာတို့ ဖောက်ပြန်ပျက်စီးရာ ဌာနကြီး ဖြစ်နေ၏။ အထူးသဖြင့် အထက်တန်းလွှာတို့သည် ကာမဂုဏ်လိုင်းတွင် ပျက်စီးချင်တိုင်း ပျက်စီးနေသော ကာလဖြစ်သည်။

စာရေးဆရာကြီး အမ်မလီဇိုလာသည် ထိုခေတ် လူမှုအဖွဲ့အစည်းကို အခြေပြု၍ မိသားစုတစ်စုကိုပင် ဇာတ်ဆောင်ထားကာ ဝတ္ထုကြီးများကို ဖန်တီးခဲ့သည်။ ယင်းဝတ္ထုကြီးများတွင် နာနာ သည် တစ်ပုဒ်အပါအဝင် ဖြစ်သည်။

အမ်မလီဇိုလာသည် သဘာဝဝါဒီသမား ဖြစ်သည်။ သဘာဝဖြစ်ရပ်မှန်ကို ရေးဖွဲ့ခဲ့သူ ဖြစ်၏။ ထိုကာလက ပဲရစ်မြို့တော်တွင် အထက်တန်းလွှာများ ကာမဂုဏ် ရမ္မက်လိုင်းတွင် ပျက်စီးချင်တိုင်း ပျက်စီးနေခဲ့ကြပုံကို ဖြစ်ရပ်အတိုင်း အခြေခံကာ ရေးဖွဲ့ခြင်း ဖြစ်သည်။ သို့ဖြင့် ဇိုလာသည် ပြည့်တန်ဆာမကလေး နာနာကို ဖန်ဆင်းလိုက်လေသည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



နာနာသည် လင်မဖော်ဘဲ သားတစ်ယောက် ရထားသူ ဖြစ်သည်။ သူ့သား၏ ရှေ့ရေး၊ သူ့ဘဝ ရပ်တည်ရေးအတွက် နာနာသည် ကြေးစား ပြည့်တန်ဆာတစ်ယောက် ဖြစ်နေ၏။ ဤသို့သော နာနာကို ဇိုလာသည် ကပွဲရုံတစ်ရုံ၏ ဇာတ်စင်ပေါ်သို့ တင်ပေးလိုက်သည်။

နာနာသည် အသံလည်း မကောင်း၊ အကလည်း မကောင်းလှပေ။ သို့သော် ပွဲဦးထွက်နေ့မှာပင် နာနာသည် ပဲရစ်မြို့တော်ရှိ မြို့စားကြီးများ၊ ဘဏ်သူဌေးကြီးများမှသည် ဆယ့်ခုနစ်နှစ်ရွယ် ကျောင်းသားကလေးများ၏ အာရုံကို ဆွဲကိုင်လှုပ်နိုင်ခဲ့လေသည်။ ဤနည်းဖြင့် ထိုညမှာပင် နာနာ၏အမည်သည် ဇာတ်ရုံအပြင်သို့ ပျံ့လွင့်ကာ ပဲရစ်မြို့ လမ်းများပေါ်သို့ ပျံ့သွား၏။ မင်းစိုးရာဇာတို့၏ ဧည့်ခံပွဲများသို့ပင် ရိုက်ခတ်သွား၏။ နောက်တစ်နေ့တွင် နာနာနေထိုင်သော အခန်းသို့ ဧည့်သည်အများ ရောက်လာ၏။ ထိုလူသိုက်တွင် ဏ္ဍန္ဒြေနှင့် လူကြီးလူကောင်းတွေလည်း ပါ၏။ ဖွတ်နိုင်ချင်သော ကျောင်းသားကလေး ဂျော့လည်း ပါသည်။ မည်သို့ဖြစ်စေ နာနာသည် ချစ်သူ ဒရူးနေးကိုကား မေ့မထားတတ်ပေ။ ဒရူးနေးမှာ ချစ်သူတွေ ဝိုင်းဝိုင်းလည်လာသော နာနာ့အဖြစ်ကို ကြည့်ပြီး ရင်မောစ ပြုလာခဲ့သည်။

ထိုအတွင်းမှာပင် စတာနာက နာနာ့အတွက် ခြံမြေတစ်ခု ဝယ်ပေးထားလိုက်သည်။

တစ်ညတွင် နာနာ၏ကပွဲသို့ အိမ်ရှေ့မင်းသား ရောက်လာသည်။ မြို့စားကြီးတွေလည်း ပါသည်။ နာနာ၏ အလှပြင်ခန်းသို့ ဝင်ကြည့်သည်။ နာနာက အဝတ်မလုံ့တလုံဖြင့် ဧည့်ခံသည်။ တစ်သက်လုံး လူ့ဘုန်းကြီးလို နေလာသော မြို့စားကြီး မူဖေးသည်ပင် နာနာ့ခန္ဓာတွင် ရမ္မက်တွယ်ငြိစ ပြုလေသည်။ မူဖေး၏ ယောက္ခမကြီးကလည်း ကခြေသည်တွေကြားမှာ သောင်းကျန်းချင်၏။ သတင်းစာဆရာ ဖူရှရေးကလည်း ကပွဲရုံမန်နေဂျာ မိန္ဒန်၏မယား ရို့စ်နှင့် လင့်ရှေ့မှာပင် ချစ်ရေးမြွှုကြသည်။

နာနာသည် စတာနာ ဝယ်ပေးထားသော ခြံထဲသို့ ရတ်တရက် မရောက်သေး။ ထိုခြံမှာ ဂျော့တို့အိမ်နှင့် မလှမ်းမကမ်းမှာ ရှိသည်။ နာနာရောက်လာမည့်နေ့မှာပင် ဂျော့တို့အိမ်သို့ မြို့စား မူဖေးလင်မယား ရောက်လာ၏။ ဂျော့က နာနာ ရောက်လာမည့်သတင်းကို အသိမပေး။ ဂျော့သည် နာနာ ရောက်လာလာချင်း နာနာ့ကို သွားတွေ့သည်။ နာနာသည် ဂျော့ကို ရှောင်ဖို့ ကြိုးစားသေး၏။ မရတော့။ နောက်ရက်များတွင် နာနာ့အိမ်မှာ လူစည်လာသည်။ စတာနာလည်း ရှိ၏။ မူဖေးကလည်း နာနာနှင့် အိပ်ရဖို့ အကြိမ်ကြိမ် ကြိုးစား၏။ ဂျော့ကလည်း

www.nyisay.com



နာနာ့ကို လာတွေ့သည်။ ထိုအတွင်း ဖူရှရေးသည် မြို့စား မူဖေး၏ကတော်နှင့် ငြိစ ပြုလာပြန်သည်။ မူဖေးလည်း နာနာ့အိပ်ရာမှာ တစ်ညအိပ်ခွင့် ရခဲ့သည်။

ဤသို့ဖြင့် မြို့စားကြီးသည် ပြည့်တန်ဆာမ နာနာ၏ ရင်ခွင်ထဲ၌ ရောက်နေစဉ် မြို့စားကြီးကတော်သည် နာနာအား အမှိုက်ပုံထဲက ပျံတက်လာသော ယင်ကောင်သည် မင်းစိုးရာဇာ အသိုက်အဝန်းကို ညစ်ထေးစေတော့မည်ဟု ဝေဖန်ရေးဆောင်းပါး ရေးလိုက်သော သတင်းစာဆရာ ဖူရှရေး၏ ရင်ခွင်တွင်းသို့ ရောက်နေခဲ့လေသည်။

သို့သော် မူဖေးသည် မိန်းမအကြောင်းကို မသိ။ အထူးသဖြင့် နာနာ ငွေလိုနေသည်ကို မသိ။ နာနာသည် မူဖေးကို စိတ်မရှည်တော့။ စတာနာကိုလည်း မကြည်ဖြူတော့။ ထို့ကြောင့် နှစ်ယောက်စလုံးကိုပင် သူ့အိမ်ပေါ်မှ နှင်ချလိုက်သည်။ ပြီး ဇာတ်မင်းသား ဖွန်တန်နှင့် လက်ထပ်လိုက်သည်။ ဖွန်တန်သည် နာနာ့ကို နိုင်သည်။ နှိပ်စက်သည်။ အဆုံးတွင် နာနာ့အဖို့ လင်ဆီ လက်ဖြန့်တောင်းရသည့်ကြားက အနှိပ်စက်ခံလာရသောအခါ မိမိဘာသာ ပိုက်ဆံရှာဖို့ စဉ်းစားရလေတော့သည်။ သို့ဖြင့် နာနာသည် လမ်းပေါ်သို့ ရောက်လာပြန်၏။

ထိုအခါ နာနာသည် ကြေးစားပြည့်တန်ဆာ ဆက်တင်နှင့် တွဲမိသည်။ ငွေပေးနိုင်သူကို ရှာသည်။ တစ်ခါတစ်ခါ နာနာသည် ဆက်တင်နှင့်အတူ မိန်းမချင်း ပျော်လိုက်သည်။ နောက်တစ်ကြိမ် နာနာ ဇာတ်စင်သို့ ပြန်ရောက်လာသောအခါ မြို့စားမူဖေးသည် နာနာ့ခြေရင်းသို့ ပြန်ရောက်လာ၏။ နာနာ့အတွက် သူ ဘာမဆို ဖန်တီးပေးရန် ဆုံးဖြတ်ပြီး ဖြစ်သည်။ သည်ကြားမှာပင် တစ်ချိန်က နာနာ့ချစ်သူ ဖြစ်ခဲ့သူက နာနာ့ခြေရင်းက မြို့စားသမီးကို လိုချင်လာ၏။ မူဖေးအဖို့ ဤကိစ္စများသည် အရေးမကြီးတော့။ နာနာ့အတွက် အိမ်တစ်လုံး ဝယ်ပေးလိုက်သည်။ နာနာနှင့် အတူနေလိုက်သည်။ သို့သော နာနာသည် မူဖေးအပြင် မြို့စား ဗန်ဒူဗားကိုလည်း လက်ခံထားလိုက်၏။ ဗန်ဒူဗားဆီကလည်း အပိုသုံးငွေ ရသည် မဟုတ်။

ထိုအခြေအနေမှာပင် ဂျော့သည် မိခင် တားမြစ်ထားသည့် ကြားကပင် နာနာ့ဆီသို့ ရောက်လာပြန်သည်။ ယခုတစ်ကြိမ် နာနာ့ဆီသို့ ရောက်လာသောအခါ ဂျော့တစ်ယောက်တည်း မဟုတ်တော့။ ဂျော့၏အစ်ကို ဗိုလ်ကြီး ဖီးလစ်လည်း ပါလာ၏။

ဖီးလစ်သည် သူ့ညီကို နာနာ့ဆီက ခွာထုတ်ရန် ဖြစ်၏။ သို့သော် ဖီးလစ်ကိုယ်တိုင် နာနာ့ရင်ခွင်တွင်းသို့ တဖြည်းဖြည်း ရောက်လာသည်။

ထိုအတွင်း မြင်းပွဲတစ်ခု၌ နာနာ၏ လောင်းမြင်း အနိုင်ရခဲ့၏။ သို့သော်

www.nyisay.com



နာနာ၏ အရန်ချစ်သူ မြို့စားဗန်ဒူဗားမှာ ထိုမြင်းပွဲ၌ အလိမ်ခံရပြီး ခွက်ခွက်လန် ရှုံးသွားသဖြင့် သူ့မြင်းစောင်းတစ်ခုလုံး မီးတိုက်ပစ်ကာ သူလည်း သူ့မြင်းနှင့်အတူ မီးထဲတွင် အသက်ဆုံးရှုံး ရလေတော့သည်။

တစ်ခါတွင် မြို့စားမူဖေးသည် နာနာကို ဂျော့နှင့်အတူ တွေ့ရာမှအစ နာနာ့ကို အပြစ်တင်စကား ဆိုလာ၏။ မူဖေး စိတ်အပျက်ကြီး ပျက်လာ၏။ သို့ပေမယ့် နာနာ့ကိုကား စွဲလမ်းဆဲ။ သည်ကြားမှာပင် ဖီးလစ်ကလည်း နာနာ့ကို လက်ထပ်ခွင့်တောင်း၏။ ထိုအဖြစ်ကို ဂျော့က တွေ့သည်။ ဂျော့စိတ်တွေ လှုပ်ရှား လာ၏။ ထိုအတွင်းမှာပင် ဖီးလစ်ခမျာ စစ်တပ်ကငွေတွေ အလွဲသုံးစားလုပ်မှုဖြင့် အဖမ်းခံရသည်။ နာနာ့အတွက် ဖီးလစ် စစ်တပ်မှ ငွေတွေ ခိုးထုတ်ပေးလာသည်မှာ များပေပြီ။ ထိုစဉ်မှာပင် ဂျော့သည် နာနာ့ဆီသို့ လာသည်။ သူ့ကို လက်ထပ်ဖို့ ပြောသည်။ နောက်ဆုံးတွင် ဂျော့သည် နာနာ့ရှေ့မှာပင် သူ့ကိုယ်သူ ကတ်ကြေးဖြင့် ထိုးပြီး အဆုံးစီရင်ပြလိုက်သည်။

မူဖေးသည် နာနာကို စိတ်မကုန်။ နာနာအတွက် ငွေကုန်ကြေးကျ ခံနေ၏။ နာနာအတွက် အိမ်ကြီးကား ယခုအခါ ပြည့်တန်ဆာခန်းမကြီး ဖြစ်လာ ပေပြီ။ နာနာသည် လာသမျှလူကို လက်ခံထားလိုက်သည်။ မူဖေးသည်ပင်လျှင် နာနာနှင့် ပတ်သက်၍ နာမည်ပျက်လာပြီ ဖြစ်သည်။ သို့သော် မူဖေးအဖို့ နာနာ့ကို စွဲလမ်းစိတ်က လွှမ်းဖုံးထားပြီဖြစ်၍ ဘာမျှမမြင်တော့။ နာနာ့အတွက် ရွှေခုတင် တစ်ခု လုပ်၍ပင် လက်ဆောင်ပေးလိုက်၏။ သို့သော် မူဖေးသည် သူ့လက်ဆောင် ရွှေခုတင်ကြီးပေါ်၌ ချစ်သူနာနာနှင့် ပျော်ရန် ရောက်လာသောအချိန်တွင် နာနာသည် မြို့စားကြီး၏ ယောက္ခမအဘိုးကြီးနှင့် ပျော်ချင်တိုင်း ပျော်နေသည်ကို မြို့စားမူဖေး တွေ့ရလေတော့သည်။

မူဖေးသည် စိတ်အပျက်ကြီး ပျက်သွား၏။ ရာထူးမှလည်း နှုတ်ထွက် ရ၏။ ရှိသမျှ စည်းစိမ်လည်း ကုန်ပြီ။ မယားလည်း ဈေးသည်တစ်ယောက်နှင့် လိုက်သွားလေပြီ။

ထို့နောက်ရက်များတွင်ကား နာနာကို ပဲရစ်မြို့၌ မတွေ့ရတော့ပေ။ နာနာသည် ကာလအတန်ကြာ ပျောက်ကွယ်သွားပြီးမှ ပဲရစ်သို့ ပြန်ရောက်လာ၏။ ထိုအချိန်၌ နာနာသည် ကျောက်ရောဂါဝေဒနာကို ခံစားနေရပြီ ဖြစ်၏။ ထိုစဉ် နာနာ့အိပ်ရာသို့ အလုအယက် ရောက်လာကြသော ယောကျ်ားများသည် နာနာ့ အခန်းတွင်းသို့ မဝင်ရဲကြတော့ပေ။ သူတို့ အခန်းပြင်မှာ ရောက်နေသည်ကိုလည်း နာနာ မသိတော့။ အပြင်ဘက်တွင် ပြင်သစ်ပရပ်ရှား စစ်ပွဲအတွက် ဘာလင်သို့ စစ်ချီတက် တိုက်ခိုက်ရန် ပြင်သစ်စစ်တပ်၏ တပ်လှန့်သံကိုလည်း နာနာ မကြား

www.nyisay.com



တော့။ အပြင်ခုံတန်းတွင် မျက်နှာအပ်လျက် ငိုရှိုက်နေသော မြို့စား၏အဖြစ်ကိုလည်း သူ မသိနိုင်တော့။

ဤသို့လျှင် ဇိုလာသည် နာနာကို ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ရေးဖွဲ့ခဲ့လေသည်။ စင်စစ် ဇိုလာ၏ ပင်ကိုစရိုက်မှာ လိင်ကိစ္စ၊ ပြည့်တန်ဆာကိစ္စများ၌ အရှက်ကြီးသူ ဖြစ်၏။ သို့သော် ဤဝတ္ထုကိုရေးရန် ဇိုလာသည် ပြည့်တန်ဆာလောကကို အတွင်းကျကျ လေ့လာခဲ့သည်။ နာနာ၏ ကိုယ်လုံးအလှကို တပ်မက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ခဲ့၏။ နာနာ၏ ခုတင်ပေါ်က အဖြစ်များကိုလည်း ပွင့်ပွင့်လင်းလင်း ရေးခဲ့၏။ သို့သော် **နာနာ**ကို လှပသော ကဗျာကလေး တစ်ပုဒ်သဖွယ် ဖန်တီးနိုင်စွမ်းသည်ကား ဇိုလာ၏ အရေးအသား စွမ်းဆောင်နိုင်မှုပင် ဖြစ်သည်။

**နာနာ**သည် ထိုကာလ (ပြင်သစ် ဒုတိယအင်ပိုင်ယာခေတ်)ကို ရေးဖွဲ့ရာ၌ ပြောင်မြောက်သဖြင့် လည်းကောင်း၊ ရမ္မက်၏ ဇာတ်သိမ်းမလှနိုင်သော ဦးတည်ချက်ကို အခြေပြုသဖြင့် လည်းကောင်း၊ နာနာတို့၏ ပြည့်တန်ဆာလောကနှင့် အထက်တန်းစား ဖောက်ပြန်မှုကို ထိထိရောက်ရောက် ရေးဖွဲ့နိုင်သဖြင့် လည်းကောင်း ပြင်သစ်စာပေတွင်မက ကမ္ဘာ့စာပေတွင်ပါ **နာနာ**သည် စာပေဂန္ထဝင် ဖြစ်ခဲ့ရလေသည်။

ဇိုလာသည် **နာနာ** သေဆုံးခန်းကို ပြင်သစ်တို့ ပရပ်ရှားတို့နှင့် စစ်တိုက်အံ့ အဖြစ်ဖြင့် အဆုံးသတ်ထားလေသည်။ ဤနည်းဖြင့် နာနာ သေဆုံးရခြင်းသည် သာမည၊ နိုင်ငံကာကွယ်ရေးသည် အဓိကဟူသော အချက်ကိုလည်း ပြခဲ့သည်။ နာနာ၏အဆုံး၊ မြို့စားမူဖေး၏ အကျတို့နှင့် ပြင်သစ် ဒုတိယအင်ပိုင်ယာ ပျက်လုအံ့သော အခြေအနေဖြစ်သည့် ပြင်သစ်ပရပ်ရှား စစ်ပွဲကိုလည်း ယှဉ်ပြခဲ့လေ၏။

ထို့ကြောင့် ဇိုလာသည် သဘာဝ ဝါဒီသမားတစ်ယောက် ဖြစ်စေကာမူ လက်တွေ့တွင်မူ သင်္ကေတအဖွဲ့သမားတစ်ယောက် ဖြစ်သည်ဟုလည်း ဝေဖန်ကြလေသည်။

**နာနာ**ကို မောင်မောင်ကြည်က ၁၉၅၁ တွင် **နာနာ**အဖြစ် မြန်မာဘာသာပြန်ခဲ့ပြီး မန်းတင်က မြ အဖြစ် မှီးရေးခဲ့ဖူး၏။ မောင်ထွန်းသူကမူ ၁၉၉၂ ခုတွင် **နာနာ** အမည်ဖြင့်ပင် အတွဲနှစ်တွဲ ခွဲ၍ ပြန်ဆိုခဲ့ပြန်သည်။

www.nyisay.com

## ရတနာကျွန်း (၁၈၈၃)

### ရောဗတ် လူးဝစ် စတီဗင်ဆန် (၁၈၅၀–၁၈၉၄)

ရော်ဗတ် လူးဝစ် စတီဗင်ဆန်၏ ဝတ္ထုအများသည် စွန့်စားခန်း ဝတ္ထုများ ဖြစ်သည်။ ရင်ဖိုထိတ်လန့်ဖွယ် ဝတ္ထုမျိုးဖြစ်၍ လူအများ နှစ်သက်ကြသည်။

တစ်ခါတွင် စတီဗင်ဆန်သည် သူ့မယားပါ သားကလေးအတွက် ရတနာသိုက်တည်ရာ ကျွန်းတစ်ကျွန်းပုံကို ဆွဲခဲ့၏။ ထိုမြေပုံကလေးသည်ပင် ရတနာကျွန်း ဝတ္ထု၏ အစဖြစ်လေသည်။ ဤမြေပုံနှင့် ဤကလေးမှ စ၍ စတီဗင်ဆန်သည် ဤဝတ္ထု၏ အဓိကဇာတ်ဆောင် ဂျင်ဟော့ကင်းကို ဖန်တီးလိုက်ခြင်း ဖြစ်၏။ ထို့ကြောင့် သူ့ဝတ္ထုကို လူငယ်ပိုင်းက ပိုမိုနှစ်သက်ကြလေသည်။ သို့ဖြင့် ဤဝတ္ထုသည် စာပေဂန္ထဝင်မြောက် စွန့်စားခန်းဝတ္ထုအဖြစ် ထင်ရှားရခြင်း ဖြစ်သည်။

ဝတ္ထုဇာတ်လမ်း အစကို ဂျင်ဟော့ကင်း အမည်ရှိ လူငယ်ကလေးတစ်ယောက်က သူ့ဘဝအတွေ့အကြုံကို ပြန်လည်သတိရဟန်ဖြင့် ရေးထားခြင်း ဖြစ်သည်။

ဂျင်ဟော့ကင်း၏ အဖေသည် တိတ်ဆိတ်အေးချမ်းသော ကမ်းခြေတစ်နေရာတွင် ထမင်းဆိုင်ကလေးတစ်ဆိုင် ဖွင့်ထား၏။ တစ်နေ့တွင် ဆိုင်သို့ ဗီလီဗုန်း အမည်ရှိ သင်္ဘောသားတစ်ယောက် ရောက်လာသည်။ သူ့ကိုယ်သူ ကပ္ပတိန် အဆင့်ရှိသည် ဆို၏။ သူသည် ထမင်းဆိုင်အပေါ်ထပ် အခန်းတစ်ခန်းကို ငှားနေပြီး အပေါ်ထပ်ခန်းတွင် အနေများ၏။ အရက်သောက်သည်။ သီချင်းကို

www.nyisay.com



အကျယ်ကြီး အော်ဆိုသည်။ ဗိလီဗုန်းသည် ဂျင်ဟော့ကင်းအား ခြေတစ်ဖက်ပြတ် သင်္ဘောသားကြီးတစ်ယောက် လာလျှင် သတိပေးရန် မှာထား၏။ သို့သော် ခြေတစ်ဖက်ပြတ် သင်္ဘောသားကြီး ရောက်မလာဘဲ တစ်ခါတွင် ဗလက်ပေါ့ အမည်ရှိ သင်္ဘောသားတစ်ဦး ရောက်လာသည်။ ဗိလီဗုန်းနှင့် ရန်ဖြစ်သည်။ ထိုးလား ကြိတ်လား လုပ်သည်။

ဂျင်၏အဖေမှာ ကောင်းစွာ မကျန်းမာပေ။ ဂျင့်အဖေ၏ ကျန်းမာရေးကို ဒေါက်တာ လီဗီဆီက ကြည့်ရှုနေ၏။ သို့သော် ထိုရက်များမှာပင် ဂျင်၏အဖေ ကွယ်လွန်ခဲ့သည်။

ဂျင့်အဖေ ကွယ်လွန်ပြီးနောက် တစ်နေ့တွင် မျက်မမြင် သင်္ဘောသားကြီး တစ်ယောက် ရောက်လာသည်။ ထိုသူက ဂျင်အား ဗီလဗုန်းအခန်း လိုက်ပို့ခိုင်းသဖြင့် လိုက်ပို့ရသည်။ ဗိလီဗုန်းသည် ထိုမျက်မမြင် သင်္ဘောသားကြီးကို မြင်ရခါမှဖြင့် ထိတ်လန့်သွားသည်။ သင်္ဘောသားကြီးက ဗုန်း၏လက်ထဲသို့ စာရွက်ကလေး ထည့်ပေးသည်။ ဗုန်းသည် သူ့လက်ထဲက စာရွက်ကိုကြည့်ပြီး အလန့်တကြား အော်ဟစ်လိုက်သည်။ ခဏချင်းပင် နေရာမှာတွင် လဲကျသေဆုံးသွားလေ၏။

ဂျင်တို့ သားအမိမှာ ဗုန်းကို လက်ခံထားရစေကာမူ ဗုန်းဆီက အခကြေးငွေ တစ်ပြားတစ်ချပ်မျှ မရခဲ့ပေ။ ယခုကား ဗုန်း သေလေပြီ။ ထိုအခါ ဗုန်း၏ သေတ္တာတွင်းမှ အခကြေးငွေ ရလိုရငြား ရှာဖွေသည်။ ထိုသို့ သေတ္တာတွင်း၌ ရှာဖွေစဉ် မျက်မမြင် သင်္ဘောသားကြီး တုတ်ထောက်လာသံကို ကြားရ၏။ ဂျင်သည် သေတ္တာတွင်းမှ အိတ်တစ်လုံးကို ယူခဲ့ပြီး သားအမိနှစ်ယောက် ထွက်ပြေးခဲ့၏။ မျက်မမြင် သင်္ဘောသားကြီးနှင့် အဖွဲ့ကား ပင်လယ်ဓားပြ ဂိုဏ်းဝင်များ ဖြစ်သည်။ သူတို့သည် ထမင်းဆိုင်ကလေး အနှံ့ရှာ၏။ သူတို့လိုချင်သော ပစ္စည်းကို မတွေ့ရ။ ထိုအခါ ဂျင်ကိုရှာရန် စီစဉ်သည်။ ထိုစဉ်ပင် ပုလိပ်များ ရောက်လာသည်။ ပင်လယ်ဓားပြတို့ ထွက်ပြေးရာ မျက်မမြင် ပင်လယ်ဓားပြကြီးမှာ လဲကျပြီး မြင်းအနင်းခံရသဖြင့် ကွယ်လွန်ရရှာ၏။

ဂျင်သည် ဒေါက်တာလီဗီဆီထံသို့ ပြေးလာ၏။ ထိုအချိန်က ဒေါက်တာ လီဗီဆီနှင့်အတူ ထရေလော်နီ အမည်ရှိ သူဌေးတစ်ယောက်လည်း ရှိ၏။ ဂျင်သည် သူယူလာသော အိတ်ကို လီဗီဆီအား ပြသည်။ သူတို့သည် အိတ်တွင်းမှ မြေပုံကို တွေ့သည်။ ထရေလော်နီသည် ထိုမြေပုံအကြောင်းကို သိ၏။ ထိုမြေပုံကား ပင်လယ်ဓားပြကြီး ကပ္ပတိန်ဖလင့်၏ ရတနာများ ဝှက်ထားရာ နေရာကိုပြသော မြေပုံဖြစ်သည်။ ဖလင့်သည် ရတနာများကို သေတ္တာတစ်လုံးတွင်ထည့်ပြီး

www.nyisay.com



တပည့်ခြောက်ယောက်နှင့်အတူ ကျွန်းတစ်ကျွန်း၌ ဝှက်ခဲ့သည်။ ထို့နောက် တပည့်ခြောက်ယောက်စလုံးကို ထိုကျွန်းပေါ်မှာပင် သတ်ပစ်ခဲ့သည်။ ပြီးလျှင် သူရတနာဝှက်ထားသော နေရာအမှတ်အသားကို မြေပုံဆွဲယူခဲ့ပြီး ပြန်လာခဲ့သည်။ ကပ္ပတိန်ဖလင့် သေသောအခါ ထိုမြေပုံကို ဗီလီဗုန်းက ဖလင့်ထံမှ ခိုးလာခဲ့ခြင်းဖြစ်သည်။ ယခု ဗုန်းလက်မှတစ်ဆင့် ဂျင်တို့ထံသို့ ရောက်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ထရေလော်နီက ရတနာသိုက် ဝှက်ထားရာ ကျွန်းသို့သွားရန် အကြံပေးသည်။ အားလုံး သဘောတူသည်။

သို့ဖြင့် ပထမဦးစွာ ဗရစ်စတိုမြို့သို့ သွားခဲ့ပြီး ရွက်သင်္ဘောတစ်စင်းကို ဝယ်သည်။ ရွက်သင်္ဘောအမည်မှာ ဟစ်စပင်နီယိုလား ဖြစ်သည်။ ထရေလော်နီသည် လောင်းဂျွန်ဆီးလဗား အမည်ရှိ ခြေတစ်ဖက်ပြတ်ကြီးတစ်ယောက်ကို သင်္ဘောပေါ်တွင် ထမင်းချက်အဖြစ် လိုက်ရန် ငှားသည်။ ဆီးလဗားက သင်္ဘောသားများ စုပေးသည်။ ဂျင်သည် ဆီးလဗားကို တွေ့သောအခါ လန့်သွားသည်။ ဗုန်းရှိစဉ်က သူမျှော်ခဲ့ရသော ခြေတစ်ဖက်ပြတ်ကြီး။ ထို့ပြင် ထိုခြေတစ်ဖက်ပြတ်ကြီးနှင့်အတူ ဗုန်းရှိစဉ်က လာခဲ့ပြီး ရန်တွေ့ ထွက်ပြေးသွားသော သင်္ဘောသားတစ်ယောက်ကိုပါ တွေ့ရသဖြင့် ထိုအခါမှစ၍ ဂျင်သည် ဆီးလဗားအပေါ် သင်္ကာမကင်း ဖြစ်ခဲ့သည်။ သင်္ဘောတွင် ကပ္ပတိန်အဖြစ် ပါလာသူမှာ ကပ္ပတိန်စမောလက် ဖြစ်သည်။ သို့သော် သင်္ဘောသားများအပေါ် ဩဇာညောင်းသူကား ဆီးလဗား ဖြစ်သည်။ ထို့ကြောင့် စမောလက်သည် ဆီးလဗားကို တယ်ပြီးသဘောမတွေ့လှ။ ထိုစဉ် ဆီးလဗားသည် သူ၏တပည့်များနှင့် တိုက်တဆိတ်တိုင်ပင်နေသည်ကို ဂျင်ဟော့ကင်း ကြားရ၏။ ဆီးလဗားတို့ လူစုက သင်္ဘောပေါ်တွင် ရတနာများ တင်ပြီးသည်နှင့် ပုန်ကန်ကြမည်။ ဂျင်ဟော့ကင်းတို့ လူစုကို သတ်မည်ဖြစ်၏။ ထိုအခိုက် သင်္ဘောသည် ကျွန်းတစ်ကျွန်းအနီး ရောက်လာသည်။ ဂျင်သည် သူ ကြားရသမျှကို သူ့လူများအား ပြောပြ၏။ ထိုအခါ ကပ္ပတိန်စမောလက်က ဆီးလဗားတို့က မိမိတို့ကို မတိုက်ခိုက်မီ မိမိတို့က ကြိုတင်တိုက်ခိုက်သင့်သည်ဟု ဆုံးဖြတ်သည်။ ထို့နောက် ဆီးလဗား အပါအဝင် သင်္ဘောသားအချို့ကို ကျွန်းပေါ်သို့ လွှတ်လိုက်၏။ ထိုအချိန်မှာပင် ဂျင်သည်လည်း ကျွန်းပေါ်သို့ တိတ်တဆိတ် လာခဲ့သည်။ ကျွန်းပေါ်တွင် ဆီးလဗားက သင်္ဘောသား အချို့ကို သူ့ဘက်ပါရန် စည်းရုံးသည်။ မရသဖြင့် သင်္ဘောသားနှစ်ယောက်ကို သတ်ပစ်လိုက်သည်။ ထိုအဖြစ်ကို ဂျင် တွေ့သွားသည်ကို ဆီးလဗားက မြင်သည်။ ဂျင် ပြေးလေ၏။ ထိုအခါ တောအုပ်တစ်ခုထဲ ရောက်သွားပြီး ဘင်ဂန်းဆိုသူကို တွေ့၏။

www.nyisay.com



ဗင်ဂန်းက ဂျင်အား သူ့အဖြစ်ကို ပြော၏။ သူသည် သင်္ဘောသား အချို့နှင့်အတူ ဖလင့်၏ ရတနာသိုက်ကိုရှာရန် ဤကျွန်းသို့ ရောက်လာခဲ့ကြောင်း၊ ရတနာသိုက်ကို မတွေ့သဖြင့် အခြားသင်္ဘောသားများက သူ့ကို ဒေါသဖြစ်ပြီး ကျွန်းပေါ်တွင် တစ်ယောက်တည်း ထားခဲ့ခြင်း ဖြစ်ကြောင်း၊ သူ ဤကျွန်းတွင် သုံးနှစ်လုံးလုံး နေခဲ့ရာ ဖလင့်၏ ရတနာသိုက်ကိုလည်း တွေ့ထားပြီး ဖြစ်ကြောင်း နှင့် သူ့တွင် လှေတစ်စီး လုပ်ထားကြောင်း ပြောပြ၏။

ထိုစဉ်မှာပင် အမြောက်သံ ကြားရ၏။ သင်္ဘောကို ဆီးလဗားတို့ လူသိုက် က စီးမိပြီ ဖြစ်သည်။ ဒေါက်တာလီဗီဆီတို့သည် ကမ်းသို့ ဆင်းလာပြီး ဖလင့်၏ ခံတပ်နေရာကို ခြေကုပ်ယူခဲ့ကြပြီ ဖြစ်သည်။ ဂျင်သည် ယူနီယံဂျက်အလံ စိုက်ထူ ထားသော ခံတပ်ရှိရာသို့ လာခဲ့သည်။ နောက်တစ်နေ့တွင် သင်္ဘောကို ခြေကုပ် ယူထားသော ဆီးလဗားသည် ဂျင်တို့လူသိုက်ဆီသို့ လာ၍ စေ့စပ်ရေးစကား ဆိုသေး၏။ သူ၏ စေ့စပ်ရေးမှာ တောင်းဆိုချက်များ ရရန်ဖြစ်သည်။ ဆီးလဗား၏ အပေါ်စီး တောင်းဆိုချက်များကို ကပ္ပတိန် စမောလက်က ငြင်းပယ်လိုက်၏။ ထို့နောက် နှစ်ဖက် ပြင်းထန်စွာ တိုက်ပွဲဖြစ်လေ၏။

ထိုအတွင်း ဂျင်သည် ဗင်ဟန်း၏ လှေကလေးဖြင့် သင်္ဘောရှိရာသို့ လာခဲ့၏။ ထိုအချိန်က သင်္ဘောပေါ်၌ လူနှစ်ယောက်သာ ရှိ၏။ ထိုသူများမှာ ဆီးလဗား၏လူများ ဖြစ်သည်။ ဆီးလဗားနှင့် ကျန်အဖွဲ့မှာ ကုန်းပေါ်သို့ ရောက်နေကြ၏။ ဂျင်သည် သင်္ဘောကျောက်ကြိုးကို ဖြတ်လွှတ်လိုက်သည်။ သင်္ဘော ရေတွင်မျောလေ၏။ ဂျင်မှာလည်း သူ့လှေကလေးကို သူ မထိန်းနိုင် ဖြစ်နေ၏။ နောက်ဆုံးတွင် ဂျင်သည် သင်္ဘောပေါ်သို့ ရောက်အောင် ကြိုးစားရ သည်။ သူ သင်္ဘောပေါ်သို့ ရောက်သောအချိန်တွင် သင်္ဘောပေါ်ရှိ လူနှစ်ယောက် မှာ အချင်းချင်း သတ်ဖြတ်ကြသဖြင့် တစ်ယောက်သာ ကျန်တော့သည်။ ထို ကျန်ရစ်သူကား အစ်စရေဟင်း ဖြစ်သည်။ အစ်စရေဟင်းမှာလည်း ဒဏ်ရာတွေနှင့် ဖြစ်၏။ ပထမတွင် ဂျင်သည် အစ်စရေဟင်းကို အမိန့်ပေးပြီး သင်္ဘောကို ကမ်း ကပ်နိုင်ရန် စီစဉ်သေးသည်။ ထိုစဉ်မှာပင် ဂျင်သည် အစ်စရေဟင်း၏ တိုက်ခိုက် ခြင်းကို ခံနေရသည်။ အစ်စရေဟင်းသည် ဂျင်၏လက်ချက်ဖြင့် သေရ၏။

ဂျင်သည် သင်္ဘောကို သူ့လူများရှိရာ ခံတပ်နှင့် အနီးဆုံးကမ်းသို့ ရောက် အောင် ယူခဲ့ခြင်း ဖြစ်၏။ သင်္ဘော ကမ်းနှင့်နီးသောအခါ သူ ကမ်းသို့ ဆင်းခဲ့၏။ ခံတပ်တွင်းသို့ ဝင်ခဲ့၏။ သို့သော် ထိုအချိန်၌ ခံတပ်တွင်းတွင် သူ့လူတွေ မရှိတော့။ ဆီးလဗားတို့လူသိုက် ရောက်နေပြီ ဖြစ်၏။ ရတနာသိုက်တည်ရာ မြေပုံမှာလည်း ဆီးလဗားတို့လက်တွင်း ရောက်နေပေပြီ။ ဆီးလဗား၏လူများက ဂျင်ကို

www.nyisay.com



သတ်မည်ပြုသည်ကို ဆီးလဗားက တား၏။ နောက်နေ့တွင် ဆီးလဗားသည် သူ့လူများနှင့်အတူ ရတနာသိုက်ကို ရှာကြ၏။ ရတနာသိုက်နေရာကို တွေ့သော်လည်း ရတနာများ မရှိတော့။ ထိုအခါ ဆီးလဗား၏လူများက ဆီးလဗားနှင့် ဂျင်တို့ကို သတ်မည် ပြု၏။ ထိုစဉ် သေနတ်သံများ ထွက်လာပြီး ဆီးလဗားလူအချို့ သေနတ်ကျည်ထိ လဲကျကုန်၏။ ကျန်လူများ ထွက်ပြေးကြသည်။

ဒေါက်တာ လီဗီဆီနှင့် ဗင်ဂန်းတို့သည် ဆီးလဗားနှင့် ဂျင်ရှိရာသို့ ရောက်လာ၏။ ဒေါက်တာလီဗီဆီက အဖြစ်အပျက်များကို ပြောပြ၏။ သူတို့သည် ဗင်ဂန်းနှင့်တွေ့ပြီး ရတနာများကို ဗင်ဂန်း ဝှက်ထားကြောင်း သိရသည်ကအစ မြေပုံသည် အသုံးမလိုတော့ကြောင်း သိရကြောင်း၊ သို့ဖြင့် မြေပုံနှင့် ခံတပ်ကို ဆီးလဗားတို့လက်တွင် စွန့်လွှတ်ခဲ့ပြီး သူတို့လူသိုက်မှာမူ ဗင်ဂန်း၏ဂူသို့ ပြောင်းရွှေ့ခဲ့ပုံများ ပြောပြ၏။

ထို့နောက် သူတို့အားလုံးသည် ရတနာများကို သင်္ဘောပေါ်သို့ တင်ပြီး ကျွန်းမှ ခွာခဲ့ကြ၏။ ဆီးလဗားကိုလည်း ဂျင်၏အသက်ကို ကယ်ခဲ့သူအဖြစ် ကောင်းကောင်းမွန်မွန်ပင် ပြန်ခေါ်ခဲ့ကြ၏။ သို့သော် ဆီးလဗားသည် ဆိပ်ကမ်းတစ်ခုတွင် သင်္ဘောပေါ်မှ ရွှေအိတ်တစ်လုံးကို ယူ၍ ထွက်ပြေးသွားလေ၏။

ကျန်လူများသာ ဆက်လက် ခရီးထွက်ခွာခဲ့ပြီး ရလာသော ရတနာများကို ခွဲဝေယူလိုက်ကြ၏။

ဖော်ပြပါဝတ္ထုကို ဒဂုန်ရွှေမျှားက **ရတနာဒီပ**(၁၉၄၁) အမည်ဖြင့် ဘာသာပြန်ခဲ့၏။ ယင်းဝတ္ထု၏ ဇာတ်ကြောင်းပြန် အင်္ဂလိပ်မူကို ၁၉၅၉ တစ်ဝိုက်က တက္ကသိုလ်ဝင် စာမေးပွဲအတွက် ပြဋ္ဌာန်းခဲ့ရာ ထိုစဉ်က ဇာတ်ကြောင်းပြန် ဘာသာပြန်မူ အများလည်း ထွက်ခဲ့သေး၏။

www.nyisay.com

## ကိုလူချော (၁၈၈၅)

### ဂီး ဒီ မော်ပါဆွန်း (၁၈၅၀–၁၈၉၃)

၁၉ ရာစု အကုန်ပိုင်းတွင် ပြင်သစ်နိုင်ငံ လူ့အဖွဲ့အစည်းကြီးသည် ယိုယွင်းပျက်စီးနေပြီ ဖြစ်သည်။ ထိုကာလ ပြင်သစ်လူ့အဖွဲ့အစည်းကို အခြေခံ၍ ပြင်သစ်စာရေးဆရာ အများပင် ပြင်သစ်လူ့အဖွဲ့အစည်း အထူးသဖြင့် ထိုကာလ ပြင်သစ်နိုင်ငံ အထက်တန်းလွှာ ဖောက်ပြန်သူများကို ဝတ္ထုအမျိုးမျိုး ရေးဖွဲ့ဖော်ထုတ်ခဲ့ကြသည်။ ယင်းတို့တွင် အမ်မလီ ဇိုလာ၏ **နာနာ**ဝတ္ထုနှင့် တန်းတူထင်ရှားခဲ့သော ဝတ္ထုမှာ မော်ပါဆွန်း၏ ယခု **ကိုလူချော**အမည်ရှိ ဝတ္ထု ဖြစ်လေသည်။

မော်ပါဆွန်းသည်လည်း အမ်မလီ ဇိုလာ၊ ဖလော်ဗဲယားတို့ကဲ့သို့ပင် တစ်တစ်ခွခွ ပယ်ပယ်နယ်နယ် သရုပ်ဖော် ရေးတတ်သူ ဖြစ်သည်။ သူ၏ ဝတ္ထုအရေးပုံစံမှာ သဘာဝဝါဒီတို့၏ အရေးအဖွဲ့ ပုံစံမျိုး ဖြစ်သည်။

ယခုဝတ္ထု၌ မော်ပါဆွန်းသည် ချားဒူရွိုင်း အမည်ရှိ လူချောလူခန့်တစ်ယောက်ကို ပင်တိုင် ဇာတ်ဆောင်ပြု ရေးဖွဲ့ထားသည်။ ဒူရွိုင်းသည် အာဖရိကပြင်သစ် ကိုလိုနီများတွင် စစ်မှုထမ်းခဲ့သူ ဖြစ်၏။ သို့သော် မော်ပါဆွန်းကဒူရွိုင်းကို ပါရီမြို့ လမ်းမပေါ်၌ အိတ်ထဲတွင် ပိုက်ဆံ သုံးဖရန့်မျှနှင့် အခြေအနေမဲ့အဖြစ် စာဖတ်သူနှင့် စတင် မိတ်ဆက်ပေးလိုက်၏။ ထိုအခြေအနေမျိုးတွင်ဒူရွိုင်းသည် တပ်တွင် သူနှင့်အတူ အမှုထမ်းခဲ့ဖူးသော သူ့အထက် အရာရှိဟောင်းဖော်ယက်စတီးယားနှင့် တွေ့ဆုံရခြင်း ဖြစ်သည်။ သို့သော် ဒူရွိုင်း ယခု တွေ့ရသော

ရာပြည့်စာအုပ်တိုက်

www.nyisay.com



ဖော်ရက်စတီးယားမှာ ယခင် တပ်ထဲတုန်းက ပုံပန်းအမူအရာမျိုး မဟုတ်တော့။ ဟိုတုန်းက ပေပေတေတေ နေခဲ့သလောက် ယခုမူ မွန်မွန်ရည်ရည် သန့်သန့် ပြန့်ပြန့် ဖြစ်နေပေပြီ။ ဖော်ရက်စတီးယားသည် လက်ရှိ ဒူရွိုင်း၏ အခြေအနေကို စုံစမ်းသည်။ ဒူရွိုင်း၏ အခြေအနေမဲ့ အနေအထားကို သိရသောအခါ ဝတ်စုံကအစ ဝယ်ပေးပြီး ထိုညနေတွင် ကျင်းပမည့် ညစာစားပွဲသို့ ဖိတ်လိုက်၏။ ထို့နောက် ဖော်ရက်စတီးယားသည် သူ အယ်ဒီတာ လုပ်နေသော သတင်းစာပိုင်ရှင်နှင့် တွေ့ပေး၏။ သတင်းစာတိုက်ပိုင်ရှင် ဝေါ်လတာသည် ဖော်ရက်စတီးယား၏ ထောက်ခံချက်အရ ဒူရွိုင်းကို အယ်လဂျီးရီးယား အတွေ့အကြုံ အခန်းဆက် ဆောင်းပါး ရေးပေးရန် သတင်းထောက်တစ်ယောက်အဖြစ် ငှားလိုက်သည်။

သို့သော် ဒူရွိုင်းသည် ဆောင်းပါးတစ်ပုဒ်ကို ဖြစ်ဖြစ်မြောက်မြောက် ရေးတတ်သူ မဟုတ်ပေ။ ထို့ကြောင့် လက်တွေ့ ရေးရမည် ဆိုသောအခါ ဖော်ရက်စတီးယားထံသို့ ဒူရွိုင်း လာခဲ့ရသည်။ ထိုအချိန်၌ ဖော်ရက်စတီးယားမှာ အလုပ်ကိစ္စ အရေးတကြီးဖြင့် အိမ်မှထွက်မည့် အချိန်ဖြစ်သဖြင့် ဒူရွိုင်းအား ဇနီးသည် မဒမ်ဖော်ရက်စတီးယားထံ အပ်ခဲ့သည်။ သို့ဖြင့် မဒမ်ဖော်ရက်စတီးယား၏ အကူအညီဖြင့် ဒူရွိုင်းသည် ဆောင်းပါးတစ်ပုဒ်ကို ဟန်ကျပန်ကျ ရေးနိုင်ခဲ့၏။

ဒူရွိုင်းသည် ဖော်ရက်စတီးယား၏ ညစာစားပွဲမှာကတည်းက ပြင်သစ် အထက်တန်းလွှာတို့အကြောင်းကို တစေ့တစောင်း သိခဲ့ပြီး ဖြစ်သည်။ မိန်းမ သားအများက ဒူရွိုင်းကို စိတ်ဝင်စားခဲ့သည်ကိုလည်း သိ၏။ ယင်းတို့တွင် အထက်တန်းလွှာမှ မဒမ်ဒီမော်ရယ်သည်လည်း အပါအဝင် ဖြစ်သည်။ ဒူရွိုင်းသည် နှစ်လအကြာတွင် မဒမ်ဒီမော်ရယ်အိမ်သို့ ရောက်သွားပြီး ရင်းနှီးသွား၏။ ချစ်ရည် မျှသွား၏။ သို့ဖြင့် ဒူရွိုင်းသည် မဒမ်ဒီမော်ရယ်၏ တိတ်တိတ်ပုန်းလင် ဖြစ်လာ၏။ ထိုအတွင်းမှာပင် မဒမ်ဒီမော်ရယ်၏ သမီးကလေး လော်ရင်း၏ ခင်မင်ရင်းနှီးမှု ကို ရခဲ့သည်။ လော်ရင်းက ဒူရွိုင်းကို **ကိုလူချော** ဟု ချစ်စနိုး ခေါ်စပြုသည်အထိ ရင်းနှီးလာကြသည်။

အခြားတစ်ဖက်တွင်မူ ဒူရွိုင်းမှာ လုပ်ငန်းဘက်၌ ကျဆင်းလာ၏။ ဖော်ရက်စတီးယားကလည်း ဒူရွိုင်းကို အမြဲမကူနိုင်။ ဒူရွိုင်း၏ အရေးအသားက လည်း အဟုတ်ကြီး မဟုတ်လှ။ ဒူရွိုင်း ငွေပြတ်လာသည်။ ဖော်ရက်စတီးယားကို မကျေမနပ် ဖြစ်လာသည်။ ထိုစဉ် ဖော်ရက်စတီးယား၏ ကျန်းမာရေး အခြေအနေ ပျက်ပြားစ ပြုလာ၏။ တစ်နေ့တွင် ဒူရွိုင်းသည် မဒမ်ဖော်ရက်စတီးယား၏ အကြံပေးချက်အရ သတင်းစာတိုက် ပိုင်ရှင်၏ ဇနီးနှင့် တွေ့၏။ သတင်းစာတိုက် ပိုင်ရှင်၏ အကြံပေးချက်အရ ဒူရွိုင်းသည် ထင်ရှားသော ပင်တိုင်ဆောင်းပါးခန်းကို

www.nyisay.com



တာဝန်ယူရ၏။ ဒူရှိုင်း၏ ဆောင်းပါးများနှင့် ပတ်သက်၍ ပြိုင်ဘက်သတင်းစာက တိုက်ခိုက်ရေးသားလာ၏။ ထိုအခါ ဒူရှိုင်းသည် တိုက်ခိုက်ရေးသားသူနှင့် ယှဉ်ပြိုင်သေနတ်ပစ်ရန် ချိန်းဆိုခဲ့၏။ ဤနည်းဖြင့် ဒူရှိုင်းသည် မိမိ သတင်းစာ၏ ဂုဏ်သိက္ခာကို ကာကွယ်သူအဖြစ် ထင်ရှားလာ၏။ ထိုကာလ တစ်လျှောက်လုံး မှာပင် ဒူရှိုင်းသည် မဒမ်ဒီမာရယ်နှင့် တိတ်တိတ်ပုန်း ပေါင်းသင်းနေ၏။

မွန်စီယာ ဖော်ရက်စတီးယားမှာ ကျန်းမာရေးအခြေအနေ ဆိုးဝါးလာသဖြင့် လင်မယားနှစ်ယောက်စလုံး ကိန်းမြို့တွင် ခေတ္တ သွားရောက်နေထိုင်ကြ၏။ တစ်နေ့တွင် မဒမ်ဖော်ရက်စတီးယားက ဒူရှိုင်းအား ကိန်းသို့ လာရန် ဖိတ်ခေါ်သည်။ ဒူရှိုင်းနှင့် မဒမ်ဖော်ရက်စတီးယား နီးစပ်လာသည်။ မကြာမီ မွန်စီယာ ဖော်ရက်စတီးယား ကွယ်လွန်သည်။ ဒူရှိုင်းနှင့် ဖော်ရက်စတီးယား၏ မယားတို့ လက်ထပ်ကြသည်။ သတင်းစာတိုက်တွင်လည်း ဒူရှိုင်းသည် ဖော်ရက်စတီးယား၏ ရာထူးကို ဆက်ခံ၏။

ဒူရှိုင်း၏မယားသည် နိုင်ငံရေး၌လည်း နှံ့စပ်၏။ အပေါင်းအသင်းလည်း ကောင်း၏။ ထို့ကြောင့် သတင်းအချက်အလက်များ ရ၏။ စင်စစ် ဖော်ရက်စတီးယား ရှိစဉ်က ဖော်ရက်စတီးယား၏ အစွမ်းသည် မယား၌ အခြေပြုခဲ့သည်သာ ဖြစ်၏။ ယခု ဒူရှိုင်းသည်လည်း သူ့မယား(ယခင် ဖော်ရက်စတီးယား၏ မယား) ၏ အကူအညီဖြင့် ထင်ရှားသော သတင်းစာဆရာ ဖြစ်လာ၏။ ထိုအခါ ဒူရှိုင်း သွေးနားထင် ရောက်လာသည်။ မယားကြောင့် အစွမ်းထက်လာသည် မထင်တော့။ သူ့အရေးအသားကြောင့် သူ့မယား၏မိတ်ဆွေ နိုင်ငံရေးသမား ဝန်ကြီး ဖြစ်လာသည်။ ဤသည်ကိုလည်း ဒူရှိုင်းသည် မနာလို ဖြစ်နေ၏။

ထိုကာလအတွင်းမှာပင် မိမိကိုယ်ကို စောင့်စည်းလှသည် ဆိုသော မဒမ်ဝေါလတာကို ဒူရှိုင်း အရချူပြန်သည်။ သို့ဖြင့် ဒူရှိုင်းသည် မဒမ်ဒီမာရယ်နှင့် တိတ်တိတ်ပုန်း ချိန်းတွေ့လိုက်၊ မဒမ်ဝေါလတာနှင့် တိတ်တိတ်ပုန်း ချိန်းတွေ့လိုက် နေလာ၏။ **ကိုလှချော** ဟူသော နာမည်သည်လည်း ထင်ရှားလာ၏။

တစ်နေ့တွင် မဒမ်ဝေါလတာသည် ဒူရှိုင်း ဆောင်းပါးတွေဖြင့် ဝန်ကြီး ဖြစ်လာသူနှင့် သူ့လင်တို့၏ လျှို့ဝှက်ဆွေးနွေးချက်ကို တိတ်တိတ်ပုန်းလင်ကလေး ဒူရှိုင်းအား ပြောပြ၏။ သို့ဖြင့် ဒူရှိုင်းသည် နိုင်ငံရေး လျှို့ဝှက်ချက်တစ်ခုနှင့် သတင်းစာတိုက်ပိုင်ရှင် ဝေါလတာနှင့် ဝန်ကြီးတို့၏ ထိုနိုင်ငံရေးကိစ္စမှ ငွေအမြတ်ထုတ်ရေး အစီအစဉ်ကို သိရ၏။ သို့သော် ဝန်ကြီးကမူ ဒူရှိုင်းအား သတင်းလွှဲပေးလိုက်သည်။ ဒူရှိုင်းသည် ဝန်ကြီးနှင့် ဝေါလတာကို မကျေနပ်။

မကြာမီ မြို့စားကြီး ဗောဒရက် ကွယ်လွန်ရာ သေတမ်းစာ၌ ဒူရှိုင်း၏

www.nyisay.com



မယားအား ငွေတစ်သန်း အမွေပေးခဲ့ကြောင်း ရေးထား၏။ ထိုအခါ ဒူရှိုင်းသည် မိမိမယားအား ဗောဒရက်နှင့် တိတ်တိတ်ပုန်း ညားခဲ့သည်ဟု စွပ်စွဲ၏။ မယားရသော ငွေတစ်သန်းမှ တစ်ဝက်ကို သူ့ အပိုင်ရအောင် ကြံ၏။ ရ၏။ အခြားတစ်ဖက်တွင်လည်း မိမိမယားနှင့် နိုင်ငံခြားရေးဝန်ကြီးကို မသင်္ကာဖြစ်လာ၏။ သို့ဖြင့် တစ်နေ့တွင် ဒူရှိုင်းသည် အပေါစား တည်းခိုခန်းကလေးတစ်ခုသို့ ရဲအဖွဲ့အကူအညီဖြင့် တက်ရောက်ရှာဖွေရာ အဝတ်မလုံမလဲ ဖြစ်နေသည့် မိမိမယားနှင့် ကိုယ်တုံးလုံး နိုင်ငံခြားရေးဝန်ကြီးကို မိ၏။ ထိုအခါ ဒူရှိုင်းသည် မယားကို ကွာလိုက်၏။ နိုင်ငံခြားရေးဝန်ကြီးကိုလည်း သတင်းစာမှ ဆောင်းပါးရေးပြီး ဖြုတ်ချရန် ကြံစည်၏။ ထိုအကြံကို သတင်းစာတိုက်ပိုင်ရှင် ဝေါလတာအား အသိပေးလိုက်သည်။ ထို့ပြင် ဝေါလတာနှင့် ဝန်ကြီး ပေါင်း၍ နိုင်ငံရေးပြဿနာကို အမြတ်ထုတ်ကာ ငွေအပွကြံခဲ့သည်ကိုလည်း သိပြီးကြောင်း ပြောလိုက်၏။ ဤနည်းဖြင့် ဒူရှိုင်းသည် အားလုံးအပေါ် အနိုင်ကျင့်လိုက်သည်။

ထိုအဖြစ်အပျက်များ အတွင်းမှာပင် ဒူရှိုင်းသည် မဒမ်ဝေါလတာနှင့် တိတ်တိတ်ပုန်း ချစ်ရင်း၊ ဒီမာရယ်နှင့်လည်း ချစ်ရင်း၊ ဝေါလတာ၏သမီး ဆူဆန်ကိုလည်း ချစ်စကား ဆိုခဲ့၏။ ယခုကား ဆူဆန်ကို ခိုးယူလေပြီ။ မဒမ်ဝေါလတာ ဆွေ့ဆွေ့ခုန်လေတော့သည်။ မွန်စီယာ ဝေါလတာမှာ ဘာမျှ မတတ်နိုင်တော့။ ဒူရှိုင်းနှင့် သမီးကို သဘောတူ လက်ထပ်ခွင့် ပြုရတော့သည်။

လက်ထပ်ပွဲ၌ ဒူရှိုင်း၏ လူပေါ်လူဇော် လုပ်ခဲ့ပုံများကို မေးငေါ့ကြ၏။ သို့သော် ဒူရှိုင်းသည် ထိုလက်ထပ်ပွဲမှာပင် ဒီမော်ရယ်နှင့် နောက်တစ်ကြိမ်တွေ့ရန် ချိန်းဆိုခဲ့လေသည်။

ဤသို့လျှင် မော်ပါဆွန်းသည် ထိုကာလ ပြင်သစ် နိုင်ငံရေးလောက အရှုပ်၊ လိင်ဖောက်ပြန်မှုများကြားမှ ဘူးတောင်းနစ်ပြီး စောင်းကြမ်းပေါ်ရသည့် ဒူရှိုင်းလို လူမျိုးသာ ကြီးပွားခဲ့ပုံကို ဝတ္ထုဖွဲ့ခဲ့ခြင်း ဖြစ်၏။

ယင်းဝတ္ထုကို တင့်တယ်က ၁၉၅၈ တွင် **ပျို့တို့အချစ်တော်** အမည်ဖြင့် ဘာသာပြန်ခဲ့၏။ ထိုဝတ္ထုသည် ထိုနှစ်အတွက် စာပေဗိမာန် ဘာသာပြန်ဆု ရခဲ့သည်။ ထိုဝတ္ထုကိုပင် တက်တိုးကလည်း ၁၉၅၅ တစ်ဝိုက်က **သွေးသောက်** မဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုအဖြစ် ဘာသာပြန် ထည့်ခဲ့ဖူးသည်။

www.nyisay.com

## ကာစတာဗရစ် မြို့တော်ဝန် (၁၈၈၆)

### သောမတ် ဟာဒီ (၁၈၄၀–၁၉၂၈)

အင်္ဂလိပ်လူမျိုး စာရေးဆရာများတွင် သောမတ်ဟာဒီကို ဇာတ်လမ်းအဖွဲ့ကောင်းသော စာရေးဆရာကြီးအဖြစ် သတ်မှတ်ကြသည်။ အထူးသဖြင့် သူသည် ဗုဒ္ဓဘာသာဝင်များ သဘောကျတတ်သော ကံ ကံ၏အကျိုးကို ဦးတည်ဖော်ပြတတ်သော စာရေးဆရာအဖြစ်လည်း မြန်မာစာဖတ် ပရိသတ်က ယူဆ၏။ ထို့ကြောင့် သူ၏ ဝတ္ထုများမှ အချို့ကို သခင်ဘသောင်းက **ပန်းသာမစာဥ**၊ **အမေလေး** စသည် အဖြစ်လည်းကောင်း၊ ဒဂုန်ခင်ခင်လေးက **ဘဝတစ်သက်တာ** အဖြစ်လည်းကောင်း မှီး၍ ရေးခဲ့ကြဖူး၏။ အလားတူပင် ခင်မျိုးချစ်ကလည်း **အေးရိပ်ငြိမ်** (၁၉၅၁)၊ ဗမိုးက **အိမ်အပြန်** (၁၉၆၉)၊ မောင်ထွန်းသူက **တက်စ်** (၁၉၈၄) စသည်တို့ကို တိုက်ရိုက် ဘာသာပြန်ခဲ့ကြဖူး၏။ ယခု **ကာစတာဗရစ် မြို့တော်ဝန်** ဝတ္ထုကိုပင် ငွေးမောင်က **မြို့တော်ဝန်** အမည်ဖြင့် ၁၉၅၈ ခုနှစ် မြဝတီမဂ္ဂဇင်းတွင် အခန်းဆက် ဝတ္ထုအဖြစ် မှီးရေးခဲ့ဖူး၏။ ဒဂုန်ရွှေမျှားကလည်း **မြို့ဝန်မင်း၏ ဘဝခရီး** အမည်ဖြင့် တိုက်ရိုက် ဘာသာပြန်ခဲ့သည်။ ထိုဘာသာပြန်ဝတ္ထုကို ၁၉၆၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ သို့သော် ၁၉၆၃ ခုနှစ် အနုပညာစာပေ ဘာသာပြန် ဒုတိယဆုကို ရခဲ့သောဝတ္ထု ဖြစ်သည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



သောမတ်ဟာဒီ ရေးခဲ့သော ဝတ္ထုများစွာတို့တွင် ယခုဝတ္ထုသည် ထင်ရှားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ စာပေဂန္ထဝင်စာရင်းဝင် ဝတ္ထုတစ်ပုဒ်လည်း ဖြစ်၏။ စိတ်ပညာဆိုင်ရာ သရုပ်မှန်ဝတ္ထုအဖြစ် သတ်မှတ်ကြသည်။

ဝတ္ထုနောက်ခံကာလမှာ ၁၉ ရာစုဦးပိုင်းကာလ ဖြစ်သည်။ မိုက်ကယ်ဟင်းချက် အမည်ရှိ တောင်သူတစ်ဦးသည် အလုပ်ရှာရန် ရွာတစ်ရွာသို့ ရောက်လာ၏။ သူ့တွင် မယားနှင့်သမီး ပါသည်။ သမီးမှာ လူမမယ်ဖြစ်သည်။ မိုက်ကယ်သည် အလုပ်မရ၊ ပိုက်ဆံမရှိ၊ စိတ်ပျက်နေ၏။ ရွာတစ်ရွာတွင် အရက်ဝင်သောက်သည်။ လူမှန်းမသိအောင် မူးလာသောအခါ မယားနှင့်သမီးကို လေလံတင် ရောင်းချခဲ့သည်။ ထိုအခါ နယူးဆန်အမည်ရှိ သင်္ဘောသားတစ်ဦးက မိုက်ကယ်၏မယား ဆူဆန်နှင့် သမီး အဲလိဇဗက်ကို နှစ်ဆယ့်တစ်ဂီနီပေး၍ ဝယ်ယူခဲ့၏။

မိုက်ကယ်သည် နောက်တစ်နေ့တွင် မိမိအမှားကို သိသည်။ အနှစ်နှစ်ဆယ် အရက်မသောက်ရန် ဆုံးဖြတ်သည်။ မယားနှင့်သမီးကို လိုက်ရှာ၏။ မျှော်လင့်ချက် ကုန်ဆုံးသောအခါ သမီးနှင့်မယား ဆုံးရှုံးခဲ့ရသော နေရာသို့ ပြန်လာပြီး မိမိကိုယ်တိုင်ကမူ ကာစတာဗရစ်မြို့သို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ထိုနေရာတွင် မှာထားပြီး ကာစတာဗရစ်သို့ လာခဲ့သည်။

နောက် ဆယ့်ရှစ်နှစ်ကြာသောအခါ မိုက်ကယ်၏မယား ဆူဆန်သည် သူ၏နောက်အိမ်ထောင် သင်္ဘောသား နယူးဆန် သေဆုံးပြီ ကြားရသဖြင့် မူလလင်သား မိုက်ကယ်ကို ရှာဖွေရန် အခင်းဖြစ်ပွားသော နေရာသို့ လာခဲ့၏။ သူနှင့်အတူ ဆယ့်ရှစ်နှစ်အရွယ် အဲလိဇဗက်လည်း ပါလာ၏။ ထိုအခင်းဖြစ်ပွားသော နေရာမှ သတင်းအရ ကာစတာဗရစ်သို့ လိုက်ခဲ့သည်။ သို့သော် ဆူဆန်သည် သမီးအား အဖြစ်မှန်ကို မပြောခဲ့။ ဆွေမျိုးတစ်ယောက်ကို လိုက်ရှာခဲ့ခြင်း ဖြစ်သည်ဟူ၍သာ ပြောခဲ့သည်။

မိုက်ကယ်သည် ကာစတာဗရစ်မြို့တွင် ထင်ရှားသော လုပ်ငန်းပိုင်ရှင် သူကြွယ်ကြီး ဖြစ်နေ၏။ မြို့ဝန်မင်းလည်း ဖြစ်နေ၏။ ဆူဆန်နှင့် အဲလိဇဗက်တို့သည် မိုက်ကယ်နှင့် တွေ့ရဖို့ ခက်နေ၏။ ဆူဆန်က စာတစ်စောင်ရေးပြီး အဲလိဇဗက်အား အပေးလွှတ်လိုက်၏။

ထိုအချိန်၌ မိုက်ကယ်မှာ တခြားဒေသမှ မိန်းကလေးတစ်ယောက်နှင့် ငြိစွန်းနေခဲ့ပြီး ဖြစ်သည်။ ယခု မယားဟောင်းနှင့် သမီးတို့ လိုက်လာသည်ကို သိရသောအခါ ဆူဆန်နှင့် ချိန်းတွေ့သည်။ ဆူဆန်နှင့် အဲလိဇဗက်တို့ နေရန် အိမ်စီစဉ်ပေးသည်။

ထိုအဖြစ်အပျက် မတိုင်မီကပင် မိုက်ကယ်သည် သူ့လုပ်ငန်းကို ကွပ်ကဲရန် စကော့လူမျိုး အော်နယ်ဖာရဖရေးကို ငှားထား၏။ နောက်များမကြာမီပင်

www.nyisay.com



မိုက်ကယ်သည် မယားဟောင်း ဆူဆန်ကို လက်ထပ်ယူသည်။ ထိုအခါ ဖာရဖရေး နှင့် အဲလိဇဗက်တို့ နီးစပ်လာ၏။ ဤအဖြစ်ကို မိုက်ကယ် မလိုလား။ ထိုအတွင်း မိုက်ကယ်သည် ဖာရဖရေးနှင့် စကားများသည်။ အလုပ်က ထုတ်ပစ်သည်။ စင်စစ် မိုက်ကယ်သည် ဖာရဖရေးကို မနာလို ဖြစ်နေ၏။ မယားဟောင်းနှင့် ဖာရဖရေး နီးစပ်သည်ကိုလည်း မလိုလား။ သမီး အဲလိဇဗက်နှင့် ဖာရဖရေး ရင်းနှီးနေသည်ကိုလည်း သိ၏။ ထို့ကြောင့် ဖာရဖရေးကို သူ့သမီးနှင့် မဆက်ဆံ ရန် ကတိတောင်းထား၏။ မိုက်ကယ်သည် စိတ်ဝေဒနာမျိုးစုံကို ခံစားနေရ၏။ ထိုအခါ ဆူဆန် ကွယ်လွန်သည်။ ဆူဆန်က စာတစ်စောင် ရေးခဲ့ သည်။ ထိုစာ၌ အဲလိဇဗက်မှာ မိုက်ကယ်နှင့် ရသော ကလေးမဟုတ်ဘဲ နယူဆန်နှင့် ရမှ ရသော ကလေးအဖြစ် ပြထား၏။

ထိုစဉ် မိုက်ကယ်နှင့် မလွတ်မကင်းဖြစ်ခဲ့ဖူးသူ လူဆက်တီ ရောက်လာ သည်။ လူဆက်တီနှင့် အဲလိဇဗက် ရင်းနှီးသွား၏။ ယခုအချိန်၌ မိုက်ကယ်သည် သမီးကို သမီးအရင်း မဟုတ်မှန်း သိရသဖြင့် အဲလိဇဗက်ကို ရှေးကလောက် မခင်။ ထို့ကြောင့် အဲလိဇဗက်သည် လူဆက်တီနှင့် အတူနေ၏။ ဖာရဖရေးသည် အဲလိဇဗက်နှင့် တွေ့ရန် လူဆက်တီတို့ အိမ်သို့ လာ၏။ လူဆက်တီသည် ဖာရ ဖရေးနှင့် ငြိလာသည်။ မိုက်ကယ်သည် ပို၍ မခံချိ မခံသာ ဖြစ်နေ၏။ နောက်ဆုံး တွင် ဖာရဖရေးနှင့် လူဆက်တီ လက်ထပ်သည်။ အဲလိဇဗက်လည်း သူ့အဖေဟု ယူဆထားသော ဟင်းချက်နှင့် နီးရာသို့ ပြောင်းရွှေ့လာ၏။

ဟင်းချက်မှာ စီးပွားကျလာသည်။ ထိုစဉ် ဟင်းချက်ထံသို့ သင်္ဘောသား တစ်ဦး ရောက်လာသည်။ ထိုသူကား အဲလိဇဗက်၏ အဖေရင်း သင်္ဘောသား နယူဆန် ဖြစ်သည်။ နယူဆန်က သူ့အဖြစ်ကို ပြော၏။ အဲလိဇဗက်မှာ သူ့သမီး ဖြစ်ကြောင်း ပြော၏။ ဟင်းချက်က အဲလိဇဗက် သေပြီဟု ပြောလွှတ်လိုက်သည်။ ဟင်းချက်အဖို့ ဤဘဝတွင် တွယ်တာစရာဆို၍ အဲလိဇဗက်သာ ကျန်တော့သည် ဟု ယူဆ၏။ ထို့ကြောင့် အဲလိဇဗက်ကို သူ မလွှတ်နိုင်။

ယခုအချိန်၌ ဖာရဖရေး၏ မယား လူဆက်တီ ကွယ်လွန်ပြီ ဖြစ်သည်။ ဖာရဖရေးနှင့် အဲလိဇဗက်တို့ ပြန်ဆက်မိသည်။ မကြာမီ အဲလိဇဗက်၏အဖေ သင်္ဘောသားသည် အခြားအရပ်တွင် စုံစမ်းသိရသော သတင်းအရ သူ့သမီး သေခြင်းမှာ မဟုတ်မှန်းသိသဖြင့် ပြန်လာ၏။ ထိုအခါ ဟင်းချက် ထွက်သွား၏။ အဲလိဇဗက်သည် ဖအေရင်းနှင့် ပြန်ဆုံစည်းရ၏။ ထိုအခါ ဟင်းချက်ကို နာလာ မုန်းလာသည်။ ဟင်းချက်အား သူနှင့် မိဘတွေ ကွဲကွင်းအောင် လုပ်သည်ဟု ယူဆထား၏။

www.nyisay.com



အဲလိဇဗက်နှင့် ဖာရဖရေး၏ မင်္ဂလာဆောင်သို့ ဟင်းချက် မထင်မရှား အသွင်ဖြင့် လာခဲ့သေး၏။ အဲလိဇဗက်နှင့် တွေ့ရန်ဖြစ်သည်။ အဲလိဇဗက်အတွက် လက်ဆောင်လည်း မပါ။ အဲလိဇဗက်ကမူ ဟင်းချက်ကို နာဆဲဖြစ်သည်။ တွေ့သောအခါ စကားကို နာနာကြည်းကြည်း ပြောလိုက်သည်။ ထို့နောက် တစ်ချိန်က မယားနှင့်သမီးကို ရောင်းသည်အထိ သေသောက်ကျူးခဲ့သော၊ မာန်မာန တက်ကြွသော၊ မယားကိစ္စ သမီးကိစ္စတို့ဖြင့် အမျိုးမျိုး စိတ်လှုပ်ရှား ခံစားခဲ့ရသော၊ နယ်လှည့် တောင်သူဘဝမှ သူဌေးကြီး၊ မြို့ဝန်၊ နောက်ဆုံး နယ်လှည့်တောင်သူ စသည်ဖြင့် လောကဓံလှိုင်းတွင် စုန်ချေ ဆန်ချေ ကူးခဲ့ရသော ဟင်းချက်သည် မထင်မရှား ကွယ်လွန်ခဲ့လေသတည်း။

www.nyisay.com

## အငတ် (၁၈၉၀)

### နွတ် ဟမ်ဆင် (၁၈၅၉–၁၉၅၂)

နော်ဝေပြည်သား နွတ် ပီဒါဆင် ဟမ်ဆင်၏ ကမ္ဘာကျော် ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ၁၉ ရာစု ကုန်ခါနီးတွင် ခေတ်စားသော အင်ပရက်ရှင်းနည်း (တွေ့ကာ မတ္တနည်း) ဖြင့် ရေးထားသည်။ ဇာတ်ဆောင်မှာ စာရေးဆရာတစ်ဦး ဖြစ်သည်။ သူက ဇာတ်လမ်းကို ပြန်ပြောပြသည်။ ဇာတ်လမ်းသည် ဇာတ်ဆောင်၏စရိုက်ကို ဖော်ပြရန် အဓိက အချက်ဖြစ်သည်။ ဇာတ်ဆောင်၏ ကိုယ်အမူအရာတို့သည် ဇာတ်ဆောင်၏ စိတ်အမူအရာကို ဖော်ပြသည်။

ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

ကျွန်တော် ၆ နာရီထိုးလောက်မှာ အိပ်ရာက နိုးလာတယ်။ ဒါပေမဲ့ ၈ နာရီလောက်အထိ အိပ်ရာပေါ်က မထဘဲ ဇွတ်ပေ အိပ်ပစ်လိုက်တယ်။ ကျွန်တော့်ရဲ့ အိတ်ထဲမှာ ပေါင်မုန့်အစအနကလေးများ ကြွင်းလိမ့် ကျန်လိမ့်နိုး လိုက်ရှာတယ်။ လူလည်း အတော်ဆာနေပြီ။ အစအနတောင် မရှိပါဘူး။ တကယ်တော့ ကျွန်တော်ဟာ အိပ်ရာက အစောကြီးထပြီး အလုပ်ရှာသင့်တာပေါ့။ အလုပ်ရှာတိုင်း ခေါင်းခါလွှတ်တဲ့ ဌာနတွေ၊ ဆိုင်တွေ၊ ရုံးတွေချည်း တွေ့ တွေ့နေရတော့ အလုပ်ရှာရမှာကို ကြောက်လာတယ်။

ကျွန်တော် စာရွက်တစ်ထပ်ကိုယူပြီး ထွက်လာခဲ့တယ်။ စိတ်ကူးကတော့ ရာသီဥတု သိပ်မဆိုးလှရင် ပန်းခြံထဲသွားပြီး စာထိုင် ရေးမလို့ပါပဲ။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



လမ်းမှာလျှောက်လာရင်း ဗိုက်ထဲက ဆာလာတယ်။ ကျွန်တော့်ရှေ့မှာ ချည့်ချည့်နဲ့နဲ့ သွားနေတဲ့ အဘိုးအိုတစ်ယောက်ကို တွေ့ရတယ်။ သူ့အနား ရောက်တော့ သူက လှမ်းပြီး နို့သောက်ချင်လို့ နို့ဖိုးကလေး ပေးပါလို့ တောင်းတယ်။ ကျွန်တော့်ဆီမှာ ခြူးတစ်ပြားတောင် မရှိဘူး။ ဒါနဲ့ ကျွန်တော် အနီးမှာ ရှိတဲ့ အပေါင်ဆိုင်ထဲ ဝင်သွားပြီး အတွင်းခံအင်္ကျီကို ပေါင်လိုက်တယ်။ နို့သောက်ချင်တဲ့ အဘိုးကြီးကို နို့ဖိုးပေးပြီး ဆက်လျှောက်လာတယ်။

မလှမ်းမကမ်းမှာ အမျိုးသမီး နှစ်ယောက်ကို တွေ့ပြန်တယ်။ တစ်ယောက်က အသက်ငယ်ငယ်ပါပဲ။ သူတို့ စိတ်အေးလက်လူ လမ်းလျှောက်လာပုံရတယ်။ ကျွန်တော်က အသက်ငယ်ငယ် အမျိုးသမီးကို လှမ်းတဲ့ပြီး ‘ဒီမှာ…ဒီမှာ ခင်ဗျာ့ လက်ထဲက စာအုပ် လွတ်ကျတော့မယ်’ လို့ ပြောလိုက်တော့ နှစ်ယောက်သားဟာ မျက်လုံး အကြောင်သားနဲ့ ကြည့်ပြီး တစ်ချိုးတည်း လစ်တော့တာပဲ။ ကျွန်တော် လည်း သူတို့နောက်ကို စွတ်လိုက်သွားတယ်။ သူတို့နှစ်ယောက် ဆိုင်ရှေ့က အခင်းအကျင်းတွေကို ကြည့်နေတုန်း မီလာတယ်။ အမျိုးသမီးငယ်ငယ်နားကို ကျွန်တော် ကပ်သွားပြီး ‘ခင်ဗျာ့စာအုပ် ကျတော့မယ်’ လို့ ပြောလိုက်တော့ အတော်အံ့အားသင့်သွားပုံ ရတယ်။ သူ့လက်ထဲမှာ ဘာစာအုပ်မှ မရှိပါဘူး။ သူတို့က ကျွန်တော့်ကို အရူးတစ်ယောက်လို့ ထင်သွားတယ်။

ပန်းခြံထဲ ရောက်တော့လည်း စာမရေးဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ယင်တွေဟာ ကျွန်တော့်စာရွက်ပေါ် လာ လာ နားနေတယ်။ သူတို့ကို ပုတ်ခါ ထုတ်ရင်း တစ်နေကုန်သွားလုမတတ်ပါပဲ။ နောက်ဆုံးတော့ သတင်းစာအတွက် ဆောင်းပါးမရေးတော့ဘဲ ကုမ္ပဏီတစ်ခုက ကြေညာထားတဲ့ ငွေစာရင်းကိုင် အလုပ် အတွက်ပဲ လျှောက်လွှာ ရေးလိုက်တယ်။ နောက် တစ်ရက်၊ နှစ်ရက်ကြာတော့ ငွေစာရင်းကိုင် အလုပ်အတွက် လူကိုယ်တိုင် သွားတွေ့တယ်။ ကျွန်တော့် လျှောက် လွှာ အခြေအနေကလေး ဘာလေး သိရအောင်လို့ပါပဲ။ အလုပ်ရှင်က ကျွန်တော် ရဲ့ ငွေစာရင်းကိုင် လုပ်ချင်တဲ့ ဆန္ဒကို ပြောပြတော့ တအားရယ်တော့တာပါပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်လျှောက်လွှာမှာ ရက်စွဲတပ်ထားတာ ၁၈၄၈ ခုနှစ်လို့ တပ်ထားတာကို တွေ့ရလို့ပဲ။ ၁၈၄၈ ခုနှစ်ဟာ ကျွန်တော် မမွေးခင် နှစ်များစွာထဲက နှစ်တစ်နှစ် ဖြစ်နေလို့ပါပဲ။ ကျွန်တော်လည်း အိမ်ကို စိတ်ပျက် လက်ပျက်နဲ့ ပြန်လာတယ်။

ကျွန်တော့်စားပွဲပေါ်မှာ စာတစ်စောင် ရောက်နေတယ်။ အိမ်လခ မပေးလို့ အိမ်ရှင်က နှိုးဆော်စာ ပေးတယ်လို့ ထင်မိတယ်။ ဒါပေမဲ့ မဟုတ်ပါဘူး။ မဂ္ဂဇင်း အယ်ဒီတာတစ်ယောက်က ကျွန်တော့်ဝတ္ထုတိုကို လက်ခံထည့်သွင်းမယ့်အကြောင်း

www.nyisay.com



အကြောင်းကြားတဲ့ စာပါပဲ။ စာနဲ့အတူ ပိုက်ဆံလည်း ပါလာတယ်။ ကျွန်တော်ဟာ တကယ်ပြောင်မြောက်တဲ့ စာရေးဆရာ ဖြစ်တော့မှာပဲ။

နောက် ရက်သတ္တ ၂ ပတ်၊ ၃ ပတ် ကြာတော့ ကျွန်တော် ဝော်မြင်တ်ပြန်တာပါပဲ။ အင်္ကျီက ကြယ်သီးတွေဖြုတ်ပြီး သွားပေါင်တယ်။ အပေါင်ဆိုင်က လူက ရယ်လိုက်တာ မပြောပါနဲ့။

တစ်နေ့မှာ ကျွန်တော် စာမူပို့ထားတဲ့ အယ်ဒီတာတစ်ဦးဆီ သွားတွေ့တယ်။ သူက ကျွန်တော့်စာမူကို ကြိုက်ပေမယ့် အများကြိုက်လုပ်ရတဲ့ စာစောင်မှာ ဆိုတော့ အများကိုငဲ့ပြီး မသုံးရဲသေးဘူးလို့ ပြောတယ်။ သူက အများကြိုက်နိုင်တဲ့ စာမူမျိုး ရေးပေးပါလို့ ဆိုတယ်။ နောက်ပြီး သူက ငွေလိုနေသေးလား၊ ငွေလိုရင် ကြိုတင်ငွေ ယူသွားဖို့ ပြောတယ်။ ကျွန်တော် ထမင်းကို နပ်မှန်အောင် မစားရသေးပေမယ့် ကြိုတင်ပေးငွေကို မယူဘဲ ထွက်လာခဲ့တယ်။

ကျွန်တော်ဟာ သံဖြူဆရာတစ်ယောက်ရဲ့ အိမ် အထပ်ခိုးကလေးမှာ ငှားနေတယ်။ အနက်ရောင်ဝတ်ထားတဲ့ အမျိုးသမီးတစ်ဦးဟာ ကျွန်တော် နေတဲ့ အိမ်ကို အမြဲလိုလို ရပ် ရပ် ကြည့်နေတာကို အထပ်ခိုးက လှမ်းမြင်နေရတယ်။ ဒါနဲ့ တစ်နေ့တော့ ကျွန်တော် အထပ်ခိုးက ဆင်းလာပြီး အဲဒီ အမျိုးသမီးကို သွားစကားပြောတယ်။ နောက် သူ လမ်းလျှောက်ရာ နောက်ကို လိုက်သွားတယ်။ ဒီအမျိုးသမီးက ကျွန်တော် ငှားနေတဲ့အိမ်ကို သူ ဂရုတစိုက် မကြည့်ပါဘူး၊ စိတ်လည်း မဝင်စားပါဘူးတဲ့။ နောက်ပြီး ကျွန်တော့်ကိုလည်း သူ စိတ်မဝင်စားပါဘူးတဲ့။ ဒါပေမဲ့ သူ့မျက်နှာကို ကာထားတဲ့ ပဝါအနက်ကလေးကို လှစ်လိုက်တော့ လား...လား 'စာအုပ် ကျတော့မယ်၊ စာအုပ် ကျတော့မယ်' လို့ လိုက်ပြောမိတဲ့ မိန်းကလေး ဖြစ်နေတော့တယ်။ သူဟာ ကျွန်တော်နဲ့အတူ လမ်းလျှောက်ရတာကို နှစ်သက်ပုံ ရတယ်။ လမ်းအတူလျှောက်တုန်း သူ့မျက်နှာဟာ ရွှင်လို့ ကြည်လို့။

တစ်ညနေမှာ အမျိုးသမီးက ကျွန်တော့်ကို သူ့အိမ် ခေါ်သွားတယ်။ သူ့အိမ်ထဲ ဝင်မိကြတယ် ဆိုရင်ပဲ ကျွန်တော်တို့နှစ်ဦးဟာ တစ်ဦးကို တစ်ဦး တင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်လိုက်ကြပါတယ်။ နောက် တစ်ညနေလုံး ထိုင်ပြီး စကားစမြည် ပြောကြတယ်။ အမျိုးသမီးက ပွင့်ပွင့်လင်းလင်းပဲ ပြောတယ်။ ကျွန်တော့်ကို အရူးတစ်ယောက်လို့ ထင်မိတဲ့အတွက် သူ စိတ်ဝင်စားမိတာပါတဲ့။ သူဟာ စွန့်စားချင်တဲ့ အမျိုးသမီး၊ နောက်ပြီး သူတကာ မတွေ့ဖူးတဲ့ အတွေ့အကြုံမျိုးကို ရယူချင်တဲ့ အမျိုးသမီးလို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်ကလည်း ကျွန်တော်ဟာ ဘယ်လောက် ဆင်းရဲမွဲတေတဲ့ အကြောင်း၊ ဆင်းရဲမွဲတေလွန်းလို့

www.nyisay.com



ခပ်ကြောင်ကြောင် အပြုအမူတွေကို လုပ်မိတဲ့အကြောင်း၊ ကျွန်တော်ဟာ တော်လွန်းလို့ အဖျားရောဂါတောင် စွဲကပ်နေကြောင်း ပြောင်ပြောင်တင်းတင်းပဲ ပြောချလိုက်ပါတယ်။ သူဟာ ကျွန်တော့်ကို အင်မတန် ကြင်နာသနားသွားပုံ ရပါတယ်။ ဒါပေမဲ့ ဒီတစ်ခါဟာ သူနဲ့ကျွန်တော် နောက်ဆုံးအကြိမ် တွေ့ကြခြင်းပဲ ဖြစ်ပါတယ်။

တစ်မနက်မှာ ကျွန်တော် မနက်လင်း အိပ်ရာက နိုးကတည်းက ဖျားလိုက်တာ တစ်နေ့လုံးလိုလိုပါပဲ။ ညပိုင်းကျတော့ ကျွန်တော် စာရေးချင်စိတ် ပေါက်လာတယ်။ ဒါနဲ့ အိမ်အောက်ထပ်က ဆိုင်ကလေးဆီကို ဖယောင်းတိုင်ဝယ်ဖို့ ဆင်းခဲ့တယ်။ ဆိုင်ထဲမှာ ကောင်ကလေးတစ်ယောက်ပဲ ရှိတယ်။ ဖယောင်းတိုင်ဖိုး "တစ်ဖလော်ရင်း" ပေးလိုက်တာ ကောင်ကလေးက ပြန်အမ်းတော့ ရွှေဒင်္ဂါးပြားများပါလာတယ်။ ကျွန်တော် ဟိုတယ်မှာ အခန်းငှားပြီး စားသောက်သုံးဖြုန်းပစ်လိုက်ပါတယ်။ ပိုက်ဆံကုန်တော့ ငှားနေတဲ့အိမ်ကို ပြန်လာပြီး ပြဇာတ်တစ်ပုဒ်ရေးတယ်။ အိမ်ရှင်ကို ပြဇာတ်ရေးခ ရတဲ့အခါမှာ အိမ်လခပေးပါမယ်လို့ ပြောထားတယ်။ ဒါပေမဲ့ တစ်ညမှာ အိမ်ရှင်ဟာ သဘော်သားတစ်ယောက် ခေါ်လာပြီး ကျွန်တော့်အခန်းကို ပေးလိုက်ပါတယ်။ ကျွန်တော့်ကိုတော့ သူတို့မိသားစုနဲ့ အတူတူ လာနေဖို့ ပြောပါတယ်။ ကျွန်တော်ဟာ အိမ်ရှင်ရဲ့ အခန်းက ဆိုဖာပေါ်မှာ အိပ်ရတယ်။ တစ်ခါမှာ အိမ်ရှင်ရဲ့ ကလေးတွေဟာ ကိုယ်လက် သေနေတဲ့ သူတို့ အဘိုးရဲ့ နားရွက်တွေ၊ နှာခေါင်းတွေမှာ ကောက်ရိုးတွေတင်ပြီး ကစားကြတယ်။ ကျွန်တော် ဒေါသဖြစ်လို့ ဒီလို မကစားရဘူးလို့ ကလေးတွေကို ပိတ်ပင်ခဲ့တယ်။ ဒါကို အိမ်ရှင်မက ဒေါသဖြစ်ပြီး ကျွန်တော့်ကို နှင်ချတော့တယ်။

ကျွန်တော် ကမ်းနားထွက်ပြီး ရရှကုန်တင်သဘော်နဲ့ အင်္ဂလန်ကို လိုက်ဖို့ စီစဉ်ခဲ့တယ်။ ကျွန်တော့်ပစ္စည်းတွေ ပြန်သိမ်းဖို့ အိမ်ပြန်ရောက်တော့ စာပို့လုလင်က ကျွန်တော့်အတွက် စာတစ်စောင်ကို ပေးပါတယ်။ မိန်းကလေး လက်ရေးနဲ့ပဲ၊ အထဲမှာ ငွေ တစ်ပေါင်ဝက် ပါလာတယ်။ ကျွန်တော် ငွေရော၊ စာအိတ်ရော လုံးထွေးပြီး အိမ်ရှင်ရဲ့မျက်နှာကို ပေါက်ထည့်ပစ်ပြီး ထွက်လာခဲ့ပါတယ်။

## စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒ
## နှင့်
## သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ (၁၈၉၂)

**အိန်းဂျဲ (၁၈၂၀–၁၈၉၅)**

မတ်ဝါဒကို လေ့လာသော လက်ဦးသင်များအတွက် အိန်းဂျဲရေး ဤစာအုပ်သည် အကောင်းဆုံးဖြစ်သည်။ နိဒါန်းကား အနည်းငယ်ခက်သည်။ အဘိဓမ္မာအမျိုးမျိုး၏ သဘောကို ဆွေးနွေးထားသည်။

ဤစာအုပ်တွင် အောက်ပါတို့သည် အရေးကြီးသည်။

၁။ ဆိုရှယ်လစ်ဝါဒသည် ကနဦး စိတ်ကူးယဉ်ဝါဒတစ်ခုအဖြစ် ပေါ်လာခဲ့သည်။ ခေါင်းဆောင်တို့မှာ **စိန့်ဆိုင်မွန်၊ ဖိုးရီးယားနှင့် ရောဗတ်အိုဝင်**တို့ ဖြစ်သည်။ သို့သော် လက်တွေ့တွင်ကား သူတို့သည် လူမှုစွမ်းအားတစ်ခုဖြစ်သည့် အလုပ်သမား လူတန်းစားကို မေ့လျော့နေကြသည်။ အလုပ်သမား လူတန်းစားသည်သာလျှင် မိမိတို့ဘဝ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်မည့် အင်အားတစ်ခု ဖြစ်သည်ကို သူတို့ သတိမမူမိကြ။ စာရေးသူ အိန်းဂျဲက စိတ်ကူးယဉ်မှ လက်တွေ့ကျသော သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒအဖြစ်သို့ ပြောင်းလဲရမည်ဟု ဆိုသည်။ လူ့လောက ဖွံ့ဖြိုးတိုးတက်မှုကို ချုပ်ကိုင်သည့် သဘောများနှင့် လူတန်းစားတိုက်ပွဲ

www.nyisay.com



သဘောတရားတို့ကို ကောင်းစွာ နားလည်ရမည်။ သို့မှသာ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ဖြစ်လာမည်။

၂။ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ၏ အခြေခံမှာ အနုပဋိလောမ ရုပ်ဝါဒ ဖြစ်သည်။

အနုပဋိလောမဆိုသည်မှာ "အရာဝတ္ထုတို့၏ အစဉ်လှုပ်ရှားနေသည့် သဘော၊ အရာဝတ္ထုတို့ အချင်းချင်း အပြန်အလှန် ဆက်စပ်မှီခိုအားထားနေသည့် သဘောကို လေ့လာခြင်း ဖြစ်သည်"ဟု အိန်းဂျဲက ဆိုသည်။ တက္ကဗေဒသည် အရာဝတ္ထုတို့ကို တစ်ခုပြီးမှ တစ်ခုစီ လေ့လာသည်။ အဆက်အစပ်သဘောကို တက္ကဗေဒက ပယ်သည်။

၃။ လောကကြီး တစ်ခုလုံးနှင့် ယင်းကိုချုပ်ကိုင်ထားသည့် တရားများကို နားလည်နိုင်ရန် ရုပ်ဝါဒအမြင်ကို ကျယ်စေအောင် ကားလမတ်က ရှေ့ဆောင်ခဲ့သည်။ သမိုင်းတွင် အရေးကြီးသည်မှာ လူ့အဖွဲ့အစည်းတစ်ခု၏ စီးပွားရေး ဖွံ့ဖြိုးပြောင်းလဲမှုသာ ဖြစ်သည်ဟု အိန်းဂျဲက ဆိုသည်။ တစ်နည်းဆိုလျှင် သမိုင်းအဖြစ်အပျက်တို့သည် ကုန်ထုတ်လုပ်ရေး အသွင်ပြောင်းလဲခြင်းနှင့် ကုန်စည်ဖလှယ်ရေး အသွင်ပြောင်းလဲခြင်းတို့အပေါ် အခြေတည်သည်ဟု ဆိုရမည်။ ကုန်ထုတ်လုပ်ရေးစနစ် ဖွံ့ဖြိုးလာခြင်း၊ ကုန်စည်ဖလှယ်ရေးစနစ် ဖွံ့ဖြိုးလာခြင်းတို့ကြောင့် လူမှုအဆောက်အအုံကြီး တစ်ခုလုံး အစည်းပြေကာ လူတန်းစားကွဲပြားမှုများ ပေါ်ပေါက်လာခဲ့ရသည်။ လူတန်းစားတိုက်ပွဲများ ပေါ်ပေါက်လာခဲ့ရသည်။ သို့ဖြစ်ရာ ဆိုရှယ်လစ်ဝါဒီတို့သည် လက်ရှိ အရင်းရှင်စနစ်အား ဝေဖန်နေရုံနှင့် မပြီး၊ အရင်းရှင် ကုန်ထုတ်လုပ်ရေးစနစ်နှင့် ယင်းကို ချုပ်ကိုင်သည့် တရားဥပဒေသများ၏ သဘောကို နားလည်အောင် လေ့လာကြရမည်။ ကားလမတ်သည် အစွန်းထွက်တန်ဖိုး သဘောတရားကို တွေ့ခဲ့သည်။ ယင်းသည် အရင်းရှင်စနစ်၏ အရေးကြီးဆုံး အဆစ်အပိုင်းကို သရုပ်ခွဲပြလိုက်ခြင်းပင် ဖြစ်သည်။

၄။ အရင်းရှင်စနစ်တွင် ကုန်ထုတ်လုပ်ရေးစနစ်နှင့် ပုဂ္ဂလိကပိုင်ဆိုင်မှု စနစ်သည် ဖြေရှင်းရခက်သည့် ပဋိပက္ခတရားတစ်ခု ဖြစ်သည်။ လူမှုဆက်ဆံရေးစနစ်တစ်ခုလုံး ကမောက်ကမ ဖြစ်ရခြင်း၊ လူတန်းစား အကွဲကွဲအပြားပြား ဖြစ်နေရခြင်းတို့၏ တရားခံသည် ဤပဋိပက္ခတရားပင် ဖြစ်သည်။ ဤပဋိပက္ခကြောင့် စီးပွားရေးကပ်တို့သည် အခါအားလျော်စွာ ဖြစ်ပေါ်လာကြသည်။ အရင်းရှင် ကုန်ထုတ်လုပ်ရေးနေရာတွင် ပစ္စည်းမဲ့

www.nyisay.com



လူတန်းစား၏ ဆိုရှယ်လစ် ကုန်ထုတ်လုပ်ရေးစနစ်ကို အစားထိုးမှသာ ပဋိပက္ခတရားတို့သည် ပြေလည်နိုင်မည်။

၅။ အရင်းရှင်စနစ်သည် ဖွံ့ဖြိုးလာသည့်အဆုံး တစ်ချိန်တွင် လက်ဝါးကြီးအုပ်စနစ်သို့ ရောက်လာရမည်။ ထိုအခါ အစိုးရသည် ကုန်ထုတ်လုပ်ရေးအဝဝကို စီမံခန့်ခွဲလာသည်။ ပိုင်ဆိုင်လာသည်။ သို့သော် ထိုစနစ်သည် ဆိုရှယ်လစ်စနစ် မဟုတ်သေး။ အကြောင်းမှာ အစိုးရ ဦးစီးသည့် စက်မှုလုပ်ငန်းတို့တွင် အလုပ်သမား လူတန်းစားမှာ အချယ်လှယ်ခံ၊ သွေးစုပ်ခံဘဝတွင်သာ ရှိနေသေးသောကြောင့် ဖြစ်သည်။ အလုပ်သမားသည် ခေါင်းပုံဖြတ် ခံနေရဆဲ ဖြစ်သည်။ ကုန်ထုတ်လုပ်ရေး အင်အားစုများကို အရင်းရှင်အစိုးရထံမှ သိမ်းပိုက်လိုက်ခြင်းအားဖြင့် လူမှုပဋိပက္ခသည် ပြေလည်နိုင်မည် မဟုတ်။ သို့ရာတွင် ဆိုရှယ်လစ်လောကသို့ သွားရာလမ်းကြောင်းပေါ်၌ ဦးတည်မိပြီကိုကား သတိချပ်ရမည်။ ဆိုရှယ်လစ်စနစ်သို့ အမှန်တကယ် ရောက်ရှိရေးမှာ နိုင်ငံရေးအာဏာကို အလုပ်သမားလူတန်းစားက သိမ်းပိုက်မိအောင် တိုက်ပွဲဆင်ခြင်းပင် ဖြစ်သည်။ ကုန်ထုတ်လုပ်ရေး အင်အားမှန်သမျှကို သိမ်းပိုက်လျက် မိမိတို့လူတန်းစားကောင်းကျိုးအတွက်သာ ဖန်တီးနိုင်အောင် ကြိုးပမ်းကြရမည်။

၆။ ဤတွင် အိန်းဂျဲက အစိုးရ၏သဘာဝကို သရုပ်ခွဲပြသည်။ အစိုးရဆိုသည်မှာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေကြသော လူတန်းစားများ ကွဲပြားနေခြင်းကြောင့် ပေါ်လာရခြင်း ဖြစ်သည်။ အစိုးရ၏ အရေးကိစ္စမှာ လူတန်းစားတစ်ခုက အခြား လူတန်းစားတစ်ခုကို သွေးစုပ်ခေါင်းပုံဖြတ်ရေးပင် ဖြစ်သည်။ သို့ဖြစ်ရာ အစိုးရဆိုသည်မှာ အုပ်စိုးသူလူတန်းစား၏ လက်သုံးဖိနှိပ်ရေး ယန္တရားတစ်ခုသာ ဖြစ်သည်။ ကျေးပိုင်ကျွန်ပိုင်ခေတ်တွင် ကျေးပိုင် ကျွန်ပိုင်တို့၏ လက်သုံးယန္တရား၊ မြေရှင်ခေတ်တွင် မြေရှင်တို့၏ လက်သုံးယန္တရား၊ အရင်းရှင်ခေတ်တွင် အရင်းရှင်တို့၏ လက်သုံးယန္တရား ဖြစ်လာသည်။ ယနေ့ မြင်တွေ့နေရသော အစိုးရဟူသည် အရင်းရှင်တို့၏ လက်သုံးယန္တရား တစ်ခုသာ ဖြစ်သည်။ အရင်းရှင်လူတန်းစား၏ အုပ်ချုပ်ရေး အသွင်သဏ္ဌာန် တစ်ခုမျှသာ ဖြစ်သည်။

ဆိုရှယ်လစ်စနစ်က လူတန်းစားတစ်စုက အခြားလူတန်းစားတစ်စုအား ခေါင်းပုံဖြတ်ခြင်းကို တိုက်ဖျက်သည်။ အောင်ပွဲခံရသည့်အခါ လူတန်းစား ပဋိပက္ခတရားသည်လည်း တည်ရှိတော့မည် မဟုတ်။ သို့ဖြစ်လျှင် လူမှုဖိနှိပ်ရေး၏ အထွတ်အထိပ်ဖြစ်သည့် အစိုးရဆိုသည်လည်း တည်ရှိတော့မည် မဟုတ်။

www.nyisay.com



၇။ ဆိုရှယ်လစ်လောကကို တည်ဆောက်ပြီးသည့်နောက် လူမှုကုန်ထုတ်လုပ်ရေးတွင် စည်းကမ်းမဲ့ဝါဒ(ဝါ) ကလနားမရှိသော ဝါဒသည်လည်း ကွယ်ပျောက်သွားလိမ့်မည်။ ထိုနေရာတွင် စနစ်ကျသော ကုန်ထုတ်လုပ်ရေးစနစ်တစ်ခု ပေါ်ပေါက်လာလိမ့်မည်။ ယခင်ကမူ လူသည် သူနားမလည်သော၊ သိနားလည်ရန်ခက်သော စီးပွားရေးစွမ်းအားများ၏ ဖိစီးနှိပ်စက်ခြင်းကို ခံရသည်။ ကျွားသနားမှ နွားချမ်းသာမည့် အခြေတွင် ရှိခဲ့သည်။ ဆိုရှယ်လစ်လောက တည်ဆောက်ပြီးသည့် အခါတွင်ကား လူသည် မိမိဘဝကို မိမိဖန်တီးသူများ ဖြစ်လာကြလိမ့်မည်။“လိုအင်ဆန္ဒများ မပြည့်ဝသည့် ဘဝမှ လောကနိဗ္ဗာန်သို့ လူသားအနွယ်များ တက်လှမ်းမည့်အချိန်အခါကြီး ဆိုက်ရောက်လာမည်” ဖြစ်ပေသည်။
မြန်မာဘာသာပြန်မှု ရှိသည်။

www.nyisay.com

## လူနှင့် လက်နက် (၁၈၉၄)

## ဂျော့ ဗားနတ်ရှော (၁၈၅၆–၁၉၅၀)

ဂျော့ ဗားနတ်ရှောသည် သူ့အသက် ခုနစ်ဆယ်၊ ၁၉၂၅ ခုနှစ်တွင် နိုဗယ်ဆုကို ရခဲ့၏။ သို့သော် နိုဗယ်ဆုသည် သူ၏ မူလကျော်ကြားရင်းကို ကျော်လွှားနိုင်ခြင်း မရှိခဲ့ပေ။ ဤသည်ပင် ဗားနတ်ရှောနှင့် ပတ်သက်သော ထူးခြားချက် ဖြစ်သည်။ အဘယ့်ကြောင့်နည်း။

ဗားနတ်ရှောဟု ဆိုလျှင် "ခွစာ"ကြီးဟု အများက သိထားသောကြောင့် ဖြစ်သည်။ ထို့ပြင် အင်္ဂလန်ပြည်၏ ပြဇာတ်စာပေလောကဥ္စ ရှိတ်စပီးယားက လွဲလျှင် အထင်ရှားဆုံး ဖြစ်သောကြောင့်။

ယခု ပြဇာတ်ကို ကြည့်ပါ။

ဗားနတ်ရှော ရေးသမျှ ပြဇာတ်တိုင်းလိုပင် သူ့အကြောင်းနှင့် သူ ကျော်ကြားပြီး ဖြစ်သည်။ ယင်းတို့တွင် လူနှင့်လက်နက် သည်လည်း ကျော်ကြား သော ပြဇာတ်တစ်ပုဒ် ဖြစ်သည်။ ယခုထက်တိုင် လူနှင့်လက်နက်ကို ဖတ်ပြီး "စစ်"နှင့် ပတ်သက်လျှင်၊ "ဟန်ဆောင်လောက"နှင့် ပတ်သက်လျှင်၊ "အထက် တန်းစား"တွေနှင့် ပတ်သက်လျှင်၊"အိမ်ထောင်ရေး"နှင့် ပတ်သက်လျှင် သရော် တတ်သော၊ ရှုတ်ချတတ်သော ဗားနတ်ရှော၏ အစွမ်းကို ပြောစမှတ် ပြုကြရ လေသည်။

**ရာပြည့်စာအုပ်တိုက်**

www.nyisay.com



ဇာတ်လမ်းဆင်ပုံကအစ ထူးခြားပါသည်။ ဇာတ်လမ်း နောက်ခံနှင့် ကာလကို စိတ်ကူးယဉ်ပုံစံဖြင့် တည်ဆောက်ပါသည်။ တကယ့်ဖြစ်ရပ်များ မဟုတ်ပါ။ တကယ့် ဒေသအစစ်အမှန်များ မဟုတ်ပါ။ သို့သော် သူ့ပြဇာတ်က ဇာတ်ဆောင်တွေသည် ဤလောကဌ်ရှိသော လူ့အလွှာ အသီးသီးကို ကိုယ်စား မပြုပါဟု မည်သူ ပြောနိုင်ပါမည်နည်း။

ဤပြဇာတ်တွင် ဇာတ်ခန်းသုံးခန်းသာ ပါပါသည်။ ဇာတ်နောက်ခံကာလမှာ ၁၈၈၄ ခုနှစ် ဗူလဂေရီယန် လူမျိုးတွေနှင့် ဆာ့ဗ်လူမျိုးတွေ စစ်ဖြစ်နေသောကာလဖြစ်သည်။ ဇာတ်လမ်းနောက်ခံမှာ ဗူလဂေးရီးယားနိုင်ငံ မြို့ကလေးတစ်မြို့အတွင်းရှိ ဗိုလ်မှူးကြီး တစ်ယောက်၏ အိမ်သာလျှင်ဖြစ်သည်။ ဇာတ်ဆောင်များမှာ ဗူလဂေရီယန်လူမျိုး ဗိုလ်မှူးကြီး ပက်ကော့၊ ဇနီး ကက်သရင်း၊ သမီး ရေနာ၊ ရေနာနှင့် စေ့စပ်ထားသော ဗူလဂေရီယန် ဗိုလ်မှူး ဆာရိုင်းရေးနော့၊ ပက်ကော့အိမ်မှ အိမ်စေအမျိုးသား နီကိုလာနှင့် အမျိုးသမီး လော်ကာ၊ ဆွစ်အမျိုးသား ကြေးစားစစ်သား ဗိုလ်ကြီး ဗလန့်ရှလီတို့ ဖြစ်သည်။

ဇာတ်လမ်းကို ဆာရိုင်း၏ မြင်းတပ်က ဗလန့်ရှလီ၏တပ်ကို တိုက်ခိုက်အောင်ပွဲရသော သတင်းဖြင့် ဖွင့်သည်။ ထိုညတွင် ဗလန့်ရှလီ၏ တပ်သည် ဖရိုဖရဲဖြစ်ပြီး ဗလန့်ရှလီ ထွက်ပြေးလာရ၏။ ထိုအချိန်တွင် ဆာရိုင်း၏ ယောက္ခမလောင်း ကက်သရင်းက သမီးရှေ့တွင် သမက်လောင်းအကြောင်း ဂုဏ်ယူပြောနေ၏။ သမီးက ခင်ပွန်းလောင်းအပေါ် သိပ်စိတ်မဝင်စားလှ။ ရေနာ အိပ်ရာဝင်ချိန်တွင် ရန်သူစစ်သား ဗလန့်ရှလီကို တွေ့သည်။ ဗလန့်သည် စစ်ပွဲသို့ ကျည်ဆန်အစား ချောကလက်ယူလာတတ်သော စစ်သား ဖြစ်၏။ ရေနာတို့ဘက်က တပ်က လာရှာသည်။ ရေနာက ဗလန့်ကို အကာအကွယ်ပေးသည်။ ရေနာသည် ဗလန့်ကို စတင် စိတ်ဝင်စားခဲ့သည်။ ဗလန့် ပြန်ထွက်သွားသောအခါ ရေနာတို့ သားအမိက ဗလန့်ရှလီအား ပက်ကော့၏ အင်္ကျီကြီး ပေးလိုက်သည်။

ဒုတိယခန်းကို ပက်ကော့၏အိမ်စေ နီကိုလာနှင့် လော်ကာတို့နှင့် ဖွင့်သည်။ သူတို့သည် စေ့စပ်ပြီးဖြစ်သည်။ နီကိုလာက အိမ်စေ ပီသသည်။ မှားမှားမှန်မှန် သခင့်ဘက်က ရပ်သည်။ လော်ကာက သည်လို မဟုတ်။ သခင်တွေကို တော်လှန်ချင်သည်။ လော်ကာနှင့် နီကိုလာ စကားပြောစဉ် ပက်ကော့ ပြန်လာသည်။ စစ်ပြေငြိမ်းလာခဲ့ခြင်း ဖြစ်သည်။ မရှေးမနှောင်းပင် ဆာရိုင်းလည်း ရောက်လာ၏။ သမက်နှင့် ယောက္ခမလောင်းတို့သည် အဓိပ္ပာယ်မဲ့ တိုက်ပွဲများအတွက် ဂုဏ်ယူ ပြောဆိုကြသည်။ ပြီးတော့လည်း ဆာရိုင်းသည် ရေနာအလစ်တွင် ဆော်ကာကို ချစ်ရေးဆိုပြန်သည်။ ထိုအတွင်းမှာပင် ရန်သူတပ်က ဗလန့်ရှလီသည်

www.nyisay.com



စစ်ပြေငြိမ်းပြီဖြစ်၍ သူငှားရမ်းသွားသော အင်္ကျီကြီး ပြန်ပေးရန်နှင့် နှုတ်ဆက်ရန် ရောက်လာ၏။ ဤကိစ္စကို ကက်သရင်းနှင့် ရေနာတို့က လင်သားနှင့် ခင်ပွန်းလောင်းတို့ မသိအောင် လျှို့ဝှက်ဖို့ ကြံစည်သေး၏။ ထိုစဉ် ပက်ကော့သည် ဗလန့်ရှလီကို တွေ့သွားပြီး ထမင်းစားရန် ဖိတ်သည်။ သူ့အိမ်တွင် တည်းခိုနေထိုင်ရန် ဖိတ်သည်။

အခန်းသုံးမှာ နောက်ဆုံးအခန်း ဖြစ်သည်။ ဤအခန်းတွင် ရေနာနှင့် သူ့အမေက ပေးလိုက်သော အင်္ကျီကိစ္စ ရှုပ်လာသည်။ ဆာရိုင်း၏ ရေနာ–လော်ကာ ပြဿနာ၊ ရေနာ၏ဆာရိုင်း– ဗလန့်ရှလီ ပြဿနာများ ရှုပ်ထွေးလာသည်။ နောက်ဆုံးတွင် ဆာရိုင်းနှင့် ဗလန့်ရှလီတို့ သတ်ကြ ဖြတ်ကြမည့်အနေ ရောက်လာ၏။ နောက်ဆုံးတွင် ရေနာကိုယ်တိုင်က ဗလန့်ရှလီဘက် ပါသည်။ ဆာရိုင်း နောက်ဆုတ်ရလေတော့သည်။

ဇာတ်လမ်းမှာ ဤမျှသာ ဖြစ်သည်။ သို့သော် ပြဇာတ်၌ စာရေးဆရာသည် "စစ်"နှင့် ပတ်သက်၍ အတော်ကြီး ပြစ်တင်ရှုတ်ချထား၏။ အထက်တန်းစားနှင့် အပေါ်ယံ ယဉ်ကျေးမှုတွေကို လှောင်ပြောင်သရော်ထား၏။ ပကာသန အိမ်ထောင်ရေး ကိစ္စတွေကိုလည်း ရှုတ်ချထား၏။

ကမ္ဘာ့ပြဇာတ်လောကတွင် မူလက "အသောဇာတ်"နှင့် "အလွမ်းဇာတ်" ဟူ၍ ရှိခဲ့သည်။ ဗားနတ်ရှောသည် "အမြူးဇာတ်" ၊"အရှုပ်ဇာတ်" ဟု ထွင်ခဲ့၏။ ယခုပြဇာတ်မှာ အမြူးဇာတ် ဖြစ်သည်။

ဤပြဇာတ်ကို ဗန်းမော်တင်အောင်က မှီး၍ **ချော့ကလက်မိုလ်ကြီး** အမည်ဖြင့် ဝတ္ထုရေးခဲ့ပြီး ၁၉၅၉ နှစ်တွင် ပုံနှိပ် ထုတ်ဝေခဲ့၏။ ယင်းပြဇာတ် ရှေ့ပိုင်းကိုပင် တက္ကသိုလ်ဘုန်းနိုင်က **မုန်းရစ်လေဦး** အမည်ဖြင့် မှီးခဲ့ပြီး ရုပ်ရှင်ရိုက်ခဲ့၏။ အချို့ စာရေးဆရာများကလည်း ပုံစံအမျိုးမျိုးဖြင့် မှီးခဲ့ဖူးလေသည်။

ယင်း မူရင်းပြဇာတ်ကိုပင် ကျော်လှိုင်ဦးက ၁၉၆၅ ခုနှစ်တွင် **လူနှင့်လက်နက်** အမည်ဖြင့် တိုက်ရိုက်ဘာသာပြန် ထုတ်ဝေခဲ့ဖူးသည်။

www.nyisay.com

## တောဟောဝန် ဇာတ်လမ်းများ (၁၈၉၄-၁၈၉၅)

### ရုဒယတ် ကစ်ပလင် (၁၈၆၅-၁၉၃၆)

နိုဗဲစာပေဆုရ စာရေးဆရာကြီး၊ ကဗျာဆရာကြီး ရုဒယတ် ကစ်ပလင်သည် ကလေးများကို ချစ်တတ်သူဖြစ်သည်။ ထို့ကြောင့် ကလေးများဖတ်ဖို့ ရည်စူးကာ **တောဟောဝန် ဇာတ်လမ်းများကို** ရေးခဲ့သည်။ တောဟောဝန်ဇာတ်လမ်းများသည် ကလေးများ ကရားမှုတမှုကို နားလည်လာစေရန်၊ သစ္စာရှိတတ်မှုကို သိနားလည်စေရန်၊ လူ့အစုအဖွဲ့၏ ဓလေ့ထုံးတမ်းများကို လိုက်နာတတ်စေရန် သွန်သင်ပေးသည်။ တောဟောဝန် ဇာတ်လမ်းများသည် ကလေးများအတွက် ရည်စူးရေးသားသော်လည်း လူကြီးများပါ စိတ်ဝင်တစား ဖတ်ရှုနိုင်သော စာအုပ်ဖြစ်၍ ကမ္ဘာကျော်လေသည်။

ဟိုးရှေးရှေးတုန်းက ဖြစ်သော တစ်နေ့တွင် ကျားကြီး ရှီယာခန်၏လက်မှ လွတ်မြောက်သွားသော မော့ဂလီဆိုသည့် ကလေးငယ်ကို ဝံပုလွေ လင်မယားက ကောက်ယူမွေးထားသည်။ ရှီယာခန်က ဤလူကလေးသည် သူ့အစာဖြစ်၍ ပြန်ပေးရန် တောင်းဆိုသည်ကို ဝံပုလွေလင်မယားက မပေး။ ထို့ပြင် လူကလေးကို ဆီအွန်နီဝံပုလွေ အစုဝင်အဖြစ် ကျန်ဝံပုလွေများကပါ အသိအမှတ်ပြုလာအောင် လုပ်ခဲ့သည်။ ထို့ကြောင့် လူသားကလေးသည် ဝံပုလွေဘဝသို့ ကူးပြောင်းလာခဲ့လေသည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



မော့ဂလိကို တောဥပဒေသများ သင်ကြားပေးသူကား ဝက်ဝံကြီး ဗာလူး ပင် ဖြစ်လေသည်။ မော့ဂလိသည် တောတွင်းတိရစ္ဆာန်တို့၏ ဘာသာစကားကို ပြောနိုင်လာသည်။ တောတွင်း၌ လိုက်နာရမည့် ဓလေ့ထုံးတမ်းတို့ကိုလည်း သိလာ သည်။ မော့ဂလိကို မစားလိုက်ရသဖြင့် မကျေမချမ်းဖြစ်နေသော ခြေထော့ကျိုး ကျားကြီး ရှီယာခန်သည် မော့ဂလိအား အမြဲတမ်း ချောင်းမြောင်းနေလေသည်။ သို့သော် မော့ဂလိ၏ တောတွင်းညီနောင်များက ကာကွယ်ပေးထားသဖြင့် ရှီယာခန်အဖို့ အခွင့်မသာ ဖြစ်နေသည်။ မော့ဂလိကို အထူးတလည် ခင်ခင်မင်မင် စောင့်ရှောက်သူများကား သစ်နက်ကြီး ဗာဂီးရားနှင့် ဝက်ဝံကြီး ဆရာဗာလူးတို့ပင် ဖြစ်လေသည်။ စောင့်ရှောက်နေသည့် အကြားကပင် မော့ဂလိကို မျောက်တွေက သူတို့ပျော်ရာ မျောက်မြို့တော်သို့ ခေါ်ဆောင်သွားသဖြင့် ဗာဂီးရားနှင့် ဗာလူး တို့သည် မျောက်တို့ကြောက်လန့်သော စပါးကြီးမြွေ ကာအာ၏ အကူအညီ ရယူကာ မော့ဂလိကို မျောက်မြို့တော်မှ ကယ်လာခဲ့ရသည်။

တစ်နေ့တွင် မော့ဂလိသည် တောစွန်ရှိ ရွာနီးချုပ်စပ်သို့ သွားရင်း မယ်စဝါ ဆိုသူ မိန်းမတစ်ဦးက တွေ့သည်။ မယ်စဝါသည် လွန်ခဲ့သော နှစ်အတန်ကြာက တောထဲတွင် ပျောက်သွားသော သူ့သားကလေးအား သတိရသဖြင့် မော့ဂလိကို မွေးစားထားလေသည်။ မွေးစားမိခင် မယ်စဝါနှင့်နေရင်း မော့ဂလိသည် ကျွဲ ကျောင်းသား ဖြစ်လာသည်။ မော့ဂလိ ကျွဲကျောင်းနေရင်း သူ့အစ်ကိုတော် ဝံပုလွေ ကြီးက ကျားကြီးရှီယာခန်သည် မော့ဂလိကို သတ်တော့မည်ဖြစ်ကြောင်း အကြောင်းကြားသည်။ မော့ဂလိသည် ဝံပုလွေခေါင်းဆောင်ဟောင်း အကီလာ၊ အစ်ကိုတော် ဝံပုလွေတို့ အကူအညီဖြင့် ကျွဲအုပ်ကြီးကို ကျားကြီးရှီယာခန်ရှိရာ ချိုင့်ကြီးထဲသို့ မောင်းချလိုက်ရာ ကျားကြီးရှီယာခန် သေဆုံးသွားလေတော့သည်။ ကျားအရေခွံကို ခွာနေရင်း မော့ဂလိ နေနေသောရွာမှ မုဆိုးကြီး ဗူလဒူး ရောက်လာ ကာ ရှီယာခန်၏အရေခွံကို ဗိုလ်ကျသည်။ မော့ဂလိက ဝံပုလွေများနှင့် ခြိမ်းခြောက် လိုက်ရသည်။ မုဆိုးဗူလဒူးသည် မော့ဂလိသည် စုန်းဖြစ်ကြောင်း၊ မှော်ဆရာဖြစ် ကြောင်း ရွာသူရွာသားတို့အား ကုန်းတိုက်ပြီး မော့ဂလိကို ရွာမှ နှင်ထုတ်သည်။

တောထဲသို့ မော့ဂလိ၏ ခြေရာကို ခံလိုက်လာသော ဗူလဒူးနှင့် မီးသွေး ဖုတ်သမားတို့ စကားပြောရင်း မော့ဂလိကို မွေးစားသော အမေနှင့်အဖေကို ရွာသူရွာသားများက ဖမ်းပြီး သတ်ပစ်တော့မည်ဖြစ်ကြောင်း ပါလာသည်ကို မော့ဂလိ ကြားရသည်။ မော့ဂလိသည် တောတွင်းမှ ရွာသို့ ပြန်ပြေးပြီး သူ့မွေးစား မိခင်နှင့် ဖခင်တို့အား အချုပ်မှလွတ်ကာ ခါနီဝါယာမြို့သို့ သွားစေ၏။ ထို့နောက် တရားမဲ့လွန်းသော ရွာကို တောတွင်းညီနောင်တို့၏ အကူအညီဖြင့် လက်စားချေ ဖျက်ဆီးပစ်လိုက်၏။

www.nyisay.com



တောထဲ၌ မော့ဂလိရှိစဉ် စပါးကြီးမြွေ ကာအာက မော့ဂလိအား မြွေဟောက်ဖြူကြီးဆီ ခေါ်သွားသည်။ မြွေဟောက်ဖြူကြီးကား ဘုရင့်ဥစ္စာစောင့် မြွေကြီးပေတည်း။ မြွေဟောက်ဖြူကြီးသည် မော့ဂလိအား ဘုရင့်ဘဏ္ဍာများကို ပြသသည်။ နောက် မော့ဂလိအားလည်း တိုက်ခိုက်သည်။ မော့ဂလိက နိုမ်နင်းပြီး ဘဏ္ဍာထဲမှ ချွန်းတောင်းကို ယူလာခဲ့သည်။ ထိုချွန်းတောင်း လမ်း၌ကျခဲ့ရာ ချွန်းတောင်း တွေ့သူတို့အချင်းချင်း ရမ္မက်လောဘကြောင့် သတ်ကြရသည်။

တစ်ခါတွင် ဆီအွန်နီ တောထဲသို့ ခွေးနီအုပ်ကြီး ဝင်ရောက်လာကာ မြင်သမျှ၊ တွေ့သမျှတို့ကို ကိုက်ဖြတ် ဖျက်ဆီးပစ်ကြ၏။ မော့ဂလိသည် ခွေးနီအုပ်ကြီးကို ရန်စ၍ ပျားကောင်များရှိရာသို့ ဖြားယောင်းခေါ်ဆောင်သွား၏။ ပျားများနှင့် ခွေးနီအုပ်ကြီးတို့ တိုက်ခိုက်ကြတော့သည်။ ထိုတိုက်ပွဲတွင် မော့ဂလိတို့လည်း ပါဝင်သည်။ ထိုတိုက်ပွဲ၌ ဝံပုလွေခေါင်းဆောင်ကြီး အကီလာ ကျဆုံးသွားရှာသည်။

အကီလာ ကျဆုံးပြီးနောက် ၂ နှစ်ခန့် ကြာသောအခါ မော့ဂလိအသက် ဆယ့်ခုနစ်နှစ် အရွယ်သို့ ရောက်ပြီဖြစ်၏။ မော့ဂလိသည် တောထဲ၌ နေရသည်ကို မပျော်ပိုက်တော့။ အဘယ်ကြောင့် မပျော်ပိုက်သည်ကိုလည်း အကြောင်းရှာမရ။ သူ့ တောတွင်းညီနောင်များကလည်း အဖြေရှာမရ။ တစ်နေ့တွင် မော့ဂလိသည် သူ့တောကို စွန့်ခွာ၍ ထွက်အလာ သူ့မွေးစားမိခင် မယ်စဝါနှင့် တွေ့သည်။ မယ်စဝါ၏ ယောကျ်ားကား ဆုံးပါးခဲ့ပြီ။ သမီးကလေးတစ်ယောက်နှင့် မယ်စဝါ ကျန်ရစ်ခဲ့သည်။ မယ်စဝါကား မော့ဂလိသည် တောထဲ၌ ပျောက်သွားသော သူ့သားဖြစ်ကြောင်း၊ သမီးကလေးကို အစ်ကိုက စောင့်ရှောက်ရမည်ဖြစ်ကြောင်း ပြောပြသည်။ မော့ဂလိသည် မယ်စဝါနှင့် လိုက်ခဲ့သည်။

မယ်စဝါတို့နှင့် နေ၍လည်း မော့ဂလိတွင် မပျော်ပိုက်သည့်စိတ်က ပျောက်ကွယ်မသွား။ တစ်နေ့တွင် မော့ဂလိထံသို့ သူ့အစ်ကိုတော် ဝံပုလွေကြီး လိုက်လာရာ မော့ဂလိသည် တောထဲသို့ ပြန်လိုက်ရန် ဆုံးဖြတ်လိုက်သည်။

ရွာပြင်သို့ ရောက်သောအခါ တောလမ်းမှ ဆင်းလာသော မိန်းမပျိုကလေး တစ်ဦးကို တွေ့သည်။ မော့ဂလိသည် ချုံကွယ်ထဲမှ မိန်းကလေးကို စူးစူးစိုက်စိုက် ကြည့်မိ၏။ ကြည့်ရင်း ကြည့်ရင်း မော့ဂလိသည် တောအရပ်ကား သူ့အရပ် မဟုတ်ဟု သဘောပေါက်လာကာ လူတောထဲ၌နေရန် ဆုံးဖြတ်လိုက်လေသည်။

ရုဒယတ် ကစ်ပလင်၏ တောဟောဝန် ဇာတ်လမ်းများကို စာရေးဆရာ ထင်လင်းက **တောဟောဝန်ဇာတ်လမ်းများ–မော့ဂလိ** ဟု ၁၉၇၄ ခုနှစ်တွင် ဘာသာပြန် ထုတ်ဝေသည်။ ထိုနှစ်တွင်ပင် အမျိုးသားစာပေ ဘာသာပြန်ဆု ရရှိခဲ့သည်။

www.nyisay.com

## စင်ရော် (၁၈၉၆)

### အန်တွန် ချဲကော့ (၁၈၆၀–၁၉၀၄)

တစ်နေ့တွင် ချဲကော့သည် သူ့မိတ်ဆွေ ပန်းချီဆရာ လဲ့ဗီတန်နှင့် လမ်းလျှောက်ထွက်သည်။ လမ်းတွင် ပန်းချီဆရာ လဲ့ဗီတန်က စင်ရော်ကလေး တစ်ကောင်ကို သေနတ်နှင့် ပစ်ချလိုက်သည်။ ထို့နောက် စိတ်ပါးလွှာသော ပန်းချီဆရာသည် သူကသာ ချစ်ရသော မိန်းမတစ်ဦးထံသို့ သွားပြီး စင်ရော်အသေကောင်ကို ပစ်ချလိုက်ကာ သူ့ကိုမချစ်လျှင် သူ့ကိုယ်သူ သတ်သေမည်ဟု ပြောလေသည်။

လဲ့ဗီတန်၏ အဖြစ်သည် ချဲကော့ခေါင်းထဲ၌ စွဲနေရစ်သည်။ ဤအဖြစ်ကို အခြေခံကာ ချဲကော့သည် စင်ရော်ပြဇာတ်ကို ရေးသား စင်တင်လေသည်။ ပြဇာတ်များအနက် စင်ရော်ပြဇာတ်သည် အနုပညာသည်တစ်ယောက်၏ ဘဝကို ဖော်ပြရာ၌ အအောင်မြင်ဆုံး ပြဇာတ်ဖြစ်သည်ဟု ဆိုကြသည်။

ပြဇာတ်၏ ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

တစ်နေ့တွင် ကွန်စတင်ကျင် တရယဲ ပလယ့်သည် ဇာတ်မင်းသမီးကလေး နီနာ ခြေရင်းသို့ စင်ရော်အသေကို ပစ်ချလိုက်ပြီး အကယ်၍ နီနာကသာ သူ့ကို မချစ်ပါလျှင် သူသည် စင်ရော်ကလေးလိုပင် နီနာ၏ ခြေရင်း၌ သေလိုပါသည်ဟု ဆိုလေသည်။ တကယ်တော့ ကွန်စတင်ကျင်ကို နီနာ မချစ်နိုင်ပါ။ နီနာ ချစ်မိနေသူကား စာရေးဆရာ တရီဂိုရင် ဆိုသူဖြစ်၏။ တရီဂိုရင်သည် ကွန်စတင်ကျင်၏ မိခင်(မုဆိုးမ)နာမည်ကျော် ဇာတ်မင်းသမီးကြီး အန်နာအာရကာဂျင်းနှင့် ချစ်နေသည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



ကွန်စတင်ကျင်သည် တရီဂိုရင်ကို အနှစ်အရသာမဲ့သော စာပိုဒ်များကို စီကုံးသူလောက်သာ သဘောထားသည်။ သူသည် စာရေးဆရာဖြစ်လျှင် တရီဂိုရင်ထက် ထက်မြက်သော စာကောင်းများကို ရေးထုတ်နိုင်ရမည်ဟု မှတ်ယူထားသည်။ ယခုလည်း ကွန်စတင်ကျင်သည် ပြဇာတ်တစ်ပုဒ် ရေးထားပြီး ဖြစ်သည်။ ထိုပြဇာတ်တွင် မင်းသမီးကလေး နီနာက ပါဝင်ဇာတ်ဆောင်ပါမည်ဟု ကတိကဝတ် ပြုထားပြီး ဖြစ်သည်။

ကွန်စတင်ကျင်၏ ပြဇာတ်ကို သူ့ဦးလေးတော် လူပျိုကြီး ပျိုတာဆိုရင်၏ ခြံ၌ ခင်းကျင်းသည်။ ပြဇာတ်သို့ သူ့မိခင် အန်နာအာရကာဂျင်းနှင့် စာရေးဆရာ တရီဂိုရင်တို့လည်း လာရောက်အားပေးသည်။ ပြဇာတ်သည် အောင်မြင်လှသော ပြဇာတ် မဟုတ်သော်လည်း ကွန်စတင်ကျင်၌ စာပေအစွမ်းအစ ရှိကြောင်း ပြသသောဇာတ် ဖြစ်သည်။ တရီဂိုရင်သည် ပြဇာတ်ထက် ပြဇာတ်ထဲမှ ဇာတ်ဆောင်မင်းသမီး အသက် ၁၉ နှစ် အရွယ်ရှိ လှပချောမွေ့သော နီနာကို စိတ်ဝင်စားသည်။ မဒမ်အန်နာအာရကာဂျင်းကလည်း သူ့သား၏ ပြဇာတ်ကိုကြည့်ပြီး မည်သို့မျှ စိတ်အားထက်သန်မှု မပြ၊ စိတ်ဝင်စားပုံလည်း မရ။ အန်နာသည် ကွန်စတင်ကျင်၏ ဘဝကိုလည်း ဤသို့ပင် သဘောထားသည်။ သားနှင့်အမိသည် ဘယ်တော့မျှ ရင်းရင်းနှီးနှီး မဆက်ဆံ။ မိခင် အန်နာသည် ပြဇာတ်မင်းသမီး နာမည်ကြီး ဖြစ်သည့်အတွက် သူ့အလှကို သူ အမြဲထိန်းသည်။ သူ့တွင် အသက် ၂၅ နှစ်ရှိနေပြီဖြစ်သော သားရှိမှန်းကို ပရိသတ်ကို အသိမပေးချင်။ ထိုကြောင့် လူထဲသူထဲသို့သွားလျှင် ကွန်စတင်ကျင် မပါမှ သွားသည်။ အမေကသာ သားဖြစ်သူအပေါ် စိမ်းစိမ်းကားကား နေရက်သော်လည်း သားကမူ အမေကို တွယ်တာသည်။ သံယောဇဉ် ကြီးရှာသည်။

ကွန်စတင်ကျင်၏ ဦးလေးတော်ဆိုရင် ခြံ၌ မန်နေဂျာ လုပ်နေသူ၏ သမီးကလေး မာရှာသည် ကွန်စတင်ကျင်အပေါ် တစ်ဖက်သတ် မေတ္တာစွဲပြီး လျက် ရှိသည်။ ကွန်စတင်ကျင်ကမူ မာရှာကို ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟုပင် သဘောမထား။ ထို့ကြောင့်ပင် မာရှာသည် ပူဆွေးရသည်။ မာရှာသည် အပျိုပေါက်ကလေးပင် ဖြစ်လင့်ကစား သူ၏ ပူဆွေးမှုကို သင်္ကေတပြုထားသော အရောင်မည်းမည်း အဝတ်အစားကိုသာ ဝတ်လေ့ရှိသည်။ မာရှာကို တစ်ဖက်သတ် ချစ်နေသူကား ဆီမြွန်မျက်ဒဗီဂျင်းကား ဆိုသော ကျောင်းဆရာ ဖြစ်သည်။ သူသည် ၂၃ ရူဘယ် လစာဖြင့် အမေအို၊ ညီမငယ် နှစ်ဦးနှင့် ညီတစ်ဦးကို ထောက်ပံ့နေရသည်။

မာရှာသည် ကွန်စတင်ကျင်က သူ့အား သတိမူမိလေမည်လားဟု နှစ်

www.nyisay.com



နှစ်တိုင်တိုင် စောင့်စားသည်။ နောက်ဆုံးတွင် ကွန်စတင်ကျင်နှင့် ပေါင်းဖို့ကို လက်လျှော့လိုက်ပြီး ဆီမြွန်နှင့် လက်ထပ်သည်။ ကလေးတစ်ယောက်ရသည်။ ကလေးကို မာရှာက လုံး၀ ဂရုမစိုက်။ ဆီမြွန်ခမျာမှာ ကျောင်းတစ်ဖက်၊ ကလေး တစ်ဖက်နှင့် ဒုက္ခရောက်ရသည်။

စာရေးဆရာ ပေါက်စကလေး ကွန်စတင်ကျင်သည် စာရေးဆရာပေါက်စ တို့ ထုံးစံအတိုင်း သူတို့ တွေ့သမျှ လူတွေထဲမှ ဘယ်လိုစာမျိုးကို ဘယ်လိုရေးသင့်ကြောင်း ဩဝါဒများကို မတောင်းခံပါဘဲလျက် ဖောဖောသီသီ ရနေသည်။ သူ့ဦးလေးတော် ဆိုရင်က "ဖြစ်ချင်တိုင်းလည်း မဖြစ်ရပါ" ဟူသော ခေါင်းစီးဖြင့် သူ့အကြောင်းကို ဝတ္ထုရေးဖို့ တူတော်မောင်အား တိုက်တွန်းသည်။ ဆိုရင်က သူသည်လည်း စာရေးဆရာ ဖြစ်ချင်သည်။ သို့သော် မဖြစ်ခဲ့။ တရားဟောကောင်း တစ်ယောက် ဖြစ်ချင်သည်။ စကား လေးလုံးကွဲအောင် မပြောတတ်ခဲ့။ မိန်းမ လိုချင်သည်။ ယခုထက်တိုင် လူပျိုကြီး ဖြစ်နေသည်။ သူသည် ဘာမျှ မကြိုးစားဘဲနှင့် ယခု ရာထူးကြီးတစ်နေရာ ရခဲ့ပြီဟု တဟားဟားရယ်မောရင်း ပြောသည်။

စာရေးဆရာကြီး တရီဂိုရင်သည် စိတ်လှုပ်ရှားလွယ်သော မာရှာ၏ အမူအကျင့်တို့ကို မှတ်သားနေစဉ် ပြဇာတ်မင်းသမီးကလေး နီနာ ရောက်လာသည်။ နီနာက စာရေးဆရာဘ၀သည် အံ့ဖွယ်ရာပင် ဖြစ်ကြောင်း၊ ပျော်မွေ့စရာ ကောင်းမည်ထင်ကြောင်း ပြောပြသည်။ ထို့နောက် စင်ရော်ငှက်ကလေးတစ်ကောင်၏ ဇာတ်လမ်းကို ပြောပြသည်။ တရီဂိုရင်သည် အနုပညာသည်တစ်ဦး ဖြစ်သည့်အတွက် နီနာကို စင်ရော်ငှက်မကလေးသဖွယ် မြင်မိသည်။ သူ့ကိုယ်သူကား မုဆိုးကြီးတစ်ဦးဟု ထင်သည်။ မုဆိုးကြီးသည် စင်ရော်ငှက်မကလေးကို ဖမ်းကာ မော်စကိုသို့ ထွက်ပြေးလေသည်။ နီနာနှင့် တရီဂိုရင်တို့သည် မော်စကို၌ တစ်နှစ်တာမျှ ပေါင်းသင်းနေသည်။ ကလေးတစ်ယောက် ရသည်။ အဖတ်မတင်။ မုဆိုးကြီး တရီဂိုရင်သည် စင်ရော်သား စားရသည်မှာ ငြီးငွေ့သွားဟန် ရှိသည်။ သူသည် နီနာကို စွန့်ခွာသွားသည်။ သို့ဖြင့် နီနာသည် အမြို့မြို့ အရွာရွာသို့ လှည့်လည်ကပြသော ဇာတ်အဖွဲ့တွင် ဇာတ်မင်းသမီးတစ်လက် ပြန်ဖြစ်သွားလေသည်။

နီနာကို မျက်ခြည်မပြတ် သတိထားနေသူကား ကွန်စတင်ကျင်ပင် ဖြစ်သည်။ ကွန်စတင်ကျင်သည် နီနာတို့ ဇာတ်အဖွဲ့ ရောက်ရာသို့ လှမ်း၍ စာထည့်သည်။ နီနာထံမှ ပြန်စာရသည်။ ပြန်စာတွင် နီနာသည် ဘ၀ကို စိတ်ပျက်လက်ပျက် ဖြစ်နေကြောင်းသာ ပါဝင်သည်။

တစ်နေ့တွင် ဆိုရင်၏အိမ်သို့ ငတ်မွတ်ပိန်ချုံးနေသော နီနာရောက်လာသည်။ ဆိုရင့်အိမ်မြေသို့ ရောက်လျှင် နီနာသည် သူ၏ ပျိုရွယ်လန်းဆန်းသော

www.nyisay.com



ဘဝကို သတိရမိသည်။ ဆိုရင်အိမ်၌ နေရသော ကွန်စတင်ကျင်သည် နီနာကို သူနှင့် အတူနေရန် တောင်းပန်သည်။ သို့မဟုတ်ပါက နီနာသွားရာနောက်သို့ သူ လိုက်ပရစေဟု ခွင့်တောင်းသည်။ နီနာက နှစ်ခုစလုံးကို ငြင်းပယ်သည်။ နီနာက သူသည် လာမည့် ဆောင်းဦးပေါက်၌ ပြဇာတ်အဖွဲ့တစ်ဖွဲ့နှင့် လိုက်ပါရန် သဘောတူပြီး ဖြစ်သည်။ သူသည် နာမည်ကျော် ပြဇာတ်မင်းသမီးဖြစ်အောင် ဆက်လက်ကြိုးစားရမည် ဖြစ်သည်။ ကွန်စတင်ကျင်လည်း စာရေးဆရာကောင်း တစ်ယောက် ဖြစ်ရန် ဆက်လက်ကြိုးစားဖို့ လိုသည်။ အနုပညာတွင် ကျော်ကြားမှု၊ ဂုဏ်တက်မှုသည် ပဓာနမဟုတ်။ တကယ့်ပဓာနမှာ အနုပညာအရပ်ရပ်ကို ရေဆုံးရေဖျား လိုက်ခြင်းပင် ဖြစ်သည်ဟု ပြောပြကာ ကွန်စတင်ကျင်အား နှုတ်ဆက်ထွက်ခွာသွားသည်။ ကွန်စတင်ကျင်တွင် ရေဆုံးရေဖျားလိုက်ဖို့ ခွန်အား မရှိပေ။

စင်ရော်မကလေး နီနာသည် သူ့ဘဝမှ အပြီးအပိုင်ထွက်ခွာ၍ ကမ္ဘာလောကတစ်ခွင် အနံ့ ပျံသန်းသွားပြီးဖြစ်ကြောင်း သိလိုက်ရသော ကွန်စတင်ကျင်သည် အခန်းထဲသို့ ဝင်၍ သူ့ခေါင်းထဲသို့ သေနတ်ကျည်ဆန်များကို ပစ်သွင်းလိုက်လေသည်။

www.nyisay.com

## ရှိန်းဆာယာ (၁၈၉၇)

### အိတ် ဂျီ ဝဲ (၁၈၆၆–၁၉၄၆)

အိတ် ဂျီ ဝဲ ၏ ဝတ္ထုများစွာအနက် **ရှိန်းဆာယာ** ဝတ္ထုသည်လည်း သိပ္ပံဝတ္ထုသဘော သက်ဝင်သော လျှို့ဝှက်သည်းဖို ဝတ္ထုအဖြစ် ထင်ရှား၏။ ထိုဝတ္ထု၌ စာရေးဆရာသည် မှုခင်း၊ သည်းဖိုနှင့် သိပ္ပံတို့ကို ရောယှက် ဇာတ်အိမ်ဖွဲ့ထား၏။ ဇာတ်လမ်းမှာ အဆန်းတကြယ် ဖွဲ့ထားသော ဇာတ်လမ်းဖြစ်သည်။ လူတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှု စရိုက်သွင်ပြင်ကိုလည်း ဖော်ပြထားသည်။ သည်းထိတ်ရင်ဖိုဖွယ် ဇာတ်လမ်းတစ်ခု အဖြစ်လည်း စာဖတ်ပရိသတ်တို့ နှစ်သက်ခဲ့ကြသည်။ ရုပ်ရှင်ကားအဖြစ် ရိုက်ကူးပြသခဲ့ရာတွင်လည်း အောင်မြင်ခဲ့၏။ သို့ဖြင့် **ရှိန်းဆာယာ** ဝတ္ထုသည် ပိုမိုထင်ရှားလာ၏။

ကိုယ်ပျောက်စေရန် သိပ္ပံနည်းဖြင့် ဖန်တီးထားသော်လည်း ဝတ္ထုတစ်ပုဒ်လုံး၏ ဦးတည်ချက်သည် သိပ္ပံပညာ ဦးတည်ချက် မဟုတ်။ ထို့ကြောင့် ဤဝတ္ထုကို သိပ္ပံဝတ္ထုစစ်စစ် စာရင်းတွင် မဖော်ပြကြပေ။ သို့သော် အများကြိုက် ဝတ္ထုတစ်ပုဒ် အဖြစ်ကား ထင်ရှား၏။

ဝတ္ထု၏ အဓိကဇာတ်ဆောင်မှာ ဂရစ်ဖင်ဆိုသူ ဖြစ်သည်။ သူသည် သိပ္ပံပညာရှင် လူရွယ်တစ်ဦး ဖြစ်သည်။ အလင်းတိုင်းခြင်းဆိုင်ရာ သီအိုရီကို အခြေပြု၍ လူ့ခန္ဓာကိုယ်မှ ဆဲလ်များကို ထုတ်ချင်းခပ် မြင်နိုင်အောင် ဖန်တီး

www.nyisay.com



နိုင်ပါက လူ၏ခန္ဓာကိုယ်သည် ပျောက်နေလိမ့်မည် ဟူသော ယုံကြည်ချက်ဖြင့် ကိုယ်ပျောက်စွမ်းကို သုံးနှစ်ခန့် ရှာဖွေခဲ့၏။ ထိုလုပ်ငန်းအတွက် သူ့မှာ ငွေလို နေ၏။ ထိုအခါ ဖခင်ထံမှ ငွေကို အလိုမတူဘဲ ယူသုံးလိုက်သည်။ ထိုငွေမှာ ဖခင်ပိုင်ငွေ မဟုတ်။ အခြားလူတစ်ယောက်၏ ငွေဖြစ်သည်။ ထိုငွေကိစ္စကြောင့် ဖခင်ဖြစ်သူသည် သူ့ကိုယ်ကို သူ အဆုံးစီရင်သွားခဲ့၏။ နောက်ပိုင်းတွင် ဂရစ်ဖင် ၏ စမ်းသပ်ရှာဖွေမှုသည် အောင်မြင်ခဲ့လေသည်။ ထိုအခါ ဂရစ်ဖင်သည် သူ၏ စမ်းသပ်မှုကို ခြေရာဖျောက်ရန်အတွက် သူ့စမ်းသပ်ခန်းကို မီးရှို့ဖျက်ဆီးပစ် လိုက်သည်။

ထို့နောက်တွင်ကား ဂရစ်ဖင်သည် သူ့အစွမ်းဖြင့် လူအများ ထိတ်လန့် တုန်လှုပ်စေရန် စတင် ဖန်တီးလေတော့သည်။ အောက်စဖို့ လမ်းမပေါ်၌ ခြေရာ သာ တွေ့ရပြီး လူမတွေ့ရသော အဖြစ်ကြောင့် လူအများ ထိတ်လန့်လာကြသည်။ သို့ဖြင့် တစ်နေ့တွင် သူသည် ဆိုင်တစ်ဆိုင်မှ အဝတ်စ အချို့၊ မျက်မှန်နက်နှင့် မုတ်ဆိတ်အတုတို့ကို ခိုးယူကာ မိမိကိုယ်ကို တန်ဆာဆင်လိုက်သည်။ တစ်ကိုယ် လုံး အဝတ်ပတ်ထားသော ရုပ်သွင် ပေါ်လာ၏။ မျက်နှာကို မုတ်ဆိတ်မွေးဖြင့် ဖုံးလိုက်သည်။ မျက်မှန်နက်ကို တပ်လိုက်သည်။ ဤပုံသဏ္ဌာန်ဖြင့် သူသည် အစ်ပင်ဆိုသော အရပ်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဂရစ်ဖင်သည် အစ်ပင်တွင် ထမင်းဆိုင်တစ်ဆိုင်၌ တည်းသည်။ သူနှင့် အတူ စာအုပ်များ၊ ဆေးပုလင်းများနှင့် သိပ္ပံပစ္စည်းများလည်း ပါလာ၏။ သူ၏ ထူးခြားသောအသွင်ကြောင့် ဆိုင်ရှင်လင်မယား မသင်္ကာ ဖြစ်လာသည်။ တစ်ကြိမ် ၌ ဆိုင်ရှင်သည် သူ့အခန်းထဲသို့ ဝင်လာခဲ့မိရာ လူမတွေ့ရဘဲ အတွန်းခံလိုက်ရ၏။ ဆိုင်ရှင်မိန်းမသည် ဂရစ်ဖင် မျက်မှန်ဖြုတ်ထားစဉ် မျက်လုံးဟောက်ပက် ဖြစ်နေ သည်ကို တွေ့လိုက်ရ၏။ အစ်ပင်ရွာသားများ အဖို့လည်း ဂရစ်ဖင်သည် လူထူး လူဆန်း ဖြစ်လာသည်။ သူနှင့်ပတ်သက်၍ အယူအဆ အမျိုးမျိုး ပေါ်လာသည်။ အချို့က ဂရစ်ဖင်ကို ရောဂါသည်အဖြစ် ထင်ကြသည်။

တစ်ညတွင် ရွာဘုန်းကြီးအိမ်၌ ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်သည်။ ပထမ လှုပ်ရှားသံများကို ကြားရသည်။ ငွေသံကို ကြား၏။ ဖယောင်းတိုင် ထွန်းထား သည်ကိုလည်း တွေ့ရ၏။ နှာချေသံကိုလည်း ကြားရ၏။ သို့သော် လူကိုကား မတွေ့ရ။ ထိုအချိန်မှာပင် ဂရစ်ဖင် တည်းခိုနေသော အခန်းတွင်း၌ အိမ်ရှင်သည် ဂရစ်ဖင်ကိုယ်တွင် ရစ်ပတ်ထားလေ့ရှိသည့် အဝတ်စများကို တွေ့ရ၏။ ဆိုင် တံခါးဖွင့်ပြီး လူတစ်ယောက် ထွက်သွားသံကို ကြားရ၏။ တံခါးပွင့်သွားသည် ကိုလည်း မြင်ရ၏။ ဂရစ်ဖင်သည်လည်း အခန်းတွင်း၌ မရှိ။ သို့သော် မကြာခင်

www.nyisay.com



မှာပင် ဂရစ်ဖင်သည် ဘယ်က ဘယ်လို ပြန်ရောက်လာသည် မသိ။ အခန်းတွင်း၌ ဂရစ်ဖင် ပြန်ရောက်နေသည်ကို တွေ့ကြရလေ၏။

ဆိုင်ရှင်လင်မယားသည် ဂရစ်ဖင်ကို မသင်္ကာ ဖြစ်လာကြ၏။ ထို့ကြောင့် ဂရစ်ဖင်အား ဆိုင်တွင် ဆက်လက်တည်းခိုခွင့် မပေးနိုင်ကြောင်း ပြော၏။ သို့ဖြင့် ဆိုင်ရှင်လင်မယားနှင့် ဂရစ်ဖင်တို့ အချင်းများလာသည်။ ဆိုင်ရှင်က ပုလိပ် အကူအညီ တောင်းသည်။ ပုလိပ်တို့က ဂရစ်ဖင်ကို ဖမ်းရန် အားထုတ်သည်။ ဂရစ်ဖင်သည် သူ့ကို လာဖမ်းသူများကို ထိုးနှက်ပြီး ထိုသူများ မျက်မှောက်မှာပင် ကိုယ်ရောင် ဖျောက်လိုက်၏။

သို့ဖြင့် ရှိန်းဆာယာ ဂရစ်ဖင် အကြောင်းသည် ပြဿနာဖြစ်လာ၏။ သတင်းစာများတွင် ရှေ့တန်းသတင်း ဖြစ်လာ၏။ ဂရစ်ဖင်သည်လည်း ပိုမို လှုပ်ရှားလာ၏။ ကိုယ်ပျောက်ဘ၀ဖြင့် လုယက်မှုများ၊ ခိုးမှုများကို ကျူးလွန်လာ၏။ ပုလိပ်အဖွဲ့သည် ရှိန်းဆာယာကိုဖမ်းရန် ပိုမို အားစိုက်လာ၏။ တစ်ခါတွင် အရက်ဆိုင်တွင်းသို့ ဂရစ်ဖင် ဝင်လာသည်။ ပုလိပ်တို့က စောင့်ဖမ်း၏။ ရွာသား တစ်ယောက်က အသံကြားရာကို မှန်းပြီး သေနတ်နှင့် ပစ်သည်။

ထို့နောက် မကြာမီဖြစ်ပွားသော ဖြစ်ရပ်ကား ဒေါက်တာကမ့်၏ အိမ်တွင် ဖြစ်သည်။ ဒေါက်တာသည် သူ့အိပ်ခန်းသို့တက်သည့် လှေကားတွင် သွေးစက် များကို စ တွေ့ရခြင်း ဖြစ်သည်။ အိမ်ခန်းဝမှာလည်း သွေးစက်ကို တွေ့ရ၏။ အိပ်ရာမှာလည်း သွေးစက်ကို တွေ့ရသည်။ ဒေါက်တာသည် စဉ်းစားမရနိုင်အောင် ဖြစ်နေ၏။ ထိုစဉ် ဂရစ်ဖင်၏ အသံကို ကြားရသည်။ ဂရစ်ဖင်က သူ မည်သူ မည်ဝါ ဖြစ်ကြောင်း ပြောပြသည်။ ဂရစ်ဖင်နှင့် ဒေါက်တာကမ့်တို့သည် တက္ကသိုလ် တွင် အတူပညာသင်ခဲ့ကြသူများ ဖြစ်သည်။ ဂရစ်ဖင်မှာ ယခုအခါ သုံးရက်လုံးလုံး တိမ်းရှောင် ထွက်ပြေးလာခဲ့ရသည်ဖြစ်၍ မအိပ်ရသေးသောကြောင့် ဤတစ်ည အိပ်ခွင့်ပြုရန် တောင်းပန်၏။ အစာကိုလည်း တောင်း၏။

ဒေါက်တာသည် ကိုယ်ပျောက်သမား ဂရစ်ဖင်အကြောင်းကို သတင်းစာ များတွင် ဖတ်ခဲ့ရပြီး ဖြစ်သည်။ ထို့ကြောင့် ဤကိစ္စကို ပုလိပ်အဖွဲ့သို့ အကြောင်း ကြားသင့်သည်ဟု ယူဆသဖြင့် ပုလိပ်အဖွဲ့သို့ အကြောင်းကြားလိုက်သည်။

နောက်တစ်နေ့မနက်တွင် ဂရစ်ဖင်သည် သူ ကိုယ်ပျောက်ဆေးအတွက် စမ်းသပ်ခဲ့ပုံမှအစ သူ့အဖြစ်အပျက်ကို ဒေါက်တာကမ့်အား ပြောပြ၏။ ဂရစ်ဖင် သည် ကမ့်အိမ်ကို သူ့စခန်းပြုလုပ်ပြီး အနီးအပါး လူများကို အနှောင့်အယှက် ပေးရန် စီစဉ်၏။ ကမ့်သည် ဂရစ်ဖင်ကို လွတ်ထား၍ မဖြစ်တော့ဟု ယူဆလာ၏။ သို့သော် ဂရစ်ဖင် ထွက်ပြေးလေပြီ။ ထိုစဉ်မှာပင် လူသတ်မှုတစ်ခု ဖြစ်ပွားသည်။

www.nyisay.com



နောက်တစ်နေ့တွင် ဒေါက်တာကမ့်သည် ဂရစ်ဖင်ထံမှ စာတစ်စောင်ရ၏။ ဂရစ်ဖင်သည် ယခုအချိန်မှစ၍ ရက်စက်မှုကြီးများကို ကျူးလွန်တော့မည် ဖြစ်ကြောင်း၊ တစ်နေ့ လူတစ်ယောက်ကျ သတ်သွားမည် ဖြစ်ကြောင်းနှင့် ယနေ့ မွန်းတည့်တွင် ဒေါက်တာကမ့်ကို လာရောက်သတ်မည် ဖြစ်ကြောင်း အကြောင်းကြားလိုက်သောစာ ဖြစ်၏။

ကမ့်သည် ပုလိပ်အဖွဲ့ကို အကြောင်းကြားရသည်။ ပုလိပ်အဖွဲ့ အကူအညီဖြင့် ရှိန်းဆာယာကို စောင့်ဖမ်းရတော့သည်။ ထိုအဖြစ်ကား ရှိန်းဆာယာ၏ ဇာတ်သိမ်းခန်းတည်း။ မမြင်ရသော ရှိန်းဆာယာကို ဝိုင်းဝန်း တိုက်ခိုက်ဖမ်းဆီးရာ ရှိန်းဆာယာကို အသေဖမ်းမိလေတော့သည်။ ထိုအခါမှပင် ရှိန်းဆာယာ၏ ရုပ်သွင်သည်လည်း ပေါ်လာလေတော့၏။

ဤဝတ္ထုကို ၁၉၅၇ ခုနှစ်တွင် ဗိုလ်အေးမောင်က **လူလော နာနာဘာဝလော** အမည်ဖြင့် မြန်မာပြန် ထုတ်ဝေခဲ့သည်။ ထိုနှစ်အတွက် စာပေဗိမာန် ဘာသာပြန်ဆုရ စာအုပ် ဖြစ်ခဲ့၏။

www.nyisay.com

## လော့ဂျင် (၁၉၀၀)

### ဂျိုးဆက် ကွန်ရက် (၁၈၅၇-၁၉၂၄)

ကွန်ရက်သည် အင်္ဂလိပ်စာပေတွင် နာမည်ကျော် စာရေးဆရာ ဖြစ်သည်။ သူ့ဘဝ ထုပ္ပတ်ကြောင့် ထူးခြားသည့် စာရေးဆရာလည်း ဖြစ်သည်။ ဇာတိမှာ ပိုလန် လူမျိုးဖြစ်သည်။ ရုရှားပြည် ယူကရိန်းတွင် မွေးကာ ပိုလန်ပြည် ကရာကောမြို့ တွင် ကြီးပြင်းသည်။ ပြင်သစ်စာကို ငယ်စဉ်ကပင် ကောင်းကောင်းဖတ်နိုင်ပြီး ပြင်သစ်စကားကိုလည်း ရေရေလည်လည် ပြောနိုင်သည်။ ပင်လယ်ပျော် ဝတ္ထုများ ကို ဖတ်ကာ အားကျပြီး အရွယ်ရောက်လျှင် သင်္ဘောသားလုပ်ကာ ပင်လယ်သို့ လိုက်သည်။ ဆယ့်ခုနစ်နှစ်တွင် ပြင်သစ်ပြည် မာဆေးမြို့သို့ ရောက်လာသည်။ ထိုနောက် နှစ်ဆယ်ကျော်လျှင် အင်္ဂလန်ပြည်သို့ ရောက်လာပြီး အင်္ဂလိပ်စာကို သင်သည်။ အလွယ်တကူပင် တတ်သည်။ ထိုနောက် ဗြိတိသျှ ကုန်သင်္ဘောတွင် အရာရှိတစ်ယောက် ဖြစ်လာသည်။ တစ်ချိန်တွင် ကွန်ဂိုအဖျားရောဂါ ဖြစ်ရာမှ နာလန်ထလာသည့်အခါ စ၍ စာရေးစမ်းကြည့်သည်။ ချက်ချင်းကား မအောင် မြင်။ သို့သော်လည်း အင်္ဂလန်ပြည် ကင့်နယ်တွင် အခြေစိုက်ကာ စာပေနယ်သို့ လုံးလုံး ဝင်လိုက်တော့သည်။ အသက်အရွယ် ကြီးလာသည့်အခါတွင်မှ ထင်ရှား ကျော်ကြားလာသည်။

**လော့ဂျင်**သည် အလွန် ဇာတ်လမ်းထွေပြားသည့် လွမ်းဇာတ်တစ်ခု ဖြစ်သည်။ အချို့က ရှိတ်စပီးယား၏ **ဟင်းမလက်** အလွမ်းနှင့် ရိုးစွဲလိုက်သည်ဟု ဆိုကြသည်။ ဝတ္ထုပုံစံတွင်ကား ဟင်းမလက်လောက် မရှုပ်ထွေး။ သို့သော် ဝတ္ထုကို

www.nyisay.com



ဟိုရှုထောင့်က ပြောလိုက်၊ သည်ရှုထောင့်က ပြောလိုက်နှင့် အမျိုးမျိုးပြောင်းကာ ပြောသည်။ ဇာတ်ကြောင်းပြန်သည့်အထဲတွင် တစ်ဆင့်ထပ်၍ ဇာတ်ကြောင်းပြန်တို့ ပါသည်။ အချိန်ကာလ နောက်ခံသည် ရုတ်တရက် ပြောင်းသည့်အခါ ပြောင်းသည်။ ဤသို့ဖြင့် ကွန်ရက်သည် **လော့ဂျင်**ကို ကျွမ်းကျင်လိမ္မာစွာ လှလှပပ ရေးခြယ်နိုင်ခဲ့သည်။ ဝတ္ထုအနေနှင့်ကား အတတ်ပညာအရာတွင် တော်ပါပေသည်ဟု ချီးကျူးရသည့် ဝတ္ထုတစ်ပုဒ် ဖြစ်ပေသည်။

**လော့ဂျင်ဇာတ်လမ်းမှာ ဤသို့တည်း။**

တိုင်းရင်းသားတို့က သူ့ကို တူဝမ်ဂျင်ဟု ခေါ်ကြသည်။ အရှင်ဂျင် ဟူ၍ ကြီးမြတ်ခြင်း ဘွဲ့တစ်မျိုးပင် ဖြစ်သည်။ ဂျင်သည် ဘုန်းကြီးမျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည်။ သူသည် တော်တည့် ဖြောင့်မတ်သော လူကြီးလူကောင်းတစ်ယောက် ဖြစ်လိုသည်။ ကုန်သင်္ဘောတွင် ကြီးပြင်းခဲ့ရာ အလွန်တော်သည့် အရာရှိတစ်ယောက် ဖြစ်လိုသည်။

မာလိန်မှူးမာလိုသည် ဂျင်ကို ပတ္တနာသင်္ဘော အမှုစစ်ဆေးစဉ် စတင်သိရသည်။ ပတ္တနာသင်္ဘောမှ ကျန်အရာရှိများ၊ သင်္ဘောသားများသည် သတ္တိမရှိကြ။ အဖြစ်မှန်ကို ရင်မဆိုင်ရဲကြ။ ထွက်ပြေးကြသည်။ ဂျင်တစ်ယောက်သာ အဆိုးရွားဆုံးအဖြစ်ပင် ကြုံရစေ၊ ရင်ဆိုင်မည်ဟု ရဲရဲဝံ့ဝံ့ သတ္တိရှိရှိနှင့် တစ်ယောက်တည်း ရပ်တည်သည်။ ထိုအခါ အင်္ဂလိပ်အသိုင်းအဝိုင်းသည် ဂျင်၏အဖြစ်ကိုကြည့်ပြီး စိတ်မချမ်းမမြေ့ ဖြစ်ကြရသည်။ သူတို့က ဂျင်အား ထွက်ပြေးစေချင်ကြသည်။ အရာရှိတစ်ယောက်ကမူ ထွက်ပြေးနိုင်ရန် ငွေကြေးပင် ပေးကမ်းကူညီသည်။ သို့သော် ဂျင်က လက်မခံ။ သူ ထွက်မပြေး။ သူ့စိတ်ထဲ ဖြစ်နေသည့် ပြောမပြတတ်သည့် တစ်စုံတစ်ခုက သူ့ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရန် တိုက်တွန်းနေသည်ဟု ထင်သည်။ ဂျင်နှင့် တွေ့သည့်အခါ မာလိန်မှူးမာလိုသည် ဤသို့ပင် နားလည်လိုက်သည်။

အမှုစစ်ဆေးနေစဉ် တစ်နေ့တွင် တရားရုံး၌ မာလိုသည် ဂျင်ကို စတင်သိကျွမ်းရသည်။ ထိုအခိုက် တစ်စုံတစ်ယောက်က ရုံးခန်းထဲတွင်ရှိနေသည့် ခွေးတစ်ကောင်အား 'သောက်သုံးမကျ ခွေးအ'ဟု အော်ဟောက်သည့်အခါ ဂျင်သည် မာလိုကို ဒေါသတကြီး ရင်ဆိုင်သည်။ မာလိုက သူ့ကိုပြောခြင်း မဟုတ်ဟု နှစ်သိမ့်ရသည်။ ထိုအခါ ဂျင်သည် စိတ်ပျက်လက်ပျက်နှင့် ရုံးတော်မှ ထွက်သွားသည်။ ထိုနေ့က ရုံးမင်းရှေ့တွင် အဖြစ်အပျက်အတွင်း သရဲဘောနည်းခဲ့ပုံ၊ ကြောက်စိတ် ဝင်လာပုံတို့ကို ဝန်ခံခဲ့သည်။ ယင်းတို့ကို ပြန်စဉ်းစားမိသောအခါ သူ့မှာ များစွာ သိက္ခာကျရသည်ဟု အရှက်ကြီး ရှက်မိသည်။ ဂျင်သည် အသက်နှစ်ဆယ့် သုံးလေးနှစ်ထက် မကြီးသေးသော လူငယ်ဖြစ်သည်။ ရိုးသားသည်။

www.nyisay.com



သန့်ရှင်းစင်ကြယ်သည်။ သစ်လွင်သည်။ ထိုစိတ်ထားတို့ကို တွေ့ရသည့်အခါ မာလိုသည် သူ့ကို သနားလာသည်။ သူ့အတွက် စိတ်ထိခိုက်မိသည်။ ထို့ကြောင့် ထိုနေ့က သူနှင့်အတူ ညစာလိုက်စားရန် ဂျင်ကို ဖိတ်ခေါ်သည်။ ထိုညမှာပင် မာလိုသည် ဂျင်၏ ဇာတ်ကြောင်းကို သိရလေသည်။

ဂျင်သည် ပတ္တနာသင်္ဘောသို့ သင်္ဘောသားအဖြစ် လိုက်ခဲ့သည်။ သင်္ဘောမှာ ပင်လယ်သွားရန် မသင့်တော့။ ယင်း၏ မာလိန်မှူးသည်လည်း စိတ်ထားမကောင်း။ အရက်ကလည်း မိုးမလင်းသောက်သည်။ သူရဲဘောကလည်း အလွန်နည်းသည်။ သူတို့သင်္ဘောသည် ဘုရားဖူးသွားမည့် မလေးလူမျိုး ရှစ်ရာကိုတင်ကာ ခရီးထွက်ခဲ့သည်။ လမ်းခုလတ်တွင် ရုတ်တရက် ချက်ချင်း သင်္ဘော မာလကာခေါင်းထဲမှ အကန့်များ ကြွတက်လာကာ နစ်တော့မည့် အခြေအနေဆိုးနှင့် ရင်ဆိုင်ရသည်။ အချိန်မှာလည်း ညကြီးမင်းကြီး ဖြစ်နေသည်။ ခရီးသည်များလည်း အိပ်နေကြသည်။ သင်္ဘောတစ်ခုလုံးတွင်မှ အသက်ကယ်လှေ ခုနစ်စီးသာ ရှိသည်။ သင်္ဘောသည် စက္ကန့်ပိုင်းအတွင်း နစ်သွားနိုင်သည်။ ခရီးသည် ရှစ်ရာစလုံးကို ကယ်နိုင်ဖို့ကလည်း လမ်းမမြင်။ ဘယ်သူ ကယ်နိုင်ပါ့မလဲ။ သို့ဖြစ်ရာ မျက်နှာဖြူ အရာရှိများသည် အသံမပေးဘဲ၊ အန္တရာယ်ခေါင်းလောင်း မပေးဘဲ အသက်ကယ်လှေလေးများကို ရေထဲသို့ ချကြသည်။ သူတို့အထဲတွင် ဂျင် မပါ။ သူတို့က ဂျင်အား သူတို့ကို ကူညီရန် ပြောသည်။ ဂျင်သည်လည်း ဘာလုပ်ရမှန်း မသိဘဲ တွေဝေကာ ရပ်နေမိသည်။ နောက်ဆုံးတွင် ဂျင်လည်း လွတ်ရာသို့ ခုန်ချလိုက်သည်။

ဂျင်သည် သူ့အပေါင်းအဖော်များကို မုန်းသည်။ သူ့ကိုယ်သူလည်း မုန်းတီး ရွံရှာမိသည်။

ပတ္တနာသင်္ဘောကား မမြုပ်။ ပြင်သစ် စစ်သင်္ဘောတစ်စီးက မျောချင်တိုင်း မျောနေသော ပတ္တနာကိုမြင်ကာ ဆိပ်ကမ်းသို့ ခေါ်လာသည်။ သို့နှင့် သင်္ဘောကို ပြစ်ပြောမှုကြီး ဖြစ်ပေါ်လာရလေသည်။

စုံစမ်းရေးအဖွဲ့က ပတ္တနာသင်္ဘောမှ အရာရှိတို့သည် သူတို့၏ ရိုးရိုးတာဝန်ဝတ္တရားတစ်ခုကိုပင် ပျက်ကွက်သဖြင့် ရေကြောင်းအရာရှိ လက်မှတ်များကို သူတို့ထံမှ ရုပ်သိမ်းလိုက်သည်။

မာလိုသည် ဂျင်ကို သူ့အခန်းသို့ ခေါ်လာခဲ့သည်။ ခဏကြာလျှင် ဂျင်မှာ စိတ်သက်သာရာ ရလာသည်။ မာလိုက ဂျင်အား သူ့မိတ်ဆွေဟောင်း ဆန်စက်ပိုင်ရှင် တစ်ယောက်ထံ အပ်နှံပေးသည်။ ဤသို့ဖြင့် ဂျင်၏စိတ်ဓာတ်ကို ပြန်လည်တက်ကြွလာအောင် လုပ်ပေးသည်။

www.nyisay.com



ဂျင်သည် အလုပ်သစ်တွင် ပျော်ရွှင်လာသည်။ မာလို၏ မိတ်ဆွေကလည်း ဂျင်ကို သဘောကျသည်။ သို့ဖြစ်ရာ ဂျင်၏ ရှေ့ရေးမှာ ဖြောင့်ဖြူးသာယာနေပြီ။ ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ချင်တော့ ဆန်စက်အလုပ်သမားအဖြစ် ပတ္တနာသဘော်၊ အရာရှိဟောင်းတစ်ယောက် ဝင်လာသည်။ ထိုပုဂ္ဂိုလ်သည် ဂျင်နှင့် တွေ့လျှင် စကားတစ်ခွန်းမျှ မပြောသော်လည်း သူ့အမူအရာတို့ကို မြင်နေရသော ဂျင်မှာ စိတ်ဒုက္ခ ရောက်လာသည်။ ယခင် အဖြစ်ဟောင်းတို့ကို ပြန်၍ အမှတ်ရလာသည်။ သို့နှင့် ဂျင်သည် ဆန်စက်မှ ချက်ချင်း လစ်ပြေးတော့သည်။

ထိုနောက်တွင်ကား ဂျင်သည် အရှေ့အာရှတစ်ခွင်တွင် ခြေသလုံးအိမ်တိုင် အဖြစ် ဟိုမြို့ရောက်၊ သည်မြို့ရောက် ရောက်ခဲ့သည်။ သူနှင့် တွေ့သူတိုင်းက ဂျင်ကို သဘောကျကြသည်။ သို့သော် သူ့ရင်ထဲတွင်ကား ပတ္တနာအရေးအခင်းသည် အမည်းစက်ကြီးတစ်ခုလို ကြီးစိုးနေသည်။ ထိုအမည်းရိပ်မှ လွတ်အောင် ရုန်း၍ မရနိုင် ရှိနေသည်။

နောက်ဆုံးတွင် မာလိုသည်လည်း ဂျင်အတွက် စိတ်ညစ်လာသည်။ ထို့ကြောင့် မာလိုသည် စတိန်းနှင့်တွေ့ကာ တိုင်ပင်သည်။ စတိန်းကား စတိန်းနှင့် ကုမ္ပဏီ၏ အကြီးအကဲဖြစ်သည်။ ချမ်းသာသည်။ ရိုးသားသည်။ အများ၏ လေးစားခြင်း ခံရသည်။ သတ္တိရှိသည်။ သူသည် ကုန်သည်ဖြစ်သည်။ သူ ချမ်းသာလာသည်မှာ ကွယ်လွန်သူ စကော့လူမျိုးတစ်ယောက်၏ ကျေးဇူးကြောင့်ဖြစ်သည်။ သို့နှင့် ဂျင်အကြောင်း သိရလျှင် ချက်ချင်းပင် ရောဂါကို သိလိုက်သည်။ 'ဒီကောင်လေးဟာ စိတ်ကူးယဉ်တဲ့ ရောဂါပဲ' ဟု ဆိုသည်။ မှန်သည်။ ဂျင်သည် သူ့ကိုယ်သူ ပျက်စီးအောင်လုပ်နေသည်။ ဤသည်မှာ ခွင့်လွှတ်နိုင်ဖွယ် မရှိ။

စတိန်းက ဂျင်အား သူ့ကုမ္ပဏီခွဲရှိရာ ခပ်ဝေးဝေးဒေသဖြစ်သည့် ပါတူဆန်ကျွန်းသို့ ပို့ရန် ဆုံးဖြတ်သည်။ ထိုဒေသတွင် မပျော်ခါမှ ရှိစေ၊ သူ့အတိတ်ကိုကား သူ မေ့လို့ရမည် ထင်သည်။ ထိုသို့ ယူဆကာ စတိန်းသည် ဂျင်အား ကျွန်းကလေးသို့ ပို့လိုက်သည်။ စတိန်း၏ မိတ်ဆွေဟောင်း ဒိုရာမင်တစ်ယောက် ထိုကျွန်း၌ ရှိသည်။ သူ့ထံသို့လည်း ဂျင်နှင့်အတူ လက်စွပ်တစ်ကွင်း လက်ဆောင်ပါးလိုက်သည်။ မာလိုသည် ဂျင်ကို ဤသို့ လွှတ်လိုက်ရသည်မှာ စိတ်မကောင်း၊ သို့သော် မတတ်နိုင်။

ပါတူဆန်သို့ ရောက်သည့်အခါ ကျွန်းပိုင်ရာဇာက ဂျင်ကိုဖမ်းကာ ထောင်ထဲသို့ လေးရက်လောက် ထည့်ထားသည်။ ဂျင်သည် ထောင်မှထွက်ပြေးကာ ဒိုရာမင်ထံသို့ အကူအညီတောင်းသည်။ ကျွန်းပိုင်ရာဇာသည် ကုန်သည်တစ်ပိုင်း ဖြစ်သည်။ သူသည် ဂျင်ကို သတ်ပစ်လိုက်ချင်သည်။ သို့သော် ဒိုရာမင်က ရှေ့မှ

www.nyisay.com



မားမားမတ်မတ် ရပ်သဖြင့် သက်သာရာရသည်။ ဒိုရာမင်၏သား ဒိန်းဝါရစ်နှင့် ဂျင်တို့မှာ ရင်းနှီးလာကြသည်။ ကျွန်းပေါ်တွင် ဂျင်တစ်ယောက်နေရန် ကျွန်းပိုင်ရာဇာက နောက်ဆုံးတွင် သဘောပေါက်ကာ ခွင့်ပြုလိုက်ရသည်။

နောင် နှစ်နှစ်ရှိသည့်အခါ မာလိုသည် ပါတူဆန်သို့ အလည်အပတ်ရောက်လာသည်။ ထိုအခါ ဂျင်တစ်ယောက် ကျွန်းပေါ်တွင် နေသားကျနေပြီကို တွေ့ရသည်။ သူသည် ကျွန်းသားများအလယ်တွင် ရေပန်းစားနေသည်။ သူသည် သတ္တိရှိလာသည်။ သူ့ကိုယ်သူ ယုံကြည်လာသည်။ ယှဉ်ပြိုင်လိုက်လျှင် အမြဲလို အနိုင်ရသည်။ သူကား အပြောင်းလဲကြီး ပြောင်းလဲလာပြီ။ သူ့အကြောင်းမှာ ပြောမဆုံးနိုင်သည့် ပုံပြင်လို ဖြစ်လာသည်။

စတိန်းကုမ္ပဏီခွဲတွင် အရင်က ဂျင့်နေရာ၌ လုပ်ကိုင်ခဲ့သူမှာ ကော်နီလိယတ် ဖြစ်သည်။ သူသည် စိတ်ထားမကောင်းသော အဘိုးကြီးတစ်ယောက်ဖြစ်သည်။ သူ့ဇနီး အချောအလှ ကပြားမလေးကို စတိန်းက မျက်စိကျနေသဖြင့် ထိုအလုပ်ကို ကော်နီလိယတ်အား ပေးခဲ့ခြင်း ဖြစ်သည်။ ယခုမူ ထိုမိန်းမလည်း သေပြီ။ ထိုမိန်းမတွင် အရင်ယောကျ်ားနှင့် ရခဲ့သည့် သမီးတစ်ယောက် ရှိသည်။ ထိုသမီးပျိုသည် နေစရာ မရှိသဖြင့် ကော်နီလိယတ်နှင့် နေရသည်။ အဘိုးကြီးလက်မှ လွတ်ရန် လမ်းမမြင်။ သူ့ကို ဂျင်က ရတနာနတ်မယ်ဟု တင်စားခေါ်သည်။ မာလိုတစ်ယောက် ကျွန်းပေါ်သို့ ရောက်သည့်အချိန်တွင် ဂျင်နှင့် ရတနာနတ်မယ်တို့မှာ ချစ်ကြိုးသွယ်နေကြပြီ။ သူ့တို့မှာ အချစ်ကြီး ချစ်နေကြသည်။ ဂျင်ကို ရတနာနတ်မယ်က အစွဲကြီး စွဲနေသည်။ ကော်နီလိယတ်က ဂျင်အား ကျွန်းမှ ထွက်ပြေးမည်ဆိုလျှင် ဒေါ်လာရှစ်ဆယ် ပေးမည်ဟု သွေးဆောင်သည်။ သို့သော် ဂျင်က ငြင်းလိုက်သည်။ ထိုအခါ ကော်နီလိယတ်က ဂျင်ကို မျက်ခြည်ပြတ် မခံတော့။ ထိုအတောအတွင်းမှာပင် ရတနာနတ်မယ်သည် ဂျင်ကိုချစ်သည့်စိတ်ဇောကြောင့် မာလိုကို မုန်းတီးလာသည်။ မာလိုကို ကြောက်လည်း ကြောက်သည်။ သူ့ချစ်သူ ဂျင်ကို မာလိုက ခေါ်သွားလိမ့်မည်ဟု ထင်နေသည်။ ထို့ကြောင့် သူ့စိတ်ထဲက မာလိုကို အလိုလိုပင် မကြည်ဖြူ ဖြစ်နေသည်။ ဂျင်ကမူ သူသည် အခြားလောကနှင့် မအပ်စပ်။ ဤကျွန်းကလေးတွင်သာ နေထိုင်လို့ ရသည်။ ထို့ကြောင့် ဘယ်ကိုမှ ထွက်မပြေးပါဟု ရတနာနတ်မယ်အား ကတိပေးသည်။ သို့ငြားလည်း မယုံကြည်နိုင်။ သို့နှင့် မာလိုတစ်ယောက်လည်း ဂျင်ကို နောက်တစ်ခါတွေ့ဖို့ ရှိတော့မည်မဟုတ် ဟူသော အသိဖြင့် ကျွန်းကလေးမှ ခွာသွားလေပြီ။

ဂျင်၏ ဘဝနိဂုံးကား ရောက်လာပြီ။ လူကြီးလူကောင်း အမည်ခံ ဗရောင်း

www.nyisay.com



ဆိုသူ လူဆိုးတစ်ယောက်သည် ကျွန်းသို့ရောက်လာပြီး သူ့သဘော်သားများ အတွက် အစားအစာ ရှာသည်။ ပါတူဆန်သို့ တက်လှျင် တိုက်ပွဲလေး ဖြစ်သည်။ သူ့ကို ဝိုင်းထားလိုက်သည်။ ဂျင်က ဗရောင်းနှင့် ပြောဆိုစေ့စပ်ကာ လွှတ်လိုက်ဖို့ ဆုံးဖြတ်သည်။ သို့သော် ကော်နီလိယတ်သည် ဗရောင်းကို ငွေနှင့်ဆွယ်ကာ မြို့လေးကို တိုက်ဖို့ သွေးဆောင်သည်။ ထိုတိုက်ပွဲတွင် ဒိုရာမင်၏သား ဒိန်းဝါရစ် ကျဆုံးသည်။ ဤသို့ ဖြစ်ရသည်မှာ ဂျင်တွင် တာဝန်ရှိသည်ဟု ကျွန်းသားတို့က ထင်သည်။ ထိုအခါ ဂျင်သည် ရတနာနတ်မယ်၏ စကားကို နားမထောင်ဘဲ ဒိန်းဝါရစ်၏ အဖေနှင့် ရင်ဆိုင်သည်။ နောက်ဆုံးတွင် ဒိုရာမင်က ဂျင်ကို ပစ်သတ်လိုက်သည်။

ရတနာနတ်မယ်က ခိုကိုးရာ မရှိသည်တွင် စတိန်းထံ၌ ခိုလှုံလေသည်။ သူ့ချစ်သူ ဂျင်အပေါ်လည်း မကျေနပ်။ သူ့ကို ရက်ရက်စက်စက် ပစ်ထားခဲ့သည်ဟု စိတ်ဆင်းရဲနေရလေသည်။ သို့သော်လည်း မာလို၏ စိတ်ထဲတွင်ကား ဂျင် တစ်ယောက် သေခါနီးတွင် ပျော်ရွှင်မှု ရသွားသည်ဟု ထင်သည်။ သူသည် သေတော့မည့်အခါ ခေါင်းမော့ကာ ခပ်ကြွားကြွားပင် လောကကြီးကို ရဲရဲဝံ့ဝံ့ ကြည့်သွားသည်ဟု သိရလေသည်။

www.nyisay.com

## ဗာစကာဗီး ခွေးကြီး (၁၉၀၂)

### ဆာ အာသာ ကိုနင် ဒွိုင်း (၁၈၅၉–၁၉၃၀)

ကမ္ဘာ့စာပေတွင် စုံထောက်ဝတ္ထုများကို အများအားဖြင့် အများကြိုက်ဝတ္ထုများဟု သတ်မှတ်ကြပါသည်။ စုံထောက်ဝတ္ထုများထဲမှာ စာပေဂန္ထဝင်စာရင်းတွင် တင်သွင်း အသိအမှတ်ပြုခြင်း ခံရသော ဝတ္ထုများမှာ အလွန်ပင် နည်းပါသည်။ ယင်းသို့ စာပေဂန္ထဝင်မြောက် စုံထောက်ဝတ္ထုအနည်းငယ်တွင် ဆာအာသာ ကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်း ဝတ္ထုများ ပါဝင်ပေသည်။

ကိုနင်ဒွိုင်းသည် ၁၈၈၆ ခုနှစ်လောက်မှစ၍ ရှားလော့ဟုမ်း ဝတ္ထုများကို စတင်ဖန်တီးခဲ့ရာ ၁၈၉၂ ခုနှစ် နောက်ပိုင်းတွင် သူ ရေးနေသော ဝတ္ထုများနှင့် ပတ်သက်၍ သူ ငြီးငွေ့လာပါသည်။ သို့ဖြင့် သူသည် သူ့ဇာတ်ဆောင် ရှားလော့ဟုမ်းကို အဆုံးစီရင်ကာ သူ၏ ရှားလော့ဟုမ်း ဝတ္ထုများကို အပြီးသတ်ခဲ့တော့သည်။ ထိုအခါ စာဖတ်ပရိသတ်သည် ရှားလော့ဟုမ်း သေဆုံးရခြင်းနှင့် ပတ်သက်၍ မကျေမနပ် ဖြစ်လာကြသည်။ ရှားလော့ဟုမ်းကို လူဆိုးကြီး မော်ရီယာတီက သတ်ဖြတ်လိုက်ခြင်းနှင့် ပတ်သက်၍ စာဖတ်ပရိသတ်သည် စာရေးဆရာကို အပြစ်တင်လာကြ၏။ ထိုစဉ်မှာပင် ၁၉၀၁ ခုနှစ်တွင် ကိုနင်ဒွိုင်းသည် မိတ်ဆွေတစ်ယောက်ထံမှ အဖြစ်အပျက်တစ်ခုကို ကြားသိရသဖြင့် ယခု **ဗာစကာဗီး ခွေးကြီး** ဝတ္ထုကိုရေးပြီး ရှားလော့ဟုမ်းကို ပြန်လည် အသက်သွင်းပေးလိုက်ခြင်း

www.nyisay.com



ဖြစ်သည်။ ထို့ကြောင့် ယခုဝတ္ထုသည် ရှားလော့ဟုမ်း ပြန်လည်ရှင်သန်လာသော ဝတ္ထုဟု ဆိုနိုင်ပေသည်။

ဇာတ်လမ်းကို အမှုသည်တစ်ယောက် ကျန်ရစ်ခဲ့သော လက်ကိုင်တုတ်တစ်ချောင်းနှင့် ပတ်သက်၍ ဇာတ်ကြောင်းပြန်သူ ဒေါက်တာဝပ်ဆန်နှင့် ရှားလော့ဟုမ်းတို့ ဆွေးနွေးခန်းမှ စ လေသည်။ ယင်းသို့ ဆွေးနွေးစဉ် လက်ကိုင်တုတ်ပိုင်ရှင် ဒေါက်တာမော်တီမာသည် ရှားလော့ဟုမ်းထံသို့ ပြန်လာခြင်းဖြစ်သည်။

ဒေါက်တာမော်တီမာသည် သူ၏ လူနာလည်းဖြစ်၊ မိတ်ဆွေလည်းဖြစ်သော ဆာချားဗာစကာဗီး ရုတ်တရက် သေဆုံးရခြင်းနှင့် ပတ်သက်၍ စုံထောက် ရှားလော့ဟုမ်းထံ လာရောက် အကြောင်းကြားခြင်း ဖြစ်သည်။ ဒေါက်တာမော်တီမာက ဗာစကာဗီး မိသားစုများအကြောင်း အထောက်အထားကို ပြ၏။ ဆာချား ဗာစကာဗီးသည် ဗာစကာဗီးခြံကြီးကို မဆက်ခံမီက ဟူဂို ဗာစကာဗီးက ဆက်ခံခဲ့၏။ ဟူဂိုသည် လူဆိုး လူရမ်းကားတစ်ဦး ဖြစ်သည်။ သူတို့ခြံကြီးအနီးရှိ လယ်သမားတစ်ယောက်၏ သမီးကို အလိုမတူဘဲ သိမ်းပိုက်ခဲ့ခြင်း ဖြစ်သည်။ မိန်းကလေးသည် အသိမ်းပိုက်ခံရသော ညကပင် ဗာစကာဗီးခြံကြီးမှ ထွက်ပြေးခဲ့သည်။ ထိုအခါ ဟူဂိုသည် သူ၏ အမဲလိုက်ခွေးများနှင့်အတူ မိန်းကလေးကို လိုက်လံရှာဖွေရာ မိန်းကလေး သေဆုံးရသလို ဟူဂိုလည်း သေဆုံးခဲ့ရ၏။ ဤတွင် ဟူဂိုမှာ အလွန်ကြီးမားသော ခွေးနက်ကြီး တစ်ကောင်၏ ဒဏ်ချက်ဖြင့် သေရခြင်း ဖြစ်သည်။

ထိုအခါမှစ၍ ဗာစကာဗီးခြံကြီး၏ တစ်ဖက်ကွင်းပြင်၌ သာမန်ခွေးတို့ထက် ကြီးမားသော ခွေးနက်ကြီးတစ်ကောင် ပေါ်ပေါက်လာပြီး ဗာစကာဗီး အနွယ်များကို ရန်ရှာခဲ့လေသည်။

ဗာစကာဗီးခြံကြီးကို ဆာချား ဆက်ခံခဲ့ရာတွင်လည်း ခွေးနက်ကြီး၏ ခြောက်လှန့်ခြင်းကို ခံရ၏။ နောက်ဆုံးတွင် ဆာချားသည် မူလက နှလုံးရောဂါ ဓာတ်ခံရှိသည့်အတိုင်း တစ်ညတွင် ရုတ်တရက် ကွယ်လွန်ခဲ့ရခြင်း ဖြစ်သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဒေါက်တာမော်တီမာသည် ခွေးနက်ကြီး၏ ပယောဂ မကင်းဟု ယူဆသည်။ ယခုအခါ ထိုဒေသတစ်ဝိုက်တွင် ထိုခွေးကြီးကို နာနာဘာဝ အဖြစ် ယူဆနေကြသည်လည်း ဖြစ်ပေသည်။ ထို့ကြောင့် ဤကိစ္စကို ရှားလော့ဟုမ်းအား စုံစမ်းပေးရန် လာရောက် အကြောင်းကြားခြင်း ဖြစ်သည်။

ထို့ပြင် ထိုအချိန်က မော်တီမာ လန်ဒန်သို့ ရောက်နေခြင်းမှာ ဗာစကာဗီး အမွေဆက်ခံသူ ဆာဟင်နရီကို လာရောက်ကြိုဆိုခြင်းလည်း ဖြစ်ကြောင်း

www.nyisay.com



ပြောပြ၏။ ဗာစကာဗီးခြံကြီးမှာ ဆာချား အမွေဆက်ခံခဲ့သည်မှ စ၍ ဆာချား၏ နဂို စီးပွားများ၏ အမွေခံ ပစ္စည်းဥစ္စာ များပြားခဲ့၏။ သို့သော် ဟူဂို မရှိသည့်နောက်တွင် ဗာစကာဗီး အမွေဆက်ခံနိုင်ခွင့် ရှိသူများမှာ ဆာချား၊ ရော့ဂျာနှင့် ဆာဟင်နရီတို့၏ ဖခင်သာ ကျန်တော့၏။ ရော့ဂျာမှာ ဟူဂိုကဲ့သို့ပင် လူဆိုး လူတေတစ်ယောက် ဖြစ်၏။ အမေရိကတွင် ကွယ်လွန်ခဲ့ပြီဖြစ်ရာ ဆာချား မရှိသည့်နောက်တွင် ဟင်နရီ၏ အဖေတစ်ဦးသာ ကျန်တော့၏။ ဟင်နရီ၏ အဖေမှာလည်း မရှိတော့။ ထို့ကြောင့် တရားဝင် အမွေဆက်ခံနိုင်ခွင့် ရှိသူမှာ ဟင်နရီ တစ်ယောက်သာ ဖြစ်၏။ ထို့ကြောင့် မော်တီမာသည် အမေရိကတွင်ရှိနေသော ဟင်နရီထံ အကြောင်းကြားရသည်။ ဟင်နရီသည် အင်္ဂလန်သို့ ပြန်လာသည် ဖြစ်ရာ ယခုကဲ့သို့ မော်တီမာက လာရောက်ကြိုဆိုခြင်း ဖြစ်၏။

နောက်ရက်တွင် မော်တီမာသည် ဟင်နရီကိုပါ ခေါ်၍ ရှားလော့ဟုမ်းထံ လာခဲ့သည်။ ဟင်နရီသည် လန်ဒန်တွင် ရှိစဉ် သူ့ဖိနပ်များ ပျောက်ဆုံးခြင်း၊ သူနှင့် မော်တီမာနောက်မှ လူတစ်ယောက် နောက်ယောင်ခံ လိုက်ခြင်း အဖြစ်များကို ကြုံရ၏။ ထို့ကြောင့် ဗာစကာဗီးခြံသို့ ဟင်နရီ သွားသောအခါ ရှားလော့ဟုမ်းသည် သူ့မိတ်ဆွေ ဝပ်ဆန်ကို ဟင်နရီကို စောင့်ရှောက်ရန်နှင့် ဗာစကာဗီးခြံ ပတ်ဝန်းကျင်အခြေအနေနှင့် အပေါင်းအသင်းများအကြောင်းကို လေ့လာရန် ထည့်လိုက်သည်။

ဝပ်ဆန်သည် ဟင်နရီနှင့်အတူ ဗာစကာဗီးခြံ ပတ်ဝန်းကျင်ကို လေ့လာ၏။ ပတ်ဝန်းကျင် အိမ်နီးနားချင်းများကို လေ့လာ၏။ ဝပ်ဆန် ထိုဒေသသို့ ရောက်သည်နှင့် မရှေးမနှောင်းပင် ထိုဒေသ၌ လူသတ်သမားတစ်ဦး ထောင်မှ ထွက်ပြေး တိမ်းရှောင်နေသည်ဟု သတင်းဖြစ်၏။ ဝပ်ဆန်သည် ထိုဒေသသို့ ရောက်ပြီး ပထမဆုံးတွေ့သူမှာ စတက်ပယ်တန်ဖြစ်သည်။ သူသည် နှမဖြစ်သူနှင့် အတူ မဲရစ်ပစ်အိမ်ကြီးတွင် နေထိုင်သူဖြစ်သည်။ ထိုနယ်မြေကို ကျွမ်းကျင်သည်။ နွံရှိသော ကွင်းပြင်ကြီးကို နွံနစ်မခံရဘဲ ဖြတ်ကူးနိုင်သူလည်း ဖြစ်၏။ ထိုစဉ် စတက်ပယ်တန်၏ ညီမ ရောက်လာပြီး ဒေါက်တာဝပ်ဆန်ကို ဟင်နရီအမှတ်ဖြင့် ထိုအရပ်မှ ပြန်ထွက်သွားရန် ပြောလာ၏။

ထိုအခါမှစ၍ ဒေါက်တာဝပ်ဆန်သည် သူ တွေ့ရသမျှ ပုဂ္ဂိုလ်များ အကြောင်းနှင့် အဖြစ်အပျက်များ အကြောင်းကို ရှားလော့ဟုမ်းထံ စာရေး ပေးပို့ခဲ့၏။ ယင်းတို့တွင် ဆာဟင်နရီနှင့် စတက်ပယ်၏ ညီမတို့ ငြိစွန်းစ ပြုလာပြီ ဖြစ်သည့် အကြောင်းလည်း ပါ၏။ ဝရမ်းပြေး လူသတ်သမားအကြောင်းလည်း ပါ၏။ အခြား အိမ်နီးချင်းတစ်ဦးဖြစ်သော ဖရန်ကလင်ဆိုသည့် အဘိုးကြီး

www.nyisay.com



တစ်ယောက် အကြောင်းလည်း ပါ၏။ ထိုကာလမှာပင် ဗာစကာဗီးခြံကြီးတွင် မျိုးစဉ်မျိုးဆက် အမှုထမ်းခဲ့သော ဗယ်ရီမိုး၏ ထူးခြားသော မသင်္ကာဖွယ်အဖြစ်ကို တွေ့ရ၏။ ဗယ်ရီမိုးသည် ညညတွင် အခန်းတစ်ခုတွင်းမှနေပြီး မီးအိမ်ထွန်း၍ ကွင်းပြင်ကို ကြည့်တတ်သော အဖြစ်အပျက် ဖြစ်၏။ ထိုအတွင်းမှာပင် စတက်ပယ်တန်၏ နှမနှင့် ဆာဟင်နရီတို့ ဆက်ဆံရေးကို စတက်ပယ်တန် သင်္ကာမကင်းဖြစ်လာ၏။ အပြစ်ပြော၏။ ထို့ကြောင့် ဆာဟင်နရီသည် စတက်ပယ်တန်၏ ညီမကို သုံးလအတွင်း သွေးရိုးသားရိုး ဆက်ဆံပါမည်ဟု ကတိပေးထား၏။

တစ်ညတွင် ဆာဟင်နရီနှင့် ဒေါက်တာဝပ်ဆန်တို့သည် ဗယ်ရီမိုး၏ လှုပ်ရှားမှုကို ချောင်းကြသည်။ မိသည်။ ကွင်းပြင်ဘက်သို့ မီးထိုးပြရသော အကြောင်းကို မေး၏။ ဗယ်ရီမိုးက မပြော။ ထိုအခါ ဆာဟင်နရီသည် ဗယ်ရီမိုးကို အလုပ်မှ ထုတ်မည်ပြု၏။ ထိုအခါကျမှ ဗယ်ရီမိုး၏ မိန်းမက ဝါးရမ်းပြေး လူသတ်သမားမှာ သူ့မောင်ဖြစ်၍ သူ့မောင်အတွက် လိုက်ပို့ရန် အချက်ပြခြင်း ဖြစ်ကြောင်း ပြော၏။

ထိုညမှာပင် ဟင်နရီနှင့် ဝပ်ဆန်တို့သည် လူသတ်သမားကို ဖမ်းရန် လူသတ်သမားရှိရာသို့ လာရှာသေး၏။ လူသတ်သမားကို မတွေ့ရဘဲ မသင်္ကာဖွယ် လူရိပ်တစ်ခုကိုသာ မြင်ရ၏။ ခွေးသံကို ကြားရ၏။

နောက်နေ့တွင် ဗယ်ရီမိုးမှတစ်ဆင့် ဆာချားလ် သေဆုံးရမှုနှင့် ပတ်သက်၍ လော်ရာလိုင်းရင်း ဆိုသော မိန်းမတစ်ယောက် ပါဝင်ပတ်သက်နေကြောင်း သဲလွန်စရ၏။ ထိုမိန်းကလေးမှာ ဖရန်ကလင်၏ သမီးဖြစ်၏။ သို့သော် ဖရန်ကလင်က ပစ်ထားသည်။ ဝပ်ဆန်သည် လိုရင်းကို သွားတွေ့၏။ လိုရင်းဆီက စုံစမ်းရသမျှကိုလည်း ရေးမှတ်ထား၏။ ဝပ်ဆန်သည် လိုရင်းဆီမှ အပြန်တွင် ဖရန်ကလင်နှင့် တွေ့ရာ ဖရန်ကလင်က သူ့အိမ်အပေါ်ထပ်မှ မှန်ပြောင်းဖြင့်ကြည့်ရာ ကွင်းပြင်တွင်း၌ တွေ့ရသည့် ထူးခြားချက်ကို ပြောပြ၏။ ဝပ်ဆန်သည် ဖရန်ကလင်၏ မှန်ပြောင်းဖြင့်ကြည့်ရာ လူငယ်တစ်ယောက် ရိက္ခာလာပို့နေသည်ကို မြင်ရ၏။ ထိုရိက္ခာမှာ လူသတ် ဝရမ်းပြေးအတွက် ဖြစ်ရမည်ဟု ယူဆရသည်။ ဤသို့ဆို ရိက္ခာကို ဗယ်ရီမိုးတို့ ပို့သည်ဆိုသည်မှာ မဖြစ်နိုင်ပေ။ ထို့ကြောင့် ဝပ်ဆန်သည် သူငယ်ကလေးနောက် ခြေရာခံလိုက်ခဲ့၏။ ထိုအခါ ဤဒေသသို့ ကာလအတန်ကြာကပင် လျှို့ဝှက်ရောက်နေသော ရှားလော့ဟုမ်းနှင့် တွေ့ရခြင်း ဖြစ်သည်။ ဝပ်ဆန်သည် ရှားလော့ဟုမ်းနှင့် စကားကောင်းစဉ် မှောင်လာသည်။ ထိုစဉ် အဖြစ်အပျက်တစ်ခု ဖြစ်သည်။ သူတို့နှစ်ဦးနှင့် မလှမ်းမကမ်းတွင် လူတစ်ယောက်ကို ခွေးနက်ကြီးက သတ်လိုက်ခြင်း ဖြစ်၏။ ခွေးနက်ကြီးကို မတွေ့ရတော့။

www.nyisay.com



သေသူမှာ ဆာဟင်နရီ၏ အင်္ကျီဟောင်းတစ်ထည်ကို ဝတ်ထားသော လူသတ်သမား ဝရမ်းပြေး ဖြစ်နေ၏။ ထိုစဉ် စတက်ပယ် ပေါ်လာ၏။ ဟုန်းနှင့် ဝပ်ဆန်သည် စတက်ပယ်ပေါ်လာပြီး ဗာစကာဗီးခြံသို့ ပြန်ခဲ့သည်။ နောက်နေ့တွင် လန်ဒန်ပြန်မည်ဟု သတင်းလွှင့်သည်။ ဟင်နရီကိုလည်း စတက်ပယ်တို့ထံ နောက်နေ့ ညနေစာ သွားစားရန် ပြောသည်။

နောက်နေ့တွင် ဟုမ်းသည် လန်ဒန်သို့ အစိုးရစုံထောက်တစ်ယောက် မှာလိုက်၏။ သူတို့ကိုယ်တိုင်ကမူ လိုရင်းနှင့် တွေ့ပြီး သတင်းများကို ထောက်လှမ်း၏။ လူသတ်သမားမှာ စတက်ပယ်တန်မှန်း ထင်ရှားလာ၏။ ထိုည ဟင်နရီသည် စတက်ပယ်တန်တို့အိမ်မှ အပြန်တွင် ခွေးကြီးပေါ်လာသည်။ ခွေးကြီးကို ဟုမ်းတို့က အချိန်မီ နှိမ်နင်းလိုက်သည်။ ဟင်နရီ အချိန်မီ ကယ်တင်နိုင်၏။ သို့သော် လူသတ်သမား စတက်ပယ်တန်ကိုကား မဖမ်းလိုက်ရ။ စတက်ပယ်တန်မှာ သူကျွမ်းကျင်သော ကွင်းကိုဖြတ်စဉ် နွံထဲကျ၍ အသက်ဆုံးခဲ့လေပြီ။

စင်စစ် စတက်ပယ်တန်မှာ ဗာစကာဗီး အမွေခံ ရော့ဂျား၏ တရားမဝင်သား ဖြစ်၏။ သူသည် အမွေကို သူ တရားဝင် ဆက်ခံနိုင်ခွင့်ရအောင် ကြိုးစားခြင်း ဖြစ်သည်။ ထို့ကြောင့် သူသည် ဆာချားကို သတ်၏။ ထိုသို့ သတ်ရာတွင် ထိုအရပ်၌ ဖြစ်နေသော ခွေးနက်ကြီးပုံပြင်ကို အခွင့်ကောင်းယူကာ ခွေးကြီးတစ်ကောင် မွေးပြီး လူသတ်ခဲ့ခြင်း ဖြစ်၏။ ယခုလည်း ဤခွေးကြီးကို အသုံးပြုပြီး ဟင်နရီကို သတ်ရန် ကြိုးစားခြင်း ဖြစ်၏။ ထို့ပြင် သူသည် သူ့မယားကို နှမအဖြစ် သတင်းလွှင့်ပြီး လိုရင်းကို တိတ်တိတ် ပေါင်းသင်းနေသူလည်း ဖြစ်ပေသည်။ ယခုကား စတက်ပယ်၏ အကြံသည် မအောင်တော့။ ထိုဒေသက ခွေးနက်ကြီး ဖြစ်ရပ်မှာလည်း ရှင်းသွားပြီ ဖြစ်ပေသည်။

ယင်းဝတ္ထုကို ပီမိုးနင်းက ၁၉၁၇ တွင် **ပညာအလင်း** မဂ္ဂဇင်း၌ **သမိုင်းခွေးကြီး** အမည်ဖြင့် လည်းကောင်း၊ ထိုနှစ်မှာပင် **သူရိယ** မဂ္ဂဇင်းတွင် ရွှေဥဒေါင်းက **ပွေလီ အင်းခွေးကြီး** အမည်ဖြင့် လည်းကောင်း မှီးခဲ့၏။ ရွှေဥဒေါင်းကပင် **ဘတ်စကာဗျိုလ် ခွေးကြီး** အမည်ဖြင့်လည်း မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆို၍ ၁၉၄၇ တွင်လည်းကောင်း၊ ၁၉၆၂ တွင်လည်းကောင်း ထုတ်ဝေခဲ့သည်။

www.nyisay.com

## သံကြိုး တမန်ကြီးများ (၁၉၀၃)

### ဟင်နရီ ဂျိမ်း (၁၈၄၃–၁၉၁၆)

ဟင်နရီဂျိမ်းသည် နာမည်ကျော် အမေရိကန် စာရေးဆရာ ဖြစ်သည်။ ဝတ္ထုပေါင်းများစွာ ရေးသည်။ အမေရိကန်ပြည် ဇာတိဖြစ်သော်လည်း အင်္ဂလန်ပြည်နှင့် ဥရောပတိုက်တို့၌ ကြီးပြင်းသည်။ အင်္ဂလိပ် ဂန္ထဝင်စာရင်းတွင် အချို့က သူ့ကို အင်္ဂလိပ်စာရေးဆရာဟု စာရင်းသွင်းသည်။ ဟင်နရီဂျိမ်းသည် ဝတ္ထုရေးရာတွင် ဖွဲ့စည်း တည်ဆောက်မှု၌ သိပ်သိပ်သည်းသည်းဖြစ်အောင် ကြိုးစားသည်။ ယခု ဖော်ပြသည့် **သံကြိုးတမန်ကြီးများသည်** ဝတ္ထု တည်ဆောက်မှုတွင် ကောင်းသည်ဟု ကျော်ကြားသည့် ဝတ္ထုဖြစ်သည်။ အစမှ အဆုံးတိုင် သိပ်သည်းစွာ ကိုင်တွယ်ထားသည်။ ဇာတ်လမ်းမှာ အလိုလို အစသိမ်းပြီး ဖြစ်သွားသည်။

အမေရိကန်တို့ကမူ ဟင်နရီဂျိမ်းကို မကျေနပ်ကြ။ စောစောပိုင်းက သူ့ဝတ္ထုများတွင် ဥရောပတိုက် ရောက်သွားသော အမေရိကန်တို့ကို အရိုင်းအစိုင်းများသဖွယ် ဖော်ပြတတ်သဖြင့် ဒေါင့်သက်သက် ဖြစ်ကြရသည်။ ဤဝတ္ထုရေးလိုက်တော့မှ ထိုကသိကအောက်စိတ် ပြေသွားသည်။ အမေရိကန်တို့ကို ချော့သည့်ဝတ္ထုဟု ယူသော် ရနိုင်သည်။

**သံကြိုးတမန်ကြီးများ** ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

လင်းဗတ်စထရက်သာသည် မစ္စက်နယူဆမ်ဆိုသော မုဆိုးမတစ်ယောက်နှင့် ချစ်ကြိုက်နေသည်။ မကြာမီ လက်ထပ်ယူကြတော့မည်။ မစ္စက်နယူဆမ်တွင်

www.nyisay.com



ချက်ဒဝစ်ဆိုသော သားတစ်ယောက်ရှိသည်။ ယခု ပါရီတွင် ရောက်နေရာ သားကို ပါရီမှ ပြန်လာစေကာ မတ်ဆာချူးဆက်တွင် မိဘလုပ်ငန်း၌ ဦးစီးလုပ်ကိုင်စေချင်သည်။ သားသည် ရှေ့ရေးကို ကြည့်စေချင်သည်။ သူ့သားမှာ ပြင်သစ်သူတစ်ယောက်နှင့် ချစ်ကြိုက်နေသည်ဟု သတင်းကြားသည်။ ထို့ကြောင့် စထရက်သာကို ပါရီသို့ စေလွှတ်ကာ သားကို အမေရိကန်ပြည်သို့ ပြန်ပါလာအောင် အခေါ်ခိုင်းလိုက်သည်။

ချက်ဒဝစ်ကား သူ့အမေက ဘယ်လိုပင် ပြန်ခေါ်ခေါ် မလာ။ သူ့ကို ဘယ်ပုံဘယ်နည်းများ ဘယ်သူက ဆွဲဆောင်ထားသလဲ ဟူ၍ စထရက်သာ မသိ။ သို့သော် ပါရီသူ ငယ်ငယ်ချောချောလေး တစ်ယောက်ပင် ဖြစ်ရမည် ဟူ၍ကား မှန်းဆနိုင်သည်။ စထရက်သာအဖို့ကား ချက်ဒဝစ်ကို အမေရိကန်ပြည်သို့ အရောက် ပြန်ခေါ်နိုင်မှသာ သူနှင့် မစ္စက်နယူဆမ်တို့ နီးစပ်မည်။ ချက်ဒဝစ်ကား အမေရိကန်ပြည်ရောက်လျှင် သူ့အမေ သဘောတူသော မယ်မီပိုကော့နှင့် လက်ထပ်ရမည် ဖြစ်သည်။

စထရက်သာသည် အင်္ဂလန်ရောက်လျှင် လီဗာပူမြို့မှ လန်ဒန်သို့ လာခဲ့ရသည်။ လမ်းခရီးတွင် စထရက်သာသည် မစ္စဂေါ့စထရေနှင့် သိကျွမ်းရသည်။ မစ္စဂေါ့စထရေသည် စထရက်သာအား အမေရိကန်ပြည်သို့ မပြန်မီ ဥရောပနှင့် ရင်းရင်းနှီးနှီး ထိတွေ့သွားအောင် ကူညီပြသ ပေးမည်ဟု ဆိုသည်။ တစ်ဖန် အင်္ဂလန်တွင် ရှေ့နေလုပ်နေသော အမေရိကန်တစ်ယောက်နှင့်လည်း တွေ့သည်။ ထိုသူမှာ မစ္စတာဝေးမတ် ဖြစ်သည်။ သူလည်း ပါရီသို့ အတူလိုက်မည်ဟု ဆိုသည်။

ပါရီတွင် "ချက်"ကို သူ့အိမ်၌ စထရက်သာ မတွေ့။ သူ့အိမ်ခန်းကို မစ္စတာဗီလဟမ်အား ပေးထားသည်။ ဗီလဟမ်မှတစ်ဆင့် "ချက်"ကို ကိန်း၌ စထရက်သာ တွေ့ရသည်။ စထရက်သာကား သူ့ကိုယ်သူ ဘယ်ရောက်နေမှန်းပင် မသိ။ ချက်သည် တိတ်တိတ်ပုန်း မယားလေးတစ်ယောက်ကို "ကိန်း"လို တင့်တယ်ခမ်းနားသော အပန်းဖြေရိပ်သာသို့ ခေါ်လာရဲမည် မထင်။

နောက်တစ်ပတ်ခန့်ကြာလျှင် စထရက်သာ၊ မစ္စဂေါ့စထရေနှင့် ဝေးမတ်တို့သည် ပြဇာတ်တစ်ခုကြည့်ရန် သွားကြသည်။ တစ်ခန်းနှင့်တစ်ခန်းအကြား အားလပ်ချိန်တွင် ပွဲကြည့်ဆောင်တံခါး ပွင့်လာကာ ချက်တစ်ယောက် ဝင်လာသည်။ ချက်ကား ဟိုတုန်းက ကောလိပ်ကျောင်းသားဘဝနှင့် မတူ၊ ပြောင်းလဲနေပြီဖြစ်သည်။ အသက် နှစ်ဆယ့်နှစ်နှစ်သာ ရှိသေးသော်လည်း ဆံပင်တို့ ညိုချင်နေပြီ။

ချက်ဒဝစ်နှင့် စထရက်သာတို့မှာ တွေ့လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်သွားကြသည်။ စထရက်သာက သူ ဘာ့ကြောင့် ဥရောပသို့ ရောက်လာ

www.nyisay.com



ရသည်ကို ပြောသည်။ ချက်ဒဝစ်ကမူ အမေရိကသို့ပြန်ရန် အခွင့်အလမ်း ဘယ်သို့ ဘယ်ပုံ ရှိသည်ကို သူ့အား သဘောပေါက်အောင် ပြောပြပါဟု ဆိုသည်။

နောက်ရက်အတန်ကြာလျှင် ချက်ဒဝစ်က စထရက်သာအား မဒမ်ဗီယွန်နေးနှင့် သူ့သမီးတို့နှင့် တွေ့ပေးသည်။ မဒမ်ဗီယွန်နေးသည် ပြင်သစ်မြို့စား ကတော်တစ်ယောက် ဖြစ်သည်။ သူသည် မစ္စဂေါ့စထရေ၏ မိတ်ဆွေဟောင်း ဖြစ်သည်။ ချက်ဒဝစ်မှာ ဘယ်သူနှင့် ချစ်ကြိုက်နေသလဲ။ အမေကြီးနှင့်လား၊ သမီးငယ် ဂျင်းဗီယွန်နေးနှင့်လား။ စထရက်သာ မဝေခွဲနိုင်။ အမေကြီးမှာ ချက်ဒဝစ်ထက် အနည်းငယ်သာကြီးပြီး သမီးလိုပင် လှတုန်းပတုန်းဖြစ်ရာ ချက်ဒဝစ်သည် နှစ်ယောက်စလုံးကိုပင် ချစ်နိုင်သည်ဟု စထရက်သာ ယူဆသည်။

သို့နှင့် ရက်အတန်ကြာလာသည့်အခါ စထရက်သာ ကိုယ်တိုင်ပင် ပါရီမြို့မှ မခွာနိုင် ဖြစ်လာသည်။ ပါရီတွင် နေချင်လာသည်။ သူ့ဇာတိဖြစ်သည့်၊ သူ့ပဝတ္တိဖြစ်သည့် ဒေသတို့နှင့်စာသော် ပြင်သစ်မြို့တော်ကြီးတွင် ကျင်လည်ရသည့် ဘဝသည် ပို၍ အေးအေးသက်သာ ရှိသည်။ တောအရပ်ဖြစ်သည့် မတ်ဆာချူးဆက်နယ်မှ စူးလက်ကျေးလက်ထက် ပါရီသည် ပို၍လှသည်ဟု သူထင်လာသည်။ ထိုအခါတွင်မှ ချက်တစ်ယောက် သူ့အမေဆီ ပြန်မသွားချင်သည်ကို လည်းကောင်း၊ နယူးဆမ်စက်ရုံများဆီသို့ မပြန်ချင်သည်ကို လည်းကောင်း စထရက်သာ ကောင်းကောင်း သဘောပေါက်လာသည်။

ချက်၏ချစ်သူမှာ သမီးငယ် ဂျင်းမဟုတ်၊ သူ့အမေ မဒမ်ဗီယွန်နေး ဖြစ်သည်ကိုလည်း ကာလကြာလာသည့်အခါ စထရက်သာ သိရသည်။ မြို့စားကတော် ဒီယွန်နေးသည် မြို့စား လင်ကြီးနှင့် ကွဲကွာနေသည်မှာ ကြာပြီ။ သို့သော် သူတို့ အခြေအနေနှင့် သူတို့ပတ်ဝန်းကျင်၊ သူတို့ကိုးကွယ်သည့် ဘာသာတို့က လင်မယား ကွာခွင့်မပြု။ ကွာရှင်းဖို့ လွယ်လွယ်နှင့် မဖြစ်နိုင်။ စထရက်သာသည်လည်း မြို့စားကတော် ဗီယွန်နေးနှင့်အတူ သွားလာ ပေါင်းသင်းဆက်ဆံလာသည့်အခါ သူ့အလှကို ကြည်နူးလာမိသည်။ မစ္စဂေါ့စထရေသည် မြို့စားကတော်နှင့် ပေါင်းသင်းလာသည်မှာ ကြာပြီဖြစ်ရာ သူ့အကြောင်းကို ရင်းရင်းနှီးနှီး သိသည်။ ချီးလည်း ချီးကျူးသည်။ တစ်ဆက်တည်းမှာပင် မြို့စားကတော်၏ လွှမ်းမိုးမှုအောက်မှ ချက်ဒဝစ်တစ်ယောက် လွတ်ကင်းအောင် မကြံဆောင်နိုင်ဘူးလားဟု စထရက်သာအား တီးခေါက်ကြည့်သည်။

တစ်မနက်ခင်းတွင် "ချက်"သည် အမေရိကသို့ ပြန်ရန်အသင့်ဟု စထရက်သာအား ပြောသည်။ ချက်ချင်းပင် ပြန်ချင်သည်ဟု ဆိုသည်။ စထရက်သာကမူ ချက်အား သူတို့နှစ်ယောက် ပြန်လို့ ကောင်းပါ့မလား၊ နယူး

www.nyisay.com



အင်္ဂလန်နှင့် ပါရီ ဘယ်ဟာက နေလို့ကောင်းမလဲ၊ အဆင်ပြေမလဲ စဉ်းစားစရာဟု ဆိုသည်။

ထိုအကြောင်းတို့ အမေရိကတွင် ရှိနေသော မစ္စက်နယူဆမ်ထံ သတင်းစကား ရောက်သွားသည်။ စထရက်သာသည် သူ စေလွှတ်လိုက်သော အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသည့် သံကြီးတမန်ကြီး မဟုတ်လား။ ယခု သူနှင့် မလုံလောက်။ ထို့ကြောင့် နောက်ထပ် သံတမန် ကိုယ်စားလှယ်တစ်ဖွဲ့ ပါရီသို့ စေလွှတ်လိုက်ပြန်သည်။ ထိုအဖွဲ့မှာ သူ့သမီးနှင့် သူ့သမက်တို့ ဖြစ်သည်။ သူတို့နှင့်အတူ သမက် ပိုကော့၏နှမ မယ်မီပိုကော့ကိုပါ ထည့်လိုက်သည်။ မယ်မီပိုကော့ကား သူ့သား ချက်ဒဝစ်နှင့် ရည်မှန်းထားသူ ဖြစ်သည်။ သူတို့အဖွဲ့သည် စထရက်သာနှင့် ချက်ဒဝစ်တို့ကို ပြန်လည်ခေါ်ဆောင်ခဲ့ရန် ဖြစ်သည်။

မစ္စက်နယူဆမ်၏ သမီးနှင့် အဖွဲ့သည် ပါရီသို့ စိတ်ဆိုးမာန်ဆိုး ရောက်လာကြသည် မဟုတ်။ စထရက်သာနှင့် ချက်တို့သည် ပါရီ၏ အလှတွင် ယစ်မူးကာ လွှတ်နေကြဟန်တူသည်။ သို့ဖြစ်ရာ သူတို့ အမြင်မှန် ရလာအောင်၊ စိတ်ထားပြောင်းလာအောင် တည့်မတ်ပေးရမည်ဟု မစ္စက်ပိုကော့တို့အဖွဲ့က သဘောထားသည်။ သူ့ယောက်ျား မစ္စတာပိုကော့ကမူ ဤသို့ သဘောမထား။ ချက်ဒဝစ် အမေရိကန်သို့ ပြန်လာရေးကို သူ စိတ်မဝင်စားလှ။ ချက်ဒဝစ် မရှိသည့်အခါ နယူဆမ် စက်ရုံများကို သူပင် အုပ်စီးနေရသည် မဟုတ်လား။ တစ်ဖန် မစ္စပိုကော့သည် ဥရောပသို့ ယခုလာသည့်အခိုက် ပျော်ဖို့ရွှင်ဖို့ အခွင့်အရေးရသည်မှာ နောက်ဆုံးအကြိမ် ဖြစ်ကောင်းဖြစ်မည်။ သို့ဖြစ်ရာ အချိန်ရခိုက် ပြဇာတ်များ ကြည့်မည်။ ကပွဲများ တက်မည်။ သူ့နှမ မစ္စပိုကော့မှာလည်း သူနှင့် ရည်မှန်းထားသည့် ခင်ပွန်းလောင်း ချက်ဒဝစ်ကို ပြန်ခေါ်ရန် စိတ်မထက်သန်တော့။ သူသည် "ချက်"၏ သူငယ်ချင်း ဗီလဟမ်ကို စိတ်ဝင်စားနေပြီ ဖြစ်သည်။

ပိုကော့တို့ ရောက်လာပြီးနောက် မြို့စားကတော်လေး ဗီယွန်နေးသည် သူ့ချစ်သူ၏ ဆွေမျိုးမိတ်ဆွေများနှင့် အဆက်အဆံ ရှိလာရသည်။ သို့ဖြစ်ရာ စထရက်သာသည် မြို့စားကတော်လေးကို မကြာခဏ တွေ့ခွင့် ကြုံခွင့် ရသည်။ ထိုအခါ စထရက်သာ၏ စိတ်ထဲတွင် ပြင်သစ်သူတို့သည် အယဉ်အကျေး အသိမ်အမွေ့ အရာတွင် ထိပ်တန်းက နေသည်၊ မှန်ကန် ဖြောင့်မတ်သည်၊ ရိုးသားသစ္စာရှိသည် ဟူ၍ စွဲမြဲလာသည်။ ချက်ဒဝစ်၏နှမ မစ္စက်ပိုကော့ကမူ မြို့စားကတော်လေး ဗီယွန်နေးသည် မှူးမျိုးမတ်နွယ် ဖြစ်သည်ကို မယုံကြည်နိုင် ရှိနေသည်။ ယခုမူ သူသည် ချက်ဒဝစ်၏ တိတ်တိတ်ပုန်းမယား ဖြစ်နေသည်။

သို့နှင့် ပိုကော့လင်မယားနှင့် မယ်မီပိုကော့တို့ကား ချက်ဒဝစ်ကို အမေရိက

www.nyisay.com



သို့ပြန်ရန် အမျိုးမျိုး ဖျောင်းဖျ နားသွင်းကြပြီး ဆွစ်ဇာလန်သို့ ထွက်သွားကြသည်။ ချက်ဒ၀စ်ကိုကား စဉ်းစားဆုံးဖြတ်ရန် အချိန်ပေးထားခဲ့သည်။ စထရက်သာ အတွက်ကား ကိုယ့်ဘာသာကိုယ်သာ ဆုံးဖြတ်ရန်ရှိသည်ဟု မစ္စက်နယူဆမ်က မှာလိုက်သည်။ သူ့ဘက်ကမူ လင်တစ်ယောက် ရဖို့အတွက် ဣန္ဒြေ အပျက်မခံ နိုင်ဟု ဆိုသည်။

ချက်နှင့် စထရက်သာတို့သည် အဆုံးအဖြတ်အတွက် စဉ်းစားတိုင်ပင် ကြသည်။ ချက်ကား မယ်မီပိုကော့အပေါ် မည်သို့ သဘောထားရမည် မသိ။ သူ့စိတ်ကို သူ မေးမရ။ သည့်အတွက်ကား ပူရန်မလို။ အမေရိကန်မလေးသည် အချစ်သစ် ဗီလဟာမ်နှင့် ပျော်မွေ့နေပြီ။ ဗီလဟာမ်ကလည်း အမေရိကန်မလေးကို လက်ထပ်ယူမည်ဟု ဆိုကြောင်း စထရက်သာက အသေအချာ ပြောသည်။ ချက်ဒ၀စ်အဖို့ကား ပြင်သစ်တွင် မြို့စားကတော်လေးနှင့် နေခဲ့လျှင် ကောင်းမည်ဟု စထရက်သာက အကြံပေးသည်။ သူ့အကြံမှာ အမေရိကမှ ထွက်လာခဲ့ရသည့် သူ့တမန်တော် တာ၀န်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။ ချက်ဒ၀စ်ကား ဥရောပ၌ နေရစ်ခဲ့ငြားလည်း မြို့စားကြီးကတော်လေးနှင့် တရားဝင် လက်ထပ်ရဖို့ လမ်းမရှိ။ ထို့ပြင် အမေရိကရှိ သူ၏ စီးပွားချမ်းသာ မှန်သမျှကိုလည်း စွန့်လွှတ်ရ လိမ့်မည်။ သို့တိုင်အောင် ချက်ဒ၀စ်သည် စထရက်သာ၏ အကြံအတိုင်း လိုက်ရန် ဆုံးဖြတ်လိုက်သည်။

ချက်ကို ပြန်ခေါ်ရာ၌ အကူအညီပေးမည် ဆိုခဲ့သော ၀េးမတ်သည် ယခုအခါ စထရက်သာ၏ သဘောထား ပြောင်းလဲလာသည်ကို တွေ့ရသဖြင့် ဒေါသထွက်နေသည်။ မစ္စဂေါ့စထရေကား စထရက်သာအပေါ် သစ္စာရှိသည်။ သူသည် စထရက်သာကို အစွဲလမ်းကြီး စွဲလမ်းကာ ချစ်နေသည်။ စထရက်သာက ထိုအဖြစ်ကို သိသဖြင့် သူသည် အမေရိကန်ပြည်သို့ တစ်ယောက်တည်း ပြန်မည်။ ဥရောပသို့ လိုက်လာသည်မှာ ချက်ဒ၀စ်အား ခေါ်ဆောင်၍ သူ့အမေ့လက်သို့ အပ်ရန်သာ ဖြစ်သည်။ သို့သော် သူ၏ သံရေးတမန်ရေးမှာ အဆင်မပြေ။ ရည်ရွယ် ချက် မအောင်မြင်။ ထို့ကြောင့် မစ္စက်နယူဆမ်ကို သူ လက်မထပ်နိုင်။ သို့ဖြစ်ရာ နောက်ထပ် အမျိုးသမီးတစ်ယောက်ကို လက်ထပ်မည်လားဟု မေးလျှင်လည်း လက်မထပ်နိုင်ဟုသာ ဖြေရမည်။ သူ့သား ပြန်ခေါ်ရန်အတွက် စရိတ်စက အကုန် အကျခံကာ လွှတ်လိုက်သည်တွင် လမ်း၌တွေ့သည့် အမျိုးသမီးတစ်ယောက်နှင့် ချစ်ကြိုက်ပြီး လက်ထပ်ဖို့ဆိုသည်မှာ မလျော်ကန်ဟု ဆိုသည်။ သို့ဖြစ်ရာ သူ့ ကံကြမ္မာ၏ လှည့်စားချက်ကို မြို့စားကတော်လေး မဒမ်ဗီယွန်နေး တစ်ယောက် သာ ကောင်းကောင်း နားလည်နိုင်မည် ဖြစ်သည်ဟု ဆိုလေသည်။

www.nyisay.com

## ပင်လယ်ဝံပုလွေ (၁၉၀၄)

### ဂျက် လန်ဒန် (၁၈၇၆–၁၉၁၆)

**ပင်လယ်ဝံပုလွေ**ဝတ္ထုသည် အမေရိကန်စာရေးဆရာ ဂျက်လန်ဒန်၏ ဝတ္ထုများအနက် ထင်ရှားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ၁၉၀၄ ခုနှစ်တွင် **ပင်လယ်ဝံပုလွေ**ဝတ္ထု ပထမဆုံးအကြိမ်အဖြစ် ထွက်လာရာ အမေရိကန် စာဖတ်ပရိသတ်အတွင်း ပွက်လောရိုက်သွားခဲ့သည်။ ပင်လယ်ဝံပုလွေဝတ္ထုကို ထောက်ခံသူတွေ၊ ချီးမွမ်းသူတွေ ပေါ်ခဲ့သည်။ ကန့်ကွက်သူတွေ၊ ရှုတ်ချသူတွေ ပေါ်ခဲ့သည်။

ဂျက်လန်ဒန်သည် အသက် ၁၇ နှစ်အရွယ်က သင်္ဘောသားအဖြစ် ဝမ်းကျောင်းခဲ့ဖူးရာ သင်္ဘောသားများ၏ ခက်ထန်ကြမ်းတမ်းသော ဘဝကို ကောင်းစွာသိသည်။ ယင်းအတွေ့အကြုံကို ယူ၍ ဂျက်လန်ဒန်သည် သူ့ကို လွှမ်းမိုးခဲ့သော ဒါဝင်၏အယူ၊ နစ်ရှေး၏ အယူတို့ဖြင့် ရောနှောကာ ပင်လယ်ဝံပုလွေကို ရေးသည်ဟု ယူဆကြသည်။

ဂျက်လန်ဒန်၏ အတ္ထုပ္ပတ္တိကို ရေးသူ အိုင်ဗင်းစတုန်း ဆိုသူကမူ ဂျက်လန်ဒန်သည် ကိုယ်ထူးကိုယ်ချွန်သမား ဖြစ်သည့်အတွက် နစ်ရှေး၏ အဆင့်လွန်လူသား(Super Human) ဝါဒကို ယုံကိုးသည်။ အများပြည်သူအတွက်မူ ဂျက်လန်ဒန်သည် ဆိုရှယ်လစ်စနစ်ကို ကိုးကွယ်သည်ဟု ဆိုသည်။ **ပင်လယ်ဝံပုလွေ** ဝတ္ထုသည် ဂျက်လန်ဒန်၏ ခေါင်းထဲသို့ ရောက်နေသော ဝါဒကြီးနှစ်ခု၏ ပဋိပက္ခကို ပြသည်။

မှာပြည့်စာအုပ်တိုက်

www.nyisay.com



**ပင်လယ်ဝံပုလွေ** ဝတ္ထုတွင် အဓိကဇာတ်ဆောင် လေးဦးပါသည်ဟု ဆိုနိုင်သည်။ ဝံပုလွေ လာဆင်၊ ဟမ်ဖရေဗင်ဝေဒင်၊ မတ်ဂရစ်၊ မော့ဗရူးစတားတို့ ဖြစ်သည်။ ဝံပုလွေလာဆင်သည် ဒါဝင်နှင့် နစ်ရှေးတို့၏ အယူအဆကို ကိုယ်စားပြုသူဖြစ်သည်။ ဟမ်ဖရေဗင်ဝေဒင်သည် အမှန်တရား၊ မေတ္တာတရား၊ အနာဂတ်တွင် ယုံကြည်မှု၊ ထာဝရရှင်သန်နေသော အဖြစ်တို့၌ သက်ဝင်ယုံကြည်သူ ဖြစ်သည်။ သူတို့နှစ်ဦး ပဋိပက္ခ ဖြစ်ကြသည်။ သူတို့နှစ်ဦး၏ ပဋိပက္ခသည်ပင် နှစ်ဆယ်ရာစုနှစ်ဦးပိုင်း အမေရိကန်ပြည်တွင်းတွင် ထင်ရှားသော ပဋိပက္ခ ဖြစ်လေသည်။ ဤပဋိပက္ခသည်ပင်လျှင် **ပင်လယ်ဝံပုလွေ**ဝတ္ထု၏ ကျောရိုး ဖြစ်လေသည်။ ယင်းကျောရိုးကိုမှီ၍ ဂျက်လန်ဒန်သည် **ပင်လယ်ဝံပုလွေ** ဝတ္ထု၏ ဇာတ်အိမ်ကို ဤသို့ တည်ဆောက်ခဲ့လေသည်။

အမေရိကန် စာပေဝေဖန်ရေးပညာရှင် ဗင်ဝေဒင်သည် သူ့မိတ်ဆွေ ချာလီဖူရူးဆက်ထံသို့ သင်္ဘောစီးကာ အလည်အပတ် ထွက်ခဲ့သည်။ သင်္ဘောသည် အခြားသင်္ဘောတစ်စင်းနှင့် ဆန်ဖရန်စစ္စကို ကမ်းခြေအလွန်၌ တိုက်မိကာ ပျက်စီးသွားသည်။ ဗင်ဝေဒင်သည် ပင်လယ်ထဲ၌ မျောသွားသည်။ ဝံပုလွေ လာဆင်၏ ဖျံဖမ်းသင်္ဘော "တစ္ဆေ"က ဗင်ဝေဒင်ကို ဆယ်ယူခဲ့သည်။ ဗင်ဝေဒင်က သူ့ကို ဆန်ဖရန်စစ္စကိုသို့ ပြန်ပို့ပေးရန် တောင်းပန်သည်ကို ဝံပုလွေလာဆင်က လက်မခံ။ ဝံပုလွေလာဆင်သည် ဗင်ဝေဒင်ကို တစ္ဆေသင်္ဘော၏ အခိုင်းအစေအဖြစ် အတင်းအကျပ် အမှုထမ်းခိုင်းသည်။ ဗင်ဝေဒင်သည် ဝံပုလွေလာဆင်ကို အာမခံရဲ။ ဝံပုလွေလာဆင်သည် ဗင်ဝေဒင်ထက် နှစ်ဆခန့် အင်အားတောင့်တင်းသော လူငယ်ကလေးတစ်ဦးကို လက်သီးစာ ကျွေးလိုက်ရာ ထိုလူငယ်ကလေး နစ်လဲ အကွာသို့ မြောက်ပါသွားသည်ကို မြင်ရသောကြောင့် ဖြစ်သည်။

"တစ္ဆေ" သင်္ဘောပေါ်၌ ဗင်ဝေဒင် နေ့စဉ် တွေ့နေရသော လောကကား ကြီးနိုင်ငယ်ညှဉ်း နိုင်ရာစားလောက ဖြစ်သည်။ တစ္ဆေသင်္ဘော၏ ကပ္ပတိန် ဝံပုလွေလာဆင်က ဗင်ဝေဒင်ကို သင်္ဘော စားဖိုဆောင်၌ ပန်းကန်ခွက်ယောက် ဆေးရသော အလုပ်၊ အာလူး အခွံသင်ရသော အလုပ်ကို လုပ်စေသည်။ ထိုအခါ ဗင်ဝေဒင်နှင့် တွေ့စက ဗင်ဝေဒင်ကို လူကြီးလူကောင်းတစ်ယောက်အဖြစ် ရိုကျိုးသော စားဖိုမှူး မတ်ဂရစ်ဆိုသူသည် ဗင်ဝေဒင်ကို အနိုင်ကျင့်လေတော့သည်။

ကပ္ပတိန် ဝံပုလွေလာဆင်သည် အလွန်အမင်း ခွန်အားကြီးသူ ဖြစ်သည်။ ဤခွန်အားကိုပြကာ သင်္ဘောသားများ၊ ဖျံဖမ်းသမားများကို အုပ်ချုပ်နေသူ ဖြစ်သည်။ သူသည် သတ်ရဲဖြတ်ရဲ ဇက်ရဲလက်ရဲနိုင်သူလည်း ဖြစ်သည်။ သူ့အမိန့်ကို ဖီဆန်လျှင် ရက်ရက်စက်စက် ကြမ်းကြမ်းကြုတ်ကြုတ် နှိပ်ကွပ်သူ

www.nyisay.com



ဖြစ်သည်။ သို့သော် သူသည် လူရိုင်း မဟုတ်ပေ။ စာပေ၌ မွေ့လျော်သည်။ ဒဿနိကဗေဒ၌ စိတ်ဝင်စားသည်။ သင်္ဘောသားများ၊ ဖျံဖမ်းသမားများကား ဤစာပေ၊ ဤဗေဒ၌ စိတ်ဝင်စားနိုင်သူများ မဟုတ်ရကား ဝံပုလွေလာဆင်အဖို့ စကားပြောဖက်၊ ငြင်းခုံဖက် မရှိ ဖြစ်နေသည်။ ဗင်ဝေဒင် ရောက်လာသောအခါ လာဆင်အဖို့ စကားပြောရန် အဖော်ရလာသည်။ ငြင်းခုံရန် အဖော်ရလာသည်။

တစ်နေ့တွင် ဗင်ဝေဒင်သည် လှိုင်းရိုက်ခံရကာ ဒူး၌ ဒဏ်ရာရသည်။ လာဆင်က ဗင်ဝေဒင်ကို အလုပ်မဆင်းစေဘဲ ကပ္ပတိန်အခန်း၌ ခေါ်ထားပြီး ဘဝနှင့် ပတ်သက်သော အရေးအရာများကို ဆွေးနွေး ငြင်းခုံသည်။ လာဆင်၏ ဘဝနှင့် ပတ်သက်သော အယူအဆကား ဘဝသည် ရွေ့လျားခြင်းတစ်မျိုး ဖြစ်သည်။ တစ်မိနစ်၊ တစ်နာရီ၊ တစ်နှစ်၊ အနှစ် တစ်ရာ၊ တစ်ထောင် ရွေ့လျားကောင်း ရွေ့လျားမည်။ သတ္တဝါကြီးတွေသည် သူတို့ အရှည်အကြာ ရွေ့လျားနိုင်ရေးအတွက် သတ္တဝါငယ်များကို စားသောက်ဝါးမျိုကြသည်။ အားအကြီးဆုံး သတ္တဝါသည် အများဆုံးစားပြီး အဝေးဆုံး အကြာဆုံး ရွေ့လျားနိုင်သည်ဟူသော အယူအဆ ဖြစ်သည်။ ဗင်ဝေဒင်ကမူ ဘဝတွင် လူများ လှုပ်ရှားရုန်းကန်နေကြခြင်းသည် တစ်ဦးကိုတစ်ဦးက ဝါးမျိုစားသောက်ရန်၊ ဘဝ၏ အဓိကပန်းတိုင်သည် ကြာကြာရွေ့လျားနိုင်ရေး၊ ဝေးဝေးရွေ့လျားနိုင်ရေး မဟုတ်။ ဘဝ၏ အဓိကပန်းတိုင်သည် ဝါးမျိုစားသောက်ရေး၊ ကြာကြာဝေးဝေး ရွေ့လျားနိုင်ရေးသာ ဆိုပါက မေတ္တာတရားသည် ဤလောက၌ ရှိမည် မဟုတ်တော့။ အနာဂတ်ဆိုသည်မှာလည်း ရှိမည် မဟုတ်တော့ဟု တင်ပြသည်။

သူတို့နှစ်ဦး သုံးရက်တိုင်တိုင် အငြင်းပွားနေစဉ် ဒေါ်အပွကြီး ပွနေသူကား စားဖိုမှူး မတ်ဂရစ်ပင် ဖြစ်သည်။ ဗင်ဝေဒင်ကို သတ်မည် တကဲကဲဟန်နှင့် ဓားသွေးလျက်ရှိသည်။ ဗင်ဝေဒင်သည် ဓားတစ်စင်းကိုရှာပြီး စားဖိုဆောင်ဝင်ကာ မတ်ဂရစ်နှင့် ယှဉ်ပြိုင်ဓားသွေးလေသည်။ နာရီပေါင်းများစွာကြာအောင် ယှဉ်ပြိုင် ဓားသွေးနေသည်ကို သင်္ဘောသားများ၊ ဖျံဖမ်းသမားများ ဝိုင်း၍ ကြည့်ကြသည်။ မတ်ဂရစ်ကို မုန်းတီးနေသူများက ဗင်ဝေဒင်ကို အားပေးသည်။ မတ်ဂရစ်ဘက်၌ အားပေးသူ မရှိ။ အဘယ်ကြောင့်ဆိုသော် မတ်ဂရစ်သည် ထမင်းဟင်း အချက်လည်း ညံ့သည့်အပြင် ညစ်လည်း ညစ်ပတ်သည်။ ဗင်ဝေဒင် စားဖိုဆောင်ရောက်မှ ဟင်းကောင်းလာသည်၊ သန့်ပြန့်လာသည်ဟု ယူဆကာ မတ်ဂရစ်ကို မုန်းကြသောကြောင့် ဖြစ်သည်။ နောက်ဆုံး မတ်ဂရစ်သည် ဗင်ဝေဒင်ကို ကြောက်လာကာ အရှုံးပေးလိုက်သည်။ ဗင်ဝေဒင်သည် ဤယှဉ်ပြိုင်ပွဲမှ သင်ခန်းစာတစ်ခု ရသည်။ ထိုသင်ခန်းစာသည် အားငယ်လျှင် အစားခံရမည် ဟူသော သင်ခန်းစာဖြစ်သည်။ တစ္ဆေ

www.nyisay.com



သင်္ဘောပေါ်၌ လူလူချင်း ဆက်ဆံရေးသည် တောတွင်း တိရစ္ဆာန်တို့၏ ဆက်ဆံရေးမျိုး ဖြစ်သည်။ အားငယ်လျှင် ခံ၊ အားကြီးလျှင် စံ။ သို့ဖြစ်ရကား ပညာရှင် ဗင်ဝေဒင်သည် ဝံပုလွေလာဆင်၏ ကြီးနိုင် ငယ်ညှဉ်း အဘိဓမ္မာကို မချေချွတ်နိုင်ဘဲ ရှိသည်။ ထိုအဘိဓမ္မာကို ဗင်ဝေဒင်၏ ခေါင်းက လက်မခံသော်လည်း ကိုယ်ခန္ဓာကမူ လက်ခံမိလျက်သား ဖြစ်နေသည်။ ဝံပုလွေလာဆင်နှင့် ဒဿနတရားငြင်းခုံပွဲတိုင်းတွင် ဗင်ဝေဒင်သည် အရှုံးပေးနေရသည်။ ထိုအခိုက်တွင် အားငယ်လျှင်ခံ၊ အားကြီးလျှင် စံ ဆိုသော အယူကို ချေဖျက်သူတို့ ပေါ်လာသည်။ ထိုသူတို့ကား ဝံပုလွေလာဆင်၏ အထိုးခံရသော၊ ဝံပုလွေလာဆင်၏ အခွင့်သင့်လျှင် သင့်သလို နှိပ်စက်မှုကို ခံရသော သင်္ဘောသား ဂျော့လိချ်နှင့် ဂျွန်ဆင်တို့ ဖြစ်သည်။ သူတို့နှစ်ဦးသည် ဝံပုလွေလာဆင်၏လက်ထောက် ဂျိုဟန်ဆင် ဆိုသူကို ပင်လယ်ထဲသို့ တွန်းချသည်။ လာဆင်ကိုလည်း တွန်းချသည်။ ဂျိုဟန်ဆင် သေသော်လည်း ခွန်အားကြီးသော လာဆင်မှာမူ မသေ။ ထိုကြောင့် သင်္ဘောဝမ်းထဲတွင် အမှောင်ချကာ လာဆင်ကို သတ်ဖြတ်ကြသည်။ လာဆင် ကံကောင်း ထောက်မ၍ လွတ်ပြန်သည်။ နောင်သော် ပြောင်ပြောင်တင်းတင်း သတ်ဖြတ်ရန် ကြိုးစားသည်။ ဤအဖြစ်ကြောင့် အင်အားကြီးမားမှုသည် ဘဝ၌ အဓိက မဟုတ်။ တရားမှု၊ မတရားမှုကို ခွဲခြားသိကာ မတရားမှုကို ဆန့်ကျင်ရဲခြင်းသည်သာ အဓိကကျသည် ဟူသော အယူအဆသည် ဗင်ဝေဒင်၏ခေါင်း၌ ပြန်လည် ကြည်လင်လာလေသည်။

သေဆုံးသူ ဂျိုဟန်ဆင်၏ နေရာကို ဗင်ဝေဒင် ရသည်။ ဗင်ဝေဒင်သည် တစ္ဆေသင်္ဘော၌ လာဆင်ပြီးလျှင် အာဏာအကြီးဆုံး ဖြစ်လာသည်။ သူသည် သင်္ဘောမောင်းနှင်ခြင်း အတတ်ကို သင်ယူသည်။ ရေကြောင်း၊ လေကြောင်းကို နားလည်အောင် ကြိုးပမ်းသည်။ သင်္ဘောသား ဂျော့လိချ်နှင့် ဂျွန်ဆင်တို့ တစ္ဆေသင်္ဘောမှ ထွက်ပြေးနိုင်အောင် ကူညီသည်။

တစ်နေ့တွင် မော့ဗရူးစတားဆိုသော အမျိုးသမီးတစ်ဦးနှင့် လူ လေးငါးယောက်တို့သည် သင်္ဘောပျက်၍ မျောနေရာ တစ္ဆေသင်္ဘောက ဆယ်ယူရပြန်သည်။ မော့ဗရူးစတားသည် ကဗျာဆရာမကလေး ဖြစ်သည်။ ဗင်ဝေဒင်က မော့၏ကဗျာကို ဝေဖန်ဖူးသည်။ သူတို့နှစ်ဦး တစ္ဆေသင်္ဘောပေါ်၌ ဆုံမိကာ ရင်းနှီးသွားသည်။ လာဆင်ကလည်း မော့ကို တပ်မက်သည်။ မော့နှင့် ဗင်ဝေဒင်တို့ တစ္ဆေသင်္ဘောမှ လှေကိုယူကာ ထွက်ပြေးကြသည်။ ဥဿဟာဟု သူတို့ဘာသာ အမည်ပေးထားသော ကျွန်းတစ်ကျွန်းသို့ ရောက်သွားကာ တစ်မိုးခိုကြသည်။ ထိုစဉ် မမျှော်လင့်ဘဲ တစ္ဆေသင်္ဘော ရောက်လာသည်။ သင်္ဘောပေါ်တွင် ကပ္ပတိန်

www.nyisay.com



လာဆင်သာ ရှိသည်။ ကျန်သင်္ဘောသားများ၊ ဖျံဖမ်းသမားများကို မာဆီဒိုးနီးယား သင်္ဘော(ဝံပုလွေ လာဆင်၏ အစ်ကို၊ သေမင်းလာဆင်၏ ဖျံဖမ်းသင်္ဘော)က အနိုင်ကျင့် ဖမ်းဆီးသွားသည်။ ကပ္ပတိန်လာဆင်သည် ဦးနှောက်ဝေဒနာဟောင်း ပြန်ပေါ်ကာ မျက်စိကွယ်သွားသည်။ တစ္ဆေသင်္ဘောကို ပြန်ပြင်၍ အမေရိကားသို့ ပြန်လာစဉ် လမ်း၌ လာဆင် ကွယ်လွန်သည်။ သင်္ဘောပေါ်၌ ဗင်ဝေဒတ်က မော့ကို ချစ်ရေးဆိုသည်။ မော့က မေတ္တာကို တုံ့ပြန်ပြီး ကြင်နာစွာ နမ်းရှုပ်နေဆဲ သူတို့အား ကယ်တင်ရန် သင်္ဘောတစ်စင်း ရောက်လာလေသည်။

**ပင်လယ်ဝံပုလွေ** ဝတ္ထုကို ၁၉၅၂ ခုလောက်က စာရေးဆရာ မိုးဝေက ဘာသာပြန် ထုတ်ဝေသည်။ မိုးဝေသည် **ပင်လယ်ဝံပုလွေ**ဝတ္ထုကို ပထမတွဲ၊ ဒုတိယတွဲ ခွဲထုတ်ရန် ရည်ရွယ်သော်လည်း ပထမတွဲသာ ထွက်လာသည်။ ၁၉၇၃ ခုနှစ်တွင် ညွန့်ကြူးက မိုးဝေစာပေမဂ္ဂဇင်း၌ ပင်လယ်ဝံပုလွေ ဝတ္ထုကို အခန်းဆက် ဝတ္ထုရှည်အဖြစ် ဘာသာပြန် ထည့်သွင်းသည်။ ၁၉၇၅ ခုနှစ်တွင် လုံးချင်းစာအုပ် အဖြစ် ထုတ်ဝေခဲ့သည်။

## ဆက်စပ်နှိုင်းရှည့်မှု သဘောတရား (၁၉၀၅)

### အဲလဗတ် အိုင်စတိုင်း (၁၈၇၉–၁၉၅၅)

အိုင်စတိုင်းသည် အနုမြူခေတ်၏ ဖခင်ကြီး ဖြစ်သည်။ သူ တီထွင်သည့် သဘောတရားမှာ ဆက်စပ်နှိုင်းရှည့်မှု သဘောတရား ဖြစ်သည်။ သူလိုပုဂ္ဂိုလ်မျိုး သမိုင်းတွင် ရှားသည်။ မိမိအောင်မြင်မှုကို သက်ရှိထင်ရှား အချိန်တွင် တွေ့ရခဲလှသည်။ အိုင်စတိုင်းကား သူ့သဘောတရား သရဖူဆောင်းသည်ကို မျက်မြင်တွေ့သွားရသည်။ အင်္ဂလိပ် ဒဿနိကပညာရှင် ဗာထရန်ရတ်ဆယ်က 'အိုင်စတိုင်း တစ်ယောက် တအံ့တသြ ဖြစ်စရာ သဘောတရားတစ်ခု တီထွင်တယ်ဆိုတာ လူတိုင်းသိတယ်။ ဒါပေမဲ့ သူ့သဘောတရားဟာ ဘာလဲဆိုတာ လူတိုင်း မသိဘူး' ဟု ဆိုသည်။ ဟုတ်သည်။ အိုင်စတိုင်း၏ ဆက်စပ်နှိုင်းရှည့်မှု သဘောတရားကို တစ်ကမ္ဘာလုံးတွင်မှ သုံးလေးယောက်သာ နားလည်သည်ဟု ဆိုရိုးတစ်ခု ရှိသည်။ ဤစကားမှာ ကားပြောခြင်းသာ ဖြစ်သည်။ သို့သော်လည်း တကယ် စင်စစ်ကား တစ်ကမ္ဘာလုံးတွင် ဆယ်ယောက်၊ ဆယ့်နှစ်ယောက်လောက်သာ သိကြသည်။

သူ့သဘောတရားကို နားလည်ရန် မလွယ်။ ရုပ်လောကနှင့် သင်္ချာလောကတို့၏ ဆက်စပ်မှုကို သင်္ချာဘာသာဖြင့် ဖော်ပြထားသည်ဖြစ်ရာ အဆင့်မြင့် သင်္ချာ အတော်အသင့် တီးခေါက်မိမှ နားလည်နိုင်မည် ဖြစ်သည်။

သို့သော်လည်း သင်္ချာသင်္ကေတများ အားကိုးနှင့် လေ့လာမည်ဆိုလျှင် အတန်အသင့်ကိုကား ငုံမိနိုင်ပါသည်။ လူသာမန်အဖို့ကား နားလည်ရန် အတန်ငယ် ခဲယဉ်းမည် ဖြစ်သည်။

www.nyisay.com



ဆိုကြပါစို့။ ကျွန်တော်တို့သည် အောက်ဖော်ပြပါ အချက်အလက်တို့ကို ဇွတ်အဘင်း လက်ခံခိုင်းမည်ဆိုလျှင် လွယ်လင့်တကူ လက်ခံနိုင်ပါမည်လား။

ဟင်းလင်းပြင်ဆိုသည်မှာ အကွေးအကောက်ကြီးသာ ဖြစ်သည်။ အမှတ်တစ်ခုနှင့် အခြားတစ်ခုအကြား အတိုဆုံးခရီးတာမှာ မျဉ်းဖြောင့်မဟုတ်။ စကြဝဠာကြီးသည် အကန့်အသတ်ရှိသည်။ သို့သော် စည်းသတ်၍ မထား။ မျဉ်းပြိုင်နှစ်ခုသည် နောက်ဆုံးတွင် တွေ့ကြသည်။ အလင်းတန်းများသည် ကွေးကောက်ကြသည်။ အချိန်ဟူသည် နှိုင်းရှည့်၍ ရသည့် မတ္တာတစ်ခုသာ ဖြစ်သည်။ သို့သော် အခြားသော မတ္တာများကို တိုင်းတာ၍ မရ။ စကြဝဠာကြီးသည် စက်လုံးကြီး မဟုတ်၊ လုံးရှည်ပုံ(ဝါ)ဆလင်ဒါပုံသာ ဖြစ်သည် စသည်တို့ ဖြစ်သည်။

အိုင်စတိုင်း၏ တော်လှန်ရေးသည် ၁၉၀၅ တွင် စ သည်။ **အင်နာလင်ဒါ ဖစ်စစ်** အမည်ရှိ ဂျာမန်ဂျာနယ်တစ်စောင်တွင် **ရွေ့လျားနေသော ဝတ္ထုပစ္စည်း၏ လျှပ်စစ်ဒိုင်နမစ်** ဟူသော စာတန်းတစ်စောင်ကို ရေးသည်။ ခေါင်းစဉ်မှာ စိတ်ဝင်စားစရာ မကောင်း။ ထိုအချိန်တွင် အိုင်စတိုင်းမှာ နှစ်ဆယ့်ခြောက်နှစ်သာ ရှိသေးသည်။ ဆွစ်ဇာလန်ပြည် မှတ်ပုံတင်ရုံးတစ်ခုတွင် အရာရှိလေးတစ်ယောက် အဖြစ် အမှုထမ်းနေဆဲ ဖြစ်သည်။

သူ့ကို ၁၈၇၉ တွင် ဗာဗေးရီးယားမှ လူလတ်တန်းစား မိဘများမှ မွေးသည်။ ကျောင်းသားဘဝကပင် သင်္ချာ၌ ထူးချွန်သည်။ မိဘများ ပစ္စည်းပျက်သဖြင့် ဆယ့်ငါးနှစ်သားတွင် ကျောင်းထွက်ကာ အလုပ်စခန်း ဝင်ရသည်။ ဆွစ်ဇာလန်သို့ ပြောင်းရွှေ့ခဲ့သည်တွင် ဇူးရစ်မြို့၌ သိပ္ပံပညာကို ဆက်သင်သည်။ ဝမ်းရေးကြောင့် ပါမောက္ခ ဖြစ်ချင်သည့်စိတ်ကို မျိုသိပ်ကာ အလုပ်စခန်းသို့ စောစောဝင်ရသည်။ မှတ်ပုံတင်ရုံးတွင် လုပ်ရင်း ကျော်ကြားသည့် ဒဿနပညာရှင်များ၊ သင်္ချာပါရဂူများ၊ သိပ္ပံပါရဂူများ၏ စာများကို ဖတ်ရှုလေ့လာရသည်။

၁၉၀၅ တွင်မူ အိုင်စတိုင်းသည် မျက်မှောက်လူတို့ နားလည်ထားသည့် အချိန်နှင့် ဟင်းလင်းပြင် အယူအဆတို့ကို စိန်ခေါ်ကာ သူ၏ ဆက်စပ်နှိုင်းရှည့်မှု အထူးသဘောတရားကို တင်ပြခွင့်ရခဲ့သည်။ အခြေခံမှာ နှစ်ချက်မျှသာ ဖြစ်သည်။

ပထမသဘောတရားမှာ ဆက်စပ်နှိုင်းရှည့်မှု နိယာမ ဖြစ်သည်။ ရွေ့လျားမှု မှန်သမျှသည် နှိုင်းရှည့်၍ ရသည်။ လွယ်လွယ်ဥပမာမှာ သွားနေသည့် မီးရထားတစ်စီး သို့မဟုတ် သင်္ဘောတစ်စီးပင် ဖြစ်သည်။ အမြန်ပြေးနေသော မီးရထားတွဲတစ်ခုထဲတွင် အလုံပိတ်မိနေသော လူတစ်ယောက်အဖို့ ဘာကိုမျှ မမြင်သော် မီးရထား ပြေးနေမှန်း သိနိုင်မည် မဟုတ်။ သို့ဖြစ်ရာ ကျွန်တော်တို့သည် ရွေ့လျားမှုကို အခြား ရုပ်ပစ္စည်းများနှင့် နှိုင်းရှည့်မှ သိသာနိုင်မည် ဖြစ်သည်။ သို့ဖြစ်ရာ

www.nyisay.com



ကမ္ဘာလုံးကြီး ရှေ့သို့ ရွေလျားနေသည်ကို နှိုင်းရှည့်စရာ ကောင်းကင်တန်ဆာများ ဖြစ်သည့် ကြယ်များ၊ ဂြိုဟ်များရှိမှ သိသာနိုင်မည် ဖြစ်သည်။

ဒုတိယ သဘောတရားမှာ အလင်း၏ အလျင်နှင့် ဆိုင်သည်။ အလင်း၏ အလျင်သည် အလင်းထုတ်လွှတ်ရာဝတ္ထု၏ ရွေ့လျားမှုနှင့် ကင်းလွတ်သည်။ အလင်း၏မြန်နှုန်းသည် တစ်စက္ကန့်လျှင် ၁၈၆,၀၀၀ မိုင် ဖြစ်သည်။ ဤစကြဝဠာ မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည့်ဦးတည်ဘက်တွင်မဆို ယင်းသည် မပြောင်းလဲ၊ တစ်သမတ်တည်းသာ ဖြစ်သည်။

အလင်း၏မြန်နှုန်းနှင့် ပတ်သက်၍ မစ်ချယ်လဆန်နှင့် မော်လေတို့သည် ၁၈၈၇ တွင် စမ်းသပ်မှုတစ်ခု ပြုလုပ်သည်။ ယင်းမှာ အလင်းမြန်နှုန်းသည် တစ်သမတ်တည်း ရှိ မရှိကို စမ်းသပ်ခြင်းပင်ဖြစ်သည်။ တစ်မိုင်ရှည်သော ပိုက်လုံး နှစ်ခုကို ဦးတည်ဘက်မတူဘဲ ထားသည်။ တစ်ခုမှာ ကမ္ဘာလည်သည့် ဦးတည် ဘက်နှင့် တူပြီး အခြားတစ်ခုမှာ ကမ္ဘာလည်သည့်ဘက်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အလင်းတန်းနှစ်ခုကို ပြိုင်တူလွှတ်လိုက်သည်။ ပိုက်လုံးတစ်ဖက်ထိပ်၌ အလင်းပြန်နိုင်ရန် ကြေးမုံတစ်ခုစီ ရှိသည်။ ထိုအလင်းတန်း နှစ်ခုသည် တစ်ချိန်တည်းမှာပင် အလင်းလွှတ်သည့် နေရာသို့ တစ်ပြိုင်နက်တည်း ပြန်လာကြသည်။

သို့ဖြစ်ရာ အလင်းသည် မည်သည့်အချိန်၌ မည်သည့်အခြေအနေတွင်မဆို တစ်သမတ်တည်းသော အလျင်ဖြင့် မပြောင်းလဲဘဲ သွားသည်။ ကမ္ဘာက နေကို လှည့်ပတ်သည့်အတွက် အလင်း၏ မြန်နှုန်းသည် မပြောင်းလဲဟု အိုင်စတိုင်းက ယူဆသည်။

အိုင်စတိုင်း၏ အယူအဆသည် နယူတန်နှင့် ကွဲသည်။ အိုင်စတိုင်းက ပကတိ ရွေ့လျားမှုဆိုသည် မရှိ။ ဟင်းလင်းပြင်တွင် အရာဝတ္ထု တစ်ခု၏ ပကတိ ရွေ့လျားမှုဆိုသည်မှာ အဓိပ္ပာယ်မရှိ။ အရာဝတ္ထုတိုင်း၏ ရွေ့လျားမှုကို အခြား အရာဝတ္ထု၏ ရွေ့လျားမှုနှင့် နှိုင်းယှဉ်ကာ တိုင်းတာနိုင်သည်။ အရာဝတ္ထုတိုင်းသည် တည်ငြိမ်မနေ။ လှုပ်ရှားနေကြသည်။ ဤစကြဝဠာကြီးတွင် သို့မဟုတ် ဤကမ္ဘာ မြေကြီးတွင် မရွေ့မလျား ပကတိတည်နေ အရာဝတ္ထုဟူ၍ မရှိ။ အရာရာသည် လှုပ်ရှားနေကြသည်။ စကြဝဠာကြီး တစ်ခုလုံးတွင် အသေးဆုံး အနုမြူမှသည် အကြီးဆုံး ဂလက်ဆီအထိ အမြဲလှုပ်ရှားနေကြသည်။ ကမ္ဘာသည် တစ်စက္ကန့်လျှင် မိုင်နှစ်ဆယ်နှုန်းဖြင့် နေကို ပတ်နေသည်။ သို့ဖြစ်ရာ အရာရာသည် လှုပ်ရှားနေပြီး အညွှန်းပြုရန် ရပ်နေသော အရာဝတ္ထု မရှိသည့် စကြဝဠာတွင် အလျင်၊ အလျား၊ အရွယ်၊ ဒြပ်ထု၊ အချိန် စသည်တို့ကို တိုင်းတာရန် စံ ဟူ၍ မရှိ။ ယင်းတို့ကို နှိုင်းရှည့်ရွေ့လျားမှုများနှင့်သာ တိုင်းတာနိုင်မည် ဖြစ်သည်။

www.nyisay.com



ယင်းတို့အနက် အချိန်၏ဆက်စပ်နိုင်းရှည့်မှု တရားသည် နားလည်ရ အခက်ဆုံး ဖြစ်သည်။ အချိန်သည် စောင့်ကြည့်သူ၏ ရပ်တည်ရာ၊ မြန်နှုန်းတို့နှင့် ဆက်စပ်နိုင်းရှည့်နေသည်။ အချိန်သည် ပကတိသက်သက်ချည်း မတည်။ ယင်းမှာ အိုင်စတိုင်း၏ သဘောတရား ဖြစ်သည်။ ယင်းကို စကြဝဠာကြီး၌ ထင်ဟပ်ကာ ဥပမာပြုနိုင်သည်။ ဆိုကြပါစို့။ အဝေးရှိ ကြယ်တစ်ခုတွင် ပေါက်ကွဲမှုတစ်စုံတစ်ခု ဖြစ်ပေါ်သည်ကို ကမ္ဘာမှ လူတစ်ယောက်က မြင်ရသည့်အခါ မြင်သည့်အချိန်နှင့် တကယ်ပေါက်ကွဲသည့် အချိန်တို့ မတူ။ တစ်ပြိုင်နက်တည်း မဟုတ်။ အလင်းသည် တစ်စက္ကန့်လျှင် မြန်နှုန်း ၁၈၆,၀၀၀ မိုင်ဖြင့် သွားနေသည်ဖြစ်ရာ ကြယ်တစ်ခုတွင်ဖြစ်သည့် ပေါက်ကွဲမှုသည် ကမ္ဘာသို့ သတင်းရောက်သည့် အချိန်၌ တကယ် မရှိတော့။ ဟိုး လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ တစ်နည်းဆိုသော် ယနေ့ ကျွန်တော်တို့ မြင်တွေ့နေရသည့် ကြယ်သည် လွန်ခဲ့သည့် ရှေး အတိတ်တောက ရှိနေသည့် ကြယ်ဖြစ်သည်။ ယနေ့ ထိုကြယ် ရှိချင်မှ ရှိတော့မည်။

အကယ်၍သာ လူသားတစ်ယောက်သည် အလင်း၏မြန်နှုန်းထက် ပို၍ မြန်မြန်သွားနိုင်မည် ဆိုလျှင် ဆက်စပ်နိုင်းရှည့်မှု သဘောတရားအရ သူသည် အတိတ်ကို အလျင်အမြန် ကျော်လွှားကာ အနာဂတ်တွင်မှ တစ်ဖန် ပြန်၍ အသစ် မွေးဖွားမည် ဖြစ်သည်။ အလင်း၏မြန်နှုန်းနှင့် သူသည် အဝေးဆုံး ကြယ်တစ်ခု ဆီသို့ သွားကာ ထိုနှုန်းဖြင့်ပင် ကမ္ဘာသို့ ပြန်လာသည် ဆိုကြပါစို့။ ကမ္ဘာကြီးသည် အသက် ရာထောင် ကြီးသွားကာ သူသည် အနာဂတ်ကာလတစ်ခုတွင် အသစ် တစ်ဖန် မွေးဖွားလာမည် ဖြစ်သည်။ ရွေ့လျားနေသော ဂြိုဟ်တိုင်းတွင် ကိုယ်ပိုင် အချိန် စနစ်ရှိသည်။ ကျွန်တော်တို့ ကမ္ဘာပေါ်တွင် တစ်နေ့တာဆိုသည်မှာ သူ့ ဝင်ရိုးပေါ် သူ တစ်ပတ်လည်သည့် အချိန်ဖြစ်သည်။ ကြာသပတေးဂြိုဟ်တွင်ကား နေကို လှည့်ပတ်ချိန်သည် ပိုကြာသဖြင့် ကမ္ဘာပေါ်တွင် တစ်နှစ်ထက် ယင်းဂြိုဟ် ပေါ်တွင် တစ်နှစ်က အချိန်ပိုကြာသည်။ သို့ဖြစ်ရာ အမြန်နှုန်းတိုးလာသည်နှင့်အမျှ အချိန်သည် ပိုနှေးလာသည်။ ရုပ်ဝတ္ထုပစ္စည်း တစ်ခုတွင် သုံးခုသော အတိုင်းအတာ ရှိသည်။ သို့သော် အချိန်သည် ဟင်းလင်းပြင်၏ အတိုင်းအတာတစ်ခုဖြစ်ပြီး ဟင်းလင်းပြင်သည်လည်း အချိန်၏အတိုင်းအတာတစ်ခု ဖြစ်သည်ဟု အိုင်စတိုင်း က တင်ပြသည်။ အချိန်နှင့် ဟင်းလင်းပြင်တို့သည် တသီးတခြားစီ တည်တံ့မနေ နိုင်။ တစ်ခုအပေါ်တစ်ခု အမှီသဟဲ ပြုနေကြရသည်။ သို့ဖြစ်ရာ ကျွန်တော်တို့သည် အတိုင်းအတာ လေးခုရှိသော စကြဝဠာကြီး၌ အသက်ရှင်နေကြခြင်း ဖြစ်သည်။ စတုတ္ထ အတိုင်းအတာမှာ အချိန်ပင် ဖြစ်သည်ဟု အိုင်စတိုင်းက ဆိုသည်။

www.nyisay.com



၁၉၁၅ တွင် အိုင်းစတိုင်းသည် ဆက်စပ်နှိုင်းရှည့်မှု အထွေထွေ သဘောတရားကို ထုတ်ဖော်ခဲ့သည်။ ယင်းသဘောတရားသည် ဒြပ်ဆွဲအားနှင့် အလင်းသဘောတရား အခြေခံတို့ကို အပြောင်းလဲကြီး ပြောင်းလဲစေခဲ့သည်။ ဆာအိုက်ဆက် နယူတန်က ဒြပ်ဆွဲအားကို အားတစ်ခုဟု သတ်မှတ်ခဲ့သည်။ အိုင်းစတိုင်းကမူ ဂြိုဟ်တစ်ခုခု သို့မဟုတ် ကြယ်တစ်ခုခု ပတ်လည်ရှိ ဟင်းလင်းပြင်ကြီးထဲတွင် သံလိုက်စက်ကွင်းကဲ့သို့သော ဒြပ်ဆွဲအား စက်ကွင်းတစ်ခု ရှိသည်။ ယင်းတို့၏ အားမှာ အလွန်ကြီးမားရကား အလင်းတန်းကိုပင် ကွေးစေနိုင်သည်ဟု အိုင်းစတိုင်းက အခိုင်အမာ ဆိုသည်။ ၁၉၁၉ တွင် နေကြတ်သည်ကို ဓာတ်ပုံရိုက်ကြည့်ရာတွင် နေ၏ဒြပ်ဆွဲအား စက်ကွင်းကိုဖြတ်သည့် အလင်းတန်းတို့သည် မျဉ်းဖြောင့်အတိုင်း မဟုတ်ဘဲ ကွေးကောက်သွားကြသည်ကို တွေ့ရသည်။

ထို့ကြောင့်ပင် အိုင်းစတိုင်းက ဟင်းလင်းပြင်ကြီး ဆိုသည်မှာ ကောက်ကွေ့ကြီး ဖြစ်သည်။ မိမိဝင်ရိုးပေါ် မိမိလည်ကာ နေကို လှည့်ပတ်နေသော ဂြိုဟ်တို့သည် အတိုဆုံးလမ်းအတိုင်း သွားကြသည်။ ကမ္ဘာမြေ၌လည်း သင်္ဘောတို့သည် သမုဒ္ဒရာကို ဖြတ်သည့်အခါ စက်ဝိုင်းတစ်ခု၏ အဝန်းပိုင်းနှင့် အလားတူသော မျဉ်းကွေးအတိုင်း သွားကြရသည်။ သို့ဖြစ်ရာ အမှတ်နှစ်ခု၏ အနီးဆုံးခရီးမှာ မျဉ်းဖြောင့် မဟုတ်၊ မျဉ်းကွေးသာ ဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။

အကယ်၍သာ အိုင်းစတိုင်းတင်ပြသည့် ဟင်းလင်းပြင်ကြီးသည် ကောက်ကွေးကြီး ဖြစ်သည် ဆိုသည့်အချက်ကို လက်ခံမည် ဆိုလျှင် ဟင်းလင်းပြင်သည် အဆုံးအစရှိသည်ဟု လက်ခံရလိမ့်မည်။ ကြယ်တစ်ခုမှ အလင်းတန်းတစ်ခုသည် နှစ်ပေါင်း သန်းပေါင်းများစွာ ကြာသည့်အခါ မူလ အလင်းလွှတ်သည့်ကြယ်သို့ ပြန်ရောက်လိမ့်မည်။ စကြဝဠာကြီးသည် ဟင်းလင်းပြင်ကြီးထဲသို့ ပြန်ထွက်မသွား၊ အကန့်အသတ် ရှိသည်။ သို့သော် နယ်နိမိတ် တိတိကျကျကား မသတ်မှတ်နိုင်။

ထိုနောက် အိုင်းစတိုင်းက အနုမြူအင်အားကို အနည်းဆုံး သဘောတရားအရ ဖြစ်စေ အသုံးချနိုင်သည်ဟု ဆိုသည်။ အနုမြူအင်အား ရနိုင်ရန် သူက ပုံသေနည်းတစ်ခု တင်ပြသည်။ ယင်းမှာ အလွန်ကျော်ကြားသည့် $E=mc^2$ ပင် ဖြစ်သည်။ စွမ်းအင်သည် ဒြပ်ထုကို အလင်းမြန်နှုန်း နှစ်ထပ်ကိန်း၏ မြှောက်လဒ်နှင့် တူညီသည်။ အကယ်၍သာ အရာဝတ္ထုတစ်ခုခုရှိ ပေါင်ဝက်မျှသော စွမ်းအင်ကို အသုံးချနိုင်မည်ဆိုလျှင် တီအင်တီ ယမ်းအား တန်ခုနစ်သန်း၏ ပေါက်ကွဲမှုများ ရနိုင်မည် ဖြစ်သည်။

သူ၏ $E=mc^2$ ပုံသေနည်းအရဆိုလျှင် စွမ်းအင်နှင့် ဒြပ်ထုတို့မှာ အခြေအနေ ခြားနားနေခြင်းသာ ဖြစ်သည်။ တကယ်စင်စစ် တစ်ခုတည်းပင် ဖြစ်သည်။

www.nyisay.com



ရူပဗေဒ၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။ ရေဒီယိုသတ္တိကြွ ပစ္စည်းများဖြစ်သည့် ရေဒီယမ်ဒြပ်စင်နှင့် ယူရေနီယမ် ဒြပ်စင်တို့သည် အလွန် ကြီးမားသော အလျင်ရှိသည့် ဒြပ်မှုန်များကို နှစ်ပေါင်း သန်းပေါင်းများစွာ ထုတ် လွှတ်နိုင်စွမ်းရှိသည်ကို ပြခြင်းပင် ဖြစ်သည်။ တစ်ဖန် နေနှင့်ကြယ်တို့သည် နှစ်ပေါင်း ကုဋေပေါင်းများစွာ ကြာသည်အထိ အလင်းရောင်နှင့် အပူဓာတ်တို့ကို ပေးစွမ်းနိုင်ခြင်းကို အိုင်စတိုင်း၏ သဘောတရားက ရှင်းပြခဲ့သည်။ အကယ်၍ နေတွင်သာ အလင်းရောင်နှင့် အပူဓာတ်ကုန်ခန်းသွားလျှင် ကျွန်တော်တို့ ကမ္ဘာကြီး မှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် အေးခဲမှု ချုပ်ငြိမ်းသွားဖို့ ဖြစ်သည်။

အိုင်စတိုင်း၏ ပုံသေနည်းသည် ၁၉၃၉ တိုင် သဘောတရား တစ်ခုအဖြစ် သာ ရှိနေသေးသည်။ ထိုနောက် သူသည် နာဇီတို့က မောင်းထုတ်လိုက်သဖြင့် အမေရိကန်ပြည်သို့ ရောက်လာသည်။ ဂျာမန်တို့သည် ယူရေနီယမ်ဒြပ်စင်များ မှာယူနေသည်။ အနုမြူဗုံးလုပ်ရန် သုတေသန ပြုနေသည်ကို သိသည့်အခါ အိုင်စတိုင်းသည် သမ္မတ ရုစဗဲ့ထံသို့ လျှို့ဝှက်စာတစ်စောင်ကိုရေးကာ အနုမြူဗုံး ဖြစ်နိုင်ကြောင်း အသိပေးလိုက်သည်။ ယင်းစာအရ အနုမြူဗုံး ပြုလုပ်ပြီး နယူး မက္ကစီကို၌ စမ်းသပ်ဖောက်ခွဲကာ ၁၉၄၅ ဩဂုတ်လ ၆ ရက်တွင် ဂျပန်ပြည် ဟီရိုရှီးမားမြို့ပေါ်သို့ ပထမဆုံး ကြဲချသည်။

အိုင်စတိုင်းသည် ၁၉၀၅ တွင် အလင်းလျှပ်စစ်နိယာမကိုလည်း သုတေ သန ပြုခဲ့သည်။ ယင်းကြောင့် ရုပ်မြင်သံကြား ပေါ်ခဲ့သည်။ ၁၉၂၂ တွင် ရူပဗေဒ ပညာတွင် နိုဗဲဆု ရခဲ့သည်။

အိုင်စတိုင်း၏ သဘောတရားများမှာ ဩဇာကြီးသည်ဟု ဆိုလျှင်ပင် မထိုက်တန်လှသေး။ အမှန်စင်စစ် တော်လှန်ရေးကျသည် ဆိုရမည်။ ယင်းတို့ ကြောင့် အနုမြူခေတ်တစ်ခေတ် ဆန်းလာရခြင်း ဖြစ်သည်။ သို့သော် ဤအနုမြူ ခေတ်သည် ဘယ်သောင် ဘယ်ကမ်းသို့ ဆိုက်လေမည်ကား မသိနိုင်။ ကျွန်တော်တို့ မျက်မှောက်တွင်ကား သူလို ပုဂ္ဂိုလ်များကို နှစ်ဆယ်ရာစုတွင် အကျော်ကြားဆုံး ဒဿနပညာရှင်၊ အကြီးမားဆုံး သိပ္ပံပညာရှင်ဟူ၍သာ တင်စားပြောဆိုရမည် ဖြစ်သည်။ သို့မဟုတ်လျှင်မူ သူသည် အရိယာဂိုဏ်းဝင် တစ်ယောက်သာ ဖြစ်ရ ပေလိမ့်မည်။ သူသည် ကောင်းကင်တမွတ် ကြယ်ကိုဆွတ်မည့် ပုဂ္ဂိုလ်မျိုးတည်း။

နှစ်ဆယ်ရာစု ရူပဗေဒနယ်ပယ်တွင် အိုင်စတိုင်း၏ ကျေးဇူးသည် အတိုင်း မသိ ကြီးမားလှပေသတည်း။

www.nyisay.com

## ပစ္စည်းရှင် (၁၉၀၆)

## ဂျွန် ဂေါ်လ်ဇဝါသီ (၁၈၆၇–၁၉၃၃)

ဖော်ဆိုက်ဆာဂါ ဝတ္ထုများ၏ ပထမဆုံးဝတ္ထု ဖြစ်သည်။ ဆာဂါဝတ္ထု ဆိုသည်မှာ ဆွေမျိုးဆက် သုံးလေးဆက်အကြောင်းကို ဇာတ်ဆောင်တွေ တစ်လှေကြီးနှင့် ဖွဲ့သည့် ဝတ္ထုမျိုးဖြစ်သည်။ ဂေါ်လ်ဇဝါသီ၏ **ပစ္စည်းရှင်**သည်လည်း ဖော်ဆိုက်မိသားစု သုံးဆက်အကြောင်းကို အဖေ၊ သား၊ မြေးတို့ ပါဝင်ကာ တင်ပြထားသည့် ပထမဆုံးဝတ္ထု ဖြစ်သည်။

ဂေါ်လ်ဇဝါသီသည် ၁၈၆၇ တွင် အင်္ဂလန်ပြည် ကင်းစတန်မြို့၌ ဖွားမြင်သည်။ လူချမ်းသာ၏သား ဖြစ်သဖြင့် ဟာရိုကျောင်းနှင့် အောက်စဖို့တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့သည်။ ဝတ်လုံစာမေးပွဲ အောင်မြင်သော်လည်း ရှေ့နေမလုပ်။ ဥရောပနိုင်ငံများသို့ ဒေသန္တရ ဗဟုသုတရှာမှီးရန် လျှောက်လည်သည်။ အင်္ဂလန် ပြန်ရောက်သည်တွင် ဝတ္ထုများ စတင် ရေးသားသည်။ **ပစ္စည်းရှင်** မှာ သူ့ပွဲဦးထွက် ဝတ္ထုဖြစ်သည်။ နောင်အခါ ထိုဝတ္ထုထဲက ဇာတ်လိုက် ဆုမ်းဖော်ဆိုက် ပါဝင်သော ဝတ္ထုများကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်၍ရေးသည်။

ဂေါ်လ်ဇဝါသီသည် ဝတ္ထုများသာမက ပြဇာတ်များနှင့် ကဗျာများကိုလည်း ရေးခဲ့သည်။ **ငွေသေတ္တာ** ပြဇာတ် တစ်ခုတည်းနှင့်ပင် သူသည် နာမည်ကျော် ခဲ့သည်။

၁၉၂၉ တွင် ဂေါ်လ်ဇဝါသီသည် ဗြိတိသျှအစိုးရက ပေးသည့် **အိုအမ်ဘွဲ့**ကို ရခဲ့သည်(ထူးချွန်သည့် သင်္ဂဟတံဆိပ်)။ ထိုနောက် ၁၉၃၂ တွင် နိုဗဲစာပေဆုကို ချီးမြှင့်ခြင်း ခံရသည်။

**ရာပြည့်စာအုပ်တိုက်**

www.nyisay.com



သူ့ဝတ္ထုများမှာ သူ့ခေတ်တွင် လူကြိုက်များခဲ့သဖြင့် အောင်မြင်ခဲ့သည်။ သို့သော် ယနေ့မူ မကြိုက်ကြတော့သဖြင့် သူ့နာမည်ပင် တိမ်မြုပ်နေပြီဟု ဆိုသည်။

ဂေါ့ဇွာသီသည် အင်္ဂလန်ပြည်၏ ၂၀ ရာစုဦး လူလတ်တန်းစားအလွှာ၏ ဘဝကို ဖော်ပြသည့် ဝတ္ထုများကို ရေးသည်။ လက်ရှိ လူနေမှုစနစ်ကို ပြုပြင်ပြောင်းလဲလိုသော ဆန္ဒကို ဖော်ပြပြီး လူချင်းမတူ ဝါဒစွဲကို အပြင်းအထန် တိုက်ဖျက်သည်။ သို့ရာတွင် သူသည် လူလတ်တန်းစား အထက်လွှာ၏ ဘဝကို ဖော်ကာ လှောင်ပြောင်ထေ့ငေါ့ရင်းက နောက်ဆုံးတွင် ယင်းတို့ကို ထောက်ခံသလို ဖြစ်သွားသည်ဟု ဆိုကြသည်။ ခေတ်ပြိုင်စာရေးဆရာတစ်ယောက် ဖြစ်သည့် ဒီအိပ်ချလောရင့်က ဂေါ့ဇွာသီ၏ ဝတ္ထုကို ပြင်းပြင်းထန်ထန် ဝေဖန်သည်။

ဂေါ့ဇွာသီ၏ **ပစ္စည်းရှင်**ထဲမှ သူပုန်တို့သည် ခေတ်သစ် လူလတ်တန်းလွှာမှ သူပုန်များနည်းတူ သူပုန်နှင့် လုံးဝမတူ။ သူတို့ လူတန်းစားကို ထောက်ခံကိုးကွယ်ကာ ပါးစပ်ကမူ ဆန့်ကျင်ပစ်ပယ်သယောင် ပြောကြသည်။

ပါမောက္ခအာနီးကတ်တယ်က **ပစ္စည်းရှင်**ဝတ္ထုသည် ယနေ့ခေတ်မမီ၊ ပြတိုက်ပစ္စည်းတစ်ခုအဖြစ်သာ ဖတ်သင့်သည်ဟု ဆိုသည်။

မည်သို့ဖြစ်စေ သူ့ခေတ်တွင် ဂေါ့ဇွာသီ၏ **ပစ္စည်းရှင်** ဝတ္ထုသည် အလွန်နာမည်ကျော်သည်။ သူသည် လူလတ်တန်းစားတို့ လက်ခံကျင့်သုံးနေသည့် အမူအရာတို့ကို ဝေဖန်စောကြောသည်။ **ပစ္စည်းရှင်**ကား အလှတရားနှင့် ပစ္စည်းပိုင်ဆိုင်မှုတို့၏ ဝိရောဓိကိုပြသည့် ဝတ္ထုဟု ဆိုကြသည်။ ဝတ္ထုထဲမှ ဇာတ်ဆောင် အိုင်ရင်းသည် အလှတရား၏ ပြယုဂ်ဖြစ်ပြီး သူ့ယောကျ်ား ဆုမ်းဖော်ဆိုက်သည် ပိုင်ဆိုင်လိုမှု၏ ပြယုဂ်ဟု ဆိုသည်။ ဂေါ့ဇွာသီသည် ဝတ္ထုကို ရေးရင်း များစွာသော ဝတ္ထုရေးဆရာတို့လိုပင် ဘက်လိုက်မှု မကင်းနိုင်ဘဲ သူ့လူတန်းစား ဉာဉ်နှင့် အသိတို့ကြောင့် ဆုမ်းဖော်ဆိုက်ကို ထောက်ခံမိလျက် ဖြစ်သွားသည်။ ဆယ့်ကိုးရာစု နောက်တစ်ပိုင်းတစ်ဝက်အတွင်း အင်္ဂလိပ် လူလတ်တန်းစား အထက်လွှာ၏ အမူအကျင့်တို့ကို ဖော်ပြရာ၌ကား သူမတူအောင် စရိုက်ပီသစွာ ဖော်နိုင်သည်။ ယင်းသည်ပင်လျှင် ဂေါ့ဇွာသီ၏ ကြီးစွာသောဂုဏ်တစ်ရပ် ဖြစ်ပေသည်။

ပစ္စည်းရှင်ဝတ္ထုမှာ ဤသို့ ဖြစ်သည်။

၁၈၈၆ တွင် တစ်ခုသော ဇွန်လ ညနေခင်းတွင် ဖော်ဆိုက် မိသားစုသည် ဂျိုလီယန်ကြီး၏အိမ်တွင် ဆွေမျိုးတစ်သိုက် ဆုံစည်းမိကြသည်။ ဂျိုလီယန်ကြီး မြေးမလေး ဂျွန်သည် လူဆင်းရဲ ဗိသုကာဆရာလေး ဖိလစ်ဗိုဆင်နေနှင့် ရည်ငံနေကာ ယခုကား စေ့စပ်ကြောင်းလမ်းပွဲ ကျင်းပခြင်း ဖြစ်သည်။ ထိုစေ့စပ်ပွဲသို့ တီမိုသီတစ်ယောက်မှအပ ကျန်ညီအစ်ကိုများ ရောက်လာကြသည်။ ဂျိုလီယန်ကြီး

www.nyisay.com



၏ နမများ ဖြစ်ကြသည့် အင်၊ ဟက်စတာ၊ ဂျူလီယာတို့လည်း လာကြသည်။ ဖော်ဆိုက် ဆွေသိုက်မျိုးသိုက်မှ လူကြီးတို့၏ အမြင်တွင် သူတို့မြေးမလေး ဌာန်နှင့် စေ့စပ်မည့် ဖိလစ်သည် ကြောက်စရာကောင်းသည်။ လူရမ်းကားလေး ဖြစ်သည်။

ဌာန်မှာ လေးနှစ်သမီးကပင် အဘိုး ဂျိုလီယန်ကြီး၏ လက်တွင် ကြီးခဲ့ရသည်။ သူ့အဖေ ဂျိုလီယန်ငယ်ကို အဘိုးကြီးက သူတို့ သဘောမတူသည့် မိန်းမနှင့် ထွက်ပြေးသဖြင့် အမွေဖြတ်လိုက်သည်။ ယင်းမှာ လွန်ခဲ့သော ဆယ့်လေးနှစ်က ဖြစ်သည်။ သို့သော် အမွေဖြတ်လောက်အောင် အပြစ်ကြီးသလား ဟုကား အဘိုးကြီးစိတ်တွင် တထင့်ထင့် ဖြစ်နေမိသည်။

စေ့စပ်ပွဲ ပြီးသည့်အခါ ဌာန်သည် ဖိလစ် မိဘဆွေမျိုးများထံသို့ လိုက်၍ လည်ပတ်သည်။ ထိုအချိန်တွင် ဂျိုလီယန်ကြီးသည် ဌာန်၏အဖေ သူ့သားဖြစ်သူ ဂျိုလီယန်ငယ်ကို တွေ့ချင်စိတ် ပြင်းပြလာသည်။ ထို့ကြောင့် တစ်ညနေတွင် ဂျိုလီယန်ငယ် သွားနေကျ ကလပ်သို့ ရောက်သွားသည်။ အဖေနှင့်သား တွေ့ကြသည့်အခါတွင်မှု အပြေအပြစ်ရှိသည်။ ထိုနေ့ညနေ တစ်ချိန်လုံး အဖေနှင့်သားတို့သည် အဖေကြီး၏အိမ်တွင် စကားလက်ဆုံ ကျနေကြသည်။ အံ့သြစရာပေတကား။ ဂျိုလီယန်ငယ်သည် ဟန်ကျပန်ကျ ဖြစ်နေပြီး သူတို့ သဘောမတူသည့် မိန်းမနှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်လျက် ရှိသည်ကို တွေ့ရသည်။

ဖိလစ် ဗိုဆင်နေးသည် ဌာန်နှင့် စေ့စပ်ပြီးနောက် ဖော်ဆိုက်မိသားစု အလယ်တွင် ပေါင်းသင်း ဝင်ဆံ့လာသည်။ လက်ဖက်ရည်ပွဲ၊ ညှော်ခံပွဲ၊ ညစာစားပွဲများသို့ တက်ရောက် နွဲရင်း၊ ပျော်ရင်းနှင့်ပင် အိုင်ရင်းဖော်ဆိုက်နှင့် ရင်းနှီးလာသည်။ အိုင်ရင်းမှာ ဂျိမ်းဖော်ဆိုက်၏ ချွေးမဖြစ်သည်။ သူ့ယောကျ်ား ဆုမ်းဖော်ဆိုက်ကား ဂျိုလီယန်ကြီး၏ တူဖြစ်ရာ ဂျိုလီယန်ကြီး၏ တူမ ဖြစ်လေသည်။ ဖိလစ်နှင့် အိုင်ရင်းတို့ ရင်းနှီးနေကြသည်ကို ဖော်ဆိုက်ဆွေမျိုးများ မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။

ဆုမ်းဖော်ဆိုက်သည် တောတွင် အိမ်တစ်လုံး ဆောက်မည် ဖြစ်သည်။ ထိုအိမ်ကို ပုံစံရေးရန် ဗိသုကာဆရာ ဖိလစ်အား တာဝန်ပေးသည်။ ပုံစံဆွဲ၍ ဘယ်လောက်ကုန်မည်ကို တင်ပြရန် ဖြစ်သည်။ သို့နှင့် အိမ်တစ်လုံး ဆောက်နေစဉ် ဖိလစ်သည် အိုင်ရင်းကို မကြာခဏ တွေ့သည်။ သူတို့နှစ်ယောက် အကြောင်းကို တစ်ဆွေမျိုးလုံး စကားဝိုင်းဖွဲ့ကာ ပြောမဆုံး ဖြစ်နေကြသည်။ နောက်ဆုံးတွင် အိမ်အတွက် ကုန်ကျစရိတ်မှာ ဖိလစ် တင်ပြခဲ့သည့် မူလ လျာထားငွေထက် များနေသည်။ ဆုမ်းကား ဒေါသထွက်လာသည်။ တစ်ဖန် ဖိလစ်နှင့် သူ့ဇနီး အိုင်ရင်းတို့အကြောင်း တီးတိုးပြောနေကြသည်ကိုလည်း သူ သိသည်။ တစ်ဖန်

www.nyisay.com



အဘိုးကြီး၏မြေးမလေး ဂျွန်ကလည်း ဖိလစ်တစ်ယောက် အိုင်ရင်းကို စွဲလမ်းနေသည်ကို သိသည်။ ဂျွန်သည် သူ့ယောင်းမ အိုင်ရင်းနှင့်ပင် မခေါ်နိုင်၊ မပြောနိုင်ဖြစ်လာသည်။

ထိုအတောအတွင်း ဂျိုလီယန်ကြီးသည် လန်ဒန်ရှိ သား ဂျိုလီယန်ငယ် အိမ်သို့ အလည်ရောက်သွားသည့်အခါ မြေးနှစ်ယောက်ကိုပါ တွေ့သည်။ ထိုအခါမှ စ၍ သူ့စိတ်ထားပြောင်းကာ အမွေပေးရေးအတွက် နဂိုက ရေးထားသောစာကို ပြောင်းလဲရေးရန် စဉ်းစားလာသည်။ သူ့သားကို အမွေဖြတ်လိုက်သည်မှာ မတရားဟု သူ ထင်လာသည်။

တစ်နေ့တွင် ဂျိုလီယန်ကြီးသည် သူ့ရှေ့နေဆီသို့သွားကာ သေတမ်းစာကို ပြင်ရေးသည်။ ထို့နောက် သူ့သား ဂျိုလီယန်ငယ်ထံသို့သွားကာ သူ့အား တစ်နှစ်ပေါင် ၁၀၀၀ ပေးမည်။ ဂျွန်ကိုလည်း သူသေလျှင် ပေါင် ၅၀,၀၀၀ ပေးခဲ့မည်။ ကျန်ငွေအားလုံးကို ဂျိုလီယန်ငယ်အား ပေးခဲ့မည်ဟု ပြောသည်။

ဆုမ်းဖော်ဆိုက်သည် ထိုအတောအတွင်း ဖိလစ်ဗိုဆင်နေး၏ ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်သည်။ အိမ်ဆောက်ရာ၌ လျာထားငွေထက် ပိုလာသည့်အတွက် ဗိသုကာဆရာ ဖိလစ်ကို တရားစွဲသည်။ ဖိလစ်သည် အမှုလာ၍ မဆိုင်။

အမှုတွင် ဆုမ်း အနိုင်ရသည်။ ဂျွန်ဖော်ဆိုက်သည် အမှုကို လာနားထောင်ပြီး စီရင်ချက်ကိုကိုင်ကာ ဖိလစ်အိမ်သို့ သွားသည်။ သို့သော် ဖိလစ်ကို မတွေ့သဖြင့် စောင့်နေသည်တွင် အိုင်ရင်းရောက်လာသည်နှင့် ပက်ပင်းပါတိုးသည်။ အိုင်ရင်းက သူသည် ဆုမ်းဖော်ဆိုက်ကို စွန့်ပစ်ခဲ့ပြီးဖြစ်ကြောင်း ဂျွန်အား သိစေသည်။ ဂျွန်သည် အလွန်ဒေါသထွက်လာပြီး အိုင်ရင်းအား သစ္စာမဲ့သူဟု စွပ်စွဲသည်။ အိုင်ရင်းကား အိမ်မှ ထွက်သွားလေသည်။

ထိုနေ့ညမှာပင် ဂျွန်သည် သူ့အဘိုးအား ဖိလစ် ဆောက်ခဲ့သည့်အိမ်ကို ဝယ်ပေးရန် ပူဆာသည်။ ဆုမ်းနှင့် အိုင်ရင်းတို့ ထိုအိမ်တွင် မနေဖြစ်ကြ ဆိုသည်ကို သူတို့ သိသည်။ နောက်တစ်နေ့မနက်တွင် ပုလိပ်တစ်ယောက်က ဖိလစ်ဗိုဆင်နေး သေဆုံးကြောင်း သတင်းပို့လာသည်။ ဆီးနှင်းမြူထူကျသည့် ညတွင် ကားတစ်စီးက ဖိလစ်အား ဝင်တိုက်သည်ဟု ဆိုသည်။ သို့သော် ဖိလစ်တစ်ယောက် သူ့ကိုယ်သူ သတ်သေခြင်းဖြစ်သည်ဟု ကောလာဟလ ဖြစ်နေသည်။ ဂျိုလီယန်ကြီးသည် သူ့တူထံမှ အိမ်သစ်ကို ဝယ်လိုက်သည်။ အိုင်ရင်းလည်း သူ့ယောက်ျားထံသို့ ပြန်ရောက်သွားလေသည်။

www.nyisay.com

## အမေ (၁၉ဝ၇)

## မက္ကဆင် ဂေါ်ကီ (၁၈၆၈–၁၉၃၆)

ဝတ္ထုကြော ရေးသူပါ နာမည်ကျော် ဖြစ်သည်။

ရေးသူ မက္ကဆင်ဂေါ်ကီသည် ဆိုရှယ်လစ် သရုပ်မှန်ဝါဒကို ထူထောင်သူ အဖြစ် ကျော်ကြားသည်။ ဂေါ်ကီသည် ရုရှားပြည် နစ်ဇနီနိုဂိုရော့မြို့၌ မွေးသည်။ ငယ်စဉ်ကပင် ဆင်းဆင်းရဲရဲ အသက်မွေးခဲ့ရသည်။ ဘဝမျိုးစုံအောင် ကျင်လည်ခဲ့ရသည်။ အလုပ်မျိုးစုံ လုပ်ဖူးသည်။ ဖိနပ်ချုပ်သမား၊ မြေပုံဆွဲဆရာ၏ အစေအပါး၊ ပန်းကန်ဆေး၊ မုန့်ဖုတ်၊ ထမင်းချက်၊ ကူလီ၊ ဇာတ်သမား၊ ဘူတာရုံ ညစောင့်၊ ရှေ့နေစာရေး၊ ပန်းပဲသမား စသည်တို့ လုပ်ဖူးသည်။ ယင်းတို့ကို နောင်တွင် ကိုယ်တိုင်ရေး **အရွယ်မတိုင်မီ**(၁၉၁၃)၊ **ဘုံလယ်တစ်ခွင်**(၁၉၁၅)၊ **ဘဝတက္ကသိုလ်** (၁၉၂၃)တို့၌ ရေးခဲ့သည်။ မြန်မာပရိသတ်သည် ဤစာစုကို ရင်းနှီးပြီး ဖြစ်သည်။ **မြသန်းတင့်**က ဘာသာပြန်ခဲ့ပြီး ဖြစ်သည်။

ဂေါ်ကီသည် ၁၉ဝ၅ တော်လှန်ရေး မတိုင်မီကပင် နိုင်ငံရေးသမားများနှင့် အဆက်အသွယ် ရှိသည်။ သုံးကြိမ်တိုင်တိုင် နိုင်ငံရေးကြောင့် ထောင်ကျခဲ့ရသည်။

**အမေ**သည် ၁၉ဝ၅ တော်လှန်ရေးကာလ မတိုင်မီ ရုရှ အလုပ်သမား လူတန်းစား ပစ္စည်းမဲ့တို့၏ လှုပ်ရှားမှုကို ရေးဖွဲ့သည့် ဝတ္ထုဖြစ်သည်။ လီနင်က **အမေ**သည် ၁၉၁၇ ရုရှားတော်လှန်ရေးကို အထောက်အကူ ပြုခဲ့သည်ဟု ဆိုသည်။

www.nyisay.com



ရုရှား အောက်တိုဘာတော်လှန်ရေး မအောင်မြင်မီ ၁၀ နှစ်ခန့်က ရေးခဲ့သော်လည်း **အမေ**သည် ဆိုဗီယက်စာပေ၏ ဆိုရှယ်လစ် အုတ်မြစ်တစ်ခုဟု ယူဆကြသည်။ ထိုဝတ္ထု ရေးသည့်အချိန်တွင် ဂေါ်ကီမှာ အသက် ၇၀ ရှိနေပြီ။ စာရေးသက် နှစ်ဆယ့်ငါးနှစ် ရှိနေပြီ။ အတွေ့အကြုံလည်း စုံပြီ။ သူ့အရင်က ရုရှားဂန္ထဝင်စာပေကို ဦးဆောင်ခဲ့ကြသူများမှာ ပုရှကင်၊ ဂေါဂါး၊ လာမွန်တော့၊ တူရဂေညက်၊ ဂွန်ချာရော့၊ ချဲကော့၊ တော်စတွိုင်း၊ ဒေါ်စတာယက်ဖစကီးတို့ ဖြစ်သည်။ သူတို့၏ ဂန္ထဝင်စာပေနှင့် ဆိုရှယ်လစ်ခေတ် သရုပ်မှန်စာပေကို ဂေါ်ကီ၏ **အမေ**က ပေါင်းကူးတံတား ထိုးပေးခဲ့သည်ဟု ဆိုကြသည်။

**အမေ**တွင် ဂေါ်ကီသည် ဇာတ်ဆောင်သစ် တစ်ယောက်ကို ရုရှားစာပေတွင် ပထမဆုံး ဖန်တီးပေးခဲ့သည်။ ယင်းဇာတ်ဆောင်သစ်မှာ ပစ္စည်းမဲ့ အလုပ်သမား လူတန်းစားပင် ဖြစ်သည်။ လူ့လောက တိုးတက်ပြောင်းလဲရေးအတွက် အကြီးမားဆုံး အင်အားစုတစ်ခုဖြစ်သည့် ပစ္စည်းမဲ့ အလုပ်သမားလူတန်းစားသည် **အမေ**တွင် ပထမဆုံး ဇာတ်လိုက် ဖြစ်လာသည်။ အင်္ဂလိပ်စာပေတွင် **ချားဒစ်ကင်း**သည် အလုပ်သမားလူတန်းစားအကြောင်း ရေးခဲ့သော်လည်း ဒစ်ကင်း၏ ဇာတ်ဆောင်တို့မှာ တိုက်ပွဲဝင် သူရဲကောင်းများ ဖြစ်မလာကြ။ ဂေါ်ကီ၏ ဇာတ်ဆောင်တို့သည် တရားမျှတမှု မရှိသည့် လူမှုဆက်ဆံရေးလောကကို ရဲရဲဝံ့ဝံ့ တိုက်ခဲ့သည်။ ကမ္ဘာ့စာပေတွင် ဤလိုဇာတ်ဆောင်မျိုးကို ပထမဆုံး တီထွင်ဖန်ဆင်းသူမှာ ဂေါ်ကီပင် ဖြစ်သည်။

၁၉၀၂ တွင် ဆော်ရမိုဗို၌ ကွန်မြူနစ်ပါတီဝင်တို့ မေဒေးကွင် စီတန်းလှည့်လည်ကာ ဆန္ဒပြကြသည်။ ထိုဆန္ဒပြပွဲတွင် ပါဝင်သူတို့အား ဇာအစိုးရက ပြင်းထန်စွာ အရေးယူသည်။ ဂေါ်ကီသည် ယင်းအဖြစ်အပျက်ကို အခြေခံကာ **အမေ**ဝတ္ထုကို ရေးလေသည်။ ထူးဆန်းသည်မှာ အမေကို မူရင်းရုရှားဘာသာ အရင်မထွက်ဘဲ အင်္ဂလိပ်ဘာသာပြန်က အရင်ထွက်ခြင်းပင် ဖြစ်သည်။ ၁၉၀၆ တွင် ဂေါ်ကီသည် ရုရှားမြေမှ ခွာကာ နိုင်ငံခြားတွင် ရောက်နေစဉ် **အမေ**ကို ပုံနှိပ်ထုတ်ဝေသည်။ ၁၉၀၇ တွင်မှ ရုရှားဘာသာဖြင့် ပုံနှိပ်ထုတ်ဝေရသည်။ ထိုအခါတွင်လည်း များစွာ ဖြတ်တောက်ခြင်း ခံရသည်။ အောက်တိုဘာတော်လှန်ရေး အပြီးတွင်မှ မူရင်းဝတ္ထုပါ အပြည့်အစုံကို ဖြည့်စွက်ပြင်ဆင် ထုတ်ဝေရသည်။

**အမေ**၏ ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

ပေဗယ် ဗလာဆော့၏ အမေဘဝကား အဓိပ္ပာယ်မရှိ။ သူ့ယောကျ်ားမိုက်ကယ်သည် စက်ရုံအလုပ်သမား ဖြစ်သည်။ များစွာသော ရွာသားတို့မှာ စက်ရုံအလုပ်သမားများသာ ဖြစ်ကြသည်။

www.nyisay.com



မိုက်ကယ် ဗလာဆော့သည် အမြဲလိုပင် စိတ်ညစ်နေသည်။ ရွှင်ရွှင်ပျပျ ကား မရှိ။ 'မအေပေး လူယုတ်မာ'။ ဤသည်မှာ သူ့ပါးစပ်က အမြဲရေရွတ်နေ သည့် စကားလုံး ဖြစ်သည်။ အိမ်သားများကိုရော အိမ်နီးချင်းများကိုပါ ဤအတိုင်း ဆဲရေးတိုင်းထွာသည်။ သူ့သား ပေဗယ်သည် ဆယ့်လေးနှစ် ရှိလာသည့်အခါ အဖေကို မခံတော့။ တူတစ်ချောင်းကိုကိုင်ကာ သူ့ကို မထိနှင့်ဟု အာခံလာသည်။ မိုက်ကယ်သည် သေခါးနီးအထိပင် ဆိုးဆိုးရွားရွား ရောဂါဖိစီးသည့်ဒဏ် ခံရသည်။ အိပ်ရာပေါ် ငါးရက်ခန့် လဲနေစဉ် မြန်မြန်သေအောင် အဆိပ်ကျွေး သတ်လိုက်ပါ တော့ဟု သူ့မိန်းမအား ပြောသည်။

အဖေ သေပြီး၍ နှစ်ပတ်ခန့်ရှိလျှင် ပေဗယ်သည် အိမ်သို့ အရက်မူး ပြန် လာသည်။ ပေဗယ်အား သူ့အမေက နှစ်သိမ့်ချော့မော့သည်။ အဖေရှိစဉ်က အမေ မှာ အရေးပေးခြင်း မခံရ။ အဆူပူ အကြိမ်းမောင်း ခံရသည်။ အရိုက်အနှက် ခံရသည်။

ထိုအခါမှစ၍ ပေဗယ်တစ်ယောက် အရက် မသောက်တော့ကြောင်း အမေ သတိထားမိသည်။ ညတိုင်ကျလျှင် ညဉ့်နက်သည်အထိ စာဖတ်နေတတ်သည်။ အမေကား ပူပန်စ ပြုလာသည်။ ပေဗယ်က သူဖတ်သည်မှာ တားမြစ်ပိတ်ပင်ထား သည့် စာအုပ်များ ဖြစ်သည်ဟု ဆိုသည်။ ထိုအခါ ပို၍ ကြောက်လန့်လာသည်။ သူ့သား စိတ်ထဲ ဘာဖြစ်နေမှန်း အမေ မသိ။ ဘာအကြံအစည်တွေ ရှိနေမှန်း အမေ မသိ။

တစ်ညနေတွင် စနေနေ့၌ သူတို့အိမ်သို့ မိတ်ဆွေများ ရောက်လာမည်ဟု ပေဗယ်က အမေ့အား ပြောသည်။ ထိုနေ့တွင် ပေဗယ် အပြင်သို့ ခဏထွက်စဉ် မြို့မှ သူ့မိတ်ဆွေများ ရောက်လာသည်ကို အမေက ကြိုဆိုလက်ခံသည်။ တစ် ယောက်မှာ အင်ဒရေဆိုသူ ဖြစ်သည်။ နောက်တစ်ယောက်မှာ နာတာရှာဆိုသည့် မိန်းမပျိုလေး ဖြစ်သည်။ သူနှင့်အတူ စာအုပ်များ ပါလာသည်။ အမေသည် နှစ်ယောက်စလုံးကို နှစ်သက်သည်။ အင်ဒရေနှင့် စကားပြောလာရသည်မှာ ကောင်းသည်။

သူတို့သည် အမေ့အိမ်တွင် အစည်းအဝေး လုပ်ကြသည်။ မြို့မှလူသစ် များ နောက်ထပ် ရောက်လာကြသည်။ ရွာဖျားမှ အိမ်ကလေးတစ်အိမ်က သူတို့ကို သတိထား ကြည့်လာသည်။ အိမ်နီးချင်းများက အမေ့ကို သတိပေးကြသည်။ မကြာမီအတွင်းမှာပင် ရွာထဲ၌ စာရွက်စာတမ်းများ ဖြန့်သည်။ စက်ရုံထဲသို့လည်း ဝါဒဖြန့် စာရွက်များ ရောက်လာသည်။ အင်ဒရေသည် အမေတို့နှင့် အတူနေကာ ပေဗယ်ကို ကူညီလုပ်ကိုင်ပေးသည်။ ထိုအချိန်တွင် စက်ရုံမှ အလုပ်သမားများသည်

www.nyisay.com



အစည်းအဝေးသို့ တက်လာကြသည်။ သူတို့ လူစုလူဝေးကို အာဏာပိုင်တို့က ဂရုစိုက်လာသည်။ အရှာအဖွေများ ရှိလာသည်။

အမေ့အိမ်ကို ပထမဆုံး ရှာသည့်အခါ ပုလိပ်တို့၏ အမူအကျင့်ကို သိခွင့်ရလာသည်။ ပုလိပ်အရာရှိ၏ ခြိမ်းခြောက်မှုကြောင့် အမေ ဒေါသဖြစ်ရသည်။ သို့သော် ပေဗယ် အဖမ်းမခံရသည့်အတွက်ကား ဝမ်းသာသည်။ သို့သော် အင်ဒရေနှင့် ရွာခံရဲဘော်နှစ်ဦးတို့ အဖမ်းခံရသည်။

ထိုနောက် မကြာမီအတွင်းမှာပင် လုပ်ခ ဖြတ်တောက်သည့်အတွက် အရေးဆို တိုက်ပွဲဝင်ကြရာ ပေဗယ်အား ခေါင်းဆောင်တစ်ယောက်အဖြစ် ဖမ်းသွားပြီး ထောင်ချလိုက်သည်။ မြို့မှရဲဘော်များ အကူအညီဖြင့် ရွာတွင် စာရွက်စာတမ်းများ ပလူပျံလာသည်။ မကြာမီပင် အင်ဒရေတစ်ယောက် ထောင်မှလွတ်လာသည်။ အမေသည် ကြေညာစာတမ်းများကို စက်ရုံထဲသို့ ရောက်အောင် ခိုးသွင်းပေးသည်။ စက်ရုံကား အစောင့်အကြပ် ထူလာသည်။ ရွာထဲတွင်လည်း ပုလိပ်သတင်းပေး ပေါလာသည်။

သားပေဗယ် ယုံကြည်သည့် လုပ်ငန်းထဲတွင် ကူညီရသည့်အတွက် အမေ ဝမ်းသာသည်။ ထို့ပြင် ယခုလုပ်ငန်းတွင် သူသည် စိတ်ရောကိုယ်ပါ အားပေးကူညီလာရသည့်အခါ သူ့အကူအညီ အဘယ်မျှ အသုံးဝင်ပုံကို သိသည့်အတွက်လည်း ဝမ်းသာသည်။ သည့်အရင်ကမူ သူသည် လောကကြီးတွင် လူပိုတစ်ယောက်သာ ဖြစ်နေခဲ့သည် မဟုတ်လား။

နွေဦးပေါက်တွင် ပေဗယ် ထောင်မှ လွတ်လာသည်။ ထိုအခါ သူတို့ တစ်သိုက်သည် မေဒေးအတွက် ပြင်ဆင်ကြသည်။ ပေဗယ်နှင့် အင်ဒရေတို့က စီတန်းလှည့်လည်ပွဲအတွက် စည်းရုံးသည်။ ရွာထဲမှ ရစ်ကင်ဆိုသည့် လယ်သမားတစ်ယောက်သည် သူတို့နှင့် အမြင်ချင်းတူသည်။ သူတို့ကို ကူညီလာသည်။ ထို့ပြင် သူသည် လယ်သမားများကို ကောင်းကောင်းသိသည်။

မေလ ၈ ရက်နေ့တွင်ကား စက်ရုံအလုပ်သမားတို့သည် ပေဗယ်နှင့် သူ့ရဲဘော်များ ခေါင်းဆောင်မှုနောက်သို့ လိုက်ကာ စီတန်းလှည့်လည်ကြသည်။ စစ်သားများ ရောက်လာသည်။ ပေဗယ်၊ အင်ဒရေနှင့် အခြားတက်ကြွသူတို့မှာ မဖြို။ သို့သော် အလုပ်သမားတို့မှာ လှံစွပ်များကို ကြောက်ရွံ့လာသည်။ ပေဗယ်နှင့် အချို့ အဖမ်းခံရသည်။ အမေသည် သွေးဆူလာကာ တရားဟောတော့သည်။ 'သားသမီးတွေရဲ့ စိတ်ဓာတ်ကို သိကြမှပေါ့။ သူတို့ရဲ့ နှလုံးသားက တောင်းဆိုတာကို နားလည်ကြမှပေါ့။ သူတို့က အမှန်တရားအတွက် တိုက်ပွဲဝင်နေကြတယ်။ အမှန်တရားအတွက် အသေခံကြတယ်။ သူတို့ကို ယုံကြည်ရမယ်' သူ့

www.nyisay.com



အိမ်နီးချင်းတို့မှာ အမေ့စကားကြောင့် စိတ်လှုပ်ရှားကာ တက်ကြွလာကြသည်။ တစ်ဖန် ထိုနေ့က စစ်သားတို့ အပြုအမူကိုမြင်ကာ မခံချင်စိတ် ဇွန်တက်လာကြသည်။

အမေ့အဖို့ ရွာတွင် အလုပ်မရှိ။ ပေဗယ်နှင့် အင်ဒရေတို့က သူ့ကို မြို့သို့ သွားနေရန် စီစဉ်ခဲ့ပြီး ဖြစ်သည်။ မြို့တွင် ရဲဘော်ဟောင်းတို့နှင့် အမေ တွေ့ရသည်။ ရစ်ကင်အကြောင်း သူတို့အား ပြောပြသည်။ ရစ်ကင် အလုပ်လုပ်နေရာ တောထဲသို့ ကြေညာစာတမ်းများ ယူသွားဖို့ အမေနှင့် အခြားအမျိုးသမီးတစ်ယောက်အား တာဝန်ပေးသည်။ အမေသည် တောထဲတွင် ရစ်ကင်နှင့် အဖော်များရှိရာသို့ ရောက်အောင်သွားကာ ကြေညာစာတမ်းများ ပို့ပေးသည်။

မြို့သို့ ပြန်လာသည့်အခါ သူ့အလုပ်မှာ တော်လှန်ရေး စာတမ်းများကို မှန်မှန် ဖြန့်ဝေသည့် တာဝန်ကို ယူရသည်။ အမေသည် ရဲဘော်သစ်များကို ရွေးသည်။ သူ့အလုပ်တာဝန်မှာ ရိုးလာသလိုပင် ဖြစ်နေပြီ။ ထိုအတောအတွင်း မိတ်ဆွေဟောင်းတစ်ယောက် သေသည်။ အသုဘတွင် သေသူကို များစွာ ချီးကျူး စကား ပြောကြသည်။ ပုလိပ်သတင်းပေးတို့သည် အသုဘကိုပင် လာ၍ စောင့်ကြည့်ကြသည်။

ရစ်ကင်ကား တစ်ခါတွင် ဒုက္ခရောက်သည်။ အမေကို ရစ်ကင်ဆီသို့ ရဲဘော်များက လွှတ်လိုက်သည်။ ရစ်ကင်ကို သူခိုးအဖြစ် စွပ်စွဲကာ ပုလိပ်တို့က ရိုက်နှက်သည်။ နှိပ်စက်သည်။ ရစ်ကင်သည် သူ့ဝန်းကျင်ရှိ လယ်သမားများကို တရားဟောသည်။ စည်းရုံးသည်။ သူ့ကို ထောင်ထဲ ပို့လိုက်သည်။ သို့သော် အမေသည် ရစ်ကင်အစား လယ်သမားရဲဘော်တစ်ယောက်ကို နောက်ထပ်တွေ့ကာ သူကမှတစ်ဆင့် တော်လှန်ရေးအတွက် စည်းရုံးပြန်သည်။

မြို့သို့ ပြန်ရောက်သည့်အခါ အမေနှင့် ရဲဘော်များသည် ရစ်ကင် တစ်ယောက် ထောင်မှ ထွက်ပြေးလွတ်မြောက်ရန် ကြံစည်သည်။ ထိုအခါမှစ၍ ပုလိပ်အဖွဲ့သည် အမေကို သင်္ကာမကင်း ဖြစ်လာပြီး စောင့်ကြည့်တော့သည်။

ပေဗယ်ကို နောက်ဆုံးတွင် ရုံးတင်အမှုစစ်သည်။ ပေဗယ်သည် တရားခွင်တွင် ချေပလျှောက်လဲရင်း လက်ရှိအုပ်စိုးသူ လူတန်းစားအား တိုက်ခိုက်ပြောဆိုသည်။ သူ့ကို ဆိုက်ဗေးရီးယားသို့ နယ်နှင်ဒဏ်ခတ်ကာ ထောင်ချလိုက်သည်။ သို့သော်လည်း သူ၏ ရဲရဲတောက်မိန့်ခွန်းမှာ ရဲဘော်များနားမှ မထွက်။ သူ့မိန့်ခွန်းကို ပုံနှိပ်ကာ ဝေငှသည်။ မော်စကိုမြို့သို့ အမေက တိတ်တဆိတ် ယူသွားသည်။ ဘူတာရုံတွင် ပုလိပ်သတင်းပေးများ စောင့်နေမှန်း အမေ သိသည်။ အမေသည် ပုလိပ်လက် အရောက်မခံတော့ဘဲ စာရွက်စာတမ်းများကို ဘူတာထဲမှာပင် ဖြောင်

www.nyisay.com



ဝေလိုက်သည်။ မတားနိုင်မိမှာပင် အားလုံး ဝေငှပြီး ဖြစ်သွားသည်။ သို့နှင့် နောက်ဆုံးတွင် အမေကို ဖမ်းဆီးသွားလေတော့သည်။

ဂေါ်ကီ၏ **အမေ**ကို ၁၉၅၈ တွင် ဂုဏ်ရောင်က **အမေ** (ပထမတွဲ) ပြန်ဆိုထုတ်ဝေခဲ့သည်။ ဒုတိယတွဲကိုမူ ထုတ်ဝေနိုင်ခဲ့ခြင်း မရှိ။ ၁၉၆၉ ခုနှစ်တွင်မူ တောင်တွင်းကိုကိုကြီးသည် **အမေ**ကို အစအဆုံး ပြန်ဆိုထုတ်ဝေခဲ့သည်။

## မိန်းမအိုပုံပြင် (၁၉၀၈)

### အာနိုး ဗင်းနက် (၁၈၆၇–၁၉၃၁)

**မိန်းမအိုပုံပြင်**သည် အင်္ဂလိပ်စာရေးဆရာ အာနိုးဗင်းနက်၏ လက်ရာများအနက် လူကြိုက်များသလောက် ကောင်းလည်း ကောင်းသော လက်ရာဖြစ်သည်ဟု ဆိုကြသည်။

အာနိုးဗင်းနက် ပဲရစ်မြို့၌ နေထိုင်ခိုက်တွင် ပျော်ပွဲစားရုံတစ်ရုံ၌ "အရုပ်ဆိုးဆိုး၊ ဝဝဖိုင့်ဖိုင့်၊ ပုံပျက်ပန်းပျက်"ဖြစ်နေသော မိန်းမအိုတစ်ဦးကို တွေ့ရသည်။ ပျော်ပွဲစားရုံသို့ ထိုမိန်းမအို ရောက်လာပြီဆိုလျှင် လူများက သူ့ကို လှောင်ကြပြောင်ကြ ရယ်စရာ လုပ်ကြသည်။ အာနိုးဗင်းနက်သည် မိန်းမအိုကို အသေအချာကြည့်ရင်း တစ်ချိန်ကမူ ထိုမိန်းမသည် သွယ်သွယ်လျလျ လှပသော မိန်းမပျိုဖြစ်တန်ကောင်းသည်ဟု ကောက်ချက်ချမိသည်။ ကျောက်ဆောင်ကြီးများကို လေတိုက်စား၊ ရေတိုက်စား သွားသောအခါ ပျက်ယွင်းရသကဲ့သို့ လူကိုလည်း အချိန်က တိုက်စားသောအခါ ပြောင်းလဲသွားရပုံကို ဂရုပြုမိသည်။ သို့ဖြင့် ထိုဂရုပြုမိသည့် အချက်ပေါ် မူတည်၍ **မိန်းမအိုပုံပြင်** ဝတ္ထု ပေါ်ထွက်လာသည်။

ထို့ကြောင့် **မိန်းမအိုပုံပြင်** ဝတ္ထုတွင် အဓိက ဇာတ်ဆောင်မှာ "အချိန်" ဖြစ်သည်။ ထိုဝတ္ထု၏ လူကြမ်းမှာလည်း အချိန်ပင် ဖြစ်သည်။ အချိန်ကို အဓိက ဇာတ်ဆောင်အဖြစ် ထားသောအခါ အာနိုးဗင်းနက်သည် ပတ်ဝန်းကျင်ကိုပါ ကိုင်တွယ်လာရသည်။ အချိန်ကို ကိုယ်စားပြုသော ဇာတ်ဆောင်၏ ဗီဇမျိုးရိုးကိုပါ

www.nyisay.com



တစ်နှယ်ငင် တစ်စင်ပါ ဆိုသလို အားပေးလာရပြန်သည်။ ထို့ကြောင့် ခြုံ၍ ဆိုရလျှင် အာနိုးဗင်းနက်၏ **မိန်းမအိုပုံပြင်ဝတ္ထု**သည် အချိန်+ဇီဇ+ပတ်ဝန်းကျင်ဟု ပြောနိုင်လေသည်။

အင်္ဂလန်မြောက်ပိုင်းရှိ ဗာစလေမြို့တွင် မစ္စတာဗရိန်း ဇနီးမောင်နှံသည် အထည်ဆိုင် ဖွင့်လှစ်ရောင်းချ နေထိုင်သည်။ သူတို့တွင် သမီးနှစ်ယောက် ထွန်းကားသည်။ သမီးအကြီးက ကွန်စတင့်ဖြစ်ပြီး အငယ်က ဆိုဖီယာ။ ကွန်စတင့်က ၁၆ နှစ်၊ ဆိုဖီယာက ၁၅ နှစ်။ ကွန်စတင့်သည် ရိုးရိုးအေးအေး နေတတ်သည်။ အတွေးအတော မရှိ။ ရုပ်ရည်ကလည်း ရွက်ကြမ်းရေကျိုမျှသာ ဖြစ်သည်။ အငယ် ဆိုဖီယာကမူ ရုပ်ရည်လှပသည်။ သွက်လက်ဖျတ်လတ်သည်။ စဉ်းစဉ်းစားစား ပြောဆိုလုပ်ကိုင်တတ်သည်။ ကွန်စတင့်က သူ့ဘဝကို သူ့ပတ်ဝန်းကျင်က ပြဋ္ဌာန်းပြီးသား ဖြစ်သည်ဟု ခံယူထားသည်။ ထို့ကြောင့် သူသည် ဗာစလေအရပ်တွင် မိဖလက်ငုတ်အလုပ်ကို လုပ်ကိုင်ရင်း အရိုး ထုတ်ရမည်ဟု သိထားနှင့်သည်။ ဆိုဖီယာကား ကွန်စတင့်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ သူက သူ့ကိုယ်ပိုင်နည်းဖြင့် သူ့ဘဝကို ထူထောင်ချင်သည်။ မိဘ လက်ငုတ်ဖြစ်သည့် အထည်ဆိုင်ကို လုံးဝ စိတ်မဝင်စား။ ကျောင်းဆရာမ လုပ်ချင်သည်။ ထို့နောက် ဗာစလေမြို့၏ အပြင်၌ ရှိနေသော ကမ္ဘာကို သူ ကြည့်ချင်လှသည်။

မစ္စတာဗရိန်း အိမ်ထောင်ကို တကယ်တမ်း ဦးစီးနေသူမှာ မစ္စက်ဗရိန်း ဖြစ်သည်။ မစ္စတာဗရိန်းမှာ ဆိုဖီယာ မွေးပြီးနောက်တွင် လေဖြတ်သဖြင့် အိပ်ရာထဲမှာ လဲနေသူသာ ဖြစ်သည်။ မစ္စက်ဗရိန်းသည် ကျောင်းဆရာမ အလုပ်အား အပျိုကြီးလုပ်သူများနှင့် မုဆိုးမများ၏ အလုပ်ဟုသာ ယူဆသည်။ ထို့ကြောင့် ဆိုဖီယာ၏ ကျောင်းဆရာမ လုပ်မည်ကို မလိုမလား တားမြစ်သည်။ အဖေကြီး ဗရိန်းကပင်လျှင် အမေကြီး ဗရိန်းနှင့် သံယောင်လိုက်ကာ ဆိုဖီယာကို ကျောင်းဆရာမ မလုပ်ရန် ပြောသည်။ ဆိုဖီယာကား ခေါင်းမာသော၊ စိတ်ထင်သည်ကို လုပ်ရဲသော မိန်းကလေး ဖြစ်ရာ တားမြစ်သည့်အကြားကပင် လက်ထောက် ကျောင်းဆရာမ အလုပ်ကို ဝင်လုပ်လေသည်။ စာမသင်ရချိန်တွင် အိပ်ရာပေါ်မှ လူနာအဖေကြီးအား ပြုစု စောင့်ရှောက်ရန်မှာ ဆိုဖီယာ၏ တာဝန်ဖြစ်သည်။

တစ်နေ့တွင် ဖခင် လူမမာကြီးအား ဆိုဖီယာ ပြုစုနေခိုက် သူတို့အိမ်နှင့် ကပ်လျက်ရှိသော ဆိုင်ထဲသို့ ရုပ်ရည်သန့်ပြန့်သော လူငယ်တစ်ယောက် ဝင်သွားသည်ကို မြင်လိုက်ရာ ဆိုဖီယာသည် ဖခင်ကြီးကို ထားရစ်ခဲ့ပြီး ထိုလူငယ်နှင့် သွားရောက် စကားပြောနေလေသည်။ ထိုလူငယ်ကား ဂျယ်ရယ်စကားဆိုသော နယ်လှည့်အရောင်းစာရေး ဖြစ်သည်။ ဆိုဖီယာနှင့် ဂျယ်ရယ် စကားပြောနေစဉ်

www.nyisay.com



မစ္စတာ ဗရိန်းသည် ခုတင်ပေါ်မှ ကြမ်းပြင်ပေါ်သို့ ကျသွားပြီး အသက်ရှူမရဘဲ မွန်း၍ သေဆုံးသွားသည်။ အားလုံးက ဆိုဖီယာကို ဝိုင်း၍ အပြစ်တင်ကြသည်။ ဆိုဖီယာသည် မိမိ ပေါ့ဆမှုကြောင့် ဖခင်ကြီး အသက်ဆုံးရသည်ကို နောင်တ ရဟန်ဖြင့် လက်ထောက် ကျောင်းဆရာမအလုပ်ကို စွန့်လွှတ်ကာ မိဘလုပ်ငန်း ဖြစ်သည့် အထည်ဆိုင်၌ ကူညီညာ လုပ်ကိုင်နေသည်။ အကယ်စင်စစ်မှာမူ ဆိုဖီယာသည် အထည်ဆိုင်သို့ မကြာခဏဆိုသလို လာတတ်သော ဂျယ်ရယ် စကားနှင့် တွေ့နိုင်ရန် နောင်တရဟန် ဆောင်ခြင်းသာ ဖြစ်သည်။

ထိုစဉ် သမီးအကြီး ကွန်စတင့်သည် ဆိုင်မန်နေဂျာ ဆင်မြူရယ် ပိုဝေး ဆိုသူနှင့် ချစ်ကြိုက်နေလေသည်။ ဆင်မြူရယ်ကား သာမန် ယောကျ်ားမျှသာ ဖြစ်သည်။ သို့သော် မစ္စက်ဗရိန်းက ကွန်စတင့်တို့ ချစ်ရေးကိစ္စကို သဘောတူ ကြည်ဖြူလေသည်။ သမီးငယ် ဆိုဖီယာနှင့် နယ်လှည့်အရောင်းစာရေး ဂျယ်ရယ်တို့ ကိစ္စကိုမူ အနည်းငယ်မျှ သဘောမကျနိုင် ဖြစ်နေသည်။ မစ္စက်ဗရိန်း စုံစမ်းသိရ သလောက်မူ ဂျယ်ရယ်သည် ပေါ့ပေါ့နေနေ ပေါ့ပေါ့စား လူငယ်တစ်ဦးသာ ဖြစ်သည်။ ထို့ကြောင့် ဆိုဖီယာတို့ကိစ္စကို မစ္စက်ဗရိန်းက ကန့်ကွက်သည်။ ဂျယ်ရယ်တစ်ယောက် ဗာစလေမြို့သို့ ရောက်လာသည်ဖြစ်စေ၊ မရောက်လာသည် ဖြစ်စေ ဆိုဖီယာက အရေးမစိုက်။ ရောက်လျှင် လူချင်း တွေ့မည်။ မရောက်လျှင် စာချင်း ဆက်မည်။

မစ္စက်ဗရိန်းသည် သူ့ဩဇာကို နာခံလေ့မရှိသော ဆိုဖီယာအတွက် ရင် လေးလာကာ ဆိုဖီယာကို ဗာစလေမြို့တွင် မထားတော့ဘဲ သူ့ညီမ ဟယ်ရီးယက် တို့ထံ ပို့ထားလေသည်။

ဂျယ်ရယ်စကားသည် အမွေအဖြစ် ပေါင်ပေါင်း ၁၂,၀၀၀ ရလိုက်သော အခါ နယ်လှည့်အရောင်းစာရေး အလုပ်မှ ထွက်လိုက်ပြီး ဆိုဖီယာကို ခိုးယူ ထွက်ပြေးကာ လန်ဒန်၌ နေလေသည်။ ငွေစကလေးများ ရွှင်နေသော ဂျယ်ရယ် သည် ငွေစရွှင်သူတို့၏ နိဗ္ဗာန်ဖြစ်သော ပဲရစ်မြို့သို့ သွားမည်ပြုသည်။ ထိုအခါ ဆိုဖီယာက ဂျယ်ရယ်သည် မိမိကို လက်ထပ်မယူမချင်း ပဲရစ်သို့ မသွားဟု ငြင်းဆန်သောအခါ ဂျယ်ရယ်သည် ဆိုဖီယာကို လက်ထပ်ယူရသည်။

ပဲရစ်တွင် ဂျယ်ရယ်သည် ပျော်ပျော်ပါးပါး သောက်သောက်စားစား နေသည်။ လောင်းကစားသည်။ ထို့ကြောင့် ပါလာသည့် ငွေကလေးများ တဖြည်း ဖြည်း ပါးလာသည်။ ရှေ့ရေးကို တွေးတတ်သော ဆိုဖီယာသည် ဒုက္ခရောက်ချိန်၌ အသုံးချနိုင်အောင် ဂျယ်ရယ်ထံမှ ပေါင် ၂၀၀ ယူပြီး ဝှက်ထားသည်။ ဂျယ်ရယ်နှင့် ဆိုဖီယာသည် ဟိုတယ်ကောင်းကောင်းမှ ခပ်လတ်လတ်၊ ခပ်လတ်လတ် ဟိုတယ်

www.nyisay.com



မှ ခပ်ချာချာ ဟိုတယ်သို့ ပြောင်းရွှေ့ နေထိုင်သလို၊ အဝတ်အစား သစ်သစ်လွင်လွင်မှ ခပ်နွမ်းနွမ်း၊ ခပ်နွမ်းနွမ်းမှ အဖာအထေး အဆင့်သို့ ကျလာသည်။ ထိုအခါ ဂျယ်ရယ်က ဆိုဖီယာအား သူ့အမေနှင့် သူ့အစ်မထံ စာရေး၍ ငွေတောင်းရန် တိုက်တွန်းသည်။ ဆိုဖီယာကား ဂျယ်ရယ်နှင့် ခိုးရာလိုက်လာ ကတည်းက ဒုက္ခရောက်လျှင် သူ့မိသားစုထံမှ ဘာအကူအညီကိုမျှ မတောင်းခံပါဟု ပိုင်းဖြတ်ပြီးဖြစ်၍ ဂျယ်ရယ် တိုက်တွန်းသည်ကို လက်မခံပေ။ ထိုအခါ ဂျယ်ရယ်သည် ဒေါသတကြီးဖြစ်ပြီး ဆိုဖီယာကို ထားရစ်ခဲ့ကာ ထွက်သွားလေသည်။

ဂျယ်ရယ်က သူ့ကို စွန့်ခွာသွားပြီဟု သိရသည်နှင့် တစ်ပြိုင်နက် ဆိုဖီယာသည် အားငယ်မိလေသည်။ အားငယ်စိတ် ကြောက်လန့်စိတ်တို့ကြောင့် ဆိုဖီယာတွင် အဖျားသွေး ဝင်လာသည်။ စုတ်ချာသော ဟိုတယ်၏ အခန်းကျဉ်းကလေးတွင် ဆိုဖီယာတစ်ယောက်တည်း အဖျားဝေဒနာ ခံစားနေသည်ကို ဂျယ်ရယ်ထံသို့ အကြွေးလာတောင်းသူ ရှီရက်က တွေ့သွားလေသည်။ ရှီရက်သည် ဆိုဖီယာကို ဟိုတယ်ကျဉ်းကျဉ်းမှ ပို၍ သက်သောင့်သက်သာ ကျယ်ကျယ်ဝန်းဝန်း နေနိုင်မည့် မဒမ်ဖောကော့၏ အိမ်သို့ ခေါ်ဆောင်သွားသည်။ မဒမ်ဖောကော့ကား အခန်းငှားစားသူ ဖြစ်သည်။ ဆိုဖီယာသည် မဒမ်ဖောကော့နှင့် ပြည့်တန်ဆာမကလေးနှစ်ဦး၏ ပြုစုမှုကြောင့် အဖျားရောဂါ ပျောက်ကင်းသွားသည်။

မဒမ်ဖောကော့သည် ကြွေးပတ်လည် ဝိုင်းနေသော မိန်းမကြီးတစ်ဦးဖြစ်ကြောင်း ဆိုဖီယာ သိရသောအခါ မဒမ်ဖောကော့ထံမှ အိမ်ကို ဂျယ်ရယ်ထံမှ ဝှက်ထားသော ပေါင် ၂၀၀ ဖြင့် ဝယ်ယူကာ မွမ်းမံပြင်ဆင်လေသည်။ သို့ဖြင့် ဆိုဖီယာသည် အခန်းငှား စားသောက်သောလုပ်ငန်းနှင့် ပဲရစ်တွင် အခြေထူလေသည်။

၁၈၇၀ ပြည့်တွင် ဖြစ်ပွားသော ပြင်သစ် ပရပ်ရှားစစ်ပွဲ၌ ပဲရစ်မြို့ကို ပရပ်ရှားတပ်များက ဝိုင်းဝန်းထားရာ ပဲရစ်တစ်မြို့လုံး အစားအသောက် ကျပ်တည်းလှသည်။ ဆိုဖီယာသည် မိတ်ဆွေရှီရက်၏ အကူအညီဖြင့် အခန်းငှား နေထိုင်သူများ မငတ်မပြတ်ရအောင် စီမံခန့်ခွဲနိုင်လေသည်။ ဆိုဖီယာ၏ အခန်းငှားစားသောလုပ်ငန်းသည်လည်း တဖြည်းဖြည်း ကြီးထွားလာကာ ဆိုဖီယာသည်လည်း နာမည်ကြီးလုပ်ငန်းရှင် ဖြစ်လာလေသည်။

ဆိုဖီယာသည် ပဲရစ်မြို့၏ စည်ကားလှသော ရပ်ကွက်၌ အိမ်တစ်ဆောင် ထပ်၍ ဝယ်ယူပြီး လုပ်ငန်းချဲ့ထွင်လေသည်။ ရှီရက်က လက်ထပ်ရန် တောင်းဆိုသည်ကို ဆိုဖီယာက ငြင်းပယ်သည်။ အဘယ်ကြောင့်ဆိုသော် ဆိုဖီယာသည် ဂျယ်ရယ် သေသည်၊ ရှင်သည် မသိနိုင်သေးသောကြောင့် ဖြစ်သည်။ ဆိုဖီယာသည် ရှီရက်ကိုမူ အလွန် ခင်မင်မိသည်မှာ အမှန်ဖြစ်လေသည်။

www.nyisay.com



အင်္ဂလန်မြောက်ပိုင်း ဗာစလေမြို့တွင်ကား အစ်မ ကွန်စတင့်သည် ပိုဗေးနှင့် သားတစ်ယောက်ရသည်။ သား စီရီးပိုဗေးကို မိဘလက်ငုတ်ဖြစ်သော အထည်လုပ်ငန်းကို ဆက်လက် လုပ်ကိုင်စေလိုသော်လည်း စီရီးကား အထည်ရောင်းအလုပ်ကို စိတ်မဝင်စားဘဲ ပန်းချီ၌သာ စိတ်ဝင်စားလေသည်။ စီရီးပိုဗေးသည် သူ့မိခင် ဖခင်တို့၏ ဘဝကို ကြည့်ရင်း အလိုလို ငြီးငွေ့နေမိလေသည်။ ကွန်စတင့်အဖို့ ကြေကွဲဖွယ်အဖြစ်တို့ ဆင့်ကဲ ဖြစ်ပေါ်လာသည်။ တစ်နေ့တွင် ကွန်စတင့်၏ခင်ပွန်း ဆင်မြူရယ်ပိုဗေး၏ ညီဝမ်းကွဲ ဒယ်နီရယ်သည် သူ့ဇနီးကို မူးမူးနှင့်သတ်မိလေသည်။ ဆင်မြူရယ်သည် သူ၏ ယိုင်နဲ့နေသော ကျန်းမာမှုကို ဂရုမထားဘဲ ညီတော်မောင် ဒင်နီရယ် လွတ်မြောက်ရေးအတွက် နေ့ရော ညပါ ကြိုးစားလေသည်။ ဆင်မြူရယ်၏ ကြိုးပမ်းမှုကား မအောင်မြင်ပေ။ ဆင်မြူရယ်သည် မိမိ၏ကြိုးပမ်းမှုအားလုံး အရာမထင်သောအခါ အရုပ်ကြိုးပြတ် ဖြစ်သွားသည်။ ထို့နောက် အဆုတ် အအေးပတ်ရောဂါဖြင့် သေဆုံးသွားသည်။ သား စီရီးပိုဗေးသည် ပန်းချီ စကောလာရှစ်ရသဖြင့် မိခင်ကို ထားရစ်ကာ လန်ဒန်သို့ ထွက်ခွာသွားသည်။ သားအတွက် ဂုဏ်ယူရင်း ကွန်စတင့်ကား ဗာစလေတွင် အထီးကျန်နေလေသည်။

တစ်နေ့တွင် ပဲရစ်က ပြန်လာသော စီရီးပိုဗေး၏ သူငယ်ချင်းက ပဲရစ်မြို့တွင် စီရီးပိုဗေး၏ အဒေါ် ဆိုဖီယာကို တွေ့ခဲ့ကြောင်း ကွန်စတင့်အား ပြောပြသည်။ ကွန်စတင့်သည် ဆိုဖီယာထံမှ ပို့သူ လိပ်စာမပါသော ခရစ္စမတ် ကတ်ပြားကိုသာ ရသဖြင့် သူ့ညီမ ဘယ်နေရာ ရောက်နေမှန်း လုံးဝ မသိခဲ့ရ။ ယခုမှသိရသဖြင့် ကွန်စတင့်သည် ဝမ်းသာအားရဖြစ်ကာ ဆိုဖီယာ ဗာစလေသို့ အလည်အပတ် ပြန်လာသင့်ကြောင်း၊ သူ တစ်ဦးတည်း ဗာစလေတွင် ကျန်ရစ်ခဲ့ကြောင်း စသဖြင့် စီကာပတ်ကုံး ရေးလေသည်။

ဆိုဖီယာသည် မိမိ၏ ကြီးပွားနေသော လုပ်ငန်းကို တစ်မိနစ်၊ တစ်စက္ကန့်ပင် ခွဲခွာသွားလိုစိတ် မရှိပေ။ သို့သော် လေဖြတ်သလို ဖြစ်ခဲ့သဖြင့် စိတ်အားလျော့နေခိုက် ကွန်စတင့်၏ စာကို ရသောအခါ အင်္ဂလန်သို့ အလည်အပတ်သွားရန် ဆုံးဖြတ်လိုက်လေသည်။ ဆိုဖီယာသည် သူ ၂၅ နှစ်လုံးလုံး ကြိုးစားပမ်းစား ထူထောင်ခဲ့သော ဟိုတယ်လုပ်ငန်းကို အပြီးအပြတ် ရောင်းချလိုက်ပြီး အင်္ဂလန်သို့ ထွက်လာခဲ့လေသည်။

အလည်အပတ် သဘောမျှ လာခဲ့သော ဆိုဖီယာသည် ဗာစလေတွင် သူ့အစ်မ ကွန်စတင့်နှင့် ၉ နှစ်မျှ အတူ နေနေလေသည်။ ၉ နှစ်အတွင်း ကွန်စတင့်နှင့် ဆိုဖီယာသည် သင့်မြတ်လှသည် မဟုတ်။ တစ်ဦးကို တစ်ဦး မုန်းတီးကြသည်လည်း မဟုတ်။ မသင့်မြတ်ခြင်း၏ အခြေခံမှာ ဗာစလေတွင်

www.nyisay.com



တစ်သက်တာလုံး နေထိုင်ခဲ့သော ကွန်စတင့်၏ အတွေးအခေါ်နှင့် လူမျိုးပေါင်းစုံ၊ လူပေါင်းစုံနှင့် ရှုပ်ယှက်ခတ်လျက်ရှိသော ပဲရစ်မြို့တွင် အနေကြာခဲ့သော ဆိုဖီယာ ၏ အတွေးအခေါ် ခြားနားမှုပင် ဖြစ်လေသည်။

တစ်နေ့တွင် ဆိုဖီယာထံ သံကြိုးစာတစ်စောင် ရောက်လာသည်။ သံကြိုးစာကား ပျောက်ကွယ်နေသော ခင်ပွန်းသည် ဂျယ်ရယ်အကြောင်းပင် ဖြစ်သည်။ ဂျယ်ရယ်သည် သေလုမျောပါး ဖျားနာနေသည်။ မသေမီ ဆိုဖီယာကို တွေ့လိုပါသည် ဟူသော အကြောင်းပါသည်။ ဆိုဖီယာသည် ဂျယ်ရယ်ထံသို့ လိုက်သွားသည်။ ယခင်က မိုက်မိုက်ကန်းကန်း၊ ကြမ်းကြမ်းရမ်းရမ်း နေတတ်၊ ချစ်တတ်သော ဂျယ်ရယ်ကား အရိုးပေါ် အရေတင်လျက်၊ အစာရေစာ ချို့ငဲ့လျက် သေဆုံးခဲ့ပြီကို တွေ့ရသည်။ ဆိုဖီယာသည် ဂျယ်ရယ် သေဆုံးသဖြင့် ဂျယ်ရယ်အတွက် မည်သို့သော ခံစားမှုမျိုးမှ ဖြစ်မလာသည်ကိုလည်း သတိပြုမိသည်။ သို့သော် ဂျယ်ရယ် သေဆုံးပုံ မလှသည်ကို သိရသဖြင့် စိတ်ထဲတွင် အနှောင့်အယှက် ကြီးစွာ ဖြစ်ရသည်။

ဆိုဖီယာသည် ဗာစလေသို့ ပြန်လာပြီးနောက် ဒုတိယအကြိမ် လေဖြတ်ပြီး သေဆုံးသွားသည်။ သူ ချမ်းသာမှု ငွေကို တူဖြစ်သူ စီရီးပိုဗေးအား အမွေပေးခဲ့သည်။ စီရီးပိုဗေးသည် အင်္ဂလန်မှ ထွက်ခွာပြီး ဥရောပတိုက်တစ်ခွင်၌ ပန်းချီပညာ ဆက်လက် ဆည်းပူးနေလေသည်။

ကွန်စတင့်၏ ဘဝသည် အထီးကျန် ဖြစ်မြဲ ဖြစ်နေပြန်သည်။ ခြေဆစ်လက်ဆစ် ရောင်ရမ်းသော ရောဂါကိုလည်း ခံစားနေရသည်။ ထိုရောဂါနှင့်ပင် ကွန်စတင့်လည်း သေဆုံးခဲ့သည်။ အီတလီသို့ ရောက်နေသော သား စီရီးပိုဗေးသည် အသုဘရှုရန် ရောက်မလာနိုင်ခဲ့။ ဗရိန်းမိသားစု၏ အချစ်တော် ခွေးများ၏ မျိုးဆက် ခွေးကလေးတစ်ကောင်သာ ကုန်ဆုံးသွားသော ဗရိန်းမျိုးဆက်အတွက် ကြေကွဲဟန် ရှိလေသည်။

www.nyisay.com

# ဂီတဥ္စလီ

(ဘင်္ဂါလီ ၁၉၁၂၊ အင်္ဂလိပ်ဘာသာပြန် ၁၉၁၃ )

**ရာဗင်ဒရာ နတ် တဂိုး (၁၈၆၁-၁၉၄၁)**

ဘင်္ဂါလီစာဆိုကြီး တဂိုးကို ကမ္ဘာကျော် စာဆိုကဝိ တစ်ဦးအဖြစ် ထင်ရှားစေရုံ သာမက ကမ္ဘာ့ နိုဗယ်ဆုကို ဆွတ်ခူးခဲ့သော ကမ္ဘာကျော် စာအုပ်ထူးလည်း ဖြစ်သည်။

ဂီတဥ္စလီ၏ အဓိပ္ပာယ်မှာ ဂီတဖြင့် ကန်တော့ပန်းဆင်ခြင်း ဟူ၍ ဖြစ်သည်။

တဂိုး၏ **ဂီတဥ္စလီ**စာအုပ်တွင် မူကွဲရှိသည်။ မူလ **ဂီတဥ္စလီ**မှာ ဘင်္ဂါလီ ဘာသာဖြင့် ရေးဖွဲ့သော ဂီတစာအုပ် ဖြစ်သည်။ အပုဒ်ပေါင်း နှစ်ရာကျော် ပါဝင်သည်။ ဘင်္ဂါလီမူကို ၁၉၁၂ တွင် ထုတ်သည်။ တဂိုးသည် ထိုမူလ **ဂီတဥ္စလီ**ပါ ဂီတအချို့နှင့် အခြား သူရေးခဲ့သော ဂီတစာအုပ်များမှ ဂီတများကို စုပေါင်းကာ ဂီတ ၁၀၃ ပုဒ်ပါ အင်္ဂလိပ်ဘာသာဖြင့် **ဂီတဥ္စလီ**ကို ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ အင်္ဂလိပ်ဘာသာ ပြန်ဆိုထုတ်ဝေသော အခါတွင်မှ ၁၉၁၃ အတွက် နိုဗယ်ဆုကို ရခဲ့ခြင်း ဖြစ်သည်။

ထိုစာအုပ်ဖြင့် တဂိုးသည် အာရှတိုက်သားထဲမှ ပထမဆုံး နိုဗယ်ဆု ရသူအဖြစ် ထင်ရှားခဲ့သည်။ (နိုဗယ်ဆုပေးအဖွဲ့သည် အင်္ဂလိပ်ဘာသာပြန်နှင့် ဥရောပနိုင်ငံ ဘာသာများဖြင့် ရေးသော စာအုပ်များကိုသာ အဓိက ဆုပေးနေ

www.nyisay.com



သည်ဖြစ်ရာ အင်္ဂလိပ်၊ ပြင်သစ် စသည့် ဥရောပဘာသာများဖြင့် ဘာသာမပြန်ပါက အာရှနိုင်ငံများထဲမှ နိုဗယ်ဆုရရန် ခဲယဉ်းပေသည်။)

ဂီတဥ္စလီပါ စာများသည် ဂီတအဖွဲ့ပုံစံဖြင့် ရေးဖွဲ့ထားသော စာများဖြစ်သည်။ သီဆိုရသော အဖွဲ့ပုံစံ ဖြစ်သည်။ ကာရန်ထက် အသံကို ဦးစားပေးသည်။ ယင်းအဖွဲ့ပုံစံသည် ရှေးခေတ် သက္ကတစာပေ ဝေဒမန္တန်များမှ ဆင်းသက်ခြင်း ဖြစ်သည်။ ဂီတဥ္စလီပါ ကဗျာ များရာစုသည် အမြိုက်တရားကို ရည်ညွှန်းသည်။ ကရိသ္ဈဏာဘုရား ကိုးကွယ်မှု ဆိုင်ရာတို့ကို အခြေခံသည်။ သို့သော် ကမ္ဘာ့လူသား အားလုံးအတွက် ဘဝနှင့် စပ်လျဉ်းသော အသိ အမြင် အတွေး ခံစားချက်တို့ကို ပွားများစေသော စာများဖြစ်သည်။

တဂိုး၏ ဂီတများသည် တင်စားမှုများဖြင့် ပြွမ်း၏။ သင်္ကေတအဖွဲ့ပုံစံများဖြစ်ကြသည်။ အလင်္ကာသဘော၌ ဝက်ဝုတ္တိ အလင်္ကာဖွဲ့များ ဖြစ်သည်။

ဂီတဥ္စလီပါ ဂီတများသည် ဓမ္မကြောင်းနွယ် ဂီတများဟု ယူရန် ရှိသော်လည်း ဤသို့ မဆိုနိုင်ပေ။ လောက၏ အမှန်တရားကို စူးစမ်းရှာဖွေထားသော ဂီတများဖြစ်သည်။ အပုဒ် ၁ မှ ၆ တို့သည် ပူဇော်ခြင်းသဘောကို ဆောင်၏။ ၇ ၌ ဂီတ၏ အစွမ်းကို ဖော်ပြ၏။ ၈ အပုဒ်ကား ဂီတထက် မြတ်နိုးဖွယ်မရှိသော တောက အဆင်တန်ဆာကို ဖော်ကျူး၏။ ၉ နှင့် ၁၀ ၌ အတ္တစွဲစိတ်ကို ဖယ်၏။ နိဂါတ သဘောကို ဆောင်၏။ အပုဒ် ၁၁ တွင် အလုပ်လုပ်သူတို့၏ အဖော်အဖြစ် အလုပ်လုပ်ရင်း လွတ်မြောက်ရေးကို ယူရန် လှုံ့ဆော်၏။

ဤသို့ ဂီတ ၁၀၃ ပုဒ်သည် အပုဒ်တိုင်း အပုဒ်တိုင်းတွင် လူသား၊ လောကသားအတွက် လိုအပ်သော အသိ အတွေး ခံစားချက်တို့ကို ပေး၏။

ထိုဂီတအားလုံးတို့သည် အရေးအဖွဲ့သဘောအရ ဂီတပုံစံဖြစ်၍ ဘာသာပြန်ဆိုသည့် တိုင်အောင် အရသာ အပြည့်အဝ ခံစားနိုင်ရန်အတွက် မလွယ်ကူပေ။ မူရင်း ဘင်္ဂါလီဘာသာ တတ်ကျွမ်းသူတို့သာ ဆရာကြီး၏ ဂီတများ၏ အရသာကို ပြည့်ပြည့်ဝဝ ခံစားနိုင်သည်ဟု ဆိုကြသည်။ အကြောင်းအရာပိုင်းမှာလည်း အတွေးအခေါ်များ၊ တင်စားချက်များ ပြွမ်းတီးသည်ဖြစ်ရာ အထူးသဖြင့် လေးနက်လှပေသည်။ စကား အသုံးအနှုန်း နူးညံ့ ပျော့ပျောင်းလှပေသည်။

ဆရာကြီး၏ ဂီတများသည် ကရစ်သ္ဈဏာဘုရားနှင့် သက်ဆိုင်သည်ဆိုရစေကာမူ လူသားတိုင်း၏ ကိုးကွယ်မှု ဆိုင်ရာနှင့်လည်း ဆက်စပ်၏။ လောကီလောကုတ္တရာမှုနှင့်လည်း အကြုံးဝင်လေသည်။

တဂိုးသည် **ဂီတဥ္စလီ** ဂီတများကို သူကိုယ်တိုင် အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့ခြင်း ဖြစ်သည်။ ဆရာကြီး မမာမကျန်းဖြစ်စဉ် ရောဂါပြေကြောင်းသဘော

www.nyisay.com



မိမိဂီတများကို အခြားဘာသာ တစ်ခုဖြင့် ရေးဖွဲ့လိုသည့် သဘောဖြင့် ဘာသာပြန်ခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က သူ၏ ဘာသာပြန်ပြီး စာမူကို သူ၏ အင်္ဂလိပ်လူမျိုး မိတ်ဆွေတစ်ယောက်မှ တစ်ဆင့် အင်္ဂလိပ်ကဗျာဆရာ ယိကို ပြခဲ့သည်။ ယိသည် ထိုဂီတများကို ရထားပေါ်၊ ကားပေါ်၊ စားသောက်ဆိုင် စသည့် နေရာအနှံ့တွင် လက်ထဲမှ မချနိုင်လောက်အောင် စွဲစွဲလမ်းလမ်း ဖတ်မိခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်မှ ထွက်လာသောအခါ ထိုစာအုပ် နိဒါန်းတွင် ယိက ထိုဂီတများသည် သူ့ဘဝတွင် အိပ်မက်ခဲ့ရသော ကမ္ဘာဖြစ်ကြောင်း၊ အမွန်မြတ်ဆုံး အနုပညာယဉ်ကျေးမှုကို ဖော်ဆောင်ကြောင်း၊ ကမ္ဘာလောကအလုံး၏ ကိုယ်စားပြုကြောင်း ထည့်သွင်း ရေးသားခဲ့လေသည်။

ထို့ကြောင့်လည်း ဤစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလိုက်သော နှစ်မှာပင် နိုဗယ်ဆု ရခဲ့ခြင်း ဖြစ်သည်။ နိုဗယ်ဆုတွင် စာအုပ်တစ်အုပ်ကိုသာ ဖတ်ပြီး စာရေးဆရာအား ဆုပေးသည့် အစဉ်အလာမျိုး မရှိလှပေ။ စာရေးဆရာ ရေးခဲ့သော စာစုကိုသာ ကြည့်၍ အကဲဖြတ်လေ့ ရှိပေသည်။ ယခုစာအုပ်တွင်ကား နိုဗယ်ဆု ရွေးချယ်ရေးအဖွဲ့သည် ဤစာတစ်အုပ်တည်းဖြင့် တဂိုးကို နိုဗယ်ဆု ချီးမြှင့်ခဲ့ခြင်း ဖြစ်လေသည်။

**ဂီတဥ္စလီ**မှာ နိုဗယ်ဆုရခြင်းဖြင့်သာ ထင်ရှားသည် မဟုတ်။ အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ထုတ်ဝေရာ၌ ထုတ်ဝေစ အချိန်က တစ်လအတွင်းမှာပင် သုံးလေးကြိမ် ဆက်တိုက် ရိုက်နှိပ် ထုတ်ဝေခဲ့ရ၏။ အင်္ဂလိပ်ဘာသာဖြင့်သာ မဟုတ်။ အခြား နိုင်ငံခြားဘာသာ အမျိုးမျိုးဖြင့်လည်း ဂီတဥ္စလီကို ဘာသာပြန်ခဲ့ကြလေသည်။ ဂျာမန်ဘာသာဖြင့် ပြန်ဆို ထုတ်ဝေရာတွင် ယခုအချိန်အထိ အုပ်ရေပေါင်း သိန်းငါးဆယ်ကျော် ရိုက်နှိပ် ဖြန့်ချိခဲ့ရလေသည်။

တဂိုးသည် မြန်မာစာဖတ် ပရိသတ်တွင် ထင်ရှားသကဲ့သို့ တဂိုး၏ **ဂီတဥ္စလီ**သည်လည်း မြန်မာစာပေတွင် ထင်ရှားလေသည်။ သို့သော် ၁၉၇၂ အထိ **ဂီတဥ္စလီ**ကို မြန်မာဘာသာဖြင့် အပြည့်အစုံ ပြန်ဆိုခြင်း မရှိခဲ့ပေ။ **ဂီတဥ္စလီ**မှ တစ်ပုဒ်စ နှစ်ပုဒ်စကိုသာ ရွေးချယ် ဘာသာပြန်ခဲ့ကြလေသည်။ **ဂီတဥ္စလီ**မှ ထုတ်နုတ် ဘာသာပြန်ခဲ့ကြသူများတွင် မင်းသုဝဏ်၊ မောင်ဖြူး၊ ငွေတာရီ စသူတို့သည် ထင်ရှားကြ၏။ ယင်းဘာသာပြန်ချက်ကို **တဂိုးစာစု** အမည်ရှိ စာအုပ်တွင် တွေ့နိုင်၏။

တဂိုး၏ **ဂီတဥ္စလီ** ကို ဘာသာပြန်ရာတွင် ဟိန္ဒူမူ၊ ဘင်္ဂါလီမူတို့နှင့် ညှိနှိုင်းဘာသာပြန်ခဲ့သူကား ဦးသော်ဇင် ဖြစ်သည်။ ဦးသော်ဇင်သည် ၁၉၆၉

www.nyisay.com



ထုတ် သူ၏ စာဉယျာဉ်တွင် ဂီတဥ္စလိမှ ဂီတအချို့ကို ဘာသာပြန် ထည့်သွင်းခဲ့ဖူးလေသည်။

၁၉၇၂ တွင် ဦးသော်ဇင်သည် ဂီတဥ္စလိကို အပြည့်အစုံ ဘာသာပြန်ထုတ်ဝေခဲ့၏။ စာအုပ်အမည်မှာ **ဂီတဥ္စလိ** ဖြစ်သည်။ ဦးသော်ဇင် ဘာသာပြန်ရာ၌ မူလဂီတ အဖွဲ့ပုံစံကိုပါ ရိပ်စားမိအောင် အားထုတ်ကာ ဘာသာပြန်ခဲ့ခြင်း ဖြစ်လေသည်။ ယင်းဘာသာပြန်ချက် စာအုပ်ကို ၁၉၇၂ တွင် ထုတ်ဝေခဲ့သည်။ မြင့်စိုးလှိုင်က ၁၉၇၇ တွင် လည်းကောင်း၊ မြသန်းတင့်က ၁၉၉၃ တွင် လည်းကောင်း **ဂီတဥ္စလိ** အမည်ဖြင့်ပင် ဘာသာပြန် ထုတ်ဝေခဲ့ကြသေးသည်။

www.nyisay.com

## သားများနှင့် ချစ်သူများ (၁၉၁၃)

### ဒေးဗစ် ဟားဗတ် လောရင့် (၁၈၈၅–၁၉၃၀)

"အမေသာ တကယ်လို့ အသက်ရှင်နေဦးမယ်ဆိုရင် မင်းကို ငါ ဘယ်လို့မှ ချစ်လို့ရမယ် မဟုတ်ပါဘူး။ အမေ့ကို ချစ်တဲ့ စိတ်ဟာ တခြား မိန်းမတွေအပေါ် ချစ်တဲ့စိတ်ကို ပိတ်ပင်ထားမှာ အမှန်ပါပဲ"

ဗြိတိသျှလူမျိုး စာရေးဆရာ ဒေးဗစ်လောရင့်သည် အထက်ပါစာကို သူ့ဇနီး ဖရီယဲဒါးထံသို့ ရေးခဲ့ဖူးသည်။ ဤစာကလေးသည် သူ၏ **သားများနှင့် ချစ်သူများ** ဝတ္ထု၏ ကျောရိုးပင် ဖြစ်လေသည်။ ထိုဝတ္ထုသည် စာရေးဆရာ ဒေးဗစ် လောရင့်၏ အတ္ထုပ္ပတ္တိပင် ဖြစ်သည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ထိုဝတ္ထုပါ ဇာတ်ဆောင်များ ဖြစ်ကြသော ဝေါလတာမောရဲ၊ ဂါ့ထရုမောရဲ၊ မိရီယမ် လီးဗား၊ ဝိလျမ်မောရဲတို့သည် ဒေးဗစ်လောရင့်၏ ဖခင်၊ မိခင်၊ ချစ်သူနှင့် အစ်ကိုတို့ကို ကိုယ်စားပြုထားသောကြောင့် ဖြစ်သည်။

ဒေးဗစ်လောရင့်၏ ဝတ္ထုများအနက် နာမည်အကြီးဆုံးဝတ္ထုမှာ **လေဒီ ချတ်တာလီ၏ ချစ်သူ** ဝတ္ထု ဖြစ်သော်လည်း တကယ်တမ်း သိမ်မွေ့ ရင့်ကျက်သော ဝတ္ထုမှာမူ သားများနှင့် ချစ်သူများသာ ဖြစ်သည်ဟု စာပေဝေဖန်ရေး ဆရာတို့က ဆိုကြသည်။ မိခင်နှင့် သားများ ဆက်ဆံရေး၊ သားနှင့် သူ့ ချစ်သူများ ဆက်ဆံရေးတို့ တစ်ပင်ကို နှစ်ပင်ယှက် ဖြစ်နေပုံကို ဖော်ပြသောကြောင့် သားများ နှင့် ချစ်သူများဟု နာမည်ပေးထားသည်။

www.nyisay.com



လူလတ်တန်းစား အင်ဂျင်နီယာတစ်ဦး၏သမီး ဂါ့ထရုကော့ပတ်သည် ကျောင်းဆရာမတစ်ဦး ဖြစ်သည်။ ပါတီတစ်ခု၌ တွေ့ခဲ့ရသော ကျောက်မီးသွေးတွင်းတူးသမား ဝေါလတာမော်ရဲနှင့် အသက် ၂၃ နှစ်အရွယ်တွင် လက်ထပ်လိုက်သည်။ မော်ရဲသည် စာမတတ် ပေမတတ်သော်လည်း ရုပ်ဖြောင့်သည်။ ကြမ်းကြမ်းတမ်းတမ်း နေတတ်သည်။ သွေးဆူသည်။ ဝေါလတာနှင့် ဂါ့ထရုတို့ လက်ထပ်ပြီးနောက် နော့တင်ဟမ်ရှိုင်းယားနယ်၏ ကျောက်မီးသွေးတွင်း မြို့ငယ် ဗက်စတုဒ်၌ အခြေချသည်။ အိမ်ထောင်ကျပြီးနောက် မကြာမီပင် ဂါ့ထရုသည် မိမိ အိမ်ထောင်ဖက် အရွေးမှားပြီဟု သိရသည်။ ဝေါလတာသည် လူပျင်း၊ အရက်သမား၊ ရက်စက် ကြမ်းကြုတ်သူ၊ အသိပညာ ခေါင်းပါးသူဟုလည်း ဂါ့ထရု မြင်လာသည်။

ဝေါလတာနှင့် ဂါ့ထရုတို့တွင် ဝီလျံမ်၊ အန်နီ၊ ပေါ၊ အာသာ သားသမီး လေးယောက် ထွန်းကားသည်။ ဂါ့ထရုသည် သားသမီးများကို ချစ်စိတ်ဖြင့် အဆင်မပြေသော အိမ်ထောင်သည်ဘဝကို ဖြေဖျောက်လေသည်။ ဂါ့ထရုသည် သူ့သားသမီးများ ပညာတတ် ဖြစ်စေရမည်၊ လူတစ်လုံး သူတစ်လုံး ဖြစ်စေရမည်ဟု ဆုံးဖြတ်ချက် ချမှတ်ထားသည်။ ကလေးများအဖေ ဝေါလတာကား သားရေး သမီးရေးကို တွေးတောသူ မဟုတ်၊ အရက်သောက်ရလျှင် ပြီးစတမ်း။ အရက်မူးလာလျှင် သားသမီးများကို ရိုက်နှက်တတ်သည်။ ထို့ကြောင့် သားသမီးများသည် အဖေထက် အမေကို တွယ်တာ ချစ်ခင်သည်။ ဝေါလတာမော်ရဲသည် အရက်မမူးသည့်အခါ သားသမီးများ၏ ဖိနပ်စုတ်များကို ချုပ်ပေးရင်းနှင့် သားသမီးများနှင့် ရယ်ရယ်မောမော ရွှင်ရွှင်ပျပျ စကားစမြည် ပြောဆိုနေတတ်သည်။ သို့သော် ဤသို့သောအခါသည် ဆယ်ခါရံ၊ ရာခါရံ၊ ထောင်ခါရံမှ တစ်ရံသာ ရှိတတ်သည်။

သားကြီး ဝီလျံမ်သည် နော့တင်ဟမ်တွင် စာရေးဝင်လုပ်သည်။ ထို့နောက် မိသားစုကို ခွာကာ လန်ဒန်မြို့ရှိ ရှေ့နေရုံးတွင် အလုပ်ပြောင်းလုပ်သည်။ ဂါ့ထရု၏ သားကြီးအပေါ် ထားရှိသော မေတ္တာသည် သားလတ် ပေါထံသို့ စုပြုံရောက်လာသည်။ ပေါသည် လူပျော့ကလေးဖြစ်သည်။ အနုပညာ၌ စိတ်ဝင်စားသည်။ နူးညံ့သည်။ အဖေက ကြမ်းတမ်းသဖြင့် အဖေကို မုန်းသည်။ အထူးသဖြင့် အမေ ဂါ့ထရုကို အဖေက ကြမ်းကြုတ်စွာ ဆက်ဆံသောကြောင့် ပိုမုန်းသည်။

လန်ဒန်ရောက် ဝီလျံမ်သည် တဖြည်းဖြည်း ပို၍ အောင်မြင်လာသည်။ ပါတီပွဲသဘင်တွေ တက်သည်။ မြို့ကြီးသားအတုကို ရယူသည်။ ဝင်ငွေကောင်းသော်လည်း ဆင်းရဲမွဲတေသော မိသားစုကို အကူအပံ့ မပေးနိုင်ခဲ့။ ဝီလျံမ်သည်

www.nyisay.com



သူနှင့် မြန်းထားသော လီလီကို ဗက်စဝုဒ်သို့ ခေါ်လာသည်။ လီလီက ယောက္ခမ လောင်းများကို အထင်မကြီး။ ဂါ့ထရကလည်း ဝီလျမ်ကို ဤမိန်းကလေးသည် သူ့သားနှင့် လိုက်ဖက်မည်ဟု မထင်။

တစ်နေ့တွင် ဝီလျမ်တစ်ယောက် အဆုတ်အအေးမိပြီး ဖျားနေသည်ဟု အကြောင်းကြားသဖြင့် ဂါ့ထရ လန်ဒန်သို့ လိုက်သွားသည်။ ထိုရောဂါနှင့်ပင် ဝီလျမ် ဆုံးပါးသည်။ ဂါ့ထရကား အရုပ်ကြိုးပြတ် ဖြစ်ရတော့သည်။ သားလတ် ပေါ အကြီးအကျယ် ဖျားနာခါမှ ဂါ့ထရသည် ကျန်ရစ်သော သားလတ်ပေါ အတွက် အသက်ရှင်နေဖို့ လိုအပ်ပါကလားဟု သဘောပေါက်လာသည်။ ပေါ သည် သူ့အစ်မ အန်နီ၊ သူ့ညီ အာသာတို့ထက် နူးညံ့ပျော့နွဲ့သူ ဖြစ်ပြန်ရာ ဂါ့ထရသည် ပေါကို ကျန်ကလေးနှစ်ယောက်ထက် ပိုမိုဂရုစိုက်ရသည်။ ဂါ့ထရ သည် ပေါကို မေတ္တာစိတ် ကြီးမားပြင်းပြစွာ စောင့်ရှောက်ရင်း ပေါသည်သာလျှင် သူ အိပ်မက်မက်ခဲ့ရသော အဖြစ်တို့ကို အကောင်အထည်ပေါ်အောင် ဖော်နိုင် သူ ဖြစ်လိမ့်မည်ဟု မျှော်မှန်းမိသည်။ ဂါ့ထရသည် ပေါ၌ သူ့မျှော်မှန်းချက် အားလုံးကို ပုံမိလေလေ၊ ပေါကို ချစ်လာလေလေ ဖြစ်သည်။

ပေါသည် ခွဲစိတ်ကုကိရိယာများ ထုတ်လုပ်သည့် စက်ရုံ၌ အလုပ်ရသည်။ သို့ဖြစ်၍ ပေါသည် သူ့အိမ်နှင့် လွတ်ကင်းသော၊ သူ့အမေနှင့် လွတ်ကင်းသော အချိန်များ ရလာသည်။ ပေါသည် စက်ရုံအလုပ်သမားတို့၏ ရယ်ဖွယ်ကောင်း သော၊ ညစ်ညမ်းသော၊ ပွင့်လင်းသော စကားဝိုင်း၌ ပျော်မွေ့လာတတ်သည်။

တစ်နေ့တွင် ပေါသည် ဗက်စဝုဒ်မြို့ အပြင်တွင်ရှိသော "ဝေလီခြံ" သို့ အလည်အပတ် သွားသည်။ သူ့မိတ်ဆွေများ၏နှမငယ် မီရီယမ်ကို တွေ့သည်။ မီရီယမ်သည် ပေါကို သဘောကျသည်။ ပေါသည် မီရီယမ်ကို ပြင်သစ်ဘာသာနှင့် သင်္ချာဘာသာရပ်ကို ပြသပေးရင်း မီရီယမ်ကို သဘောကျ မြတ်နိုးလာသည်။ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်သွားသည်။

ဂါ့ထရသည် သူ့သား "ဝေလီခြံ"သို့ ချောင်းပေါက်လုမတတ် သွား လည်ပတ်နေသောအခါ အစိုးရိမ်ကြီး စိုးရိမ်လာသည်။ ဂါ့ထရသည် ပေါကို သူတစ်ပါး ချစ်မှာကို စိုးရိမ်သည်။ ပေါကလည်း သူ့အပြင် တခြားသော မိန်းမကို ချစ်မှာကို ဂါ့ထရ ပူပန်မိသည်။ ထို့ကြောင့် မီရီယမ်နှင့် အဆက်ဖြတ်လိုက်ရန် ပေါကို တိုက်တွန်းသည်။ ထိုအခိုက်သည် ပေါက မီရီယမ်အပေါ် မကျေနပ် ချက်တွေ တွေ့နေခိုက် ဖြစ်သည်။ မီရီယမ်သည် သူ့ကို စိတ်ဖြင့်သာ ချစ်သည်၊ လိင်အားဖြင့် မချစ်ဟု တွေးထင်ကာ မကျေနပ်။ မီရီယမ်သည် ပေါနှင့် အစွမ်းကုန် ချစ်ရမည်ကို တွန့်ဆုတ်သည်။ ထို့ကြောင့် ပေါသည် မိခင် ဂါ့ထရကို သူနှင့်

www.nyisay.com



မိရီယမ်တို့ တစ်ဦးကိုတစ်ဦး မချစ်ကြိုက်ပါဟု ပြောပြလိုက်ရာ ဂ့ါထရုသည် ပေါကို အငမ်းမရ တရှုံ့ရှုံ့နမ်းရင်း ပေါသည် အနုပညာရှင်အဖြစ် အသက်ရှင်နေဖို့ လိုအပ်ကြောင်း၊ ဘယ်မိန်းမကိုမျှ အိမ်ထောင်ရေး ညွှတ်ကွင်းထောင်၍ ပေါကို ဖျက်ဆီးခွင့် မပေးသင့်ကြောင်း ပြောလေတော့သည်။

ပေါသည် မီရီယမ်နှင့် ဆက်နွယ်၍ ကလယ်ရာဆိုသော မိန်းမတစ်ဦးကို သိကျွမ်းရလေသည်။ ကလယ်ရာက ပန်းပဲသမား ဗက်စတာဒါဝီ၏ မိန်းမ ဖြစ်သည်။ ဗက်စတာနှင့် ကလယ်ရာ ခွာပြဲနေခိုက် သိကျွမ်းခြင်း ဖြစ်သည်။ မီရီယမ်နှင့် ကလယ်ရာသည် ဆန့်ကျင်ဘက် မိန်းမနှစ်ဦးဖြစ်ကြောင်း ပေါ သတိပြု မိသည်။ မီရီယမ်သည် မည်သည့်ယောကျ်ားနှင့်မဆို ကိုယ်ကာယချင်း ဆက်ဆံရ မည်ကို ရွံ့ကြောက်သူ၊ ကလယ်ရာကား ရမ္မက်အာသာနောက်ကို လိုက်တတ်သူ။ ပေါသည် ကလယ်ရာနှင့် ကိုယ်လက်ရင်းနှီးလေသည်။ မီရီယမ်သည် ကလယ်ရာ နောက်သို့ ပေါ ကောက်ကောက်ပါသွားမည်ဟု မယူဆ။ သူ၏ နှလုံးသားမေတ္တာ သည် ကလယ်ရာ၏ တဏှာရမ္မက်ကို မည်သည့်အချိန်၌မဆို အောင်မြင်နိုင် သည်ဟု ယူဆသည်။ ကလယ်ရာသည် ပေါနှင့် ကျူးကျူးလွန်လွန် နေထိုင်သော် လည်း သူနှင့် ကွဲနေသော ဗက်စတာကို ပြတ်ရင်းပြီး ပေါကိုယူရန် စိတ်မကူးပေ။ ပေါကလည်း ကလယ်ရာကို လက်ထပ်မယူလို။ ကလယ်ရာသာမက မည်သည့် မိန်းမကိုမျှ လက်ထပ်ယူမည် မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ဘယ်မိန်းမမျှ သူ့အမေကို အစားထိုးနိုင်သူ မရှိဟု သူ ယုံကြည်နေသောကြောင့် ဖြစ်သည်။

ပေါသည် ပန်းချီရေးဆွဲသည်။ ပေါ၏ ပန်းချီလက်ရာကို နော့တင်ဟမ်ရှိုင်း ယားနယ်သားများက ချီးမွမ်းနှစ်သက်ကြသည်။ ပေါ၏ အစ်မ အန်နီနှင့် ပေါ၏ညီ အာသာတို့သည် အသီးသီး အိမ်ထောင်ကျသွားပြီးဖြစ်ရကား တစ်အိမ်လုံး၌ ပေါတို့ မိသားစု သုံးယောက်သာ ရှိတော့သည်။ ထိုစဉ် ပေါ၏ အဖေ ဝေါလတာသည် ကျောက်မီးသွေးတွင်း တူးရင်း ခြေထောက်၌ ဒဏ်ရာရခဲ့ရာ တစ်အိမ်လုံး ပေါ၏ လုပ်စာကို စားသောက်နေရသော ဘဝသို့ ရောက်လာသည်။ ပေါသည် မိခင် ကြိုက်နှစ်သက်မည့် ပစ္စည်းပစ္စယများကို ဝယ်ခြမ်းပေးသည်။ ဂ့ါထရုသည် သူ့ယောကျ်ားဆီမှ မရခဲ့သော အခွင့်အလမ်းများကို သူ့သားထံမှ ရ၍ ဝမ်းသာ လှ၏။

ပေါနှင့် ကလယ်ရာတို့၏ အခြေအနေကို သူ သိကြောင်း၊ သူ ဘာမျှ ဝင်ရောက် နှောင့်ယှက်မည် မဟုတ်ကြောင်း ဂ့ါထရုက ပေါအား ပြောပြသည်။ ဂ့ါထရုစိတ်တွင် ကလယ်ရာသည် မီရီယမ်လို သူ့သားအား အပိုင်ယူနိုင်မည့် သူ မဟုတ်ကြောင်း ကောင်းစွာ သိထားပြီး ဖြစ်သည်။

www.nyisay.com



ကလယ်ရာ၏ ယောက်ျား ဗက်စတာသည် သူ့မယားနှင့် ပေါ်တို့၏ ဇာတ်လမ်းကို သိရသောအခါ ပေါ်ကို ရိုက်နှက် ထိုးကြိတ်သည့်အတွက် ပေါ်သည် ကလယ်ရာနှင့် မတွေ့တော့။ မီရီယမ်ထံ ခြေဦးလှည့်ပြန်သည်။

မီရီယမ်သည် ပေါ် တစ်ပတ်လည်လာသည်ကို ဝမ်းပန်းတသာ ကြိုဆိုနေသည်။ ထို့ပြင် ပေါ် လိုလားသော ကိုယ်ကာယခြင်း နှီးနှောမှုကို ခွင့်ပြုလေသည်။ ပေါ်သည် မီရီယမ်နှင့် ကာမဆက်ဆံခွင့် ရခဲ့သော်လည်း မကျေနပ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မီရီယမ်သည် သူ့ခန္ဓာကိုယ်ကိုသာ ပေးအပ်သည်။ ကိုယ်ကာယချင်း နှီးနှောရာ မရောက်။ ကိုယ်ခန္ဓာကို ပေးအပ်ခြင်းသည် နှီးနှောခြင်း မမည်ဟု ယူဆသောကြောင့် ဖြစ်သည်။

ပေါ်၏မိခင် ဂါ့ထရူ့ဒ် ကင်ဆာရောဂါ စွဲကပ်လာသဖြင့် ဆေးရုံ တင်ရသည်။ ရောဂါအခြေအနေ တစ်နေ့ထက်တစ်နေ့ ပိုဆိုးရွားလာသည်။ မျှော်လင့်ချက်လည်း မရှိတော့သဖြင့် ဂါ့ထရူကို ဆေးရုံမှ အိမ်သို့ ပြန်ယူလာသည်။ ပေါ်သည် သူ့မိခင် ကင်ဆာဝေဒနာကို ပြင်းပြင်းထန်ထန် ဆိုးဆိုးရွားရွား ခံစားနေရသည်ကို မမြင်ရက်သဖြင့် အိပ်ဆေးများကို ပို၍ ပေးလိုက်သည်။ နောက်တစ်နေ့ နံနက်တွင် ဂါ့ထရူ အသက်ကုန်သည်။

ပေါ်သည် မိခင် သေဆုံးသွားပြီးနောက် ခြေဦးတည့်ရာ လျှောက်သွားနေခဲ့သည်။ တစ်ခါတစ်ရံ နိုင်ငံခြားသို့ သွား၍ ပန်းချီပညာ ဆည်းပူးမည်ဟု စိတ်ကူးမိသည်။ တစ်ခါတစ်ရံမူ သူ့မိခင်ရှိရာ ဘဝခြားသို့ လိုက်ပါသွားပြီး မိခင်နှင့် အတူ နေတော့မည်ဟုလည်း စိတ်ကူးမိသည်။

ပေါ်၏ ပန်းချီကားများသည် တဖြည်းဖြည်း ကျော်ကြားလာသည်။ ပန်းချီဝေဖန်ရေးသမားများကလည်း ပေါ်၏ လက်ရာများကို ဂရုတစိုက် လေ့လာချီးမွမ်းကြသည်။ အမေသာ ရှိခဲ့လျှင် ပန်းချီ၏ အောင်မြင်မှုလမ်းစ တွေ့နေသောသူ့ကို ထိုလမ်းအတိုင်း ဆက်လျှောက်ဖို့ တိုက်တွန်းမည်သာ ဖြစ်သည်ဟု ပေါ်က ယုံကြည်သည်။ ထို့ကြောင့် ပေါ်သည် နော့တင်ဟမ်နှင့် မီရီယမ်ကို ခွဲခွာကာ သူ့လမ်းစဉ်ကို သူ လျှောက်လေပြီ။ သူ့နောက်တွင် သူ့ကို ညွှန်ပြမည့် အမေ၊ သို့မဟုတ် သူ့ကို ခြယ်လှယ်စိုးမိုးမည့် အမေကား ပါမလာနိုင်တော့ချေ။

www.nyisay.com

## လူ့နှောင်ကြိုး (၁၉၁၅)

### ဝီလျံ ဆောမားဆက် မွမ် (၁၈၇၄–၁၉၆၅)

ဤဝတ္ထုမှာ ဆောမားဆက်မွမ်၏ အတ္ထုပ္ပတ္တိ တစ်ပိုင်းဟု ဆိုနိုင်သော ဝတ္ထု ဖြစ်သည်။ မွမ်သည် ခေတ်သုံးဆက်လောက် မီသော စာရေးဆရာ ဖြစ်သည်။ နှစ်ဆယ်ရာစုတွင် ဝတ္ထုရေးဆရာအဖြစ် ကျော်ကြားသည်။ ဝတ္ထုတိုတွင် ဘုရင် တစ်ဆူ ဟူ၍လည်း ထင်ရှားသည်။ ဝတ္ထုသာမက ပြဇာတ်လည်း ရေးသည်။ ဝတ္ထုအကြောင်း လေ့လာရေး စာတမ်းများလည်း ရေးသည်။

၁၈၇၄ တွင် ပြင်သစ်ပြည်၌ မွေးသည်။ သူ့အဖေမှာ အင်္ဂလိပ်လူမျိုး ဖြစ်သည်။ ငယ်စဉ်ဘဝတွင် ပြင်သစ်စကားကို အင်္ဂလိပ်စကားထက် အရင် တတ်သည်။ ဆယ်နှစ်သားတွင် မိဘကွယ်လွန်ကာ ဦးလေးလက်၌ ကြီးပြင်း ရသည်။ လူ့နှောင်ကြိုးထဲက ဖိလစ်ကယ်ရီသည်လည်း မွမ်လိုပင် မိဘမဲ့ဖြစ်သည်။ မွမ်သည် ဆရာဝန်အတတ်ကို သင်သည်။ သို့သော် စာရေးသည့်အလုပ်ကို စိတ်ဝင် စားကာ ဇင်းဗတ်မြို့က လီဇာဝတ္ထုကို ၁၈၉၇ တွင် စရေးသည်မှ အောင်မြင်သဖြင့် ဆရာဝန် မလုပ်တော့ဘဲ စာရေးဆရာဘဝသို့ ခြေစုံပစ်ဝင်သည်။ သူသည် ကမ္ဘာ အနှံ့ လည်ပတ်သည်။ သို့ လည်ပတ်ရင်း ဝတ္ထုရေးစရာ ဇာတ်လမ်းများ တွေ့ရ သည်။ ဇာတ်ဆောင်များအတွက် ပုံတူများကို တွေ့ရသည်။ ယင်း အတွေ့အကြုံကို ကျွမ်းကျင်စွာ အသုံးချပြီး ဝတ္ထုတိုပေါင်းများစွာနှင့် ဝတ္ထုရှည်ပေါင်းများစွာ ရေးခဲ့သည့်အနက် **လူ့နှောင်ကြိုး**မှာ ထင်ရှားသည်။

ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

www.nyisay.com



၁၈၈၅ တွင် သူ့အမေ ဆုံးသည့်အခါ ဖိလစ်ကယ်ရီသည် ကိုးနှစ်သား အရွယ်သာ ရှိသေးသည်။ ထိုအခါ သူသည် ဦးလေး ဝီလျှမ်၊ အဒေါ် လူဝီဇီ တို့နှင့်အတူ ဗလက်စတေဗယ်တွင် လိုက်၍ နေသည်။ သူတို့ နေသည့်နေရာမှာ လန်ဒန်မြို့နှင့် သိပ်မဝေးလှ။ မိဘမဲ့ ကယ်ရီလေးမှာ မွေးကတည်းက ခြေတစ်ဖက် တိုလာရာ စိတ်အား အလွန်ငယ်နေသည်။ သူ့ဦးလေးသည် အလွန် စေးနည်းသူ ဖြစ်သည်။ သူ့အဒေါ် လူဝီဇီတစ်ယောက်သာ သူ့ကို ချစ်ခင်ကြင်နာမှု ပြသည်။ ငယ်စဉ်ကပင် အတူနေခဲ့ရာ သူ့အကြောင်းကို ဒေါ်လေး သိနေပြီး ဖြစ်သည်။

ဖိလစ်က ကျောင်းတွင်လည်း မပျော်ပိုက်လှ။ ခြေတစ်ဖက် တိုသည့် အတွက် အပေါင်းအသင်းနည်းကာ အိမ်တွင် ကုပ်နေရသည်။ သူ့ဘဝကား အထီးကျန် ဖြစ်နေသည်။ သူ့ဦးလေးမှာ စာအုပ်စုဆောင်းရာ၌ ဝါသနာပါသည်။ သို့ဖြစ်ရာ ဖိလစ်သည် သူ့ဦးလေး၏ စာကြည့်တိုက်တွင် စွန့်စားခန်း ဝတ္ထုများကို ဖတ်သည်။ စာအုပ် အားလုံးလိုလိုပင် ဖတ်သည်။

တာကင်ဗာရီကျောင်းတွင် နေသည့်အခါ ဖိလစ်မှာ ကျောင်းသား သူငယ်ချင်းများကို သူ့ခြေတစ်ဖက် ပြရသည်။ သူတို့က သူ လမ်းလျှောက်သလို လျှောက်ပြကာ ပြောင်ကြသည်။ သို့နှင့် သူသည် အပေါင်းအသင်း မရှာတော့ဘဲ တစ်ကိုယ်တည်း နေသည့် အကျင့်ကို ရလာသည်။ ဖိလစ်သည် သမ္မာကျမ်းစာကို လိုလိုချင်ချင် ဖတ်သည်။ ယုံကြည်မှု ပြင်းထန်လျှင် တောင်ကြီးတစ်ခုလုံးကိုပင် ရွှေ့အောင် လုပ်နိုင်သည်ဟု မှတ်သားရလေရာ စမ်းသပ်ကြည့်ရန် ဆုံးဖြတ်သည်။ တစ်ညတွင် သူသည် ဘုရားသခင်ထံ သူ၏ ခြေတစ်ဖက် တိုနေသည်ကို ပျောက်ကင်းစေရန် ဆုတောင်း ရှိခိုးသည်။ နောက်တစ်နေ့မနက်တွင် သူ့ခြေထောက်မှာ အရင်ကအတိုင်း ရှိနေရာ ဖိလစ်မှာ ယုံကြည်မှု လျော့ပါးလာသည်။ ဤသို့ဖြင့် သူသည် သေသည်အထိ ထာဝရ ဘုရားသခင်ကို မသိမမြင်နိုင်သူဟု မှတ်ယူ သွားရလေသည်။

အသက် တစ်ဆယ့်ရှစ်နှစ် ရှိသည့်အခါ ဦးလေးအား ဂျာမနီ၌ ပညာ သင်ကြားခွင့်ပေးရန် တောင်းဆိုသည်။ သူ ရမည့် အမွေနှင့် ပညာသင်မည်ဟု ဆိုသည်။ သူသည် ဟိုင်ဒယ်လဗတ်မြို့တွင် ပါမောက္ခအာလင်အိမ်၌ တစ်နှစ် နေ ထိုင်ကာ စာပေလေ့လာသည်။ ဂျာမန်ဘာသာ၊ ဒဿနိကဗေဒတို့ကို လေ့လာ လိုက်စားသည်။ သို့နှင့် သူသည် ထာဝရ ဘုရားသခင်သည် မသိနိုင် မမြင်နိုင် ဆိုသည့်ဝါဒကို ခိုင်မြဲစွာပင် ယုံကြည်လာသည်။ ဂျာမနီပြည်တွင် နေခဲ့ရသည့် တစ်နှစ်တာမှာ ဖိလစ်အဖို့ ပျော်ရွှင်ဖွယ်ကောင်းသည့်အချိန် ဖြစ်သည်။ ဗလက် စတေဗယ်၏ ပြင်ပကမ္ဘာကို သူ တွေ့ကြုံခွင့်ရလေပြီ။

www.nyisay.com



အင်္ဂလန်သို့ ပြန်ရောက်သည့်အခါ ဖိလစ်သည် မစ္စအယ်မီလီဝီလကင်ဆန်နှင့် ချစ်ကြိုက်သည်။ အယ်မီလီသည် ဘုန်းကြီးတစ်ပါး၏ သမီးဖြစ်သည်။ သူ့ဦးလေး သင်းအုပ်ကျောင်း၌ပင် နေသည်။ အယ်မီလီ၏ အသက်မှာ သူ့ထက် နှစ်ဆ ကြီးသည်။ သို့သော် ပျော်ရွှင်စွာ နေထိုင်သည်။ စိတ်သဘောထား အလွန်ကြီးသည်။ ဖိလစ်ကိုကား ဖွတ်အတင်း ချစ်ကြိုက်၍ မရ။ အသက် နှစ်ဆယ်သာ ရှိသေးသော ဖိလစ်မှာ ချစ်ရေး ကြိုက်ရေး ကိစ္စတစ်ခု ကြုံတွေ့နေရသည်ကိုပင် ရက်လှပြီ။ အယ်မီလီတစ်ယောက် ဆရာမအဖြစ် အလုပ်လုပ်ရန် ဂျာမနီပြည်သို့ ပြန်သည့်အခါ ဖိလစ်သည် လန်ဒန်မြို့တွင် စာရင်းကိုင် ကုမ္ပဏီတစ်ခု၌ အလုပ်သင်အဖြစ် ဝင်၍ အလုပ်လုပ်သည်။

သို့သော် တစ်ယောက်တည်း ပျင်းရိလာကာ အလုပ်တွင်လည်း စိတ်မပါဖြစ်လာသဖြင့် ပါရီသို့ ပန်းချီလေ့လာရန် သွားသည်။ သူ့ဦးလေးက ယင်းကို သဘောမတူ။ ငွေကြေး မထောက်ပံ့နိုင်ဟု ဆိုသည်။ သို့သော် အဒေါ် လူဝီဇီက သူ့ စုငွေထဲမှ ပေါင် ၁၀၀ ပေးလိုက်သည်။ သို့နှင့် သူသည် ပါရီတွင် ပန်းချီပညာသင်တစ်ယောက်အဖြစ် လွတ်လွတ်လပ်လပ် သွားလာ ကျက်စားလေတော့သည်။

ပါရီတွင် ဖိလစ်သည် ကရွန်ရှောဆိုသော စာရေးဆရာတစ်ယောက်နှင့် တွေ့သည်။ ကရွန်ရှောမှာ အစွမ်းအစ သိပ်မရှိလှ။ သို့သော် စကားပြော အလွန်ကောင်းသည်။ ဆွဲဆောင်မှု အပြည့်ရှိသည်။ ဖိလစ်သည် ပန်းချီကို ကြိုးစားလေ့လာရေးဆွဲသော်လည်း သူ့ဆရာက ပန်းချီတွင် အထုံမရှိဟု ဆိုသည်။ ဖင်နီပရိုက်ဆိုသော အမျိုးသမီးတစ်ယောက်သည် ပန်းချီဆရာ ဖြစ်ချင်သဖြင့် အရူးအမူး လေ့လာသင်ကြားရာ အစွမ်းအစ မပြသည့်အခါ သူ့ကိုယ်သူ သတ်သေသွားသည်။ ယင်းအဖြစ်ကို ဖိလစ် တွေ့မြင်ရသည့်အခါ အင်္ဂလန်သို့ ပြန်ကာ ဆေးပညာကိုပင် လိုက်စားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သူ့ဘဝသည် ဆေးကျောင်းသားတစ်ယောက်အဖြစ် အသစ်တစ်ဖန် ပြန်လည် မွေးဖွားလာလေသည်။

သူ့ဦးလေး၏ သဘောတူညီမှုအရ သူသည် စိန့်လုဆေးရုံသို့ ဆေးကျောင်းသားအဖြစ် ဝင်သည်။ အလွန်အမင်း ကြိုးစားသည်။ သို့သော်လည်း အဖော်ကင်းမဲ့သဖြင့် စိတ်ဓာတ်ကျသည်။ ထိုစဉ် မီးလရက်ရောဂျားဆိုသော အမျိုးသမီးတစ်ယောက်ကို တွေ့သည်။ အဆုတ်ရောဂါ ရှိဟန်တူသည်။ ရိုင်းသည်။ တစ်ကိုယ်ကောင်းဆန်သည်။ သို့သော်လည်း ဖိလစ်သည် သူ့ကို ပိုင်ဆိုင်ချင်လာသည်။ သို့သော် မီးလရက်က အကာပ်မခံ။ ထိုအခါ ဖိလစ်သည် စိတ်ဓာတ်ကျလာသည်။ ထို့ကြောင့် စာမေးပွဲကျသည်။ မီးလရက်က သူသည် မီးလားဆိုသော ဂျာမန်လူချမ်းသာတစ်ယောက်နှင့် လက်ထပ်တော့မည်ဟု ဆိုသည်။

www.nyisay.com



ဖိလစ်ကား ထိခိုက်သည်။ သို့သော် နိုရာဆိုသော မုဆိုးမတစ်ယောက်က သူ့ကို နှစ်သိမ့်သည်။ သူတို့ ချစ်ရေးကား ပြေလည်သည်။ အသည်းနှလုံးထဲက စကားပြောသည့် အချစ် ဖြစ်လာသည်။ သို့တိုင်အောင် ဖိလစ်သည် မီးလရက်ကို မေ့၍ မရ။ ထိုစဉ် မီးလရက်တစ်ယောက် ပြန်ပေါ်လာသည်။ ဂျာမန်သူဌေးလေး မီးလားဆိုသူမှာ ဟန်ဆောင်သူဌေး ဖြစ်သည်။ သူ ထင်သလောက် မချမ်းသာ။ ထို့ပြင် မိန်းမကြီး ရှိနေသည်ဟု မီးလရက်က ပြောသည်။ ယခုကား သူ့မှာ ဗိုက်ထဲတွင် ကိုယ်ဝန်ရှိလာသည်သာ အဖတ်တင် ကျန်ရစ်သည်။ မီးလားက သူ့ကို စွန့်သွားပြီ။

ထိုအခါ ဖိလစ်သည် မီးလရက် တာဝန်ကို ယူသည်။ ဆေးဝါးခ အကုန်အကျ ခံသည်။ သမီးလေး မွေးလာသည့်အခါ အမေရော သမီးကိုပါ သူ့အိမ်ခန်းသို့ ခေါ်ကာ ကျွေးမွေးပြုစုသည်။ ဖိလစ်သည် သမီးလေးကို သံယောဇဉ် တွယ်လာသည်။ သို့သော်လည်း မီးလရက်ကမူ ဖိလစ်ကို မထေမဲ့မြင် လုပ်သည်။ ခြေတစ်ဖက် တိုသည်ကို ကဲ့ရဲ့စကားဆိုသည်။ မကြာမီပင် မီးလရက်သည် ဖိလစ်ကို စွန့်ကာ ဖိလစ်မိတ်ဆွေ ဂရစ်ဖစ်ဆိုသူနှင့် ချစ်ကြသည်။ ဖိလစ်မှာ မီးလရက်နှင့် သူ့ချစ်သူတို့ သွားလာ စားသောက်ကြသည်တို့အတွက်ပင် အကုန်အကျ ခံရသည်။

ထိုစဉ် ဖိလစ်သည် စာကြိုးစား၍ စာမေးပွဲ ပြန်ဖြေရာ အောင်မြင်သည်။ သူသည် အလုပ်သင်ဆရာဝန်လေးအဖြစ် လူသိများကာ အောင်မြင်လာသည်။ သူ့ခြေထောက်ကိုလည်း ခွဲစိတ်ကုသရာ သိသိသာသာပင် တိုးတက် ကောင်းမွန်လာသည်။ ဆေးရုံတွင် သော့အက်သယ်နီနှင့် မိတ်ဆွေဖြစ်ကာ ရင်းနှီးသွားသည်။ အက်သယ်နီ ဆေးရုံမှဆင်းလျှင် သွားလည်သည်။ အက်သယ်နီတွင် ကလေး ကိုးယောက် ရှိသည်။ သူတို့ အိမ်ထောင်သည် ဆင်းရဲသော်လည်း သာယာသည်။ သူသည် ပျော်ရွှင်လာသည်။

တစ်ညတွင် ဖိလစ်သည် လန်ဒန်လမ်းပေါ်၌ မီးလရက်ကို တွေ့ရသည်။ ဂရစ်ဖစ်က စွန့်သွားကာ ယခုမူ ကြေးစားမ ဖြစ်နေသည်။ သည်တစ်ခါတွင်လည်း ဖိလစ်က ကယ်တင်သည်။ ယခုကား မီးလရက်မှာ ဘဝဒဏ်ချက်ကြောင့် အသိတရား ရလာပြီး ဖိလစ်အိမ်တွင် အထိန်းအဖြစ် နေသည်။ ယခုမူ သူသည် ဖိလစ်ကို စိတ်လည်လာသည်။ ဖိလစ်က အရင်က စိတ်မျိုး မရှိသည့်အခါ မီးလရက်သည် ဒေါသထွက်လာသည်။ ဖိလစ် မရှိခိုက် သူ့ပန်းချီကားများနှင့် ပရိဘောဂများကို ဖျက်ဆီးရိုက်ခွဲကာ အိမ်မှ ထွက်သွားလေတော့သည်။ တစ်ခန်းလုံးလည်း ပျက်စီးကျန်ခဲ့သည်။

ဖိလစ်သည် စတော့ဈေးတွင် ကျန်အမွေများကို ရှယ်ယာများအဖြစ်

www.nyisay.com



ဝယ်လိုက်သည်။ သို့သော် ဗိုဝါးစစ်ကြောင့် စတော့ဈေး ကျသည့်အခါ ဖိလစ် လည်း ချွတ်ခြုံကျတော့သည်။ သို့နှင့် တစ်ခဏတာမျှ အကျပ်အတည်း ကြုံရသည်။ အက်သယ်နီက အထည်ဆိုင်တစ်ခုတွင် အလုပ်ရှာပေးသည်။ သို့သော် လမ်း လျှောက်ဈေးသည် လုပ်ရမည်ကို မုန်းသဖြင့် လက်မခံ။ နောက်ဆုံးတွင် ပန်းချီ သင်ခဲ့သည့် ကျေးဇူးကြောင့် ဒီဇိုင်းများ ရေးကာ အသက်မွေးရသည်။

သူ့ဦးလေး ဆုံးသည့်အခါ ပေါင် ၅၀၀ သူ့အတွက် ချန်ခဲ့သဖြင့် ပြန် ယူလာသည်။ ဒေါ်ဆက်ရှိုင်ယားတွင် သမားတော်ကြီးတစ်ယောက်ထံ အလုပ်သင် ဆရာဝန်အဖြစ် အမှုထမ်းသည်။ ယခုမူ ဖိလစ်မှာ အသက်သုံးဆယ်၊ ရှိနေပြီ ဖြစ်ရာ ခရီးလှည့်ချင်သည်။ ထို့ကြောင့် ပင်လယ်ကူးသင်္ဘောတွင် ဆရာဝန် ဖြစ်ချင်လာသည်။

ဖိလစ်သည် သင်္ဘောတစ်စီးတွင် လိုက်ရန် စာချုပ်တော့မည့် အချိန်တွင် အက်သယ်နီထံသို့ သွားလည်သည်။ ထိုအခါတွင် အက်သယ်နီ၏ သမီးကလေး ဆယ်လီကို တွေ့လိုက်ရသည်တွင် သူ့စိတ်ထဲ၌ တစ်မျိုး ဖြစ်သွားသည်။ အရင်က ဆယ်လီကို ကလေးမလေးဟု သဘောထားခဲ့သည်။ ယခုကား ဖွံ့ဖြိုးလာကာ အပျိုးကြီးဖားဖား ဖြစ်နေပြီ။ လှလည်း လှလာသည်။ သူတို့နှစ်ယောက် အတူ လမ်းလျှောက်ကြသည်။ သို့နှင့် ဖိလစ်နှင့် ဆယ်လီတို့ ချစ်ကြိုက်သွားကြလေ သည်။

နောက်တစ်ပတ်ခန့်ရှိလျှင် ဆယ်လီက ဖိလစ်အား သူ့တွင် ကိုယ်ဝန်ရှိ နေပြီဟု ဆိုသည်။ ထိုအခါ ဖိလစ်သည် ဤသို့ ဆုံးဖြတ်လိုက်သည်။ သင်္ဘောတွင် လိုက်ကာ ခရီးမလှည့်တော့ပြီ။ ယခုမူ သူ့တွင် တာဝန်ရှိလာသဖြင့် ဆယ်လီကို လက်ထပ်မှ ဖြစ်မည်ဟု ဆိုသည်။ ဆယ်လီက နောက်တစ်ခါ အတွေ့တွင် သူ မှားသွားသည်။ တကယ် ကိုယ်ဝန်မရှိဟု ဆိုသည်။ ဖိလစ်ကား ဝမ်းသာရမည့် အစား စိတ်ရှုပ်လာသည်။ အမှန်စင်စစ် သူ၏ ဆန္ဒမှာ လူပျိုကြီးတစ်ယောက်၏ ရည်ရွယ်ချက် မရှိသော ခရီးသွားမဟုတ်ဘဲ ဘဝခရီးတွင် ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်တစ်ခုကို သူ့အား တကယ် ချစ်ခင်ညှာတာသည့် ဆယ်လီနှင့် ထူထောင် ရန်ပင် ဖြစ်သည်ကို နားလည်သဘောပေါက်လာသည်။ သို့နှင့် သူတို့ လက်ထပ် လိုက်ကြသည်။ တောတွင်နေ၊ တောဆရာဝန်အဖြစ် အသက်မွေးသည်။ စောစော ပိုင်းက လူငယ်တို့ဘဝ မီးလရက်ရောဂျားအပေါ် နှောင်ဖွဲ့ခဲ့သည့် ကြိုးတစ်မျှင် သည် ယခု ပြေစ ပြုလာပြီ။ သူ့ကိုယ်သူလည်း ယုံကြည်လာလေပြီ။

www.nyisay.com

## အနုပညာရှင်တစ်ဦး၏ ငယ်ရွယ်စဉ်ဘဝ (၁၉၁၆)

### ဂျိမ်း ဂွိုက်စ် (၁၈၈၂–၁၉၄၁)

**အနုပညာရှင်တစ်ဦး၏ ငယ်ရွယ်စဉ်ဘဝ** (A Portrait of the Artist as a Young Man)သည် ဂွိုက်စ်၏ ပထမဆုံးဝတ္ထု ဖြစ်သည်။ မူလက **သူရဲကောင်း စတီဖင်** (Stephen Hero) ဟူသော နာမည်ဖြင့် ပုံလောင်းသည်။ ထိုဝတ္ထုမှာ အလွန်ရှည်သည်။ နောင်အခါ ထိုဝတ္ထုကို ဖျက်ဆီးပစ်လိုက်ပြီး အသစ်ထပ်၍ ရေးသည်။ စတီဖင်၏ စိတ်သဘောထားနှင့် စိတ်ထား မည်သို့ ဖွံ့ဖြိုးလာပုံတို့ကို အလေးပေး၍ ဖော်ပြဖွဲ့ဆိုသည်။ ယင်းကို ကိုယ်ရေးအတ္ထုပ္ပတ္တိ ဟူ၍ ခေါ်ဆိုနိုင်မည် ဖြစ်သည်။ ပထမကမ္ဘာစစ်နှင့် ၁၈၉၀ အကြား လူငယ်လေးတစ်ယောက်၏ စိတ်ကူးစိတ်သန်းနှင့် လောကကို သတိမမူတတ်သော မိသားစု၊ သူ့ကို ဆန့်ကျင်သော ပတ်ဝန်းကျင်တို့အကြောင်း အလေးပေး ဖော်ပြထားသည့် ဝတ္ထုလည်း ဖြစ်သည်။ ယင်းကို ၁၉၁၆ တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသည်။ ဇာတ်လမ်း နောက်ခံ ကာလမှာ ၁၈၈၂ နှင့် ၁၉၀၃ အတွင်း ဖြစ်သည်။

အစပိုင်းတွင် ကလေးငယ်တစ်ယောက် စကားပြောသလို စခဲ့ပြီး စတီဖင် တစ်ယောက် ရင့်ကျက်လာသည့်အခါ ဖွဲ့နွဲ့ပုံမှာ ပို၍ ရှုပ်ထွေး ထွေပြားလာသည်။ စိတ်ထား ရင့်ကျက်လာပုံနှင့်အတူ အရေးအသားသည်လည်း ရင့်ကျက် ညက်ညော လာသည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



ဝတ္ထုကို ရေးသည့်အခါ စတီဖင်၏ နေရာမှ ဝင်၍ ပြောဟောသည့် အနေဖြင့် ရေးသည်။ သူ့ဇာတ်လိုက် မဟုတ်တာ လုပ်သည့်အခါ စာရေးဆရာ ဂျွိုက်စ်က ဒီလူတော့ လောကနှင့် ကန့်လန့်ဖြစ်နေပြီ ဟူ၍လည်း ပြောရန် မမေ့။ ဤပုံသဏ္ဌာန်နှင့် ရေးသားသည်မှာ ထူးခြားနေသည်။ လောကကို သတိမူတတ်သော၊ ပတ်ဝန်းကျင်ကို မမေ့သော လူငယ်တစ်ယောက်၏ ရုပ်ပုံလွှာသည် ပို၍ ပီပြင်လာသည်။ မည်သို့ဖြစ်စေ၊ စာရေးဆရာ ဂျွိုက်စ်သည် ဘေးမှာ ကင်းကင်း ရှင်းရှင်း နေသည်။ ဝေဖန်မှု မပြု။ တရားလည်း မဟော။ သို့ဖြစ်ရာ ဝတ္ထုသည် သူ့အလိုလို ကြွတက်လာသည်။

ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

စတီဖင် ဒီဒယ်လတ် ကျောင်းစတက်သည့်အခါ သူ၏ နောက်ဆုံး နာမည် ကြောင့် ဒုက္ခရောက်ရသည်။ ထိုနာမည်မှာ လက်တင်သံ ထွက်လွန်းနေသော ကြောင့် ဖြစ်သည်။ ကျောင်းနေဖော် သူငယ်ချင်းများက သူ့ကို ပြောင်လှောင်ကြ သည်။ သူသည် အထိမခံ ရွှေပန်းကန်ဖြစ်သည်။ ပြီးတော့ အရှက်အကြောက် အလွန်ကြီးသည်။ သို့ဖြစ်ရာ သူ့ကို အခြားသူငယ်ချင်းများက အနိုင်ကျင့်ကြသည်။ ကျောင်းနေရသည်မှာ ပျော်စရာမကောင်း။ စတီဖင်အဖို့ မကြာခဏ စိတ်ညစ်စရာ ကောင်းသည့် အဖြစ်များနှင့် ကြုံရသည်။ ဖျားနာပြီး တခြားကျောင်းသားများနှင့် ခွဲလျက် လူနာဆောင်၌ တစ်သီးတခြားထား ခံရသည့်အခါ သူ ပျော်သည်။ ခရစ္စမတ် ကျောင်းပိတ်ရက်များ မတိုင်မီ တစ်နေ့တွင် သူ အပြင်းအထန် ဖျားသည်။ သေတော့မည်လား ထင်ရသည်။ သေသွားမှာ ကြောက်မိသည်။ အိပ်ရာပေါ်တွင် လဲလျောင်းရင်း "ပါနယ်" သေဆုံးသည့် သတင်းကို သူ ကြားရသည်။ ပါနယ် မှာ အိုင်းရစ် ခေါင်းဆောင်တစ်ယောက်ဖြစ်ပြီး ၁၈၉၁ အောက်တိုဘာ ၆ တွင် ကွယ်လွန်သည်။ ပထမဆုံး မှတ်မိသည့် ရက်စွဲမှာ ထိုရက်စွဲ ဖြစ်သည်။

ကျောင်းပိတ်ရက်များအတွင်း အိမ်သို့ ပြန်လာသည့်အခါ "ပါနယ်" အကြောင်းကို များစွာ ကြားရသည်။ သူ့အဖေ ဆိုင်မွန် ဒီဒယ်လတ်သည် ပါနယ်ကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်ပြီး သူ့ဘက်က အမြဲ ကာကွယ်ပြောဆိုလေ့ ရှိသည်။ စတီဖင်၏အဒေါ် ဒန်တေရီယော်ဒန်ကမူ ပါနယ်အား တော်လှန်သူအဖြစ် သတ်မှတ်ကာ ရွတ်ချသည်။ ရွံမုန်းသည်။ သူတို့တစ်တွေ အခြေအတင် ပြောကြ၊ ငြင်းခုံကြသည်တို့ကို နေ့တိုင်းလိုလို ကြားရပြီး စတီဖင် စိတ်ထဲမှာ စွဲမြဲစွာ မှတ်မိနေသည်။ သူကမူ သူ့အဖေကို ယုံကြည်ကိုးကွယ်သည်။ အဖေက ပါနယ် သည် အိုင်ယာလန်နိုင်ငံကို လွတ်မြောက်အောင် လုပ်ပေးနိုင်မည့် ခေါင်းဆောင် ဖြစ်ကြောင်း၊ ယခု နိုင်ငံကို အုပ်ချုပ်နေသော ခရစ်ယာန်ဘုန်းကြီးများကို ဖယ်ရှား

www.nyisay.com



ပေးနိုင်မည့်သူ ဖြစ်ကြောင်း ပြောပြသည်။ ဒန်တေကမူ ထိုအယူအဆကို ဆန့်ကျင်သည်။ ဆိုင်မွန်နှင့် သူ့အယူအဆများကို ချေဖျက်သည်။ သူတို့နှစ်ယောက် သဘောထားချင်း မတူနိုင်သည်မှာ ပြဿနာတစ်ခု ဖြစ်လာသည်။ တစ်ချိန်တည်းမှာပင် စတီဖင်မှာလည်း သူ့ပြဿနာကို သူ့ဘာသာ ဖြေရှင်းနေရသည်။

ကျောင်းပိတ်ရက် ကုန်ဆုံးပြီးနောက် ကျောင်းသို့ စတီဖင် ပြန်လာသည့်အခါ ဘုရားကျောင်း၏ လက်အောက်ခံ စာသင်ကျောင်းကို အုပ်ချုပ်သည့် ဘုန်းကြီး ဒိုလန်နှင့် စတီဖင်တို့ စကားများကြသည်။ သူ့မျက်မှန် ကွဲသွားသဖြင့် စတီဖင်မှာ အသစ်မရမီ စာမကြည့်နိုင် ဖြစ်နေသည်။ စတီဖင် စာမကြည့်သည်ကို သိသည့် ဘုန်းကြီးသည် မျက်မှန်ကွဲသည်ကို အကြောင်းရှာပြီး စာမကြည့်ဘဲနေခြင်း ဖြစ်သည်ဟု ယူဆကာ စတီဖင်ကို ရိုက်သည်။ ကျန် ကျောင်းသားများသည် စတီဖင်ဘက်က ရှိနေပြီး ကျောင်းအုပ်ထံ တိုင်ကြားရန် တိုက်တွန်းကြသည်။ စတီဖင်သည် ကြောက်ရွံ့တုန်လှုပ်လျက် ကျောင်းအုပ်ကြီးအား တိုင်ကြားသည်။ ကျောင်းအုပ်က နားလည်ပြီး ဘုန်းကြီးဒိုလန်အား ပြောကြားမည်ဟု ကတိစကားထားသည်။ ထိုအကြောင်းကို သူငယ်ချင်းများအား စတီဖင် ပြန်လည်ပြောပြသည့်အခါ သူတို့က အောင်နိုင်သူကို ဂုဏ်ပြုသည့်သဘောဖြင့် ပွေ့ဖက်ကာ သူရဲကောင်းဟု ခေါ်ဆိုကြသည်။

ထို့နောက် စတီဖင်အဖို့ အစစ အဆင်ပြေလာသည်။ သို့သော်လည်း မမျှော်လင့်သော ကိစ္စတစ်ခု ပေါ်လာပြန်သည်။ အတန်းထဲတွင် ဆရာ တစ်ယောက်က စတီဖင်ရေးသော စာစီစာကုံးတစ်ခုတွင် ရိုးရာအစဉ်အလာကို တိုက်ခိုက်သည့်အကြောင်း ရေးထားသည်ဟု ဖွင့်ဟသည်။ စတီဖင်က ထို စာကြောင်းကို အမြန်ဖျက်ပြီး အသစ်ပြင်ရေးသည်။ ဤသို့ဖြင့် သူ့အမှားကို အများက မေ့လောက်ပြီဟု ထင်နေခဲ့သည်။ ထိုနေ့က သင်ခန်းစာပြီးဆုံးလျှင် သူငယ်ချင်းအများအပြားက စတီဖင်သည် တော်လှန်သူ ဖြစ်သည်သာ မဟုတ်ဘဲ အရက်အကြောက် ကင်းသူ၊ သီလပျက်သူ၊ ကဗျာဆရာ ဘိုင်ရွန်ကို ယုံကြည်ကိုးကွယ်သူဟူ၍ စွပ်စွဲကြသည်။ ဘိုင်ရွန်သည် ကဗျာဆရာကောင်း မဟုတ် ဟူ၍လည်း သူတို့က ဆိုသည်။ သူတို့၏ စွပ်စွဲချက်များကို ပြန်လည်ချေပရင်း စတီဖင်အဖို့ အနုပညာ ပြဿနာများနှင့် အကျင့်သီလ ပြဿနာများကို နဖူးတွေ့ ဒူးတွေ့ စတင် တွေ့ကြုံလာရသည်။ ထိုပြဿနာများသည် သူ့ဘဝတစ်လျှောက်လုံး အရိပ်ပမာ ကပ်၍ လိုက်ပါသွားကြသည်။

အိုင်ယာလန် အနောက်မြောက်ပိုင်း ကော့ကောင်တီခရိုင်သို့ အဖေနှင့်အတူ စတီဖင် လိုက်သွားသည့်အခါ အဖေ၏ ငယ်စဉ် ကလေးဘဝက အကြောင်း

www.nyisay.com



များကို သိရသည်။ သူ့အဖေ ငယ်စဉ်က တွယ်တာမြတ်နိုးခဲ့သည့် နေရာဒေသများသို့ သွားရောက်လည်ပတ်ကြသည်။ ညအခါများတွင် သူ့အဖေသည် အရက်မူးပြီး စိတ်လိုက်မာန်ပါ ပြောဆိုတတ်သည်။ အော်ဟစ် ဆဲရေးတတ်သည်။ ယင်းအဖြစ်တို့ကို သူများမသိအောင် စတီဖင်မှာ ဖုံးဖိရသည်။ ထိုခရီးသည် စတီဖင်အဖို့ လောက၌ မနှစ်မြို့စရာ၊ မနှစ်သက်စရာများ ရှိပါလားဟူသော အတွေ့အကြုံသစ် ရသည့်ခရီး ဖြစ်သည်။ ပညာလည်း တိုးသည်။ အဖေ၏ ငယ်စဉ်ဘဝမှာ ချို့တဲ့သည်။ ဘီယာသောက်သဖြင့် ကြွေးတင်သည်။ သူတို့မိသားစုသည် ဈေးချိုသော ရပ်ကွက်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်ရသည်။

ကျောင်းပိတ်ခါနီးတွင် စတီဖင်မှာ ကျောင်းမှ ဆု များစွာရသည်။ လူတိုင်းအတွက် လက်ဆောင်များ ဝယ်၍ပေးသည်။ သူ့အခန်းကိုလည်း အကျအန ပြင်ဆင်မွမ်းမံသည်။ မိတ်ဆွေသားချင်းများကို ငွေချေး ထောက်ပံ့သည်။ ငွေရှိနေသရွေ့တော့ ဘဝသည် စိုပြည်သာယာသည်။ သို့နှင့် တစ်ညတွင် သူ့မှာလည်း ပိုက်ဆံမရှိတော့သည့်အခိုက် ပန်းရောင် ဂါဝန်ရှည်ကို ဝတ်ဆင်ထားသည့် မိန်းမပျို တစ်ယောက်၏ မြူဆွယ်ဖြားယောင်းခြင်းကို ခံရသည်။ အချစ်ဆိုတာ ဘာလဲဟု သူ သိနားလည်စ ပြုလာသည်။

ကျောင်းတွင် စိန့် ဖရန်ဆစ် ဇေဗီယာကို ဂုဏ်ပြုသည့် ဆုတောင်းပွဲတစ်ခု ကျင်းပသည့်အခါ စတီဖင်သည် မိန်းမများနှင့် ကျူးလွန်ခဲ့သည့် ဒုစရိုက်မှုများကို နောင်တတရား ရလာသည်။ ဘုန်းကြီးများက ကောင်းကင်ဘုံနှင့် ငရဲပြည်တို့အကြောင်း တရားဒေသနာများ ဟောကြားသည်။ အထူးသဖြင့် ငရဲပြည်အကြောင်း ချဲ့ထွင်ဟောကြားသည်။ ထိုတရားများသည် သူ့စိတ်ထဲတွင် သံမှိုနှက်ထားသလို စွဲမြဲလာသည်။ ညအခါတွင် အိပ်မက်ဆိုးများ မက်သည်။ ကွယ်လွန်ပြီးနောက် တမလွန်ဘဝ၌ ညှဉ်းပန်းနှိပ်စက် ခံရသည်တို့ကို မြင်မက်သည်။ ကျောင်းတွင် အာပတ်ဖြေခြင်းအမှုကို သူ မပြုနိုင်၊ မပြုဝံ့။ နောက်ဆုံးတွင် ဒဗ္ဗလင်မြို့သို့ သွားကာ သူ့ကိုမသိသည့် ဘုရားကျောင်းတစ်ခုသို့ သူ ဝင်သည်။ ထိုဘုရားကျောင်းတွင် သူ၏ မပျော်ပိုက်သည့်စိတ်ကို အထုပ်ဖြေပြသည်။ မချမ်းမြေ့သည့် စိတ်နှလုံးကို ဖွင့်ဟ ဝန်ခံသည်။ ထိုအခါ အမြော်အမြင်ကြီးသော ဘုန်းတော်ကြီးတစ်ပါးက သူ့ကို အကြံဉာဏ်ကောင်းများ ပေးကာ နှစ်သိမ့်သည်။ ဖွင့်ဟဝန်ခံကာ အာပတ်ဖြေပြီးနောက် နောင်အခါ ဒုစရိုက်အမှုတို့ကို မပြုတော့ပါဟု စတီဖင် ဝန်ခံကတိပေးသည်။ ကတိအတိုင်း တည်အောင် နေနိုင်မည်ဟူ၍လည်း သူ့ကိုယ်သူ ယုံကြည်သည်။

ထိုအခါမှစ၍ စတီဖင်သည် အချိန်အတိုင်းအတာ တစ်ခုအထိ စံပြပုဂ္ဂိုလ်

www.nyisay.com



ဖြစ်အောင် ကျင့်ကြံနေထိုင်သည်။ သူသည် အီတလီ ဘာသာတရား ပညာရှင် အကွီနတ်၏ တရားဒေသနာများနှင့် ဂရိဒဿနပညာရှင် အရစ္စတိုတယ်၏ ဒဿနတို့ကို ဖတ်ရှုလေ့လာသည်။ တစ်နေ့တွင် ကျောင်း အုပ်ချုပ်ရေး အရာရှိက သူ့ရုံးခန်းသို့ စတီဖင်ကို ခေါ်တွေ့ပြီး အကြာကြီး စကားပြောသည်။ ဘုန်းတော်ကြီး လုပ်ချင်စိတ် မရှိဘူးလားဟု စူးစမ်းသည်။ ဂျေဆုဂိုဏ်းသို့ မဝင်ချင်ဘူးလား မေးမြန်းသည်။ စတီဖင် သွေးကြီးသွားသည်။ ဘုန်းကြီးဘဝဖြင့် ဓာတ်သိမ်း တော့မည် စိတ်ကူးမိသည်။

သို့သော်လည်း တက္ကသိုလ်သို့ သူ ရောက်သည့်အခါ သူ့ဘဝ လမ်းကြောင်း ပြောင်းစရာ ကြုံလာသည်။ အတွေးအခေါ်များ ပြောင်းလဲစ ပြုလာသည်။ သူ့မှာ သံသယ ရှိစရာတွေ များလာသည်။ ကြာကြာ လေ့လာလေ၊ လောက၏ တရားတို့သည် ပို၍ ပို၍ ရှုပ်ထွေးလာလေ ဖြစ်လာပြီး ဘဝကို သံသယ ဝင်လာသည်။

တက္ကသိုလ်တွင် စတီဖင်သည် ကျောင်းသား ဒါဗင်၊ လင့်တို့နှင့် အပေါင်းအသင်းဖြစ်ကာ ရင်းနှီးလာသည်။ ငယ်စဉ်က မြတ်နိုးခဲ့ရသည့် အင်မာနှင့်ကား ဝေးသွားပြီး စိမ်းသွားသည်။ ဒါဗင်၊ လင့်တို့နှင့် အလှအပ သဘောတရားနှင့် စိတ်၏ အလုပ်လုပ်ပုံ အကြောင်းတို့ကို ဆွေးနွေးသည်။ တစ်ဖန် ကမ္ဘာငြိမ်းချမ်းရေး ပန်ကြားလွှာတွင် သူ လက်မှတ်ရေးထိုးရန် ငြင်းဆန်သဖြင့် ကျောင်းသား သူငယ်ချင်းများက သူ့ကို ရန်ငြိုး အာဃာတ ထားကြသည်။ စတီဖင်သည် အတ္တဆန်သူ၊ အပေါင်းအသင်း မဝင်ဆံ့သူဟု ပြောဆိုကြသည်။ နောက်ဆုံးတွင် ငြိမ်းချမ်းရေး လှုပ်ရှားမှု၊ အိုင်ယာလန် လွတ်လပ်ရေးနှင့် ဘုရားကျောင်း ကိစ္စတို့ကို စတီဖင် လုံးလုံးလျားလျား စိတ်ဝင်စားခြင်း မရှိတော့ပေ။ သူငယ်ချင်းများစွာ တို့သည် အင်္ဂလိပ်စာအစား ဂေါလစ်ဘာသာစကားကို လေ့လာကြသည်။ နောင် အခါ အင်္ဂလိပ်စာ အစား ဂေါလစ်ဘာသာစကားသည် တွင်ကျယ်ကာ ရှေ့တန်း ရောက်လာတော့မည်ဟု သူတို့ ယုံကြည်ကြသည်။

ဒါဗင်က စတီဖင်၏ နိုင်ငံရေး အယူအဆတို့ကို ပထမဆုံး မေးမြန်း စူးစမ်းသည်။ အိုင်ယာလန်၏ အရေးကိစ္စကို ထိပ်ဆုံးက စဉ်းစားသင့်သည်ဟု ဒါဗင်က ပြောသည်။ စတီဖင်ကမူ အိုင်ယာလန်သည် သူ့သားသမီးများကို ကိုက်စားနေသည့် ဝက်မကြီးနှင့် တူနေသည်ဟု ပစ်ပစ်ခါခါ ပြောသည်။ သူသည် စာရေးဆရာဖြစ်ရန် ဆုံးဖြတ်ထားသည်။ အနုပညာရှင်တို့မည်သည် နိုင်ငံရေးတွင် အချိန်မဖြုန်းသင့်ဟု သဘောရကြောင်းကိုလည်း ပြောပြသည်။

ထိုအခိုက် စတီဖင်နှင့် အင်မာတို့ ပြန်၍ တွေ့ကြသည်။ ဘာ့ကြောင့်

www.nyisay.com



သူ့ဆီ မလာသလဲ၊ သူ့ကို ရှောင်နေသလဲဟု အင်မာက မေးသည့်အခါ စတီဖင်က သူ ဘုန်းကြီး လုပ်တော့မည် စိတ်ကူးကြောင်း ပြောပြလိုက်သည်။ ဘုန်းကြီးကား ဖြစ်နိုင်မည် မထင်၊ အရူးသာ ဖြစ်မှာပဲဟု အင်မာက ပြောသည်။ ဤသို့ဖြင့် သူတို့နှစ်ယောက် လမ်းခွဲလိုက်ကြသည်။ အိုင်ယာလန် လွတ်မြောက်ရေးနှင့်လည်း စတီဖင် မပတ်သက်တော့။ အထီးကျန် ဖြစ်မှာကိုပင် သူ မကြောက်။ "အလှ"ကို ရှာချင်လျှင်၊ "အလှသဘောတရား"ကို နားလည်ချင်လျှင် အိုင်ယာလန်မှ ခွာမှ ဖြစ်မည်။ အိုင်ယာလန်တွင် သူ ယုံကြည်စရာတွေ၊ မြတ်နိုးတွယ်တာစရာတွေ ဘာမျှ မရှိဟု စတီဖင် ယုံကြည်လာသည်။ သူငယ်ချင်းများက အမျိုးမျိုး နားချသော်လည်း စတီဖင် စိတ်မဝင်စား။ သို့နှင့် ပစ္စည်းများ ထုပ်ပိုးကာ အိုင်ယာလန်မှ ဥရောပသို့ ထွက်ခွာသွားသည်။ ဘယ်တော့မှ ပြန်လာရန် စိတ်မကူးတော့ပေ။ တစ်နေ့တွင် အိုင်ယာလန်နှင့် အိုင်းရစ်လူမျိုးများအကြောင်း သူ့သဘောထားကို ဖော်ပြဖွင့်ဆိုသည့် စာတစ်အုပ်ရေးမည် ရည်ရွယ်သည်။ နောက်ဆုံးတွင် သူ၏ အသက်မွေးဝမ်းကျောင်းမှာ စာရေးဆရာပင် ဖြစ်သည်ဟု နားလည်လာသည်။ "ဘဝကို ငါ ရင်ဆိုင်တော့မည်"ဟု ဒိုင်ယာရီမှတ်တမ်းတွင် သူ ရေးခဲ့သည်။ "အတွေ့အကြုံမှ ရသည့် အစစ်အမှန်သဘော၊ ဒိဋ္ဌဓမ္မ သဘောကို အကြိမ် တစ်သန်းမြောက် ငါ ရင်ဆိုင်တော့မည်။ တစ်ဖန် စိတ်တည်းဟူသော ဝိညာဉ်ထဲ တွင် ငါ့လူမျိုးအတွက် ဟူသော စိတ်ဆန္ဒတစ်ခု ကိန်းအောင်းလာအောင် ငါ ထုလုပ် ပုံသွင်းတော့မည်" ဟူ၍လည်း ကမ္ပည်းတင်ထားလေသည်။

*

စာရေးသူ ဂျိမ်းဂျွိုက်စ်အကြောင်း ပြောရဦးမည်။ သူ့ကို လူလတ်တန်းစား အောက်အလွှာက ဒဗ္ဗလင်မြို့၌ ၁၈၈၂ ဖေဖော်ဝါရီ ၂ တွင် မွေးသည်။ စာရေးဆရာ အကျော်အမော် ဖြစ်လာမည့် မျိုးရိုးဗီဇ မရှိ။ သူ့အဖေမှာ မထင်ရှားသည့် အစိုးရ ဝန်ထမ်းတစ်ယောက်ဖြစ်ပြီး အရက်ကို ခံ့ခံ့မင်မင် သောက်ကာ နိုင်ငံရေးအကြောင်း ပြောတတ်သည်။ စာပေဖတ်ရှု လေ့လာခြင်းကား မရှိ။ အမေမှာ အနုပညာသဘော နားလည်စိတ်ဝင်စားသည်။ သို့သော်လည်း ရှေးဆန်သည်။

ဂျွိုက်စ်သည် ငယ်စဉ်က ကလွန်ဂိုး(ဂ) ကောလိပ်၌ စာသင်ပြီး နောင်အခါ ဒဗ္ဗလင်တက္ကသိုလ်သို့ တက်ရောက်သင်ကြားသည်။ ကျောင်းနေစဉ်ကမှ ကြီးလာသည့်အခါ ဘုန်းကြီးဝတ်မည် သို့မဟုတ် အဆိုတော် လုပ်မည် စိတ်ကူးသည်။ သူ၏အသံမှာ သာယာနာပျော်ဖွယ် ရှိသည်။ ၁၉၀၂ တွင် တက္ကသိုလ်မှ ပြီးဆုံးလျှင် သူ့ဇာတ်လိုက် စတီဖင်လိုပင် ဘာသာရေး၊ တိုင်းရေးပြည်ရေးတို့ကို စိတ်ဝင်စား

www.nyisay.com



လာသည်။ ထိုနောက် နိုရာဘာမေဘယ် ဆိုသော ခပ်ရိုးရိုး မိန်းမပျိုလေး တစ်ယောက်နှင့် ချစ်ကြိုက်ကာ နိုးပြေးပြီး ဥရောပတိုက်၌ သေသည်အထိ နေထိုင်သွားသည်။ စာရေးဆရာဖြစ်အောင် ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချထားသူ ဖြစ်လာသည်။

၁၉၀၅ တွင် **ဒဗ္ဗလင်မြို့သားများ**(Dubliners)ကို ရေးသားပြီးစီးသည်။ ယင်းမှာ ဝတ္ထုတိုစုစည်းမှုဖြစ်ပြီး ၁၉၁၄ တွင်မှ ထုတ်ဝေဖြစ်သည်။ **ယူလစ်ဆစ်** [Ulysses] (၁၉၂၂)မှာ သူ၏ အအောင်မြင်ဆုံး ဝတ္ထုဖြစ်သည်။ အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ညစ်ညမ်းစာပေ ဟူ၍ အတော်ကြာ ထုတ်ဝေခွင့် မပြု။ ယင်းမှာ **သိစိတ် အစဉ်နည်း** (Stream of Consciousness)ဖြင့် ရေးသည့် ဝတ္ထု ဖြစ်သည်။ ယူလစ်ဆစ်သည် မျက်မှောက်ခေတ်တွင် ဝေဖန်ဆွေးနွေးခံရဆုံး ဝတ္ထုဖြစ်ပြီး နည်းပညာအရာတွင် လည်းကောင်း၊ ရေးဟန်တွင် လည်းကောင်း သြဇာကြီးမားသည့် ဝတ္ထုရှည်တစ်ပုဒ် ဖြစ်လာသည်။ သူ၏ အခြားစာအုပ်မှာ**ဖင်နီဂန်ဝိတ်** (Finnegans Wake) (၁၉၃၉) ဖြစ်သည်။ ယင်းမှာ ယူလစ်ဆစ်ထက် ပို၍ ရှုပ်ထွေး ထွေပြားသည်။ စမ်းသပ်ရေးသည့် ဝတ္ထုဖြစ်သည်။ ဒဗ္ဗလင် တည်းခိုခန်းပိုင်ရှင် ဟမ်ဖရီ အီးယားဝစ်ကားစ်၏ တစ်ညတာအတွင်း မက်ခဲ့သည့် အိပ်မက်တစ်ခုကို ဖော်ပြဖွဲ့ဆိုသည့် ဝတ္ထု ဖြစ်သည်။ ဟမ်ဖရီ၏ အိပ်မက်သည် လူ့သမိုင်း၊ လူ့အတွေ့အကြုံ၊ စိတ်ကူး၊ ဒဏ္ဍာရီတို့ကို ဖော်ပြထားပြီး ရှုပ်ထွေး နက်နဲသည်။

မည်သို့ဆိုစေ၊ ဂျွိုက်စ်သည် နှစ်ဆယ်ရာစု၏ အကြီးကျယ်ဆုံး စာရေးဆရာတစ်ဦး ဖြစ်သည်ကား အမှန်ပင်။

## အစိုးရနှင့် တော်လှန်ရေး (၁၉၁၈)

### လီနင် (၁၈၇၀–၁၉၂၄)

ရုရှား ပစ္စည်းမဲ့ခေါင်းဆောင် လီနင်ကို လူတိုင်း သိကြသည်။ ၁၉၁၇ တွင် မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးကို ခေါင်းဆောင်ခဲ့သူ ဖြစ်သည်။ လီနင်၏ မိန့်ခွန်းများ၊ နိုင်ငံရေးကျမ်းများကား ကျော်ကြားလှသည်။ ပစ္စည်းမဲ့ တော်လှန်ရေးသမားတိုင်း၏ လက်စွဲဖြစ်သည်။ ယင်းတို့မှ ထုတ်နုတ်ကာ လက်ရွေးစင် ကျမ်းအဖြစ် ထုတ်ဝေခဲ့သည်။ စုပေါင်းကျမ်း အဖြစ်လည်း ထုတ်ဝေခဲ့သည်။ ယင်းတို့အနက် **အစိုးရနှင့် တော်လှန်ရေး** သည် အထူးကျော်ကြားလှသည်။

ဤစာအုပ်ကို ၁၉၁၇ အောက်တိုဘာတော်လှန်ရေး မတိုင်မီတွင် ရေးသည်။ အလုပ်သမားလူတန်းစား အရေးတော်ပုံတွင် အစိုးရအပေါ်၌ ထားရမည့် သဘောထားသည် အရေးကြီးသည်။ ယင်းကို မတ်ဝါဒ၊ လီနင်ဝါဒ အမြင်ဖြင့် တင်ပြထားသည်။ လီနင်သည် အလုပ်သမား လူတန်းစား တိုက်ပွဲများမှ အတွေ့အကြုံများကို အခြေခံလျက် "အစိုးရ"နှင့် "တော်လှန်ရေး" တို့အကြောင်း ဆွေးနွေးသည်။ အရေးကြီးသည့် အချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ အစိုးရ စက်ယန္တရားသည် လူတန်းစားတစ်ရပ်ကို ကိုယ်စားပြုသည်။ လူတန်းစား ကွဲပြားသည့် လောကတွင် လူတန်းစားတစ်ခုက အခြား လူတန်းစားတစ်ခုအား ဖိနှိပ်ရန် အစိုးရယန္တရား ပေါ်လာရခြင်း ဖြစ်သည်။ အစိုးရတစ်ခုအောက်၌ "လူထုအား"ကို ကိုယ်စားပြုသည့် လက်နက်ကိုင်

www.nyisay.com



တပ်ဖွဲ့၊ အကျဉ်းထောင်၊ အခြားဖိနှိပ်ချုပ်ချယ်ရေး ယန္တရားအမျိုးမျိုး၊ အစိုးရ လက်ကိုင်ပြု ဗြူရိုကရေစီဝါဒ စသည်တို့ ရှိကြသည်။ ယင်းတို့မှာ အစိုးရတစ်ခု တည်တံ့ရေးအတွက် ထောက်ကန်အားပြုထားသည့် အဖွဲ့များ ဖြစ်သည်။ အစိုးရ စက်ယန္တရားသည် အရင်းရှင်နိုင်ငံတွင် ပြီးပြည့်စုံသော အဖွဲ့တစ်ခု ဖြစ်သည်။

၂။ အလုပ်သမား လူတန်းစားအဖို့ အရင်းရှင်အစိုးရ စက်ယန္တရားသည် အသုံးမဝင်။ အစိုးရအာဏာကို အလုပ်သမားလူတန်းစားက သိမ်းပိုက်ပြီးနောက် ထိုအရင်းရှင် အစိုးရ စက်ယန္တရားကို ဖျက်သိမ်းရမည်။ ထိုနောက် အုပ်ချုပ်ရေးကို ပစ္စည်းမဲ့ လူတန်းစားက ဝင်ယူကာ ပစ္စည်းမဲ့ အစိုးရ စက်ယန္တရားကို ထူထောင်ရမည်။

အရင်းရှင်အစိုးရ စက်ယန္တရားသည် ပုံသဏ္ဌာန်အမျိုးမျိုးကို ဆောင်သည်။ သို့သော် အရင်းရှင် အာဏာရှင်စနစ်၏ သဏ္ဌာန်အမျိုးမျိုး ဖြစ်သည်ကိုကား ငြင်းရန် အကြောင်းမရှိ။ ထို့အတူ အရင်းရှင်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရာတွင် နိုင်ငံရေးစက်ယန္တရား၏ ပုံစံအမျိုးမျိုး၊ အသွင်အမျိုးမျိုးတို့ကို စပ်ကူးမတ်ကူး ကာလ၌ တွေ့ရလိမ့်မည်။ မည်သို့ပင် အသွင်အမျိုးမျိုးတို့ကို ဆောင်သည်ဖြစ်စေ ယင်းတို့၏ အနှစ်သာရသည်ကား ပစ္စည်းမဲ့ အာဏာရှင်စနစ်သာလျှင် ဖြစ်ပေလိမ့်မည်။ ပစ္စည်းမဲ့ အာဏာရှင်စနစ်၏ ရည်ရွယ်ချက်သည် သွေးစုပ်ခေါင်းပုံဖြတ်သူများကို သုတ်သင်ချေမှုန်းပြီးနောက် လူတန်းစားမဲ့သော ကွန်မြူနစ်လောကကို တည်ဆောက်ရန်ပင် ဖြစ်သည်။

၃။ ဤစာအုပ်တွင် အရင်းရှင်ဒီမိုကရေစီနှင့် ပစ္စည်းမဲ့ ဒီမိုကရေစီတို့ မည်သို့ ကွာခြားပုံကို လီနင်က ရှင်းပြသည်။ ပါလီမန်စနစ် မရှိဘဲ ဒီမိုကရေစီ တည်ဆောက်နိုင်ရမည်ဟု အခိုင်အမာ ဆိုသည်။ ပဲရစ်ကွန်မြူန်း(၁၈၇၁)၏ အတွေ့အကြုံများကို ဆန်းစစ်ပြီးနောက် ထိုအရေးတော်ပုံတွင် ဒီမိုကရေစီသစ်တစ်ခု ပေါ်ထွန်းခဲ့ကြောင်း၊ ယင်းမှာ ကားလမတ် အသိအမှတ်ပြုသည့် ပစ္စည်းမဲ့ ဒီမိုကရေစီသစ် တရားပင် ဖြစ်ကြောင်း လီနင်က ဝေဖန်တင်ပြခဲ့သည်။

တစ်ဖက်တွင်မူ အလုပ်သမားလူတန်းစားသည် အရင်းရှင် ဒီမိုကရေစီကို ကျယ်ပြန့်လာသည်ထက် ကျယ်ပြန့်လာအောင် အကာအကွယ် ပြုရမည်။ အရင်းရှင် ဒီမိုကရေစီ ထွန်းကားလာအောင် တိုက်ပွဲဆင်ရမည်။ အကြောင်းမှာ ဤဒီမိုကရေစီ အခြေခံသည်သာလျှင် အရင်း

www.nyisay.com



ရှင် ဆန့်ကျင်ရေး လူတန်းစားတိုက်ပွဲ ဆင်နွှဲရန် အကောင်းဆုံး အခြေခံ ဖြစ်သောကြောင့်တည်း။ ဤသို့ လူတန်းစားတိုက်ပွဲ ဆင်နွှဲရာ၌ အရင်းရှင် စနစ် လက်အောက်ရှိ အဖိနှိပ်ခံ လူတန်းစား မှန်သမျှကို အလုပ်သမား လူတန်းစားက မဟာမိတ်ဖွဲ့ရမည်။ အရင်းရှင်စနစ် ကျဆုံးပြီးနောက် ပစ္စည်းမဲ့အာဏာရှင်စနစ် ထူထောင်ပြီးသည့်တိုင် ထိုလူတန်းစား မဟာ မိတ် အဖြစ်သည် တည်တံ့ ခိုင်မြဲနေလိမ့်မည်။

၄။ လီနင်သည် ဤစာအုပ်တွင် ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းသည့်ကာလ၊ ထိုစပ်ကူးမတ်ကူး ကာလ၏ စီးပွားရေးစနစ်တို့ အကြောင်းကို အသေးစိတ် ရှင်းပြသည်။

ဆိုရှယ်လစ်စနစ် တည်ဆောက်ရာတွင် အခြေခံ ကြွေးကြော်သံ တစ်ခုမှာ "တတ်နိုင်သလောက်လုပ်၊ လုပ်သလောက် ရရမည်" ဟူ၍ ဖြစ်သည်။ ကုန်ထုတ်လုပ်ရေး ဖွံ့ဖြိုးလာပြီး လူသုံးကုန်ပစ္စည်းများ အဆ မတန် ပေါများလာသည့်အခါ ကွန်မြူနစ်လောကသို့ တဖြည်းဖြည်း ကူးပြောင်းသွားလိမ့်မည်။ ထိုအခါ "လုပ်ချင်သလောက်လုပ်၊ ကြိုက် သလောက် လိုသလောက် ယူ" နိုင်မည် ဖြစ်သည်။ ထိုအချိန်တွင် ပညာ တတ် လူတန်းစားနှင့် အလုပ်သမား လူတန်းစားတို့အကြားတွင် ရှိသည့် ပဋိပက္ခသည် လည်းကောင်း၊ မြို့နေလူတန်းစားနှင့် တောနေလူတန်း စားတို့ အကြားရှိ ပဋိပက္ခတို့သည်လည်းကောင်း တဖြည်းဖြည်း ပ ပျောက် သွားလိမ့်မည်။

ဤစာအုပ်၏ နောက်ဆုံးအခန်းသည် ၁၉၀၅ ရုရှားတော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေးတို့၏ အတွေ့အကြုံများကို ပြဆိုမည့်အခန်း ဖြစ်သည်။ သို့ရာတွင် မပြီးဆုံးခဲ့။ အောက်တိုဘာ တော်လှန်ရေး ဒီရေတက်လာသဖြင့် ဆက်လက် မရေးနိုင်ဘဲ ရပ်ထားရသောကြောင့် ဖြစ်သည်။ မူလက အခန်းပေါင်း ၇ ခန်း ရည်ရွယ်ခဲ့သည်။ စာအုပ်နာမည်ကိုလည်း **အစိုးရအပေါ် မတ်ဝါဒအမြင်** ဟု ခေါင်းစဉ်ပေးခဲ့သည်။ စာမူ၏ ပထမစာမျက်နှာ၌ စာရေးသူ၏ အမည်မှာ **အိုက်ဗန်နော့စကီ** ဖြစ်သည်။ ယင်းမှာ လီနင်၏ ကလောင်နာမည် ဖြစ်သည်။ ထိုအချိန်တွင် လီနင်သည် မြေအောက်တော်လှန်ရေးသမားအဖြစ် ပုန်းလျှိုးနေ ရသည်။ သို့မဟုတ်လျှင် ယာယီအစိုးရက သူ့စာအုပ် သိမ်းလိမ့်မည်။ သို့သော် လည်း ဤစာအုပ်ကို ၁၉၁၈ တွင်မှ ပုံနှိပ်ထုတ်ဝေဖြစ်ရာ ကလောင်နာမည် သုံးရန် မလိုတော့။

၁၉၁၇ ဩဂုတ်လတွင် ရေးခဲ့သည့် စာရေးသူ၏ ပထမပုံနှိပ်ခြင်းအတွက်

www.nyisay.com



အမှာတွင် စာအုပ်ရေးရခြင်း အကြောင်းကို တင်ပြခဲ့သည်။ ထိုကာလကား နယ်ချဲ့စစ်သည် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို အစိုးရ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်အဖြစ်သို့ ကူးပြောင်းနိုင်ရန် အရှိန်အဟုန် ကြီးမားစွာဖြင့် တွန်းပို့ပေးနေသည့် ကာလဖြစ်သည်။ သို့ဖြစ်ရာ ဖိနှိပ်မှုသည် ကြီးလာသည်။ အကျဉ်းထောင်တို့သည် အလုပ်သမားဂေဟာများ ဖြစ်လာသည်။ လူထုကြီးတစ်ရပ်လုံးမှာ မခံမရပ်နိုင် ဖြစ်လာသည်။ နိုင်ငံတကာ ပစ္စည်းမဲ့တော်လှန်ရေးများသည် ရင့်မှည့်လာကြသည်။ သို့ဖြစ်ရာ အစိုးရနှင့် တော်လှန်ရေးတို့၏ သဘောတရားတို့ကို လက်တွေ့နားလည်ရန် ပို၍ အရေးကြီးလာသည်။

တစ်ဖန် အချောင်သမား ဝါဒသည်လည်း ရုရှား၊ ပြင်သစ်၊ ဂျာမနီတို့၌ ကြီးစိုးလာသည်။ အထူးသဖြင့် ဆိုရှစ်လစ်ပါတီ အမည်ခံ နိုင်ငံရေးပါတီတို့၌ အချောင်သမားဝါဒ လွှမ်းမိုးလာသည်။ နိုင်ငံကြီးတို့သည် နိုင်ငံငယ်လေးများကို သိမ်းပိုက်စ ပြုလာသည်။ နယ်ချဲ့စစ်သည် ဓားပြတိုက်ရာပါ ပစ္စည်းကို ခွဲဝေယူသည့် စစ်ပွဲအသွင် ဆောင်လာသည်။

ထိုအချောင်သမားတို့က အစိုးရဟူသော အယူအဆကို ဖျက်လို ဖျက်ဆီးလုပ်ကြသည်။ အစိုးရဆိုသည် ကြားနေအင်အားစုတစ်ခု ဖြစ်သည်။ အခြားလူတန်းစားများမှ ကင်းလွတ်စွာ တည်နေသည်ဟု အဆိုပြုကြသည်။ လီနင်က မတ်နှင့် အိန်းဂဲတို့၏ အမြင်တို့ကို ကောက်နုတ်ကိုးကားပြီးနောက် အယူအဆများတို့ကို တိုက်ဖျက်ရန် အရေးကြီးသည်ဟု အမှာ၌ တင်ပြသည်။ သို့ဖြစ်ရာ ဆိုရှယ်လစ် ပစ္စည်းမဲ့တော်လှန်ရေးနှင့် အစိုးရတို့သည် မည်သို့ မည်ပုံ ဆက်စပ်နေသည်မှာ လက်တွေ့အားဖြင့် အရေးကြီးကြောင်း ပထမပုံနှိပ်ခြင်း အမှာ၌ တင်ပြထားလေသည်။

ဤစာအုပ်ကို လီနင်စုပေါင်းကျမ်း အတွဲ ၂၅ စတုတ္ထအကြိမ် ရုရှားပုံနှိပ်ခြင်း ၁၉၄၉ ၌လည်း တွေ့နိုင်သည်။

www.nyisay.com

## ဝိုင်းစဘတ် အိုဟိုင်းယို (၁၉၁၉)

## ရှားဝု အင်ဒါဆင် (၁၈၇၆–၁၉၄၁)

ဝတ္ထုတိုများအဖြစ် စုစည်းထားသည့် အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုပြည်နယ် ဝိုင်းစဘတ်မြို့လေးအကြောင်း ဖြစ်သည်။ ရေးသူမှာ ရှားဝု အင်ဒါဆင် (၁၈၇၆–၁၉၄၁) ဖြစ်ပြီး ၁၉၁၉ တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ သရုပ်ဖော်စာပေပုံစံ ဖြစ်ပြီး ၁၉ ရာစု နှောင်းခေတ်ကို အခြေခံကာ ရေးသားထားခြင်း ဖြစ်သည်။

**ဝိုင်းစဘတ် အိုဟိုင်းယို**သည် ခေတ်သစ်ဂန္ထဝင် လက်ရာအဖြစ် အသိအမှတ်ပြု ခံရသည့် ဝတ္ထုတိုများ ဖြစ်သည်။ ဖော်ပြပုံ လှပသည်။ ကြေကွဲစရာများ ပြည့်သည်။ သရုပ်မှန် အဖွဲ့အနွဲ့တစ်ခု ဖြစ်သည်။ ကဗျာကောင်း တစ်ပုဒ်လို လှပပြီး သုတိသာယာဖွယ် ကောင်းသည်။ ဝတ္ထုတိုများ စုစည်းထားသဖြင့် ဝတ္ထုရှည်ကြီး တစ်ခုဟု မယူဆနိုင်သော်လည်း ဝတ္ထုတိုများကို ဆက်ပြီး ဆန့်ထုတ်လိုက်သည့်အခါ ဝတ္ထုရှည်ကြီးတစ်ပုဒ် ဖြစ်လာသည်ဟု ယူဆနိုင်စရာ ရှိသည်။ ရှားဝု အင်ဒါဆင် ပြောပြသည်မှာ အမေရိကန် မြို့ငယ်လေးတစ်ခု အကြောင်း ဖြစ်ပြီး သို့မြို့တွင် နေထိုင်သော အထီးကျန် ဇာတ်ဆောင်များ၊ စိတ်ဓာတ် ပျက်ပြားရာ့ ဘဝပျက်ရသည့် လူများအကြောင်း ဖြစ်သည်။ ရှားဝု အင်ဒါဆင်၏ စကားပြေမှာ လေးနက် ထိရောက်သည်။ ထိမိသည်။ ကွက်ကွက်ကွင်းကွင်း ပေါ်အောင် စကားလုံးများကို လှပစွာ ရေးခြယ်သွားသည်။ ဒေသတစ်ခု၏ လူများအကြောင်း

www.nyisay.com



ဖြစ်သော်လည်း ဝိုင်းစဘတ် အိုဟိုင်းယိုမှာ အလွန်အမေရိကန်ဆန်သည့် ဝတ္ထုတို စုစည်းမှု ဖြစ်လေသည်။ သူ့လို ဘယ်စာရေးဆရာ တစ်ယောက်မျှ အမေရိကန် လူနေမှုဘဝ၊ အမေရိကန် လူ့စရိုက် ပီပြင်အောင် ဖော်ပြနိုင်ခြင်း မရှိဟု ဝေဖန် သူများက ချီးကျူးကြသည်။ ဝတ္ထုတို စုစည်းမှုတွင် အဓိက ဇာတ်ဆောင်များမှာ လူငယ်သတင်းထောက်တစ်ဦး၊ သူ့အမေနှင့် သူ့အမေ၏ တိုးတိုးဖော် ကျောင်း ဆရာမတစ်ဦး၊ သတင်းထောက်၏ မိတ်ဆွေတစ်ဦး၊ ဆရာဟောင်းတစ်ဦးနှင့် ဘယ်ရီသီးဆွတ်သူ တစ်ယောက်တို့ ပါဝင်သည်။

ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

တွမ်ဝီလတ်နှင့် အယ်လိဇဘက်တို့မှ ဂျော့ဝီလတ် ဆိုသော သားငယ် တစ်ယောက်ကို မွေးဖွားခဲ့သည်။ တွမ်သည် ထုံထိုင်းပြီး ရှေးဆန်သူ တစ်ယောက် ဖြစ်သည်။ ဘာတစ်ခုမျှ စိတ်ဝင်စားခြင်းမရှိဘဲ သူပိုင်သည့် ဟိုတယ်ကိုသာ ဝင်ငွေကောင်းအောင် ဂရုစိုက် ထူထောင်နေသူ ဖြစ်သည်။ သူ၏အမေမှာ တစ်ချိန် က ရွာ၏ ကွမ်းတောင်ကိုင် ဖြစ်သည်။ အမေ အယ်လိဇဘက်သည် တွမ်ကို ဘယ်တုန်းကမှ ချစ်ခဲ့သူ မဟုတ်ပေ။ သို့သော်လည်း ရွာသူအများကမူ အိမ်ရှင်မ ဖြစ်လာသည့် အယ်လိဇဘက်သည် များစွာ ပျော်ရွှင်နေပြီး ကျေနပ်နှစ်သက်မှုရကာ သူတို့နှစ်ဦး လက်ထပ်လိုက်ခြင်းအားဖြင့် သူ့ဘဝသည် အပြောင်းလဲကြီး ပြောင်းလဲ လာလိမ့်မည်ဟု ယုံကြည်ထားသည်။ အရင်ကမူ သူ့ဘဝမှာ ပျင်းရိစရာကောင်း သည်။ ယခုကား တွမ်ဝီလတ်နှင့် ပေါင်းဖော်ကာ ဘဝသစ်တစ်ခု စ တော့မည်ဟု မျှော်လင့်ထားလေသည်။

အယ်လိဇဘက်ကို နားလည်သူ တစ်ယောက်မှာ ဆရာဝန် ဒေါက်တာ ရီးဖီ ဖြစ်သည်။ ဆရာဝန်၏အိမ် ရောက်သွားလျှင် အယ်လိဇဘက်မှာ မြူးကြွ ပျော်ရွှင်လာသည်။ လွတ်လပ်သူတစ်ယောက်လို ခံစားလာရသည်။ ထိုအချိန်တွင် သူ၏ရင်ထဲမှာ ခံစားရသမျှကို လွတ်လပ်စွာ ပြောဆိုတော့သည်။ သူတို့နှစ်ဦး၏ ဆက်ဆံရေးမှာ ကနဦး အစကပင် ငြိုးငွေ့စရာ ကောင်းသည်။ အထီးကျန် ပုဂ္ဂိုလ် နှစ်ယောက် တွေ့ဆုံကြခြင်းထက် မပို။ တစ်ခါက ကိုယ်ဝန်ဆောင် မိန်းမပျိုလေး တစ်ယောက် ဒေါက်တာရီးဖီ၏ ဆေးခန်းသို့ ရောက်လာသည်။ မကြာလင့်မီမှာပင် ထိုမိန်းမပျိုကို ဒေါက်တာရီးဖီ လက်ထပ်လိုက်သည်။ နွေဦးပေါက် ရောက်လာ လျှင် သူငယ်မ ကွယ်လွန်သွားသည်။ ထိုအချိန်မှစ၍ ဒေါက်တာရီးဖီသည် စာရွက် ငယ်လေးများတွင် သူ၏ အတွေးများ၊ စိတ်ကူးဆန်းများနှင့် သူဘဝ၏ သာယာ လှပပုံနှင့် ဆန်းကြယ်ပုံတို့ကို ရေးသားလေ့ရှိပြီး ယင်းစာရွက်လေးများကို လုံးခြေ ကာ အင်္ကျီအိတ်ထဲ ထည့်ထားတတ်သည်။

www.nyisay.com



ဂျော့ကို အယ်လိဇဘက် အားထားသည်။ သူကိုယ်တိုင် မဖြစ်မြောက်ခဲ့သည်တို့ကို သူ့သား ဂျော့က ဖြည့်ဆည်းပေးလိမ့်မည် သူ ယုံကြည်သည်။ သူ့အလိုဆန္ဒကို သားက ဖြည့်ဆည်းပေးလိမ့်မည်။ သို့သော်လည်း အယ်လိဇဘက် တစ်ခုစိုးရိမ်မိသည်မှာ သူ့သား ဝိုင်းစဘတ်တွင် အခြေစိုက်မည့်အရေး ဖြစ်သည်။ ဂျော့သည် စာရေးဆရာ ဖြစ်ချင်သည်။ ထိုအခါ သူ့အမေ အယ်လိဇဘက် ပျော်လာသည်။ ကျေနပ်မိသည်။ အယ်လိဇဘက်သည် သူ့ယောကျ်ားကို အသိမပေးဘဲ ကြိတ်၍ ပိုက်ဆံစုပြီး သားကို ထောက်ပံ့ရန် ရည်ရွယ်သည်။ သူ့ဆန္ဒ အကောင်အထည် မပေါ်မီ အယ်လိဇဘက် ကွယ်လွန်သွားသည်။ အိပ်ရာပေါ် လဲလျောင်းကာ ငြိမ်ငြိမ်သက်သက် ကွယ်လွန်နေသည့် အယ်လိဇဘက်သည် လူသေနှင့်မတူ ဟူ၍ သူ့သား ဂျော့ရော၊ သူ့ချစ်သူ ဒေါက်တာရီးဖီတို့ ထင်မိသည်။ သူသည် အလွန်လှပသည့် မိန်းမတစ်ယောက် ဖြစ်လာသည်ဟု နှစ်ယောက်စလုံး ထင်မိသည်။ ဂျော့အဖို့ကား သူ့အမေ ဟုတ်မှ ဟုတ်ပါလေစ အံ့ဩမိသည်။ ဒေါက်တာ ရီးဖီအဖို့ကား အယ်လိဇဘက်သည် သူ၏ ချစ်သူတစ်ယောက်ဖြစ်ပြီး ယခုမှာမူ ပျောက်ဆုံးသွားသည့် ထင်မိယောင်မှား တစ်စုံတစ်ယောက်ပေပဲလား ...သူ မသိတော့ပြီ။

ယခု ဝိုင်းစဘတ်၏ ဘဝသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာသည်။ ဝိုင်းစဘတ်မြို့သားများသည် ဂျော့ဝီလတ်ကို ချဉ်းကပ်ကြသည်။ တွေ့လျှင် သူတို့ဘဝဇာတ်ကြောင်းများ၊ သူတို့ မကြိုက်မနှစ်သက်ဘဲ ဘဝလမ်းကြောင်း ရွေးရပုံများ၊ သူတို့ မအောင်မြင်ပုံများကို ပြောပြကြသည်။ ထိုဇာတ်ကြောင်းများကို ဂျော့ဝီလတ် ရေးခြယ်နိုင်သည်၊ ရေးခြယ်နိုင်ပါစေ မျှော်လင့်ကြသည်။ သူတို့အထဲတွင် ဘယ်ရီသီး ခူး၍ရောင်းသည့် အဘိုးအို ဝင်းဘစ်ဒဲဗွန်လည်း ပါသည်။ သူသည် အရင်က ကျောင်းဆရာ ဖြစ်ခဲ့ဖူးသည်။ ကျောင်းဆရာ ဖြစ်ခဲ့စဉ် ကျောင်းသားလူငယ်များက သူ့ကို ချစ်သည်။ တကယ်တော့ လူငယ်များကို နားလည်သည့် ကျောင်းဆရာ အနည်းငယ်တွင် “ဝင်း” တစ်ယောက် ပါဝင်သည်။ သို့သော်လည်း သူ့ကို အလွန်ချစ်သော ကျောင်းသားတစ်ယောက်က ဆရာ“ဝင်း”သည် လိင်ဖောက်ပြန်သူဟု စွပ်စွဲသည်။ ဝင်းဘစ်ဒဲဗွန်မှာ အပြစ်မဲ့သူ ဖြစ်သော်လည်း မြို့မှ မောင်းထုတ်ခံရသည်။ ဝိုင်းစဘတ်တွင်မူ “ဝင်း”သည် ထိုဒေသ၏ အကောင်းဆုံး ဘယ်ရီသီးခူးသူ ဖြစ်လာသည်။ သို့သော်လည်း သွက်လက်ဖျတ်လတ်သည့် သူ့လက်များကို ကိုယ်တိုင်ကြောက်သည့် အဖြစ်သို့ ရောက်လာသည်။ ဘယ်ရီခင်းထဲတွင် ဂျော့ဝီလတ်နှင့် “ဝင်း”တို့ တွေ့လျှင် “ဝင်း”က ဂျော့အား ဖက်ယမ်းနှုတ်ဆက်ရန် လက်ပြင်ပြီး ရှေ့သို့ တိုးသွားသည်။ သို့သော်လည်း ကြောက်ရွံ့

www.nyisay.com



တုန်လှုပ်ကာ လက်များကို ပြန်ရုပ်ပြီး တောင်းထဲသို့ ထည့်လိုက်သည်။ ဂျော့အဖို့ လည်း "ဝင်း"ကို ထူးဆန်းသည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် မြင်ယောင်လာသည်။

ကိတ်ဆွစ်သည် တစ်ချိန်က ဂျော့၏ ဆရာမဖြစ်သည်။ အနာဂတ်တွင် ထွန်းတောက်လာမည့် စာရေးဆရာတစ်ယောက်အဖြစ် ဂျော့ကို မြင်သည်။ ယခု သူ ဘာတွေ ရေးနေသည်ကို လည်းကောင်း၊ ယင်းမှာ ဘာကို ဆိုလိုသည်ကို လည်းကောင်း ပြောပြသည်။ ဂျော့ကမူ ကိတ် ပြောပြသည်တို့ကို နားမလည်။ သို့သော်လည်း ကိတ်သည် သူ့ကို ဆရာမတစ်ယောက်အဖြစ် ပြောပြနေခြင်း မဟုတ်၊ မိန်းမတစ်ယောက်အဖြစ် ပြောပြနေသည်ဟု နားလည်မိသည်။ ဂျော့မှာ စိတ်ဓာတ်ကျပြီး အထီးကျန် ဖြစ်လာလေသည်။

ကိတ်ဆွစ်အပြင် ဂျော့၏ဘဝ၌ အခြားမိန်းမများ ရှိသေးသည်။ ဘဏ်သူဌေး၏သမီး ဟယ်လင်ဝိုက်ဆိုသူတစ်ယောက် ရှိသည်။ တစ်ညတွင် ဂျော့နှင့် ဟယ်လင်တို့ အပြင်သို့ အတူထွက်လာကြသည်။ သူတို့သည် ဦးစွာပထမ ရယ်မောကြသည်။ ထိုနောက် နမ်းကြသည်။ သို့သော်လည်း ထူးဆန်းသော အသိအမြင် တစ်ခု ရကာ နှစ်ဦးသား ခွဲခွာလိုက်ကြသည်။ လယ်တောသူ လူဝီဆီထရန်နီယန်က ဂျော့ထံ စာတစ်စောင် ရေးသည်။ စာတွင် အကယ်၍ ဂျော့ကသာ အလိုရှိခဲ့လျှင် သူ့ကို ဂျော့ ပိုင်ဆိုင်နိုင်ပါသည်ဟု ရေးထားသည်။ ညအမှောင်ရောက်လျှင် ဂျော့သည် လယ်တောသို့ သွားသည်။ သူတို့နှစ်ယောက် လမ်းလျှောက်ကြသည်။ ထိုလယ်တောက ဘယ်ရီသီး စိုက်ခင်းထဲတွင် ဟယ်လင်ဝိုက်က ငြင်းဆိုလိုက်သည့် အချစ်ကို လူဝီဆီထံမှ ရသည်။

လူဝီဆီထရန်နီယန်လိုပင် လူဝီဆီ ဘင့်တလေသည်လည်း အချစ်ငတ်နေသူ ဖြစ်သည်။ ဝိုင်းစဘတ်သို့ ရောက်မလာမီက လူဝီဆီသည် လယ်ယာတစ်ခုတွင် နေထိုင်ခဲ့သည်။ သူ့အဖေက လူဝီဆီကို မချစ်၊ ပစ်ထားသည်။ အဖေသည် လောဘကြီးသည်။ အယူ သီးသည်။ သမီးကိုယ်စား သား လိုချင်နေသူ ဖြစ်သည်။ ဝိုင်းစဘတ် ရောက်လျှင် လူဝီဆီသည် ဟာဒီ မိသားစုနှင့် အတူနေသည်။ သို့သော်လည်း ဟာဒီ၏ သမီးနှစ်ယောက်က လူဝီဆီကို မနှစ်သက်။ လူဝီဆီသည် ဝိုင်းစဘတ်တွင် ကျောင်းတက်သည်။ အလွန်တော်သည့် တပည့်မ တစ်ယောက် ဖြစ်သည်ဟု ဆရာများက ချီးမွမ်းသည်။ ဟာဒီညီအစ်မ နှစ်ယောက် ကမူ လူဝီဆီမှာ ဟန်များလွန်းသည်ဟု ထင်သည်။ ပြီးတော့ လူဝီဆီသည် တစ်စုံ တစ်ယောက်၏ အချစ်ကို လိုချင်တောင့်တ ရှိလာသည်။ တစ်နေ့တွင် ဂျွန်ဟာဒီ ဆိုသော လူငယ်လေးထံ စာတစ်စောင် ရေးသည်။ သုံးလေးပတ်ရှိလျှင် သူ့အချစ် ကို ဂျွန်ဟာဒီအား ပေးအပ်လိုက်လေသည်။ ကိုယ်ဝန်ရှိလာပြီ ဆိုလျှင် လူဝီဆီနှင့် ဂျွန်တို့ လက်ထပ်လိုက်ကြသည်။

www.nyisay.com



သူတို့၏သား ဒေးဗစ်အပေါ် ရက်စက်ရပါမည်လား ဆိုကာ ဂျွန်က လူဝီဆီကို ပြစ်တင်ကြိမ်းမောင်းသည်။ သားကို မပြုစု၊ နို့မတိုက်။ အချိန်အတန်ကြာ သားငယ်ကို လူဝီဆီ ပစ်ထားသည်။ တကယ်တော့ လူဝီဆီသည် သူ့လင်ယောကျ်ားကို မချစ်။ ဂျွန်ကလည်း သူ့မယားကို မချစ်။ သို့ဖြစ်ရာ သူတို့ အိမ်ထောင်သည်ဘဝမှာ မအောင်မြင်၊ ပျော်စရာမကောင်း။ နောက်ဆုံးတွင် ဂျွန်နှင့် လူဝီဆီတို့ ကွာရှင်းလိုက်ကြသည်။ မကြာမီပင် အဖေက ဒေးဗစ်ကို ခေါ်ဆောင်ကာ လယ်တောသို့ ပြန်သွားသည်။

ဘုရားသခင်မှာ သူ့မြေးငယ် ဒေးဗစ်တွင် ဝင်စားသည်ဟု အဘိုးဖြစ်သူ ဂျက်ဆီဘင့်တလေ ယုံကြည်သည်။ ဒေးဗစ်သည် သမ္မာကျမ်းစာထဲက သူရဲကောင်းလို ပုဂ္ဂိုလ်ဖြစ်သည်။ သူတို့အားလုံးကို ကယ်တင်မည့်သူ ဖြစ်သည်။ သူတို့နေထိုင်သည့်မြေကို ပိုင်ဆိုင်လိုသည့် ဂျက်ဆီဘင့်တလေကို ကယ်တင်မည့်သူဖြစ်သည်ဟု ယုံကြည်သည်။ တစ်နေ့တွင် အဘိုးသည် မြေးငယ်ဒေးဗစ်ကို သူနှင့်အတူ လယ်တောသို့ ခေါ်သွားသည်။ ဒေးဗစ်သည် သိုးငယ်လေးတစ်ကောင်ကို ခေါ်လာသည်။ အဘိုးက သိုးငယ်ကို သတ်၍ ဘုရားသခင်အား ယဇ်ပူဇော်ချင်သည်။ ထိုအကြောင်းကို သိပြီး ဒေးဗစ်သည် တုန်လှုပ်ချောက်ချားကာ အဘိုးကို ရိုက်နှက်ပြီး လယ်တောမှ ထွက်ပြေးသည်။ သူသည် ဝိုင်းစဘတ်သို့ ဘယ်တော့မှ ပြန်မလာတော့ပေ။

ဂျော့ဝီလတ်အဖို့ ဝိုင်းစဘတ်တွင် အမြဲနေမည်လား၊ သို့မဟုတ် သတင်းစာဆရာအဖြစ် အသက်မွေးရန် ထွက်ခွာသွားရမည်လား ရွေးချယ်ဖို့ အချိန်ရောက်လာသည်။ သူ့အမေ ကွယ်လွန်ပြီးနောက် မကြာမီ တစ်နေ့တွင် ဂျော့သည် အိပ်ရာမှ စောစောထကာ မီးရထားလမ်းအတိုင်း လျှောက်သွားလေသည်။ သူ့နားထဲတွင် စာတိုက်မှူးအမျိုးသမီး၏ ကံကောင်းပါစေ ဆိုသော ဆန္ဒကို ကြားယောင်ကာ မီးရထားပေါ်သို့ တက်ပြီးနောက် ဝိုင်းစဘတ်ကို စွန့်ခွာခဲ့လေသည်။

*

ရှားဝုဒ် အင်ဒါဆင်(Sherwood Anderson)(၁၈၇၆–၁၉၄၁)ကို အိုဟိုင်းယိုတွင် မွေးဖွားသည်။ ၁၂ နှစ်သားအရွယ်မှစ၍ အလုပ်လုပ်သည်။ သတင်းစာ ကြော်ငြာလုပ်ငန်းနှင့် အရောင်းအဝယ်တို့တွင် အတွေ့အကြုံ ကြွယ်သည်။ သူ၏ ထင်ရှားသည့် လက်ရာများမှာ **ဝင်ဒီမက်ဖာဆန်၏ သား**(Windy Mc Pherson's Son)(၁၉၁၆)၊ Dark Laughter(၁၉၂၅)၊ Kid Brandoy (၁၉၃၆)နှင့် ဝတ္ထုတိုအများအပြား ဖြစ်သည်။ ဝတ္ထုတိုများကို ဝိုင်းစဘတ် အိုဟိုင်းယိုတွင် ဖော်ပြခဲ့သည်။

www.nyisay.com

## ကမ္ဘာကို ကိုင်လှုပ်သော ထိုဆယ်ရက် (၁၉၁၉)

### ဂျွန် ရိ (၁၈၈၇–၁၉၂၀)

နှစ်ဆယ်ရာစုအတွင်းသို့ ရောက်လာခဲ့သည့်တိုင်အောင် ရုရှားပြည်သူတို့မှာ ၁၈ ရာစု နှောင်းကာလက ပြင်သစ်နိုင်ငံ၏ လူမှုရေး အခြေအနေမျိုးနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။ ဇာဘုရင်၏ ဖိနှိပ်မှုသည် ကြီးမားဆဲ ဖြစ်သည်။ အလုပ်သမား လယ်သမားတို့ ငတ်နေဆဲ ဖြစ်၏။ သို့သော် အခြားတစ်ဖက်တွင် ရုရှားပြည်တွင်းသို့ ဆိုရှယ်လစ်ဝါဒ စိမ့်ဝင်နေခဲ့ပြီ ဖြစ်သည်။ ဆိုရှယ်လစ်ဝါဒကို အခြေခံသော ဆိုရှယ်ဒီမိုကရက်ပါတီကို တည်ထောင်ပြီး ဖြစ်၏။ သို့သော် ၁၉၀၃ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ ကွန်ဖရင့်၌ ပစ္စည်းမဲ့တော်လှန်ရေးကို ခေါင်းဆောင်ရမည်ဟူသော ဗော်လရှီဗစ်ပါတီနှင့် အရင်းရှင်များ၊ မြေရှင်များနှင့် ပူးပေါင်း၍ အာဏာရယူရေး အဓိကဖြစ်သော မင်ရှီဗစ်ပါတီတို့ ကွဲခဲ့ကြ၏။

၁၉၁၄ တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်လာသည်။ ရုရှားသည် စစ်တွင်းသို့ ရောက်လာ၏။ ဇာဘုရင်သည် စစ်ပွဲကို ဆင်နွှဲနေ၏။ ပြည်တွင်းတွင်ကား အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူနေမှုအဆင့်များ ယိုယွင်းနေလေပြီ။ လူများရာစုသည် စစ်ဒဏ်ကို ခံနေရ၏။ အငတ်ဘေးကို ရင်ဆိုင်နေရ၏။ ၁၉၁၇ မတ်တွင် ပီထရိုဂရက်၌ သပိတ်မှောက် ဆန္ဒပြမှုများ ပေါ်ပေါက်လာ၏။ ထိုဆန္ဒပြမှုများနှင့် တစ်ဆက်တည်းပင် ဇာဘုရင် ပြုတ်ကျသည်။ မင်းသားလဗော့ ခေါင်းဆောင်သော အစိုးရအဖွဲ့ အာဏာရလာ၏။ ထိုအစိုးရအဖွဲ့သည် မြေရှင်အစိုးရအဖွဲ့ ဖြစ်သည်။

www.nyisay.com



တစ်ချိန်တည်းမှာပင် ပီထရိုဂရက်ဒ်အလုပ်သမားများနှင့် စစ်သားများ ဦးစီးသော ဆိုဗီယက်အဖွဲ့ကို ဖွဲ့လိုက်သည်။ ပြည်သူလူထုမှာ စစ်ဒဏ်ကို ခံနေရဆဲ၊ ငတ်ဆဲ၊ ဒုက္ခပင်လယ်ဝေဆဲ ဖြစ်သည်။ ထို့ကြောင့် လဗော့၏ အစိုးရသည် ညွန့်ပေါင်း အစိုးရ ဖွဲ့ရန် စီစဉ်သည်။ မင်ရှီဗစ်တို့က မနေရှင်အုပ်စုနှင့် ပေါင်းပြီး အာဏာ ယူသည်။ ထိုအစိုးရအဖွဲ့သည်လည်း ပြည်သူတို့ လိုအင်ကို မဖြည့်စွမ်းနိုင်။ ပြည်သူတို့ အလိုရှိသည်ကား ငြိမ်းချမ်းရေး၊ အစားအစာနှင့် လယ်မြေ။ ဗော်လရှီဗစ်တို့က ပြည်သူတို့ လိုအင်ကို ဖြည့်စွမ်းရန် နိုင်ငံရေး၊ လူမှုရေး တော်လှန်မှုကြီး လုပ်ရမည်ဟု ယုံကြည်သည်။ သို့ဖြင့် ဗော်လရှီဗစ်တို့က တော်လှန်ရေးကြီးကို ဦးဆောင်လာသည်။ အောက်တိုဘာတွင် ဗော်လရှီဗစ်ပါတီ ဗဟိုကော်မတီသည် လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲရန် ဆုံးဖြတ်လိုက်သည်။

နိုဝင်ဘာ ၆ ရက်နေ့တွင် လီနင် ခေါင်းဆောင်သော ပစ္စည်းမဲ့ လက်နက်ကိုင် တော်လှန်ရေးကြီး စ လေတော့သည်။

ထိုတော်လှန်ရေးကြီးကား ကမ္ဘာကြီးတစ်ခုလုံးကို ကိုင်လှုပ်ခဲ့သော တော်လှန်ရေးကြီး ဖြစ်၏။ မျက်မှောက်ခေတ် ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံး ဖြစ်ရပ်ကြီး တစ်ခုလည်း ဖြစ်၏။ ကမ္ဘာ့အလုပ်သမားထုနှင့် လယ်သမားထု အာဏာရယူပွဲကြီးလည်း ဖြစ်၏။ ယင်းတော်လှန်ရေးကြီးကို ကမ္ဘာ့အလုပ်သမား ထုနှင့် လယ်သမားထု အားလုံးက နားလည်ကြ၏။ ထောက်ခံကြ၏။ သို့သော် အရင်းရှင် အင်အားစုကမူ နားမလည်နိုင်ကြ။ မထောက်ခံနိုင်ကြ။

ဂျွန်ရိသည် အရင်းရှင်အုပ်စုမှ သတင်းစာဆရာတစ်ဦးလည်း ဖြစ်သည်။ သူသည် ပထမကမ္ဘာစစ်၏ ဥရောပစစ်မြေပြင်မှ တစ်ဆင့် ရုရှားသို့ ရောက်လာခြင်း ဖြစ်သည်။ သူ ရောက်လာသော အချိန်ကား တော်လှန်ရေးကြို့ကာလ ဖြစ်သည်။ အရင်းရှင်အုပ်စုနှင့် မင်ရှီဗစ်အုပ်စုက တော်လှန်ရေး ပျက်ပြယ်နေပြီဟု ယူဆထားသောကာလ ဖြစ်သည်။ ဂျွန်ရိသည် အရင်းရှင်အုပ်စုမှ သတင်းစာ ဆရာ ဖြစ်သော်လည်း သူသည် တော်လှန်ရေးကို ယုံကြည်သည်။ ပစ္စည်းမဲ့ ဘက်သား ဖြစ်သည်။ သို့ဖြင့် သူသည် မျက်မြင်ကိုယ်တွေ့ဖြစ်သော ဆိုဗီယက် တို့၏ ပစ္စည်းမဲ့တော်လှန်ရေးကြီးကို မှတ်တမ်းတင် ရေးသားခဲ့လေသည်။

ထိုတော်လှန်ရေးကာလ တစ်လျှောက်လုံးပင် ဂျွန်ရိသည် ဗော်လရှီဗစ် ခေါင်းဆောင်များနှင့်လည်း တွေ့၏။ မင်ရှီဗစ်တို့နှင့်လည်း တွေ့၏။ပြည်သူ ထဲသို့လည်း တိုးဝင်၏။ ပီထရိုဂရက်တိုက်ပွဲများတွင်လည်း ဝင်ကြည့်၏။ ဤသို့ ဖြင့် သူသည် မင်ရှီဗစ်တို့၏ တန်ပြန်တော်လှန်ရေး လုပ်ရပ်များ၊ ဗော်လရှီဗစ်တို့၏ တော်လှန်ရေး၊ အရင်းရှင်၊ မနေရှင်နှင့် နောက်လိုက်များ၏ တော်လှန်ရေး အဖျက်

www.nyisay.com



လုပ်ရပ်များ၊ ပြည်သူတို့၏ ဗော်လရှီဗစ်ခေါင်းဆောင်မှုနောက်မှ တော်လှန် တိုက်ပွဲဝင်ခဲ့ပုံများကို ကိုယ်တွေ့ ကြုံရလေတော့သည်။

နိုဝင်ဘာလ ၇ ရက်နေ့ တော်လှန်ရေးကြီး အဟုန်ပြင်းစွာဖြင့် ပေါက်ကွဲလာပုံကို သူ ကြုံရသည်။ မင်ရှီဗစ်တို့၏ ခေါင်းဆောင် ကရင်စကီး ထွက်ပြေးသည့်အဖြစ်ကိုလည်း ကြုံရသည်။ နိုဝင်ဘာလ ၈ ရက်နေ့ လီနင်ခေါင်းဆောင်သော အစိုးရအဖွဲ့ ဖွဲ့ပြီး ထုတ်ပြန်လိုက်သော ငြိမ်းချမ်းရေး၊ စက်ရုံ အလုပ်ရုံ ပြည်သူပိုင် သိမ်းရေးနှင့် လယ်ယာမြေ ဝေခြမ်းရေး အမိန့်ပြန်တမ်းကိုလည်း ဂျွန်ရိ ဖတ်ရကြားရ၏။

တော်လှန်ရေး လှိုင်းတံပိုးသည် မငြိမ်။ နေရာအနှံ့အပြားတွင် တန်ပြန်တော်လှန်ရေး အင်အားစုက တော်လှန်ရေး အင်အားစုကို ပြန်လှန်တိုက်ခိုက်နေကြသည်။ မြို့တော် လမ်းများပေါ်၌ စစ်တပ်များ အသင့် ရှိနေရ၏။ ခိုးမှု၊ လုယက်မှုများလည်း ရှိနေဆဲ ဖြစ်၏။ ကရင်စကီးသည် ကော့ဆက်များကို စည်းရုံးပြီး ပီထရိုဂရက်ကို တိုက်ခိုက်ရန် ကြိုးစား၏။ မော်စကို၌လည်း ရှပ်ဖြူတပ်များက ဗော်လရှီဗစ်တို့၏ တပ်နီတော်ကို တိုက်ခိုက်၍ သွေးတိုးစမ်း၏။ နေရာအနှံ့ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေ၏။

ဂျွန်ရိသည် စစ်မြေပြင်များသို့ သွားသည်။ တော်လှန်ရေး အင်အားစုများ အရေးသာနေသည်ကို တွေ့ရသည်။ တန်ပြန် တော်လှန်ရေးအုပ်စု ကျုံးဆင်းနေသည်ကို ကြုံရသည်။ နိုဝင်ဘာ ၁၄ ရက်နေ့တွင် ကော့ဆက်များ၊ ပီထရိုဂရက် ဗိုလ်လောင်းများနှင့် အခြားအဖွဲ့အစည်းများကပါ ကရင်စကီးကို ဆန့်ကျင်လာ၏။ ပြည်သူ့ခုံရုံးတင်ရန် ဆုံးဖြတ်လာကြ၏။ ကရင်စကီး အရေးနိမ့်လေပြီ။

ထိုအတွင်းမှာပင် အနယ်နယ် အရပ်ရပ်မှ ပြည်သူ့ကိုယ်စားလှယ်များသည် ပီထရိုဂရက်သို့ ရောက်လာကြ၏။ ပီထရိုဂရက် အစိုးသစ်ကို ထောက်ခံ အားပေးလာကြခြင်း ဖြစ်သည်။

သို့တိုင်အောင် မော်စကို၌ တန်ပြန်အင်အားစုသည် ကရင်မလင် နန်းတော်ကို အခြေစိုက် လုပ်ထားဆဲ ဖြစ်၏။ နိုဝင်ဘာ ၁၄ ရက်တွင် ဗော်လရှီဗစ်တို့သည် ကရင်မလင်ကို တိုက်ခိုက်ကြလေပြီ။ တော်လှန်ရေးကြီးအတွက် အသက်စွန့်ရန် ဝန်မလေးကြတော့။ သို့ဖြင့် နောက်တစ်နေ့တွင် လူ လှိုင်းကြီးသည် ကရင်မလင် နန်းတော်ကြီးကို စီးမိလေတော့သည်။

ဗော်လရှီဗစ်တို့ တော်လှန်ရေးကား အောင်ပွဲဆင်မိလေပြီ။ သို့သော် အရင်းရှင်နှင့် မြေရှင်နောက်လိုက် တန်ပြန်သမားတို့သည် အလွယ်နှင့် အရှုံးပေးကြသည်ကား မဟုတ်။ အခွင့်ရတိုင်း ဗော်လရှီဗစ်တို့ကို ထိုးနှက် တိုက်ခိုက်

www.nyisay.com



နေ၏။ ဖော်လရီဗစ်တို့သည် ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို အခြေခိုင်အောင် စိုက်ထူကြလေပြီ။

ဤသို့သော ကမ္ဘာကို ကိုင်လှုပ်နိုင်စွမ်းသည့် ပစ္စည်းမဲ့ တော်လှန်ရေး ဖြစ်ရပ်ကို ဝျွန်ရိက **ကမ္ဘာကို ကိုင်လှုပ်သော ထိုဆယ်ရက်** အမည်ဖြင့် မှတ်တမ်း တင်ခဲ့ခြင်း ဖြစ်သည်။

ဝျွန်ရိ၏ စာအုပ်သည် ဖြစ်ရပ်မှန်ကို မှန်မှန်ကန်ကန် တင်ပြသော စာအုပ် ဖြစ်သည်။ အရင်းရှင်ကမ္ဘာက သတင်းမှားများကို ချေဖျက်သော စာအုပ်လည်း ဖြစ်၏။ ပစ္စည်းမဲ့ အင်အားစုဘက်က ဘက်လိုက်တင်ပြသော စာအုပ်လည်း ဖြစ်၏။ စာအုပ်တွင် ကိုယ်တွေ့ ဖြစ်ရပ်များကို မှတ်တမ်းတင် ရေးသားရာ၌ တော်လှန်ရေးကြီး၏ ဖြစ်ရပ်မှန်ကို မိမိ သဘောပေါက်စေရန် ၁၉၁၇ ဖြစ်စဉ် မှတ်တမ်းနှင့် နောက်ခံကား ရှင်းလင်းချက်နှင့် နောက်ဆက်တွဲများပါ ဖြည့်စွက် ထား၏။

ဤသို့ဖြင့် ဝျွန်ရိသည် သူ၏ မှတ်တမ်းကြီးကို ပိုက်၍ အမေရိကသို့ ပြန်ခဲ့၏။ သူ၏ မှတ်တမ်းကြီးကို ထုတ်ဝေခြင်းဖြင့် အရင်းရှင်ကမ္ဘာက လုပ်ကြံမှု ဖြစ်သော ဆိုဗီယက်ပစ္စည်းမဲ့တော်လှန်ရေး အိုးမဲသုတ်မှုကို ချေဖျက် နိုင်ရမည်၊ ပစ္စည်းမဲ့တော်လှန်ရေးကြီးကို ကမ္ဘာနှင့်အဝန်း နားလည်နိုင်ရမည်ဟု ယုံကြည်၏။ တစ်ဆက်တည်းပင် အမေရိကန်ပြည်ထောင်စု၏ လက်ဝဲအင်အားစု စည်းရုံး ရေးကိုလည်း ရည်ရွယ်၏။ သို့သော် အမေရိကန် အစိုးရသည် သူ၏ ပစ္စည်းမဲ့ တော်လှန်ရေး ကိုယ်တွေ့မှတ်တမ်းကို ရုတ်တရက် ထုတ်ဝေခွင့် မပေးခဲ့ပေ။ နောက်ပိုင်းမှသာ ထုတ်ဝေခွင့် ပြုလိုက်ခြင်း ဖြစ်သည်။

စာအုပ်အဖြစ် ထုတ်ဝေလိုက်သောအခါ **လီနင်**က စာအုပ်တွင် အမှာ ရေးခဲ့သည်။ အမှာတွင် "ကျွန်ုပ်သည် ဝျွန်ရိ၏ **ကမ္ဘာကို ကိုင်လှုပ်သော ထို ဆယ်ရက်** အမည်ရှိ စာအုပ်ကို မပျင်းမရိ စိတ်ဝင်စားမှု အပြည့်ဖြင့် ဖတ်ရှု ရပေသည်။ ကမ္ဘာ့လုပ်သားထု အားလုံးအား ဤစာအုပ်ကို ဖတ်ရှုသင့်ကြောင်း ကျွန်ုပ် အကြွင်းမဲ့ ထောက်ခံလိုက်ပါသည်။ ဤစာအုပ်ကို ဘာသာရပ် အသီးသီးသို့ ပြန်ဆို၍ စောင်ရေ သန်းပေါင်းများစွာဖြင့် ဝေစေလိုသည်။ ဤစာအုပ်သည် ပစ္စည်းမဲ့ တော်လှန်ရေးကြီးနှင့် ပစ္စည်းမဲ့ အာဏာရှင်စနစ် ထူထောင်ရေး ဖြစ်ရပ် မှန်များကို မှန်မှန်ကန်ကန် ကွက်ကွက်ကွင်းကွင်း ဖော်ပြထားသော စာအုပ် ဖြစ်ပေသည်။ ယနေ့ ဤဖြစ်ရပ်များသည် ကမ္ဘာအနှံ့ ဆွေးနွေးနေကြသော ပြဿနာဖြစ်ပေရာ ထိုဖြစ်ရပ်များနှင့် ပတ်သက်၍ လက်ခံခြင်း၊ သို့မဟုတ် ငြင်း ပယ်ခြင်း မပြုမီ ထိုဖြစ်ရပ်များကို ပြည့်ပြည့်စုံစုံ တိတိကျကျ သိထားဖို့ လိုပေသည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



ဂျွန်ရီ၏ ဤစာအုပ်သည် နိုင်ငံတကာ အလုပ်သမား လှုပ်ရှားမှု ပြဿနာ၏ အခြေခံဖြစ်သော ပြဿနာကို ရှင်းရှင်းလင်းလင်း နားလည် သဘောပေါက်စေနိုင်မည့် စာအုပ် ဖြစ်ပေသည်”ဟူ၍ ဖော်ပြခဲ့လေသည်။

မှန်သည်။ ဂျွန်ရီ၏ စာအုပ်သည် ကမ္ဘာ့လုပ်သားထု တော်လှန်ရေး မှတ်တမ်းကြီးလည်း ဖြစ်၏။ ပစ္စည်းမဲ့ အာဏာထူထောင်မှု အရေးတော်ပုံ မှတ်တမ်းကြီးလည်း ဖြစ်၏။ ထို့ကြောင့်ပင် ဂျွန်ရီသည် ဤစာအုပ်ဖြင့် စာနယ်ဇင်းလောကၥ ပိုမို ထင်ရှားလာခဲ့ခြင်း ဖြစ်သည်။ ထိုမှတ်တမ်းစာအုပ်ကြီးသည်လည်း ကမ္ဘာကျော်စာအုပ်များ စာရင်းဝင် ဖြစ်လာခဲ့ရ၏။

ထိုစာအုပ်ကိုပင် ဆိုဗီယက်ပြည်ထောင်စု၌ လီနင်၏ ဇနီးက ဘာသာပြန်ခဲ့ပြီး ကျောင်းသုံး ပြဋ္ဌာန်းခဲ့၏။ မြန်မာနိုင်ငံတွင် တင်ထွေးက **ကမ္ဘာကို ကိုင်လှုပ်သော ထိုဆယ်ရက်** (၁၉၆၄) အမည်ဖြင့် ဘာသာပြန်ခဲ့၏။

www.nyisay.com

## မာယာကော့စကီး၏ ကဗျာများ (၁၉၁၈-၁၉၂၂)

### မာယာကော့စကီး (၁၈၉၃-၁၉၃၀)

ရုရှားနိုင်ငံသည် ဤကမ္ဘာမြေ၌ ပထမဆုံး ဆိုရှယ်လစ်နိုင်ငံ ပေါ်ထွန်းလာသော နိုင်ငံဖြစ်သည်။ မာယာကော့စကီးသည်လည်း ဆိုရှယ်လစ်စနစ်၏ ပထမဆုံး ကဗျာဆရာကြီး ဖြစ်လာသည်။ အနုပညာသည် ပြည်သူလူထုကို အကျိုးပြုရမည် ဟူသော ဆိုရှယ်လစ်ဝါဒီများ၏ အနုပညာဆိုင်ရာ ခံယူချက်ကို မာယာကော့စကီး က လက်တွေ့ လုပ်ဆောင်ပြသွားသူ ဖြစ်သည်။

"ကွန်မြူနစ် ပီသသူဟာ
နောက်ဆုတ်ရန် ချန်ထားတဲ့ တံတားကို
မီးရှို့ပစ်ရဲသူပေါ့။
နှေးနှေးကွေးကွေး၊ ဖြည်းဖြည်းဆေးဆေး
ချီတက်မနေကြနဲ့။
အနာဂတ်ဝါဒီတို့
အနာဂတ်ဆီကို တအားခုန်လွှားကြ။

**"အနုပညာတပ်မတော်အတွက် အမိန့်"** (၁၉၁၈)

မာယာကော့စကီးသည် အနာဂတ်ဝါဒီတစ်ဦး ဖြစ်သည်။ အနာဂတ်ဝါဒီများကား ရုရှားအစဉ်အလာ ကဗျာများကို ချိုးဖျက်လိုသည့်သူများ ဖြစ်သည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



သူတို့သည် ကဗျာပုံသဏ္ဍာန် ဆန်းသစ်ရေးကို အဓိကထား ကြိုးပမ်းကြသည်။ အနာဂတ်ဝါဒီတို့၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ မာယာကော့စကီးသည် တော်လှန်ရေးထဲသို့ ရောက်လာသောအခါ သူ့အဖော်သဟဲတို့အား တော်လှန်ရေး လမ်းမသို့ ခေါ်လာခဲ့လေသည်။

၁၉၂၂ ခု မတ်လ ၅ ရက်နေ့ထုတ် "အီဇဗျက်ရှား" သတင်းစာတွင် မာယာကော့စကီး၏ ကဗျာတစ်ပုဒ် ပါလာသည်။ ၁၉၂၂ ခု မတ်လ ၆ ရက်နေ့တွင် သတ္တုတွင်းအလုပ်သမားများ ကွန်ဂရက်၌ လီနင်က–

'မနေ့က အမှတ်မထင် မာယာကော့စကီးရဲ့ ကဗျာတစ်ပုဒ်ကို သွားတွေ့တယ်။ ကျွန်တော်ဟာ မာယာကော့စကီးရဲ့ ကဗျာပရိသတ်ထဲမှာ မပါပါဘူး။ ကဗျာဘက်မှာ ကျွန်တော်ဟာ သိပ်မကျွမ်းကျင်လှပါဘူး။ မာယာကော့စကီးက သူ့ကဗျာထဲက ကွန်ဖရင့်တွေ၊ ကွန်ဂရက်တွေကို သရော်တယ်။ အစည်းအဝေးထဲမှာ မြုပ်နေတဲ့ ကွန်မြူနစ်တွေကို လှောင်တယ်။ ကဗျာအနေနဲ့ ကျွန်တော်မသိလို့ ကဗျာကောင်း ဟုတ် မဟုတ် မပြောလိုပါဘူး။ ဒါပေမဲ့ (ကဗျာမှာပါတဲ့) နိုင်ငံရေးအနေနဲ့ ပြောရရင် မာယာကော့စကီး ပြောတာဟာ အမှန်တွေချည်းပါပဲ' ဟု ပြောခဲ့သည်။ မာယာကော့စကီးသည် ဆိုရှယ်လစ်စနစ်ကို ကဗျာရေးရာတွင် "အားလုံးကောင်းပါသည်" ဟူသော ကဗျာမျိုးကို မရေးဘဲ ဝေဖန်စိစစ်သော ကဗျာမျိုးကို ရေးသည်။

"လမ်းခရီး တစ်ခုလုံးကို
အစိုင်အခဲတွေ ဖြန့်ကြဲဖုံးအုပ်မဟော့လို့
သစ္စာပြုပြီး မီးတောင်ဝက ထွက်လာတဲ့
ချော်စိုင် ချော်ခဲတွေလို....
ကျုပ်ဟာ
အစည်းအဝေးခန်းမထဲ ပစ်ဝင်လိုက်တယ်။
လား.... လား....
အစည်းဝေး စားပွဲမှာ
ကိုယ်တစ်ပိုင်းပြတ် ပုဂ္ဂိုလ်တွေ
တန်းစီ ထိုင်နေလေရဲ့။
'ဘုရားရေ
သူတို့ ကိုယ်တစ်ပိုင်းတွေ ဘယ်ရောက်ကုန်ပါလိမ့်'
'အဖြတ်ခံလိုက်ရပြီ၊

www.nyisay.com



အသတ်ခံလိုက်ရပြီ'
ဟိုပြေး သည်ပြေး ပြေးရင်း အရူးလို
ကျုပ် ဟစ်အော်မိတယ်။
ကိုယ်တစ်ပိုင်းပြတ်တွေ တန်းစီနေတာ တွေ့ရမှ
ကျုပ် မရူးဘဲ ခံနိုင်ရိုးလား။
စာရေးတစ်ယောက်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောတာကို
ကျုပ် ကြားရတယ်။
'သူတို့တစ်တွေ တစ်ချိန်တည်းနဲ့ အစည်းဝေး နှစ်ခု
ထိုင်နေကြတာပါ။
တစ်နေ့မှာ အစည်းဝေး ၂၀ လောက် တက်ရတယ်။
ဒါတောင် ကျန်သေးတယ်။
ဒါကြောင့် အခြေအနေက တောင်းဆိုသမို့
သူတို့ဟာ ကိုယ်ကို နှစ်ခြမ်းခွဲလိုက်တယ်။
ဒီအစည်းဝေးမှာ ခါးအောက်ပိုင်း
ဟိုဘက်က အစည်းဝေးမှာ ခါးအထက်ပိုင်း'

**"ထပ်တလဲလဲ စည်းဝေးပွဲ"**(၁၉၂၂)

မာယာကော့စကီးသည် ရှရှအစဉ်အလာ ကဗျာပုံစံကို ချိုးဖောက်သည်။ အဘယ်ကြောင့်ဆိုသော် မာယာကော့စကီး၏ ကဗျာ ရည်ရွယ်ချက်နှင့် မကိုက်ညီသောကြောင့် ဖြစ်သည်။ မာယာကော့စကီး၏ ကဗျာရည်ရွယ်ချက်ကား ကဗျာကို လူထုတစ်ရပ်လုံး ဟစ်အော် သီဆိုနိုင်စေရမည် ဟူသော ရည်ရွယ်ချက်ပင် ဖြစ်သည်။ မာယာကော့စကီးသည် သင်္ကေတဝါဒကို ဆန့်ကျင်သည်။ အဘယ်ကြောင့်ဆိုသော် သင်္ကေတဝါဒသည် မာယာကော့စကီး၏ ကဗျာရည်ရွယ်ချက်နှင့် မကိုက်ညီသောကြောင့် ဖြစ်သည်။ မာယာကော့စကီး၏ ကဗျာရည်ရွယ်ချက်ကား ကဗျာ့ အဆင်တန်ဆာသည် အများကို တိုက်ရိုက် နှိုးဆွနိုင်အောင် အင်အားကြီးမားသော အဆင်တန်ဆာဖြစ်ရန် လိုသည်ဟူသော ရည်ရွယ်ချက်ပင် ဖြစ်သည်။ သင်္ကေတဝါဒီတို့၏ ကဗျာသုံး သင်္ကေတများသည် အနက်ခွ များလွန်း၍ အားပျော့သည်။ အနက်ခွများသော သင်္ကေတများသည် ကဗျာကို ခံစားဖတ်ရှုသူအား အသုံးဝင်သည်။ အရသာကို စိမ့်သွင်းပေးနိုင်သည်။ မာယာကော့စကီးကမူ ကဗျာ့တန်ဆာများသည် နားထောင်သူများကို ဖုံးမှန်သလို ဝုန်းခနဲ ထိမိစေရန် လိုသည် ဟု ယူဆသည်။

မာယာကော့စကီး၏ ကဗျာများသည် တရားဟောကောင်းသော ပုဂ္ဂိုလ်

www.nyisay.com



၏ တရားနှင့် ဆင်သည်။ မာယာကော့စကီးနှင့် မာယာကော့စကီး၏ ကဗျာသည် ခွဲခွာရကောင်းသည် မဟုတ်။ မာယာကော့စကီးနှင့် မာယာကော့စကီး၏ ကဗျာနှင့် ပတ်သက်၍ အီလျာအီရင်းဗတ်(ရုရှားကဗျာဆရာ၊ ဝတ္ထုရေးဆရာ၊ ဝေဖန်ရေးဆရာ)က ဤသို့ ဆိုသည်။

"အာခမာတော်ဗား (ရုရှားအမျိုးသမီး ကဗျာဆရာမကြီး)၏ ကဗျာများကို ခန်းမကျယ်ကြီးထဲ၌ ဖြစ်စေ၊ အိပ်ခန်းကျဉ်းကျဉ်းကလေး၌ ဖြစ်စေ ကျယ်ကျယ်လောင်လောင် အသံထွက် ဖတ်ပါက စော်ကားရာ ရောက်သည်။ အာခမာတော်ဗား၏ ကဗျာသည် လေသံကလေးနှင့် ရွတ်ရန်သာ ဖြစ်သည်။ မာယာကော့စကီး၏ ကဗျာကို လေသံနှင့် ဖတ်က အရာထင်မည် မဟုတ်။ မာယာကော့စကီး၏ ကဗျာဖတ်သူသည် ဟစ်အော်ဖတ်ဖို့ လိုသည်။ လူထုကြီး ရှေ့မှောက်တွင် ကဗျာကို ထရမ်းပက် မှုတ်သလို မှုတ်ထုတ်ဖို့ လိုသည်" ဟု ရေးခဲ့သည်။

မာယာကော့စကီး၏ ကဗျာရည်ရွယ်ချက်ကား ကဗျာကို လူထုက ဟစ်အော်ကြွေးကြော်ဖို့ ဖြစ်သည်။ ထို့ကြောင့် သူသည် ပျော့နွဲ့သော ကာရန်များကို မသုံး၊ အားမဲ့သော ကဗျာတန်ဆာများကို မဆင်ယင်။ စကားပြောသံကို လိုက်၍ ရေးသည်။ လူထုကို များသောအားဖြင့် ဖမ်းစားနိုင်သော အတိသယရအလင်္ကာကို သုံးစွဲလေ့ရှိသည်။ မာယာကော့စကီး၏ နိမိတ်ပုံများသည် ကောင်းသည်လည်း ရှိ၊ ညံ့သည်လည်း ရှိသည်။ ကောင်းသည် ဖြစ်စေ၊ ညံ့သည် ဖြစ်စေ နိမိတ်ပုံပါ အရာဝတ္ထုများ၏ အရွယ်အစားကား အခြားကဗျာဆရာတို့၏ နိမိတ်ပုံပါ အရာဝတ္ထုများ၏ အရွယ်အစားထက် ကြီးမားသည်သာ ဖြစ်သည်။

"မင်းကသာ
ငါ့ကို နူးညံ့စေချင်ရဲ့လား
ငါဟာ လူ တောင် မဖြစ်လိုတော့ဘဲ
ဘောင်းဘီဝတ်ထားတဲ့ မိုးတိမ်ကလေးပဲ ဖြစ်ပါ့မယ်"

ဟူသော အလင်္ကာမျိုး။

"မဟာသမုဒ္ဒရာလောက်
ငါဟာ သေးငယ်သွားရင်
လှိုင်းလုံးတွေအပေါ် ခြေဖျားထောက်ပြီး
လမင်းကို ငါ့ဒီရေနဲ့ ပွတ်သပ်မယ်"

www.nyisay.com



ဟူသော အဖွဲ့မျိုးကို မာယာကော့စကီး သုံးလေ့ရှိသည်။

မာယာကော့စကီးသည် ဆိုရှယ်လစ်ဘက်တော်သား ကဗျာဆရာတို့၏ ရှေ့ဆောင်လမ်းပြ ဖြစ်ရသည်မှာ သူ့ကဗျာ အကြောင်းအရာများသည် တော်လှန်ရေးကို အထောက်အကူ ဖြစ်သောကြောင့်ဟု ဆိုသည်။ မှန်ပေသည်။ သို့သော် တော်လှန်ရေးကိုလည်းကောင်း၊ လူထုကိုလည်းကောင်း အထောက်အကူ ဖြစ်စေရန်အတွက် မာယာကော့စကီးသည် ကဗျာပညာကို အထူးအားထုတ် လေ့လာခဲ့ကြောင်း သိရသည်။ သူသည် သူဖော်ပြလိုသော အဓိပ္ပာယ်ကို သယ်ဆောင်နိုင်မည့် စကားလုံးကလေး တစ်လုံးကိုပင် နှစ်ည၊ သုံးည ရွေးချယ် စဉ်းစားတတ်သည်။ စကားလုံး၏ တန်ဖိုးကြီးမားပုံကို မာယာကော့စကီး သဘောပေါက်သည်။

“မာရီယာ
မင်းနာမည်ကလေး ငါမေ့သွားမှာ ကြောက်လှချည့်။
ညရဲ့ နာကျင် ပန်းလျှမှုက မွေးထုတ်လိုက်တဲ့၊
ဘုရားသခင်နဲ့ တစ်တန်းစားတည်း ခံ့ညားထည်ဝါတဲ့
စကားတစ်လုံးကို ကဗျာဆရာ
မေ့ပျောက်မှာ စိုးရိမ်ကြောက်လန့်သလိုပါပဲ”

**(ဘောင်းဘီဝတ် တိမ်သားမှ)**

မာယာကော့စကီးသည် အကြောင်းအရာနှင့် အတတ်ပညာ စွယ်စုံရသောကြောင့် ထင်ရှားကျော်ကြားသည်ကို မမေ့အပ်ပေ။

မောင်သာနိုးက သူ၏ **မဟာကဗျာလေးပုဒ်**(၁၉၉၂) ဘာသာပြန် ကဗျာစာအုပ်တွင် မာယာကော့စကီး၏ **ဘောင်းဘီဝတ် မိုးတိမ်** ကဗျာကို ဖော်ပြထား၏။

## အနုပဋိလောမ ရုပ်ဝါဒ နှင့် သမိုင်းဆိုင်ရာ ရုပ်ဝါဒ (၁၉၂၂)

### စတာလင် (၁၈၇၉-၁၉၅၃)

စတာလင်၏ အနုပဋိလောမသည် ဆိုဗီယက် ယူနီယန် ကွန်မြူနစ်ပါတီ (ဗော်လရှီဗစ်)၏ သမိုင်းစာအုပ် အခန်း ၄ မှ ထုတ်နုတ်ချက် ဖြစ်သည်။ အနုပဋိလောမ ရုပ်ဝါဒသည် "မတ်ဝါဒ လီနင်ဝါဒ ပါတီ"၏ ကမ္ဘာ့အမြင် ဖြစ်သည်။ လူ့လောကကို လေ့လာချဉ်းကပ်သည့်နေရာတွင် အနုပဋိလောမရုပ်ဝါဒ အမြင်ဖြင့် ချဉ်းကပ်သည်။

၁။ အနုပဋိလောမ နည်းအရဆိုလျှင် လောကကြီးတွင် ရှိနေသော အရာဝတ္ထုအားလုံးတို့သည် အချင်းချင်း ဆက်စပ် မှီခိုအားထားလျက် ရှိကြသည်။ တစ်ဖန် အရာဝတ္ထုတို့သည် အမြဲဖြစ်ပေါ် ပြောင်းလဲလျက် ရှိကြသည်။ ဖြစ်ပေါ်ပြောင်းလဲသည် ဆိုရာ၌လည်း အရမ်းကာရော စည်းမဲ့ ကမ်းမဲ့ ဖြစ်ပေါ်ပြောင်းလဲ နေသည် မဟုတ်။ အနိမ့်မှ အမြင့်၊ သာမန်မှ အဆန်းအကြယ်၊ အရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲလျက် ရှိကြသည်။ ထိုသို့ တိုးတက် ပြောင်းလဲမှုများသည် အရာဝတ္ထုတိုင်း၏ အတွင်း ပဋိပက္ခများကြောင့် ဖြစ်သည်။ တစ်နည်းဆိုလျှင် အရာဝတ္ထု တိုင်းတွင် ပဋိပက္ခ ဆန့်ကျင်ဘက်တရားများ ပေါင်းစပ် ပါဝင်လျက် ရှိကြသည်။ ဤပြောင်းလဲမှုကြောင့် အဟောင်းတို့သည် ချုပ်ငြိမ်းကုန်

www.nyisay.com



လျက် အသစ်တို့သည် ပေါ်ထွန်းလာရသည်။ ချုပ်ငြိမ်းမည့် အဟောင်းနှင့် ပေါ်ထွန်းလာမည့် အသစ်တို့သည်လည်း အစဉ် ဆန့်ကျင်လျက် ရှိနေကြသည်။

၂။ လူ့လောကကြီးတစ်ခုလုံးသည် ရုပ်ဝတ္ထုအခြေခံပေါ်တွင် ရပ်တည်နေသည်။ ရုပ်ဝတ္ထုသည် မူလ၊ အတွေးစိတ်ဆန္ဒသည် နောက်လိုက် ဖြစ်သည်။ ရုပ်ကမ္ဘာလောကအတွင်း နိယာမတရား အားလုံးတို့သည် သိစွမ်းနိုင်သော အရာများသာ ဖြစ်သည်။ မသိနိုင်သော အရာဟူသည် မရှိ။ မသိသေးသည့် အရာသာ ရှိသည်။

၃။ လူ့လောကသည် မဖောက်ပြန်သည့် နိယာမတရားအတိုင်း ဖွံ့ဖြိုးတိုးတက်လျက် ရှိသည်။ သို့ဖြစ်ရာ သမိုင်းကို လေ့လာသည့် ကိစ္စသည် သိပ္ပံပညာတစ်ရပ် ဖြစ်လာသည်။ ယင်းကို နားလည်အောင် ကြိုးစားကြရမည်။ လူ့လောက၏ တိုးတက်ပြောင်းလဲမှုကို အဓိက ချုပ်ကိုင်သည့် အရာကား လူတို့၏ နေ့စဉ် နေထိုင်စားသောက်မှုကို ဖန်တီးပေးသည့် **ကုန်ထုတ်လုပ်ရေး** စနစ်သာ ဖြစ်သည်။

ဤနေရာတွင် စတာလင်က ကုန်လုပ်အင်အားစုနှင့် ကုန်လုပ်ဆက်ဆံရေးကို ခွဲခြား ပြခဲ့သည်။

(၁) ကုန်လုပ်အင်အားစုများတွင် [က] ကုန်ထုတ်ကိရိယာများနှင့် [ခ] ကုန်စည်ထုတ်လုပ်သူ၊ အလုပ်ကျွမ်းကျင်မှုတို့ ပါဝင်သည်။

(၂) ကုန်လုပ်ဆက်ဆံရေးသည် တစ်ခုသော လူ့အဖွဲ့အစည်း၏ စီးပွားရေး အဆောက်အအုံအပေါ် လုံးဝ တည်နေသည်။

ကုန်လုပ်အင်အားစုသည် အစဉ် ဖွံ့ဖြိုးတိုးတက် ပြောင်းလဲနေသည်။ ထိုသို့ ပြောင်းလဲနေသည်နှင့်အမျှ ကုန်လုပ်ဆက်ဆံရေး အသွင်သည်လည်း လိုက်ပါ ပြောင်းလဲလာရသည်။ ကုန်လုပ်ဆက်ဆံရေးခေတ် ငါးခေတ်အရ ငါးစု ခွဲနိုင်သည်။ ယင်းတို့မှာ–

၁။ ရှေးဟောင်း ပဒေသာပင်ခေတ် ကုန်လုပ်ဆက်ဆံရေး၊

၂။ ကျေးကျွန်ခေတ် ကုန်လုပ်ဆက်ဆံရေး၊

၃။ မြေရှင်ခေတ် ကုန်လုပ်ဆက်ဆံရေး၊

၄။ အရင်းရှင်ခေတ် ကုန်လုပ်ဆက်ဆံရေး၊

၅။ ဆိုရှယ်လစ်ခေတ် ကုန်လုပ်ဆက်ဆံရေးတို့ ဖြစ်သည်။

ကုန်ထုတ်လုပ်ရေး၏ အဓိက သွင်ပြင်လက္ခဏာ သုံးရပ်မှာ ဤသို့ ဖြစ်သည်။

www.nyisay.com



၁။ ကုန်ထုတ်လုပ်ရေးစနစ်သည် ရပ်တံ့မနေ၊ အစဉ် ပြောင်းလဲနေသည်။ ပြောင်းလဲရာမှ ဖွံ့ဖြိုး တိုးတက်လာသည်။

၂။ ထိုပြောင်းလဲမှုတွင် ရှေးဦးစွာ ကုန်လုပ်အင်အားစုက ဦးဆောင်သည်။ ယင်းကို မှီလျက် ကုန်လုပ်ဆက်ဆံရေးသည်လည်းကောင်း၊ စီးပွားရေး ဆက်ဆံမှုသည် လည်းကောင်း လိုက်ပါ ပြောင်းလဲရသည်။

၃။ ကုန်ထုတ်လုပ်ရေး စနစ်သစ်တို့သည် ကုန်ထုတ်လုပ်ရေး စနစ်ဟောင်းများ ထဲမှသာ ပေါ်ပေါက်လာလေ့ ရှိသည်။ စနစ်သစ်သည် စနစ်ဟောင်းနှင့် တသီးတခြား ကင်းကွာလျက် မရှိပေ။ ကုန်ထုတ်လုပ်ရေး စနစ်သစ်သည် ကုန်ထုတ်လုပ်ရေး စနစ်ဟောင်းထဲတွင် ပဋိသန္ဓေ တည်ခဲ့သည်။ ဤ ဖြစ်စဉ်လည်း လူတို့၏ စိတ်ဆန္ဒမှ ကင်းလွတ်လျက် အလိုအလျောက် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

ထိုသို့ ပြောင်းလဲလာသည့် ကာလအတွင်း ကုန်လုပ်ဆက်ဆံရေး စနစ်ဟောင်းသည် တည်ဆဲ လူ့လောကနှင့် အဆင်မပြေ ဖြစ်လာပြီးလျှင် ကုန်လုပ်အင်အားစုအသစ် ဖြစ်ပေါ်ရေးဆီသို့ တွန်းပို့နေသည်။ အခြေအနေ တင်းမာ အုံကြွလာသည့်အခါ လူမှုတော်လှန်ရေးတစ်ခု ပေါ်ပေါက်လာရသည်။ အသစ်သည် အဟောင်းကို အတိုက်အခံပြုကာ တော်လှန်၍ ပြောင်းလဲလာရသည်။ ထိုတိုက်ပွဲသည် ကုန်လုပ်ဆက်ဆံရေး စနစ်ဟောင်းကို ကိုယ်စားပြုသည့် လူတန်းစားအဟောင်းနှင့် ကုန်လုပ်ဆက်ဆံရေးအသစ်ကို ကိုယ်စားပြုသည့် လူတန်းစားအသစ်တို့ သူနိုင် ငါနိုင် ဆင်နွှဲကြသည့် တိုက်ပွဲဖြစ်သည်။ တစ်နည်းဆိုသော် ယင်းသည် လူတန်းစားတိုက်ပွဲ ပင် ဖြစ်လေသည်။ အုပ်ချုပ်သူ လူတန်းစား အဟောင်းနေရာတွင် အသစ်က နေရာယူ အစားထိုးသည့် တိုက်ပွဲဖြစ်သည်။

အရင်းရှင် ကုန်လုပ်ဆက်ဆံရေးသည် လူ့လောကရှိ ဆင်းရဲမွဲတေခြင်း ပြဿနာ အဝဝကို မဖြေရှင်းနိုင်တော့သော အခြေသို့ ရောက်လာသည်။ အရင်းရှင် ကုန်လုပ်ဆက်ဆံရေးဘောင်တွင် သည့်ထက်သည် ပို၍ တိုးတက်ရန် အကြောင်း မရှိတော့။ ထိုနေရာတွင် ဆိုရှယ်လစ် ကုန်လုပ်ဆက်ဆံရေး စနစ်သစ်က ဝင်ရောက် နေရာယူရပေမည်။ ထိုအချိန်ရောက်မှသာ ကုန်လုပ်ဆက်ဆံရေး အင်အားစုများ၏ တိုးတက်ပြောင်းလဲရေး လမ်းကြောင်းသည် ဖြောင့်ဖြူးသာယာလာတော့သည်။

နိဂုံးတွင် ကားလမတ်၏ ဂိုထာလမ်းစဉ် ဝေဖန်ရေးစာတမ်းမှ အောက်ပါ စာပိုဒ်ကို ထုတ်နုတ်ကိုးကားသည်။

၁။ လူမှုအသွင်ကို ဆောင်သည့် ကုန်ထုတ်လုပ်ရေး စနစ်အောက်တွင် လူတို့ သည် မိမိတို့စိတ်ဆန္ဒမှ ကင်းလျက် ပြဋ္ဌာန်းပြီးဖြစ်သော ကုန်လုပ်ဆက်ဆံ

www.nyisay.com



ရေး ဘောင်တစ်ခုခု အတွင်းသို့ ဝင်ရောက် လုပ်ကိုင်ကြရသည်။ ဤသို့ အသီးသီး ဝင်ရောက် လုပ်ကိုင်ကြရသည်တို့ကို စုပေါင်းလိုက်သော်အခါ လူ့လောက၏ စီးပွားရေး အဆောက်အအုံတစ်ခု ဖြစ်လာသည်။

၂။ ထိုစီးပွားရေး အဆောက်အအုံပေါ်တွင် တရားဥပဒေ အဆောက်အအုံ၊ နိုင်ငံရေး အဆောက်အအုံတို့ ထပ်ဆင့် တည်ဆောက်ထားသည်။ ထို့ကြောင့် လူတို့၏ အတွေးအခေါ်များ၊ စိတ်ကူး စိတ်သန်းများ၊ နိုင်ငံရေး အယူအဆများ၊ လူ့ကျင့်ဝတ်နှင့် ဆိုင်သည့် အယူအဆများသည် ထိုစီးပွား ရေးစနစ်၏ ထင်ဟပ်ချက်များသာလျှင် ဖြစ်လာရသည်။

၃။ သို့ဖြစ်ရာ ရုပ်လောက ကမ္ဘာကြီးတွင် ကုန်ထုတ်လုပ်ရေး စနစ်ကသာ လူတို့၏ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး ဘဝအမျိုးမျိုးကို ချုပ်ကိုင်ဖန်တီး သည်။ လူတို့၏ အသိက လူတို့၏ဘဝကို ဖန်တီးသည် မဟုတ်။ လူတို့၏ ဘဝကသာ လူတို့၏အသိကို ဖန်တီးသည်။

၄။ ကုန်ထုတ်လုပ်ရေးစနစ် ပြောင်းလဲသည့် အချိန်တစ်ချိန်တွင် ကုန်လုပ် အင်အားစုသည် တည်ရှိနေသော ကုန်လုပ်ဆက်ဆံရေးနှင့် မပြေမလည် ဖြစ်ကာ ဆန့်ကျင်လာသည်။ လက်ရှိ ဆက်ဆံရေးစနစ်ကို မလိုလားသည့် ကုန်လုပ်အင်အားစုများ၊ ဆန့်ကျင်သည့် အင်အားစုများ ကြီးထွားလာ သည့်အခါ ကုန်လုပ်ဆက်ဆံရေးသည် အကျဉ်းအကျပ်ထဲသို့ တဖြည်း ဖြည်း ရောက်လာသည်။

၅။ ထိုနောက် လူမှုတော်လှန်ရေးတစ်ခု မလွဲမသွေ ပေါ်ပေါက်လာရသည်။ ထိုအခါ လက်ရှိ စီးပွားရေး အဆောက်အအုံကြီး တစ်ခုလုံး အမြစ်ကပါ မကျန် ပြိုကွဲပြောင်းလဲသွားလေသည်။ အမြစ်က ပြိုလျှင် ပင်စည်အကိုင်း အခက်များ ဖြစ်ကြသည့် လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး အဆောက်အအုံ တို့သည်လည်း အနှေးနှင့်အမြန် ပြောင်းလဲလာရတော့သည်။

၆။ ဤသို့ ပြောင်းလဲရာတွင် လူတို့သည် နိုင်ငံရေး အယူအဆဟောင်းများ၊ တရားဥပဒေ အတွေးအခေါ် အယူအဆဟောင်းများကို စွန့်ပစ်လျက် အသစ်အတွက် ပါဝင် တိုက်ပွဲဆင်နွှဲကြသည့် သဘောကို ခွဲခြား သိမြင် နိုင်ကြမည်။

၇။ လူမှုတော်လှန်ရေးတစ်ခု ဖြစ်ပွားပြီးနောက် ဦးစွာပထမ ကုန်လုပ်အင်အား စု အသစ်တစ်ခု ပေါ်ပေါက်လာရမည်။ ပြီးမှသာ လူတန်းစား အသစ် တစ်ခု ပေါ်ပေါက်လာနိုင်သည်။ ထို့ပြင်လည်း စနစ်ဟောင်းတွင် တည်တံ့ ခဲ့သော ကုန်လုပ်ဆက်ဆံရေးသည် အင်္ဂါပြည့်စုံကာ အရွယ်ရောက်ပြီး

www.nyisay.com



မှသာ ထို့ထက် မြင့်မားသော ကုန်လုပ်ဆက်ဆံရေး စနစ်သစ်တစ်ခုသို့ ပြောင်းနိုင်မည် ဖြစ်သည်။

ဤကား စတာလင်၏ နာမည်ကျော် အဘိဓမ္မာကျမ်း မတ်ဝါဒ၏ ရေသောက်မြစ် သုံးသွယ်တွင် ရုပ်ဝါဒအမြင်၊ ရုပ်ပိုင်းဆိုင်ရာ သမိုင်းဝါဒအမြင် သည် အခြေခံ ဖြစ်သည်။

## ဗဲဗစ် (၁၉၂၂)

### ဆင်ကလဲယား လူးဝစ် (၁၈၈၅–၁၉၅၁)

ဗဲဗစ် ဝတ္ထုသည် ၁၉၂၀ ပြည့်နှစ်လောက်က အမေရိကန် လုပ်ငန်းရှင်ကလေးများ၏ အဖြစ်ကို ထော့ထားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ဝတ္ထုရေးသူကား ဆင်ကလဲယား လူးဝစ် ဖြစ်သည်။ ဆင်ကလဲယား လူးဝစ်သည် အမေရိကန် စာရေးဆရာများအနက် နိုဗယ်ဆုကို ပထမဆုံး ဆွတ်ခူးသူ ဖြစ်သည်။

ဆင်ကလဲယားလူးဝစ်သည် အမေရိကန် လုပ်ငန်းရှင်ကလေးများကို ကိုယ်စားပြုရန် ဂျော့ဖော်လံစဗီး ဗဲဗစ်ဟူသော ဇာတ်ဆောင်ကို မွေးဖွားသည်။ ဇာတ်ဆောင် ဗဲဗစ်ကို အစွဲပြု၍ ဝတ္ထုကိုလည်း ဗဲဗစ်ဟု အမည်ပေးသည်။

ပထမ ကမ္ဘာစစ်ကြီး (၁၉၁၄–၁၉၁၈) ကြောင့် အမေရိကန်နိုင်ငံတွင် အရင်းရှင် စီးပွားရေးကြီး တစ်ဟုန်ထိုး ဖွံ့ဖြိုးလာသည်။ ထိုအခါ အခွင့်ကို အမေရိကန် အလတ်တန်းစား လုပ်ငန်းရှင်ကလေးများသည် ဆုပ်မိကိုင်မိအောင် ကြိုးပမ်းကြသည်။ ယင်းသို့ကြိုးပမ်းရင်း အမေရိကန် လုပ်ငန်းရှင်ကလေးများသည် လုပ်ငန်းခွင်၌ နစ်မြုပ်စ ပြုလာသည်။ သူတို့ပတ်ဝန်းကျင်ရှိ လူများနှင့် တဖြည်းဖြည်း ကင်းကွာစ ပြုလာသည်။ လုပ်ငန်းခွင်တွင် အမြတ်အစွန်း ရှာနိုင်သဖြင့် သူတို့၏ နေမှုထိုင်မှု အဆင့်အတန်း မြင့်တက်လာသော်လည်း ပတ်ဝန်းကျင်နှင့် ကင်းကွာလာသောအခါ သူတို့သည် မနေတတ် မထိုင်တတ် ဖြစ်လာကြသည်။ ပတ်ဝန်းကျင်ရှိ လူတွေနှင့် မဝင်ဆံ့တော့ဘဲ အထီးကျန် ဖြစ်လာသည်။

www.nyisay.com



လုပ်ငန်းရှင်ကလေးများ၏ စီးပွားရေးကမ္ဘာက ကျယ်လာလေလေ၊ လူမှုရေးကမ္ဘာက ကျဉ်းမြောင်းလာလေလေ ဖြစ်သည်။ လုပ်ငန်းရှင်ကလေးများသည် လုပ်ငန်းခွင်၌ အောင်မြင်မှုရသဖြင့် သူတို့၏ အစွမ်းအစကို သူတို့ ကျေနပ်မိသည့်တိုင်အောင် သူတို့၏ လူ့ဘဝကိုမူ မကျေမနပ် ဖြစ်ရရှာသည်။ ဤအဖြစ်သည် ၁၉၂၀ ပြည့်နှစ်လောက်က အမေရိကန် လုပ်ငန်းရှင်ကလေးများ၏ အဖြစ်ပင်တည်း။ တစ်နည်းဆိုရသော် ဂျော့ဖော်လန်စဗီးဗဲဗစ်၏ အဖြစ်ပင် ဖြစ်သည်။

ဂျော့ဖော်လန်စဗီးဗဲဗစ်သည် အိမ်မြေရောင်းဝယ်ငှားသော လုပ်ငန်းရှင်ကလေးဖြစ်သည်။ အမေရိကန်ပြည် အနောက်အလယ်ပိုင်းရှိ ဇင်းနစ်မြို့၌ နေထိုင်သည်။ ဗဲဗစ်သည် ဇင်းနစ်မြို့ လူကုံထံရပ်ကွက်တွင် ခေတ်မီအိမ်တစ်အိမ်တွင် ဇနီး မိုင်ရာဗဲဗစ် ၊ သမီး ဗယ်ရွန်နာ ဗဲဗစ်၊ သား တက်ရစဗဲ့ ဗဲဗစ်၊ သမီးထွေးကလေး တင်ကာဗဲဗစ်တို့နှင့် အတူနေသည်။

နံနက်အိပ်ရာထ ရေချိုးခန်းဝင်၍ ကိုယ်လက်သန့်စင်ကတည်းက ဗဲဗစ်သည် မကျေမနပ် ဖြစ်စရာတွေ တွေ့ရသည်။ ကိုယ်လက်သန့်စင်ပြီး နံနက်ခင်းလက်ဖက်ရည်ဝိုင်းသို့ ရောက်ပြန်တော့လည်း သားနှင့်သမီးတို့၏ အပိုးမကျိုးပုံကို တွေ့ရကာ မကျေနပ်၊ ဇနီး မိုင်ရာ၏ အေးတိအေးစက် နေပုံကိုလည်း မကျေနပ်၊ ထို့ကြောင့် နေ့စဉ်ပင် မကျေမနပ်နှင့် အလုပ်ခွင်သို့ ဆင်းစမြဲ။

လုပ်ငန်းခွင်တွင် ဗဲဗစ်သည် အခြားလုပ်ငန်းရှင်တစ်ဦးအား မြေတစ်ကွက်ကို မတန်တဆ ဈေးဆို၍ အရောင်းအဝယ်ဖြစ်အောင် လုပ်နိုင်ခဲ့သည်။ ထိုအခါမှ သူသည် သူ့အစွမ်းအစကို ကျေနပ်လာသည်။ သူ့အစွမ်းအစ ထုတ်ဖော် ကြွားချင်လာသည်။ ထုတ်ဖော်ကြွားစရာ ဆို၍ သူ့တွင် မိတ်ဆွေတစ်ဦးသာ ရှိသည်။ ထိုသူကား ပေါ်ရယ်ဆလင်း ဆိုသူပင် ဖြစ်သည်။ ထို့ကြောင့် ဗဲဗစ်သည် ပေါ်ရယ်ဆလင်းကို သူနှင့်အတူ နေ့လယ်စာစားရန် ဖိတ်ခေါ်သည်။

ပေါ်ရယ်ဆလင်းသည် တယောဆရာဖြစ်လိုသူ ဖြစ်သည်။ သို့သော် သားကျွေးမှု၊ မယားကျွေးမှုအတွက် အိမ်အမိုး မိုးသော လုပ်ငန်းကို လုပ်ကိုင်ရသည်။ ပေါ်တွင် ဇီလာဆိုသော ဇနီး ရှိသည်။ ဇီလာသည် တံခါးစောင့်၊ ဓာတ်ရုံ ညှော်ကြို၊ တက္ကစီဒရိုင်ဘာတို့နှင့် စကား မများများအောင် ပြုမူတတ်သည်။ ထိုသို့ စကားများ ခွန်းကြီးခွန်းငယ် ဖြစ်ပြီဆိုလျှင် ပေါ်ရယ်ဆလင်းပါ ဝင်ပါစေချင်သည်။ ပေါ်ရယ်ဆလင်းက ဝင်မပါဘဲ ဆိတ်ဆိတ်နေလျှင် ဇီလာသည် သတ္တိနည်းရပါ့မလား၊ ယောကျ်ား မပီသရကောင်းလားနှင့် တဖျစ်တောက်တောက် မြည်တွန်တောက်တီးတတ်သည်။ ပေါ်ရယ်ဆလင်းသည် စိတ်မချမ်းမသာ ဖြစ်ရသည်။ ပေါ်ရယ်ဆလင်းကိုချစ်သော ဗဲဗစ်သည် သူ့မိတ်ဆွေအတွက် အတော် မခံချိ

www.nyisay.com



မခံသာ ဖြစ်မိသည်။ ဖဲဗစ်နှင့် ဇနီးမိုင်ရာသည် ပေါ်ရယ်ဆလင်းတို့ အိမ်သို့ အလည်သွားပြီး ဖဲဗစ်က ပေါ်ရယ်ဆလင်းကို သူ"မိန်း" (တောင်စခန်းမြို့) သို့ သွားလျှင် ခေါ်သွားမည်ဖြစ်ကြောင်း ဗီလာအား ပြောသည်။ ဗီလာသည် ဖဲဗစ်၏ ဩဇာကို မလွန်ဆန်ဝံ့၍ ပေါ်ကို ဖဲဗစ်နှင့်အတူ ထည့်ရသည်။

ဖဲဗစ်သည် ဇနီးမိုင်ရာကို ထားခဲ့၊ ပေါ်ကလည်း ဇနီးဗီလာကို ထားခဲ့ကာ "မိန်း"သို့ ထွက်လာကြသည်။ ရထားပေါ်တွင် ဖဲဗစ်သည် လုပ်ငန်းရှင်များနှင့် အဖွဲ့ကျကာ မော်တော်ကားဈေး၊ ဂျုံဈေး၊ အထည်ဈေးများအကြောင်း ပြောသည်။ သူတို့လုပ်ငန်းရှင်များသည် အလုပ်သမားသမဂ္ဂများ ပေါက်ဖွားစေသည့် ကွန်မြူနစ် စနစ်နှင့် ဆိုရှယ်လစ်စနစ်ကို အပြစ်ဆိုကြသည်။ ပေါ်ရယ်ဆလင်းကမူ ဝိုင်းမှ အစောကြီး ရှောင်ထွက်သွားသော်လည်း ဖဲဗစ်သည် အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောဟော ကျန်ရစ်သည်။

"မိန်း"တွင် ဖဲဗစ်နှင့် ပေါ်တို့သည် တောင်တက်၊ ငါးမျှား၊ အမဲလိုက်နှင့် အနားယူသည်။ ဖဲဗစ်သည် ဇင်းနစ်မြို့၌ သူ့ဘဝ၏ မငြိမ်ဆိမ်မှုကို "မိန်း"တွင် သဘောပေါက်မိပြီး ဇင်းနစ် ပြန်ရောက်လျှင် အေးဆေးငြိမ်းချမ်းသော ဘဝကို ထူထောင်မည်ဟု စိတ်ကူးသည်။

"မိန်း"မှ ဇင်းနစ်သို့ ပြန်ရောက်သော် ဖဲဗစ်သည် လုပ်ငန်းရှင်များ အစည်းအဝေး၌ စကားပြောရသည်။ အာဝဇ္ဇန်းကောင်းသူဖြစ်၍ အများက သဘောကျသည်။ "ဆီနီကာဒိုအင်း"ဆိုသူအား မဲမပေးဘဲ "ပရောက်" ဆိုသူကို သာ မဲပေးရန် မဲဆွယ်တရားဟောဖို့ လုပ်ငန်းရှင်များက ဖဲဗစ်ကို တာဝန်ပေးသည်။ တရားပွဲတိုင်း၌ ဖဲဗစ်ကို စကားပြောကောင်းသူဟု အသိအမှတ် ပြုကြသည်။ သို့နှင့် ဖဲဗစ်သည် လုပ်ငန်းရှင်များ၏ ခေါင်းဆောင်ပိုင်းသို့ ရောက်လာသည်။

ဖဲဗစ်၏မိတ်ဆွေ ပေါ်သည် ဗီလာနှင့် မတည့်သဖြင့် ကောင်မလေး ချောချော တစ်ယောက်နှင့် တွဲနေသည်ကို ဖဲဗစ် တွေ့သောအခါ ပေါ်အား ကိုယ်ကျင့်တရားမဲ့ လွန်းကြောင်း ပြောသည်။ စိတ်ထဲကမူ ဖဲဗစ်သည် ပေါ်၏ လွတ်လပ်မှုကို အားကျနေသည်။ ဖဲဗစ်သည် လုပ်ငန်းရှင်များ၏ ဗူစတားကလပ်၌ ဒုတိယဥက္ကဋ္ဌ အရွေးခံရသော နေ့တွင်ပင် ပေါ်က သူ့ဇနီး ဗီလာကို သေနတ်နှင့် ပစ်သည်။ ပေါ် ထောင်ကျသွားသည်။

ဖဲဗစ်သည် သူ၏ တစ်ဦးတည်းသောမိတ်ဆွေ ထောင်ကျသွားသဖြင့် အဖော်မဲ့သွားသည်။ သူကိုယ်တိုင်လည်း သူ့ဇနီး မိုင်ရာကို ငြီးငွေ့နေသည်။ သားသမီးများသည်လည်း သူ့ခေတ် သူ့အတွေး သူ့အမြင် ကိုယ်စီနှင့် ဖြစ်နေ ရကား ဖဲဗစ်နှင့် ဝေးသထက် ဝေးနေသည်ဟု ခံစားမိသည်။ သူသည် ကလပ်သို့

www.nyisay.com



မသွား၊ လုပ်ငန်းရှင်များနှင့်လည်း မပေါင်းသင်းတော့ဘဲ အထီးကျန်ဘဝ၏ ဒဏ်ကို အလူးအလှိမ့် ခံစားနေလေသည်။

ထိုအခိုက် အိမ်ခန်း လာငှားနေသော မုဆိုးမကလေး ဂျူးဒစ်နှင့် ဆုံသည်။ ဂျူးဒစ်ကား ပွင့်လင်းသူ ၊ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေသူ ဖြစ်သည်။ ဂျူးဒစ်နှင့် ဗဲဗစ်တို့ တိတ်တဆိတ် ပေါင်းသင်းနေမိသောအခါ ဗဲဗစ်သည် ကမ္ဘာသစ်တစ်ခုသို့ ရောက်မှန်းမသိ ရောက်သွားလေတော့သည်။ ရွေးကောက်ပွဲတွင် သူ ဆန့်ကျင်တရားဟောခဲ့သော ဆိနီကာဒိုအင်းသည် ဂျူးဒစ်မိတ်ဆွေ ဖြစ်သည်။ ဂျူးဒစ် မိတ်ဆွေတွေနှင့် ဆက်ဆံလာရင်း သူသည် ဆိနီကာဒိုအင်း၏ အတွေးအခေါ်ကို သဘောကျလာသည်။ သူ ဒိုအင်းကို သဘောကျကြောင်း လူရှေ့သူရှေ့တွင်ပါ ဗဲဗစ် ပြောလာသည်။ သူ၏ သားသမီးများသည် ပြောင်းလဲလာသော သူတို့၏ဖအေ ဗဲဗစ်ကို ပို၍ လေးစားချစ်ခင်လာသည်။ သို့သော် ဗဲဗစ်ကို မနှစ်မြို့နိုင်သူများကား သူ၏ လုပ်ငန်းရှင်များပင် ဖြစ်သည်။ ဗဲဗစ်ကို လုပ်ငန်းခွင်သို့ ပြန်ဝင်ရန် မိတ်ဆွေလုပ်ငန်းရှင်များက ဆွယ်သည်ကို ဗဲဗစ်က ပယ်သည်။ ထိုအခါ လုပ်ငန်းရှင်များက ဗဲဗစ်ကို ဝိုင်းတိုက်ခိုက်သည်။ နောက်ဆုံးတွင် ဗဲဗစ်သည် ဂျူးဒစ်တို့ကမ္ဘာနှင့် လမ်းခွဲကာ လုပ်ငန်းရှင်များ ကမ္ဘာထဲသို့ ပြန်ရောက်သွားသည်။ သူသည် လုပ်ငန်းရှင်များကိုပြိုင်ရန် အားမရှိတော့ဟု သူ့ကိုယ်သူ တွက်ဆမိသည်။

ဗဲဗစ်သည် လုပ်ငန်းရှင်များ၏ ခေါင်းဆောင် ပြန်ဖြစ်လာသည်။ ဆိနီကာဒိုအင်းကို ဆန့်ကျင်ပြန်သည်။ ထိုစဉ် သူ့သား တက်ရစဗဲ မိန်းမခိုးလာသည်။ မိန်းမခိုးရကောင်းလားဟု သူ့သားကို ကြိမ်းမောင်းသည်။ မိသားဖသား မပီသဟု အပြစ်တင်သည်။ ဗဲဗစ်၏ ဝမ်းတွင်း၌ကား သူ့သား အပြုအမူကို ကျိတ်၍ သဘောကျနေလေသည်။ ဤသဘောကျမှုသည်ပင် ဗဲဗစ် ဆိုသော အလတ်တန်းစား လုပ်ငန်းရှင်ကလေးအဖို့ နောက်ဆုံးတော်လှန်ရေးပင် ဖြစ်လေတော့သည်။

www.nyisay.com

## အံ့ဖွယ် သေလာ (၁၉၂၄)

### တောမတ် မန်း (၁၈၇၅–၁၉၅၅)

ဥရောပတိုက်ရှိ နိုင်ငံအသီးသီးမှ အဆုတ်နာ ရောဂါသည်များအတွက် အနားလည်းယူ၊ ဆေးလည်းကုသနိုင်သော တောင်စခန်း အနားယူ ဆေးရုံကလေးတစ်ရုံ ရှိသည်။ ထိုအနားယူ ဆေးရုံကလေးကို ဆွစ်ဇာလန်နိုင်ငံ အဲလ်တောင်ပေါ်တွင် တည်ဆောက်ထားသည်။ ထိုဆေးရုံကလေးအကြောင်း၊ ထိုဆေးရုံ၌ တက်ရောက်ကုသနေသော လူနာများအကြောင်းကို ဂျာမန်စာရေးဆရာကြီး တောမတ်မန်းက **အံ့ဖွယ်သေလာ** ဝတ္ထုဖြင့် တင်ပြသည်။ **အံ့ဖွယ်သေလာ** ဝတ္ထုထဲက ဆေးရုံသည်ကား တကယ့်ဆေးရုံတော့ မဟုတ်။ ဥရောပတိုက်ကို သင်္ကေတပြုထားသော အရာမျှသာ ဖြစ်သည်။ ဆေးရုံပေါ်ရှိ လူနာများကား ထိုစဉ်က ဥရောပတိုက်ရှိ လူ့အလွှာများ၊ ယင်းတို့၏ အတွေးအယူများကို ကိုယ်စားပြုထားခြင်း ဖြစ်သည်။

အင်ဂျင်နီယာပေါက်စ ဟန်း ကတ်စထရော့အား သူ့ဆရာဝန်က အေးအေးလူလူ အနားယူရန် ပြောသည်။ ဟန်းသည် သူ့ညီအစ်ကိုတော်တစ်ဦး တက်ရောက်ကုသနေသော ဆွစ်ဇာလန်နိုင်ငံ တောင်ပေါ် အနားယူ ဆေးကုဆေးရုံသို့ သွားရောက် အနားယူသည်။ သူ့အစ်ကိုတော်ကား ဂျိုအာရှင်း ဇိုင်းဆမ် ဖြစ်သည်။ ဂျာမန်တပ်မတော် အမှုထမ်းတစ်ဦး ဖြစ်သည်။

ဟန်း အနားယူဆေးရုံသို့ ရောက်သောအခါ ထူးခြားချက် တစ်ခုကို သတိပြုမိသည်။ ထူးခြားချက်ကား ဤဆေးရုံတွင် အချိန်ဖိစီးမှု လုံးဝမရှိ ဟူသော

www.nyisay.com



အချက်ပင် ဖြစ်သည်။ ဥရောပတိုက် မြို့ကြီးပြကြီးများတွင် လူတွေသည် ကိစ္စအဝဝကို အချိန်နှင့် ညှိ၍ လုပ်ရကိုင်ရသည်။ အချိန်စောမည်၊ အချိန်နောက်ကျမည် စသည်တို့ကို အမြဲ တွေးတော ပူပန်ရသည်။ ဤဆေးရုံ၌ကား အချိန်အတွက် မည်သို့မျှ ပူပန် ကြောင့်ကြစရာ မလိုပေ။ တစ်နေ့နှင့် တစ်နေ့သည် အပြောင်းအလဲ မရှိဘဲ ဖြစ်ပေါ် ကုန်ဆုံးသွားသည်သာ ဖြစ်သည်။

တောင်စခန်းဆေးရုံတွင် တက်ရောက် ကုသနေကြသော လူနာများတွင် ရုရှလူမျိုး၊ အီတလီလူမျိုး၊ ဂျူးလူမျိုး စသည်ဖြင့် လူမျိုးစုံ ပါဝင်နေသည်။ ဟန်းသည် ရုရှအမျိုးသမီးကလေး ကလပ်ဂျာကောရှက်ကို နှစ်သက်စွဲလမ်းမိသည်။ အီတလီ အမျိုးသား စက်တင်ဗာရီကား လူသားဝါဒီ စာရေးဆရာဖြစ်သည်။ သူ့ကို ဟန်း လေးစားသည်။ ဂျူးလူမျိုး နဗ်ဖတာကား အလွန်ခေါင်းကောင်းသူ ဖြစ်သည်။ ကက်သလစ် ဘာသာကို ကူးပြောင်းထားသူ ဖြစ်သည်။ အကြမ်းဖက်မှုနှင့် အကြွင်းမဲ့ အာဏာရှင်စနစ်ကို လိုလားသည်။ သူ့ကိုလည်း ဟန်း ခင်မင်သည်။ စက်တင်ဗာရီနှင့် နဗ်ဖတာတို့ကား အယူအဆ ခြားနားကြသူများပီပီ အမြဲလိုလို ငြင်းခုံနေကြသည်သာ ဖြစ်သည်။ ထိုအငြင်းအခုံဝိုင်း၏ ပရိသတ်ကား ဟန်းပင် ဖြစ်သည်။ ဟန်းအတွက် ဗဟုသုတ တိုးသည်။ စက်တင်ဗာရီသည် ဆေးရုံမှ ဆင်းကာ ဆေးရုံနှင့် မနီးမဝေးရှိ ကျေးရွာကလေးတစ်ရွာတွင် သွားရောက် နေထိုင်သည်။ သူနှင့် ငြင်းဖက်ခုံဖက် နဗ်ဖတာ ငှားရမ်းနေသော အိမ်၌ပင် သွားရောက် နေထိုင်သည်။ မတည့်အတူနေ ဖြစ်ကြသည်။

ဟန်းသည် တောင်စခန်း အနားယူဆေးရုံ ရောက်သည့်နေ့က စ၍ တဖြည်းဖြည်း အားနည်းလာသည်ဟု သူ့ကိုယ်သူ ထင်မိလာသည်။ သူအနားယူသည့် ရက်သတ္တပတ် ၃ ပတ် စေ့မြောက်ခါနီးတွင် သူ့ ကျန်းမာရေးကို စစ်ဆေးကြည့်သည်။ ဆရာဝန်က ဟန်းတွင် အဆုတ်ရောဂါ စွဲကပ်နေသည်ဟု မှတ်ချက်ချလေသည်။ ထို့ကြောင့် ဟန်းသည် ဤဆေးရုံ၌ အပြင်ပမှ လာရောက် အနားယူသူ အဖြစ် မနေတော့ဘဲ အတွင်းလူနာအဖြစ် ပြောင်းလဲနေထိုင်လေသည်။ တစ်နေ့တွင် ဆေးရုံ၏ အမိန့်ကို ချိုးဖောက်ကာ စကီး အစီး ထွက်ရာ၌ နှင်းမုန်တိုင်းမိသဖြင့် ဟန်း၏ရောဂါမှာ ပို၍ ဆိုးရွားလာခဲ့သည်။

ဆေးရုံတွင် အနေကြာသည်နှင့်အမျှ ရုရှမကလေး ကလပ်ဂျာအပေါ်တွင် ဟန်း ထားမိသော မေတ္တာ၏ အထုအထည်လည်း ကြီးမားလာသည်။ ဆေးရုံအုပ်ဆရာဝန် ဒေါက်တာဗာရင်းကား ပန်းချီ၌ ဝါသနာထုံသူဖြစ်ရကား ကလပ်ဂျာကို ပုံတူရေးသည်။ ဤအဖြစ်ကို သိရသောအခါ ဟန်း၏မေတ္တာစိတ်သည် ပိုမို နိုးကြွလာသည်။ ဆရာဝန်က ဟန်းအား ကလပ်ဂျာ၏ အရိုးစု ထင်နေသော ဓာတ်မှန်ကို

www.nyisay.com



ပေးလိုက်သည်တွင် ဟန်းသည် သူ့အခန်းထဲ၌ ဓာတ်မှန်ကို တမြတ်တနိုး ထားလေသည်။

ဟန်းသည် အနားယူဆေးရုံ၌ မိတ်ဆွေအဖြစ် ပေါင်းသင်းမိသူတို့ကား နပ်ဖတာနှင့် စက်တင်ဗာရီတို့သာ ဖြစ်သည်။ နပ်ဖတာနှင့် စက်တင်ဗာရီတို့ အတောမသတ် ငြင်းခုံကြသည့် စကားဝိုင်းတွင် ဟန်းသည် စိတ်ပါဝင်စားစွာ နားထောင်နေလေ့ ရှိသည်။ စီးပွားရေး၊ လူမှုရေး၊ နက္ခတ်ပညာ စသည်ဖြင့် ငြင်းခုံသည့် အကြောင်းအရာတို့ကလည်း စုံလင်လှသည်။ ထို့ကြောင့် ဟန်းသည် အစ်ကိုတော်သူ လူနာ ဂျိုအာရှင်းဇိုင်းဆမ်ကိုပင် အတူနေရင်း မေ့နေတတ်သည်။

ဟန်းသည် ကာနီဗယ်ပွဲတော်ရက်တွင် ကလပ်ဂျာကောရှက်ကို ချစ်ရေးဆိုသည်။ ကလပ်ဂျာက လက်မခံ။ နောက်တစ်နေ့တွင် ကလပ်ဂျာသည် ဆေးရုံမှ ထွက်သွားသည်။ ဟန်း၏အစ်ကို ဂျိုအာရှင်းကလည်း ဆေးရုံမှခွာကာ စစ်တပ်သို့ ပြန်သွားချင်လှပြီ ဖြစ်၏။ သို့သော် ဆရာဝန်များက ဂျိုအာရှင်းကို နောက်ထပ် ၆ လလောက်နေရန် လိုအပ်ကြောင်း၊ အဆုတ်နာရောဂါ မပျောက်သေးကြောင်း ပြောဆိုတားမြစ်သည်။ ဂျိုအာရှင်းသည် ဆရာဝန်များ တားမြစ်သည့် ကြားကပင် တောင်စခန်းဆေးရုံမှ ထွက်ခွာသွားပြန်သည်။ ဆရာဝန်များက ဟန်းကိုပါ တစ်ပါတည်း လိုက်သွားနိုင်ကြောင်း ပြောသော်လည်း ဟန်းက လိုက်မသွား။ ဆရာဝန်များသည် ဂျိုအာရှင်းကို ဒေါသထွက်လှသဖြင့် ဤသို့ ပြောဆိုခြင်း ဖြစ်သည်ဟု နားလည်ထားသည်။

ဟန်းသည် ဤဆေးရုံ၌ သက်တမ်းရှည်သော လူနာတစ်ယောက် ဖြစ်လာသည်။ ဤဆေးရုံသည် ဘဝကို သူနားလည်အောင် ဖန်တီးပေးနိုင်သည်ဟု ထင်မြင်သည်။ ဟန်းသည် အားနေခိုက် စီးပွားရေး၊ စာပေ၊ နိုင်ငံရေး စာအုပ်များကို သဲကြီးမဲကြီး ဖတ်လေ့ရှိသည်။ စက်တင်ဗာရီနှင့် နပ်ဖတာတို့ထံမှလည်း သိအပ်စရာတွေ အတော်များများကို သိရသည်။

တစ်နေ့တွင် အစ်ကိုတော် ဂျိုအာရှင်း ဆေးရုံသို့ ပြန်ရောက်လာသည်။ ပြန်ရောက်လာသောအခါ ရောဂါ အတော်ကျွမ်းနေပြီ ဖြစ်ကြောင်း သိရသည်။ ဂျိုအာရှင်းသည် ဆေးရုံ၌ပင် ဆုံးသွားသည်။ ဂျိုအာရှင်း ဆုံးပြီးနောက် ရုရှမကလေး ကလပ်ဂျာလည်း ပြန်ရောက်လာသည်။ ကလပ်ဂျာတွင် အဖော်တစ်ယောက် ပါလာသည်။ အဖော်ကား ဂျားဗားကျွန်းတွင် စိုက်ပျိုးခင်းများကို ပိုင်ဆိုင်သူ ဒတ်ချလူမျိုး ပိုင်အယ်တာ ပီပါကွန်း ဖြစ်သည်။ ပိုင်အယ်တာသည် လိင်မှုကိစ္စတွင် စွမ်းစွမ်းတမံ ရှိလှသူဟု သူ့ကိုယ်သူ ထင်မြင်သည်။ ဟန်းက သူ့ရုရှမကလေးကို ချစ်ခင် စွဲလမ်းနေမှန်း ပိုင်အယ်တာ သိထားသည်။ သို့သော် ဟန်းနှင့် ပိုင်အယ်

www.nyisay.com



တာတို့သည် တစ်ဦးနှင့်တစ်ဦး ခင်ခင်မင်မင် ပေါင်းသင်းကြသည်။ ပိုင်အယ်တာသည် အဆုတ်နာရောဂါ ဖိစီးမှုကို မခံတော့ဘဲ ကိုယ့်ကိုယ်ကို သတ်သေသွားသည်။

တောင်ပေါ်စခန်း ဆေးရုံ၌ သေသူ၏ ဝိညာဉ်ကို ခေါ်ပေးနိုင်သည်ဟု ဆိုသော လူနာသစ် မိန်းကလေးတစ်ဦး ရောက်လာသည်။ လူနာများသည် ဝိညာဉ်ခေါ်ပွဲ မကြာခဏ ကျင်းပသည်။ ဟန်းကလည်း သူ့အစ်ကို ဂျိုအာရှင်း၏ ဝိညာဉ်ကို ခေါ်ပေးစေချင်သည်။ ဟန်းသည် ဝိညာဉ်တို့ ဘာတို့နှင့် ပတ်သက်လာလျှင် စိတ်ဝင်စားသည်။ သူ နှင်းမုန်တိုင်းမိ၍ သတိမေ့မြောသွားစဉ်က အိပ်မက်မက်သလို၊ တကယ်မြင်သလို ဖြစ်ခဲ့ဖူးသည့် မြင်ကွင်းနှစ်ခုကို သူ အမြဲတမ်း သတိရနေသည်။ ပထမမြင်ကွင်းကား ပျော်ရွှင် ချမ်းမြေ့ဖွယ် မေတ္တာတရား ပွံ့ဖြိုးနေသော မြေထဲပင်လယ် ကမ္ဘာကြီးပင် ဖြစ်သည်။ ဒုတိယ မြင်ကွင်းကား ရှေးဟောင်း ဘုရားကျောင်းပေါ်တွင် ကြောက်မက်ဖွယ်ကောင်းသော မိန်းမကြီး နှစ်ဦးက ကလေးငယ်များကို တကျွတ်ကျွတ်မြည်အောင် ဝါးစားနေသည့် မြင်ကွင်းပင် ဖြစ်သည်။ ထိုမြင်ကွင်းနှစ်ခုသည် ဟန်းထံမှ ယခုတိုင် ကွယ်ပျောက် မသွားနိုင်ဘဲ ဟန်းကို အတွေးသစ်ပေးသည်။ ဟန်း တွေးမိသည်ကား ဘဝနှင့် သေခြင်းသည် အစဉ် ဆက်စပ်နေသည်။ ဘဝကို လက်ခံလိုသူသည် သေခြင်းကိုလည်း မလွဲမသွေ လက်ခံရမည်သာ ဖြစ်သည်။ ဘဝလင်းရောင်ခြည်ကို မြင်လိုသူသည် သေခြင်း၏ ခါးသီးသော အတွေ့အကြုံကိုလည်း ရှုဖူးရမည် ဟူသော အတွေးသည် ဟန်း ခေါင်းထဲ၌ ရောက်နေသည်။

တစ်နေ့တွင် နပ်ဖတာနှင့် စက်တင်ဗာရီတို့ ငြင်းခုံရာမှ တစ်ယောက်နှင့် တစ်ယောက် သေနတ်ချင်း ယှဉ်၍ ပစ်ခတ်တိုက်ခိုက်ကြရန်အထိ ရန်ပွဲ ကြီးကျယ်လာသည်။ စက်တင်ဗာရီက သေနတ်ချင်း ယှဉ်ပစ်လျှင် သူသည် နပ်ဖတာကို မပစ်ဘဲ လေထဲသို့သာ ပစ်မည်ဟု ပြောသည်။ နပ်ဖတာကသာ သူ့ကို ပစ်သတ်လိုပါက ပစ်သတ်ပါစေဟု ဆိုသည်။ တကယ်တမ်း သေနတ်ချင်း ယှဉ်ပစ်သော အခါ စက်တင်ဗာရီသည် သူပြောသည့်အတိုင်း သေနတ်ကို မိုးပေါ်ထောင်၍ ပစ်လိုက်သည်။ နပ်ဖတာသည် စက်တင်ဗာရီက သူ့ကို တကယ်မပစ်ကြောင်း သိသည်နှင့် တစ်ပြိုင်နက် သေနတ်ပြောင်းဝကို မိမိနားထင်သို့ တေ့ပြီး ခလုတ်ဆွဲလိုက်သည်။

တောင်ပေါ် အနားယူစခန်း၌ သုံးပတ်သာ နေထိုင်ရန် ရောက်လာသူ ဟန်းသည် ယခု ၇ နှစ်နီးပါး ဆေးရုံတက်ခဲ့ရပြီ။ ဆေးရုံသည် သူ့အိုး သူ့အိမ် လိုပင် ဖြစ်နေသည်။ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ်တို့၌ တိုင်းတာအပ်သော အချိန်သည် ဤဆေးရုံနေသူအဖို့ မရှိတော့။ မြေပြန့်တစ်ခွင်ရှိ ရှုပ်ထွေးပွေလီသော

www.nyisay.com



ကမ္ဘာ၌သာ အချိန်သည် မင်းမူနေသည်။ ထိုအချိန်တစ်ချိန်၌ ပထမကမ္ဘာစစ်ကြီး ဖြစ်လာသည်။ ပထမကမ္ဘာစစ်၏ ဂယက်သည် တောင်ပေါ်အထိ၊ ဆေးရုံအထိ ရိုက်ခတ်လာရာ လူနာများသည် မိမိတို့ တိုင်းပြည်များသို့ ပြန်ကုန်ကြသည်။ အချို့လူနာများကမူ ကြားနေနိုင်ငံဖြစ်သော ဆွစ်ဇာလန်၌ပင် နေမြဲ နေနေကြသည်။ တကယ်တမ်း ကြီးကြီးကျယ်ကျယ် မဖျားမနာသော ဟန်းကိုမူ စစ်တပ်၌ အမှုထမ်းရန် ဂျာမန်အာဏာပိုင်များက ဆင့်ခေါ်လေသည်။ ဟန်း ထွက်ခွာသွားသောအခါ စက်တင်ဗာရီသည် မျက်ရည်ကျရလေတော့သည်။

ကျည်ဆန်များ၊ ဗုံးများကို ရှောင်ရှားရင်း ဟန်းသည် တစ်ခုသော မီးခိုးလုံးအကြား၌ ပျောက်ကွယ်သွားသည်။ ထိုမီးခိုးလုံးသည် ဟန်းကိုသာမက ဥရောပတိုက်၏ အနာဂတ်ကိုပါ ဝါးမျိုးပစ်လိုက်လေသည်။

**အံ့ဖွယ်သေလာ** ဝတ္ထုတွင် ဟန်းနှင့် လူနာများသည် ပထမကမ္ဘာစစ်ဖြစ်ခါနီး ဥရောပတိုက်ရှိ လူလတ်တန်းစား အထက်လွှာများကို ကိုယ်စားပြုသည်။ ဟန်းသည် စက်တင်ဗာရီ၏ ဒဿနနှင့် နပ်ဖတာ၏ ဒဿနတရားအလယ်တွင် ဝေခွဲမရဘဲ တွေဝေနေသကဲ့သို့ ဝိုင်မာသမ္မတနိုင်ငံရှိ သက်လတ်ပိုင်း လူများသည်လည်း ဤ ဒဿနနှစ်ခု အကြားတွင် တွေဝေခဲ့သည်သာ ဖြစ်၏။ ဟန်းသည် ဂျာမန်အရပ်သားတို့၏ ဘဝကို ကိုယ်စားပြုပြီး၊ ဟန်း၏အစ်ကို ဂျိုအာရှင်းသည် ဂျာမန်စစ်ဘက်ဆိုင်ရာတို့ကို ကိုယ်စားပြုသည်။

ဤသို့ **အံ့ဖွယ်သေလာ** ဝတ္ထုကို အဓိပ္ပာယ် ဖွင့်ကြလေသည်။

## အမေရိကန် အလွမ်းဇာတ် (၁၉၂၅)

### သီယိုဒိုဒရေဇာ (၁၈၇၁-၁၉၄၅)

လူနေမှု တစ်ဖက်စောင်းနင်း နိုင်လှသော အမေရိကန် လူ့အဖွဲ့အစည်းအတွင်းရှိ လူငယ်တစ်ဦး၏ ကြေကွဲဖွယ်ဇာတ်သိမ်းကို ဖွဲ့ထားသောဝတ္ထု ဖြစ်သည်။ ထို လူငယ်ကလေးကား ကလိုက်ဂရစ်ဖစ် ဖြစ်သည်။ စာပေဝေဖန်ရေး ဆရာများက ကလိုက်ဂရစ်ဖစ်သည် စာရေးဆရာ သီယိုဒိုဒရေဇာ ဖန်တီးထားသော ဇာတ်ဆောင် တစ်ဦးသာ မဟုတ်။ အမေရိကန် လူငယ်ထု၏ ဘဝကိုပါ ကိုယ်စားပြုထားသူ လည်း ဖြစ်သည်ဟု ဆိုကြသည်။ အမေရိကန် လူငယ်ကလေးများသည် မွဲတေကြ သည်။ သို့သော် ဆင်းရဲမွဲတေသည့် ဘဝတွင်းကပင် ကြွယ်ဝချမ်းသာလိုသည့် ရမ္မက်ဇော ကပ်နေကြသည်။ ငွေကြေးဘုရား ရှေ့မှောက်တွင် မိမိတို့၏ စစ်မှန် သောဘဝကို ယဇ်ပူဇော်တတ်ကြသည်။ ငွေကြေး ကြွယ်ဝချမ်းသာလိုသည့် ရမ္မက် ဖုံးလွှမ်းမှုကြောင့် စုံလုံးကန်းနေကြသော လူငယ်တို့သည် တန်ဖိုးအစစ်ကို မမြင်သာ တော့သည့်အဖြစ် ကြုံရသည်။

သီယိုဒိုဒရေဇာသည် အမေရိကန် ဘဏ္ဍာ အရင်းရှင်စနစ်အောက်တွင် ချစ်ခြင်းမေတ္တာသည် မရှင်မလန်း ညှိုးနွမ်းရပုံကိုလည်း **အမေရိကန် အလွမ်း ဇာတ်** ၌ ဖော်ပြထားသည်။ ဆင်းရဲမွဲတေခြင်း သံသရာသည် အဆက်မပြတ် ချားရဟတ်သို့ လည်ပတ်နေပုံကိုလည်း ဖော်ပြထားသည်။ သီယိုဒိုဒရေဇာ၏

www.nyisay.com



လက်ရာများအနက် **အမေရိကန် အလွမ်းဇာတ်**သည် အကောင်းဆုံးလက်ရာ ဖြစ်သည်ဟု စာပေဝေဖန်ရေး ဆရာများက အကဲဖြတ်ကြသည်။

ပြန်တွေးလေတိုင်း ကလိုက်ဂရစ်ဖစ်သည် သူ့ဘဝကို သူ စိတ်နာမိသည် သာ ဖြစ်၏။ ကလိုက်တို့ မိသားစုအားလုံးသည် ကင်းဆတ်မြို့၏ ညနေပိုင်းတွင် လမ်းတကာလှည့်ကာ ဓမ္မသီချင်းကို အဖေက တိုင်၊ အမေက ဆို၊ အစ်မက တီးမှုတ်၍ လိုက်လံတောင်းရမ်း စားသောက်ကြရသည်။ ဤအလုပ်သည် ဂရစ်ဖစ် မိသားစု၏ တာဝန်တစ်ရပ်ပင် ဖြစ်သော်လည်း ကလိုက်ဂရစ်ဖစ်သည် မနှစ်မြို့ နိုင်ခဲ့။ မိသားစု မွဲတေခြင်းသည် သူ့ဘဝ အညွန့်များကို ညှိုးနွမ်းစေသည်၊ သူ့စိတ် ကို အားငယ်စေသည်ဟု ကလိုက်က ထင်မြင်မိသည်။

ကံအားလျော်စွာ ကလိုက်သည် ဂရင်း-ဒေးဗစ်ဆင် ဟိုတယ်၌ ဒည့်ကြို ဖြစ်လာသည်။ ဟိုတယ်၌ တည်းခိုသော ကြေးရတတ်များကို အလုပ်အကျွေးပြုရင်း ကြေးရတတ်ဘဝကို ကလိုက် တွယ်မက်လာသည်။ ဟိုတယ်လုပ်သား အပေါင်း အသင်းများနှင့် အရက်ကလေး သောက်လိုက်၊ မိန်းမပျက်တွေဆီ သွားလိုက်နှင့် ကလိုက်သည် ဘဝအရသာဆိုတာ ဒါပါပဲလား ထင်မှတ်လာသည်။ ပါတီတစ်ခု တွင် ကလိုက်သည် ဟော်တန်ဆီဗရစ် ဆိုသော မိန်းမပျိုကို တွေ့သည်။ ဟော်တန် ဆီကို ကလိုက် သဘောကျသည်။ ဟော်တန်ဆီသည် အတွေ့အကြုံ ကြွယ်ဝသော မိန်းမပေါ်တစ်ယောက် ဖြစ်ရကား ကလိုက်ဆီက ရနိုင်သမျှငွေကို ခြုံယူရန် လောက်သာ စိတ်ကူးမိသည်။ ကလိုက်နှင့် အပေါင်းအဖော်များသည် တစ်နေ့တွင် ကားတစ်စီးကို ခိုးယူမောင်းနှင်ကာ ဟော်တန်ဆီကို ခေါ်လျက် အပျော်ခရီး ထွက်ကြသည်။ ပျော်ပါးပြီး အပြန်တွင် ဟိုတယ်၌ အလုပ်ဆင်းမီအောင် ကားကို တရကြမ်း မောင်းခဲ့သဖြင့် လမ်းတွင် ကလေးတစ်ယောက်ကို ဝင်ရောက်တိုက်မိ ပြီး ကားလည်း တိမ်းမှောက်သွားသည်။ အသက်ရှင်ကျန်ရစ်သော ကလိုက်သည် ချီကာဂိုမြို့ဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ချီကာဂိုမြို့တွင် ကလိုက်သည် ဟိုတယ်တစ်ခု၌ အလုပ်ဝင်လုပ်သည်။ ထိုဟိုတယ်သို့ ကလိုက်၏ ဦးလေးတော်သူ ဆင်မြူယယ် ဂရစ်ဖစ် ရောက်လာသည်။ ဆင်မြူယယ် ဂရစ်ဖစ်က ဂရစ်ဖစ် ကော်လာနှင့် ရှပ်ကုမ္ပဏီပိုင်ရှင် ဖြစ်သည်။ ကြွယ်ဝချမ်းသာသည်။ ကလိုက်က သူလည်း ဂရစ်ဖစ်တစ်ဦးပင် ဖြစ်ကြောင်း ဖော်ပြမိတ်ဆက်သည်။ ဆင်မြူယယ် သည် ကလိုက်ကို နယူးရောက်မြို့သို့ ခေါ်ဆောင်လာကာ သူ့ကုမ္ပဏီစက်ရုံ၌ အလုပ် လုပ်စေသည်။ ကလိုက်သည် စက်ရုံ၌ အလုပ်လုပ်ရသော်လည်း ကြီးပွား ချမ်းသာလိုစိတ် ပြင်းပြလျက်ပင် ရှိသည်။ သူ့ဦးလေး ဆင်မြူယယ်ဂရစ်ဖစ် မိသားစုသည် ကလိုက်ကို ဆွေမျိုးရင်းချာသဖွယ် သဘောမထားကြ။ မွဲတေ

www.nyisay.com



ဆင်းရဲသော ဆွေမျိုးကို ပေးကမ်းကူညီသည့် သဘောဖြင့်သာ အလုပ် လုပ်စေသည်။ သို့သော် မကောင်းတတ်လွန်း၍ ကလိုက်ကို လက်ထောက်ဖိုမင် အဆင့်သို့ တိုးမြှင့်ပေးခဲ့သည်။ မကောင်းတတ်လွန်း၍ ကလိုက်ကို ထမင်းတစ်ခါ ဖိတ်ကျွေးသည်။ ထိုထမင်းစားပွဲတွင် ကလိုက်သည် ဆွန်ဒရာဖရင့်ချလေး ဟူသော အထက်တန်းလွှာမှ မိန်းမပျိုကို တွေ့ခဲ့ရသည်။ ချစ်မိသည်။

ကလိုက်ဂရစ်ဖစ် ဖိုမင်လုပ်ရသော အခန်းတွင် အလုပ်သမကလေး နှစ်ဆယ် အစိတ်ခန့် ရှိသည်။ ကလိုက်သည် ကုမ္ပဏီပိုင်ရှင် ဆင်မြူယယ် ဂရစ်ဖစ်၏ တူဖြစ်ကြောင်း သိရသော အလုပ်သမကလေးအချို့က ကလိုက်နှင့် ပေါင်းရအောင် မြူဆွယ်ကြသည်။ ကလိုက်ကား အမြင့်ကို မှန်းနေသူဖြစ်ရကား အောက်တန်းစား အလုပ်သမကလေးများ၏ ရဲရဲတင်းတင်း မြူဆွယ်မှုကို လွတ်အောင်ရှောင်သည်။ အလုပ်သမကလေးများအနက် ရောဗတ်တာ အယ်လဒင်ဆိုသော မိန်းမပျိုမှာ ကလိုက်ကို မှန်တန်းသာ ဆက်ဆံသည်။ ရောဗတ်တာသည် အခြား အလုပ်သမကလေးများထက် ဣန္ဒြေသိက္ခာ ပိုကြီးသည်။ အသိဉာဏ်လည်း ပိုသည်။ ကလိုက်၏ အထီးကျန်ဘဝနှင့် ရောဗတ်တာ၏ အထီးကျန် ဘဝနှစ်ခုသည် ကလိုက်နှင့် ရောဗတ်တာကို နီးစပ်စေသည်။ ချစ်ခင်လာစေသည်။ တကယ်တော့ ကလိုက်သည် ရောဗတ်တာကို မချစ်သည်လည်း မဟုတ်၊ ချစ်သည်လည်း မဟုတ်၊ သဘောကျ နှစ်သက်စိတ်က များသည်။ မည်သို့ဖြစ်စေ ရောဗတ်တာကမူ ကလိုက်ကို ချစ်မိသည်။ သူ့အချစ်၌ တဏှာစိတ် နည်းပါးသည်။ ကလိုက်၏ သဘောကျ နှစ်သက်စိတ်တွင်မူ တဏှာရာဂ အတော်များများ ရောနှောနေသည်။ ရောဗတ်တာ အတန်တန် ငြင်းဆန်သည့် အကြားမှပင် သူတို့နှစ်ဦး လွန်လွန်ကျူးကျူး ဖြစ်မိသည်။

တစ်နေ့တွင် ဆွန်ဒရာဖရင့်ချလေးက ကလိုက်ကို သူ့ညီဝမ်းကွဲ ဂီးလဗတ် (ဆင်မြူယယ် ဂရစ်ဖစ်၏သား)နှင့် အမှတ်မှား၍ လမ်းတွင် ကားရပ်ခေါ်လိုက်မိသည်။ ဂီးလဗတ် မဟုတ်ဘဲ ကလိုက်ဖြစ်နေရာ မတတ်သာတော့ဘဲ ကားပေါ်တင်၍ လိုရာသို့ လိုက်ပို့သည်။ ဆွန်ဒရာဖရင့်ချလေးသည် ကလိုက်နှင့် အေးအေးလူလူ တွေ့သောအခါတိုင်း ကလိုက်သည် ဂီးလဗတ်ထက် ပို၍ ရည်မွန်ပျော့ပျောင်းသူဖြစ်ကြောင်း၊ ပို၍ နှစ်လိုဖွယ်ကောင်းသူဖြစ်ကြောင်း သိလာရသည်။ ကလိုက်ကို ပွဲထုတ်ပြီး တတွဲတွဲလုပ်ပြလျှင် ဂီးလဗတ်၏ မနာလိုစိတ်များ နိုးကြွလာမည်ဟု ဆွန်ဒရာက တွက်ဆမိသည့်အတိုင်း ကလိုက်နှင့် တတွဲတွဲ လုပ်လေတော့သည်။ အထက်တန်းလွှာမှ ကပွဲသဘင်များ၊ ပါတီများတွင် ဆွန်ဒရာသည် ကလိုက်နှင့် တွဲကာ တက်သည်။ ကလိုက်နှင့် က သည်။ မူလက ဂီးလဗတ်ကို ကျီစယ်သည့်

www.nyisay.com



သဘောဖြင့် ကလိုက်နှင့် တွဲပြသော်လည်း တွဲဖန်များသောအခါ ကလိုက်ကို ချစ်ခင်လာမိသည်။ ကလိုက်ကား အထက်တန်းလွှာ၌ မိမိ ခြေချနိုင်ပြီဟု ထင်လာသည်။ ထို့ကြောင့် အလုပ်သမကလေး ရောဗတ်တာကို ခွဲစ ခွာစ ပြုလာသည်။ ရောဗတ်တာတွင် ကလိုက်၏ကိုယ်ဝန် ရှိနေပြီ ဖြစ်ကြောင်း သိရသောအခါ ကလိုက် မျက်လုံးပြူးရတော့သည်။ ဆေးပူဆေးခါးများ ကျွေး၍ ကိုယ်ဝန် ဖျက်ကြည့်သည်။ မပျက်။ ရောဗတ်တာကလည်းကိုယ်ဝန်မပျက်ပါက ကလိုက်သည် မိမိကို လက်ထပ်ယူရမည် ဖြစ်ကြောင်း နားပူနားဆာ လုပ်သည်။ ထိုစဉ် ကန်တစ်ကန်၌ အပျော်လှေစီးရင်း ချစ်သူနှစ်ဦး လှေတိမ်းမှောက်သွားကြောင်း သတင်းစာထဲ၌ ပါလာသည့်သတင်းကို ကလိုက် ဖတ်ရသည်။ ဤသတင်းသည် ကလိုက်အတွက် ထွက်ပေါက်ကို ညွှန်ပြလေသည်။

ကလိုက်သည် မိမိတို့ အိမ်ထောင်ရေးကိစ္စကို တိုင်ပင်ရန် အေးအေးလူလူ စကားပြောနိုင်မည့် နေရာကို သွားရအောင်ဟု ရောဗတ်တာကို ချိန်းသည်။ ချိန်းသည့် နေရာကား ဇစ်ဇစ်တန်ကန်ကြီး ဖြစ်သည်။ နှစ်ယောက်သား လှေစီးကာ ဆိတ်ငြိမ်သည့်နေရာသို့ ထွက်လာသည်။ ကလိုက်၏ မျက်နှာသည် ခက်ထန်မာကြောသည်၊ ကြောက်လန့်ဖွယ်ရာ ဖြစ်သည်ဟု ရောဗတ်တာ ခံစားမိလာသည်။ ရောဗတ်တာသည် အကြောက်ပြေစေရန် ကလိုက်နှင့် စကားပြောဖို့ ကြိုးစားသည်။ ကလိုက်အနားသို့ တိုးကာ ကလိုက်၏လက်ကို ဆုပ်ကိုင်လိုက်မိသည်နှင့် တစ်ပြိုင်နက် သုန်မှုန်ငေးငိုင်နေသော ကလိုက်သည် ရုတ်တရက် လန့်သွားပြီး လက်ကို ရုန်းဖယ်လိုက်မိသည်။ ကလိုက်၏လက်တွင် ချိတ်ထားသော ကင်မရာက ရောဗတ်တာ၏ မျက်နှာကို ရိုက်လိုက်သလို ဖြစ်သွားသည်။ ကလိုက်သည် အလွန်အမင်း အားတုံ့အားနာ ဖြစ်သွားကာ ရောဗတ်တာကို တောင်းပန်ရန် ရုတ်တရက် ထိုင်ရာမှ ထ လိုက်သည်။ လှေငယ်ကလေးမှာ ကလိုက် ထလိုက်သည့် အရှိန်ကို မခံသာဘဲ တိမ်းမှောက်သွားသည်။ ရောဗတ်တာသည် လှေစောင်းနှင့် ရိုက်မိကာ ရေထဲ ကျသွားသည်။ ရောဗတ်တာက ကယ်ပါ ယူပါ တစာစာ ဟစ်အော်သည်။ ကလိုက်သည် ရောဗတ်တာကို ထားရစ်ခဲ့သည်။ ရောဗတ်တာသည် မတော်တဆ သေဆုံးခြင်းသာဖြစ်၍ သူ့၌ အမှုရောက်စရာ မရှိဟု သဘောပေါက်သည်။

ရောဗတ်တာ အလောင်းတွင် ကလိုက်နှင့် ပတ်သက်သော စာတစ်စောင်ကို တွေ့သဖြင့် ကလိုက်ကို ဖမ်းချုပ်သည်။ ထို စာသွားစာလာအရ ကလိုက်သည် ရောဗတ်တာကို သတ်ပစ်သည်ဟု ထင်မှတ်စရာ အချက်အလက်များ ထင်ရှားနေသည်။ တရားရုံး၌ အစိုးရရှေ့နေသည် နိုင်ငံရေးအမြတ်ထုတ်ပြီး တက်လမ်းရှာသူ ဖြစ်ရကား အလုပ်သမကလေး ရောဗတ်တာကို ကြင်နာ သနားဟန်ပြရင်း

www.nyisay.com



ကလိုက်ကို ဆွဲချသည်။ နောက်ဆုံး တရားရုံးက ကလိုက်ကို လူသတ်မှုဖြင့် သေဒဏ်ပေးသည်။ ကလိုက်သည် အလွန်အမင်း ဝမ်းမနည်းလှ။ ရောဗတ်တာကို သူ မသတ်မိသော်လည်း ရောဗတ်တာ သေစေလိုသည့် ဆန္ဒ သူ့မှာ အမှန်ရှိခဲ့ကြောင်း နားလည်သည်။ ရောဗတ်တာ သေဆုံးရသည့်အတွက် ဝမ်းနည်းကြေကွဲမှု မဖြစ်သော်လည်း သူ မက်ခဲ့သော ကြီးပွားချမ်းသာရေးအိပ်မက် ရုတ်တရက် ပျက်ပြယ်ခဲ့သည့်အတွက်မူ ကလိုက် ဝမ်းနည်းမိလေသည်။

ကလိုက် သေဒဏ် ခံယူပြီးနောက်၌ ကင်ဆတ်မြို့ ညနေခင်းတွင် ဂရစ်ဖစ် မိသားစုသည် ဓမ္မတေးများကို ကျူးရင့်လျက် တောင်းခံ စားသောက်ရသည်။ ကလိုက်၏ အစ်မက အဖေမပေါ်ဘဲ မွေးသော ကလေးသည် ထိုမိသားစုထဲတွင် အငယ်ဆုံး ဖြစ်သည်။ သူသည် တောင်းရသည့် ငွေထဲမှ ပိုက်ဆံဖြင့် အိုက်စကရင် ဝယ်စားသည်။ သို့နှင့် ကြောက်မက်ဖွယ်ရာ သံသရာသည် တစ်ပတ်ကြော့ လည်ပြန်သည်။

ယင်းဝတ္ထုကို **အမေရိကန်** ရုပ်ရှင်အဖြစ်ပြုရာ သာစုက ထိုရုပ်ရှင်ကို မှီး၍ **ဇာတ်လမ်းပမာ** အမည်ဖြင့် ဝတ္ထုရေးခဲ့သည်။

www.nyisay.com

# မစ္စက် ဒေါလိုဝေး (၁၉၂၅)

## ဗာဂျီးနီးယား ဝု (၁၈၈၂-၁၉၄၁)

**မစ္စက် ဒေါလိုဝေး**သည် သိစိတ်အစဉ်နည်းဖြင့် ရေးဖွဲ့ထားသည့် ဝတ္ထု ဖြစ်သည်။ ဂျိုက်စ်၏ **ယူလစ်ဆစ်** လိုပင် တစ်နေ့တာတွင်း ဖြစ်ပျက်သည့် အကြောင်းအရာတို့ကို ရေးဖွဲ့ထားသည်။ ဇာတ်ဆောင် အများအပြား၏ စရိုက်များကို မစ္စက် ဒေါလိုဝေး နေရာမှ လည်းကောင်း၊ တတိယ ပုဂ္ဂိုလ်များ၏ နေရာများမှ လည်းကောင်း ပြောပြသည်။ အများဆုံး ဆင်ခြင်သုံးသပ်သူမှာ မစ္စက်ဒေါလိုဝေး ဖြစ်ပြီး သူနှင့် ဆက်စပ်သမျှကို ပြန်လည်သုံးသပ် ဆင်ခြင်သည့်နည်းဖြင့် လောကသဘာဝကို ဖွဲ့ဆိုထားသည်။ တစ်နေ့တာအတွင်း ဖြစ်ရပ်ဟူ၍ ဘာမျှမရှိ။ ပြန်လည် တွေးတောဆင်ခြင်သည့် အမှုကိစ္စသာလျှင် အရေးပေးထားသည်။ ရေးသားမှု ကျွမ်းကျင်သဖြင့် ဆွဲဆောင်မှုရှိသည့်ဝတ္ထု ဖြစ်လာရခြင်း ဖြစ်သည်။

ရေးသူမှာ ဗာဂျီးနီးယားဝု(၁၈၈၂-၁၉၄၁)ဖြစ်ပြီး ဝတ္ထုဇာတ်လမ်း နောက်ခံကာလမှာ ၁၉၂၀ ကျော် ဖြစ်သည်။ လန်ဒန်မြို့ကို အခြေခံ၍ ရေးထားသည်။ ယင်းကို ၁၉၂၅ တွင် ပထမဆုံးအကြိမ် ထုတ်ဝေသည်။

ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။

ပူအိုက်သော ဇွန်လ တစ်နံနက်ခင်းတွင် ကလာရစ်ဆာ ဒေါလိုဝေးသည် လန်ဒန်မြို့ ဝက်စ်မင်စတာရပ်ကွက်ရှိ သူ၏အိမ်မှ ဈေးဝယ်ရန် ထွက်လာခဲ့သည်။

www.nyisay.com



ထိုနေ့က ညနေခင်းတွင် အရေးကြီးသော ညစာစားပွဲတစ်ခု ကျင်းပရန် ရှိနေသည်။ လမ်းတွင် မိတ်ဆွေဟောင်း ဟယုဝှစ်ဘရက်နှင့် တွေ့သည်။ ဝှစ်ဘရက်မှာ ဝဖြိုးလာပြီး ခမ်းနားထည်ဝါလာသည်။ မြို့ထဲသို့ ဝှစ်ဘရက် ရောက်လာသည်မှာ အမြဲလိုလို ဖျားနာနေသော သူ၏ဇနီး အိဗလင်အတွက် ဆရာဝန်တစ်ယောက်နှင့် တိုင်ပင်နှီးနှောရန် ဖြစ်သည်ကို မစ္စက်ဒေါလိုဝေး သိသည်။ သူ့အတွက် ဘာလက်ဆောင်များ ဝယ်ပေးရလျှင် ကောင်းမည်လဲ စဉ်းစားကြည့်သည်။ သို့သော်လည်း ဦးစွာပထမ သူ၏ ညစာစားပွဲအတွက် ပန်းအနည်းငယ် ဝယ်ရဦးမည်။

ပန်းများ မှာနေစဉ် မော်တော်ကားကြီးတစ်စီး စကြာသော ဖြတ်မောင်းသွားသည်ကို မစ္စက်ဒေါလိုဝေး မြင်လိုက်ရသည်။ မှန်တံခါးတွင် ကန့်လန့်ကာများ ကာထားသဖြင့် လမ်းသွားလမ်းလာများအဖို့ အထူးအဆန်းသဖွယ် မျက်ခုံးချီကာ ကြည့်ကြသည်။ ကားထဲမှာ ဘယ်သူပါသလဲ၊ မိဖုရားကြီးလား၊ သို့မဟုတ် အရေးကြီးသော အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးလား၊ သို့မဟုတ် နန်းရင်းဝန်ကြီးလား။ မစ္စက်ဒေါလိုဝေး၏ ခင်ပွန်းမှာ ပါလီမန်အမတ်တစ်ယောက် ဖြစ်သည်။ သူသည် လူကောင်းတစ်ယောက် ဖြစ်၏။ သို့သော်လည်း ထုံထိုင်းသည်။ စိတ်ကူးစိတ်သန်း မကြွယ်။ ကားကြီးသည် ဘက်ကင်ဟမ်နန်းတော်ထဲသို့ ဝင်သွားသည့်အခါ ကားထဲတွင် မိဖုရားကြီး ပါသွားသည်မှာ သေချာသည်ဟု မစ္စက်ဒေါလိုဝေး မှတ်ယူလိုက်သည်။

ကောင်းကင်ထက်တွင် လေယာဉ်ပျံတစ်စီးသည် ကော်ဖီကြော်ငြာ တစ်ခုကို ရေးနေသည်။ ကောင်းကင်တွင် စာရေးခြင်းအတတ်မှာ တစ်ထောင့်ကိုးရာ နှစ်ဆယ်ကျော်တွင် အသစ်အဆန်းတစ်ခု ဖြစ်သည်။ မစ္စက်ဒေါလိုဝေးလည်း အခြား လန်ဒန်မြို့သူမြို့သားများနည်းတူ လည်တဆန့်ဆန့်နှင့် မိုးပေါ်သို့ တမော့မော့ ကြည့်နေသည်။

လန်ဒန်မြို့ကြီးတွင် ပျားပန်းခတ်မျှ လှုပ်ရှားသွားလာနေကြသော လူအများကိုကြည့်ကာ အတိတ်ကို အမှတ်ရလာသည်။ သူသည် မိဘ၏ တောရပ်အိမ်ကြီးတွင် ကောင်းစွာ ကြီးပြင်းလာသည့် မိန်းမပျိုလေးတစ်ယောက် ဖြစ်သည်။ သူတို့အိမ်ကြီးတွင် အမြဲလိုလို ဧည့်သည် ပြတ်သည်ဟူ၍ မရှိချေ။ ယင်းတို့တွင် ကလာရစ်ဆာ အကြိုက်ဆုံးမှာ ဆယ်လီဆက်တန် ဖြစ်သည်။ သူတို့မှာ ငယ်သူငယ်ချင်းများ ဖြစ်သော်လည်း မျက်နှာကြော မတည့်ကြ။ ဆယ်လီသည် နမော်နမဲ့ နိုင်သည်။ သူတစ်ပါးကို ထိခိုက်နစ်နာအောင် ပြောတတ်သည်။ တစ်ညနေခင်းတွင် ဒေါလိုဝေးနှင့် ချစ်ကြိုက်နေသော ရစ်ချတ်ကို ပြုံတီတီ လုပ်သည့်အခါမှစ၍ ခပ်တန်းတန်း ခပ်မှန်မှန် ဆက်ဆံလာကြသည်။ ယခုမူ ဒေါလိုဝေးတွင်

www.nyisay.com



အရွယ်ရောက်ပြီး သမီးတစ်ယောက် ရှိလာပြီ။ သူကား အယ်လိဇဘက်ဖြစ်ပြီး ဘာသာရေး အယူသီးသူ၊ တစ်ဖက်သားကို နာကြည်းအောင် ပြုမူတတ်သူဖြစ်၍ ကျောင်းသူ သူငယ်ချင်း ဒေါရစ်ကီလမင်နှင့် ကတောက်ကဆ ဖြစ်နေကြသည်။ ယင်းအတွက် ဒေါလိုဝေး ပူပန်မိသည်။

ရစ်ချတ် ဒေါလိုဝေးနှင့် လက်မထပ်မီ ကလာရစ်ဆာသည် လူချော လူလှဖြစ်ပြီး ထက်မြက်သည့် ပီတာဝဲ့ ဆိုသူနှင့် ချစ်ကြိုက်ခဲ့ဖူးသည်။ သို့သော်လည်း ပီတာသည် ကလာရစ်ဆာ မိသားစု၏ ဟန်ပန်များခြင်း၊ ဟန်ဆောင်တတ်ခြင်းတို့ကို မနှစ်သက်၊ ရယ်မောပြောင်လှောင်ခဲ့သည်။ ရစ်ချတ် ဒေါလိုဝေးကို ဆန့်ကျင်ကာ ဆယ်လီဆက်တန်ဘက်က ရပ်ခဲ့သူ ဖြစ်သည်။ ထိုနောက် ပီတာသည် အိန္ဒိယနိုင်ငံသို့ ထွက်သွားရင်း လမ်းခရီးတွင် အိမ်ထောင်ဖက် တွေ့သွားသည်ဟု ကလာရစ်ဆာ သတင်းကြားရသည်။ ထိုအကြောင်းတို့ကို ပြန်လည်စဉ်းစားမိရင်း ကလာရစ်ဆာသည် အိမ်ကို လွမ်းလာသည်။ ယခုမူ ရာသီဥတု ကောင်းလာပြီး ဈေးဝယ်လို့ ကောင်းသည်။ ညနေခင်းတွင် တည်ခင်းမည့် ထမင်းစားပွဲ စိုပြည်မည် သူ ထင်သည်။

သို့သော်လည်း လန်ဒန်မြို့၏ လမ်းများတွင် လျှောက်သွားနေသော တခြားပုဂ္ဂိုလ်တစ်ယောက်မှာ မပျော်ပိုက်လှပေ။ သူကား ဖုံးသံ၊ အမြောက်သံတွေအကြားက ပြန်လာသည့် စစ်ပြန်ရဲဘော်ဟောင်း ဆက်တီမတ် ဝါရင်စမစ်ဖြစ်သည်။ စစ်ထဲက ပြန်လာလျှင် သူနှင့်အတူ အီတလီသူ မယား လူကရီဇီယာ ပါလာသည်။ စမစ်သည် အချစ်ဆုံးသူငယ်ချင်း တပ်မှူး အီဗန်းကို သတိရမိသည်။ စစ်ပြေငြိမ်းရေးစာချုပ် မချုပ်ဆိုမီ အီဗန်းမှာ ကျဆုံးသွားသည်။ အီဗန်း ကျဆုံးသဖြင့် သူ့စိတ်ထဲတွင် မည်သို့မျှ ထိခိုက်ခြင်း မရှိသည်ကို ဆင်ခြင်မိသည့်အခါ စမစ်မှာ တုန်တုန်လှုပ်လှုပ် ဖြစ်ရလေသည်။

စမစ်သည် ရှိတ်စပီးယား၏ အင်္ဂလန်အတွက် အသက်စွန့် တိုက်ပွဲဝင်ရန် စောစောကပင် စစ်ထဲသို့ ဝင်ခဲ့သည်။ ပြောင်မြောက်ရဲဝံ့စွာ တိုက်ခိုက်ခဲ့သည်။ ယခုမူ အကာပြို့ပြို့ အနှစ်မဲ့သော လူ့ဘဝကို ဆင်ခြင်မိကာ လောကတွင် အသက်ရှင်၍ နေချင်စိတ် မရှိတော့ဘဲ သူ့ကိုယ်သူ သတ်သေချင်နေသည်၊ သေချင်သည်ဟု ပြောနေသည်။ စစ်ထဲမှ ပြန်လာသည့်အခါ စမစ်သည် အလုပ်ကောင်းကောင်း ရသည်။ နေစရာ အိုးအိမ်ကောင်းကောင်း ရသည်။ ထို့ကြောင့် အီတလီသူ လူကရီဇီယာ ပျော်ရွှင်ချမ်းမြေ့သည်။ စမစ်သည် ရှိတ်စပီးယား၏ ပြဇာတ်များကို ပြန်၍ ဖတ်သည်။ သို့သော်လည်း သူ မပျော်၊ အမြဲလိုလို တွေဝေငေးမှိုင်နေလေ့ရှိသည်။ သူတို့လင်မယားတွင် သားသမီး မရှိ။ စမစ်က သားသမီး မလိုချင်။

www.nyisay.com



လောကကြီးသည် မတရား၊ သာယာမှု မပေးနိုင်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် သားသမီး မွေးချင်စိတ် စမစ်တွင် မရှိ။

ထိုအခါ လူကရီဇီယာက ဒေါက်တာဟုမ်းကို ပင့်ခေါ်၍ တိုင်ပင်သည်။ ဒေါက်တာဟုမ်း ညာနေသည်ထင်ပြီး စမစ်က မကြိုက်။ လူကရီဇီယာမှာ နားမလည်နိုင် ဖြစ်ရသည်။ ဒေါက်တာဟုမ်းသည် ကြင်နာမှု ရှိသည်၊ စမစ်ကိုလည်း ဂရုစိုက်သည်။ နောက်ဆုံးတွင် စိတ်ရောဂါကု ဆရာဝန် ဆာ ဝီလျံ ဘရက်ရှော ထံသို့ စမစ်ကို ခေါ်သွားသည်။ စမစ်မှာ တက်လမ်းရှိသူ ဖြစ်သည်ကို သူ့မိန်းမက သိသည်။ အလုပ်ရှင်က စမစ် တော်ကြောင်း ပြောသည်။ သို့ဖြစ်ရာ ဘာ့ကြောင့် သူ့ကိုယ်သူ သတ်သေချင်သလဲ ဆိုသည်ကို မည်သူမျှ မသိ။ စမစ်က ပြစ်မှုတစ်ခု သူ ကျူးလွန်ခဲ့သည် ဟု ပြောသည်။ သို့သော်လည်း သူ့မှာ ဘာပြစ်မှုမှ မရှိသည်ကို လူကရီဇီယာ သိသည်။ ဆာဝီလျံက အခြားတစ်နေရာရာတွင် သွား၍ နေရန် အကြံပေးသည်။ သူတစ်ယောက်တည်း နေလျှင် ကောင်းမည်ဟူ၍လည်း ပြောသည်။

ထိုအချိန်မှာပင် မစ္စက်ဒေါလိုဝေးသည် အိမ်သို့ ပြန်လာသည်။ လေဒီ ဘရူတန်က ရစ်ချတ်ဒေါလိုဝေးကို နေ့လယ်စာ ဖိတ်ကျွေးသည်။ မစ္စက်ဒေါလိုဝေးသည် မီလီဆင့် ဘရူတန်ကို ဘယ်တုန်းကမျှ မနှစ်သက်ခဲ့ပေ။ ထိုမိန်းမမှာ လည်လွန်းသည် သူ ထင်သည်။ ထိုနောက် ပီတာဝဲသည် မစ္စက်ဒေါလိုဝေးဆီသို့ လာရောက်လည်ပတ်သည်။ မစ္စက်ဒေါလိုဝေး အံ့ဩမိသည်။ သူ့ကို ပြန်တွေ့ရတော့ ဝမ်းသာသည်။ သူ့သမီး အယ်လိဇဘက်နှင့် မိတ်ဆက်ပေးသည်။ ပီတာက မစ္စက်ဒေါလိုဝေးအား နေရထိုင်ရတာ ပျော်ရဲ့လား မေးသည်။ ဘာ့ကြောင့် မေးသလဲ မစ္စက်ဒေါလိုဝေး အံ့အားသင့်သည်။ ပီတာ ပြန်သည့်အခါ ညစာစားပွဲလာရန် မမေ့ဖို့ သတိပေးသည်။ မစ္စက်ဒေါလိုဝေးနှင့် သူ့ပါတီပွဲများအကြောင်း ပီတာ စဉ်းစားကြည့်သည်။ ထိုပါတီပွဲများသည်ပင် မစ္စက်ဒေါလိုဝေး၏ဘဝ ဖြစ်သည်ကို နားလည်လာသည်။ သည်ကိစ္စများကိုပဲ လောကမှာ သူ အရေးထားဟန် တူသည်။ ယခုမှ ပီတာသည် သူ့မိန်းမနှင့် ကွာရှင်းခဲ့ပြီး အင်္ဂလန်သို့ ရောက်လာသည်။ သူ့အဖို့ လောကကြီးသည် အလွန်နားလည်ရခက်ပြီး အလွန်ရှုပ်ထွေးသည်။ ပီတာသည် တခြားမိန်းမတစ်ယောက်နှင့် ချစ်ကြိုက်နေသည်။ ထိုမိန်းမမှာ ကလေး နှစ်ယောက် ရှိသည်။ ယခု လန်ဒန်သို့ ရောက်လာသည်မှာ ထိုမိန်းမအတွက် လင်မယား ကွာရှင်းပေးရေးဖြစ်ပြီး သူကိုယ်တိုင် အလုပ်အကိုင်တစ်ခု ရှာဖွေရေး ဖြစ်သည်။ သူ့ကို ဟယု ဝှစ်ဘရက်က အလုပ်ရှာပေးလိမ့်မည်။ အစိုးရအလုပ် တစ်ခုခု ရနိုင်မည် သူ မျှော်လင့်ထားသည်။

www.nyisay.com



ထိုညက ကလာရစ်ဆာ ဒေါလိုဝေး၏ ပါတီမှာ အောင်မြင်သည်။ ပျော်စရာကောင်းသည်။ အစကမူ သည်မျှ အောင်မြင်လိမ့်မည် ကလာရစ် မထင်။ နောက်ဆုံးတွင် နန်းရင်းဝန်ကြီး ရောက်လာသည်။ ထိုအခါ ညစာစားပွဲသည် ပြည့်စုံသွားပြီ။ ပီတာလည်း ရောက်လာသည်။ လေဒီရော့ဆက်တာနှင့် ပီတာ တွေ့သည်။ လေဒီရော့ဆက်တာဆိုသည်မှာ ဆယ်လီဆက်တန် ဖြစ်နေကြောင်း တွေ့ရသည်။ သူ့ကို ဖိတ်ကြားထားသည် မဟုတ်။ သို့သော်လည်း လမ်းကြုံသဖြင့် ပါတီပွဲသို့ ဝင်လာခြင်း ဖြစ်သည်။ သူ့တွင် သား ငါးယောက်ရှိသည်ဟု ပီတာအား ပြောပြသည်။ သူတို့ စကားတွေ ပြောကြသည်။ ထိုနောက် အယ်လိဇဘက် ဝင်လာသည်။ အတော်လှသည့် မိန်းမပါလားဟု ပီတာ သတိထားမိသည်။

ထိုနောက် ဆရာဝန်ကြီး ဆာဝီလျံဘရက်ရှော ဇနီးမောင်နှံ ရောက်လာသည်။ သူ၏လူနာတစ်ယောက် သူ့ကိုယ်သူ သေကြောင်းကြံသဖြင့် သူတို့ နောက်ကျရသည်ဟု ပြောပြသည်။ လူနာမှာ စမစ်ဖြစ်သည်။ စမစ်သည် သူ့ဘဝသူ မကျေမနပ်ဖြစ်ပြီး ပြတင်းပေါက်မှ ခုန်ချသည်။ စမစ်မှာ တောရပ်သို့ ပြောင်းရွှေ့ မနေထိုင်ဖြစ်။ ထိုအကြောင်း ကြားရလျှင် ကလာရစ်ဆာ စိတ်မချမ်းမသာ ဖြစ်ရသည်။ စမစ်ကို သူ မသိ။ သို့သော်လည်း စိတ်ချောက်ချားနေသော လူငယ်တစ်ယောက်ဖြစ်မှန်း သိရသည့်အခါ ပို၍ စိတ်မကောင်း ဖြစ်မိသည်။ ကလာရစ်ဆာသည် လောကကို ကျေနပ်နေသူ ဖြစ်သည်။ ဘဝကို အချည်းနှီး မဖြစ်အောင် သူ နေထိုင်သည်။ သို့တိုင်အောင် တစ်ခါက ရေပန်းတစ်ခုဘေးတွင် ရပ်နေစဉ် ပီတာဝဲ့ ရောက်လာပြီး စိတ်ဆိုးမာန်ဆိုးနှင့် ရစ်ချတ် ဒေါလိုဝေးကို လက်ထပ်ဖို့ ရည်ရွယ်သလားဟု မေးဖူးသည်ကို အမှတ်ရလာသည်။ ပြီးတော့ ရစ်ချတ်သည် ဘယ်တော့မျှ နန်းရင်းဝန်ကြီး ဖြစ်၍မလာ။ မည်သို့ဖြစ်စေ သူ့ပါတီပွဲသို့ နန်းရင်းဝန်ကြီး တက်ရောက်လာသည် မဟုတ်လား။ ယခုမူ ကလာရစ်ဆာ အိုမင်းလာပြီ။ သို့သော်လည်း ချစ်စရာ၊ မြတ်နိုးစရာ မိန်းမတစ်ယောက်မှာ အရေးမပါသော သူတစ်ယောက် ဖြစ်နေသည်ကိုမူ နားလည်လာသည်။

ဆယ်လီနှင့် ပီတာတို့ စကားပြောနေကြသည်။ ကလာရစ်ဆာနှင့် ရစ်ချတ်တို့ ဘဝမှာ ပျင်းရိစရာကောင်းသည် ထင်သည်။ သို့တိုင်အောင် သူတို့ ပျော်ရွှင်နေကြသည်မှာ အံ့ဩစရာကောင်းသည်။ ရစ်ချတ်သည် အရင်ကထက် ပို၍ တိုးတက်လာပြီဟု ဆယ်လီ သဘောတူသည်။ ပီတာကို သူထားခဲ့ပြီး ရစ်ချတ်နှင့် သွား၍ စကားပြောသည်။ ပီတာ့အဖို့ ထူးဆန်းနေသည်။ ဘာဖြစ်လို့ သူ့စိတ်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေသလဲ၊ စဉ်းစား၍ မရနိုင် ဖြစ်ရသည်။ ကလာရစ်ဆာနှင့် တွေ့တိုင်း သူ့အဖို့ သည်လို ခံစားရသည်။ အသက်အရွယ် ကြီးလာသည့်တိုင်

www.nyisay.com



လှပသိမ်မွေ့နေသော ကလာရစ်ဆာကို သူ အချစ်မပြယ်သေးကြောင်း နောက်ဆုံးတွင် နားလည်မိလေသည်။

*

ဗာဂျီးနီးယားဝု(Virginia Woolf) ကို ၁၈၈၂ တွင် လန်ဒန်၌ မွေးဖွားပြီး ပညာရှင်နှင့် ဝေဖန်ရေးဆရာ ဆာလက်စလီ စတီဖင်၏ သမီးဖြစ်သည်။ အမေရိကန်ကဗျာဆရာ ဂျိမ်း ရတ်ဆယ်လိုဝဲမှာ လိမ္မာရေးခြားရှိအောင် သွန်သင်ဆုံးမသည့် မိဘတစ်ဦး ဖြစ်သည်။ သူ့အဖေ ဆာလက်စလီ၏ အိမ်တွင် အင်္ဂလိပ် ဝတ္ထုရေးဆရာ သောမတ် ဟာဒီ(၁၈၄၀–၁၉၂၈)၊ ရောဘတ် လူးဝစ် စတီဗင်ဆန်(၁၈၅၀–၁၈၉၄)၊ ဂျော့ မယ်ရဲဒစ်(၁၈၂၈–၁၉၀၉)တို့နှင့် သိကျွမ်းခဲ့သူ ဖြစ်သည်။

ဗာဂျီးနီးယားမှာ သေးသွယ်နုနယ်သူ ဖြစ်ပြီး အလွန်ရှက်တတ်သူဖြစ်သည်။ သူ့အဖေ၏ ကိုယ်ပိုင်စာကြည့်တိုက်တွင် ပညာရှာမှီးခဲ့ကာ ၁၉၁၂ တွင် ထက်မြက်သော သတင်းစာဆရာ လီယိုနတ်ဝုနှင့် လက်ထပ်ခဲ့သည်။ သိရိလက်ာတွင် အမှုထမ်းရာမှ ပြန်လာခဲ့ပြီး ငါးနှစ်အကြာတွင် လက်လှည့် ပုံနှိပ်စက်တစ်ခု တည်ထောင်ကာ ထုတ်ဝေရေးလုပ်ငန်းကို စတင် လုပ်ကိုင်ခဲ့သူ ဖြစ်သည်။

ဗာဂျီးနီးယား ဝု၏ ထင်ရှားသည့် အခြားလက်ရာများမှာ **မီးပြတိုက်သို့** (To the Lighthouse) (၁၉၂၇)၊ **အော်လန်ဒို**(Orlando) (၁၉၂၈) နှင့် **လှိုင်းများ** (The Waves) (၁၉၃၁)တို့ ဖြစ်သည်။

## တရားခွင် (၁၉၂၅)

### ဖရန့် ကပ်ဖကာ (၁၈၈၃–၁၉၂၄)

၂၀ ရာစုနှစ် ဥရောပတိုက်နှင့် အမေရိကတိုက်၏ စာပေအယူအဆများတွင် ဘဝပဓာနဝါဒသည် အတော်အတန် သြဇာညောင်းသော ဝါဒဖြစ်သည်။ စာရေးဆရာ ဖရန့်ကပ်ဖကာသည် ဘဝပဓာန ဝါဒကို စာပေနယ်ထဲသို့ ရှေးဦးစွာ သွတ်သွင်းလာသူများအနက် တစ်ဦး အပါအဝင် ဖြစ်သည်ဟု ဆိုကြသည်။ ကပ်ဖကာသည် ဝတ္ထုတို၊ ဝတ္ထုရှည်များကို ရေးခဲ့သော်လည်း သူ အသက်ရှင်စဉ်က ထိုဝတ္ထုများကို တစ်ခါမျှ ပုံနှိပ်ထုတ်ဝေဖူးသည် မဟုတ်။ သေတမ်းစာရေးသော အခါ၌လည်း သူ့ဝတ္ထုများကို သူသေလျှင် မီးရှို့ပစ်ရန် မှာကြားခဲ့သည်။ ကပ်ဖကာ၏ မိတ်ဆွေ ဂျာမန်စာပေဝေဖန်ရေးသမား တစ်ဦးကြောင့် ဝတ္ထုသုံးပုဒ်သည် မီးရှို့ မခံရဘဲ ကျန်ရစ်သည်။ ထိုသုံးပုဒ်ကို ကပ်ဖကာ သေပြီးမှ ထုတ်ဝေရာ သုံးပုဒ်စလုံး ကမ္ဘာကျော်ဝတ္ထုများ ဖြစ်လာသည်။

**တရားခွင်**ဝတ္ထုတွင်ပါသော သင်္ကေတသကော်တို့သည် အနက်ငုပ်သဘော ရှိသည်။ စာပေဝေဖန်ရေးသမားများက တရားခွင် ဝတ္ထုသည် ရူပကကထာများ၊ သင်္ကေတများ ဖြင့်ပြည်သော ဝတ္ထုဖြစ်ရာ အနက်အမျိုးမျိုး ထွက်ဆိုနိုင်သည်ဟု ဆိုကြသည်။ **တရားခွင်**ဝတ္ထုသည် စိတ်ကူးယဉ်(Fantasy) ဝတ္ထုဆန်သော်လည်း စိတ်ကူးယဉ်မှုများသည် အခိုင်အခံ့ ဆိုလိုရင်းများ အပေါ်၌ တည်ဆောက်ထားသည်။

www.nyisay.com



တရားခွင်ဝတ္ထုတွင် အဓိက ဇာတ်ဆောင်မှာ ဂျိုးဇက်-ကေ ဆိုသူပင် ဖြစ်သည်။ ဂျိုးဇက်ကေသည် အပျော်အပါး ကင်းမဲ့သော၊ အလုပ်ကြိုးစားသော၊ သီးသီးခြားခြား နေတတ်သော၊ မိန်းမဌ် အထိုက်အလျောက် ဝါသနာထုံသော လက်ထောက် ဘဏ်မန်နေဂျာတစ်ဦး ဖြစ်သည်။ ဂျိုးဇက် အသက် ၃၀ ပြည့်သော နေ့ နံနက်ခင်းတွင် လူနှစ်ယောက် လာရောက်ကာ သူ့ကို ဖမ်းဆီးကြောင်း ပြောပြသည်။ မည်သည့်ပြစ်မှုကို ကျူးလွန်ခဲ့သည့်အတွက် သူ့ကို ဖမ်းဆီးရကြောင်း ကိုမူ လုံးဝ မပြောပြ။ ဂျိုးဇက်ကို ဖမ်းဆီးသော်လည်း ဘဏ်တိုက်သို့ သွားခွင့် ပြုသည်။ ယခုနေဆဲ ဘော်ဒါဆောင်၌လည်း နေခွင့်ပြုသည်။

ကပ်ဖကာသည် သူ၏ တရားခွင်ဝတ္ထုကို ဤအခန်းဖြင့် စတင်ဖွင့်ခဲ့သည်။ လူမှန်လျှင် သန္ဓေယူကတည်းက အပြစ်ပါလာသည်ဟု ကပ်ဖကာ ဆိုလိုဟန် ရှိနေကြောင်း ဤအဖွင့်ကို ထောက်၍ ပြောကြသည်။

လွတ်လွတ်လပ်လပ် အဖမ်းခံနေရသော ဂျိုးဇက်ထံသို့ တရားရုံးမှ ဆင့်ဆိုစာ ရောက်လာသည်။ တရားရုံး၏ တည်နေရာကို ဖော်ပြထားသော်လည်း မည်သည့်အချိန်တွင် တရားရုံးရှေ့မှောက်၌ ရှိနေရမည် ဟူသော အချက်ကား အလျဉ်း မပါပေ။ ဂျိုးဇက်သည် တရားရုံးသို့ ကိုးနာရီအရောက် သွားသည်။ ထူးဆန်းသည်ကား တရားရုံးသည် ဂိုဒေါင်ကြီးလိုလို အဆောက်အအုံ၌ ဖွင့်လှစ်ထားသည်။ ပဉ္စမထပ်၌ ခဝါသည် မိန်းမတစ်ဦးကို ဂျိုးဇက် တွေ့ရသဖြင့် တရားရုံးတည်ရာ အခန်းကိုမေးရာ ခဝါသည်မကြီးက သူ့အခန်းနံရံရှိ တံခါးကို ညွှန်ပြသည်။ နံရံမှ တံခါးကို တွန်းဖွင့်လိုက်သောအခါ ခန်းမကြီးတစ်ခန်းကို တွေ့ရပြန်သည်။ ထိုခန်းမကြီးတွင် တရားသူကြီးများနှင့် လုံးဝ မတူသော သူများကို တရားသူကြီးအဖြစ် ဂျိုးဇက် တွေ့ရသည်။ သူတို့က ဂျိုးဇက်ကို တစ်နာရီနှင့် မိနစ် ၄၀ နောက်ကျပြီး လာသည့်အတွက် အပြစ်ဆိုသည်။ ဂျိုးဇက်က ဆင့်ဆိုစာတွင် အချိန်မပါကြောင်း၊ ဘယ်ပြစ်မှုအတွက် ထုချေရမည်ကိုလည်း မသိကြောင်း ပြောပြရာ တရားခွင်ရှိ လူအပေါင်းက ဂျိုးဇက်ကို ဩဘာပေးကြသည်။ သို့သော် တရားသူကြီးများသည် ဂျိုးဇက်ကို ဘယ်အပြစ် ကျူးလွန်ကြောင်း ပြောမပြပေ။ ဂျိုးဇက်သည် ပရိသတ်၏ အားပေးမှုကြောင့် အားတက်လာကာ တရားရုံး၏ လုပ်ထုံးလုပ်ရပ်များကို ရှုတ်ချသည်။ သူ့ကို ဘယ်သူက ဖမ်းသနည်းဟု မေးခွန်းများ ထုတ်သည်။ နောက်ဆုံးတွင် ဂျိုးဇက်သည် ဤလိုတရားရုံးများနှင့် မဆက်ဆံတော့ပါဟု ဆိုကာ ထွက်လာခဲ့သည်။ ဤသို့သာ ပြောခဲ့သော်လည်း တရားရုံးမှ နောက်ထပ် ဆင့်ဆိုစာများ ရောက်လာမည်ဟု ဂျိုးဇက် မျှော်လင့် စောင့်စားသည်။ ဆင့်ဆိုစာများ ရောက်မလာသောအခါတွင် ဂျိုးဇက်သည် နေမထိ ထိုင်မသာ ဖြစ်ကာ တရားရုံးရှိရာသို့ သွားမိပြန်သည်။ •

www.nyisay.com



ရုံးတည်ရာသို့ ရောက်သောအခါ ယခင်အပတ်က တွေ့ရသော ခဝါသည်မကြီးကို တွေ့ရပြန်သည်။ ခဝါသည်မကြီးက ဒီကနေ့ ရုံးမထိုင်ကြောင်း ပြောပြသည်။ ထို့နောက် ရုံးနှင့်ပတ်သက်၍ သူ သိသလောက် အနည်းအကျဉ်း ပြောပြသည်။ ထိုခဝါသည်မကြီး၏ အဆိုအရ ယခု ရုံးသည် အောက်ရုံးကလေးမျှသာ ဖြစ်ကြောင်း၊ အောက်ရုံးကလေးက အပြစ်မှ လွှတ်သည့်တိုင်အောင် အထက်ရုံးက တရားခံကို ပြန်လည်ဖမ်းဆီးပြီး ယခင် စွပ်စွဲချက်အရပင် စစ်ဆေးတတ်ကြောင်း ပြောပြသည်။

ဂျိုးဇက် ဦးလေး၏ အကြံပေးချက်အရ ဂျိုးဇက်သည် သူ့အမှုအတွက် ရှေ့နေ ငှားရမ်းသည်။ ရှေ့နေထံ အမှုအတွက်သွားရင်း ရှေ့နေ၏ အိမ်ဖော်မကလေး လယ်နီနှင့် ဂျိုးဇက် ကျူးလွန် ဖောက်ပြားသည်။ ရှေ့နေကား အိပ်ရာထဲ လဲနေသူ ဖြစ်ရကား အမှုအတွက် မည်မည်ရရ ဘာမျှ လုပ်ကိုင်မပေးနိုင်ပေ။ လပေါင်း အတန်ကြာသောအခါမှ ရှေ့နေမင်းသည် ဂျိုးဇက်အတွက် အသနားခံစာ ရေးရန် စိတ်ကူးရကြောင်း ပြောပြသည်။ ဂျိုးဇက်သည် အလွန်အမင်း စိတ်ပျက်ကာ ရှေ့နေ မငှားတော့ကြောင်း အကြောင်းကြားလိုက်သည်။

ဂျိုးဇက်သည် သူ့အမှုအကြောင်း သိတန်ကောင်းရဲ့ဟု ယူဆကာ တရားရုံးတွင် ပန်းချီဆရာလုပ်နေသူ တစ်တိုးရယ်လီထံသို့ သွားရောက်မေးမြန်းသည်။ တစ်တိုးရယ်လီက သိပ်ပြီး မျှော်လင့်ချက်မထားဖို့ ပြောပြသည်။ တရားရုံးသည် တရားသေ လွှတ်ချင် လွှတ်သည်၊ တရားရှင် လွှတ်ချင် လွှတ်သည်၊ သို့မဟုတ် အမှုကို ရက် အကန့်အသတ်မရှိ ရွှေ့ချင် ရွှေ့ဆိုင်းသည်။ သို့သော် ယခုအထိ တရားသေ လွှတ်လိုက်သော အမှုတစ်ခုမျှ မရှိသေးဟု ဆိုသည်။ ဂျိုးဇက်သည် တစ်တိုးရယ်လီထံမှ ထပ်တူထပ်မျှ တူသော ပန်းချီကားချပ် သုံးချပ်ကို ဝယ်ယူပြီး ပြန်လာခဲ့သည်။

ထို့နောက် တရားရုံး၏ ဘာသာရေးဆရာဖြစ်သော ဘုန်းကြီးတစ်ပါးထံသို့ သွား၍ အမှုအကြောင်း မေးမြန်းသည်။ ဘုန်းကြီးက ဂျိုးဇက်သည် သူ့အပေါ် စွပ်စွဲထားသည့် ပြစ်မှုကို ဧကန် ကျူးလွန်ခဲ့လိမ့်မည်သာ ဖြစ်ကြောင်း ပြောသည်။ သို့သော် ဂျိုးဇက်သည် သူ့အပေါ် စွပ်စွဲထားသည့် ပြစ်မှုကို ယခုထက်တိုင် မသိနိုင်သေးပေ။ ဘုန်းကြီးလည်း သိဟန် မတူပေ။

သို့နှင့်ပင် ဂျိုးဇက်သည် မနက်ဖြန်ဆိုလျှင် သူ၏ ၃၁ နှစ်မြောက် မွေးနေ့ကို ကျင်းပရမည့် အချိန်သို့ ရောက်လာသည်။ ထိုနေ့ည ၉ နာရီတွင် လူနှစ်ယောက် ဂျိုးဇက်ထံ ရောက်လာကာ ဂျိုးဇက်ကို ကမ်းနားဆိပ်ဘက်သို့ ခေါ်သွားသည်။ တစ်ယောက်သောသူက ဂျိုးဇက်၏ လည်ပင်းကို ဖျစ်ထားချိန်တွင် အခြား

www.nyisay.com



တစ်ယောက်က ဂျိုးဇက်၏ နှလုံးသားရှိရာသို့ ဓားဖြင့် စိုက်ထိုးချလိုက်ပြီး ဓားဦးကို နှစ်ချက် မွှေလိုက်သည်။

စာပေသမိုင်းဆရာများက ဤ**တရားခွင်** ဝတ္ထုကို စာရေးဆရာ ဖရန့် ကပ်ဖကာက အဆုံးမသတ်ဘဲ ထားရစ်ခဲ့သည်ဟု ဆိုသည်။ ဤဝတ္ထုကို အဆင့် အမျိုးမျိုး၊ ရှုထောင့်အစုံစုံမှ ဖတ်ယူနိုင်သည်ဟု စာပေဝေဖန်ရေးသမားများက ဆိုသည်။

စိတ်ပညာရှုထောင့်မှကြည့်လျှင် ဇာတ်ဆောင် ဂျိုးဇက် အလုပ်လုပ်သော ဘဏ်တိုက်သည် သိစိတ်၊ ဂျိုးဇက် ရင်ဆိုင်ရသော တရားရုံးသည် မသိစိတ်ဖြစ်ပြီး ထိုသိစိတ်နှင့် မသိစိတ်တို့၏ ဝိရောဓိတရားကို ဖော်ပြသည်ကို မြင်နိုင်သည်ဟု ဆိုသည်။

တချို့ကလည်း **တရားခွင်**ဝတ္ထုသည် ဩစထရီးယား အင်ပိုင်ယာ၌ ထွန်းကားသော ဗျူရိုကရေစီ စနစ်ကို တိုက်ခိုက်ထားသော ဝတ္ထု ဖြစ်သည်ဟု ယူဆသည်။

ဘဝပဓာန သမားများကမူ ကပ်ဖကာသည် လူ့ဘဝ၏ အဓိပ္ပာယ်မဲ့မှုကို ဖော်ပြသော ဝတ္ထုကို ရေးသားခဲ့ခြင်းသာ ဖြစ်သည်ဟု ဝေဖန် စိစစ်ကြလေသည်။

www.nyisay.com

## အနောက်ဘက် စစ်မျက်နှာ (၁၉၂၈)

### အီးရစ် မာရီယာ ရယ်မတ် (၁၈၉၈–၁၉၇၀ )

၁၉ ရာစု အကုန်ပိုင်းနှင့် ၂၀ ရာစု အနီးပိုင်းတွင် ဥရောပတစ်ခွင်၌ အရင်းရှင်ကြီးများသည် အရှိန်အဟုန်ပြင်းစွာ ဖွံ့ဖြိုးလာခဲ့သည်။ ဘဏ္ဍာအရင်းရှင်စနစ်ကို မိမိရရ ထူထောင်ပြီးသည်နှင့် တစ်ပြိုင်နက် ဈေးကွက် လုသော၊ ကုန်ရိုင်း လုသော ပထမကမ္ဘာစစ် ဖြစ်လာသည်။ အရင်းရှင်ချင်းချင်း တိုက်သော စစ်ပွဲကြီး ဖြစ်သော်လည်း တကယ်တမ်း သူသေကိုယ်သေ တိုက်ရသူများမှာ သာမန် လူငယ်လူရွယ်ကလေးများသာ ဖြစ်သည်။ သာမန် လူငယ်လူရွယ်ကလေးများ အချင်းချင်း သတ်ရဲဖြတ်ရဲ ဖြစ်လာအောင် အရင်းရှင်များသည် အဖနိုင်ငံတော်အတွက် ဟူ၍ လည်းကောင်း၊ တိုင်းချစ်ပြည်ချစ်စိတ် နိုးကြားကြဟူ၍ လည်းကောင်း လူငယ်လူရွယ်တို့၏ စိတ်ကို နှိုးဆွကာ ဖြားယောင်းကြသည်။ ကိုယ်ကျိုး ကိုယ့်စီးပွား အတွက် အမြတ်ထုတ်ကြသည်။

ဤအဖြစ်ကို ဂျာမန် စာရေးဆရာ အီးရစ်မာရီယာရယ်မတ်သည် **အနောက်ဘက်စစ်မျက်နှာ** ဟူသော ဝတ္ထုဖြင့် တင်ပြလေသည်။ ရယ်မတ်၏ **အနောက်ဘက် စစ်မျက်နှာ** ဝတ္ထုသည်(၁၉၁၄–၁၈) တွင် ဖြစ်ပေါ်ခဲ့သော ပထမကမ္ဘာစစ်အတွင်း လူငယ်လူရွယ်တို့၏ အခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ပြနိုင်သည်ဟု ဆိုကြသည်။

www.nyisay.com



အနောက်ဘက်စစ်မျက်နှာ ဝတ္ထုသည် ရိုးရိုးစင်းစင်း ဖွဲ့ထားသော ဝတ္ထု ဖြစ်သည်။ အဓိကဇာတ်ကောင်ဖြစ်သူ ပေါဖော်မာက ပြန်ပြောပြဟန်ဖြင့် ရေးထားသည်။

ပေါဖော်မာတို့ ကျောင်းသားကလေးများကို ကျောင်းဆရာ ကန်တိုရက်က နိုင်ငံအတွက် စစ်တိုက်ကြ၊ လူမျိုးအတွက် တိုက်ပွဲဝင်ကြဟု ဟောပြောလှုံ့ဆော်သည်။ နောင်တွင် ပေါဖော်မာက "ဆရာကန်တိုရက်သည် တိုက်ပွဲဝင်ကြ၊ အသက်စွန့်ကြဟု ဟောပြောရေးချွတ်နေချိန်တွင် ကျွန်တော်တို့ စစ်သားပေါက်စကလေးများသည် စစ်မြေပြင်၌ အသေများ၊ ဒဏ်ရာရသူများကိုသာ နေ့စဉ် မြင်တွေ့နေရပေသည်" ဟု မှတ်ချက်ချခဲ့သော်လည်း လောလောဆယ်တွင်မူ ကန်တိုရက်၏ မျက်ကန်းမျိုးချစ်တရား နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကာ စစ်ထဲသို့ ဝင်ခဲ့ကြသည်။ ပေါဖော်မာနှင့် သူငယ်ချင်းများသည် စစ်မြေပြင်သို့ မသွားမီ အခြေခံစစ်ပညာများကို တစ်နှစ်တာမျှ သင်ရသည်။ ထိုသင်တန်းတွင် ပေါဖော်မာတို့ လူသိုက်သည် အလွန်တရာ အနိုင်ကျင့် နှိပ်စက်ကလူ ပြုတတ်သော ပိုရယ်ဟင်မဲစတော့ကို ရင်ဆိုင်ရသည်။ စစ်ပညာကို တစ်နှစ်တာမျှ သင်ယူရသော်လည်း တကယ်လက်တွေ့၌မူ ထိုစစ်ပညာသည် သူတို့အသက်ကို လုံခြုံအောင် မကာကွယ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ပေါဖော်မာ၏ တစ်တန်းတည်းသား သူငယ်ချင်းအချို့မှာ သေသူသေ၊ လူစဉ်မမီတော့အောင် ဒဏ်ရာရသူရ ဖြစ်သောကြောင့်တည်း။ ဖော်မာသည် ကျဆုံးသွားသော သူငယ်ချင်းများ၏ မျက်နှာကိုသာ တဝဲလည်လည် မြင်တွေ့နေရသောကြောင့် ပြဇာတ်ရေးဆရာ လုပ်ချင်သော စိတ်သည်လည်း တဖြည်းဖြည်း ခန်းခြောက်လာသည်။

ယခုမူ ဖော်မာတို့ ကျောင်းနေဖက် သူငယ်ချင်း လေးယောက်သာ အသက်ရှင် ကျန်ရစ်ခဲ့ရကား ထိုလေးယောက်သည် တပူးတွဲတွဲ နေထိုင်ကြသည်။ "မူလာ" သည် စစ်မြေပြင်သို့ ကျောင်းသုံးစာအုပ်များကိုပင် ယူဆောင်လာသူ ဖြစ်သည်။ တစ်နေ့တွင် သူသည် စာမေးပွဲများကို အလွယ်တကူ ဖြေဆိုအောင် မြင်မည်ဟု ထင်မှတ်မှားနေရှာသည်။ ကျောင်းတုန်းက သင်္ချာပါရဂူ ဖြစ်လာနိုင်သည်ဟု ဗျာဒိတ် ခံရဖူးသော လီယာသည် ယခုမူ အရာရှိများအတွက် သီးသန့်ဖွင့်လှစ်ထားသော ဆောင်ကြာမြိုင်မှ မိန်းမများကိုသာ တတွေးတောတော သွားရည်ယိုနေသည်။

ပေါဖော်မာတို့ လူသိုက်သည် တပ်ခွဲတစ်ခွဲသို့ ရောက်လာသောအခါ သူတို့ဘဝနှင့် နောက်ခံချင်း မတူသည့် လူတစ်သိုက်နှင့် ပေါင်းဖက်မိသည်။ စိတ်ရောကိုယ်ပါ အခြေအနေ ယိုင်နေသော ယာဒင်း(စစ်မတိုင်မီက သော့ပြင်

www.nyisay.com



သမား)၊ ခွန်တိုက်အားတိုက် အကူအညီ ပေးတတ်သော ဝီးသု(စစ်မတိုင်မီက တွင်းတူးသမား)၊ သူ့လယ်ယာနှင့် သူ့မယားအကြောင်းကိုသာ အမြဲတွေးတောနေသော လယ်သမားဟောင်း ဒက်ဟာရင်းတို့နှင့် ပေါဖော်မာတို့ လူတစ်သိုက် အဖွဲ့ကျသည်။ သူတို့အဖွဲ့တွင် ခေါင်းဆောင်ကား ကတ်ဇင်းစကီး ဖြစ်သည်။ ဖော်မာက "ကတ်(သူတို့လူသိုက်က ချစ်စနိုးခေါ်သော အမည်) သည် ရာသီဥတုကောင်းမည် မကောင်းမည်၊ အစားကောင်း အသောက်ကောင်း ဖန်နိုင်မည် မဖန်နိုင်မည်၊ သက်သက်သာသာ အလုပ် ရှိမည် မရှိမည်ကို အနံ့ခံကောင်းသူ ဖြစ်သည်" ဟု မှတ်ချက်ချသည်။ ကတ်သည် အသက် ၄၀ ခန့်ရှိပြီ ဖြစ်ရာ ဖော်မာတို့လို စစ်သားငယ်ကလေးများအပေါ် ဖခင်တစ်ဦးသဖွယ် စောင့်ရှောက်တတ်သည်။ အင်မတန် စိတ်နောက်ကျို ညစ်ညျူးဖွယ်ကောင်းသော အချိန်မှာပင် သူတစ်ပါး ရယ်မောလာအောင် ဟာသလုပ်နိုင်စွမ်းရှိသူ ဖြစ်သည်။

အသက်အရွယ် ရပြီဖြစ်သော စစ်သားကြီးများကား ဘဝတွင် အိုးနှင့်၊ အိမ်နှင့်၊ အလုပ်အကိုင်နှင့် အခြေတကျ နေခဲ့ဖူးသည်။ ဖော်မာတို့လို လူငယ်များကား ဘဝတွင် ဘာဆိုဘာမျှ အတည်တကျ မဖြစ်မီ စစ်မုန်တိုင်းထဲတွင် လွင့်ပါလာရသော အဖြစ်နှင့် ကြုံနေရသည်။ ရင်ထဲတွင် တွယ်စရာ တာစရာ မရှိ၊ ဟာလာဟင်းလင်း ရှိလှသည်။ ရင်ထဲမှာ ရှိနေသော ဟင်းလင်းနယ်သို့ စစ်၏ အနိဋ္ဌာရုံများသာ စုပြုံ ဝင်ခို နေလေသည်။

တစ်ကြိမ်တွင် ပေါဖော်မာသည် အိမ်ပြန်ခွင့် ၁၄ ရက် ရသည်။ ပေါဖော်မာသည် ကိုယ့်ရပ်ကိုယ့်ဌာနေ ရောက်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမည့်အစား ဝမ်းနည်းစရာတွေကိုသာ ထပ်တလဲလဲ တွေ့နေရသည်။ ပေါဖော်မာ၏ အမေသည် ရာရှင်စနစ်ဖြင့် ဝေသည့် အစားအစာထဲမှ သူ့သား ကြိုက်တတ်သော အစားအစာများကို သိမ်းထားပြီး သားကို ကျွေးသည်။ ဖော်မာ၏ အစ်မက သူတို့အမေတွင် ကင်ဆာရောဂါ စွဲကပ်နေကြောင်း ပြောပြသည်။ ထို့ကြောင့် ရှေ့တန်းစစ်မျက်နှာအကြောင်းကို သူ့အမေအား ပြောပြရသောအခါ ရယ်စရာမောစရာ အားတက်ရွှင်လန်းစရာများကိုသာ ရွေးချယ်ပြောရလေသည်။ ဖော်မာ၏ ဖခင်ကလည်း စစ်မျက်နှာအကြောင်းကို ထပ်ကာထပ်ကာ မေးနေသည်။ ထိုအမေးများကို ဖော်မာ မဖြေချင်။ အမှန်ကိုသာ ဖွင့်ဟ ဖြေဆိုပါက သူ့အဖေသည် စိတ်အပျက်ကြီး ပျက်သွားမည်ကို ဖော်မာ သိနှင့်ပြီး ဖြစ်လေသည်။ ခွင့်ရက်စေ့သောအခါ ဖော်မာသည် ဝမ်းပန်းတသာနှင့် စစ်မြေပြင်သို့ ပြန်ခဲ့သည်။

စစ်မြေပြင်သို့ ပြန်ရောက်သောအခါ ဖော်မာ၏ စိတ်ထဲ၌ သူတို့မိတ်ဆွေ သူငယ်ချင်းများ၏ အေးအတူ ပူအမျှ ဘဝသည် ကြာရှည် ခိုင်မြဲနေတော့မည်

www.nyisay.com



မဟုတ်ကြောင်း သိလာသည်။ စစ်မြေပြင်သည် အသက်ရှင်ကျန်ရစ်ဖို့ အခွင့်အလမ်းသည် တဖြည်းဖြည်း နည်းသထက် နည်းလာလေသည်။ နောက်ဆုံးတွင် ဖော်မာ တွေးမိသည့်အတိုင်း မိတ်ဆွေ သူငယ်ချင်းများ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးကုန်လေသည်။ သူ့ကိုယ်ပိုင်လယ်ယာနှင့် သူ့မယား အကြောင်း အမြဲတွေး၊ အမြဲပြောတတ်သော လယ်သမားဟောင်း ဒက်ဟာရင်းသည် တပ်မှ ထွက်ပြေးသွားရာ သူ့လယ်၊ သူ့မယားထံ မရောက်မီ အဖမ်းခံခဲ့ရသည်။ ထို့နောက် တပ်ပြေးဟု စွပ်စွဲကာ သတ်ပစ်လိုက်ကြသည်။ တစ်ခါတွင် သူတို့တပ်စုကို ရန်သူက တိုက်ခိုက်ရာ တပ်စုမှ ပေါဖော်မာနှင့် အဲလဗတ်တို့ ဒဏ်ရာရ၍ ဆေးရုံတင်ရသည်။ ပေါဖော်မာက ခြေကျိုးသွားသည်။ အဲလဗတ်ကိုမူ ခြေထောက်ဖြတ်ပစ် ကုသပေးကြသည်။ ခြေကျိုးသည့် ဒဏ်ရာ မကျက်သေးသဖြင့် ဆေးရုံမှ မဆင်းရခင် ပေါဖော်မာ၏ ခြေထောက်ကို ခြေဖြတ်ခံရသူ သူငယ်ချင်း အဲလဗတ်က မနာလို မရှုစိမ့်သော မျက်လုံးများဖြင့် မကြာခဏ ကြည့်တတ်ရာ ဖော်မာ အနေကျပ်လှ၏။

ဆေးရုံမှဆင်းပြီး တပ်သို့ ပြန်လာသောအခါ ဂျာမနီသည် ဤစစ်၌ ရှုံးနိမ့်နေပြီဖြစ်ကြောင်း သဘောပေါက်လာသည်။ ဗိုလ်ချုပ်ကြီးများ၊ စစ်ကြောင့် တစ်နေ့တခြား ကြီးပွားချမ်းသာလာသော စက်ရုံပိုင်ရှင်ကြီးများက စစ်ကို ဆက်တိုက်ချင်နေကြောင်း ပေါဖော်မာ ထင်မြင်လာသည်။ သူတို့ အလိုကျ ဖော်မာသည် စစ်တိုက်ရပြန်သည်။ တစ်ခါတွင် စစ်မြေပြင် တစ်နေရာ၌ သူတို့ အဖွဲ့၏ ခေါင်းဆောင် ကတ်သည် ရန်သူလက်ဖြောင့်တပ်သား လက်ချက်ဖြင့် ဒူး၌ ဒဏ်ရာရသဖြင့် ပေါဖော်မာက ကတ်ကို ကျောပေါ်ပိုး၍ သယ်လာခဲ့သည်။ ထိုစဉ် နောက်ထပ် ကျည်ဆန်တစ်ခုသည် ကတ်၏ ဦးခေါင်းတွင်းသို့ ဝင်ရောက်လာသည်။

၁၉၁၈ ခုနှစ်၏ နွေဦးသည်လည်း ကုန်ဆုံးခဲ့ပြီ။ ပေါဖော်မာ၏ ဘဝသည် အထီးကျန် နိုင်လှ၏။ သူ့မိတ်ဆွေများဖြစ်သော မူလာ၊ လီယာ၊ ကတ်၊ ဒက်ဟာရင်း အားလုံးလိုလို ကျဆုံးခဲ့ပြီ ဖြစ်ရကား ဖော်မာသည် သူ့ဘဝကို သူ ခင်တွယ်ချင်စိတ် မရှိတော့။ သူ အသက်ရှင်နေခြင်းသည် မည်သည့်အဓိပ္ပာယ်ကိုမျှ မဆောင်တော့ဟုလည်း သဘောပေါက်လာသည်။ စစ်ကြီးကိုယ်တိုင်က အဓိပ္ပာယ်ရှိသည် မဟုတ်။ စစ်သည် သူနှင့် သူ့ရဲဘော် စစ်သားများအား ဘယ်လို ပြောင်းလဲစေခဲ့သည်ကို မည်သူမျှ သိနိုင်မည် မဟုတ်ဟုလည်း ပေါဖော်မာ တွေးမိသည်။

စစ်သတင်း ကြေညာသူများက အနောက်ဘက် စစ်မျက်နှာတစ်ခုလုံး ငြိမ်သက်နေပါသည်ဟု ကြေညာသော နေ့မှာပင် အနောက်ဘက် စစ်မျက်နှာ၌ ပေါဖော်မာ ကျဆုံးခဲ့သည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



ဇော်မာသည် မြေကြီးပေါ်၌ အလျားမှောက် အိပ်ပျော်နေသူအလား ကျဆုံးခဲ့သည်။ သူ့ခန္ဓာကိုယ်ကို လှန်၍ကြည့်ပါက သူသည် ဒဏ်ရာဝေဒနာကို ခဏသာ ခံစားလိုက်ရကြောင်း သိနိုင်သည်။ သူ့မျက်နှာသည် တည်တည်ငြိမ်ငြိမ် ပင် ဖြစ်သည်။ ဘဝ၏ နိဂုံးကမှတ် ရောက်လာသည်ကိုပင် ဝမ်းသာသည့် အရိပ်လက္ခဏာများကိုလည်း ဇော်မာ၏ မျက်နှာတွင် တွေ့နိုင်ပေသည်။

**အနောက်ဘက် စစ်မျက်နှာ** အမည်ဖြင့် ကျော်သိမ်းက ၁၉၆၅ တွင် ပြန်ဆိုထုတ်ဝေခဲ့သည်။ ထို့ပြင် ရယ်မတ်၏ **အပြန်လမ်း**(The Road Back) ကိုလည်း ၁၉၆၆ တွင်ပင် ကျော်သိမ်းက ပြန်ဆိုခဲ့ပါသည်။

www.nyisay.com

## **စည်းဖောက်သူ** (၁၉၃၀)

### အန်ဒရေ ဇီ (၁၈၆၉–၁၉၅၁)

**စည်းဖောက်သူ** ဝတ္ထုသည် ဝတ္ထုရေးသူ စာရေးဆရာ၏ ဘဝအဖြစ်အပျက်များကို အခြေခံကာ ရေးထားသော ဝတ္ထုဖြစ်သည်။

စည်းကြီးကမ်းကြီးနိုင်သော မိသားစု၏ သွန်သင် ညွှန်ပြမှုအောက်၌ ကြီးပြင်းလာရသူတစ်ယောက်သည် လူ့လောက၌လည်း လူ့အသိုင်းအဝိုင်းက ချမှတ် ကျင့်သုံးနေကြသော စည်းတော ကမ်းတောထဲသို့ တိုးဝင်မိလျက်သား ဖြစ်ရပြန်သည်။ ထိုလူသည် စည်းကမ်း၏ သားကောင်မျှသာ ဖြစ်နေသည်။ စည်းများ ကမ်းများ ပိတ်ဖုံးသဖြင့် မွန်းကျပ်လာသည်။ ထိုအခါ ထိုသူသည် ကိုယ်ပိုင်စည်းချကာ နေချင်လာသည်။ နေထိုင်ရန်လည်း ကြိုးပမ်းသည်။ ယင်းသို့ ကြိုးပမ်းရာတွင် ကြုံရတွေ့ရသော အဖြစ်အပျက်တို့ကို အန်ဒရေဇီက **စည်းဖောက်သူ** ဝတ္ထုဖြင့် ဖော်ပြသည်။

အန်ဒရေဇီသည် **စည်းဖောက်သူ**ကို ပုံထဲပုံနည်း အသုံးပြု ရေးသည်။

ကျွန်တော်တို့ သူငယ်ချင်းလေးဦး ရှိပါသည်။ ကျွန်တော်တို့သည် တစ်ဦးက အကူအညီလိုလျှင် ကျန်လူများက ရောက်ရာအရပ်မှ လာရောက် ကူညီစတမ်းဟု ကတိကဝတ် ပြုခဲ့ကြပါသည်။ တစ်ခါသော် အယ်လ်ဂျီးရီးယားနိုင်ငံ ရွာကလေးတစ်ရွာ၌ ရောက်နေသော သူငယ်ချင်း မီရှဲက သူ့ထံသို့ လာရောက်ပြီး ကူညီကြပါရန် အကြောင်းကြားပါသည်။ ကတိထားခဲ့သည့်အတိုင်း သူငယ်ချင်းသုံးဦးသား မီရှဲထံသို့ အရောက် လာခဲ့ကြပါသည်။ မီရှဲက သူ့ဒုက္ခကို ပြောပြပါ၏။

www.nyisay.com



သူငယ်ချင်းမီရှဲ အရွယ်ရောက်စတွင် သူ့မိခင်သည် ရုတ်တရက် ကွယ်လွန်သွားပါသည်။ မီရှဲ၏ဖခင်သည် ပညာရှင်တစ်ဦး ဖြစ်သည့်အတွက် သားကို စည်းနှင့် ကမ်းနှင့် ထိန်းချုပ်ကာ လိုရာပုံကို သွင်းယူခဲ့ပါသည်။ ဖခင်သည် စည်းကမ်းကြီးသူတစ်ဦး ဖြစ်သည့်အားလျော်စွာ သူ့သားကိုလည်း စည်းကမ်းမှန်သမျှကို လိုက်နာစေခဲ့သည်။ အရွယ်ရောက်သောအခါ မီရှဲသည် သမိုင်း သုတေသီတစ်ဦး ဖြစ်လာပါသည်။ သူ့ဖခင်ကြီး ဖော်ထုတ်ခဲ့သော သေခါနီး ဆန္ဒအတိုင်း မီရှဲသည် မာဆယ်လင်းဆိုသူ မိန်းမပျိုတစ်ဦးနှင့် လက်ဆက်ခဲ့ပါသည်။ မီရှဲသည် မာဆယ်လင်းကို လေးစားသော်လည်း မေတ္တာသက်ဝင်ခြင်း မရှိပါ။

မီရှဲတို့ ဇနီးမောင်နှံသည် ပျားရည်ဆမ်းခရီးအဖြစ် အာဖရိကမြောက်ပိုင်းသို့ ထွက်ခွာသွားသည်။ ထိုအရပ်ရှိ သမိုင်းဝင် အဆောက်အအုံပျက်များကို မီရှဲ စိတ်ဝင်စားသည်။ သို့သော် ထိုအရပ်သို့ မရောက်မီပင် မီရှဲသည် ကျူဗာကူလိုစစ် ရောဂါကြောင့် အပြင်းအထန်ဖျားသည်။ မာဆယ်လင်းက မီရှဲကို ဂရုတစိုက် ပြုစုသဖြင့် အတန်ငယ် သက်သာရာ ရလာသည်။ ထိုအခါ မာဆယ်လင်းသည် ဗရစ်စကာအရပ်ရှိ နာလန်ထစခန်းသို့ သယ်ဆောင်လာသည်။ ဗရစ်စကာ နာလန်ထ စခန်းကား မြို့ပြင်မှာ ဖြစ်သည်။ မာဆယ်လင်းက မြို့ထဲတွင် နေရသည်။

ဗရစ်စကာတွင် မာဆယ်လင်းသည် အရပ်ထဲမှ ကလေးငယ်များဖြင့် မိတ်ဆွေဖွဲ့ကာ နေထိုင်သည်။ နာလန်ထစခန်းရှိ ခင်ပွန်းသည် မီရှဲ အပျင်းပြေစေရန် ကလေးငယ်များကို စခန်းသို့ မာဆယ်လင်းက ခေါ်ဆောင်လာလေ့ရှိသည်။ ကလေးငယ်များ ကျန်းမာရွှင်လန်းပုံကို မြင်ရသော မီရှဲသည် အပျင်းပြေရုံသာမက စိတ်အားလည်း တက်ကြွလာသည်။ ထိုကလေးများအနက် ရုပ်ရည်သနားကမား ရှိလှသော မွတ်ကတီးကိုမူ မီရှဲ ခင်မင်မိသည်။ တစ်နေ့တွင် မွတ်ကတီးသည် မာဆယ်လင်း၏ ကပ်ကျေးငယ်ကလေးကို ခိုးယူနေသည်ကို မီရှဲ မြင်သည်။ မီရှဲသည် မည်သို့မျှ ဝင်ရောက်ဟန့်တားခြင်း မပြုဘဲ နေလိုက်သည်။ တစ်ခု ထူးခြားသည်မှာ မီရှဲသည် ခိုးနေသည်ကို မြင်ရသောအခါ သူ့ဝမ်းထဲ၌ ကြည်နူးမိသည်။ ခိုးမှုကို ကြည်နူးသည်မဟုတ်ဘဲ လူတွေ ကိန်းကြီးခန်းကြီးလုပ်၍ ချမှတ်ထားသော လူ့ကျင့်ဝတ်ကို လူမမည်ကလေး မွတ်ကတီးက ဆန့်ကျင်ပုံကို ကြည်နူးခြင်း ဖြစ်သည်။

မီရှဲတို့ ဇနီးမောင်နှံသည် နေရပ်ဌာနီသို့ အီတလီနိုင်ငံမှ တစ်ဆင့် လှည့်ပြန်လာခဲ့သည်။ ခရီးလမ်းတွင်ပင် မီရှဲ၏ စိတ်ဓာတ်သည် လည်းကောင်း၊ လောကအမြင်သည် လည်းကောင်း အပြောင်းလဲကြီး ပြောင်းလဲခဲ့သည်။ သူသည် သမိုင်းပညာ၌ လုံးဝ စိတ်မဝင်စားတော့။ အတိတ်ကာလတွင်သာ နေထိုင်လာ

www.nyisay.com



ခဲ့ရသည်ကို မခံမရပ်နိုင် ဖြစ်လာသည်။ ပစ္စုပ္ပန်တွင် နေထိုင်လိုလာသည်။ ယဉ်ကျေးသော လူ့လောက က ချမှတ်ထားသော စည်းကမ်းဆိုသည်တို့သည် သူ့ဘဝကို ဖိစီးနေသော အရာများ ဖြစ်သည်ဟုလည်း ထင်မြင်လာသည်။ လောကစည်းကမ်းအရ သူ တန်ဖိုးရှိသည်ဟု ထင်သမျှတို့သည် အတုအယောင်တွေမျှသာ ဖြစ်သည်ဟုလည်း ထင်မှတ်လာခဲ့သည်။ သူသည် ကျန်းမာပျော်ရွှင်လွတ်လပ်စွာ နေလိုသည်။ ထို့ကြောင့် သူ့အတိတ်ဘဝ၏ အမှတ်အသားဖြစ်သော ရှည်လျားထူပျစ်သည့် မုတ်ဆိတ် ပါးသိုင်းမွေးတို့ကို ပယ်ပစ်လေသည်။ နွေးထွေးသော အီတလီ၏ နေရောင်ခြည်ကိုလည်း သူသည် ကိုယ်လုံးတီး ချွတ်ကာ ခံယူရလာလေသည်။ တစ်နေ့တွင် အရက်မူး ရထားမောင်းသမား မောင်းလာသော ရထားသည် မာဆယ်လင်းကို ဝင်တိုက်မိလုမတတ် ဖြစ်သည်။ မီရှဲသည် ရထားသမားကို ထိုးကြိတ်ရိုက်နှက်၍ ဆုံးမပစ်လိုက်သည်။ သူသည် သူ့ခွန်အားကို ကိုးစားတတ်လေပြီ။ ထိုညတွင် မီရှဲသည် မာဆယ်လင်းနှင့် ပထမဆုံးအကြိမ် အားပါးတရ လိင်ဆက်ဆံမှု ပြုလေသည်။

မီရှဲနှင့် မာဆယ်လင်းတို့ အိမ်ထောင်သည် ဘဝသည် စိုပြည်သည်။ မာဆယ်လင်းတွင် ကိုယ်ဝန်ရှိလာသည်။ သူတို့သည် မီရှဲ အမွေရသော ခြံကြီးသို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ထိုခြံမြေကား နော်မန်ဒီနယ်၌ ရှိသည်။ ယခင်အခါ မီရှဲတို့မိသားစုသည် နော်မန်ဒီရှိ ခြံကြီးကို ယုံကြည်စိတ်ချရသော ဘီးလစ်ကြီး ဗိုကေးနှင့် လွှဲထားသည်။ ဗိုကေးတွင် သားနှစ်ယောက်ရှိသည်။ သားကြီးချားသည် ၁၆ နှစ်ရှိပြီး ခြံမြေ စီမံခန့်ခွဲမှုပညာကို ဆည်းပူးနေသူ ဖြစ်သည်။ နော်မန်ဒီတွင် မီရှဲသည် ချားနှင့် မိတ်ဆွေ ဖြစ်သွားသည်။ ချားပေးသော အကြံဉာဏ်ကို လက်ခံကာ သူ့ခြံမြေ၌ ပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့သည်။

ထို့နောက် မီရှဲတို့ ဇနီးမောင်နှံသည် ပဲရစ်မြို့တော်သို့ ပြောင်းလာသည်။ မီရှဲသည် ကောလိပ်ကျောင်း၌ ဆရာဝင်လုပ်သည်။ ရိုမန်အင်ပိုင်ယာ ပျက်သုဉ်းပုံကို သင်ကြားပို့ချစဉ် သူသည် ယဉ်ကျေးသော ရိုမန်ယဉ်ကျေးမှုကို အပိုင်အနိုင် ဖျက်ဆီးပစ်လိုက်သော လူရိုင်း ဂို့လူမျိုးများဘက်က ပင်းမိလျက်သား ဖြစ်နေသည်။

တစ်နေ့တွင် မီရှဲ၏ မိတ်ဆွေတစ်ဦးဖြစ်သော "မဲနက်"ဆိုသူ ရောက်လာသည်။ ဤနေ့မှစ၍ မီရှဲ၏ဘဝသည် တည်ငြိမ်ရာမှ ပြောင်းလဲသွားသည်။ မဲနက်သည် သူ လုပ်ချင်ရာကို ဘယ်သူမျှ ဂရုမစိုက်ဘဲ လုပ်တတ်သည်။ သူ လုပ်ခဲ့သမျှ အလုပ်တွေအတွက် ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ ဆင်ခြေအလုံအလောက် ပေးနိုင်သူလည်း ဖြစ်သည်။ မီရှဲနှင့် မဲနက်တို့ တစ်ည

www.nyisay.com



လုံးပေါက် စကားထိုင်ပြောပြီး ပြန်အလာ အိမ်သို့ ရောက်သောအခါ ဇနီးသည် မာဆယ်လင်း ကိုယ်ဝန်ပျက်ကျကြောင်း သိရသည်။

မာဆယ်လင်းသည် ကိုယ်ဝန်ပျက်ကျပြီးနောက် အပြင်းအထန် ဖျားလေတော့သည်။ မာဆယ်လင်း ခရီးထွက်နိုင်သည်နှင့် တစ်ပြိုင်နက် မီရှဲနှင့် မာဆယ်လင်းသည် နော်မန်ဒီခြံမြေသို့ ပြန်လာကြသည်။ ခြံမြေ ရောက်သောအခါ မီရှဲသည် ခြံစောင့်ရှောက်သူ ဘီးလစ်နှင့် သူ့သား ချားတို့၏ လုပ်ငန်းကို ကဖျက်ယဖျက် လုပ်သည်။ အနှောင့်အယှက် ပေးသည်။ ချားက ဤလို တာဝန်မဲ့ လုပ်တတ်သူ ခြံရှင်ထံ၌ ဆက်လက် အလုပ်မလုပ်နိုင်ကြောင်း ပြောသည်။ မီရှဲသည် ခြံကို ရောင်းပစ်ကာ မာဆယ်လင်းကို ခေါ်ဆောင်လျက် ဆွစ်ဇာလန်နိုင်ငံသို့ ခရီးထွက်သည်။ ရိုးသားသော ဆွစ်ဇာလန်သားတို့ကို ငြီးငွေ့လာသော မီရှဲသည် အီတလီသို့ သွားပြန်သည်။ အီတလီမှတစ်ဆင့် သူတို့ ဖျားရည်ဆမ်းခရီးစဉ်ကို ပြန်လျှောက်သည်။ တာအိုမီးရားအရပ်တွင် မီရှဲသည် သိုးကျောင်းသားတွေနှင့် ပေါင်းပြန်သည်။ ထိုစဉ် မာဆယ်လင်း၌ ကျူဗာကူလိုစစ်ရောဂါ စွဲကပ်နေသည်။ မီရှဲသည် မာဆယ်လင်း၏ရောဂါ သူ့ထံ ကူးစက်သည်ကို လက်မခံပေ။

ခရီးပြင်း နှင်နေသော လင်ယောကျ်ား၏နောက်မှ တကောက်ကောက် လိုက်ပါနေရသော ရောဂါသည် မာဆယ်လင်းသည် ပင်ပန်း အားကုန်လှပြီ ဖြစ်၏။ မာဆယ်လင်းသည် သူ့ခင်ပွန်းသည်၏ အဘိဓမ္မာသစ်သည် ရက်စက်ကြမ်းကြုတ်၍ တစ်ကိုယ်ကောင်းဆန်လွန်းသော အဘိဓမ္မာသစ်ပင် ဖြစ်သည်ဟု ထင်မြင်သည်။ သို့သော် မီရှဲကို ဟန့်တား၍ ကန့်ကွက်နိုင်လောက်အောင် အင်အား မရှိတော့ပေ။

မီရှဲတို့သည် စစ္စလီမှ အာဖရိက မြောက်ပိုင်းသို့ ခရီးဆက်သည်။ ခရီးသစ်တစ်စခန်းသည် ခရီးဟောင်းစခန်းတစ်ခုထက် လူယဉ်ကျေးများနေရာ ဥရောပ တိုက်နှင့် ဝေးသထက် ဝေးလာသည်။ နောက်ဆုံးတွင် သူတို့လင်မယားသည် ဗရစ်စကာသို့ ရောက်ကြသည်။ ဗရစ်စကာတွင် မီရှဲ နာလန်ထစခန်း၌ နေရစဉ်က သိကျွမ်းခဲ့သော သိုးကျောင်းသားကလေးများမှာ ယခု အရွယ်ရောက်လာကြပြီး သိုးကျောင်းသားတို့ ထုံးစံအတိုင်း ညစ်ပတ်ပေရေလျက် ရှိကုန်၏။ ချစ်စဖွယ် ကောင်းခဲ့သော ကလေးများသည် အရုပ်ဆိုးကုန်ကြပြီ ဖြစ်၏။ သို့သော် ထောင်မှ ထွက်ခါစ မွတ်ကတီးတစ်ယောက်ကား ရုပ်ရည်ချောမွေ့မြဲ ချောမွေ့နေသည်ကို တွေ့ရသည်။ မီရှဲတွင် ရုတ်တရက် အာသာဆန္ဒတစ်ရပ် ပေါ်လာသည်။ ထိုဆန္ဒကား သဲကန္တာရထဲရှိ တူဂေါ့အရပ်သို့ သွားရောက်လိုသောဆန္ဒ ဖြစ်သည်။ မီရှဲတို့ လင်မယားသည် မွတ်ကတီးကို အဖော်ပြုကာ တူဂေါ့သို့ သွားကြပြန်သည်။

www.nyisay.com



တူဂေါ့၏ စုတ်ချာသော ဟိုတယ်ကလေးတစ်ခုသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မာဆယ်လင်းသည် အိပ်ရာပေါ်၌ အရုပ်ကြိုးပြတ် လဲလေတော့သည်။ မီရှဲကား မာဆယ်လင်းကို ဂရုမထားနိုင်ဘဲ မွတ်ကတီးနှင့် တွဲကာ တူဂေါ့တစ်မြို့လုံး လျှောက်လည်ကြည့်သည်။ တူဂေါ့တွင် မွတ်ကတီး၏ အပျော်မိန်းမ ရှိသည်။ မွတ်ကတီးနှင့် မီရှဲသည် ထိုမိန်းမအခန်းသို့ သွားသည်။ မီရှဲက အပျော်မိန်းမနှင့် ကာမဆက်ဆံနေစဉ် မွတ်ကတီးသည် ခုတင်ဘေး၌ ထိုင်လျက် စောင့်နေသည်။ ဟိုတယ်သို့ ရောက်သောအခါ မာဆယ်လင်းသည် သွေးအန်လျက် သေလုမြောပါး ဖြစ်နေသည်ကို တွေ့ရပေတော့သည်။

ကျွန်တော်တို့သည် မီရှဲ၏အဖြစ်၌ မှင်တက်နေမိရာမှ မီရှဲက စကားကို အဆုံးသတ်လိုက်ရာ ကျွန်တော်တို့ ပြန်လည် သတိဝင်လာကြသည်။ နောက်ဆုံး အဖြစ်ကား လွန်ခဲ့သော သုံးလက ဖြစ်ခဲ့သည်ဟု မီရှဲက ပြောသည်။ ယခု သူနေသော ရွာကလေး၌ အပျော်မယားတစ်ယောက် ယူထားသည်။ ချောမွေ့လှပသော အာဖရိကသူကလေး ဖြစ်ကြောင်း ကျွန်တော်တို့ တွေ့ရသည်။ ထိုမိန်းကလေးတွင် အလီဆိုသော မောင်ငယ် ရှိသည်။ အလီသည် မီရှဲ၏ ဩဇာကို နာခံသော အစေခံအဖြစ် အမှုထမ်းဆောင်သည်။ မီရှဲ၏ အပျော်မယားကလေးက မီရှဲ တကယ် လိုချင်သူမှာ သူ မဟုတ်ဘဲ သူ့မောင်အလီ ဖြစ်ကြောင်း ရယ်သလို၊ မောသလိုနှင့် နောက်ပြောင်လေ့ ရှိသည်။ ဒီမိန်းမငယ် ပြောတာ လုံးဝ မမှားဟု မီရှဲက ဝန်ခံကောင်း ဝန်ခံပေလိမ့်မည်ဟု ကျွန်တော် တွေးနေမိပါသည်။

အစဦးပိုင်းတွင် ဆိုခဲ့သည့်အတိုင်း **စည်းဖောက်သူ** ဝတ္ထုသည် ဝတ္ထုရေး ဆရာ၏ ဘဝအစိတ်အပိုင်းပင် ဖြစ်သည်။ သို့ဖြစ်၍ မီရှဲနှင့် အန်ဒရေဇီကို ထပ်တူ ထပ်မျှ ဖြစ်သည်ဟု ကောက်ချက် မချနိုင်ပေ။ **စည်းဖောက်သူ**ဝတ္ထုတွင် မီရှဲသည် မိမိအဖြစ်ကို တင်ပြရာ၌ အဖြစ်ကို အဖြစ်အတိုင်း တင်ပြသည်။ သူ ဘာတွေ ဖြစ်သည်၊ ထိုအဖြစ်တို့သည် လိုလားအပ်၊ မလိုလားအပ် စသည်တို့ကို မတင်ပြ။ မီရှဲကဲ့သို့ အန်ဒရေဇီသည် လိင်တူချင်း ကာမဆက်ဆံရာ၌ ပျော်မွေ့ခဲ့သော်လည်း ထိုအပျော်အမွေ့မှ လွတ်မြောက်အောင် ရုန်းထွက်နိုင်ခဲ့သည်။ မီရှဲကား ထိုဝဲဩဃ ထဲ၌ မရုန်းသာ မထွက်သာ ဝဲလည်နေဆဲ။

**စည်းဖောက်သူ**၏ အဓိက တင်ပြလိုချက်မှာ လူသားများ အမြဲလိုလို ရင်ဆိုင်နေရသော လွတ်လပ်မှုနှင့် တာဝန်ရှိမှုတို့၏ ပဋိပက္ခတရားပင် ဖြစ်သည်။ မီရှဲသည် လွတ်လပ်မှုကို ရှာသင့်သော်လည်း မီရှဲ ရှာပုံရှာနည်းသည် သူတစ်ပါးကို ဖျက်ဆီးပြီး ရှာသောနည်း ဖြစ်နေသည်ကိုပါ အန်ဒရေဇီက တင်ပြထားလေသည်။

www.nyisay.com

## မြေပဒေသာ (၁၉၃၁)

### ပါး ဗတ် (၁၈၉၂-၁၉၇၃)

နှစ်ဆယ်ရာစု အဦးပိုင်းကာလတွင် တရုတ်နိုင်ငံ၏ အခြေအနေသည် ပို၍ လှုပ်ရှားနေသည်။ မန်ချူးမင်းဆက်နှင့် ယင်းနောက် ကူမင်တန် အုပ်ချုပ်ရေးကာလတွင် အမျိုးသားအစိုးရများသည် ပြည်ပနိုင်ငံများ၏ ထိုးဖောက်ခြယ်လှယ်မှုကို မတွန်းလှန်နိုင်သည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ရသလို ပြည်တွင်း လူမှု ပြဿနာများကိုလည်း မဖြေရှင်းနိုင် ဖြစ်နေ၏။ တရုတ်ပြည်သူ များရာစုသည် နိုင်ငံခြားသားများ၏ ခြယ်လှယ်မှု၊ ပြည်တွင်း မြေရှင် အရင်းရှင်တို့၏ ခြယ်လှယ်မှုကို ခံနေရ၏။ ပြည်ပနိုင်ငံများ၏ ရန်ပြုမှုကိုလည်း ခံနေရ၏။ ပြည်တွင်း၌လည်း နိုင်ငံရေး အားပြိုင်မှုများ ရှိနေသည်။ ပြည်သူ များရာစုဖြစ်သော တောင်သူလယ်သမားများမှ တစ်ဖက်တွင် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း ဘေးဒဏ်များကိုလည်း ခံကြရသည်။

အနောက်တိုင်းသားတို့သည် တရုတ်နိုင်ငံကို ဖရဲသီး တစ်လုံးပမာ သဘောထားကာ ခွဲစိတ်ခြယ်လှယ်ခဲ့ကြပြီး တရုတ်နိုင်ငံတွင်းသို့ အရင်းရှင်ကြီးများနှင့် သာသနာပြုများ ထိုးဖောက် ဝင်ရောက်လာကြ၏။ တရုတ်နိုင်ငံသို့ ရောက်လာသော သာသနာပြု မိသားစုမှ မွေးလာသော ပါးဗတ်သည် ငယ်စဉ်ကပင် တရုတ်နိုင်ငံ၌ ကြီးပြင်းခဲ့သည်။ တရုတ်ပြည်သူတို့နှင့် ထိတွေ့ခဲ့သည်။ တရုတ်ပြည်သူ လယ်သမားများ၏ ဘဝဒုက္ခ အထွေထွေကို မြင်ခဲ့ သိခဲ့သည်။

www.nyisay.com



သို့ဖြင့် သူသည် တရုတ်ပြည်သူတို့၏ ဘဝကို ထင်ဟပ်သော ဤ **မြေပဒေသာ** ဝတ္ထုကို သရုပ်မှန် ဝတ္ထုတစ်ပုဒ်အဖြစ် ရေးနိုင်ခဲ့ခြင်း ဖြစ်သည်။ ဤဝတ္ထုဖြင့် တရုတ်ပြည်သူတို့၏ ဘဝမှန်ကို တင်ပြကာ အနောက်ဘက် ကမ္ဘာအား တရုတ်ပြည်ကြီး၏ ပုံကားချပ်ကို အတော်အတန် မှန်မှန်ကန်ကန် တင်ပြခဲ့နိုင်သည်ဟု ဆိုရပေမည်။

ဤဝတ္ထု၌ အဓိကဇာတ်ဆောင် ဝယ်လန်းသည် ငယ်စဉ်ကပင် လယ်ထဲ၌ ကြီးခဲ့သည်။ လယ်မြေကို မြတ်နိုးရကောင်းမှန်း သိခဲ့သည်။ အရွယ်ရောက်လာသောအခါ သူဌေးအိမ်၌ ကျွန်အဖြစ် အရောင်းချခံထားရသော အိုလန်းကို သူဌေးအိမ်မှတစ်ဆင့် ဝယ်ယူ လက်ထပ်ခဲ့သည်။

ဝတ္ထုအစကို ဝယ်လန်းက သူဌေးကြီးဝှမ်အိမ်သို့ သွား၍ မမြင်ဖူးသေးသော သတို့သမီးလောင်း သွားခေါ်ခန်းမှ စ သည်။ ဝယ်လန်းတို့၏ လယ်တဲနှင့် မြေရှင်ကြီးဝှမ်၏ အိမ်ကြီးကို ယှဉ်ပြသည်။ ဝယ်လန်းတို့၏ အောက်ကျ နောက်ကျ ဘဝကို ဝှမ်မိသားစု၏ စည်းစိမ်ခံဘဝနှင့် ယှဉ်ပြသည်။ ထိုမြေရှင် သူဌေးကြီးများ စည်းစိမ်ယစ်မူးပုံနှင့် သူတို့ပိုင် ကျွန်များ၏ ဘဝတန်ဖိုးမရှိ ဖြစ်နေပုံကို ဖော်ပြသည်။

ဝယ်လန်းသည် သတို့သမီး အိုလန်းကို အိမ်ခေါ်လာသည်။ အိုလန်း မယားကောင်း ပီသပုံ၊ လယ်ထဲ၌ လင်နှင့်အတူ ဒိုးတူပေါင်ဖက် လုပ်ခဲ့ပုံ၊ ကလေး မွေးချိန်၌ လက်သည်မပါ တစ်ကိုယ်တည်း မွေးခဲ့ပုံ၊ သားများ မွေးပေးပုံ၊ လင်မယားနှစ်ယောက် ကြိုးစားပုံတို့၌ စာရေးဆရာသည် အိုလန်း၏ မိန်းမသတ္တိကို ပြောင်ပြောင်မြောက်မြောက် ဖော်ပြထားသည်ကို တွေ့ရ၏။

ဝယ်လန်းတို့ ဒေသ၌ မိုးခေါင်ပြီး အငတ်ဘေးနှင့် ကြုံရသောအခါ ဝယ်လန်းတို့တစ်တွေ ငတ်ကြရသည်။ ကိုယ်နှင့်အတူ ရုန်းဖက် နွားကြီးကို သတ်စားရသည်။ တစ်ဖက်တွင် ဝယ်လန်း၏ဦးလေး မိသားစု ပေါ်ကြော့နေပြီး သုံးဖြုန်းနေကြသည်။ ဝယ်လန်းတို့ကပင် ဦးလေးမိသားစုအတွက် တာဝန်ယူကြသည်။ နောက်ဆုံး၌ ဝယ်လန်းတို့ ငတ်ခြင်းမလှ ငတ်လာသောအခါ တောင်ဘက်နယ်များသို့ ရွှေ့ခဲ့သည်။ တောင်ဘက် မြို့ကြီးတစ်မြို့၌ သူဌေးအိမ် ခြံစည်းရိုး၌ ဝယ်လန်းတို့ ဘဝတူများ တဲထိုးနေကြရသည်။ ကျပန်းလုပ်စားကြသည်။ တောင်းစားသည်။ အလစ်သုတ်သည်။ ခိုးသည်။ လန်ခြားဆွဲသည်။ ကူလီလုပ်သည်။ သို့သော် ဝဝ စားကြရသည်ကား မဟုတ်။ အငတ်ငတ် အပြတ်ပြတ် နေကြရသည်။ ဝယ်လန်းသည် သူ့ပြည်ကိုသာ သူ လွမ်းနေသည်။

ထိုအခန်းများတွင် မြို့ပေါ်၌ တရုတ်ပြည်သူ များရာစု အငတ်ငတ် အပြတ်ပြတ် အခြေအနေကို အတော် ပီပီပြင်ပြင် ဖော်ပြခဲ့လေသည်။

www.nyisay.com



ထိုအတွင်း စစ်ဖြစ်လာသောအခါ ငတ်နေသော လူထုကြီးက သူဌေးအိမ်ကို ဝင်လုကြသည်။ ဝယ်လန်းတို့ လင်မယား ရွှေ ငွေ အများအပြား ရလာသည်။ ကိုယ့်ရပ်ရွာ ပြန်လာသည်။ ဝယ်လန်းတို့သည် မြို့ကရလာသော ရွှေတွေ ငွေတွေနှင့် ယခင် မြေရှင်ကြီး ဝှမ်ထံမှ မြေများကို ဝယ်သည်။ ဝှမ်မှာ သားသမီးများက မိုက်၊ သူကိုယ်တိုင်ကလည်း မယားတွေ အများအပြားထားနှင့် စီးပွားပျက်နေသည်။ ဝယ်လန်းသည် ဝှမ့်ထံမှ လယ်တွေကို ဝယ်သည်။ မကြာခင်ပင် ဝှမ့်အိမ်ကြီးကို ဝယ်သည်။ ဝယ်လန်းသည် ဝှမ်အမည်ရှိ မြေရှင်ကြီးနေရာကို ယူလိုက်သည်။ မြို့တက် အပျော်လိုက်သည်။ နောက်မယား ယူသည်။ အိုလန်းမှာ ဆင်းရဲဒုက္ခအမျိုးမျိုးဒဏ်ဖြင့် သေရသည်။

ဝယ်လန်း အသက်ကြီးလာပြီ။ ပညာတတ်သားများက မြေကို ခင်တွယ်ရမှန်း မသိ ဖြစ်လာသည်။ ဝယ်လန်းလည်း နောက်ထပ် မယားပေါက်စ ယူပြန်သည်။ ဝယ်လန်း နေဝင်ချိန် ရောက်ပြီ။ မြေတန်ဖိုး မသိသော သားများက မြေရောင်းရန် ကြံသည်။ ဝယ်လန်းက မြေကြီးသာလျှင် အဓိက ဟူသော သဘောကို ပိုက်သည်။

ဤသို့ဖြင့် မြေပဒေသာသည် တရုတ်ပြည်သူ များရာစု၏ စားရမဲ့ ဒုက္ခ၊ အဖိနှိပ်ခံ ဘဝတို့ကို မှန်မှန်ကန်ကန် ဖော်ပြနိုင်သည် ဆိုရစေကာမူ ဝယ်လန်းကို ဝှမ့်၏နေရာ အရောက်ပို့ခြင်းဖြင့် လယ်သမား ကြိုးစားရာက မြေရှင် ဖြစ်လာသော အခါ မြေရှင်စိတ် ဝင်လာသည် ဟူသော သဘောဘက်သို့ ဆွဲပို့ရင်းမှ မြေကြီး ခင်တွယ်ရေး သဘောကို ဖော်ပြခဲ့ခြင်း ဖြစ်လေသည်။

မြေပဒေသာသည် သာမန် ဘဝသရုပ်ဖော် ဝတ္ထုတစ်ပုဒ် အဖြစ်ကား အောင်မြင်သော ဝတ္ထုဟု ဆိုနိုင်သည်။ အထူးသဖြင့် ထိုကာလ တရုတ်ပြည်သူများရာစုကြီး၏ ဒုက္ခသုက္ခ အခြေအနေ၊ အဖိနှိပ်ခံ အခြေအနေ၊ တရုတ်မြေရှင်ကြီးများ စည်းစိမ်ယစ်မူးနေသော အဖြစ်များကို ဖော်ပြခြင်းဖြင့် တရုတ်ပြည်သူများရာစုဘက်က ရှေ့နေလိုက်ရန် ကြိုးစားထားသော ဝတ္ထုတစ်ပုဒ်အဖြစ် လေးစားသင့်သော ဝတ္ထုတစ်ပုဒ် ဖြစ်လေသည်။

စင်စစ် **မြေပဒေသာ** သည် **မြေဂေဟာ** သုံးတွဲပေါင်း ဝတ္ထုကြီး၏ ပထမအုပ် ဖြစ်သည်။ စာရေးသူသည် **မြေပဒေသာ**၏ အဆက်အဖြစ် **သားတွေ** (၁၉၃၂)နှင့် **အိမ်ပျက်ကြီး** (၁၉၃၅)တို့ကို ရေးခဲ့သည်။ ထို့နောက်လည်း တရုတ်နိုင်ငံ နောက်ခံပြု ဝတ္ထုများ ရေးခဲ့၏။ **မြေပဒေသာ**ဖြင့် အမေရိကန်နိုင်ငံ ပူလစ်ဇာ စာပေဆုကို ရခဲ့သည်။ အမေရိကန် အနုပညာစာပေအဖွဲ့၏ ဟောင်းဂဲ ဆုတံဆိပ်

www.nyisay.com



ဖြင့် ချီးမြှင့်ခြင်းလည်း ခံခဲ့ရ၏။ မြေပဒေသာမှ အစပြုသော အခြား တရုတ်နိုင်ငံနောက်ခံ ဝတ္ထုများဖြင့် ၁၉၃၈ တွင် နိုဗယ်ဆုကိုလည်း ရခဲ့သည်။

**မြေပဒေသာ** သည် ပါးဇတ်၏ ဝတ္ထုများတွင် အထင်ရှားဆုံး ဖြစ်သကဲ့သို့ ကမ္ဘာကျော်ဝတ္ထုများ စာရင်းတွင်လည်း တစ်အုပ်အပါအဝင် ဖြစ်ခဲ့သည်။

ယင်းဝတ္ထုကို ဒုတိယကမ္ဘာစစ် မတိုင်မီတွင် မြဒေါင်းညိုက မှီး၍ **မြေဝသုန်** အမည်ဖြင့် ဝတ္ထုထုတ်ခဲ့သည်။ ၁၉၄၃ တွင် ဒဂုန်ခင်ခင်လေးက **မြေပဒေသာ** အမည်ဖြင့် ဘာသာပြန် ထုတ်ဝေခဲ့၏။ ၁၉၆၀ တွင် ဂုဏ်ဝင်းက **မဟာပထဝီ** ဟူသော အမည်ဖြင့် ဘာသာပြန်၍ နှစ်တွဲခွဲ ထုတ်ဝေခဲ့ဖူးသည်။

www.nyisay.com

## တောရိုင်းမြေ (၁၉၃၂–၁၉၆၀)

**မစ်ခေး ရှိုလိုကော့ (၁၉၀၅–၁၉၈၄)**

ရုရှားပြည်တွင် ဆိုဗီယက် အာဏာသိမ်းပြီးနောက် ဆိုရှယ်လစ်စနစ် ထူထောင်ရေးအတွက် လှုံ့ဆော်သည့် ဝတ္ထုများ ထွက်လာသည်။ ယင်းတို့အနက် မစ်ခေး ရှိုလိုကော့၏ **တောရိုင်းမြေ** သည် နာမည်ကျော် ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ယင်းကို ရှိုလိုကော့က နှစ်ပိုင်းခွဲ၍ ရေးသည်။ ပထမပိုင်းကို ၁၉၃၂ တွင် ပုံနှိပ်သည်။ ဒုတိယပိုင်းကို ၁၉၆၀ ကျမှ ရေးရသည်။ မူလက **တောရိုင်းမြေ** ကို **သွေးနှင့်ချွေးနှင့်** ဟု နာမည်ပေးရန် ရည်ရွယ်သည်။ နောင်မှ နာမည်ပြောင်းခဲ့သည်။ ပထမပိုင်း ပြီးလျှင် ဒုတိယပိုင်းအတွက် မှတ်စုများရေးကာ တေးထားသည်။ ထိုအချိန်တွင် **တငြိမ်ငြိမ်ဒွန်**ကို ရေးနေရာ မပြီးဆုံးသည်နှင့် ထိုစာအုပ်ကို ပြီးအောင် အဆုံးသတ်ဖို့ လိုနေသည်။ ထို့ကြောင့် **တောရိုင်းမြေ** ကို ရပ်ထားကာ **တငြိမ်ငြိမ်ဒွန်**ကို ဆက်ရေးရသည်။ သို့သော် ဒုတိယတွဲကို တကယ် ဆက်ရေးပြီးသည့် နောက်တွင်ကား ဒုတိယကမ္ဘာစစ် ဖြစ်သည်နှင့် သူ့စာမူများ ပျောက်သွားသည်။ စစ်ပြီးမှ ပြန်၍ ရေးရသည်။ ဒုတိယတွဲကို ၁၉၅၄ တွင် စ၍ မဂ္ဂဇင်းများ၊ သတင်းစာများ၌ အခန်းဆက် ထည့်ရာ ၁၉၅၉ တွင် ပြီးဆုံးသည်။ ၁၉၆၀ တွင် စာအုပ်အဖြစ် ထွက်လာသည်။

ပထမတွဲနှင့် ဒုတိယတွဲ ထွက်သည်မှာ နှစ်ဆယ့်ရှစ်နှစ် ကွာသည်။ ဒုတိယတွဲကို တကယ် စ ရေးသည့်နှစ်နှင့် တွက်လျှင် နှစ်ဆယ့်နှစ်နှစ် ကွာသည်။ ထိုနှစ်ပေါင်း နှစ်ဆယ်ကျော် ကာလအတွင်း ပထမတွဲမှ ဇာတ်ဆောင်တို့၏

www.nyisay.com



စရိုက်ကို ဒုတိယတွဲတွင် ဖွံ့ဖြိုးလာအောင် လုပ်နိုင်ခြင်း၊ အချိန်ကာလ အပြောင်းအလဲ၊ အခြေအနေ အပြောင်းအလဲတို့အကြား အညီအညွတ်ဖြစ်အောင် ရေးခြယ်နိုင်သည့် စွမ်းရည်မှာ ထူးခြားသည်ဟု ဆိုရမည်။ ရှိုလိုကော့၏ စွမ်းရည်မှာ ထက်မြက်သည် ဆိုရမည်။

တောရိုင်းမြေသည် လယ်မြေတော်လှန်ရေးကို အခြေခံသည့် ဝတ္ထုဖြစ်သည်။ လယ်မြေတော်လှန်ရေးဆိုသည်မှာ ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးကြီး တစ်ခုလုံး၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ တစ်တိုင်းပြည်လုံးနှင့် ဆိုင်သည်။ ခေတ်ဟောင်းအတွေးအခေါ် အယူအဆတို့ကို မြေလှန်ကာ ပြောင်းပစ်ရသည့် ကိစ္စတို့ဖြစ်ရာ မလွယ်ကူလှ။ သို့ဖြစ်ရာ ရှိုလိုကော့ရွေးသည့် ဇာတ်လမ်းအဓိက အကြောင်းအရာသည် ကျယ်ပြန့်သည်။

တောရိုင်းမြေသည် ရုရှားပြည် ဒွန်ဒေသ၌ အခြေခံသည့် ဝတ္ထုဖြစ်သည်။ မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး ပြီးဆုံးခဲ့ပြီးနောက် ဒွန်ဒေသ၌ တန်ပြန်တော်လှန်ရေးသမားတို့က ဆိုဗီယက်အစိုးရအား ပြန်လည်တိုက်ခိုက်ခဲ့သည်။ ထိုကာလသည် ပြည်တွင်းစစ်ကာလ နောက်ပိုင်း ဖြစ်သည်။ ရုရှားပြည်သည် စက်မှုလုပ်ငန်း ထူထောင်ရန် ကြိုးစားနေသည်။ ရုရှားကျေးလက်သည် ခေတ်နောက်ကျသည်။ ထိုအချိန်တွင် ဆိုဗီယက်ကွန်မြူနစ်ပါတီက မြေယာတော်လှန်ရေး လမ်းစဉ်တစ်ခု ချမှတ်ခဲ့သည်။ ယင်းမှာ စက်မှုလယ်ယာသို့ ကူးပြောင်းရေးပင် ဖြစ်သည်။ ထိုသို့ အသွင်ကူးပြောင်းရာတွင် စုပေါင်းလယ်ယာကို တည်ဆောက်ရမည်။

တောရိုင်းမြေဇာတ်လမ်း စသည့်အချိန်သည် စုပေါင်းလယ်ယာများ တက်ကြွစွာ ထူထောင်သည့် ၁၉၃၀ တစ်ဝိုက် ဖြစ်သည်။

ဤဝတ္ထုတွင် အဓိကဇာတ်ဆောင် သုံးဦးရှိသည်။

ဒွန်ဒေသရှိ ဂရယ်မျချီရွာကလေးတွင် ရတ်ဇမျော့နော့ဟု ခေါ်သည့် ကော့ဆက်က ပါတီအုပ်စုကို ဦးစီးသည်။ သူသည် ကျေးတောသားတို့ဘာဝ သနားကြင်နာစိတ် ရှိသည်။ ကွန်မြူနစ်ဝါဒကို ယုံကြည်သည် ဆိုရသော်လည်း စိတ်ဓာတ်ပျော့ပျောင်းသည်။ သူနှင့် ဆန့်ကျင်ဘက်မှာ ကျေးရွာပါတီအုပ်စုအတွင်းရေးမှူး နာဂူနော့ ဖြစ်သည်။ နာဂူနော့သည် ကွန်မြူနစ်ဝါဒကို ပြင်းထန်စွာ ယုံကြည်သည်။ ရုရှားတော်လှန်ရေးပြီးလျှင် ကမ္ဘာ့တော်လှန်ရေးကြီး အောင်မြင်အောင် ဆင်နွှဲရမည်ဟု မမှိတ်မသုန် ယုံကြည်သည်။ သူတို့ကို ပူတီလော့စက်ရုံ အလုပ်သမား ဒါဗီးဒေါ့က ထိန်းပေးသည်။

ဒါဗီးဒေါ့သည် စုပေါင်းလယ်ယာ စည်းရုံးရေးအတွက် ဂရယ်မျချီသို့

www.nyisay.com



ရောက်လာသည်။ သူနှင့် တစ်ချိန်တည်းလိုလိုမှာပင် တန်ပြန်တော်လှန်ရေးသမား ဗိုလ်ကြီးဟောင်း ပေါ်လော့ဆက်လည်း ဂရယ်မျချီသို့ ရောက်လာသည်။

ဂရယ်မျချီတွင် စုပေါင်းလယ်ယာ တည်ထောင်ရေး စည်းရုံးသည့်အခါ အခက်အခဲတို့ တွေ့ရသည်။ ချမ်းသာသည့် ကုလတ် လယ်သမားတို့သည် စုပေါင်း လယ်ယာကို ဆန့်ကျင်ကြသည်။ ထို့အတူ အချို့လယ်သမားတို့မှာ ကိုယ်ပိုင် ပစ္စည်းကို မစွန့်နိုင်ကြ။ သို့နှင့် ကုလတ်များ၏ ပစ္စည်းများကိုပါ သိမ်းရန် ဆွေးနွေး ကာ တကယ်သိမ်းသည့်အခါ ကြက်၊ ဘဲ စသည်တို့ကိုပါ သိမ်းသည်။

ကျေးရွာပါတီအုပ်စု ဥက္ကဋ္ဌကြီး ရတ်ဇမျော့နော့သည် ကုလတ်တို့၏ ပစ္စည်းများ သိမ်းရသည့်အခါ စိတ်မကောင်း။ သူများ ထမင်းအိုး ခွဲရသည့်အလုပ်၊ သူများ မျက်ရည်ပေါက်ကြီးငယ် ကျရသည့် အလုပ်ကို မလုပ်ချင်ဟု ဆိုသည်။ နောက်ဆုံးသိမ်းသည့် ကုလတ်ဂါယက်အိမ် ရောက်လျှင် ကလေးများ ဆူညံစွာ အော်ဟစ်ငိုကြွေးကြသဖြင့် စိတ်ထိခိုက်လာသည်။ ထိုအခါ အတွင်းရေးမှူး နာဂူနော့ က ဥက္ကဋ္ဌကြီး ရတ်ဇမျော့နော့ကို ကြည့်ကာ ဒေါသထွက်လာသည်။ ထိုအခါ ဒါဗီးဒေါ့က။နှစ်သိမ့်စေကာ သူ့သဘောထားကို ရှင်းပြသည်။

'ကျုပ်တို့သားသမီးတွေ မျက်ရည်ပေါက်ကြီးငယ်ကျတော့ သူတို့ သနားကြရဲ့လား' ဟု မေးသည်။ 'ဒါနဲ့များ သူတို့ကို သနားတာ အံ့ပါရဲ့' ဟု ဆိုသည်။

ဆင်းရဲသော လယ်သမား မိတ်ဒန်နီကော့သည် စုပေါင်းလယ်ယာအသင်း ဝင်ရန် ချီတုံချတုံ ဖြစ်နေသည်။ သူပိုင် နွားတစ်ရှဉ်းကို စွန့်လွှတ်ရန် ဝန်လေး နေသည်။ သူ့နွား၊ သူ့လှည်း၊ သူ့မြေတို့ကို သံယောဇဉ် ကြီးနေသည်။ သို့သော် နောက်ဆုံးတွင် ဝင်ရန် လျှောက်လွှာရေးလိုက်သည်။

ဂရယ်မျချီရွာလေးတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ပေါ်လော့ဆက်တို့ တန်ပြန် တော်လှန်ရေးသမားများကလည်း ဆိုဗီယက်အစိုးရ ဆန့်ကျင်ရေးကို စည်းရုံးသည်။ ယာကွတ်လူးကစ် ဆိုသူသည် ပဥ္စမတပ်သား ဖြစ်နေသည်။ စုပေါင်းလယ်ယာပိုင် နွားများကို ခိုးသတ်သည်။ ဒါဗီးဒေါ့ကား ကြက်၊ ဘဲ သိမ်းခြင်းကို သဘောမတူ။ သို့သော် နာဂူနော့ကို ဖျောင်းဖျ၍မရ။ နောက်ဆုံးတွင် နာဂူနော့ အလျှော့ပေးလိုက်ရသည်။ သို့သော် မကျေလည်။

အဖျက်သမား ပေါ်လော့ဆက်၏ ကိုယ်စားလှယ် ယာကွတ်သည် အသင်း တွင် လူကြီးတစ်ယောက် ဖြစ်လာသည်။ သူသည် စုပေါင်းလယ်ယာ နွားခြံကိုဝင်၍ ဖျက်သည်။ သံများ ခင်းပေးသဖြင့် နောက်တစ်နေ့ မနက်တွင် သံကြောင့် နှင်းခဲကာ နွားများ သေသည်။ ယာကွတ်ကား ပိရိစွာ ဖျက်ဆီးနိုင်ခဲ့သည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



တစ်ဖန် လယ်သမားတို့က မျိုးစေ့မအပ်သဖြင့် အခက်တစ်ခါ ကြုံရပြန်သည်။ သို့သော် နာဂုနော့သည် မျိုးစေ့မအပ်သည့် လယ်သမားသုံးယောက်ကို အဖွဲ့ရုံးခန်းထဲခေါ်ကာ လျောင်ထားလိုက်သည်။ နောက်တစ်နေ့တွင် ရတ်ဇမျော့နော့က ထုတ်လွှတ်လိုက်သည့်အခါ ဂျုံတွေ အပ်ပါမည်ဟု လိုလိုလားလား ပြောသွားသည်။ ထိုအချိန်တွင် ပရာဗဒါ သတင်းစာ၌ စတာလင်၏ "အောင်မြင်မှုတွင် ယစ်မူးခြင်း" ဆောင်းပါး ပါလာသည်။ စုပေါင်းလယ်ယာ အဖွဲ့ဝင်တို့အား လောလောဆယ် လုပ်ငန်းအောင်မြင်နေသဖြင့် ဘဝင်မကြီးကြရန် သတိပေးထားသည်။

ဒါဗီးဒေါ့ကမူ စတာလင်သည် နာဂုနော့တို့လို လူမျိုးကို ကြည့်ကာ ထိုဆောင်းပါးကို ရေးသည်ဟု ဆိုသည်။ နာဂုနော့သည် အစည်းအဝေးသို့ အရက်နံ့လေး တသင်းသင်းနှင့် ရောက်လာသည်။ နာဂုနော့က သူ အရက်သောက်လာရသည်မှာ စတာလင်၏ဆောင်းပါး ဖတ်၍ သောက်မိခြင်း ဖြစ်သည်။ သူ့ရင်ထဲတွင် နာနေသည်။ သူ့ကို လက်ဝဲအစွန်းသို့ ရောက်သွားပြီဟု ပြောသဖြင့် စိတ်ထိခိုက်ရသည်ဟု ဆိုသည်။ ခရိုင်ကော်မတီက နာဂုနော့ကို အရေးယူသည်။

နာဂုနော့သည် သူ့မိန်းမကို ကွာသည်။ ကမ္ဘာ တော်လှန်ရေးကြီး ပြီးဆုံးတော့မှ မိန်းမနှင့် ပျော်ပျော်နေတော့မည်ဟု ခိုင်ခိုင်မာမာ အဓိဋ္ဌာန်ပြုထားသည်။

ခရိုင်ကော်မတီက နာဂုနော့ကို ပါတီဝင်လက်မှတ် ပြန်အပ်ရန် တောင်းဆိုသည်။ နာဂုနော့ကား မအပ်။ တိုင်းကော်မတီတွင် အယူခံမည်ဟု ဆိုသည်။ သို့နှင့် သူသည် မြို့မှ မြင်းစီးဒုန်းစိုင်း ပြန်လာသည်။

ထိုအချိန်တွင် ခရိုင်ကော်မတီ၏ အမိန့်ဖြင့် တူဗျန်စကွိုင်ရွာ စုပေါင်းလယ်ယာအသင်းမှ လှည်းများသည် ဂရယ်မျချီသို့ မျိုးစေ့ယူရန် ရောက်လာကြသည်။ ရွာသားများက အယူမခံနိုင်။ တခြားရွာက သူတို့ကျီထဲမှ ဂျုံများ လာသိမ်းသည်ဟု အထင်မှားသည်။ ထိုနောက် ရွာသားများသည် ကျီထဲမှ ဂျုံများကို လုရန် ပြင်ဆင်ကြသည်။ ရတ်ဇမျော့နော့က ခုခံသည်။ ဒါဗီးဒေါ့တို့ လူစုလူဝေးက ရိုက်နှက်သည်။ ထိုအချိန်တွင် နာဂုနော့ ရောက်လာသည်။ သူသည် အချိန်မီ အခြေအနေဆိုးကို သေနတ်ပြကာ ထိန်းလိုက်နိုင်သည်။ အခြေအနေကား ခဏသာ ငြိမ်သွားသည်။

ထိုအခိုက်တွင် ပေါ်လော့ဆက်တို့၏ တန်ပြန်တော်လှန်ရေးသည် တိတ်တိတ်ပုန်း လှုပ်ရှားနေသည်။ ဒါဗီးဒေါ့တစ်ယောက်မှာ နာဂုနော့၏ မိန်းမ လုရှကာနှင့် ချစ်ကြိုက်နေသည်။ တကယ်တမ်း လက်ထပ်ရန် ပြောသည့်အခါ လုရှကာက ရှောင်ပြေးသဖြင့် ဒါဗီးဒေါ့မှာ အချစ်နာကျကာ စိတ်ဓာတ်ပျက်လာသည်။ ဒါဗီးဒေါ့

www.nyisay.com



သည် လုရှကာနှင့် ဝေးရာ ခပ်ဝေးဝေး လယ်ကွင်းများဆီ သွားသည်။ ရွာက စုပေါင်းလယ်ယာကို ရတ်ဇမျှော့နော့အား ခဏလွှဲခဲ့သည်။

နာဂူနော့ကား အင်္ဂလိပ်စာ သင်နေသည်။ သူသည် အင်္ဂလိပ်စာ တတ်လာသည့်အခါ အင်္ဂလိပ် ခနရှင်ကြီး၊ အင်္ဂလိပ် စစ်ဗိုလ်ချုပ်ကြီးတို့အား ‘ဟော့လူတွေ၊ ခင်ဗျားတို့ဟာ အင်္ဂလိပ် အလုပ်သမားလူတန်းစားတွေရဲ့ သွေးကို စုပ်တယ် မဟုတ်လား။ အိန္ဒိယအလုပ်သမား လယ်သမားတွေရဲ့ သွေးကိုလည်း စုပ်တယ် မဟုတ်လား။ တခြားလူမျိုးတွေရဲ့ လုပ်အားကိုလည်း ခေါင်းပုံဖြတ်တယ် မဟုတ်လား။ ဟော့ သွေးစုပ်ကောင်တွေ၊ အားလုံး မတ်တတ်ရပ်။ နံရံမှာ မှီနေကြလို့ ပြောချင်တယ်။ အဲဒါ ပထမဆုံး ကျုပ် အင်္ဂလိပ်လို ပြောမှာပဲ’ ဟု ဆိုသည်။ နာဂူနော့သည် ညအခါ ကြက်တွန်သံကို နားထောင်ရင်း အင်္ဂလိပ်စာသင်ကာ တော်လှန်ရေးကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ ဒါဗီးဒေါ့အား မြင်းလှည်းမောင်းသမားကြီး အိုက်ဗင်က ယာကွတ်တစ်ယောက်ကို သတိထားရန် သတိပေးသည်။ မြွေပွေး ခါးပိုက်ပိုက် ဖြစ်နေပြီဟု ဆိုသည်။

ဒါဗီးဒေါ့သည် လယ်ကွင်းဆင်းကာ ထွန်ယက်လုပ်ကိုင်နေစဉ် ရွာထဲ၌ နာဂူနော့တစ်ယောက် သေနတ်နှင့် ချောင်းအပစ်ခံရသည်။ နားထင်ကို ရှပ်မှန်သွားသည်။ အဖျက်သမားတို့သည် ငြိမ်မနေ။

ထိုစဉ်မှာပင် ဒါဗီးဒေါ့မှာ “သူချစ်”တစ်ယောက်ကို တွေ့သည်။ ခုမှ အရွယ်ရောက်လာသော အပျိုဖျန်းလေး ဗာယာသည် ဒါဗီးဒေါ့ကို တစ်ဖက်သတ်ချစ်နေသည်။ ဒါဗီးဒေါ့ကား ထိုအကြောင်းကို သိသည်။ သို့သော် စိတ်မဝင်စား။ သို့နှင့် ဒါဗီးဒေါ့မှာ အားလုံးစုပေါင်းကာ စိတ်ဓာတ်ကျစရာ ဖြစ်လာသည်။ ထိုစဉ် ခရိုင်ပါတီ အတွင်းရေးမှူး ရောက်လာကာ ဒါဗီးဒေါ့ကို ဝေဖန်သည်။ အချစ်ကိစ္စပါ ပါသည်။ စုပေါင်းလယ်ယာ၏ ချွတ်ယွင်းချို့တဲ့ချက် တို့ကိုလည်း ထောက်ပြသည်။ အတွင်းရေးမှူးက ‘ကျွန်တော့်ကိုလည်း ယုံပါ။ ကျွန်တော်တို့ဟာ ကွန်မြူနစ်တွေ မဟုတ်လား။ ကွန်မြူနစ်ဆိုတာ စစ်သားတွေ စုနေကြတဲ့ တပ်ခွဲတစ်ခုလိုပဲ တစ်ယောက်နဲ့တစ်ယောက် တစ်မိနစ်လေးမှ ယုံကြည်မှုပျက်လို့ မဖြစ်ဘူး’ ဟု ဆွေးနွေးသွားသည်။

ဒါဗီးဒေါ့သည် ရွာသို့ ပြန်ရောက်လျှင် နာဂူနော့ သေနတ်ပစ် ခံရသည်ကို စုံစမ်းသည်။ မမျှော်လင့်ဘဲ ပန်းပဲဆရာထံမှ လက်သည်တရားခံကို သိခဲ့သည်။ လက်သည်မှာ ဆိုက်ဗေးရီးယားသို့ နယ်နှင်လိုက်သည့် မြေပိုင်ရှင်ကြီး၏သား မြေပိုင်ရှင်လေး တီမိုဖေး ဖြစ်သည်။ သူသည် ယခု နာဂူနော့မိန်းမ လုရှကာနှင့် ချစ်ကြိုက်ကာ နာဂူနော့အား ရန်ရှာခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ရွာပြင်တွင် စောင့်ကာ တီမိုဖေးကို နာဂူနော့က ပစ်သတ်လိုက်သည်။

www.nyisay.com



မကြာမီပင် တိုင်းကော်မတီမှ ထောက်လှမ်းရေးအဖွဲ့ဝင်များ ရောက်လာကြသည်။ သူတို့သည် ရှပ်ဖြူတပ်သားဟောင်း ပေါလော့ဆက်ကို လိုက်ရှာနေကြခြင်း ဖြစ်သည်။ သူတို့သည် အဝယ်တော် ဟန်ဆောင်ကာ ထွက်လာကြခြင်းဖြစ်သည်။ ရတ်ဇမျော့နော့နှင့် နာဂုနော့တို့အား သူတို့ သိထားသည့် အဖျက်သမားတို့ လုပ်ရပ်ကို ပြောပြသည်။ သတိ ဝီရိယနှင့် နေကြရန် မှာကြားသည်။

ထိုရက်အတွင်း စည်းရုံးရေးကောင်းလာသဖြင့် ပါတီဝင်အသစ်များ တိုးလာသည်။ ပါတီအုပ်စု အစည်းအဝေးတွင် ပါတီဝင်အသစ်များ၏ လျှောက်လွှာတို့ကို စစ်ဆေးကာ အဆိုပြု ထောက်ခံကြသည်။

ဗာယာသည် နေမြင့်လေ အရှုးရင့်လေ ဖြစ်လာသည်။ သူသည် ဒါဗီးဒေါ့ကို အရူးအမူး ချစ်လာသည်။ သူ့ကို အိမ်က ယောက်ျားပေးစားမည်ဟု ပြောသည့်အခါ ဒါဗီးဒေါ့ထံ လာ၍ ပေါက်ကွဲလေတော့သည်။ သို့နှင့် နောက်ဆုံးတွင် ဗာယာနှင့် ဒါဗီးဒေါ့တို့ ချစ်ကြိုက်သွားကြသည်။ ဗာယာ၏ အမေရှေ့မှာပင် ချစ်ကြောင်း ကြေညာသည်။ ဗာယာတစ်ယောက် သင်တန်းကျောင်းတက်ပြီးလျှင် လက်ထပ်ဖို့ စီစဉ်ကြသည်။ အားလုံးကလည်း သဘောတူကြသည်။ ဗာယာတို့ မိသားစုမှာ ဆင်းရဲရာ အားကိုးရပြီဟု ဝမ်းသာနေကြသည်။ ဗာယာကို မိလီရိုဗို စိုက်ပျိုးရေးသင်တန်းကျောင်းသို့ ဒါဗီးဒေါ့က လိုက်ပို့သည်။

ရတ်ဇမျော့နော့သည်လည်း အမေက တဆူဆူလုပ်သဖြင့် မိန်းမယူရန် ပြင်ဆင်ရသည်။ သူကား ပိုးပန်းမနေ။ သူ သဘောကျနေသော ဉူရာ၏ မိဘဆီသွားကာ ခပ်တည်တည် တောင်းရမ်းယူလိုက်လေသည်။

နာဂုနော့သည် ယာကွတ်နှင့် ပေါလော့ဆက်တို့ကိုသာ ချောင်းနေသည်။ သူတို့သည် ညတိုင်းလိုပင် ယာကွတ်အိမ်နား၌ ကင်းဝပ်ကြသည်။ တစ်ညတွင် သူတို့သည် ယာကွတ်အိမ်ကို ဝင်စီးကြသည်။ သို့သော် ရန်သူကား လက်ဦးသွားသည်။ အထဲက လက်ပစ်ဗုံး၊ စက်သေနတ်တို့နှင့် ပစ်သဖြင့် နာဂုနော့နှင့် ဒါဗီးဒေါ့တို့နှစ်ယောက် သေဆုံးသွားကြသည်။ ရှပ်ဖြူဗိုလ်ကြီးဟောင်း ပေါလော့ဆက်ကို ဖမ်းမိသည်။ သူ့အဆက်အသွယ် မှန်သမျှကိုလည်း ဖမ်းမိသည်။ ဤသို့ဖြင့် ရုရှားပြည် တောင်ပိုင်းတွင် ဆိုဗီယက်အစိုးရကို ထောင်ထားခြားနားသော တန်ပြန်တော်လှန်ရေးသည် ဆုံးခန်းတိုင်ခဲ့လေသည်။ ယင်းဝတ္ထုကို ကျော်အောင်က **တောရိုင်းမြေ** အမည်ဖြင့် ပထမပိုင်း(၁၉၆၅)၊ ဒုတိယပိုင်း(၁၉၆၇) ဘာသာပြန် ထုတ်ဝေခဲ့ရာ ၁၉၆၇ ခုနှစ် အမျိုးသားစာပေ(ဘာသာပြန်) ပထမဆု ရရှိခဲ့သည်။

www.nyisay.com

## လူ့ကြမ္မာ (၁၉၃၃)

### အန်ဒရေ မယ်ရော (၁၉၀၁–၁၉၇၆)

**လူ့ကြမ္မာ**ဝတ္ထုသည် ကမ္ဘာကျော် ပြင်သစ်စာရေးဆရာကြီး အန်ဒရေ မယ်ရော၏ လက်ရာတစ်ပုဒ် ဖြစ်သည်။ ပြင်သစ်စာရေးဆရာက ရေးသော်လည်း **လူ့ကြမ္မာ** ဝတ္ထု၏နောက်ခံမှာ ၁၉၂၇ ခုနှစ် တရုတ်ပြည်နိုင်ငံရေး ဖြစ်သည်။ မယ်ရောသည် တရုတ်ပြည်၌ ကွန်မြူနစ်ပါတီ၏ ဝါဒဖြန့်ချိရေး လုပ်ငန်းတွင် ပါဝင်ခဲ့သည့် အတွက် ဤသို့သော ဝတ္ထုကို ရေးနိုင်ခြင်း ဖြစ်သည်။

**လူ့ကြမ္မာ** ဝတ္ထုတွင် ဇာတ်ဆောင်များ၏ သူရဲကောင်း ပီသမှုကို တွေ့ရသည်။ သို့သော် ၁၉၂၀ ဝန်းကျင်က တရုတ်ပြည် နိုင်ငံရေးလှုပ်ရှားမှုကို ကိုယ်စားပြုနိုင်သော ဇာတ်ဆောင်များမှု မဟုတ်ပေ။ မယ်ရောသည် ပညာတတ်တစ်ဦး ဖြစ်သည့် အားလျော်စွာ ပညာတတ်အမြင်ဖြင့် သုံးသပ်ရသော၊ သူ့အထင်ကို ကိုယ်စားပြုသော ဇာတ်ဆောင်ကိုသာ မွေးထုတ်လေသည်။

၁၉၂၇ ခုနှစ် တရုတ်ပြည်။

ချန်ကေရှိတ်၏ ကူအိုမင်တန် စစ်တပ်သည် တရုတ်ပြည်တောင်ဘက်မှ မြောက်ဘက်သို့ ချီတက်လာသည်။ တရုတ်ပြည် မြောက်ဘက်ပိုင်းတွင် ကူအိုမင်တန်နှင့် မဟာမိတ်ဖြစ်သော ကွန်မြူနစ်များက အားကောင်းလျက် ရှိသည်။ ထိုစဉ်ကာလတွင် ရှန်ဟိုင်းမြို့ကြီးမှာ ကူအိုမင်တန်ကို လည်းကောင်း၊ ကွန်မြူနစ်ကို လည်းကောင်း ဆန့်ကျင်လျက် ကြွကြွခဲ့နေသည်။ ရှန်ဟဲကား လူမျိုးပေါင်းစုံတို့ သိမ်းပိုက်နေထိုင်သော မြောက်ပိုင်းမြို့ကြီး ဖြစ်လေသည်။

ရာပြည့်စာအုပ်တိုက်

www.nyisay.com



ကွန်မြူနစ် ချင်သည် ဥရောပနိုင်ငံမှ သင်္ဘောဖြင့် တင်ပို့လိုက်သော လက်နက်များကို ထုတ်ယူခွင့်(ကိုယ်စားလှယ်လွှဲစာ)ကို အရာရှိကြီးတစ်ဦးကို သတ်လျက် ရယူနိုင်ခဲ့သည်။ သင်္ဘောဖြင့် ပါလာသော လက်နက်များ ရန်သူထံ မရောက်ရေး၊ မိမိတို့ထံ ရောက်ရေးကို ရှန်ဟဲကွန်မြူနစ်များက ကြိုးစားကြသည်။ ချင်၏ရဲဘော်များက ရုရှားတော်လှန်ရေးသမား ကော့တော့၊ ပြင်သစ် တရုတ် ကပြား ပညာတတ် ကယို ဂီဆာ၊ ဂျာမန်လူမျိုး ဟိန်မဲရစ်ချ ဖြစ်သည်။ ချင်က လက်နက်ထုတ်ယူခွင့် လက်မှတ်ကို သူ ရပြီဖြစ်ကြောင်း ရဲဘော်များထံ တင်ပြသည်။ ကော့တော့နှင့် ကယိုဂီဆာတို့က လက်နက်များထုတ်ယူ၍ ရဲဘော်များ အတွင်း ဖြန့်ဝေရေးကို တာဝန်ယူရသည်။ ထို့ကြောင့် ထိုတာဝန်ကို ပြင်သစ်လူမျိုး ကလပ်ပိနှင့် တိုင်ပင် စီစဉ်လေသည်။

ရှန်ဟဲမြို့တော် ကျဆုံးခန်းကား နီးကပ်လာပေပြီ။

ကွန်မြူနစ်များလက်ထဲသို့ လက်နက်ရောက်သွားသည်။ ထိုအခြေအနေတွင် ရှန်ဟဲရှိ ပြင်သစ်ကုန်သည်ကြီးများအသင်း၏ ဥက္ကဋ္ဌ ဖီရဲသည် ရှန်ဟဲမြို့ကြီး ကွန်မြူနစ်လက်တွင်းသို့ မကျဆင်းရေးကို လုံးပန်းနေလေသည်။ ရှန်ဟဲကို လက်ရှိ အုပ်ချုပ်နေသော အစိုးရသည် အရှုံးပေးရတော့မည်ကို ဖီရဲ သိလေသည်။ ဘယ်သူ့ထံ အရှုံးပေး အညံ့ခံမလဲ။ ကွန်မြူနစ်များထံလား၊ ကူအိုမင်တန်များထံလား။ ကွန်မြူနစ်တို့ထံမှ ပြင်သစ်ကုန်သည်ကြီးများသည် ဘာကောင်းကျိုးကိုမျှ မမျှော်လင့်နိုင်။ ကူအိုမင်တန်များနှင့်ကား ပေါင်းလို့ သင်းလို့ ဖြစ်နိုင်သည်။ ထို့ကြောင့် ကူအိုမင်တန်များကို ထောက်ပံ့ရန် ပြင်သစ်ပိုင် ဘဏ်တိုက်မှ ငွေများကို ထုတ်ယူပြီး ရှေ့ပြေး ကူအိုမင်တန်တပ်မှ အရာရှိများနှင့် စေ့စပ်လေသည်။

ဖီရဲသည် အပျော်မယား ဗာလယ်ရီနှင့် မီးမှိတ်၍ ချစ်ခန်းဖွင့်သင့်၊ မီးဖွင့်၍ ချစ်ခန်းဖွင့်သင့် စကားများနေသော ညဥ့်ဦးယံမှာပင် ရှန်ဟဲမြို့ကြီး၌ ပစ်သံ ခတ်သံများ ပေါ်ထွက်လာလေသည်။ ရှန်ဟဲမြို့ကြီး၏ ဒေသစိတ် တစ်စိတ်ပြီး တစ်စိတ် ကွန်မြူနစ်များ လက်သို့ ကျရောက်ကုန်ကြောင်းကို သက်ဆိုင်ရာက ဖီရဲထံ တယ်လီဖုန်းဖြင့် အကြောင်းကြားလေသည်။ ဒေသစိတ် များစွာမှ ရဲဌာနများသည် လွယ်လင့်တကူပင် လက်နက်ချကြသည်။ အရှည်အကြာ ခုခံနေသော နေရာကား ရှန်ဟဲဘူတာရှိ သံချပ်ကာ ရထားပင် ဖြစ်လေသည်။

ရှန်ဟဲမြို့ကို တစ်မြို့လုံး သိမ်းပိုက်ရခါနီးတွင် ကူအိုမင်တန် တပ်များက ဝင်ရောက်လာသည်။ တော်လှန်ရေးဖြစ်ပြီး နောက်တစ်နေ့တွင် ရှန်ဟဲကို ကူအိုမင်တန်တပ်များက ဝင်ရောက် အုပ်ချုပ်လေတော့သည်။

ကူအိုမင်တန် အရာရှိများက ရှန်ဟဲကွန်မြူနစ်ခေါင်းဆောင်များ ဖြစ်ကြ

www.nyisay.com



သော ကယိုဂီဆာနှင့် ချင်တို့အား တွေ့ဆုံပြီး တော်လှန်ရေးသမားများ ကိုင်ထားသော လက်နက်များကို အပ်နှံကြရန် တောင်းဆိုသည်။ ရှန်ဟဲတော်လှန်ရေးသမားများက သားသတ်သမား စဉ်းတီတုံးပေါ်ဝယ် ခေါင်းစင်းပေးသည့်သဘော သက်ရောက်သော လက်နက်အပ်မှုကို မလိုလားကြ။ ထို့ကြောင့် ကယိုဂီဆာနှင့် ချင်တို့ ဟန်ကောမြို့ရှိ ကွန်မြူနစ်ခေါင်းဆောင်ကြီးများထံ သွားရောက်၍ ညွှန်ကြားချက် ယူလေသည်။ ဟန်ကောမြို့သည် ကွန်မြူနစ်လက်အောက်သို့ ကျပြီးဖြစ်ကာ ထိုမြို့၌ တတိယ အင်တာနေရှင်နယ်အဖွဲ့ ရုံးစိုက်ထူထားလေသည်။

ထိုစဉ်က ဟန်ကော ကွန်မြူနစ်ခေါင်းဆောင်များ၏ သဘောထားမှာ ချန်ကေရှိတ်၏ ကူအိုမင်တန်တပ်များနှင့် လောလောဆယ်တွင် အချင်းမများသင့်ဟူသော သဘောထား ဖြစ်ရကား ကယိုဂီဆာနှင့် ချင်တို့အား လက်နက်များ ပေးအပ်လိုက်ရန် ညွှန်ကြားလေသည်။ ကယိုဂီဆာနှင့် ချင်တို့သည် ဘဝင်မကျလှဘဲ ဟန်ကောမှ ရှန်ဟဲသို့ ပြန်လာခဲ့ရ၏။ တတိယ အင်တာနေရှင်နယ်၏ ညွှန်ကြားချက်ကို ကွန်မြူနစ်ပါတီဝင်တိုင်း လိုက်နာရမည် ဖြစ်ကြောင်းကိုလည်း ညွှန်ကြားလိုက်ရကား ချင်သည် အစုအဝေးနှင့် လက်နက်ကိုင် တိုက်ရန် မဖြစ်နိုင်တော့ကြောင့် သဘောပေါက်ရလေသည်။ ထို့ကြောင့် သူသည် တစ်ဦးစ၊ နှစ်ဦးစ စုကာ ချိန်ကေရှိတ်ကို လုပ်ကြံ သတ်ဖြတ်ရန် ကြိုးစားလေတော့သည်။ သို့သော် ကြိုးစားမှုမှာ မအောင်မြင်ပေ။ ထိုလုပ်ငန်း လုပ်ရင်း ချန်သည် ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့လေသည်။

ရှန်ဟဲမြို့ကို ကူအိုမင်တန်များ သိမ်းပိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ရှေးဦးစွာ ပြုလုပ်သည့် လုပ်ငန်းမှာ ကွန်မြူနစ် နှိမ်နင်းရေးလုပ်ငန်းပင် ဖြစ်လေသည်။ ထိုလုပ်ငန်းကို ဦးဆောင်သူမှာ ကူအိုမင်တန် ပုလိပ်အဖွဲ့၏ ဦးစီး "ကိုးညစ်"ပင် ဖြစ်လေသည်။ ကော့တော့မှာ အဖမ်းခံလိုက်ရသည်။ ကိုးညစ် အလိုချင်ဆုံး ပုဂ္ဂိုလ်ကား ကယိုဂီဆာပင် ဖြစ်သည်။ ကယိုဂီဆာ၏ ဖခင် ပါမောက္ခ ဂီဆာက ကလပ်ပီအား စေလွှတ်၍ ကယိုဂီဆာကို သတိပေးခိုင်းသည်။ သို့သော် ကလပ်ဂီသည် လောင်းကစားဝိုင်း၌ ပျော်မွေ့နေသဖြင့် ကယိုဂီဆာကို သတိမပေးနိုင်ခဲ့ပေ။

တတိယ အင်တာနေရှင်နယ်သည် သဘောထား ပြောင်းလဲကာ ရှန်ဟဲရှိ ရဲဘော်များအား လက်နက်မအပ်ရန် ထပ်မံ ညွှန်ကြားလေသည်။ ကယိုဂီဆာသည် ညွှန်ကြားချက် ရသောအခါ အခြေအနေများ လက်လွန်ကုန်ပြီဖြစ်ကြောင်း သိသည်။ သို့သော် တာဝန်အရ ရဲဘော်များအား ညွှန်ကြားချက်ကို အကြောင်းကြားရန် ပုန်းအောင်နေရာမှ ထွက်အလာတွင် ကူအိုမင်တန်များက ဖမ်းမိသွားသည်။

www.nyisay.com



ထိုစဉ် ပြင်သစ်ကုန်သည်ကြီးအသင်း ဥက္ကဋ္ဌ ဖီရဲနှင့် သူ့အပျော်မယား ဗာလယ်ရီတို့ ခွာပြေးသွားကြသည်။ ဗာလယ်ရီသည် ယောကျ်ားတစ်ယောက်နှင့် တွဲနေရာ ဖိရဲခမျာ အနေခက်လှသည်။ ဗာလယ်ရီကို လက်စားချေသည့် သဘော နှင့် ဖီရဲသည် ဗာလယ်ရီ နှစ်သက်တတ်သော ငှက်ရောင်းသည့် ဆိုင်သို့သွားကာ ငှက် အကောင် ၄၀ ကို ဝယ်သည်။ သားပိုက်ကောင်လည်း ပါသည်။ ဖီရဲသည် ငှက်များနှင့် သားပိုက်ကောင်တို့ကို ဗာလယ်ရီ နေထိုင်သည့် ဟိုတယ်အခန်းထဲသို့ လွှတ်ထည့်လိုက်သည်။ ဖီရဲသည် သူ့ကိုယ်သူ အားရပြီး တက်ကြွလာကာ ပြည့် တန်ဆာမတစ်ယောက် ခေါ်ယူ၍ အားပါးတရ ကာမဂုဏ်ကို ခံစားပစ်လိုက်လေ သည်။

ကူအိုမင်တန် ပုလိပ်ဦးစီး ကိုးညစ်သည် ကယိုဂီဆာကို ဖျောင်းဖျ၍ ကူအိုမင်တန်သူလျှို လုပ်ခိုင်းသည်။ ကယိုဂီဆာက ငြင်းသဖြင့် သေဒဏ်ပေး ခံရသည်။ သေဒဏ်ပေး ခံရသူတို့အား မီးရှို့သတ်သည်။ သေလည်းသေ၊ နှိပ်စက် လည်း နှိပ်စက်ပြီးသောနည်း ဖြစ်သည်။ အကျဉ်းထောင်၌ ကော့တော့သည် သူ့တွင် ပါလာသော ဆိုင်ယနိုက်အဆိပ်ကို ကယိုဂီဆာအား ပေးလိုက်သဖြင့် ကယိုသည် အညှဉ်းဆဲ မခံရတော့ဘဲ ကျဆုံးသွားသည်။ ကော့တော့သည် သူ့တွင် အဆိပ်အနည်းငယ် ကျန်သေးသည်။ နှစ်ယောက်စာမျှ ဖြစ်သည်။ သူနှင့်အတူ ချင်၏ ရဲဘော်နှစ်ယောက်လည်း အချုပ်ခံနေရသေးသည်။ ထိုရဲဘော်တို့ကိုလည်း မီးရှို့သတ်ရန် အမိန့်ချထားပြီး ဖြစ်သည်။ ကော့တော့သည် နှစ်ယောက်စာအတွက် ရှိသော အဆိပ်ကို ထိုရဲဘော်နှစ်ယောက်အား ပေးလိုက်ပြီး သူကိုယ်တိုင်မူ အညှဉ်းဆဲခံပြီး အသေခံလိုက်သည်။

သို့နှင့် ရှန်ဟဲတော်လှန်ရေးသမားများ ပြိုကွဲသွားလေသည်။ အသတ်မခံရ ဘဲ ကျန်ရစ်ခဲ့သူများသည် နိုင်ငံအနှံ့အပြားသို့ ရောက်သူက ရောက်၊ ပုန်းအောင်း နေသူက နေ၊ ကစဉ့်ကလျား ဖြစ်ရသည်။ သို့သော် မကြာခင်ပင် သတင်းကောင်း တစ်ခု သူတို့ထံ ပျံ့လာခဲ့သည်။ ထိုသတင်းကား တရုတ်ပြည်၌ တော်လှန်ရေးကြီး တစ်ခု နောက်ထပ် ဖြစ်ပွားနေပြီ ဟူသော သတင်းပင် ဖြစ်သည်။

www.nyisay.com

## ဝတ္ထုကမြေ (၁၉၃၃)

### အယ်စကိုင်း ကတ်ဒဲ (၁၉၀၃–၁၉၈၇)

အမေရိကန်ပြည်ထောင်စုတွင် လူသိနည်းလှသော အရပ်ဒေသမှ အမေရိကန် တစ်သိုက်၏ ဘဝကို ဖော်ပြသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ အမေရိကန် တစ်သိုက် ကား အမေရိကန်အောက်တန်းလွှာမှ အလုပ်ကြမ်းသမား မိသားစုပင် ဖြစ်သည်။ **ဝတ္ထုကမြေ** ဝတ္ထုထွက်စက ညစ်ညမ်းသောဝတ္ထု ဖြစ်သည်ဟု စွပ်စွဲခံရသည်။ သို့ရာတွင် တရားရုံးက အယ်စကိုင်း ကတ်ဒဲ၏ ဝတ္ထုသည် ညစ်ညမ်းသည် မဟုတ်ဟု ဆုံးဖြတ်သည်။ လူသိနည်းသော အရပ်တွင် နေထိုင်သော လူတစ်သိုက် ၏ အကြောင်းကို ဖတ်ရသောအခါ ရယ်မောမိမည် ဖြစ်သည်။ သို့သော် ရယ်မော ရင်း သူတို့ကို သနားလာမည် ဖြစ်သည်ဟု **ဝတ္ထုကမြေ**ကို ဝေဖန်သူတစ်ဦးက ရေးခဲ့သည်။

တူတူးဝဲလဒင်သည် ရွှေရူး ရူးနေသော ဂျော်ဂျီယာ တောင်ပေါ်သားတစ်ဦး ဖြစ်သည်။ သူသည် ဂျော်ဂျီယာ တောင်တစ်ကြော၌ ၁၅ နှစ်တိုင်တိုင် ရွှေတူးနေ ခဲ့သည်။ ယခုထက်တိုင် ရွှေကို မတွေ့သေးသော်လည်း စိတ်ပျက် အားလျော့ခြင်း မရှိ။ နေ့ညမဟူ တစ်ချိန်လုံး ရွှေတူးနေမြဲ နေသည်သာ ဖြစ်၏။ တူတူး၏ ရွှေရောဂါသည် ယခုမူ သူ့သား ဗတ်နှင့် လျှောတို့ကိုပင် ကူးစက်နေပြီ ဖြစ်၏။ တူတူးဝဲလဒင်ကို လူတော်လူဖြောင့် တစ်ယောက်ဟု ဆိုရန် ခက်ခဲသော်လည်း ဘာသာရေးတွင် ကိုင်းရှိုင်းသူတစ်ဦးဟုမူ အသေအချာ ပြောနိုင်၏။ တူတူး

www.nyisay.com



ဝဲလဒင်သည် မြေတစ်ကေကို ဘုရားကျောင်းအတွက်ဟု ရည်စူးထားလေ့ ရှိ၏။ သတ်မှတ်ရည်စူးထားသော မြေတစ်ဧကတွင် ရွှေကို တူးမိ တွေ့မိပါက ထို မြေကေမှထွက်သော ရွှေမှန်သမျှကို ဘုရားကျောင်းအတွက် လှူမည်ဟု အဓိဋ္ဌာန် ချမှတ်ထား၏။ ထို့ကြောင့် တူတူး ဝဲလဒင်သည် သူ တူးမည့်မြေကွက်ကို ယခင်က ဝတ္တကမြေဟု သတ်မှတ်မိပါလျှင် နောက်ထပ်တစ်နေရာကို အသစ်သတ်မှတ် ပေး၏။ သို့ဖြင့် တူတူးသည် သူ တူးနေသည့် မြေတိုင်း ဝတ္တကမြေ မဖြစ်အောင် ပြုလုပ်ခဲ့ပေသည်။ ထို့ကြောင့် ရွှေတွေ့ပါက ဘုရားကျောင်းသို့ ပေးလှူရန် မလို တော့ပေ။

တူတူး ဝဲလဒင်တို့ သားအဖသုံးယောက် ရွှေတူးနေစဉ် ပလူတိုဆွင့် ရောက်လာသည်။ ပလူတိုဆွင့်ကား တူတူး ဝဲလဒင်၏ သမက်လောင်း ဖြစ်သည်။ ခန္ဓာကိုယ်က ဝဝပြဲပြဲ၊ အလုပ်လုပ်ရမှာ ပျင်းရိသူဖြစ်သည်။ ပလူတိုက တစ်ကိုယ် လုံး ဆွတ်ဆွတ်ဖြူသော အကောင်သည် ရွှေကြောကို ရှာပေးနိုင်စွမ်းရှိကြောင်း ပြောပြသည်။ ပလူတိုက တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော အကောင်တစ်ကောင် ကို သိပ်မဝေးလှသော တောင်ပေါ်၌ တွေ့ခဲ့ကြောင်း ပြောပြသည်။ သို့ဖြင့် ဝဲလဒင်း သားအဖသည် ထိုအကောင်ကို ဖမ်းဆီးရန် ပြင်ဆင်ကြသည်။ သုံးဦးအားနှင့် မလုံလောက်သဖြင့် စတော့ဗီးအရပ်၌ရှိသော သူ့သမီး ရှိဆာမွန်နှင့် သမက် ဝီလ်သော့မဆန်ကို ခေါ်ယူအားဖြည့်မည် စိတ်ကူးကာ သမက်လောင်း ပလူတို၊ သမီး ဒါလင်ဂျီးလ်တို့ကို စေလွှတ်သည်။ ပလူတိုကား ဂျီးလ်နှင့် တွဲခုတ်ရသဖြင့် ကျေနပ်နေသည်။

စတော့ဗီးတွင် ရှိဆာမွန်နှင့် ဝီလ်တို့ အိမ်ထောင်ရေးကား မစိုပြည်လှပေ။ ဝီလ်သည် ချည်စက်အလုပ်သမား ဖြစ်သည်။ ချည်စက်ပိုင်ရှင်က စက်ရုံကို ပိတ် ထားသဖြင့် အလုပ်အကိုင်မဲ့ဖြစ်ပြီး စိတ်ညစ်ညစ်နှင့် အရက်ဖိသောက်နေသည်။ မယား ရှိဆာမွန်ကိုလည်း ရိုက်နှက်သည်။ ရှိဆာမွန်က ရိုက်နှက်ခံရသည်မှာ အိမ်ထောင်သည်များ၏ ထုံးစံဟု သဘောပိုက်ကာ ဝမ်းမနည်းလှ။ သို့ရာတွင် ဝီလ်က သူ့ယောင်းမ(ဇတ်၏မိန်းမ)ဂရီဆယ်လဒါးကို အမေရိကန်တွင် အလှဆုံး မိန်းမဟု တောင့်တမွတ်သိပ်သော အသံနှင့် ပြောလိုက်သောအခါတွင်မူ မျက်ရည် ကျရသည်။

ပလူတိုနှင့် သူ့ဇနီးလောင်း ဂျီးလ်တို့ ဝီလ်လင်မယားထံသို့ ရောက်လာပြီး အကျိုးအကြောင်းပြောကာ လိုက်ခဲ့ဖို့ ခေါ်သည်။ နောက်တစ်နေ့ နံနက်စာစားပြီးမှ သွားကြရန် သဘောတူကြသည်။ နံနက်စောစော ရှိဆာမွန် မြို့ထဲသွားခိုက် ပလူတိုက ဝရန်တာ၌ ရှိနေစဉ် ဂျီးလ်က မြူဆွယ်သဖြင့် ဝီလ်သည် ဂျီးလ်နှင့်

www.nyisay.com



မှောက်မှားသည်။ ထိုအခိုက် ရှီဆာမွန် ပြန်ရောက်လာရာ ဒေါ်ပွပွဖြင့် နှစ်ဦးစလုံးကို ရိုက်နှက်သည်။ ရိုက်နှက်ရုံနှင့် အားမရဘဲ အံဆွဲထဲမှ သေနတ်ကို ဆွဲထုတ်ပြီး ဝီလ်ကို ပစ်သည်။ မထိ။ ဝီလ်လည်း ပြတင်းပေါက်မှ ခုန်ဆင်းပြေးသည်။ ထိုနောက် ရှီဆာမွန်သည် မျက်ရည်တရွှဲရွှဲရှိ ညီမငယ် ဂျီးလ်၏တင်ပါးမှ အရှိုးများအပေါ် လီနင်မင် လိမ်းပေးလေသည်။

နောက်တစ်နေ့ နံနက်စာစားပြီး ဝီလ်၊ ပလူတို၊ ရှီဆာမွန်၊ ဂျီးလ်တို့ စတော့ဗီးမှ ထွက်ခွာလာကြသည်။ တူတူးဝဲလဒင့်အိမ် ရောက်သောအခါ ဆွတ်ဆွတ်ဖြူသတ္တဝါကို ဖမ်းမိထားပြီးဖြစ်ကြောင်း တွေ့ရသည်။ ဝီလ်တို့ လင်မယားသည် အလုပ်အကိုင်လည်း မရှိသည်က တစ်ကြောင်း၊ ဖခင်ကြီး အကူအညီလိုသည်ကိုပေးရန် တာဝန်ရှိသည်က တစ်ကြောင်း ရက်အတန်ကြာ နေကြရသည်။ ထိုစဉ် ဗတ်၏ မိန်းမချော ဂရီဆယ်လဒါးကို ဝီလ်က ကြံစည်နေသည်ဟု ဗတ်က ထင်လာသဖြင့် သမီးယောက်ဖတို့ ထိုးကြိတ် ရန်ဖြစ်ကြသည်။ တူတူးဝဲလဒင်က ဝင်ရောက် ဖျန်ဖြေရသည်။

ဆွတ်ဆွတ်ဖြူသတ္တဝါသည် တူတူးကို ရွှေကြော ရှာမပေးနိုင်ချေ။ ထို့ကြောင့် တူတူးအဖို့ စားသောက်နေထိုင်ရေး၊ ရွှေဆက်တူးနိုင်ရေးအတွက် ငွေလိုလာသည်။ ထို့ကြောင့် ဝါဂွမ်းပွဲစား လုပ်ရင်း ငွေကြေးချောင်လည်နေသော သား ဂျင်လက်စလီထံသို့ ငွေချေးရန် သွားသည်။ တူတူးဝဲလဒင်နှင့်အတူ ဂျီးလ်၊ ဂရီဆယ်လဒါးတို့ လိုက်ပါသွားသည်။ ဂျင်လက်စလီထံမှ ဒေါ်လာ ၃၀၀ ရခဲ့သည်။ ဂျင်က သူ့အဖေကို ငဲ့၍ ငွေ ၃၀၀ ကူသည် မဟုတ်။ အဖေ့ချွေးမ သူ့မရီး ဂရီဆယ်လဒါးကို မွတ်သိပ်သောကြောင့် ကူလိုက်ခြင်း ဖြစ်သည်။ မယားသည် အိပ်ခန်းထဲ၌ ဖျားနာနေသည်ကို အခွင့်ကောင်းယူကာ ဂျင်သည် စုတ်ချာအိုမင်းလှသော ကားထဲ၌ ထိုင်နေသည့် ဂရီဆယ်လဒါးထံသွားကာ ပွတ်သီးပွတ်သပ် လုပ်နေသည်။ ထို့ကြောင့် တူတူးသည် ကားကို အမြန်မောင်းထွက်ခဲ့ရသည်။

ဝီလ်က သူသည် စတော့ဗီးသို့ ပြန်သင့်ပြီဟု ကြေညာလိုက်သည်။ စတော့ဗီးစက်ရုံမှ မိတ်ဆွေအလုပ်သမားများကို စည်းရုံးကာ စက်ရုံဖွင့်၍ လည်စေမည် ဖြစ်ကြောင်းကိုလည်း ပြောပြသည်။ အခွင့်ကောင်းစောင့်နေသော ပလူတိုက ဝီလ်တို့လင်မယားကို သူနှင့် ဂျီးလ်တို့ လိုက်ပို့မည်ဟု ဝင်ပြောသည်။ လင်တော်မောင် ဗတ် တတွတ်တွတ် ကန့်ကွက်သည့်အကြားက ဂရီဆယ်လဒါးလည်း လိုက်ပါမည်ဟု ဆိုသည်။

စတော့ဗီး ရောက်သောအခါ ဝီလ်သည် စက်ရုံအလုပ်သမားများကို စုစည်းကာ အစည်းအဝေးခေါ်သည်။ အစည်းအဝေးက ပိတ်ထားသော စက်ရုံသို့ အလုပ်

www.nyisay.com



သမားများ ဝင်ရောက်ကာ စက်ရုံကို လည်ပတ်ရန် ဆုံးဖြတ်ချက်ချသည်။ ဂရီဆယ်လဒါးအဖို့ ဝီလ်သည် တကယ့်သူရဲကောင်းကြီး ဖြစ်နေသည်။ ဝီလ် လိုလားသော သူ့ခန္ဓာကိုယ်ကို သူရဲကောင်းကြီးအတွက် ပေးလှူလိုစိတ် ဖြစ်ဟန်ရှိသည်။ ဂရီဆယ်လဒါး၏သူရဲကောင်းကလည်း ထိုအလှူကို လိုလိုလားလား လက်ခံသည်။

နောက်တစ်နေ့တွင် ဝီလ်ခေါင်းဆောင်သော စက်ရုံအလုပ်သမားများသည် စက်ရုံသို့ အတင်းဝင်လာစဉ် စက်ရုံပိုင်ရှင်၏ အစောင့်တပ်က သေနတ်နှင့် ပစ်၍ ဖြိုခွင်းသည်။ ဝီလ် ကျဆုံးသွားသည်။

ဝီလ်၏ အသုဘ ပြီးဆုံးသောအခါ တူတူး၏အိမ်သို့ အားလုံးပြန်လာကြသည်။ ဗတ်သည် သူ့ဇနီးနှင့် ဝီလ်တို့ ဘာဖြစ်ခဲ့သည်ကို မှန်းဆမိဟန်တူသည်။ သို့သော် ဗတ် လက်စားချေရမည့် ဝီလ်ကား သေဆုံးသွားပြီဖြစ်၍ စိတ်ဆဲ၍ အခဲမကျေလှ။ ထိုစဉ် ထန်းသီးကြွေခိုက် ကျိုးနင်းခိုက် ညီတော်မောင် ဂျင်လက်စလီ ပေါက်ချလာသည်။ ဂျင်သည် ဂရီဆယ်လဒါးအပေါ် တပ်မက်သည့်စိတ် ပြင်းပြစွာ ထိုးဆွသဖြင့် ရောက်လာခြင်း ဖြစ်သည်။ ဗတ်က ဖမ်းချုပ်၊ တူတူးက လှမ်းဆွဲသည့်အထဲက ဂရီဆယ်လဒါးထံ အတင်း ထွက်ပြေးသွားသည်။ ဗတ်သည် တဇောဖြင့် ရူးသွပ်နေသော ညီတော်မောင် ဂျင်လက်စလီအား သေနတ်နှင့် ချိန်ရွယ်ပစ်ချလိုက်သည်။ တူတူးဝဲလဒင်က အသက်မရှိတော့သော ဂျင်၏ကိုယ်ခန္ဓာကို ကြည့်နေစဉ် ဗတ်သည် သေနတ်ကို ယမ်းထိုးပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေရန် ထွက်သွားသည်။ တူတူးဝဲလဒင်က မတားဆီးလိုက်ပေ။ ဗတ်၏ကိုယ်ခန္ဓာ လဲကျသွားမည့် နေရာကို ဝတ္တုကမြေဟု သတ်မှတ်ပေးရန် စဉ်းစားနေလေသည်။

www.nyisay.com

## နှင်းပွင့်တိုင်းပြည် (၁၉၃၅–၁၉၄၇)

### ယာဆုနရိ ခဝါဗာတာ (၁၈၉၉–၁၉၇၂)

ခေတ်သစ်စာပေတွင် ဂျပန်စာပေသည် စိတ်ဝင်စားဖွယ်အသွင်ကို ဆောင်လာ၏။ ဂျပန်ကဗျာများကို အင်္ဂလိပ်ဘာသာမှတစ်ဆင့် ကမ္ဘာ့စာပေ လောကတွင်းသို့ ပျံ့နှံ့စေခဲ့သည်မှာ ကြာပြီဖြစ်၏။ သို့သော် ဂျပန်ဝတ္ထုများကိုမူ အနောက်တိုင်းသားတို့သည် ယခု ရာစုဝက်၏ ဒုတိယပိုင်းတွင်မှ ပိုမို အာရုံစူးစိုက်လာဟန်ရှိ၏။ ဤသည်ပင် ဂျပန်စာပေသည် ကမ္ဘာ့စာပေတွင် နေရာရယူနိုင်ရန် ဖန်တီးလာခြင်းဟု ဆိုနိုင်ပေသည်။

နိုဗယ်စာပေဆုသည် ကမ္ဘာ့စာပေဆုများတွင် အမြင့်ဆုံးဆုအဖြစ် စံထားသတ်မှတ်ကြသည်။ သို့သော် နိုဗယ်စာပေဆု၏ စံ ဘာသာစာပေမှာ အင်္ဂလိပ်စာဖြစ်၏။ ထို့ကြောင့် အင်္ဂလိပ်စာနှင့် ရေးသားခြင်း၊ သို့မဟုတ် ဘာသာပြန်ခြင်းခံရသော စာပေများသည်သာလျှင် နိုဗယ်ဆု ရွေးချယ်ရေး အဖွဲ့၏ စိတ်ဝင်စားခြင်းခံရသည်။

ဤသို့ဖြင့် ဂျပန်စာရေးဆရာများသည် ခေတ်သစ်တွင် နိုဗယ်ဆု ရွေးချယ်ရေးအဖွဲ့၏ စိတ်ဝင်စားစရာ အာရုတိုက်မှ စာရေးဆရာများ ဖြစ်လာရလေသည်။ တာနာဇာကီ အမည်ရှိ ဂျပန်စာရေးဆရာ တစ်ယောက်သည် ကာလအတန်ကြာကပင် နိုဗယ်စာပေဆု ရွေးချယ်ရေးအဖွဲ့၏ စိတ်ဝင်စားဖွယ် ဖြစ်ခဲ့လေသည်။

www.nyisay.com



လွန်ခဲ့သော ၁၉၆၉ ခုနှစ်ကမူ နိုဗယ်ဆု ရွေးချယ်ရေးအဖွဲ့သည် ဂျပန်နိုင်ငံမှ စာရေးဆရာကြီး ယာဆုနရီ ခဝါ့ဗာတာကို နိုဗယ်စာပေဆုဖြင့် ချီးမြှင့်ခဲ့လေသည်။

ထိုအခါမှစ၍ ခဝါ့ဗာတာ၏ နှင်းပွင့်တိုင်းပြည် ဝတ္ထုသည် ကမ္ဘာ့စာပေတွင် ထင်ရှားသော ဝတ္ထုတစ်ပုဒ် ဖြစ်လာခဲ့ရလေသည်။

ခဝါ့ဗာတာသည် ရှေးရိုးသမား ဖြစ်သည်။ ထို့ကြောင့် သူ၏ဝတ္ထု ရေးဟန်သည် ဂျပန်ရှေးရိုးကဗျာ ဟိုက်ကု ရေးဟန်မျိုး ဖြစ်သည်။ ဟိုက်ကုကဗျာမျိုးသည် အရေးကျစ်လျစ်သည်။ အနက်ဆန့်ကျင်ဘက်နှစ်ခုကို ဆောင်တတ်၏။ တစ်နည်းဆိုရလျှင် ဆန့်ကျင်ဘက် နှစ်ခုကို ဆောင်၏။ သို့သော် နွဲ့ပျောင်းသည်။ သိမ်မွေ့သည်။

ဤသဘော အလုံးစုံကို သူ၏ နှင်းပွင့်တိုင်းပြည်ဝတ္ထုတွင် တွေ့နိုင်လေသည်။

ကြည့်ပါ။ ဇာတ်လမ်းဖွင့်ပုံက အစ။

နှင်းပွင့်လွှမ်း တောင်ခြေနှင့် ရေပူစမ်းများရှိရာ ဒေသသို့ ခုတ်မောင်းလာသော ရထားတစ်စီးပေါ်က ရှိမမူရန့်နှင့် ယိုကို၏ လှုပ်ရှားဟန်။

ယိုကိုသည် ဘူတာတစ်ခုတွင် ရထား အရပ်၌ သူ့မောင် ဆာအိချိရိုကို တသသ ရှာဖွေခဲ့သည်။ ရထားလမ်းတွင် အလုပ်လုပ်နေသော သူ့မောင်အကြောင်းကို ဘူတာက အမှုထမ်းဆီမှာ စုံစမ်းသည်။ မှာသည်။ ပြီး ထိုမိန်းကလေးသည် သူနှင့်အတူ ပါလာသော လူမမာအမျိုးသားကို ပြုစုခဲ့သည်။ ထိုစဉ်ကပင် ရှိမမူရန့်သည် ယိုကိုကို စိတ်ဝင်စားခဲ့၏။ သို့ပေမယ့် ရေပူစမ်းစခန်းသို့ ရောက်သောအခါ သူသည် ခိုမာ့ကို ကို ရှာခဲ့သည်။

ရှိမမူရန့်သည် တိုကျို အနုပညာလောကတွင် ဝေဖန်ရေးသမား ယောင်ယောင်၊ ဘာသာပြန်သမားယောင်ယောင် ကျင်လည်ခဲ့သူ ဖြစ်သည်။ အနောက်တိုင်း ဘဲလေးအကကို စတင်လေ့လာပြီး ဆောင်းပါးရေးသူ ဖြစ်၏။ ကိုယ်တိုင်ကား ဘဲလေးနှင့် ထိတွေ့ဖို့ ဝန်လေးသူမျိုး ဖြစ်၏။ သားမယား ရှိသူလည်း ဖြစ်၏။ သူသည် လွန်ခဲ့သော ရက်ပေါင်း ၁၉၉ ရက်လောက်ကလည်း ဤအရပ်သို့ ရောက်ခဲ့ဖူးသည်။ ဂေရှာမယ် ခိုမာ့ကိုနှင့် ဆုံခဲ့ဖူးပြီး ဖြစ်သည်။ ခိုမာ့ကိုသည် ဂီတပညာသင် ဆရာမကြီးအိမ်မှာ နေသူဟု သိခဲ့ပြီးလည်း ဖြစ်သည်။ ယခု ရထားပေါ်တွင် ပါလာသော ကာမမာမှာ ဂီတပညာသင် ဆရာမကြီး၏ သားဟုလည်း သိခဲ့ပြီ။

စင်စစ် ရှိမမူရန့်သည် ခိုမာ့ကိုနှင့် နေရသည်ကို ဟက်ဟက်ပက်ပက်ကြီး တွယ်ငြိသည်လည်း မဟုတ်။ ကင်းပြတ်ရနိုင်သည်လည်း မဟုတ်။ သူ့ဆီသို့

www.nyisay.com



ခိမ့်ကို လာအိပ်လျှင်လည်း သူ သာယာလိုက်သည်။ မလာလျှင်လည်း နေလိုက်သည်။ ယခုတစ်ကြိမ် သူရောက်လာသောအခါ ခိမ့်ကို သူ့ဆီ ရောက်လာသည်။ ခိမ့်ကို သူ့ဆီလာတိုင်း မူးလာသည်။ ပြီး သူနှင့် အိပ်သည်။

ယခုတစ်ကြိမ်တွင် သူ ခိမ့်ကိုအကြောင်းကို ပိုကြားရသည်။ ခိမ့်ကိုသည် ဂီတဆရာမကြီး၏သား ယုကီအိုနှင့် စေ့စပ်ထားပြီး ဖြစ်သည်။ ယုကီအို ဆေးကုသရေးအတွက် ငွေကြေးထောက်ပံ့နိုင်ရန် တိုကျိုသို့ တက်ပြီး ဂေရှာ လုပ်ဖူးသည် စသည်ဖြင့်။

ထိုအကြောင်းကို ရှိမမူရန့်သည် ခိမ့်ကိုထံမှ စုံစမ်း၏။ ခိမ့်ကိုက ငြင်းသည်။

တစ်နေ့တွင် ခိမ့်ကိုသည် ရှိမမူရန့်နှင့်ရှိစဉ် ယိုကို လိုက်လာသည်။ ယုကီအို အခြေအနေ ဆိုးဝါးနေကြောင်း သတင်းလာပေး၏။ ယုကီအိုနှင့် ပတ်သက်၍ ယိုကို တုန်လှုပ်နေသလောက် ခိမ့်ကို တုန်လှုပ်ဟန် မပြခဲ့။ ယုကီအို သေသည်။

နောက်တစ်နှစ်တွင်လည်း ရှိမမူရန့်သည် ရေပူစမ်းသို့ ရောက်လာပြန်သည်။ ခိမ့်ကိုနှင့် တွေ့၏။ ခိမ့်ကိုက ယိုကိုနှင့် တွေ့ပေးသည်။ ယိုကို့ကို ချစ်ဖို့လည်း ပြောသည်။ ရှိမမူရန့်သည် ယိုကိုကို စွဲလမ်းနေဆဲ ဖြစ်သည်။ ယိုကိုသည် ယုကီအို သင်္ချိုင်းသို့ သွား၍ ငိုပြီဖြစ်သည်။ တိုကျိုကို ခေါ်သွားဖို့ အထိလည်း စိတ်ကူးသည်။ သို့သော် ခိမ့်ကိုနှင့် ပတ်သက်၍လည်း သူ မပြတ်သား။ သူ့စိတ်က လွင့်သည်။ ရေပူစမ်းက ထွက်သွားသည်။ အပြန်မှာ ခိမ့်ကိုက သူ့ကို ကြိုတွေ့သည်။ သူ့တွင် ခိမ့်ကိုနှင့် ပတ်သက်၍ ပြတ်သားသော အမြင် ရှိပုံမပေါ်။ ထို့အတူ ယိုကိုနှင့် ပတ်သက်၍လည်း ပြတ်သားပုံ မရှိ။

ထိုစဉ် ရွာတွင်းရှိ ပိုးချည်လှောင်အိမ်မှာ မီးလောင်သည်။ ထိုနေရာတွင် ရုပ်ရှင်ပွဲရှိသည်။ ရုပ်ရှင်ပြစက်မှ မီးလောင်ခြင်း ဖြစ်သည်။ ရှိမမူရန့်နှင့် ခိမ့်ကိုတို့သည် မီးလောင်ရာသို့ လာခဲ့သည်။ မီးလျှံကြားတွင် လဲကျသွားသော ယိုကိုကို တွေ့သည်။ ခိမ့်ကိုသည် မီးလျှံတွင်းသို့ ပြေးဝင်သွားသည်။ ယိုကိုကို ပွေ့ယူလာခဲ့၏။ ခိမ့်ကိုသည် ကိုယ်ကျိုးစွန့်သည်လား၊ သူ့ပြစ်ဒဏ်အတွက် ကြွေးဆပ်သည်လား မဆိုနိုင်ပေ။

ကောင်းကင်မှ နဂါးငွေ့တန်းသည် ရှိမမူရန့်၏ ရင်တွင်းသို့ အသံမြည်ဟည်း တိုးဝင်လာလေသည်။

ဝတ္ထုဇာတ်လမ်းမှာ ဤမျှသာ ဖြစ်လေသည်။

သို့သော် သူ့ဝတ္ထုထဲက ဇာတ်ဆောင်များသည် လောကနှင့် ပတ်သက်၍၊

www.nyisay.com



ဘဝနှင့် ပတ်သက်၍ အနက်အဓိပ္ပာယ် အမျိုးမျိုးကို လှုပ်ရှားဟန်ဖြင့် ပြခဲ့၏။ စကားဖြင့် ပြခဲ့၏။ စိတ်ကူးဖြင့် ပြခဲ့၏။ ယိုကိုကို စွဲလမ်းခဲ့ပြီး ခိမာ့ကိုဆီ ရောက်လာသော ရှိမမူရန့်ကို ကြည့်ပါ။ ရှေးဟောင်း ကီမိုနိုတွေဆီ လွင့်သွားသော ဘဲလေးကို မကြည့်ဘဲ စိတ်ဝင်စားဟန်ပြခဲ့သော ရှိမမူရန့်ကို ကြည့်ပါ။ ပြီး 'မင်းဟာ မိန်းကလေးကောင်း တစ်ယောက်ပါ'ဟု ဆိုခဲ့ပြီး ထိုခဏမှာပင် 'မင်းဟာ မိန်းမသားကောင်း တစ်ယောက်ပါ' ဟု ဆိုတတ်သော ပြောပုံကို ကြည့်ပါ။ သည်စကားနှစ်ခု ခြားနားခြင်းအတွက် ခိမာ့ကို ဆတ်ဆတ်ခါ နာရပုံကိုလည်း ကြည့်ပါ။ ပြီး 'တိုကျိုက လူတွေဟာ နားလည်ရ အခက်သားပဲ၊ ဒီလူတွေဟာ ရှုပ်ထွေး ဆူညံသံတွေကြားမှာ နေကြတယ်။ ပြီးတော့ သူတို့ရဲ့ ဝေဒနာတွေဟာ အမြွာမြွာ အစိတ်အစိတ် ကွဲနေတယ်'ဟု ဆိုတတ်သော၊ 'ကျွန်မ အနေနဲ့ အသက်ရှင်နေတဲ့ လူတွေအပေါ်မှာ ဘယ်တော့မှ ပွင့်ပွင့်လင်းလင်း မရှိနိုင်ဘူး။ သေသွားပြီဖြစ်တဲ့ သူ(ယုကိအို)နဲ့ ပတ်သက်လို့ကျတော့ အတတ်နိုင်ဆုံး ရိုးသားရလိမ့်မယ်' ဟု ပြောတတ်သော ခိမာ့ကိုကို ကြည့်ပါ။ မောင်ကို ရထားပေါ်မှာ တစ်ခါသာ လှုပ်တစ်ပြက် မြင်လိုက်ရသော ယုကိအိုအတွက် သင်္ချိုင်းဂူသို့ သွားတတ်သော၊ တိုကျိုကို လိုက်ချင်ပါသည်ဆိုသော၊ ပြီးတော့လည်း ရေချိုးရင်း သီချင်းတအေးအေး နေတတ်သော ယိုကိုကိုလည်း ကြည့်ပါ။

နှင်းပွင့်တွေ ကျဆင်းပြီး မှုန်မှိုင်းထုံထိုင်းစေသော ကျေးလက် အဖျော်ဖြေခံ(ခိမာ့ကိုတို့လို) ဂေရှာတွေနှင့် ရေပူစမ်းဒေသကလေးကို အဓိကထား ဖွဲ့ထားသည့် ဝတ္ထုတစ်ပုဒ်။

ဤသို့ဖြင့် ဟိုက်ကု ကဗျာတစ်ပုဒ်ကို ဖတ်ရသလို စိတ်လှုပ်ရှားမှုကို ဖြစ်ပေါ်စေနိုင်သော ဝတ္ထုတစ်ပုဒ်။

ထိုဝတ္ထုကို ခဝါဗာတာသည် ၁၉၃၄ ခုနှစ်တွင် စရေးခဲ့ပြီး ၁၉၃၅–၁၉၃၇ ခုနှစ်တွင် အပိုင်း အပိုင်း ထုတ်ဝေခဲ့၏။ ရှိမမူရန့် နောက်ဆုံးအကြိမ် ပြန်လာသော ဒုတိယအပိုင်းကို ၁၉၄၇ ခုနှစ်တွင်မှ ဇာတ်သိမ်းအဖြစ် ဆက်ရေးခဲ့ခြင်း ဖြစ်သည်။

ဤဝတ္ထုကို ၁၉၆၉ ခုနှစ်တွင် နန္ဒသူက နှင်းပွင့်တိုင်းပြည် အမည်ဖြင့် မြန်မာပြန်ခဲ့သည်။

www.nyisay.com

## ဝတ္ထုနှင့် ပြည်သူ (၁၉၃၇)

ရပ်ဖောက် (၁၉၀၀-၁၉၃၇)

ရပ်ဖောက်သည် မတ်ဝါဒီတစ်ဦး ဖြစ်သည်။ သို့သော် မည်ကာမတ္တဝါဒီ မဟုတ်။ မတ်ဝါဒကို လက်တွေ့ ကျင့်သုံးသူ ဖြစ်သည်။ သူသည် ဗြိတိသျှအမျိုးသား ဖြစ်သည်။ ဗြိတိန်နိုင်ငံ ကွန်မြူနစ်ပါတီဝင် တစ်ဦးလည်း ဖြစ်သည်။ ယုံကြည်ချက်အတွက် ကလောင်ကိုလည်း ကိုင်၏။ လိုအပ်သောအခါ လက်နက်ကိုလည်း ကိုင်ခဲ့၏။ သို့ဖြင့် စပိန်နိုင်ငံ ဒီမိုကရေစီတိုက်ပွဲတွင် နိုင်ငံတကာတပ်၌ ပါဝင်တိုက်ခိုက်ရင်း ကျဆုံးခဲ့၏။ ထိုအချိန်က သူ့အသက်မှာ ၃၇ နှစ်သာ ရှိသေးသည်။ သူသည် ပြဇာတ်၊ ဝတ္ထု၊ အတ္ထုပ္ပတ္တိ စာအုပ်များကို ရေးခဲ့ပြီ။ သူ ကွယ်လွန်မည့်နှစ်တွင် သူသည် မတ်ဝါဒကို အခြေခံသော ဝေဖန်ရေးစာတစ်အုပ်ကို ရေးခဲ့သည်။ ထိုစာအုပ်ကား ယခု **ဝတ္ထုနှင့် ပြည်သူ** အမည်ရှိသော စာအုပ်ဖြစ်သည်။

ဤစာအုပ်တွင် ရပ်ဖောက်သည် ခေတ်သစ်ဝတ္ထုများနှင့် ပတ်သက်သော အရေးကိစ္စများကို ဝေဖန်တင်ပြထား၏။ ယင်းသို့ ဝေဖန်တင်ပြရာ၌ မတ်ဝါဒနှင့် စံချိန်ထိုးခဲ့သည်။ ထိုကာလအထိ တစ်စောင်တစ်ဖွဲ့ မပေါ်ပေါက်ခဲ့သေးသော စာအုပ်မျိုး ဖြစ်သည်။ ထို့ကြောင့် **ဝတ္ထုနှင့် ပြည်သူ** သည် ဝတ္ထုဖတ် ပရိသတ်နှင့် တကွ ဝတ္ထုရေးသူတိုင်း၏ စိတ်ဝင်စားဖွယ် စာအုပ်ထူး ဖြစ်ခဲ့လေသည်။

ဤစာအုပ်တွင် အခန်း သုံးခန်းပါသည်။

**ရာပြည့်စာအုပ်တိုက်**

www.nyisay.com



နိဒါန်းတွင် အင်္ဂလိပ်ဝတ္ထုများ၏ လက်ရှိရပ်တည်မှုကို သုံးသပ်ရန်၊ ဝတ္ထု၏ ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ဖူးသော အခြေခံအုတ်မြစ်ကို ဖျက်ဆီးခဲ့သည့် အယူအဆများကို နားလည်သဘောပေါက်ရန်၊ ဝတ္ထု၏ အနာဂတ်ကို မျှော်ကြည့်ရန် ရည်ရွယ် ရေးသားရင်းဖြစ်ကြောင်း ဖော်ပြခဲ့၏။ ထိုအခန်းတွင် ဝတ္ထုလောကၓ အများကြိုက် ဝတ္ထုများ လွှမ်းမိုးလာခြင်း၊ ထုတ်ဝေသူများနှင့် စာဖတ်ပရိသတ်၊ အပေါစားဝတ္ထု ရေးလာကြရသော စာရေးဆရာတို့ ပြဿနာကို သုံးသပ်တင်ပြခဲ့၏။ အင်္ဂလိပ် ဝတ္ထုလောကနှင့် ဆိုရှယ်လစ် သရုပ်မှန် ပြဿနာကိုလည်း အမြွက်မျှ ဖော်ပြခဲ့၏။

အခန်း(၂)မှာ "မတ်ဝါဒနှင့် စာပေ"ဟူသော အခန်းဖြစ်သည်။ ထိုအခန်းတွင် မတ်ဝါဒ၏ အခြေခံသဘောကို ပြ၏။ မတ်ဝါဒက လက်ခံသော"လူ"နှင့် ပတ်သက်သည့် အယူအဆ၊ ထိုလူသားက ဖန်တီးသော အနုပညာပစ္စည်း၊ မတ်ဝါဒ သည်သာ လူအဆန်ဆုံးဝါဒ ဖြစ်ကြောင်း ဖော်ပြပြီး ဝတ္ထုရေးဆရာ တစ်ယောက် သည် လူ့အကြောင်းကို ရေးသည်မှန်စေ၊ ထိုသူသည် လူမှုရေး အခြေခံတစ်ရပ်လုံး ကို မှန်မှန်ကန်ကန် မမြင်ပါက လူ့အကြောင်းကို ပီပီပြင်ပြင် ရေးဖွဲ့နိုင်မည် မဟုတ်ကြောင်း ရှင်းလင်းပြထား၏။

အခန်း(၃)"သစ္စာတရားနှင့် အစစ်အမှန်"အခန်းတွင် ဝတ္ထုရေးသူ အနုပညာသည်သည် သစ္စာတရားကို လက်ကိုင်ထားရမည်။ သစ္စာတရားကို ဘဝ တွင်း တကယ့် ဖြစ်ရပ်များမှသာ ရနိုင်သည်။ ဘဝတွင်း တကယ့် ဖြစ်ရပ်များသည် လူသားတို့၏ လူမှုရေးနှင့် ကုန်ထုတ်ရေး ကိစ္စရပ်များသာ ဖြစ်ကြောင်း ဖော်ပြ ထား၏။

အခန်း(၄)တွင် ရပ်ဖောက်သည် ဖော်ပြခဲ့သော "အစစ်အမှန်" သဘော ထားကို ဝတ္ထုနှင့် ဆက်စပ်ဖော်ပြ၏။ ထို့ကြောင့် ထိုအခန်းခေါင်းစဉ်ကို "ဝတ္ထုနှင့် အစစ်အမှန်"ဟူ၍ ပေးထား၏။ ထိုအခန်းတွင် ဝတ္ထုသည် ခေတ်သစ်လူ့ဘောင် ၏ အနုပညာပုံစံသစ် ဖြစ်ကြောင်း၊ ရှေးဟောင်း ကဗျာရှည်ကြီးများ နေရာတွင် အစားဝင်လာခြင်း ဖြစ်ကြောင်း၊ ဤအချိန်သည် လူ့အဖွဲ့အစည်းတွင် အရင်းရှင် လူတန်းစားတို့ကလည်း လူ့အဖွဲ့အစည်းသစ်ကို ဖန်တီးလာကြကြောင်း၊ ဤနည်း ဖြင့် အရင်းရှင်တို့က အနုပညာပုံစံသစ်ကို မိမိတို့ လက်ကသုံးတောင်ဝှေး လုပ်ရန် ကြံစည်ပုံ၊"အနုပညာသည် အနုပညာအတွက်"ဟူသော ဆောင်ပုဒ်နှင့် "အနုပညာ သည် ငွေကြေးအတွက်" ဟူသော ဆောင်ပုဒ်တို့သည် အရင်းရှင် လူ့အဖွဲ့အစည်း တွင် တစ်ထပ်တည်း ဖြစ်ခဲ့ရပုံ စသည့် အချက်များကို ကွန်မြူနစ် ကြေညာစာတမ်း ပါ အချက်များကို ကိုးကား ဖော်ပြခဲ့ပေသည်။

www.nyisay.com



အခန်း(၅)မှာ ဝတ္ထုကို ကဗျာရှည်ကြီးများအဖြစ် သုံးသပ်တင်ပြထားသော အခန်း ဖြစ်ပါသည်။ ဝတ္ထုသည် ကဗျာရှည်ကြီးများ နေရာတွင် အစားဝင်ယူခဲ့သည်ဟု ဆိုပါသည်။ တစ်နည်းအားဖြင့် အရင်းရှင် လူ့အဖွဲ့အစည်းနှင့်အတူ ဝတ္ထု ပေါက်ဖွားလာခဲ့သည်ဟု ဆိုပါသည်။ သို့သော် ဝတ္ထုသည် အရင်းရှင် လူ့အဖွဲ့အစည်းကို အလုပ်အကျွေးပြုရန် ပေါက်ပွားလာခြင်း မဟုတ်ပါ။ **တွမ်ဂျုန်း**ကို ရေးခဲ့သော ဖီးလဒင်းသည် အရင်းရှင် လူ့အဖွဲ့အစည်း၏ စက်ဆုပ်ဖွယ်ရာများကို ရေးခဲ့သည်။ **ရော်ဗင်ဆန်ကရူးဆိုး** ဝတ္ထုဖြင့် ဒီဖိုးသည် နိုင်ငံရေး ဘောဂဗေဒသဘောကို ဖော်ပြခဲ့သည် စသည်ဖြင့် ၁၈ ရာစု အင်္ဂလန်နိုင်ငံ ဝတ္ထု အခြေအနေကို သုံးသပ်တင်ပြ ထားလေသည်။

ထို့နောက် ဆက်လက်၍ ဗစ်တိုရီယန်ခေတ်၌ ဝတ္ထု ဆုတ်ယုတ်ကျဆင်းလာပုံကို ထိုခေတ် ဗြိတိသျှ အရင်းရှင်စနစ်မှသည် နယ်ချဲ့စနစ်အသွင် ပြောင်းလာသော သမိုင်းဖြစ်ရပ်ကို နောက်ခံပြု သုံးသပ်ခဲ့ပါသည်။ ဒစ်ကင်း၏ ဝတ္ထုများကိုလည်း အမြင်သစ်ဖြင့်ကြည့်ရန် အားထုတ်ထားသည်ကို တွေ့ရ၏။ ဤအခန်းတွင် ရပ်ဖောက်သည် ၁၉ ရာစုနှစ် အစောပိုင်း ဝတ္ထုများနှင့် နှောင်းဝတ္ထုများကိုလည်း ယှဉ်ပြထား၏။ မည်သို့ဖြစ်စေ ၁၉ ရာစု အခြေအနေသည် ၁၈ ရာစု အခြေအနေကို ကျော်လွှန်နိုင်ခြင်း မရှိသဖြင့် ထိုကာလကို ဗစ်တိုရီယန်ခေတ် ဆုတ်ယုတ်မှု အခန်းအဖြစ် ဖော်ပြထား၏။

အခန်း(၇)တွင် မတ်ဝါဒ ပေါ်ထွန်းလာသော ကာလနှင့် ပဲရစ်ကွန်မြူန်းကဲ့သို့သော အရေးအခင်းကြီးများ ပေါ်ပေါက်လာသောကာလ ဝတ္ထုရေးဆရာတို့ အခန်းကို ဖော်ပြခဲ့၏။ ထိုကာလသည် ဥရောပတွင် အလှုပ်ရှားဆုံးကာလ ဖြစ်သည်။ ထို့ကြောင့် ပြင်သစ်စာရေးဆရာ ဖလော်ဗဲယားကို စံထား တင်ပြလေတော့သည်။ ဖလော်ဗဲယားသည် **မဒမ်ဗိုဗာရီ** ဖြင့် သရုပ်မှန် စာပေကဏ္ဍကို ပြန်လည်ဖွင့်လှစ်ခဲ့ပုံ၊ လူသားဝါဒသည် အဟောင်းဝါဒဖြစ်ပြီး ထိုခေတ်က လူသားဝါဒ ပြန်လည်ဖော်ထုတ်ရန် ကြိုးစားသူများလည်း ရှိပုံ၊ သို့သော် မတ်ဝါဒ ဖြန့်ကျက်လာပုံ၊ ပြင်သစ် လူ့ဘောင်ဟောင်း၏ ပြိုကျပျက်စီးလုသော အခြေအနေကို ဗားလဇက်တို့က ရေးခဲ့ပုံများကို ဆက်လက် ဖော်ပြထား၏။

ထို့နောက်"လူ"သည် ဝတ္ထု၏ အဓိကဇာတ်ဆောင်အဖြစ် တည်ရှိနေခဲ့သည်ကို လူနှင့် ပတ်သက်၍ အမြင်၊ အသုံးအသပ် မမှန်သဖြင့် ဝတ္ထုပါ ဇာတ်ဆောင်တို့၏အခန်း ကျဆင်းလာခဲ့ပုံ၊ လူ့အခန်းကို အရေးပါပါ တင်ပြလာခဲ့သည့် ဝတ္ထုများနှင့် အဓိကဇာတ်ဆောင် ကျဆင်းလာသော ဖြစ်ရပ်များကို သုံးသပ်ထား၏။

www.nyisay.com



အခန်း(၉)"ဆိုရှယ်လစ် သရုပ်မှန်" ကဏ္ဍတွင် ဆိုရှယ်လစ် သရုပ်မှန် အနက်ကို ရှင်းလင်းဖော်ပြထား၏။ အနုပညာမဲ့ နိုင်ငံရေးဝါဒဖြင့် စာပေနှင့် စစ်မှန်သော ဆိုရှယ်လစ်သရုပ်မှန်၌ အနုပညာ၏ အရေးပါပုံတို့ကို ယှဉ်၍ သုံးသပ်ထား၏။

သို့ဖြစ်ရာ ဝတ္ထုတွင် အရေးပါသော လူကို မည်သည့်"လူ"မှ အခြေခံ၍ ဖန်တီးကြမည်နည်း၊ ဖန်တီးကြသနည်း ဟူသော အချက်ကို နှစ်ဆယ်ရာစုဦး ဖြစ်ရပ်များနှင့် ထိုကာလ လှုပ်ရှားမှုများ၊ ထိုလှုပ်ရှားမှုများတွင် ပါဝင်သော လူများမှ ဝတ္ထုအတွက် အဓိကဇာတ်ဆောင် ဖန်တီးယူနိုင်သည်တို့ကို ဖော်ပြခဲ့၏။ ဤအခန်းကား ဝတ္ထုဇာတ်ဆောင်တို့၏ အခန်း ဖြစ်လေသည်။

အခန်း(၁၁)တွင်မူ ရပ်ဖောက်သည် ဝတ္ထုနှင့် ပတ်သက်သော စကားပြေ အရေးအသား ကိစ္စကို ဆွေးနွေးထား၏။

အဆုံးသတ် အခန်း(၁၂)တွင် ရပ်ဖောက်သည် ဝတ္ထု ပြန်လည်ရှင်သန်ရေး နှင့် ပတ်သက်၍ တော်လှန်တိုးတက်သော အင်အားစုတစ်ရပ် လိုအပ်ကြောင်းနှင့် အနာဂတ် ဝတ္ထုတိုးတက်ရေးလမ်းကြောင်းကို မျှော်ကြည့်ထား၏။

ဤသို့လျှင် ရပ်ဖောက်သည် ဝတ္ထုနှင့် ပတ်သက်၍ ရပ်ပိုင်းကျကျ သုံးသပ် တင်ပြရာတွင် အနုပညာကိုလည်း မေလျော့ပစ်ပယ်ထားခြင်း မရှိခဲ့ပေ။

ဤစာအုပ်ကို မောင်နေဦးက **ဝတ္ထုနှင့် ပြည်သူ** (၁၉၆၆) အမည်ဖြင့် ဘာသာပြန် ထုတ်ဝေခဲ့ဖူးသည်။

www.nyisay.com

## ဟုတ်ယောင်မှုနှင့် အစစ်အမှန် (၁၉၃၇)

### ခရစ်စတိုဖာ ကော့ဒဝဲ (၁၉၀၇–၁၉၃၇)

မတ် ဝါဒီအမြင်ဖြင့် ကဗျာကို ချဉ်းကပ် စိစစ်ကြည့်သော စာအုပ်စာတမ်းများသည် အလွန်ရှားပါးလှ၏။ ဒုတိယကမ္ဘာစစ် ပြီးမှ ယင်းသို့သော စာအုပ် အတန်ငယ် ပေါ်ထွက်လာသည်။ ယခု ဖော်ပြသည့် **ဟုတ်ယောင်မှုနှင့် အစစ်အမှန်**ကား ဒုတိယကမ္ဘာစစ် မတိုင်မီက ထွက်လာသော စာအုပ်ဖြစ်သည်။ ဤစာအုပ် မထွက်မီကပင် ရေးသူ ခရစ်စတိုဖာ ကော့ဒဝဲသည် စပိန်နိုင်ငံ၌ ဖက်ဆစ်များကို ဆန့်ကျင်တိုက်ခိုက်ရင်း ကွန်မြူနစ် ပီသစွာ ကျဆုံးခဲ့လေသည်။

"ဤစာအုပ်သည် ကဗျာအကြောင်းကိုသာမက ကဗျာ၏ဇစ်မြစ်ကိုလည်း ဖော်ပြသောစာအုပ် ဖြစ်သည်။ ကဗျာကို ဘာသာစကားဖြင့် ရေးသားသည်။ ထို့ကြောင့် ဤစာအုပ်သည် ဘာသာစကား၏ ဇစ်မြစ်ကိုလည်း ဖော်ပြသည်။ ဘာသာစကားသည် လူမှုရေးထုတ်ကုန် ဖြစ်သည်။ လူနှင့်လူချင်း ဆက်ဆံရာတွင် အသုံးပြုသော လက်နက်ဖြစ်သည်။ ထို့ကြောင့် ကဗျာ၏ဇစ်မြစ်ကို လေ့လာသော ဤစာအုပ်သည် လူ့အဖွဲ့အစည်းကို လေ့လာသောစာအုပ် ဖြစ်လာရသည်"ဟု ကျမ်းပြု ကော့ဒဝဲက သူ၏နိဒါန်းတွင် ဖော်ပြခဲ့လေသည်။

ကဗျာကို လေ့လာရာတွင် ကျမ်းပြုကော့ဒဝဲသည် စက်ဆန်သော ရုပ်ဝါဒီ၏ လေ့လာနည်းကို လည်းကောင်း၊ စိတ်ဝါဒီ၏ နည်းကို လည်းကောင်း ငြင်းပယ်သည်။ ကော့ဒဝဲက....

www.nyisay.com



"စက်ဆန်သော ရုပ်ဝါဒီတို့သည် ကဗျာကို လေ့လာသောအခါ ကဗျာ၏ အတတ်ပညာသက်သက်၊ ပုံသဏ္ဌာန်သက်သက်ကိုသာ လေ့လာသည်။ ယင်း ကဗျာကို ဖန်တီးသော ကဗျာဆရာကို မလေ့လာ။ (ထို့ကြောင့် ကော့ဒဝဲက ပြည့်စုံသည်ဟု မထင်။)

"စိတ်ဝါဒီတို့ကမူ ကဗျာသည် ခံစားမှုသာ ဖြစ်သည်။ ကဗျာဖတ်သူ၏ ခံစားမှုနှင့် ကဗျာဖန်တီးသူတို့ ခံစားမှုသည် ကဗျာလေ့လာရာ၌ အရေးပါသည်။ ကဗျာ၏လုပ်ငန်း အောင်မြင်ပြည့်စုံ မပြည့်စုံကို သောဘဏာပီတိဖြင့် ဆုံးဖြတ်ရ သည်ဟု ဆိုသည်"(ဤခံစားမှု လွန်ကဲဝါဒကိုလည်း ကော့ဒဝဲက ငြင်းပယ်သည်။)

ကော့ဒဝဲက "ဤစာအုပ်(ဟုတ်ယောင်မှုနှင့် အစစ်အမှန်) သည် လူမှုရေး ထုတ်ကုန်တစ်ရပ်ဖြစ်သော ကဗျာကို လေ့လာရာတွင် သမိုင်းရေး ရုပ်ဝါဒဖြင့် လေ့လာသည်" ဟု ဆိုသည်။

ဟုတ်ယောင်မှုနှင့် အစစ်အမှန် စာအုပ်တွင် အခန်းပေါင်း ၁၂ ခန်း ပါဝင်သည်။(၁) ကဗျာ မွေးဖွားလာပုံ (၂) မစ်သောလိုဂျီ ပ ပျောက်ပုံ (၃) ခေတ်ကဗျာ ထွန်းကားလာပုံ (၄) အင်္ဂလိပ် ကဗျာဆရာများ (ရှေးဦးကာလ) (၅) အင်္ဂလိပ် ကဗျာဆရာများ(စက်မှုတော်လှန်ရေးကာလ) (၆) အင်္ဂလိပ် ကဗျာ ဆရာများ (အရင်းရှင်ခေတ် ယိုယွင်းစ ကာလ) (၇) ကဗျာ၏လက္ခဏာ (၈) ကမ္ဘာနှင့် "ငါ"(၉) စိတ်ဘာဝနှင့် စိတ်ကူးယဉ်မှု (၁၀) ကဗျာ၏ အိပ်မက်လုပ်ငန်း (၁၁) အနုပညာ ဖွံ့စည်းပုံ (၁၂) အနာဂတ် ကဗျာ ဟူ၍ ဖြစ်သည်။

ကော့ဒဝဲ အဆိုအရ ကဗျာသည် စုပေါင်းခံစားမှုမှ မွေးဖွားလာသည်။ အစုအဝေးဖြင့် ပြုသောပွဲများမှ ပေါ်ထွက်လာသည်။ စုပေါင်းခံစားမှုသည် စီးပွားရေး အဖွဲ့အစည်း၏ လိုအပ်ချက်အရ ပေါ်လာသော ခံစားမှုမျိုး ဖြစ်သည်။

ခရစ်စတိုဖာ ကော့ဒဝဲသည် ဘူဇွာ၏ ကဗျာဖြစ်စဉ်ကို **ဟုတ်ယောင်မှုနှင့် အစစ်အမှန်** စာအုပ်တွင် ဤသို့ သုံး သပ်ပြသည်။ ကော့ဒဝဲ၏ အလိုအရ နယ်ချဲ့ စနစ် ထွန်းကားသည့် ကာလသည် ၁၉၀၀-၁၉၃၀ ဖြစ်သည်။ ဤကာလ၏ ကဗျာလက္ခဏာမှာ လူမှုကမ္ဘာမှ ပုဂ္ဂလိကမ္ဘာသက်သက်ကို ကဗျာရောက်သွားသော လက္ခဏာဖြစ်သည်။ လူမှုအဖွဲ့အစည်းမှ အနုပညာကို ဆွဲထုတ်သွားသည်။ ကဗျာ၏ လူမှုရေး လက္ခဏာများကို သမားရိုးကျ ဖြစ်လွန်းသည် ဟူသော အကြောင်းပြချက်ဖြင့် ချေဖျက်ပစ်ကြသည်။ ကဗျာဆရာများသည် အလွန်အကျူး ပုဂ္ဂိုလ်ရေး ဆန်လာကြသည်ဟု ဆိုထားသည်။

ကဗျာလက္ခဏာနှင့် ပတ်သက်၍ ကော့ဒဝဲက-

(၁) ကဗျာတွင် နရီရှိသည်။ (၂) ကဗျာကို ဘာသာပြန်ရန် ခက်ခဲသည်။

www.nyisay.com



(၃) ကဗျာသည် ကျိုးကြောင်းဆက်စပ်မှု မရှိနိုင်။ (၄) ကဗျာသည် စကားလုံးများဖြင့် ဖွဲ့စည်းသည်။ (၅) ကဗျာသည် သင်္ကေတ မဟုတ်။ (၆) ကဗျာတွင် တိကျမှုရှိသည်။ (၇) ကဗျာ၏သဘောသည် ကျစ်လျစ်သောရသ ဖြစ်ပေါ်မှုနှင့် ပြည့်ဝနေသည် ဟု ဆိုသည်။

ကဗျာ၏ မွေးရပ်ပါ လက္ခဏာမှာ လူမှုရေးလက္ခဏာ ဖြစ်သည်။ စုပေါင်းအလုပ်လုပ်ရာမှ ဖြစ်စေ၊ စုပေါင်း အမဲလိုက်ရာမှ ဖြစ်စေ၊ စုပေါင်း ကခုန်ရာမှ ဖြစ်စေ၊ သဘာဝကို စုပေါင်းဆန့်ကျင်ရာမှ ဖြစ်စေ စုပေါင်းခံစားမှု ပေါ်လာသည်။ ယင်းခံစားမှုကို ဖော်ထုတ်ရာမှ ကဗျာပေါ်လာခဲ့သည်။ ထို့ကြောင့် ကဗျာသည် အလုပ်နှင့်မကင်း။ ကဗျာသည် လူမှုရေးလက္ခဏာနှင့် ပြည့်ဝသည်။ လူတန်းစားဟူ၍ လက္ခဏာ ပေါ်လာသောအခါ စုပေါင်းအသွင် ပျောက်လာသည်။ အထူးသဖြင့် အရင်းရှင်စနစ်၌ ပဒေသရာဇ်ခေတ်က အတန်ငယ် ကြွင်းကျန်သော စုပေါင်းမှု လက္ခဏာသည် လုံးဝ ပျောက်သွားသည်။ စုပေါင်းလက္ခဏာ ပျောက်သောအခါ စုပေါင်းခံစားမှုကို ကဗျာသည် မဖော်ကျူးတော့။ ပုဂ္ဂလိကခံစားမှု လွန်ကဲလာသည်။ ထို့ကြောင့် သင်္ကေတဝါဒ၊ အမှန်လွန်ဝါဒများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဆိုရှယ်လစ်စနစ်သည် စုပေါင်းလက္ခဏာကို ပြန်လည် အသက်သွင်းသည်။ ထို့ကြောင့် အနာဂတ်ကဗျာ၏ လက္ခဏာမှာ စုပေါင်းခံစားမှုကို ဖော်ကျူးသည့် လက္ခဏာ ဖြစ်ရမည်။ လူမှုရေးလက္ခဏာ အပြည့်အဝ ပါလာရပေမည် ဟူသော သဘောသည် ကော့ဒဝဲ၏ **ဟုတ်ယောင်မှုနှင့် အစစ်အမှန်** စာအုပ်တွင် အထင်အရှား တွေ့ရသော သဘောများ ဖြစ်ပေသည်။

ကော့ဒဝဲ၏ **ဟုတ်ယောင်မှုနှင့် အစစ်အမှန်** စာအုပ်ကို ၁၉၄၆ ခုနှစ်တွင် ဒုတိယအကြိမ် ပြန်ရိုက်နှိပ်သည်။ ထိုအခါ ဗြိတိသျှ ကွန်မြူနစ်ပါတီတွင် ကော့ဒဝဲ စာအုပ်နှင့် ပတ်သက်၍ အယူအဆ ကွဲကြသည်။ ကော့ဒဝဲ၏ စာအုပ်သည် မတ်ဝါဒီတစ်ယောက်၏ အမြင်ချည်းသက်သက် မဟုတ်။ ပညာတတ် ဘူဇွာတစ်ယောက်၏ အမြင်များလည်း ရောစွက်နေသည်ဟု ဆိုသူက ဆိုသည်။ ကော့ဒဝဲ၏ အယူအဆကို ထောက်ခံသူလည်း ရှိသည်။ ထောက်ခံသည့်သူ တစ်ဦးမှာ (ချွင်းချက် အနည်းငယ်တော့ ပါသည်။)**မတ်ဝါဒနှင့် ကဗျာ**ကျမ်းကို ရေးသူ ပါမောက္ခ ဂျော့သွန်မဆင် ဖြစ်သည်။

www.nyisay.com

## တရုတ်ပြည်ပေါ်မှ ကြယ်နီ (၁၉၃၇)

### အဂ္ဂါစနိုး (၁၉၀၅–၁၉၇၂)

ရေးသူ အဂ္ဂါစနိုးမှာ အမေရိကန် သတင်းစာဆရာ ဖြစ်သည်။ မကြာသေးမီကပင် သူ၏ တရုတ်ပြည်နှင့် ပတ်သက်သည့် စာအုပ်တစ်အုပ် ထွက်သေးသည်။ နောက်ဆုံး တရုတ်ပြည်သို့ သွားရောက်လေ့လာပြီးမှ ရေးသည့်စာအုပ် ဖြစ်သည်။ ယင်းမှာ **ရေရှည်တော်လှန်ရေး** (၁၉၇၃)ဖြစ်သည်။ ထိုစာအုပ်ကိုကား စာရေးသူ ကိုယ်တိုင် မြင်မသွားရ။ သူ ကွယ်လွန်ပြီးမှ ထွက်လာခြင်း ဖြစ်သည်။ သူ နေမကောင်းသည့်အခါ ဆွစ်ဇာလန်သို့ ပြည်သူ့တရုတ်ပြည်မှ ဆရာဝန်များကို ဥက္ကဋ္ဌကြီး မော်စီတုန်းက စေလွှတ်ကာ ကြည့်ရှုခိုင်းသည်။ ၁၉၇၂ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကွယ်လွန်သည်။

အဂ္ဂါစနိုးသည် တရုတ်ပါရဂူတစ်ယောက်ဟု ကျော်ကြားသည်။

သူသည် အမေရိကန်ပြည် မစ်ဆိုရီနယ်သား ဖြစ်သည်။ အသက် ၂၂ နှစ်တွင် အရှေ့ဖျားသို့ ခရီးထွက်ခဲ့သည်။ တရုတ်ပြည်တွင် ၁၂ နှစ်ကြာ နေထိုင်ပြီး တရုတ်ပြည်အကြောင်း လေ့လာခဲ့သည်။ တရုတ်ဘာသာစကားကိုပါ သင်ကြားတတ်ကျွမ်းခဲ့သည်။ ပီကင်းမြို့ ယင်ချင်းတက္ကသိုလ်တွင် သင်တန်းများပေးရာ ယနေ့ တရုတ်ပြည်သစ်၏ ခေါင်းဆောင်များနှင့် ရင်းနှီးခဲ့သည်။ သူသည် တရုတ်၊ မြန်မာ၊ အိန္ဒိယနှင့် အင်ဒိုချိုင်းနား(ယခု ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်) တိုင်းပြည်များဆိုင်ရာ ချီကာဂို ထရီဗျွန်း၊ နယူးယောက် ဆန်း၊ နယူးယောက်

www.nyisay.com



ဟာရယ် ထရီဗျွန်းနှင့် လန်ဒန်ဒေးလီးဟာရယ်တို့၏ နိုင်ငံခြားသတင်းထောက် ဖြစ်သည်။

**တရုတ်ပြည်ပေါ်မှ ကြယ်နီ** ကို ၁၉၃၇ တွင် ထုတ်ဝေလိုက်သည့်အခါ တစ်ကမ္ဘာလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အဂ္ဂါစနိုးသည် ၁၉၃၆ တွင် တရုတ်ကွန်မြူနစ် နယ်မြေသို့ ကိုယ်တိုင်ကိုယ်ကျ သွားကာ လေ့လာသည်။ မော်စီတုန်း၊ ချူတေး၊ ချောင်အင်လေး စသော ခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်း ဆွေးနွေးခဲ့သည်။

ထိုအချိန်တွင် တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်ပြည် အနောက်မြောက်ပိုင်း ဒေသရှိ ရှန်စီပြည်နယ်ကို တပ်စွဲကာ စင်ပြိုင်အစိုးရတစ်ခု စတင်ထူထောင်နေချိန် ဖြစ်သည်။ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးတိုက်ပွဲများကို တရုတ်ကွန်မြူနစ်ပါတီက ဦးဆောင်ကာ တိုက်ရင်း အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုဖွဲ့ရန် ကြိုးစားနေချိန်လည်း ဖြစ်သည်။ သူ့ထက် အင်အား အဆမတန် ကြီးမားသည့် ချန်ကေရှိတ်၏ တပ်များကို ကြံ့ကြံ့ခံနိုင်သည့်အတွက် ကမ္ဘာနှင့်အဝန်းအံ့သြနေရချိန်လည်း ဖြစ်သည်။

တရုတ်ကွန်မြူနစ် ခေါင်းဆောင်ကြီး မော်စီတုန်း၏ အတ္ထုပ္ပတ္တိကား အလွန်အသိခက်သည်။ သူရေးသည့် နိုင်ငံရေးကျမ်းများကို ဖတ်ချင်လျှင် အလွယ်တကူ ရနိုင်မည်။ မော်စီတုန်း၏ အတ္ထုပ္ပတ္တိကိုကား လွယ်လွယ်နှင့် ရှာ၍မရ။ "မော်စီတုန်းသည် သူ့အကြောင်း ပြောပါဆိုလျှင် သူပါခဲ့သည့် တိုက်ပွဲများနှင့် ရောနေသော တရုတ်သမိုင်းနှင့် တရုတ် တော်လှန်ရေး"အကြောင်းကိုသာ ပြောတတ်သည်။ သို့ရာတွင် အဂ္ဂါစနိုးနှင့် တွေ့သည့်အခါ သတင်းစာဆရာပီပီ ဟိုလှည့်မေး၊ သည်လှည့်မေးနှင့် မော်စီတုန်းကိုယ်တိုင် ပြောပြသည့် ကိုယ်ရေးထုပ္ပတ်ကို ရခဲ့သည်။ ယင်းကို ဤစာအုပ်တွင် ဖော်ပြထားသည်။

ဤစာအုပ်တွင် ခရီးရှည်ချီတက်ပွဲ အကြောင်းကို အသေးစိတ်နီးပါး ရေးထားသည်။ ၁၉၃၅ တွင် မိုင် ၆,၀၀၀ ခရီးကို အောင်မြင်စွာ ချီတက်နိုင်ပြီး ရှန်စီနယ် မြောက်ပိုင်း၌ တရုတ်ကွန်မြူနစ်တို့ အခြေစိုက်နိုင်ခဲ့သည်။ ရာဇဝင်ကျော် ခရီးရှည်ချီတက်ပွဲ ဖြစ်သည်။ ထောင်ပေါင်းများစွာသော တပ်သားတို့သည် လမ်းခရီးတွင် သေဆုံးကြသည်။ အချို့ကို ချန်ကေရှိတ်၏တပ်များက လိုက်လံတိုက်ခိုက်သည်။ ရှန်စီရောက်သည့်အခါ ထုသားပေသား ရသော သံမဏိတပ်သား သုံးသောင်းကျော် ကျန်သည်။ ထိုတပ်နီတို့၏ စည်းကမ်း ရှစ်ချက်သည် ယနေ့တိုင် ကမ္ဘာကျော်ခဲ့သည်။ ပြည်သူ့တပ်မတော် စည်းကမ်းဆိုတာ ဒါပါလားဟု အသိအမှတ် ပြုရသည်။ တစ်ဖန် ထိုကာလကပင် စတင်ခဲ့သည့် ပြည်သူ့စစ် သေနင်္

www.nyisay.com



ဗျူဟာနှင့် နည်းပရိယာယ်၊ ပြောက်ကျားစစ် သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ် တို့သည်လည်း နောင်အခါ ပြည်သူ့စစ် ဆင်နွှဲကြသည့် မလွတ်မြောက်သေးသော တိုင်းပြည်တို့မှ တိုက်ပွဲဝင်များ နည်းနာခံယူ ခဲ့ကြရသည်။

တပ်နီတို့၏ သေနင်္ဂဗျူဟာမှာ–

၁။ ရန်သူတွေ ရှေ့တိုးလာရင် တို့တစ်တွေ နောက်ဆုတ်ပေးမယ်။

၂။ ရန်သူတွေရဲ့ ချီတက်မှုဟာ ရပ်သွားပြီး စခန်းချမယ်ဆိုရင် တို့တစ်တွေ သူတို့ကို ဒုက္ခပေးမယ်။

၃။ ရန်သူဟာ တိုက်ပွဲတွေနဲ့ မတွေ့အောင် ရှောင်မယ်ဆိုရင် တို့က သူတို့ကို မတွေ့ တွေ့အောင် ရှာပြီး လိုက်တိုက်မယ်။

၄။ ရန်သူတွေ ဆုတ်ခွာရင် တို့က သူတို့နောက်ကို လိုက်မယ်....ဟူ၍ပင် ဖြစ်သည်။

အဂ္ဂါစနိုးသည် တရုတ်တပ်နီ အကြောင်းကို လေ့လာသည်။ တပ်နီသည် အခြား လက်နက်ကိုင်တပ်များနှင့် မတူ။ ထူးခြားချက်မှာ ယင်းသည် နိုင်ငံရေးအသိ အလွန်ကြီးမားခြင်းပင် ဖြစ်သည်။

တရုတ်တော်လှန်ရေးတွင် ပါဝင်ဦးဆောင်ကြသူများတွင် ပညာတတ် လူတန်းစား၊ အလုပ်သမားလူတန်းစား၊ လယ်သမားလူတန်းစား စသည်တို့ ပါဝင် သည်။ အဂ္ဂါစနိုးက ခေါင်းဆောင်ပိုင်း ဖြစ်ကြသည့် ချောင်အင်လေး၊ ချူတေး စသည်တို့နှင့် တွေ့ဆုံကာ သူတို့၏ အတ္ထုပ္ပတ္တိများကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားထားသည်။ တရုတ်တော်လှန်ရေးသည် မလွဲမသွေ အောင်ပွဲခံရမည်ဟု အဂ္ဂါစနိုးက ပြောခဲ့သည်။ သူ ပြောသည့်အတိုင်းပင် နောင်ဆယ့်သုံးနှစ်ကြာသော် တရုတ်တော်လှန်ရေး အောင်မြင်ကာ ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်လေသည်။ ယင်းတို့ကို ဤစာအုပ်တွင် ဖော်ပြထားသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ တရုတ်ကွန်မြူနစ်များအကြောင်းကို လူမသိ ခဲ့။ သိသမျှ သတင်းတို့မှာလည်း ချန်ကေရှိတ်၏ သတင်းဌာနတို့မှ ဖြန့်ချိသည့် သတင်းများ ဖြစ်လေရာ မော်စီတုန်းဆိုလျှင် လူဆိုးနီကြီးတစ်ယောက် ဖြစ်သည်။ သူ့ခေါင်းကိုပေးလျှင် ဆုငွေ ဒေါ်လာနှစ်သိန်းခွဲ ရမည်။ ကမ္ဘာပေါ်တွင် ဆုငွေ အများဆုံး အထုတ်ခံရသည့် လူဆိုးနီကြီးတစ်ယောက် ဖြစ်သည်။ မော်စီတုန်း သေသည်မှာလည်း အကြိမ်ပေါင်း မရေတွက်နိုင်ပြီ။ သို့ဖြစ်ရာ အဂ္ဂါစနိုး၏ **တရုတ်ပြည်ပေါ်မှ ကြယ်နီ** စာအုပ် ထွက်လာသည့်အခါ တစ်ကမ္ဘာလုံး လှုပ်ရှား သွားသည်။ ထုတ်ဝေသည့် ပထမတစ်လ အတွင်းမှာပင် ငါးကြိမ်ပြန်ရိုက်ရသည်။ နောက်တစ်လတွင် တစ်ကြိမ် ထပ်ရိုက်ရသည်။

www.nyisay.com



ကျွန်တော်တို့ မြန်မာလူငယ်များသည်လည်း ဤစာအုပ်ကို ရင်းနှီးခဲ့ပါသည်။ ဖက်ဆစ်တော်လှန်ရေး မဆင်နွှဲမီ ကာလကပင် ဤစာအုပ်နှင့်အတူ အင်္ဂါစနီး၏ အခြားစာအုပ်တစ်အုပ် ဖြစ်သည့် **မီးလောင်မြေ**ကို ဖတ်ကြရသည်။

ယင်းမှာ တရုတ်ပြည်သို့ ဂျပန်စစ်ကွန်ရက် ဖြန့်သည့် ကာလတွင် မြေလှန်စနစ်ဖြင့် စက်ရုံများ ဖျက်ဆီးပစ်ခြင်း၊ စက်ပစ္စည်းများကို ဂျပန်ပြည်သို့ သယ်ခြင်း၊ စက်ရုံတစ်ခုလုံးကို ဂျပန်ပြည်သို့ သယ်ခြင်း အကြောင်းတို့ကို ရေးထားသည့် စာအုပ်ဖြစ်သည်။ ဂျပန်တော်လှန်ရေး ဆင်နွှဲရမည့် အချိန်တွင် ဂျပန်ဖက်ဆစ်၏ ဘီလူးခေါင်းကို ဘွားဘွားကြီး ပေါ်လာအောင် ဖော်ပေးသည့် စာအုပ်မျိုး ဖြစ်သည်။ ယင်းနှင့် အတူတွဲကာ မြန်မာတော်လှန်ရေးသမား လူငယ်တို့သည် **တရုတ်ပြည်ပေါ်မှ ကြယ်နီ** ကို ဖတ်ကြရသည်။ နှစ်အုပ်စလုံး အပြည့်အစုံ မဟုတ်။ တစ်ပိုင်းတစ်စ ဘာသာပြန်ထားသည်တို့ကို ပုန်းလျှိုးကွယ်လျှိုး ဖတ်ကြရခြင်းပင် ဖြစ်သည်။

မြန်မာဘာသာသို့ တင်ထွေးက ပြန်ဆိုထားသည့် **တရုတ်ပြည်ပေါ်မှ ကြယ်နီ** စာအုပ်မှာ ၁၉၆၄ ခုနှစ်တွင် ထွက်လာသည်။

အင်္ဂါစနီး၏ အခြားထင်ရှားသော စာအုပ်တစ်အုပ်မှာ **ဘဝချင်းမတူသည့် တရုတ်ပြည်** ဖြစ်သည်။ စာရေးသူသည် ၁၉၆၀ တွင် တရုတ်ပြည်သို့ တစ်ခေါက်သွားရောက်ပြီး ထိုစာအုပ်ကို ရေးခဲ့သည်။ ယင်းကို လူထုဒေါ်အမာက ဘာသာပြန်ပြီး နှစ်တွဲခွဲ၍ ၁၉၆၆ ခုနှစ်တွင် ထုတ်ဝေသည်။

နောက်ဆုံးစာအုပ် **ရေရှည်တော်လှန်ရေး** ရေးရန် ၁၉၇၀ တွင် အင်္ဂါစနီးသည် တရုတ်ပြည်သို့ နောက်ဆုံးအကြိမ် ရောက်သည်တွင် ဥက္ကဋ္ဌကြီး မော်စီတုန်းနှင့် တွေ့ဆုံပြောဆိုရာမှ တရုတ်အမေရိကန် ဆက်သွယ်ရေးလမ်းစ ပြန်လည်ပွင့်လင်းလာခဲ့သည်။ ထိုနောက် အမေရိကန်သမ္မတ နစ်ဆင်သည် တရုတ်ပြည်သို့ အလည်အပတ် ရောက်ခဲ့သည်။ သို့ဖြစ်ရာ အင်္ဂါစနီးကား ကမ္ဘာ့သမိုင်း ပြောင်းလဲရာတွင် အရေးပါသည့် အခန်းက ပါဝင်ခဲ့သည့် သတင်းစာဆရာ ဖြစ်သည်။ ထို့အတူ သူ၏ တရုတ်ပြည်နှင့် ပတ်သက်သော စာအုပ်များမှာလည်း ကမ္ဘာ့ခေတ်ပြောင်းတော်လှန်ရေး အခန်းကဏ္ဍတစ်ခုကို မှတ်တမ်းတင်ထားသည်ဖြစ်ရာ လက်ကိုင်ထားသင့်သည့် စာအုပ်များ ဖြစ်ပေသည်။

စာရေးဆရာ မြသန်းတင့်သည် **ရေရှည်တော်လှန်ရေး**ကို **တောင်များ၏ တောင်ဘက်မှ ပင်လယ်များ၏ မြောက်ဘက်သို့** အမည်ဖြင့် ၁၉၇၆ ခုနှစ်တွင်လည်းကောင်း၊ **မီးလောင်မြေ**ကို ၁၉၇၇ ခုနှစ်တွင် လည်းကောင်း ပြန်ဆို ထုတ်ဝေခဲ့သည်။

www.nyisay.com

## အော့နှလုံး (၁၉၃၈)

## ယန် ပေါ ဆတ် (၁၉၀၅-၁၉၈၀)

ပြင်သစ်လူမျိုး ဒဿနိက ဗေဒပညာရှင်၊ စာရေးဆရာ၊ သတင်းစာဆရာ ယန်ပေါဆတ်သည် ဘဝပဓာန ဝါဒီများ၏ ခေါင်းဆောင် ဖြစ်သည်။ ဘဝပဓာနဝါဒသည် ၂၀ ရာစုနှစ် အလယ်လောက်မှ စ၍ အနောက်တိုင်း စာပေလောကတွင် အရှိန်ဩဇာ အလွန်အမင်း ကြီးမားလာသည်ကို တွေ့ရသည်။

**အော့နှလုံး** ဝတ္ထုကို ရေးစဉ်ကမူ ယန်ပေါဆတ်သည် ဘဝ ပဓာနဝါဒီ မဟုတ်သေးပေ။ အဘယ်ကြောင့်ဆိုသော် ဘဝပဓာနဝါဒဟူသည့် ဝေါဟာရသည် **အော့နှလုံး** ဝတ္ထု ထွက်လာပြီးနောက် ၅ နှစ်ကြာမှ ပေါ်လာသောကြောင့် ဖြစ်သည်။ ဘဝတည်နေမှုကို စစ်ဆေးသော ဘဝပဓာနဝါဒ၏ လက္ခဏာများကို **အော့နှလုံး** ဝတ္ထုတွင် တွေ့နိုင်သည်။ **အော့နှလုံး**ဝတ္ထု၏ ဇာတ်ဆောင် ရိကွင်တင် သည် ဘဝကို စက်ဆုပ်မိသည်။ သူ့ဘဝတွင်သာ မဟုတ်၊ ဘဝတစ်ခုလုံးကိုပါ စက်ဆုပ်မိခြင်း ဖြစ်သည်။ ရိကွင်တင်သည် ဘဝပဓာနဝါဒ၏ သရုပ်ပြ ဖြစ်သည်။

ရိကွင်တင်သည် ရှေးဟောင်း သုတေသီတစ်ဦးအဖြစ် ဥရောပတိုက်၊ အာဖရိကတိုက်နှင့် အာရှတိုက်တို့သို့ လှည့်လည်ဖူးသည်။ ထိုနောက် ရှေးဟောင်း သုတေသီအလုပ်ကို ငြီးငွေ့လာသည်။ ရိကွင်တင်တွင် တရားမဝင် ပေါင်းသင်း နေသော မိန်းမ ရှိသည်။ အင်နီ ဖြစ်သည်။ သူသည် အင်နီနှင့် ရန်ဖြစ်သည်။

www.nyisay.com



အင်နီကို မတွေ့ရသည်မှာ အတော်ကလေး ကြာပြီဖြစ်သည်။ ယခုလောလော ဆယ်တွင် ရိုကွင်တင်သည် "ဗုဗီးလ်" ခရိုင်မြို့တွင် နေထိုင်လျက် ၁၈ ရာစုနှစ်က စွန့်စားသူ ရိုလိပ္ပွန် အတ္ထုပ္ပတ္တိကို သုတေသနပြုကာ ရေးသားနေသည်။ ရိုကွင်တင် သည် သူ၏ကာမဆန္ဒကို မလှမ်းမကမ်းတွင်ရှိသော ကဖီးဆိုင်ပိုင်ရှင်မ၌ ဖြေဖျောက် သည်။ ကဖီးဆိုင်ပိုင်ရှင်မသည် တစ်နေ့ ယောကျ်ားနှင့် မတွေ့ဘဲ နေနိုင်သည် မဟုတ်ပေ။ ထို့ပြင် ကမ်းလှမ်းချက် မှန်သမျှကို ခေါင်းညိတ်သူသာ ဖြစ်သည်။

ရိုကွင်တင်သည် တစ်ကိုယ်ရေ တစ်ကာယသမားသာ ဖြစ်သော်လည်း သူ့ဘဝသည် အတော်အတန် ပြည့်စုံသော ဘဝကလေးဟု ဆိုနိုင်ပေသည်။ ပြည့်စုံ လုံလောက်သော ဘဝကြောင့်လားတော့ မသိ။ ရိုကွင်တင်သည် သူ့ဘဝကို သူ ငြီးငွေ့လာသည်။ ငြီးငွေ့ရာမှ စက်ဆုပ်လာသည်။ ငြီးငွေ့စက်ဆုပ်မှုသည် ပထမဦး တော့ သူ့ဘဝနှင့်သာ ဆိုင်သည်ဟု ထင်မှတ်မိသည်။ နောက်တော့ ကျယ်ပြန့် လာကာ လောကတစ်ခုလုံးနှင့်ပါ သက်ဆိုင်လာသောအခါ ရိုကွင်တင်သည် ရူးချင် သလိုလို ဖြစ်လာသည်ဟု သူ့ကိုယ်သူ သတိပြုမိသည်။ ရိုကွင်တင်သည် အရာဝတ္ထု တို့ကို လူတို့ သတ်မှတ်ထားသည့်အတိုင်း မမြင်တော့။ တွေ့နေကျ ပစ္စည်းများ သည် သူ့စိတ်ထဲ၌ အလွန်ထူးဆန်းနေသည်။ ထိုပစ္စည်းများတွင် ဘဝတစ်ခုစီ ကိုယ်စီ ရှိနေကာ ထိုဘဝသည်လည်း သူ့အဖို့ စိမ်းလွန်းနေသည်။

ထိုသို့သော ထူးကဲသည့် ခံစားမှုများ ဖြစ်လာသောအခါ ရိုကွင်တင် "ဂျက်စ" ဂီတကို နားထောင်သည်။ "ဂျက်စ" ဂီတ၏ ကြည်လင်မာကျောသော အသံသည် သူ့အား နဂိုအမြင်သို့ ပြန်ရောက်စေသည်။ သို့သော် "ဂျက်စ" ဂီတသည် တစ်ခဏမျှသော ကာလအတွက်သာ သူ့ကို နဂိုအမြင်၌ ဆွဲငင်ထား နိုင်သည်။ နောင်တော့မူ သူသည် နဂိုမဟုတ်သော အမြင်နှင့် အရာဝတ္ထုများကို မြင်ရပြန်သည်။ ရံဖန်ရံခါ အရာဝတ္ထု ပစ္စည်းများသည်သာ ဘဝကိုယ်စီ ရှိနေသည် မဟုတ်ဘဲ သူ့ကိုယ်ခန္ဓာ အစိတ်အပိုင်းများသည်လည်း သူ့စိတ်ဆန္ဒနှင့် ကင်းလွတ် သော သူတို့ ကိုယ်ပိုင်ဘဝ ရှိလာသည်ကို ရိုကွင်တင် သတိထားမိသည်။ သူ၏ လက်သည် သူ့အမြင်တွင် လက်မဟုတ်တော့ဘဲ တိရစ္ဆာန်တစ်ကောင်လိုလို ဖြစ်လာသည်။ ငါးလိုလို၊ လက်မ တထောင်ထောင်နှင့် ဂဏန်းကောင်လိုလို ထင်ရသည်။

ရိုကွင်တင်အဖို့ အရာအားလုံးသည် အနေအထား မကျ၊ အစီအစဉ် မရှိ၊ အကျိုးအကြောင်း မညီညွတ်ဘဲ ဖြစ်ချင်သလို ဖြစ်နေသည်။ ထိုအရာဝတ္ထုများသည် မိမိက ဖြစ်စေချင်သော ပုံသဏ္ဌာန်သို့ ကူးပြောင်းဖြစ်သည် မဟုတ်။ သူတို့ ဖြစ်ချင်သလို ဖြစ်နေသော ပုံသဏ္ဌာန်ကိုသာ မိမိက မြင်နေရခြင်း ဖြစ်သည်။

www.nyisay.com



ထို့ကြောင့် သူတို့သည် မိမိ၏စိတ်ဆန္ဒနှင့် ကင်းလွတ်သည်ဟု ရိုကွင်တင် နားလည် သည်။ ယင်းသို့သော နားလည်မှုမှ တစ်ဆင့်တက်ကာ ကမ္ဘာလောကကို ကြည့် သောအခါ ကမ္ဘာလောကသည်လည်း သူဖြစ်ချင်သလို ဖြစ်နေသည်။ ကမ္ဘာ လောကဌ် နိယာမတရားတွေ ရှိသည်ဆိုသည်မှာ လူတွေ၏ ပညတ်ချက်ကြောင့် သာ ဖြစ်သည်။ လူတွေသည် အရာဝတ္ထုကိုဖြစ်ဖြစ်၊ လောကကိုဖြစ်ဖြစ် အရှိအတိုင်း မမြင်ဘဲ လုပ်ယူထားသော ပညတ်အတိုင်း မြင်နေသည်။ ပညတ်ချက်အတိုင်း အမြင်ကို အဟုတ်အမှန်ထင်ကာ လူတွေက ချစ်ကြ၊ ခင်ကြ၊ မနာလို ဝန်တိုကြ စသည်တို့ ဖြစ်လာသည်။ လူတွေ၏ အချစ်အမုန်း အပြုံးအငို စသည်တို့သည် အစစ်အမှန် မဟုတ်။ အစစ်အမှန် မဟုတ်သည်ကို တကယ့် အစစ်အမှန်ကြီးသဖွယ် ထင်မှတ်ယူဆကာ ပြောဆို လှုပ်ရှား လုပ်ကိုင်နေရသည်။ လူတွေသည် အတုထဲ တွင် ဘယ်လောက် စက်ဆုပ်ဖွယ် ကောင်းလောက်အောင် ပျော်ပိုက်နေကြပါ သလဲ။

ဗုဗီးလ်မြို့က ရိုးသားစွာ လှုပ်ရှားသွားလာ ပြောဆို ဆက်ဆံနေသော လူတွေကို ကြည့်ကာ ရိုကွင်တင်သည် ဒေါသဖြစ်လာသည်။ ရိုကွင်တင်သည် သူနှင့် တရားမဝင် ပေါင်းသင်းခဲ့သော အင်နီသာ သူ့ဘဝထဲသို့ ပြန်ရောက်လာ ပါက ဤအမြင် ဤအယူအဆတို့မှ လွတ်မြောက်လိမ့်မည်ဟု ထင်မှတ်မိသည်။ ထို့ကြောင့် အင်နီက သူ့ကို ပဲရစ်မြို့၌ လာတွေ့ပါဟု အကြောင်းကြားစာ ပေးလိုက် သောအခါ ရိုကွင်တင်သည် ပဲရစ်မြို့သို့ ကောက်ကောက်ပါအောင် လိုက်သွား သည်။ နှစ်ပေါင်းများစွာ မတွေ့ရသော အင်နီသည် မည်သို့ရှိပါမည်လဲဟု သိချင် စိတ်က ချစ်စိတ်ထက် ပိုမိုလွန်ကဲနေလေသည်။ အင်နီသည် ဇာတ်မင်းသမီး ဖြစ်သည်။ သူနှင့် ရိုကွင်တင်တို့၏ ဆက်ဆံရေးကို ဇာတ်အမြင်ဖြင့် ကြည့်တတ် သည်။ ရိုကွင်တင်နှင့် သူ ဆက်ဆံနေချိန်တွင် အင်နီသည် “ဘက်စုံ ပြည့်ဝချိန်”ကို အမြဲတမ်း တောင့်တ တောင်းဆိုလေ့ ရှိသည်။ အင်နီ၏ အဓိပ္ပာယ်ဖွင့်ချက်အရ ဆိုပါက “ဘက်စုံပြည့်ဝချိန် ဆိုသည်မှာ ဂီတ၊ အမူအရာ၊ အခမ်းအနား” တို့ ညီညွတ်ပေါင်းစည်းမိပြီး အနုပညာတစ်ရပ် မွေးဖွားလာချိန်ဟု နားလည်ရသည်။ ယခုမူ အင်နီသည် ဘက်စုံပြည့်ဝချိန် ဆိုသည်မှာ ဤလောက၌ ရှိစကောင်းသော အရာမဟုတ်ဟု နားလည် သဘောပေါက်ခဲ့လေသည်။ သူသည်လည်း ရိုကွင်တင် ပြောင်းလဲသလို ပြောင်းလဲခဲ့လေပြီ။ သို့သော် ရိုကွင်တင်နှင့် တွေ့သောအခါ အပြောင်းအလဲကို နှစ်ဦးစလုံး မမြင်နိုင်ကြ။ အတွင်း၌တည်သော အရှိသည် ဆက်သွယ်၍ မရစကောင်း။ လူတို့သည် ကိုယ့်အမြင်ထဲ၌ အထီးကျန်သတ္တဝါ အဖြစ် တည်သည်သာ ဖြစ်၏။ အင်နီနှင့် ရိုကွင်တင်တို့ ပြန်တွေ့ကြသောအခါ

www.nyisay.com



အစက ဟုတ်မလိုလိုနှင့် နောက်ပိုင်းတွင်မူ အစေးမကပ်တော့ပေ။ အင်နီသည် သူနှင့် အတူနေနေသော ယောကျ်ားထံသို့ ပြန်သွားလေသည်။

အမိပ္ပာယ်မဲ့သော လောကကြီးတွင် ထွက်ပေါက်တစ်ခုတော့ ရှိရမည်ဟု ရီကွင်တင် တွေးမိသည်။ ထိုအခါ "ဂျက်စ" ဂီတကို သွားသတိရသည်။ "ဂျက်စ" ဂီတသည် ပုံသဏ္ဍာန်မဲ့ အကန့်မဲ့သော၊ အနက်ခွများ ပြည့်ဝသော တည်ရှိမှုနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ "ဂျက်စ" ဂီတကို နားထောင်ရသောအခါ တည်ရှိမှုကြောင့် တင်ရှိလာသော အပြစ်အနာအဆာများ လွင့်စင်ပျောက်ကွယ်သွားသည်ဟု ထင်မိသည်။ "ဂျက်စ"ဂီတကို ဖန်တီးသူတို့သည် သူတို့၏ အနုပညာဖြင့် တည်ရှိမှုမှ လွတ်အောင် ထွက်ပေါက်ရှာသည်ဟု ရီကွင်တင် ထင်သည်။ သူလည်း ဂီတပညာရှင်လို မလုပ်နိုင်ဘူးလားဟု မေးမိသည်။ မိမိကိုယ်ကိုမှ မသေမချာသောသူသည် အခြားသူတစ်ဦး၏ အတ္ထုပ္ပတ္တိကို သုတေသန လုပ်နေခြင်းမှာ အဓိပ္ပာယ်မဲ့လှသည်။ ရီကွင်တင်သည် သူ့ထွက်ပေါက်ကို စာအုပ်ရေးခြင်းဖြင့် ရှာမည်။ ဝတ္ထုတစ်ပုဒ် ဖြစ်ကောင်း ဖြစ်မည်။ ဝတ္ထုရေး၍ အောင်မြင်လျှင် သူသည် ထွက်ပေါက် ရကောင်း ရမည်ဟု တွေးနေမိသည်။

စာဖတ်သူတို့သည် ရီကွင်တင်ကို ဤမျှသာ တွေ့လိုက်ရလေသည်။ သူ ထွက်ပေါက်ရသလား။ သူ ရေးချင်သော ဝတ္ထုသည် ဤမှတ်တမ်းပင် ဖြစ်သလား။ ရီကွင်တင် သေပြီလား။ ကိုယ့်ကိုယ်ကို သတ်သေပြီလား။ ရူးသွပ်သွားသည်လား။ စာဖတ်သူတို့ မသိရပေ။

www.nyisay.com

## ဒေါသူပုန် (၁၉၃၉)

### ဂျွန် စတိန်းဗက် (၁၉၀၂–၁၉၆၈)

တစ်ထောင့်ကိုးရာ သုံးဆယ်နှစ်များတွင် ကမ္ဘာ့စီးပွားရေးကပ်ကြီး ဆိုက်ရောက်ခဲ့ရာ အမေရိကန် ပြည်ထောင်စုရှိ ပြည်သူလူထုသည် ထိုကပ်၏ဒဏ်ကို မရှုမလှ ခံရလေသည်။ ထိုကာလကို နောက်ခံထားလျက် အမေရိကန် အနောက်တောင်ဘက်ပိုင်းရှိ စာရင်းငှားမိသားစု၏ ဒုက္ခအဖုံဖုံကို အမေရိကန်စာရေးဆရာကြီး ဂျွန် စတိန်းဗက်က ဖော်ပြသည်။ ယင်းသို့ ဖော်ပြရာတွင် အမေရိကန် အရင်းရှင် စီးပွားရေး စနစ်သည် ဒုက္ခအဖုံဖုံတို့၏ ရေသောက်မြစ်ပင် ဖြစ်ကြောင်းကိုလည်း စတိန်းဗက်က ထောက်ပြလေသည်။ စတိန်းဗက်၏ **ဒေါသူပုန်**ဝတ္ထု ထွက်လာသောအခါ အမေရိကန် အရင်းရှင် ဘက်တော်သားများက လူရှုးတစ်ယောက်၏ လိမ်ညာချက်မျှသာ ဖြစ်သည်ဟု ဝေဖန်သည်။ လက်ဝဲဂိုဏ်းအတွက် စတိန်းဗက်က ဝါဒဖြန့်ပေးသည်ဟု စွပ်စွဲသည်။ စတိန်းဗက်၏ဝတ္ထုကို ထောက်ခံသူများကမူ "စီးပွားရေးကပ်ကာလ၏ ဦးလေးတွမ်"ဝတ္ထု ဖြစ်ပါသည်ဟု ပြောဆိုသည်။

အမေရိကန် ပြည်ထောင်စု အနောက်တောင်ပိုင်းဒေသရှိ အုတ်ကလာဟိုးမားပြည်နယ်သည် ရာသီဥတု ပူပြင်း၍ ဖုံထူသောဒေသ ဖြစ်သည်။ ထိုအရပ်တွင် ပြောင်းစိုက်သည်။ ပြောင်းခင်းများတွင် သူရင်းငှားလုပ်၍ အသက်မွေးဝမ်းကျောင်း ပြုရသော ဂျုတ်မိသားစုသည် **ဒေါသူပုန်** ဝတ္ထု၏ အဓိကဇာတ်ဆောင် ဖြစ်သည်။

www.nyisay.com



ပြောင်းခင်းပိုင်ရှင်ကြီးများသည် အမေရိကန်ပြည်ထောင်စု၌ သရောကြီး ခိုင်းနေစဉ် ပြောင်းစေ့များကို ရွှေစေ့ဖြစ်အောင် လုပ်ကြသည်။ ဂျုံခင်းတွင် သူရင်းငှားများ အများအပြား ထားရလျှင် အမြတ်နည်းမည်။ ထို့ကြောင့် ထွန်စက်များ၊ ရိတ်စက်များကို အသုံးပြုလာကြသည်။ သူရင်းငှားများ အလုပ်လက်မဲ့ ဖြစ်ရသည်။ အနောက်ဘက် ကာလီဖိုးနီးယားနယ်တွင် လယ်ယာလုပ်သား များစွာလိုကြောင်း လက်ကမ်းကြော်ငြာများ ပလူပျံလာသောအခါ အုတ်ကလာဟိုးမား ပြောင်းခင်း သူရင်းငှားများသည် ကာလီဖိုးနီးယားဘက်သို့ ရွှေ့ပြောင်းကာ ဝမ်းဖြည့်ကြရန် တာစူနေကြသည်။ ထိုအခိုက် ဂျုတ်မိသားစု၏ သားကြီး တွမ်ဂျုတ်သည် မိမိကိုယ်ကို မိမိ ကာကွယ်ရင်း လူသေစေမှုအရ ထောင်ကျခံနေရာမှ ခံဝန်ချုပ်ဖြင့် လွတ်လာသည်။ မိဘများ အလုပ်လုပ်သော ပြောင်းခင်းများဆီသို့ ပြန်လာရာ ကျီးနှင့်ဖုတ်ဖုတ် ဖြစ်နေသည်ကို တွေ့ရသည်။ သူ့မိဘ မောင်နှမသားချင်းများကို မတွေ့ရတော့။ မိတ်ဆွေဖြစ်သော ခရစ်ယာန် တရားဟောဆရာ ဂျင်ကက်ဆီ ဆိုသူနှင့်အတူ ဂျုတ်မိသားစုကို အရှာထွက်ရသည်။ ဦးလေးတော်သူ ဂျွန်ထံ၌ သွားတွေ့သည်။ ဂျုတ်မိသားစုသည် အများနည်းတူ ရေကြည်ရာ မြက်နုရာရှာရန် စီစဉ်နေသည်။ ရှိသမျှ ပစ္စည်းများကို ရောင်းချလိုက်ပြီး ရင္ငေနှင့် ထရပ်ကားဟောင်း တစ်စီး ဝယ်သည်။ ဒေါ်လာ ၂၀၀ ပေးရသည်။ ထိုကားဟောင်းကြီးနှင့် ဂျုတ်မိသားစုသည် ဝေးလံသော ကာလီဖိုးနီးယားသို့ ထွက်ခွာခဲ့ကြသည်။ တွမ်ဂျုတ်သည် ခံဝန်ချုပ်အရ အုတ်ကလာဟိုးမားပြည်နယ်မှ ထွက်ခွာခွင့်မရှိ။ သို့သော် ဂျုတ်မိသားစုသည် သူ့မိသားစုသာ ဖြစ်ရကား အေးအတူ ပူအမျှ ခံရ စံရမည်ကို နားလည်လျက် ခံဝန်ချုပ်ကို ဖောက်ဖျက်ခဲ့သည်။ တရားဟောဆရာ ဂျင်ကက်ဆီလည်း ဂျုတ်မိသားစုနှင့်အတူ လိုက်ခဲ့သည်။

**ဒေါသသုပုန်** ဝတ္ထုသည် အုတ်ကလာဟိုးမားမှ ကယ်လီဖိုးနီးယားသို့ သွားရာခရီးတွင် ဂျုတ်မိသားစု၏ အဖြစ်စုံ အပျက်စုံကို ရေးထားသည်။ ဂျုတ် မိသားစု တွေ့ရသော အဖြစ်တို့ကား တစ်နည်းမဟုတ် တစ်နည်းအရ အမေရိကန် အရင်းရှင် စီးပွားရေးစနစ်နှင့် ယှက်နွှယ်နေသော အဖြစ်များပင်တည်း။

ဂျုတ်မိသားစုတွင် ဘိုးဘိုးဂျုတ်၊ ဘွားဘွားဂျုတ်၊ ဖေဖေဂျုတ်၊ မေမေဂျုတ်၊ သားကြီးတွမ်၊ ဒုက္ခိတသား နိုအာ၊ လူပျိုဖော်ဝင်ခါစ အယ်၊ ကိုယ်ဝန်အရင့်အမာနှင့် ရှာရွန်၊ သူ့ယောကျ်ား ကော်နီ၊ ကလေးအရွယ် ရူသီနှင့် ဝင်းဖီးတို့လည်း ပါဝင်သည်။

အုတ်ကလာ ဟိုးမားနယ်မှ ထွက်စတွင် ဘိုးဘိုးဂျုတ်သည် လေဖြတ်၍ ဆုံးခဲ့သည်။ မိသားစုကိုယ်တိုင် မြေတူး၍ မြှုပ်နှံကြရသည်။ မေမေဂျုတ်ကား

www.nyisay.com



မိသားစု၏ ခေါင်းဆောင်ဖြစ်သည်။ မိသားစုခေါင်းဆောင်ပီပီ ခရီးတစ်လျှောက် မိသားစု မပြိုမကွဲ ဖရိုဖရဲ မဖြစ်ရေးကို မေမေဂျုတ်က ဦးတည်သည်။ ကာလီဖိုးနီးယားရောက်ရန် တက်ကဆက် ပြည်နယ်ကို ဖြတ်ရသည်။ သဲကန္တာရကို ကျော်ရသည်။ တက်ကဆက် ပြည်နယ်တွင် ကာလီဖိုးနီးယားဘက်မှ တပ်ခေါက်ပြန်ခဲ့သော ဘ၀တူ စိုက်ပျိုးရေးသမားများကို ဂျုတ်မိသားစု တွေ့သည်။ သူတို့က လက်ကမ်းကြော်ငြာတွင်ပါသော အချက်များမှာ အလကား၊ ကာလီဖိုးနီးယား အခြေအနေမှာ အုတ်ကလာဟိုးမား အခြေအနေထက် ဆိုးရွားသည်ဟု ပြောပြသော်လည်း ဂျုတ်မိသားစု ခေါင်းဆောင်၏ အိပ်မက်ကို ထိုပြောပြချက်က မဖျက်နိုင်ခဲ့။

မေမေဂျုတ်သည် သူ့မိသားစုကို ကြက်သားအုပ်မကြီးလို အုပ်ထားသည့်အကြားကပင် ဒုက္ခိတ နိုအာဂျုတ်သည် မိသားစုကို စွန့်၍ပြေးသည်။ နိုအာသည် သူလို ဒုက္ခိတသည် သူ့မိသားစု၏ ခရီးကို အဟန့်အတား အဖင့်အနှဲ ဖြစ်စေသည်ဟု မှတ်ယူကာ ထွက်ပြေးခြင်း ဖြစ်သည်။ ကာလီဖိုးနီးယား သဲကန္တာရကိုဖြတ်စဉ် ဘွားဘွားဂျုတ် ကွယ်လွန်သည်။ ခရီးဖင့်မည်စိုး၍ မေမေဂျုတ်သည် ညဦးယံကတည်းက ကွယ်လွန်ခဲ့သော သူ့အမေအလောင်းကို ပိုက်လျက် လိုက်လာခဲ့သည်။ နောက်တစ်နေ့မှ ဘွားဘွားဂျုတ် ကွယ်လွန်ကြောင်း ပြောသည်။

အခက်အခဲများကို ကျော်လွှားပြီး ကာလီဖိုးနီးယားသို့ ဂျုတ်မိသားစု ရောက်ခဲ့သည်။ ကာလီဖိုးနီးယား ပြည်နယ်သားများက အခြားပြည်နယ်မှ ဝင်ရောက်လာသူတို့ကို မုန်းတီးသည်။ သူတို့ ထမင်းစေ့များကို ဝင်လုသူများဟု မှတ်နေသည်။ တကယ်တော့မူ ပျံကျများသည် ကာလီဖိုးနီးယား၌လည်း အလုပ်မရကြ။ အလုပ် မရသည့်အပြင် စော်ကားမော်ကား ခံရသေးသည်။ ဒုက္ခသည်စခန်းဖြစ်သော "ဟူဗာဗီး"၌ ဂျုတ်မိသားစု စခန်းချနေစဉ် ပုလိပ်အရာရှိ တစ်ဦးသည် စခန်းတွင်းသို့ဝင်ကာ ခြိမ်းခြောက်သည်။ မိန်းမတစ်ဦးကို သေနတ်နှင့် ပစ်သည်။ မဟုတ်မခံတတ်သော တွမ်ဂျုတ်က လက်နက်ကို လုယူသည်။ ဓမ္မဆရာ ဂျင်ကက်ဆီက ပုလိပ်အရာရှိကို မြှော့နေအောင် ကန်ကျောက်လိုက်သည်။ ထိုအမှုအတွက် ဂျင်ကက်ဆီက သူသာ အဖမ်းခံမည်ဟု ပြောကာ ပုလိပ်များနှင့် လိုက်ပါသွားသည်။ ဟူဗာဗီးစခန်းကို မီးရှို့ပစ်မည်ဟု ဆိုသည့်အတွက် စခန်းဖျက်ရသည်။ ပုလိပ်များက ဂျုတ်မိသားစုကို တောင်ပိုင်းသို့ပြန်ရန် အမိန့်ပေးသည်။ ဂျုတ်မိသားစုက မြောက်ပိုင်းသို့ ခရီးဆက်သည်။

ဂျုတ်မိသားစုသည် အစိုးရ ဖွင့်လှစ်ထားသော ဝိဒပက် စခန်းသို့ ရောက်လာသည်။ ဤစခန်းရောက်ခါမှ အုတ်ကလာဟိုးမားမှ ဒုက္ခသည်များသည်

www.nyisay.com



ပုလိပ်များ၏ အနှောင့်အယှက်ဘေးမှ ကင်းဝေးကြသည်။ လူလို နေခွင့် ရလာသည်။ သို့သော် လူလို အလုပ်လုပ်ခွင့်ကား မရပေ။ ဂျုတ်မိသားစုတွင် တွမ်တစ်ယောက်သာ ကံကောင်းထောက်မ၍ အလုပ်ရသည်။ ရသည့် အလုပ်ကလည်း တစ်လမှ ၅ ရက်သာ လုပ်ရသော နေ့စားအလုပ် ဖြစ်သည်။ ဂျုတ်မိသားစု စားရေး သောက်ရေး ခက်ခဲလာသည်။ ထို့ကြောင့် မေမေဂျုတ်က မြောက်ဘက်သို့ ဆက်ရွှေ့ရန် အဆိုပြုသည်။ မြောက်ဘက်တွင် ဂျုတ်မိသားစု အလုပ်ရသည်။ ရသည့်အလုပ်မှာ မက်မုံသီးများ ဆွတ်ရသည့်အလုပ် ဖြစ်သည်။ ၃ ဂါလံဝင် စည်ပိုင်းတစ်ခု ပြည့်အောင် ဆွတ်ပါမှ ငါးဆင့်ရသည်။ မိသားစု အားလုံးပြည့် အလုပ်လုပ်သော်လည်း ဝင်ငွေမှာ တစ်ဒေါ်လာပင် မပြည့်တတ်။ တစ်ဒေါ်လာနှင့် ဂျုတ်တို့မိသားစု၏ ပါးစပ်ပေါက်များကို အဝမကျွေးနိုင်။ မသေရုံတမည်သာ စားရသည်။

ကာလီဖိုးနီးယားနယ် ခြံပိုင်ရှင်များသည် လုပ်အားကို မတရား သွေးစုပ်နိုင်မှန်း သိလေလေ၊ ထပ်ကာထပ်ကာ ညှစ်၍ စုပ်လေလေ ဖြစ်သည်။ ထို့ကြောင့် အချို့အလုပ်သမားများက အလုပ်ရှင်ကြီးများထံ ခေါင်းလျှို၍ အလုပ်မလုပ်ကြရန် လှုံ့ဆော်ကြသည်။ သပိတ်တားကြသည်။ အလုပ်သမားထု၏ ခေါင်းဆောင်ကား ဓမ္မဆရာ ဂျင်ကက်ဆီ ဖြစ်နေလေသည်။ တစ်ညတွင် တွမ်ဂျုတ်သည် စခန်းမှ တိတ်တဆိတ် ထွက်လာပြီး မိတ်ဆွေ ဂျင်ကက်ဆီနှင့် တွေ့ဆုံသည်။ သူတို့နှစ်ဦး တွေ့ဆုံခိုက် အလုပ်သမားခေါင်းဆောင် ဖြစ်နေသူ ဂျင်ကက်ဆီကို ပုလိပ်အဖွဲ့၏ ဒလန်နှစ်ယောက်က ဝင်ရောက် လုပ်ကြံသဖြင့် ဂျင်ကက်ဆီ ကျဆုံးသွားသည်။ တွမ်ဂျုတ်လည်း ဒဏ်ရာရသည်။ တွမ်ဂျုတ်က လုပ်ကြံသူတစ်ဦးကို ရဲဒင်းနှင့် ခုတ်ချသည်။

စခန်းသို့ ပြန်ရောက်သောအခါ တွမ်ဂျုတ်က ဖြစ်ပျက်သမျှကို မေမေဂျုတ်အား ပြန်ပြောသည်။ မေမေဂျုတ်သည် ဤစခန်း၌ ဆက်လက်နေထိုင်ရန် မဖြစ်တော့ကြောင်း သဘောပေါက်ကာ မြောက်ဘက်သို့ ခရီးဆက်ကြရသည်။ ဂျုတ်မိသားစုသည် တွမ်ဂျုတ်ကို မွေ့ရာလိပ်ကြီးထဲ၌ ထည့်ပတ်ကာ မြောက်ဘက်သို့ ရွှေ့ပြောင်းလာကြသည်။ မြောက်ပိုင်း ဝါခင်းစခန်းရောက်သော် ဂျုတ်မိသားစု စခန်းချသည်။ ရထားကုန်တင်တွဲကြီး တစ်တွဲ၌ မိသားစု နေကြရသည်။ တွမ်ဂျုတ်မှာလည်း ပုန်းအောင်းနေရဆဲ ဖြစ်သည်။ တစ်နေ့တွင် ကလေးအချင်းချင်း ကြွားကြရာမှ ဂျုတ်မိသားစုမှ လူမမည်ကလေး ရူသီက သူ့အစ်ကိုသည် ပုလိပ်အရာရှိ တစ်ဦးကို သတ်လာခဲ့သူတစ်ဦး ဖြစ်ကြောင်း ဝင့်ဝင့်ကြွားကြွား ပြောဆိုခဲ့သဖြင့် တွမ်မှာ ဆက်လက်ပုန်းအောင်းနေရန် မဖြစ်တော့။ မေမေဂျုတ်က တွမ်အား

www.nyisay.com



ဤနေရာမှ ချက်ချင်း ထွက်ခွာသွားရန် အတင်းတိုက်တွန်းပြီး ရှိသမျှ ငွေကြေးကို ပေးလိုက်သည်။ တွမ်က သူ့မိတ်ဆွေ ဂျင်ကက်ဆီသည် အမှန်တရားကို လုပ်ဆောင်ခဲ့သူဖြစ်ရာ သူ့ခြေရာကို နင်းမည်ဟု ပြောဆိုလျက် ထွက်ခွာလာခဲ့သည်။

**ဒေါ်သူပုန်**ဝတ္ထု၏ နောက်ဆုံးအခန်းကား အသက်ရှင်ခြင်းနှင့် သေခြင်း၏ ပဋိပက္ခ၊ ဖျက်ဆီးခြင်းနှင့် တည်ဆောက်ခြင်း၊ အားလျော့ခြင်းနှင့် အားမာန်ရှိခြင်း တို့ကို ဖော်ကျူးသော အခန်းပင် ဖြစ်သည်။

ဂျုတ်မိသားစု နေထိုင်ရာအရပ်တွင် မိုးကြီးသည်းထန်စွာ ရွာသွန်းသဖြင့် ရေကြီးသည်။ လူအများ စုပေါင်း၍ ရေကာတာများကို ဆောက်ကြသည်။ ထိုအချိန်တွင် ရှာရွန်ဂျုတ် ကလေးမွေးသည်။ သို့သော် အသေကလေး ဖြစ်သည်။ ဂျုတ်တို့ဂေဟာ ကုန်တွဲဟောင်းကြီးသို့ ရေများ ဝင်လာသဖြင့် ဝါခင်းစောင့်တဲသို့ ရှာရွန်ဂျုတ်ကို ပို့ထားသည်။ ထိုနေရာတွင် အစာငတ်မွတ်၍ သေလုမြောပါး ဖြစ်နေသော စိုက်ပျိုးရေး လုပ်သားအိုကြီးကို တွေ့ရသည်။ ရှာရွန်ဂျုတ်သည် အဘိုးအိုကြီး လဲနေရာသို့သွားကာ သူ့အပါး၌ကပ်လျက် လဲလျောင်းချလိုက်ပြီး အဘိုးအိုကို နို့ချိုတိုက်ကျွေးလေသည်။ ရှာရွန်ဂျုတ်၏ နှုတ်ခမ်းအစုံ၌ အဓိပ္ပာယ်ကောက်ရခက်သော အပြုံးပန်း လန်းဆန်း ပွင့်အာလာလေသည်။

ဤဝတ္ထုကို ၁၉၈၆ ခုနှစ်တွင် မောင်ထွန်းသူက **ဒေါ်သမာန်** အမည်ဖြင့် နှစ်တွဲ ခွဲ၍ ဘာသာပြန် ထုတ်ဝေခဲ့သည်။

## **သူစိမ်းတစ်ရံဆံ** (၁၉၄၂)

### **အယ်လဗတ် ကမူး** (၁၉၁၃-၁၉၆၀)

**သူစိမ်းတစ်ရံဆံ** ဝတ္ထုသည် ဒုတိယကမ္ဘာစစ်အပြီးတွင် လူပြောသူပြော များလှသော ဝတ္ထုတစ်ပုဒ်ပင် ဖြစ်သည်။ ရေးသူကား ကမ္ဘာကျော် စာရေးဆရာ အယ်လဗတ် ကမူးပင် ဖြစ်သည်။ ကမူး ရေးခဲ့သော ဝတ္ထုများအနက် **သူစိမ်းတစ်ရံဆံ** ဝတ္ထုသည် အရေးအပါဆုံး ဝတ္ထုဖြစ်သည်ဟု ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် သူစိမ်းတစ်ရံဆံ ဝတ္ထုကို ထောက်၍ ကမူးသည် ဘဝပဓာနဝါဒီ ယန်ပေါဆတ်တို့နှင့် အတွေးအယူချင်း ဆက်နေသည်ဟု ယူဆနိုင်သောကြောင့် ဖြစ်သည်။

**သူစိမ်းတစ်ရံဆံ** ဝတ္ထုတွင် အဓိကဇာတ်ဆောင်ကား သာမန် စာရေးကလေး မာဆော့ဆိုသူ ဖြစ်သည်။ မာဆော့သည် အယ်လဂျီးရီးယားမြို့၌ အလုပ်လုပ်သည်။ မုဆိုးမ မိခင်က အယ်လဂျီးယားမြို့နှင့် အတန်လှမ်းသော အရပ်ရှိ လူအိုရုံ၌ နေသည်။ မာဆော့တွင် အသိအကျွမ်း မများလှ။ သို့သော် မာရီယာဆိုသူ မိန်းကလေးနှင့်မူ ရံဖန်ရံခါ အတူအိပ် အတူစားနေသည်။ မာရီယာက မာဆော့ကို ချစ်သည်။ မာဆော့ကမူ အတူသာ အိပ်သော်လည်း ချစ်စိတ်မဝင်ပေ။ မာဆော့ကို ရာထူးတိုးပေးပြီး ပဲရစ်မြို့၌ အမှုထမ်းစေသည်ကိုလည်း မာဆော့က လက်မခံ။ သူသည် ရာထူးတိုးရေး၊ ကြီးပွားရေးကိုလည်း စိတ်မဝင်စား။

မာဆော့၏အမေ သေသောအခါ ရုံးမှ ခွင့်ရက်သတ္တပတ်ယူ၍ အမေ့အသုဘသို့ သွားသည်။ မာဆော့သည် အမေဆုံးသည့်အတွက် ဝမ်းနည်းကြေကွဲမှု

www.nyisay.com



အနည်းငယ်မျှပင် မဖြစ်။ သို့သော် လူအိုရုံမှ အဘိုးပီရဲကမူ သူ့အမေ အသုဘ၌ ရှိုက်ကြီးတငင် ငိုကြွေးသည်ကို မာဆော့ တွေ့ရလေသည်။ အလောင်းမြေကျပြီး ချက်ချင်းပင် မာဆော့သည် အယ်လဂျီးရီးယားမြို့သို့ ပြန်လာခဲ့သည်။ ခွင့်ရက်ကျန် များကို မာရီယာနှင့် အတူအိပ် အတူနေကာ ဖြုန်းပစ်လေသည်။

မာဆော့ ငှားနေသော အိမ်တွင် ဖိမ်ခေါင်းလုပ်သည်ဟု ထင်ရသော ရေမွန် ဆိုသူလည်း နေနေသည်။ တစ်ခါတွင် ရေမွန်သည် မာဆော့ထံ လာရောက် အသိဖွဲ့သည်။ မာဆော့ကလည်း အသိဖွဲ့သည်ကို မပယ်မလှန် လက်ခံသည်။ ရေမွန်က သူသည် သူ့ကောင်မလေး(အာရပ်အမျိုးသမီး)နှင့် ရန်ဖြစ်၍ ကွဲကွာ နေကြောင်း၊ မာဆော့က စာရေး ခေါ်ပေးစေလိုကြောင်း၊ ပျော့ပျော့ပျောင်းပျောင်း စာရေးနိုင်လျှင် ကောင်မလေး ပြန်လာမည်၊ ကောင်မလေး ပြန်ရောက်လျှင် သူ့ကို နောင်ကြဉ်အောင် ဆုံးမရမည်ဟု ပြောဆိုဆွေးနွေးလာသည်။ မာဆော့က ရေမွန်၏ ဆန္ဒအတိုင်း စာရေးပေးလိုက်သည်။ 'ကျွန်တော့်မှာ ရေမွန် မကျေနပ် အောင်လုပ်ဖို့ အကြောင်းမရှိလို့ ရေးပေးလိုက်တာပဲ' ဟုဆိုသည်။

စာရေးပေးပြီး နောက်တစ်ပတ်တွင် ရေမွန်၏ အခန်းထဲမှ ရိုက်နှက်သံ တဖြန်းဖြန်း ထွက်လာသည်။ သူ့ကောင်မလေးဆိုသော အာရပ်မိန်းမကို ရေမွန်က ရိုက်နှက်နေခြင်း ဖြစ်သည်။ အာရပ်မလေး၏ အစ်ကိုတော်သူက ရေမွန်ကို လက်စားချေရန် လိုက်လံချောင်းမြောင်းနေသည်။

တစ်ခါတွင် ရေမွန်က မာဆော့နှင့် မာရီယာတို့အား ပင်လယ်ကမ်းခြေရှိ ဗန်ဂလိုတစ်ခုသို့ တစ်နေ့တာ သွားရောက်လည်ပတ်ရန် ဖိတ်သည်။ ထိုဗန်ဂလို သည် ရေမွန့်မိတ်ဆွေ၏ ဗန်ဂလိုဖြစ်သည်။ သူတို့သုံးဦးသား ဗန်ဂလိုသို့ သွားရာ အာရပ်နှစ်ဦးက နောက်က တကောက်ကောက် လိုက်လာသည်။ အာရပ်နှစ်ဦးက သူတို့ကို ဆော်လိမ့်မည်ကို ရေမွန်က ရိပ်မိထားသဖြင့် ကိုယ်က လက်ဦးအောင် စတင်တိုက်ခိုက်သည်။ ရန်ပွဲတွင် ရေမွန် ဓားဒဏ်ရာ ရသည်။ ထိုနေ့ နောက်ပိုင်း တွင် အာရပ်နှစ်ဦးသည် သူတို့ ဗန်ဂလိုနား၌ ရစ်ဝဲရစ်ဝဲ လုပ်နေသည်ကို တွေ့ရ သည်။ ရေမွန်က အာရပ်နှစ်ဦးကို သေနတ်နှင့် ပစ်မည်တကဲကဲ လုပ်နေသည်။ မာဆော့က မပစ်ရန် တားမြစ်ပြီး ရေမွန်ထံမှ သေနတ်ကို တောင်းယူထားလိုက် သည်။ အာရပ်တို့လည်း မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

အာရပ်တို့ ပျောက်ကွယ်သွားပြီး မကြာမတင်ပင် မာဆော့တစ်ဦးတည်း သောင်ပြင်၌ လမ်းလျှောက်သည်။ မာဆော့၏ စိတ်ထဲ၌မူ ရန်ပွဲကိစ္စ ပြီးငြိမ်းသွားပြီ ဟု ထင်မှတ်နေသည်။ သို့သော် ရုတ်တရက် အာရပ်နှစ်ဦးအနက် တစ်ဦးကို တတိယအကြိမ် တွေ့လိုက်ရသည်။ ထိုနေ့သည် နေအလွန်ပူပြင်း တောက်ပသော

www.nyisay.com



နေ့ ဖြစ်ရကား သောင်ပြင်ကျယ်၌ လမ်းလျှောက်မိသူ မာဆော့သည် အပူဒဏ်ကို မခံနိုင် ဖြစ်လာသည်။ ထိုကြောင့် အရိပ်ရှိရာသို့ ခိုဝင်ရန် ပြေးအလာ အရိပ်စပ်၌ ရောက်နေသူ အာရပ်ကို သွားတွေ့ခြင်း ဖြစ်သည်။ အာရပ်က သူ့ကို တိုက်ခိုက်ရန် လာသည်ဟု ထင်သဖြင့် ဓားကို ဆွဲထုတ်လိုက်သည်။ ဓားရွက်သည် နေခြည်တွင် ဖျတ်ခနဲ ဖြိုးခနဲ လက်သွားပြီး မာဆော့၏ မျက်လုံးထဲသို့ အလင်းရောင် စူးဝင် သွားသည်။ မာဆော့၏ အကြောအခြင်များ ဖြုန်းခနဲ ထလာကာ ရေမွန်ထံက သူ သိမ်းယူထားမိသော သေနတ်ကို အမှတ်မထင် ဆွဲထုတ်ပြီး တစ်ချက်ပစ်လိုက် သည်။ နောက်တော့ ဘာရယ်လို့ မဟုတ်တော့ဘဲ ကျန်နေသော ကျည်ငါးတောင့် ကို လဲကျသွားသော အာရပ်၏ ကိုယ်ထဲသို့ ပစ်ထည့်မိလျက်သား ဖြစ်နေတော့ သည်။

မာဆော့ကို လူသတ်မှုနှင့် ဖမ်းချုပ်သည်။ ရုံးတော်က မာဆော့အတွက် ရှေ့နေပေးသည်။ ရှေ့နေရော တရားသူကြီးပါ မာဆော့၏ အပြုအမူအတွက် အံ့အားသင့်ရသည်။ အဘယ်ကြောင့်ဆိုသော် မာဆော့သည် မထုံတက်သေး အေးတိအေးစက် နေနေသောကြောင့် ဖြစ်သည်။ ဘာကိုမျှ ပူပန်စိတ် မရှိ။ တရားလိုရှေ့နေက မာဆော့သည် ကြင်နာသနားစိတ် ကင်းသူဖြစ်ကြောင်းကို သူ့အမေ အသုဘ၌ မျက်ရည်တစ်စက် မကျ၊ မျက်နှာတစ်ချက်မညှိုး နေပြီး ရုပ်ကလာပ် မြေကျသည့်နေ့၌ပင် မာရီယာဆိုသူနှင့် ကာမအရာ၌ ပျော်မွေ့နိုင် သည်ဟု စွပ်စွဲသည်။ တရားရုံးက မာဆော့ကို သေဒဏ်စီရင်သည်။

ကြိုးတိုက်၌နေစဉ် မာဆော့ကို ခရစ်ယာန် တရားဟောဆရာက လာ ရောက်၍ တရားချသည်။ သံဝေဂယူဖို့ ဟောပြောသည်။ မာဆော့ကား မည်သည့် ဘာသာကိုမျှ ကိုးကွယ်ယုံကြည်သူ မဟုတ်။ သူ ကိုးကွယ်သည်မှာ သူ့ခေါင်းထဲက သူ့အတွေးအခေါ်ပင် ဖြစ်သည်။ သူ့အတွေးအခေါ်ကား သူ့ဘဝကိုသူ မည်သို့ မည်ပုံ အဆုံးသတ်သတ်၊ သူ့ဘဝအပြင်မှ လူများသည် အဆုံးသတ်ကောင်းသည်၊ မကောင်းသည် ဆုံးဖြတ်စရာ မလို ဟူသော အတွေးအခေါ်မျိုးပင် ဖြစ်သည်။ ထိုကြောင့် မာဆော့သည် တရားချသော တရားဟောဆရာကို သူ့ဘဝ၌ လာပြီး နှောင့်ယှက်သူ၊ သြဇာပေးသူဟု ယူဆကာ ဒေါသဖြစ်ဖြစ်နှင့် အော်ငေါက် နှင်ထုတ် သည်။

မာဆော့သည် ဒေါသဖြစ်လိုက်ရသည့်အတွက် ရင်ထဲတွင် ပေါ့ပါးသွား ကာ အိပ်ပျော်သွားသည်။ အိပ်ရာမှ နိုးသောအခါ ညချမ်းသို့ တိုင်ခဲ့ပြီ။ ကြယ် ကလေးများ တောက်ပနေသော ကောင်းကင်ပြင်ကို ကြည့်ရင်း သူ၏နှလုံးသား သည် အတည်ငြိမ်ကြီး တည်ငြိမ်နေကြောင်း မာဆော့ သတိပြုမိလေသည်။

www.nyisay.com



**သူစိမ်းတစ်ရံဆံ** ဝတ္ထုသည် စည်းတွေ၊ ကမ်းတွေ၊ ဥပဒေသတွေ၊ နိယာမတရားတွေ၊ အကြွင်းမဲ့ သစ္စာတရားတွေ ရောပြွမ်းရှုပ်ခတ်နေသော လောက၌ သူတစိမ်းသက်သက် ဖြစ်နေသော လူတစ်ယောက်အကြောင်းကို ဖွဲ့ထားလေသည်။ ထိုသူကား မာဆော့ပင် ဖြစ်သည်။ မာဆော့သည် ဤဝတ္ထု၌ ဘဝပဓာနဝါဒကို ကိုယ်စားပြုထားသူ ဖြစ်သည်။ မာဆော့၏ ပြုမူနေပုံ၊ စိတ်ကူးကြံဆပုံ အားလုံးသည် မာဆော့ ကိုယ်စားပြုသော ဘဝပဓာနဝါဒမှ ဆင်းသက်လာခြင်း ဖြစ်၏။

ဘဝပဓာနဝါဒ အလိုအရ ကျွန်ုပ်တို့နေထိုင်သော လောကသည် ကမောက်ကမ ကစဥ့်ကလျားနိုင်သော လောက ဖြစ်သည်။ ဤလောကတွင် အဖြစ်အပျက်များ ဖြစ်ပျက်သော်လည်း အဖြစ်အပျက်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်မဟုတ်၊ အဆီအငေါ်မတည့် တသီးတခြား ဖြစ်နေခြင်းသာ ဖြစ်၏။ လူတစ်ယောက်၏ ဘဝသည် အခြားလူတစ်ယောက်၏ ဘဝနှင့် မည်သို့မျှ မပတ်သက်၊ တသီးတခြား ဖြစ်၏။ ထိုသို့ မပတ်သက်သောကြောင့် ကိုယ့်ဘဝ မဟုတ်သော အခြားသူ၏ ဘဝကို ကောင်းသည် ဆိုးသည်၊ မှန်သည် မှားသည်၊ ဤသို့ ပြုရာသည်၊ ထိုသို့ မပြုရာသည်ဟု မဝေဖန်ကောင်း၊ မပိုင်းဖြတ်ကောင်း။ အခြားသူတို့၏ ဘဝကို အကောင်းအဆိုး ပြောခြင်းသည် ဘဝအဖြစ်အပျက် တစ်ခုစီကို ဆက်စပ်၍ ညှိနှိုင်းခြင်းသာ ဖြစ်သည်။ သီးခြားဖြစ်နေသော၊ အဆီအငေါ် မတည့်သော ဘဝကို ညှိနှိုင်းခြင်းဟာ မစွမ်းသာ။ ဤသည်မှာ ဘဝပဓာနဝါဒီတို့၏ အလိုဖြစ်သည်။ မာဆော့သည် သူ့အမေ အသုဘ၌ မျက်ရည် မကျ၊ ဝမ်းမနည်း သည့်အပြင် ဈာပန မြေကျသောနေ့၌ပင် သူ့ကောင်မလေးနှင့် အတူအိပ် ပျော်ပါးလိုက်သေးသည်။ သူ့အမေဘဝသည် သူ့အမေဘဝ၊ သူ့ဘဝသည် သူ့ဘဝ၊ မည်သို့မျှ ဆက်စပ်ရသည် မဟုတ်ပေ။ လောက၌ စံထားထားသော သတ်မှတ်ချက်များသည် မာဆော့အဖို့ စိမ်းနေသည်။ သူ့အမေကို တသသဖြင့် တမ်းတလျက် ငိုကြွေးနေသူမှာ သူ့အမေနှင့် မည်သို့မျှ သွေးအားဖြင့် မဆက်စပ်သော လူအိုကြီးပီရဲ ဖြစ်သည်။

မာဆော့က လူတိုင်းသည် ကိုယ့်ဘဝကို ကိုယ်ပိုင်သည် ဖြစ်၍ ကိုယ်ပိုင်ဘဝတွင် ကိုယ့်သစ္စာ၊ ကိုယ့်နိယာမ၊ ကိုယ့်ထုံးကိုယ့်တမ်းနှင့် နေမည်သာ ဖြစ်သည်။ ထိုကိုယ်ပိုင်ဘဝ၏ ကိုယ်ပိုင်သစ္စာ၊ ကိုယ်ပိုင်နိယာမ စသည်တို့ကို ညှိနှိုင်းစံပြုစရာ မလိုဟုလည်း ယူဆသည်။ ထို့ကြောင့် အသတ်ခံရဆဲဆဲ တရားလာချသော တရားဟောဆရာအား မာဆော့က သူ့ကိုယ်ပိုင်ဘဝကို အများဘဝ၏ စံများ၊ ထုံးတမ်းများနှင့် လာရောက်ညှိနှိုင်းကာ ဝင်ရှုပ်သည်ဟု ထင်ပြီး ဒေါပွခြင်း ဖြစ်သည်။

www.nyisay.com



ဘဝပဓာနဝါဒီ စာရေးဆရာ အယ်လဗတ်ကမူးက သူယုံသော ဝါဒကို **သူစိမ်းတစ်ရံဆံ** ဝတ္ထုဖြင့် ဤသို့ တင်ပြခဲ့လေသည်။

ဤဝတ္ထုကို ၁၉၆၆ ခုနှစ်တွင် အောင်မျိုးက **အပြင်လူ သို့မဟုတ် သူစိမ်းဆန်ဆန်** အမည်ဖြင့် ပြင်သစ်ဘာသာမှ တိုက်ရိုက်ပြန်ဆို၍ လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် ထင်လင်းက **စည်းအပြင်ကလူ** အမည်ဖြင့် လည်းကောင်း ပြန်ဆိုခဲ့သည်။ ထို့ပြင် ထင်လင်းကပင် ကမူး၏ ပလိပ် (The Plague) ကို ၁၉၇၇ တွင် ဘာသာပြန်ခဲ့၏။

www.nyisay.com

## အန်ဖရန့်၏ နေ့စဉ်မှတ်တမ်း (၁၉၄၄)

### အန် ဖရန့် (၁၉၂၉-၁၉၄၅)

ဤမှတ်တမ်းကို ရေးသူသည် ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦး မဟုတ်ပေ။ ထို့အတူ ဤမှတ်တမ်းကို ပုံနှိပ်ထုတ်ဝေမည်၊ ဤမှတ်တမ်းသည် တစ်နေ့တွင် ကမ္ဘာကျော် မှတ်တမ်းစာအုပ်ကြီး ဖြစ်လာရမည် ဟူသော ရည်ရွယ်ချက်မျိုးဖြင့် ရေးခဲ့သည်လည်း မဟုတ်ပေ။

သို့သော် ဤမှတ်တမ်းသည် အသက် ဆယ့်သုံးနှစ်အရွယ် မိန်းကလေး တစ်ယောက်၏ ထူးထူးခြားခြား ကမ္ဘာကျော်ဖြစ်လာသော မှတ်တမ်းဖြစ်၏။ သို့သော် ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေ၍ ကမ္ဘာကျော် ဖြစ်လာသော အချိန်တွင် စာရေးသူ မိန်းကလေးမှာ ကမ္ဘာမြေပြင်၌ မရှိတော့ပေ။

ဤမှတ်တမ်းကို ရေးသူ အန်ဖရန့်သည် ၁၉၄၂ ဇွန် ၁၂ ရက်နေ့တွင် သူ၏ အသက်ဆယ့်သုံးနှစ်ပြည့် မွေးနေ့အဖြစ် မှတ်တမ်းစာအုပ်ကလေးကို ရခဲ့ခြင်း ဖြစ်သည်။ ထိုနေ့က ရသော လက်ဆောင်များတွင် သူသည် ဤမှတ်တမ်း စာအုပ်ကလေးကို သဘောအကျဆုံး ဖြစ်၏။ ထို့ကြောင့် လက်ဆောင်ရပြီးနောက် နှစ်ရက်အကြာတွင် ဤမှတ်တမ်းစာအုပ်ကလေးတွင် နေ့စဉ်မှတ်တမ်းများသဖွယ် ရေးမှတ်လာခဲ့ခြင်း ဖြစ်သည်။

အန်ဖရန့်သည် ဂျူးလူမျိုးဖြစ်သည်။ ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့တွင် သူ့အဖေ၊ သူ့အမေနှင့် သူ့အစ်မ အားလော့တို့နှင့်အတူ မိသားစု နေထိုင်ခဲ့

www.nyisay.com



ကြသည်။ အစက သူတို့အဘွား ရှိသည်။ သူတို့အဘွားမှာ မကြာခင် (၁၉၄၂၊ ဇန်နဝါရီလ)က ကွယ်လွန်သွားပြီ ဖြစ်၏။

ဖရန့်သည် သူ့မှတ်တမ်း၏ ၁၉၄၂ ဇွန် ၂၀ အထိ သူ့ဘဝ၊ သူ့မိသားစု နောက်ကြောင်းကို ပြောသည်။ လက်ရှိအခြေအနေအထိ အဆင်ပြေနေသေးသော သူတို့မိသားစု အကြောင်းကို မှတ်တမ်းတင်ခဲ့သည်။ ၁၉၄၂ ဇွန် ၂၅ မှတ်တမ်းတွင်မူ သူသည် "ချစ်သောလစ်တီ" ဟူသော အညွှန်းတပ်ကာ မှတ်တမ်းကို ပုံစံသစ်ဖြင့် စ ရေးလိုက်သည်။ ထိုနေ့မှတ်တမ်းမှာ ကျောင်းသူကျောင်းသားဘဝ ယောကျ်ားကလေး မိန်းကလေး ဆက်ဆံရေးကို ဖော်ပြခဲ့၏။ သည့်နောက် စောစောပိုင်း ရက်များတွင် သူသည် ပျော်စရာကောင်းသော ကျောင်းသူဘဝ၊ သူ့ကို ဆယ့်ခြောက်နှစ်ရွယ် ကျောင်းသားကလေးတစ်ယောက်က ထူးကဲ စိတ်ဝင်စားပုံ၊ သူ့မိဘမျိုးရိုးအကြောင်း၊ သူ စကားများလွန်းသဖြင့် "စကားအိုးမ ကလေး"ဟု တွင်ခဲ့ရပုံတို့ကို ရေးထားလေသည်။

ယင်းသို့ ဖရန့်သည် သူ့ဘဝ၊ သူ့မိသားစု၊ သူ့အပေါင်းအသင်း စသည်ဖြင့် သူ့ပတ်ဝန်းကျင်မှ အကြောင်းအချို့ကို မှတ်တမ်းတင်နေစဉ်တွင် ထို သူ့ပတ်ဝန်းကျင်တွင် အလွန်ကြီးမားသော အရေးအခင်းကြီးများ ပေါ်ပေါက်နေပြီ ဖြစ်သည်။ ယင်းကား ဒုတိယကမ္ဘာစစ်ကြီး ဖြစ်၏။ ဒုတိယကမ္ဘာစစ်တွင် ဂျာမန် နာဇီတို့သည် ဥရောပတစ်တိုက်လုံးကို တိုက်ခိုက်သည်။ ဟစ်တလာသည် ဂျူးမျိုးပြုတ်ရေး လမ်းစဉ်ကို ချကာ ဂျူးလူမျိုးများကို ဖမ်းဆီးသတ်ဖြတ်နေ၏။ ဂျူးဆန့်ကျင်ရေး ဝါဒကို ဂျူးအမျိုးသမီးကလေး ဖရန့်တို့နေရာ ဟော်လန်၌လည်း ဂျာမန် နာဇီတို့ ကျင့်သုံးနေပြီ ဖြစ်၏။ ဤနည်းဖြင့် ဂျူးလူမျိုးတိုင်းသည် မှတ်ပုံတင်ထားရ၏။ အင်္ကျီရင်ဘတ်တွင် ကြယ်ဇာရင်ထိုး ထိုးထားရ၏။ ဂျာမန် နာဇီတို့သည် မှတ်ပုံတင်ပြီး ကြယ်ဇာရင်ထိုးတပ် ဂျူးများကို အလှည့်ကျ ခေါ်ယူကာ လူသတ်စခန်း အော့ဇဝစ်သို့ ပို့ကြသည်။ ယင်းတွင် ဂျူးတို့ အစုလိုက် အပြုံလိုက် အသတ်ခံနေကြရသည်။

ဖရန့်မိသားစုသည် သေမင်းခေါ်သံကို နားစွင့်နေရသည့် အခြေအနေသို့ ဆိုက်ရောက်လာချေပြီ။ ဖရန့်၏ ဖခင်သည် တစ်နေ့တွင် သေမင်း၏ ဆင့်ခေါ်သံ ကြားရမည်ကို မျှော်လင့်ထားပြီး ဖြစ်၏။ ထို့ကြောင့်ပင် သူသည် မိမိတို့ မိသားစု တိမ်းရှောင်ရန် နေရာကို ရှာဖွေစီစဉ်ထားပြီး ဖြစ်၏။ သို့သော် အခြေအနေမှာ ဆိုး၍လာပြီဖြစ်ရာ တိမ်းရှောင် ပုန်းအောင်းနေထိုင်ရေး အစီအစဉ်ကို ရက်သတ္တတစ်ပတ် ရှေ့တိုးကာ သူ့မိသားစုအား အကြောင်းကြားလိုက်၏။

အန်ဖရန့်သည် ၁၉၄၂ ဇူလိုင် ၉ တွင် မှတ်တမ်း၌ သူတို့ ပုန်းအောင်း

www.nyisay.com



နေမည့် "လျှို့ဝှက်ခန်းဆောင်" အကြောင်းကို ဆက်ရေးသားလေတော့သည်။ သို့ဖြင့် ၁၉၄၂ ဇူလိုင် ၁၀ ရက်နေ့မှ စ၍ အန်ဖရန့် မိသားစုသည် ဖခင်၏ လုပ်ငန်းဆိုင်ရာ ရုံးခန်း(အမ်စတာဒမ်မြို့ ပရင်ဆန်ဂရပ်လမ်းမပေါ်တွင် ရှိသည်။) အထက်ထပ် ထပ်ခိုးသို့ ရွှေ့ပြောင်းခဲ့ရ၏။ ထို့နောက်တွင် မစ္စတာဖန်ဒန်း မိသားစုပါ ထိုလျှို့ဝှက်ခန်းဆောင်သို့ ပြောင်းလာ၏။ ဖန်ဒန်းမိသားစုတွင် မစ္စတာ ဖန်ဒန်း၊ မစ္စက်ဖန်ဒန်းနှင့် ပီတာ ဖန်ဒန်းတို့ ပါလာ၏။ ထို့နောက်ပိုင်းတွင်ကား သူတို့မိသားစု နှစ်စုကြားတွင် သွားစိုက်ဆရာ ဒူဆဲပါ ရောက်လာ၏။

သို့ဖြင့် အန်ဖရန့်သည် ၁၉၄၂ ဇူလိုင် ၁၀ ရက်မှ နောက်ဆုံး အဖမ်းမခံရမီ လေးရက်အလို ၁၉၄၄ ဩဂုတ် ၁ အထိ နှစ်နှစ်တာကာလ နာဇီတို့ဘေးရန်မှ ပုန်းအောင်းနေစဉ် လျှို့ဝှက်ခန်းဆောင် အတွင်းက လူသားရှစ်ဦးတို့၏ ဖြစ်ရပ်များကို မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်။

ထိုဂျူးမိသားစု ရှစ်ယောက်ကို ဖခင်နှင့်အတူ လုပ်ဖော်ကိုင်ဖက်များ ဖြစ်သော ဒတ်(ချ်)အမျိုးသားများက ငွေရေးကြေးရေးက အစ ဈေးဝယ်ခြမ်းမှ ရာရှင်လက်မှတ်ရရေး စသည်တို့ကို အကူအညီ ပေးခဲ့ရ၏။

ဖရန့်သည် အခန်းကျဉ်းကလေးတွင် လောကနှင့် အဆက်ပြတ်၍ နှစ်နှစ်မျှ နေခဲ့ရလေသည်။ လောကနှင့် အဆက်ပြတ်သည် ဆိုရစေကာမူ သူတို့သည် ပတ်ဝန်းကျင်ကိုကား ကြောက်နေရ၏။ ဘယ်အချိန်များ ဂက်စတာပိုတွေ ရောက်လာပြီး သူတို့ကို ဖမ်းမှာပါလိမ့်၊ ဘယ်အချိန် အသတ်ခံကြရမည်နည်း၊ ဤသို့လျှင် သူတို့တစ်တွေ နေ့ တလန့်လန့်၊ ညတလန့်လန့် နေခဲ့ရသော အဖြစ်။ သည်ကြားကပင် မဟာမိတ်တပ်များ လာရောက်တိုက်ခိုက်သဖြင့် ဘယ်အချိန်တွင် ဗုံးများ သူတို့ခိုအောင်းရာ တိုက်ပေါ်သို့ ကျလာပါမည်နည်းဟု တစိုးရိမ်ရိမ် ဖြစ်နေခဲ့ရသော အဖြစ်။ သည်အတွင်း ဖောက်ထွင်းရေးသမားများက ရုံးခန်းကို လာဖောက်သည်ကို နာဇီတွေ လာကြသည်အထင်နှင့် ရင်တလှပ်လှပ် ဖြစ်ရပုံ၊ နာဇီတွေ ဖမ်းသွားသည့် ဂျူးတွေကို လမ်းပေါ်မှာ မြင်ရတိုင်း တထိတ်ထိတ် ဖြစ်ရပုံ။ ဤသို့လျှင် ဘဝလုံခြုံမှု အရေး ရင်တလှပ်လှပ် ဖြစ်ခဲ့ရသော အဖြစ်များကိုလည်း သူ့မှတ်တမ်းတွင် ရေးခဲ့၏။

သူ့မှတ်တမ်းတွင် ထိတ်စရာ၊ လန့်စရာများနှင့်အတူ ထိုမိသားစု ရှစ်ယောက်အား အိမ်ထောင်ချင်း ဆက်ဆံရေး ပြဿနာကလေးများ၊ တစ်မိသားတွင်း မိဘက တစ်မျိုး၊ သားသမီးက တစ်မျိုး၊ ညီအစ်မ အချင်းချင်း အစ်မနှင့် ညီမ ဆက်ဆံရေး၊ သူတစိမ်း ဒူဆဲက မစ္စက်ဖန်ဒန်းကို ရီသွဲ့သွဲ့လုပ်ပုံ၊ မစ္စက်ဖန်ဒန်းက မစ္စတာဖရန့်များ သူ့ကို ဂရုပြုမလား အထင်နှင့် ဂါဝန်စ အောက်ခြေလွတ်နေပုံ

www.nyisay.com



စသည်ဖြင့် ဖြစ်ရပ်စုံ၏ မောစရာ၊ မျက်စရာ၊ ရယ်စရာကလေးတွေကိုလည်း မှတ်တမ်းတင်၏။ သတင်းစာများမှတစ်ဆင့် သိရသော စစ်တွင်းကာလ ကုန်ဈေးနှုန်း ကြီးမြင့်မှု၊ သူခိုး ဓားပြတွေ များလာပုံ၊ မိန်းမပျိုကလေးတွေ ပျက်စီးကြရပုံတွေကိုလည်း သူ့မှတ်တမ်းတွင် ဖော်ပြ၏။

ရေဒီယိုက စစ်သတင်းကို နားထောင်ရင်း အားတက်လိုက်ရ၊ စိတ်ပျက်လိုက်ရ၊ ပုန်းအောင်းနေသူ အချင်းချင်း နိုင်ငံရေး ဝေဖန်ကြပုံ စသည့် နိုင်ငံရေး အကွက်ကလေးတွေကိုလည်း သူ ရေးမှတ်ခဲ့၏။

သူ့အရွယ် ဆယ့်သုံးနှစ်မှ ဆယ့်လေးနှစ်၊ ဆယ့်လေးနှစ်မှ ဆယ့်ငါးနှစ်သို့ ပြောင်းလာခဲ့၍ ကိုယ်ထည် အသွင်ပြောင်းလာပုံ၊ အပျိုဖော်ဝင်လာပုံ၊ သွေးစုန်းတောက်လာပုံ ကလေးတွေကိုလည်း မှတ်တမ်းတွင် ပွင့်ပွင့်လင်းလင်း ရေးပြ၏။

ထိုသို့ ခန္ဓာကိုယ် အပျိုဖော်ဝင်လာသည်နှင့်အမျှ စိတ်ဓာတ်ကလည်း လှုပ်ရှားလာသည်။ သူ့ပတ်ဝန်းကျင်မှာ ယောကျာ်းကလေး လူပျိုဟူ၍ ဆယ့်ခြောက်နှစ်အရွယ် ပီတာသာလျှင် ရှိသည်။ စင်စစ် ပီတာကို သူ အားမရလှပါ။ ပီတာသည် ပျော့သည်၊ ထုံထိုင်းသည်၊ လေးကန်သည်။ သို့ပေမယ့် ပီတာ သူ့ကို စိတ်ဝင်စားပါမည်လား တွေးသည်။ သူ့အစ်မ အားလော့ကို ပိုပြီး စိတ်ဝင်စားနေသလားဟုလည်း တွေးသည်။ သူ့အလှသည် စိတ်ဝင်စားစရာမှ ဟုတ်ပါလေစ ဟုလည်း တွေးသည်။ သည်အတွေးတွေနောက်မှာ သူ ပီတာ့ပခုံးမှာ မှေးမှီချင်စိတ် ပေါက်လာသည်။ ပီတာ့ရင်ခွင်မှာ ခိုဝင်ချင်စိတ် ပေါက်လာသည်။ ထိုဆန္ဒကိုလည်း သူ တွေးပါသည်။ သူ့အမေက သူ့ကို စိမ်းကားသည်ဟု ထင်၏။ သူ့အစ်မက ကင်းကွာသည်ဟုလည်း မှတ်လာ၏။ အဖေနှင့်လည်း မပျော်ရ။ နေ့စဉ် ခံစားနေရသည်မှာလည်း စိတ်ဒုက္ခတွေချည်း။ ထို့ကြောင့် ပီတာနှင့် အတူနေရသော ပျော်မှုကလေးကို သူ လိုချင်သည်။ ထို့ကြောင့် ပီတာနှင့် နှစ်ယောက်တည်း အပေါ်ခန်းကလေးမှာ နေသည်။ ဒါကို ပျော်သည်။ ပီတာကို ချစ်သူဟုလည်း မထင်သေး။ ပီတာက ချစ်သည်ဟုလည်း မပြောလာ။ သည့်အတူ မိမိက ပြောရမည်လားဟုလည်း တွေးဖြစ်သည်။ ပီတာ နမ်းသောအခါ ကြည်နူးသည်။ ပီတာနှင့် အတူနေသော အဖြစ်ကို အဖေ့ကို ဖွင့်ပြောလိုက်သေး၏။ အဖေက တား၏။ သို့ပေမယ့် ပီတာနှင့် ခွဲမနေနိုင်။ တစ်နေ့တွင် ပီတာနှင့် လက်ထပ်မည်ဟုလည်း မတွေးရဲသေး။ ပီတာကို သည်အနေအထားမျိုးနှင့် သဘောမတွေ့သေး။ သို့သော် တစ်နေ့တွင် ပီတာ ပြုပြင်လာမည်ဟု ထင်သည်။ ထို့ကြောင့် ပီတာနှင့် နှစ်ယောက်တည်း တစ်ယောက်ကိုတစ်ယောက် ဖက်နေရသည်ကို ဖရန့် ပျော်သည်။ ပီတာ့ အနမ်းကို ဖရန့် ကြည်နူးသည်။

www.nyisay.com



ဤသို့လျှင် အန်ဖရန့်သည် အပျိုဖော်ဝင် စိတ်လှုပ်ရှားမှုများကိုလည်း သူ့မှတ်တမ်းတွင် ပွင့်ပွင့်လင်းလင်း ရေးမှတ်ခဲ့လေ၏။

အန်ဖရန့်သည် လျှို့ဝှက်ခန်းဆောင်တွင် ပုန်းအောင်းနေရစဉ် ပြင်သစ်စာကိုလည်း သင်သည်။ အင်္ဂလိပ်စာကိုလည်း သင်သည်။ သမိုင်းကိုလည်း ဖတ်သည်။ လူငယ်ဆိုင်ရာ စာအုပ်တွေကိုလည်း ဖတ်သည်။ လူငယ်လူကြီး ပြဿနာကိုလည်း စဉ်းစားသည်။ စစ်မုန်းတီးစိတ်လည်း ပွားလာ၏။ ဂျူးပြဿနာသည်လည်း တွေးစရာ ဖြစ်၏။ နာဇီ ဟစ်တလာ၏ ရက်စက်မှုကိုလည်း နာကြည်းလာ၏။ သူ စာရေးဆရာ၊ သတင်းစာဆရာ လုပ်ချင်သော ဆန္ဒသည်လည်း ပေါ်လာ၏။ တစ်နေ့တွင် ဤမှတ်တမ်းကို အခြေခံ၍ "လျှို့ဝှက်ခန်းဆောင်" အကြောင်း စာရေးမည်ဟုလည်း စိတ်ကူး၏။ သည်ကြားကပင် ဝတ္ထုတိုကလေးတွေလည်း ရေးစမ်းကြည့်၏။ သည်အကြောင်းတွေကိုလည်း သူ့မှတ်တမ်းမှာ အစုံအစေ့ ဖော်ပြခဲ့လေသည်။

အန်ဖရန့်သည် ငယ်ရွယ်သေးသူ၊ လူလားမမြောက်သေးသူ ဖြစ်သည်ကား မှန်၏။ သို့သော် သူ့မျက်စိသည် လျင်၏။ စေ့စပ်၏။ သူ့နှလုံးသားသည် အကဲပါ၏။ အမှတ်သည်းခြေ ကြီး၏။ သူ့အရေးအသားသည် ရိုးရိုးကလေးနှင့် ထိမိ၏။ စာရေးဆရာ ဖြစ်ချင်သူပီပီ အရေးအသား ကြိုးစားထား၏။

သူ၏ ၁၉၄၂ ခုနှစ် ၁၄ သူ့ဆယ့်သုံးနှစ် မွေးနေ့အလွန်မှ စ၍ ရေးမှတ်ခဲ့သော ထိုမှတ်တမ်းသည် ၁၉၄၄ ဩဂုတ် ၁ သူ ဆယ့်ငါးနှစ်မွေးနေ့ အလွန်တွင် အဆုံးသတ်လေ၏။ ထို့နောက် ဩဂုတ် ၄ တွင် သူတို့အားလုံး နာဇီတို့ အဖမ်းခံရသည်။ သူတို့အားလုံးကို အော့ဇဝစ် အကျဉ်းစခန်းသို့ ပို့လိုက်သည်။ ဓာတ်ငွေ့ခန်းအတွင်း သွင်း၍ အသတ်ခံကြရတော့မည် ဖြစ်သည်။ ထိုအခြေအနေ အတွင်းမှာပင် အန်ဖရန့်၏ဖခင်မှာ လွတ်မြောက်လာ၏။ အန်ဖရန့်တို့ ညီအစ်မမှာလည်း မဟာမိတ်တပ်များက အကျဉ်းစခန်းကို အချိန်မီ လာရောက်သိမ်းပိုက်နိုင်သဖြင့် ဓာတ်ငွေ့ခန်းသို့ မရောက်ခဲ့ရ။ သို့သော် ထိုညီအစ်မသည် အခြားဂျူးများနှင့်အတူ အိုဒက်ဆာသို့ အလာတွင် လမ်း၌ အူရောင်ငန်းဖျား ရောဂါဝေဒနာကို ခံစားကြရ၏။ သို့ဖြင့် ၁၉၄၅ ဖေဖော်ဝါရီတွင် အစ်မ အားလော့သည် သဘော်ပေါ်၌ပင် ကွယ်လွန်ခဲ့ရ၏။ ထို့နောက် မတ်လတွင် အန်ဖရန့်လည်း ကွယ်လွန်ခဲ့လေ၏။ အချို့ကမူ အန်ဖရန့်သည် ၁၉၄၄ အတွင်းကပင် ဗာဂင် ဗယ်လဆင် အကျဉ်းစခန်း၌ သေဆုံးခဲ့သည်ဟု ဆိုကြ၏။

အန်ဖရန့်တို့ကို ဖမ်းသွားစဉ်က နာဇီတို့သည် "လျှို့ဝှက်ခန်းဆောင်"ကို မွှေနှောက်ရှာဖွေခဲ့ကြ၏။ သို့သော် အန်ဖရန့်၏ မှတ်တမ်းစာအုပ်ကိုကား တွေ့

www.nyisay.com



မသွားခဲ့ပေ။ ထိုနောက် ရက်အတန်ကြာမှ ရုံးအလုပ်သမားတစ်ဦးက "လှို့ဝှက်ခန်းဆောင်"အတွင်းရှိ သတင်းစာများအကြားမှ ယခုမှတ်တမ်းစာအုပ်ကို တွေ့ခဲ့ခြင်း ဖြစ်၏။ ရုံးအလုပ်သမားသည် ထိုမှတ်တမ်းစာအုပ်ကို အန်ဖရန့်၏ဖခင်နှင့်သူ့လုပ်ဖော်ကိုင်ဖက်များလက်သို့ ပေးခဲ့၏။ အန်ဖရန့်၏ဖခင်သည် အသက်မသေ၊ ပြန်ရောက်လာသောအခါ ထိုမှတ်တမ်းကို လက်ခံရရှိခြင်း ဖြစ်သည်။

သို့ဖြင့် ၁၉၄၇ တွင် ထိုမှတ်တမ်းကို ဒတ်ချ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ရာမှ ကျော်ကြားထင်ရှားလာသဖြင့် ၁၉၅၂ တွင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့လေသည်။

ထိုစဉ်က စာအုပ်အမည်မှာ **မိန်းကလေးတစ်ယောက်၏ နေ့စဉ်မှတ်တမ်း** ဟူ၍ ဖြစ်၏။ နောင်တွင် ယင်းကို **အန်ဖရန့်၏ နေ့စဉ်မှတ်တမ်း** အမည်ဖြင့် ပြဇာတ်အဖြစ် ကပြခြင်း၊ ရုပ်ရှင်ရိုက်ကူးခြင်းဖြင့် ကမ္ဘာအနှံ့ ပြန့်ပွားသွားရာမှ အစပြုကာ စာအုပ်အမည်သည်လည်း **အန်ဖရန့်၏ နေ့စဉ်မှတ်တမ်း** ဟူ၍ ဖြစ်လာခဲ့ပေသည်။

ယင်း စာအုပ်ကို မောင်နေဝင်းက **မှောင်ထဲက မှတ်တမ်း** အမည်ဖြင့် မြန်မာပြန်၍ ၁၉၆၆ တွင် ထုတ်ဝေခဲ့၏။

www.nyisay.com

## အဘိုးအိုနှင့် အဏ္ဏဝါ (၁၉၅၂)

### အားနက် ဟဲမင်းဝေး (၁၈၉၈–၁၉၆၁)

အားနက် ဟဲမင်းဝေးသည် သူ၏ ထင်ရှားသော **ခေါင်းလောင်းထိုးသံ ဘယ်သူ့ကဲ(၁၉၃၈)** ကို ရေးပြီးနောက် ဆယ်စုနှစ်တစ်ခုလောက် ငြိမ်နေခဲ့သည်။ ၁၉၅၀ တွင် **မြစ်ကိုဖြတ်၍ တောကိုဝင်** ဝတ္ထု ထွက်လာသောအခါ စာပေသမား အားလုံး လိုလိုပင် ဟဲမင်းဝေး၏ဝတ္ထုကို အာရုံပြုလိုက်ကြ၏။ သို့သော် ထိုဝတ္ထုမှာ ယခင် ရေးခဲ့သော ဝတ္ထုများလောက် ထူးခြားပြောင်မြောက်မှု မရှိလှပေ။ သို့ဖြင့် ဟဲမင်းဝေး၏ အစွမ်းသည် ဆုံးခန်းတိုင်လေပြီ ဟု ယူဆလာကြ၏။

သို့သော် နောက်နှစ်နှစ်အကြာ ၁၉၅၂ တွင် ဟဲမင်းဝေး၏ **အဘိုးအိုနှင့် အဏ္ဏဝါ** ဝတ္ထု ထွက်လာသောအခါ စာပေလောကသည် လှုပ်ရှားသွားလေ၏။

စာလုံးရေအားဖြင့် နှစ်သောင်းခွဲ ပတ်ဝန်းကျင်သာရှိမည့် ဤဝတ္ထုနှင့် ပတ်သက်၍ ပြဿနာမျိုးစုံ ပေါ်လာ၏။ ဝတ္ထုပမာဏအားဖြင့် **စစ်နှင့် ငြိမ်းချမ်းရေး** ဝတ္ထုကြီး၏ အပုံ သုံးဆယ်ပုံလျှင် တစ်ပုံလောက်သာရှိသည့် ပမာဏဖြစ်သည်။ ဇာတ်အိမ်ကလည်း ဘာမျှ ကြီးကျယ်သည် မဟုတ်။ အဘိုးကြီးတစ်ယောက် ပင်လယ်ထဲ ငါးဖမ်းထွက်သည့် အကြောင်း။ ဇာတ်လမ်းကရော။ ရိုးရိုးစင်းစင်း ပါဘဲ။ ဇာတ်ဆောင်တွေကရော။ အဘိုးကြီးရယ်၊ ငါးရယ်၊ ပင်လယ်ရယ်။ နောက်ခံ ဒေသကရော။ ကျူးဘားပင်လယ်။ ကာလဒေသဆိုလျှင်လည်း ရက်ပိုင်းကလေး

www.nyisay.com



မျှသာ။ သည်လိုဆို သည်ဝတ္ထုကို နော်ဗယ်ဟုခေါ်သော ဝတ္ထုကြီးဟု ခေါ်နိုင်ပါမည်လား။ တစ်ဖက်က အဆို။

မည်သို့ဖြစ်စေ၊ ဤအဘိုးကြီးဝတ္ထုသည် လူ့လောကကို ကိုယ်စားပြုခြင်းပင် ဖြစ်သည်။ လူ့ဘဝကို ထင်ဟပ်ပြခြင်းပင် ဖြစ်သည်။ သည်လိုဝတ္ထုမျိုးကိုမှ နော်ဗယ် မခေါ်လျှင် ဘာကိုခေါ်မည်နည်း။ နော်ဗယ်ဆိုတိုင်း အရှည်ကြီး ဖြစ်ရမည်လော။ ဇာတ်ဆောင်တွေ အများကြီးနှင့် ဖြစ်ရပ်တွေ ဖြန့်ကျက်နေရမည်လော။ အခြား တစ်ဖက်က အဆို။

ဤသို့ဖြင့် ဝတ္ထုစုံ သတ်မှတ်ရေးတွင် ပြဿနာ ဖြစ်လာ၏။

ဤဝတ္ထုသည် ရူပကဝတ္ထုပေပဲ၊ ဘဝကို ထပ်တူ ခိုင်းနှိုင်းပြုထားသည့် ဝတ္ထုပေပဲဟု ဆိုသူကလည်း ဆိုသည်။ မဟုတ်ပါ။ ဤဝတ္ထုသည် သင်္ကေတဝတ္ထု၊ 'ဘဝကို သင်္ကေတပြုထားသည်ပဲ' ဟု ဆိုသူက ဆို၏။ မဖြစ်နိုင်ပါ။ ဟဲမင်းဝေး ကိုယ်တိုင်က သင်္ကေတကို မယုံ။ စာရေးသူကိုယ်တိုင်က ဝတ္ထုဆိုသည်မှာ သင်္ကေတ မဖြစ်စကောင်းဖူးဟု ဆိုခဲ့ဖူးသည် မဟုတ်လား။ စင်စစ် ဤဝတ္ထုသည် သူ့ဝတ္ထုကို ကိုယ်စားပြုထားခြင်းပဲဟု ဆိုသူက ဆိုသည်။

ဤသို့ဖြင့် ဝတ္ထုအမျိုးအစားမှာလည်း ပြဿနာ ဖြစ်လာ၏။

အရေးအသားက ကာရန် မပါသည်ကလွဲလျှင် ကဗျာတစ်ပုဒ်ပါပဲဟု ဆိုသူက ဆိုသည်။ မတ်တွိန်း၏ **ဟတ်ကဲဘယ်ရီဖင်း စွန့်စားခန်း**က ရေးပုံမျိုးပဲဟု ယိုးစွပ်သူက ယိုးစွပ်သည်။ ဤအရေးပုံစံသာလျှင် အမေရိကန်ပြည်သူတို့၏ အသုံးအနှုန်း အပြောအဆိုပုံစံကို တိုက်ရိုက် ထင်ဟပ်ပြခြင်း ဖြစ်သည်ဟု ဆိုသူက ဆိုသည်။ သည်ဝတ္ထု အရေးပုံစံသည် ဖန်တီးစွမ်းအားထက် အတုယူ ပြုလုပ်ထားမှု ဘက်သို့ ရောက်နေသည်ဟု ဝေဖန်သူက ဝေဖန်သည်။

ဤသို့ဖြင့် အရေးအသား ပြဿနာမှာလည်း ပြောစရာ ဖြစ်လာ၏။

ဝတ္ထု၏ ဦးတည်ချက်နှင့် ပတ်သက်၍ ဘဝ၏အားမာန်ကို ပြသည်။ အလံမလှဲသော လူ့သတ္တိကို ဖော်ကျူးသည်ဟု အပြုဘက်က မြင်သူက မြင်သည်။ လူ့ကြမ္မာကို တင်ပြလိုရင်း ဖြစ်သည်ဟု ဘာသာရေးနှင့်ယှဉ်၍ သုံးသပ်သူက သုံးသပ်သည်။ ဤဝတ္ထုသည် လူ့ဘဝဟူသည် မည်မျှပင် ရုန်းကန်လှုပ်ရှားခဲ့စေကာမူ အဆုံး၌ ဗလာချည်းသက်သက်ဖြင့် နိဂုံးချုပ်ရခြင်းသာ ဖြစ်သည်ဟု ဝေဖန်သူက ဝေဖန်သည်။

သို့ဖြင့် ဤဝတ္ထုနှင့် ပတ်သက်၍ ထိုဝတ္ထုထက် သုံးလေးဆ ပမာဏရှိသော ဝေဖန်ရေးဆောင်းပါးစု စာအုပ်များပင်လျှင် ထွက်ပေါ်ခဲ့လေသည်။

ဤဝတ္ထုနှင့် ပတ်သက်၍ အကောင်းမြင်သူ ရှိသလို အဆိုးမြင်သူတို့လည်း

ရာပြည့်စာအုပ်တိုက်

www.nyisay.com



ပေါ်ပေါက်ခဲ့ကြသည်ကား မှန်၏။ အနုပညာ ပစ္စည်းတစ်ခုကို အကဲဖြတ်ရာတွင် မိမိတို့အမြင်၊ မိမိတို့လက်ဝယ်ရှိ ကိုက်တံဖြင့် အတိုင်းအတာ ပြုတတ်ကြသည်မှာ မဆန်းလှပေ။ မည်သို့ဖြစ်စေ၊ ဤဝတ္ထု၏ ဂယက်ကား ကြီးမားလှပါသည်။

ထို့ကြောင့်လည်း ဤဝတ္ထုကို ခေတ်သစ် စာပေဂန္ထဝင်မြောက်အဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်၏။ ဟဲမင်းဝေး၏ ဝတ္ထုများတွင် အထူးခြားဆုံး၊ အပြောင် မြောက်ဆုံး ဝတ္ထုဟုလည်း သတ်မှတ်ခဲ့ကြလေသည်။

အမှန်ပင် ဝတ္ထုဇာတ်လမ်းသည် ဘာမျှ ဆန်းကြယ်လှသည်ကား မဟုတ် ပေ။ ကျူးဘားပင်လယ်ကမ်းခြေမှ တံငါသည်ကြီး ဆန်တီယာဂို၏ဘဝကို ဖွဲ့ထားခြင်း ဖြစ်သည်။ ထိုအဘိုးအိုကြီး၏ ဘဝသည် အိုမင်းလှပြီ။ အားအင်လည်း မရှိတော့။ ခန္ဓာသည်လည်း ယိုင်ယဲ့နေပေပြီ။ အဘိုးအို၏ ငါးဖမ်းလှေကလေးကို ပင် ကြည့်ပါဦး။ ရွက်သည် အပွဲပွဲ နွံခဲ့သမျှ တိုက်ပွဲတိုင်း၌ အရှုံးနှင့်ချည်း ရင်ဆိုင် ခဲ့ရသည့် အသွင်ကို အဖာဖာ အထေးထေး အစုတ်စုတ် အပြတ်ပြတ် အခြေအနေ ဖြင့် ဖော်ပြနေ၏။ မှန်သည်။ အဘိုးအိုသည် ပင်လယ်သို့ ငါးရှာထွက်ခဲ့သည်မှာ ရှစ်ဆယ့်လေးရက် ရှိပြီ။ ငါးတစ်ကောင်မျှ မရခဲ့။

ယခင် သူ အားကောင်းမောင်းသန် ဘဝတုန်းက သူနှင့်အတူ ပင်လယ် လိုက်ကြသော ကလေးငယ်များ ရှိခဲ့ပါ၏။ ယခုမူ မည်သည့်မိဘကမျှ အဘိုးအိုနှင့် အတူ လိုက်ပါ အချိန်ဖြုန်းခြင်းကို ခွင့်မပြု။ သို့သော် မန်နိုလင်သည် မနေ။ အဘိုးအို လှေပြန်လာလျှင် ပစ္စည်းကူသယ်သည်။ အဘိုးအို စားရမဲ့အဖြစ်ကို တာဝန်ယူ ကျွေးမွေးသည်။ အဘိုးအိုသည် ကမ်းခြေတဲထဲတွင် အားလျှင် ဘောလုံး ပွဲ သတင်းကို နားစွင့်သည်။ အပြိုင်အဆိုင် အားချင်းဆိုင်သည်ကို အဘိုးအို စိတ်ဝင်စားသည်။ တစ်ခါတစ်ခါ အိပ်ရာတွင် အာဖရိက၌ ကျင်လည်စဉ်က ကြုံခဲ့ရသော ခြင်္သေ့တွေကို အိပ်မက်မှာမက်ပြီး ကြည်နူးသည်။

သို့သော် သူ့ဘဝကို သူမမေ့။ သူ့အလုပ်ကို သူ လုပ်ရမည်ဟု အမြဲသတိ ရှိသည်။ သို့ဖြင့် နောက်တစ်နေ့တွင် ပင်လယ်သို့ ထွက်ခဲ့ပြန်သည်။ ကမ်းခြေမှ ဝေးလာသည်။ ပင်လယ်သည် သူ့အမိ၊ ပင်လယ်သည် သူ့မိတ်ဆွေ။

ပင်လယ်ထဲတွင် အဘိုးအို ဆန်တီယာဂိုသည် တစ်ကိုယ်တည်း စကား ပြောသည်။ တစ်ခါတလေ ငါးကလေးတွေနှင့် စကားပြောသည်။ ငှက်ကလေးကို တွေ့လျှင် ငှက်ကလေး၏ဘဝနှင့် သူ့ဘဝကို ယှဉ်ကြည့်သည်။ ပင်လယ်ပြင်၏ ကြမ်းတမ်းသောအဖြစ်နှင့် နုနယ်သော ငှက်ကလေးအဖြစ်ကို ဆက်စပ်ကြည့်သည်။

နောက်ဆုံးတွင် ဧရာမငါးကြီးတစ်ကောင်သည် ဆန်တီယာဂို အဘိုးအို၏ ငါးစာကို လာ၍ ဟပ်လေတော့သည်။ အဘိုးအို စိတ်လှုပ်ရှားလာသည်။ အဆုံး၌

www.nyisay.com



ငါးမျှားချိတ်သည် ငါး၏အာခေါင်တွင်းသို့ ရောက်သွား၏။ သို့သော် အလွယ်နှင့် မမိ။ အဘိုးအို၏အားသည် ငါးကြီးရော၏အားကို မယှဉ်နိုင်တော့။ ငါးကြီး ဆွဲရာသို့ အဘိုးအို၏ လှေကလေး ပါရတော့သည်။ ကမ်းနှင့် ဝေးလာ၏။ နှစ်နေ့ နှစ်ည ကြာလာ၏။

ငါးကြီးကို တဖြည်းဖြည်း ဆွဲချေ လျှော့ချေ လုပ်လာ၏။ လက်တွေ ပွန်းပဲ့လာပြီ။ ဗိုက်က ဆာလာသည်။ ရာသီက အေးလာသည်။ အရေးမကြီး။ အဘိုးအိုသည် ငါး၏ ရောမ အဖြစ်ကိုကြည့်ပြီး အားတက်လာသည်။ ကြာတော့ ငါးကြီး အားလျော့လာသည်။ ငါးကြီးကို လှေနားသို့ ဆွဲယူသည်။ မှိန်းနှင့် ထိုးရသည်။ လှေနှင့် မကာမိလောက်အောင် ကြီးသောငါး။

ထို့ကြောင့် ငါးကြီးကို လှေဘေးမှာပင် ကပ်မြှောင် ဆွဲချည်ခဲ့ရသည်။ ငါးကြီးက သွေးတွေ စီးလာပြီ။ ညှီနံ့ ထွက်လာပြီ။ ငါးမန်းကြီးတွေက ငါးကြီးကို ဝင်၍ ကိုက်ကြသည်။ အဘိုးအိုသည် ငါးမန်းရန်ကို တိုက်ရပြန်သည်။ တက်နှင့် ခုတ်သည်။ တက်ကျိုးသည်။ တက်မနှင့် ရိုက်သည်။ ငါးကြီးမှ အမြီးပိုင်းအသား ကုန်ပြီ။ ဝမ်းပိုင်းအသားကိုလည်း ငါးမန်းအုပ်က ဝင်ကိုက်သည်။ ခေါင်းပိုင်းကို လည်း စားသည်။ အဘိုးအိုသည် အားမလျှော့။ "လူဆိုတာ အရှုံးပေးဖို့ လူဖြစ် လာတာ မဟုတ်ဘူးဟ၊ လူတစ်ယောက်ဟာ အသေခံချင်သာ ခံရမယ်၊ ဘယ်တော့ မှ အရှုံးမပေးရဘူး" အဘိုးအိုသည် အားမာန်ကို တင်းလိုက်သည်။ ဤသို့ တိုက် ရင်း ခိုက်ရင်း သူ့ငါးကြီးက အသားတွေ တစ်ပဲ့ တစ်ပဲ့ ကုန်လေပြီ။ "ကံဆိုတာ မျိုးဟာ ဝယ်လို့ရရင်တော့လည်း အကောင်းသားပဲ။ ဘယ်နားမှာများ ကံရောင်း တဲ့ဆိုင် ရှိပါလိမ့်" ကံကို အားကိုးပြုသည့်အခါ ပြုပြန်သည်။

သို့ဖြင့် တိုက်ရင်းခိုက်ရင်းနှင့် အဘိုးအို ကမ်းသို့ ပြန်ရောက်လာပါ၏။ ဆယ့်ကိုးပေရှည်သော ငါးအရိုးပြိုင်းကြီးကား သူနှင့်အတူ ပါလာပါ၏။

အဘိုးအို စိတ်မပျက်ပါ။ မန်နိုလင်အား'ဟေး၊ ငါတို့မှာ မှိန်းကောင်း ကောင်းတစ်ချောင်း ရှိဖို့တော့ လိုသကွ။ ဒီတစ်ခါ မှိန်းကို မော်တော်ကား လေးက သံနဲ့လုပ်မှ ဟေ့' ပြောလိုက်သည်။ အဘိုးအိုသည် နောက်တိုက်ပွဲအတွက် အသင့် ပြင်ရပြန်သည်။

ဝတ္ထုဇာတ်လမ်းသဘောကား ဤမျှသာတည်း။

ဤဝတ္ထုကို ထွက်လာသောနှစ်အတွက် ပူလစ်ဇာဆု ချီးမြှင့်ခဲ့လေသည်။ ဝတ္ထုထွက်ပြီး နှစ်နှစ်အကြာတွင် ဟဲမင်းဝေးအား နိုဗယ်ဆုဖြင့် ချီးမြှင့်ခဲ့လေသည်။ ထိုသို့ ချီးမြှင့်ရာတွင်လည်း ဤဝတ္ထု၏အစွမ်းသည် အဓိကအဖြစ် ပါဝင်ခဲ့၏။

ဤဝတ္ထုကို ၁၉၅၄ တွင် မောင်ဉာဏ်ဝန်က **အင္ဂူဝါပြင်နှင့် အဘိုးအို**

www.nyisay.com



အမည်ဖြင့် လည်းကောင်း၊ ၁၉၆၄ တွင် တင့်တယ်က **အဏ္ဏဝါနှင့် အဘိုးအို** အမည်ဖြင့်လည်းကောင်း မြန်မာဘာသာ ပြန်ခဲ့သည်။ ၁၉၆၈ အမျိုးသားစာပေဆု ပြိုင်ပွဲတွင် မောင်ဆုရှင်က **ပင်လယ်ပြာနှင့် တံငါအို** အမည်ဖြင့် ဘာသာပြန် ပြိုင်ပွဲဝင်ခဲ့ရာ ထိုနှစ် ဘာသာပြန် ပထမဆုရ၍ ၁၉၇၄ ခုတွင် စာပေဗိမာန်မှ ထုတ်ဝေခဲ့သည်။

www.nyisay.com

## ဒေါက်တာ ဇီဗားဂိုး (၁၉၅၆)

## ဗောရစ် လီယော်ညီဒါးဗစ်ချ ပါစကျီးရနတ် (၁၈၉၀-၁၉၆၀)

**ဒေါက်တာဇီဗားဂိုး** ဝတ္ထုသည် အကြောင်းအမျိုးမျိုးကြောင့် ကမ္ဘာကျော်ဝတ္ထုကြီး ဖြစ်လာသည်။ ရေးသူကား ရုရှကဗျာဆရာကြီး ပါစကျီးရနတ် ဖြစ်သည်။

ဒေါက်တာဇီဗားဂိုး ဝတ္ထု၏ နောက်ခံကာလမှာ ၁၉၁၄ ခုနှစ်မှ ၁၉၂၂ ခုနှစ်အထိ ဖြစ်သည်။ ၈ နှစ်အတွင်း ရုရှပြည်တွင် ကြီးမားသော အဖြစ်အပျက်ကြီး နှစ်ရပ် ဖြစ်ပေါ်သည်။ ပထမဖြစ်ရပ်ကား ရုရှနိုင်ငံသည် ပထမကမ္ဘာစစ်ကြီး၌ ပါဝင်တိုက်ခိုက်ခြင်း ဖြစ်သည်။ ဒုတိယဖြစ်ရပ်ကား ဆိုရှယ်လစ်တော်လှန်ရေး ပေါ်ပေါက် အောင်မြင်ခြင်း ဖြစ်သည်။ ယင်း ၈ နှစ် အတွင်းမှာပင် ရုရှနိုင်ငံ၌ ဆိုရှယ်လစ်တော်လှန်ရေးကြီးကို မှီကာ အပြောင်းအလဲကြီးတစ်ခု ဖြစ်သည်။ ပဒေသရာဇ်တစ်ပိုင်း အရင်းရှင်တစ်ပိုင်း ဖြစ်သော စနစ်ကြီးသည် ၎င်းကို အမှီသဟဲ ပြုနေသော လူ့အလွှာများနှင့် အတူတကွ ပြိုလဲကျသွားသည်။ အဖိနှိပ်ခံ အလုပ်သမားများက နိုင်ငံအာဏာကို သိမ်းပိုက်မိသည်။ ထို ၈ နှစ်အတွင်း ပေါ်ပေါက်လာသော အရေးကိစ္စသည် ပါစကျီးရနတ်၏ ဇီဗားဂိုး ဝတ္ထုတွင် ထင်ဟပ်သည်။ မည်သို့ ထင်ဟပ်သနည်းဟူမူ ယင်းအရေးအခင်းတို့အပေါ် စာရေးသူ၏ ခံယူချက်အတိုင်း ထင်ဟပ်သည်ဟု ပြောရပေမည်။ စာရေးသူက မည်သို့ခံယူသနည်း။ စာရေးသူသည် သူ့လူတန်းစား အဘိဓမ္မာ၏ ဦးဆောင်ချက်အတိုင်း ခံယူသည်

www.nyisay.com



သာ ဖြစ်သည်။ ထို့ကြောင့် ဇီဗားဂိုးဝတ္ထုသည် ရုရှနိုင်ငံ၏ အရေးအခင်း အပေါ်တွင် စာရေးဆရာ ပါစကျီးရနတ်၏ အဘိဓမ္မာကို ဖော်ပြသောဝတ္ထု ဖြစ်သည်ဟု ဆိုနိုင်သည်။

ဗောရစ် လီယော်ညီဒါးဗစ်ချ ပါစကျီးရနတ်သည် ပညာတတ် လူလတ်တန်းစား ဖြစ်သည်။

ထို့ကြောင့် ဒေါက်တာ ဇီဗားဂိုးဝတ္ထု၏ အဓိကဇာတ်ဆောင်ဖြစ်သော ယူရီဇီဗားဂိုးသည် လူလတ်တန်းစား ပညာတတ်ဆရာဝန် ဖြစ်သည်။ ကဗျာဆရာလည်း ဖြစ်သည်။

ယူရီဇီဗားဂိုး၏ မိခင်သည် ယူရီဇီဗားဂိုး ငယ်စဉ်ကပင် ဆုံးပါးခဲ့သည်။ ဖခင်ကြီးလည်း ပစ္စည်းဥစ္စာ ဆုံးပါးသည့်ဒဏ်ကို မခံနိုင်တော့ဘဲ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသည်။ ထိုအခါ ဖခင်၏ မိတ်ဆွေကြီး ဂရိုမီကို မိသားစုက ယူရီဇီဗားဂိုးကို မွေးစားသည်။ သားအရင်းသဖွယ်ထားပြီး ပညာဆက်လက် သင်စေသည်။ ယူရီဇီဗားဂိုးသည် ဆရာဝန်ဘွဲ့ ရလာသည်။ မွေးစားဖခင် အာလက်ဇန်းဒါး ဂရိုမီကိုက ယူရီဇီဗားဂိုးကို သူ့သမီးရင်း တိုညာနှင့် လက်ဆက်ပေးသည်။ ဆေးရုံတစ်ရုံကိုလည်း ဆောက်လုပ်ပေးသည်။ တိုညာနှင့် ဇီဗားဂိုးတွင် စာရှာဟူသော သားတစ်ယောက် ဖွားမြင်သည်။ ၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ် ဖြစ်သောအခါ ရုရှစစ်တပ်တွင် အမှုထမ်းရန် ယူရီဇီဗားဂိုးကို ဆင့်ခေါ်သည်။ ဆရာဝန်အဖြစ်နှင့် အောင်မြင်ကျော်ကြားစ ပြုနေသော ဇီဗားဂိုးသည် စစ်တပ်ထဲ ရောက်သွားသည်။

**ဒေါက်တာဇီဗားဂိုး** ဝတ္ထု၏ ဒုတိယ အဓိက ဇာတ်ဆောင်တစ်ဦးမှာ "လာရာဂူအီရှာ"ဆိုသော မိန်းမပျိုတစ်ဦး ဖြစ်သည်။ လာရာဂူအီရှာ၏ ဖခင်မှာ အထည်ချုပ်လုပ်သည့် လုပ်ငန်းပိုင်ရှင် ဖြစ်သည်။ ဖခင် ဆုံးသွားသောအခါ သားအမိ နှစ်ယောက်တည်း နေသည်။ ကော်မာရော့စကီး ဆိုသော ရှေ့နေတစ်ယောက်သည် လာရာ၏ သေဆုံးသွားသော ဖခင်၏ မိတ်ဆွေဖြစ်သည့် အားလျော်စွာ အိမ်သို့ အဝင်အထွက်ရှိသည်။ လာရာ၏ မိခင်နှင့်လည်း ညားနေသည်။ ကော်မာရော့စကီးသည် အမေနှင့် ညားသည်ကို အားမရသေးဘဲ သမီး လာရာကိုပါ ကြံစည်သည်။ လာရာသည် ကော်မာရော့စကီး၏ ရန်မှ လွတ်အောင် သူ့သူငယ်ချင်း၏ မိသားစု အိမ်တွင် ဆရာမကလေးအဖြစ် ဝင်ရောက် လုပ်ကိုင်သည်။ လာရာတွင် အစ်ကိုတစ်ဦး ရှိသည်။ ရာဒီယွန်ဆိုသူ ဖြစ်သည်။ ရာဒီယွန်တွင် ကြွေးမြီများတင်နေရာ လာရာက သူ့သူငယ်ချင်း မိဘထံမှ ငွေချေးပြီး အစ်ကိုကို ပေးရသည်။ သူငယ်ချင်း မိဘများက ရှောရှောရှူရှူ ချေးငှားသဖြင့် လာရာအဖို့ ပို၍ အနေကျပ်မိသည်။ ဤကြွေးကို သူ့အစ်ကိုက ဘယ်နည်းနှင့်မျှ ဆပ်နိုင်မည်

www.nyisay.com



မဟုတ်။ ချေးယူသူ သူကိုယ်တိုင်ကလည်း ဆပ်နိုင်သည် မဟုတ်။ နောက်ဆုံးတွင် သူ့ကို သိမ်းပိုက်ခဲ့ဖူးသော ရှေ့နေ ကော်မာရော့စကီးကို ကြွေးဆပ်ခိုင်းသည်။ ကော်မာရော့စကီးက ငြင်းဆန်သောအခါ လာရာက သေနတ်နှင့် ပစ်သည်။ သို့သော် မထိ။

လာရာကို အသေအလဲ ချစ်နေသောသူကား ပါရှာအန်ကျိုပေါ့ ဖြစ်သည်။ လာရာကလည်း ပါရှာကို ချစ်သည်။ ပါရှာနှင့် လာရာ လက်ထပ်လိုက်ပြီး မော်စကိုနှင့် ဝေးသော "ယူရီယာကျင်"အရပ်၌ ဆရာ၊ ဆရာမ သွားလုပ်ကြသည်။ ကျောင်းဆရာ လုပ်နေရင်း ပါရှာသည် စစ်ဗိုလ်အဖြစ် စစ်ဘက်၌ ပြောင်းရွှေ့အမှုထမ်းသည်။

လာရာသည် စစ်ထဲဝင်သွားသော ခင်ပွန်းသည်အကြောင်း ဘာမျှ မကြားရသဖြင့် စစ်တပ်တွင် သူနာပြုအဖြစ် ဝင်ရောက်အမှုထမ်းရင်း လင်ပျောက်ရှာပုံတော် ဖွင့်သည်။ လာရာ၏ ခင်ပွန်းသည် ပါရှာမှာ စစ်မြေပြင်တစ်နေရာ၌ ကျဆုံးသွားသည် ထင်မှတ်ရကြောင်း သတင်းကြားရသည်။

လာရာ သူနာပြုအဖြစ် အမှုထမ်းရင်း စစ်တပ်ဆရာဝန် ဇီဗားဂိုးနှင့် တွေ့သည်။ တစ်ဦးနှင့်တစ်ဦး ခင်မင်ရာမှ မေတ္တာနယ်သို့ ဝင်ရောက်မိသည်။ သို့သော် မေတ္တာနယ်သို့ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်မိမှာစိုးသော လာရာသည် စစ်ဆေးရုံမှ ထွက်ခွာသွားရလေသည်။

၁၉၁၇ အောက်တိုဘာတော်လှန်ရေး ဖြစ်ပွားသောအခါ တော်လှန်ရေးသမားများသည် ဇီဗားဂိုး၏ ဆေးရုံကို သိမ်းပိုက်လိုက်ကြသည်။ ဆရာဝန်အမြောက်အမြားက တော်လှန်ရေးသမားများ လက်အောက်၌ အမှုမထမ်းတော့ဘဲ ကိုယ့်ဘာသာကိုယ် ဆေးကုကြသည်။ ဇီဗားဂိုးကမူ တော်လှန်ရေးသမားများလက်အောက်၌ ဆက်လက်အမှုထမ်းကာ ဆေးကုသည်။

ဇီဗားဂိုးနှင့် ဇနီး တိုညာတို့သည် မော်စကိုတွင် မနေရဲကြတော့ဘဲ ဗာရူကီနိုအရပ်သို့ ပြောင်းရွှေ့နေထိုင်သည်။ ဗာရူကီနိုသည် ပါရှာနှင့် လာရာ လင်မယားတို့ နေထိုင်သော ယူရီယာကျင်နှင့် မလှမ်းမကမ်းတွင် ရှိသည်။ စစ်မြေပြင်တွင် ကျဆုံးပြီဟု သတင်းထွက်ခဲ့သော ပါရှာသည် တကယ်မကျဘဲ ရန်သူ့အဖမ်းခံရခြင်းသာ ဖြစ်သည်။ ရန်သူ့ထံမှ လွတ်လာသောအခါ ပါရှာသည် ဗော်လရှီဗစ်တပ်ထဲသို့ စထရဲညီကော့ဟု အမည်ပြောင်းကာ ဝင်ရောက်ခဲ့သည်။ ယခုအခါ ယူရီယာကျင်ဒေသ၏ စစ်မှူးဖြစ်နေသည်။ လာရာနှင့်မူ အဆက်အသွယ် ပြန်မလုပ်ပေ။ အဘယ်ကြောင့်ဆိုသော် သူ့အတိတ်ကို ပြန်မဖော်လိုသောကြောင့် ဖြစ်သည်။

www.nyisay.com



တစ်နေ့တွင် ဇီဗားဂိုးသည် ယူရီယာကျင်မြို့သို့ တက်အလာ လာရာနှင့် သွားတွေ့သည်။ ယခင်က စစ်ဆေးရုံ၌ ဖွတ်အတင်း ရုန်းထွက်ခဲ့သော မေတ္တာနှောင်မျှင်များသည် လာရာနှင့် ဇီဗားဂိုးတို့အပေါ် ယခုအခါတွင် အနိုင်အမာ ရစ်ပတ်လိုက်ချေသည်။ ဇီဗားဂိုးသည် လာရာက တစ်ဖက်၊ တိုညာက တစ်ဖက် မေတ္တာချိန်စက်ရာတွင် ဗျာများ တွေဝေနေသည်။ နောက်ဆုံးတွင် လာရာနှင့် အဆက်ဖြတ်လိုက်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။ ထိုစဉ် ဗော်လရှီဗစ် ပြောက်ကျားများက ဇီဗားဂိုးကို သေနတ်နှင့် ချိန်ခေါ်ကာ ပြောက်ကျားဆရာဝန်အဖြစ် အတင်းအကျပ် အမှုထမ်းခိုင်းသည်။ ဇီဗားဂိုးသည် ပြောက်ကျားတပ်နှင့် တစ်နှစ်မျှ အမှုထမ်းပြီး ထွက်ပြေးလာသည်။ သူ ထွက်ပြေးလာချိန်၌ တိုညာတို့ သားအမိသည် မော်စကိုမှ ပြင်သစ်နိုင်ငံသို့ ထွက်ပြေးသွားပြီး ဖြစ်သည်။ ထို့ကြောင့် လာရာနှင့် အဆက်ဖြတ်ရန် ဆုံးဖြတ်ထားသော ဇီဗားဂိုးသည် လာရာ၏ရင်ခွင်တွင်းသို့ ပြန်ရောက်ပြန်သည်။

လာရာ၏ခင်ပွန်း စထရဲညီကော့သည် ပါတီဝင် မဟုတ်သော်လည်း နယ်မြေစစ်မှူးကြီးဖြစ်ရာ တန်ခိုးအာဏာ ကြီးထွားလှသည်။ ထို့ကြောင့် တန်ခိုးကြီးထွားလာသော စထရဲညီကော့ကို ဗော်လရှီဗစ်များက ဖြုတ်ချလိုက်သည်။ စထရဲညီကော့နှင့် တစ်နွယ်ငင် တစ်စင်ပါ လာရာကိုလည်း ဗော်လရှီဗစ်များက နောက်ယောင်ခံလိုက်နေသည်။ ထို့ကြောင့် ဇီဗားဂိုးနှင့် လာရာတို့မှာ လူတွေ့မခံဝံ့ဘဲ ပုန်းအောင်းနေရလေသည်။ ထိုစဉ် လာရာနှင့် ပတ်သက်ခဲ့သော ရှေ့နေကော်မာရော့စကီးသည် ရောက်လာသည်။ ကော်မာရော့စကီးသည် အာဏာအသင့်အတင့် ကြီးမားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေသည်။ သူသည် ဆိုက်ဗေးရီးယားသို့ ပါတီကိစ္စဖြင့် သွားရမည် ဖြစ်သည်။ ကော်မာရော့စကီးက လာရာနှင့် ဇီဗားဂိုးကို ဆိုက်ဗေးရီးယားသို့ ခေါ်သွားမည်။ ဆိုက်ဗေးရီးယားသို့ ရောက်လျှင် ဇီဗားဂိုးသည် ဗလာဒီဗော့စတော့မှ တစ်ဆင့် သူ့ဇနီး မိသားစုထံ ထွက်ခွာသွားပါမည်ဟု ကတိပေးရမည်ဟု ပြောသည်။ လာရာ၏ လုံခြုံရေးကို ရှေးရှု၍ ဇီဗားဂိုးက လာရာ အလျင်သွားနှင့်ပြီး သူ နောက်မှ လိုက်လာမည်ဟု ပြောခဲ့သည်။ သူသည် လာရာကို လုံလုံခြုံခြုံ ခေါ်သွားမည့်သူ ရှိပြီး ဖြစ်ရကား လာရာနောက်သို့ လိုက်မသွားတော့ဘဲ မော်စကိုသို့ ပြန်လာခဲ့သည်။

မော်စကိုတွင် ဇီဗားဂိုးသည် ဆေးကုသည့် အလုပ်ကို မလုပ်တော့ဘဲ ကဗျာများကိုသာ စပ်နေသည်။ သူ့ကဗျာများကို သူ့မိတ်ဆွေ အသိုင်းအဝိုင်း၌ ဖြန့်ချိသည်။ မော်စကို၌ပင် ဇီဗားဂိုးသည် မာရီနာနှင့် နှစ်ဦးသဘောတူ ပေါင်းသင်းနေထိုင်သည်။

www.nyisay.com



ဓီဗားဂိုး၏ ညီဝမ်းကွဲ ယဲ့ဂရပ်သည် ဖော်လရှီဗစ်တစ်ဦးဖြစ်ပြီး စစ်တပ်၌ အမှုထမ်းနေသည်။ ယဲ့ဂရပ်၏ တိုက်တွန်းချက်ကြောင့် ၁၉၂၉ ခုနှစ်တွင် ဆရာဝန် ပြန်လုပ်သည်။ အသက် ၄၀ မျှသာ ရှိသေးသော်လည်း ဓီဗားဂိုး၏ ကျန်းမာရေး အခြေအနေ မကောင်းလှ။ တစ်နေ့တွင် ဘတ်စကားပေါ်၌ နှလုံးသွေးတိုးဒဏ် ခံရကာ ဓီဗားဂိုး သေဆုံးခဲ့သည်။ သူ့အိတ်ထဲ၌မူ သူရေးခဲ့သော ကဗျာများကို တွေ့ရလေသည်။

ဤဝတ္ထုကို သိပ္ပံမောင်က ဘာသာပြန်၍ နှစ်တွဲ ခွဲထုတ်ခဲ့သည်။ တင့်တယ်ကလည်း ဟံသာဝတီ သတင်းစာတွင် ဘာသာပြန် ဖော်ပြခဲ့သည်။ မောင်သစ္စာကလည်း ဘာသာပြန်၍ ပြည်သူ့ရှေ့ဆောင် စာပေမှ ၁၉၆၀ ခုတွင် နှစ်တွဲ ခွဲထုတ်ခဲ့သည်။

www.nyisay.com

## စင်ရော်ကလေး ဂျိုနသန် (၁၉၇၀)

### ရစ်ချတ် ဗာ့ (၁၉၃၆-   )

တစ်ခေတ် တစ်ခေတ်တွင် ကမ္ဘာ့စာပေလောက၌ ထူးခြားသော စာအုပ်များ ထွက်ပေါ်လေ့ရှိသည်။ ယခု နှစ်ဆယ်ရာစု၌ ဒုတိယ ရာစုဝက်ပိုင်းတွင် ထူးခြားသော စာအုပ်တစ်အုပ် ထွက်လာ၏။ ထူးခြားသည် ဆိုရစေကာမူ စာအုပ်၏ ပမာဏမှာ ပြောပလောက်သည် မဟုတ်ပေ။ စာမျက်နှာအားဖြင့် သုံးဆယ်ကျော် ကျော် လေးဆယ်နီးပါး(မြန်မာပြန် စာလုံးရေ နှစ်သောင်းနီးပါး) မျှသာ ပမာဏ ရှိပေသည်။

သို့သော် ဤစာအုပ်ကို စာရေးသူသည် ရှစ်နှစ်နီးပါးမျှ ရေးသားခဲ့ရသည် ဆို၏။

စာအုပ်မှာ ပါးပါးလှပ်လှပ်ကလေးလည်း ဖြစ်သည်။ စာရေးသူမှာလည်း အလွန်ထင်ရှားကျော်ကြားပြီး စာရေးဆရာ မဟုတ်။ လေယာဉ်မောင်းသမား ဖြစ်၍ လေယာဉ်အတတ်ပညာ စာအုပ်သုံးအုပ်သာ ပြုစုခဲ့ဖူးသေးသည်။ အခြား ပုံပြင် ဝတ္ထု ဆောင်းပါး တစ်ရာကျော် ရေးခဲ့ဖူးသည်အထိ စာရေးခြင်းဖြင့် စီးပွား ဖြစ်ခဲ့သူလည်း မဟုတ်ပေ။ ထို့ကြောင့် သူ့စာအုပ်ကို ပထမတွင် ထုတ်ဝေသူ များက အစ စိတ်မဝင်စားခဲ့ကြပေ။ သို့သော် စာအုပ်အဖြစ် ထုတ်ဝေလိုက်သော အခါ သူ့စာအုပ်၏သတင်းသည် ထူးထူးကဲကဲ ကြော်ငြာရသည် မဟုတ်ဘဲ စာဖတ်ပရိသတ်အတွင်းသို့ ပြန့်ဝင်လာခဲ့သည်။

www.nyisay.com



ထိုစာအုပ်သည် အဘယ်သို့သော စာအုပ်နည်း။ ဝတ္ထုစာအုပ်လား၊ ဒဿန စာအုပ်လား၊ ကလေးစာအုပ်လား၊ သတ္တဗေဒစာအုပ်လား၊ ဘာသာရေးစာအုပ်လား။ စာအုပ်ရောင်းသူများကိုယ်တိုင် ပြဿနာဖြစ်ကြရ၏။

စာရေးသူကမူ ပုံပြင်ဟု ဆို၏။

သို့စေကာမူ ထိုစာအုပ်ကလေးသည် အရောင်းရဆုံးစာအုပ် ဖြစ်လာသည်။ သုံးနှစ်အတွင်း စောင်ရေတစ်သန်းကျော် ပုံနှိပ်ခဲ့ရ၏။ ရုပ်ရှင်ရိုက်ရန် အဝယ်ယူခံရ၏။ ထိုသုံးနှစ်အတွင်း စာရေးသူသည် သူ့စာအုပ်ပါးပါးကလေးအတွက် စာမူခ ဒေါ်လာ ခုနစ်သန်းခွဲနီးပါး ရရှိပြီး အမေရိကတွင် သန်းကျော်သူဌေး တစ်ယောက် ဖြစ်လာ၏။

ကောင်းပြီ။ ဤစာအုပ်သည် မည်သည့်အကြောင်းအရာနည်း။ ဇာတ်လမ်းက မည်သို့နည်း။ ကြည့်ပါ။

ဂျိုနသန် လစ်ဗင်စတုန် အမည်ရှိ စင်ရော်ကလေး တစ်ကောင်သည် စင်ရော်အဖြစ် အပျံအသန်း လေ့ကျင့်သည်။ အခြားစင်ရော်တွေနှင့် မတူ။ အပျံအသန်း အတတ်ပညာ တိုးတက်ရေးကို ရှာဖွေရာ၌ ဖွဲသန်သည်။ မိမိနှင့် ဘဝတူ စင်ရော်အများသည် "ဘဝဟူသည် အစာရှာဖွေရေးအတွက်သာ ဖြစ်သည်။ အစာအတွက် ပျံတတ်ရုံမျှဖြင့် ဘဝသည် ပြီးပြည့်စုံသည်"ဟု ယူဆနေကြ၏။ သို့ဖြင့် ဂျိုနသန် အစာအတွက် အချင်းချင်း လုယက်နေကြသည်၊ အမျက်ဒေါသ ပွားများနေကြသည်ဟု မြင်လာသည်။ ဂျိုနသန်ကမူ စင်စစ် ဘဝဟူသည် အစာရှာဖွေရေးအတွက်သာ မဟုတ်။ ပညာ၏ အဆုံးစွန်ကို ရှာဖွေလေ့လာရေးသာ ဖြစ်သည်ဟု ယူဆ၏။ သို့ဖြင့် ဂျိုနသန်သည် ပျံမှုဆိုင်ရာ အတတ်ပညာ အမျိုးမျိုးကို အစားမေ့ အနေမေ့ လေ့လာဆည်းပူး၏။ အမိ အဖများက အစာရှာဖို့ သတိပေး၏။ နားဖို့ သတိပေး၏။ မရ။ အတတ်ပညာကိုသာ ဆည်းပူးသည်။ လေ့ကျင့်သည်။

ဤသို့ဖြင့် ဂျိုနသန်သည် စင်ရော်အုပ်အလယ်တွင် အပြစ်မြင်စရာ ဖြစ်လာ၏။ တစ်နေ့တွင် စင်ရော်များ အစည်းအဝေး၌ စင်ရော် အကြီးအကဲများက ဂျိုနသန်ကို သိက္ခာချကြ၏။ ပြစ်တင် ရှုတ်ချ၏။ ကြဉ်ကြ၏။ ဂျိုနသန်မှာ စင်ရော်အုပ်ကြားမှ တခြားသို့ သွားနေရ၏။

ဂျိုနသန်သည် စိတ်မပျက်ပါ။ ပျံမှုပညာကို လေ့ကျင့်ရင်း ဆည်းပူးရင်း ထူးကဲတတ်မြောက်ထားသော စင်ရော်အုပ်စုနှင့် သွားတွေ့၏။ ထိုစင်ရော်အုပ်စုနေရာကို ဂျိုနသန်က သုခဘုံဟု ထင်သည်။ ထိုနေရာ၌ စင်ရော်တို့သည် ပညာကို အဓိကထား လေ့လာသည်။ ထို့ကြောင့် ဂျိုနသန်သည် ဆရာကောင်းကို

www.nyisay.com



တွေ့၏။"စင်စစ် သုခဘုံဟူသည် မရှိ။ ပညာအရာတွင် အချိန်၊ ပမာဏ အတိုင်းအဆ၏ အကန့်သတ်မဲ့သော တတ်မြောက်ခြင်းသည်သာလျှင် သုခဘုံ ဖြစ်သည်" ဟူသော အဆုံးအမကို စင်ရော်အဘိုးကြီးထံမှ ကြားနာရ၏။ ထိုနေရာတွင် ဂျိုနသန်သည် ပျံဝဲခြင်းအတတ်ကို ဆက်လက်လေ့လာ၏။ လွတ်လပ်ခြင်း အရသာကို ရ၏။ အစာအတွက် ရမ္မက်ဒေါသမှ ကင်း၏။ ထိုအခါ မေတ္တာ၏ အတိမ်အနက်ကို ရှာတွေ့၏။ များမကြာမီမှာပင် ဂျိုနသန်သည်လည်း အသင်အပြ ဆရာ ဖြစ်လာသည်။ နောက် ရောက်လာသော စင်ရော်များကို ဂျိုနသန်က သင်ပြပေး၏။ သို့တိုင်အောင် ဂျိုနသန်၏ ဆည်းပူး လေ့ကျင့်မှုသည် ဆုံးခန်းသို့ မတိုင်ပေ။

တစ်နေ့တွင် ဂျိုနသန်သည် မိမိတို့ စင်ရော်များရှိရာ မူလနေရာသို့ ပြန်ခဲ့၏။ ထိုအခါ "လင်း"အမည်ရှိ စင်ရော်ကလေးကဲ့သို့ ပညာရှာလိုသူများကို တွေ့၏။ ထိုသူများကို ဂျိုနသန်က ပျံမှုပညာကို သင်ပေး၏။ ဂျိုနသန်သည် အတတ်ပညာဖြင့် ထူးကဲသူ ဖြစ်လာသည်။ ထိုအခါ စင်ရော်အများက ဂျိုနသန်အား ဘုရားတစ်ဆူဟု ပြောသူက ပြော၏။ မကောင်းဆိုးရွားကောင် တစ်ကောင်ဟု ယူဆသူက ယူဆ၏။

သို့သော် ဂျိုနသန်သည် မိမိကိုယ်ကို ဘုရားတစ်ဆူ အဖြစ်လည်း မယူဆ၊ မကောင်းဆိုးရွားဟုလည်း မမှတ်။ လင်းတို့ စင်ရော်တစ်စုကိုသာ သူ၏ ပညာကို ဖြန့်ဝေ၏။ လင်းက ဂျိုနသန်၏ ပညာ၊ အယူအဆ၊ သဘောထားတို့ကို ဆက်ခံသည်။

ဇာတ်လမ်းသဘောမှာ ဤမျှသာ ဖြစ်သည်။

သို့သော် ဝတ္ထုဤ ဘဝနှင့် ပတ်သက်သော အနှစ်သာရကို ဖော်ပြထား၏။ ဘဝဖြစ်ပေါ်လာခြင်း၏ ရည်ရွယ်ချက်၊ မေတ္တာ၊ အတတ်ပညာ၊ လွတ်လပ်မှုဆိုင်ရာ အယူအဆများကို ဖော်ပြထားလေသည်။ ဤသည်တို့ကိုပင် ဝေဖန်ရေးသမား အမျိုးမျိုး၊ စာဖတ်ပရိသတ် အမျိုးမျိုးက အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူခဲ့ကြ၏။

မြန်မာစာဖတ် ပရိသတ်အတွက် ဘသန်း(ဓမ္မိက)က **ယောနသံစင်ရော်** (၁၉၇၃)အမည်ဖြင့် ဘာသာပြန် ထုတ်ဝေခဲ့ပြီး ခင်မျိုးချစ်က ၁၉၇၄ ထုတ် **လင်းရောင်ခြည်** အတွဲ ၁၅၊ အမှတ် ၁ မှ အမှတ် ၃ စာစောင်အထိ အခန်းဆက် ဝတ္ထုအဖြစ် **ငွေစင်ရော်** အမည်ဖြင့် ဘာသာပြန်ခဲ့သည်။ ထင်လင်းကလည်း **ပင်လယ်ပျော် စင်ရော်** အမည်ဖြင့် ၁၉၈၄ တွင် ပြန်ဆိုထုတ်ဝေခဲ့သည်။

www.nyisay.com

# စာရေးဆရာအမည် အညွှန်း


| | |
|---|---|
| Aesop | *-Fables of Aesop*<br>(အီစွတ်၏ ဒဏ္ဍာရီများ) ၃၃ |
| Andersen, Hans Christian | *-Andersen's Tales*<br>(အန်ဒါဆင် ပုံပြင်များ) ၁၅၄ |
| Anderson, Sherwood | *-Winesburg, Ohio*<br>(ဝိုင်းစဘတ် အိုဟိုင်းယို) ၃၆၈ |
| Anonymous | *-Robinhood*<br>(ရော်ဗင်ဟု) ၅၂ |
| Austen, Jane | *-Pride and Prejudice*<br>(မာနနှင့် အာဃာတ) ၁၁၆ |
| Bach, Richard | *-Jonathan Livingston Seagull*<br>(စင်ရော်ကလေး ဂျိုနသန်) ၄၈၅ |
| Balzac, Honre de | *-Father Goriot*<br>(ဖခင် ဂိုရီယိုး) ၁၄၉ |
| Bennetts, Arnold | *-The Old Wive's Tale*<br>(မိန်းမအို့ ပုံပြင်) ၃၃၇ |
| Bronte, Emily | *-Wuthering Heights*<br>(လေထန်ကုန်း) ၁၆၅ |
| Buck, Pearl S | *-The Good Earth*<br>(မြေပဒေသာ) ၄၂၂ |
| Caldwell, Erskine | *-God's Little Acre*<br>(ဝတ္တကမြေ) ၄၃၆ |
| Camus, Albert | *-The Stranger*<br>(သူစိမ်းတစ်ရံဆံ) ၄၆၄ |
| Carroll, Lewis | *-Alice in Wonder Land*<br>(အံ့ဖွယ်ကမ္ဘာရောက် အဲလစ်) ၂၂၄ |

www.nyisay.com



Caudwell, Christopher — *-Illusion and Reality*
(ဟုတ်ယောင်မှုနှင့် အစစ်အမှန်) ၄၄၈

Cervantes, Miguel de — *-Don Quixote De La Mancha*
(ဒွန်ကီးဆုတ်) ၇၀

Chaucer, Geoffrey — *-The Canterbury Tales*
(ကင်တာဗာရီပုံပြင်များ) ၄၅

Chekhov, Anton — *-The Seagull*
(စင်ရော်) ၂၉၂

Collins, Wilkie — *-The Woman in White*
(ဝတ်ရုံဖြူနှင့် အမျိုးသမီး) ၂၁၅

Conrad, Joseph — *-Lord Jim*
(လော့ဂျင်) ၃၀၀

Copernicus, Nicolaus — *-De Revolutionibus Orbium Coelestium*
(ကြယ်တာရာတို့ လှည့်ပတ်သွားလာပုံ) ၅၉

Darwin, Charles — *-Origin of Species*
(မျိုးစိတ်တို့၏ မူလအစ) ၂၀၄

Defoe, Daniel — *-Robinson Crusoe*
(ရော်ဘင်ဆန် ကရူးဆိုး) ၈၄

Dickens, Charles — *-David Copperfield*
(ဒေးဗစ် ကော့ပါးဖီး) ၁၈၆

Dostoevski, F. M. — *-Crime and Punishment*
(ပြစ်မှုနှင့် ပြစ်ဒဏ်) ၂၂၇

Doyle, Sir Arthur Conan — *-The Hound of Baskervilles*
(ဗာစကာဗီးခွေးကြီး) ၃၀၆

Dreiser, Theodore — *-An American Tragedy*
(အမေရိကန် အလွမ်းဇာတ်) ၃၉၇

Dumas, Alexander — *-The Three Musketeers*
(သူရဲကောင်း သုံးယောက်) ၁၆၁

Einstein, Albert — *-Relativity, the Special and General Theories*
(ဆက်စပ်နှိုင်းရှည့်မှု သဘောတရား) ၃၂၁

www.nyisay.com




| | |
|---|---|
| Eliot, George | *-Mill on the Floss*<br>(မြစ်ကမ်းပေါ်က စက်ရုံကလေး) ၂၁၀ |
| Ėngels, Frederick | *-Socialism: Utopian and Scientific*<br>(စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒနှင့် သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ) ၂၈၂ |
| Fielding, Henry | *-Tom Jones*<br>(တွမ် ဂျုန်း) ၉၃ |
| Flaubert, Gustava | *-Madame Bovary*<br>(မဒမ် ဗိုဗာရီ) ၁၉၈ |
| Fox, Ralph | *-Novel and the People*<br>(ဝတ္ထုနှင့် ပြည်သူ) ၄၄၄ |
| Frank, Anne | *-Diary of Anne Frank*<br>(အန်ဖရန့်၏ နေ့စဉ်မှတ်တမ်း) ၄၆၉ |
| Galsworthy, John | *-The Man of Property*<br>(ပစ္စည်းရှင်) ၃၂၇ |
| Gide, Andre | *-The Immoralist*<br>(စည်းဖောက်သူ) ၄၁၇ |
| Gogol, Nikolai V. | *-The Dead Souls*<br>(ဝိညာဉ်သေများ) ၁၅၈ |
| Gorky, Maxim | *-Mother*<br>(အမေ) ၃၃၁ |
| Hamsun, Knut | *-Hunger*<br>(အငတ်) ၂၇၈ |
| Hardy, Thomas | *-The Mayor of Casterbridge*<br>(ကာစတာဗရစ် မြို့တော်ဝန်) ၂၇၄ |
| Hawthorne, Nathaniel | *-The Scarlet Letter*<br>(ကြက်သွေးရောင် စာလုံး) ၁၈၀ |
| Hemingway, Ernest | *-The Old Man and the Sea*<br>(အဘိုးအိုနှင့် အဏ္ဏဝါ) ၄၇၅ |
| Homer | *-Iliad*<br>(အီးလီယတ်) ၂၁ |

www.nyisay.com



Hugo, Victor -*La Norte Dame D' Paris*
(ပါရီက နော်တာဒမ်) ၁၃၁

Ibsen, Henrik -*A Doll's House*
(မိန်းမ ဟူဘိ) ၂၅၁

James, Henry -*The Ambassadors*
(သံကြီးတမန်ကြီးများ) ၃၁၁

Joyce, James -*A Portrait of the Artist as a young man*
(အနုပညာရှင်တစ်ဦး၏ ငယ်ရွယ်စဉ်ဘဝ)၃၅၇

Kafka, Frank -*The Trial*
(တရားခွင်) ၄၀၈

Kalidasa -*Shakuntala*
(သကုန္တလာ) ၃၆

Kawabata, Yasunari -*Snow Country*
(နှင်းပွင့်တိုင်းပြည်) ၄၄၀

Kipling, Rudyard -*The Jungle Books*
(တောဟောဝန် ဇာတ်လမ်းများ) ၂၈၉

Lawrence, David Herbert -*Sons and Lovers*
(သားများနှင့် ချစ်သူများ) ၃၄၇

Lenin -*State and Revolution*
(အစိုးရနှင့် တော်လှန်ရေး) ၃၆၄

Lewis, Sinclair -*Babbit*
(ဗဲဗစ်) ၃၈၈

London, Jack -*The Sea Wolf*
(ပင်လယ်ဝံပုလွေ) ၃၁၆

Lytton, Lord -*The Last Days of Pompeii*
(ပွန်ပီမြို့၏ နောက်ဆုံးနေ့များ) ၁၄၃

Malraux, Andre -*Man's Fate*
(လူ့ကြမ္မာ) ၄၃၂

Malthus, Thomas -*Essay on the Principle of Population*
(လူဦးရေ သဘောတရား) ၁၁၁

Mann, Thomas -*The Magic Mountain*
(အံ့ဖွယ် သေလာ) ၃၉၂

www.nyisay.com




| | |
|---|---|
| Marx, Karl | *-Das Kapital*<br>(အရင်းကျမ်း) ၂၃၁ |
| Marx, and Engels | *-The Communist Manifesto*<br>(ကွန်မြူနစ် ကြေညာစာတမ်း) ၁၇၆ |
| Maugham, William Somerset | *-Of Human Bondage*<br>(လူ့နှောင်ကြိုး) ၃၅၂ |
| Maupassant, Guy de | *-Bel-Ami*<br>(ကိုလူချော) ၂၇၀ |
| Mayakovsky | *-Poems By Mayakovsky*<br>(မာယာကော့စကီး၏ ကဗျာများ) ၃၇၈ |
| Melville, Herman | *-Moby Dick*<br>(မိုဗီဒစ်) ၁၉၀ |
| Moliere, Jean Baptiste | *-Le Bourgeois Gentilhomme*<br>(မဟာဆန်ချင်သူ) ၇၄ |
| More, Sir Thomas | *-Utopia*<br>(ယူတိုးပီးယား) ၅၅ |
| Newton, Sir Isaac | *-Principia Mathematica*<br>(သင်္ချာသဘောတရား) ၇၈ |
| Pasternak, Boris Leonidovich | *-Doctor Zhivago*<br>(ဒေါက်တာ ဇီဗားဂိုး) ၄၈၀ |
| Polo, Marco | *-Travels*<br>(ခရီးသွားမှတ်တမ်း) ၄၁ |
| Pushkin, Alexander | *-Evgene Onegin*<br>(ယက်ဗဂေးညင်း ဩညီဂင်) ၁၃၇ |
| Reed, John | *-Ten Days that Shook the World*<br>(ကမ္ဘာကို ကိုင်လှုပ်သော ထိုဆယ်ရက်) ၃၇၃ |
| Remarque, E. M. | *-All Quiet on Western Front*<br>(အနောက်ဘက် စစ်မျက်နှာ) ၄၁၂ |
| Sarte, Jean Paul | *-Nausea*<br>(အော့နလုံး) ၄၅၅ |

www.nyisay.com




| | |
|---|---|
| Scheherazade | -*A Thousand and One Nights* (တစ်ထောင့်တစ်ည ပုံပြင်များ) ၄၈ |
| Scott, Sir Walter | -*Ivanhoe* (အိုင်ဗင်ဟို) ၁၂၂ |
| Shakespeare, William | -*Romeo and Juliet* (ရိုမီယိုနှင့် ဂျူလီယက်) ၆၅ |
| Shaw, George Bernard | -*Arms and the Man* (လူနှင့် လက်နက်) ၂၈၆ |
| Shelley, Percy Bysshe | -*Prometheus Unbound* (ပရိုမီးသီယတ် လွတ်မြောက်ခြင်း) ၁၂၆ |
| Sholokhov, Mikhail | -*The Virgin Soil Upturned* (တောရိုင်းမြေ) ၄၂၆ |
| Smith, Adam | -*Wealth of Nations* (နိုင်ငံတို့၏ ဓနချမ်းသာ) ၁၀၆ |
| Snow, Edgar | -*The Red Star Over China* (တရုတ်ပြည်ပေါ်မှ ကြယ်နီ) ၄၅၁ |
| Stalin | -*Dialectical Materialism and Historical Materialism* (အနုပဋိလောမ ရုပ်ဝါဒနှင့် သမိုင်းဆိုင်ရာ ရုပ်ဝါဒ) ၃၈၃ |
| Steinbeck, John | -*The Grapes of Wrath* (ဒေါသူပုန်) ၄၅၉ |
| Stendhal | -*The Red and the Black* (အနီနှင့် အနက်) ၂၅၅ |
| Stevenson, Robert Louis | -*Treasure Island* (ရတနာကျွန်း) ၂၆၅ |
| Stowe, Harriet Beecher | -*Uncle Tom's Cabin* (ဦးလေးတွမ်) ၁၉၄ |
| Swift, Jonathan | -*Gulliver's Travels* (ဂါလီဗာ၏ ခရီးများ) ၈၉ |
| Tagore, Rabindranath | -*Gitanjali* (ဂီတဉ္စလီ) ၃၄၃ |

www.nyisay.com



| | |
|---|---|
| Thackeray, William Makepeace | -*Vanity Fair*<br>(အနှစ်မဲ့ ကမ္ဘာ)၁၇၁ |
| Tolstoy, Leo | -*Anna Karenina*<br>(အန်နာ ကယ်ရယ်ညီးနား) ၂၄၂ |
| Tsao Hsueh-Chin and Kao Ngo | -*The Dream of the Red Chamber*<br>(အဆောင်နီ အိပ်မက်) ၉၇ |
| Turgenev, Ivan | -*Fathers and Sons*<br>(အဖေများနှင့် သားများ) ၂၂၀ |
| Twain, Mark | -*The Adventures of Tom Sawyer*<br>(တွမ်ဆောယား၏ စွန့်စားခန်းများ) ၂၄၆ |
| Valmiki | -*Ramayana*<br>(ရာမာယဏ) ၂၆ |
| Verne, Julies | -*Twenty Thousand Leagues Under the Sea*<br>(ပင်လယ်အောက် ခရီး) ၂၃၈ |
| Voltaire | -*Candide*<br>(ကင်းဒိ) ၁၀၁ |
| Woolf, Virginia | -*Mrs Dalloway*<br>(မစ္စက် ဒေါလိုဝေး) ၄၀၂ |
| Wells, H. G. | -*The Invisible Man*<br>(ရှိန်းဆာယာ) ၂၉၆ |
| Zola, Emile | -*Nana*<br>(နာနာ) ၂၆၀ |

www.nyisay.com

## စာအုပ်အမည် အညွှန်း


Adventures of Tom Sawyer, The -*Mark Twain*
(တွမ်ဆောယား၏ စွန့်စားခန်းများ) ၂၄၆
Alice in Wonder Land -*Lewis Carroll*
(အံ့ဖွယ်ကမ္ဘာရောက် အဲလစ်) ၂၂၄
All Quiet on Western Front -*E. M. Remarque*
(အနောက်ဘက် စစ်မျက်နှာ) ၄၁၂
Ambassadors, The -*Henry James*
(သံကြီးတမန်ကြီးများ) ၃၁၁
American Tragedy, An -*Theodore Dreiser*
(အမေရိကန် အလွမ်းဇာတ်) ၃၉၇
Andersen's Tales -*Hans Christian Andersen*
(အန်ဒါဆင် ပုံပြင်များ) ၁၅၄
Anna Karenina -*Leo Tolstoy*
(အန်နာ ကယ်ရယ်ညီးနား) ၂၄၂
Arms and the Man -*George Bernard Shaw*
(လူနှင့် လက်နက်) ၂၈၆
Babbit -*Sinclair Lewis*
(ဗဲဗစ်) ၃၈၈
Bel-Ami -*Guy de Maupassant*
(ကိုလူချော) ၂၇၀
Bourgeois Gentilhomme, Le -*Jean Baptiste Moliere*
(မဟာဆန်ချင်သူ) ၇၄
Candide -*Voltaire*
(ကင်းဒီ) ၁၀၁

www.nyisay.com



Canterbury Tales, The -*Geoffrey Chaucer*
(ကင်တာဗာရီ ပုံပြင်များ) ၄၅
Communist Manifesto, The -*Marx and Engels*
(ကွန်မြူနစ် ကြေညာစာတမ်း) ၁၇၆
Crime and Punishment -*F. M. Dostoevski*
(ပြစ်မှုနှင့် ပြစ်ဒဏ်) ၂၂၇
David Copperfield -*Charles Dickens*
(ဒေးဗစ် ကော့ပါးဖီး) ၁၈၆
Dead Souls, The -*Nikolai V. Gogol*
(ဝိညာဉ်သေများ) ၁၅၈
Dialectical Materialism and
Historical Materialism -*Stalin*
(အနုပဋိလောမ ရုပ်ဝါဒနှင့်
သမိုင်းဆိုင်ရာ ရုပ်ဝါဒ) ၃၈၃
Diary of Anne Frank -*Anne Frank*
(အန်ဖရန့်၏ နေ့စဉ်မှတ်တမ်း) ၄၆၉
Doctor Zhivago -*Boris Leonidovich Pasternak*
(ဒေါက်တာ ဇီဗားဂိုး) ၄၈၀
Doll's House, A -*Henrik Ibsen*
(မိန်းမ ဟူသဲ) ၂၅၁
Don Quixote De La Mancha -*Miguel De Cervantes*
(ဒွန် ကီးဆုတ်) ၇၀
Dream of the Red Chamber, The -*Tsao Hsuehchin and Kao Ngo*
(အဆောင်နီ အိပ်မက်) ၉၇
Essay on the Principle of
Population -*Thomas Malthus*
(လူဦးရေ သဘောတရား) ၁၁၁
Evgene Onegin -*Alexandar Pushkin*
(ယက်ဖဂေးညင်း ဩညီဂင်) ၁၃၇
Fables of Aesop -*Aesop*
(အီစွတ်၏ ဒဏ္ဍာရီများ) ၃၃

www.nyisay.com



Father Goriot -*Honre de Balzac*
(ဖခင် ဂိုရီယိုး) ၁၄၉
Fathers and Sons -*Ivan Turgenev*
(အဖေများနှင့် သားများ) ၂၂၀
Gitanjali -*Rabindranath Tagore*
(ဂီတဉ္ဇလိ) ၃၄၃
God's Little Acre -*Erskine Caldwell*
(ဝတ္တကမြေ) ၄၃၆
Good Earth, The -*Pearl S. Buck*
(မြေပဒေသာ) ၄၂၂
Grapes of Wrath, The -*John Steinbeck*
(ဒေါသူပုန်) ၄၅၉
Gulliver's Travels -*Jonathan Swift*
(ဂါလီဗာ၏ ခရီးများ) ၈၉
Hound of Baskervilles, The -*Sir Arthur Conan Doyle*
(ဗာစကာဗီး ခွေးကြီး) ၃၀၆
Hunger -*Knut Hamsun*
(အငတ်) ၂၇၈
Iliad -*Homer*
(အီးလီယတ်) ၂၁
Illusion and Reality -*Christopher Caudwell*
(ဟုတ်ယောင်မှုနှင့် အစစ်အမှန်) ၄၄၈
Immoralist, The -*Andre Gide*
(စည်းဖောက်သူ) ၄၁၇
Invisible Man, The -*H. G. Wells*
(ရှိန်းဆာယာ) ၂၉၆
Ivanhoe -*Sir Walter Scott*
(အိုင်ဗင်ဟို) ၁၂၂
Jonathan Livingston Seagull -*Richard Bach*
(စင်ရော်ကလေး ဂျိုနသန်) ၄၈၅
Jungle Books, The -*Rudyard Kipling*
(တောဟောဝန် ဇာတ်လမ်းများ) ၂၈၉

www.nyisay.com



Kapital, Das -*Karl Marx*
(အရင်းကျမ်း) ၂၃၁
Last Days of Pompeii, The -*Lord Lytton*
(ပွန်ပီမြို့၏ နောက်ဆုံးနေ့များ) ၁၄၃
Lord Jim -*Joseph Conrad*
(လော့ ဂျင်) ၃၀၀
Madame Bovary -*Gustava Flaubert*
(မဒမ် ဗိုဗာရီ) ၁၉၈
Magic Mountain, The -*Thomas Mann*
(အံ့ဖွယ် သေလာ) ၃၉၂
Man of Property, The -*John Galsworthy*
(ပစ္စည်းရှင်) ၃၂၇
Man's Fate -*Andre Malraux*
(လူ့ကြမ္မာ) ၄၃၂
Mayor of Casterbridge, The-*Thomas Hardy*
(ကာစတာဗရစ် မြို့တော်ဝန်) ၂၇၄
Mill on the Floss -*George Eliot*
(မြစ်ကမ်းပေါ်က စက်ရုံကလေး) ၂၁၀
Moby Dick -*Herman Melville*
(မိုဗီဒစ်) ၁၉၀
Mother -*Maxim Gorky*
(အမေ) ၃၃၁
Mrs Dalloway -*Virginia Woolf*
(မစ္စက် ဒေါလိုဝေး) ၄၀၂
Nana -*Emile Zola*
(နာနာ) ၂၆၀
Nausea -*Jean Paul Sarte*
(အော့နှလုံး) ၄၅၅
Norte Dame D' Paris, La -*Victor Hugo*
(ပါရီက နော်တာဒမ်) ၁၃၁
Novel and the People -*Ralph Fox*
(ဝတ္ထုနှင့် ပြည်သူ) ၄၄၄

www.nyisay.com



Of Human Bondage -*William Somerset Maugham*
(လူ့နှောင်ကြိုး) ၃၅၂
Old Man and the Sea, The -*Ernest Hemingway*
(အဘိုးအိုနှင့် အဏ္ဏဝါ) ၄၇၅
Old Wive's Tale, The -*Arnold Bennetts*
(မိန်းမအို ပုံပြင်) ၃၃၇
Origin of Species -*Charles Darwin*
(မျိုးစိတ်တို့၏ မူလအစ) ၂၀၄
Poems By Mayakovsky -*Mayakovsky*
(မာယာကော့စကီး၏ ကဗျာများ) ၃၇၈
Portrait of the Artist as a young man, A -*James Joyce*
(အနုပညာရှင်တစ်ဦး၏ ငယ်ရွယ်စဉ်ဘဝ) ၃၅၇
Pride and Prejudice -*Jane Austen*
(မာနနှင့် အာဃာတ) ၁၁၆
Principia Mathematica -*Sir Isaac Newton*
(သင်္ချာ သဘောတရား) ၇၈
Prometheus Unbound -*Percy Bysshe Shelley*
(ပရိုမီးသယတ် လွတ်မြောက်ခြင်း) ၁၂၆
Ramayana -*Valmiki*
(ရာမာယဏ) ၂၆
Red and the Black, The -*Stendhal*
(အနီနှင့် အနက်) ၂၅၅
Red Star Over China, The -*Edgar Snow*
(တရုတ်ပြည်ပေါ်မှ ကြယ်နီ) ၄၅၁
Relaitivity, the Special and
General Theories -*Albert Einstein*
(ဆက်စပ်နိုင်းရှည့်မှု သဘောတရား) ၃၂၁
Revolutionibus Orbium
Coelestium, De -*Nicolaus Copernicus*
(ကြယ်တာရာတို့ လှည့်ပတ်သွားလာပုံ) ၅၉
Robinhood -*Anonymous*
(ရော်ဗင်ဟု) ၅၂

www.nyisay.com



Robinson Crusoe -*Daniel Defoe*
(ရော်ဗင်ဆန်ကရူးဆိုး) ၈၄
Romeo and Juliet -*William Shakespeare*
(ရိုမီယိုနှင့် ဂျူလီယက်) ၆၅
Scarlet Letter, The -*Nathaniel Hawthorne*
(ကြက်သွေးရောင် စာလုံး) ၁၈၀
Seagull, The -*Anton Chekhov*
(စင်ရော်) ၂၉၂
Sea Wolf, The -*Jack London*
(ပင်လယ် ဝံပုလွေ) ၃၁၆
Shakuntala -*Kalidasa*
(သကုန္တလာ) ၃၆
Snow Country -*Yasunari Kawabata*
(နှင်းပွင့်တိုင်းပြည်) ၄၄၀
Socialism: Utopian and Scientific -*Frederick Engels*
(စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒနှင့်
သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ) ၂၈၂
Sons and Lovers -*David Herbert Lawrence*
(သားများနှင့် ချစ်သူများ) ၃၄၇
State and Revolution -*Lenin*
(အစိုးရနှင့် တော်လှန်ရေး) ၃၆၄
Stranger, The -*Albert Camus*
(သူစိမ်းတစ်ရံဆံ) ၄၆၄.
Ten Days That Shook the World -*John Reed*
(ကမ္ဘာကို ကိုင်လှုပ်သော ထိုဆယ်ရက်) ၃၇၃
Thousand and One Nights, A -*Scheherazade*
(တစ်ထောင့်တစ်ည ပုံပြင်များ) ၄၈
Three Musketeers, The -*Alexander Dumas*
(သူရဲကောင်း သုံးယောက်) ၁၆၁

www.nyisay.com



Tom Jones -*Henry Fielding*
(တွမ် ဂျုန်း) ၉၃
Travels -*Marco Polo*
(ခရီးသွား မှတ်တမ်း) ၄၁
Treasure Island -*Robert Louis Stevenson*
(ရတနာကျွန်း) ၂၆၅
Trial, The -*Frank Kafka*
(တရားခွင်) ၄၀၈
Twenty Thousand Leagues Under the Sea -*Julies Verne*
(ပင်လယ်အောက် ခရီး) ၂၃၈
Uncle Tom's Cabin -*Harriet Beecher Stowe*
(ဦးလေးတွမ်) ၁၉၄
Utopia -*Sir Thomas More*
(ယူတိုးပီးယား) ၅၅
Vanity Fair -*William Makepeace Thackeray*
(အနှစ်မဲ့ ကမ္ဘာ) ၁၇၁
Virgin Soil Upturned, The -*Mikhail Sholokhov*
(တောရိုင်းမြေ) ၄၂၆
Wealth of Nations -*Adam Smith*
(နိုင်ငံတို့၏ ဓနချမ်းသာ) ၁၀၆
Winesburg, Ohio -*Sherwood Anderson*
(ဝိုင်းစဘတ် အိုဟိုင်းယို) ၃၆၈
Woman in White, The -*Wilkie Collins*
(ဝတ်ရုံဖြူနှင့် အမျိုးသမီး) ၂၁၅
Wuthering Heights -*Emily Bronte*
(လေထန်ကုန်း) ၁၆၅




ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ခေတ်အဆက်ဆက်
ထင်ရှားခဲ့သော ဂန္ထဝင် ဝတ္ထုကြီးများ၊ ကဗျာများ၊
ပြဇာတ်များ၊ ခရီးသွားမှတ်တမ်းများ၊ နေ့စဉ်မှတ်တမ်းများနှင့်
အတူ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊
သိပ္ပံ၊ ယဉ်ကျေးမှုဆိုင်ရာ စာအုပ်များ
ပါဝင်သည့်ပြင် ကမ္ဘာ့စာပေသမိုင်းနှင့်
လူမှုရေးသမိုင်းကိုလည်း တစ်ပြိုင်နက်
သုံးသပ်နိုင်မည်ဖြစ်သော
ကမ္ဘာကို ဖန်တီးခဲ့သော စာဆို ၁၀၀ ၏
ကမ္ဘာကို ကိုင်လှုပ်ခဲ့သော စာအုပ် ၁၀၀။

# ကမ္ဘာကျော်စာအုပ် ၁၀၀

နွယ်သစ်

www.facebook.com/NyisayEbookCreator